

# ဗုဒ္ဓစာပန်းချီ

## ငွေဥဒေါင်း

(ဦးကြီးမောင်)

စတုတ္ထတွဲ (တတိယအကြိမ်)

# ဗုဒ္ဓစာပန်းချီ

ဤလောက၌ လူသားအပေါင်းတို့သည် ခန္ဓာကိုယ် ကျန်းမာသန်စွမ်းရေး အတွက် အစာအာဟာရကို သုံးဆောင်မှီဝဲကြရ၏။ ဆေးဝါးများကိုလည်း သုံးဆောင်မှီဝဲကြရ၏။ ယင်းသို့ မှီဝဲသုံးဆောင်ကြရာ၌ အစာအာဟာရနှင့် ဆေးဝါးမှားယွင်းချွတ်ချော်လျှင် ကောင်းကျိုးမရရှိဘဲ ဆိုးကျိုးကိုသာ ရရှိခံစား ကြရလေသည်။ နာဖျားမကျန်းဖြစ်ရခြင်းမှသည် အသက်ဆုံးရှုံးရခြင်းအထိ မကောင်းကျိုးဖြစ်ပေါ်လာနိုင်လေသည်။ ဤကား လူသားတို့အတွက် ရုပ်ပိုင်း ဆိုင်ရာကို အစဉ်သဖြင့်ဖြည့်ဆည်းပြုစုပေးနေရသည့် နိယာမသဘောဖြစ်၏။

လူသားတို့အတွက် စိတ်ပိုင်းဆိုင်ရာ အသိအမြင် မှန်ကန်ရေးနှင့် တိုးတက် ဖွံ့ဖြိုးရေးသည်လည်း လွန်စွာအရေးကြီးလှပေ၏။ အစဉ်သဖြင့် ဖြည့်ဆည်း ပံ့ပိုးပေးနေရမည့် ပဓာနအချက်ကြီးဖြစ်ပါပေ၏။

အစာအာဟာရနှင့် ဆေးဝါးကိုမှားယွင်း သုံးဆောင်မိလျှင် နာဖျားမကျန်း ခြင်းမှသည် အသက်တစ်ချောင်း ဆုံးရှုံးရရုံမျှသာတည်း။ အသိအမြင် မှားယွင်း တိမ်းချော်လျှင်မူကား အတွေးအကြံဟူသမျှ၊ အပြောအဆိုဟူသမျှ၊ စီစဉ် ပြုလုပ်မှုဟူသမျှ မှားယွင်းတော့မည်သာဖြစ်၏။ ထိုအခါ ယင်းသည် လူသားအဖို့ မကောင်းကျိုးဆိုးရွားမှုသည် အတိုင်းအဆမရှိ ဖိစီးနှိပ်စက်ခြင်း ခံရတော့မည်သာတည်း။ ဤဘဝ ဤတစ်သက်တာမျှသာမဟုတ်၊ ဘဝ သံသရာ တစ်လျှောက် အရိပ်ပမာလိုက်ပါ ဖိစီးနေမည်သာတည်း။

'ဗုဒ္ဓစာပန်းချီ'သည် အသိအမြင်အတွေးအခေါ်မှန်ကန်ရေးနှင့် တိုးတက် ဖွံ့ဖြိုးရေးအတွက် ဗုဒ္ဓမြတ်စွာ၏ လမ်းညွှန်ချက်များဖြစ်လေသည်။ မိမိ၏ သားစဉ်မြေးဆက်တို့အား အသိအမြင်အတွေးအခေါ်မှန်ကန်မှု အမွေကောင်း ကို လက်ဆင့်ကမ်းနိုင်သည့် ကျက်သရေမင်္ဂလာရှိသော လက်ဆောင်ရတနာ ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

၈၄၂

"စီစဉ်သူ"

ဒေါ်ဝိဝိကျော်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

သင့်ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်
တိုင်းရင်းသားအချင်းချင်း လေးစားပါ၊ ချစ်ခင်ပါ၊ တန်းတူရည်တူ ဆက်ဆံပါ
လွတ်လပ်ရေးကို ကာကွယ်ပါ

...........

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ဖုဒ္ဓဘာပန်းချီ

" စတုတ္ထတွဲ "

# ငွေဥဒေါင်း

(တတိယအကြိမ်)

## ထုတ်ဝေမှုမှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက် | ၃၂၀၁၆၂၀၆၀၃ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀၁၀၀၀၆၀၂<br>တတိယအကြိမ်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | ၁၀၀၀ အုပ် |
| တန်ဖိုး | ၅၀၀၀ ကျပ် |
| ထုတ်ဝေသူ | ဦးကျော်ညွန့် (၀၄၁၃၁ မြ)၊ "ကျော်ညွန့်ရည်စာပေ"<br>အမှတ် ၁၅၁/၁၅၃(၄-လွှာ)၊ မြန်မာ့ဂုဏ်ရည်လမ်း။<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | **STARS EMPIRE** Printing Service<br>အမှတ် ၂၈/၃၂၊ ၄၂ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ကွန်ပျူတာ | ပုံရိပ်၊ ဖုန်း-၃၇၉၅၀၄ |
| မျက်နှာဖုံးဖလင် | **STARS** Colour Repro, Ph: 242933, 388426 |
| အတွင်းဖလင် | **EMPIRE** Colour Repro, Ph: 724376 |
| မျက်နှာဖုံးဒီဇိုင်း | ဦးဇော်မြင့် (နာဂိုယာ) |
| ဖြန့်ချိရေး | "ဂုဏ်ထူးစာပေတိုက်"<br>အမှတ် ၁၉၂၊ ၃၃လမ်း၊ ရန်ကုန်မြို့၊<br>ဖုန်း-၃၈၆၅၉၀၊ ၃၈၆၅၉၅ |



# ဗုဒ္ဓဓာပန်းချီ
## "စတုတ္ထတွဲ"

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | သာမာဝတီ | ၁ |
| ၂။ | စောင်းအိုလုလင် | ၇၅ |
| ၃။ | သည်ဆောင်းဟေမာန် | ၉၇ |
| ၄။ | ရတနာအမွန် | ၁၁၁ |
| ၅။ | ဗလကြီး | ၁၂၁ |
| ၆။ | သစ္စာ | ၁၃၁ |
| ၇။ | မာနတံခွန် | ၁၃၉ |
| ၈။ | အလုပ်အကျွေးအတွင်းရေးမှူး | ၂၀၅ |
| ၉။ | မိကြာအေးစန်းထချိန် | ၂၂၁ |
| ၁၀။ | သုဘဒ္ဒါ | ၂၃၁ |
| ၁၁။ | နတ်ဒေဝီတို့ဝိုင်းဝိုင်းလည် | ၂၄၁ |
| ၁၂။ | လေးပွင့်တစ်ခိုင် | ၂၅၅ |
| ၁၃။ | ဆရာကိုကျေးဇူးဆပ်ခြင်း | ၂၅၉ |
| ၁၄။ | တရားစစ်ပွဲကြီး | ၂၇၁ |
| ၁၅။ | ဖြေလျှော့ခွေ | ၂၉၅ |
| ၁၆။ | မြင်းဆရာနှင့် ရထားထိန်း | ၃၀၁ |
| ၁၇။ | အကျိုးဆောင်ကျမ်းနှစ်ဆူ | ၃၀၇ |
| ၁၈။ | အဟံပထမံ | ၃၂၃ |

# မုဒ္ဒစာပန်းခိုင်

"စတုတ္ထတွဲ"



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉။ | ယမမင်း ရှေ့မှောက်ဝယ် | ၃၂၉ |
| ၂၀။ | ဖြူဖြူလွှင်လွှင် ဖြဟ္မာ့ယာဉ် | ၃၄၅ |
| ၂၁။ | သူဌေးကြီးဦးကပ်စေး | ၃၅၀ |
| ၂၂။ | လုပ်သားကြီးဃောသက | ၃၆၃ |
| ၂၃။ | ဦးဆိတ်သိုး၏သွားရာလမ်း | ၃၇၉ |
| ၂၄။ | မဟာစောရ | ၃၈၅ |
| ၂၅။ | အလောင်းတော်စုံထောက် | ၃၉၀ |
| ၂၆။ | သူငယ်ချင်း | ၃၉၇ |
| ၂၇။ | ဖဲကြိုး | ၄၀၇ |
| ၂၈။ | မယားငှီကာ | ၄၂၀ |
| ၂၉။ | သမားတော်ကြီး | ၄၃၀ |
| ၃၀။ | ပြန်လှည့်ခဲ့ရခြင်း | ၄၃၅ |
| ၃၁။ | ကယ်တင်ရှင်အာနန္ဒာ | ၄၄၇ |
| ၃၂။ | ရာဟုလာ၏ ထိုတစ်ည | ၄၅၃ |
| ၃၃။ | သီဟသေနာပတိ | ၄၅၉ |
| ၃၄။ | မှော်ဆရာကြီး | ၄၆၇ |
| ၃၅။ | ဦးအံ့ဖွယ် | ၄၈၃ |
| ၃၆။ | ငြိမ်းချမ်းသာယာသောနယ်မြေ | ၄၉၃ |

# စတုတ္ထတွဲ ဗုဒ္ဓစာပန်းချီ

ဇာတ်တော်များတွင် ကျော်ကြားသော်လည်း ယနေ့ခေတ်လူငယ်များ ဖတ်ရှုခွင့်မလွယ်တော့သောဇာတ်လမ်းများကို ရေးသားသင့်ကြောင်းဖြင့် မြဝတီ ဒုတိယအယ်ဒီတာချုပ် ဦးလေးမြိုင်(စာရေးဆရာလေးမြိုင်)၏ အကြံပေးချက်ဖြင့် ယခုစတုတ္ထတွဲတွင် ဓမ္မပဒ ဝတ္ထုတော်ကြီးများမှ ဝိဋူဍဘဝတ္ထု'မာနတံခွန်' နှင့် မေတ္တာဒေတဒဂ်အရှင်သာမာဝတီနှင့် ဃောသကသေဌေးဝတ္ထု'သာမာဝတီ' ဝတ္ထုရှည်တို့ကိုလည်းကောင်း၊ သက္ကပဉ္စသုတ်တော်မှ နာမည်ကျော် ပဉ္စသိခနတ်သားဝတ္ထု 'စောင်းအိုလုလင်' ဝတ္ထုရှည်ကိုလည်းကောင်း၊ အောင်ခြင်းရှစ်ပါး ဇာတ်တော်များမှ သစ္စကပရိဗိုဇ်ကြီး၏အကြောင်း 'တရားစစ်ပွဲကြီးကို လည်းကောင်း၊ ဘုရားရှင်ဂုဏ်တော်ပီတိဖြင့် ရေပြင်ကို ခြေတင်၍ကူးနိုင်သော မဟာကပ္ပိနမင်းကြီးနှင့် အနောဇာမိဖုရားတို့ဝတ္ထု 'ငြိမ်းချမ်းသာယာသောနယ်မြေ'ကိုလည်းကောင်း ရေးလိုက်ပါသည်။ ယင်းဇာတ်တော်များမှာ မည်သည့်စာနယ်ဇင်းတွင်မျှ မပါဝင်ခဲ့သော ဝတ္ထုသစ်များ ဖြစ်ကြပါသည်။

ဤမျှအထိ ဗုဒ္ဓစာပန်းချီဝတ္ထုများစွာတွင် အချို့သောအကြောင်းအချက်များ ထပ်၍နေသည်ကို စာဖတ်မိတ်ဆွေအချို့က ထောက်ပြကြပါသည်။ မှန်ပါသည်။ သို့သော် တစ်ကျမ်းတစ်အုပ်ပုံစံဖြင့် ရေးသားခြင်းမျိုးမဟုတ်ဘဲ နှစ်ရှည်လများရေးသားခဲ့သော ဝတ္ထုများဖြစ်ရာ အကြောင်းအချက်ဆိုင်ရာ ဆိုင်ရာတို့တွင် ထည့်သွင်းရေးသားရသောကြောင့် သည်းခံဖတ်ရှုပါရန် မေတ္တာရပ်လိုပါသည်။

ငွေဥဒေါင်း

ကဗျာမကျွမ်းကျင်သော ကျွန်တော်သည် ဗုဒ္ဓစာပန်းချီများတွင် ကဗျာအဖွဲ့များ လိုအပ်သည့်အခါတိုင်း မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ၊ ဆရာမင်းသုဝဏ်၊ ဆရာဦးသော်ဇင်၊ ခင်လေးမောင်နှင့် မောင်စိန်ထွန်း(အမရပူရ)တို့၏လက်ရာ ကဗျာ အကူအညီများကို ယူခဲ့ရပါသည်။ ယခု စတုတ္ထတွဲပါ 'စောင်းအိုလုလင်' နှင့်'ရတနာအမွန်' ဝတ္ထုများတွင်လည်း ဆရာဦးသော်ဇင်၏ ကဗျာများကို တွေ့ရှိကြရပါမည်။

ယင်းသို့ ကဗျာဖြင့် အကူအညီပေးကြသော မိတ်ဆွေများကိုလည်းကောင်း၊ ဗုဒ္ဓစာပန်းချီများကို ဖတ်ရှုအားပေး၍ လိုအပ်သမျှ ပမာဒလေခများကို ထောက်ပြကူညီကြသော ဆရာတော်၊ သံဃာတော်နှင့် စာရှုမိတ်ဆွေများကိုလည်းကောင်း၊ ရေးသားခိုက်တွင် လိုအပ်သော ကျမ်းဂန်အချက်အလက်များကို ရှာဖွေပေးခြင်း၊ ထောက်ပြဝေဖန်ခြင်းဖြင့် အကူအညီပေးသောဇနီးဖြစ်သူ နန်းရွှေခင်အားလည်းကောင်း ကျေးဇူးစကား ဆိုအပ်ပါသည်။

စာရေးသူ

ငွေဥဒေါင်း

ရှခင်းသာခြံ၊ မင်းလမ်း၊

စဝ်စံထွန်းရပ်ကွက်၊ တောင်ကြီး။

# သာမာဝတီ

ဗုဒ္ဓခေတ်မတိုင်မီက မဇ္ဈိမတိုက်မှာ ပြာဟ္မဏခေတ်၊ ဝေဒခေတ်ဖြစ်၏။ "ဝေဒ"ဟူသည် ဗေဒ၊ "ဗေဒ"ဟူသည် ဗေဒင်ဖြစ်ရာ "ဝေဒခေတ်"ဟူသည် ဗေဒင်ခေတ်ပင်ဖြစ်၏။ သာမ၊ ယဇု၊ ဣရုဗ္ဗေဒဟူသော ဝေဒသုံးပုံသုံးကျမ်း သို့မဟုတ် အာထဗ္ဗဏပါပေါင်း၍ ဗေဒင်လေးပုံလေးကျမ်းခေတ်ဖြစ်၏။ ဗုဒ္ဓခေတ်သည် ပိဋကသုံးပုံခေတ် ဖြစ်သကဲ့သို့ ပြာဟ္မဏခေတ်သည် ဝေဒသုံးပုံခေတ်ဖြစ်၏။

ဗုဒ္ဓဘာသာဝင်များက ဝေဒ၊ ဗေဒင်ဟုဆိုလျှင် အကြင်လူတစ်ယောက်၏ အတိတ်၊ အနာဂတ်ကို ဟောပြောသော ပညာဟုသာ နားလည်မှု များပြားကြသော်လည်း အမှန်အားဖြင့် ဝေဒကျမ်း၊ ဝေဒပညာဟူသည် ဗေဒင်ဟောသော ပညာမျှသာမဟုတ်၊ ဗြဟ္မာမင်းကြီး၊ နတ်မင်းကြီး၊ နတ်မျိုးစုံ၊ ရသေ့ဆရာတို့ အမည်မျိုးစုံဖြင့် တီထွင် ဟောပြောသော အတ္တဝါဒဆိုင်ရာ ပညာရပ်မျိုးစုံပါရှိသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် ပိဋကသုံးပုံ၏ အစီအစဉ် အဆိုအမိန့်ဖြင့် ကျင့်သုံးနေထိုင်ကြသူများ ဖြစ်သကဲ့သို့ ပြာဟ္မဏတို့သည် ဝေဒသုံးပုံ၏ အစီအစဉ် အဆိုအမိန့် အတိုင်း ကျင့်သုံးလိုက်နာကြသူများ ဖြစ်သည်။

ဗုဒ္ဓဘာသာတို့တွင် တိပိဋကဓရ=ပိဋကသုံးပုံဆောင် ပညာရှင်၊ ဒွိပိဋကဓရ= ပိဋကနှစ်ပုံဆောင် ပညာရှင်၊ ဧကပိဋကဓရ=ပိဋကတစ်ပုံဆောင် ပညာရှင်များ ရှိသကဲ့သို့ ပြာဟ္မဏတို့တွင်လည်း တိဝေဒဓရ=ဗေဒင်သုံးပုံဆောင်၊ နှစ်ပုံဆောင်၊ တစ်ပုံဆောင် ပညာရှင်များ ရှိကြသည်။ ဘုရားရှင်လက်ထက်တော်၌ ဗြဟ္မာယု၊ ပေါက္ခရသာတိ၊ သစ္စက စသော နာမည်ကျော်များသည် ဝေဒသုံးပုံဆောင် ပညာရှင်များ ဖြစ်ကြ၏။

မဇ္ဈိမတိုက်မှ ဗုဒ္ဓခေတ်ဟု ဆိုရသော်လည်း အမှန်အားဖြင့် မဇ္ဈိမတိုက်တွင် ဗုဒ္ဓခေတ်ဟူသည့် မျောလာသော ဒိုက်သရောတို့အလယ်တွင် ကြာပွင့်ကြီးတစ်ပွင့်ကဲ့သို့ ခေတ္တမျှသာ မျောပါပွင့်ထွန်းလာခြင်းမျှဖြစ်၍ ထုထည်ကြီးမားလှသော ဒိုက်သရောတို့ အလယ်တွင် ဗုဒ္ဓခေတ် ကြာပွင့်သည် ခေတ္တမျှသာ တည်ရှိ၍ ကွယ်ပျောက်ခဲ့ရသည်။

ဆိုလိုသည်မှာ ဝေဒ၏ အခြားပညာရပ်များနှင့်အတူ သိကြားမင်းနှင့် ကဝိလမိုင်း ဆရာကြီးတို့ကပင် အပြိုင်အဆိုင် ဟောပြောကြသည်ဆိုသော ဗေဒင် ပညာသည် မဇ္ဈိမတိုက်တွင် ကြီးမားစွာ ထွန်းကားခဲ့၏။ ထိပ်သီးဝေဒပညာရှင်ကြီးများသည် ဘုရင်မင်းမြတ်တို့၏ ရွှေနန်းတော် အသုံးတော်ခံများ ဖြစ်ကြသကဲ့သို့ ပုဂ္ဂလိကပညာရှင် များစွာတို့လည်း အထင်အရှား ရှိနေကြသည်။

တေဒဂ်သခင်ဖြစ်လာသော အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် ဘုရားရှင်နှင့် မတွေ့မီ လူ့ဘဝတွင် ထိပ်သီးဝေဒပညာရှင်ကြီးဖြစ်၏။ အရှင်ဝင်္ဂီသသည် သေသူ၏ ဦးခေါင်းခွံကို ခေါက်၍ ကြည့်ကာမျှဖြင့် ထိုသူ၏ အတိတ်၊ အနာဂတ်ကို ဟောပြောနိုင်သော ဝေဒပညာရှင်ကြီး ဖြစ်ခဲ့သည်။

ကပိလဝတ်ရွှေနန်း၌ ဘုရားရှင် အလောင်းတော် သိဒ္ဓတ္ထမင်းသားကလေး ထွန်းပေါ်လာသောအခါ ဘုရင့်ဝေဒပညာရှင်ကြီးများက ဤသူငယ်သည် စကြဝတေး မင်းသော်လည်းကောင်း၊ ဘုရားသော်လည်းကောင်း ဖြစ်မည့်သူဟု ဟောပြော၏။ သုဒတ္တဟူသော ဝေဒပညာရှင်ကြီးကမူ စကြဝတေးမင်းမဖြစ်၊ ဘုရားရှင်အမှန် ကေန် ဖြစ်မည့်သူဟူ၍ပင် ဟောပြောနိုင်သူဖြစ်သည်။ ယင်းသို့ဖြင့် ဘုရင်၏ အတိတ်၊ အနာဂတ်၊ တိုင်းပြည်၏ အခြေအနေ၊ အကြင်သူတစ်ယောက်၏ အဆိုးအကောင်းတို့ကို မှချဆတ်ဆတ်၊ တပ်တပ်ထင်ထင် ဟောနိုင်စွမ်းသော ဝေဒပညာရှင်ကြီးများသည် ဘုရင့်နန်းတော်တို့တွင် အထင်အရှား ရှိနေခဲ့ကြသည်။

ထိုပညာရှင်ကြီးများသည် ဘုရင့်အသုံးတော်ခံ၊ အတိုင်ပင်ခံများ ဖြစ်ကြသည့် အတိုင်း တန်ခိုးအာဏာ ကြီးမားသည်။ မြို့စား နယ်စားကြီးများ ဖြစ်ကြသည်။ ပညာသင်တပည့်တို့ဖြင့် ဝိုင်းရံသည်။ ဆည်းကပ် ခယမ်းသူတို့ ပေါများ၍ လူချစ်လူခင် များပြားသည်။ ဘုရင့်အတိုင်ပင်ခံများဖြစ်ကြသည့်အတိုင်း ထိုလူများထံသို့ သာမန် ပုဂ္ဂိုလ်များ မချဉ်းကပ်ဝံ့ကြ။ ဘုရင်မှလွဲလျှင် အထက်တန်းစား တန်းတူရည်တူ မိတ်ဆွေများသာ ချဉ်းကပ် ဆွေးနွေးဝံ့ကြသည်။

ကောသမ္ဗီနိုင်ငံ၏ ဘုရင့်အသုံးတော်ခံ ဗြာဟ္မဏပုရောဟိတ်ကြီးသည် နန်းတော်တွင်နေစဉ် အတူခစားရသော ကောသမ္ဗီသူဌေးကြီးနှင့် ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြ၏။ သို့ဖြစ်၍ သူဌေးကြီးက ပုရောဟိတ်ကြီးထံ အခွင့်သာတိုင်း မိမိအရေး၊ တိုင်းပြည်အရေး တစ်စုံတစ်ရာကို မေးမြန်းမြဲဖြစ်၏။ ထိုနေ့ကလည်း

နန်းတော်မှ အတူပြန်လာကြသောအခါ လမ်းတွင် သူဌေးကြီးက ပုရောဟိတ်ကြီးအား မိမိအရေး၊ တိုင်းပြည်အရေး တစ်စုံတစ်ရာ ထူးခြားမှုရှိပါသလားဟု မေးမြန်းလိုက်မိသော အခါ ပုရောဟိတ်ကြီးက အကြောင်း တစ်စုံတစ်ရာ မထူးခြားပါ။ သို့ရာတွင် ယနေ့သည် မဟာသေဋ္ဌဘောဂ နက္ခတ်နှင့် ယှဉ်သောကြောင့် အလွန်ကောင်းသောနေ့ဖြစ်သည်။ ဤနေ့တွင် မွေးဖွားသောသူများ ရှိခဲ့သော် ကေန်မုချ သူဌေးဖြစ်လိမ့်မည်ဟု ဟောကြား လိုက်သည်။

## ဃောသက

ဤတွင် နာမည်ကျော် ဃောသကသူဌေးဇာတ်လမ်း စတင်သည်။

ဃောသကသူဌေးသည် သူဌေးဖြစ်လာသောကြောင့် နာမည်ကြီးသည်၊ ကျော်သည်မဟုတ်။ မွေးကင်းစအရွယ် ငယ်စဉ်ကပင် ထူးခြားသောကံကြောင့် နည်းမျိုးစုံဖြင့်ပင် သတ်၍မသေနိုင်၊ မသေခဲ့သောကြောင့် နာမည်ကြီးသည်၊ ကျော်သည်။ ဘုရားရှင်၏ အဖြစ်တော်နှင့်လည်း ဆက်နွယ်၍ နည်းမျိုးစုံဖြင့်ပင် သတ်၍မသေနိုင်ခဲ့သော ဃောသကသူဌေး၏ ဖြစ်ရပ်ဇာတ်လမ်းသည် ပိဋကတ်တော်၌ ထူးခြားသော ဇာတ်လမ်းတစ်ပုဒ်အဖြစ် ထင်ထင်ရှားရှား ကြွားကြွားဝင့်ဝင့် တည်ရှိခဲ့သည်။

ဃောသက၏ ကံဆိုး ကံကောင်း ရောနှော၍နေသည့် ထူးခြားသော အတိတ်ဖြစ်ရပ်ကား ဤသို့တည်း။

အလ္လာကပ္ပတိုင်း၌ ဒုဗ္ဘိက္ခန္တရကပ် ငတ်မွတ်ဘေးကြီး ဆိုက်ရောက်သောအခါ လင်မယားနှစ်ယောက်တို့သည် တစ်ဦးတည်းသောသားငယ်ကို ချီ၍ မိတ်ဆွေတစ်ဦး ရှိရာ ကောသမ္ဗီပြည်သို့ ပြေးလာခဲ့ကြရ၏။ သားအဖသုံးယောက်အဖို့ အစာအာဟာရ ပြတ်ခဲ့သည်မှာ ကြာပြီဖြစ်၍ သားငယ်ကိုချီ၍ ခရီးပြင်းထွက်လာရသောအခါ အလွန် ပင်ပန်း၏။

ကလေးကို ဖခင်တစ်လှည့်၊ မိခင်တစ်လှည့် ချီပိုး၍ သွားကြရသည်။ မိခင် အလှည့်တွင် မထောင်းတာသော်လည်း ဖခင်အလှည့်တွင်မူ အင်အားနည်းနည်းတွင် ချီပိုးရ၍ ပင်ပန်းလှသောကြောင့် သားငယ်ကို သဗ္ဗေသတ္တာ သဘောထားဖြင့် တစ်နေရာရာတွင် စွန့်ပစ်ရန် အကြိမ်ကြိမ် ကြံစည်သည်။ ကြံစည်ရုံမဟုတ်၊ 'ငါတို့မှာ လူမသေလျှင် သားသမီး အစားရနိုင်သည်။ ဤကလေးကို ချုံပုတ်တစ်ခုခုတွင် စွန့်ပစ် ထားခဲ့ကြပါစို့'ဟုပင် မယားကို ဖွင့်၍ပြောသည်။

## မိခင်မေတ္တာ

မိခင်က မိမိ အသက်ရှိနေသမျှသာဖြင့် သားငယ်ကို မစွန့်ပစ်နိုင်။ သားငယ်မရှိလျှင် မိမိသည်လည်း ကေန်မုချ သေရပါလိမ့်မည်ဟု တောင်းပန်သည်။ "ကမ္ဘာမီးလောင်

သားကောင်ချနင်း''ဟူသော စကားရှိသော်လည်း ဤနေရာတွင် မိခင်နှင့် ဖခင်တို့၏ မေတ္တာမှာ ကွာခြားလှသည်ကို တွေ့ရသည်။ သို့မဟုတ် ကမ္ဘာမီးလောင် သားကောင် ချနင်းဟူသော စကားမှာ မိခင်ကို ဆိုလိုသည်မဟုတ်၊ ဖခင်ကိုသာ ဆိုလိုဟန်ရှိသည်။ ထို့ကြောင့် ဘုရားရှင်ကလည်း 'မာတာပိတု'ဟု မိခင်ကိုသာ အဦးထား၍ ဟောကြား တော်မူသည်။

ဖခင်၏မေတ္တာသည် ကြီးမားသည်မှန်ပါ၏။ သားသမီးတို့အဖို့ ကြီးမားသော ကျေးဇူးရှင် ဖြစ်သည်မှန်ပါ၏။ သို့ရာတွင် မိခင်၏ မေတ္တာကိုကား မမီနိုင်ပေ။

ဖခင်သည် သားငယ်ကို စွန့်ပစ်ထားခဲ့ရန် ပြောဆိုရုံမျှမဟုတ်၊ မိမိအလုည့်တွင် အကယ်ပင် စွန့်ပစ်ထားခဲ့သောကြောင့် မိခင်သိသောအခါ ပြန်၍ယူရသည်။ ကောတုဟလိက မည်သော ဤဖခင်သည် ဖော်ပြလတ္တံ့သော ဃောသကသူဌေး၏ အလောင်းဖြစ်၍ သားငယ်ကို စွန့်ပစ်ခဲ့သော ဤမကောင်းမှုကြောင့် အတိတ်ကံ အတိတ်ကြွေး ဝဋ်လိုက်၍ လာသည်ကို နောက်ပိုင်းတွင် တွေ့ရှိကြရမည်ဖြစ်၏။

မိခင်ကြောင့် သားငယ်ကို မစွန့်ပစ်ရသော်လည်း အာဟာရကင်းပြတ်လျက် ရှိသော မိခင်ထံမှ နို့ရည်မျှ မရတော့မှု၊ နေပူစပ်ခါး ခရီးပန်းမှုဒဏ်ကြောင့် လမ်းခရီး တွင်ပင် ကွယ်လွန်၍ စွန့်ပစ်သဂြိုဟ်ခဲ့ရ၏။ မိဘနှစ်ပါးမူကား ကောသမ္ဗီပြည် တောလက် ကျေးရွာရှိ မိတ်ဆွေ၏အိမ်သို့ ရောက်လာကြသည်။ ကောသမ္ဗီမိတ်ဆွေမှာ အတန် ပြည့်စုံသော နွားခြံပိုင်ရှင်ဖြစ်၍ ရောက်လာသော မိတ်ဆွေများ၏ ဒုက္ခကို တွေ့မြင် ရသောအခါ နို့ထမင်းတို့ဖြင့် ကောင်းစွာ ကျွေးချက်၍ ကျွေးမွေးသည်။

## အစာငတ်လျှင်

ဤနေရာတွင် ရက်အတန်ကြာ အစာငတ်ခံခဲ့သူတို့အဖို့ ကြုံလာသော အစာအာဟာရကို စားသုံးရာ၌ သတိပြုရန် အချက်တစ်ရပ် ပေါ်လာသည်။ အစာပြတ်၍ နေပြီးနောက် အစာနှင့် ပြန်တွေ့သောအခါ ဆာလောင်လှသောအရှိန်ကြောင့် အငမ်းမရ မစားသုံးမိရန် ဖြစ်၏။

ဤဝတ္ထုတွင် ရက်အတန်ကြာ ငတ်လာခဲ့သော ကောတုဟလိကသည် ကောသမ္ဗီမိတ်ဆွေက ကျွေးလာသော နို့ထမင်းတို့ကို ငတ်လာသည့်အရှိန်နှင့် မဆင်မခြင် အားရပါးရ စားသုံးလိုက်မိသောကြောင့် စားပိုးနင့်ကာ ကွယ်လွန်သွားရရှာသည်။ ကွယ်လွန်အံ့ဆဲဆဲတွင် ခွေးချစ်သော ကောသမ္ဗီမိတ်ဆွေက အိမ်မှ သူ့ခွေးမကြီးကိုလည်း နို့ထမင်းချက်၍ ကျွေးသည်ကို တွေ့ရသောအခါ 'သြော် သူတို့မှာဖြင့် ခွေးဖြစ်မချည်း၊ အစာအာဟာရ ဝဝလင်လင် ကောင်းကောင်းမွန်မွန်စားရပေ၏'ဟု ခွေးမကြီးအပေါ်တွင် သံယောဇဉ်ကပ်သွားသည်။ ထို့ကြောင့် ကွယ်လွန်သော် ခွေးမကြီးဝမ်းတွင် ပဋိသန္ဓေနေ၏။

ထိုခွေးမကြီးမှ တစ်ကောင်တည်းသော သူ့ကို မွေးဖွားလာသောအခါ ခွေးကလေး ဖြစ်လာ၏။

## သေချိန်နီးလျှင်

နိဗ္ဗာန်မရမီစပ်ကြား ဘဝသံသရာ၌ သေခါနီးအချိန်တွင် စိတ်ထားကောင်းဖို့ မှန်ဖို့သည် အရေးကြီးလှ၏။ အကြောင်းမှာ နာမ်တရားစိတ်ထားသာလျှင် ပဓာနဖြစ်ရာ ကွယ်လွန်တော့မည့်အချိန်၌ အနီးကပ်ဆုံးသော နာမ်စိတ်ဖြစ်ပေါ်မှု စိတ်ထားသဘောထားက ကမ္မသတ္တိအရှိန်အဟုန်ဖြင့် ကွယ်လွန်မည့်သူ၏ စိတ်ထား သဘောထားအလျောက် ဟိုဘက်ဘဝ အခြေအနေ တစ်ခုခုသို့ ပို့ဆောင်သည်။ ဤဘက်ဘဝတွင် မည်သည့် ကုသိုလ်တွေ၊ မည်သည့်မကောင်းမှုတွေ ရှိနေစေကာမူ သေအံ့ဆဲဆဲအချိန်၌ ဖြစ်ပေါ်လာသော နာမ်တရား စိတ်ထားအခြေအနေအလျောက် ဟိုဘက်ဘဝသို့ ပို့ဆောင်သည်။

အာသန္နကံ–နီးကပ်သောကံဟု အဘိဓမ္မာက ဟော၏။ ယင်းနီးကပ်သော ကံစိတ်ထားအရ ဟိုဘက်ဘဝ ကူးရောက်ပုံကို နွားခြံဥပမာဖြင့် ပြဆိုသည်။ နွားခြံကြီး တစ်ခုအတွင်း၌ အားကောင်းမောင်းသန် နွားကြီးတို့ ရှိနေစေကာမူ ခြံကို ဖွင့်လိုက်သော အခါ၌ ခြံဝတွင်ရှိနေသော နွားသည် နွားအိုမကြီးပင် ဖြစ်စေကာမူ အလျင်ထွက်ရသည်။

နွားခြံသည် အကြင်သူတစ်ယောက်၏ ဘဝတစ်ခုပင်ဖြစ်သည်။ ခြံဝမှ နွားအိုမကြီးသည် ဟိုဘက်ဘဝသို့ ကူးတော့အံ့ဆဲဆဲ စိတ်ထားသဘောထား နွားအိုမကြီး ဖြစ်သည်။ မိမိဘဝ နွားခြံကြီးအတွင်း၌ အားကောင်းမောင်းသန် ကုသိုလ်, အကုသိုလ်တို့ ရှိနေစေကာမူ ခြံဝရှိ နွားအိုမကြီးကသာ အလျင်ထွက်ရ ရောက်ရသကဲ့သို့ သေခါနီး စိတ်ထားသဘောထား နာမ်တရားအရ ဟိုဘက်ဘဝသို့ ရောက်ရသည်။

သူဌေးကြီးဦးကပ်စေး၏ သားကလေး သေခါနီးဆဲဆဲ၌ ဘုရားရှင်က မိမိ၏ အဆင်းတော်ကိုပြ၍ ဘုရားရတနာသို့ စူးစိုက်စေလိုက်သောအခါ နတ်ဘဝသို့ ကူးသွားသည်။ (ဗုဒ္ဓစာပန်းချီ 'မြတ်ဂုဏ်တော်'ဝတ္ထု) ရဟန်းတော်တစ်ပါး၏ ဖခင် မုဆိုးကြီးသေခါနီးတွင် သားရဟန်းက ပန်းများကိုခူး၍ ဘုရားရှင်သို့ အာရုံပြုစေ လိုက်ခြင်းဖြင့် ကောင်းရာသုဂတိသို့ ရောက်သွားသည်။ သေခါနီးတွင် သင်္ကန်း၌ တပ်မက်မိသော ရဟန်းကြီးသည် ကွယ်လွန်သော် ထိုသင်္ကန်းတွင် သန်းဖြစ်၏။ ကုသိုလ်ရှင် မလ္လိကာဒေဝီသည် ကွယ်လွန်နီးချိန်၌ စိတ်ထားမဖြောင့်မှုကြောင့် ငရဲသို့ ကျသည်။ နာမည်ကျော် သာသနာပြု ဒါနရှင်ကြီး အသောကဘုရင်သည် သေခါနီး စိတ်ထားမမှန်မှုကြောင့် စပါးကြီးမြွေဖြစ်ရသည်။ ယင်းသို့လျှင် ဝတ္ထု သာဓက မြောက်မြားစွာရှိသည်။ သေတော့အံ့ဆဲဆဲ၌ ခွေးမကြီးအပေါ်တွင် စိတ်ထားတပ်မိသော ကောတုဟလိကသည်လည်း ခွေးမကြီးဝမ်း၌ ပဋိသန္ဓေနေရသည်။

လူ့ဘဝကလာသူဖြစ်သောကြောင့် ခွေးကလေးက လိမ္မာသည်။ နဂိုကပင် ခွေးချစ်သော ကောသမ္ဗီမိတ်ဆွေက လိမ္မာသော ခွေးကလေးကို အလွန်ချစ်သည်။ ကောသမ္ဗီမိတ်ဆွေသာမဟုတ်၊ သူ့အိမ်သို့ နေ့စဉ် ဆွမ်းစားကြွသော ပစ္စေကဗုဒ္ဓါ ရဟန်းတော် အရှင်မြတ်ကလည်း ခွေးကလေးကိုချစ်၍ ဆွမ်းကြွင်း ဆွမ်းကျန်များကို ကျွေးမွေးလေ့ရှိသည်။

## ကောင်းမှု

စေတနာရှင် ကောသမ္ဗီမိတ်ဆွေသည် ရွာအနီး တောကျောင်းနေ ပစ္စေကဗုဒ္ဓါကို အိမ်တွင် မပြတ် ဆွမ်းလုပ်ကျွေး၏။ ဆွမ်းလုပ်ကျွေးရုံမျှမဟုတ်၊ ဆွမ်းစားချိန်နီးတိုင်း ကိုယ်တိုင်ကိုယ်ကျ ပစ္စေကဗုဒ္ဓါ၏ တောကျောင်းသို့သွား၍ ပင့်မြဲဖြစ်သည်။ သွား၍ပင့်လျှင် ခွေးလိမ္မာကလေးကိုပါ ခေါ်သွားမြဲဖြစ်၏။ ကြာတော့ ဆွမ်းစားပင့်ချိန်ရောက်လျှင် ခွေးလိမ္မာကလေးကပင် ဦးဆောင်၍ ကျောင်းသို့ခေါ်သွားလေ့ရှိသည်။ ဤတွင် ကောသမ္ဗီ မိတ်ဆွေအဖို့ ကိုယ်ခွဲတစ်ခု ရလာတော့သည်ကို တွေ့လာရ၏။ အကြောင်းမှာ ရံဖန် အိမ်မှုကိစ္စများလေ့ရှိသော မိမိအဖို့ ကိုယ်တိုင်အပင့်မရောက်နိုင်ခဲ့ပါသော် ခွေးလိမ္မာ ကလေးကို စေလွှတ်လိုက်ပါမည်။ ခွေးကလေးရောက်လာလျှင် တပည့်တော်ကိုယ်စား သဘောထား၍ ကြွလာတော်မူပါဘုရားဟု လျှောက်ထားသောအခါ အရှင်ပစ္စေကဗုဒ္ဓါက သဘောတူသည်။

သို့နှင့် ပစ္စေကဗုဒ္ဓါဘုရားရှင်နှင့် ခွေးလိမ္မာလေးတို့သည် ခွေးပင်ဖြစ်မချည်း ရင်းနှီးသော ဆရာဒကာအဖြစ်သို့ ရောက်လာခဲ့သည်။

ခွေးလိမ္မာကလေးက လူထက်ပင်သာသော အချက်တစ်ချက် ရှိပေသေး၏။ ယင်းသည်ကား အရှင်ပစ္စေကဗုဒ္ဓါ ကြွလာကြွသွားသည်ဆိုလျှင် လမ်းခရီးတွင် သားရဲတိရစ္ဆာန်တို့ မတော်တဆရှိနေပါက ရှောင်ရှားကြစေခြင်းအလို့ငှာ ရှေ့ကပြေးကာ ဟောင်၍ဟိန်း၍ လမ်းရှင်းပေးခြင်းပင်ဖြစ်၏။ သွားနေလာနေကျ ဤခရီးတွင် လင်းရှင်းပေးဖို့ လိုအပ်သည်၊ မလိုအပ်သည် အပထား၍ ခွေးကလေး၏ စေတနာမှုကား ပေါ်လွင်၍ နေပေသည်။

ခွေးကလေးအပေါ်တွင် ငယ်စဉ်ကပင် မေတ္တာထားခဲ့သော အရှင်ပစ္စေက ဗုဒ္ဓါကလည်း သွားရင်းပြန်ရင်းဖြင့် ရံဖန်ရံခါ ခွေးကလေး၏ အရည်အသွေးကို သိရှိရန် ကျီစယ်တော်မူတတ်သည်။ ကျီစယ်ပုံမှာ သွားမြဲလမ်းသို့ မသွားဘဲ လမ်းမှားသို့ဖဲ့၍ သွားပြလိုက်သောအခါ ခွေးလိမ္မာကလေးက လမ်းမှားနေပါပြီဘုရားဟု ပြောဆို သည့်အလား အရှင်မြတ်ရှေ့မှ ဆီးတား၍ လမ်းမှန်သို့ ပို့ပေးသည်။ သင်္ကန်းတော်စကို မိမိ၏နှုတ်သီးဖြင့်ဆွဲ၍ လမ်းမှန်ပေါ်သို့ရောက်အောင် ပို့ပေးလေ့ရှိသည်။

ကြည်နူးစရာပင် ဖြစ်၏။ အကျိုးကား အရှင်ပစ္စေကဗုဒ္ဓါအပေါ်တွင် စေတနာ ရှေးရှုအပ်သော အကျိုး၊ သားရဲတိရစ္ဆာန်တို့ ရှောင်ကြဉ်ရှားကြရန် ရေ့မှပြေးသွား၍ ဟောင်ခဲ့၊ ဟိန်းခဲ့၊ အသံဒါန ပေးလှူခဲ့သောအကျိုး၊ လမ်းမှန်ပေါ်သို့ရောက်အောင် အသံဖြင့် အချက်ပြခြင်း၊ သင်္ကန်းစကိုပင် ဆွဲယူခဲ့ခြင်းတည်းဟူသော အကျိုးတို့ကြောင့် ခွေးကလေး ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်၌ နတ်သမီးတစ်ထောင် ခြံရံအပ်သော နာမည်ကျော် ဃောသကနတ်သား ဖြစ်လာသည်။

## တိရစ္ဆာန်ဟူသည်

ခွေးလိမ္မာကလေး ကွယ်လွန်ရပုံမှာ သနားစဖွယ်ဖြစ်၏။ တစ်နေရာတွင် နေသင့် သလောက်သာနေ၍ ကြာရှည်လေးမြင့် နေလေ့မရှိသော အရှင်ပစ္စေကဗုဒ္ဓါသည် သင်္ကန်းကိစ္စ ပေါ်လာသောကြောင့် ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူတော့မည် ရှိသောအခါ ကောသမ္ဗီ ဆွမ်းဒကာ တား၍လည်းမရ၊ ခွေးလိမ္မာကလေးက သင်္ကန်းစကို ဆွဲ၍တားသော်လည်း မရတော့ဘဲ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူရာတွင် ခွေးကလေးခမျာ အူကာ ဟစ်ကာနှင့် ကျန်ရစ်ခဲ့ရရှာတော့သည်။ သာမန်ကျန်ရစ်ရုံမျှ မဟုတ်၊ အရှင်ပစ္စေကဗုဒ္ဓါကိုချစ်သော ခွေးကလေးအဖို့ လွမ်းနာကျ၍ ကွယ်လွန်ခဲ့ ရရှာသည်။

ဤနေရာတွင် တိရစ္ဆာန်တို့၏ ဖြောင့်မတ်ရိုးစင်းသော သဘောတစ်ရပ်ကို ကျမ်းဂန်က ထုတ်ပြမှတ်ချက်ချသည်။ ချပုံကား "တိရစ္ဆာန်တို့သည် ဖြောင့်မတ်သော သဘောရှိကုန်၏။ မကောက်မကျစ်ကုန်။ လူတို့သည်ကား တစ်ပါးသော အခြင်းအရာကို စိတ်ဖြင့်ကြံ၍ တစ်ပါးသော အခြင်းအရာဖြင့် နှုတ်မှ ပြောဆိုတတ်ကြကုန်၏။ လူတို့ ပြုသော အမူအရာသည် ဖုံးအုပ်ကွယ်ဝှက်လျက်ရှိ၏။ တိရစ္ဆာန်တို့ အမူအရာသည်ကား ပေါ်လွင်ထင်ရှားလျက်ရှိပေ၏" ဟုသတည်း။

မှန်လှပေ၏။ လူတို့သည် အခြားနေရာကို အပထားဦး၍ တရားကျင့်သုံးသည့် နေရာ၌ပင် အရိုတစ်မျိုး အပြောတစ်မျိုး ဟန်လုပ်ဖုံးအုပ်၍ ပြောဆိုကျင့်သုံးတတ်သည်။ ထို့ကြောင့်လည်း ဘုရားရှင်က အကြင်သူတစ်ယောက်သည် (၁) ရတနာသုံးပါး၌ ယုံကြည်သက်ဝင်ခြင်း၊ (၂) ကျန်းမာသန်စွမ်းခြင်း၊ (၃) စိတ်သဘောထား ဖြောင့်စင်း တည့်မတ်ခြင်း၊ (၄) ကြိုးပမ်းအားထုတ်မှုနှင့် ပြည့်စုံခြင်း၊ (၅) ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပျက်မှုကို သိမြင်နိုင်သော ဉာဏ်ပညာရှိခြင်းတည်းဟူသော ပဓာနိယင်္ဂတရား ငါးပါးနှင့်သာ ပြည့်စုံပါစေ၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ ကေန်ရောက်ပါလိမ့်မည်ဟု စိတ်သဘောထား ဖြောင့်စင်းတည့်မတ်မှုကိုထည့်၍ ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

## ဃောသကဟူသည်

ဃောသက ကျော်ကြားခြင်းမှာ အခြားနတ်များထက် တန်ခိုးကြီးဒ္ဓိပါဒ် သာလွန်သောကြောင့်မဟုတ်၊ နတ်သမီးအခြံအရံ ပိုသောကြောင့်မဟုတ်။ သူ့အသံကြောင့်ဖြစ်၏။ သူ့အသံမှာ သာမန်ပြောဆိုရုံမျှဖြင့်ပင် နတ်ပြည်ကို လွှမ်းမိုး၍ထွက်သည်။ အရှင်ပစ္စေကဗုဒ္ဓါအား အသံဖြင့် လှူခဲ့သော အကျိုးဆက်ပေတည်း။

''ဃောသ''ဟူသည် ပြင်းသောအသံ၊ အောင်မြင်ကြီးမားသော အသံဖြစ်၏။ ထိုအသံပိုင်ရှင်ကို ဃောသကဟု ခေါ်သည်။

ဃောသကနတ်သားသည် ကာမဂုဏ်လိုက်စားလွန်း၍ သတိလက်လွတ်ဖြစ်ကာ အစာအာဟာရကုန်၍ နတ်သက်ကြွေခဲ့ရသည်။

နတ်ပြည်ဟူသည်လည်း လူ့ပြည်ကဲ့သို့ပင်ဖြစ်၏။ လူ့သက်တမ်းသည် တစ်ရာသို့မဟုတ် ၇၅ ရှိသည်ဆိုသော်လည်း သက်တမ်းအတိုင်း မသေရဘဲ အမှည့်တဝင်းဝင်းသီးကင်းတဖြုတ်ဖြုတ် ရှိသည့်ပမာ ကြီးငယ်မဟူ သေရသကဲ့သို့၊ နတ်ပြည်တွင်လည်း နတ်သက်အတိုင်း နေရသည်လည်းရှိ၍ မနေရဘဲ အချိန်တိုတိုနှင့် နတ်သက်ကြွေရသည်လည်းရှိ၏။ နတ်တို့ အဘယ်ပုံ သေရသည်မှာတော့ လူတို့လို ထွေလာကေလာ အကြောင်းများစွာမရှိ၊ အကြောင်း လေးမျိုးသာရှိသည်။

ကုသိုလ်ကံအပြည့်ဖြင့် နတ်ဘုံ နတ်သက်တမ်းအတိုင်းနေ၍ သေသည်။ သက်တမ်းရှည်သောနတ်ပြည်ပင် ဖြစ်သော်လည်း ကျီကြီးအတွင်း၌ ထည့်အပ်သော အနည်းငယ်သော ဆန်စပါးကဲ့သို့ ကုသိုလ်ကံနည်းပါး၍ သေသည်။ ကာမဂုဏ်အာရုံများသောနတ်ပြည်၌ မဆင်မခြင် ကာမဂုဏ်ခံစားလွန်း၍ သေသည်။ နတ်ဟူသည် အလွန်နူးညံ့သိမ်မွေ့လှသော ရုပ်အဆင်းပိုင်ရှင်ဖြစ်ပေရာ လူ့စိတ် နတ်စိတ်အားလုံးတွင် အပြင်းထန်ဆုံးသော ဒေါသစိတ် ဝင်လာသောအခါ ဒေါသတည်းဟူသော စိတ္တဇရုပ်ဖျက်ဆီး၍ သေသည်။

ဃောသကနတ်သားသည် သက်တမ်းမကုန်၊ ကုသိုလ်အဟုန်မကုန်ပါဘဲနှင့် ကာမဂုဏ်ခံစား အပျော်များမိသောကြောင့် အချိန်တိုတိုနှင့် နတ်သက်ကြွေခဲ့ရသည်။ နတ်သက်ကြွေသော် ရောနှောသော ရှေးကုသိုလ်အကျိုး၊ ကာမဂုဏ်ခံစားမှုများသော အကျိုးကြောင့် ကောသမ္ဗီပြည်ဝယ် ပြည့်တန်ဆာမတစ်ဦး၏ဝမ်း၌ ဖြစ်လာသည်။

ဤတွင် ဖော်ပြပါ ကောသမ္ဗီသူဌေး၏ အမေး၊ ပုရောဟိတ်၏အဖြေကိစ္စနှင့် ဆက်လာ၏။

ပုရောဟိတ်အဟောကို ကြားရသောအခါ သူဌေးသည် အိမ်မှသူဌေးကတော်ကို ချက်ချင်း သတိရလိုက်သည်။ သူဌေးကတော်သည် ကိုယ်ဝန်နေ့စေ့လစေ့ကြီးနှင့်ဖြစ်၍

နေ့ဖွားမည်လား၊ ညဖွားမည်လား စောင့်စားနေရချိန်ဖြစ်သည်။ ယနေ့ပင် ဖွားမည်လား မသိ။ ယနေ့ဖွားခဲ့သော် အတိုင်းမသိ ကောင်းလေစွ။

ထို့ကြောင့် အိမ်သို့အသော့ပြန်လာခဲ့ပြီး လူယုံတော် အထိန်းမကြီးကို ခေါ်လိုက်၏။ သူဌေးကတော်သည် ကိုယ်ဝန် နေ့စေ့လစေ့ကြီးနှင့် ဖြစ်နေသောကြောင့် သားဖွားဆောင်သို့ပင် ပို့ထားပြီးပေပြီ။

အထိန်းမကြီး ရောက်သောအခါ ''ဘယ့်နှယ်လဲဟေ့၊ မင်းတို့သခင်မ မီးဖွားချိန် နီးပြီလား''ဟု မေးလိုက်၏။

''နီးတော့နီးပြီ၊ ဗိုက်နာနေပြီ၊ ကလေးကလဲ လှုပ်နေပြီ၊ နေ့လား ညလား မသိဘူး၊ ဖွားတော့မှာပဲ''

''ဒီကနေ့များဖွားရင် သိပ်ကောင်းမှာပဲဟိတ်''

''ဖွားတော့ ဖွားမှာပဲ၊ ဒီနေ့လား နက်ဖြန်လားတော့ ဘယ်လိုသိနိုင်ပါ့မလဲ၊ အချိန်ပိုင်း ရက်ပိုင်းကလေးပဲ လိုတော့တာတော့ သေချာတယ်၊ ကျွန်မတို့လဲ ဂရုတစိုက် စောင့်ကြည့်နေကြတယ်။ ဘယ်နေ့ ဘယ်အချိန်ဖွားဖွား ကောင်းတာပေါ့ သူဌေးမင်း''

''အေး၊ နင်တို့ နားလည်တာက တစ်မျိုးပဲ။ ဖွားလျှင်ဖွားချင်း ငါ့ဆီ ချက်ချင်း လာပြောကြ၊ နားလည်လား''

''အို၊ ဒါတော့ ဖွားလျှင်ဖွားချင်း သူဌေးမင်း ချက်ချင်းသိရမှာပေါ့၊ စိတ်ချပါ''

သို့ရာတွင် အစောင့်စားကြီး စောင့်စားနေသော်လည်း ထိုနေ့အတွင်း သားဖွား သတင်း ရောက်မလာ။ ထို့ကြောင့် စိတ်ကူးတစ်မျိုး ပေါ်လာ၍ နောက်နေ့တွင် အထိန်းမကြီးကို အနီးသို့ခေါ်လိုက်ပြန်သည်။ ထိုစိတ်ကူးမှာ ပုရောဟိတ်၏ ဟောပြောမှု ဟူသည် လွဲခဲသည်။ ကောသမ္ဗီတွင် မနေ့က ဖွားသူတစ်ယောက် ပေါ်ပေါက်ခဲ့ပါသော် ထိုကလေးသည် သူဌေးဖြစ်ရမည် ကေန်ဖြစ်၏။ ထိုကလေးကို အထိန်းမကြီးအား အရှာခိုင်း၍ တွေ့ရှိခဲ့သော် ငွေပေးဝယ်ယူပြီး မွေးမြူမည်။ ထိုကလေးသည် ယောကျ်ား ကလေးဖြစ်၍ မိမိကလေးသည် မိန်းကလေးဖြစ်ခဲ့ပါသော် သို့မဟုတ် ထိုကလေးသည် မိန်းကလေးဖြစ်၍ မိမိကလေးသည် ယောကျ်ားကလေးဖြစ်ခဲ့ပါသော် အချိန်တန်လျှင် ထိမ်းမြားလက်ထပ်၍ သူဌေးအဖြစ်သို့ ခံယူနိုင်ကြရန် ဖြစ်၏။

''ဒီမှာ အထိန်းကြီး၊ မင့်ကို ခိုင်းစရာတစ်ခုရှိနေတယ်။ သိုသိုသိပ်သိပ်နဲ့ ဆောင်ရွက်ရလိမ့်မယ်''

''သူဌေးမင်းကိစ္စတွေ ဆောင်ရွက်ပေးခဲ့ရတာ များပါပြီ။ ဘယ်ကိစ္စမှာများ စိတ်မချရတာ ရှိခဲ့ဖူးပါသလဲ''

"မင်းပြောတာ မှန်တယ်။ နို့ပေမယ့် ခုကိစ္စက ပိုအရေးကြီးတယ်။ မင်းနဲ့ငါ စိတ်ထဲမှာသာ ထားပါ။ ဘယ်သူမှ မသိစေနဲ့။ ဒီကိစ္စက မနေ့ကမွေးတဲ့ကလေးဟာ မဟာသေဋ္ဌနက္ခတ်နဲ့ယှဉ်ပြီး မွေးတဲ့ကလေးမို့ သူဌေးဖြစ်လိမ့်မယ်လို့ ဘုရင့်ပုရောဟိတ်ကြီးက ဟောလိုက်တယ်။ ပုရောဟိတ်ကြီးရဲ့ အဟောဟာ ဘယ်တုန်းကမှ လွဲမှားတယ်မရှိဘူး"

"ဒါကြောင့်မို့ သူဌေးမင်းက ကျွန်မတို့သားလေးကို မနေ့က မွေးစေချင်တာကိုး"

"မှန်တယ်။ နို့ပေမယ့် မမွေးသေးတာ ဘယ်တတ်နိုင်မလဲ။ ဒီတော့ မနေ့က မွေးတဲ့ကလေးကို ကောသမ္ဗီမှာ တွေ့လို့တွေ့ငြား ဒီနေ့လိုက်ရှာပါ။ တွေ့ရင် ရနိုင်တဲ့ နည်းနဲ့ ဝယ်ပြီးယူလာခဲ့ပေါ့။ အသပြာတစ်ထောင်ယူသွား"

"ကျွန်မ သဘောပေါက်ပါပြီ သူဌေးမင်း၊ နို့ပေမယ့် တကယ်လို့ တွေ့မယ့် ကလေးဟာ ဆင်းရဲသားကလေးဖြစ်ရင် အရေးမကြီးဘူး။ မျက်နှာကြီး သားသမီး ဖြစ်နေရင်တော့ အဝယ်ရခက်မှာပဲ။ ကလေးဆိုတာ မိဘအသိုက်အဝန်း ကြီးသလောက် ကြီးကျယ်နေတတ်လို့ပါ"

"ဒါကို မင်း ကြိုးစားရမှာပေါ့"

"ကြိုးစားပါ့မယ် သူဌေးမင်း"

သို့ရာတွင် အထိန်းမကြီးအဖို့ ခက်ခက်ခဲခဲ မကြိုးစားရ။ ကောသမ္ဗီရပ်ကွက် တစ်ခုရှိ ဆင်းရဲသားတစ်ဦးအိမ်၌ပင် မနေ့ကမွေးသော မွေးကင်းစကလေးငယ် ယောကျ်ားကလေးကို တွေ့ရှိရသောကြောင့် ဖြစ်သည်။ ပရိယာယ်ဖြင့် စုံစမ်းလိုက်သော အခါ ကလေးငယ်သည် ထိုသူ၏သားပင်မဟုတ်၊ အမှိုက်ပုံတွင် စွန့်ပစ်ထားသည်ကို ကောက်ယူ၍ မွေးမြူထားသူသာဖြစ်ကြောင်း သိရှိရသည်။ ထို့ကြောင့် ဝယ်ယူဖို့ရန်လည်း လွယ်ကူ၍သွားသည်။

ဃောသက အလောင်းကလေးပင်ဖြစ်၏။ ဃောသကဟူသော အမည်မှာ မွေးကင်းစကပင် ရရှိလာခဲ့သော အမည်ဖြစ်သည်။ အကြောင်းမှာ ကလေးငယ်သည် ငိုယိုရာ၌ အရွယ်နှင့်မလိုက်အောင် အသံကျယ်လောင်အောင်မြင်လှသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ရှေးလူတို့၏ ထုံးစံအတိုင်း ကောက်ယူမွေးစားထားသော မိဘတို့က ဗျုပ္ပတ်အရ "ဃောသက" ကလေးဟုပင် အမည်ပေးထားပြီးပြီကို တွေ့ရသည်။

ဆက်၍ စုံစမ်းသောအခါ ပြည့်တန်ဆာမတစ်ယောက်က မွေးဖွား၍ အမှိုက်ပုံတွင် စွန့်ပစ်ထားသော ကလေးဟု သိရှိရသည်။ ပြည့်တန်ဆာမများသည် ကလေး မွေးလာ၍ သမီးကလေး မွေးလာလျှင်သော မိမိ၏ မျိုးဆက်အတွက် မွေးမြူ ကျွေးမွေးပြီး၊ ယောကျ်ားကလေး မွေးလာခဲ့သော် စွန့်ပစ်ထားလေ့ရှိသည်။

## မေတ္တာနှင့် မာန

ထိုခေတ်က အလားတူပင် ပြည့်တန်ဆာမတို့ စွန့်ပစ်အပ်သော ကလေးတို့အကြောင်းမှာ ရိုး၍ပင် နေပြီဖြစ်၏။ ကောက်ယူ ကျွေးမွေးမည့်သူတွေ့သော် ထိုကလေး အသက်ရှင်ရ၏။ မတွေ့သော် သေဆုံးကြရသည်။ အကြီးဆုံးသော သာဓကမှာ နာမည်ကျော် သမားတော်ကြီး ဆရာဇီဝကသည် ပြည့်တန်ဆာမ စွန့်ပစ်အပ်သော ကလေးပင် ဖြစ်ခဲ့၏။ ဗိမ္ဗိသာရဘုရင်၏ သားတော် အဘယမင်းသား ကောက်ယူကျွေးမွေးခွင့် ကြုံ၍သာ အသက်ရှင်ခဲ့၊ ရှည်ခဲ့ရသည်။

ဤနေရာတွင် အထက်တစ်နေရာ၌ ဆွေးနွေးခဲ့သော မိခင်မေတ္တာဆိုသည်ကို ဆွေးနွေးရန် လိုလာပြန်၏။ ဘုရားရှင်နှင့်ပင် တစ်ဂိုဏ်းတည်းထား၍ နှိုင်းယှဉ်အပ်သော မိခင်၏မေတ္တာဟူသည် အကယ်ပင် ဟုတ်မှန်ပါ၏လော။ ဟုတ်မှန်သည် မှန်ပါ၏။ သို့သော် လူသတ္တဝါတို့တွင် အချစ်မေတ္တာဆိုသည်ထက် အရေးပါသောအကြောင်းအချက် တစ်ရပ်မှာ အတ္တမာနပင် ဖြစ်ပေသည်။ အတ္တမာနတည်းဟူသော အရှက်အကြောက်နှင့် မိမိသိက္ခာကို ထိခိုက်ဖို့ ကြုံလာသောအခါ အချစ်မေတ္တာဟူသည် အတ္တမာနအောက်သို့ ရောက်ရလေတော့သည်။ ထို့ကြောင့် ပြည့်တန်ဆာမတို့၏ သားငယ်များသည် လည်းကောင်း၊ လင်ကောင်မဖော်နိုင်ဘဲ မွေးဖွားကြရသော ကလေးငယ်များသည် လည်းကောင်း၊ လင်ကောင်ပင် ဖော်နိုင်စေကာမူ ကျွေးမွေးရန် ခက်ခဲသော ဆင်းရဲသူ ဆင်းရဲသားတို့၏ သားသမီးတို့သည်လည်းကောင်း ကစဉ့်ကလျားဖြစ်ကြရ၍ အကြင် ကလေး၏မိဘသည် ဂုဏ်ကြီးလျှင် ကြီးသည့်အလျောက် အရေးပါလာပြန်ကာ ချစ်လှပါချည့်ဟု ရွှေလင်ပန်းနှင့် အချင်းဆေးသည့်အထိ ဖြစ်လာလေသည်။

အထိန်းမကြီးက မိမိသည် သားသမီးငတ်သူဖြစ်၍ ဤကလေးကို တွေ့လျှင် တွေ့ချင်း မိမိသားအရင်းကဲ့သို့ သဘောထားပါကြောင်း စသည်ဖြင့် တောင်းပန် ဝယ်ယူသည်။ ဝယ်ယူရာ၌ ရေကူးညာတင် စကားဖြင့် ဈေးဆစ်လိုက်သေးသည်။ မရှုသည့်အဆုံး တစ်ထောင်အထိပေး၍ ဝယ်ယူလိုက်ရ၏။ ဤနည်းဖြင့် ဃောသက အလောင်းကလေးသည် ကောသမ္ဗီသူဌေး၏အိမ်သို့ ရောက်လာ၏။ ကောဟုဟာလိက ဘဝတွင် မိမိကလေးကို စွန့်ပစ်ခဲ့မိသော ဝဋ်ကြွေးသည် ဃောသကဘဝက အစကပင် အမှိုက်ပုံတွင် စွန့်ပစ်ခံရခြင်းဖြင့် ဆိုက်ရောက်လာခဲ့ပြီ ဖြစ်၏။

ပုရောဟိတ်ကြီး ဟောခဲ့ပြီးသည်၏ တတိယမြောက်နေ့တွင်မှ ကောသမ္ဗီ သူဌေးကတော်၏ သန္ဓေက မွေးဖွားသည်။ မွေးဖွားလာတော့လည်း သားကလေး ဖြစ်နေ၏။ ထို့ကြောင့် သမီးကလေး မွေးလာလျှင် . . . ဟူသော သူဌေး၏ ရည်မှန်းချက်မှာ လွဲချော်သွားရပြန်ပြီဖြစ်၏။

ပုရောဟိတ်ကြီးတို့လို ပါရဂူမမြောက်စေကာမူ ဝေဒကျမ်းဂန်ဟူသည်

ဗြာဟ္မဏတို့၏ သင်ရိုးကျမ်းဂန် ဖြစ်သည့်အတိုင်း သူဌေးသည်လည်း ဗေဒင်ပညာကို အထိုက်အလျောက် တတ်ကျွမ်းရိပ်စားမိသည့်သာဖြစ်၏။ ထို့ကြောင့် ရက်ပိုင်းကလေး မျှသာခြား၍မွေးသော မိမိ၏သားငယ်သည်လည်း ဂြိုဟ်နေဂြိုဟ်ထားတို့ မကွာခြားလှ သောကြောင့် သူဌေးဖြစ်နိုင်စကောင်းအံ့ဟု ယူဆသည်။

ပုရောဟိတ်ကြီးအား မိမိသား၏ ဇာတာကိုပြ၍ မေးမြန်းလိုက်သောအခါ ထိုကလေးသည် သူဌေးဖြစ်ဖို့ဝေး၍ သက်တမ်းပင် မရှည်ကြာနိုင်သည်၏ အဖြစ်ကို ပုရောဟိတ်ကြီး သိသော်လည်း မကောင်းသည်ကို အတိအလင်းဖွင့်၍ဟောရန် ခက်သောကြောင့် ''ဂြိုဟ်နေဂြိုဟ်ထားချင်းကတော့ မကွာလှပါဘူး''ဟု သာမန်မျှသာ မျှော်လင့်ချက်ပေး၍ ဟောလိုက်သောကြောင့်လည်း သူဌေးသည် မိမိသားအပေါ် မျှော်လင့်ချက် ကြီးမားလာသည်။ မွေးစားကလေးမရှိပါမှ မိမိသား သူဌေးဖြစ်ကိန်း ကြုံမည်ဟူ၏။

## နွားခြံဝသို့

မရှိပါမှဟူသည် ဃောသကလေးကို သတ်ဖြတ်ဖျောက်ဖျက်ဖြစ်ရုံမှတစ်ပါး အခြား မရှိပေ။ မသတ်ဘဲ အခြားတစ်နေရာသို့ စွန့်ပစ်လိုက်လျှင်လည်း တစ်နည်းနည်းဖြင့် သူဌေးဖြစ်လာဦးမည် ဖြစ်၏။ ထို့ကြောင့် လူယုံတော် အထိန်းမကြီးကို တိုင်ပင်ရ ပြန်သည်။

မိမိတွင် သားကလေးပင် မွေးလာသည်ကို သိရသည်နှင့်တစ်ပြိုင်နက်ပင် ရည်မှန်းချက် ကွာဟသွားသောကြောင့် ဃောသက ကလေးကို အရေးမပေးတော့ဘဲ ခပ်ခွာခွာလုပ်လိုက်သည်။ သားအဖြစ်မွေးစားသည်ဆိုသော်လည်း အထိန်းမကြီး၏ သားလိုလို၊ မိမိ၏ သားလိုလို မရေမရာ ပြုလုပ်လိုက်သည်။

''တို့ ရည်မှန်းချက်ကတော့ တလွဲစီဖြစ်ကုန်ပြီ။ ဒီကောင်လေးရှိနေရင် တို့သား သူဌေးဖြစ်တော့မှာ မဟုတ်ဘူး။ ဒီတော့ ဒီကောင်လေးကို ဖျောက်ဖျက်ပစ်လိုက်လို့ လိုလာပြီ''ဟု အတိအလင်းပင် ဖွင့်၍ တိုင်ပင်လိုက်သည်။

''ဒီလိုဆိုရင်လည်း တခြားနေရာကို ပြန်ပေးလိုက်ရုံပေါ့''

''တခြားကို ပြန်ပေးရုံနဲ့ မပြီးဘူး။ ဒီကောင်လေးရှိနေရင် တစ်နည်းနည်းနဲ့ သူဌေးဖြစ်လိမ့်မယ်။ ဒီတော့ ရှင်းရှင်းပြောရရင် သတ်ပစ်လိုက်မှ အေးမှာ''

''ကလေးက သနားစရာကလေး''

''သနားနေလို့ မဖြစ်တော့ဘူး''

"သူဌေးမင်း သဘောအတိုင်းပါပဲ"

"သတ်ပစ်ဖို့က အတိအလင်း မွေးစားထားတော့ ပြောင်ပြောင်တင်းတင်း လုပ်လို့ မဖြစ်ဘူး။ ပရိယာယ်ဆင်ရလိမ့်မယ်။ ငါ တစ်ခုစဉ်းစားထားတယ်။ ကောင်လေးကို ယူပြီး ကျေးရွာက တို့နွားခြံဆီကို သွားလည်၊ နွားခြံအဝမှာ ကောင်လေးကို ထိန်းသလို လုပ်နေ၊ နွားခြံဖွင့်လိုက်တာနဲ့ တစ်ပြိုင်နက် အလန့်တကြား ပြေးရတဲ့အနေနဲ့ ကောင်လေးကို နွားခြံဝမှာ ချပစ်ခဲ့။ နွားတွေထွက်လာတော့ နင်းမိပြီး သေရောပေါ့"

"ကောင်းပါပြီ သူဌေးမင်း၊ ဒီအတိုင်းပဲ လုပ်ပါ့မယ်"

"နင့်ကြည့်ရတာ ကောင်လေးကို သနားနေပုံရတယ်"

"သနားတော့ သနားတာပေါ့၊ နို့ပေမယ့် သူဌေးမင်းရဲ့ ခိုင်းစေချက်မှန်သမျှကို ဘယ်တုန်းကများ မကျေမပွန် လုပ်ခဲ့ဖူးလို့လဲ"

အထိန်းမကြီးမှာ သူဌေး၏ အတွင်းလူအဖြစ် ရင်းရင်းနှီးနှီး ဆက်ဆံခံရသော်လည်း အမှန်အားဖြင့် သူဌေး၏ ကျွန်စာရင်းဝင် ကျွန်ပင်ဖြစ်သည်။ ထိုခေတ် အမျိုးစည်းကမ်းအရ ကျွန်ကို သခင်က ပိုင်သည်။ အသုံးခံပစ္စည်းတစ်ခုကဲ့သို့ ကျွန်ကို သခင်က ကြိုက်သလို ချယ်လှယ်နိုင်သည်။ ထို့ကြောင့် ဃောသကလေးကို သနားသည်ထက် အကြောက်စိတ်က ပိုသည်။

ဃောသကလေးအဖို့ ပြောင်ပြောင်တင်းတင်း အသတ်မခံရသည်ပင် တော်ပေသေး၏။ အမှန်အားဖြင့် ဃောသကလေးတွင် အသတ်ခံဝဋ်ကြွေးမပါ။ စွန့်ပစ်ခံ ဝဋ်ကြွေးသာပါသည်။ ထို့ကြောင့် သေစေသည်အထိ ရည်ရွယ်သော်လည်း ပရိယာယ် မျိုးစုံဖြင့်သာ စွန့်ပစ်ခံရသည်ကို နောက်ပိုင်းတွင် တွေ့ရမည်ဖြစ်၏။

ဤကလေးသည် ဣဿာစိတ်ကြောင့် သူဌေး၏ အမုန်းကို ခံရသည်မှတစ်ပါး ပစ္စေကဗုဒ္ဓါအပေါ်တွင် ချစ်ခင်လေးစားခဲ့သော ကုသိုလ်အရ လူရော တိရစ္ဆာန်ပါ မြင်မြင်ကရာတို့၏ ချစ်ခင်မှုကို ခံရသည်။

ထို့ကြောင့် အစီအစဉ်အတိုင်း အထိန်းမကြီးက နွားခြံဝတွင်သွား၍ ထားသော အခါ ထိုနေ့တွင်မှ နွားခြံတွင် ထူးထူးခြားခြား ဖြစ်ပေါ်၍လာသည်။ အတိတ်ကုသိုလ် အကြောင်းနှင့် ပစ္စုပ္ပန်ဖြစ်ရပ်အကျိုးတို့ တိုက်ဆိုင်မိသော ဖြစ်ရပ်လည်း ဖြစ်လာ၏။ အကြောင်းကား နွားပေါင်းတစ်ထောင်ကျော်ရှိသော နွားခြံကြီးကို ထုံးစံအတိုင်း နွားကျောင်းသားတစ်ဦးက ဖွင့်၍လွှတ်လိုက်သောအခါ နွားတို့၏ အကြီးအကဲဖြစ်သော နွားမကြီးသည် ရှေ့ဆုံးမှထွက်လာကာ ဃောသကလေးကို ခွ၍ မိမိကိုယ်လုံးကြီးဖြင့် အခြားနွားတို့၏ အန္တရာယ်ကို ကာကွယ်၍ထားသည်။ ကာကွယ်ရုံမက နို့ကိုပင် လွှတ်၍ တိုက်လိုက်သေးသည်။

နွားမကြီး၏ ထူးခြားသောအပြုအမူကို နွားကျောင်းသားမှူးက သွား၍ ကြည့်သောအခါ ဃောသကလေးကို တွေ့ရပြီး သေဘေးမှ ထူးခြားစွာ လွတ်မြောက်လာသော ကလေးအဖြစ် သားအရင်းပမာ စွပ်စွဲလာသောကြောင့် အသိန်းမကြီးတို့အဖို့ မနည်းပင် အသပြာပေး၍ တောင်းယူလာခဲ့ရသည်။ အကြောင်းမှာ ဤကလေး မသေသေးသမျှ သူဌေးအဖို့ ကိစ္စမပြတ်သေးသောကြောင့် ဖြစ်သည်။

ဖြစ်ပုံကို ကြားသိရသောအခါ သူဌေး အံ့သြသည်။ သို့ရာတွင် ကြီးမားသော ကုသိုလ်ကြောင့် ဃောသကလေးကို မချိုးကျိုးနိုင်။ ဒါလောက်တောင် နွားချစ်သည့်အကောင်ကို နွားဖြင့် သေစေရမည်ဟု မကြာမီပင် အစီအစဉ်တစ်ခု ပြုလုပ်ပြန်သည်။ ယင်းကား နွားတို့ မမြင်နိုင်သောအချိန်၌ နွားတို့၏ လှည်းလမ်းမတွင် ချထားစေပြီး သေစေရန် ဖြစ်၏။

## လှည်းလမ်းမသို့

ကောသမ္ဗီအနီးတွင် လှည်းကုန်သည်တို့ မပြတ် သွားလာနေသော လှည်းလမ်းမကြီး ရှိ၏။ နက်ဖြန်နံနက် အရုဏ်မတက်မီ စောစောအချိန်၌ပင် လှည်းကုန်သည်ကြီးတစ်ဦးသည် လှည်းငါးရာတို့ဖြင့် ကုန်ရောင်းခရီး ထွက်ကြမည်ကို သူဌေးသိထား၏။ ထိုလှည်းလမ်းမတွင် ဃောသကကို ချထားပါက မှောင်၍နေသောအချိန်ဖြစ်သာကြောင့် မုချ လှည်းအများ နွားအများ နင်းမိ၍ ဤကောင်လေး သေရမည်အမှန်။ ဤနည်းဖြင့် ဃောသကလေးကို ဆန်ကောထဲထည့်ကာ အသိန်းမကြီးကို လှည်းလမ်းမ၌ သွား၍ ချထားစေသည်။

လှည်းငါးရာတို့ အစီအစဉ်အတိုင်း လာကြပါ၏။ ရှေ့ဆုံးတွင် အားကောင်းမောင်းသန် နွားကြီးနှစ်ကောင် တပ်ထားသော လှည်းမှူးကြီး၏ လှည်းဖြစ်သည်။ ဖြစ်ပုံမှာ ရှေ့ဆုံးမှ လှည်းမှူးကြီး၏ နွားများသည် ဃောသကလေး၏ အနီးသို့ ရောက်သောအခါ လုံးဝမသွားတော့ဘဲ အရိုက်အနှက်ခံကာ ပေကတ်တိမ်းရှောင်၍ နေသည်။ ထူးခြားလှချည့်။ ရှေ့တွင် အကြောင်းတစ်စုံတစ်ရာရှိရာ၏ဟု လှည်းမှူးကြီး ဆင်း၍ ကြည့်သောအခါ ဃောသကလေးကို တွေ့ရသောကြောင့် ထူးခြားလှသော ကလေး၊ နတ်ဒေဝတာတို့ ပေးလာသောသားအဖြစ် ဝမ်းမြောက်ဝမ်းသာ ကောက်ယူမွေးစားလေတော့သည်။ ဤသတင်းကိုကြားသိရပြန်သော သူဌေးအဖို့ အံ့သြသော်လည်း ကုသိုလ်အရှိန်မကုန်သေးသောကြောင့် လှည်းမှူးကြီးထံမှ ဃောသကလေးကို အသပြာပေးကာ မနည်းချော့မော့ ပြန်တောင်းယူထားလိုက်ရပြန်သည်။ အသိန်းမကြီးအဖို့ အစီအစဉ်မသေချာ၍ ဤသို့ဖြစ်ရလေသလောဟု အကြိမ်းအမောင်းပင် ခံလိုက်ရ သေး၏။

## သုသာန်သို့

သည်တစ်ချီတော့ မပြန်လမ်းသို့ ပို့မည်ဟု သူဌေး စိတ်ကူးလိုက်သည်။ မပြန်လမ်းဟူသည်ကား သုသာန်ပင်ဖြစ်၏။ သုသာန်ဟူသည် ခွေးရဲ၊ စွန်ရဲ၊ သားရဲဘီလူးတို့ သောင်းကျန်းရာဌာနဖြစ်သည်။ အချို့သော ဆင်းရဲသားတို့၏ အလောင်းကောင်များကို သုသာန်တွင် မြေမမြှုပ်တော့ဘဲ ဤအတိုင်းပင် စွန့်ပစ်၍ ထားခဲ့ကြလေ့ရှိသည်။ ယင်းသို့ အလောင်းကောင်အတိုင်း စွန့်ပစ်ထားလေ့ရှိခြင်းမှာ ဆင်းရဲသားတို့၏ ထိုစဉ်က အစဉ်အလာတစ်ရပ်ဖြစ်၍ အလောင်းကောင်ကို ခွေးရဲ၊ စွန်ရဲ၊ လင်းတတို့ ထိုးဆိတ်ဆွဲယူစားသောက်ကြ၏။ ညဉ့်အချိန် ပရလောကသား ဘီလူးသရဲတို့၏ အာဟာရလည်းဖြစ်သည်ဆို၏။ အလောင်းကောင်ကိုရှု၍ ရသေ့ရဟန်းတို့ သုသာန်ဓုတင် ဆောက်တည်နိုင်ခွင့်လည်း ရ၏။ အလောင်းကောင်ထွေးပတ်သော အဝတ်ကိုလည်း ရသေ့ ရဟန်းတို့ ပံ့သကူသင်္ကန်းအဖြစ် ကောက်ယူခွင့်လည်း ရသည်။

ဘုရားရှင်သာသနာတော် ထွန်းပေါ်လာသောအချိန်၌ ဘုရားရှင်၏ သံဃာတော်များသည် ဤနည်းဖြင့် သုသာန်တို့တွင် ဓုတင်ဆောင်ကြသည်ကိုလည်းကောင်း၊ ပံ့သကူသင်္ကန်း ကောက်ယူကြသည်ကိုလည်းကောင်း၊ ဘုရားရှင်ကိုယ်တော်တိုင် အလောင်းတစ်လောင်းမှ အဝတ်တို့ကို ပံ့သကူသင်္ကန်းအဖြစ် ကောက်ယူတော်မူသည့် အကြောင်းကိုလည်းကောင်း ကြားကြ၊ မြင်ကြ၊ သိကြရသောကြောင့် အလောင်းအတိုင်း စွန့်ပစ်ခြင်းသည် ကုသိုလ်တစ်မျိုးဖြစ်သည်ဟု သဘောထားကြသည်။

ပရလောကသား ဘီလူးသရဲများကမူ လူသေကောင်ကို မဆိုထားဘဲ၊ အလျဉ်းမသင့်၍ မြို့ပြင်တောထဲသို့ ရောက်လာသော ကလေးသူငယ်များကိုပင် ဆွဲယူသတ်ဖြတ်စားကြသည့် အကြောင်းကိုလည်း သူဌေး သိထားသည်။ သုသာန်ဆိုသော် အဘယ် ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

ထင်းခွေယောကျ်ား သားအဖတို့သည် တောမှအပြန် နောက်ကျ၍ မြို့တံခါးပိတ်ထားပြီဖြစ်သောကြောင့် မြို့ပြင် တောစပ်တွင်ပင် လှည်းအောက်၌ အိပ်ကြရသည်။ ထိုစဉ် ထင်းခွေယောကျ်ား၏ သားကလေးကို ဘီလူးတစ်ကောင်က သတ်ဖြတ်စားသောက်ရန် လာ၍ဆွဲ၏။ ထိုဘီလူး ကံဆိုးသည်ကား ထိုသားကလေးသည် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"စသော သရဏဂုံသုံးပါးကို မိဘများက သင်ကြားထားသည့် အတိုင်း မပြတ်ရွတ်ဆို ကိုးကွယ်လေ့ရှိသူကလေး ဖြစ်နေခြင်းပင်ဖြစ်ပေသည်။ အဆွဲခံရ၍ နိုးသည်နှင့် တစ်ပြိုင်နက် ကလေးက ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဟု သရဏဂုံကို ရွတ်ဆိုသည်။ ထို့ကြောင့် ဘီလူး ကြောက်ရွံ့ကာ ကလေးကိုပင် ပူဇော်လိုက်ရသေးသည်။

ယောသကလေးအဖို့မူ အတန်ပင် ကြီးထွားလာခဲ့ပြီ ဖြစ်သော်လည်း သရဏဂုံ သမားမဟုတ်၊ မည်သည့် အသိပညာကိုမျှ သင်မပေး။ သင်ပေးဖို့လည်း မရည်ရွယ်။

သေစေဖို့သာ မပြတ် ရည်ရွယ်ချက်ရှိသည်။ ကလေးကို သုသာန်တွင် စွန့်ပစ်ခဲ့ပါသော် ကေန် ဘီလူးစာဖြစ်မည်။ အနည်းဆုံးအားဖြင့် လူသားစားနေကျ ခွေးရဲ သားကောင်တို့၏ ကိုက်ခဲစားသောက်ခြင်းကို ခံရ၍ သေမည်မုချ။ ဤရည်ရွယ်ချက်ဖြင့် သူဌေးသည် ဃောသကလေးကို သုသာန်သို့ သွား၍ ထားစေလိုက်သည်။

ထားပုံမှာ အမှတ်မဲ့မဟုတ်။ ဤကလေး သေမသေ၊ မည်သို့ ခံရပုံကို သိရအောင် အစောင့်များကို တစ်ထောင့်တစ်နားမှ စောင့်ကြည့်စေလိုက်သေးသည်။ အမိန့်အရ ချုံပုတ်တစ်ခုအတွင်း၌ ပစ်ထားလိုက်ကြသည်။ ဃောသကလေး အစာဝတ်ကာ ထိုညဥ့်အဖို့ အချမ်းအပူကြောင့် ဆင်းရဲသော်လည်း မည်သည့်သရဲမျှ မလာ။ မည်သည့်သတ္တဝါမျှ မချဉ်းကပ်။ နံနက်ခင်းရောက်မှသာ သချိုင်းတွင် ကျောင်းနေကျ ဆိတ်ကျောင်းသားနှင့် ဆိတ်များစွာတို့ ရောက်လာကြသည်။

ထူးဆန်းသည်မှာ ဆိတ်မကြီးတစ်ကောင်က ဃောသကလေးရှိရာ ချုံပုတ်အတွင်းသို့ ဝင်၍ သူ့ခန္ဓာကိုယ်နောက်ပိုင်းကိုနှိမ့်ကာ ဃောသကလေးကို အသေအချာ နို့တိုက်နေခြင်းပင်ဖြစ်၏။ ချုံတွင်းသို့ ဝင်သွားသော ဆိတ်မကြီးကို ဆိတ်ကျောင်းသားက မောင်းထုတ်သောအခါ ထွက်၍မလာ။ သို့ဖြစ်၍ ဆိတ်ကျောင်းသားက ချုံတွင်းသို့ ဝင်ကြည့်၍ ဆိတ်မကြီး နို့တိုက်နေပုံနှင့် ဃောသကလေးကို တွေ့မြင်ရသောအခါ နတ်ဒေဝတာတို့ ပေးလာသော သားအဖြစ် ဃောသကလေးကို ပွေ့ယူကာ ယုယ မွေးစားလေတော့သည်။

ဤသတင်းကို သူဌေးသိသောအခါ ကြာသောအရှိန် မပြေသေးသော သူဌေးအဖို့ ဆိတ်ကျောင်းသားထံသို့ အသပြာပေး၍ ဝယ်ယူစေပြန်၏။ ထို့နောက် ဤနည်းများဖြင့်တော့မဟန်။ ကေန်ကေ သေစေရမည့် နည်းလမ်းကို ကြံဆရပြန်သည်။

## တောင်ခါးပြတ်သို့

ကောသမ္ဗီစသော ဘုရင့်နိုင်ငံများတွင် သေပြစ်ထိုက်သော ရာဇဝတ်သားတို့အား သတ်ပုံသတ်နည်း မျိုးစုံရှိ၏။ ရိုးရိုးစင်းစင်း လည်ပင်းမားဖြတ်၍ သတ်သည်။ သချိုင်းတွင် တံကျင်လျှိုထား၍ သေစေသည်။ တောင်ပေါ်မှပစ်ချ၍ သေစေသည်။

လည်ပင်းမားဖြတ်၍ အသတ်ခံရသူမှာ မုချသေစေရမည့် ရာဇဝတ်ကောင် ဖြစ်၏။ တံကျင်လျှို၍သတ်သော် အများအားဖြင့် သေကြရသော်လည်း မသေဘဲ လွတ်မြောက်သွားသူများလည်း ရှားရှားပါးပါးရှိသည်။ တောင်ပေါ်မှပစ်ချခံရသော် အလားတူ ရှားရှားပါးပါးလွတ်မြောက်သွားသူများရှိသည်။ ယင်းသို့လျှင် သေပြစ်

ရှိသော်လည်း သေမှုသေခင်း၏ အနုအရင့်အလိုက် သတ်ပုံသတ်နည်း ခွဲခြားထားသည်။ နုနုနယ်နယ် ကလေးသူငယ်အရွယ်မျှဖြစ်သော ယောသကလေးကို တောင်ပေါ်မှ ပစ်ချခဲ့သော် အဘယ်ပုံ အသက်ရှင်နိုင်တော့မည်နည်းဟု သူဌေးတွေးသည်။

သေပြစ်ရှိသူတို့ကို ပစ်ချရာတောင်ဟူသည် သာမန်ရိုးရိုးတောင်မဟုတ်။ သီးသန့်ရွေးချယ်ထားသော တောင်ဖြစ်သည်။ တစ်ဖက်မှ တောင်ပေါ်သို့ တက်ရပြီးနောက် တစ်ဖက်တွင် ဘူးသီးကိုထက်ခြမ်းခွဲထားသကဲ့သို့ ပြောင်ချောစွာဖြင့် အသူတစ်ရာနက်လှစွာသော ချောက်ကမ်းပါးကြီးရှိသည်။ တောင်ခါးပြတ်၊ ခါးပြတ်တောင်ဟုလည်း ခေါ်၏။ ယင်းချောက်ကမ်းပါးကြီးသို့ ပစ်ချခံရခြင်းဖြစ်သည်။

ကောသမ္ဗိတောင်မှာ ဘူးသီးကို ထက်ခြမ်းခွဲထားသကဲ့သို့ပင်ရှိသောကြောင့် ဘူးလည်ပြတ်တောင်ဟုလည်း ခေါ်သည်။ ယင်းဘူးလည်ပြတ်တောင်ပေါ်မှ ယောသကလေးကို ပစ်ချလိုက်ရန် သူဌေးက အထိန်းမကြီးကို စေခိုင်းလေတော့သည်။

အထိန်းမကြီးအဖို့ စေသောကျွန်၊ ထွန်သောနွားဆိုသည့်အတိုင်း လုပ်ရပြန်၏။ သို့သော် ယောသကလေးမသေ။ မသေပုံမှာ တောင်ခြေရင်းတွင် ဝါးရုံတန်းကြီးနှင့် ကြီးမားသော ဇင်ရွှေးချုံများရှိနေရာ ယင်းဇင်ရွှေးချုံကြီးပေါ်သို့ ပုခက်ထဲ ထည့်သိပ်လိုက်သကဲ့သို့ အလိုက်သင့်တင်၍နေသည်။

ဇင်ရွှေးပင်၏ အထက်ပိုင်းများသည် စာဘူးတောင်းသိုက်များကဲ့သို့ အရွက်အနွယ်၊ အကိုင်းအခက်များ ရှုပ်ထွေးစွာ ပိန်းပိတ်၍နေတတ်သည်။ ယင်းအပင်ပေါ်သို့ အလိုက်သင့်ကျသည်။ ကလေးကိုယ်ဖြစ်၍ ပေါ့ပါးသောကြောင့်လည်းဖြစ်၏။ ပစ်ချသူက မိန်းမသားဖြစ်၍ အင်နှင့်အားနှင့် လွှဲ၍မပစ်နိုင်သောကြောင့်လည်း ဖြစ်၏။ ယောသကလေးအဖို့ သေကိန်းမကြုံနိုင်သော ကုသိုလ်ကြောင့်လည်း ဖြစ်၏။

ယောသကလေး တအားငို၏။ သို့သော် ထိုညအဖို့ ဆင်းရဲသော်လည်း ဇင်ရွှေးချုံက ထွေးသိပ်ပေးသလို ရှိသောကြောင့် အိပ်ပျော်သွားသည်။ နံနက်လင်းသော် ထိုနေရာသို့ ဝါးခုတ်ရန် ဝါးလုပ်သားကြီးတစ်ဦး ရောက်ရှိလာသည်။

ဝါးလုပ်သားကြီးသည် ဤနေရာသို့ ဝေးလံသောကြောင့် ရောက်ခဲသည်။ ထိုနေ့ကမူ အစိုးရကိစ္စအတွက် ဝါးများပေးသွင်းရန်ရှိနေပေရာ ဝါးကောင်း ဝါးလှများကို ပေးသွင်းရမည်ဆိုသောကြောင့် ဝါးကောင်း ဝါးသန့်များရှိနေသော ဤနေရာသို့ အရောက်လာခဲ့ရသည်။ ဝါးများကိုခုတ်သောအခါ ဝါးပင်လှုပ်သောအသံကြောင့် ယောသကလေး နိုးလာသည်။ ငိုသည်၊ ဝါးလုပ်သားကြီးသည် ထူးဆန်းသော ကလေးငိုသံကြောင့် အသံလာရာ ဇင်ရွှေးချုံပေါ်သို့တက်၍ ကြည့်သောအခါ ယောသကလေးကို တွေ့၍ ကောက်ယူမွေးစားကာ ဝါးလုပ်သား၏ သားဖြစ်လာပြန်သည်။ သို့သော် ထိုသတင်းကို သူဌေးကြားသိသောအခါ အသပြာပေး၍ မွေးမြူပြန်၏။

ဤနည်းဖြင့် ယောသကလေးသည် ရန်သူ့လက်တွင် သေတွင်းမျိုးစုံမှ အကြိမ်ကြိမ် လွတ်မြောက်ကာ လူပျိုပေါက်အရွယ်သို့ ရောက်သည့်တိုင် ကြီးပြင်းလာခဲ့ရသည်။ သူဌေးအဖို့ကား မိမိအကြံကိုမလျှော့သေး။ အဘယ်ပုံ ပရိယာယ်ဆင်၍ သတ်ရဦးမည်ကို ကြံစည်၍သာနေသည်။

သူဌေးကပညာတတ်လျှင် သူဌေးဖြစ်လာနိုင်ခွင့်ရှိသည်ဟု တွေး၍ ယောသကလေးကို ပညာသင်ချိန်ပင်ဖြစ်သော်လည်း မည်သည့်ပညာကိုမျှ မသင်စေဘဲ ဘာသာလဝါအတိုင်းသာ ထားသည်။ ယောသကလေးကလည်း ရိုးလွန်းသည်။ သူဌေးသည် မိမိ၏ အန္တရာယ်ကောင်းကြီး ဖြစ်သည်မှုကိုပင် မသိ။ မစဉ်းမစား ထားသမျှအတိုင်းသာ ရိုးရိုးအေးအေးနေသည်။ သို့သော် လူရိုးလူအေးကလေးဖြစ်၍ ချစ်သူခင်သူ ပေါများသည်။ အထူးသဖြင့် သူဌေး၏သားအရင်း ညီဖြစ်သူက ယောသကအပေါ်တွင် အစ်ကိုအရင်းပမာ ချစ်ခင်ကြင်နာ၍ တော်ပေသေးသည်။

သည်တစ်ချီတွင်တော့ အထိန်းမကြီးကို အားမကိုးချင်တော့။ အထိန်းမကြီးကို ခိုင်းစေရသည်မှာ တစ်ခါမျှအဆင်မပြေ။ လွဲချော်ခဲ့သည်ချည်း ဖြစ်၏။ အထိန်းမကြီးက ယောသကကို ဖေးမကူနေသည်လားဟု သူဌေးစဉ်းစားသည်။ ထို့ကြောင့် ယောသကလေးကို သတ်ရန် ကိုယ်တိုင်ပင်စီစဉ်တော့မည်ဟု တွေးကြံ၍နေသည်။ မကြာမီပင် ယောသကလေးကို ကိန်းသေပေါက် သေစေနိုင်မည့် အကြံတစ်ခု ရလာပြန်သည်။

## မီးကျီးတွင်းသို့

ကောသမ္ဗီမြို့စွန်တွင် သူဌေး၏လူယုံတော် အိုးထိန်းသည်ကြီး တစ်ဦးရှိသည်။ သူဌေး၏ မကောင်းမှုများတွင် ကြိမ်ဖန်များစွာ တိတ်တဆိတ် တွဲဖက်လုပ်ကိုင်ဖူးသူဖြစ်၏။ ကြမ်းတမ်းသည်။ သူဌေးက ငွေပေး၍ခိုင်းလျှင် လူသတ်မှုကိုပင်မရှောင်။ လုပ်ကိုင်ပေးသူဖြစ်သည်။ ဤလိုလူမျိုးနှင့် ထဲဝင်ပြင်ထွက် အကျွမ်းတဝင်နေလျှင် နာမည်ပျက်မည်ကြောင့် အသုံးလိုသည့်အခါတွင်မှ တိတ်တဆိတ်ပေါင်းသင်း၏။ ထို့ကြောင့် အိုးထိန်းသည်ကြီးသည် သူဌေး၏ အိမ်သူအိမ်သားများအား မည်သူ့ကိုမျှ အကျွမ်းတဝင်မသိ။ ထိုသူ့ထံ သူဌေးတိတ်တဆိတ်လာခဲ့သည်။

ယနေ့ခေတ် နံပြားဖိုများပမာ အိုးဖုတ်သောလိုဏ်ဂူသဏ္ဌာန် မီးဖိုကြီးသည် ကြီးမား၏။ ကြီးမားသောထင်းတုံးကြီးများနှင့် မီးအရှိန်မပြတ် ရှိနေသည်။ သူဌေးသည် အိုးထိန်းသည်ကြီးကို မီးဖိုအဝ၌ပင် အသင့်တွေ့ရ၏။

"ကိစ္စတစ်ခု ပေါ်လာပြန်ပြီ။ ဆောင်ရွက်ပေးပါဦး" ဟု သူဌေးက စကားစတင်လိုက်သည်။ လက်တွင် အသပြာထောင်ထုပ်ကို အသင့်ကိုင်ထားသည်။

အိုးထိန်းသည်ကြီးက အသပြာထုပ်ကို ကြည့်၍ 'နိဒါန်းခံဖို့ မလိုပါဘူး သူဌေးမင်း၊ ခိုင်းစရာရှိတာသာခိုင်းပါ'ဟု ပြောသည်။

''ငါ့ဆီမှာ ကျွန်ယုတ်ကောင်းလေးတစ်ကောင် ရှိနေတယ်။ အင်မတန် ယုတ်မာတယ်။ သူ့ကို ထားလို့မဖြစ်တော့ဘူး။ အဲဒါ ကြည့်စီစဉ်ပေးပါဦး''

''ဘယ်လိုစီစဉ်ရမလဲ''

''သူ့ကို နက်ဖြန်နေ့လယ်လောက် မင့်ဆီ လွှတ်လိုက်မယ်။ အဘက လွှတ်တယ်လို့ ပြောလိမ့်မယ်။ သူ့ကိုဆွဲပြီး ဟောဒီမီးဖိုကြီးထဲ ပစ်ထည့်လိုက်ရုံပါပဲ''

''ကောင်လေးက ဘယ်လောက်ကြီးပြီးလဲ''

''ဆယ့်ခြောက်နှစ်သား ရှိပါသေးတယ်''

''လွယ်ပါတယ် သူဌေးမင်း။ ခိုင်းတဲ့အတိုင်း လုပ်လိုက်ရုံပေါ့''

''စိတ်ချရပေစေနော်''

''ဘယ်တုန်းကများ စိတ်မချရဖူးလို့ပါလဲ''

နောက်နေ့ နေ့လယ်တွင် သူဌေးက ဃောသကလေးကို အနီးသို့ခေါ်၍ ''လူကလေး၊ မင်းကိုခိုင်းစရာရှိတယ်။ မြောက်ပြင်က အိုးထိန်းသည်ကြီးအိမ်ကိုသွား။ သူ့ဆီမှာ ကြွေးတောင်းဖို့ရှိနေတယ်။ သူ့တစ်အိမ်ပဲရှိတယ်။ မလွဲနိုင်ဘူး။ အဘက လွှတ်လိုက်တယ်လို့ ပြောရုံပဲ။ အသပြာထုပ် ပေးလိုက်လိမ့်မယ်'' ဟု ချိုသာစွာ ပြောသည်။ ဃောသကလေးက ''ကောင်းပါပြီအဘ'' ဟု ပြောကာ မိမိကို လူရာသွင်းပြီး ခိုင်းစေလာသည်ကိုပင် တွေ့ရ၍ ဝမ်းမြောက်သည်။ ချက်ချင်းပင်ထွက်လာခဲ့၏။

ဤတွင် လမ်းမတစ်နေရာ၌ သူဌေး၏သားအရင်းဖြစ်သူ ညီငယ်တို့ ခုံညင်း ဝိုင်းနှင့် ပက်ပင်းတိုးလေတော့သည်။ ညီငယ်က ကောဃသကို တွေ့လျှင်တွေ့ချင်း ဝမ်းမြောက်စွာဖြင့် ''လာပါဦးအစ်ကို ကျွန်တော် သိပ်ရှုံးနေတယ်။ ကျွန်တော့်ကိုကူပါဦး။ အစ်ကို့ကိုတောင် လာခေါ်တော့မလို့။ အစ်ကိုရောက်လာတာနဲ့အတော်ပဲ'' ဟု ဆီးကြို သည်။

ကလေးတို့ ခုံညင်းဝိုင်းများတွင် ဃောသကသည် ခုံညင်းပစ်ကျွမ်းကျင်၍ နာမည်ရသူဖြစ်သည်။ ကြိမ်ဖန်များစွာ ညီငယ်ကို ကူညီ၍ ထိုးပေးခဲ့ရဖူးသည်။ ဃောသကက နိုင်သည်ချည်းသာဖြစ်၏။ သို့သော် ယခုမှာမူ ဖခင်၏ ခိုင်းစေမှုကိစ္စ တန်းလန်းကြီးနှင့် ဖြစ်နေသည်။

''မဖြစ်သေးဘူး ညီငယ်။ အဘကခိုင်းလိုက်လို့ ကိစ္စတန်းလန်းကြီးနဲ့ လာခဲ့ ရတာ။ သွားရဦးမယ်''

''ဘာကိစ္စလဲအစ်ကို''

''မြောက်ပြင်က အိုးသူကြီးအိမ်ကို ကြွေးတောင်းခိုင်းလိုက်လို့''

''ကျွန်တော်သွားလိုက်ပါ့မယ်။ တောင်းလာပြီး အစ်ကို့ကိုပေးမယ်။ အစ်ကိုက အဘဆီပေးလိုက်ရုံပေါ့''

''ဒီလိုဆိုလဲ အကောင်းသားပဲ။ သွားချည်လေ။ ငါနိုင်အောင်ထိုးထားရစ်မယ်''

သူဌေးသားရင်း ထွက်သွားသည်။ ဃောသက ခုံညင်းဝိုင်းဝင်သည်။ သူဌေး အိမ်သားများနှင့် အကျွမ်းမဝင်သော အိုးထိန်းသည်ကြီးအဖို့ သူဌေးသားတွေ၊ ဘယ်သူ တွေကိုမသိ။ ရောက်လာသူကိုသာ ခိုင်းစေချက်အတိုင်း မီးဖိုကြီးအတွင်းသို့ အလွယ် တကူပင် ဖမ်းယူ၍ပစ်သွင်းလိုက်သည်။ သူဌေးသားလေးအဖို့ အပြစ်ပင်မရှိသော်လည်း အပြစ်ရှိသောသူဌေး၏ အသိုက်အဝန်းတွင် လူဖြစ်လာရသောကြောင့် သူဌေး၏ မကောင်းမှုဒဏ်ကို ရော၍ခံလိုက်ရရှာသည်။

ညီ ပြန်အလာကို ဃောသကလေးမျှော်သည်။ ခုံညင်းတွေကလည်း တစ်ပွဲကြီး တစ်ထွေးကြီး နိုင်နေပြီ။ သို့ရာတွင် အချိန်ကုန်သည်အထိ ပြန်မလာတော့သောကြောင့် ဦးခေါင်းငိုက်စိုက်ဖြင့်သာ အိမ်သို့ ပြန်လာခဲ့ရတော့သည်။ အိမ်တွင် အခြားလမ်းမှ ညီရောက်နေပြီးလားမသိ။ သူဌေးက မိမိအားခိုင်းလိုက်သည့်တာဝန် မကျေပွန်ရာ ရောက်မည်ကိုလည်း စိုးသည်။

အိမ်တွင် အဘသူဌေးကို အသင့်တွေ့ရသည်။ သူ့ကိုမြင်တော့ သူဌေးက ပါးစပ်အဟောင်းသား အံ့အားသင့်စွာဖြင့် စိန်းစိန်းကြီး ကြည့်၍နေသည်။

''ဟဲ့၊ ငါခိုင်းတာ နင် မသွားဘူးလား''

''သွားပါတယ် အဘရဲ့။ သွားရင်းနဲ့ လမ်းမှာ ညီလေးနဲ့တွေ့ပါတယ်။ ညီလေး ခုံညင်းရှုံးနေလို့ ကျွန်တော့ကို သူ့ကိုယ်စား အထိုးခိုင်းပြီး သူသွားမယ်ဆိုပြီး ထွက်သွား ပါတယ်။ အိမ်ကိုပြန်ရောက်နေပြီ ထင်ပါတယ်''

ဃောသကစကားမဆုံးမီပင် သူဌေးက ''အောင်မယ်လေးဗျ၊ လုပ်ကြပါဦး''ဟု အသံနက်ကြီးနှင့် အားရပါးရအော်မြည်ကာ ထပြေးသည်။ အိုးသူကြီးအိမ်သို့ ပြေးခြင်းဖြစ်သည်။ အဘသူဌေး မည်သို့ဖြစ်သွားသည်ကို ဃောသကမသိ။ သူဌေး ဤမျှကန္တြေပျက်သည်ကို တစ်ခါမျှ မတွေ့စဖူး။ အံ့အားသင့်စွာဖြင့်ပင် ကျန်ရစ်ခဲ့ရသည်။

သူဌေး တစ်ဟုန်တည်းပြေးသည်။ သားအသက်မီလို့မီငြား ပြေးရခြင်းဖြစ်သည်။ အိုးထိန်းသည်အိမ်ကြီးသို့ မရောက်မီ အသံကြားလောက်သည့်နေရာကပင် ''အိုးထိန်းကြီး၊

ဆိုင်းပါဦး၊ ဆိုင်းပါဦး''ဟု အော်ဟစ်၍ ပြေးဝင်သွားသည်။ ''ဘယ်လိုဖြစ်လာပြန်တာလဲ သူဌေးမင်း''ဟု အိုးထိန်းကြီးက အံ့အားသင့်စွာဖြင့်ကြည့်ရင်း မေးလိုက်သည်။

''ဟိုကိစ္စပြီးသွားပြီးလား၊ မပြီးသေးဘူးမဟုတ်လား''ဟု မေးလိုက်သည်။

''နေ့လယ်ကပဲ ပြီးသွားပြီလေ။ အလွယ်ကလေးပါပဲ။ ခက်ခက်ခဲခဲ မလုပ်ရပါဘူး''

''အောင်မယ်လေးဗျ။ သွားပါပြီ၊ သွားပါပြီ''ဟု အော်ဟစ်ငိုယိုကာ သူဌေးမင်း သွေးအန်သည်။

ယမန်နေ့ လာရောက်ချိန်းဆိုစဉ်က နှစ်ယောက်တည်း တိုးတိုးတိတ်တိတ် တိုင်ပင်ပြောဆိုခြင်းဖြစ်သည်။ ယခု အိမ်သားအများနှင့်ဖြစ်နေ၍ ပွင့်ပွင့်လင်းလင်း မပြောဝံ့။ သေမှုသေခင်းများဖြစ်၍ အခြားသူများသိသော် မိမိသို့ ရာဇဝတ်မှု ရောက်လာမည်ကို စိုးရသေးသည်။ ထို့ကြောင့် ''ငါဟဝါပြုချင်လို့ ဟဝါပြုထားတာ။ ငါ့လို ဟဝါပြုချင်ရင် ဟဝါပြုကြပါလား''ဟူသော သီလရှင်ပုံပြင်ကဲ့သို့သာ ပြောဆိုရသည်။

ကြက်သားစားလိုသော သီလရှင်ကြီးသည် သူတစ်ပါး၏ ကြက်တစ်ကောင်ကို ခိုးပြီး သတ်စားရန် ဖွက်ထားစဉ် အခြားသူတစ်ဦးက ကြက်ကို တစ်ဆင့်ခိုးယူသွား၏။ ထိုအခါ သီလရှင်ကြီးက မခံချင်၍ ပြောဆိုလိုက်ပုံမှာ ''ငါဟဝါပြုချင်လို့ ဟဝါပြုထားတာ။ ငါ့လို ဟဝါပြုချက်ရင် ဟဝါပြုကြပါလားဟဲ့''ဟူသော သင်္ချာဆရာတော်၏ ဥပမာစကားပုံများတွင် ပါရှိသည့်အတိုင်း ယခုလည်း ဟဝါပြုနှင့်သာ ပြောဆိုရသည်။

သူဌေးအိမ်ပြန်ရောက်သောအခါ သားဇောကြောင့် အိပ်ရာထဲတွင် ဗုန်းဗုန်းလဲ၏။ သွေးအကြိမ်ကြိမ်အန်သည်။ အစာမစားနိုင်။ ထိုရောဂါဖြင့်ပင် အိပ်ရာမှ ထနိုင်သည် မရှိတော့။ သို့သော်မသေသေး။ မသေသေးသမျှ သူ့အကြံကိုမလျှော့။ အငြိုးကြီးသည်ထက် ပိုကြီးလာသည်။ ထို့ထက် ဃောသကကို သူဌေးမဖြစ်စေလို၍ သေစေရုံမျှသာမက ရန်သူကြီးပင်ဖြစ်သွားပေပြီ။ မျက်စိအောက်မှာပင် မထားလိုတော့။

ဤနေရာ၌ ဤဇာတ်တော်ကိုဟောသော အဋ္ဌကထာဆရာက ''အကြင်သူသည် အပြစ်မရှိသောသူကို ပြစ်မှားမိခဲ့သော် ထိုသူ၏ ကိုယ်လက်အင်္ဂါတို့တွင် ရောဂါရခြင်း၊ ပစ္စည်းပျက်ခြင်း၊ စွပ်စွဲခံရခြင်း၊ အိမ်သူအိမ်သားမိတ်သင်္ဂဟတို့ ပြုန်းတီးခြင်း၊ ရာထူးစည်းစိမ်လျှောကျခြင်း စသော ဒဏ်ဆယ်ပါးသို့ ရောက်ရ၏''ဟူသော ဘုရားရှင်၏ တရားတော်ကို ဖော်ထုတ်၍ပြသည်။

## သေတွင်းသို့

ယောသကကို မိမိအပါးတွင် မနေစေဘဲ သေစေနိုင်သော အကြံတစ်ခုကို သူဌေး တွေ့ရှိလာပြန်သည်။ ယင်းသည်ကား ကျေးရွာတစ်ရွာရှိ မိမိကိုယ်စားလှယ်လုပ်သော တောသူဌေးထံသို့ ယောသကကို စေလွှတ်လိုက်ရန်ဖြစ်၏။ ထိုတောသူဌေးကြီးသည် အိုးထိန်းကြီးကဲ့သို့ပင် ယုံကြားအားထားရသော ဆိုးတူဆိုးဖက်ဖြစ်သည်။ ကြမ်းကြုတ် ရက်စက်သည်။ ခိုင်းသမျှကို တစ်သဝေမတိမ်း ပြုလုပ်ပေးသူ ဖြစ်သည်။

ထိုသူ့ထံသို့ ကြွေးတောင်းသွားရန်ဟုပင် အကြောင်းပြကာ စာတစ်စောင်ကို ရေး၍ ယောသက၏ ပုဆိုးစွန်တွင် ချည်တုပ်ကာ စေလွှတ်လိုက်သည်။ စာမှာ ရှင်းရှင်းကလေးဖြစ်၏။ “ယခုစာနှင့်လာသူကို မသေသေအောင် သတ်ပစ်လိုက်ပါ။ ဤကိစ္စအတွက် သင့်အဖို့ ထိုက်တန်သော ကျေးဇူးကို သိပါမည်”ဟူ၏။ ယင်းသို့ဖြင့် ယောသကသည် ကိုယ့်ကိုသတ်မည့် လက်နက်ကို ကိုင်ဆောင်၍ ကိုယ့်သေတွင်းသို့ သွားရမည့်သူ ဖြစ်လာ၏။

စာမတတ်သော ယောသကအဖို့ ဤအကြောင်း ဘာမျှသိသည်မဟုတ်။ ချိုသာစွာ ခိုင်းစေလိုက်ခြင်းကြောင့် သူဌေးက ယုံစားသည်ဟုပင် ဝမ်းမြောက်လိုက်ပေ သေး၏။ သို့ရာတွင် သွားရမည့်ခရီးက အတန်ပင် ဝေးလံ၏။ တစ်နေ့ချင်းဖြင့် မရောက်နိုင်။ သို့ဖြစ်၍ လမ်းခရီးအတွက် ထမင်းရိက္ခာလို၏။ ဤကိစ္စအတွက် လမ်းခရီး စပ်ကြားရှိ ကျေးရွာတစ်ရွာမှ သူဌေးကိုယ်စားလှယ် တောသူဌေးတစ်ဦးအိမ်သို့ ဝင်၍ စားလေလော့ဟု မှာလိုက်သည်။

ဤသို့ဖြင့် ယောသကသည် ကိုယ့်သေမင်းကို ကိုယ်အဖော်ပြုလျက် ထွက်လာသည်။ ဘာမျှမသိသော ယောသကအဖို့ ဘာမျှမပူ။ ခရီးကတော့ ပန်းလှ၏။ မှာကြားလိုက်သော လမ်းခရီးကျေးရွာသို့ ရောက်၍ အကျိုးအကြောင်းပြောပြသောအခါ သူဌေးကြီး၏သား ကိုယ်စားလှယ်ဖြစ်နေ၍ လမ်းခရီးကျေးရွာ သူဌေးကတော်နှင့် သူဌေးက အနူးအညွတ် ကြိုဆိုသည်။ ကောင်းမွန်စွာ ကျွေးမွေးညှို့ခံ၍ နားနားနေနေ နေပြီးမှ သွားရန် ပြောကြားသည်။

သူဌေးသားဖြစ်၍ ဂရုစိုက်ရုံမက ဤသူငယ်ကို မြင်လိုက်ရသည် ဆိုကတည်းက သူဌေးရော သူဌေးကတော်ကပင် သားအရင်းကဲ့သို့ ချစ်ခင်စိတ်ပေါ်လာသည်။ စင်စစ် သော်ကား ဤမိသားစုသည် ယောသကအဖို့ ဘဝရေစက် မကင်းခဲ့သူများဖြစ်ကြသည်။ သူဌေးနှင့် သူဌေးကတော်တို့ထက် ဘဝရေစက်မကင်းသူ ရောက်လာဦးမည်ဖြစ်၏။ ထိုသူကား သူဌေးကတော်တို့၏ တစ်ဦးတည်းသော သမီးကလေး မယ်သုမနပင် ဖြစ်သည်။

## ဖူးစာရှင်

သမီးကလေးကို သူတို့တိုက် ဘုံအဆင့်ဆင့်၏ အထက်ဆုံးအထပ်တွင် ထားသည်။ အထိန်းအမျိုးသမီးတစ်ယောက်က သမီးလေးကို မပြတ်စောင့်ရှောက်ရ၏။ ဤသည်ကား စည်းစိမ်ရှင် သမီးရှင် မဂ္ဂိမတိုက်သားတို့၏ ထုံးစံတစ်ရပ်ဖြစ်၍ အချို့မှာ မိမိတို့သမီးနှင့် ဇနီးမယားကို ရင်းနှီးပြီးသူများမှတစ်ပါး သူတစ်ပါးအမြင်မခံ။ ဖုံးကွယ် လျှို့ဝှက်၍ ထားကြသည်။ မလွှဲသာ၍ အပြင်အပ ထွက်ရလျှင်ပင် မျက်နှာကိုဖုံးကွယ်၍ ထွက်ရသည်။

ဘုံအဆင့်ဆင့်တွင် မထားနိုင်သူတို့က မိမိတို့သမီး၊ ဇနီးများကို တိုက်ခန်းတွင် အလုံအခြုံထားသည်။ ထိုတိုက်ခန်းများတွင် ပြတင်းပေါက်ပင် မရှိစေရ။ ပြတင်းပေါက်များ ပေါ်ပေါက်လာခြင်းမှာ ယောသကတို့ခေတ်မှ စတင်ကြောင်း နောက်ပိုင်းတွင် တွေ့ကြရမည် ဖြစ်၏။

ထိုအခိုက် သမီးကလေး၏ အထိန်းမကလေး တိုက်ပေါ်မှ ဆင်းလာသည်ကို မြင်ရသောကြောင့် သူဌေးကတော်ကြီးက ''ဟဲ့ နင်ဘယ်သွားမလို့လဲ''ဟုမေးလိုက်သည်။

''သခင်မလေး ခိုင်းလိုက်လို့ ဈေးခဏသွားမလို့ပါ''

''နင့်ကိစ္စ ပြီးတော့မှလုပ်။ ဒီမှာ ကောသမ္ဗီသူဌေးကြီးသား ရောက်နေတယ်။ အိပ်ရာနေရာပြင်ဆင်ပေး၊ ခြေဆေးပေး၊ စားသောက်ဖို့ ပြင်ဆင်ပေး။ ပြီးတော့မှ နင်သွားစရာရှိတာ သွား''

''ကောင်းပါပြီ''ဟု ဆိုကာ ယောသကအနီးသို့ ချဉ်းကပ်သွားသည်။ ယောသကကို တွေ့လိုက်ရသည်ဆိုလျှင်ပင် သူသည်လည်း ဘဝရေစက်မကင်းသူဖြစ်သည့် အားလျော်စွာ ခင်မင်သွားသည်။ ခိုင်းသမျှကို ပြုလုပ်ပေးသည်။ အမည်ကို မေးလိုက်သောအခါ ယောသကဟုသိရသည်။ ခင်းပေးသော အိပ်ရာတွင် နေသားတကျ ယောသက လဲလျောင်းပြီးသည့်အခါတွင်မှ မိမိကိစ္စရှိရာသို့ ထွက်ခွာသွားသည်။ သူဌေးသမီးကလေး ခိုင်းလိုက်သောကိစ္စမှာ ယောသကကို ပြုစုနေရသောကြောင့် အတန်နောက်ကျသွားသည်။ မယ်သုမနက မေးသောအခါ ဧည့်သည်ယောသက ရောက်နေသည်ကို ပြုစုနေရ၍ နောက်ကျရခြင်းဖြစ်ကြောင်း ပြောပြသည်။

လူကိုမမြင်ရသေး။ ယောသကဟူသော အမည်ကို ကြားလိုက်ရလျှင်ပင် မယ်သုမနအဖို့ မတုန်လှုပ်စဖူး တုန်လှုပ်ကာ ပီတိဖြာ၍သွားသည်။ ဘဝရေစက်ရှင် ပေတည်း။ ထို့ကြောင့် ''အဲဒီသူဌေးသားဆိုတာက တော်တော်ကြီးပြီလားဟဲ့''ဟု မေးလိုက်သည်။

''မကြီးသေးပါဘူး သခင်မ။ လူငယ်အရွယ်တော်ကလေးပါပဲ''

''အရွယ်တော်ကလေးဆိုတော့ လုမှာပေါ့။ လုကော လုရဲ့လား''

"လူချောကလေးပါ သခင်မ။ လူချောကလေး ဆိုတာထက် လူရိုးကလေး ဆိုတာက ပိုပြီးမှန်ပါလိမ့်မယ်။ သူ့မျက်နှာကလေး ကြည့်ရတာက တကယ့်ကို ရိုးရိုးသားသား စင်စင်ကြယ်ကြယ်ကလေးပါ"

"ဒီလိုဆို ငါလဲ သူ့ကို ကြည့်ချင်တယ်။ နို့ပေမယ့် မယ်မယ်တို့ရှိတုန်းမှာ သွားကြည့်လို့ မကောင်းဘူး။ မယ်မယ်တို့မရှိမှ မယောင်မလည် သွားကြည့်မယ်။ ရှိမရှိ ညည်းသွားကြည့်နေချေ။ မရှိတဲ့အခါ ငါ့လာပြောလှည့်"

"ကောင်းပါပြီ သခင်မ"

အထိန်းမလေး ဆင်းသွားသည်။ မကြာမီပင် မယ်မယ်တို့ မရှိသည့်အကြောင်း၊ သူဌေးသားလည်း ခရီးပန်း၍ အိပ်ပျော်နေပြီဖြစ်ကြောင်း လာ၍သတင်းပို့သည်။ သို့ဖြစ်၍ မယ်သုမနတိုက်အောက်သို့ ဆင်းလာခဲ့သည်။ မိမိလာရာဘက်သို့ မျက်နှာမူကာ ခုတင်ထက်တွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်လျက်ရှိနေသော ယောသကကို တွေ့ရသည်။ တွေ့မြင် လိုက်သည်ဆိုလျှင်ပင် ရင်တဒိန်းဒိန်းခုန်၏။ ယခင်ကလည်း အကြင်လင်မယား အဖြစ် ဘဝရေစက်မကင်းခဲ့သူဖြစ်၍ ကောတုဟာလိကတို့ဘဝတွင် ပစ္စေကဗုဒ္ဓါ အရှင်အား အလှူဒါနအတူပြုခဲ့သော ဘဝအနီးကပ် ခင်ပွန်းဟောင်းလည်းဖြစ်ခဲ့သည်ဟု ဆိုရဖို့ရှိသည်။

အကြင်သူ တစ်ဦးနှင့်တစ်ဦးတို့ တွေ့လိုက် မြင်လိုက်သည်ဆိုလျှင်ပင် တွေ့ကာ မြင်ကာမျှဖြင့် ထူးထူးခြားခြား ချစ်ခင်တွယ်တာစိတ် ဖြစ်ပွားသော သာဓကများစွာရှိ၏။ ဤသည်ကို ဘုရားရှင်က ပုဗ္ဗေဝ သန္နိဝါ သေန–ရှေးက အကြိမ်ကြိမ်အထပ်ထပ် နီးစပ်မှုရှိခဲ့ကြသော ဘဝဟောင်းရေစက်တွင် ပစ္စုပ္ပန်၌ ကြုံကြိုက်လာသောအခါ ရေနှင့် ကြာကဲ့သို့ လိုက်ဖက်နီးစပ်သွားကြသည်ဟု ဟောတော်မူသည်။ ဘုရားရှင် အသက်တော် နောက်ပိုင်းရောက်မှ တွေ့ကြုံကြရသော နကုလပိတာ၊ နကုလမာတာ အဘိုးကြီး အဘွားကြီး နှစ်ဦးသည် ဘုရားရှင်အား သူတို့သားအရင်းပမာ တမ်းတမ်းစွဲ ဆည်းကပ် ကိုးကွယ်လာရာ၌ ဘဝငါးရာ ငါးရာတို့ပတ်လုံး အမိအဖ၊ မိကြီး ဘကြီး တော်စပ်ခဲ့ဖူးပုံ များကြောင့် တမ်းတမ်းစွဲဖြစ်လာကြပုံကို ဟောတော်မူသော တရားတော် ဖြစ်သည်။

ထို့ကြောင့် ရိုးရိုးစင်းစင်းကလေး အိပ်ပျော်နေသော ယောသကကို မယ်သုမနသည် မြင်လိုက်ရသည် ဆိုလျှင်ပင် တုန်လှုပ်ကာ စူးစူးစိုက်စိုက်ကြည့်၏။ ကြည့်ရှုမှုမက အိပ်ပျော်နေသည်ကို သိရသောကြောင့် အနီးသို့ပင် ရဲရဲတင်းတင်း ချဉ်းကပ်လာ၏။

တစိမ်းစိမ်းတစိမ့်စိမ့် ကြည့်သည်။ မေတ္တာသက်ဝင် ချစ်ခင်လာသည်တော့ မှန်ပါ၏။ နီးစပ်အောင် မည်သို့ပြုရအံ့ဟု စိတ်ကူးသည်။ မယ်မယ်တို့ကိုပင် ဖွင့်၍ ပြောလိုက်ရမည်လားဟု စိတ်ကူးသည်။ သူဌေးသားနှင့် သူဌေးသမီးဖြစ်၍ အဆင် မပြေစရာ မရှိဟု တွေးသည်။

ယင်းသို့ တစိမ့်စိမ့်ကြည့်ရင်းဖြင့် ယောသက၏ ပုဆိုးစွန်တွင် ချည်ထုပ်၍ ထားသော အထုပ်ကလေးကို တွေ့ရသောအခါ အလိုလို ရင်းနှီးနေသောစိတ်တွင် မိန်းမတို့၏ စပ်စုတတ်သော သဘာဝအတိုင်း အထုပ်ကလေးကို အသာအယာဖြေ၍ ကြည့်ကာ စာကိုဖတ်လိုက်မိသောအခါ အအံ့သြကြီးအံ့သြရလေတော့သည်။ သူချစ်သူသည် ကိုယ့်သေမင်းကို ကိုယ်ခေါ်၍ လာသူပါတကားဟု သိလိုက်ရသောကြောင့် ဖြစ်သည်။

သူဌေးသားဆိုသော်လည်း သူသည် စာတော့တတ်ဟန်မတူ။ စာတတ်သည် ဆိုလျှင်လည်း ဖတ်၍ပင်မကြည့်ဘဲ စေသည့်ကျွန်၊ ထွန်သည့်နွားပမာ သစ္စာရှိစွာ ဆောင်ရွက်လိုသူ ဖြစ်ဟန်ရှိသည်။ အသတ်ခိုင်းလိုက်သောစာအရ သူဌေးသား ဆိုသည်မှာလည်း သားအရင်း ဟုတ်ချင်မှ ဟုတ်မည်။ သူဌေးသား ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မိမိအဖို့တော့ လက်လွှတ်မခံနိုင်။ နတ်သိကြားများကပင် ကူညီလေရော့သလား မသိ။ အခွင့်ကောင်းကလည်း ဆိုက်ရောက်လာသည်။ ရောက်လာသော အခွင့်ကောင်းကို လက်လွှတ်မခံဖို့ လိုသည်။

ထို့ကြောင့် အထိန်းဖြစ်သူအား အိမ်တွင် စာရင်းရေးမှတ်သော ပုရပိုက် စာလွှာနှင့် ကံ့ကူဆန်ကို အယူခိုင်းလိုက်ပြီး ချက်ချင်းရေးသည်။ "ကျွန်ုပ်၏ အဆွေတော် သူဌေးမင်း၊ ယခုလာသူသည် ကျွန်ုပ်၏သားရင်း ယောသကဖြစ်ပါသည်။ သူ့ကို ဤမည်သော ကျေးရွာမှ ကျွန်ုပ်၏ကိုယ်စားလှယ်ဖြစ် [illegible] ၍မည်သော သူဌေးနှင့် သူဌေးကတော်တို့၏ သမီးနှင့် ခမ်းနားစွာ ထိမ်းမြားလက်ထပ်၍ ပေးလိုက်ပါဘိ၊ ကျွန်ုပ်မအားလပ်၍ မလာရောက်နိုင်သောကြောင့် သူဌေးမင်းကို လွှဲအပ်လိုက်ရခြင်း ဖြစ်ပါသည်။ ကုန်ကျသမျှကို ကျွန်ုပ်တာဝန်ယူပါမည်"ဟူ၏။

စာချင်းလဲလှယ်၍ ပုံစံမပျက် ပြန်ထုပ်ထည့်ပေးလိုက်သည်။ မိဘများ အနားယူ နေရာမှ ထွက်လာခဲ့လျှင် အဆင်မပြေဖြစ်မည်ကြောင့် အသာခွာ၍ ပြန်တက်လာ ခဲ့သည်။ အဖြေကား မကြာမီပင် လက်ထပ်ပွဲကြီး ဖြစ်လာခြင်းပင် ဖြစ်ပေသည်။ ကောသမ္ဗီသူဌေးကြီးက ယုံမှတ်လွှဲအပ်၍ ခိုင်းစေလိုက်သော ကိစ္စဖြစ်၍ လက်ထပ်ပွဲကို ခမ်းခမ်းနားနားပြုလုပ်သည်။ လူရိုးကလေး ယောသကအဖို့ ဝမ်းမြောက်၍မဆုံး သော်လည်း ဘာမျှမသိ။ မွေးစားဖခင်က သူ့ကို မနှစ်လိုသယောင်ရှိသော်လည်း အကယ်၍တော့ မိမိအပေါ်တွင် စေတနာမေတ္တာ အပြည့်ပါကလားဟူသော ဝမ်းမြောက် ကျေးဇူးတင်သည်။

မယ်သုမနကလည်း ဖြစ်ပုံဖြစ်ရပ်များကို ဖွင့်၍မပြော။ အကြောင်းရင်းကို သူနှင့် လူယုံတော် အထိန်းမတို့သာ သိသည်။ မယ်သုမနက ချက်ချာသည်။ လိမ္မာသည်။

အကင်းပါးသူဖြစ်သည်။ လင်ဖြစ်လာသူ ဃောသက၏ အတွင်းရေးများကို ကောသမ္ဗီသို့ လူယုံလွှတ်၍ တစ်ဖက်လှည့်ဖြင့် စုံစမ်းလိုက်သောအခါ ဖြစ်လာပုံ ဖြစ်လာရပ်မျိုးစုံကို အကုန်သိလာရသည်။ ထို့ကြောင့် ဤကိစ္စသည် ဤမျှဖြင့် မပြီးဆုံးသေးဟု မယ်သုမန နားလည်လိုက်သည်။ အကြောင်းမှာ ကောသမ္ဗီသူဌေးသည် စိတ်ရောဂါကိုယ်ရောဂါ မျိုးစုံဖြင့် အိပ်ရာမှ မထနိုင်အောင်ပင် လဲလျောင်းနေရပြီဖြစ်သော်လည်း မသေသေး။ သူမသေသေးသမျှ ဤကိစ္စ မပြီးဆုံးနိုင်သေးဟု မယ်သုမန နားလည်သည်။ ထို့ကြောင့် ကျေးဇူးရှင်ဖခင်ဟု ထင်မှတ်ကာ ဖခင်ထံ ကန်တော့ရန် ပြန်မည်တကဲကဲ လုပ်နေသော ဃောသကကို မယ်သုမနက ပရိယာယ်မျိုးစုံဖြင့် လှည့်ပတ် ဆွဲဆိုင်း၍ ထားရသည်။

မိမိစီမံသည့်အတိုင်း ဃောသက မသေ၊ သူဌေးသမီးနှင့်ပင် ထိမ်းမြားပြီးပြီ ဟူသော သတင်းကို ကြားရသောအခါ ကောသမ္ဗီသူဌေးအဖို့ ရောဂါအပေါ် ရောဂါဆင့်၍ သေအံ့ဆဲဆဲအထိပင် ဖြစ်လာသည်။ ထို့ကြောင့် ဃောသကတို့ကို အကြိမ်ကြိမ် အခေါ်လွှတ်သည်။ အကြောင်းမှာ ဃောသကသည် သားအရင်းမဟုတ်သော်လည်း တရားဝင်မွေးစားသားဖြစ်ကြောင်း ရပ်သိရွာသိဖြစ်ပေရာ သူဌေးသေလျှင် ဥပဒေအရ သူသာ အမွေဆက်ခံဖို့ရှိသည်။ အခြား ဆက်ခံမည့်သူ မရှိသော်လည်း သူ့ကိုတော့ မပေးနိုင်။ မပေးနိုင်ကြောင်း မသေမီ အတိအလင်း ဖွင့်ထုတ်ကြေညာဖို့လိုသည်။

ထို့ကြောင့် အကြိမ်ကြိမ် အခေါ်ခိုင်းသည်။ မယ်သုမနက အကြောင်းမျိုးစုံ ပြ၍ တားထားသည်။ တစ်ဖက်တွင်လည်း ကောသမ္ဗီသို့ လူယုံကို လွှတ်ထားလိုက်သေး၏။ သူဌေးကြီး မလှုပ်နိုင်အောင် သေလုမျောပါး ဖြစ်ချိန်ကို အကြောင်းကြားရန် ဖြစ်သည်။

## ကောသမ္ဗီသို့

ယင်းလူယုံသတင်းအရ သူဌေးကြီး သေလုမျောပါး ဖြစ်ချိန်ရောက်မှ မယ်သုမနတို့ ရောက်သွားကြသည်။ ရောက်လာသည်ဆိုလျှင်ပင် မယ်သုမနက ပျာပျာသလဲ ဂရုစိုက် ချင်ဟန်ပြ၍ သူဌေးကြီးနံဘေးတွင် ဝိုင်းရံ၍ ထိုင်ကြသည်။ ဃောသကကို သူဌေး၏ ခြေရင်းတွင် ထိုင်စေ၍ အကြံနှင့်လာသော မယ်သုမနက သူဌေး၏ ဦးခေါင်းနံဘေး လည်ပင်းအနီးတွင်ထိုင်သည်။

မေ့မြောသွားလိုက်၊ သတိရလာလိုက်ဖြင့် ရောဂါသည်းနေသော သူဌေးသည် ဃောသကတို့ ရောက်ရှိပြီကို သတိရလာခိုက်တွင် သိရသောအခါ ''ဒီမှာ၊ အားလုံး နားထောင်ကြ။ ငါ့ပစ္စည်းတွေကို ဃောသကကို . . .''ဟု ''မပေး''ဟု ပြောရန် စကားမဆုံးမီပင် မယ်သုမနက သူဌေး၏လည်ပင်းကို ဖက်၍ ''အဖေ၊ မောပါ့မယ်၊ စကားမပြောပါနဲ့။ အဖေ့ပစ္စည်းတွေကို ဃောသကကို ပေးခဲ့မှာ အားလုံး နားလည်ကြ

ပါတယ်။ ယောသကအပြင် ဘယ်သူ ဆက်ခံဦးမှာလဲ'' စသည်ဖြင့် ဆူညံစွာ အော်ဟစ် ငိုကြွေးရင်း ပြောဆိုလိုက်သည်။ အမှန်သော် သူဌေးလည်ပင်းကို ဖက်ခြင်းမဟုတ်။ စကားမပြောနိုင်ရန်နှင့် မြန်မြန်သေစေရန် ဖျစ်ညှစ်လိုက်ခြင်းသာဖြစ်သည်။ ပူဆွေးဟန်ဖြင့် သူဌေးရင်ဘတ်ကိုလည်း ထုလိုက်သေး၏။ အဖြေကား နောက်ထပ် စကားတစ်ခွန်းမျှ မပြောရမီပင် သူဌေး ကွယ်လွန်သတည်း။

''သူဌေး'' ဟူသော ဝေါဟာရကို နေရာများစွာတွင် အများနားလည်လွယ်ရန် အသုံးပြုခဲ့သော် စင်စစ်သော် ''သူဌေး''ဟူသည် ဘုရင်ပေးသော ဘုရင်အသိအမှတ်ပြု ဝေါဟာရဖြစ်၏။ ထို့ကြောင့် သူဌေးဘွဲ့ရလာလျှင် ဂုဏ်ရှိသည်။ နန်းတော်သို့ မှူးကြီး၊ မတ်ကြီး၊ ပုရောဟိတ် စသူတို့ကဲ့သို့ ဝင်ရောက်ခစားရသည်။ ဝင်ခွင့်ထွက်ခွင့်ရသည်။ အဘယ်မျှပင် ချမ်းသာပါစေ၊ သူဌေးအမည် မခံနိုင်။ သူကြွယ်မျှသာ ဖြစ်သည်။

ကောသလတိုင်းတွင် သူဌေးဘွဲ့ခံနိုင်သူ နည်းပါးသောကြောင့် သူဌေးပေါများသော ရာဇဂြိုဟ်သို့ ကောသလဘုရင်က သူဌေးဘွဲ့ခံမည့်သူကို တောင်းယူခဲ့၏။ ဝိသာခါတို့၏ဖခင် ဓနဥ္စယ သူဌေး ရောက်လာသည်။ ဓနဥ္စယသည် မင်းမှုထမ်း သူဌေးဘွဲ့ခံ ဖြစ်လာသောကြောင့် သူ့သမီး ဝိသာခါ မင်္ဂလာဆောင်သို့ ကောသလဘုရင် ကိုယ်တိုင် ကြွရောက်ချီးမြှောက်သည်။

## ယောသကသူဌေး

ကောသမ္ဗီသူဌေးကြီး ကွယ်လွန်သောအခါ မင်းမှုထမ်း အသိအမှတ်ပြုဖြစ်သည့်အတိုင်း ကွယ်လွန်ကြောင်းကို ဘုရင့်အား လျှောက်ထားကြရသည်။ ကောသမ္ဗီဘုရင်မှာ ဥတေနဖြစ်၏။ ဥတေန ဘုရင်ဖြစ်လာပုံအကြောင်းမှာကား ဗုဒ္ဓစာပန်းချီတွင် ''မာယာရှင်'' ဝတ္ထုဖြင့် လုံလောက်ပေပြီ။

ကောသမ္ဗီသူဌေး ကွယ်လွန်သည်ကို သိရ၍ ဘုရင်က အမွေဆက်ခံမည့်သူကို စုံစမ်းလိုက်သောအခါ ယောသကကို တွေ့လာရသည်။ ယောသကကို သူဌေးရာထူးဖြင့် ဆက်လက်ခန့်ထားလိုက်သည်။ ယောသကကို သူဌေးခန့်သည့်ကိစ္စတွင် မှတ်သားဖွယ်ရာ အချက်တစ်ရပ် ပေါ်ပေါက်လာ၏။

ယောသကသည် သူဌေးရာထူးလက်ခံရန် နန်းတော်သို့ လာရောက်သောအခါ ဥတေနဘုရင်က နန်းရင်ပြင်ကို ဖြတ်၍လာသော ယောသကကို နန်းတော် လေသာပြတင်းမှ ကြည့်နေ၏။ တစ်နေရာတွင် ရေကွက်ကို တွေ့ရသောအခါ ယောသကသည် ခုန်ကျော်၍ လာသည်ကို မြင်လိုက်ရသည်။

ယောသကသည် ဘုရင့်ရှေ့မှောက်ရောက်သော် သူဌေးရာထူး ဆက်ခံစေဟု ခန့်ထားလိုက်သည်။ ခန့်ပြီး၍ ယောသကပြန်သော် ဘုရင်က လာစဉ်ကအတိုင်း ကြည့်နေမိပြန်၏။ ပူပူနွေးနွေး မိမိသူဌေး၏ အရိပ်အကဲကို ခတ်လိုခြင်းဖြစ်သည်။

ယောသကသည် လာစဉ်ကတွေ့ခဲ့သော ရေကွက်ကို မခုန်ကျော်တော့ဘဲ ဣန္ဒြေရရပင် ဆင်းဖြတ်၍ သွားသည်ကို တွေ့ရသည်။ ထို့ကြောင့် ချက်ချင်းပင် ယောသကကို ပြန်၍ ခေါ်စေလိုက်သည်။

"နန်းတော်သို့ မောင်မင်းလာစဉ်က နန်းထက်မှ ငါကြည့်နေသည်။ မောင်မင်းသည် ရေကွက်ကို ခုန်၍လာခဲ့သည်။ ယခုမူ ရေကွက်ကို မခုန်တော့ဘဲ ဆင်း၍သွားသည်။ အဘယ့်ကြောင့်ပါနည်း"ဟု မေးစစ်လိုက်သည်။

"ဘုရင်းမင်းမြတ်၊ အရှင် တွေ့မြင်သည့်အတိုင်းပင် အမှန်ဖြစ်ပါသည်။ လာစဉ်ကမူ ကျွန်တော်သည် သူဌေးမဖြစ်သေးပါ။ သာမန်လူတစ်ယောက်အဖြစ်သာ ရှိပါသေးသည်။ ပြန်သောအခါတွင်မူ သူဌေးရာထူး ရလာပြီဖြစ်၍ ရာထူးရှင်တို့မည်သည် ဣန္ဒြေသိက္ခာကို ထိန်းသိမ်းဖို့ လိုအပ်ပါသည်။ ထို့ကြောင့် မခုန်ကျော်တော့ပါ"

ဥတေန သဘောကျသွား၏။ သူဌေးရာထူးနှင့် ထိုက်တန်သူပေတကားဟု ဝမ်းမြောက်သွားသည်။ ယောသကသည် ပညာမသင်ခဲ့ရသော်လည်း ဆင်ခြင်ဉာဏ် ရှိသူဖြစ်ကြောင်းသိရ၍ ဥတေန နှစ်သက်သွားသည်။

လူရှုးသော်လည်း ဘုန်းမရှုးဆိုသော စကားကဲ့သို့ ရိုးသားလွန်းသော ယောသကကို ဤအခြေရောက်အောင် ပင့်မြှောက် ထောက်ကူပေးခဲ့သော အကြောင်း အချက် နှစ်ရပ်အနက် ပထမအချက်မှာ ပစ္စေကဗုဒ္ဓါကို ပူဇော်ခဲ့သော အတိတ်ကံဖြစ်၍ ဒုတိယအချက်မှာ သူ့ဇနီးဖြစ်လာသော မယ်သုမနဖြစ်၏။ ရိုးလိုက်ပုံမှာ သူ့ကို ကွယ်လွန်သူ သူဌေးက အကြိမ်ကြိမ်သတ်ရန် ကြံစည်ခဲ့သည်ကို ဘာမျှမသိ။ သူ့ဖခင် သူဌေးကိုသာ ကျေးဇူးရှင်အဖြစ် စွဲမှတ်နေသည်။

## အပြုံး

သို့နှင့် ဘုရင့်အသိုက်အဝန်း သူဌေးကြီးဖြစ်လာသည်ဆိုတော့ သူဌေးအဆောင်အယောင် အသိုက်အဝန်းတို့ဖြင့် တစ်နေ့တခြား မျက်နှာကြီးလာသည်။ မျက်နှာကြီးတို့ အသိုက်အဝန်းတွင် တင့်တယ်လာသည်။ ယင်းသို့ သူတင့်တယ်လေသမျှ နံဘေးမှ တပြုံးပြုံးနှင့် ရှိနေသူမှာ သူဌေးကတော် မယ်သုမနဖြစ်၏။ လင်ဖြစ်သူ၏ စည်းစိမ်း ချမ်းသာကို ဝမ်းမြောက်မှု အပြုံးလည်းဖြစ်၏။ ဤစည်းစိမ်ချမ်းသာကို အဘယ်ပုံ ရရှိသည်ကို ယနေ့ထိပင် မသိရှာတကားဟူသော မိန်းမတို့ဓမ္မတာ မာန်ပြုံးကလေးလည်း ပါဝင်၏။

သို့နှင့် မယ်သုမန ပြုံးလွန်းဖန်များလတ်သော် ယောသကအဖို့ သံသယဝင်လာသောကြောင့် "မင်းဟာကလဲ ပြုံးလွန်းလှချည်လားကွ။ ဘာဖြစ်လို့ ဒါလောက်တောင် ပြုံးပြုံးနေရတာလဲ"ဟု ဖွင့်၍ မေးလိုက်သည်။

"မောင့် စည်းစိမ်ချမ်းသာကို ကြည့်ပြီး ဝမ်းမြောက်လို့ ပြုံးတာပေါ့ရှင်"

"မင်းအပြုံးဟာ ဒါလောက်မကပါဘူးကွာ။ ဒီပြင်အကြောင်းလဲ ရှိပါလိမ့်ဦးမယ်"

"ရှိချင်လဲ ရှိပေမှာပေါ့ မောင်ရယ်"

"အဲဒီအကြောင်းက ဘာလဲ။ ငါ သိချင်လှတယ်"

"သိလို့ အကြောင်းမထူးပါဘူး မောင်ရယ်"

ဃောသက ဒေါသမထွက်စဖူး ထွက်လာသည်။ သူဌေးဟန် သူဌေးမာန်ကလည်း ဝင်လာပြီဖြစ်၏။ မျက်မှောင်တင်းသွား၏။ မျက်ထောင့်နီလာ၏။

သစ်ပင်ဝါးပင် စင်းချောချောတွင် အဖုအထစ် အမာအဆစ် ဖြစ်ကာ ထွက်၍လာသော အမျက်နှင့် တူသောကြောင့် "အမျက်"ဟုခေါ်သော ဒေါသကို ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးကဲ့သို့ သိမ်းဆည်းကျင့်သုံးရမည်ဟု သူတော်ကောင်းများက ဆိုပါ၏။ သို့ရာတွင် ပုထုဇဉ်တို့အဖို့မူ မထွက်ဝံ့မှသာရှိစေ၊ အကြောင်းပေါ်လာလျှင် ဒေါသရှိကြသည်သာ ဖြစ်၏။

ပြောသမျှခံရသော အစေခံဘဝ၊ ခိုင်းသမျှလိုက်နာရသော လက်အောက်ငယ်သားဘဝ စသည်ဖြင့် ဒေါသထွက်သော်လည်း မိမိဒေါသကို မပြဝံ့၍ အတင်းမျိုသိပ်သိမ်းဆည်းပစ်ရသော ဘဝများရှိ၏။ ဃောသကသည်လည်း သူဌေး၏ မွေးစားသားအဖြစ် အမည်ခံခဲ့စေကာမူ တစ်ချက်ကလေးမျှ မျက်နှာသာမရခဲ့သော ဘဝတစ်လျှောက်လုံးတွင် ရံဖန် အမျက်ရှိသော်လည်း မရှိသယောင် သိမ်းဆည်းခဲ့ရသည်။ ယခုသော် အဆောင်အယောင် အသိုက်အဝန်းနှင့်တကွ ဘုရင်အသိအမှတ်ပြု သူဌေးဖြစ်လာ၍ ဒေါသထွက်လာနိုင်ပြီဖြစ်၏။

အမျိုးသမီးတို့၏ အပြုံးဆိုသည်ကလည်း နှစ်လိုသောအပြုံး၊ မနှစ်လိုဘဲနှင့် ပြုံးသော သရော်ပြုံး၊ မဲ့ပြုံးစသည်ဖြင့် အပြုံးမျိုးစုံရှိပေရာ မနှစ်လိုသောအပြုံးကြောင့် အကြင်ယောကျ်ားတို့အဖို့ ပြဿနာတက်လာတတ်၏။

လင်တော်ခဲ့ဖူးပါလျက် မိမိနှင့် မထိုက်တန်သောကြောင့် လမ်းဘေးတွင် အလုပ်ကြမ်းသမားဘဝသို့ ရောက်နေသော ပိဂ္ဂုတ္တရလုလင် ဝိဒေဟရာဇ်၏ မိဖုရားကြီးဖြစ်လာသော ဥဒုမ္ဗရဒေဝီကမြင်၍ မဲ့ပြုံးကလေး ပြုံးလိုက်မိသောအခါ ဝိဒေဟရာဇ်ဘုရင်အဖို့ ချက်ချင်း ပြဿနာတက်ရ၏။ အလောင်းတော် မဟာသဓာ ကယ်တင်၍သာ သက်သာခွင့်ရသည်။ အပြုံးကြောင့် ဖြစ်လာရသော ပြဿနာဖြစ်၏။

ယခုလည်း သူဌေးကတော် ဒေါ်သုမန၏ မဲ့ပြုံးကို မြင်ရဖန်များသော ဃောသကအဖို့ ပြဿနာတက်လာသည်။ မိမိကို လှောင်သလော။ မထီမဲ့ပြုသလော။ ထို့ကြောင့် မယ်သုမနက စကားမတင်မကျ ပြောလာသည်ကို ကြားရသောအခါ

သူဌေးအဆောင်အယောင်ဖြစ်သော ခါးမှ သန်လျက်ကို ရွှမ်းကနဲ ဆွဲထုတ်လိုက်ကာ "မှန်မှန်ပြောစမ်း၊ ဘာကြောင့် ဒါလောက် ပြုံးရတာလဲ၊ မပြောရင် သန်လျက်ဖြင့် ပိုင်းလိုက်မည်"ဟု ကြိမ်းမောင်းလိုက်သည်။

ထိုအခါမှ မယ်သုမနအဖို့ ကြောက်စိတ်ဝင်လာ၍ "အကျိုးအကြောင်း သိလိုလျှင် အထိန်းမကြီးကို မေးကြည့်ပါတော့"ဟု ဖွင့်ပြောလိုက်ရသည်။ ယောသက၏ မလိုတမာ ဘဝပြဿနာတို့လည်း ပြေငြိမ်းပြီဖြစ်၍ အသိပေးဖွင့်ပြောဖို့အချိန်လည်း ရောက်ရှိလာပေပြီ။

ကွယ်လွန်သူ သူဌေး၏ အတွင်းရေးအားလုံးကို သိ၍ ယောသက၏ ပြဿနာမျိုးစုံကို ကိုင်တွယ်ခဲ့ရသော အထိန်းမကြီးသည် သူဌေးနိုင်းသမျှကို မလွှဲသာ မရှောင်သာ၍ လုပ်ပေးရစေကာမူ ယောသကအပေါ်တွင် မိခင်ပမာ ခင်တွယ်ခဲ့သူဖြစ်၏။ သူ့ဖေးမမှု ကြောင့်လည်း ယောသက ဤမျှအသက်ရှည်ခဲ့ရသည်ဟုလည်း ဆိုနိုင်သည်။ သူ့ကို ယောသက လက်ထက်တွင်လည်း ဆက်၍ စောင့်ရှောက်ထားသည်။

ထို့ကြောင့် အထိန်းမကြီးကို ချက်ချင်းခေါ်၍ မေးစစ်လိုက်သောအခါ ယောသက မွေးဖွားလာသည့်အချိန်မှစ၍ ယောသကအပေါ်တွင် ကွယ်လွန်သူ သူဌေးကြီး၏ အကြိမ်ကြိမ်ရက်စက်ပုံများမှအစ ကိုယ့်သေမင်း ကိုယ်ပိုက်၍ ကျေးလက်သို့ အသွားတွင် မယ်သုမန၏ ပရိယာယ်အစီအစဉ်ကြောင့် ယခု သူဌေးဘဝ ရရှိလာပုံများကို အထိန်းမကြီးက တစ်လုံးမကျန် ဖွင့်အန်ပြောပြလိုက်သည်။

ပြောပြသည်ကို နားထောင်ရင်းဖြင့် ယောသကအဖို့ တစ်ဆင့်ပြီးတစ်ဆင့် အံ့အားသင့်ကာ မျက်နှာညှိုးငယ်လာသည်။ အကြောင်းမှာ ဒေါသပြေပျောက်ရုံမျှမက သူ့အဖို့ တကယ့်ကျေးဇူးရှင်မှာ မယ်သုမနပါတကားဟု သိရှိလာရကား ဆင်ခြင်ဉာဏ် မသေးသော ယောသကအဖို့ လူ့ဘဝလေးတစ်ခုအတွင်း၌ စားဝတ်နေရေးအတွက် ပြည့်စုံပြီးသော သူဌေးဖြစ်ပါလျက် ပစ္စည်းလောဘကြောင့် မိုက်မဲလေစွတကား။ မိမိအဖို့မှာလည်း ဘဝကံ၏ ကျေးဇူး၊ ပစ္စုပ္ပန် မယ်သုမန၏ ကျေးဇူးကြောင့် သူဌေး ဖြစ်လာသော်လည်း မရေမရာဘဝပါလားဟု သံဝေဂတရား တဖွားဖွား ပေါ်ပေါက်၍ လာသည်။

ထို့ကြောင့် ထွက်မိသော ဒေါသအတွက် မယ်သုမနကို တောင်းပန်ကာ ရှိသမျှစည်းစိမ်ကို ကောင်းမှု ကုသိုလ်ဖြင့် အရင်းတည်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ အိမ်ရှေ့တွင် အလှူမဏ္ဍာပ်ကြီးကို ဆောက်လုပ်စေကာ နေ့စဉ်နှင့်အမျှ တစ်နေ့လျှင် အသပြာ တစ်ထောင်မျှ အကုန်အကျခံ၍ ဆင်းရဲသားများကို ထမင်းအလှူ ပေးလှူ စေသည်။

ဘုရားရှင်နှင့် သံဃာတော်များအဖို့မူ ယောသိကာရုံ အမည်ဖြင့် ကျောင်းတော်ကြီးဆောက်လုပ်စေ၍ သီးသန့်အလှူကြီး ပြုလုပ်သည်။ မိမိမျှသာမက အခြား

သူဌေးနှစ်ဦးကလည်း ကျောင်းတော်ကြီးများ အပြိုင်ဆောက်လုပ်ကြကာ ဘုရားရှင်အား ပေးလှူကြသည်။ သို့နှင့် ကောသမ္ဗီသည် ကျောင်းကြီးသုံးကျောင်းတွင် သံဃာတော် အမြောက်အမြားနှင့်အတူ သာသနာတော်၏ အခြေစိုက်မိရာဖြစ်လာ၏။ ဤတွင် သာမာဝတီတို့၏ ဖြစ်ရပ်နှင့် ဆက်မိလာသည်။

သူဌေးကြီးဃောသကသည် တစ်ဖက်တွင် ဘုရားဒကာ၊ ကျောင်းဒကာ၊ အလှူဒကာ ဖြစ်လာရင်း တစ်ဖက်တွင်လည်း ကြည်သာသောနှလုံး ပြုံးသောမျက်နှာဖြင့် မိတ်ဆွေဖွဲ့သည်။ မိမိဘဝ အရင်းအမြစ်ကို သိထားသော ဃောသကအဖို့ ဘဝကို မမေ့ဘဲ အစဉ်နူးညံ့သည်။ သိမ်မွေ့ပြေပြစ်သည်။ ထို့ကြောင့် ဃောသကကို နှစ်လိုသော မိတ်ဆွေသင်္ဂဟတို့ တိုးပွားလာရ၏။

## မမြင်ဖူးသော မိတ်ဆွေ

တိုးပွားလာသော မိတ်ဆွေများအနက် မမြင်မတွေ့ရဖူးသေးဘဲနှင့် ဆက်သွယ်ခင်မင်လျက် ရှိကြသော အဒ္ဒိဋ္ဌသဟာယ အဝေးမိတ်ဆွေတစ်ဦး ရှိနေ၏။ တစ်ဦး၏ကောင်းသတင်းကို စာဖြင့်လည်းကောင်း၊ စကားဖြင့်လည်းကောင်း တစ်ဦးကြားရကာ ခင်မင်နေကြသည်။ လက်ဆောင်ပစ္စည်း အတုံ့အလှည့်၊ မေတ္တာစကား အတုံ့အလှည့်ပြုကြသည်။ ဘဒ္ဒဝတီ ပြည်မှ ဘဒ္ဒဝတီသူဌေးပင် ဖြစ်၏။

ယင်းသို့ရှိခိုက် ဘဒ္ဒဝတီပြည်တွင် ယဉ်နာခေါ် ရောဂန္တရကပ်ကြီး ဆိုက်ရောက်လာသည်။ ထိုခေတ်ထိုအခါက ဖြစ်ပေါ်လေ့ရှိသော ယဉ်နာရောဂါဟူသည် နောင်ခေတ်တွင် ဖြစ်ပွား၍ အဆိုးဆုံးဟုဆိုသော ပလိပ်ကပ်ရောဂါ၊ ကာလဝမ်းရောဂါတို့ ထက်ပင် ဆိုးရွား၏။ အကြောင်းမှာ အိမ်တစ်အိမ်ပေါ်သို့ ထိုရောဂါ ကျရောက်ပြီဆိုလျှင် အိမ်ရှေ့မှပင် ဆင်း၍မပြေးနိုင်။ နီးရာပြတင်းပေါက်မှ အသက်ကိုလု၍ ရုတ်ခြည်း ရှောင်တခင် ထွက်၍ပြေးကြရတော့သည်။

ထို့ကြောင့် ဘဒ္ဒဝတီသူဌေးသည်လည်း မိမိအိမ်သို့ ဤရောဂါ ကျရောက်လာပြီကိုတွေ့ရသည်နှင့် တစ်ပြိုင်နက် မယားနှင့်သမီးကလေး သာမာဝတီကို လက်ဆွဲကာ မည်သည့်ပစ္စည်းကိုမျှ မယူနိုင်တော့ဘဲ နီးရာပြတင်းမှ ခုန်ဆင်း၍ ပြေးထွက် လာကြရသည်။ အရေးဟဲ့ဆိုလျှင် ချစ်မိတ်ဆွေကို သတိရတတ်မြဲ ဖြစ်သည့်အတိုင်း သူတို့၏ ဦးတည်ရာမှာ ကောသမ္ဗီရှိ မိတ်ဆွေသူဌေး ဃောသကအထံသို့ဖြစ်၏။

ဘဒ္ဒဝတီနှင့် ကောသမ္ဗီမှာ ခရီးအတန်လှမ်း၍ ကြမ်းလည်း ကြမ်း၏။ လမ်းတွင် မစားရတစ်နပ် စားရတစ်နပ်ဖြင့် ပင်ပန်းဆင်းရဲစွာ လာခဲ့ကြရသည်။ ကောသမ္ဗီမြို့ တံခါးသို့ ရောက်သော် အစာပြတ်သည့်ဒဏ်၊ ခရီးပန်းသည့်ဒဏ်တို့ကြောင့် ပင်ပန်း နွမ်းနယ်လျက် ရှိကြပေပြီ။ ဃောသကအိမ်သို့ တိုက်ရိုက်သွားခဲ့သော် ဖြစ်နိုင်ပါ၏။

သို့ရာတွင် တစ်ဦးနှင့်တစ်ဦး မမြင်ဖူးကြသေးသည့်တွင် ဤအတိုင်းဝင်ခဲ့သော် သူဌေးဟုပင် ထင်နိုင်စရာမရှိ။ မတွေ့မမြင်ဖူးသူတို့ စတင်မြင်တွေ့ကြရမှုဆိုသည်မှာ အထိုက်အလျောက် သပ်သပ်ရပ်ရပ်ရှိမှ ကောင်းသည်။ ထို့ကြောင့် မြို့တံခါးဝ ဇရပ်တွင်ပင် တစ်ရက်နှစ်ရက်ခန့် နေပြီးနောက် ကိုယ်လက် အပန်းဖြေကြမည်။ အစာအာဟာရအတွက်တော့ စိုးရိမ်စရာ မရှိတော့။ အကြောင်းမှာ မိတ်ဆွေ ဃောသက သူဌေးသည် မဏ္ဍပ်ကြီးပင်ထိုး၍ နေ့စဉ်နှင့်အမျှ ထမင်းဟင်း အလှူပေးလျက် ရှိနေသည်ကို ဘဒ္ဒဝတီသူဌေးတို့ သိထားကြပြီးဖြစ်သည်။ ထိုမဏ္ဍပ်သို့ သမီးလေးကို စေလွှတ်တောင်းယူပြီး စားသောက်နိုင်ကြသည်။ ဤအစီအစဉ်အတိုင်း သူဌေးကတော်ကလည်း သဘောတူ၍ မြို့တံခါးအနီးရှိ ဇရပ်တွင်ပင် တည်းခိုလိုက်ကြသည်။

နောက်တစ်နေ့နံနက်တွင် မိဘတို့ ခိုင်းစေချက်အရ သာမာဝတီကလေးအဖို့ သူဌေးသမီးပင် ဖြစ်ခဲ့စေကာမူ ရှေ့မျက်နှာနောက်ထား၍ ဃောသက အလှူမဏ္ဍပ်သို့ ထမင်းတောင်း ထွက်ခဲ့ရသည်။

အလှူမဏ္ဍပ်တွင် တောင်းခံသူများမှာ အများအားဖြင့် မရှိဆင်းရဲသား သူတောင်းစားများ ဖြစ်ကြသည်။ ဆင်းရဲသား သူတောင်းစားများဆိုတော့ ရုပ်ရည်ရော အဝတ်အဆင်ပါ ညှိုးငယ်နွမ်းပါးသူများ ဖြစ်ကြသည်။ ထိုသူတို့အလယ်၌ ယနေ့ နံနက်တွင် ထူးထူးခြားခြား ရောက်လာသော သာမာဝတီလေးကို အလှူကြီးကြပ်သူ မိတ္တသူကြွယ် တွေ့သောအခါ စူးစူးစိုက်စိုက် အကဲခတ်ကြည့်ရှုလျက် ရှိသည်။ မျက်နှာ ညှိုးငယ်သော်လည်း အဝတ်အဆင်ရော၊ ဟန်ပန်ရုပ်ရည်ပါ အများနှင့်မတူ အထက်တန်းကျကျ ထူးခြားလျက် ရှိသောကြောင့် ဖြစ်လေသည်။

ဃောသကသူဌေးသည် အလှူမဏ္ဍပ်သို့ လာရောက်ကြီးကြပ်စီစဉ်သော်လည်း ပုံမှန်ကြီးကြပ်ရန်အတွက် မိမိလက်ထောက်ဖြစ်သော မိတ္တသူကြွယ်ကို လွှဲအပ်ထားသည်။ ယခုတလောတွင် ဃောသကကိုယ်တိုင် အလှူမဏ္ဍပ်သို့ မရောက်နိုင်ခဲ့သည်မှာ ရက်အတန်ကြာရှိခဲ့ပြီ။ အလှူမဏ္ဍပ်တွင် တသောသော တရုတ်ရုတ် လှုပ်ရှား အလှူခံလျက်ရှိကြသော အသံများကို အိမ်မှ အာရုံယူ ဝမ်းမြောက်လျက်ရှိ၏။

ထမင်းဟင်းပေးရာနေရာသို့ သာမာဝတီလေး ချဉ်းကပ်လာသောအခါ အကဲခတ်လျက်ရှိသော မိတ္တသူကြွယ်ကိုယ်တိုင်ပင် ထမင်းဟင်း ပေးသောနေရာသို့ ရောက်ရှိလာကာ ''ဘယ်နှစ်ယောက်အတွက် သူငယ်မ''ဟု မေးလိုက်သည်။

''သုံးယောက်အတွက်ပါရှင်''

''အေး အေး၊ ကောင်းပြီ''ဟု ဆိုကာ ထမင်းဟင်း မွန်မွန်ရည်ရည်များကို ကိုယ်တိုင်ပင် ခူးခပ်၍ပေးသည်။ ထည့်စရာခွက်ပင် ပါမလာသောကြောင့် သင့်လျော်ရာ ခွက်နှင့်ထည့်၍ ထမင်းခွက်ပါ ပေးလှူလိုက်သည်။ သူတကာလို ရုတ်ရုတ်သဲသဲမရှိ။

ဣန္ဒြေရရလေးလာ၍ ဣန္ဒြေရရလေးပင် ပြန်သွားသော သာမာဝတီကို သူဌေး ကိုယ်စားလှယ်က မျက်စိတဆုံးပင် ကြည့်လိုက်မိသည်။

## မိဘများကွယ်လွန်

တည်းခိုဇရပ်သို့ ရောက်သောအခါ သုံးယောက်အတွက် ဆိုသော်လည်း ထမင်း ဟင်းများကို ဖခင်ကြီးအား ဦးစားပေး၍ ကျွေးမွေးကြသည်။ အစားကောင်း၊ အသောက် ကောင်းအပထား၍ အစာအာဟာရ ပြတ်နေသည်ကပင် ကြာမြင့်ခဲ့သောကြောင့် ဘဒ္ဒဝတီသူဌေးသည် အစားကောင်း အာဟာရကောင်းများကို တွေ့လာရသောအခါ အားရပါးရ စားလိုက်သည်။ အကြွင်းအကျန်မျှကိုသာ သားအမိနှစ်ယောက်တို့ မျှတ၍ စားကြ၏။

အစားကောင်း အသောက်ကောင်းတို့ စားရသောက်ရသည် မှန်ပါ၏။ သို့ရာတွင် ဃောသကအလောင်း ကောတုဟလိကကဲ့သို့ အစားလွန်သွားသောကြောင့် အစာမကြေ သည့်ဒဏ်၊ ခရီးပန်းလာသည့်ဒဏ်၊ အကာအရံမရှိသောဇရပ်ပေါ်တွင် အအေးဒဏ် ကလည်း နှိပ်စက်လာပြန်သောကြောင့် ထိုညဉ့်ပင် ဘဒ္ဒဝတီသူဌေး မမျှော်လင့်ဘဲ ကွယ်လွန်သွားရသည်။ မြို့ပြင်သင်္ချိုင်းနှင့်လည်း နီးသောကြောင့် သားအမိ နှစ်ယောက်တို့ အဖို့ ဖြစ်သလိုနှင့်ပင် ဖခင်အသုဘကို ချလိုက်ကြရသည်။

ထို့ကြောင့် သားအမိနှစ်ယောက်အဖို့ ခိုကိုးရာမဲ့သည်ထက် မဲ့သွားကြရသည်။ ဖခင်မရှိတော့၍ ဃောသကသူဌေးက လက်မှခံပါတော့မည်လားဟု ရေးရေးမျှသာ မျှော်လင့်ကြရတော့သည်။ နောက်ကိစ္စ အပထား၍ လောလောဆယ်အဖို့ စားရေး သောက်ရေးက လိုပေသေးသည်။ သို့ဖြစ်၍ သာမာဝတီလေးအဖို့ မနေ့ကလိုပင် ရှေ့မျက်နှာနောက်ထား၍ ဃောသကမဏ္ဍပ်သို့ ထမင်းတောင်း ထွက်လာခဲ့ရပြန်၏။

သာမာဝတီလေးကို မြင်သောအခါ မေတ္တာရှေ့ရှုပြီးသော သူဌေးကိုယ်စားလှယ် မိတ္တကိုယ်တိုင်ပင် ထွက်လာပြီး ထမင်းပေးရန် ဟန်ပြင်၏။

"မနေ့ကအတိုင်း သုံးယောက်စာပဲလား သူငယ်မ"

"မဟုတ်ပါဘူးရှင်။ ဒီနေ့တော့ နှစ်ယောက်စာပါ"

နှစ်ယောက်စာ၊ သုံးယောက်စာဟုမပြောဘဲ ပေးလှူသည့်အတိုင်း ယူသွားရုံ သာဖြစ်၏။ သုံးယောက်စာပဲလားဟု မေးလာ၍ သုံးယောက်စာအတွက် အလိုက်သင့် ယူသွားလျှင်လည်း ဖြစ်ပါ၏။ သို့ရာတွင် မုသားမပြောလိုသော သာမာဝတီလေးက အမေးစကားရှိလာသောအခါ အမှန်အတိုင်း ပြောလိုက်ရသည်။

ဇရပ်သို့ ရောက်သောအခါ ဖခင်ကြီးအတွက် ပူပန်သောကကြောင့် ရလာသော အစာကို ရုတ်ခြည်း မစားနိုင်ကြ။ မစားလျှင်လည်း မဖြစ်ပြန်သောကြောင့် အချိန်လွန်မှပင်

စားကြသည်။ မိခင်ကြီးကို ဦးစားပေး၍ ကျွေးမွေး၏။ သို့ရာတွင် ထိုညတွင်ပင် လင်ဖြစ်သူ ကွယ်လွန်သောကြောင့် ပူပန်ရမှု သောကဗျာပါဒ သောကကြောင့် အစာမကြေသောဒုက္ခ၊ အချမ်းအပူ နှိပ်စက်သော ဒုက္ခတို့ကြောင့် မိခင်ကြီး ကွယ်လွန်ရှာပြန်တော့သည်။

မယ်သာမာလေးအဖို့ ခိုကိုးရာမဲ့ရှာပြီတည်း။ ယောသကသူဌေးထံတွင် ခိုလှုံဖို့ရန်ဟူသော မိဘများအကြံမှာ မိဘများမရှိတော့၍ မဖြစ်နိုင်တော့။ ဆွေမဲ့မျိုးမဲ့၊ မိတ်သင်္ဂဟပင်မဲ့သော သူစိမ်းတရံဆံတို့အရပ်သို့လည်း ရောက်နေရပြီ။ မိမိအဖို့ အားထားဖွယ်ရာမှာ အကျင့်သီလသာ ရှိပေတော့သည်။ မိမိအကျင့်သီလကိုပင် အားပြု၍ သူစိမ်းတို့အလယ်၌ သူတောင်းစားမလေးသဖွယ် နေရတော့မည်လောဟု အားငယ်ရသည်။

မိခင်ကြီးကို ဖြစ်သလိုပင် သင်္ဂြိုဟ်လိုက်ရပြီးနောက် နောက်တစ်နေ့ရောက်သောအခါ အစာအာဟာရဒုက္ခက ပေါ်လာပြန်၍ ယောသကမဏ္ဍပ်သို့ပင် ခွက်ကလေးကိုင်၍ ထွက်လာခဲ့ရပြန်သည်။

## ကာယ်မည့်သူ

သည်နေ့အဖို့ မနေ့တစ်နေ့ကထက် မျက်နှာညှိုးငယ်လာသော မယ်သာမာလေးကို သူဌေးကိုယ်စားလှယ်က အကဲခတ်မိသည်။ မျက်ရည်စကလေးများကိုပင် တွေ့နေရ၏။

''ဒီနေ့တော့ နှစ်ယောက်အတွက်ပေါ့နော်''ဟု ကိုယ်စားလှယ် မိတ္တကကရုဏာသံဖြင့် စတင် မေးမြန်းလိုက်သည်။

''မဟုတ်ပါဘူးရှင်၊ တစ်ယောက်စာသာ လိုပါတော့တယ်''

''ဟော့ သူငယ်မ၊ မင့်ဟာက ဘယ်လိုလဲကွယ့်၊ ဒီအသက်အရွယ်ရောက်နေမင့်ဟာပဲ၊ ကိုယ့်ဝမ်းတောင် ကိုယ်မချင့်နိုင်သေးဘူးလား။ ပထမနေ့က သုံးယောက်စာ၊ ဒုတိယနေ့တော့ နှစ်ယောက်စာ၊ ဒီနေ့ကျတော့ တစ်ယောက်စာတဲ့''

မယ်သာမာအဖို့ နဂိုကမှ ရှက်ရသည့်အပေါ်တွင် အစားတလုတ်အတွက်ကြောင့် ဤသို့ ရှုတ်ချပြောဆိုသံကို ကြားလိုက်ရသောအခါ အရှက်ကြီး ရှက်သွားရှာသည်။ ထို့ကြောင့် အရှက်တို့ စုပြုံပေါက်ကွဲသည့်အနေဖြင့် ချုံးပွဲချ၍ ငိုယိုလိုက်ရတော့သည်။

''ဟော့ ဟော့ သူငယ်မ၊ ဘယ်လိုဖြစ်ရတာလဲ။ ဒါလောက်ကလေး ပြောတာနဲ့ပဲ ငိုရသလားကွယ့်''

''ကျွန်မဘာဝ ကုသိုလ်ဆိုးလွန်းလို့ပါရှင်။ ကျွန်မဟာ ဘဒ္ဒဝတီမြို့က ဘဒ္ဒဝတီသူဌေးသမီးပါ။ ကျွန်မတို့ဆီမှာ ယဉ်နာရောဂါကြီး ကျရောက်လို့ အဖေရယ်၊ အမေရယ်၊

ကျွန်မရယ် သားအဖသုံးယောက်စလုံး ကောသမ္ဗီကိုပြေးလာခဲ့ကြရပါတယ်။ နေစရာမရှိလို့ မြို့တံခါးနားက ဇရပ်ပေါ်မှာ တည်းကြရပါတယ်။ ထမင်းလာတောင်းတဲ့ ပထမနေ့က အဖေသေပါတယ်၊ နောက်နေ့မှာ အမေသေပါတယ်။ ဒါကြောင့်မို့ သုံးယောက်စာ၊ နှစ်ယောက်စာ ဖြစ်နေရတာပါ။ ဒီနေ့တော့ ကျွန်မတစ်ယောက်တည်းပဲ ရှိပါတော့တယ်ရှင်''

''ဟယ် . . . ဖြစ်မှဖြစ်ရပလေ၊ ဘဒ္ဒဝတီသူဌေးဆိုတော့ ငါတို့သခင် ဃောသကရဲ့ မိတ်ဆွေပေါ့။ ဘာမှ ပူပန်မနေနဲ့တော့ သမီး။ ဖြစ်ခဲ့တာတွေလည်း ဖြစ်ပြီးခဲ့ပြီပေါ့။ ဒီနေ့ ဒီအချိန်ကစပြီး သမီးကို ငါ့သမီးအဖြစ်နဲ့ မွေးစားမယ်၊ ဘယ်မှ မသွားနဲ့တော့''

''ဝမ်းသာလှပါတယ် အဖေရှင့်''

''အေး အေး၊ အဖေနဲ့အတူ အလှူကိစ္စကို စီမံခန့်ခွဲပေါ့၊ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုသလိုပေါ့ကွယ်''

''ကောင်းပါပြီ အဖေ''

အကျိုးပေးလာပြန်တော့လည်း ချက်ချင်းပင်ဖြစ်၏။ မိဘကို လုပ်ကျွေးရှိသေမှု၊ အကျင့်သိက္ခာ စောင့်ထိန်းမှု၏ အကျိုးပင်ဖြစ်သည်။ ဘဒ္ဒဝတီတွင် ယဉ်နာကျရောက်၍ ကောသမ္ဗီသို့ ပြေးလာခဲ့ရခြင်း၊ အစာရေစာ ငတ်မွတ်ခြင်း၊ ခရီးပြင်းသွားခဲ့ရခြင်း၊ မျက်နှာငယ်ဖြင့် တောင်းရမ်းခဲ့ရခြင်းတို့မှာ မယ်သာမာအဖို့ ထိုးမည့်ဆင် နောက်ဆုတ်ဟူသကဲ့သို့ ယာယီဆင်းရဲမှုများမျှသာဖြစ်သည်။ အမှန်အားဖြင့် သိက္ခာရှင် မယ်သာမာအဖို့ အကျိုးပေးတော့မည်မှာ ဤမျှသာမကသေးပေ။ တစ်ဆင့်ပြီးတစ်ဆင့် အကျိုးပေး မြင့်တက်လာတော့မည် ဖြစ်၏။

ဃောသက အလှူမဏ္ဍပ်သို့ ထမင်းတောင်းရောက်လာရသည့် ပထမနေ့ကတည်းက အမြော်အမြင်ရှိသော မယ်သာမာတွင် စိတ်ကူးတစ်ခု ဖြစ်ပေါ်လာခဲ့ဖူးသည်။ အလှူခံဆင်းရဲသားတို့မှာ အလှူရုံအပေါက်ဝတွင် တစ်ယောက်ဝင် တစ်ယောက်ထွက်ဖြင့် တစ်ဦးနှင့်တစ်ဦး တိုးဝှေ့ကာ ရှုပ်ရှက်ခတ်လျက်ရှိသည်။ မယ်သာမာပင် မနည်းကြီး တိုးဝှေ့ရှောင်တိမ်း၍ ဝင်ခဲ့ထွက်ခဲ့ရသည်။ ဤသည်ကို ရှင်းလင်းအောင် စီစဉ်ပေးခဲ့သော် ကောင်းလေစွဟူသော စိတ်ကူးပင် ဖြစ်သည်။

ထိုစိတ်ကူးအတိုင်းပင် ယခု အခွင့်အရေးရလာ၍ ပြုလုပ်ရန် ဖခင်နှင့် တိုင်ပင်လိုက်သောအခါ သမီးကြိုက်သလိုသာ စီစဉ်ပါဟု ဆိုသောကြောင့် ချက်ချင်း စီစဉ်လိုက်သည်။ ယင်းသည်ကား ယခင်က အလှူရုံအဝတွင် အပေါက်တစ်ပေါက်တည်းသာ ရှိသည်ကို အဝင်ပေါက်နှင့် အထွက်ပေါက်ဟု နှစ်ခုပြုလုပ်ပြီးနောက် အဝင်ပေါက်မှသာ ဝင်စေ၍ အထွက်ပေါက်မှ ထွက်စေလိုက်သောအခါ ရှင်းလင်းသေသပ်၍သွားသည်။ တိုးဝှေ့ဆူညံသောအသံများ တိတ်ဆိတ်၍သွားသည်။

ဤစိတ်ကူးမှာ သာမန်မျှဟု ဆိုနိုင်သော်လည်း ဤစိတ်ကူးမပေါ်မီကမူ ခက်၍ နေသည်သာ ဖြစ်သည်။ သာမာဝတီဟု ကြို၍ ဆိုခဲ့သော်လည်း ''သာမာ''ဟူသော အမည်သာ မိဘပေးသော မူရင်းအမည်ဖြစ်၏။ ဗျူပွတ်ကိုလိုက်၍ ရွှေဝါရောင် အသားအရေ အဆင်အသွေးရှိနေသော သမီးကလေးကို ''သာမာ''ဟုပင် မှည့်ခေါ် ခဲ့ကြသည်။ ယခု စိတ်ကူး အကောင်အထည်ပေါ်လာ၍ ဖခင် သူကြွယ်အဖို့ ဝမ်းမြောက် ရသောအခါ မွေးစားဖခင်က ''ဝတီ''တစ်လုံးတိုး၍ ဂုဏ်ပြုမှည့်ခေါ်လိုက်ကာ ''သာမာဝတီ'' ဖြစ်လာတော့သည်။ ''ဝတီ''၏ အဓိပ္ပာယ်မှာ အရံအတားဖြစ်၏။ စိတ်ချမ်းမြေ့ဖွယ် အရံအတားကို ပြုလုပ်နိုင်စွမ်းသော ''သာမာဝတီ''ဟု အဓိပ္ပာယ် ရသည်။

## ဘဝတစ်ဆင့်တက်

ဆိတ်ငြိမ်၍ သွားပါ၏။ စိတ်ချမ်းမြေ့ဖွယ်ဖြစ်သည် မှန်ပါ၏။ သို့ရာတွင် ပြဿနာ ပေါ်လာသူမှာကား ဃောသကသူဌေးကြီးပင်ဖြစ်သည်။ အခါတိုင်းနေ့ဆိုလျှင် အလှူ မဏ္ဍပ်မှ အလှူခံတို့၏ ဆူဆူညံညံ အသံများကို အိမ်ပေါ်မှ ကြားနေရ၍ မိမိအလှူကို သတိရကာ ပီတိသောမနဿဖြစ်နေရသည်။ ယခုသော် ထိုအသံတို့ တိတ်ဆိတ်၍ သွားသည်။ မိမိအစီအစဉ်အတိုင်း လှူမှ လှူကြပါ၏လား။ ထို့ကြောင့် ကိုယ်စားလှယ် မိတ္တသူကြွယ်ကို အနီးသို့ ခေါ်လိုက်ရသည်။

''အလှူရုံက အလှူခံတွေအသံမကြားရတာ တစ်ရက်နှစ်ရက် ရှိသွားပြီ၊ လှူမှ လှူကြရဲ့လား''

''လှူပါတယ် သူဌေးမင်း၊ တစ်နေ့မပြတ်ပါပဲ''

''နို့ ဘာဖြစ်လို့ အသံတွေ တိတ်သွားရတာလဲ၊ ငါ့မှာ အလှူရုံကို မှန်မှန် မလာနိုင်လို့ ဒီအသံတွေပဲ အာရုံပြု ကုသိုလ်ယူနေရတယ်''

''သမီးကလေးရောက်လာပြီး သမီးကလေးရဲ့ အစီအစဉ်ကြောင့်ပါ''

''ဘယ်လိုအစီအစဉ်လဲ''

''အလျင်က အလှူရုံအပေါက် တစ်ပေါက်တည်းရှိခဲ့တာမှာ သမီးလေးက ဝင်ပေါက်ထွက်ပေါက် စီစဉ်လိုက်ပြီး ဝင်ပေါက်ကဝင် ထွက်ပေါက်က ထွက်ကြတော့ အသံတွေ တိတ်သွားပါတယ်''

''အဲဒါလဲ ကောင်းသဟိတ်၊ တယ်ကောင်းတဲ့ စိတ်ကူးပါလား။ အမှန်ကတော့ ပေးလှူတဲ့နေရာမှာ တိတ်ဆိတ်ဖို့ လိုအပ်သပေါ့။ ဒါမှ ကုသိုလ်အာရုံ ပိုစူးစိုက်နိုင် တာပေါ့။ ဘုရားရှင်နဲ့ သံဃာတော်များကို ပေးလှူတဲ့နေရာတွေမှာ အင်မတန်

တိတ်ဆိတ်တယ်။ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ အလှူခံတော်မူကြပါတယ်။ ဘုရားရှင်ကလဲ တိတ်ဆိတ်မှုကို အင်မတန် နှစ်သက်လိုလားတော်မူတယ်''

''သာဓုပါ သူဌေးမင်း''

''ဒါထက် မင်းစကားထဲမှာ သမီးကလေး၊ သမီးကလေးနဲ့ပါလား။ အလျင်က မင်းမှာ သမီးရှိတယ်လို့ မကြားဖူးပါလား''

''မှန်ပါတယ် သူဌေးမင်း၊ အလျင်က မရှိခဲ့ပါဘူး။ အခုတော့ ရှိလာပါပြီ'' ဟု ဆိုကာ ဘဒ္ဒဝတီသူဌေးတို့၏ ဖြစ်ပုံဖြစ်ရပ်နှင့် သာမာဝတီလေး မိမိထံ ရောက်လာသည်အထိ အဖြစ်စုံကို ပြောပြလိုက်ရသည်။

''ကြည့်စမ်း၊ ကြည့်စမ်း။ မောင်မင်းဟာ ဒီအဖြစ်သနစ်ကို ငါ့ကို ဘာဖြစ်လို့ မပြောသလဲ။ တကယ်ဆိုတော့ ဘဒ္ဒဝတီသူဌေးဟာ ငါနဲ့ အင်မတန် ချစ်ခင်ကြတဲ့ အဒိဋ္ဌသဟာယ မိတ်ဆွေပဲ။ သူ့သမီးက ငါ့သမီးပေါ့။ ငါ့မှာ တာဝန်ရှိတယ်။ သူတို့ လာကတည်းက ငါ့ဆီ လာကြတာမဟုတ်လား။ ခေါ်လိုက်စမ်း၊ အခုပဲ သွားခေါ်ချေ ငါ့သမီးကို''

သို့နှင့် ကိုယ်စားလှယ် သူကြွယ်မိတ္တ၏ သမီးဘဝမှ နေ့ချင်းညချင်း ဆိုသလိုပင် သာမာဝတီအဖို့ သူဌေးကြီးဃောသက၏ သမီးအဖြစ်သို့ ရောက်လာရသည်။ သူကြွယ်မိတ္တအဖို့ သာမာဝတီကို လက်မလွှတ်လိုသော်လည်း ဃောသက၏သမီး ဖြစ်ဖို့သာ အကြောင်းယုတ္တိ ခိုင်မာလျက်ရှိသောကြောင့် မငြင်းသာတော့ပေ။

သူဌေးကြီးသမီးဆိုတော့ နေ့ချင်း ညချင်းဆိုသလိုပင် အခြေအနေ မြင့်တက်သွားသည်။ အခြံအရံတွေ တစ်ပြုံကြီးနှင့် ဖြစ်လာသည်။ ဘယ်လိုအမှုကိစ္စ၊ ဘယ်လို အကြောင့်ကြမျိုးမှ မရှိတော့။ သားသမီးမရှိသော ဃောသကတို့ ဇနီးမောင်နှံအဖို့လည်း သမီးချော သမီးလိမ္မာလေးကို ချစ်လိုက်ကြ၊ ဂရုစိုက်လိုက်ကြသည်မှာ ပြောစရာပင် မရှိ။ သို့သော် သာမာဝတီ၏ ကံကြမ္မာမြင့်တက်မှုမှာ ဤမျှဖြင့် မပြီးဆုံးသေးပေ။

ဃောသက၏သမီးအဖြစ် ချမ်းသာစွာ နေရင်းဖြင့် နက္ခတ်ပွဲသဘင်နေ့သို့ ရောက်လာသည်။ မဇ္ဈိမ၏ အကြီးဆုံးသော ပွဲသဘင်နေ့ဖြစ်၏။ မြန်မာတို့ သင်္ကြန် ပွဲတော်နှင့် အလားတူ၏။ ထိုနေ့တွင် ပြာဟ္မဏာတို့၏ ရှေးဟောင်းစဉ်လာအရ မကောင်း ကြမ္မာတို့ ပပျောက်ရန်ဟု မြို့ဆိပ်သို့ဆင်း၍ ဦးခေါင်းဆေးကြရသည်။ ရေချိုးကြရသည်။ ဤကိစ္စအတွက် ဗာရာဏသီ၏ ဂင်္ဂါမြစ်ကို ဦးခေါင်းဆေးရန် အမြင့်မြတ်ဆုံးနေရာဟု ပြာဟ္မဏာတို့ သတ်မှတ်ကြ၏။ သို့ဖြစ်၍ တတ်နိုင်သူတို့က ဂင်္ဂါသို့ ရောက်အောင် သွားကြ၍ မတတ်နိုင်သူတို့က မိမိတို့အနီးရှိ မြစ်တွင်ပင် ပြုလုပ်ကြသည်။ ရေချိုး ရေကစားကြသည်။ တစ်မြို့လုံး ပွဲလမ်းသဘင် ခင်းကျင်းသည်။ ထိုအချိန်တွင်ပင်

အိမ်တွင်းပုန်း ဇနီးမယား သမီး သားတို့ပါမကျန် မြစ်ဆိပ်သို့ ကိုယ့်အခင်းအကျင်းနှင့် ကိုယ် မထွက်မနေရ ထွက်ကြရသည်။ သို့ဖြစ်၍ သာမာဝတီအဖို့လည်း အမျိုးသမီး အခြံအရံ မြောက်မြားစွာဖြင့် မြစ်ဆိပ်သို့ ထွက်သည်။

ဤတွင် တိုင်းခန်းလှည့်လည်လာသော ဥတေနဘုရင်က သာမာဝတီကို မြင်၍ ရွှေဘောတော်ကျသွားသည်။ ဘယ်သူ့သမီးလဲဟု စုံစမ်းလိုက်သောအခါ ဃောသက၏ သမီးဖြစ်ကြောင်း သိလာရ၍ စေတလုံးပိုင်ရှင်ဖြစ်သော ဥတေနက မိမိသို့ ပေးဆက်စေဟု ဃောသကကိုခေါ်ကာ ချက်ချင်းပင် အမိန့်ထုတ်လိုက်သည်။

အကယ်ဆိုသော် ဃောသကအဖို့ ဘုရင့်ယောက္ခမ ဖြစ်လာရတော့မည်ကြောင့် ဝမ်းမြောက်ဖွယ်ပင်ဖြစ်၏။ သို့သော် သမီးလေးကို ချစ်သည်။ သိမ်မွေ့လှသော သမီးကလေးက လူရောစိတ်ပါ ကြမ်းတမ်းသော ဥတေနကို ဘုရင်ပင်ဖြစ်မချည်း၊ နှစ်သက်နိုင်ပါမည်လားဟု စဉ်းစားသည်။ ထို့ကြောင့် သမီး၏ဆန္ဒကို မေးမြန်းပါရစေဦးဟု လျှောက်ထားလိုက်သည်။

ဤတွင် ငါဘုရင် ဘာထင်သလဲဟူသော မာန်ဖြင့် စေတလုံးအမိန့်တော်ကို ထော်လော်ကန့်လန့်လုပ်မိသော ဃောသကအဖို့ ချက်ချင်းပင် ဒုက္ခတွေ့ရပြီဖြစ်၏။ အကြောင်းမှာ သူဌေးရာထူးမှ ချက်ချင်းပင်ချ၍ ပေးထားသော အဆောင်အယောင် များကို ရုပ်သိမ်းလိုက်ရုံမက နေအိမ်မှပင် နှင်ထုတ်ပြီး အိမ်ကို အစောင့်များ ချထား လိုက်သည်။

## မိဖုရားအဖြစ်သို့

မြစ်ဆိပ်မှ သာမာဝတီ ပြန်မလာမီအတွင်း တစ်နေ့ခင်းတည်း၌ပင် ပြောင်းလဲသွားသော ကိစ္စကြီးဖြစ်၏။ ညနေခင်း၌ သာမာဝတီတို့ မြစ်ဆိပ်မှ ပြန်ရောက်လာသောအခါ အိမ်ပေါ်သို့ပင် မတက်ရတော့ဘဲ အိမ်တွင် ရုတ်ရုတ်သဲသဲ ဖြစ်နေသည်ကို တွေ့ရ၏။ အကျိုးအကြောင်းကို သိရသောအခါ မိဖုရားဖြစ်ရမည်ဆိုလျှင် မိဖုရားနှင့် ထိုက်တန်သော အဆောင်အယောင် အခင်းအကျင်းဖြင့် မိသားဖသားပီပီ လာရောက်တောင်းယူနိုင် ပါသည်ဟု အမြော်အမြင်ရှိသော သာမာဝတီက ပြောလိုက်၍ ပြဿနာ ပြေလည် သွားသည်။ စွဲမက်လျက်ရှိနေပြီဖြစ်သော ဥတေနက နှေးညည်းမဆိုင်းပင် အဆောင် အယောင် အခင်းအကျင်းဖြင့် လာရောက် တောင်းယူစေလိုက်သည်။ သမာဝတီ အဂ္ဂမဟေသီ မိဖုရားကြီး ဖြစ်လာပြီတည်း။

ဤဘုရင်သည် မိဖုရားကံကောင်းသူဖြစ်သည်။ ဘုရင်တို့တွင် မိဖုရားဟု ဆိုသော်လည်း မျိုးရိုးအစဉ်အလာအရ မြှောက်စားထိမ်းမြားထားရသူများ ရှိကြသည်။

ချောချင်မှချော လှချင်မှလှမည်။ ဤဘုရင်တွင် ယခု သာမာဝတီ၊ မာဂဏ္ဍီနှင့် ဝါသုလဒတ္တာဟူ၍ ထင်ရှားသော မိဖုရားကြီးသုံးယောက် ရှိလာရာ ဤသုံးဦးစလုံးမှာ သူ့နည်းနှင့်သူ ထင်ရှားသူများဖြစ်၍ အချောအလှတွေချည်း ဖြစ်၏။

သာမာဝတီက သိမ်သိမ်မွေ့မွေ့နှင့် ချောသူ လှသူဖြစ်၍ စိတ်တိုင်းကျ ရွေးကောက်ယူထားသူဖြစ်သည်။ မာဂဏ္ဍီ၏အလှမှာ အထူးဆိုဖွယ်မရှိ။ မာဂဏ္ဍီ၏ မိဘနှစ်ပါးတို့က သူတို့သမီး အချောအလှကို ဘုရားရှင်သို့ပင် ပေးဆက်ခံခဲ့ရဖူးသူ ဖြစ်၏။ သူ့အကြောင်းကို ဗုဒ္ဓစာပန်းချီတွင် "လှဂုဏ်ဝင့်သူ" ဝတ္ထုဖြင့် ဖော်ပြခဲ့ပြီး ပေပြီ။

သူ့အလှမှာ သာမာဝတီလို သိမ်သိမ်မွေ့မွေ့နှင့် လှသူမဟုတ်။ မာန်ကလေး ဟန်ကလေးနှင့် ခပ်ထန်ထန် လှသူဖြစ်၏။ အလှမာန်ကလေး ရှိသလောက် သဘော ထားကလည်း ခက်ထန်သူဖြစ်၏။ သူ့အကြောင်းရပ်များသည် နောက်ပိုင်းတွင် တသီကြီး ပါရှိလာမည် ဖြစ်၏။

စဏ္ဍပဇ္ဇောတဘုရင်၏သမီး ဝါသုလဒတ္တာ၏ အလှမှာလည်း ဥတေန၏ စိတ်တိုင်းကျဖြစ်၍ အခက်အခဲတို့အကြားမှပင် ခိုးယူလာခဲ့ရသူဖြစ်၏။ သူရောက်လာပုံ ကြောင်းရပ်မျိုးစုံကိုလည်း ဗုဒ္ဓစာပန်းချီ "စောင်းတော်သခင် ဆင်များရှင်"၊ "ပရိယာယ် စက်ကွင်းဝယ်"၊ "ကုဋနှင့် ကန်းမ" ဝတ္ထုများဖြင့် အကျယ်တဝင့် ဖော်ပြခဲ့ပြီးပေပြီ။

## ကောသမ္ဗီ သာသနာ

နိုင်ငံတစ်ခုတွင် "ပြည့်ဝမ်းပိုက်" ခေါ် သူဌေးကြီးများ ရှိရမည်မှာ နိုင်ငံ၏ အင်္ဂါတစ်ရပ် ဖြစ်သည်ဟူ၍ ရေးထုံးစဉ်လာအရ ထိုခေတ်ထိုအခါက နိုင်ငံများစွာကပင် ခံယူထား ကြသော ယူဆချက် အတွေးအခေါ်ဖြစ်သည်။ ရာဇဂြိုဟ်တွင် ဇောတိက၊ ဇဋိလ စသော သာသနာ့သမိုင်းဝင် နာမည်ကျော် သူဌေးကြီး ငါးဦးရှိ၍ သူဌေးအမည် ခံနိုင်လောက်အောင် အင်အားမရှိသော သို့မဟုတ် သူဌေးနည်းပါးသော ကောသလက ရာဇဂြိုဟ်ဘုရင်ထံမှ သူဌေးတောင်းယူရာမှစ၍ သာသနာ့သမိုင်းတွင် အလွန်ထင်ရှားသော ဝိသာခါတို့ ဖြစ်ပေါ်လာရသည်။

ကောသမ္ဗီတွင်မူ ဃောသကအပါအဝင် သူဌေးကြီးသုံးယောက်ရှိနေ၏။ ကျန်သူဌေးနှစ်ယောက်၏ အမည်များမှာ ကုက္ကုဋနှင့် ပါဝါရိကတို့ ဖြစ်သည်။ သူတို့ သုံးယောက်သည် ဘုရားသွား ကျောင်းတက်၊ ကုသိုလ်ပြုဖက် စသည်ဖြင့် ချစ်ကျွမ်းဝင် ကြသူများဖြစ်ကြသည်။ သူတို့သုံးယောက်ကို အကြောင်းပြု၍ပင် ဘုရားရှင်နှင့် သာသနာတော်သည် ကောသမ္ဗီသို့ ရောက်ရှိလာရခြင်းဖြစ်၏။ ထို့ထက် အကြောင်းရင်း

ဇာစ်မြစ်ကို ရှာလိုက်ပြန်လျှင်မူကား သာဝတ္ထိမှ နာမည်ကျော် ကျောင်းဒကာကြီး အနာထပိဏ်ကြောင့်ပင် ကောသမ္ဗီသို့ သာသနာတော် ရောက်လာရသည်ဟု ဆိုရမည် ဖြစ်၏။ ထိုအကြောင်းမှာ ပရလောကသား နတ်တစ်ပါးနှင့် စပ်၍နေကာ အတန်ပင် ဆန်းပြားသည်။ ကောသမ္ဗီသို့ ဘုရားရှင်သာသနာတော် ရောက်လာပုံကား ဤသို့တည်း။

ကောသမ္ဗီသို့ ဘုရားရှင်နှင့် သံဃာတော်များ မရောက်မီက ဃောသကစသော ကောသမ္ဗီသူဌေးကြီးသုံးဦးတို့သည် ဟိမဝန္တာမှ ကြည်ညိုဖွယ် ရသေ့ငါးရာတို့ကို ကျောင်းဆောက်ကိုးကွယ်ခဲ့ကြသည်။ ရသေ့တို့သည် ရှစ်လတို့ပတ်လုံး ဟိမဝန္တာတွင် သီတင်းသုံး၍ မိုးရာသီ လေးလတို့တွင်မူ မိုးများသော ဟိမဝန္တာကိုရှောင်ခွာ၍ သူဌေးကြီးတို့ ပင့်ဖိတ်၍ထားသော ကောသမ္ဗီကျောင်းများသို့ လာရောက် သီတင်းသုံး ကြလေ့ရှိသည်။

ထိုနှစ်တွင် မိုးရာသီရောက်ချိန်နီး၍ ကောသမ္ဗီသို့ ကြွလာကြသောအခါ လမ်းခရီးတွင် ဆွမ်းအတွက် အခက်အခဲတွေ့ကြရ၏။ သစ်သီးဆွမ်းကိုမျှပင် လုံလောက်အောင် မရ။ ထို့ကြောင့် လမ်းခရီး ညောင်ပင်ကြီးတစ်ပင်အောက်တွင် တရားဖြင့်သာ ဖြေသိမ့်၍ စုရုံးနားနေကြခိုက် တပည့်များအတွက် တာဝန်ရှိသော ခေါင်းဆောင် ရသေ့ကြီးက စိတ်ကူးတစ်ရပ် ပေါ်ပေါက်လာသည့်အတိုင်း 'ငါတို့နားခိုသော ညောင်ပင်သည် ကြီးမား၏။ စည်ကားဖွံ့ဖြိုး၏။ ဤလိုအပင်မျိုးတွင် ရုက္ခစိုးနတ်များ ရှိတတ်ကြသည်။ ရှိလျှင်လည်း တန်ခိုးကြီးသောနတ် ဖြစ်ရပေမည်။ ညောင်ပင်စောင့် နတ်မင်းသည် ငါတို့ကို ဆွမ်းကပ်ခဲ့ပါသော် သင့်လျော်ပေစွ''ဟု တောင့်တလိုက်သော အခါ အကယ်ပင် ဆွမ်းအုပ် ဆွမ်းခွက်များ အသင့်ဖြစ်လာသည်ကို အံ့ဩစွာ တွေ့ကြရ တော့သည်။

မကြုံဖူးလျှင် အံ့ဖွယ်ဖြစ်သော်လည်း ဘုရားရှင်သာသနာတော်၌မူကား နတ်ဒေဝတာများက ဘုရားရှင်နှင့် သံဃာတော်များကို အခွင့်ကြုံတိုင်း ဆွမ်းကပ် ဆွမ်းလှူ စသည်ဖြင့် ကူညီလှူဒါန်းကြသည်မှာ ရိုး၍ပင်နေပြီဖြစ်၏။ နာမည်ကျော် အရှင်သီဝလိထေရ်ဆိုလျှင် အရှင်သာရိပုတ္တရာ၏ ညီငယ်၊ ခရေဝနီတော အရှင်ရေဝတ ထံသို့ ဘုရားရှင်ကြွရောက်ချီးမြှောက်တော်မူရာ လမ်းခရီး၌ နတ်ဒေဝတာအများကပင် အရှင်သီဝလိထေရ်ကို အကြောင်းပြုကာ အစုအရုံးဖွဲ့၍ ရက်ပေါင်းများစွာပင် ဆွမ်းရေ ကျောင်းပါ လိုလေသေးမရှိ လှူဒါန်းခဲ့ကြကြောင်း ဗုဒ္ဓစာပန်းချီ "နွံထဲကကြာ" ဝတ္ထုတွင် ဖော်ပြခဲ့ပြီးပေပြီ။

ယခု ညောင်ပင်ရုက္ခစိုးနတ်ကလည်း သူတော်ကောင်း ရသေ့တို့အား ဆွမ်း ကွမ်းမျှသာမက သောက်ရေ၊ ချိုးရေစသည်ဖြင့် ရသေ့တို့လိုအပ်သမျှကို လိုလေသေး မရှိ ပေးလှူသည်။ သို့ရာတွင် လိုအပ်သောပစ္စည်းကို ဖန်ဆင်းပေးလှူရုံမျှသာဖြစ်၍ နတ်ကိုကား မမြင်ကြရ။ ရသေ့တို့က ဆွမ်းဒါယကာ ရုက္ခစိုးနတ်ကိုပါ မြင်ရပါသော်

ကောင်းလေစွဟု တောင့်တလိုက်သောအခါတွင်မှ ရက္ခစိုးနတ်က ဗိမာန်နှင့်တကွ ကိုယ်ထင်ပြလာသည်။

ထိုအခါ ရသေ့တို့ အံ့သြကြရပြန်သည်။ အကြောင်းမှာ စတုမဟာရာဇ် တာဝတိံသာ စသည်တို့လို နတ်ပြည်နတ်ရွာမဟုတ်။ ဟိမဝန္တာအစပ်မှ တောနတ်မျှ ဖြစ်ပါလျက် အံ့ဘနန်း ရုပ်အဆင်း၊ အံ့ဘနန်း ဗိမာန်ကြီးကိုပါ တွေ့နေကြရသောကြောင့် ဖြစ်သည်။

ထိုအခါ ခေါင်းဆောင်ရသေ့ကြီးက "ဤလိုနေရာတွင် ဤမျှကြီးမားသော ဗိမာန်နှင့် တန်ခိုးကတ္တိပါဒ်များ ရရှိနေသည်မှာ အဘယ်မျှသော ကုသိုလ်၊ အဘယ်သို့သော ကောင်းမှုကြောင့်ပါသနည်း"ဟု ဟု ပဋိသန္ထာရ စကားစပ်အဖြစ် မေးမြန်းလိုက်သည်။

ထိုအခါ ရက္ခစိုးနတ်က "တပည့်တော်၏ ကောင်းမှုကုသိုလ်မှာ အရှင်မြတ်တို့၏ အကျင့်သိက္ခာနှင့် နှိုင်းစာသော် ဆီးစေ့နှင့် မြင်းမိုရ်ပမာ အကွာခြားကြီး ကွာခြားနေ၍ ရက်ဖွယ်ရာ ဖြစ်နေပါသောကြောင့် မလျှောက်လိုပါ"ဟု ပြန်လည်လျှောက်ကြားသည်။ ဆရာရသေ့က "လျှောက်သာလျှောက်ပါ၊ ငါတို့ သိလို၍ မေးပါသည်"ဟု ထပ်မံ တိုက်တွန်းမှ မိမိ၏ ကုသိုလ်ဖြစ်ရပ်ကို အောက်ပါအတိုင်း လျှောက်ထားသည်။

## နေ့ဝက်ဥပုသ်

သာဝတ္ထိပြည် အနာထပိဏ်သူဌေးအိမ်မှ သူရင်းငှားလူတစ်ယောက်သည် အနာထပိဏ်၏ အိမ်စည်းကမ်းကို မသိသောကြောင့် ထိုနေ့က လုပ်ငန်းခွင်ရှိရာသို့ ထုံးစံအတိုင်း ထွက်သွားသည်။

အနာထပိဏ်၏အိမ်စည်းကမ်းမှာ ကိုယ်တိုင်က ဘုရားဒကာ ကျောင်းဒကာကြီး ဖြစ်သည့်အတိုင်း အိမ်သူအိမ်သား အမှုလုပ်အခြွေအရံ အားလုံးမှစ၍ ရိုးရိုးနေ့များတွင် ပဉ္စသီလ်ငါးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲကြရသည်။ လပြည့်လကွယ် ရှစ်ရက် ဥပုသ်နေ့များ ဆိုလျှင် ပဉ္စသီလ်ငါးပါးမျှမက တစ်အိမ်လုံးပင် ရှစ်ပါးသီလ ဆောက်တည်ကြသည်။ ဟုတ်စွအဆုံး မွေးကင်းစ ကလေးငယ်များကိုပင် ဥပုသ်နေ့များ၌ မအပ်သော နို့ရည်ကို ပယ်ရှား၍ အပ်သော စတုမဓုဖြင့် ကျွေးမွေးဖြေသိမ့်၍ထားသည်။ ထို့ကြောင့် ဥပုသ်နေ့များသည် အနာထပိဏ်အိမ်၏ အမှုကိစ္စ အားလုံးမှ နားနေရက်များဖြစ်၍ မိမိတို့ ကျင့်သုံးသော သီလကိုသာ မြဲမြဲစွာ ကျင့်သုံးနေကြရသည်။ ဤသည်ကို လူသစ်ဖြစ်သော ယခု သူရင်းငှားကမသိ။

မွန်းလွဲအချိန်လွန်မှ လုပ်ငန်းခွင်မှ အိမ်သို့ ပြန်ရောက်သောအခါ ယခင် ရက်များနှင့်မတူ တစ်အိမ်လုံး တိတ်ဆိတ်နေသည်ကို တွေ့ရသည်။ တစ်အိမ်လုံး

တရားခွင်သို့ ဝင်နေကြပြီဖြစ်၏။ တစ်အိမ်လုံးကို ဥပုသ်နေ့၌ ဒွတ္တိံသာကာရ၊ သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်း စီးဖြန်းကြရန် ညွှန်ကြားထားသည့်အတိုင်း တရားခွင်သို့ ဝင်နေကြခြင်းဖြစ်၏။

ယခင်ရက်များကဆိုလျှင် အလုပ်ခွင်မှ အချိန်နောက်ကျမှ ပြန်လာဦးတော့၊ ထမင်းဟင်း အသင့်ဖြစ်နေပြီး ထမင်းစားသူ၊ အခြားအိမ်မှုကိစ္စ လုပ်သူတို့ဖြင့် လူသံမဆိတ်ခဲ့ရာမှ ယနေ့သော် တိတ်ဆိတ်၍နေသောကြောင့် အကြောင်းမသိသော သူရင်းငှားသစ်က အကျိုးအကြောင်းကို မေးမြန်းလိုက်မိသည်။ အနာထပိဏ်ကိုယ်တိုင်ကိုပင် အသင့်တွေ့သောကြောင့် မေးမြန်းလိုက်ရ၏။

"ဒီနေ့ဟာ ဥပုသ်နေ့လေကွာ။ ဥပုသ်နေ့ဆိုရင် ငါတို့တစ်အိမ်လုံး ကလေးသူငယ်မကျန် ဥပုသ်စောင့်ကြရတယ်။ ဒါဟာ ဒီအိမ်ရဲ့ စည်းကမ်းပဲ။ ဥပုသ်နေ့မှာ အလုပ်ကိစ္စဟူသမျှ အားလုံးရပ်နားပြီး မွန်းမလွဲမီ အစားအသောက်ကိစ္စ ပြီးစီးအောင် စားသောက်ကြရတယ်။ မွန်းလွဲအချိန်ကစပြီး ဒွတ္တိံသာကာရ တရားခွင်ဝင်ကြရတယ်။ ဒါကြောင့် တိတ်ဆိတ်နေတာပေါ့။ မင်းက လူသစ်ဆိုတော့ ဒီစည်းကမ်းကို မသိသေးဘူး ထင်ပါရဲ့"

"ကျွန်တော် မသိခဲ့ပါ။ မသိလို့လဲ အလုပ်ခွင်ကို ဝင်နေခဲ့မိပါတယ် သူဌေးမင်း"

"အေး မသိသေးရင် ဒီတစ်ဥပုသ်တော့ ရှိစေတော့။ နောက်ဥပုသ်က စပြီး အိမ်သားများနဲ့ အတူစောင့်ပေါ့။ ထမင်း ဆာလာရော့မယ်၊ စားသောက်ဆောင်ဝင်ပြီး ရှာဖွေစားချေလေ"

သူရင်းငှားအဖို့ ဤအကြောင်း ဤစည်းကမ်းကို ကြားသိရသောကြောင့် ဝမ်းမြောက်သွားသည်။ မွန်မြတ်ပါပေ့ဟု စိတ်ထဲက ချီးကျူးလိုက်သည်။ မိမိမှာ ဤအကြောင်းကို မသိခဲ့ရသောကြောင့် သူတော်ကောင်းအိမ်သားများအလယ်တွင် ရက်ဖွယ်ရာပင် ဖြစ်နေပါပေါ့လားဟု ရှက်မိသည်။ ထို့ကြောင့် "ကျွန်တော် တစ်ခုမေးပါရစေ သူဌေးမင်း ခင်ဗျား" ဟု ခွင့်တောင်းလိုသည်။

"ဘာများပါလိမ့်"

"ဒီအချိန်မှာ ဥပုသ်ဆောက်တည်လို့ ဖြစ်ပါသေးသလား ခင်ဗျာ"

"ဟ မောင်ရင်ရဲ့၊ ကုသိုလ်ကောင်းမှုပြုတယ်ဆိုတာ ဘယ်အချိန် ဘယ်အခါရယ်လို့ ရှိနေမလဲ၊ အချိန်မရွေး ပြုလို့ရတာပဲ"

"ဒီလိုဆိုရင် ကျွန်တော်လဲ အခုပဲ ဥပုသ်ဆောက်တည်ပါရစေခင်ဗျာ"

"မင်းဆန္ဒကို ချီးကျူးပါရဲ့၊ နို့ပေမယ့် မောင်ရင့်မှာ အလုပ်ကလဲပြန်လာ၊ ဘာမှလဲ မစားရသေးဘူး၊ ဥပုသ်ကလဲ နေလွှဲညစာကို ခွင့်မပြုဆိုတော့ အာဟာရကိစ္စနဲ့ ပင်ပန်းနေမှာပေါ့"

"တစ်နေ့တလေအတွက် ကိစ္စမရှိပါဘူး၊ ကျွန်တော် ကြိုးစားပြီး စောင့်ထိန်းပါ့မယ် သူဌေးမင်း"

"သာဓုကွယ်၊ သာဓု သာဓု"

ထို့ကြောင့် သူဌေးထံမှာပင် ရှစ်ပါးသီလ ခံယူ၍ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို သင်ကြားကာ အများနည်းတူ ဥပုသ်ဆောင်သို့ ဝင်လိုက်သည်။ သို့သော် အချိန်မြင့်သည်နှင့်အမျှ ဆာလောင်လွန်းသောအာဟာရဒုက္ခက မွှေနှောက်လာပြီဖြစ်၏။ ဖြစ်ပေါ်လာသမျှ အာဟာရဒုက္ခကို လိမ်ပိန်၍ခံသည်။ အနာထပိဏ်သိ၍ ဥပုသ်သည်အတွက် စတုမဓုကိုတော့ ခွင့်ပြုပါသည်။ သုံးဆောင်ပါဘိဟု တိုက်တွန်းသည်ကိုပင် မိမိမှာ သူတကာလို တစ်နေ့လုံး မစောင့်နိုင်၊ နေ့ဝက်မျှသာ စောင့်ခွင့်ရသည်။ သေချင်လျှင် သေပါစေတော့၊ အကောင်းဆုံးသော ဥပုသ်ကိုပင် စောင့်ပါတော့မည်ဟု တရားကိုသာ ကြိုးစားနှလုံးသွင်း၍ နေသည်။ အဖြေကား ထိုညဉ့်တွင်ပင် အစာမရှိသော လေနာရောဂါကြောင့် သူရင်းငှား ကွယ်လွန်ရာ၍ ကွယ်လွန်သည်နှင့် တပြိုင်နက်ပင် နေ့ဝက်ဥပုသ်၏ အကျိုးကြောင့် ဤနေရာ ဤဗိမာန်တွင် တန်ခိုးရှင် ရုက္ခစိုးနတ်သား ဖြစ်လာသတည်း။

ဤကား ရသေ့တို့အား ရုက္ခစိုးနတ်သားက ပြန်လည်ပြောပြချက်ဖြစ်၍ နတ်သားက သူ့ကုသိုလ်ကောင်းမှုအကြောင်းကို သာမန်မျှ လျှောက်ထားပြောကြားခြင်းမျှဖြစ်သော်လည်း နတ်သား၏ စကားတွင် ရသေ့တို့အဖို့ အလွန်ထူးခြားသော သတင်းစကား အကြောင်းတစ်ရပ်ကို ကြားသိလာရသည်။ ထိုသတင်းစကားသည်ကား လောကသုံးပါးတွင် ဘုရားရှင် ပွင့်တော်မူ၍ ဘုရားရှင်သည် ယခုအခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်ဟူသော အကြောင်းပင်ဖြစ်ပေ၏။

## ဇေတဝန်သို့

သူတော်ကောင်း ခတ်ခံ ရင့်သန်ပြီးသော ရသေ့တို့အဖို့ ဘုရားရှင်ဟူသော စကားကို ကြားလိုက်ရသည်နှင့် တပြိုင်နက် ယခုပင် သွားရောက်ဖူးမြော်လိုသော စိတ်ဆန္ဒ တက်ကြွ၍လာကြသည်။ ဤနတ်သားနှင့်တွေ့၍ ဤသို့ မေးမိသည်မှာ ငါတို့အဖို့ ကံကောင်းလေစွဟု ဝမ်းမြောက်ကြသည်။ ရသေ့အများကမူ ဤနေရာမှဆက်၍ ကောသမ္ဗီသို့ပင် မသွားတော့ဘဲ ဇေတဝန်သို့ သွားရောက်ကြရန်ပင် ဆန္ဒပြုကြသည်။ သို့ရာတွင် ပင့်ဖိတ်ထားသည်ကို ငဲ့ညှာရမည့် လူမှုရေးက ရှိပေသေးရာ ငါတို့သည် ကောသမ္ဗီသို့ သွားရောက်၍ သူဌေးဒါယကာများကို ခွင့်ပန်းပြီးမှ ဘုရားရှင် အထံတော်သို့ သွားရောက်ကြမည်ဟု ခေါင်းဆောင်ရသေ့ကြီးက အဆုံးအဖြတ် ပြုလိုက်သည်။

ကောသမ္ဗီသို့ ရောက်သော် ဘုရားရှင် ပွင့်ထွန်းတော်မူသည့် အကြောင်းကို သူဌေးသုံးဦးသို့ တစ်ဆင့်ပြောကြားလိုက်သောအခါ ဃောသကတို့အဖို့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြကာ သူတို့သည်လည်း ရသေ့များနှင့်အတူ သာဝတ္ထိသို့ ဘုရားဖူးလိုက်ကြပါမည်ဟု လျှောက်ထားသည်။ သို့ရာတွင် ဘုရားဖူးရန် စိတ်အားသန်လွန်း၍ နေသော ရသေ့တို့အဖို့ ဃောသကတို့ကို မစောင့်နိုင်။ အခါတိုင်းလို ကောသမ္ဗီတွင်လည်း မိုးလေးလကုန်အောင် မနေနိုင်တော့ဘဲ ဃောသကတို့ကို နောက်မှ လိုက်လာခဲ့ကြရန် ပန်ကြား တောင်းပန်၍ သာဝတ္ထိခရီးသို့ ဆက်ခဲ့ကြသည်။

အတောင်သာလျှင် ဥစ္စာရှိသော ငှက်ကဲ့သို့ ရသေ့ရဟန်းတို့ ခရီးသွားမှုဆိုသည်မှာ လွယ်ကူ၏။ ရသေ့ရဟန်း ပရိက္ခရာကို လွယ်၍ ထွက်လာရုံမျှဖြစ်၏။ သံယောဇဉ်အမျှင်တန်း၍မနေ။ ရောက်ရာအရပ်သည် ဆွမ်းခံအိမ်များဖြစ်၍ ရောက်ရာ သစ်တောသည် သစ်သီးဆွမ်းများ ဖြစ်သည်။ လူတို့အဖို့မူ အခြွေအရံ ထုထည်ကြီးလျှင် ကြီးသလောက် အထနှေး၊ အသွားအလာနှေးကွေးသည်။ ထို့ကြောင့် ဘုရားရှင် အထံတော်သို့ စိတ်အားထက်သန်လျက်ရှိသော ရသေ့တို့အဖို့ အတူလိုက်မည်ဆိုသော သူဌေးများကို မစောင့်နိုင်။ ထွက်၍လာခဲ့ကြသည်။ ဇေတဝန်သို့ရောက်သော် ဘုရားရှင်ကို အားရပါးရ ဖူးမြော်၍ ဘုရားရှင်အထံတော်မှ တရားတစ်ချီကြားနာလိုက်သည်ရသည်နှင့် တစ်ပြိုင်နက် ရသေ့ငါးရာလုံးပင် ရသေ့အဖြစ်မှ ကျွတ်လွတ်ကာ ဧဟိဘိက္ခု ရဟန်းတော်များ၊ ရဟန္တာများ ဖြစ်ကုန်ကြသတည်း။

ဃောသက၊ ကုက္ကုဋနှင့် ပါဝါရိက သူဌေးသုံးဦးတို့သည်လည်း နောက်ပိုင်းတွင် လှူဖွယ်တန်းရာတို့နှင့်တကွ ပစ္စည်းရိက္ခာအပြည့်အစုံဖြင့် ဇေတဝန်သို့ ဘုရားဖူးရောက်လာကြသည်။ သဘောထားညီသော သူတို့သုံးဦး၏ ရည်မှန်းချက်မှာ ဘုရားဖူးရုံမျှမဟုတ်၊ ဘုရားရှင်အား ကောသမ္ဗီသို့ ပင့်ဆောင်ရန်အထိ ဖြစ်၏။ မိမိတို့ကိုးကွယ်ခဲ့သော ရသေ့တို့သည်လည်း ဘုရားရှင်၏ တပည့်ရဟန်းတော်များ ဖြစ်နေကြပြီကို တွေ့ရသောအခါ ဝမ်းမြောက်ကြရ၏။ ရဟန်းတို့ကိုလည်း ဘုရားရှင်နှင့်အတူ ပင့်ဆောင်လိုသည်။ ထို့ကြောင့် မိမိတို့ဆန္ဒကို ဘုရားရှင်အား လျှောက်ထား၍ ကောသမ္ဗီသို့ ပင့်ဖိတ်လိုက်သောအခါ ကောသမ္ဗီတွင် အနာဂတ်သာသနာတော် စည်ပင်၍ သာသနာအခြေစိုက်ရန် လိုသော ဘုရားရှင်ကလည်း အလိုက်သင့်ပင် သည်းခံခွင့်ပြုတော်မူလိုက်သည်။

ဘုရားရှင်အထံတော်မှ ခွင့်ပြုချက်ရသည်နှင့် တစ်ပြိုင်နက်ပင် ကောသမ္ဗီသို့ အသော့ပြန်ရန် ဃောသကတို့ စီစဉ်ကြသည်။ အကြောင်းမှာ သာဝတ္ထိတွင် အနာထပိဏ် သူဌေးဆောက်လုပ်၍ ဘုရားရှင်သီတင်းသုံးတော်မူလျက်ရှိသော ဇေတဝန်ကျောင်းတော်ကို ဃောသကတို့မြင်၍ အားကျသည်။ ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းတော်ကို

တွေ့၍ ဝမ်းမြောက်သည်။ သာဝတ္ထိရှိ အခြားသော အရန်ကျောင်းပေါင်းများစွာ ဆောက်လုပ်လှူဒါန်းထားကြသည်ကို မြင်တွေ့ရ၍လည်း နှစ်လိုသည်။ ထို့ကြောင့် မိမိတို့သည်လည်း ကောသမ္ဗီတွင် အလားတူ ကျောင်းကြီးများ ကြိုတင်ဆောက်လုပ်ထားပြီး ဘုရားရှင်နှင့်သံဃာတော်များကြွလာလျှင် အဆင်သင့်ဖြစ်ရန်ဟူသော ရည်မှန်းချက်ကြောင့်ဖြစ်၏။

## ကျောင်းကြီး သုံးဆောင်

ရည်မှန်းချက်အတိုင်းပင် ယခင်ရသေ့များကို ကိုးကွယ်စဉ်က သာမန်မျှ ဆောက်လုပ်ထားခဲ့သော ကျောင်းများကို ဖျက်သိမ်းကာ ဃောသကသူဌေးက ဃောသိတာရုံ ကျောင်းတော်ကြီးကိုလည်းကောင်း၊ ကုက္ကုဋသူဌေးက ကုက္ကုဋာရုံဟူသော အမည်ဖြင့် ကျောင်းတော်ကြီးကိုလည်းကောင်း၊ ပါဝါရိကသူဌေးက ပါဝါရိကာရုံဟူသော အမည်ခံကာ ကျောင်းတော်ကြီးကိုလည်းကောင်း သူ့ထက်ငါသာ အပြိုင်အဆိုင် ဆောက်လုပ်ကြကာ ဘုရားရှင်နှင့် သံဃာတော်များ ကြွလာတော်မူကြမည့်ရက်ကို လက်ချိုး၍ စောင့်မျှော်ကြသည်။

ဘုရားရှင်နှင့် သံဃာတော်များသည် မဇ္ဈိမတိုက်ရှိ ထိုထိုမြို့ရွာများသို့ သာသနာပြုကြွရောက်တော်မူကြရာ၌ ဘုရားရှင်နှင့် သံဃာတော်များ သီတင်းသုံးရန် ကျောင်းကန်နေရာဟူသည် အခါခပ်သိမ်း အသင့်ရှိသည်မဟုတ်။ ဥယျာဉ်၊ လိုဏ်ဂူ၊ သစ်ပင်များတွင် ကျောင်းအဖြစ် သီတင်းသုံးကြရသည်များစွာရှိ၏။ နာမည်ကျော် နိဂြောဓာရုံနှင့် ဝေဠုဝန်ကျောင်းတော်တို့ပင်လျှင် ဘုရားရှင်ရောက်ရှိမှ ဆောက်လုပ်လှူဒါန်းကြသော ကျောင်းများဖြစ်သည်။

ခြေခင်းလက်ခင်းသာသည့် ဆောင်းရာသီတို့ကို ထားဦး၍ ဝါတွင်းလေးလပတ်လုံး မိုးခိုဝါကပ်ရမည့် ဘုရားရှင်၏ ဝါတော်စဉ်များ၌ပင်လျှင် ခက်ခက်ခဲခဲ ဝါကပ်သီတင်းသုံးရသည်များ ရှိသည်။ နဝမမြောက် ဝါကပ်တော်မူသော ဝေရဉ္စာတိုင်း၌ဆိုလျှင် လျှောက်ထား ပင့်ဖိတ်ပြီးသူ ဝေရဥ္စ ဗြာဟ္မဏကြီး အသေအချာရှိပါလျက် မေ့လျော့၍ နေသည်ဆိုကာ တောအုပ်အတွင်းရှိ တမာပင်ရင်း၌ပင် ဝါတွင်းချိန်ကုန်အောင် သီတင်းသုံးတော်မူခဲ့ရသည်။ အနေအထိုင် ဆင်းရဲရုံမျှမဟုတ်၊ ဆွမ်းကွမ်းကလည်း မငတ်ရုံတမည်မျှ ရှားပါးလိုက်သေးသည်။ မြင်းကုန်သည်တို့ထံမှ မြင်းစာ မုယောဆန်မျှကို အလှူခံ၍ အရှင်အာနန္ဒာက ထောင်းထုကပ်လှူ၍ မျှတခဲ့ရသည်။ တန်ခိုးတော်သခင် အရှင်မောဂ္ဂလာန်က မြေဆီကိုလှန်၍ ကပ်လှူပါမည်ဆိုသည်ကို ခွင့်မပြု။ အရှင်သာရိပုတ္တရာက မြောက်ကျွန်းမှ ဆွမ်းကိုခံ၍ ကပ်လှူပါမည်ဆိုသည်ကိုလည်း ခွင့်မပြု။ အနာဂတ်သာသနာတော် တစ်လျှောက်တွင် ငါ့သားတော်များသည် အလားတူ ဆင်းရဲ

ဒုက္ခမျိုး တွေ့ကြုံကြရဖွယ်ရှိသည်။ ယင်းသို့ တွေ့ကြုံလာသောအခါ ဘုရားရှင်ကိုစံထား၍ အားမပျက်ကြရန် စံပြတော်မူခဲ့ခြင်းဖြစ်သည်။

စိန်စီသောကျောင်းကြီး၊ ရွှေကျောင်းကြီးသည်လည်းကောင်း၊ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်သည်လည်းကောင်း၊ နတ်သုဓာသည်လည်းကောင်း၊ မြင်းစာမုယောဆန်သည်လည်းကောင်း ဘုရားရှင်နှင့် ရဟန္တာသခင်များအတွက် အကြောင်းထူးတော့သည်မဟုတ်၊ ပုထုဇဉ်များအတွက်သာ ချမ်းသာနှင့်ဆင်းရဲကို နှိုင်းယှဉ်ရခြင်းဖြစ်သည်။

ပြောလိုသည်မှာကား အနာထပိဏ်၏ ဇေတဝန်ကျောင်းတော်ကြီးကဲ့သို့ ရောက်သည်နှင့်တစ်ပြိုင်နက် တခမ်းတနားအလှူခံရသည်လည်းရှိပါ၏။ ယခုကောသမ္ဗီတွင်လည်း ဃောသက၊ ကုက္ကုဋနှင့် ပါဝါရိကတို့၏ ကျောင်းကြီးသုံးဆောင်တို့သည် ကြွလာတော်မမူမီကပင် တခမ်းတနား အဆင်သင့်ဖြစ်နေပြီ ဖြစ်လေရာ နောက်ပါ သံဃာတော်များနှင့်အတူ ဇေတဝန်ကျောင်းကဲ့သို့ပင် အလိုက်သင့် ကြွရောက်အလှူခံတော်မူရသည်။

ယင်းသို့ဖြင့် ကောသမ္ဗီတွင် သာသနာတော်အခြေတည်မိပြီဖြစ်၏။ သို့ရာတွင် သာဝတ္ထိမှာကဲ့သို့ ဖြောင့်ဖြောင့်ဖြူးဖြူးကား မရှိလှ။ ဝေဠုဝန်တွင် ဒေဝဒတ်နှင့် အဇာတသတ်တို့၏ အနှောင့်အယှက်မျိုးစုံကဲ့သို့ ကောသမ္ဗီတွင်လည်း နည်းမျိုးစုံနှင့် နှောင့်ယှက်သူများ ရှိနေသည်။ အလှကတိုးရုပ်ကို အသိုးအပုပ်ဟု ဆိုရုံမျှမက၊ ခြေဖျားနှင့်မျှပင် မထိလိုဟု ဆိုမိသောကြောင့် ဘုရားရှင်အပေါ်တွင် အခဲမကျေ ဒေါသမပြေငြိမ်းနိုင်သော ဥတေန၏ အဂ္ဂမဟေသီ မာဂဏ္ဍီပင် ဖြစ်ပေ၏။ သူ့အကြောင်း သည်နောက်ပိုင်းတွင် ပေါ်လာပါလိမ့်မည်။

ဟိမဝန္တာနှင့်နီး၍ ဟိမဝန္တာမှ ရသေ့ ရဟန်းတို့နှင့်ရင်းနှီးသော ကောသမ္ဗီပြည်သူပြည်သားတို့အဖို့ ဘုရားရှင်နှင့်သံဃာတော်များ ရောက်ရှိလာသောအခါ သောင်းသောင်းဖြဖြ ကိုးကွယ်ကြ၏။ ဆွမ်းကျွေးဆွမ်းကပ်လိုသူတို့ သူ့ထက်ငါသာ အလုအယက်ဖြစ်နေကြသည်။

ဘုရားရှင်က ဃောသိတာရုံကျောင်းတော်ကို ပင်မထားကာ ကျောင်းကြီးသုံးကျောင်းတွင် အလှည့်ထား၍ သီတင်းသုံးတော်မူသည်။ အလားတူပင် သာဝတ္ထိတွင် အနာထပိဏ်၊ ဝိသာခါတို့အိမ်များကဲ့သို့ ပင်တိုင်ကျောင်းဒကာ၊ ဆွမ်းဒကာများ ဖြစ်ကြသော သူဌေးသုံးဦးတို့ မဏ္ဍပ်များသို့ အလှည့်ပေး၍ အလှူခံတော်မူရသည်။ ထို့ကြောင့် ဘုရားရှင်နှင့် သံဃာတော်များကို ဆွမ်းလှူလိုသူများအဖို့ ပင်တိုင်ဒကာများ ဖြစ်သော သူဌေးများထံ ခွင့်တောင်း၍ လှူဒါန်းကြရသည်။

နံနက်ခင်းများတွင် ကောသမ္ဗီ၏ လမ်းမကြီးများအပေါ်၌ သက်နိုးတော်ရောင်တို့ဖြင့် ဖုံးလွှမ်း၍ ညီညာသေသပ်သောအဆင်များဖြင့် ကြွေရရကြွလာသော ရဟန်းတော်များကို တွေ့မြင်ကြရသူတိုင်းအဖို့ သူထက်ငါ သဒ္ဓါတရား တက်ကြွကြသည်။ ယခင်က မိမိတို့ကိုးကွယ်ခဲ့သော ရသေ့ဆရာတို့ကို ရဟန်းတော်များအဖြစ်၊ ယခင်ထက်ပိုလွန်သော ကျွန်ုပ်ဩဃာသိက္ခာတို့ဖြင့် ဖူးတွေ့ရသောကြောင့်လည်း သဒ္ဓါတရား တက်ကြွကြသည်။

## ပန်းကုန်သည် ဒေါ်သုမန

ဤတွင် ဒါယိကာမတစ်ဦးဖြစ်သော သုမန ပန်းသည်အဖို့ ဆွမ်းကျွေးရန် တစ်ရက် အခွင့်ရလာသောကြောင့် ပန်းသည်ဖြစ်သည့်အတိုင်း မိမိတို့အိမ်တွင် ဆွမ်းကျွေးရန်နေရာကို ပန်းများဖြင့် အစွမ်းကုန်ပြင်ဆင်သည်။ ကောသမ္ဗီသို့ ဘုရားရှင်နှင့် သံဃာတော်များ ရောက်ရှိလာသည့်အချိန်မှစ၍ ပန်းများဖြင့်ပူဇော်ရန် အလုအယက် ဝယ်ယူကြသောကြောင့် သုမနပန်းသည်အဖို့ လက်မလည်အောင်ရောင်းချခဲ့ရသည်။ ထို့ကြောင့် မိမိဆွမ်းကျွေးပွဲအလှည့်သို့ ရောက်သောအခါ သူတကာထက်သာအောင် ပန်းများဖြင့် အစွမ်းကုန် ပူဇော်ရန် ပြင်ဆင်သည်။

ပန်းသည် လူတိုင်းနှစ်သက်သော ကမ္ဘာသုံးအလှဆင်ပစ္စည်းဖြစ်ပါ၏။ သို့ရာတွင် ပန်းကိုအသုံးပြုရာ၌ မဇ္ဈိမတိုက်သားတို့ကပိုလွန်းသည်။ မင်းပွဲစိုးပွဲမှအစ ပြည်သူတို့၏ ပွဲမှန်သမျှတွင် အယုတ်ဆုံးအားဖြင့် အမင်္ဂလာပွဲများအထိပင် ပန်းဖြင့်ဝေဝေဆာဆာ ဆင်ယင်ကျင်းပကြမြဲဖြစ်သည်။ အိမ်, မဏ္ဍပ်စသည်တို့တွင် ဆင်ယင်ရုံမျှမဟုတ်၊ ပန်းကို ရတနာတစ်ခုအဖြစ်သတ်မှတ်၍ ဦးခေါင်း၊ ရင်ဘတ်မျှတွင်သာမက တတ်နိုင်လျှင် တတ်နိုင်သလောက် တစ်ကိုယ်လုံးကိုပင် လွှမ်းဖုံးဆင်ယင်လေ့ရှိကြသည်။ ထို့ကြောင့် ပန်းကောင်းပန်းမွှန်တို့ဖြင့် ကိုယ်တွင်းကိုယ်ပတို့တွင် သူထက်ငါ သာအောင်ဆင်ယင် ဝတ်ဆင်နိုင်ကြခြင်းသည် မဇ္ဈိမသားတို့အဖို့ ဂုဏ်ထူးတစ်ရပ်ပင်ဖြစ်၏။

သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါ၏ ကျောင်းရေစက်ချပွဲတွင် ပန်းကြိုက်သော ဝိသာခါတို့က ပန်းများဖြင့်သွန်၍ ဆင်ယင်ပူဇော်ကြသည်ကို အကြောင်းပြု၍ ဘုရားရှင်က ပန်းကိုပင်ဥပမာထားကာ တရားတစ်ပုဒ်ပြုလုပ်၍ ဟောတော်မူပုံကို ဗုဒ္ဓစာပန်းချီ 'စိန်ဒေါင်းပျံ' ဝတ္ထုတွင် ဖတ်ရှုကြရမည်ဖြစ်၏။

ဒေါ်သုမနကား မင်းသုံးစိုးသုံး၊ ဘုရင့်နန်းတော်နှင့်တကွ ကောသမ္ဗီ မျက်နှာကြီး ဂုဏ်ကြီးရှင်များသို့ နေ့စဉ် ဆက်သွင်းနေသော ထိပ်တန်းပန်းကုန်သည်ကြီးဖြစ်သည်။ အထူးသဖြင့် ပန်းနှင့်ဆက်ဆံသော မိဖုရားများ၊ အမျိုးသမီးများနှင့်ဆက်ဆံရသော ပန်းသည်ဖြစ်၏။

## ဒေါ်ခုဇ္ဇုတ္တရာ

ဥတေနဘုရင်၏ မိဖုရားများအနက် သာမာဝတီအတွက် ဒေါ်သုမနထံမှ နေ့စဉ် ပန်းဝယ်၍ ဆက်သရသူမှာ သာမာဝတီ၏အထိန်းတော်ကြီး ဒေါ်ခုဇ္ဇုတ္တရာ ဖြစ်၏။ ထိုနေ့က ဒေါ်ခုဇ္ဇုတ္တရာသည် ဒေါ်သုမနအိမ်သို့ ထုံးစံအတိုင်း ပန်းဝယ်ရန် ရောက်လာသောအခါ အခါတိုင်းကဲ့သို့ ခင်းကျင်းထားသော ပန်းဆိုင်ပုံစံကို မတွေ့ရဘဲ အလှူမဏ္ဍပ်ကဲ့သို့ တစ်အိမ်လုံးကို ပန်းများဖြင့်ဆင်ယင်ထားသည်ကို တွေ့ရသည်။

"ဒီနေ့တော့ ပန်းမရနိုင်တော့ဘူး ဒေါ်ခုဇ္ဇုတ္တရာ၊ ဘုရားရှင်နဲ့ သံဃာတော်များကို ဆွမ်းကျွေးမှာမို့ ရှိသမျှပန်းများကို အလှူအတွက်ပဲ ပူဇော်ထားတယ်" ဟူသော စကားဖြင့် ဒေါ်သုမနက ဆီးကြိုသည်ကိုလည်းကြားရသည်။

"နေ့တိုင်းဆက်နေကျကို ပန်းမရလို့တော့ ဘယ်ဖြစ်မလဲ မယ်သုမနရဲ့"

"ဒီလိုဆိုလည်း ကြည့်သေးတာပေါ့။ ဘုရားရှင်တို့ အခုပဲ ကြွရောက်လာကြပါလိမ့်မယ်။ ကျုံတုန်း တရားလေးဘာလေးလဲ နာသွားပါလား။ ဆွမ်းကျွေးတရားနာပြီးလို့ ဘုရားရှင်တို့ကြွသွားတဲ့အခါကျမှ ပိုသမျှပန်းကို ယူသွားကြတာပေါ့"

"အကောင်းသားပဲ"

ကောသမ္ဗီသို့ ဘုရားရှင်ကြွရောက်လာမည်ဟူသောသတင်းကို ကြားသိရကတည်းက ဒေါ်ခုဇ္ဇုတ္တရာအဖို့ ဝမ်းမြောက်ခဲ့ရသည်မှာ အမှန်ဖြစ်သည်။ သို့ရာတွင် နန်းတော်သူတစ်ဦးဖြစ်သည့်အတိုင်း ပြည်သူတို့နှင့်မနီးစပ်၊ မလွတ်လပ်ခဲ့သောကြောင့် အမှတ်မဲ့သာနေခဲ့ရသည်။ ယခုသော် မခေါ်ပင့်ချေ ဆိုသလို ကြုံကြိုက်လာသောကြောင့် ဘုရားရှင်အား ဖူးမြော်ရန်၊ တရားနာရန် ဝမ်းမြောက်ဝမ်းသာ သဘောတူလိုက်လေသည်။

စင်စစ်သော် ယနေ့အလှူမှာ ဒေါ်သုမန၏ အလှူဖြစ်သော်လည်း ဘုရားရှင်၏ တရားပွဲမှာမူ ဒေါ်ခုဇ္ဇုတ္တရာ၏ တရားပွဲဟုပင်ဆိုရမည်ဖြစ်၏။ အကြောင်းမှာ ဆွမ်းအနုမောဒနာနှင့် ဘုရားရှင်၏တရားတော်ကို ကြားနာရသောအခါ ဒေါ်ခုဇ္ဇုတ္တရာအဖို့ တရားထူးအရှင် သောတာပန်အဖြစ်သို့ ဆိုက်ရောက်သွားသောကြောင့်ပေတည်း။

ဘုရားရှင်နှင့် သံဃာတော်များကြွသွားသောအခါ ဒေါ်ခုဇ္ဇုတ္တရာအဖို့ တရားပီတိဖြင့် နစ်မျောကာ အကြိမ်ကြိမ်ဦးနှိမ်၍ ကျန်ခဲ့သည်။ ဒေါ်သုမနအလှူမှ အကြောင်းပြု၍ တရားထူးရလာသောကြောင့် ဒေါ်သုမနအားလည်း ကျေးဇူးစကား အကြိမ်ကြိမ် ပြောကြားသည်။

"မယ်သုမနကြောင့် ဘုရားရှင်ကိုလဲ ဖူးမြော်ရ၊ တရားတော်ကိုလဲနာယူရလို့ ကျေးဇူးတင်ပါတယ် မယ်သုမန။ ပန်းတွေလဲ အများကြီးပိုနေပါသေးတယ်။ ဒီနေ့တော့ ရှစ်သပြာဖိုး ရောင်းလိုက်ပါတော့"

ဥတေနဘုရင်က သာမာဝတီအဖို့ တစ်နေ့အတွက် သတ်မှတ်ပေးထားသော ပန်းဖိုးမှ ရှစ်သပြာဖြစ်၏။ ထို့ကြောင့် ရှစ်သပြာဖိုး အမည့်ခံကာ ဒေါ်ခုဇ္ဇုတ္တရာက နေ့စဉ်ပန်းဝယ်၍ ဆက်သရသည်။ အမှန်အားဖြင့် ဒေါ်ခုဇ္ဇုတ္တရာသည် မိမိအတွက် လေးသပြာကို ကဲ့ဝှက်၍ လေးသပြာဖိုးသာ နေ့စဉ် ဝယ်လှူဆက်သွင်းခဲ့သည်။ တရား မရှိသော မင်းမှုထမ်းတို့၏ ဖြတ်စားလျှပ်စား အကျင့်အကြံတစ်ရပ်အတိုင်းပင် ပြုလုပ် ခဲ့မိ၏။

ယခုသော် တရားရှင်ဖြစ်လာသည့်အတိုင်း မရိုးမသားပြုလုပ်လိုစိတ် လုံးဝ မရှိတော့။ ထို့ကြောင့် ရှစ်သပြာဖိုး အပြည့်ပင်ဝယ်ယူခဲ့သည်။ ဒေါ်သုမနကလည်း ရှစ်သပြာဖိုးမျှမက ပန်းကောင်းပန်းမွန်များကို အခါတိုင်းထက် ရွေးချယ်၍ ပိုပိုမိုမို ပေးလိုက်သည်။

နံနက်ချိန်တိုင်း ပန်းနှင့်ဒေါ်ခုဇ္ဇုတ္တရာကို ကြိုဆိုလျက်ရှိသော သာမာဝတီတို့ အဆောင်သို့ ဒေါ်ခုဇ္ဇုတ္တရာ ရောက်လာသောအခါ နေ့တိုင်းနှင့်မတူ ပန်းတွေ တစ်ပွေ့ တစ်ပိုက်ကြီးနှင့် တွေ့ရ၍ ဝမ်းမြောက်ကြသည်။ ပန်းနှင့်အမျိုးသမီးဆိုသည်မှာ သဘာဝ ဓာတ်ကြိုက်ဖြစ်၍ ပန်းကိုတွေ့လျှင် အမျိုးသမီးတိုင်း ရွှင်မြူးမြဲဖြစ်သည်။ ယူလာသော ပန်းများကို အလှအပသီကုံးပြင်ဆင်၍ သာမာဝတီသို့ ဆက်သကြရသည်။ အကြွင်း အကျန်များကို အခြွေအရံတို့ ဝေငှ ဆင်ယင်ကြသည်။

## မိဖုရားသာမာဝတီ

ယနေ့အဖို့ ပန်းတွေများလာ၍သာ ထူးခြားသည်မဟုတ်၊ ဒေါ်ခုဇ္ဇုတ္တရာကိုယ်တိုင်ကလည်း အခါတိုင်းနှင့်မတူ ကြွေရရနှင့် မြူးမြူးကြွကြွ မရှိလှသည်ကို တွေ့ကြရသည်။ထို့ကြောင့် သာမာဝတီက ပန်းသီကုံးပြင်ဆင်နေသော ဒေါ်ခုဇ္ဇုတ္တရာသို့ "ဘယ်လိုလဲ ခုဇ္ဇုတ္တရာ၊ ဒီနေ့ ပန်းတွေမများစဖူး များလှချည်လား၊ အခါတိုင်းထက်လဲ ပန်းဆက် နောက်ကျတယ်။ ပန်းတွေရွေးနေရလို့ ထင်ပါရဲ့"ဟု စကားစပ်အဖြစ် မေးမြန်းလိုက်သည်။

ဒေါ်ခုဇ္ဇုတ္တရာသည် အခြွေအရံအစေခံမတစ်ဦးမျှပင် ဖြစ်သော်လည်း သာမာဝတီကိုယ်တိုင်ကရော အခြားအခြွေအရံအများကပါ သက်ညှာဦးစားပေး လေးစားကြသည်။ အမိ၊ အစ်မသဖွယ် သဘောထားကြသည်။ အကြောင်းမှာ ဒေါ်ခုဇ္ဇုတ္တရာသည် အမြော်အမြင်ရှိသူ၊ ဗဟုသုတများသူဖြစ်၍ သူတို့ကို အခွင့်ကြုံတိုင်း ဆုံးမသွန်သင်သူဖြစ်သည်။ ခါးကလည်း အနည်းငယ်ကုန်းနေရှာ၍ သက်ညှာကြသည်။ အမှန်သော် သာသနာတော်အတွက် ထူးခြားသော ဘဝပါရမီရှင်တစ်ဦးပင် ဖြစ်လေသည်။

သူ့ခမျာ တစ်ချိန်တစ်ဘဝက ခါးကုန်းသော ရဟန်းတော်တစ်ပါးကို ပြောင်လှောင်ခဲ့မိသော အကုသိုလ်ကြောင့် အစေခံဘဝ၊ ခါးကုန်းသူဘဝသို့ ရောက်နေရရှာသူဖြစ်သည်။

''မှန်ပါတယ်သခင်မ။ ဒီနေ့ သုမနပန်းသည်အိမ်ရောက်တော့ ဘုရားရှင်ကို ဆွမ်းကျွေးနေတာနဲ့ကြုံလို့ ဘုရားဖူးတရားနာရင်း စောင့်နေရလို့ နောက်ကျသွားရပါတယ်။ ကောသမ္ဗီကို ဘုရားရှင်ကြွရောက်လာတဲ့သတင်း ကြားနေရတာ အတော်ကြာပါပြီ။ ဒီနေ့မှပဲ ဖူးတွေ့ရပါတယ်။ အဆင်းတော်ရော အသံတော်ပါ အင်မတန်ကိုထူးထူးခြားခြား ကြည်ညိုဖွယ်ကောင်းတဲ့ ဘုရားရှင်ပါပဲ''

''ဒီ့ထက်ထူးခြားတာကတော့ ဘုရားရှင်ရဲ့တရားတော်ပါပဲ။ တစ်သက်နဲ့ တစ်ကိုယ် ဘယ်တုန်းကမှမကြားဖူး၊ မနာဖူးခဲ့တဲ့ တရားထူးတရားမြတ်ကို ကြားနာခဲ့ရ ပါတယ်''

''ပန်းတွေများနေတာကတော့ ကျွန်မအမှန်အတိုင်းဖွင့်ထုတ် လျှောက်ထား ပါမယ်။ သခင်မရဲ့ပန်းဖိုး ရှစ်သပြာမှာ အခါတိုင်းဆိုရင် လေးသပြာဖိုးသာဝယ်ပြီး လေးသပြာကိုတော့ ကဲ့ဝှက်ထားခဲ့မိပါတယ်။ ဒီနေ့တော့ ဘုရားရှင်ရဲ့တရားတော်ကို နာယူရလို့ မကဲ့ မဝှက်ဝံ့တော့ပါဘူး။ ကဲ့ဝှက်ခွင့်လဲ မရှိတော့ပါဘူး။ ရှစ်သပြာဖိုးလုံး ဝယ်ယူခဲ့လို့ ပန်းတွေများနေတာပါသခင်မ''

ဤလျှောက်တင်ချက်ကြောင့် သာမာဝတီရော အခြွေအရံအားလုံးပါ အံ့အား သင့်သွားကြရသည်။ မိမိအပြစ်ကို ဖွင့်ထုတ်ဝန်ခံဝံ့သော သတ္တိကြောင့်ဖြစ်သော်လည်း မင်းဒဏ်ထိနိုင်သောကြောင့်ဖြစ်သည်။ သာမန်ပြစ်ဒဏ်မျှမက အသက်သေသော်ပင် သေစေရ၊ အကျင့်သိက္ခာအပေါ်၌ အသက်နှင့်လဲ၍ လေးစားလုံခြုံပြီးဖြစ်သော တရားရှင်၏ သတ္တိကိုမူ သူတို့မသိကြ။

သို့ရာတွင် ခုဇ္ဇုတ္တရာအပေါ်တွင် လေးစားပြီးဖြစ်သော သာမာဝတီက ပြုခဲ့ပြီးသော အပြစ်အတွက် တစ်စုံတစ်ရာမပြော၊ မျက်နှာမျှပင်မပြောင်းလဲဘဲ ဘုရားရှင်နှင့် ဘုရားရှင်၏တရားတော်ဟူသောစကားကို ကြားလိုက်ရသည်ဆိုလျှင်ပင် သဒ္ဓါစိတ်ထား နိုးကြား၍လာကာ ''ဘုရားရှင်ရဲ့ အဲဒီတရားတော်ကို ငါတို့ကိုပြန်လည် ဟောပြပါလား ခုဇ္ဇုတ္တရာ''ဟု တောင်းဆိုလိုက်သည်။

''ဟောပြဖို့က မခက်ပါဘူး၊ နာယူဖို့ကတော့ ခက်ပါတယ်အရှင်မ''

''ဘယ်လိုခက်တာလဲ ခုဇ္ဇုတ္တရာ''

''ဘုရားရှင်ရဲ့တရားတော်ဆိုတာ လောကီနယ်ပယ်မှလွတ်မြောက်ရာဖြစ်လို့ အင်မတန်မြင့်မြတ်ပါတယ်။ တရားတော်ကို ထားဦးတော့၊ ဘာမဟုတ်တဲ့ လောကီပညာ တစ်စုံတစ်ရာကို ကြားနာသင်ယူမယ်ဆိုရင်တောင် သင်ကြားပြသသူက ဆရာ၊ ကြားနာခံ

ယူသူက တပည့်ဖြစ်လို့ ရိုရိုသေသေနာယူရပါတယ်။ ဒီတော့ ဘုရားရှင်ရဲ့တရားတော်ကို ဟောကြားဖို့မှာ မြင့်မြတ်တဲ့နေရာက ဟောကြားမှ ဖြစ်မှာမို့ပါ''

''မခက်ပါဘူး ခုဇ္ဇုတ္တရာ။ လောကထုံးစံဆိုတာ ခက်ချင်ရင် ခက်နေတာပဲ။ အခုတရားတော်ကို နာယူဖို့ကိစ္စမှာ ငါတို့က နိမ့်သောနေရာမှ နာယူပါ့မယ်။ ခုဇ္ဇုတ္တရာက မြင့်မြတ်သောနေရာမှ ဟောကြားဖို့ အခုပဲ ပြင်ဆင်လိုက်ပါမယ်''

''ကောင်းပါပြီအရှင်မ''

သို့နှင့် ခုဇ္ဇုတ္တရာ တရားဟောရန်အတွက် သာမာဝတီ၏ ဩောင်စောင်းကို တရားပလ္လင်အဖြစ် သပ်သပ်ရပ်ရပ် ပြင်ဆင်လိုက်ကြသည်။ ခုဇ္ဇုတ္တရာက ချက်ချင်း မဟောသေး။ လန်းဆန်းသန့်ရှင်းရန်အတွက် နံ့သာအမွှေးအထုံတို့ဖြင့် ရေချိုးလိုက်သေးသည်။ ထို့နောက်တွင်မှ ယောဂီမယ်ကြီးတစ်ဦးကဲ့သို့ ဣန္ဒြေရှိသော အဝတ်အဆင်တို့ကို ကြည်ညိုဖွယ်ရာပြင်ဆင်၍ တရားပလ္လင်တွင် ပျပ်ဝပ်စွာထိုင်လိုက်သည်။ သာမာဝတီနှင့် အခြွေအရံများက ပလ္လင်ရှေ့တွင် ရိုသေစွာထိုင်ကြ၏။

''ကဲ၊ ရိုရိုသေသေ ရှိခိုးနားယူကြပေတော့။ ကျွန်မရဲ့ခန္ဓာကိုယ် ပဋ္ဌကဒြပ်ကို ရှိခိုးတာ မဟုတ်ပါဘူး။ တရားတော်ကို ရှိခိုးပူဇော်တယ်လို့ အာရုံကပ်ပြီး နာယူကြပေတော့''

ထို့နောက်တွင်မူ ဘုရားရှင်အထံတော်မှ ကြားနာခဲ့ရသော တရားတော် အစဉ်အတိုင်း သာယာနာပျော်ဖွယ်သော အသံဖြင့် ဟောကြားလိုက်ရာ တရားတော် အဆုံးတွင်ပင် ဖြစ်ပေါ်လာသော အဖြေမှာကား သာမာဝတီနှင့်တကွ အခြံအရံ အားလုံးပင်လျှင် ခုဇ္ဇုတ္တရာကဲ့သို့ပင် သောတာပန်အဆင့်သို့ ရောက်ရှိသွားကြခြင်း ဖြစ်သတည်း။

ထို့ကြောင့် တရားပွဲပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ခုဇ္ဇုတ္တရာ ရာထူးတက် သွားသည်။ အကြောင်းမှာ ခုဇ္ဇုတ္တရာအား အခြွေအရံအစေခံအဖြစ်မှ ကျွတ်လွတ်စေ၍ နန်းဆောင်တစ်ခုလုံး၏ မိခင်နေရာ ဆရာအဖြစ်သို့ တင်မြှောက်လိုက်ခြင်းပင်ဖြစ်၏။

သာမာဝတီကိုယ်တိုင်ကပင် ''ကဲ ခုဇ္ဇုတ္တရာရေ၊ ဒီနေ့ ဒီအချိန်ကစပြီး ခုဇ္ဇုတ္တရာဟာ ငါတို့ရဲ့ အခြွေအရံအစေခံဘဝက ကျွတ်လွတ်စေလိုက်ပြီ။ ငါတို့ရဲ့ ဆရာနေရာ၊ မိခင်နေရာမှာနေပြီး ငါတို့ကို ဆုံးမပေတော့။ နန်းတွင်းအမှုကိစ္စ မှန်သမျှ ဘာမှ မလုပ်နဲ့တော့။ မိခင်လုပ်ရမယ့် အလုပ်ကတော့ ကောသမ္ဗီအတွင်း ဘုရားရှင် တရားဟောလေရာ နေရာတိုင်းကိုအရောက်သွား ကြားနာပြီး အခုလိုပဲ ငါတို့ကို ပြန်လည်ဟောပြပေတော့''

တရားတော်၏ အကျိုးဆက် အခွင့်ထူးပင်ဖြစ်၏။ သို့ရာတွင် ထူးခြားသော ပါရမီရှင် ဒေါ်ခုဇ္ဇုတ္တရာအဖို့ အကျိုးဆက်မှာ ဤမျှမကသေးပေ။

သာမာဝတီ၏ အစီအစဉ်မှာ တရားရှင် မိမိအဖို့ အထူးလိုလားသော အစီအစဉ်ပင် ဖြစ်ပေသည်။ ဘုရားရှင် ကြွရောက်တော်မူလေရာသို့ မပြတ်သွားရောက် ဖူးတွေ့ရသည်။ တရားတော်ကို မပြတ်ကြားနာရသည်။ ကြားနာပြီးသမျှ တရားတော် မှန်သမျှကို သာမာဝတီသို့ တစ်လုံးမကျန် ပြန်လည်ဟောပြနိုင်စွမ်းရှိသည်။ အကြောင်းမှာ ဒေါ်ခုဇ္ဇုတ္တရာသည် တရားတော်ကို တစ်ကြိမ်ကြားနာရုံမျှဖြင့် တစ်လုံးမကျန် ပြန်လည် မှတ်မိနိုင်စွမ်းရှိသော ဉာဏ်ထူးရှင် ပါရမီရှင် ဖြစ်သည်။

ယင်းသို့ဖြင့် ဘုရားရှင်၏ တရားတော်ကို ကြားနာရသောအချိန်တွင်ကား ဘုရားရှင်က ဒေါ်ခုဇ္ဇုတ္တရာအပေါ်တွင် ထူးခြားသော မိန့်ခွန်းတော်ဖြင့် သီးခြား သတ်မှတ် ချီးကျူးတော်မူလိုက်သည်ကို ထူးထူးခြားခြား ကြုံတွေ့လာရ၏။ ယင်းသည်ကား ဘုရားရှင်က "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဗဟုဿုတာနံ ဓမ္မ ကထိကာနံ ယဒိဒံ ခုဇ္ဇုတ္တရာ = ချစ်သား ရဟန်းတို့၊ ငါဘုရား၏ တပည့်မ ဖြစ်ကုန်သော၊ များသော အကြားအမြင်ရှိကုန်သော၊ တရားဟောတတ်ကုန်သော တပည့်ဒါယိကာမတို့တွင် ဤခုဇ္ဇုတ္တရာသည် အမြတ်ဆုံး၊ အတော်ဆုံး ဖြစ်ပေ၏" ဟူသော ဧတဒဂ်စကား မိန့်ကြားတော်မူလိုက်ခြင်းပင် ဖြစ်ပေသည်။

ယင်းသို့ဖြင့် ခုဇ္ဇုတ္တရာသည် ဧတဒဂ်ဘွဲ့ထူးရ ရှားရှားပါးပါး အမျိုးသမီး ဆယ်ဦးအနက် တစ်ဦးအပါအဝင် ဖြစ်လာသည်။ ဤမျှမက ယင်းအမျိုးသမီး ဆယ်ဦးအနက် ခုဇ္ဇုတ္တရာက သာမာဝတီတို့ကို ပြန်လည်ဟောပြသော တရားတော် များမှာ "ဣတိ၊ ဤသို့၊ ဝုတ္တံ၊ ဘုရားရှင် ဟောတော်မူအပ်၏" ဟု ဣတိဝုတ္တက ပါဠိတော် အမည်ဖြင့် ပဋိကတ်တွင် စာတင်ခံလာရသော ထူးထူးခြားခြား ဧတဒဂ်ရှင် ပညာရှင်အဖြစ် သာသနာတော်တွင် ထင်ရှားသူဖြစ်လာသည်။

ယင်းဆယ်ဦးအနက် သူ့သခင် သာမာဝတီသည်လည်း မေတ္တာအရှင်၊ သူတစ်ပါးအပေါ်၌ မေတ္တာထားရာ၊ မေတ္တာဓာတ်စေလွှတ်ရာ၌ သူတကာထက် ထူးကဲ သောကြောင့် မေတ္တာစိတ်ဓာတ်သခင် ဧတဒဂ်အရှင်တစ်ဦးပင် ဖြစ်လာသည်။ ဤအကြောင်းမှာ သူ့ဆိုင်ရာအခန်းတွင်မှ ပေါ်ပေါက်လာမည်ဖြစ်၏။

## ပြတင်းပေါက်များ

ထူးခြားသော တရား၊ ထူးခြားသော စာပေတို့ကို ကြားနာဖတ်ရှုရသောအခါ ထိုတရားရှင် စာပေအရှင်အား တွေ့မြင်လိုခြင်းမှာ လူသတ္တဝါတို့၏ ဆန္ဒဓာတ်တစ်မျိုးပင် ဖြစ်၏။

သာမန်တာရားရှင်မျှမဟုတ်၊ အရိယာနွယ်ဝင် သူတော်စင်ဖြစ်လာသော သာမာဝတီတို့အဖို့ ဘုရားရှင်အား ဖူးမြော်လိုသော စိတ်ဓာတ်များ တဖျပ်ဖျပ် ဖြစ်ပေါ်လာကြသည်။ သို့သော် သာမန်အရပ်သူတစ်ယောက် မဟုတ်တော့သော သာမာဝတီအဖို့ ဘုရင်ခွင့်မပြုလျှင် ပြင်ပသို့ ထွက်ခွင့်မရသောကြောင့် ဘုရားရှင်ကို ဖူးမြော်ခွင့်ရရန်မှာ အခက်အခဲကြီး ဖြစ်နေရပေ၏။

ထို့ကြောင့် ဘုရားရှင်ကို ဖူးမြော်ခွင့်ရရန်အတွက် ပညာရှင် ခုဇ္ဇုတ္တရာသို့ အကြံတောင်းသောအခါ ခုဇ္ဇုတ္တရာက ''ရေမြေ့ရှင်ဘုရင်မင်းမြတ်က ခံချက်တစ်မျိုး ဖြစ်နေတော့ ဘုရားရှင်နဲ့ သံဃာတော်များကို နန်းတော်ကိုပင့်ပြီး ဆွမ်းကျွေး၊ တရားနာရင်း ဖူးမြော်ဖို့တော့ ဖြစ်မှာမဟုတ်ဘူး။ ကျောင်းတော်နဲ့ မြို့ထဲကိုထွက်ပြီး ဖူးမြင်ဖို့ဆိုတာက သာပြီးခက်သေးတယ်။

''ဒီတော့ အဖြစ်နိုင်ဆုံးနည်းလမ်းကို ကျွန်မ အကြံပြုချင်တာကတော့ ဘုရားရှင်နဲ့ သံဃာတော်များဟာ ဃောသိတာရုံကျောင်းတော်က မြို့တွင်းကို ထွက်ကြွတော်မူလာတိုင်း ကျွန်မတို့ အဆောင်နံ့ဘေး လမ်းမက ထွက်ကြွတော်မူကြပါတယ်။ အဲဒီတော့ လမ်းမဘက်က အဆောင်နံရံကို ပြတင်းပေါက်တွေဖောက်ပြီး ဘုရားရှင်ကြွလာတဲ့အခါ လှမ်းမျှော်ဖူးမြင်ဖို့တော့ ဖြစ်နိုင်ပါလိမ့်မယ်''ဟု လျှောက်ထား အကြံပေးသည်။

## ဘုရင် ဥတေန

ဤနေရာတွင် ကိုးကွယ်မှုဆိုင်ရာ ဘာသာရေး ခံယူချက်အပေါ်၌ ဥတေနဘုရင်၏ သဘောထားကို စဉ်းစားကြည့်ဖို့ လိုသည်။

ဥတေနဘုရင်သည် တောတွင်းခေါင်ခေါင်တွင် မွေးဖွား၍ အများအားဖြင့် တိရစ္ဆာန်များနှင့် တောပတ်ဝန်းကျင်ကိုသာ အဖော်ပြုကာ ကြီးပြင်းလာရသူဖြစ်ပေရာ ကိုယ်ခန္ဓာထွားကျိုင်း ကြံ့ခိုင်သလောက် အတွေးအမြင် အယူအဆမှာ ရိုးရိုးစင်းစင်းသာ ဖြစ်သည်။ လူအဖော်ဟူ၍ သူ့မိခင် ကေသနိမိဖုရားနှင့် တရားအလုပ်နှင့်သာနေသော အလ္လာကပ္ပရသေ့ကြီးတို့သာ ရှိခဲ့သည်။

ကောသမ္ဗီမိဖုရား သူ့မိခင်ကို ငှက်ဆင်ချီသွား၍ တောတွင်း ညောင်ပင်ကြီး ပေါ်တွင် သူ့ကို မွေးဖွားခဲ့သည်။ အလ္လာကပ္ပရသေ့က သူတို့ကို ကယ်တင်ကျွေးမွေး ထား၏။ မြို့ရွာနှင့် ဝေးလံလှသော တောကြီးမြက်မည်းအတွင်း၌ တစ်ဖက်တွင် တရားရှင်ရသေ့၊ တစ်ဖက်တွင် လူမမယ် သားငယ်ကလေးနှင့် မိုတွယ်ခိုကိုးရာမဲ့သော သူ့မိခင်အဖို့ တရားရှင်ရသေ့ကိုပင် မာယာဖြင့် ဖြားယောင်းသိမ်းသွင်းကာ အဖော်လုပ် အားပြုခဲ့ရသည်။ ထို့ကြောင့် ဥတေနအဖို့ အလ္လာကပ္ပရသေ့ကိုပင် ဒုတိယဖခင်အဖြစ် ဘထွေးတော်ခဲ့ရပုံများကို ဗုဒ္ဓစာပန်းချီ ''မာယာရှင်'' ဝတ္ထုဖြင့် ဖော်ပြခဲ့ပြီးပေပြီ။

ဘထွေးတော် အလ္လာကပ္ပရသေ့ဟူသည် ဘုရင်တစ်ပါး ဖြစ်ခဲ့သော မင်းမျိုးပင် ဖြစ်၍ အမျိုးအနွယ်အားဖြင့် နှစ်သိမ့်ခဲ့ရပါ၏။ ဘထွေးထံမှ ထူးခြားသော ဟိတ္တိကန္တ မန္တရားနှင့် စောင်းကို ရရှိကာ ဘထွေး၏အစီအစဉ် အကြံဉာဏ်ဖြင့် ကောသမ္ဗီထီးနန်းကို အမွေဆက်ခံ ရရှိခဲ့သောကြောင့် ကျေးဇူးကြီးလှသည် မှန်ပါ၏။ သို့ရာတွင် ရသေ့ ရဟန်း ဆိုသူများသည် တရားရှင်ဖြစ်မချည်း၊ သူမိခင်ကဲ့သို့သော ဝိသဘာဂအာရုံနှင့် ကြုံလာသောအခါ ဖောက်ပြန်ပြောင်းလဲတတ်သည့် သဘောကိုမူ ဖွင့်၍ပင် မပြော သော်လည်း စိတ်ထားမရှင်း ရှိခဲ့ရသည်။

ထို့ကြောင့်ပင် မိမိတုရင်ဖြစ်လာသောအချိန်၌ ရသေ့ရဟန်း ဆိုသူများ အပေါ်တွင် ဘာသာလဝါ အမှတ်မဲ့ဖြင့်သာ နေခဲ့သည်။ ပြင်ပမှ လာရောက်ခစား ကြရသော ယောသက စသည့် အခြွေအရံများအဖို့ ပြင်ပတွင် မိမိတို့နှစ်သက်သလို ရသေ့ ရဟန်းများအပေါ်တွင် ကိုးကွယ်မှု ပြုနိုင်ကြသော်လည်း နန်းတော်အတွင်း၌မူ ရသေ့ရဟန်းတို့နှင့် ဆက်စပ်မှု ကင်းရှင်းကြရသည်။

ထို့ကြောင့် ခုဇ္ဇုတ္တရာ၏ အကြံပေးချက်အရ ပြတင်းပေါက်များကို အခွင့်အမိန့် မယူဘဲ ဖောက်လိုက်ခြင်းသည် ရာဇဝတ်မှုတစ်ခုကို ကျူးလွန်သည့်ပမာ ဖြစ်ခဲ့ရသည်။ ဤနေရာတွင် ဘုရားသခင်အပေါ်၌ ရန်ငြိုးရှင် မာဂဏ္ဍီမိဖုရား၏ အကွက်ဝင်လာ၏။

## မာဂဏ္ဍီလာပြီ

စပ်စုသော မာဂဏ္ဍီသည် သာမာဝတီ၏အဆောင်တွင် ပြတင်းပေါက်များ ဖောက်ထား သည်ဟူသော သတင်းကို ကြားရသောအခါ ကိုယ်တိုင် သွားရောက် ကြည့်ရှုသည်။ ပြတင်းပေါက်များကို တွေ့မြင်၍ အကျိုးအကြောင်းကို မေးလိုက်သောအခါ သာမာဝတီ တို့က ဘုရားရှင်နှင့် သံဃာတော်များကို လှမ်းမျှော်ဖူးမြင်နိုင်ရန်အတွက် ဖောက်ကြောင်း ရိုးရိုးသားသားပင် ပြန်လည်ပြောကြားသည်။ သောတာပန်ဟူသည် ရိုးရိုးစင်းစင်းသာ ပြောကြားရိုးဖြစ်သည်။ ပရိယာယ်မာယာလှည့်ပတ်ပြောဆိုမှု သာထေယျမရှိ။

ဘုရားရှင်ကို ဖူးမြော်ရန်ဟူ၍ ဘုရားရှင်ဟူသော အသံကို ကြားလိုက်ရသော မာဂဏ္ဍီအဖို့ ဆတ်ဆတ်ခါသွားသည်။ ဘုရားရှင်တဲ့လား။ သာမာဝတီတို့ဟာ ဘုရားရှင် ဆိုသူ၏ ဘက်တော်သား အလုပ်အကျွေးတွေပါကလားဟု သာမာဝတီတို့ကိုပါ ရန်ငြိုး ဖွဲ့လိုက်သည်။ ဥတေနဘုရင်ထံ ချက်ချင်းသွား၍ ကုန်းတိုက်သည်။ သာမာဝတီတို့သည် အခွင့်အမိန့်မရဘဲ ပြတင်းပေါက်များကိုဖောက်၍ ဘုရားရှင်ဆိုသူကို ဖူးမြော်ကိုးကွယ် နေကြပါသည်ဟု သာမန်မျှမဟုတ်။ ဘုရားရှင်နှင့် ပူးပေါင်း၍ အရှင်မင်းကြီးကို လုပ်ကြံ ပါလိမ့်မည်ဟူသည်အထိ ပုံကြီးချဲ့၍ ကုန်းတိုက်သည်။

ဉတေန မယုံ။ သာမာဝတီတို့အဆောင်သို့ ကိုယ်တိုင်သွားရောက် ကြည့်ရှု၍ ပြတင်းပေါက်များကို တွေ့မြင်ရသော်လည်း တစ်စုံတစ်ရာမပြော။ မသေသပ်သော ပြတင်းပေါက်ငယ်များနေရာတွင် သေသပ်သော ပြတင်းပေါက်ကြီးများအဖြစ် တိုးချဲ့၍ပင် ဖောက်လုပ်ပေးလိုက်ပေသေးသည်။ အကြောင်းမှာ ဘုရင်ဉတေနသည် သာမာဝတီကို ချစ်မေတ္တာပိုလွန်ရုံမျှမက သာမာဝတီ၏ အကျင့်သိက္ခာကိုလည်း လေးစားယုံကြည်သည်။

သူဖခင် ဃောသကစသော မိမိ၏ လူယုံသူဌေးကြီးများပင်လျှင် ဘုရားရှင်အား ကောသမ္ဗီတွင် ကျောင်းကြီးများ ဆောက်လုပ်၍ ကိုးကွယ်နေကြသည်ကို ဘုရင်ဉတေန ကြားသိပြီးဖြစ်သည်။ ဃောသကတို့သာမက လေးစားအပ်သော မိမိပြည်သူပြည်သား အများစုကပင် ဘုရားရှင်အား ပျားပန်းခတ်မျှ ကိုးကွယ်ဆည်းကပ်နေကြသည့် သတင်း ကိုလည်း မပြတ်ကြားသိနေရသည်။ ထို့ကြောင့် သူ့ဇနီးသာမာဝတီ၏ ကိုးကွယ်မှုမှာလည်း ကိုးကွယ်လိုမှု ခံယူချက်ရိုးရိုးမျှဖြစ်၍ မာဂဏ္ဍီ လျှောက်တင်သလို ထွေလာကေလာ ပလေပဇာ ကိစ္စမျိုး မဟုတ်ဟု ဉတေန ခံယူသည်။ ထို့ကြောင့် လွတ်လွတ်လပ်လပ် ဖူးမြော်ကိုးကွယ်နိုင်ရန် ပြတင်းပေါက်များကိုပင် တိုးချဲ့ပေးလိုက်သေးသည်။

ဤတွင် မာဂဏ္ဍီ၏ မလိုတမာ ပထမအကြံပျက်၏။ သို့သော် မာဂဏ္ဍီ သည်လည်း တန်ခိုးရှိသော အချစ်တော်မိဖုရားဖြစ်၍ ဤမျှဖြင့် နေသေးရိုးလား။ နေသေးသပ ချုံထဲက၊ ချီသွေးသပ တမြမြပင်ဖြစ်၏။

ဤနေရာတွင် လူတို့၏အိမ် ပြတင်းပေါက်များဟူသည် ယခု သာမာဝတီတို့၏ ပြတင်းပေါက်များမှ စတင်ဖောက်လုပ်ကြခြင်းဖြစ်သည်ဟု ပိဋကတ်က အဆိုအမိန့်ရှိ၏။ အမျိုးသမီးများခန်းဆောင်မှ ပြတင်းပေါက်များကို ဆိုလိုဟန် ရှိသည်ဟု ယူဆရသည်။

အမျိုးသမီးများအပေါ်တွင် ချုပ်ချယ်လွန်း၍ မိမိတို့၏မယား သမီးများအပေါ်တွင် သူတစ်ပါးတို့နှင့် မဆက်ဆံမိစေရန် တဏှာလောဘဖြင့် ဣဿာများလှသော မဇ္ဈိမ တိုင်းသား ယောကျ်ားတို့သည် မိမိတို့မယား၊ သမီးများအပေါ်တွင် နေရာထိုင်ခင်းအားဖြင့် လည်းကောင်း၊ အဝတ်အဆင် အသွားအလာအားဖြင့်လည်းကောင်း နည်းမျိုးစုံဖြင့် ဟန့်တား ပိတ်ပင်ခဲ့ကြသည်မှာကား အမှန်ပင် ဖြစ်ပေသည်။

သမီး၊ မယားများ၏ နေရာတိုက်ခန်းကို လုံခြုံစွာထားသည်။ တတ်နိုင်သူများ ကမူ ဘုံခုနစ်ဆင့်၏ အထက်ဆုံးသို့ပင် တင်၍ထားသည်။ မိဘ၊ လင်သား ခွင့်ပြုချက် မရဘဲ ပြင်ပသူစိမ်းတရံဆံတို့နှင့် သာမန်အားဖြင့် ဆက်ခံခွင့်မရှိ၊ ကြည့်ခွင့်မရှိ။ မြင်အောင်ပင် နေခွင့်မရှိ။ မမြင်နိုင်အောင် တစ်ကိုယ်လုံးကို လုံလုံခြုံခြုံ ဝတ်ဆင်ရသည်။ မလွှဲသာ၍ ပြင်ပသို့ ထွက်ရသည့်တိုင်အောင် လည်ပင်းမှ ခြေဖျားအထိ လုံလုံခြုံခြုံ ဝတ်ဆင်၍ ဦးခေါင်းကို ခေါင်းစပ်အဝတ်ဖြင့် စွပ်၍ မျက်စိပေါက်နေရာတွင်သာ ဇာပေါက် ကလေးများထားရှိ၍ ထွက်ကြရသည်များပင် ရှိသည်။ ဤကဲ့သို့သော မဇ္ဈိမအမျိုးသမီး

များသည် ရှေးအခါက မြန်မာနိုင်ငံ၌ပင် အမြောက်အမြား ရှိခဲ့ကြသည်။ မြန်မာတို့က အလွယ်တကူပင် ''ခေါင်းမြီးခြုံကုလားမ''ဟု ဝေါဟာရပြုသည်။ ထို့ကြောင့် သာမာဝတီတို့ မတိုင်မီက မဖွံ့မရှိ အမျိုးသမီးတို့၏ အိမ်ခန်း တိုက်ခန်းများသည် ပြတင်းပေါက်မရှိဘဲ သာမာဝတီတို့မှ စတင်သည်ဟူသော ပိဋကတ်လာ စကားမှာ ဤသည်ကို ဆိုလိုဟန်ရှိ၏။

သာမာဝတီတို့အပေါ်တွင် ပျက်ပြယ်သွားသော မာဂဏ္ဍီ၏ ရန်ငြိုးစနက်သည် ဘုရားရှင်သို့ ဦးတည်လိုက်၏။ ဦးတည်ပုံမှာ မိန်းမသားဖြစ်၍ အဇာတသတ်၊ ဒေဝဒတ်တို့လို ကြမ်းကြမ်းတမ်းတမ်းကြီးတော့ မဟုတ်။ ကောသမ္ဗီမြို့တွင်းမှ သူ့လက်ပါးစေ အခြွေအရံ လူမိုက်များကို အသပြာပေးပြီးလျှင် ဘုရားရှင်နှင့် သံဃာတော်များသည် မြို့တွင်းသို့ ကြွလာသောအခါ လမ်းမျက်နှာချင်းဆိုင်မှနေ၍ အားရပါးရ အဆဲခိုင်းခြင်းပင် ဖြစ်ပေသည်။ ပြောင်းပြန်လှန်၍ စဉ်းစားလိုက်သော် မာဂဏ္ဍီကိုပင် ကျေးဇူးတင်ရမလို ဖြစ်၏။ အကြောင်းမူကား ဤတွင် အဆဲခံတရားတော် ပေါ်ပေါက်လာသောကြောင့် ဖြစ်ပေသည်။

မာဂဏ္ဍီ၏ ခိုင်းစေချက်အရ သူ့လူများက ကောသမ္ဗီမြို့လယ်တွင် ဘုရားရှင်အား ဆဲနည်းမျိုးစုံတို့ဖြင့် အားရပါးရ ဆဲဆိုကြသည်။ သူတို့ဆဲပုံမှာ ဆယ်မျိုးဖြစ်သည်ဟု ပိဋကတ်က စာရင်းထိုးပြသည်။ သို့ရာတွင် လူမိုက်များပင် ဖြစ်မချည်း၊ ဆဲပုံဆဲနည်း မတတ်သေးသော လူညံ့များမျှဖြစ်သည်။ အကြောင်းမှာ သာသနာဝင်၌ အဆဲဘုရင်ဟု ကျော်ကြားသော သာဝတ္ထိမှ အက္ကောသကဘာရဒွါဇတို့ ညီနောင်သုံးယောက်သည် ဘုရားရှင်အား ဆဲနည်းပေါင်း ရာထောင်နှင့်ချီ၍ ဆဲနိုင်သူများ ဖြစ်ကြသည်။ ဗုဒ္ဓစာပန်းချီ ''အလံပြာ ဆရာကြီး''ကို ဖတ်ရှုပါရန်။

အဆဲဘုရင်ကြီးတို့က ဆဲနည်းပေါင်း ရာထောင်နှင့်ချီ၍ ဘုရားရှင်ကို ဝိုင်းရံကာ တစ်နေ့လုံးလိုလို စိမ်ပြေနပြေ ဆဲသည်ကိုမျှပင် ခွေးလေးခုန်တိုင်း ဖုန်မထခဲ့သော ဘုရားရှင်အဖို့ ကောသမ္ဗီအဆဲလောက်မျှကို အဘယ်မှုစေအံ့နည်း။

စင်စစ်သော်ကား ကဲ့ရဲ့ ဆဲဆိုမှု၊ ချီးကျူး ဂုဏ်ပြုမှုတို့ အပါအဝင် လောကဓံ တရား ရှစ်ပါးတို့၏ အတွေ့အထိမှ ကင်းလွတ်ပြီးသော ဘုရားရဟန္တာတို့အဖို့ လောကဓံ ဟူသည် အချည်းနှီးသာဖြစ်၏။ ပုထုဇဉ်တို့အမြင်ဖြင့်သာ ဆင်းရဲချမ်းသာဟု တိုင်းထွာ ခံယူလေ့ရှိကြသော်လည်း ဘုရားရဟန္တာတို့အဖို့မူ ကင်းဆိတ်ပြီး ဖြစ်၏။

လောကနှင့် မကင်းနိုင်သော ရဟန်းတော်တို့၏ အခြေခံတရားမှာ သည်းခံမှုပင်ဖြစ်၏။ သိက္ခာပုဒ်တော်များ မပေါ်ပေါက်သေးမီ သာသနာတော် အစပိုင်း၌ ရဟန်းတော်တို့၏ တစ်ခုတည်းသော သိက္ခာပုဒ်မှာ သည်းခံမှုပင် ဖြစ်၏။ သည်းခံမှု ဟူသည် ကျယ်ဝန်း ခက်ခဲသော်လည်း လောကဓံမှ ကင်းလွတ်ပြီးဖြစ်သော အဆင့်မြင့်

တရားရှင် ဘုရားရဟန္တာတို့အဖို့မူ အထူးမရှိ။ လောကဓမ္မဟိ၊ လောကဓံတရား ရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ထသော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ န ကမ္ပတိ၊ မတုန်လှုပ်။ အသောကံ၊ စိုးရိမ်ခြင်းမရှိဟု ဗုဒ္ဓဘာသာဝင်တိုင်း သိသော မင်္ဂလသုတ်တော်တွင် အထင်အရှား ဟောထားပြီး ဖြစ်သည်။ ပုထုဇဉ်တို့ နယ်ပယ်တွင် လောကဓံနှင့်ကြုံကြိုက်လာသမျှ တရားသတိဖြင့်ဆင်ခြင်၍ သည်းခံရသည်။

## အဆဲခံတရားတော်

သို့ဖြစ်ရာ ထိပ်သီးတရားရှင်ဖြစ်သော ဘုရားသခင်အဖို့ ကောသမ္ဗီအဆဲမျှသည် အဘယ်မူစအံ့နည်း။ အဘယ်မူသူကား နောက်တော်ပါ အရှင်အာနန္ဒာဖြစ်၏။ အရှင်အာနန္ဒာအဖို့ ကောသမ္ဗီသားတို့ဆဲဆိုမှုကို သည်းမခံနိုင်၍ကားမဟုတ်။ သိမ်မွေ့တော်မူလှသော ဘုရားရှင်နှင့် အဆင်မပြေလှသော အပြုအမူများကို တွေ့ကြုံရသောကြောင့်သာ ဖြစ်၏။ ထို့ကြောင့် ''အရှင်မြတ်ဘုရား၊ ဤကောသမ္ဗီသားတို့သည် ရိုင်းပျလှပါ၏။ တပည့်တော်တို့သည် အခြားမြို့ရွာသို့ သွားကြပါစို့ဘုရား''ဟု လျှောက်ထားလိုက်မိသည်။ ဤတွင် အဆဲခံတရားတော် ပေါ်လာရသည်။

''အာနန္ဒာ၊ သွားသောအခြားနေရာက ဆဲပြန်သော် အဘယ်သို့သွားမည်နည်း''

''အခြားတစ်နေရာသို့ သွားကြပါမည်ဘုရား''

''ထိုတစ်နေရာက ဆဲပြန်သော် အဘယ်သို့ သွားမည်နည်း''

''အခြားတစ်နေရာသို့ပင် သွားကြပါမည်ဘုရား''

ဤတွင် ဘုရားရှင်က မိမိကိုယ်ကို ဆင်ပြောင်ကြီးနှင့် ဥပမာထားတော်မူကာ ''အာနန္ဒာ၊ ငါဘုရားသည် စစ်မြေပြင်သို့ ဆင်းသော ဆင်ပြောင်ကြီးနှင့်တူ၏။ ဆင်ပြောင်ကြီးသည် စစ်မြေပြင်သို့ ဝင်သောအခါ အရပ်ရပ်မှ ကျရောက်လာသော မြားတို့ကို သည်းခံ၍ မိမိလိုအပ်ချက်သို့သာ ဦးတည်ရသကဲ့သို့၊ သတ္တဝါတို့ကို ကယ်ချွတ်၍ သာသနာတော်ကိုပြုစုရန် ကြွရောက်လာသော ငါဘုရားသည်လည်း ဆဲဆိုမှုတည်းဟူသော မြားချက်များကို သည်းခံလျစ်လျူရှုရပေမည်။

''အာနန္ဒာ၊ တစ်ကြောင်းမှာလည်း အကြီးအကဲတို့မည်သည် ကျရောက်လာသော ပြဿနာကို ထိုနေရာတွင်ပင် ပြေငြိမ်းအောင် သည်းခံဖြေရှင်းရပေမည်။ ရှောင်လွှဲ၍မသွားသင့်၊ မနေသင့်။ ရှောင်လွှဲခြင်းဖြင့် ပြဿနာသည်မပြေငြိမ်း၊ တိုးပွားလာဖို့သာရှိသည်။

''အာနန္ဒာ၊ တစ်ကြောင်းမှာလည်း ကဲ့ရဲ့ဆဲဆိုမှု၊ ချီးမွမ်းမှုဟူသည် ခုနစ်ရက်မျှသာခံသည်။ ခုနစ်ရက်ထက်ပို၍ မဆဲဆိုနိုင်ပါ။ သည်းခံလော့ အာနန္ဒာ''

မုန်၏။ ခုနစ်ရက်မတိုင်မီမှာပင် ဆဲဆိုမှုကိစ္စ ပြီးပြတ်သွားသည်။ ဤအဆဲခံတရားတော်မှ ဆင်းသက်၍ ''ကဲ့ရဲ့ခုနစ်ရက်၊ ချီးမွမ်းခုနစ်ရက်''ဟူသော စကားတစ်ရပ်ပေါ်ပေါက်၍ ယနေ့တိုင်တည်ရှိလာ၏။

မာဂဏ္ဍီအဖို့ ဘုရားရှင်သည် အဝေးရန်သူဖြစ်၍ သာမာဝတီသည် အနီးရန်သူဖြစ်လာ၏။ မိမိရန်သူအား နှစ်လိုကိုးကွယ်သူသည် မိမိရန်သူပင်ဖြစ်၏။ ဘုရားရှင်အားတိုက်ရိုက်ရန်မူခြင်းကိုမူ လက်လျှော့လိုက်သည်။ အကြောင်းမှာ မိမိလူများကိုတိတ်တဆိတ် တံစိုးပေး၍ အဆဲခိုင်းစေကာမူ ပြည်သူအများက သိကြသည်သာဖြစ်၏။ ပြည်သူတို့သိသောအခါ မာဂဏ္ဍီအဖို့ တရားမရှိသော၊ ရုန့်ရင်းကြမ်းတမ်းသော ဣဿာမစ္ဆရိယများသော မုဆိုးတစ်ပိုင်းမိန်းမရိုင်းကြီးအဖြစ် တိတ်တဆိတ် ပြစ်တင်ရှုတ်ချသံများကိုခံလာရသည်။ လူမိုက်သည် မိမိမိုက်သည်ကို သိသော်လည်း ပြစ်တင် ရှုတ်ချမှုကိုကား မခံလိုပေ။ ထို့ကြောင့် ဘုရားရှင်သို့ ရန်မူမှုကိုလက်လျှော့လိုက်သည်။မိမိအပေါ်တစ်ကြိမ်မျှ အပြစ်ပြောခြင်းကို ဤမျှတုံ့ပြန်ရခြင်းဖြင့်လည်း ကျေနပ်လောက်ပေပြီ။

ထို့ကြောင့် မာဂဏ္ဍီ၏ မြားဦးသည် သာမာဝတီဘက်သို့ လှည့်လာ၏။ မည်သို့ပရိယာယ်ဆင် ဖျက်ဆီးရမည်ကို နည်းမျိုးစုံ အကြံထုတ်သည်။ သာမာဝတီကိုဖျက်ဆီးလိုခြင်းမှာ ဘုရားရှင်၏ဘက်တော်သားဖြစ်နေသောကြောင့်မျှမဟုတ်။ ဘုရင်ဥတေနက မိမိထက် ချစ်မြတ်နိုးခြင်းကို ခံရသော မယားပြိုင် မိဖုရားပြိုင် ဖြစ်သောကြောင့်လည်း ဖြစ်သည်။ မိမိထက် ချစ်မြတ်နိုးသည့်အကြောင်းမှာ ပြတင်းပေါက်များဖောက်သည်ကို အရေးမယူရုံမျှမက သာမာဝတီတို့ အလိုသို့လိုက်ကာ ထပ်၍ပင်ဖောက်ပေးလိုက်သည်ကို တွေ့ရခြင်းဖြင့် ထင်ရှားသည်။ တစ်ကြောင်းမှာလည်း ပြည်သူတို့သာမက နန်းတော်သူ နန်းတော်သားများကပါ သူ့ကို မလိုမုန်းထား၍ သာမာဝတီတို့ကိုမူ ချစ်မြတ်နိုးသောအသံများ ကြားလာရခြင်းမှာ မာဂဏ္ဍီ၏ ရန်ငြိုးမီးကို လောင်းပင့်သည့်ပမာ ဖြစ်နေသည်။

အကြံတစ်ခုရလာသည်မှာ ဘုရားရှင်၏ တပည့်ဒကာများသည် ငါးပါးသီလလုံခြုံသည်ဟု ကြားသိရ၏။ သာမန်လူတို့ပင် လုံခြုံသော် နေ့စဉ်ပင် တရားပွဲများကျင်းပ၍ ဘုရားရှင်၏ အဆုံးအမ ဩဝါဒများကို တစီစီ တညံညံ ရွတ်အံကာကမ္မဋ္ဌာန်းတရားကိုပင် အားထုတ်နေကြသည်ဟု သိရသော သာမာဝတီတို့အဖို့ ပို၍လုံခြုံကြပေမည်။ သို့ဆိုလျှင် ငါးကြင်းဆီဖြင့် ငါးကြင်းသားကိုကြော်သည်ဆိုသကဲ့သို့ သာမာဝတီတို့ကို ငါးပါးသီလဖြင့်ပင် တိုက်ခိုက်ရန် ဖြစ်၏။

သီလငါးပါးအနက် အဒိန္နာဒါနိသိက္ခာပုဒ်ဖြင့် ပရိယာယ်ဆင်ရန် မလွယ်၊ ကာမေသုနှင့်လည်း အကြောင်းမတိုက်ဆိုင်။ မုသာဝါဒလည်း အကြောင်းမရှိ။ သုရာမေရယဆိုလျှင်လည်း သာ၍ မသက်ဆိုင်။ ပါဏာတိပါတဆိုလျှင် လွယ်ကူဖို့

အကြောင်းရှိသည်။ ဟုတ်ပြီ။ သူတစ်ပါးအသက်ကို အသတ်ခိုင်းစေခြင်းဖြင့် တိုက်ခိုက်မည်ဟု အကွက်ဆင်လိုက်သည်။ အကြောင်းမှာ သာမာဝတီတို့သည် ဘုရားရှင်ရှိရာသို့ သွားကာ တိုက်ရိုက်ဖူးမြော်ဖို့ အခွင့်မရှိသော်လည်း ဘုရားရှင်နှင့် သံဃာများသို့ ခုဇ္ဇုတ္တရာမှတစ်ဆင့် စေလွှတ်၍ ဆွမ်းကပ်ခြင်း၊ ဆွမ်းကျွေးခြင်းများ ပြုလုပ်သည်ကို သိရှိထားသောကြောင့် ဖြစ်သည်။

## ကြက်သတ်ပရိယာယ်

ထို့ကြောင့် ဟင်းကောင်းကျွေးရာကို မက်မောလေ့ရှိသော ဥဒေနဘုရင်သို့ သာမာဝတီသည် သူ့ဖခင် အလှူမဏ္ဍပ်ကို အုပ်ချုပ်စီစဉ်ခဲ့သူဖြစ်၍ ဟင်းကျွေး အချက်အပြုတ် အလွန်တော်သူဖြစ်ကြောင်း စကားထည့်ထားလိုက်သည်။ သူ့ကို ဥဒေနဘုရင်ထံသို့ ဆက်သ၍ သူ့အသုံးတော်ခံ ဘထွေးဖြစ်သူထံသို့ ဤနေ့ဤရက်တွင် ကြက်အရှင် လေးကောင်နှင့် အသေလေးကောင်ကို ယူကာ ဘုရင့်စားတော်ဆောင်သို့ ကြက်အရှင်လေးကောင်ကို ဆက်သရန် တိတ်တဆိတ် ပရိယာယ်စကားထည့်၍ မှာကြားလိုက်သည်။

သူ့ဘထွေးမှာ မာဂဏ္ဍီကို ဆက်သသူဖြစ်၍ ဘုရင့်ယောက္ခမပမာ ဖြစ်နေသောကြောင့် ဥဒေနနန်းတော်နှင့် ကျွမ်းဝင်ရင်းနှီးသည်။ ထိုနေ့က ဥဒေန ပွဲတော်တည်တော့အံ့ဆဲဆဲတွင် မာဂဏ္ဍီ၏ အစီအစဉ်ဖြင့် ပွဲတော်စာများ ပါးလျားနေသည်။ ထိုအခိုက် ကြက်အရှင်လေးကောင်ကို လာရောက်ဆက်သသောအခါ မာဂဏ္ဍီက "ဝမ်းသာဖို့ ကောင်းလိုက်တာ။ ဒီနေ့ မောင်တော်ပွဲတော်တည်ဖို့ အခွင့်မသင့်လို့ ဟင်းကျွေးထူးထူးထွေထွေမရှိဘူး။ ဘထွေးတော်က ကြက်တွေ လာရောက်ဆက်သတာနဲ့ အတော်ပဲ။ ကဲ၊ မောင်တော်လဲ အင်မတန် အချက်အကြော်ကောင်းတဲ့ သာမာဝတီ လက်ရာကို တစ်ခါမှ မစားဖူးသေးဘူး။ သာမာဝတီဆီပို့ပြီး အချက်ခိုင်းလိုက်ရင်တော့ လက်ရာကောင်းကို ဆက်သနိုင်မှာပဲ"ဟု လမ်းကြောင်းစကား လျှောက်ကြားလိုက်သည်။

ဥဒေနကလည်း "ဟုတ်တယ်၊ သာမာဝတီ့လက်ရာကို စားကြည့်ချင်တယ်။ သာမာဝတီဆီက ဟင်းရောက်လာမှပဲ စားတော့မယ်။ ကြက်တွေကို သာမာဝတီ့ဆီ အပို့ခိုင်းပြီး ချက်ပါစေ"ဟု အမိန့်ထုတ် လွှဲအပ်လိုက်သည်။

သို့သော် အမိန့်အတိုင်းဖြစ်မလာ။ ကြက်အရှင်များကို သွားရောက် ပေးပို့သောအခါ ငါတို့သည် သူတစ်ပါးအသက်ကို မသတ်ဟု ပယ်လှန်လိုက်သောကြောင့် ဖြစ်သည်။ သောတာပန်တရားရှင်တို့မည်သည် မိမိအသက်ပင် သေသော်သေရစေ၊ သူတစ်ပါးအသက်ကိုမသတ်။ သီလကိုမချိုးဖောက်။

ကြက်အရှင်များကို မသတ်နိုင်၍ ပြန်လည်ပေးပို့လိုက်ကြောင်း လျှောက်ထားသောအခါ ဥတေနအဖို့ ခတ်မဆိတ်မျှရှိသော်လည်း မာဂဏ္ဍီကမူ "ကြည့်စမ်းပါဦး မောင်တော်၊ မောင်တော့်အပေါ်မှာ သာမာဝတီဟာ မေတ္တာမထားဘူးဆိုတာ ထင်ရှားနေပါတယ်။ ဘုရားကျွန်မ လျှောက်ထားချက် ဟုတ်မဟုတ်ဆိုတာ သိရအောင် ထပ်ပြီး ခိုင်းပြပါဦးမယ်။ (ကြက်ယူလာသော မင်းချင်းဘက်သို့ လှည့်၍) ဟဲ့ မင်းချင်း၊ အဲဒီကြက်တွေကို သူ့ဘုရားရှင်ကို ချက်ပြုတ်လှူဖို့ဆိုပြီး သာမာဝတီတို့ဆီ သွားပေးချေဦး"ဟု စေခိုင်းလိုက်သည်။

အမိန့်အတိုင်း သွား၍ပေးပါ၏။ သို့ရာတွင် ပရိယာယ်ဆင်ထားသည့်အတိုင်း အဆောင်ဝတွင် အသင့်ရှိနေသော သူ့ဘထွေးက ကျန်သောကြက်အသေလေးကောင်နှင့် တိတ်တဆိတ် လဲလှယ်၍ပေးလိုက်သည်။ သာမာဝတီက သူ့အလှူအတွက် ကူညီလာသည်ဟုပင်ယူဆ၍ ကြက်သေများကို လက်ခံထားလိုက်သည်။

"အဲဒါသာကြည့်ပေတော့မောင်တော်၊ သူ့ဘုရားကိုဆက်ကပ်ဖို့ဆိုတော့ လက်ခံထားလိုက်တယ် မဟုတ်လား။ မောင်တော့်အန္တရာယ်ဟာ မသေးတော့ဘူး။ သတိသာထားပေတော့"

သို့ရာတွင် ဥတေနက တစ်စုံတစ်ရာ အရေးမယူ။ ခတ်မဆိတ်သာနေလိုက်သည်။ မာဂဏ္ဍီ၏ ပရိယာယ်စက်ကွင်းကို မသိသော ဥတေနအဖို့ သာမာဝတီကို ချစ်၍ သည်းခံလိုက်သော်လည်း စိတ်ထဲတွင်ကား မရှင်းလှ။ မည်သို့ဆိုစေ မာဂဏ္ဍီ၏ ပရိယာယ်စက်မောင်းမူကား မပြုတ်သေးပေ။

စိတ်ကူးတစ်ခု ရလာပြန်ပြီ။ သည်တစ်ချီတော့ အရေးမယူလျှင် မနေနိုင်တော့အောင် ခပ်ကြမ်းကြမ်းလေး စီစဉ်ဖို့ စိတ်ကူးဖြစ်သည်။

## မြွေပရိယာယ်

ဘုရင်ဥတေနသည် ဝါသုလဒတ္တာ၊ မာဂဏ္ဍီနှင့် သာမာဝတီ မိဖုရားကြီးသုံးပါးတို့တွင် အလှည့်ဖြင့်ခံစား၏။ ဝါသုလဒတ္တာက ရိုးရိုးအေးအေးသာနေ၍ စဏ္ဍပဇ္ဇောတဘုရင်သမီးတော် ဖြစ်သည့်အတိုင်း ပြည်ရေးပြည်ရာများတွင် တိုင်ပင်ဖော်တိုင်ပင်ဖက်ရသည်။ သိမ်မွေ့နူးညံ့သော သာမာဝတီကို ချစ်သော်လည်း ယခုတလောတလတ်တွင် မာဂဏ္ဍီ၏ ကုန်းစကားပရိယာယ်များအရ စိတ်ထားမရှင်းဖြစ်နေရုံမျှမက သာမာဝတီအဆောင်သို့ ရောက်သွားလျှင် စာသံပေသံနှင့် တရားစကားများကို ကြားသိ၍နေရသောကြောင့် ဆောင်တော်ကူး အလှည့်နှေးခဲ့သည်မှာ အတန်ကြာပြီ။

မယားနှင့် အစားသာ အရေးကြီးသော ယောကျ်ားများ၏ သဘာဝအတိုင်း ပရိယာယ်မာယာအဖုံဖုံ အကြိုက်မျိုးစုံကိုပေးသော မာဂဏ္ဍီ၏ အဆောင်တွင်သာ

အလှည့်ပေးများသည်။ မာဂဏ္ဍီက ဥတေနနှင့် ရွှေလည်တွဲရင်း စကားအခွင့်ကြုံတိုင်း သာမာဝတီကို ဘုရားရှင်နှင့် စပ်ဟပ်၍ ကုန်းတိုက်သည်။ ပရိယာယ်တစ်ခုဆင်ဖို့ ပြင်ဆင်ထားသော ယနေ့အချိန်၌ မာဂဏ္ဍီက "ညက မောင်တော်နှင့်ပတ်သက်ပြီး အိပ်မက်ရာမက်မကောင်းဘူး မောင်တော်။ မျက်ခုံးတွေလည်း တဆတ်ဆတ်လှုပ်တယ်။ သတိထားနေဖို့ လျှောက်ထားလိုပါတယ်။ သစ်ကောက်ဝါးကောက်ကိုသာ မြင်နိုင်တယ်၊ လူကောက်တာကို မမြင်နိုင်ဘူးတဲ့"ဟု လမ်းခင်း လျှောက်ထားလိုက်သည်။

အကြောင်းမှာ သူ့ပရိယာယ်စက်မောင်းအတွက် ဥတေန၏ စောင်းကြီး အတွင်းသို့ မြွေဟောက်တစ်ကောင်ကို သူ့ဘထွေးမှတစ်ဆင့် မှာကြား၍ တိတ်တဆိတ် ထည့်ထားလိုက်ပြီးပြီဖြစ်၏။ မြွေဆိုတော့ အန္တရာယ်ရှိသည်။ သူ့ပရိယာယ်အရ မတော်တဆ ဥတေနကို ကိုက်မိပါသော် သေသွားနိုင်သည်။ ထို့ကြောင့် မြွေဆိပ်များကို မြွေဆရာထံတွင် ထုတ်လာစေပြီးမှ အဆိပ်မရှိသော မြွေဟောက်ကြီးကို စောင်းအတွင်းသို့ "နတ်သမီးပေါက်"ခေါ် စောင်းအိုးပေါက်မှ တိတ်တဆိတ် ထည့်ထားစေလိုက်ခြင်း ဖြစ်သည်။ မြွေမထွက်နိုင်စေရန် စောင်းအိုးပေါက်ကို ပန်းများဖြင့် အလှအပပြု၍ ဆို့ပိတ်ထားလိုက်၏။

ပြောတွင်းဆိုတွင်း၌ပင် သာမာဝတီအဆောင်သို့ အလှည့်ပေးကြန့်ကြာခဲ့၍ သတိရလာသော ဥတေနက သာမာဝတီထံသို့ အဆောင်တော်ကူးရန် ပြင်ဆင်သည်။

"အခု ဘယ်သွားမှာလဲ မောင်တော်"

"သာမာဝတီ့ အဆောင်ကို"

"သတိနဲ့သွားပါ မောင်တော်၊ မျက်ခုံးမျက်လုံးတွေ လှုပ်လိုက်တာကလည်း လွန်ရော"

"သွားနေကျပဲဟာ သာမာဝတီက ဘာတတ်နိုင်မှာလဲ"

"တတ်နိုင်တာတွေ အများကြီးရှိတယ် မဖြစ်ဘူး မဖြစ်ဘူး၊ သာမာဝတီ အဆောင်ကို ဘုရားကျွန်မပါ လိုက်မယ်"

"မင်းလိုက်လို့ ဘယ်ဖြစ်မလဲ"

"လိုက်ပြီး အကဲခတ်ရုံပါ၊ ပြီးတော့ ပြန်လာခဲ့မှာပေါ့"

ဥတေန စောင်းကိုပိုက်၍ ရှေ့ကထွက်သည်။ မာဂဏ္ဍီ အတင်းလိုက်လာ၏။ မလိုက်၍ မဖြစ်ပေ။ သူ့ပရိယာယ်စက်မောင်းကို သူကိုယ်တိုင် ဖြုတ်ရပေဦးမည်။ ဟတ္ထိကန္တ စောင်းကြီးသည် ဥတေနဘုရင်၏ အသက်ဖြစ်၏။ ဤစောင်းဖြင့်ပင် ဤနိုင်ငံ ဤထီးနန်းကို ရခဲ့သည်။ ဤစောင်းဖြင့်ပင် သူ့တန်ခိုးဂုဏ်ရှိန် ထည့်ဝါနေရသည်။

ထို့ကြောင့် စောင်းကြီးကို ကိုယ်နှင့်မကွာ သွားလေရာသို့ မွေ့ပိုက်ယူသွားမြဲဖြစ်၏။ စောင်းအတွင်း၌ မြွေရှိနေပြီကိုကား ဥတေန မသိ။

မိဖုရားတစ်ပါးထံသို့ ဘုရင် အဆောင်တော် ကူးသည်ဆိုလျှင် အခြားမိဘုရား တစ်ပါးက စွက်ဖက်ခွင့်မရှိ။ ကိုယ့်နေရာနှင့်ကိုယ်သာ နေကြရသည်။ ယနေ့သော် ဥတေန နောက်ပါးမှ မာဂဏ္ဍီပါ ပါဝင်လာ၍ အံ့အားသင့်သော်လည်း သာမာဝတီက ရည်ရည်မွန်မွန် ဆီးကြိုညွှတ်ခံသည်။ အခြွေအရံများက သင့်ရာနောက်ပါးသို့ ထုံးစံအတိုင်း ရှောင်ရှားပေးကြသည်။ ဘုရင်နှင့် မိဖုရားနှစ်ပါးသည် သီးသန့်ခန်းတွင်းရိပ်သာသို့ ဝင်သွားကြ၏။ စောင်းကြီးကို သူတို့သုံးဦး ထိုင်နေရာ ညောင်စောင်း ခုတင်ခေါင်းရှိ စင်မြင့်ပေါ်သို့ တင်ထားလိုက်သည်။

ဥတေနဘုရင်က ညောင်စောင်းခေါင်းရင်းပိုင်း စောင်းကြီးအနီးတွင် ထိုင်သည်။ သာမာဝတီက ဥတေနအနီးတွင် ထိုင်သည်။ မာဂဏ္ဍီကမူ ထိုင်တော့မလို၊ ပြန်တော့ မယောင်ဖြင့် ပြတင်းပေါက် ခန်းဆီးတို့အနီးတွင် လှုပ်ရှားသွားလာလျက်ရှိသည်။ စောင်းအနီးသို့ ချဉ်းကပ်နိုင်ရန် ဉာဏ်ဆင်ရခြင်းဖြစ်၏။

''မရောက်တာကြာလို့ လိုက်လာခဲ့တာပါ၊ မကြာခင် ပြန်မှာပါ''ဟု မာဂဏ္ဍီက ပြောသည်။

''ကိစ္စမရှိပါဘူး၊ မောင်တော်ခွင့်ပြုသလောက် နေနိုင်ပါတယ်၊ အခြားအချိန်များ မှာလဲ အချိန်မရွေး ကြွလာနိုင်ပါတယ်ရှင်''ဟု သာမာဝတီက ပြန်ပြောသည်။

ဥတေနအဖို့ မာဂဏ္ဍီ၏ ကုန်းစကားများကြောင့် ဤမိဖုရားနှစ်ပါး မသင့်မတင့် ရှိနေကြသည်ဟု ထင်မှတ်ခဲ့သော်လည်း ယခုသော် တစ်ဦးနှင့်တစ်ဦး ကြည်ကြည်သာသာ ပြောဆို ဆက်ဆံနေကြသည်ကို ကြားရတွေ့ရသောကြောင့် ဝမ်းမြောက်ရသည်။ သို့သော် သူ့ဝမ်းမြောက်ရမှုမှာ ခေတ္တမျှသာဖြစ်၏။

အကြောင်းမှာ မကြာမထင်အတွင်း၌ပင် ဥတေနနှင့် သာမာဝတီတို့ မျက်နှာလွှဲခိုက် မာဂဏ္ဍီက စောင်းပေါက်မှ ပန်းပွင့်တို့ကို ဆွဲယူ ပစ်လိုက်သောအခါ စောင်းအတွင်း၌ ပိတ်လှောင်ကာ နှစ်ရက်သုံးရက်မျှ အစာမစားရသော မြွေဟောက်ကြီးက ရှူးခနဲ ထွက်ပေါ်လာကာ ပါးပျဉ်းကြီး တစ်ကားကားနှင့်ဖြစ်၍ နေလေရာ မာဂဏ္ဍီက အလန့်တကြား ပုံစံဖြင့် ''အမယ်လေး၊ လုပ်ကြပါဦး၊ မြွေကြီး မြွေကြီး''ဟု ဟစ်အော် လိုက်သည်။

အသံကြား၍ ဥတေနဘုရင် လှည့်ကြည့်လိုက်သောအခါ မိမိဦးခေါင်းအနီးတွင် ပါးပျဉ်းကြီးထောင်ထောင် လျှာတစ်လစ်ဖြင့် မာန်ဖီ၍နေသော မြွေဟောက်ကြီးကို

ရုတ်ခြည်းတွေ့လိုက်ရသောကြောင့် ထိတ်လန့်တကြား ဖြစ်၍သွားကာ နေရာမှ ထလိုက်သည်။ သာမာဝတီအဖို့လည်း ထိတ်လန့်၍ ညောင်စောင်းမှ ဆင်းလိုက်ရ၏။

ဘုရင်နှင့် မိဖုရားတို့ ထိတ်လန့်တကြားအသံကြောင့် ခန်းဆောင်ပြင်ပမှ အစောင့်အကြပ်များနှင့် သာမာဝတီ၏ အခြွေအရံများပါ ခန်းဆောင်တွင်းသို့ ရောက်ရှိလာကြသည်။ ရောက်လာကတည်းက ဟန်ဆောင်ချိုသာထားသော မာဂဏ္ဍီ၏ မျက်နှာမှာ တင်းမာသွားပြီဖြစ်၏။

''ကြည့်ကြပါဦးရှင်၊ ဒါ့ကြောင့်မို့ အိပ်မက်ရာမက်မကောင်း။ မျက်ခုံးတွေ လှုပ်နေလို့ မောင်တော်ဘုရားမှာ အသက်အန္တရာယ်ရှိတယ်ထင်လို့ ဒီနေ့ ကျွန်မကိုယ်တိုင် လိုက်လာခဲ့တာ။ အခုတော့ မြင်ကြတဲ့အတိုင်းပဲ။ မိဖုရားနန်းဆောင်မှာ မြွေဟောက်ကြီးတဲ့ရှင့်။ ကံကောင်းပေလို့သာပေါ့။ သာမာဝတီတို့ အကြံကဖြင့် ကြီးပါပေရဲ့''ဟူသော မာဂဏ္ဍီ၏ ကုန်းသံမှာ ဆူညံ၍နေ၏။ အစောင့်များက မြွေကို ဖမ်းဆီး၍ သတ်ပစ်လိုက်ကြသည်။ သာမာဝတီတို့အဖို့မူ အံ့အားသင့်၍သာ နေကြရ၏။

ဘုရင်ကို ထိတ်လန့်အောင်လုပ်မှုကို အပထား၍ စကားမှုဖြင့် ရှေ့စိတ်တော်နှင့် မတိုက်ဆိုင်လျှင်ပင် ရာဇဝတ်အရေး ကြီးလေးလှသည်။ ယခုသော် ထိတ်လန့်စေရုံမျှမက ကံကောင်း၍သာ လွတ်ရသည်။ မိမိအသက်အန္တရာယ်ကိုပင် လုပ်ကြံသည်ဟု ဥတေန ဘုရင် ယူဆလိုက်ပြီဖြစ်၏။

ဥတေနဘုရင်သည် ဒေါသထွက်ခဲ့သည်။ ထွက်ပြီဆိုတော့လည်း ပြင်းထန်၏။ မိမိသည် မာဂဏ္ဍီ၏ ပရိယာယ်နှင့် စကားများအရ သူ့အပေါ်တွင် ချစ်မေတ္တာကို ရှေးရှုကာ အကြိမ်ကြိမ်သည်းခံခဲ့သည်။ မသိကျိုးကျွန်ပြု၍ နေခဲ့သည်။ ယခုသော် မိမိအသက်ကိုပင် လုပ်ကြံ၍လာသည်ကို တွေ့ရပြီဖြစ်၏။ မာဂဏ္ဍီပြောသည့်အတိုင်း သာမာဝတီသည် မိမိ၏ တိတ်တိတ်ပုန်းရန်သူဖြစ်ကြောင်း သိလာရပြီဖြစ်၏။

ထို့ကြောင့် ထွက်လာသောဒေါသတွင် တင်းမာသော ဥတေန၏ မျက်နှာထားသည် တင်းမာသည်ထက် တင်းမာ၍လာကာ မိမိ၏ လက်စွဲတော် လေးကြီးကို နောက်တော်ပါ အခြွေအရံထံမှ တောင်းယူလိုက်ကာ သာမာဝတီကို ဤနေရာတွင်ပင် ပစ်သတ်တော့အံ့ဟု ပြင်ဆင်လိုက်သည်။ ဓမ္မမိတ်ဆွေဖြစ်သော အခြွေအရံများအဖို့ သာမာဝတီ၏အန္တရာယ်ကို မြင်ကြရသောအခါ သေစရာရှိလျှင်လည်း အတူသေကြရန် သာမာဝတီနောက်သို့ ဝိုင်းရံလာကြသည်။ မာဂဏ္ဍီအဖို့မူ ဒီတစ်ချီတော့ ကိစ္စချောပြီဟု ဝမ်းတွင်းမှ တပြုံးပြုံးနှင့် ခတ်မဆိတ်သာကြည့်၍ နေလိုက်၏။

တောတွင်းသားဖြစ်ခဲ့သော ဥတေနသည် သန်လျက်ထက် လေးမြားကို ပို၍ အားကိုး၏။ အရေးကြုံလျှင် လေးကို အလျင်ဆွဲမြဲဖြစ်သည်။ ထို့ကြောင့် တစ်စုံတစ်ရာ

ပြောမနေတော့ဘဲ သာမာဝတီနှင့် သူ့အပေါင်းပါ အခြွေအရံများကိုပါ လေးဖြင့် ပစ်သတ်ရန် ဟန်ပြင်လိုက်သည်။ ထိုအခိုက် အခြေအနေကို သိလာပြီဖြစ်သော သာမာဝတီထံမှ သိမ်သိမ်မွေ့မွေ့နှင့် ထူးခြားသော စကားသံထွက်ပေါ်လာသည်။

## လေးနှင့်မေတ္တာ

''မိခင် ခုဇ္ဇုတ္တရာနှင့်ရှင်မတို့၊ ငါတို့မှာဝဋ်ဆိုက်၍လာပေပြီ။ ဝဋ်ကြွေးရှိသမျှခံကြရပေမည်။ ငါတို့အဖို့ အားထားရာမှာ ခုအချိန်၌ ငါတို့ကျင့်သုံးပွားများခဲ့သော မေတ္တာတရား၊ မေတ္တာကမ္မဋ္ဌာန်းသာ ရှိပေတော့သည်။ တရားမှတစ်ပါး အားထားရာ မရှိကြတော့။ ထို့ကြောင့် မသိရှာ၍ ပြုတော့မည်ဖြစ်သော ငါတို့ အရှင်မင်းကြီးအပေါ်၌လည်းကောင်း၊ မာဂဏ္ဍီမိဖုရားအပေါ်၌လည်းကောင်း မိမိကိုယ်အလားထပ်တူထား၍ မေတ္တာပွားကြပါကုန်။ အမျက်ဒေါသ တစ်စွန်းတစ်စမျှ မထွက်ကြပါစေကုန်လင့်''

မာဂဏ္ဍီက သူတို့အပေါ်တွင် မေတ္တာပျက်ပြား အမျက်ထားကာ နည်းမျိုးစုံဖြင့် မကောင်းကြံစည် ပြုလုပ်လျက်ရှိနေသည်ကို သူတို့သိသည်။ ယခုလတ်တလော ကိစ္စတွင်လည်း မင်းကြီး မသိသေးစေကာမူ မာဂဏ္ဍီ၏ ဝဏ်္ဏညာဏ်သာဖြစ်ကြောင်း သိကြသည်။ ထို့ကြောင့် မာဂဏ္ဍီအပေါ်တွင် မေတ္တာပျက်ကောင်း ပျက်နိုင်သည်။ မပျက်စေရန် မာဂဏ္ဍီကိုပါ ထည့်သွင်း၍ သတိပေးလိုက်ခြင်းဖြစ်၏။

ထို့ကြောင့် ဖြစ်ပွားလာမည့် အရေးအခင်းအတွက် ပျာယာခတ်နေကြသော အခြွေအရံတို့အဖို့ သာမာဝတီ၏ သတိပေးစကားကြောင့် ငြိမ်သက်၍သွားကြကာ ချအပ်သော ဦးခေါင်းများဖြင့် ရှေးရှုတည်ရှိနေသော ရန်သူများသို့ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းစေလွှတ်လိုက်ကြသည်။ သာမာဝတီကမူ ဥတေနသို့ မေတ္တာမျက်လုံးဖြင့် စူးစူးကြည့်၍ မေတ္တာပို့၏။

ဥတေန၏ ဆိတ်ချိုလေးကြီးသည် ကျောက်တောင်ကိုပင် ဖောက်ထွင်းနိုင်သည်ဟု ကျော်ကြားသော လေးကြီးဖြစ်၏။ သို့ရာတွင် ပစ်လွှတ်အပ်သော မြားတံသည် သာမာဝတီတို့ထံသို့ မရောက်ဘဲ လဟာပြင် လမ်းခုလတ်တွင် ရပ်တန့်ကာ လေးပစ်သူ ထံသို့ပင် ပြန်လှည့်လာသည်ကို အံ့ဘနန်း တွေ့ကြရလေတော့သည်။

ဤတွင် မေတ္တာ၊ အထူးသဖြင့် သာမာဝတီ၏ မေတ္တာဇာတ်ကြောင်းကို ဖော်ပြရန်လို၏။

နာဠာဂီရိလို ဆင်ဆိုးဆင်ကြမ်းကြီး၊ အာဠာဝကလို ဘီလူးကြမ်းကြီး၊ အင်္ဂုလိမာလလို လူကြမ်းကြီးတို့၏ နှလုံးသားကို အရည်ပျော်စေနိုင်သော ဘုရားရှင်၏ မေတ္တာဓာတ်အကြောင်းကို ထားပါဦးတော့၊ မေတ္တာဖြင့်ရန်သူကို အောင်နိုင်သော တပည့်သားတော်တို့၏ ဖြစ်ရပ်သည်ပင် များပြားလှစွာ၏။

တစ်ဖန် လူတို့၏မေတ္တာကို ထားဦး၍ နွားမကြီး၏ မေတ္တာသည်ပင် ရန်သူကို အောင်နိုင်သေး၏။ သားကို နှိုတိုက်နေသော နွားမကြီးကို ရန်သူက ယခု ဥတေန ကဲ့သို့ပင် လေးဖြင့်ပစ်သောအခါ ကျောက်တောင်ကို ရွှံ့ဖြင့်ပစ်ရသကဲ့သို့သာ ဖြစ်နေခဲ့၏။ သားအပေါ်တွင် စေလွှတ်ထားအပ်သော နွားမကြီး၏မေတ္တာဓာတ်ကြောင့်ပင် ဖြစ်ပေသည်။

သားသမီးဟူသည် မိဘတို့၏ မေတ္တာရေးရှုအပ်သူ ဖြစ်သော်လည်း နို့တိုက်သော မိခင်တိုင်းသည် သားသမီးအပေါ်တွင် အမြဲတမ်း မေတ္တာစေလွှတ်ထားသည်မဟုတ်၊ ဝတ္တရားအရသာ နို့ချိုတိုက်ကျွေး၍ အချို့မှာအိပ်ပျော်၍ပင်နေသည်။ ထိုနွားမကြီးအဖို့ကား နို့ချိုတိုက်ကျွေးခြင်းနှင့်အတူ မေတ္တာဓာတ် စေလွှတ်ထားခိုက်ဖြစ်ရာ ထိုအချိန်တွင်ပင် ရန်သူနှင့် ဆုံတွေ့သောအခါ အသက်ဘေးမှ ကင်းဝေးရသည်။ ပြောလိုသည်မှာကား မေတ္တာဓာတ်၏ အနုအရင့်၊ အလေးအပေါ့ကိုပင်ဖြစ်၏။

နွားမကြီး၏ မေတ္တာဓာတ်သည်ပင် အကယ်ထိရောက်၍ အန္တရာယ်မှ ကင်းစေနိုင်ခဲ့ပါသော် မေတ္တာတုံး၊ မေတ္တာခဲ၊ မေတ္တာရှင်မကြီး သာမာဝတီ၏ မေတ္တာကမ္မဋ္ဌာန်း အလုပ်ဖြင့် လေ့ထုံထားအပ်ပြီးသော မေတ္တာဓာတ်ဆိုသော် အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။ အကြောင်းမူကား မေတ္တာရှင် တပည့်သား သာဝက၊ ဒါယကာ, ဒါယိကာမတို့အနက် သာမာဝတီသည် အစူးရှ အထူးခြားဆုံးသော မေတ္တာရှင် ဖြစ်သည်ဟု သာမာဝတီအား ဘုရားရှင်ကိုယ်တော်တိုင်က မေတ္တာရှင် ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူး သတ်မှတ်တော်မူအပ်သူ ဖြစ်သတည်း။

ယင်းသို့လျှင် မေတ္တာဓာတ်၏ အဆီအနှစ်၊ တရားတော်၏ အခြေအမြစ်ကို မသိသော အချို့သော မိစ္ဆာဒိဋ္ဌိတို့ကမူ ဘုရားရှင်သည် တန်ခိုးထက်မြက်၍ ပြုစားတတ်သော စုန်းဆရာကြီး၊ ကဝေသာရဆရာကြီးဟုပင် ပြောဆိုမှတ်ယူကြကြောင်း ဗုဒ္ဓစာပန်းချီ "ရွှေတံခါးကြီးပွင့်လေပြီ" တွင် ဖတ်ရှုကြရမည် ဖြစ်၏။

မြားဖြင့် ပစ်သတ်၍ မမှန်ရုံမျှမက ပစ်သူထံသို့ပင် မြားတံပြန်လာသော အံ့ဘနန်းဖြစ်ရပ်ကို တွေ့မြင်ရသောကြောင့် ရန်ငြိုးဒေါသဓာတ်ခံရှိနေသော မာဂဏ္ဍီ မအံ့ဩနိုင်သော်လည်း ဥတေန အံ့ဩသွား၏။ အံ့ဩရုံမျှမက သတိသံဝေဂ ရလာသည်။ ထို့ကြောင့် လေးမြားတို့ကို ပစ်ချလိုက်ကာ ဒေါသရုပ်မှ နူးညံ့ရုပ်သို့ ရုတ်ခြည်း ပြောင်းလဲသွားသည်။ အခြေအနေမဟန်တော့ပြီကိုသိသော မာဂဏ္ဍီက နေရာမှ ရှောင်ထွက်သွားသည်။

ဥတေနအဖို့ သာမာဝတီ၏ မြင့်မြတ်သော သဘောထားကို လူစင်စစ်ဖြစ်သော် ငါ မသိသော်လည်း သက်မဲ့ဖြစ်သော မြားကပင် သိနေပါတကားဟု တရားရလာကာ

မိမိအပြစ်ကို ခွင့်လွှတ်ပါမည့်အကြောင်း တောင်းပန်ရုံမက ရှိခိုးတော့မယောင်ပင် ပြုလာသောကြောင့် သာမာဝတီက တောင်းပန်တားမြစ်ထားရသည်။

''အို ရှင်မ သာမာဝတီ၊ ငါ တောင်းပါပါ၏။ မြင့်မြတ်သော အသင့်ကို ငါ မသိခဲ့သော်လည်း သက်မဲ့မြားကပင် သိ၍ ငါ့အဖို့ ရှက်ဖွယ်ပင် ကောင်းလှပါ၏။ ယနေ့မှစ၍ သင်မိဖုရားသည် ငါ၏ဆရာနေရာ၌နေ၍ ငါ၏ ကိုးကွယ်ရာဖြစ်ပါ လေလော့''

''အရှင်မင်းကြီး၊ ဝမ်းမြောက်လှပါ၏။ သို့ရာတွင် ကျွန်မတို့ ကျင့်သုံးသော တရားဟူသည် ဘုရားရှင်၏ တရားတော်ပင်ဖြစ်ပါ၏။ သို့ဖြစ်၍ ကျွန်မတို့ကို ကိုးကွယ်ရန် မလိုပါ။ ယနေ့မှစ၍ ဘုရားရှင်အားသာ ကိုးကွယ်ပါလေတော့။ ဘုရားရှင်ကို ကိုးကွယ်ခြင်းဖြင့် အရှင်မင်းကြီးအဖို့ ကောင်းမြတ်သော အကျိုးတရားများ ရရှိလာမည် ကေန်ဖြစ်ပါသည်''

''သာမာဝတီ၊ သင်တို့ဆရာ ဘုရားရှင်ကို ယနေ့မှစ၍ ကိုးကွယ်ပါမည်။ သင့်ကိုလည်း ကိုးကွယ်ပါမည်။ ငါ့အဖို့ မပြစ်မှားသင့်သော သင့်ကို ပြစ်မှားမိသော အပြစ်ရှိနေပါ၏။ ထို့ကြောင့် သင်မိဖုရားကို ဆုပေးလိုပါသည်။ လိုရာဆုကို တောင်းဆိုပါလော့''

'အရှင်မင်းကြီး၊ ဝမ်းမြောက်လာပါ၏။ လိုရာဆုကို ပေးမည်ဆိုသော် ကျွန်မတို့ လိုအပ်သောဆုမှာ အထူးအထွေမဟုတ်ပါ။ ကျွန်တို့အဖို့ မလွတ်လပ်သောကြောင့် ဘုရားရှင်နှင့် သံဃာတော်များကို ကိုးကွယ်ရသော်လည်း လွတ်လွတ်လပ်လပ် ကိုးကွယ်ခွင့်မရခဲ့ပါ။ သို့ဖြစ်၍ လွတ်လွတ်လပ်လပ် ကိုးကွယ်ဆည်းကပ်ခွင့်ကို ပေးတော်မူပါရန် တောင်းဆိုပါသည် အရှင်မင်းကြီး''

''သာမာဝတီ၊ ဘုရားရှင်နှင့် သံဃာတော်များကို ငါကိုယ်တိုင် ကိုးကွယ်တော့မည်ဖြစ်၍ သင်မိဖုရားလည်း ငါနှင့်အတူ ပေးလှူ ကိုးကွယ်ခွင့် ရပါတော့မည်။ သို့သော် ငါပါသည်ဖြစ်စေ၊ မပါသည်ပင်ဖြစ်စေ ယနေ့မှစ၍ သင်မိဖုရားတို့ သဘော အတိုင်း အဆီးအတားမရှိ၊ စိတ်တိုင်းကျ ကိုးကွယ်ဆည်းကပ်ကြစေဗျား''

ထိုအခွင့်အမိန့်ကြောင့် သာမာဝတီတို့ထံမှ သာဓုသံများမှာ ဘဝင်လျှံ၍ သွားသည်။

## ဟင်းလင်းပွင့်

မှန်၏။ ထိုနေ့မှစ၍ ဥတေနနန်းတော်မှာ ဘုရားရှင်နှင့် သံဃာတော်များအဖို့ ဟင်းလင်း ပွင့်၍ သွားသည်။ ဆွမ်းကျွေးမှု၊ သင်္ကန်းပရိက္ခရာ လှူဒါန်းမှုများမှာ ဆက်၍နေသည်။ ဤမျှမက ဘုရားရှင်အပေါ်၌သာ သဒ္ဓါတရား ကဲလွန်လာသော ဥတေနဘုရင်က

ဘုရားရှင်အား မိမိနန်းတော်သို့သာ နေ့စဉ်မပြတ် ကြွရောက်၍ ဆွမ်းအလှူခံကာ သီတင်းသုံးတော်မူပါရန်အထိ လျှောက်ထားလာသောကြောင့် ဘုရားရှင်တို့မည်သည် တစ်နေရာတည်းသို့သာ ကြွရောက်ရိုးမရှိဟု ဖျောင်းဖျတားမြစ်၍ ထားရသည်။ ထိုအခါ ရဟန်းသံဃာကို မပြတ်ဖူးတွေ့နေလိုသော သာမာဝတီတို့က ဘုရားရှင်မကြွနိုင် သည့်တိုင် သံဃာတော်တစ်ပါးကိုတော့ မပြတ်စေလွှတ်တော်မူပါမည့်အကြောင်း အရှင်အာနန္ဒာကို ရည်စူးကာ ဥတေနမှတစ်ဆင့် လျှောက်ထားပြန်သောကြောင့် ဘုရားရှင်က အရှင်အာနန္ဒာအား သာဝတ္ထိမှာကဲ့သို့ပင် ဥတေန နန်းတော်၊ အထူးသဖြင့် သာမာဝတီတို့၏ အဆောင်သို့ အခွင့်သာတိုင်း သွားရောက်ရန်စေလွှတ်ပေးရသည်။

သူ့ဘာထွေး အလ္လာကပ္ပရသေ့ကြီးမှစ၍ ရသေ့ရဟန်းဆိုသူများကို အများအားဖြင့် ကပျစ်ကညစ်အသွင်ဖြင့်သာ မြင်တွေ့ခဲ့ရဖူးသော ဥတေနဘုရင်အဖို့ ဘုရားရှင်နှင့် သံဃာတော်များကိုလည်း သူလိုကိုယ်လိုပင် ထင်မှတ်ခဲ့ရာ ကိုယ်တွေ့မျက်မြင် ဖူးတွေ့ရသောအခါ ဘုရားရှင်၏ တင့်တယ်သော အဆင်းတော်၊ ရောင်ခြည်တော်များ၊ သံဃာတော်တို့၏ သေဝပ်တည်ငြိမ်သော အဝတ်အဆင်နှင့် ကုန္ဒြေများကြောင့် သဒ္ဓါတရား တစိမ့်စိမ့် တိုးပွားလာသည်။

ယင်းသို့ဖြင့် အနာဂတ်ကို သိမြင်တော်မူသော ဘုရားရှင်၏ သည်းခံမှုနှင့် သာသနာပြုတော်မူချက်အရ ဥတေန နန်းတော်နှင့် ကောသမ္ဗီတစ်မြို့လုံးပါ သာသနာ တော်နှင့် အဆင်ပြေလိုက်လျောကာ သာယာသောအခြေသို့ ရောက်လာခဲ့သည်။ သို့သော် မသာယာသောအပိုင်းလည်း ရှိပေသေး၏။ အကောက်ကြံသမျှမဟာန်၊ စိမံ လေတိုင်း ပျက်ခဲ့ရသော မာဂဏ္ဍီ၏ ရန်ငြိုးပင်ဖြစ်လေ၏။

ကြံလေသမျှ မဟာန်ရုံမျှမက ရွှေနန်းတော်သို့ပင် တိုးဝင်၍လာနိုင်သော ဘုရားရှင်ကိုလည်းကောင်း၊ မိမိထက် အခွင့်အရေးမြင့်တက်ကာ ဥတေနဘုရင်က မိခင်အရာ၊ ဆရာအရာသို့ပင် တင်မြှောက်ခံလာရသော သာမာဝတီကိုလည်းကောင်း မြင်မိတိုင်း၊ တွေးမိတိုင်း ကြိတ်မနိုင် ခဲမရ ဒေါသအခိုးဝေလျက် ရှိနေသည်။ သို့သော် ဘုရင်ကိုယ်တိုင် ကိုးကွယ်လာ၍ ကြီးမြတ်ခိုင်ခံ့သော ဘုရားရှင်ကိုတော့ အန်တုရန် ပြုနိုင်ဖို့ မရှိတော့။ ယခင်ကလို သူတစ်ပါးကိုစေလွှတ်၍ ဆဲဆိုခိုင်းမှုကို အပထား၍ မိမိကိုယ်တိုင် မထိမဲ့မြင်ပင်လျှင် မပြုဝံ့တော့။ ရန်ပြုနိုင်ဖို့ အခွင့်အရေး ရှိနေသေးသူမှာ နန်းတွင်းကျောင်းတော်အလား တသီးတခြား တရားဖြင့်သာ နေထိုင်လျက် ရှိနေကြသော သာမာဝတီနှင့် သူ့အသိုက်အဝန်းများကိုပင် ဖြစ်ပေသည်။

## မီးဖြင့်တိုက်

သည့်တစ်ချိတော့ ကြက်ပရိယာယ်၊ မြွေပရိယာယ်တို့လို ပရိယာယ်မာယာတွေ ဆင်မနေတော့။ အသက်သေသည်အထိ အပြတ်ရှင်းပစ်လိုက်ရန် မောင်းတင်လိုက်သည်။ ယင်းသည်ကား သာမာဝတီတို့ ကမ္မဋ္ဌာန်း ထိုင်ကြသည်ဆိုသော နေ့လယ်အချိန်တွင် သာမာဝတီတို့ တစ်ဆောင်လုံးကိုပါ တစ်ပြိုလုံး သေကုန်အောင် မီးတင်ရှို့ပစ်ရန်ဖြစ်၏။

ဤအကြံအစည်အတိုင်း ဥတေနဘုရင် တောကစားထွက်မည့်နေ့တွင် ပြုလုပ်ရန် သူ့ဘထွေးနှင့် တိတ်တဆိတ် တိုင်ပင် စီစဉ်ထားလိုက်သည်။ ဘုရင်ရှိနေစဉ် ပြုလုပ်၍ မဖြစ်။ မီးကိုမြင်သော် ဝိုင်းဝန်းငြိမ်းသတ်နိုင်းလိမ့်မည်။ ဘုရင်မရှိမှ မိမိဩဇာ ပရိယာယ်ဖြင့် အောင်မြင်နိုင်မည်။ သို့သော် ပြောင်ပြောင်တင်းတင်း ပြုလုပ်၍တော့ မဖြစ်။ မတော်တဆ လောင်သည့်အနေမျိုးဖြစ်အောင် တိတ်တဆိတ် စီမံသည်။

မီးလောင်ရာ၌ သာမာဝတီတို့ ပြေးမထွက်နိုင်ဘဲ ရတ်ခြည်းလောင်စေရန် ဟောင်းနွမ်းနေပြီဖြစ်သော သာမာဝတီတို့အဆောင်ကို ခိုင်ခံ့ရန်ဟု ကြိုတင်၍ ရေနံ အသုတ်ခိုင်းလိုက်သေး၏။ သူ့လူများက အမှတ်မဲ့ ရေနံလာသုတ်ကြ၍ အခြွေအရံများက မေးသောအခါ ဘုရင့်အမိန့်တော်ဖြင့် သုတ်သည်ဟု သိရသောကြောင့် ခတ်မဆိတ်သာ နေလိုက်ကြသည်။

မာဂဏ္ဍီ၏အကြံ အောင်မြင်၏။ နေ့လယ်ပိုင်းတွင် ထုံးစံအတိုင်း သာမာဝတီနှင့် အခြွေအရံငါးရာတို့ စုရုံး၍ ခန်းဆောင်အလယ်တွင် တရားရှုမှတ်နေကြခိုက် မီးလုံးကြီး ရတ်ခြည်းတက်လာသည်။ ရေနံတို့ဖြင့် ဝ၍နေသောကြောင့် မီးလုံးမီးရှိန်ကလည်း ကြီးမားပြင်းထန်လှ၏။ တံခါးတို့ကိုလည်း ဆို့ပိတ်ထားသည်။ မဆို့ပိတ်လျှင်လည်း ပြေးထွက်နိုင်ခွင့် မရှိကြတော့ပါ။ အကြောင်းမှာ ဘဝကံကြမ္မာက ဆိုက်ရောက်လာပြီ ဖြစ်၏။

တစ်ကြောင်းမှာလည်း တရားအရှိန်တက်ပြီးသော သာမာဝတီနှင့် အခြွေအရံ ငါးရာတို့မှာ ပုထုဇဉ်များ မဟုတ်ကြတော့။ အနိမ့်ဆုံး သောတာပန်အဆင့်မှ အနာဂါမ် အဆင့်အထိ ပါဝင်သော အရိယာ တရားရှင်များဖြစ်ကြသည်။ အရိယာတရားရှင်တို့အဖို့ မိမိအသက် သေမှုသေခင်းဆိုသည်မှာ မိမိရရှိထားအပ်သော တရားနှင့်နှိုင်းစာသော် သာမန်မျှသာဖြစ်ကြောင်း တရားရှင်များသာ သိနိုင်ကြသည်။

မိမိအသက်ကို တမင်သေဖို့ မပြုလုပ်သော်လည်း မိမိတရားနှင့် မိမိအသက်ကို လုယူမည်ဆိုသော် တရားဘက်သို့သာ အဓိကထားသည်မှာ အရိယာတို့၏ တရားသတ္တိ ဖြစ်၏။ ကျားပါးစပ်သို့ ရောက်သည့်တိုင် တရားမပြတ် မပျက်စေသည်မှာ တရားရှင်တို့၏ သတ္တိဖြစ်၏။ (ဗုဒ္ဓစာပန်းချီ ''ကျားကြီးရာဇာ''တွင်လည်း တွေ့ရှိနိုင်ကြသည်)

အချို့မှာ တရားရှင် အမြင်အားဖြင့် ရွံရှာဖွယ်ဖြစ်သော မိမိခန္ဓာကိုယ် ပဥ္စကခြုပ်ကို စွန့်ပယ်၍ တရားဘက်သို့ လုလိုသောကြောင့် မိမိအသက်ကိုပင်မိမိ သတ်ဖြတ်ပစ်သည် အထိပင် တရားသတ္တိရှိကြသည်။ အရှင်သာဂတ အကြောင်းရပ်။

ထိပ်တန်းအရိယာကြီးများသည် မိမိခန္ဓာကိုယ်ကို စွန့်လွှတ်ရတော့မည်ဆိုသော် ဝမ်းမြောက်ကြ၏။ အကြောင်းမှာ ခန္ဓာဝန် မရှိတော့သော အနုပါဒိသေသ နိဗ္ဗာန် ရွှေပြည်မြတ်သို့ ကူးမြောက်ရတော့မည်ကြောင့် ဖြစ်၏။

အရှင်သာရိပုတ္တရာက မိမိသည် မိမိခန္ဓာကိုယ်ကို ယိုစီးကျလျက်ရှိသော ဆီအိုးကြီးကို ရွက်ဆောင်၍နေရသောသူကဲ့သို့ မပြတ်ရွံရှာလျက် ရှိပါသည်ဟု သီဟနာဒ ခြသေ့်ဟောက်စကားဖြင့် ဘုရားရှင်အား လျှောက်တင်ခဲ့သည်။ ဗုဒ္ဓစာပန်းချီ "ပြသနာ အရှင်"ကို ဖတ်ပါရန်။

ပုထုဇဉ်တို့က မိမိကိုယ်ကို ငါ့ကိုယ် ငါ့ခန္ဓာဟုထင်၍ အရိယာတို့အဖို့မှ မိမိကိုယ်မဟုတ်သော မိမိခန္ဓာအပေါ်တွင် အရှင်သာရိပုတ္တရာအတိုင်းပင် အနုအရင့် အလိုက် ထင်မြင်ထားကြပြီးသော တရားရှင်များသာ ဖြစ်ကြ၏။

အရိယာဖြစ်သော ခုဇ္ဇုတ္တရာ၊ သာမာဝတီတို့သည်လည်း ဤအတိုင်းပင် ဖြစ်သည်။ မီးရှိန်ဝိုင်းမိသည်နှင့်တစ်ပြိုင်နက် ဤမီးအန္တရာယ်မှ မလွတ်နိုင်တော့ပြီကို သိသော သာမာဝတီက "ရှင်မတို့၊ ကျွန်မတို့မှာ ဘဝဝဋ်ကြွေး ဆိုက်ရောက်လာပြန် ချေပြီ။ ဤအန္တရာယ်မှ လွတ်ဖို့မရှိတော့။ သတ္တဝါဟူသည် ဝဋ်ရှိလျှင်ခံရမည်။ ဘုရားရှင်သော်မှ ဘဝဝဋ်ကြွေးနှင့်မကင်း၊ ခံတော်မူရသည်။ သတ္တဝါဟူသည် သေချိန် ရောက်လျှင် သေကြရသည်။ သို့သော် ကျွန်မတို့မှာ အားထားစရာ တရားကိုယ်စီ ရှိနေကြသည်။ မိမိတရားကိုသာ မပြတ်သောသတိဖြင့် ရှုမှတ်၍နေကြပါဘိ။ စိတ်ဟူသည် နှစ်မျိုးမဖြစ်။ မိမိတရားကို စူးစိုက်ရှုမှတ်ခြင်းဖြင့် ရောက်လာသော အန္တရာယ်ကို ကာကွယ်ပြီး ဖြစ်ပါလိမ့်မည်။ ရှုမှတ်ကြပါစို့"ဟု သတိပေးကာ မတုန်မလှုပ် တရား ရှုမှတ်၍သာနေလိုက်ကြသည်။ ရှုမှတ်ရင်းဖြင့်ပင် ကွယ်လွန်သွားကြရှာကာ သက်ဆိုင်ရာ ဘုံများသို့ ရောက်သွားကြသည်။

သာမာဝတီတို့အဆောင်ကို မီးလောင်သည်ဟူသော သတင်းသည် တောကစား နေရာ ဥတေနထံသို့ ချက်ချင်းရောက်လာ၍ အသော့ပင်ပြန်ခဲ့ကြသည်။ သို့ရာတွင် မကယ်တင်နိုင်တော့ဘဲ မီးလောင်ပြင်မျှကိုသာ တွေ့ရတော့၏။

## အပြတ်ရှင်း

ဘုရင်ဥတေန ဒေါသဟုန်းဟုန်းထွက်၏။ မာဂဏ္ဍီ၏ လက်ချက်သာဖြစ်ကြောင်း အစင်းသိသည်။ ဘုရားရှင်အပေါ်တွင်လည်းကောင်း၊ သာမာဝတီအပေါ်တွင်

လည်းကောင်း၊ မာဂဏ္ဍီ၏ အမျက်စက်မောင်းကို မင်းနားတစ်ထောင်ဖြစ်သော ဥတေန အဖို့ မသိချင် မကြားချင်အဆုံးဖြစ်ခဲ့၏။ ဤကိစ္စတွင် မာဂဏ္ဍီအပြင် အဘယ်သူ ဖြစ်နိုင်ဦးမည်နည်း။

သို့ရာတွင် မာဂဏ္ဍီကို ရှင်းရှင်းပြတ်ပြတ် အရေးယူဖို့ရန်မှာ သက်သေ အထောက်အထား လိုပေသေး၏။ မာဂဏ္ဍီ၏ ခြေပုန်း အကြံအစဉ်တို့မှာ သိုသိပ်သည်။ ထင်ထင်ရှားရှား ပေါ်လာဖို့လိုသည်။ သို့ဖြစ်၍ သာမာဝတီတို့ ကွယ်လွန်သွားကြရာ သည်ကိုပင် မစိုးရိမ်လေဟန်နှင့် ထိုးမည့်ဆင် နောက်ဆုတ်သဘောဖြင့် ဟန်လုပ်၍ နေလိုက်သည်။

ဤဘုရင်သည် စိတ်ထားပြတ်၏။ သာမန်အားဖြင့် ရိုးရိုးစင်းစင်းသာ နေလေ့ ရှိသော်လည်း ဒေါသထွက်စရာ ရှိလာလျှင်လည်း ပြင်းပြင်းထန်ထန် ထွက်လာတတ်လေ့ ရှိသည်။ ထို့ကြောင့်ပင် သာမာဝတီတို့ကို လေးဖြင့် ခွင်းခဲ့ဖူးသည် မဟုတ်ပါလော။

ညီလာခံကို ရုတ်ခြည်းခေါ်၍ သာမာဝတီသည် မိမိအကျိုးပျက်အောင် ပြုလုပ်ခဲ့သည်မှာ များလှပြီ။ အရေးမယူလိုသေး၍သာ နေခဲ့သည်။ မိမိအကျိုးကို လိုလားသူမှာ မာဂဏ္ဍီသာဖြစ်၏။ ယခုသော် မိမိ အရေးမယူသော်လည်း မိမိကိုယ်စား သာမာဝတီတို့အား ထိုက်တန်သောအပြစ်ကို ပေးလိုက်ပြီဖြစ်၍ ဝမ်းမြောက်သည်။ သာမာဝတီ၏ အန္တရာယ်မှ ကင်းလွတ်သွားပေပြီ။ သို့ဖြစ်၍ သာမာဝတီကို အပြစ်ပေး သူကို ကျေးဇူးဆပ်ရပေလိမ့်မည်ဟု ပရိယာယ်စကား မိန့်ကြားလိုက်သည်။

ထိုအခါ အနီးတွင်ပင် ခစားနေသော မာဂဏ္ဍီက ဝမ်းမြောက်ဝမ်းသာဖြင့် "ကိစ္စမှာ အရှင့်အကျိုးကို လိုလားတဲ့ ဘုရားကျွန်မအပြင် ဘယ်သူရှိနိုင်ဦးမှာလဲ မောင်တော်။ သာမာဝတီရှိနေသမျှ မောင်တော့်အဖို့ မအေးနိုင်ဘူးဆိုတာ အစင်းသိ ခဲ့ပါတယ်။ ဒါကြောင့်မို့ မောင်တော့်အကျိုးအတွက် ဘုရားကျွန်မပဲ စီစဉ်ပြုလုပ် လိုက်ရပါတယ်"ဟု လျှောက်ထားလိုက်သည်။

တရားခံ စင်းစင်းပေါ်လာပြီဖြစ်၏။ သို့ရာတွင် ဤမျှကိစ္စကြီးကို မာဂဏ္ဍီ တစ်ဦးတည်းဖြင့် ပြုလုပ်နိုင်မည်မဟုတ်။ ကြိုတင်စီစဉ်၍ မီးရှို့သူ၊ ပိုင်းဝန်းသူတို့ ရှိရပေဦးမည်။ ရန်ကြွင်းရန်စဟူသည် မထားစကောင်း။ ကျူပင်ခုတ် ကျူငုတ်မျှ မကျန်အောင် ရှင်းလင်းပစ်ရပေမည်။

"ဝမ်းမြောက်လှပါသည် မာဂဏ္ဍီ၊ သို့ရာတွင် ဤကိစ္စကို ဆောင်ရွက်သည့် သင်၏ ဆွေမျိုးအသိုက်အဝန်းလည်း ရှိကြပါလိမ့်ဦးမည်။ ထိုဆွေမျိုးအသိုက်အဝန်း များကိုလည်း ထိုက်တန်သော ဆုလာဘ်များ ချီးမြှင့်လိုသည်။ ဖိတ်ခေါ် စုရုံးလိုက်ပါဘိ"ဟု အမိန့်ထုတ်လိုက်သည်။

ထို့ကြောင့် ၂-တရားခံဖြစ်သော ဘထွေးဖြစ်သူနှင့် အပေါင်းပါ ဆွေမျိုး တစ်သိုက်တို့ ပေါ်ပေါက်လာသည်။ ဆုလာဘ်ကို လိုချင်ကြသောကြောင့် မာဂဏ္ဍီနှင့် အတင်းဆွေမျိုးစပ်ကာ ပါဝင်သူတို့ပင် ပေါ်ပေါက်စုရုံးလာကြ၏။

ယင်းသို့ စုရုံးကြခိုက် တစ်ဖက်တွင် ဥတေနဘုရင်က ကွင်းပြင် တစ်ခုတွင် သစ်ပန့်ပန်းမန်များ စိုက်တော့မည့်ဟန်ဖြင့် တွင်းကြီးများကို တူးစေထားလိုက်ပြီးဖြစ်သည်။ ထို့နောက်တွင်မူ မာဂဏ္ဍီနှင့်တကွ ဆွေမျိုးဆိုသူ အပေါင်းပါအားလုံးကို တပ်ဖြင့် ဖမ်းဆီး ချုပ်နှောင်၍ ထိုတွင်းကြီးများတွင် ဦးခေါင်းပေါ်ရုံမျှထား၍ မြှုပ်နှံစေလိုက်သည်။ ထိုဦးခေါင်းတို့အပေါ်တွင် ကောက်ရိုး အမှိုက်တို့ကို ဖြန့်ကြဲစုပုံ၍ မီးတိုက်စေသည်။ ထို့နောက် သံထွန်သွားတို့ဖြင့် ထွန်စေသည်။ အဝီစီပွက်သကဲ့သို့ ပွက်ပွက်ညံကာ သေဆုံးကုန်ကြ၏။

၁-တရားခံကြီး မာဂဏ္ဍီကိုမူ တသီးတခြား ပြုလုပ်သည်။ အစာငတ် ရေငတ် ထားသည်။ အစာငတ်သောအခါ သူ့ခန္ဓာကိုယ်မှ မွတ်မွတ်ညက်ညက် အသားကလေး များကို ဓားဖြင့် တရိပ်ရိပ် လှီးဖြတ်စေ၍ သူ့ရှေ့တွင်ပင် ဖုတ်ကင်ပြီးလျှင် သူ့ကို ပြန်ကျွေးသည်။ သူ့သွေးသူပင် ပြန်၍ သောက်စေသည်။ ယင်းသို့လျှင် မိမိအလုဖြင့် လုမာန်ဝင့်ကာ မိမိ၏ အလုကလေးများ ပျက်သုဉ်းလေသည်ကို မချိမဆံ့ တရိရိ ရှုကြည့်ခံစားရင်းဖြင့် ကွယ်လွန်ရသည်။

## တရားတော်

ခုဇ္ဇုတ္တရာ၊ သာမာဝတီနှင့် အပေါင်းပါတို့သည် မီးဘေးဖြင့် ကွယ်လွန်ကုန်ကြပြီဟူသော သတင်းမှာ ဃောသိတာရုံ ရဟန်းတော်များအတွင်းသို့ ချက်ချင်းရောက်ရှိလာသည်။ ခုဇ္ဇုတ္တရာနှင့် သာမာဝတီစသော ဒါယိကာမကြီးတို့သည် တရားရှင်များဖြစ်ကြရုံမက မိမိတို့ သာသနာကို ဘုရင့်နန်းတော်နှင့် အခက်အခဲများအကြားမှပင် ဆက်နွယ် ပေးခဲ့ကြသော သာသနာ့ကျေးဇူးရှင်များ ဖြစ်ကြပေရာ မလျော်သော ဤသတင်းကို ကြားရသောအခါ သနားကရုဏာ သက်ဝင်စွာဖြင့် အံ့သြကြရသည်။

ထို့ကြောင့် သံဃာ့သဘင်သို့ ဘုရားရှင် ကြွရောက်တော်မူလာသောအခါ ဤသတင်းကို လျှောက်ထားရင်းဖြင့် အကျိုးအကြောင်းကို ဘုရားရှင်သို့ မေးလျှောက် ကြသည်။ ဘုရားရှင်က သာမာဝတီတို့သည် အချည်းနှီး ကွယ်လွန်ခြင်းမဟုတ်။ တရားနှင့်အတူ ကွယ်လွန်သွားကြခြင်းဖြစ်၍ မြင့်မြတ်သည်။ ခုဇ္ဇုတ္တရာ၊ သာမာဝတီနှင့် အပေါင်းပါများသည် သောတာပန်အစ အနာဂါမ်အဆုံး သက်ဝင်ပြီးကြသော တရားရှင်များ ဖြစ်ကြသည်။ အချို့မှာ မီးဘေးဆိုက်ရောက်လာသောအခါ တရားကို စူးစိုက်ရှုမှတ်ရင်းဖြင့် နိမ့်သောအဆင့်မှ မြင့်သောအဆင့်သို့ ရောက်ရှိသွားကြသည်။

အကြင်သူတစ်ယောက်သည် တရားမရှိလျှင် အသက်တစ်ရာပင် နေရသော်လည်း အချည်းနှီးသာဖြစ်၍ တရားရှိလျှင် တစ်ရက်မျှပင် နေရသော်လည်း မြင့်မြတ်သော သေခြင်းဖြစ်သည် စသည်ဖြင့် မိန့်မြွက်တော်မူသည်။

တေဒင်္ဂအရှင်၊ တရားရှင်များဖြစ်ပါလျက် အဘယ်ကြောင့် မီးဘေးဖြင့် ကွယ်လွန်ရသည်ဟူသော အကြောင်းကိုလည်းကောင်း၊ ဉာဏ်ကြီးရှင် ဖြစ်ပါလျက် အဘယ့်ကြောင့် ခါးကုန်း၍ နေရပါသနည်းဟု စောစောကပင် ခုဇ္ဇုတ္တရာအပေါ်၌ မိမိတို့ သိလိုနေသော အကြောင်းရပ်ကိုလည်းကောင်း၊ သိလိုကြသောကြောင့် ဘုရားရှင်အား တစ်ပါတည်း လျှောက်ထားတောင်းပန်ကြပြန်သောအခါ ဘုရားရှင်က ဝဋ်ကြွေးမကင်းခဲ့သော ခုဇ္ဇုတ္တရာ၊ သာမာဝတီနှင့် အပေါင်းအပါတို့၏ အတိတ်ဖြစ်ရပ်ကို ဟောကြားတော်မူသည်။

## အတိတ်ဝဋ်ကြွေး

အတိတ်က ဗာရာဏသီတွင် သာမာဝတီနှင့် မိန်းမငါးရာတို့သည် ဗာရာဏသီဘုရင်၏ နန်းတွင်းသူ မောင်းမများဖြစ်ခဲ့ကြ၏။ ဗာရာဏသီဘုရင်သည် ပစ္စေကဗုဒ္ဓါရှစ်ပါးကို ဆည်းကပ်ကိုးကွယ်သည်။ ခုနစ်ပါးသည် ဂန္ဓမာဒနတောင်သို့ ကြွတော်မူသောအခါ ကျန်တစ်ပါးသည် ဗာရာဏသီမြစ်ဆိပ်အနီးရှိ တောချုံပုတ်တစ်ခုအတွင်း၌ပင် နိရောဓ သမာပတ်ဝင်စား၍ ရဟန်းတရားဖြင့် နေတော်မူရစ်ခဲ့၏။

ထိုအခိုက် ဘုရင်နှင့် မောင်းမတို့သည် မြစ်ဆိပ်သို့ ရေချိုးဆင်းကြသောအခါ မောင်းမတို့အဖို့ ချမ်းအေးလှသောကြောင့် ပစ္စေကဗုဒ္ဓါတရားအားထုတ်ရာ ချုံပုတ်ကို မီးတိုက်၍ မီးလှုံကြ၏။ ချုံပုတ်ကို မီးလောင်၍ ကုန်စင်သွားသောအခါတွင်မှ ပစ္စေက ဗုဒ္ဓါအရှင်ကိုမြင်တွေ့ကြရသောအခါ ဘုရင်ကိုးကွယ်သောအရှင်ဖြစ်နေကြောင်း သိကြရ၍ ဤအကြောင်းကို ဘုရင်သိခဲ့သော် မိမိတို့အဖို့အပြစ်ကြီးလေးစွာ ကျရောက် တော့မည်ဟု ပစ္စေကဗုဒ္ဓါကို ပြန်မပြောနိုင်ဖို့ အပြီးသုတ်သင်ပစ်ရန် အခြားထင်းများဖြင့် စုပုံ၍ မီးတိုက်လိုက်ကြသည်။

အမှန်သော် သူတို့ပြုမူနေကြသော ဖြစ်ရပ်အားလုံးကို သမာပတ်ဝင်စားလျက် ရှိသော အရှင်မြတ် လုံးဝမသိ။ သမာပတ်၏ အစွမ်းကိုလည်း မောင်းမတို့ လုံးဝမသိ။ မိမိတို့သည် ချုံကို မီးတိုက်၍ အရှင်မြတ် ငုတ်တုတ်ပေါ်ပေါက်လာသည်ကို မြင်တွေ့ ကြရသောအခါ မသေသေးဘူးထင်၍ သေအောင် ထပ်မံ မီးတိုက်လိုက်ခြင်းဖြစ်သည်။

နိဗ္ဗာန်သို့ စေလွှတ်အပ်သော နိရောဓသမာပတ် ဝင်စားမှုဟူသည် လူသာမန်တို့ နားလည်ဖို့ရန် ခက်ခဲလှသည်။ ထူးခြားသော တရားအလုပ်ဖြစ်၏။ ဘုရားသခင်စသော တရားအရှင်တို့ အလွန်အလိုရှိအပ်သော တရားအလုပ်ဖြစ်သည်။ အကြင်တရားရှင်

တစ်ဦးသည် အထွတ်အထိပ်ဖြစ်သော တရားရှင်အဖြစ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ရုပ်နာမ်ခန္ဓာတို့ဒုက္ခမှ မိမိတို့ မိဋ္ဌာန်ချက်ရှိသလောက် လွတ်မြောက် ချမ်းသာစေနိုင်သော နိရောဓသမာပတ်အလုပ်ကို အလွန် အလိုရှိကြသည်သာ ဖြစ်သည်။

ဘုရားရှင်သည် အခွင့်အခါရတော်မူတိုင်း ဂိဇ္ဈကုဋ်တောင်လို နေရာမျိုးတွင် ဖြစ်စေ၊ ကျောင်းတော်တွင်ပင်ဖြစ်စေ နိရောဓသမာပတ် ဝင်စားမြဲဖြစ်၏။ ဗုဒ္ဓကိစ္စ များပြားတော်မူသော ဘုရားရှင်အဖို့ တရားဟောရာ သာဓုခေါ်ကြချိန် အကြား အကြား အချိန်ကလေးများ၌ပင် သမာပတ် ဝင်စားတော်မူသည်။ အရှင်သာရိပုတ္တရာ စသော အရိယာရဟန်းတော်တို့အဖို့လည်း အခွင့်သင့်သလိုသာ ဝင်စားတော်မူကြရ၏။

ဘုရားရှင်လက်ထက်တော်၌ ယင်းသို့ တောတောင်ချုံပုတ်တို့တွင် သမာပတ် ဝင်စားခိုက် ယခု ပစ္စေကဗုဒ္ဓါအရှင်မြတ်ကဲ့သို့ပင် အခိုက်မသင့်၍ မတော်မလျော် ကြုံကြိုက်ကြရသော အရှင်မြတ် အတန်များများရှိ၏။ ရဟန်းတစ်ပါး သမာပတ် ဝင်စားနေခိုက်တွင် မှောင်မိုက်ချိန်၌ အနီးသို့ ရောက်လာသော ခိုးသူတို့က သစ်ငုတ်ဟု ထင်မှတ်ကာ အရှင်မြတ်အပေါ်၌ ပစ္စည်းများ ပစ်တင်ကြ၏။ အလင်းရောင်ပေါ်လာမှ ရဟန်းဖြစ်နေကြောင်း သိကြရသည်။

အရှင်သာရိပုတ္တရာ၏တပည့် သံကိစ္စသာမဏေလေး သမာပတ်ဝင်စား နေသည်ကို ခိုးသူကြီးက သန်လျက်ဖြင့်ခုတ်ပိုင်းသည်။ တရားတန်ခိုးကို မသိ။ သူတို့ နတ်ပွဲကိစ္စ တင်မြှောက်ရန်အတွက် သတ်ခြင်းဖြစ်သည်။ မြူမှုန်မျှ မဖြုန်။ နောင်တွင်မှ တရားသတ္တိကို သိလာ၍ ခိုးသူကြီးတို့ ရဟန်းဖြစ်ကုန်ကြသည်။ ဗုဒ္ဓစာပန်းချီ "မျက်နှာငယ်သူ" ဝတ္ထု။

နိရောဓသမာပတ် ဝင်စားသော အရှင်သည် အများအားဖြင့် ခုနစ်ရက် မိဋ္ဌာန်၍ အလုပ်စခန်းသို့ ဝင်သည်။ ခုနစ်ရက်ဆက်တိုက်ထိုင်ရန်ဖြစ်၏။ ခုနစ်ရက်ထက် ပိုထိုင်၍တော့မဖြစ်။ လက်ရှိခန္ဓာကိုယ်နှင့် မကင်းနိုင်သေးပေရာ ခန္ဓာကိုယ်ကို ဖြည့်တင်း ရမည့် အာဟာရဒုက္ခ ရှိနေချေသေး၏။ ဘုရားရှင်၊ သို့မဟုတ် မိမိဆရာအရှင် မထေရ်ကြီးများကခေါ်လျှင် နိုးပါစေ၊ ခုနစ်ရက် သို့မဟုတ် သတ်မှတ်သောရက်နှင့် အချိန်တိုင်လျှင် နိုးထပါစေဟူသော အဓိဋ္ဌာန်ဖြင့် ထိုင်ကြရသည်။

ယင်းသို့ တရားခွင်ဝင်နေစဉ်အတွင်း မီး၊ သန်လျက်စသည်ကို အပထား၍ မြင်းမိုရ်တောင်နှင့် ကြိတ်လျှင်ပင် နကမ္ပတိ = အန္တရာယ်မရှိ။ တရား၏ ထူးခြားသော သတ္တိပင်ဖြစ်၏။

ဤအဖြစ်ကိုမသိသော မောင်းမတို့က မသေ၍ ကျန်နေခဲ့ပါသော် ဘုရင်သိလျှင် အရေးယူခံရမည်ကြောင့် မီးဖြင့် ထပ်မံတိုက်မိခြင်းဖြစ်သည်။ ပထမမီးသည် မသိ၍

စေတနာမပါသောကြောင့် အပြစ်မရှိ။ ဒုတိယမိုးမှာ စေတနာဖြင့် တမင်သေစေရန် ပြုလုပ်ကြခြင်းဖြစ်သောကြောင့် ဘဝအဆက်ဆက် ငရဲမျိုးစုံ၊ အပြစ်မျိုးစုံ ကျရောက်ကာ ဝဋ်လိုက်ခဲ့ရသည်။ သာမာဝတီတို့ ဝဋ်ကြွေးကား ဤသည်ပင် ဖြစ်၏။

ခုဇ္ဇုတ္တရာ၏ ဝဋ်ကြွေးမှာ ယင်းပစ္စေကဗုဒ္ဓါ ရှစ်ပါးအနက် တစ်ပါးမှာ အနည်းငယ် ခါးကုန်းရှာသည်။ ဤသည်ကို ခုဇ္ဇုတ္တရာအလောင်း မောင်းမက ကွယ်ရာတွင် သူ့အဖော်များအား "ငါတို့အရှင်ကြီးတစ်ပါးသည် ဤသို့သွား၍ ဤသို့ လာ၏" စသည်ဖြင့် ခါးကုန်းပုံစံပြုလုပ်ကာ ပြက်ရယ်ပြောင်လှောင်၍ ပြခဲ့သည်။

တစ်ဖက်တွင်ကား ခုဇ္ဇုတ္တရာအလောင်းသည် စိတ်ကူးကောင်းသော အလှူရှင် ဖြစ်ခဲ့ပြန်သည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် မိမိတို့သပိတ်တွင် ပူသော ယာဂုဆွမ်းကို အလှူခံရရှိသောအခါ ပူသောကြောင့် တစ်လက်မှ တစ်လက်သို့ ပြောင်း၍ ကိုင်တွယ်ကြသော ဒုက္ခကို ခုဇ္ဇုတ္တရာအလောင်း တွေ့ရလျှင် မိမိ၏ လက်ကောက်ရှစ်ခုကို သပိတ်ခြေအဖြစ် အရှင်မြတ်တို့အား လှူဒါန်းသည်။ ဤအလှူသည် တေဒဂ်ရ ပညာရှင်အထိ အကျိုးပေးလာခဲ့သော အခြေခံအလှူပင်ဖြစ်ပေ၏။ ယင်းသပိတ်ခြေ လက်ကောက်များသည် ယနေ့တိုင်အောင်ပင် နန္ဒမူတောင်ဝှမ်း၌ အထင်အရှားရှိပေ၏ဟု ပိဋကတ်အဆိုရှိသည်။

ဘုရားရှင်က တရားတော်၏အဆုံး၌ သတ္တဝါဟူသည် နိဗ္ဗာန်မရမီစပ်ကြား ဘဝသံသရာ၌ ထူးထွေလှပေ၏။ သို့ဖြစ်၍ ဘဝသံသရာမှ လွတ်မြောက်နိုင်ရန် သတိပြု ကြကုန်လော့ဟု အပ္ပမာဒေန သမ္ပာဒေထ တရားဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်လိုက် သောအခါ ရဟန်းတော်တို့၏ သာဓုသံမှာ ဘဝဂ်လျှံ၍ သွားသတည်း။ ။

# စောင်းအိုလုလင်

[ ၁ ]

ယနေ့ သုဓမ္မာနတ်သဘင်တွင် သိကြားမင်း၏ တရားပွဲအပြီး၌ သိကြားမင်းက "အမောင် ပဉ္စသိခ"ဟု ခေါ်လိုက်သောအခါ ကျွန်ုပ်သည် သိကြားမင်း၏ ရှေ့နောက်သို့ အသော့ ရောက်သွား၏။

ကျွန်ုပ်သည်ကား ကပွဲ ခုန်ပွဲ ပျော်ရွှင်ပွဲများဖြင့် ဖျော်ဖြေရသူ ဂန္ဓဗ္ဗနတ်တစ်ပါး ဖြစ်သော်လည်း သိကြားမင်း၏ အခွင့်အရေး ပေးထားသော ကိုယ်ရံတော် သီးခြား စောင်းလုလင်ဖြစ်သည်။

ထို့ကြောင့် "အမောင် ပဉ္စသိခ"ဟု ကျွန်ုပ်ကို ခေါ်လိုက်သောအခါ နတ်သဘင်ကို ဖျော်ဖြေရေးအတွက် ကျွန်ုပ်ကို တာဝန်ပေးတော့မည်ဟု ထင်မှတ်မိ၏။

သို့ရာတွင် ကျွန်ုပ်၏ ထင်မြင်ချက်မှာ မမှန်။ ရှေ့မှောက်၌ ရပ်မိလျှင်ပင် သိကြားမင်းက "အမောင် ပဉ္စသိခ၊ ခုအချိန်မှာ ဘုရားရှင်သည် အဘယ်အရပ်မှာ သီတင်းသုံးတော်မူပါသနည်း"ဟု မေးလိုက်သည်။

"ဣန္ဒသာလလိုဏ်ဂူမှာ သီတင်းသုံးတော်မူနေပါသည် အရှင်"

"ကောင်းပြီ။ ငါတို့ ဘုရားဖူးတရားနာ သွားကြရအောင်။ မောင်ရင်က ငါ့ထက် ဘုရားရှင်နှင့်ရင်းနှီးသူ ဖြစ်ပါပေတယ်။ ဒါကြောင့်မို့ မောင်ရင်က ငါ့ကို ဦးဆောင်ပြီး ဘုရားရှင်ထံပို့ပေးပါ။ အခြားနတ်များကိုလည်း တရားနာလိုက်လိုသူ မှန်သမျှ ဖိတ်ခေါ်ခဲ့ပါ"

''ကောင်းပါပြီ အရှင်''

ထိုကိစ္စမှာ နတ်ဒေဝတာများအဖို့ ထူးခြား၏။ ကျွန်ုပ်အဖို့မူကား ထူးခြားရုံမျှ မဟုတ်၊ ကျွန်ုပ်၏ကြီးမားသော ကိုယ်ရေးအကြောင်းတစ်ခုကြောင့် သိကြားမင်းထံ ချဉ်းကပ်ရန် အခွင့်အခါကိုစောင့်မျှော်နေခိုက် သိကြားမင်းကိုယ်နှိုက်ကပင် မျက်နှာသာပေး လာသည်ကို တွေ့ရသောကြောင့် ကျွန်ုပ်အဖို့ ကြုံတောင့်ကြုံခဲ အခွင့်အရေးကြီးပင် ဖြစ်ပါပေ၏။

ဘုရားရှင်နှင့် ဘုရားရှင်သာသနာ ထွန်းပေါ်လာသောအခါ၌ အခြားနတ်ပြဟ္မာ များစွာတို့သည် ဘုရားရှင်နှင့် သံဃာတော်များထံသို့ ဖူးမြော်ခြင်း၊ တရားနာခြင်း စသည်ဖြင့် ကြိမ်ဖန်များစွာ သွားရောက်ဆည်းကပ်ကြသော်လည်း သိကြားမင်းမူကား ဘုရားရှင်အား လေးစားကြည်ညိုသူဖြစ်စေကာ ဘုရားရှင်အထံတော်သို့ အရောက် အပေါက် နည်းပါးလှသူဖြစ်ခဲ့ပေသည်။ ကျွန်ုပ်မှတ်မိသမျှ ဘုရားရှင်ပွင့်တော်မူစအချိန်က ဘုရားရှင်၏ ဗောဓိပင်နှင့် ရွှေပလ္လင်သို့ ကျွန်ုပ်အပါအဝင် အခြားနတ်ပြဟ္မာများနှင့်အတူ တစ်ကြိမ်ရောက်၏။ ဇေတဝန်ကျောင်းတော်သို့ သိကြားမင်း တစ်ကိုယ်တည်း တစ်ကြိမ် ရောက်၏။ ဇေတဝန်ကျောင်းတော်သို့ပင် မထင်မရှားအသွင်ဖြင့် တစ်ကြိမ်ရောက်၏။ ဤမျှသာ ကျွန်ုပ် မှတ်မိသည်။

ယင်းသို့ ရောက်ပုံရောက်နည်းများကို ပိုင်းပိုင်းခြားခြား ပြောကြားဖို့ လိုပါ လိမ့်မည်။ အကြောင်းမှာ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်တော်မူစအချိန်၌ ကျွန်ုပ်တို့နှင့်အတူ ဗောဓိပင်နှင့် ရွှေပလ္လင်သို့ သိကြားမင်း ရောက်ပုံရောက်နည်း ယခု ကျွန်ုပ်ဖော်ပြမည့် အကြောင်းရပ်များ တိတိကျကျဆိုရသော် ကျွန်ုပ်သည် ''မာရ်မင့်စောင်းရင်း ဥသျှစ်ဆင်း'' တည်းဟူသော ဗေလုဝသခင် စောင်းအိုလုလင် ပဥ္စသိခ ဖြစ်လာရပုံများနှင့် စပ်လျဉ်း နေသောကြောင့် ဖြစ်ပါသည်။

ကျွန်ုပ်သည် သိကြားမင်း၏ အခြံအရံ အလုပ်အကျွေးအဖြစ် ပဥ္စသိခဖြစ်လာ သောအခါ ကျွန်ုပ်၏ ပါရမီနှင့် ဝါသနာအရ ဘုန်းကံအလျောက် ရရှိလာသော စောင်းအရွယ်အစားမှာ ကျွန်ုပ်၏ခန္ဓာကိုယ် နတ်ဝတ်တန်ဆာနှင့် လိုက်ဖက်ရုံ အနေတော်မျှ ဖြစ်၏။ သို့သော် နောင်အခါ၌ သိကြားမင်း၏ ချီးမြှင့်မှုကြောင့် ဝင့်ကြွား သားနားလှသော စောင်းကြီးပိုင်ရှင် ပဥ္စသိခ ဖြစ်လာရသည်။ သိကြားမင်း၏ ချီးမြှင့်မှုဖြင့် ရရှိလာသော စောင်းမှာ ဝသဝတ္တီ မာရ်နတ်ကြီး၏ စောင်းကြီးပါတည်း။

စောင်းလတ်၊ စောင်းငယ်လုလင်ဘဝမှ စောင်းကြီးစောင်းအိုလုလင်ပဥ္စသိခ ဖြစ်လာသည်။ စောင်းအမည်ကို ဝါကြန့်ကြန့်ဝါးအရောင်ရှိသောကြောင့် ဝေဠုဝဟုလည်း ခေါ်၍ ဥသျှစ်သီးပုံစံ အဝါရောင်ရှိသောကြောင့် ဗေလုဝဟုလည်း ခေါ်ကြသည်။

ဖြစ်ပုံမှာ သိဒ္ဓတ်မင်းသား ဘုရားဖြစ်တော်မူအံ့စဲစဲအချိန်တွင် သိကြားမင်းနှင့် ကျွန်ုပ်အပါအဝင် နတ်ဗြဟ္မာအများသည် ဘုရားအလောင်းတော်ကို ပူဇော်နေခိုက် နတ်သရမ်းကြီးမာရ်နတ်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို တိုက်ခိုက်လာ၏။ ထိုအခါ ပူဇော်ကြသူ နတ်ဗြဟ္မာတို့အနက် မာရ်နတ်ထက် တန်ခိုးကြီးသူတို့ ပါရှိသော်လည်း ခွေးရူးဟိတ် ဆိုလျှင် မြင်သူကြားသူမှန်သမျှ ရှောင်တိမ်းကြရသကဲ့သို့ သိကြား ဗြဟ္မာတို့သည် စကြဝဠာတံတိုင်းအထိ ရှောင်တိမ်းပေးကြရသည်။

မာရ်နတ်ကြီးက ဂီရိမေခလာဆင်ကြမ်းကြီးကိုစီး၍ တိုက်သည်။ လက်ရုံးပေါင်း တစ်ထောင်ကို ဖန်ဆင်း၍ လက်နက်မျိုးစုံအောင်ကိုင်သည်။ ထူးခြားသည်ဟု ဆိုရမည်မှာ ယင်းသို့တိုက်ပွဲဝင်ရာ၌ပင် ဆင်ပေါ်တွင် သူ့လက်ရုံးစောင်းကြီးပါရှိလာခြင်းပင် ဖြစ်ပေသည်။ အကြောင်းမှာ မာရ်နတ်သည် အခြားနည်းအားဖြင့် အဘယ်မျှဆိုးရွားစေကာမူ ကျွန်ုပ်ကဲ့သို့ပင် ဂီတဝါသနာရှင် စောင်းလုလင်ဖြစ်၏။ စိတ်ကူးယဉ်သမားဖြစ်၏။

သိကြပြီးသည့်အတိုင်းပင် ဘုရားရှင်၏ ပါရမီတော်အစုံ၊ မေတ္တာတော်အဟုန် တို့ကြောင့် မာရ်နတ်ကြီး မရှုမလှရှုံးကာ တပ်လုံးပျောက်ပြေးကြရသည်။ ထိုအခါ စစ်မြေပြင်တစ်နေရာတွင် သူ့စောင်းကြီးကျကျန်ရစ်ခဲ့၏။ ဤသည်ကို ဘုရားရှင်အထံ ပြန်လာကြခိုက်တွေ့သော် သိကြားမင်းက ကျွန်ုပ်ကိုဆုအဖြစ်ပေး၏။

စောင်းကြီးမှာ အလုံးအထည်ကြီးမားသလောက် သံကြီးသံငယ်၊ လက်ရင်း လက်ဖျား စောင်းကြိုးတို့ ပို၍စုံလင်ကာ အသံမှာလည်း ကျွန်ုပ်၏ မူလစောင်းထက် မြည်ကြွ ကြည်မြ ပီသလှပေသည်။

ထိုအချိန်မှစ၍ ကျွန်ုပ်သည် သာမန်ပဥ္စသီခဘဝမှ ပို၍ပညာကြွယ် လက်သံ မြောက်လာသော စောင်းကြီးလုလင်၊ စောင်းအိုလုလင် ပဥ္စသီခအဖြစ်သို့ ရောက်ရှိလာ ခဲ့သည်။

[ ၂ ]

ဤကား ဘုရားရှင်အထံတော်သို့ ပထမအကြိမ် သိကြားမင်းရောက်ရှိပုံနှင့် ကျွန်ုပ်၏ အတွေ့အကြုံဖြစ်၍ နောက်တစ်ကြိမ်ရောက်ရှိလာပုံမှာ ရထားမျိုးမာတလိနှင့်အတူ သွားရောက်သော်လည်း ဇေတဝန်ကျောင်းတော် ဘုရားရှင် သီတင်းသုံးတော်မူရာ နတ်ထင်းကုဋီ(သလဠာဂါရကုဋီ)သို့မူ တစ်ယောက်တည်းသွားရောက် ချဉ်းကပ်ခဲ့သည်။ သို့ရာတွင် ဘုရားရှင် သမာပတ်ဝင်းစားနေခိုက်နှင့် ကြုံရသည်ဆိုပြီး ဘုရားရှင်းအနီးတွင်

ဆည်းကပ်လျက်ရှိသော သကဒါဂါမိမယ် ဘူဇတိနတ်သမီးကိုသာ မိမိလာရောက်ကြောင်း လျှောက်ထားလိုက်ပါဘိဟု မှာကြား၍ ပြန်လာခဲ့သည်။

နောက်တစ်ကြိမ်မှာ ဇေတဝန်ကျောင်းတော် နံ့သာကုဋိ(ဂန္ဓကုဋိ)သို့ပင် သန်းခေါင်ကျော်အချိန်၌ မထင်မရှား သာမန်နတ်တစ်ပါးအသွင်ဖြင့် သွားရောက်ပြီး မင်္ဂလာတရားတော်များကို မေးလျှောက်ခဲ့ခြင်းဖြစ်သည်။ မထင်မရှား သွားရောက်သော ကြောင့် ပိဋကတ်တော်မင်္ဂလာသုတ်တွင် "အညတရ အမျိုးအမည်မထင်ရှားသော"ဟု သာမန်အားဖြင့်သာဖော်ပြထားသော်လည်း သိကြားဟူ၍ကား သိမှတ်ကြသည်သာဖြစ်၏။

စင်စစ် သိကြားမင်းသည် ဘုရားရှင်အထံတော်သို့ တရားနာဟု အမည် တပ်သော်လည်း မိမိစဉ်းစားထားသော တရားပြဿနာအရပ်ရပ်ကို တရားမေး ပြဿနာမေး သွားရောက်လိုသည်က အဓိကဖြစ်သည်။ အကြောင်းမှာ အခြားဆရာကြီး များထံသို့ သူသိလိုသမျှ မေးမြန်းခဲ့သည်များကို ကျွန်ုပ်တို့ အကြိမ်အတန်များများ တွေ့ခဲ့ဖူးပြီဖြစ်၏။ သို့သော် ယင်းဆရာများထံမှ အဖြေမရ။ သိကြားနှင့်တွေ့လျှင် သိလိုမေးလိုနေသော ယင်းဆရာကြီးများ၏အလိုအရ သူကသာပြန်လည် ဖြေကြား ခဲ့ရသည်ချည်း ဖြစ်သည်။

ဘုရားရှင်အထံတော်သို့ ယခုတရားနာသွားမည်ဆိုရာ၌ ပြဿနာအမေး သွားမည်ဟုပင် ကျွန်ုပ်ယုံကြည်၏။

ကျွန်ုပ်အဖို့မူ ယင်းသို့သိကြားမင်းထံမှ မျက်နှာသာရမှု၊ မျက်နှာသာပေးမှုသည် ကြီးစွာသော အခွင့်အရေးရရှိလာခြင်းပင်ဖြစ်၏။ အကြောင်းမှာ ဂန္ဓဗ္ဗနတ်မယ်တို့၏ အရှင်သခင် တိမ္ဗရုနတ်မင်းကြီး၏သမီး သူရိယဝစ္ဆသာကလေး၊ မယ်ဘဒ္ဒါကလေး၊ နေနတ်မယ်ကလေး၊ နတ်ရှင်မယ်ကလေးကို ထူးထူးကဲကဲအသည်းနှစ်အောင် ချစ်မိ လေသောကြောင့်ပါတည်း။

သိကြားမင်း၏ အခြွေအရံများပင်ဖြစ်သော်လည်း မာတလိ၊ ဝိသကြုံတို့လို ခပ်လှမ်းလှမ်းတွင် နေရသူမဟုတ်ပဲ သိကြားမင်းနှင့် အစဉ်လိုလိုတွဲလျက် နေရသော ကျွန်ုပ်အဖို့ နတ်ပြည်အရပ်ရပ်မှ နတ်မိမယ်တကာတို့၏ အလှဟူသည်မှာ ရိုး၍နေ၏။ ကျွန်ုပ်အဖို့ မရိုးနိုင်သောအလှဆုံးတစ်ယောက်တည်းသာရှိသည်။ သူရိယဝစ္ဆသာပါတည်း။

[ ၃ ]

ဘုရားရှင်အထံတော်သို့ သိကြားမင်း သို့မဟုတ် တန်ခိုးရှင် နတ်ဗြဟ္မာများ ချဉ်းကပ် ပူဇော်ကြသောအချိန်မှာ အများအားဖြင့် သန်းခေါင်ယံ၊ သန်းခေါင်ကျော်အချိန်များ ဖြစ်ကြ၏။ ဘုရားရှင်ကိုယ်တော်နှိုက်ကလည်း နတ်ဗြဟ္မာများဖူးမြော်ရန် ဤအချိန်ကိုပင်

သတ်မှတ်ပေးထားသည်။ သို့ရာတွင် ယခုသိကြားမင်းကို ဘုရားဖူးသွားမည်ဟု ကျွန်ုပ်ကို ခေါ်ယူ စေခိုင်းသောအချိန်မှာမူ နေဝင်ရီးရီအချိန်သာ ရှိသေး၏။

မာရ်နတ်၏ ထူးခြားသောစောင်းကြီးကို ရရှိပြီးနောက် ကျွန်ုပ်၏နှလုံးတွင် မပြတ်လွှမ်းမိုး ဝေ့လည်လျက်ရှိသော ဘုရားရှင်နှင့် နေနတ်သူဇာကလေးတို့ကို ရောမွှေကာ စပ်ဆိုထားသော ဘုရားဂုဏ်တော်ဘွဲ့ သို့မဟုတ် သူရိယဝစ္စသာအလှဘွဲ့ စောင်းသီချင်းဂါထာဗန္ဓများကို ကျွန်ုပ်သည် သံကြီးသံသေး သံစုံပါအောင် ကြိုးစား၍ ဖွဲ့ဆိုထားခဲ့၏။ ၁၄ ပုဒ်တိုင်အောင်ပင်ရှိသည်။ ယင်းစောင်းအဖွဲ့များကို ကျွန်ုပ်သည် နေနတ်မယ်ကလေးထံတွင် တစ်ကြိမ်နှင့် အခြားနေရာများတွင် သီဆိုတီးပြခဲ့သော်လည်း ဘုရားရှင်ရွှေနားတော်သို့ကား ရောက်အောင်ပို့ဆောင်နိုင်ခွင့် မကြုံခဲ့ရသေးပေ။ ယခု ကြုံလာပြီဖြစ်၏။

ကျွန်ုပ်သည် ဘုရားရှင်အထံတော်သို့ ဆည်းကပ်တိုင်း စောင်းဖြင့်သာချဉ်းကပ် ခဲ့ပါသည်။ စောင်းဖြင့် ဗောဓိပင်နှင့် ရွှေပလ္လင်သို့ ချဉ်းကပ်ပူဇော်ဖူးပြီ။ သတ္တ သတ္တာဟ "အပန်းတော်ဖြေ" စံတော်မူနေစဉ်က အဇပါလညောင်ပင်ရင်းတွင် ချဉ်းကပ်ပူဇော်ဖူးပြီ။ ထိုပြင်လည်း အကြိမ်ကြိမ်ဖြစ်၏။ ဘုရားရှင်သည် ကျွန်ုပ်၏စောင်းသံကို အလိုတော် မရှိခဲ့ပါလျှင် တားမြစ်မည် မုချဖြစ်၏။ ယခုသော် ကျွန်ုပ်ပူဇော်တိုင်း သည်းခံတော်မူသဖြင့် ကျွန်ုပ်ဝမ်းမြောက်လှသည်။ ယင်းသို့လျှင် စောင်းသံဖြင့် ပူဇော်လိုသောကျွန်ုပ်အဖို့ ဘုရားရှင်နှင့် အဆက်အဆံများကာ ရင်းနှီးသော ကပ္ပိယ ဒါယကာတစ်ယောက်ပမာပင် ဖြစ်ခဲ့ပေရာ၊ ဘုရားဖူးသွားကြမည့်ကိစ္စ၌ သိကြားမင်းက ကျွန်ုပ်ကိုရှေ့တန်းတင်ခြင်းမှာ ဤအကြောင်းကြောင့်ပင် ဖြစ်၏။

ကျွန်ုပ်သည် ဘုရားဖူးလိုက်ပါလိုသော နတ်ဒေဝတာအပေါင်းကို သိကြားမင်း အမိန့်အရ နှိုးဆော်လိုက်သောအခါ ရှစ်သောင်းမျှလိုက်ပါလာကြမည်ကို သိရှိရ၏။ ကျွန်ုပ်တို့သည် အချိန်မဆိုင်းဘဲ ကျွန်ုပ်တို့၏တန်ခိုးဖြင့် ဆန့်သောလက်ကိုကွေး၊ ကွေးသောလက်ကိုဆန့်လိုက်သည့်ပမာ ဣန္ဒသာလာရှိ ဘုရားရှင်သီတင်းသုံးတော်မူရာ နံ့ပဲပင်တောသို့ ချဉ်းကပ်လိုက်ကြ၏။ ဤတွင် ဣန္ဒသာလာ၏အကြောင်းနှင့် ထူးခြားပုံကို ဖော်ပြရန်လို၏။

ဣန္ဒသာလာအမည်ရသော နံ့ပဲပင်ခေါ် နပဲပင်တောသည် စိန်ကျောက်ပမာ နေရွှရာဖြင့် စီခြယ်အပ်၍ သိဒ္ဓတ်မင်းသားဘဝကပင် ချီးမွမ်းတော်မူအပ်သော ဥရုဝေလ တောနှင့်လည်းမတူ။ တောသမင်တို့ဖြင့် ရှင်ကြည်သာမော ပန်းအလှမျိုးစုံ ပေါများလှသော မိဂဒါဝုန်နှင့်လည်းမတူ။ ဘုရားရှင်ဖွားမြင်တော်မူရာ အင်ကြင်းကြွရှ ရွှက်လှတောနှင့် လည်းမတူ။ တမူထူးခြား ကြွားရွှားခန့်ထည်လှသော တောဖြစ်၏။

ကြွားရွားပုံမှာ နပဲပင်ကြီးတို့သည် ညီညီညာညာစိုက်ထူ၍ ထားအပ်သော ကျောက်တိုင်ကြီးများပမာ တညီတညာပေါက်ရောက်၍နေကြ၏။ အထက်တွင် ရွက်သိပ် ရွက်စိပ်တို့ဖြင့်ပိတ်ကာ မိုးဆိုင်းလျက်ရှိပြီး အောက်မြေပြင်သည် ညီညွတ်ရှင်းလင်းလျက် ရှိ၏။ ထို့ကြောင့် က္ကန္တသာလာသို့ဝင်မိကြသော အကြင်သူတစ်ယောက်အဖို့ ကြီးမားလှစွာသော ရှေးဟောင်းတန်ဆောင်းကြီးတစ်ခုအတွင်းသို့ ဝင်ရဘိသကဲ့သို့ တွေ့ရှိခံစားရမည်။ တော၏အလယ်အနားဆီလောက်တွင် က္ကန္တသာလာလိုဏ်ဂူကြီးရှိ၍ ယင်းလိုဏ်ဂူကြီးကို အကြောင်းပြု၍ပင် က္ကန္တသာလာတော က္ကန္တသာလာလိုဏ်ဂူဟူ၍ ထင်ရှားသည်။ ဘုရားရှင်သည် ယင်းလိုဏ်ဂူအတွင်း၀ယ် သီတင်းသုံးတော်မူလျက် ရှိနေပေသည်။

က္ကန္တသာလာသည် ပထမသော် ဘုရားရှင် မကြာခဏသီတင်းသုံးတော်မူရာ ဂိဇ္ဈကုဋ်တောင်ဂူ၊ အရှင်မဟာကဿပ သီတင်းသုံးတော်မူရာ ပိပ္ပလိဂူတို့ကဲ့သို့ ရှေးအခါ ဆရာရသေ့ တရားရှင်တို့ပျော်မွေ့ သီတင်းသုံးရာ သဘာ၀ဂူကြီးဖြစ်ခဲ့၏။ တရားရှင်တို့ ပျော်မွေ့သီတင်းသုံးရာဟု သိလာကြသော အနီးကျေးရွာ ဒါယကာတို့က ကျောက်ထွင်း ပန်းရုပ်၊ ကနုတ်ရောင်ခြယ်၊ အသွယ်သွယ်ပုံစံသို့ ပြုပြင်လိုက်ကြသောအခါ က္ကန္တသာလာ လိုဏ်ဂူအဖြစ်သို့ ရောက်လာ၏။ သဘာ၀ဂူကို ဂူဟာ ဂူဟုခေါ်၍ သဘာ၀ဂူကိုပင်ဖြစ်စေ၊ တမင်တည်ဆောက်၍ဖြစ်စေ ပြုပြင်အပ်သောဂူကို လေဏလိုဏ်၊ လိုဏ်ဂူဟု ခေါ်သည်။

က္ကန္တသာလာအ၀သို့ ရောက်လာကြသော သိကြားမင်းသည် အကာယ်ပင် ကျွန်ုပ်ကို ရှေ့တန်းတင်လိုက်၏။ အနောက်တစ်ခွင်တွင် နေညိုညိုကလေး ၀င်ပျောက် သွားပြီဖြစ်သော်လည်း က္ကန္တသာလာတစ်တောလုံးသည် နတ်ဒေ၀တာတို့၏ ကိုယ်ရောင်ဖြင့် ၀င်းထိန်လျက်ရှိကာ ဂူအတွင်းသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ ဂူအတွင်း တစ်ခုလုံးသည် ဘုရားရှင်၏ ရောင်ခြည်တော်ဖြင့် ၀င်းထိန်လျက်ရှိသည်ကို တွေ့ရ၏။

ကျွန်ုပ်သည် ဂူအတွင်းသို့ ရှေဦးစွာ၀င်ပြီးလျှင် ဘုရားရှင်သည် ဖလသမာပတ် ၀င်စားတော်မူနေသည်လော၊ ပကတိအတိုင်းပင် သီတင်းသုံးတော်မူနေသလောဟု စောင်းသံဖြင့် အကဲခတ်ရမည် ဖြစ်၏။ သမာပတ်၀င်စားနေလျှင် စောင်းသံမက မိုးကြိုးသံပင်ဖြစ်စေ အချည်းနှီးသာဖြစ်၍ ကျွန်ုပ်တို့နောက်ဆုတ်ပြီး ပြန်ကြရမည်သာ ဖြစ်၏။ ဘုရားရှင်ကိုထားဘိဦး၊ ဖလသမာပတ် ၀င်စားလျက်ရှိသော အကြင်တရားရှင် ယောဂီအား မည်သည့်အသံမျိုးနှင့်မျှ တုန်လှုပ်အောင် မတတ်နိုင်သည်ကို ကျွန်ုပ်တို့ သိထားပြီးဖြစ်သည်။

ပကတိအတိုင်း စံနေတော်မူ၍ ကျွန်ုပ်၏စောင်းသံကို ကြားသည်ဆိုလျှင် ဘုရားရှင် အလိုရှိတော်မူပါ ကျွန်ုပ်ကိုလက်ခံ၍ တစ်စုံတစ်ရာ မိန့်ကြားတော်မူမည်ဖြစ်၏။ ထိုအခါတွင် ကျွန်ုပ်က သိကြားမင်းနှင့် နတ်ဒေ၀တာများတို့သည် က္ကန္တသာလာအပြင်တွင် ဘုရားရှင်အား ဖူးမြော်ရန် စောင့်ဆိုင်းလျက်ရှိကြပါကြောင်း လျှောက်ထားရမည်ဖြစ်သည်။

သို့နှင့် ကျွန်ုပ်သည် ကူနွှသာလာအတွင်းသို့ ရောက်သွားသောအခါ ဘုရားရှင်အား ဦးသုံးကြိမ်ညွှတ်ပြီးနောက် တင်ပျဉ်ခွေထိုင်ကာ စောင်းနှင့်စောင်းကြိုးများကို အကျအနပြင်ဆင်လိုက်၏။ ထို့နောက် စောင်းကြိုးကို စမ်းသပ်သည့်သဘောဖြင့် လက်ရင်းဒုံးသံကြီးများကို ခပ်သွက်သွက် စတင်လှုပ်ခတ်လိုက်သောအခါ ငြိမ်သက်တိတ်ဆိတ်လှစွာသော ကူနွှသာလာလိုဏ်ဂူသည်လည်းကောင်း၊ တောအနှံ့ တောင်အနှံ့သို့လည်းကောင်း မိုးချုန်းသံ လှိုင်းထသံတို့ကဲ့သို့ ဟိန်းမြည်ထွက်သွား၏။ မာရ်နတ်၏ စောင်းကြီးသည် ကြိုးကြီးကြိုးငယ် အသွယ်သွယ်တို့ စုံလင်၍ ပီသကြည်မြလှသည့်အပေါ်တွင် ဂူအတွင်းဖြစ်သောကြောင့် ဟိန်းလုံ၍ထွက်သည်။

ထို့နောက်တွင်မူ ကျွန်ုပ်သည် တက်ကြွစွာဖြင့် ကျွန်ုပ်ကိုယ်တိုင် ရေးစပ်သီကုံးထားသော စောင်းသီချင်းများကို စတင်လိုက်ပြီဖြစ်၏။ မစတင်မီ နားဆင်ရသူတို့ မရှင်းမလင်းရှိမည်ကြောင့် အကျိုးအကြောင်းစုံကို ပြောပြထားရန် လိုပါလိမ့်မည်။

ဤဂါထာဗန္ဓ စောင်းအဖွဲ့များကို အဇပါလညောင်ပင်ရင်း ဘုရားရှင်ကို ဖူးမြော်စဉ်ခိုက်ကပင် ရေးစပ်ခဲ့ကြောင်း ပြောပြခဲ့ပြီ။ သီချင်းဟူသည် ဂီတသမား၏ ခံစားချက်မှ ထွက်ပေါ်လာခြင်းသာဖြစ်၏။ ဤသီချင်းကို ရေးစပ်စဉ်အချိန်က ကျွန်ုပ်၏ အတွေးများမှာ မျက်မှောက်တွင် ဖူးမြော်လျက်ရှိသော ဘုရားရှင်နှင့် ကျွန်ုပ်၏ အသည်းနှလုံးကို အစဉ်သိမ်းကျုံး စိုးပိုင်လျက်ရှိသော သူရိယဝစ္ဆသာတို့တွင်သာ ရှိနေ၏။ သို့ဖြစ်၍ လေးစားအပ်သော သိက္ခာဆောင်ရာ ဘုရားရှင်နှင့် သူရိယဝစ္ဆသာတို့မှာ နှိုင်းရှည့်ပူးတွဲ၍ မလျော်အောင် ကွာဟလွန်းသည်မှန်သော်လည်း ကျွန်ုပ်၏ခံစားချက်အတိုင်းသာ ရောမွှေရေးစပ်လိုက်မိပါသည်။

၁။ ဝန္ဒေတေ ပိတရံ ဘဒ္ဒေ
တိမ္ဗရုံ သူရိယ ဝစ္ဆသေ၊
ယေန ဇာတာသိ ကလျာဏီ
အာနန္ဒ ဇနနီ မမ။

\+ \+ \+

၁။ ဝန္ဒေတေ ပိတရံ ဘဒ္ဒေ
တိမ္ဗရုံ သူရိယ ဝစ္ဆသေ၊
လှသက်ဆွေကို၊ ဖြစ်စေသိခြင်း
သင့် ဖမင်းကို၊ ဝပ်စင်းမြတ်နိုး
လက်စုံမိုး၍၊ ရှိခိုးဦးနှိမ်လိုက်ပါသတည်း။

အမုန်သော် ဤအချိန်၌ ဘုရားရှင်ကို အရင်ရှိခိုးရမည်ဖြစ်၏။ သို့ရာတွင် ဤသီချင်း ရေးစပ်ချိန်၌ ဘုရားရှင်အား ဤသီချင်းဖြင့် ပူဇော်ရမည်ဟု မသိမှတ်ခဲ့။ သူရိယဝစ္ဆသာ၏ နား သို့မဟုတ် သူရိယဝစ္ဆသာ တစ်ဆင့်ကြားသောအခါ ငါ့ဖခင်ကို ပူဇော်ပါတကားဟု သိရှိနိုင်ရန် သူ့ကိုရော သူ့ဖခင် တိမ္ဗရုနတ်မင်းကြီးကိုပါ မျက်နှာလုပ်ရေးစပ်လိုက်ခြင်း ဖြစ်၏။

သူ့သမီးလိုချင် သူ့အဖေဖျာလိုလိပ်၊ ထိပ်ပေါ်တင်ဟူသော နောက်ပိုးတို့ ဓမ္မတာ အစဉ်အလာအတိုင်း သူ့အဖေကို ဖျာလိုလိပ်ပြီး ထိပ်ပေါ်တင်ရမည်သာဖြစ်၏။ သူ့အဖေ တိမ္ဗရုသည် သိကြားမင်းလက်အောက်ခံ ကျွန်ုပ်တို့ ဂန္ဓဗ္ဗနတ်အုပ်စု၏ အာဏာပိုင်ဖြစ်၏။ ကျွန်ုပ်အပေါ်၌ တင်းမားလျက်ရှိနေခဲ့ကြသော သူရိယဝစ္ဆသာကို ရနိုင်ဖို့ရန်မှာ သူ့ဖခင်မှတစ်ပါး အားထားရာမရှိ။

သူရိယဝစ္ဆသာသည် တစ်နေ့သောအချိန်က သူ့ဗိမာန်ရှေ့တွင် ကျွန်ုပ်က ဤစောင်းသီချင်းများ သီဆိုတီးခတ်ပြသည်ကို လိုက်လိုက်လျောလျော နားထောင် နေဖူးသည်မှတစ်ပါး ကျွန်ုပ်အပေါ်တွင် ချစ်နိမိတ် ချစ်လက္ခဏာကို မပြသော်လည်း ကျွန်ုပ်ကို မုန်းသူမဟုတ် ဟူ၍ကား ကျွန်ုပ်ယုံကြည်၏။ ထိုသို့ပင်လျှင် သူ့ဖခင်က ကျွန်ုပ်နှင့် ထိမ်းမြားဖို့ သဘောတူလိုက်ပါလျှင် ကိစ္စပြီး၏။ သို့ရာတွင် တိမ္ဗရုသည် ကျွန်ုပ်တို့ကိစ္စတွင် သိပါလျက် လူကြီးပီပီ မသိကျိုးကျွန်ပြု၍နေသည်။ ဤအတွင်း မမျှော်လင့်သော ရန်သူက ပေါ်လာလိုက်ချေသေး၏။

ကျွန်ုပ်က ဤမျှလောက် ပိုးပန်းနေသည့်အတွင်းမှ သူရိယဝစ္ဆသာက ကျွန်ုပ်ကို ချစ်ယောင်မျှမပြသော်လည်း မာတလိ၏သား သိခဏ္ဍီနတ်သားကိုတော့ သူက ချစ်ကြိုက်နေသည်ဟူသော သတင်းထွက်ပေါ်လာခြင်းပင်ဖြစ်၏။ ကျွန်ုပ်မယုံပါ။ သိခဏ္ဍီ က သူရိယဝစ္ဆသာအား လိုချင်မှုအရိပ်အယောင်ဖြင့် ပိုးပန်းနေသည်ကိုလည်း မတွေ့ရပါ။

မာတလိသည် သိကြားမင်း၏ယာဉ်မောင်း အခြွေအရံမျှ ဖြစ်သော်လည်း အမျိုးအနွယ်အားဖြင့်မူ ကျွန်ုပ်တို့ထက် အဆင့်မြင့်သူဖြစ်၏။ ကျွန်ုပ်တို့ ဆိုသည်မှာ ကျွန်ုပ်နှင့် တိမ္ဗရု၊ သူရိယဝစ္ဆသာတို့ အမျိုးအနွယ်ကို ဆိုလိုပေသည်။ ကျွန်ုပ်တို့သည် နတ်သဘင်တွင် နတ်မင်းကြီးများကို ဖြေဖျော်ရသူ ဂန္ဓဗ္ဗအဆင့်မျှရှိ၍ ကျွန်ုပ်အဖို့မူ သိကြားမင်းက ရင်အုပ်မကွာဆိုသလို အခွင့်အရေး ပေးထားခြင်းခံရသူဖြစ်သောကြောင့် ဂန္ဓဗ္ဗမျှပင်ဖြစ်သော်လည်း ရွှေနားတောင်းရောင်ကြောင့် ပါးပြောင်နေရသူ ဖြစ်ပေသည်။

အဆင့်မြင့်သူ သိခဏ္ဍီက အကယ်၍ သူရိယဝစ္ဆသာကို အလိုရှိခဲ့ပါသော် တိမ္ဗရုကြီးက အလွယ်တကူ ပေးစားလိုက်ဖို့ရှိသည်ဟု ထင်မှတ်ရဖွယ်ရှိ၏။ သို့ရာတွင် လူကြီးပီပီ သမီးကိစ္စကိုစဉ်းစားရာ၌ သိခဏ္ဍီသည် အဆင့်မြင့်သူဖြစ်စေကာမူ

ကျွန်ုပ်ကိုလည်း မျိုးတူနွယ်တူတကားဟု အလေးတင်း၍ စဉ်းစားနေသည်ဟု ဆိုနိုင်ပါသည်။ ဤလိုအခြေတွင် ကျွန်ုပ်သည် သူ့ဖခင်ကို မဲတင်းပေးဖို့လိုသောကြောင့် တိမ္ဗရုကြီးကို ရှိခိုးသောဂီတဖြင့် စတင်လိုက်ခြင်းဖြစ်ပေသည်။

၂။ ဝါတောဝ သေဒ တံ ကန္တော
ပါနီယံဝ ပိပါသတော၊
အင်္ဂီရသီ ပိယာမေသိ
ဓမ္မော အရဟာတာ မိဝ။

\+ \+ \+

၂။ လေချိုအေးကို၊ ချွေးထွက်သသူ
ကြည်ဖြူလေးမြတ်၊ ရေငတ်သူမှာ
ရေကိုသာလျှင်၊ မြတ်စွာတရား
လိုလားသူမှာ၊ ရဟန္တာသို့
နေဝါထွန်းလင်း၊ ပြာလဲ့ဝင်းကို
နောင်မင်း ချစ်လှပါတော့သည်။

“နေနတ်နွယ်ကလေးရေ့၊ ချွေးတဒီးဒီး ယိုစီးနေအောင် ပူလောင်အိုက်စပ်လျက်အနေခက်နေသောသူတို့သည် လေပြေလေသွေး လေနုအေးကလေးကို နှစ်သက်လိုလားသကဲ့သို့လည်းကောင်း၊ ရေဆာ ရေငတ်နေသောသူသည် အေးမြကြည်လင် သောက်ရေစင်ကို နှစ်သက်လိုလားသကဲ့သို့လည်းကောင်း၊ ကိလေသာကင်းစင် ရဟန္တာ အရှင်တို့သည် ငြိမ်းအေးသုခံ နိဗ္ဗာန်တရားကို လိုလားသကဲ့သို့လည်းကောင်း၊ ကိုယ်အင်္ဂါမှ တဖြာဖြာ တလက်လက် ရောင်လျှံထွက်နေသော သင့်ကိုနှစ်သက်လေးမြတ် မပြတ်အစဉ်ချစ်ခင်အပ်ပါသည်” ဟု ဆိုလိုခြင်းဖြစ်၏။

ဥပမာ သုံးခုအနက် သာမန်အားဖြင့်ဆိုသော် အထက်ဥပမာနှစ်ခုဖြင့်ပင် လုံလောက်ဖွယ်ရှိပါ၏။ သို့ရာတွင် ဘုရားရှင်ကိုပူဇော်နေခိုက် ရေးစပ်သောကြောင့် လေးနက်ရည်မွန်သော တတိယဥပမာကိုလည်း ထည့်သွင်းစပ်ဆိုခဲ့ပါသည်။ ယခု ဘုရားရှင်ရှေ့တော်နှင့် ဆီလျော်တန်ရာပါ၏။

၃။ အာတုရဿေဝ ဘေသဇ္ဇံ
ဘောဇနံဝ ဇိဃစ္ဆတော၊
ပရိနိဗ္ဗာပယ မံ ဘဒ္ဒေ
ဇလန္တမိဝ ဝါရိနာ။

\+ \+ \+

၃။ အလှဆန်းကြယ်၊ နေနတ်မယ် . . . .
ငြိတွယ်ရောဂါ၊ ဆေးဖြင့်သာလျှင်
ပျောက်ပါလေငြား၊ ဆာသူအားကို
အစားပေးဝေ၊ အဆာပြေလျက်
ရေမှာမီးကား၊ ငြိမ်းစေလားသို့
ငါ့အားကျွမ်းဆူ၊ ချစ်မီးပူကို
ချစ်သူနတ်မေ၊ ပျောက်ငြိမ်းစေလော့။

"အလှဆန်းကြယ် နေနတ်မယ်ကလေးရေ့ မကျန်းမာသူ၏ရောဂါကို ဆေးက ငြိမ်းစေသကဲ့သို့လည်းကောင်း၊ အစာ ဆာနေသောသူ၏ ဆာလောင်ခြင်းကို အစာက ငြိမ်းစေသကဲ့သို့လည်းကောင်း၊ တောက်လောင်နေသောမီးကို ရေဖြင့်ငြိမ်းစေသကဲ့သို့ လည်းကောင်း၊ အချစ်မီးပူ ငါ့သည်းအူကို အသင်တည်းဟူသော ရေစင်သီတာဖြင့် ငြိမ်းလှည့်ပါခလှည့်" ဟု တောင့်တလိုက်ခြင်း ဖြစ်ပါသည်။

၄။ အပူပြင်းထန်၊ နှိပ်စက်ခြင်းကြောင့်
ဆင်မင်းပြောင်မာ၊ အေးမြစွာသား
ရွှေကြာပဒုံ၊ ပန်းဝတ်မှုန်နှင့်
မွှေးထုံပျံ့သင်း၊ ရေကန်တွင်းသို့
သက်ဆင်းသည့်နေ၊ မောင့်သက်ဆွေ၏
ရွှေတည်သီးပုံ၊ မယ့်ရင်စုံတွင်
နိုလှုံပါမှ၊ ချမ်းသာရလိမ့်။

"နွေရာသီအပူဖြင့် ပူလောင်ခံနေရသောဆင်သည် ကြာဝတ်မှုန်တို့ဖြင့် မွှေးထုံသင်းလှ အေးမြသော ရေကန်အတွင်းသို့ သက်ဆင်းဘိသကဲ့သို့ သင်နှမ၏ သားမြတ်နှစ်စုံတို့အလယ်အရပ်၊ ရင်ဘတ်ရင်ခွင်ထဲသို့ ယှဉ်တွဲဝင်ရောက်နေလိုပါသည်"ဟု ဆိုလို၏။

နည်းနည်းတော့ ကြမ်းသယောင်ရှိသွားပါ၏။ သို့သော် ဂီတရေးစပ်ရာ၌ ကာရန်လည်းသင့်၊ အခွင့်လည်းသာလျက်ရှိပေရာ စိတ်ထဲ နှလုံးထဲ ရှိသည့်အတိုင်း ဖွင့်ဟလိုက်ခြင်းဖြစ်ပါ၏။

ဘုရားရှင်၏ ရွှေနားတော်ဝသို့ကား ရိုင်းပျဖွယ်မရှိဟု ကျွန်ုပ်ထင်ပါသည်။ အကြောင်းမူကား ဖွံ့သီပြီးဖြစ်သည့် ရိုင်းပျသယောင်ရှိသော ဤလိုနေရာသို့ရောက်လျှင် ကျွန်ုပ်သည် စောင်းကြိုးတို့၏အဖျားပိုင်းမှ သံငယ် သံမွှားတို့၏ အသံများဖြင့် စောင်းသံနှင့် ဂီတသံ ရောနှောက်၍သွားအောင် လက်ကုန်ဆော့၍နှော့၍ စီစီရီရီတီးခတ်လိုက် သောကြောင့်ဖြစ်၏။

"ဒေဝီရောင်ပ၊ သူရိယဝစ်၊ မ, မာန်ယစ်၍၊ လက်ရစ်သံစုံ၊ ဥသျှံမချို၊ ငွေညို ခုနှစ်ချောင်း၊ သံမောင်းသံညင်း၊ သံစုံကျင်း၍၊ မတင်းမလျှော့၊ လက်ကုန်ဆော့၍၊ ရှင်တော်ထံမှောက်၊ ကျူးသီလျှောက်"ခြင်း ဖြစ်ပါသည်။

၅။ ချွန်းကို လွန်မြောက်၊ နား ခြေထောက်ကို
ထိုးဖောက်ခက်ရင်း၊ အောင်မြင်ခြင်းကြောင့်
ထန်ပြင်းမုန်ယစ်၊ ဆင့်အဖြစ်သို့
ရွှေနှစ်ထွန်းပြောင်၊ မယ်၏ပေါင်ကြောင့်
ပိတ်မှောင်အချစ်၊ ကျိုး အပြစ်ကို
စင်စစ်ငါ့မှာ၊ မသိပါတည်း။

"သူရိယဝစ္ဆသာရေ့ ချွန်းကိုမကြောက်သော ဆင်ပြောင်ကြီးသည် နှင်တံနှင့် လုံ့ကို 'ငါအောင်နိုင်ပြီ'ဟု ထင်သကဲ့သို့၊ လှပညီညာ ပေါင်တံနှစ်ဖြာနှင့် ပြည့်စုံသော သင့်ကိုယ်ကလေး၌ ယစ်မူးမိသော ငါ့အဖို့မှာလည်း အပြစ်ကိုပင် အပြစ်ဟု မထင်နိုင်အောင် ရှိရပါတော့သည်"ဟု ဆိုလို၏။

သူရိယဝစ္ဆသာကိုသာ ဦးစားပေး ရေးသားနေမိသော ကျွန်ုပ်အဖို့ ဤစာပိုဒ် ဤအခိုက်၌မူ ဘုရားရှင်ရှေ့တော်မှောက်၌ ရေးဖွဲ့နေခြင်းကို သတိရလိုက်သည့် အားလျော်စွာ ရှိရှိသေသေနှင့် ဆင်ခြေဝင်လိုက်သော ဂီတဖြစ်ပါ၏။ ယခု တီးခတ်ဆဲ အခိုက်နှင့်လည်း လိုက်ဖက်သည်ဟုဆိုရပါမည်။

၆။ ကွေးချိတ်သံပြား၊ အမျိုးမှားသည့်
ငါး၏ပမာ၊ လှကလျာ၌
တွယ်တာမက်မော၊ ငါ့စိတ်ဖောသည်
သဘောသွေလှစ်၊ တစ်ဖန်ဖြစ်၍
ဆုတ်နစ်ခြင်းငှာ၊ မစွမ်းပါတည်း။

"နှမရေ့ သင့်ကိုစွဲလမ်းသောစိတ်ကြောင့် ငါ့မှာ အရှုံးကြီးပမာ ဖြစ်နေရပါပြီ။ ငါးမျှားချိတ်ကို မျိုမိသောငါးသည် ပြန်၍မဆုတ်နိုင်တော့သကဲ့သို့၊ သင့်ကိုမရသမျှ ကာလပတ်လုံး နောက်ပြန်မဆုတ်နိုင်တော့ပါ"

၇။ ပေါင်တံဖြိုးဝေ၊ လှနတ်မေ . . . .
ကြင်ဆွေညွှန့်ခိုင်၊ ငါ့လည်တိုင်ကို
ပွေ့ကိုင်လှည့်ပါ၊ ရှုတိုင်းသာသည့်
ဝင်းဝါနီတုံ၊ လှနေမှုံ၏
မျိုးစုံဖက်ကင်း၊ ပွေ့ဖက်ခြင်းကို
နှောင်မင်းလွန်စွာ၊ တောင့်တပါ၏။

''ပေါင်အလုကြွယ်၊ နေနတ်နွယ်ကလေးရေ့၊ ငါ့ကိုပွေ့ဖက်လှည့်စမ်းပါကွယ်။ မနို့တရို့နှင့် ညို့ကြည့်ကလေး ကြည့်တတ်သော မူယာကြွယ်သူကလေးရေ့၊ ငါ့ကို ပွေ့ဖက်လှည့်စမ်းပါကွယ်။ ကောင်းခြင်းငါးဖြာ လက္ခဏာပိုင်ရှင် အလှဘုရင်မလေးရေ့၊ ငါ့ကိုသင့်လက်နှစ်ဖက်ဖြင့် ဝန်းကျင်ယှက်၍ ပွေ့ဖက်လှည့်စမ်းပါကွယ်။ သင့်အပွေ့ကြောင့် မွေ့လျော်ရမည့်အရေးကို တတွေးတည်းတွေးပြီ တတောင့်တတည်း တောင့်တပါတယ် နှမ''

ဤသီချင်း၌ သူရိယဝစ္စသာကလေးကို သုံးကြိမ်တိုင်အောင်ခေါ်၍ ကျွန်ုပ်၏ ချစ်လိုမှုကို လက်ကုန်နှိုက်၍ရေးသားလိုက်ပါသည်။ သံစဉ်ဂီတမပါ ဗလာပြောလျှင် ရိုင်းပျ၍သွားနိုင်သော်လည်း ဂီတနှော၍ပြောလိုက်သောအခါ နာခံဖွယ်ရာ အဆင်ပြေ၍ သွားသော ဂီတသမားတို့၏ အခွင့်အရေးပင်ဖြစ်ပေသည်။ ဤနေရာတွင် သူရိယဝစ္စသာ၏ ပေါင်တံကို နှစ်ကြိမ်တိုင် ဖွဲ့ဆိုမိသော နေနတ်မယ်ကလေး၏အလှကို ပြောလိုပါသည်။

နတ်သဘင်တွင် အလှည့်ကျသော ဂန္ဓဗ္ဗနတ်မယ်ကလေးကို ဖြေဖျော်ကြရာ၌ အဆင်တန်ဆာအစုံစုံ၊ အသွဲ့အပျောင်းအဖုံဖုံတို့ဖြင့် မိမိတို့၏ခန္ဓာကိုယ် အလှကလေးများကို ဖွင့်လှစ်နိုင်သမျှ ဖွင့်လှစ်ကာ ကပြဖြေဖျော်ကြရ၏။ ထိုအခါ သူတကာထက် လှပချောပြေလှသော ဆင်နှာမောင်းသဏ္ဌာန် သူရိယဝစ္စသာ၏ ပေါင်တံများကို မြင်ရသည်။ ထိုအမြင်သည် ကျွန်ုပ်၏နှလုံးတွင် စွဲဝေ့လျက်ရှိရာမှ သီချင်းရေးသောအခါ ဂီတအဖြစ်သို့ သက်ရောက်လာခြင်းဖြစ်ပါသည်။ နောက်ပိုင်းတွင်မူ ကျွန်ုပ်၏ ခံစားချက်သည် ရတနာသုံးပါးဘက်သို့ ပို၍ညွတ်လာခဲ့၏။

၈။ ရဟန္တာ၌၊ သဒ္ဓါလျှံဝေ
ပေးလှူလေက၊ များတွေအကျိုး
ပြည့်ဖြိုးသည့်သွင်၊ နောင့်ချစ်ကြင်ကား
များဖျင်လျက်သာ၊ မယ့်မေတ္တာမူ
ငါ့မှာ နည်းလှသည်တကား။

''ဆံပင်တွန့်ကောက်၊ ဆံတောက်ယဉ်ယဉ်၊ နတ်သျှင်မယ်ကလေးရေ့၊ သင့်အပေါ်တွင် ချစ်ခင်နေသော ငါ၏အချစ်သည် များပြားကြီးကျယ်လှသည်ဖြစ်ရာ ရဟန္တာကို သဒ္ဓါကြည်ဖြူ ပေးလှူရသော ဒါနအလား ကြီးမားလှပါသည် ချစ်နှမ''

ဤဂီတကိုရေးစပ်သောအချိန်၌ ရတနာသုံးပါးနှင့်အတူ သိကြားမင်း၏အဖြစ်ကို သတိရလိုက်ပေသည်။ သိကြားမင်းသည် စတုမဟာရာဇ်၊ တာဝတိံသာ နတ်ပြည်နှစ်ထပ် တို့၏ ဘုရင်ပင်ဖြစ်သော်လည်း ယင်းတာဝတိံသာ၌ပင် တန်ခိုးရော အရောင်အဝါပါ သူ့ထက်သာသော တန်ခိုးကြီးနတ်များ ရှိနေသည်မှာကား အမှန်ပင်ဖြစ်ခဲ့ပေသည်။ အကြောင်းမှာ သိကြားမင်းသည် သာသနာပအချိန်၏ ကောင်းမှုဖြင့်သာ သိကြား

ဖြစ်လာရခြင်းဖြစ်၍ ဘုရားရှင်ပွင့်ထွန်းလာသောအချိန်၌ ဘုရားရဟန္တာတည်းဟူသော ထိပ်တန်းသူတော်စင်ကြီးများကို ပေးလှူ၍သော်လည်းကောင်း၊ ဝိပဿနာ ဘာဝနာ တည်းဟူသော ထိပ်တန်းအကျင့်များကို ကျင့်သုံး၍သော်လည်းကောင်း တန်ခိုးရော ကိုယ်ရောင်ကိုယ်ဝါပါ သိကြားထက်သာသော နတ်ကြီးများ ပေါ်ပေါက်လာခဲ့၏။ သာသနာအတွင်း အလှူရှင်ဖြစ်လာစေရန် သိကြားမင်းနှင့် ဇနီးသုဇိတာတို့သည် ဆင်းရဲသား အဖိုးအို အမယ်အိုယောင်ဆောင်ကာ အရှင်မဟာကဿပကိုယ်တော်ကြီး အထံတွင် အလှူခိုး၍ လှူခဲ့သည်ကိုလည်း ကျွန်ုပ်သတိရ၏။ ယင်းဥပမာကိုယူ၍ ဤအပိုဒ်ကို စပ်ဆိုခြင်းဖြစ်သည်။

၉။ ကောင်းကြွန်ပြည့်လျှံ ဝင်းညက်စံ . . . .
သည်းခံကျေးဇူး၊ ဂုဏ်အထူးနှင့်
ချီးကျူးကြေညာ၊ ရဟန္တာ၌
ပြုပါသမျှ၊ မြတ်ပုညသည်
အလှကလျာ၊ မယ်နှင့်သာလျှင်
နှစ်ဖြာတူကွ၊ ကျိုးဖလကို
မုချမသွေ၊ ရပါစေလော့။

၁၀။ ကလျာစုံအင်၊ လှမျက်ရှင် . . . .
သောင်းခွင်လက်ယာ၊ ဤမြေချာ၌
ပြုပါသမျှ၊ မြတ်ပုညသည်
အလှကလျာ၊ မယ်နှင့်သာလျှင်
နှစ်ဖြာတူကွ၊ ကျိုးဖလကို
မုချမသွေ၊ ရပါစေလော့။

၁၁။ ရှာန်ဖြင့်မြင့်စွာ၊ မျိုးသကျာဟု
ပညာရင့်ဘိ၊ ယှဉ်သတိနှင့်
မုနိထွတ်ချာ၊ သံသရာတွင်
များစွာမြင့်ရှည်၊ ဘေးမဲ့ပြည်သို့
ဆောက်တည်သည့်တူ၊ လှမဂ္ဂူကို
ငါမူပတ်ချာ၊ လှည့်လည်ရှာခဲ့။

၁၂။ ပြည့်ဖြိုးအင်္ဂါ၊ လှကလျာ . . . .
မြတ်စွာမုနိ၊ သမ္ဗောဓိကို
ရဘိသောခါ၊ ရွှင်လှစွာသို့

ငါ့မှာထို့ပုံ၊ လှကြေးမုံနှင့်
ပေါင်းဆုံတူကွ၊ ရှင်အားရလိမ့်။

နဝမမှ ဧကာဒသမအထိ ဂီတလေးပုဒ်တို့မှာ ခြေမမြဲလက်မမြဲ ဆိုဘိသကဲ့သို့ သူ့အချက်ကို အထက်ရှစ်ပုဒ်အထိ ရိုးရိုးတောင်းခံ၍ မရခဲ့ပါလျှင် ရတနာသုံးပါးနှင့် ဘုရားရှင်ကို ကြည်ညိုတတ်သော သူရိယဝစ္ဆသာအဖို့ ကောင်းမှုကုသိုလ်၌ ကြည်ညို တတ်သော ကျွန်ုပ်ကို အရေးထားစဉ်းစားနိုင်ပါစေခြင်းအလို့ငှာ ရတနာသုံးပါးနှင့် စပ်သည်တို့ကို ဗန်းခင်း၍ပေးလိုက်သော သီချင်းများဖြစ်ကြ၏။ ကောဒသမ ၁၁ ပုဒ် မြောက်သောဂီတဆိုလျှင် တရားအရာ၌ ကျွန်ုပ်၏ရင့်ကျက်မှုကို ချစ်သူကလေး အထင်ကြီးစေရန် ဝင့်ကြွား၍ပြလိုက်သော သီချင်းဖြစ်၏။ အကြောင်းမှာ တရားရှုမှတ်မှု၌ ရင့်ကျက်သော အထက်တန်းပုဂ္ဂိုလ်တို့သာ နားလည်နိုင်သော ဝိပဿနာ ဘာဝနာဆိုင်ရာ လုပ်ငန်းဥပမာ အဖွဲ့များဖြစ်ပေသည်။

၁၃။ အလှကျော်ရှိန်၊ နေသူရိန် . . . .
ဝတီတစ်လွှား၊ အပိုင်စားဟု
သိကြားနတ်မင်း၊ ဆုမြွက်နှင်းလည်း
ကြေ့ရှင်းနေဝါ၊ မယ့်ကိုသာလျှင်
အာသာပြင်းထန်၊ ချစ်ဆုပန်ပိမ့်။

''သူရိန်မယ်ကလေးရယ်၊ အကယ်၍များ သိကြားမင်းကြီးက ငါ့အား တာဝတိံသာကြီးတစ်ခုလုံးကို အပိုင်စားပေးစေဦးတော့၊ ငါကတော့ မင်းကိုသာ ယူမှာပါကွယ်''

ထိုစဉ်ကသော် အတွေးဖြင့်ရေးဖွဲ့ခဲ့သော စိတ်ကူးအဖွဲ့မျှဖြစ်၏။ ယခုသော် သိကြားမင်း၏ မျက်နှာသာပေးခြင်းခံရ၍ ဤဆုတောင်းပြည့်ရန် လမ်းအခွင့်ပွင့်လျက် ရှိနေပေပြီ။

၁၄။ သာလံဝ န စိရံ ဖုလ္လံ
ပိတရံ စော သုမေဓသေ
ဝန္ဒမာနော န မဿာမိ
ယဿာ သေ တာဒိသီ ပဇာ။

\+ \+ \+

၁၅။ နွဲ့အိနုထွတ်၊ အလှနတ် . . . .
မပြတ်ပွင့်ဆင်၊ အင်ကြင်းပင်သို့

သို့လျှင်သော်မော်၊ လှမနော်ကို
ဖြစ်ပေါ်ဘိခြင်း၊ သင့်ဖမင့်အား
ဝပ်စင်းမြတ်နိုး၊ လက်စုံမိုးသည်
ချစ်ကြိုးတင့်ညီ၊ သီစေသောဝ်။

သူ့ဖခင် တိမ္ဗရုနတ်မင်းကြီးကို ရှိခိုးခြင်းဖြင့် စတင်သကဲ့သို့ ရှိခိုးခြင်းဖြင့် အဆုံးသတ်လိုက်သည်။ သံမြင့် သံနိမ့်တို့ဖြင့် ဝေစည်၍နေခဲ့သော စောင်းသံကိုလည်း သံမှန်ဖြင့် အဆုံးသတ်လိုက်သည်။

စောင်းသံပြီးဆုံးသည်ဆိုလျှင်ပင် "ပဉ္စသိခ" အာလုပ်ပြုလိုက်သော ဘုရားရှင်၏ အသံတော်ထွက်ပေါ်လာ၍ ဘုရားရှင်သည် ကျွန်ုပ်ကိုလက်ခံ အသိအမှတ်ပြုပြီဖြစ်ကြောင်း သိလိုက်ရသောကြောင့် ဝမ်းမြောက်လှစွာဖြင့် စောင်းကို နံဘေးသို့ချပြီးလျှင် ဘုရားရှင်သို့ ဝပ်တွားအရိုအသေ ပြုလိုက်သည်။

"ပဉ္စသိခ သင့်စောင်းသံသည် သင့်သီချင်းအသံနှင့် ကိုက်ညီနိုးနှော လိုက်လျော အဆင်ပြေလှပါပေ၏"

ဘုရားရှင်က ကျွန်ုပ်စောင်းသံကိုပါမက ကျွန်ုပ်သီချင်းနှင့် ကျွန်ုပ်၏အသံကိုပါ ချီးကျူးတော်မူခြင်းပါတကား . . . ။ ချီးမွမ်းတော်မူခြင်းပါတကား။ အို– ကျွန်ုပ်အဘယ်မျှ ဝမ်းမြောက်ပါသနည်း။ ကျွန်ုပ်၏ ဝမ်းမြောက်မှုကို အဘယ်ပုံ ပြောရပါမည်နည်း။

ထိုမျှမကသေးပါ။ လိုက်လျောတော်မူသည့်အဟန်ဖြင့် "ပဉ္စသိခ။ ဤသီချင်း ဤဂါထာတို့ကို အဘယ်အခါက သင်သီကုံးခဲ့ပါသနည်း"ဟု အရေးတယူ မေးတော်မူလိုက်ပြန်ပါသည်။

"မှန်လှပါ အရှင်မြတ်ဘုရား။ အရှင်မြတ်သည် အဇပါလညောင်ပင်ရင်းတွင် သီတင်းသုံးတော်မူစဉ် အခါကပင် သီကုံးခဲ့သော သီချင်းများဖြစ်ပါသည်ဘုရား"

ယင်းသို့လျှင် ဘုရားရှင်က အဘယ်မျှ လိုက်လျောအရေးပေးစေကာ ကျွန်ုပ်တို့ အဖို့မှာမူ ရတနာသုံးပါးနှင့် မလျော်လှသော အဖွဲ့အဆိုများ ပါရှိနေသောကြောင့် လိပ်ပြာမလုံရသည်က အမှန်ပင်ဖြစ်၏။ ထို့ကြောင့် လိပ်ပြာမလုံသူတို့၏ ဓမ္မတာ သီချင်း၏ အကြောင်းခြင်းရာကိုပါ ဆက်၍လျှောက်ထားလိုက်မိသည်။

"အရှင်မြတ်ဘုရား။ ဤသီချင်းကို သီကုံးရခြင်း အကြောင်းကတော့ ဂန္ဓဗ္ဗ နတ်မင်းကြီး တိမ္ဗရု၏သမီး သူရိယဝစ္ဆသာကို တပည့်တော်က ချစ်ကြိုက်နေပါသည်။ သူရိယဝစ္ဆသာကတော့ မာတလိနတ်၏သား သိခဏ္ဍီကို ချစ်ကြိုက်နေသည်ဟု ကြားရပါသည်။ တပည့်တော်သည် သူရိယဝစ္ဆသာကို နည်းမျိုးစုံဖြင့် မြူဆွယ်၍ မရသောကြောင့် ရတနာသုံးပါးနှင့်လည်းစပ်ဆိုင်၊ သူနှင့်လည်းစပ်ဆိုင်သော ဤသီချင်း

များကိုရေးပြီး သူတို့ဗိမာန်ကိုသွား၍ သီဆိုတီးခတ်ပြခဲ့ပါသည်။ အဲဒီတော့ သူရိယဝစ္ဆသာက ကျွန်မသည် ဘုရားရှင်ကို မဖူးမြင်ဖူးပါ။ သုဓမ္မာနတ်သဘင်တွင်သာ ဘုရားရှင်၏ ဂုဏ်တော်များကို ကြားရဖူးပါသည်။ ယခု အသင်က ဘုရားရှင်အကြောင်း များကို သီဆိုတီးခတ်ပြလာသည့်အတွက် သင့်ကို ဒီတစ်ရက်တော့ အတူနေဖို့ ခွင့်ပြု ပါသည်ပြောလို့ ဤတစ်ကြိမ်မျှသာ အတူနေခဲ့ရဖူးပါသည်။ အဲဒီက နောက်တော့ အကပ်ပင် မခံတော့ပါဘုရား''

အပူသည်ဆိုသည်မှာ ရင်တွင်းအပူကို ဖွင့်အန်လိုသည့် ဓမ္မတာအလျောက် အကြောင်းဆိုက်လာ၍ ဖြစ်ခဲ့သမျှ အတွင်းရေးကိုပါ လျှောက်တင်လိုက်မိရာ သီချင်းသားက အညှီနံ့သင်းရသည့်အပေါ်တွင် သူ့ထက်ဆိုး ထိုးချလိုက် ဆိုသလိုများ ဖြစ်သွားလေပြီလား မသိပါ။ ဘုရားရှင်ကမူ သည်းခံနားဆင်တော်မူပါ၏။

ကျွန်ုပ်၏တာဝန်မှာ ဖူးမြော်ရန် သိကြားမင်းရောက်ရှိသည့်အကြောင်း ရှေ့တော်ပြေးအဖြစ် လျှောက်ထားရန်ဖြစ်၏။ သို့ရာတွင် သူ့အရေးထက် ကိုယ့်အရေးတွင် ဦးစိုက်မှုလွန်လျက် ရှိနေပေရာ သိကြားမင်းက ''ပဉ္စသီခ၊ လျှောက်ထားပြီးပြီလား''ဟု သတိပေးလိုက်သည့်အခါတွင်မှ ''အရှင်မြတ်ဘုရား၊ သိကြားမင်းသည် အခြွေအရံ ပရိသတ်များနှင့်အတူ ဂူအပြင်မှ အရှင်မြတ်၏ ခြေတော်အစုံကို ရှိခိုးကန်တော့ နေပါသည် ဘုရား''ဟု လျှောက်ထားလိုက်ရ၏။

''ပဉ္စသီခ၊ သိကြားမင်းသည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေသတည်း''

ဤသည်ကား ဘုရားရှင်က သိကြားမင်းအား လာရောက်ဖူးမြော်ခွင့်ပြုကြောင်း အသိအမှတ်ပြုလိုက်ခြင်းပင် ဖြစ်ပေရာ သိကြားမင်းနှင့် အခြွေအရံများသည် ထိုအခါမှ လိုဏ်ဂူအတွင်းသို့ ဝင်ရောက်လာကြပြီး ဘုရားရှင်အား ဝိုင်းရံရှိခိုးလျက် ရှိနေကြ၏။ ဣန္ဒသာလာဂူသည် သိကြားမင်း၏တန်ခိုးကြောင့် နတ်ဒေဝတာအပေါင်း ရှစ်သောင်းခန့်မျှ ဆံ့အောင် ကျယ်ပြန့်၍သွား၏။ နဂိုက မညီညွတ်သယောင်ရှိခဲ့သော ဣန္ဒသာလာ၏ အချို့သော မြေအပြင်သည် ညီညွတ်၍သွား၏။ သို့ရာတွင် ဘုရားရှင်၏ ရောင်ခြည်တော် တို့ဖြင့်သာ လွှမ်းခြုံ၍ နတ်ဒေဝတာတို့၏ ကိုယ်ရောင်များ ကွယ်ပျောက်၍သွားသည်။

ဘုရားရှင်က ''သိကြားမင်း၊ သင့်မှာ အလုပ်ကိစ္စတွေ အလွန်များပြားသူ ဖြစ်ပါလျက် ငါဘုရားထံ ယခုလို လာရောက်နိုင်သည်မှာ အံ့စဖွယ်ဖြစ်ပေ၏''ဟု ပဋိသန္ထာရစကား စတင်မိန့်ကြားတော်မူလိုက်သည်။

ထိုစကားမှာ သိကြားမင်းသို့ အပြစ်တင်သံရိပ် ပါသယောင်ရှိ၏။ အကြောင်း ကား သိကြားမင်းသည် ဘုရားရှင်အထံတော်သို့ အလာအရောက် ဆည်းကပ်ပူဇော်မှု နည်းလှသည်သာဖြစ်သည်။

ယခု လာရောက်ခြင်းမှာလည်း ခလုတ်ထိလာ၍ အမိတ, ကာ လာရောက်ခြင်း ဖြစ်သည်ကို ဘုရားရှင်သိတော်မူပြီးဖြစ်ကြောင်း ကျွန်ုပ်နောင်ခါမှ သိရသည်။

သိကြားမင်းအဘယ်ကြောင့် ယနေ့လာရောက်ကြောင်း နောင်ခါမှ ကျွန်ုပ် သိရပုံကို ကြိုတင်၍ပြောရသော် ဘုရားရှင် ပွင့်တော်မမူမီကပင် သိကြားဖြစ်ခဲ့၍ လူတို့အသက်ဖြင့် နှစ်ပေါင်းသုံးကုဋေ ခြောက်သန်းမျှ အသက်ရှည်ခဲ့ပြီးဖြစ်သော သိကြားမင်းသည် ယနေ့အဖို့တွင်မူ သိကြားသက် နတ်သက် ကုန်လုဆဲဆဲအချိန်သို့ ရောက်ရှိနေပြီဖြစ်၏။ ထို့ကြောင့် ယခု တလောတလတ်၌ သိကြားမင်း၏မျက်နှာသည် ညှိုးလျော်လျက် ရှိသည်ကိုတွေ့ရ၏။ မျက်နှာညှိုးသလို နတ်ဝတ်တန်ဆာတို့လည်း ညှိုးသည်။ လက်ကတီးကြားမှ ချွေးယိုသည်။ ဤသို့ စသည်တို့ကား သိကြားမင်း အပါအဝင် နတ်သား နတ်သမီးတို့ နတ်သက်ကုန်တော့မည့် နိမိတ်လက္ခဏာများပင် ဖြစ်ပေ၏။

ယင်းအဖြစ်ကို ကယ်တင်နိုင်သူကား ဘုရားရှင်၊ ဘုရားရှင်၏ တရားတော်နှင့် ရဟန္တာအရှင် သံဃာတော်များပင် ဖြစ်ပေ၏။ ဤအကြောင်းကိုသိသော သိကြားမင်း သည် ယနေ့အဖို့၌ ဘုရားဖူးရန်၊ တရားနာရန် အရေးတကြီးဖြစ်လျက် ရှိခဲ့ပေသည်။

သိကြားမင်းက "တပည့်တော်သည် ဇေတဝန်ကျောင်းတော်အတွင်း အရှင်မြတ် သီတင်းသုံးတော်မူရာ နတ်ထင်းကုဋီသို့ တစ်ကြိမ်ရောက်ခဲ့ပါသည်။ အရှင်မြတ် သမာပတ် ဝင်စားနေခိုက်နှင့်ကြုံ၍ အနီးတွင်ရှိသော ဘူဇတီနတ်သမီးကို တပည့်တော် လာရောက် ကြောင်း လျှောက်ထားရန် ပြောကြားခဲ့ရပါသည်ဘုရား"ဟု သူရောက်ခဲ့ဖူးသမျှဖြင့် အပြစ်တင်လွတ်ရန် လျှောက်ထားသည်။ လျှောက်ထားရာ၌ သက်သေ သက္ခာယ နိုင်လုံစေရန်အတွက် နတ်ထင်းကုဋီဟုလည်းကောင်း၊ ဘူဇတီနတ်သမီးကိုလည်းကောင်း ထည့်ထုတ်လျှောက်ထားသည်။

ထိုမျှမက ကိစ္စများသူဟူသော ဘုရားရှင် စကားတော်အရ ချော်လဲရောထိုင် ဆိုသကဲ့သို့ ဆင်သေကို ဆိတ်သားရေဖုံးသည့်နှယ် တစ်နေ့တစ်နေ့ သုဓမ္မာသဘင်ဝယ် နတ်သား နတ်သမီးတို့၏ သားလု မယားလု ဗိမာန်လု တရားစီရင်ရပုံများကိုပါ လျှောက်ထားလိုက်ချေသေး၏။

အမှန်အားဖြင့် သိကြားမင်းသည် ဘုရားရှင်အထံတော်သို့ အရောက်နည်းသည် မှာ အများထင်မှတ်ကြသလို ကာမဂုဏ်ပွား၊ စည်းစိမ်ခံမှုများသောကြောင့်ချည်းလည်း မဟုတ်။ ဟိုတရား ဒီတရား အလုပ်များသောကြောင့်ချည်းလည်းမဟုတ်။ သာသနာပ အချိန်တွင် ပြာဟ္မဏအယူ အစွဲတန်းလန်းနှင့် ဖြစ်လာခဲ့သော သိကြားမင်းသည် ဘုရားရှင်၏ သီလသိက္ခာကို ယုံကြည်၍ ရုံဖန်ကိုးကွယ်လာသူဖြစ်သော်လည်း တစ်ဖက်

တွင် နှစ်ပေါင်းသုံးကုဋေ ခြောက်သန်းအတွင်း အစဉ်အလာအားဖြင့် သူကိုးကွယ်လာခဲ့သော သူ့အထက် ဗြဟ္မာကြီးများရှိနေသောကြောင့်ဟု ကျွန်ုပ်ယူဆသည်။ နတ်ဖြစ်စေ၊ လူဖြစ်စေ ယူမိလေပြီသော အယူဝါဒတစ်ရပ်အပေါ်၌ အစဉ်အလာအားဖြင့်လည်းကောင်း၊ ဆရာစွဲ စာစွဲအားဖြင့်လည်းကောင်း စွန့်နိုင်ခဲဘိခြင်းဖြစ်၏။ ကျွန်ုပ်ထင်မြင်ချက်မှန်ကြောင်း နောက်ပိုင်းတွင် ပေါ်လာပါလိမ့်မည်။

ထို့နောက် သူ့လျှောက်ထားလိုချက်သို့ မရောက်မီ လေချိုသွေးသည့်အနေဖြင့် ဘုရားရှင်သာသနာတော်၏ အကျိုးများထူးခြားပုံကို လျှောက်သည်။ လျှောက်ပုံမှာ ဘုရားရှင်တို့၏ သာသနာပအခါ၌ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့တွင် နတ်ဗြဟ္မာတို့ဦးရေနည်းပါး၍ သာသနာတော်နှင့် ကြုံကြိုက်သောအခါ ကောင်းမှုကုသိုလ်ကြောင့် နတ်ဗြဟ္မာတို့ဦးရေ တိုးပွားလာသောကြောင့်ဖြင့် အစဉ်အလာစကား ကြားသိခဲ့ရသည်မှာ ကိုယ်တွေ့ဖြစ်၍ မှန်လှပါချည့်။ ယနေ့အချိန်တွင် အရှင်မြတ် သာသနာကြောင့် နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ နတ်ဗြဟ္မာတို့ တိုးပွားလျက်ရှိပါသည်ဘုရား ဟူ၍ဖြစ်၏။ ထို့နောက်တွင်မှ ယနေ့လာရောက်ခြင်းကိစ္စကို သူ့သား ဂေါပက နတ်သား၏ အကြောင်းရပ်ဖြင့် ဖွင့်၍ လျှောက်ထားလေတော့သည်။

[ ၆ ]

သိကြားမင်း၏သား ဂေါပကနတ်သား၏ အကြောင်းရပ်မှာ ပြောစမှတ်ပြုရလောက်အောင် အတန်ဆန်း၏။ မိန်းမဘဝမှ နောက်တစ်ဘဝတွင် ယောကျ်ားအဖြစ်သို့ ကူးပြောင်းလာခြင်း၊ ယောကျ်ားဘဝမှ နောက်တစ်ဘဝတွင် မိန်းမအဖြစ်သို့ ကူးပြောင်းသွားခြင်းဆိုသည်မှာ မိမိပြုအပ်တောင့်တအပ်သော ကုသိုလ် အကုသိုလ်အရဖြစ်၍ မဆန်းဟု ဆိုနိုင်သော်လည်း ဖြစ်တောင့်ဖြစ်ခဲ ဖြစ်၍ အတန်ဆန်းသည်ဟု ဆိုရခြင်းဖြစ်ပါသည်။

သိကြားမင်း၏ရင်ခွင်တွင် ပေါက်ဖွား၍ သိကြားမင်း၏သား ဖြစ်လာသော ဂေါပကနတ်သားသည် ယခင်ဘဝက ဘုရားရှင်တို့ အမျိုးအနွယ်ကပိလဝတ်ပြည်မှ သာကီဝင်မင်းသမီးဖြစ်၍ ဂေါပိကာဟု အမည်ရှိ၏။ ဂေါပိကာသည် မိန်းမအဖြစ်ကို စက်ဆုပ်ပြီး ယောကျ်ားအဖြစ်ကို တောင့်တသူဖြစ်၏။ ကုသိုလ်ဆုတောင်းပြည့်၍ သိကြားမင်း၏သားအဖြစ် အထင်အရှား ဖြစ်လာသည်မှာ ကျွန်ုပ်တို့အသိပင်ဖြစ်၏။

တစ်နေ့၊ သုဓမ္မာသဘင်ဝယ် ဂန္ဓဗ္ဗနတ်တို့ ကပြဖြေဖျော်ရာ၌ ထူးခြားသော ဂန္ဓဗ္ဗနတ်သားသုံးယောက် ပါရှိလာသည်ကို တွေ့ကြရသည်။ ထူးခြားပုံမှာ တွေ့မြင်နေကျ အခြား ဂန္ဓဗ္ဗနတ်များထက် အဆင်းရောင်ဝါ သာလွန်နေခြင်းပင်ဖြစ်ပေသည်။ ထို့ထက်ထူးခြားပုံမှာကား ဂေါပကနတ်သားမှတစ်ဆင့် ပေါ်ပေါက်လာတော့၏။ ထိုဂန္ဓဗ္ဗနတ်သား

သုံးယောက်ကား သာကီဝင် ဂေါပိကာမင်းသမီး၏အိမ်တွင် နေ့စဉ်ဆွမ်းခံခဲ့သော ရဟန်းတော်သုံးပါး ဖြစ်သတည်း။

ပုဗ္ဗေစသန္နိဝါသေန–အတိတ်ဘဝ ဆက်ဆံခဲ့ဖူးသော အသိအရ ယင်းဂန္ဓဗ္ဗ သုံးယောက်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဂေါပကနတ်သား လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဆင်ခြင်လိုက်သောအခါ မိမိပူဇော်လှူဒါန်းခဲ့သော ရဟန်းတော်သုံးပါး ဖြစ်နေကြောင်း သိလာပြီး၊ မိမိအထက်က ရဟန်းဖြစ်ပါလျက် ယခုသော် မိမိအောက် နိမ့်ကျသော ဂန္ဓဗ္ဗနတ်အဆင့်မျှသို့ ရောက်နေသည်ကို တွေ့ရသောအခါ ဂေါပက အံ့ဩသွား၏။ အံ့ဩရာမှ သနား၍လည်း သွားဟန်တူ၏။ ရဟန်းသုံးပါးမှာ နယ်နယ်ရရ ကား မဟုတ်။ ရူပါဝစရ လောကီစျာန်အထိ မြင့်တက်ပေါက်ရောက်နေသူများ ဖြစ်ကြောင်းကိုလည်း သိခဲ့သည်။ မိမိမှာ ကိုးကွယ်လှူဒါန်းခဲ့သူ မျှသာဖြစ်၏။ သို့ပါလျက် မိမိအောက် ဂန္ဓဗ္ဗအဆင့်မျှသာ ရောက်ရှိနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရ သည်မှာ အံ့ဖွယ်ကောင်းစွ။ သနားဖွယ် ကောင်းစွ။

ထို့ကြောင့် ဂေါပကသည် ယင်းနတ်သားသုံးယောက်ကို ဖြေဖျော်ပွဲအပြီးတွင် မိမိရှေ့မှောက်သို့ ခေါ်ယူလိုက်ပြီးနောက် ''အမောင်နတ်သားတို့၊ အသင်တို့သည် ယခင်ဘဝက ရဟန်းတော်များ မဟုတ်ခဲ့ပါသလော။ ငါသည်ကား အသင်တို့ကို ကိုးကွယ်လှူဒါန်းရသော ဂေါပိကာဒါယိကာမဖြစ်ပေ၏။ သို့ပါလျက် ယခုသော် ငါတို့အောက် ဂန္ဓဗ္ဗအဆင့်မျှသာရောက်ရှိလာရသည်မှာ ရှက်ဖွယ်ကောင်းစွ။ အသင်တို့ သည် ရဟန်းအဖြစ်သို့ပင် ရောက်ခဲ့ပါလျက် အဘယ်ပုံကျင့်သုံး၍ အဘယ်ပုံတောင်းဆု ယူခဲ့ကြပါသနည်း။ ဘုရားရှင်၏တရားတော်ကို အဘယ်သို့မျက်နှာလွှဲ၍ ကြားနာ ကျင့်သုံးခဲ့ကြပါသနည်း''ဟု ကရုဏာဒေါသောဖြင့် ခပ်နာနာကလေး ပြောလိုက်သည်။

ထိုစကား ထိုတရားကြောင့် နတ်သားတစ်ယောက်အဖို့ မည်သို့မျှ မထူးခြား။ ငုံ့ရုံ့ကြီးခံလျက်သာ ရှိသော်လည်း နတ်သားနှစ်ယောက်အဖို့မူ ရှက်ရှက်နှင့် သတိရကာ ထူးထူးခြားခြားကြီး ဖြစ်သွားသည်။ ဖြစ်ဟန်ကား – ရူပါဝစရစျာန်အထိ တရားအထုံ ရှိခဲ့ပြီးသော နတ်သားနှစ်ယောက်သည် မိမိ တရားအခြေခံကို နိုးထစေ၍ ဝိပဿနာ တင်ကာ ရှုမှတ်ကျင့်သုံးလိုက်သောအခါ အနာဂါမ်အဆင့်သို့ပင် ရုတ်ခြည်းရောက်၍ ထိုအခိုက်တွင်ပင် ဂန္ဓဗ္ဗအဖြစ်မှ စုတေကာ ပြဟ္မပုရောဟိတာဟု ခေါ်သော အထက် ပြဟ္မာ့ဘုံသို့ ရောက်ရှိသွားကြ၏။

ဤဖြစ်ရပ်ကား သိကြားမင်းက ဘုရားရှင်အား လျှောက်ထားချက် အကြောင်းခံ ဖြစ်၍ မိမိသည်လည်း တရားထူးရလိုသောကြောင့် အရှင်မြတ်ထံ လာရောက်ဖူးမြော်ပါ သည်ဘုရားဟု ဖွင့်၍လျှောက်ထားလိုက်သည်။

တရားနာဖို့ဆိုသော်လည်း ဘုရားရှင်ထံ မိမိသိလိုလျက်ရှိသော အမေးပုစ္ဆာ ပြဿနာ ၁၄ ချက်ကို မေးလျှောက်ခြင်းနှင့်အတူ တရားနာလိုခြင်းဖြစ်၍ မေးလျှောက်ခွင့် ပြုပါရန် လျှောက်ထား တောင်းပန်သောအခါ ဘုရားရှင်က ခွင့်ပြုတော်မူသည်။

"ကောင်းကျိုးကိုလိုသော သတ္တဝါတို့သည် ကောင်းမှု ကောင်းကျိုးအတွက် တောင့်တဆောင်ရွက်ရင်းနှင့်ပင် ဆင်းရဲဒုက္ခမျိုးစုံနှင့် တွေ့ကြုံနေကြရသည်မှာ အဘယ်ကြောင့်ပါနည်း အရှင်ဘုရား" ဟူသော ဣဿာမစ္ဆရိယပုစ္ဆာ၊ ဝိသဇ္ဇနာအစ၊ အစ္ဆန္ဒနိဗ္ဗာ အမေးအဖြေအဆုံး၊ သိကြားမင်းအမေး၊ ဘုရားရှင်အဖြေပုစ္ဆာ ဝိသဇ္ဇနာ တစ်ဆယ့်လေးချက် မေးလျှောက်ဖြေဆို၏။ အရည်အသွေးချင်း မတူညီစေကာမူ ကျွန်ုပ်၏ စောင်းချင်းတစ်ဆယ့်လေးပုဒ်နှင့် အရေအတွက်ဂဏန်းချင်း တူညီလျက် ရှိသည်ကို တွေ့ရသောကြောင့် ကျွန်ုပ်ဝမ်းမြောက်ရ၏။

သိကြားမင်း၏ တရားအချက် မေးကွက်တွေ ကောင်းမွန်လှသလောက် ဘုရားရှင်၏ ဖြေဆိုတော်မူပုံများ ကောင်းမွန်လှသော ယင်းပုစ္ဆာဝိသဇ္ဇနာ တစ်ဆယ့်လေးချက်သည် ပဥ္စသိခ၏စောင်းချင်း တစ်ဆယ့်လေးပုဒ်နှင့်အတူ 'သက္ကပဉှာသုတ်' ဟူသော အမည်ဖြင့် ယနေ့တိုင် ပိဋကတ်တော်တွင် အထင်အရှားရှိ၏။

တရားပွဲအဆုံးတွင် ကျွန်ုပ် အထက်တွင်ပြောခဲ့သော သိကြားမင်း၏ ဇာတိရုပ် ဖော် ဖွင့်ဟလျှောက်ထားချက်ပေါ်လာ၏။ ပေါ်လာပုံမှာ "အရှင်မြတ်ဘုရား၊ လူတို့သည် နတ်တို့ကို ကိုးကွယ်ကြပါကုန်၏။ နတ်တို့သည် ဗြဟ္မာတို့ကို ကိုးကွယ်ကြပါကုန်၏။ တပည့်တော်ကမူကား ယနေ့ယခုအချိန်မှစ၍ အရှင်မြတ်ကိုသာ ကိုးကွယ်ပါတော့မည်။ အရှင်မြတ်နှင့် အရှင်မြတ်၏ တရား၊ သံဃာ၊ ရတနာသုံးပါးသည်သာ တပည့်တော်၏ ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာ ဖြစ်ပါတော့သည်ဘုရား" ဟူ၍ ဖြစ်၏။ အဓိပ္ပာယ်မှာ ယခင်က လုံးလုံးလျားလျား ဘုရားရှင်အား မကိုးကွယ်ခဲ့မိသည်ကို ဖုံးကွယ်လေဟန် နှင့် လူဟု နတ်ဟု ယေဘုယျလျှောက်ထားပြီးနောက် ယခုသော်တမူ အရှင်ဘုရား၏ ဒါယကာအဖြစ်သို့ ဥပါသကာ၊ အရှင်ဘုရား၏ ဒါယကာအဖြစ်သို့ လုံးလုံးလျားလျား ရောက်ပါပြီဟု ပဋိညာဉ်ပြုလိုက်ခြင်း ဖြစ်၏။

အဘယ်ပုံ မပြုဘဲရှိချေတုံအံ့နည်း။ နှစ်ပေါင်းသုံးကုဋေ့ခြောက်သန်းဖြင့် ယနေ့ အချိန်တွင် နတ်သက်ကုန်ဆုံးခဲ့သောသိကြားမင်းသည် တရားတော်၏ စွမ်းအားကြောင့် ဘုရားရှင်ရှေ့တော်၌ပင် သောတပန် သိကြားမင်းသစ်အဖြစ်သို့ ကူးပြောင်းခဲ့ပေပြီ။

ထို့ကြောင့် သိကြားမင်း၏ ရွှင်လန်းဝမ်းမြောက်မှုသည် အတိုင်းအဆမရှိဟူပင် ဆိုနိုင်လောက်ပါ၏။ ယင်းသို့ သိကြားမင်း၏ ဝမ်းမြောက်မှုသည် ကျွန်ုပ်သို့ ကူးစက်၏။ သာမန်ကူးစက်ရုံမျှမဟုတ်။ ကျွန်ုပ် မမျှော်လင့်သော အခြင်းအရာများ ဖြစ်ပေါ်၍ လာသောကြောင့် ကြီးမားစွာ ကူးစက်ခြင်းဖြစ်၏။

ကူးစက်ပုံမှာ သိကြားမင်းသည် ဘုရားရှင်နှင့် ဘုရားဖူးတရားနာကိစ္စပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်ဘက်သို့ မျက်နှာမူလိုက်သည်။ ထို့နောက် အောက်ပါအတိုင်းမိန့်၏။

"ပဉ္စသီခ။ ။ ဘုရားရှင်အထံတော်သို့ အလွယ်တကူဝင်ရောက်နိုင်အောင် ပို့ဆောင်ခဲ့သော အသင့်ကျေးဇူးကား ကြီးမားလှပါ၏။ အသင်သည် ငါ့အား ဘုရားရှင်အထံတော်သို့ တံတားခင်းပေးသော ကျေးဇူးရှင် ဖြစ်ပါပေသည်။ ထို့ကြောင့် သင့်အား ငါ့ဖခင်အရာ၌ ထားလိုက်ပါသည်။ ဤနေ့ ဤအချိန်မှစ၍ တည်ပါစေလော့"

ဤသည်ကား ဘုရားရှင်နှင့်တကွ နတ်ဒေဝတာ များစွာတို့ရှေ့မှောက်၌ ခံစားရသည့် ကျွန်ုပ်မမျှော်လင့်သော အကျိုးတရားဖြစ်၍ ကျွန်ုပ်မျှော်လင့်သော အကျိုးထူးများကိုလည်း ကျွန်ုပ်၏ဆန္ဒ၊ ကျွန်ုပ်၏ဖြစ်ရပ်ကို သိနေသော သိကြားမင်းက အောက်ပါအတိုင်းဆက်၍ မိန့်ကြားလိုက်ပါသည်။

"ပဉ္စသီခ။ ။ ကျေးဇူးများသော အသင့်အား ဤနေ့ ဤအချိန်မှစ၍ တိမ္ဗရုနတ်၏ နေရာဖြစ်သော ဂန္ဓဗ္ဗတို့၏ အကြီးအကဲ ဂန္ဓဗ္ဗနတ်မင်းအဖြစ်သို့ ခန့်ထားလိုက်သည်"

ချစ်သူ ဖခင်နေရာကို ယူရမည်ဖြစ်သောကြောင့် အားနာဖွယ်ဖြစ်သော်လည်း ကျွန်ုပ် ဝမ်းမြောက်ပုံမှာကား ဆိုဖွယ်ပင်မရှိ။ တိမ္ဗရုအား အခြားသင့်လျော်သော နေရာတွင် ခန့်ထားမည်မှာ သေချာပါသည်။ ထို့နောက် သိကြားမင်း၏အမိန့်ဖြင့် ရှစ်သောင်းမျှသော နတ်ဒေဝတာတို့၏ အစွန်ဖျားမှ သူရိယဝစ္စသာတို့သားအဖကို ရှေ့တန်းသို့ခေါ်လိုက်၏။ နတ်ဒေဝတာ ရှစ်သောင်းမျှတွင် ကျွန်ုပ်အဖို့ သိကြားမင်းအရေးကိုသာ တွေး၍နေရသောကြောင့် သူရိယဝစ္စသာတို့ ပါရှိလာသည်ကို သတိမပြုမိခဲ့ပါ။

ရက်အတန်ကြာကပင် မျက်နှာတစ်မျိုးဖြင့် ညှိုးနွမ်းလျက်ရှိနေခဲ့သော သိကြားမင်းသည် ယခုအခါ၌မူ ရွှင်ကြည်လျက်ရှိသောကြောင့် ရှေ့တန်းရှိ တန်ခိုးကြီး နတ်ဒေဝတာများစွာတို့လည်း ရွှင်ကြည်လျက် ရှိနေကြ၏။ အမှန်သော် ဘုရားရှင်၏ တရားတော်ကြောင့် သိကြားမင်းသည် သိကြားသစ်အဖြစ်သို့ သောတာပန်စခန်းသို့ တက်လှမ်းသကဲ့သို့ အခြား နတ်ဒေဝတာများစွာတို့သည်လည်း မိမိအဆင့်အလျောက် တရားရှင်စခန်းသို့ တက်လှမ်းကုန်ကြပြီဖြစ်၏။

သူရိယဝစ္စသာသည် သိကြားမင်းရှေ့မှောက်သို့ ရောက်သောအခါ ကျွန်ုပ်ကို ...သို့ သူ့အနီးသို့ခေါ်ပြီးနောက် "သူရိယဝစ္စသာ၊ အသင့်ကို ချစ်သတိအနက် ...

ထက်သာသောချစ်သူ မရှိနိုင်တော့ပါ။ ပဥ္စသီခသည် ယခုအခါ ဂန္ဓဗ္ဗတို့၏အရှင်ဖြစ်လာ၍ ဂုဏ်အားဖြင့်လည်း မသေးငယ်တော့ပါ။ ထို့ကြောင့် ပဥ္စသီခနှင့် အသင်တို့အား ငါကိုယ်တိုင် လက်ထပ်ထိမ်းမြား ပေးစားလိုက်ပါသည်''ဟု မိန့်ကြားလိုက်သည်။

ကျွန်ုပ်အဖို့ ထိုစကား၏ နားဝင်ချိုမှု၊ ဝမ်းမြောက်မှုသည် ထိပ်ဆုံးသို့ ရောက်ရှိသွားပါသတည်း။

# သည်ဆောင်းဟောမန်

[ ၁ ]

သာသနာတော်တွင် သက်တော်ရှည် အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိဟူဂနှ၊ ပဉ္စဝဂ္ဂီမထေရ်ကြီးတို့အစ၊ အဂ္ဂသာဝက မဟာသာဝက ဖြစ်ကြသော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပတို့အလယ်၊ ယနေ့ခေတ်တိုင် တစ်သာသနာလုံးရှိ ရဟန်းတော်အားလုံးသည် ဘုရားရှင်၏ ဩရသဇာတ်တော်တည်းဟူသော ရင်ခွင်မှ ပေါက်ဖွားအပ်သောကြောင့်လည်းကောင်း၊ ဘုရားရှင် ကိုယ်တော်တိုင်ကပင် “ငါ၏ချစ်သား ရဟန်းများတို့” ဟူ၍ အစဉ်ခေါ်ဝေါ်အပ်သော အာလုပ်စကားအရ လည်းကောင်း ဘုရားရှင်၏သားတော်များ စင်စစ်ဖြစ်ကြသည် မှန်ပါ၏။ အရှင်ရာဟုလာ ဆိုလျှင် တရားတည်းဟူသော သားတော်မျှ မက ရင်သွေးတော်စစ်စစ် ဖြစ်သည်လည်း မှန်ပါ၏။

သို့ရာတွင် ယင်းသားတော် အားလုံးအနက် အရှင်ရာဟုလာကဲ့သို့ ရင်သွေး စစ်စစ်ဟူလည်း မဆိုနိုင်၊ အခြားရဟန်းတော်များကဲ့သို့ ယေဘုယျသားတော် အဖြစ်မျှ လည်းမက၊ ထူးခြားလှသော သားတော်တစ်ယောက် ရှိပါပေသေး၏။ ဘုရားရှင်၏ ထူးထူးခြားခြား မွေးစားသားတော်ဖြစ်သည်။ ဘုရားရှင်၏ မွေးစားသားတော် ဖြစ်သောကြောင့် သာသနာတော်သမိုင်းတွင် သူသည် ထင်ထင်ကြွားကြွား မားမားဝင့်ဝင့် ဖြစ်သင့်သော်လည်း သူနှင့်စပ်သော အကြောင်းရပ်ကြီးက လွှမ်းအုပ်၍ထားသောကြောင့် မှေးမှိန်နေရသည်။ ဟတ္ထာဠဝကမင်းသားတည်း။

သာသနာတော်သမိုင်းတွင် ထင်ရှားလှသော ဘုရားရှင်၏ အောင်တော်မူခြင်း ရှစ်ပါးအနက် အာဠဝကဘီလူးအား အောင်နိုင်တော်မူပုံကို သိကြပြီးဖြစ်သည်။ အာဠဝကဘီလူးကို အောင်တော်မူချိန်မှာ ဘီလူးစာကျွေးရန်အတွက် အာဠဝီဘုရင်၏ မွေးကင်းစ သားတော်ကလေးကို မင်းချင်းများက အာဠဝကဘီလူးထံသို့ ပေးဆက် လာချိန်ဖြစ်သည်။

ဘုရားရှင်၏ တန်ခိုးတော်ကြောင့်လည်းကောင်း၊ တရားတော်ကြောင့် လည်းကောင်း အာဠဝကဘီလူးအဖို့ အစွယ်ကြီးနှစ်ချောင်းပင် ကျွတ်ထွက်သွားလု မတတ် အကျွတ်တရားရသည်။ သောတပန်အဖြစ်သို့ ရောက်သည်။ ထိုအချိန်တွင်ပင် သူ့အစာဖြစ်သော သားတော်ကလေးကို ပေးဆက်လာသောအခါ အကျွတ်တရား ရပြီးသော အာဠဝကအဖို့ ဘုရားရှင်၏ ရှေ့တော်မှောက်တွင်ပင် ဖြစ်နေသောကြောင့် အလွန်ရှက်သည်။ အလွန်ရှက်ရုံမျှမက သွေးရူးသွေးတန်းပင် ဖြစ်သွားသည်။

ဖြစ်ဟန်ကား အခါတိုင်းဆိုလျှင် အားရဝမ်းသာ လက်ခံစားသုံးနေကျ အသားတုံး အသွေးတုံးကလေးကို တရားကြောင့် အရှက်လွန်သော သွေးရူးသွေးတန်းဖြင့် ဘုရားရှင်လက်တော်သို့ ကယောင်ကတမ်းဖြင့် ရုတ်ခြည်းလက်ပြောင်း ပေးလှူလိုက်မိ ခြင်းပင် ဖြစ်ပေသည်။

ပေးလှူရာ၌ လက်ဖြင့်သာ ကယောင်ကတမ်း ပေးလှူမိခြင်းမဟုတ်။ ပါးစပ် ကလည်း "အရှင်မြတ်ဘုရား၊ တပည့်တော်ပိုင်ဖြစ်သော ဤသူငယ်ကို အရှင်မြတ်အား ပေးလှူပါ၏။ ဤသူငယ်ကား လက္ခဏာကြီးငယ်ဖြင့် ပြည့်ဖြိုးသန့်စင်လှသူ ဖြစ်ပါ၏။ အလှူခံတော်မူပါဘုရား"ဟု သူ့အလှူမှာ မှန်မြတ်သောအလှူ ဖြစ်လေတော့သယောင် ရှက်ကိုးရှက်ကန်းစကားဖြင့် လျှောက်ထားပေးလှူသည်။

ဘုရားရှင်ကလည်း ပြုံးတော်မူ၍ အလိုက်သင့်ပင် ရင်ခွင်တော်သို့ ပွေ့ယူ အလှူခံလိုက်ပါ၏။ ပြုံးတော်မူခြင်းကား အာဠဝက၏ အပြုအမူကြောင့်မဟုတ်။ ခဲတစ်လုံးဖြင့် ငှက်နှစ်ကောင်ပစ်သည် ဆိုသကဲ့သို့ အာဠဝကအား ခြွေချွတ်မှုကိစ္စဖြင့် သာသနာတော် အတွင်းသားဖြစ်လာလတ္တံ့သော မင်းသားကလေး၏ အနာဂတ်ကို မြင်တော်မူသောကြောင့်ဖြစ်၏။ သို့ရာတွင် ပစ္စုပ္ပန်အားဖြင့် ရဟန်းတို့အလှူခံထိုက်သော ဆွမ်းလည်းမဟုတ်။ သင်္ကန်းပရိက္ခရာလည်းမဟုတ်။ မင်းသားကလေးအား သာသနာတော် အတွင်းသား ဖြစ်စေဖို့ရန်မှာလည်း ငယ်လှစွာသေး၏။ ထို့ကြောင့် မင်းသားကလေးအား မြွောက်ချီတော်မူကာ "ဒီဃာယုကော အယံကုမာရော=ဤမင်းသားကလေး အသက် ရှည်စေသတည်း။ ကျန်းမာ ချမ်းသာစေသတည်း"ဟု ကောင်းချီး ပေးတော်မူပြီးနောက်

''ဒကာ မင်းချင်းတို့၊ ဤမင်းသားငယ်အား သူ့မိဘများအထံသို့ ပြန်လည်အပ်ပြီး ငါ့ဘုရားကိုယ်စား ကျွေးမွေးစောင့်ရှောက်ကြပါဟု ပြောပါ။ ငါဘုရား အလိုရှိသောအခါမှ ဆောင်ယူပါမည်'' ဟု မိန့်ကြား ပေးအပ်လိုက်သည်။

ဤနည်းအားဖြင့် အာဠဝီဘုရင့်သားတော် မင်းသားကလေးမှာ သာသနာတော် အတွင်းသား မဖြစ်သေးသော်လည်း ဘုရားရှင်၏ မွေးစားသားတော်အဖြစ်သို့ ရောက်လာသည်။ အမည်အားဖြင့်လည်း အာဠဝကဘီလူးလက်မှ ဘုရားရှင်၏လက်တော်သို့ ရောက်သောကြောင့် ဟတ္ထဠဝက၊ တစ်နည်းဆိုသော် မင်းချင်းတို့လက်မှ အာဠဝက လက်၊ အာဠဝကလက်မှ ဘုရားရှင်လက်တော်၊ ဘုရားရှင်လက်တော်မှ မင်းချင်းတို့ လက်သို့ လက်အဆင့်ဆင့် ကူးပြောင်းရောက်ရှိသောကြောင့် ဟတ္ထ–အာဠဝက၊ ဟတ္ထာဠဝကမင်းသားဟု တွင်လာ၏။

အာဠဝကဘီလူးအား ကယ်ချွတ်မှုကိစ္စပြီးစီး၍ ဘုရားရှင်သည် အာဠဝီပြည် ဘက်သို့ ကြွလာသောအခါ အာဠဝကဘီလူးက မင်းချင်းများနှင့်အတူ ဘုရားရှင်၏ နောက်တော်မှ ကျိုးနွံစွာလိုက်ပါ၍ တောအုပ်အစွန်ထိ ပို့သည်။ မင်းချင်းများသို့လည်း မိမိအပေါ်တွင် ဘုရင်ထားရှိအပ်သောကတိ ပြေလည်ပါပြီ။ ယနေ့မှစ၍ မည်သူ့ကိုမျှ မိမိထံ ပို့ဆောင်ရန်မလိုတော့သည့်အကြောင်း လျှောက်ထားပါဟု မှာကြားလိုက်သည်။

ဤစကားမှာ မင်းချင်းတို့အဖို့ ဘီလူးဘေးမှ မင်းသားကလေး လွတ်မြောက်လာ သည်ထက် ပို၍ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ အကြောင်းကား မိမိတို့နှင့်တကွ အာဠဝီ နိုင်ငံတော် တစ်ခုလုံးပါ ဘီလူးဘေးမှ လွတ်မြောက်ကြရပြီ ဖြစ်သောကြောင့်ပေတည်း။

ထီးညွန့်နန်းလျာ မင်းသားကလေးတစ်ပါး မွေးဖွားပေါ်ပေါက်လာဖို့အရေးမှာ မင်းမိဖုရားနှင့်တကွ ရွှေနန်းတော် အသိုက်အဝန်းတွင်သာ အရေးကြီးသည်မဟုတ်။ တစ်တိုင်းတစ်ပြည်လုံးအတွက်ပါ အရေးကြီးသည်။ ထို့ကြောင့် ထီးညွန့်နန်းလျာ မင်းသား ကလေး ဖြစ်ထွန်း ပေါ်ပေါက်လာစေလိုသည်မှာ နိုင်ငံတော်တစ်ခုလုံး၏ ဆန္ဒပင်ဖြစ်၏။ ယခု ဟတ္ထာဠဝကမင်းသားကလေး ပေါ်ပေါက်လာ၍ ဘီလူးစာ ကျွေးပစ်ရမည်ဆိုသော အခါ တစ်တိုင်းတစ်ပြည်လုံး ဝမ်းနည်းပူဆွေးနေကြရာက ဘုရားရှင်၏ ကယ်ချွတ်မှုကြောင့် ဘီလူးဘေးမှ လွတ်မြောက်လာသောအခါ တစ်နိုင်ငံလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရ ပေတော့မည်။

သို့ရာတွင် မင်းသားကလေးမျှမက တစ်တိုင်းပြည်လုံးပင် ဘီလူးဘေးမှ လွတ်ကြရတော့မည်ဟု သိရသောအခါတွင်မူ ကိုယ်ရေးကိုယ်တာ လွတ်မြောက်မှု ဖြစ်လာသောကြောင့် ပို၍ဝမ်းမြောက်ကြရခြင်း ဖြစ်သည်။

အာဠဝကေ၏ အန္တရာယ်မှာ ကြီးမားလှသောအန္တရာယ် ဖြစ်ခဲ့၏။ ဝေသာလီပြည်တွင် ဘီလူးပေါင်းများစွာ၏အန္တရာယ် ကြုံသည်။ ဤနိုင်ငံတွင်ကား ဘုရင်၏ ကတိစကား တစ်ခုကြောင့် တစ်ဦးတည်းသောဘီလူး၏ အန္တရာယ်မှာ နိုင်ငံနှင့်ချီ၍ ကြီးမားခဲ့ရသည်။

ရှေးဦးစွာ အချုပ်ထောင်အတွင်းမှ ရာဇဝတ်ကောင်မှန်သမျှကို အမှုကြီးငယ် မရွေး ဘီလူးစာကျွေးခဲ့ရသည်။ ရာဇဝတ်သားမှန်လျှင် အပြစ်ကြီးငယ်မရွေး ဘီလူးစာကျွေးသည်ဟု သိလာကြသောအခါ မင်းပြစ်မင်းဒဏ်မှန်သမျှ ကင်းပျောက်၍သွားသောကြောင့် သက်ဆိုင်ရာ အမှုထမ်းတို့က မင်းပြစ်မင်းဒဏ် ဖြစ်ပေါ်လာအောင်ပင် တမင် အကွက်ဆင်၍ ဖမ်းဆီးခဲ့ကြရသည်။

ဘီလူးဘေးကြောင့် မင်းမှုမင်းရာမှန်သမျှ လုံးဝကင်းရှင်း၍ တရားရုံးတို့ ဆိတ်သုဉ်းလာသောအခါ နိုင်ငံတော်အတွက် အသုံးမဝင်တော့သော လူအိုလူမင်းများကို ဘီလူးစာကျွေးမည်ဟု မြားဦးလှည့်လာသည်။ သို့ရာတွင် ဤသည်ကို ဘုရင်သဘော မတူသောကြောင့် ကလေးသူငယ်များကို ဘီလူးစာကျွေးရန် ဖြစ်လာသည်။ ထိုအခါ ကလေးသူငယ်မှန်သမျှ အခြားနိုင်ငံသို့ပို့ခြင်း၊ တောတွင်းလုံခြုံရာတို့၌ဝှက်ခြင်း စသည်ဖြင့် အာဠဝီတွင် ကလေးသူငယ်မှန်သမျှတို့ ကင်းဆိတ်သွားသောအခါ နောက်ဆုံးတွင် ဘုရင့်သားတော် ယခု ဟတ္ထာဠဝက မင်းသားကလေးမှတစ်ပါး အခြားကလေး မရှိသောကြောင့် ကိုယ့်ရှူးကိုယ်ပတ်ဆိုသကဲ့သို့ မိမိ၏ကတိအရ မင်းသားကလေးကိုပင် ဘီလူးထံပို့ခဲ့ရာက ကံကောင်း ကံမ ဘုရားရှင်တည်းဟူသော ကယ်တင်ရှင်ပေါ်ပေါက် လာ၍ ယခုလွတ်မြောက်လာရခြင်းဖြစ်သည်။

ယခုသော် မင်းသားကလေးမျှမက နိုင်ငံတော်တစ်ခုလုံးပင် ကြိမ်မီးအုံးသကဲ့သို့ ဖြစ်နေရသော ဒုက္ခဘေးကြီးမှ ကင်းဝေးကြရတော့မည်ကြောင့် မင်းချင်းတို့ အဘယ်မှာ ဝမ်းမမြောက်ဘဲ ရှိနိုင်ပါအံ့နည်း။

ထို့ကြောင့် ကျေးဇူးတော်အရှင် ကယ်တင်ရှင်ဘုရားသခင်အား ဘုရင်ကြီးနှင့် တကွ တစ်နိုင်ငံလုံး အပူဇော်ခံနိုင်ရန် မင်းချင်းတို့က နန်းတော်သို့ပင့်သည်။ သို့ရာတွင် ဘုရားရှင်က မင်းချင်းများကိုသာ သီးခြားစေလွှတ်ပြီးနောက် မိမိမှုကား ဆွမ်းခံမှုအလုပ်ဖြင့် အာဠဝီတွင် သာသနာတော် အခြေစိုက်လိုသည့်အရေးကို တွေးတောတော်မူကာ ဆွမ်းခံချိန်လည်းဖြစ်သောကြောင့် သာမန်ရဟန်းတစ်ပါးကဲ့သို့ပင် အာဠဝီပြည်အတွင်းသို့ ဆွမ်းခံဝင်ကြွတော်မူသည်။

ဘီလူးဘေးမှ လွတ်မြောက်လာကြသည့်အရေးတွင် မင်းချင်းတို့၏ ကြွေးကြော် သံဖြင့် တစ်နိုင်ငံလုံး ကျွက်ကျွက်ဆူမျှ ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၏။ နန်းတော်သို့

ရောက်၍ ဘုရင်ကိုယ်တိုင် သိရှိသောအခါ ကျေးဇူးတော်သခင် ဘုရားရှင်အား ဘုရင်ကိုယ်တိုင်ဦးဆောင်၍ အာဠဝီပြည်အတွင်း လိုက်၍ရှာသည်။ အာဠဝီပြည် ပြင်ပရှိ သစ်ပင်ကြီးတစ်ပင်အရင်းတွင် ဘုရားရှင် ဆွမ်းဘုဉ်းပေးနေသည်ကို တွေ့ကြရသောအခါ ဘုရင်နှင့်တကွ တစ်နိုင်ငံလုံး သောင်းသောင်းဖြဖြ ခ,ယမ်း ပူဇော်ကြသည်။

ထူးခြားမှုမှာကား ရာဇဂြိုဟ်ပြည်မှ ဝေဠုဝန်ကိုပေးလှူသော ဗိမ္ဗိသာရဘုရင်၏ထုံးကို နှလုံးမူ အတုယူ၍ အာဠဝီ၏ ကျော်ကြားလှသော ဘုရင့်ဥယျာဉ်တော် သာလဝတီကို ပေးလှူခြင်းပင်ဖြစ်သည်။ ဥယျာဉ်ကိုသာမက သာလဝတီကျောင်းတော်ကြီးကိုလည်း နေ့ချင်းညချင်း အင်တိုက်အားတိုက် ဆောက်လုပ်လှူဒါန်းသည်။ ဤနည်းဖြင့် အာဠဝီပြည်တွင် ဘုရားရှင်၏သာသနာတော်သည် ဘုရင်ရော တိုင်းသူပြည်သားများပါ အုံကြွကိုးကွယ်၍ ခိုင်ခိုင်မြဲမြဲ အခြေတည်မိပြီး ဖြစ်သွားသည်။

ဤဘုရင်သည် တောလိုက်ဝါသနာပါ၍ တောကိုမွေ့သည်။ သို့ရာတွင် တောလိုက်ရာမှပင် အာဠဝကဘီလူးနှင့်တွေ့ကာ တစ်နိုင်ငံလုံး ကြိမ်မီးအုံးသကဲ့သို့သော ဘေးဒုက္ခကြီးနှင့် တွေ့ကြုံခဲ့ရသည်။ ဘုရင်ဦးဆောင်သောအခါ မျက်နှာကြီးယောကျ်ား မှန်သမျှသည်လည်း အတုလိုက်၍ လာကြပေရာ ဤနိုင်ငံသည် တောလိုက်နိုင်ငံတမျှ ဖြစ်ခဲ့ရပေသည်။ သို့ရာတွင် ယခုသော်မူ ဘုရားရှင်၏ ထူးခြားသောတရားကို နာကြရရုံမက ဘုရင်ကိုယ်တိုင်ကပင် တောလိုက်လုပ်ငန်းကို စွန့်ပယ်လိုက်ပြီဖြစ်ရာ သာလဝတီဥယျာဉ်တော်၊ သာလဝတီကျောင်းတော်နှင့် ဤနိုင်ငံမှာ ရာဇဂြိုဟ်နှင့်ဝေဠုဝန်၊ သာဝတ္ထိနှင့် ဇေတဝန်တို့ကဲ့သို့ သာယာလိုက်ဖက်လှသော သာသနာ့နိုင်ငံတော် ဖြစ်လာခဲ့ပေ၏။

[ ၂ ]

ဘုရားရှင်သည် မိမိ၏သောဠသမ၊ တစ်ဆယ့်ခြောက်ကြိမ်မြောက် ဝါတော်ကို ဤသာလဝတီကျောင်းတော်တွင် ဝါဆိုချီးမြှောက်တော်မူ၍ သင့်လျော်သော တပည့်ကြီးများဖြင့် လွှဲအပ်တော်မူကာ ခရီးဒေသစာရီ အလျဉ်းသင့်သလို အာဠဝီသို့ ရံဖန်ရံခါ ကြွရောက်ချီးမြှင့်တော်မူ၏။

အာဠဝီသို့ ဘုရားရှင်ကြွတော်မူ၍ ဘုရားရှင်ခြေတော်ရင်းသို့ ဘုရင်နှင့်မိဖုရားတို့ ရောက်တိုင်း မင်းသားကလေးအား ခေါ်ဆောင်ကာ ဘုရားရှင်သို့ဖူးပြရသည်မှာ ထပ်၍နေ၏။ သူတို့သားကလေးကို ဘုရားရှင်၏လက်တော်ဖြင့် ပွေ့ချီတော်မူခဲ့သည်ကို ဘုရင်နှင့်မိဖုရားတို့ အင်မတန်ဂုဏ်ယူသည်။ အကြောင်းမူကား ဘုရားရှင်၏ ရင်သွေး

စစ်စစ်ဖြစ်လေသော ရာဟုလာကိုပင်လျှင် ဘုရားရှင်ကိုယ်တော်တိုင် ပွေ့ချီတော်မမူဖူးသည်ကို သိထားကြသောကြောင့်ဖြစ်၏။

မင်းသားကလေး နားလည်စကားတတ်အရွယ်သို့ ရောက်လာသောအခါ ဘုရားရှင်သည် အသင်၏ အသက်သခင်ကျေးဇူးရှင် ဖြစ်သည့်အကြောင်း ပြောပြရသည်မှာလည်း အထပ်ထပ်ဖြစ်၏။ ဤနည်းဖြင့် ဟတ္ထာဠဝကမင်းသားကလေးမှာ သာသနာတော်အတွင်းသားအဖြစ်သို့ မရောက်သေးစေကာမူ မိမိ၏ကျေးဇူးရှင် အသက်သခင် မွေးစားဖခင်ပါတကားဟူသော သံယောဇဉ်ဖြင့် ဘုရားရှင်နှင့် ရင်းနှီးသောအဖြစ်သို့ ရောက်လာခဲ့သည်။

ဘုရားရှင်နှင့်ရင်းနှီးသည်ဆိုတော့ အာဠဝီ၏ စံပြ လူလိမ္မာမင်းသားကလေး ဖြစ်လာသည်။ ငယ်စဉ်ကပင် အကျင့်သီလကို ခါးဝတ်ပုဆိုးကဲ့သို့ စောင့်ထိန်းသည်။ သဘောထားနူးညံ့သည်။ သိမ်မွေ့သည်။ ဘုရားရှင်နှင့် သံဃာတော်များ ညွှန်ကြားသည့်အတိုင်း ငယ်ငယ်ရွယ်ရွယ်နှင့်ပင် အခွင့်သာတိုင်း တရားအလုပ်ကို လက်တွေ့ကျင့်သုံးသည်။ တရားဗဟုသုတရှာသည်။ အခွင့်သာတိုင်း မိမိပရိသတ်နှင့် ကြုံရာပရိသတ်ကို တရားဟောကြား ဆွေးနွေးသည်။ ကြီးသူကို ကြီးသူအလျောက်၊ ရွယ်တူကို ရွယ်တူအလျောက်၊ ငယ်သူကို ငယ်သူအလျောက် သိမ်မွေ့လိုက်လျောစွာဆက်ဆံ၍ ပေးကမ်းချီးမြှင့်တတ်သည်။ ဤနည်းဖြင့် သူသာမက သူ့အခြံအရံ ပရိသတ်ငါးရာသည်လည်း အာဠဝီ၏ စံပြုအပ်သော လူတော်လူကောင်းကလေးတွေ ဖြစ်လာကြသည်။

ဖြစ်နိုင်လျှင် အာဠဝီဘုရင်နှင့်တကွ တစ်တိုင်းပြည်လုံးကပါ သူတို့နိုင်ငံတွင် ဘုရားရှင် အစဉ်သီတင်းသုံးတော်မူစေလိုကြ၏။ ဘုရားရှင်မွေ့လျော်တော်မူစေရန် သာလဝတီဥယျာဉ်နှင့် ကျောင်းတော်ကို အစွမ်းကုန်ပြင်ဆင် ပွမ်းမံပေးသည်။ ဤသည်ကတော့ ဘုရားရှင်ကို ကိုးကွယ်သောနိုင်ငံတိုင်း၏ ဆန္ဒဖြစ်ပေသည်။ သို့ရာတွင် သာသနာတော် တည်ဦးစအချိန်ဖြစ်၍ သာသနာတော်ပြန့်ပွားရန် ကြိုးပမ်းရသော ဘုရားရှင်၏ ဗုဒ္ဓကိစ္စတော်များမှာ များပြားလှပေရာ တစ်နေရာတည်းသို့ အခွင့်အရေး မပေးနိုင်သည်ကိုလည်း သိကြသည့်အတိုင်း ရံဖန်ကြွရောက်လာသည့် အခါများမှသာ အစွမ်းကုန် ပူဇော်ကြရသည်။ အာဠဝီတွင် သောဠသမဂ် တစ်ဝါဆိုသည်မှာပင် အထူးအခွင့်အရေးကြီး ဖြစ်ခဲ့ရ၏။

အာဠဝီသို့ ဘုရားရှင်ကြွရောက်တော်မူ၍ ကျောင်းတော် နန်းတော်တို့၌လည်းကောင်း၊ မြို့တွင်း၌လည်းကောင်း ဘုရားရှင် တရားတော်ဟောတော်မူသည်ဆိုလျှင် ဘုရားရှင်၏ လုပ်ရှားမှုမှန်သမျှကို မပြတ်သတိပြုကာ ယင်းတရားပွဲများသို့ မလွတ်တမ်း

ရောက်ရှိသူမှာ ဟတ္ထာဠဝက မင်းသားကလေးပင်ဖြစ်၏။ သို့နှင့် ပိဋကတ်တော်တွင် ကျော်ကြားသော အာဠဝီရက်ကန်းမယ်ကလေး၏တရားပွဲတွင် ထူးခြားသောတရားကို နာခဲ့ရရာက အတွေးရင့်သော မင်းသားကလေးအဖို့ သောတာပန်အဆင့်သို့ ရောက်ခဲ့ ရပေသည်။

ရက်ကန်းမယ်တရားမှာ အတွေးရင့်သူတို့အတွက် အထူးပြုကာ ရက်ကန်း မယ်ကလေးကို ဦးတည်ဟောသော ပြဿနာတရားတော် ဖြစ်လာသောကြောင့် ''အာဠဝီ ရက်ကန်းမယ် တရားတော်''ဟု ပိဋကတ်တော်တွင် ထင်ရှားသည်။

ဘုရားရှင်သည် ရက်ကန်းမယ်အား ''ဒါယိကာမလေး၊ သင်ဘယ်က လာသနည်း''ဟု မေးသောအခါ ''မသိပါဘုရား''ဟု လျှောက်ထားသည်။

လူသည် မိမိအဘယ်ကလာသည်ကို မစဉ်းစား၊ မသိ။ ပစ္စုပ္ပန်အတ္တကို အခြေပြု၍ အဘယ်ဘဝသို့ သွားရမည်ကိုသာ ရော်ရမ်းမှန်းဆလေ့ရှိသည်။ ဘုရားရှင်က ''သင် ဘယ်သို့သွားမည်နည်း''ဟု မေးတော်မူသောအခါ အတွေးရင့်သော ရက်ကန်းမယ် ကလေးက ''မသိပါဘုရား''ဟုပင် လျှောက်ထားသည်။

ပုထုဇဉ်တို့နယ်ပယ်၌ မိမိအဘယ်ဘဝသို့ သွားရမည်ဆိုသည်မှာ အမှန်ပင် မသိနိုင်သော တရားဖြစ်သည်။ သွားသူကအကယ်ပင်မသိ။ ကျန်သူတို့ကသာ အထက်သို့ သွားသည်။ အောက်သို့သွားသည်ဟု ရော်ရမ်းမှန်းဆ ပြောဆိုကြသော စကားမျှဖြစ်သည်။ ဘုရားရှင်ကလည်း ပုထုဇဉ်တို့၏ မသိတရားငါးပါးကို (၁) အသက်မည်မျှတွင် သေရ မည်ဟု မသိနိုင်။ (၂) မည်သည့်ရောဂါဖြင့် သေရမည်ဟု မသိနိုင်။ (၃) မည်သည့် ရာသီဥတု၊ မည်သည့်ကာလတွင် သေရမည်ဟု မသိနိုင်။ (၄) မည်သည့်နေရာ၌ သေရမည်ဟု မသိနိုင်။ (၅) သေပြီးနောက် မည်သည့်ဘဝ၊ မည်သည့်ဂတိသို့ ရောက်ရမည်ကို မသိနိုင်ဟု ဟောကြားအပ်ပြီးသည် မဟုတ်ပါလော။

''တကယ်မသိသလော ဒကာမလေး''ဟု မေးတော်မူသောအခါတွင်မူ ''သိပါသည် ဘုရား''ဟု လျှောက်ထားသည်။ ''မုချသေရမည်ကိုတော့ သိပါသည် ဘုရား''ဟု လျှောက်ထားခြင်းဖြစ်၏။ အတ္တကို ဗန်းမခင်းသော အတွေးရင့်သူတို့အတွက် ကျော်ကြားသော ပြဿနာတရားတော်ပင်ဖြစ်၏။

ယခုနှစ် သီတင်းဝါလကျွတ်ချိန်သာသာ၌ သာလဝတီကျောင်းတော်သို့ ဘုရားရှင် ရောက်တော်မူပြန်နေပြီဟု ကြားသိရသောအခါ ကြားလျှင်ကြားချင်း ညဦးပိုင်း အချိန်၌ သာလဝတီသို့ ရှေးဦးစွာရောက်လာသူမှာ ဟတ္ထာဠဝကမင်းသားနှင့် သူ၏ အခြွေအရံ ငါးရာပင်ဖြစ်၏။

ကျောင်းတော်သို့ ရောက်သောအချိန်မှာ ဘုရားရှင်သည် သာလဝတီ ရဟန်းပရိသတ်အား တရားဟောတော်မူနေခိုက်ဖြစ်၏။ ဆီမီးရောင်တို့၏အလယ်တွင် ငြိမ်ဝပ်စွာထိုင်လျက်ရှိကြသော ရဟန်းတော်တို့၏သင်္ကန်းရောင်မှာ ရွှေချထားအပ်သောကျောက်စာတိုင်တို့ကဲ့သို့ ကြည်ညိုဖွယ်အတိဆောင်လျက်ရှိ၏။

ဘုရားရှင် ရောက်ရှိလာသည်ကို ကြိုဆိုသည့်သဘောဖြစ်သောကြောင့် ဟတ္ထာဠဝကမင်းသားနှင့် အခြွေအရံအားလုံးသည် ဝတ်စားတန်ဆာ အပြည့်ဝတ်ဆင်၍ လာရောက်ကြခြင်း ဖြစ်ပေရာ ရဟန်းပရိသတ်အစွန်တွင် ဝိုင်းပတ်၍ ထိုင်လိုက်ကြသောအခါ သင်္ကန်းတော်ရွှေဝါရောင်များကို မင်းသားတို့၏ ဝတ်စားတန်ဆာတို့က စိန်ကျောက်ပတ္တမြားရောင်စုံတို့ဖြင့် အနားကွပ်ပေးလိုက်သကဲ့သို့ ရှိသောကြောင့် တင့်တယ်လှသည်။

ဘုရားရှင်သည် တရားတော်အဆုံးတွင် ဟတ္ထာဠာဝကအား ပဋိသန္ထာရစကားမိန့်ကြားတော်မူကာ မင်းသားနောက်ပါ အခြွေအရံနှင့် ပရိသတ်များကိုကြည့်၍ ''ဟတ္ထာဠဝက၊ သင့်ပရိသတ်များက ယဉ်ကျေးသိမ်မွေ့လှစွာ၏။ ဣန္ဒြေနှင့် ပြည့်စုံလှစွာ၏။ ကောင်းမြတ်ပေစွတကား။ အဘယ်တရားဖြင့် ချီးမြှောက်ဘိသနည်း''ဟု မေးတော်မူလိုက်သည်။

ဟတ္ထာဠဝကအား ချီးမြှောက်ရန် မေးတော်မူလိုက်သော အခြေခံမေးခွန်းပင်ဖြစ်သည်။ ယခုရောက်ရှိလာသော ပရိသတ်ကိုမျှသာမဟုတ်၊ မင်းသား၏တရားအခြေခံနှင့် သူတစ်ပါးတို့အား စည်းရုံးမှုကောင်းလှသော တရားလုပ်ငန်းများကို သိတော်မူပြီးဖြစ်ပေရာ၊ ဟတ္ထာဠဝကအား ချီးမြှောက်တော်မူရန် အချိန်သင့်ပေပြီ။

ထိုအခါ မင်းသားက ''အရှင်မြတ်ဘုရား၊ တပည့်တော်သည် ဒါနတရား၌ ပျော်ပါးနှစ်သက်သောသူကို အလှူပေးခြင်း၏ အကျိုးစကားဖြင့် ချီးမြှင့်သဂြိုဟ်ပါသည်။ ကြည်ညိုဖွယ် ချစ်ခင်ဖွယ်စကား၌ ပျော်ပါးနှစ်သက်သူကို ကြည်ညိုချစ်ခင်ဖွယ်သောစကားဖြင့် ချီးမြှင့်သဂြိုဟ်ပါသည်။ ဘေးရန်ကိစ္စတို့၌ ကယ်မ,ဖို့ လိုသောသူကို ကယ်မခြင်းဖြင့် ချီးမြှင့်သဂြိုဟ်ပါသည်။ ကိုယ်တူထပ်မျှ ချီးပခြင်း၌နှစ်သက်သူကို ကိုယ်တူထား၍ လေးစားချီးမြှင့်ပါသည်ဘုရား''ဟု လျှောက်ထားသောအခါ ဘုရားရှင်က ''ရဟန်းတို့၊ လေးပါးကုန်သော သင်္ဂဟတရားတို့ဖြင့် ပရိသတ်အား ချီးမြှင့်တတ်ကုန်သော ငါဘုရား၏ တပည့်ဥပါသကာတို့အနက် ဤဟတ္ထာဠာဝကမင်းသားသည် ကဲလွန်မွန်မြတ်လှသူ ဖြစ်ပေ၏''ဟူသော ဧတဒဂ်စကားဖြင့် မြှောက်စားချီးမြှင့်တော်မူသည်။ ယင်းသို့ဖြင့် သာသနာတော်တွင် ဆယ်ဦးမျှသာရှိသော ဧတဒဂ်အရှင် ဥပါသကာတို့အနက် ဟတ္ထာဠာဝကမင်းသားသည် တစ်ပါးအပါအဝင် ဖြစ်လာခဲ့ပေသည်။ မင်းသား၏ ဝမ်းမြောက်မှုမှာ အဘယ်အရာဖြင့် တိုင်းတာနိုင်ပါအံ့နည်း။

[ ၃ ]

ယနေ့ အာဋဝီသို့ ဘုရားရှင်ကြွရောက်တော်မူချိန်မှာ ဆောင်းဥတု၏အစမျှ ဖြစ်သော်လည်း တောရိပ်တောင်စွယ်တို့ ဝိုင်းပတ်လျက်ရှိသော အာဋဝီအဖို့ ဆီးနှင်းတို့ များပြားလှပြီဖြစ်၏။ မပူလွန်း မအေးလွန်းသော ဤရာသီကို အာဋဝီသူ အာဋဝီသားတို့ စောင့်မျှော်ကြမြဲဖြစ်သည်။ အကြောင်းကား ခြေခင်းလက်ခင်းသာ၍ ကောက်နံ့စပါးတို့ ပေါများသောဤရာသီ၌ တန်ဆောင်တိုင် နက္ခတ်ပွဲတော်၊ တောင်ထိပ်ပွဲတော်များ ကျင်းပကြသောကြောင့် ဖြစ်သည်။

နံနက်စောစောပိုင်းကဆိုလျှင် အာဋဝီ၏လမ်းမ လမ်းကျယ်များ၌လည်းကောင်း၊ မြို့စွန်တောစပ် လမ်းသွယ်တို့၌သော်လည်းကောင်း ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်ကြသော လူကြီးသူမများစွာကို တွေ့ကြရမည်ဖြစ်၏။ လမ်းမ လမ်းကျယ်ကြီးများ၌ နံနက်ခင်း ဝတ်စားတန်ဆာမျိုးစုံဖြင့် အပြိုင်အဆိုင်လျှောက်ကြသည်။ သစ်ရိပ်တောစွယ်၏ အရသာကိုခံရင်း လွတ်လပ်အေးဆေးစွာ လျှောက်လိုသူတို့ကမူ လူသူနည်းသော တောစပ်လမ်းသွယ်များကို ရွေးချယ်ကြသည်။

ဤရာသီရောက်ပြီဆိုလျှင် လူငယ်ပင်ဖြစ်မချည်း၊ လမ်းလျှောက်ပရိသတ်တွင် ပါဝင်သူမှာ ဟတ္ထာဠဝကမင်းသားလေးပင်ဖြစ်၏။ ပထမသော် လမ်းလျှောက်ခြင်းဟူသည် ကောင်းသော အလေ့အကျင့်တည်းဟူသော အသိဖြင့် ပရိသတ်နှင့် မပြတ်နီးကပ်လိုသော ဟတ္ထာဠဝကအဖို့ လူကြီးများ၏အတုကို တုယူ ပြုမူခြင်းမျှဖြစ်သော်လည်း အကယ်လျှောက်မိလာသောအခါ၌ နံနက်စောစော အိပ်ရာမှထနိုင်ခြင်း၊ လေကောင်းလေသန့်ကို ရှူရှိုက်ရခြင်း၊ နေ့လယ် ညနေခင်းတို့နှင့်မတူသော နံနက်ခင်း၏ လန်းဆတ်သော ရှုခင်းများကို ကြည့်ရှုရခြင်း၊ ဦးနှောက် လန်းဆတ်သောကြောင့် အကြံကောင်း၊ ဉာဏ်ကောင်းများ ထွက်နိုင်ခြင်း၊ တစ်နေ့လုံး ပေါ့ပါးရွှင်ကြည်သော ခန္ဓာကိုယ်ရှိခြင်း စသော လမ်းလျှောက်မှု၏ သဘာဝအရသာများကိုလည်း သိရှိလာရသည်။

သို့ရာတွင် ပြည်သူတို့လေးစားအပ်သော မင်းသားဖြစ်နေရုံမက ပကတိအားဖြင့်လည်း ချစ်ခင်လေးစားကြသောကြောင့် ပြည်သူ့လမ်းမကြီးများတွင် အများနှင့်ရော၍ လျှောက်လိုသော်လည်း လျှောက်၍မဖြစ်။ မင်းသားလေးမှန်းသိသည်နှင့်တစ်ပြိုင်နက် အရိုအသေပြုခြင်း၊ နေရာဖယ်ပေးခြင်း စသည်ဖြင့် လွတ်လပ်သောလမ်းလျှောက်မှုတွင် အနှောင့်အယှက်ဖြစ်နေတော့ရာ လူသူကင်းလွတ်သော သီးခြားနေရာများကို ရွေးချယ်ရသည်။

ထို့ကြောင့် အများအားဖြင့် မင်းသားကလေးလမ်းလျှောက်ထွက်သော နေရာမှာ သာလဝတီဥယျာဉ်ဘက်သို့ သွားသောလမ်းသွယ်ဖြစ်၏။ ရံဖန် မိမိအစု အဝေးနှင့်လည်း လျှောက်သည်။ ရံဖန် နောက်ပါတစ်ယောက် နှစ်ယောက်နှင့်လည်း လျှောက်သည်။

သာလဝတီကျောင်းတော်ကြီး ပေါ်ပေါက်လာသောအခါ သံဃာတော်များသို့လည်း ခရီးသွားဟန်လွှဲ ဆည်းကပ်ဖို့အကြောင်း ပေါ်လာသောကြောင့် သာလဝတီဘက်သို့ လမ်းလျှောက်မှု ဦးတည်ခြင်းမှာ ခိုင်မြဲသွားသည်။

မိုးရာသီမှအထွက် ဆောင်းရာသီဘက်သို့ အားယူသောအဟန်ဖြင့် ထိုနေ့နံနက်က ဆီးနှင်းတို့ မှုန်မှုန်ရွှဲရွဲ သည်းသည်းဖွေးဖွေးကြီး ကျနေပြီကို တွေ့ရသည်။ ဘုရားရှင်အား ညဉ့်ဦးပိုင်းတွင် ဖူးမြင်ရပြီး နောက်တစ်နေ့နံနက်ပင် ဖြစ်၏။ နောက်ပါအခြေအရံ သုံးယောက်မျှဖြင့် သာလဝတီဘက်သို့ ဦးတည်လမ်းလျှောက်လာသော မင်းသားကလေးအဖို့ အလျဉ်းသင့်လျှင် ကျောင်းတော်တွင် ဘုရားရှင်အား ဖူးမြင်ရဖို့ ရှိသည်ဟူသော မျှော်လင့်ချက်ဖြင့် ခြေထောက်များသည် အခါတိုင်းထက်ပင် သွက်လက်လျက် ရှိနေသည်။

ဆီးနှင်းတို့သာ အကျများသည်မဟုတ်၊ အာဋဝီ၌ ကျော်ကြားသော * ဆောင်းနတ်ပန်း တို့ကိုလည်း အခိုင်လိုက် အဆုပ်လိုက် အားရပါးရပွင့်၍ နေကြပြီကို တွေ့ကြရသောကြောင့် ဝမ်းမြောက်သည်။ ပွင့်ဖတ်ကလေးတွေ စိပ်စိပ်သိပ်သိပ်ဖြင့် ရဲရဲတွတ်ပွင့်သော ဆောင်းရာသီတွင်မှ ထူးထူးခြားခြားပွင့်သောကြောင့် 'ဆောင်းနတ်ပန်း' ဟု အမည်တွင်သည်။ အနံ့မရှိသော်လည်း ထူးခြားသောအနီရောင် အဆင်းကြောင့် ဤပန်းကို လူတိုင်းနှစ်သက်ကြသည်။ ဆောင်းငွေ့ကလေး ဝင်လာပြီဆိုလျှင် သူပွင့်တော့မည်ကိုသိ၍ သူ့ကိုမျှော်သည်။ ပွင့်ပြီဆိုလျှင် သူ့ထက်ငါသာ ခူးယူပန်ဆင်ကြသည်။ ဘုရားတင်သည်။ နတ်တင်သည်။ ညော်ခန်းကို အလှအပဆင်သည်။ အာဋဝီရာသီဥတု၏ အခွင့်ထူးခံပန်းဖြစ်သောကြောင့် ဂီတအဖွဲ့မျိုးစုံဖြင့် စာဖွဲ့ခံရသော ပန်းပင်ဖြစ်သည်။

သူပွင့်ပုံကလည်း အတန်ထူးခြားသည်။ တစ်နွေလုံး တစ်မိုးလုံးတွင်မူ သူများနည်းတူ အရွက်သိပ်သိပ်နှင့် အရိပ်ကောင်းသောအပင် တစ်ပင်မျှသာဖြစ်ပြီးနောက် ဆောင်းဦးရောက်၍ ပွင့်တော့မည်ဆိုသည်နှင့် တစ်ပြိုင်နက် ရိုးတံမျှကျန်လုသည်အထိ

---

* ဆောင်းနတ်ပန်း - တောင်ကြီးမြို့၏ 'ချယ်ရီပန်း'ကို ထင်ဟပ်ရေးခြယ်ခြင်းဖြစ်သည်။ 'ချယ်ရီ' ဟူသောအမည်မှာ ဗုဒ္ဓစာပန်းချီနှင့် မလိုက်ဖက်သောကြောင့် 'ဆောင်းနတ်ပန်း' ဟု အမည်ပေးထားသည်။

အရွက်တို့ကြွေကုန်သည်။ ထိုအချိန်၌ သူ့ကိုမြင်တွေ့ရသည်မှာမူ အဝတ်ကင်းမဲ့သော ကမ္ဘဋ္ဌာန်းရုပ်ကဲ့သို့ပင် အကြည့်အမြင် ဆိုးသယောင်ရှိသည်။

သို့ရာတွင် ထိုအပြုအမူမှာ ထိုးမည့်ဆင်နောက်ဆုတ်သကဲ့သို့ ပွင့်ဖို့ရန် အစွမ်းကုန် အားယူခြင်းသာဖြစ်သည်။ အကြောင်းမူကား ကြွေရွက်တို့နေရာမှ ဆောင်းသက်ကလေး ရလာသည်နှင့်တစ်ပြိုင်နက် အဖု အကင်းကလေးများ ခေါင်းပြူ၍ လာကာ ယင်းအဖု အကင်းကလေးမှန်သမျှသည် အရွက်မဟုတ်တော့ဘဲ ရဲရဲတွတ်သော ပန်းပွင့် ပန်းဆုပ် ပန်းခိုင်များဖြစ်လာကြသည်။ ဤနည်းဖြင့် တစ်ပင်လုံးသည် အရွက်ဟူ၍ပင် မကျန်တော့သလောက်အောင်ရှိကာ ပန်းပွင့်ကမ္ဗလာကြီးဖြင့် ဖုံးအုပ်လိုက်သကဲ့သို့ လွတ်လွတ်ကျွတ်ကျွတ် လှပသည်။ ခူး၍ ဆွတ်၍ ချိုး၍ ဖဲ့၍ဖြစ်စေ၊ အလိုအလျောက် ဖြစ်စေ ဆောင်းဦး ဆောင်းလယ်တို့တွင် ဆောင်းနတ်ပန်းတို့ ကုန်သည့်အခါတွင်မှ ရွက်စိမ်းတို့ တစ်ဖန်အားယူလာပြန်သည်။

"ဆောင်းနတ်ပန်းတွေတောင် ပွင့်ပါပေါ့ကလား"ဟု မင်းသားလေးက စကား စလိုက်သည့်အခါ အခြွေအရံတစ်ဦးက "ဟုတ်ပါတယ် အရှင်မင်းသား၊ ဒီနှစ် ဆောင်းဦး အကျစောတယ်၊ ဆောင်းနတ်ပန်းတွေလဲ အပွင့်စောပါတယ်"ဟု ပြန်လည် လျှောက်တင် သည်။

"ဒီအချိန်မှာ ဘုရားသခင် ရောက်တော်မူလာတာနဲ့တော့ အတော်ပဲပေါ့။ အာဠဝီရဲ့ ဆောင်းနတ်ပန်းတွေကလဲ ဘုရားသခင်ကို ကြိုဆိုနေကြတာပေါ့။ ကျောင်းတော်တစ်ခုလုံးမှာ ဆောင်းနတ်ပန်းတွေ ဝေဝေဆာဆာပူဇော်ကြမှာ မြင်ယောင် သေးတော့တယ်"

"ပူဇော်ကြမှာပါ အရှင်မင်းသား"

"အလို့....မြင်ရဲ့လားဗျို့၊ ဟောဟိုခပ်လှမ်းလှမ်းက ဆောင်းနတ်ပန်းပင်ကြီး အောက်မှာ ရဟန်းတစ်ပါး ထိုင်နေပါကလား"

"ဟုတ်ကဲ့၊ ကျွန်တော်လဲ အခုပဲ မြင်မိပါတယ်။ ချမ်းချမ်းတီးတီးနဲ့ ဘယ်လို အမိပ္ပာယ်နဲ့များ နှင်းထဲမှာ ထိုင်နေရပါလိမ့်ဗျာ"

"ဆန်းတော့ ဆန်းတာပဲ။ နို့ပေမယ့် ရဟန်းတော်တို့ရဲ့ တရားအလုပ်ဆိုတာ ကျွန်တော်တို့မသိနိုင်တာတွေ အများကြီးရှိတယ်လို့ ကြားဖူးပါတယ်"

"ဟုတ်မှာပဲ အရှင်မင်းသား"

''တခြားရဟန်းမဟုတ်ဘူးဗျို့၊ ကောင်း ဘုရားရှင်ပဲ။ ဦးခေါင်းတော်ဆီက ရောင်လျှံတော်ထွက်နေတာ ကြည့်ပါလား။ လာဗျို့၊ ကျုပ်တို့ ဘုရားရှင်နား သွားကြရအောင်''

အမှန်ပင် ဘုရားရှင်ဖြစ်၏။ ဆောင်းနတ်ပန်းပင်ကြီး၏ ခြေရင်းတွင် ငြိမ်သက်အေးချမ်းစွာ ထိုင်တော်မူနေသည်။ လူသူဆိတ်သောကြောင့်သာ အေးချမ်းခြင်းမဟုတ်။ ဆောင်းနတ်ပန်းပွင့်တို့အကြားမှ ဖြတ်ဆင်း၍ ကျလာသော နှင်းမှုန်နှင်းပွင့်တို့ကြောင့် အမှန်ပင် အေးချမ်းတော်မူလိမ့်မည်ဟု ဟတ္ထာဠဝကတို့ တွေးသည်။

အပွင့်သာရှိ၍ အရွက်မရှိသော ဆောင်းနတ်ပန်းပင်က ဆီးနှင်း မြူမှုန်တို့ကို မတားဆီးနိုင်။ ပန်းပွင့် ပန်းခိုင်တို့အကြားမှ နှင်းပေါက်များသည် ငွေမြားတံသဖွယ် တဖွဲဖွဲ ကျရောက်လျက်ရှိနေ၏။ ဘုရားရှင်မှာ မိမိတို့ကဲ့သို့ အနွေးထည်တို့ဖြင့် လုံခြုံစွာ ဝတ်ဆင်၍ထားခြင်းမရှိ။ အတွင်းသင်္ကန်းတော်နှစ်ထည်မျှအပေါ်တွင် ဒုကုဋ်သင်္ကန်းကြီးကို ပခုံးတော်နှစ်ဘက်ပေါ်သို့ တင်လွှမ်းထားရုံမျှဖြစ်၏။ သို့ရာတွင် ဘုရားရှင် ကိုယ်တော်တွင် ချမ်းအေးသည့်အသွင်ကို လုံးဝမတွေ့ရ။ ကျောင်းတော်တွင် သီတင်းသုံးသည့်ပုံစံအတိုင်းသာဖြစ်၏။ ထူးခြားသည်ဟု ဆိုရသည်မှာကား ဝန်းကျင်တစ်ခုလုံးတွင် ဆီးနှင်းတို့ အုပ်ဆိုင်း၍နေသော်လည်း ဘုရားရှင်ကိုယ်တော် အပေါ်သို့မူ ဆီးနှင်းတို့ ကျရောက်သည်ကိုမတွေ့ရ။

စင်စစ်သော်ကား ဟတ္ထာဠဝက၏ ဆည်းပူးအပ်သော အတိတ်ဘဝပါရမီနှင့် ပစ္စုပ္ပန်ဘဝပါရမီတို့ ပွင့်လန်းချိန်ကို သိရှိတော်မူသော ဘုရားရှင်က ဟတ္ထာဠဝက၏ ကိလေသာအငုတ်ကို ဖြုတ်ပယ်ရန်အတွက် အချိန်ကိုက် စောင့်ကြိုတော်မူခြင်းပေတည်း။

ဟတ္ထာဠာဝကနှင့် အခြွေအရံတို့သည် ဘုရားရှင်၏ထံတော်ပါးသို့ ချဉ်းကပ်မိကြပြီဖြစ်၏။ ဆောင်းနတ်ပန်းပင်ခြေရင်းမှ မြေပြင်သည် နွားခြေရာကွက်တို့ဖြင့် ပြည့်လျက်ရှိသောကြောင့် ကြမ်းတမ်းသည်။ နွားခြေရာချိုင့်ခွက်များကို ဆီးနှင်းဖြင့် စိုစွတ်သော ကြွေရွက်တို့က ဖုံးလွှမ်းထား၏။ သို့ရာတွင် အလွန်တရာကြီးမြတ် သိမ်မွေ့တော်မူသော ဘုရားရှင်ပင်လျှင် ဤနေရာ၌ ထိုင်တော်မူလျက်ရှိသောကြောင့် မိမိတို့လည်း ထိုင်လျက်ရှိနိုးကြသည်။

တစ်နှစ်ကြီး တစ်နည်းသာဟူသော စကားရှိ၏။ လူကြီးများသည် လူငယ်တို့ မတွေးမထင် မသိမမြင်နိုင်သော အတွေ့အကြုံ အတွေးအယူများ ရှိတတ်ကြသည်။ ဘုရားသခင်ဆိုသော် အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်းဟု ဟတ္ထာဠဝက တွေးသည်။

သို့ဖြစ်၍ အဘယ်ကြောင့် ဤလိုအချိန်တွင် ဤနေရာ၌ နှစ်ခြိုက်စွာ သီတင်းသုံးနေပါသနည်းဟု မမေးဝံ့။ ထို့ကြောင့် "ညက ချမ်းသာစွာ ကျိန်းစက်တော် မူရပါ၏လား အရှင်ဘုရား"ဟူသာ စကားခံအနေဖြင့် မေးလျှောက်လိုက်ရသည်။

လူတို့၏ ပဋိသန္ထာရစကား၊ နှုတ်ဆက်စကားဟူသည် ခေတ်အားလျော်စွာ အပြောင်းအလဲရှိ၏။ ထိုခေတ်က ရဟန်းတို့၏ ပရိသန္ထာရစကားမှာ ချမ်းသာပါ၏လော၊ မျှတပါ၏လော ဟူ၍ဖြစ်၏။ "ချမ်းသာစွာ အိပ်စက်ရပါ၏လော"ဟူသော စကားမှာ နံနက်ချိန်တွင် ယဉ်ကျေးသောလူတို့၏ ပဋိသန္ထာရစကား ဖြစ်သည်။

သာမန်အားဖြင့်ဆိုလျှင် ဘုရားရှင်က "ချမ်းသာစွာ ကျိန်းစက်ရပါ၏"ဟူသာ ပြန်လည်မိန့်ကြားလိုက်ဖို့ရှိသည်။ သို့ရာတွင် ဤအချိန်၌ အိပ်စက်မှုစကား၊ အိပ်စက်မှု တရားကို အလိုရှိတော်မူသော ဘုရားရှင်က "ဟတ္ထာဠဝက၊ ချမ်းသာစွာ အိပ်စက်မှု ဟူသည် အဘယ်အရာကို ခေါ်ပါသနည်း"ဟု မေးတော်မူလိုက်သည်။

"မှန်လှပါ၊ လုံခြုံသောတိုက်ခန်း၌ နွေးထွေးစွာအိပ်စက်ခြင်းကို ချမ်းသာစွာ အိပ်စက်ခြင်းဟု ထင်ပါသည်ဘုရား"ဟု မိမိအထင်ကို စဉ်းစဉ်းစားစားနှင့် လျှောက်ထားလိုက်သည်။

"နာယူလော့ ဟတ္ထာဠဝက၊ လုံခြုံသောတိုက်ခန်း၌ နွေးထွေးစွာအိပ်စက်ခြင်းသည် ချမ်းသာသော အိပ်စက်ခြင်းမမည်။ အကြောင်းမူကား ထိနမိဒ္ဓ တည်းဟူသော ကိလေသာအပူသည် ထိုသူအား နှိပ်စက်အပ်သောကြောင့်ပေတည်း။

"ဟတ္ထာဠဝက၊ ပိုးဖဲကတ္တီပါတို့၏ အထက်၌ မယားတို့ဖြင့် ဝိုင်းရံအပ်သော အိပ်စက်ခြင်းသည်လည်း ချမ်းသာစွာအိပ်စက်ခြင်းမမည်။ အကြောင်းမူကား ရာဂ, မောဟ တည်းဟူသော ကိလေသာတရားသည် ထိုသူအား နှိပ်စက်အပ်သောကြောင့် ပေတည်း။

"ဟတ္ထာဠဝက၊ လုံခြုံသောတိုက်ခန်း၌ဖြစ်စေ၊ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင် အောက်၌ဖြစ်စေ၊ လွင်တီးခေါင်၌ပင်ဖြစ်စေ၊ ချမ်းသည်ဖြစ်စေ၊ ပူသည်ဖြစ်စေ ချမ်းသာစွာ အိပ်စက်ရသောသူများရှိ၏။ ထိုသူများကား ဘုရားရဟန္တာတို့ပေတည်း။ အကြောင်းမူကား ကိလေသာတို့၏ နှိပ်စက်ခြင်းမှ ကင်းပြတ်ပြီးသောကြောင့်ပေတည်း"

တရားအခြေခံရှိ၍ တရားအဆီတက်ပြီးသော ဟတ္ထာဠဝကအဖို့ ဤတရား တစ်ချက်မျှဖြင့်ပင် နိဗ္ဗာန်တံခါး၏ တတိယအဆင့်ဖြစ်သော အနာဂါမ်အဆင့်သို့ ဆိုက်ရောက်သွားသည်။ နောက်ပါအခြွေအရံတို့လည်း တရားရှင်များ ဖြစ်သွားကြသည်။

ထို့ကြောင့် ငြိမ်သက်စွာ တရားနာနေကြရာမှ ကျေးဇူးတော်အရှင်ပါတကားဟု ဦးနှိမ်၍ မဝနိုင်လောက်အောင်ပင် အကြိမ်ကြိမ် အထပ်ထပ် ရှိခိုးကြခိုက် ဘုရားရှင်သည် သာလဝတီကျောင်းတော်ဘက်သို့ ကြွတော်မူ၏။

ဤနည်းဖြင့် မွေးကင်းစကပင် လက်တော်ဖြင့် ပွေ့ချီခဲ့၍ မွေးစားသားအဖြစ် စောင့်ဆိုင်း မွေးမြူခံခဲ့ရသော ဟတ္ထာဠဝကအဖို့ ဘုရားရှင်၏ တေဒဂ်ဘွဲ့ရ လူဒါယကာ ဒါယိကာမ ဆယ်ဦးအနက် ထိပ်တန်းအနာဂါမ် တေဒဂ်ရှင်အဖြစ်နှင့် ဘုရားရှင်၏ သားတော်စစ်စစ်အဖြစ်သို့ သက်ရောက်သွားသည်။

# ရဟန္တာအမွှန်

[ ၁ ]

နောက်တော်ပါ ရဟန်းသံဃာ မြောက်မြားစွာနှင့်အတူ ကပိလဝတ်သို့ ကြွတော်မူခြင်း၊ ဇေတဝန်ကျောင်းတော် အလှူခံရန်အတွက် ရာဇဂြိုဟ်နှင့် သာဝတ္ထိအကြားရှိ ကျောင်းပေါင်းများစွာတွင် နားနေတော်မူကာ သာဝတ္ထိသို့ကြွချီတော်မူခြင်း၊ ရှင်သီဝလိနှင့် ခရေဝင်းတောအရှင် ရေဝတတို့ကို ချီးမြှင့်တော်မူရန်အတွက် သိုက်သိုက်ဝန်းဝန်းကြီး ကြွတော်မူခြင်း စသည်ဖြင့် ဘုရားရှင်၏ ကြီးမားလှသောဒေသစာရီခရီးတို့ အတန်များများ ရှိခဲ့၏။ သို့ရာတွင် ပိဋကတ်တော်ကမူ ဘုရားရှင် ထွက်တော်မူကြီး ထွက်တော်မူသည်ဟု အသိအမှတ်ပြုသော ဒေသစာရီခရီး သို့မဟုတ် အစည်းအဝေးကြီး သုံးရပ်သာရှိသည်ဟု အသိအမှတ်ပြုပေသည်။

ယင်းသုံးရပ်ဟူသည်ကား တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ ကြွချီတော်မူသောခရီး သို့မဟုတ် အစည်းအဝေး၊ သာဝတ္ထိပြည်တွင် တိတ္ထိတို့နှင့် တန်ခိုးပြိုင်ဖို့ရန်အတွက် ထွက်ကြွတော်မူသောခရီး သို့မဟုတ် အစည်းအဝေးနှင့် ယခုဖော်ပြမည့် ဝေသာလီပြည်သို့ ရာဇဂြိုဟ်ပြည်မှ ရောဂါဘေးနှိမ်နင်းရန်အတွက် ကြွချီတော်မူသော ဒေသစာရီတို့ပင် ဖြစ်ပေသည်။

သတိမှတ်သင့်ပါပေ၏။ အကြောင်းမူကား တိတ္ထိသို့နှင့် တန်ခိုးပြိုင်ရန်အတွက် ထွက်တော်မူသောခရီးမှာ ထိပ်သီးတန်ခိုးရှင်များဖြစ်သော လက်ယာတော်ရံ လက်ဝဲတော်ရံ ဘိက္ခုပရိသတ်၊ ဘိက္ခုနီပရိသတ်တို့စုံလင်လှသည်။ တာဝတိံသာမှ ကြွချီတော်မူသော ခရီးမှာ ရှင်ရဟန်းပရိသတ်မျှသာမက နတ်ဗြဟ္မာတို့ဖြင့်လည်း ဝိုင်းရံလျက်ရှိပေသည်။

ဝေသာလီ ဒေသစာရီမှာကား သာသနာတော်အရေးသာမက နိုင်ငံကြီး နှစ်နိုင်ငံတို့၏ အပြိုင်အဆိုင် နိုင်ငံရေးလည်း ပါဝင်သောကြောင့်ဖြစ်ပေ၏။

ဘုရင်တစ်ပါး၊ အာဏာရှင်တစ်ဦး၏ တစ်သွေး တစ်သံ တစ်မိန့်မဟုတ်။ လိစ္ဆဝီမင်းတို့၏ ဦးနှောက်များစွာဖြင့် စုပေါင်းအုပ်ချုပ်သော ဝေသာလီပြည် ဂဏနိုင်ငံသည် တစ်နေ့တခြား ကြီးထွားကြီးမား စည်ပင်၍လာခဲ့၏။ ဘုရားရှင် ကိုယ်တော်တိုင်ကပင် ဝေသာလီကို နတ်ပြည်၊ လိစ္ဆဝီမင်းတို့ကို နတ်သားတို့နှင့် နှိုင်းယှဉ်ချီးကျူးအပ်သော နိုင်ငံတော်ဖြစ်သည်။

သို့ရာတွင် ပဒေသရာဇ် ကေရာဇ်တို့ ထွန်းကားသောခေတ်ဖြစ်လေရာ သူကြီးမားစည်ပင်လေသမျှမှာ ပဒေသရာဇ် ကေရာဇ်တို့၏ မျက်စိစပါးမွေးစူးစရာ ဘုံနိုင်ငံပမာ ဖြစ်လာခဲ့ပေ၏။ ယင်း ပဒေသရာဇ် ကေရာဇ်နိုင်ငံတို့အနက် ဝေသာလီ၏ အနီးကပ်ဆုံး ရန်သူနိုင်ငံမှာ ရာဇဂြိုဟ်ပေတည်း။

ဝေသာလီကို ဖျက်ဆီးရန်အတွက် ရာဇဂြိုဟ် စသော ကေရာဇ်နိုင်ငံကြီးတို့က ဆင်ကြံကြံ၍ နေခဲ့ကြ၏။ သို့ရာတွင် ဘုရားရှင်၏သာသနာတော် ထွန်းပေါ်၍ လာသောအခါ ဘုရားရှင်၏ တရားတော်၊ မေတ္တာတော်အောက်တွင် ပြေပြစ်သယောင် ရှိခဲ့သော်လည်း ကြို၍ပြောရသော် နောင်အခါတွင် ဝေသာလီသည် ရာဇဂြိုဟ်နိုင်ငံအရှင် အဇာတသတ်၏ လက်ချက်ကြောင့် ပျက်စီးခဲ့ရပေသည်။ ယခုသော် ဝေဠုဝန်ကျောင်း ဒကာကြီး ဘုရင်ဗိမ္ဗိသာရလက်ထက်တွင် မပြေပြစ်သယောင်နှင့် ပြေပြစ်ခဲ့ရသော ယခု 'ရတနာအမွန်' ဇာတ်လမ်းကို ဖော်ထုတ်ရန်ဖြစ်ပေ၏။

[ ၂ ]

စည်ကားပြန့်ပြောလှသာ ဝေသာလီနိုင်ငံတွင် ရောဂါဘေးကြီးဆိုက်ရောက်လာသည်။ သာမန်ရောဂါဘေးမှ ရောဂန္တရကပ်ကြီးအဖြစ်သို့ ဆိုက်ရောက်လာခဲ့သည်။

ထိုခေတ်အခေါ်အားဖြင့် ယဉ်နာဟုခေါ်သော ရောဂါဆိုးများသည် မဇ္ဈိမရှိ နိုင်ငံကြီးများကို ရံဖန်ဆိုက်ရောက်လာတတ်သည်။ ဤရောဂါဖြစ်ပြီဆိုလျှင် သာမန် အားဖြင့်ပြေး၍မလွတ်။ အိမ်တစ်အိမ်တွင် ဤရောဂါကျရောက်လျှင် မဖြစ်သေးသော အိမ်သားများသည် အိမ်လှေကားမှပင် မဆင်းနိုင်။ နံရံကိုဖောက်၍ ထွက်ပြေးနိုင်မှ လွတ်မြောက်တတ်သည်ဟုပင် အဆိုရှိသည်။

ဝေသာလီတွင်ကျရောက်သော ဤရောဂါကား ကြီးမားကျယ်ပြန့်လှသဖြင့် ယနေ့ခေတ်တိုင် သမိုင်းတင်ခဲ့ရသော ရောဂါဘေး၊ ရောဂန္တရကပ်ကြီးပင် ဖြစ်ပေသည်။ ဆေးဝါးတို့ဖြင့်ကုသခြင်း၊ မိမိတို့ကိုးကွယ်ရာ သက်ဆိုင်ရာအစီအစဉ်တို့ဖြင့် ဟန့်တားခြင်း

ပြုသော်လည်း မရ။ တောင်မင်း မြောက်မင်းမကယ်နိုင်ဆိုသကဲ့သို့ တစ်ယောက်ပြီး တစ်ယောက် အတုံးအရုံးသေသည်။ သေသူတို့ များပြားလှသောကြောင့် အလောင်းတို့ကို စွန့်ပစ်မည့်သူ မရှိအောင်ပင် ဖြစ်၍လာခဲ့ရာ လူသေပုပ်တို့ကြောင့် ရောဂါအပေါ် ရောဂါထပ်၍ နိုင်ငံတော်တစ်ခုလုံးမှာ အပုပ်ရည် အပုပ်နံ့ တထောင်းထောင်းနှင့် သုသာန်တစပြင်ကြီးကဲ့သို့ပင် ဖြစ်၍လာသည်။

ထိုအခါ ဤလိုအခွင့်အရေးကို စောင်း၍နေသော ပရလောကသား ဖုတ်၊ တစ္ဆေ၊ မြေဖုတ်ဘီလူးတို့ဝင်၍လာသောကြောင့် ပို၍ဆိုးလာသည်။ ထို့ကြောင့် "ဝေသာလီပြည် ဘီလူးဝင်သလို"ဟူသော သမိုင်းဝေါဟာရတစ်ရပ်မှာ ယနေ့ခေတ် တိုင်အောင်ပင် ရှိလာခဲ့ရပေသည်။

ရောဂါဘေးမှ သက်သာသယောင်ရှိသော အပိုင်းမှာကား ဘုံနန်းဗိမ္မာန်တို့ဖြင့် တသီးတခြား သန့်သန့်ပြန့်ပြန့်နေနိုင်သော ဝေသာလီ၏အုပ်ချုပ်ရေးဆိုင်ရာ လိစ္ဆဝီမင်း တို့၏ အပိုင်းပင်ဖြစ်ပေသည်။

တသီးတခြားနေနိုင်၍ ရောဂါဘေး လွတ်သယောင်ရှိသော်လည်း သူတို့တွင် နိုင်ငံတော်ကို ရောဂါဘေးမှကယ်တင်ရမည့် တာဝန်ရှိသူများဖြစ်လေရာ ပထမတွင် ဆေးဝါး မန္တရား စသောကုသမှုမျိုးစုံ၊ ကိုးကွယ်မှုဆိုင်ရာ အစီအစဉ်မျိုးစုံဖြင့် အစွမ်းကုန် ပြုလုပ်ကြသော်လည်း အဖြစ်ဆိုး အမျိုးမျိုး တိုး၍သာလာသောအခါ အသိအမြင်ရှိသူ လိစ္ဆဝီမင်းတစ်ပါး၏ အကြံပေးချက်အရ ရောဂါဘေးကင်းဝေးစေရန်အတွက် သူတို့နှင့် မလှမ်းမကမ်းတွင်ပင် သီတင်းသုံးတော်မူလျက်ရှိနေသော ဘုရားရှင်ကို သတိရလာကြ၏။

ထိုအချိန်က ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူလျက် ရှိနေ၏။ ရာဇဂြိုဟ်နှင့် ဝေသာလီမှာ ဂင်္ဂါမြစ်သာ ခြားသည်။ ဂင်္ဂါမြစ်နှင့် နိုင်ငံနှစ်ခု၏အကွာအဝေးမှာ ရာဇဂြိုဟ်ဘက်တွင် ငါးယူဇနာသာခြား၍ ဝေသာလီဘက်တွင် သုံးယူဇနာမျှသာခြားသည်။

သို့ရာတွင် ဘုရားရှင်ကို ပင့်ဆောင်ဖို့ရန်မှာ သာမန်အားဖြင့်ဆိုလျှင် ခက်ခဲဖို့ မရှိသော်လည်း နိုင်ငံရေးအားဖြင့်ဆိုသော် အုပ်ချုပ်မှုအခြေခံ မတည့်လှသော နိုင်ငံမှ ဘုရင်ဗိမ္ဗိသာရကိုယ်တိုင် အမြတ်တနိုးကိုးကွယ်အပ်သော ဘုရားရှင် ဖြစ်နေသောကြောင့် အခက်အခဲဖြစ်လျက် ရှိနေရပေ၏။

တော်ပါသေး၏။ ရှားရှားပါးပါး မေတ္တာလမ်းခင်းပေးမည့် မဟာလိ လိစ္ဆဝီမင်း တစ်ပါးရှိနေသောကြောင့်ဖြစ်သည်။ မဟာလိ လိစ္ဆဝီမင်းကား ဗိမ္ဗိသာရဘုရင်၏ မိတ်ဆွေဖြစ်၍ ရာဇဂြိုဟ်တွင် ဘုရင်ဗိမ္ဗိသာရနှင့်အတူ ဘုရားရှင်၏ တရားတော်ကို နာခဲ့ရရာမှ အကျွတ်တရားရခဲ့သူ သောတာပန်တရားရှင်တည်း။

ထို့ကြောင့် မဟာလိ လိစ္ဆဝီမင်းနှင့် လိမ္မာရေးခြားရှိသော ပုရောဟိတ်၏ သားတစ်ယောက်ကို လက်ဆောင်ပဏ္ဏာမျိုးစုံဖြင့် ဘုရားပင့်စေလွှတ်ရသည်။ သို့ရာတွင် နိုင်ငံရေးအမြင်ဖြင့် အခုအခံရှိလေမည်ကြောင့် ဘုရားရှင်အထံတော်သို့ တိုက်ရိုက် မစေလွှတ်ဝံ့။ ဗိမ္ဗိသာရဘုရင်ထံသို့သာ ရောဂါဘေးပျောက်ကင်းစေရန်အတွက် ဘုရားရှင်အား ဝေသာလီသို့ ပင့်ဆောင်မိန့်ဖြင့် လာသည့်အကြောင်း ခွင့်တောင်းရသည်။ ဗိမ္ဗိသာရဘုရင်က ဤကိစ္စတွင် ဘုရားရှင်၏ သဘောတော်အတိုင်းသာ ဖြစ်ပါကြောင်းဖြင့် လိုက်လိုက်လျောလျော ခွင့်ပြုတော်မူလိုက်သည့်အခါမှ ဘုရားရှင်အထံတော်သို့ တိုက်ရိုက်သွား၍ လျှောက်ထားပင့်ဆောင်ဝံ့သည်။

ဘုရားရှင်က သာသနာတော်အကျိုး၊ လောကအကျိုးကို သုံးသပ်တော်မူပြီးနောက် ကြွတော်မူမည်ဟု ဝန်ခံစကား မိန့်ကြားလိုက်သောအခါတွင်ကား ကုသိုလ်ရေးအရလည်းကောင်း၊ အထူးသဖြင့် နိုင်ငံအချင်းချင်း အထင်သေးမခံနိုင်၊ ဝင့်ကြွားစရာလိုသော နိုင်ငံရေးအရလည်းကောင်း၊ ရာဇဂြိုဟ်မှ ဝေသာလီသို့ ဘုရားရှင် ကြွတော်မူမည့်ကိစ္စ သို့မဟုတ် ဘုရားရှင်အား ဝေသာလီမှပင့်ဆောင်ရန်ကိစ္စမှာ ပိဋကတ်တော်တွင် သမိုင်းထိုးလောက်အောင် ကြီးကျယ်၍ သွားပေတော့သည်။

ကြီးကျယ်ဟန်ကား ဗိမ္ဗိသာရဘုရင်သည် ဘုရားရှင်က ဝေသာလီပြည်သို့ ကြွတော်မူမည်ဟု ပဋိညာဉ်ပေးလိုက်ကြောင်း သိသည်နှင့်တစ်ပြိုင်နက် ခေတ္တ ဆိုင်းငံ့တော်မူပါဦးဘုရား ဟု လျှောက်ထားကာ ရာဇဂြိုဟ်မှ ဝေသာလီမင်းတို့ ကြိုဆိုမည့် ဂင်္ဂါဆိပ်ကမ်းသို့အရောက် ငါးယူဇနာခရီးကို အကြီးအကျယ် ပြင်ဆင်ပါလေသည်။

ပြင်ဆင်ပုံမှာ ရှေးဦးစွာ ငါးယူဇနာခရီး မြေပြင်ကို အပြေအပြစ်ဖြစ်အောင် ပြုလုပ်စေသည်။ တစ်ယူဇနာ တစ်ယူဇနာလျှင် တည်းကျောင်းတော် တစ်ကျောင်း တစ်ကျောင်းစီ ဆောက်စေသည်။ လမ်းတစ်လျှောက်လုံး တစ်ဖက်တစ်ချက်၌ ငှက်ပျောပင်တို့ကို စိုက်စေသည်။ ရာဇမတ် အရံအတားတို့ကိုပြုလုပ်၍ တံခွန်ကုက္ကား မုလေးပွားတို့ကို ဆင်ယင်စေသည်။ လမ်းတစ်လျှောက်ရှိကျေးရွာတို့ကို ဆင့်ဆို အသိပေး၍ သောင်းသောင်းဖြဖြ ဝိုင်းရံပူဇော်စေသည်။ အထူးခြားဆုံးကား ရာဇဂြိုဟ်မှ ထွက်တော်မူသည့် ပထမ တစ်ယူဇနာခရီးတစ်လျှောက်လုံးကို ပန်းမွှေ့ရာခင်းခြင်းပင် ဖြစ်သည်။ ယင်း ပန်းမွှေ့ရာမှာ ပုဆစ် ဒူးဝန်း မြုပ်သည်အထိ ကြီးမား၏။

ဤသည်ကား ကုန်းပိုင်းအစီအစဉ်ဖြစ်၍ မိမိတို့က ပင့်ဆောင်သူမဟုတ်စေကာမူ ဂင်္ဂါမြစ် ရေပိုင်း အစီအစဉ်ကိုလည်း တာဝန်ယူလိုက်သည်။ ယူပုံမှာ လှေကြီးနှစ်စင်းကို ဖွဲ့ယှက်၍ လှေပေါ်တွင် ဘုရားရှင်အတွက် ပန်းကျောင်းတော်ပြုလုပ်သည်။ နောက်ပါ သံဃာတော်များအတွက် လှေများစွာကိုလည်း စီစဉ်ခင်းကျင်းသည်။

ဤနည်းဖြင့် ရာဇဂြိုဟ်မှ ဘုရားရှင်နှင့် သံဃာတော်များ ထွက်ကြွတော်မူသော အခါ ဘုရားရှင်အား ထီးဖြူနှစ်စင်းမိုး၍ သံဃာတော်များအား တစ်စင်းစီမိုးစေကာ ဘုရင်ဗိမ္ဗိသာရ ကိုယ်တိုင်တော် ဂင်္ဂါမြစ်ကမ်းအထိ လိုက်ပါပို့ဆောင်သည်။ ဘုရားရှင်သည် ကပိလဝတ်နေပြည်တော်သို့ ကြွချီတော်မူစဉ်တုန်းက ထုံးကိုနှလုံးမူ၍ တစ်နေ့လျှင် တစ်ယူဇနာမျှသာ ကြွချီတော်မူစေကာ တည်းကျောင်းတော်များတွင် နားနားနေနေ သီတင်းသုံးတော်မူစေ၍ ငါးရက်ခရီးကြာမှ ဂင်္ဂါမြစ်ဆိပ်သို့ ရောက်သည်။

ဗိမ္ဗိသာရဘုရင်၏ ယင်းအစီအစဉ်ကို သိရသောအခါ ပင့်ဆောင်သူဖြစ်သော လိစ္ဆဝီမင်းတို့အဖို့ ကုသိုလ်ရေးအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း၊ နိုင်ငံရေးအရလည်းကောင်း ရာဇဂြိုဟ်အောက်ယို့သော အစီအစဉ်ဖြင့် အဘယ်ပုံဖြစ်နိုင်ပါအံ့နည်း။

ထို့ကြောင့် ရာဇဂြိုဟ်ထက်နှစ်ဆတက်သော အစီအစဉ်ဖြင့် ကြိုဆိုသည်။ ဘုရားရှင်ကို ထီးဖြူလေးလက်မိုး၍ သံဃာတော်များကို ထီးဖြူနှစ်လက်စီ မိုးသည်။ ထီးဖြူမိုးခြင်းဟူသည် မင်းတို့၏ ကြီးမားသော ပူဇော်မှုအစီအစဉ်ပင်ဖြစ်၏။

ဗိမ္ဗိသာရဘုရင် ကြည်ညိုပုံမှာ ရာဇဂြိုဟ်ဘက်မှ ဘုရားရှင်လှေတော် အထွက်တွင် ရေထဲသို့ လည်ပင်းတိုင်အောင်ထိ လိုက်ပါပို့ဆောင်၍ "အရှင်မြတ်ဘုရား၊ အရှင်မြတ် ပြန်ကြွလာသည့်တိုင်အောင် တပည့်တော်သည် ဤဂင်္ဂါမြစ်ကမ်းမှပင် စောင့်မျှော် ကြိုဆိုနေပါမည်ဘုရား"ဟု လျှောက်တင်လိုက်သေးသည်။ ထို့ကြောင့် လိစ္ဆဝီမင်းတို့ကလည်း ဝေသာလီဘက်သို့ ဘုရားရှင်လှေတော် ဆိုက်ရောက်လာသောအခါ လည်ပင်းအထိ ရေသို့ဆင်း၍ လှေတော်ကိုကိုင်ကာ ကြိုဆိုကြသည်။

[ ၃ ]

ရာဇဂြိုဟ်ဘက်မှ ဘုရားရှင်၏လှေတော် ထွက်သည်နှင့်တစ်ပြိုင်နက် ကောင်းကင်တစ်ပြင်လုံး မိုးသားတိမ်တိုက်တို့ အုံ့ဆိုင်း၍လာသည်။ ဝေသာလီမြေပေါ်သို့ ဘုရားရှင် ခြေတော်တစ် ဖက်ချမိသည်နှင့်တစ်ပြိုင်နက် ထူးခြားလှစွာသော ပေါက္ခရဝဿမိုးကြီး ရွာသတည်း။

ပေါက္ခရဝဿမိုး၏ ထူးခြားမှုဟူသည်ကား မိုးရေမိုးပေါက်တို့သည် စွတ်စိုဖို့ လိုအပ်သော နေရာများ၌သာ စွတ်စို၍ စွတ်စိုဖို့မလိုသောနေရာများ၌မူ မစွတ်စိုခြင်းပင် ဖြစ်၏။ ဤနည်းဖြင့် ဝေသာလီမှရောဂါကြောင့်ဖြစ်သော အကောင်ပုပ်တို့သည် မိုးရေ၌ မျောပါ ကင်းရှင်းကုန်၏။ မြေပြင်သည် သန့်ရှင်း၏။ မကောင်းသောအနံ့အသက်တို့ ကင်းစင်၏။ ဤသည်တို့ကား ဘုရားရှင် ဘုန်းတော် တန်ခိုးတော်၏ နိဒါန်းမျှဖြစ်၍ တစ်ပြည်လုံး ရောဂါအမြစ်ပြတ်ရန် လိုပေသေးသည်။

လိစ္ဆဝီမင်းတို့ကလည်း ရာဇဂြိုဟ်ကဲ့သို့ပင် တစ်ယူဇနာလျှင် တည်းကျောင်းတော်တစ်ကျောင်းစီ ဆောက်လုပ်ထားသည့်အတိုင်း ဂင်္ဂါမှ ဝေသာလီအထိ သုံးယူဇနာခရီးကို တစ်နေ့လျှင်တစ်ယူဇနာကျပင် သုံးရက်မျှခရီးဖြင့် အထူးထူးသော ပူဇော်မှုတို့နှင့်အတူ ပူဇော်ကာ နားနားနေနေပင် ပင့်ဆောင်ကြသည်။ သို့နှင့် သုံးရက်မြောက် ညချမ်းအချိန်၌ ဝေသာလီမြို့တံခါးသို့ ဆိုက်ရောက်တော်မူ၏။

ဘုရားရှင်၏ ရွှေဉာဏ်တော်တွင် ရာဇဂြိုဟ်ကပင် ဝေသာလီ၏ ရောဂါဘေးကိုလည်းကောင်း၊ ဖုတ်တစ္ဆေ ဘီလူးတို့၏ဘေးကိုလည်းကောင်း ရတနသုတ်တော်ဖြင့် နှိမ်နင်းရန် စီစဉ်တော်မူပြီးဖြစ်၏။ ထို့ကြောင့် တစ်ခေါက်မျှဖြင့် အလွတ်ရနိုင်သော ဗဟုသုတ တေဒဂ်သခင် အရှင်အာနန္ဒာအား ရှေ့တော်သို့ခေါ်ယူကာ ရတနသုတ်တော်ကို သင်ကြားပေးပြီးနောက် "အာနန္ဒာ၊ ငါ၏သပိတ်ဖြင့် ရေကိုဆောင်ပြီးနောက် လိစ္ဆဝီမင်းတို့ကို နောက်ပါအဖြစ်ခေါ်ပြီးလျှင် ဝေသလီတံတိုင်းတို့အကြား၌ ညဉ့်သုံးယံတို့ပတ်လုံး ဤရတနသုတ်ကိုရွတ်၍ အရံအတားပြုလော့"ဟု မိန့်တော်မူကာ သပိတ်တော်ကို ပေးအပ်သည်။

ထို့ကြောင့် ဘုရားရှင်၏အစီအစဉ်တွင် ဆင်ခြင်တုံတရား ကြီးမားလှသော အရှင်အာနန္ဒာ၏ အမွှမ်းနိဒါန်းဖြင့် သုတ်တော်ကို တန်ဆာဆင်ကာ မိန့်တော်မူသည့်အတိုင်း ရွတ်ဖတ် ရံတားတော်မူသည်။

သုံးပါးမြတ် ရတနာ၏အနှစ်သာရ ဂုဏ်တော်များကို ဖွင့်ဆိုသော ရတနသုတ်၏ ပုဒ်ရင်းမှာ ၁၆ ပုဒ်သာဖြစ်၏။ သို့ရာတွင် အရှင်အာနန္ဒာက ပုဒ်ရင်းကိုမရွတ်ဖတ်မီ ဘုရားရှင်၏ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကိုလည်းကောင်း၊ စွန့်ခြင်းကြီး ငါးဖြာ၊ စရိယာသုံးပါးတို့ကိုလည်းကောင်း၊ ဖွားမြင်တော်မူခြင်း၊ တောထွက်တော်မူခြင်း၊ ဒုက္ကရစရိယာ ကျင့်တော်မူခြင်း၊ မာရ်နတ်ကို အောင်တော်မူခြင်း၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရတော်မူခြင်း၊ ဓမ္မစကြာတရား ဟောကြားတော်မူခြင်းကိုလည်းကောင်း၊ ကိုးပါးသော လောကုတ္တရာ တရားတို့ကိုလည်းကောင်း အစဉ်အတိုင်း ဆင်ခြင်တော်မူ၍ သတ္တဝါအများကို မေတ္တာပို့ပြီး နောက်တွင်မှ ရတနသုတ်တော် ပုဒ်ရင်းတို့ကို ရွတ်ဖတ် သရဇ္ဈာယ်တော်မူသည်။

၁။ နတ်လူတည်တည်၊ နဂါးပြည်၌
မွေ့ကြည်ဖွယ်ရာ၊ ရတနာတွင်
တထာဂတ၊ မြတ်ဗုဒ္ဓနှင့်
တူမျှရှာဖွေ၊ မရှိလေတည့်
ဟုတ်ပေမှန်ရာ၊ ဤသစ္စာကြောင့်
ကောင်းစွာမသွေ ဖြစ်ပါစေ။

၂။ မုနိသကျ၊ ဘွေ့မြင်ပါသား
တဏှာကင်းကွေ၊ ငြိမ်းအေးလေသည့်
မြတ်တေမှန်လှ၊ မြတ်ဓမ္မနှင့်
တူမျှရှာဖွေ၊ မရှိလေတည့်
ဟုတ်ပေမှန်ရာ၊ ဤသစ္စာကြောင့်
ကောင်းစွာမသေ့ ဖြစ်ပါစေ။

၃။ ဘုရားသခင်၊ ချီးမွမ်းကျင်သား
စင်ကြယ်ဂုဏ်ရည်၊ ကောင်းမျိုးစည်သည့်
တည်ကြည်စွာလှ၊ မြတ်ဓမ္မနှင့်
တူမျှရှာဖွေ၊ မရှိလေတည့်
ဟုတ်ပေမှန်ရာ၊ ဤသစ္စာကြောင့်
ကောင်းစွာမသေ့ ဖြစ်ပါစေ။

၄။ မြတ်ရှစ်ယောက်သူ၊ မြတ်ခွန်းကြူသား
မြတ်လှူခံရာ၊ မြတ်ကျိုးဖြာသည့်
မြတ်စွာဗုဒ္ဓ၊ မြတ်သံဃနှင့်
တူမျှရှာဖွေ၊ မရှိလေတည့်
ဟုတ်ပေမှန်ရာ၊ ဤသစ္စာကြောင့်
ကောင်းစွာမသေ့ ဖြစ်ပါစေ။

၅။ သာသနာမှ၊ ကြိုးပမ်းပါ၍
ရလာမယွင်း၊ ငြိမ်းချမ်းခြင်းကို
လက်ငင်းစံပြ၊ မြတ်သံဃနှင့်
တူမျှရှာဖွေ၊ မရှိလေတည့်
ဟုတ်ပေမှန်ရာ၊ ဤသစ္စာကြောင့်
ကောင်းစွာမသေ့ ဖြစ်ပါစေ။

၆။ လေးဘက်လေးဆိုင်၊ မယိမ်းယိုင်သည့်
ကျောက်တိုင်တူစွာ၊ အရိယာဟု
သစ္စာသိကြ၊ ဤသံဃနှင့်
တူမျှရှာဖွေ၊ မရှိလေတည့်
ဟုတ်ပေမှန်ရာ၊ ဤသစ္စာကြောင့်
ကောင်းစွာမသေ့ ဖြစ်ပါစေ။

၇။ အကာယ်ပျင်းစွါ၊ မေ့လျော့ကာလည်း
ဘဝရှစ်ခါ၊ မယူပါသည့်
သစ္စာသိကြ၊ ဤသံဃနှင့်
တူမျှရှာဖွေ၊ မရှိလေတည့်
ဟုတ်ပေမှန်ရာ၊ ဤသစ္စာကြောင့်
ကောင်းစွာမသေ့ ဖြစ်ပါစေ။

၈။ တရားမှန်စွာ၊ သိမြင်ပါက
ငါနှင့်ယုံမှား၊ စဉ်လာများဟု
တရားသုံးသွယ်၊ ချက်ချင်းပယ်၏။

၉။ အပါယ်လေးရွာ၊ ကင်းလွတ်ကွာ၍
ခြောက်ဖြာအမှု၊ လျစ်လျူရှုလျက်
မပြုမှန်လှ၊ ဤသံဃနှင့်
တူမျှရှာဖွေ၊ မရှိလေတည့်
ဟုတ်ပေမှန်ရာ၊ ဤသစ္စာကြောင့်
ကောင်းစွာမသေ့ ဖြစ်ပါစေ။

၁၀။ ကိုယ် နှုတ် စိတ်မှု၊ တစ်ခုခုဖြင့်
ပြုမိမဆို၊ အကုသိုလ်ကို
ဝှက်သိုမရ၊ ဤသံဃနှင့်
တူမျှရှာဖွေ၊ မရှိလေတည့်
ဟုတ်ပေမှန်ရာ၊ ဤသစ္စာကြောင့်
ကောင်းစွာမသေ့ ဖြစ်ပါစေ။

၁၁။ နွေဦးခါတွင်၊ တောအုပ်သွင်သို့
ကြည်လင်တောက်ပွား၊ မြတ်တရားကို
ဟောကြားညွှန်ပြ၊ သမ္ဗုဒ္ဓနှင့်
တူမျှရှာဖွေ၊ မရှိလေတည့်
ဟုတ်ပေမှန်ရာ၊ ဤသစ္စာကြောင့်
ကောင်းစွာမသေ့ ဖြစ်ပါစေ။

၁၂။ သိမြင်အမြတ်၊ ပေးအမြတ်တည့်
အမြတ်ဆောင်ငြား၊ မြတ်တရားကို
ဟောကြားညွှန်ပြ၊ သမ္ဗုဒ္ဓနှင့်

တူမျှရှာဖွေ၊ မရှိလေတည့်
ဟုတ်ပေမှန်ရာ၊ ဤသစ္စာကြောင့်
ကောင်းစွာမသွေ ဖြစ်ပါစေ။

၁၃။ အတိတ်ကင်းပြတ်၊ ကင်းနာဂတ်ထိ
ကင်လွတ်တွယ်မှီး၊ ဘဝပြီးသည့်
ဆီမီးတမျှ၊ ဤသံဃနှင့်
တူမျှရှာဖွေ၊ မရှိလေတည့်
ဟုတ်ပေမှန်ရာ၊ ဤသစ္စာကြောင့်
ကောင်းစွာမသွေ ဖြစ်ပါစေ။

၁၄။ မြေအောက်ကောင်းကင်၊ ပျော်စံရှင်သည့်
များဖြင်ဒေဝါ၊ ဤသို့သာလျှင်
ရောက်လာကုန်လျက်၊ တကွနက်တည့်
နှစ်သက်စွာပ၊ မြတ်ဗုဒ္ဓကို
တုပ်ကွရှိသေ၊ ဦးညွှတ်လေသည်
ကောင်းထွေစီးပွား စိုးစေသော်ဝ်။

၁၅။ မြေအောက်ကောင်းကင်၊ ပျော်စံရှင်သည့်
များဖြင်ဒေဝါ၊ ဤသို့သာလျှင်
ရောက်လာကုန်လျက်၊ တကွနက်တည့်
နှစ်သက်စွာပ၊ မြတ်ဓမ္မကို
တုပ်ကွရှိသေ၊ ဦးညွှတ်လေသည်
ကောင်းထွေစီးပွား တိုးစေသော်ဝ်။

၁၆။ မြေအောက်ကောင်းကင်၊ ပျော်စံရှင်သည့်
များဖြင်ဒေဝါ၊ ဤသို့သာလျှင်
ရောက်လာကုန်လျက်၊ တကွနက်တည့်
နှစ်သက်စွာပ၊ မြတ်သံဃကို
တုပ်ကွရှိသေ၊ ဦးညွှတ်လေသည်
ကောင်းထွေစီးပွား ဖြိုးစေသော်ဝ်။

ရတနသုတ်တော်သည် ထူးခြားသော ဗုဒ္ဓမန္တန်တော်ဖြစ်သကဲ့သို့ ဤဗုဒ္ဓမန္တန်ဖြင့် ထုံမွမ်းအပ်သော ဘုရားရှင်၏ သပိတ်တော်မှ ရေသည်လည်း ထူးခြားသော ဆေးတော်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓမန္တန်တော်၏အစွမ်းသည် ဝေသာလီ၏ ရောဂါအဋ္ဌေ့အသက်

မှန်သမျှကို ကင်းစင်စေ၏။ အရှင်အာနန္ဒာ၏ ပရိတ်သံကိုကြားရသူ ရောဂါရှင်မှန်သမျှအား ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင်ပပျောက်စေ၏။ သပိတ်တော်မှ ပစ်မြှောက် အပ်သော ရေစက်ရေပေါက်တို့သည် ဖုတ်တစ္ဆေ ဘီလူးတို့အတွက် သိကြားလက်နက် မိုးကြိုးစက်ဖြစ်စေ၏။ ယင်းသို့ဖြင့် ဝေသာလီ၏ ရောဂါအန္တရာယ် အသွယ်သွယ်တို့မှာ မျက်လှည့်ပမာ ကင်းကွာ ရှင်းလင်းပြီဖြစ်၏။

နောက်တစ်နေ့နံနက်တွင် ဘုရားရှင်အထံတော်သို့ ဝေသာလီပရိသတ်တို့ စုရုံးပူဇော်မိကြ၍ ဤရတနသုတ်၏ ဂုဏ်တော်၊ အထူးသဖြင့် သံဃာ့ဂုဏ်တော်တို့ကို ဘုရားရှင်က ဟောကြားသဖြင့် နာယူကြရသောအခါ၌မူကား ဝေသာလီပရိသတ်တို့ တရားထူးရကြကာ ဝေသာလီတွင် သာသနာတော် အခြေတည်မိပြီး ဖြစ်သွားသတည်း။

# ဗလကြီး

[ ၁ ]

သမိုင်းအရဆိုသော် သိကြားမင်း၏ဇနီး မယ်လမုတို့နှင့် ဆက်နွှယ်ခဲ့သော ဥက္ကလာပမြို့သည် သိကြားမင်းတည်ထောင်ခဲ့သောမြို့ဟု ဆိုနိုင်ရာသည်။

ဥက္ကလာပမြို့ကို သိကြားမင်းတည်ထောင်သည် မတည်ထောင်သည် အပထား၍ ဥက္ကလာပမြို့၏ အသည်းနှလုံးဖြစ်သော ရွှေတိဂုံစေတီတော်ကိုမူကား သိကြားမင်းကူညီတည်ဆောက်ပေးခဲ့သည်ဟူ၍ ဥက္ကလာပ မြို့သူမြို့သားတို့က တထစ်ချ စွဲမှတ်သိရှိခဲ့ကြသည်။ အကြောင်းမူကား ရွှေတိဂုံစေတီတော်ကို လူတစ်ရစ် နတ်တစ်ရစ်၊ လူတစ်နေ့ နတ်တစ်နေ့ တည်ဆောက်ခဲ့သည်ဟု သမိုင်းတွင် အထင်အရှား ရေးမှတ်၍ အစဉ်အလာအားဖြင့်လည်း ယနေ့တိုင်အောင် စွဲမှတ် ပြောဆိုလာခဲ့ကြသည်။

အဓိပ္ပာယ်မှာ ရွှေတိဂုံစေတီတော်ကို လူတို့ တစ်ရစ်တည်ဆောက်ပြီးလျှင် နောက်တစ်ရစ်ကို သိကြားမင်းဦးဆောင်သော နတ်ပြဟ္မာတို့ တည်ဆောက်ကြသည်။ လူတို့ တစ်နေ့တည်ဆောက်ပြီးလျှင် နောက်တစ်နေ့တွင် သိကြားမင်းဦးဆောင်သော နတ်ပြဟ္မာတို့ တည်ဆောက်ကြသည်ဟူ၍ ဖြစ်၏။

ဤအကြောင်းကို ဖော်ပြရခြင်းမှာ ထိုအချိန်က ဥက္ကလာပ မြို့သူမြို့သားတို့သည် သိကြားမင်းနှင့် ရင်းနှီးခဲ့ပုံကို ဖော်ပြလိုသောကြောင့်ဖြစ်၏။

ထိုစဉ်က ဥက္ကလာပမင်းကြီးအမှူးပြုသော ဥက္ကလာပ မြို့သူမြို့သားတို့သည် မိမိတို့ဘုရားကို ဝိုင်းကူတည်ထောင်ပေးခဲ့သော သိကြားမင်း၊ မိမိတို့မြို့ကို ဝိုင်းကူတည်ထောင်ပေးခဲ့သော သိကြားမင်း၊ ထို့မှုမက မိမိတို့ကိုလည်း လောကီကျိုး၊ လောကုတ္တရာကျိုး အမျိုးမျိုးအတွက် မှိုင်းမ ကူညီသော သိကြားမင်းဟူ၍ သိကြားမင်းနှင့် ဥက္ကလာပ မြို့သူမြို့သားတို့ ရင်းနှီးပုံကို ဖော်ပြလိုသောကြောင့်ဖြစ်၏။

ထို့ကြောင့် ဥက္ကလာပ မြို့သူမြို့သားတို့က သိကြားမင်းကို လေးစားကြည်ညို၍ ရွှေတိဂုံစေတီတော်စသော အထွတ်အမြတ် နေရာများတွင်သော်လည်းကောင်း၊ မိမိတို့ အိမ်တိုင်း၏ အိမ်ဦးခန်းတွင်သော်လည်းကောင်း ရတနာသုံးပါးပြီးလျှင် သိကြားမင်းကို ဒုတိယနေရာ၌ထားကာ သိကြားမင်းပုံတော်ကို သွန်းထုရေးခြယ်၍ အမြဲမပြတ် ပူဇော်ခဲ့ကြသည်။

ကုသိုလ်ကိစ္စရှိလျှင် သိကြားမင်းကိုဖိတ်ခေါ်ကာ အမျှအတန်းဝေကြသည်။ အရေးအကြောင်းရှိလျှင် သိကြားမင်းကို မိဘသဖွယ် တိုင်တည်တမ်းတကြသည်။

ယင်းသို့လျှင် ရတနာသုံးပါးနှင့် သူတော်ကောင်းသိကြားကိုသာ ကိုးကွယ်ဆည်းကပ်ကြသောကြောင့် ထိုစဉ်က ဥက္ကလာပမြို့မှာ မင်းနေပြည်တော်ပင် ဖြစ်လင့်ကစား ရတနာသုံးပါးနှင့် သူတော်ကောင်းသိကြားတို့၏အလိုဖြစ်သော သီလဆောက်တည်ခြင်း၊ ဒါနပြုခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်းတို့ကြောင့် အလွန်အေးချမ်းသာယာသည်။

ဤသည်ကား သမိုင်းဦး ဥက္ကလာပမြို့တော်၏ အခြေအနေဖြစ်၏။

[ ၂ ]

သူ့ကို မွေးစ သာသာကပင် ကျွဲကလေးလို ညိုညိုပြောင်ပြောင်ကလေး ဖြစ်သောကြောင့် အမှတ်တရ ချစ်စနိုးမှည့်ခေါ်လေ့ရှိကြသော မြန်မာတို့ အစဉ်အလာအတိုင်း 'ငကျွဲ'ဟု မှည့်ခေါ်ခဲ့ကြရာ ငကျွဲကလေး တစ်နေ့တခြား ကြီးထွားလာပုံမှာ အံ့ဖွယ်ပင်ဖြစ်၏။ ငါးနှစ်ခြောက်နှစ်သားအရွယ်ကပင် အရွယ်နှင့်မလိုက်အောင် ကြီးထွားလာသောကြောင့် ငကျွဲလေးဟု ခေါ်ကြရာမှ ငကျွဲကြီးဖြစ်လာသည်။ လူပျိုပေါက်အရွယ်တွင်မူ အရပ်အမောင်းရော အလုံးအထည်ပါ ကျားကျားထွားထွားကြီးဖြစ်ခဲ့လေရာ ငကျွဲကြီးအမည်မှ ဗလကြီးဟု ပြောင်းလဲ ခေါ်ဝေါ်လာကြသည်။

သူ့ခန္ဓာကိုယ်မှာ ကြီးရုံ ထွားရုံမဟုတ်၊ လှလည်း လှသည်။ အရပ်မြင့်မား လာသလောက် ကိုယ်ခန္ဓာကလည်း လိုက်ဖက်ကြီးမားလာသည်။ ရင်အုပ်၊ လက်မောင်း၊

ခြေသလုံးတို့မှ အပြိုင်းအရိုင်း ဖုထစ်ထွက်ပေါ်လျက်ရှိသော ကြွက်သားကြီးတို့မှာ ပန်းပုရုပ်ထုလုပ်ထားသကဲ့သို့ လှပသည်။

ထိုခေတ်က နပန်းလုံး၊ နပန်းသတ်ပွဲများ ခေတ်စားခဲ့လေရာ ဗလကြီးကို ငယ်စဉ်ကပင် သက်တူရွယ်တူလျှင် ပြိုင်နိုင်သူမရှိ ဖြစ်ခဲ့ပေသည်။ သက်တူရွယ်တူ အပထား၍ သူ့ထက် အတန်ကြီးသူများပင် သူ့ကိုမနိုင်ကြပေ။ ဥက္ကလာပမြို့ပေါ်တွင် မျှမက သူ့သတင်းကြောင့် နယ်မှတက်လာကြသော ကာယဗလသမားများပင် သူ့ကို မနိုင်ကြပေ။

သို့နှင့် သူ့သတင်းကို ဘုရင့်တပ်မတော် အကြီးအကဲများထံသို့အထိ ပေါက်ရောက်သွားသောအခါ အရွယ်ရောက်သည်နှင့် တစ်ပြိုင်နက် တပ်မတော်သား တစ်ယောက်ဖြစ်လာသည်။ တပ်မတော်သားဖြစ်လာသောအခါ တပ်မတော်သား အားကောင်းမောင်းသန်တို့နှင့် မကြာခဏ ယှဉ်ပြိုင်ရသောကြောင့်လည်းကောင်း၊ တပ်မတော်မှ နည်းစနစ်များကြောင့်လည်းကောင်း ပြိုင်နိုင်သူမရှိသောဗလကြီး သတင်းမှာ ကျော်ကြားသည်ထက် ကျော်ကြားလာသည်။

နပန်းလုံးပွဲ၊ နပန်းသတ်ပွဲဟူ၍ နှစ်မျိုးရှိသည်။ ဗလချင်းပြိုင် အားချင်းပြိုင်၍ သူနိုင် ကိုယ်နိုင် လုံးထွေးကြသည်ကို နပန်းလုံးသည်ဟုခေါ်သည်။ တစ်ဖက်လူ၏ ကျောပြင်တစ်ခုလုံးကို မြေနှင့်ထိသည်အထိ သတ်ပုတ်ဖိနှိပ်နိုင်သည်ကို နပန်းလုံးသည်ဟု ခေါ်သည်။ နပန်းလုံးသူနှစ်ဦး သဘောတူခဲ့လျှင် သေသည်အထိ လုပ်ချင်သလို လုပ်နိုင်သောပွဲကို နပန်းသတ်ပွဲဟု ခေါ်သည်။

ထို့ကြောင့် နပန်းပွဲဟုဆိုလျှင် လုံးပွဲလား၊ သတ်ပွဲလားဟု မေးလေ့ရှိကြသည်။ လုံးပွဲထက် သတ်ပွဲဆိုလျှင် ကြည့်သူတို့ ကြီးကျယ်စည်ကားမြဲဖြစ်သည်။ သို့သော် နပန်းသတ်ပွဲကို ကြုံရ ကြည့်ရခဲသည်။ နပန်းသတ်ပွဲဟုဆိုလျှင် လူကြီးများက ကြီးကြပ် စီစဉ်ပေးသော ကာယဗလပြိုင်ပွဲတို့သာ များသည်။

နပန်းသတ်ပွဲကိုကား တစ်ဦးနှင့်တစ်ဦး မခံချင်သော ဒေါသပါလာကြရာက နှစ်ဦးသဘောတူ သူသေကိုယ်သေ စည်းလွတ်ကမ်းလွတ် သတ်ပုတ်ကြသည်။ ထိုပွဲမျိုးကို တစ်ခါတစ်ရံသာ တွေ့ရတတ်သည်။

ဘုရားရှင် နှစဉ်ဘဝတစ်ချိန်က နပန်းသမားဖြစ်ခဲ့ဖူးသည်။ ထိုစဉ်က နပန်းသတ်ပွဲဟူသည်မှာ လုပ်ချင်သလို လုပ်နိုင်သော သတ်ပွဲများချည်း ဖြစ်ခဲ့ဟန်တူသည်။ အကြောင်းသော်ကား ဘုရားအလောင်း နပန်းသမားသည် တစ်ဖက်သားကိုနိုင်သောအခါ အသေမသတ်သော်လည်း တစ်ဖက်သား၏ခါးကို ရိုက်ချိုးလေ့ရှိသည်။ ထို့ကြောင့်

ဘုရားဖြစ်တော်မူသောအခါ ယင်းဝိပါက်ကြွင်းကြောင့် ခါးနာတော်မူသည်ဟု ဝိပါက်တော် ၁၂ ပါး ကျမ်းဂန်အဆိုရှိသည်။

ထို့ကြောင့် ဗလကြီးတို့ကဲ့သို့သော ဗုဒ္ဓဘာသာ နပန်းသမားများသည် ဘဝပေး ကာယဗလနှင့် ဝါသနာကြောင့် လုံးသတ်ကြသော်လည်း တစ်ဖက်သားရှုံးစေလိုမှုမှအပ ကျိုးသည် သေသည်အထိ တမင်ပြုလုပ်ခဲ့သည်။ သို့ရာတွင် ဗလကြီးသည် တစ်ချိ တွင်တော့ တစ်ဖက်သားကို ကျိုးသည် ကွဲသည်အထိ သတ်ပုတ်ပစ်ခဲ့ဖူးသည်။ ထိုသူကား ရောမသဘော်သားကြီးဖြစ်၏။ ဗလကြီး၏ သတင်းသည် ဥက္ကလာပ နိုင်ငံတော်နှင့် ဆက်စပ်သော ပင်လယ်ရပ်ခြားနိုင်ငံများအထိ ကျော်ကြားခဲ့ပေရာ မဇ္ဈိမ၊ ရောမ၊ ပေါ်တူဂီစသော သဘော်သားကြီးများနှင့် ရံဖန်ဖက်ပြိုင် လုံးသတ်ရသောကြောင့် ဖြစ်ပေသည်။

[ ၃ ]

နပန်းပညာသည် မြန်မာနိုင်ငံမှာထက် မဇ္ဈိမတိုင်းတွင် ပို၍ထွန်းကား၏။ ရောမ၊ ပေါ်တူဂီစသော အနောက်တိုင်းတွင်လည်း ထွန်းကားဟန်ရှိသည်။ ဗလကြီးသတင်း ကြောင့် ဥက္ကလာပဆိပ်ကမ်းသို့ ဆိုက်ရောက်လာသော မဇ္ဈိမတိုင်းသား သဘော်သား နပန်းသမားကြီးများနှင့် မကြာခဏ ယှဉ်ပြိုင်ရလေ့ရှိသည်။ ယှဉ်ပြိုင်တိုင်း ဗလကြီး ကချည်း အနိုင်ပွဲဖြစ်ရုံမက မဇ္ဈိမတိုင်းသားတို့ထံမှ နပန်းပညာအမျိုးစုံကိုလည်းရသည်။

ဥက္ကလာပနှင့် မဇ္ဈိမတိုင်းမှာ လူမျိုးချင်းမတူသော်လည်း ဘာသာရေး၊ ပညာရေး၊ ယဉ်ကျေးမှုတို့တွင် ဆက်နွယ်လျက်ရှိပေရာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မိတ်ဆွေများ ဖြစ်လာခဲ့ကြ၏။ ထို့ကြောင့် ဗလကြီးနှင့်ယှဉ်ပြိုင်သော နပန်းပွဲများမှာလည်း ချစ်ကြည်ရေး ပွဲများသာဖြစ်သည်။

ရောမသဘော်သားတို့ကမူ အပေါ်စီးဖြင့် ပြောဆိုယှဉ်ပြိုင်လာသည်။ အပေါ်စီး ယူဖွယ်ရာလည်းရှိ၏။ အကြောင်းရင်းကား အရှေ့တိုင်းသားကို အထင်မကြီးသည့် ပင်ကိုသဘောထားတွင် ဗလကြီး၏ခန္ဓာကိုယ်နှင့် ကာယဗလ အဘယ်မျှ ကြီးထွားနေ စေကာမူ သူတို့နှင့် ယှဉ်လိုက်သောအခါ မမှုလောက်သောကြောင့် ဖြစ်သည်။ သို့ရာတွင် အရပ်အမောင်းက ဗလကြီးထက်မြင့်မားသလောက် ကိုယ်ခန္ဓာကလည်း အမွေးအမှင်တို့ သဲသဲမဲမဲနှင့် ကြီးထွားသယောင်နှင့် ရောမသဘော်သားကြီးတစ်ယောက်သည် ဗလကြီးနှင့် နပန်းပွဲ တကယ်ယှဉ်ပြိုင်စေသောအခါ ဗလကြီးက အလွယ်တကူ နိုင်လိုက်သောကြောင့် ရှက်သွားကြဟန်တူသည်။

နောက်တစ်ချိန် ရောမသဘော်ရောက်လာသောအခါ သဘော်သားပါဟု ဆိုသော တကယ့်နပန်းသမားကြီးတစ်ဦးကို ခေါ်ဆောင်လာသည်။ အရပ်အမောင်းမှာ ခြောက်ပေကျော်ရှိသော ဗလကြီးထက် သိသိသာသာမြင့်မားသည်။ ကိုယ်ခန္ဓာမှာလည်း သိသိသာသာကြီးမား၍ တစ်ကိုယ်လုံးတွင် ကြွက်သားကြီးတို့ အပြိုင်းအရိုင်း ကြွနေသည်။ ဗလကြီးနှင့် ရင်ဆိုင်တွေ့ကြသောအခါ ဗလကြီးအား မထီမဲ့မြင်ပုံစံဖြင့် ကြည့်သည်။ မခန့်လေးစားသဘောဖြင့် ရယ်၍ပြသည်။ ထို့နောက်တွင်ကား ဗလကြီးနှင့်သတ်ရန် ချိန်းဆို၏။

ချိန်းဆိုရာ၌ ရိုးရိုးမဟုတ်၊ ကျောက်မာ၊ မြေမာပေါ်၌ သတ်ကြဖို့ ချိန်းဆိုသည်။ အမိပ္ပာယ်မှာ အသေသတ်မည်ဟူသော ဒေါသနှင့်မာန်ကို နှစ်နိုင်ငံချစ်ကြည်ရေးကြောင့် ဖုံးကွယ်ထားသော်လည်း အလဲအကွဲသတ်မည်၊ စေ့စေ့ညက်ညက်ကြေအောင်သတ်မည်။ လိုအပ်လျှင် အသေသတ်မည်ဟု ရည်ရွယ်သောကြောင့်ဖြစ်၏။ ဗလကြီးကလည်း တစ်ချက်တစ်လေမျှ စဉ်းစားမနေဘဲ သူတို့အဆိုကို ရုတ်ခြည်းလက်ခံလိုက်သည်။ အကြောင်းမူကား အမျိုးဂုဏ်ကို ထိန်းကြပ်ရမည့် အပေါ်တွင် ရှေ့ကသတ်ပွဲများမှာ သူ့အင်သူ့အားရှိသလောက် စိတ်တိုင်းကျမသတ်ပုတ်ခဲ့ရ၊ မစို့မပို့နှင့်သာ ပြီးခဲ့ရသည်ချည်း ဖြစ်သောကြောင့် တကယ်သတ်ပွဲ၊ လုံးပွဲ၊ ပြိုင်ပွဲကို တောင့်တစ်နေရာမှ မိမိစိတ်ကြိုက် ပေါ်ပေါက်လာသောကြောင့်ဖြစ်သည်။

နပန်းပွဲတို့မည်သည်မှာ တွေ့ရာကြုံရာမြေပြင်တွင် ပြုလုပ်သော သာမန် အရပ်သားတို့၏ ပွဲကလေးများမှအပ တကယ့်ပွဲကြီးမှန်လျှင် မြေပျော့တွင် ပြုလုပ်ကြသည် များ၏။ လေးထောင့်စင်မြင့် သို့မဟုတ် အဝိုင်းစင်မြင့်တွင် ကြိုးဝိုင်း၍ အများမြင်သာ အောင် ပြိုင်ဆိုင်သောစနစ်မှာ နောင်ခါမှ ပေါ်ပေါက်လာခြင်းဖြစ်၏။ ရှေးကမူကား ရိုးရိုးမြေမှာ မြေဝိုင်းတွင် မြေမှုန့်များခင်း၍ ယှဉ်ပြိုင်ကြသည်ချည်းဖြစ်၏။ ရည်မှန်းချက်မှာ နပန်းသမားတို့ ခြေမြဲရန်နှင့် လဲကျခဲ့လျှင် အကျမနာစေရန်ဖြစ်၏။ ယင်းမြေပြန့်ပွဲကိုမှ ကြည့်သူတို့က ပွဲကြီးလျှင် ဆင့်များထိုး၍သော်လည်းကောင်း၊ သည်အတိုင်း ဝိုင်းအုံ၍ သော်လည်းကောင်း ကြည့်ကြရသည်။

ယခုသော် ကျောက်ဖျာမြေမာတွင် ပြုလုပ်မည်ဟု တောင်းဆိုချက်မှာ ကျိန်းသေ အနိုင်သဘောယူဆပြီးလျှင် တစ်ဖက်သားအား ကွဲစေ၊ ကျိုးစေ၊ လိုအပ်လျှင် သေစေသည်အထိ ရည်မှန်းချက်ဖြစ်ကြောင်း သိရှိနိုင်သည်။ သို့နှင့် ရွှေတိဂုံစေတီတော် တောင်ဘက်ဝန်ကျင်းရှိ ကျောက်ဖျာမြေပြင်တစ်ခုကို နပန်းပွဲနေရာအဖြစ် ရွေးချယ်လိုက် ကြ၏။ ပွဲကြည့်စင်အဖြစ် ကျောက်ဖျာဝန်းကျင်တွင် စင်အနိမ့်အမြင့် အဆင့်ဆင့်ဝိုင်း၍ ပြုလုပ်ထားသည်။

ဗလကြီးတွင် မိမိအင်အားနှင့် အစွမ်းကို ယုံကြည်စိတ်ကြောင့် ယင်းနပန်းပွဲအတွက် စိုးရိမ်သည့်အမူအရာ စိုးစဉ်းမျှမတွေ့ရသော်လည်း အရပ်အမောင်းရော၊ လူလုံးလူဖန်ပါ အတန်ကွာခြား သာလွန်လျက်ရှိသော ရောမနပန်းသမားကြီး အသွင်အပြင်မှာ ကိုယ်တွေ့မျက်မြင်ဖြစ်နေသောကြောင့် ပရိသတ်တို့ တစိုးစိုးတထိတ်ထိတ်ဖြစ်နေကြရသည်။

နပန်းပွဲကျင်းပမည့် နံနက်တွင် ဗလကြီးသည် ရွှေတိဂုံဘုရားပေါ်သို့တက်၍ ရှိခိုးပြီးနောက် ရင်ပြင်တော်ရှိ သိကြားနတ်ကွန်းတွင် အထူးတလည်ပူဇော်ကာ ဆုတောင်းဆုယူပြုသည်။ ရွှေတိဂုံဘုရားကို သိကြားနတ်မင်းတို့ ကူညီတည်ထောင်၍ ဥက္ကလာပမြို့ကိုလည်း သိကြားနတ်မင်းက အစဉ်ကူညီ မှိုင်းမသည်ဟု အယူရှိခဲ့ကြသော ထိုခေတ်က ဥက္ကလာပ မြို့သူမြို့သားတို့သည် ယနေ့ခေတ်တွင် မင်းမဟာဂီရိတို့ကို ပူဇော်သကဲ့သို့ အိမ်တိုင်းတွင် သိကြားမင်းကိုပူဇော်ကြသည်။ ယင်းအစဉ်အလာသည် ယနေ့တိုင်အောင် ဆက်နွယ်တည်ရှိလာခဲ့သည်။ အကြောင်းသော်ကား အစဉ်အလာကိုပြသော ပွဲသဘင်များတွင် ရတနာသုံးပါးပြီးသည့်နောက် သိကြားနတ်ကို ပူဇော်ကြသည်။ သိကြားနတ်ပြီးမှ နောက်ခေတ်တွင်ပေါ်ပေါက်လာသော နတ်များကို ပူဇော်တီးမှုတ်ကပြကြသည်။

ရောမသဘော်သားကြီးနှင့် နပန်းသတ်ပွဲကို ထိုနေ့သည်နေခင်းတွင် မင်းပေါင်းစုံနှင့် ပရိသတ် အမျိုးစုံအလယ်၌ ပြုလုပ်သည်။ ခမ်းနားသော ပွဲကြီးပွဲကောင်းတစ်ခု ဖြစ်သော်လည်း ပရိသတ်များ မျှော်လင့်ထားသလောက် ရှည်ရှည်ကြာကြာ မကြည့်လိုက်ကြရ။ အကြောင်းကား နာရီတစ်မောင်းခန့်အတွင်း၌ပင် ဗလကြီးက အနိုင်ရလိုက်သောကြောင့်ဖြစ်သည်။ သို့သော် သာမန်နိုင်ခြင်းမျိုးမဟုတ်။ မှတ်လောက် သားလောက် နောင်ကြဉ်လောက်အောင် နိုင်လိုက်သောကြောင့် ပရိသတ်အဖို့ အထူးနှစ်သိမ့်ကျေနပ်သည်။

သာမန်အားဖြင့်ဆိုလျှင် ကိုယ်ခန္ဓာထွားကျိုင်း သန်မာသလောက် သဘောထားပြည့်ဝသော ဗလကြီးသည် ပြိုင်ဘက်အပေါ်တွင် နိုင်စေရုံမျှတစ်ပါး ဒဏ်ရာ အနာတရဖြစ်အောင်ပြုလုပ်ခဲ၏။ သို့သော် အပေါ်စီးအမြင်ဖြင့် မထီမဲ့မြင်ပြုလုပ်သော ရောမသားကြီးကိုမူ မှတ်လောက်အောင် မာန်သွင်း၍ ဆုံးမလိုက်သည်။ ကျောက်ဖျာကျောက်သားနှင့် ရောမသားကြီးဦးခေါင်းကို အကြိမ်ကြိမ်ရိုက်နှိမ်၍ သွေးချင်းချင်းနီစေသည်။ ထိုမျှမက ရောမသားကြီးကို အရပ်တစ်ရပ်ပမာ ပေ့ါပါးစွာ ကိုင်မြှောက်၍ ကျောက်ဖျာတွင် ပေါက်ချလိုက်သောကြောင့် ဖွဲအိတ်ကြီးပမာ တုတ်တုတ်မျှ မလှုပ်နိုင်တော့၊ ခါးရိုးကျိုးသွားသည်ဟု ဆိုသည်။ သူ့လူများက သူ့ကို သဘော်သို့ပင် ထမ်းစင်ဖြင့် သယ်၍သွားကြသည်။

[ ၄ ]

ဗလကြီး၏ဒုက္ခတစ်ခုမှာ သူနှင့်နပန်းလုံးရန်အတွက် ခွန်အားဗလနှင့် နပန်းပညာရည်ချင်း ညီသော ပြိုင်ဘက်ကို ရှာဖွေရခြင်းပင်ဖြစ်သည်။ သူနှင့်ဖက်ပြိုင်ရန်အတွက် တန်းတူ ရည်တူ ပြိုင်ဘက်များ ယခင်က ရံဖန်ပေါ်ပေါက်ခဲ့သေး၏။ ယခုသော် သူ့ထက် အလုံးရောအရပ်ပါကြီးသော ရောမသားကြီးကိုပင် ပြတ်ပြတ်သတ်သတ်နိုင်၍ ပြလိုက် သောအခါ ပြိုင်ဝံ့သူတို့ လုံးဝဆိတ်သုဉ်းသွားလေတော့သည်။ သို့ဖြစ်၍ ဘုရင့် တပ်မတော်နှင့် ပညာသင်လိုသူတို့အား နည်းပြဆရာပြုလုပ်ခြင်း၊ ပွဲလမ်းသဘင်များတွင် ရံဖန် ကိုယ်ရေးကိုယ်သွေး ပြခြင်းမျှလောက်ဖြင့်သာ တင်းတိမ်နေရတော့သည်။

သို့သော် ဗလကြီးပျင်းလာ၏။ ထို့ကြောင့်ပင် ဘုရားရှိခိုးရာတွင်လည်းကောင်း၊ သိကြားမင်းအား ပူဇော်ရာတွင်သော်လည်းကောင်း ရောမသားကြီးကဲ့သို့ မိမိအား ဖက်ပြိုင်နိုင်သူ ပေါ်ပေါက်အောင် ကူညီမှိုင်းမတော်မူကြပါဘုရားဟု ဆုတောင်းမိသည်။ သို့ရာတွင် ဗလကြီး၏ဆုတောင်းသည် ရက်လအတန်ကြာသည့်တိုင် ဖက်ပြိုင်မည့်သူ တစ်ဦးတစ်ယောက်မှ ပေါ်မလာသောကြောင့် မပြည့်။

တစ်နေ့သော နေ့လယ်တွင်မူ ဥက္ကလာပမြို့အရှေ့ဘက် တောင်တန်းရှိ တောင်ကုန်းတစ်ခုပေါ်သို့ ကိစ္စတစ်ခုနှင့် ရောက်သွားသောအခါ ယင်းတောင်ကုန်းပေါ်တွင် တောင်ကုန်းအနီးရှိ တောင်သူလယ်သမားတို့ ကိုးကွယ်ဟန်တူသော သိကြားနတ်ကွန်း တစ်ခုကို တွေ့ရသောကြောင့် ဝင်၍ကန်တော့သည်။

ကန်တော့ရာမှ စိတ်ကူးရလာသဖြင့် "အရှင်သိကြားမင်း၊ ဤသို့ပူဇော်ကန်တော့ ရသော ကောင်းမှုကြောင့် ကျွန်တော့်အား ပြိုင်ဘက်ကိုပေးသနားတော်မူပါဘုရား" ဟု တောင်းဆိုလိုက်သည်။

ထိုအခါ "ဟား. . . ဟား. . . ဟား. . ." ဟူသော အသံသြသြတစ်ခုကို နောက်နားဆီမှ ကြားလိုက်ရသောကြောင့် လှည့်ကြည့်လိုက်သောအခါ တောစပ်တစ်ခု၏ ရှေ့တွင်ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာဖြင့် အရုပ်ပုံလွှာများတွင် မိမိတွေ့ဖူးသော နတ်သားနှင့်တူသူကိုတွေ့ရသည်။ ဗလကြီး ကြက်သီးမွေးညင်းထရင်း ချက်ချင်းဦးညွှတ် လိုက်သည်။

"အသင် ကျွန်ုပ်ကိုပူဇော်သည်။ တောင့်တသည်။ ကျွန်ုပ် ယခုလာရောက်ပြီ။ ကျွန်ုပ်သည် သင်ကိုးကွယ်သော သိကြားနတ်ဖြစ်ပေသည်။ သင်ဘာယ်အရာကို အလိုရှိ ပါသနည်း"

''အရှင်သိကြားမင်း ကျွန်တော်အလိုရှိသည်ကား ကျွန်တော်နပန်းသတ်ရန် ပြိုင်ဘက်ပင်ဖြစ်သည်။ ပြိုင်ဘက်မရှိတော့သောကြောင့် ပျင်းရိငြီးငွေ့လှပါသည်။ သို့ဖြစ်၍ ပြိုင်ဘက်ကိုပေးသနားတော်မူပါ''

''ကောင်းပြီ၊ သင်နှင့်ထိုက်တန်သော ပြိုင်ဘက်ကို ငါပေးမည်။ သင့်ပြိုင်ဘက်သည် ဤတောင်မှ အရှေ့ဘက်လမ်းသို့ ဆင်းလိုက်လျှင် တောင်ခြေရှိ တဲငယ်တစ်ခုမှ အသင့်စောင့်ကြိုလျက်ရှိပေ၏။ ယခုပင် သွားရောက်၍ ဖက်ပြိုင်ပေလော့''

ရှိခိုးရာမှ ဗလကြီး မျှော်ကြည့်လိုက်သောအခါ သိကြားမင်း ပျောက်ကွယ်သွားသည်။ သို့ရာတွင် ညွှန်ကြားသည့်အတိုင်း အရှေ့ဘက်တောင်ခြေသို့ ဆင်းလိုက်သောအခါ ယာတဲလေးတစ်ခု၏ရှေ့တွင် သိကြားမင်းရောက်နေပြန်သည်ကို တွေ့ရှိရသည်။ တဲကလေးအဝတွင် အသက် ၃၀ ခန့်ရှိသော ယာသူအမျိုးသမီးတစ်ဦးသည် သိကြားမင်းအား ရှိခိုးလျက်ရှိသည်ကိုလည်း တွေ့ရ၏။

''ဟယ် ဗလကြီး၊ ဤအမျိုးသမီးကား သင်၏ပြိုင်ဘက်ပေတည်း''ဟု သိကြားမင်းက အမျိုးသမီးသို့ လက်ညှိုးညွှန်၍ပြော၏။

''အမျိုးသမီးမှုသည် အဘယ်ပုံ ကျွန်တော်၏ပြိုင်ဘက် ဖြစ်ပါအံ့နည်း အရှင်သိကြားမင်း''

''ဖြစ်နိုင်သည်ဟု ငါဆို၏။ ဖက်ပြိုင်ပေလော့''

''အားနွဲ့သူမျှဖြစ်ပါသည် အရှင်သိကြားမင်း''

''စကားဖြင့် အချိန်မကုန်စေလင့်။ သင် ငါ၏စကားကို မယုံသလော''

''ယုံပါသည်''

''ယုံလျှင်ပြိုင်ဖက်လော့။ ဆုပေးပါလျက် မယူလျှင် ဒဏ်ခတ်ရလိမ့်မည်။ အမျိုးသမီးသည် သင်နှင့်ဖက်ပြိုင်ရန်အတွက် အသင့်ရှိနေသည်။ သင့်ခွန်အား သင့်ပညာစွမ်းဖြင့် သင်နှစ်သက်သလို ဖက်ပြိုင်နိုင်သည်။ ယခုပင် ဖက်ပြိုင်လော့''

''ဖက်ပြိုင်ပါမည်''ဟု သိကြားမင်းကို ကြောက်သောကြောင့် ဝန်ခံလိုက်ရသော်လည်း ဆင်နှင့်ဆိတ်ကဲ့သို့ ဖြစ်နေ၍ မည်သို့ဖက်ပြိုင်ရအံ့ဟု တွေးတောရင်း အမျိုးသမီးအနီးသို့ ကပ်သွားသည်။

ငှက်သံ၊ လေသံတို့မှအပ ပတ်ဝန်းကျင်သည် တိတ်ဆိတ်လှ၏။ ထူးခြားသော ပြိုင်ပွဲတွင် အခါတိုင်းကဲ့သို့ ဝိုင်းဝန်းကြည့်ရှုမည့် ပရိသတ်ဟူ၍ သိကြားမင်းမှတစ်ပါး တစ်ဦးတစ်ယောက်မျှ မရှိပေ။

ဗလကြီးသည် ထဘီတိုတို၊ အင်္ကျီလက်တိုနှင့် ကျစ်လစ်စွာဝတ်ဆင်ထားသော အမျိုးသမီးအနီးသို့ တိုး၍သွားသောအခါ မထီမဲ့မြင်မျက်လုံးများဖြင့် ပြုံးရွှင်စွာနှင့်ပင် အမျိုးသမီးက စောင်းစွေ၍ကြည့်လိုက်သောကြောင့် တစ်ကျောလုံး စိမ့်၍သွား၏။

အနီးသို့ ရောက်သွားသောအခါ အမျိုးသမီးက ဗလကြီး၏လက်ကို လှမ်း၍ကိုင်လိုက်သည်။ သို့ရာတွင် မည်သို့ပြုလုပ်လိုက်သည်မသိ၊ ဆွဲကိုင်လိုက်ရုံမျှဖြင့် ဗလကြီးသည် အထက်သို့ ကျွမ်းတစ်ပတ်လည်ကာ မြေသို့ကျလာသည်။ အမျိုးသမီးကား အပြုံးမပျက်၊ ဟန်မျှမပျက်ပေ။ ဗလကြီးကျွမ်းကျင်လှ၍သာ မြေသို့အကျကောင်းခြင်းဖြစ်သည်။ မကျွမ်းကျင်လျှင် မြေပြင်သို့ ဒိုင်းကနဲ လဲကျနိုင်သော အရှိန်အင်အားဖြစ်သည်။

ဗလကြီးအံ့သြစွာဖြင့် နောက်တစ်ကြိမ် အနီးသို့ကပ်သွားသောအခါ ဗလကြီး၏ လက်ကို အရှိန်ဖြင့်ဆွဲယူလိုက်ကာ အမျိုးသမီးက ဗလကြီး၏ကျောပြင်သို့ လက်ဝါးဖြင့် ပုတ်လိုက်၏။ ထိုအခါ ဗလကြီး၏ ကျောပြင်တစ်ခုလုံးသည် မီးပူပြားကြီးဖြင့် ကပ်လိုက်သည့်အလား ပူလောင်သွားသည်။ အမျိုးသမီးက အပြုံးမပျက်၊ ဟန်ပင်မပျက်။

နောက်တစ်ကြိမ် ကပ်လာပြန်၍ အမျိုးသမီးက ဗလကြီး၏ရင်ဘတ်ကို သေးသွယ်သော လက်ကလေးများဖြင့် လှမ်း၍ပုတ်လိုက်သောအခါ မီးပူပြားကြီးဖြင့် ကပ်လိုက်သကဲ့သို့ပင် ရင်ဘတ်တစ်ခုလုံး ပူလောင်ယိမ်းယိုင်သွားပြန်သည်။ ယိမ်းယိုင် အသွားတွင်ပင် ဗလကြီး၏ခြေနှစ်ဖက်ကို အမျိုးသမီးက သူ့ခြေဖြင့် လှမ်း၍ခတ် လိုက်သောအခါ ဗလကြီးမှာ မိမိ၏ ခြေသလုံးကြွက်သားကြီးများကို ဓားဖြင့် လှီးလိုက်သည့်အလား ပူလောင်စွာနာကျင်လှသောကြောင့် မြေပြင်သို့ ဗိုင်းဗိုင်းလဲကျ သွားသည်။

ထိုအခါ အနီးတွင် ရပ်စောင့်ကြည့်လျက်ရှိသော သိကြားမင်းက -

"သင် အရှုံးပေးပြီလား ဗလကြီး"ဟု မေးလိုက်၏။

"နပန်းပွဲတို့မည်သည် မြေသို့ဗိုင်းဗိုင်းလဲကျလျှင် အရှုံးပေးရစမြဲ ဖြစ်ပါသည်။ သို့ရာတွင် ဤအမျိုးသမီးကား လူစင်စစ် ဟုတ်ဟန်မတူ။ တန်ခိုးရှိသောနတ်ဟု ထင်ပါသည်"

"သင် အထင်မလွဲလေနှင့်။ သင်တို့နှင့် အတူနေသော သင့်နှင့်ဘဝတူပင် ဖြစ်သည်"

"ဤမျှအစွမ်းထက်သော အမျိုးသမီး၏သတင်းကို တစ်ခါတစ်ရံမျှ မကြားခဲ့ရ ဖူးပါ"

"သင်တို့သတိမမူ၍ ဖြစ်ပါလိမ့်မည်။ သူ အမြဲ ရှိနေပါသည်"

''သူ့အမည် ပသို့ခေါ်ပါသနည်း အရှင်သိကြားမင်း''

''အသင် ဖက်ပြိုင်လိုသည့်အခါတွင် ဤနေရာသို့ လာခဲ့လော့။ သူ့အမည်ကို ခေါ်လိုက်လျှင် အချိန်မရွေး ဤတဲထဲမှ ထွက်လာပါလိမ့်မည်။ သူ့အမည်ကို အသေအချာ မှတ်ထားလေလော့။ သူ့အမည်ကား 'ဇရာ'တဲ့''

သိကြားမင်း ပျောက်ကွယ်သွားသည်။ အမျိုးသမီးက ဗလကြီးအား မထိမဲ့ မျက်လုံးဖြင့် စောင်းငဲ့၍ ကြည့်နေသည်။ ဗလကြီးသည် တစ်ကိုယ်လုံး စိမ့်သော ကြောက်စိတ်ဖြင့် အမျိုးသမီးအား မဝံ့မရဲကြည့်ကာ လှည့်၍ပြန်လာခဲ့သည်။

# သစ္စာ

ပြင်းထန်ဆိပ်တောက်
တောမြွေဟောက်လျှင်၊ ပေါက်၍မြွေဝယ်
သူငယ်စင်းစင်း၊ သေတုံလျှင်းလည်း
မှန်ခြင်းအရာ၊ မိမာတာတို့
သစ္စာဆိုကြ၊ ငုတ်တုတ်ထ၏။

မန်လည်ဆရာတော်
မဃဒေဝ (၂၄၀)

[ ၁ ]

မောင်ဗလကလေး တော့တီးတော့တာ ပြောတတ်လာသည့် အချိန်မှစ၍ ဆရာတော် ကျောင်းသို့ အမေဒေါ်ဝဏ္ဏအရောက်များလာသည်။ ကျောင်းဆိုလျှင် မကြားချင်ယောင် ဆောင်နေတတ်သော ဖအေကြီး ဦးအာယုပင်လျှင် မောင်ဗလရှေ့ဆောင်သောကြောင့် ယခုသော် တစ်ခါတစ်ရံ မိသားစုနှင့်အတူ ကျောင်းသို့ လိုက်ပါလာတတ်ပြီဖြစ်၏။

အေးအေးနေတတ်ပြီး တရားဓမ္မဘက်သို့ သက်ဝင်သော ဒေါ်ဝဏ္ဏအဖို့ ဝါတွင်းဝါပမကျန် ဥပုသ်နေ့မှန်သမျှတွင် မောင်ကြီးဖြစ်သူ ဘုန်းတော်ကြီး ဦးသာဓု

ကျောင်းသို့ ဥပုသ်ခံစောင့် ရောက်လာခဲ့သည်သာ ဖြစ်၏။ ဦးအာယာနှင့် အိမ်တွင်ရေး မသာယာသောအခါများတွင်မူ မောင်ကြီးကျောင်းတွင် ဥပုသ်ရက်ရှည် စောင့်ခဲ့သည် များပင်ရှိသည်။ ဒေါ်ဝဏ္ဏအဖို့ မောင်ကြီးကျောင်းသည်သာလျှင် ပုန်းအောင်းရာ လဲလျောင်းရာဖြစ်၏။

သို့နှင့် မောင်ရှုပ၊ မောင်သုခ စသော သားသမီးငါးယောက်အထိ ထွန်းကားလာ ခဲ့ရာတွင် နောက်ဆုံး မောင်ဖလကလေးကျတော့ ဤကလေးသည် ဘကြီးသွေး၊ အမေ့သွေးကလေး ပါရှိဟန်ရှိသည်။ ငယ်စဉ်ကလေးတည်းက အငိုနည်းသည်။ ထားသလိုနေ၍ ကျွေးသမျှကိုသာ စားတတ်သည်။ ကလေးမို့ ရံဖန်ဆော့ကစားတတ် သော်လည်း အခြားကလေးများနှင့်စာသော် အဆော့အကစားနည်းသည်။

မအေနှင့်အတူ ကျောင်းသို့ပါပါသွားရာမှ အိမ်မှာထက် ကျောင်းမှာပို၍ ပျော်တတ်သည်။ ကျောင်းသို့ရောက်သည်ဆိုလျှင် အိမ်တွင်အေးဆေး၍နေသော သူ့ရုပ်လက္ခဏာလေးသည် ပို၍ ရွှင်ကြည်လာလေ့ရှိသည်။ တော့တီးတော့တာ ပြောတတ် လာသည့်အရွယ်မှစ၍ ညနေကလေးစောင်းသည်ဆိုလျှင်ပင် "အမေ့ ကျောင်းသွားမယ်" ဟု သူကပင် နှိုးဆော်လာတတ်သည်။ ထို့ကြောင့် လပြည့်၊ လကွယ်၊ ရှစ်ရက် ဥပုသ်နေ့များတွင်မှ မဟုတ်တော့ဘဲ အခွင့်သာတိုင်း ညနေခင်းတိုင်းလိုလို ကျောင်း အရောက်များလာရပေသည်။

ဒေါ်ဝဏ္ဏတို့မျိုးရိုးသည် တရားဓမ္မဘက်သို့ သက်ဝင်လေ့ရှိသော လူအေးမျိုး များ ဖြစ်၏။ မောင်ကြီးဖြစ်သူ ဦးသာဓုသည် ငယ်စဉ်ကပင် ဘုရားရှင်ကျောင်းတော်၌ ရှင်ပြုပြီးသည်မှစ၍ သင်္ကန်းဝတ်နှင့်ပင် စွဲမြဲလာခဲ့ရာ ယခု ဝါတော်သုံးဆယ်ကျော်ပြီ ဖြစ်၏။

အေးအေးနေလိုသော သဘာဝရှိသူ ဖြစ်သည့်အတိုင်း ဥပဇ္ဈယ် လွတ်သည့် အချိန်မှစ၍ ဒေါ်ဝဏ္ဏတို့ရွာကြီးအနီးရှိ တောအုပ်ကလေးတွင် ဒေါ်ဝဏ္ဏတို့က တောရကျောင်းကလေးဆောက်ပေးရာ ဒေါ်ဝဏ္ဏတို့ရွာကို ဂေါစရဂါမ်ပြု၍ တစ်ပါး တည်း သီတင်းသုံးလာခဲ့၏။ ကျောင်းအမည်အထူးမရှိ၊ တောရကျောင်း၊ ဦးသာဓုတောရ ကျောင်းဟုသာ တွင်သည်။ တစ်ရွာလုံး၏ ကိုးကွယ်ရာဖြစ်သည်။

မောင်ဖလကလေးမှာ ချစ်မွေးပါလာသည်ဟု ဆိုရမည်ဖြစ်၏။ မြင်သူတိုင်းချစ်၍ တွေ့သူတိုင်းက ယုယကြသည်။ ခန့်ခန့်တည်တည်သာ သီတင်းသုံးလေ့ရှိသော ဘုန်းတော်ကြီး ဦးသာဓုပင်လျှင် ယခင်က တူကလေးများအပေါ်တွင် အမှတ်မဲ့သာ နေခဲ့သော်လည်း ဤကလေးကျသောအခါ တယုတယနှင့် ဂရုစိုက်လာသည်ကို

တွေ့ရသည်။ မောင်ဗလကလေးကြောင့် ထို့ထက် ထူးခြားပြောင်းလဲလာသူမှာကား ဖအေကြီး ဦးအာယုပင်ဖြစ်၏။

ဦးအာယုသည် ကျောင်းကန်ဘုရားဆိုလျှင် ဝေးဝေးရှောင်ခဲ့သူ ဖြစ်၏။ ကျောင်းကန်ဘုရားအပထား၍ အိမ်တွင်သော်လည်းကောင်း၊ ရပ်ရွာတွင်သော်လည်းကောင်း၊ ဆွမ်းကျွေး အလှူစသော ကုသိုလ်ကောင်းမှု ပြုသည်ဆိုလျှင်ပင် မလွှဲသာ မရှောင်သာ၍ ပါချင်ရုံမျှသာရှိတတ်၏။ ထို့ကြောင့် ကလေးငါးယောက်အထိ ပေါက်ဖွား ထွန်းကားလာခဲ့ပြီးပင်ဖြစ်သော်လည်း လင်နှင့်မယား ဘုရားသွား ကျောင်းတက် ဟူသောစကားမှာ ဦးအာယု၊ ဇနီးဒေါ်ဝဏ္ဏာတို့နှင့် မဆိုင်သလိုပင် ဖြစ်နေခဲ့သည်။

စီးပွားအရာတော့ ကောင်းသူဖြစ်ပါ၏။ တစ်နေ့တခြား စီးပွားတိုးတက်၍ ကြောင့်ကြမှု မရှိရသည်မှန်ပါ၏။ သို့ရာတွင် အိမ်တွင် သားသမီးသိုက်သိုက်ဝန်းဝန်းနှင့် ကြည်ကြည်ရွှင်ရွှင် စည်စည်ကားကားဖြစ်သင့်ပါလျက် ဦးအာယုကတော့ အိမ်ရောက်သည်ဆိုလျှင် တစ်ယောက်တည်း ဘာသိဘာသာ တည်တည်ခန့်ခန့် မရောမနှောသာ နေတတ်သည်။

တစ်ဖက်တွင် စီးပွားရာကောင်းသလောက် တစ်ဖက်တွင် အကျင့်ပျက် ကလေးများကိုလည်း တွေ့လာခဲ့ရသည်။ အိမ်တွင် မကြည်ရွှင်သော်လည်း အပြင်တွင်မူ မိန်းမလိုက်စားသည့်သတင်းကို သိုးသိုးသံ့သံ့ကြားရသည်။ အသောက်အစားကလေး ကလည်း ဖက်လိုက်သေးသည်။

သည်တော့ နဂိုကပင် အေးအေးနေတတ်သော ဒေါ်ဝဏ္ဏာအဖို့ မောင်ကြီး ကျောင်းသာလျှင် ပုန်းအောင်းရာ လဲလျောင်းရာ ဖြစ်လာခဲ့သည်။ ဤမျှမက ဦးအာယုက တစ်ခါတစ်ရံ ပြောမရ ဆိုမရ ကဲတက်လာသောအခါ အိမ်နှင့်မိသားစုကို အိမ်ဖော်များသို့ လွှဲအပ်ပြီး ကျောင်းသို့ ဥပုသ်ရက်ရှည် စောင့်သည်များပင်ရှိခဲ့သည်။

သို့ရာတွင် ယခုမောင်ဗလကလေး ထွန်းကားလာသည့်အခါတွင်မူ ဖအေကြီး ဦးအာယုသည် သိသိသာသာပင် ပြောင်းလဲလာသည်ကို တွေ့ရ၍ ဒေါ်ဝဏ္ဏာအဖို့ပါ တိတ်တခိုးဝမ်းသာနေရ၏။ ယခင် အကောင်ကြီးများအပေါ်တွင် မင်းတိုင်းကျေ ယုယမှုများသာ ရှိခဲ့သော်လည်း မောင်ဗလကလေးကိုမူ ထူးထူးခြားခြား ယုယလာ သည်ကိုတွေ့ရသည်။ အိမ်မြဲလာသည်။ မောင်ဗလကလေးနှင့် သားအဖနှစ်ယောက် ဆော့ကစားနေသည်များကိုပင် တွေ့လာရသည်။

ညနေစောင်း၍ မောင်ဗလကလေးက ''အမေ့–ကျောင်းသွားမယ်''ဟူသော အသံကြားလျှင် ယခင်က အိမ်စေများနှင့်သာ မျက်နှာလွှဲထားလေ့ရှိသော်လည်း၊ ယခုသော်

ဦးအာယုကိုယ်တိုင်ဦးဆောင်၍ ကျောင်းပို့ဖို့ လှည်း နွား က, သည်ကိုပင် တွေ့လာရသည်။ ဤနည်းဖြင့် မိသားစု အတူတွဲကာ ကျောင်းကန်သို့ ကပ်ဖော်ရလာသည်။

ယနေ့လည်း ညနေပိုင်း ထမင်းဝိုင်းပြီးစသာသာ၌ မောင်ဗလကလေးက ''အမေ့-ကျောင်းသွားမယ်''ဟု ဆိုလာ၍ အိမ်ပြင်တင်းကုပ်ရှိ လှည်းကလေးဆီသို့ ကြည့်လိုက်သောအခါ ဖအေကြီးကိုယ်တိုင်ပင် လှည်းပြင်လျက်ရှိနေသည်ကို တွေ့ရသောကြောင့် ဒေါ်ဝဏ္ဏ ပြုံးလိုက်ရ၏။

ဤမျှမက

''မယ်ဝဏ်ရေ၊ ခေါင်းရင်းခုံပေါ်က ဆေးပုလင်းလေး ယူခဲ့ပါကွ။ ဒူလာဆေးတဲ့။ အညောင်းအညာ သိပ်ကောင်းတယ်ဆိုပဲ။ ဘုန်းကြီးကို ကပ်ရမယ်''ဟု မိသားစုနှင့် စပ်သောစကားကို ဆိုလာသောအခါ ဒေါ်ဝဏ္ဏသည် မောင်ဗလကလေးကိုပွေ့၍ ချက်ချင်းပင် လှည်းနားသို့ရောက်လာ၏။ သို့နှင့် လှည်းကို ဦးအာယုကိုယ်တိုင် မောင်းလျက် ကျောင်းဆီသို့ သားအဖသုံးယောက် ထွက်လာခဲ့ကြသည်။

[ ၂ ]

ကျောင်းရောက်သည်ဆိုလျှင် ဒေါ်ဝဏ္ဏပြုလုပ်မြဲ အလုပ်များမှာ တံမြက်စည်း လှည်းကျင်းသည်။ သုံးရေ သောက်ရေနည်းနေလျှင် ကျောင်းပြင်မလှမ်းမကမ်းရှိ စမ်းတွင်းသို့ သွားရောက်ရေခပ်သည်။ ထိုအခါ မောင်ဗလကလေးက အမေ့နောက်မှ ခနော်နီခနော်နဲ့ လဲကထူ လဲကထဖြင့်ပင် လိုက်ပါ၍ ကလေးတို့ဘာဝ မပီကလာ ပီကလာ ပြောနေတတ်သည်။ သို့မဟုတ် ကျောင်းတွင်းတစ်နေရာတွင် ဆော့ကစား နေတတ်သည်။

ဘုန်းတော်ကြီးအနီးသို့ ကပ်ခဲသော ဦးအာယုသည် ထိုနေ့က ဘုန်းကြီးအနီးသို့ ချဉ်းကပ်ရင်း လိုက်လိုက်လျောလျော ပြောဆိုနေကြသည်ကို တွေ့ရ၍ ဒေါ်ဝဏ္ဏ ဝမ်းမြောက်ရ၏။ ထိုအခိုက် စူးစူးဝါးဝါးလန့်၍ ငိုလိုက်သော ကလေးအသံကို ကြားရ၍ ကျောင်းဝင်းခြံစပ်အနီး ကလေးရှိရာသို့ ရုတ်ခြည်းရောက်သွားသူမှာ ဒေါ်ဝဏ္ဏဖြစ်၏။ ထို့နောက် ဦးအာယုရောက်လာ၏။ ထို့နောက် ဘုန်းတော်ကြီးကိုယ်တိုင်ပင် ရောက်လာ၏။

မောင်ဗလကလေးသည် ပက်လက်လန်လဲကျ၍ ပါးစပ်မှအမြှုပ်ကလေးတွေ တစီစီထွက်ကာ အသံပင်မထွက်တော့ဘဲ မေ့မြောနေသည်ကို တွေ့ကြရသည်။

ကျောင်းပြင် တောချုံဖုတ်အတွင်းသို့ မြွေဟောက်ကြီးတစ်ကောင် လျှောကနဲ ဝင်သွားသည်ကို တွေ့ရသည်။ မောင်ဗလကလေး မြွေအကိုက်ခံလိုက်ရပြီ ဖြစ်သည်။

''မောင်ကြီးဘုရား၊ ကယ်ပါဦးဘုရား''

ဟု ဒေါ်ဝဏ္ဏအော်၍ ငိုသည်။ ဦးအာယုက တုတ်ချောင်းကိုဆွဲ၍ မြွေနောက်သို့ လိုက်သည်။ အရေးဟဲ့ဆိုတော့ သာသနာနှင့်စပ်သော ဘုန်းကြီးဘုရား၊ ဆရာတော် ဘုရားဟုပင်မအော်နိုင်။ အားကိုးတကြီးဖြင့် သွေးသားစပ်သောအမည်ဖြင့်ခေါ်၍ အော်ငိုသည်။ မောင်ဗလကလေးကိုပွေ့သည်။ ဒဏ်ရာကို ရှာလိုက်သောအခါ မောင်ဗလ ခြေမျက်စိအထက်နားတွင် သွေးမည်းများ စို့နေသည်ကို တွေ့ရသည်။

ဘုန်းတော်ကြီးက 'အင်း၊ ဖြစ်မှုဖြစ်ရလေ'ဟု သတိရှိသောအသံဖြင့်ဆို၍–

ဟဲ့–မယ်ဝဏ္ဏ၊ ငိုမနေနဲ့ သတိထား။ ငိုနေလို့ မပြီးဘူး။ ဒကာအာယုလဲ ပြန်လာခဲ့။ မြွေကိုရန်မူနေလို့ ဘာထူးတော့မှာလဲ။ ကဲလာကြ၊ ကလေးကို ကျောင်းပေါ် ပွေ့ခဲ့ကြ''ဟု မိန့်ကြားသည်။

ဘုန်းတော်ကြီး၏စကားကြောင့် ဒေါ်ဝဏ္ဏတသိမ့်သိမ့် ကျိတ်၍ငိုသည်။ ဦးအာယု တက်တခေါက်ခေါက်ဖြစ်နေသည်။ နှစ်ယောက်စလုံး ဘာလုပ်ရမှန်း မသိအောင် ပျာယာခတ်နေကြသည်။

ခက်သည်ကား သူတို့ရွာတွင် မြွေဆရာမရှိခြင်းပင်ဖြစ်၏။ ဆရာရှိသော နေရာများသည်လည်း ကုန်၍ပျောက်သည်ဟု မကြားရ။ မြွေကိုက်လျှင် သေရသည်သာ များတော့သည်။ သာမန် မြွေမျိုးမဟုတ်၊ မြွေဟောက်ကြီးကို ထင်ထင်ရှားရှား မြင်လိုက်ကြရ၍ ဒေါ်ဝဏ္ဏတို့ အထူးအားငယ်နေကြရသည်။

ထို့ကြောင့် သတိရှိသော ဘုန်းတော်ကြီးက

''ငါတို့မှာ ဘုရားရှင်နဲ့ တရားတော်မှတစ်ပါး အားထားစရာ မရှိဘူး။ 'သစ္စေန မေ သမော နတ္ထိ' သစ္စာမှတစ်ပါး အားထားစရာမရှိပါလို့ ဘုရားရှင် ဟောထားတယ်။ ငါတို့ သစ္စာဆိုကြမယ်။ သစ္စာစကားနဲ့ မောင်ဗလ အန္တရာယ်ကို ကာကွယ်ရမယ်''ဟု မိန့်သည်။

''အရှင်ဘုရား ကြိုက်သလိုစီစဉ်ပါတော့ဘုရား။ အရှင်ဘုရားမှတစ်ပါး အားထား စရာ မရှိပါဘူး''ဟု ဦးအာယုက လျှောက်သည်။

''မယ်ဝဏ္ဏ၊ သောကများမနေနဲ့၊ စိတ်ကို သတိနဲ့ငြိမ်ငြိမ်ထား။ သောက ဆိုတာ အတွင်းအန္တရာယ်ပဲ။ ပြင်ပအန္တရာယ်ကို အတွင်းအန္တရာယ်နဲ့ ကင်းပျောက်မှာ မဟုတ်ဘူး။ သတိနဲ့ စိတ်ကိုငြိမ်ငြိမ်ထား။ ဘုရားကိုအာရုံပြု။ နင့်မှာ ဒါန သီလ ကုသိုလ်တွေ တပြုံကြီးရှိတယ်။ အဲဒီကုသိုလ်တွေကို အာရုံပြု''

''သတိထားပါ့မယ်ဘုရား''ဟု ဒေါ်ဝဏ္ဏက ကိုယ်ဟန်ကိုပြင်၍ လျှောက်သည်။

''ကလေးကို ငါ့ရှေ့မှာလာချ။ ငါ့ဘက်ကို ဦးခေါင်းထား။ မယ်ဝဏ္ဏက ခြေရင်းကထိုင်၊ ဒကာအာယုကဘေးမှာထိုင်''ဟု စီစဉ်ပေးလိုက်သောအခါ ဘုန်းတော်ကြီး စီစဉ်သည့်အတိုင်း ကလေးကို အသာအယာချ၍ ထိုင်ကြသည်။ မတုန်မလှုပ်ရှိနေသော မောင်ဗလကလေးကို သတိဖြင့် စူးစိုက်ကြည့်နေကြသည်။

''ဘုရားရှင်ရဲ့တရားတော်ကို အားကိုးပြီး ငါတို့သစ္စာဆိုကြမယ်။ ငါကစပြီး ဆိုမယ်။ သစ္စာဆိုတာဟာ တကယ်မှန်ကန်ရင် တကယ်အားကိုးရတယ်။ အထက်မြက်ဆုံး ဆေးတစ်ပါးပါပဲ။ သို့သော် ကေန်ကေမှန်ကန်ဖို့ အရေးကြီးတယ်။ ဒီတော့ မိမိဆိုမယ့် သစ္စာစကားမှန်ကန်ပြီး စိတ်ထားလဲမှန်ကန်အောင် ပဏာမအနေနဲ့ ငါပြောပြမယ်။ သတိထားပြီး စေ့စေ့နားထောင်ကြ''

''တပည့်တော်တို့ သတိထားပါ့မယ်။ မိန့်တော်မူပါဘုရား''

''သစ္စာဆိုတာ မှန်ကန်ခြင်းပဲ၊ အမှန်ဆိုတာ ကောင်းသောအမှန်ရှိသလို ဆိုးသော အမှန်လဲရှိတယ်။ မှန်ဖို့သာ အရေးကြီးတယ်။ မှန်ခြင်းသည်သာ သစ္စာ။

''လူဆိုတာ အတွင်းကတစ်မျိုးရှိနေပေမယ့် သူတစ်ပါးကိုတော့ ပရိယာယ်နဲ့ ဟန်နဲ့ ဖုံးပြီး မမှန်သောစကားကို ဆိုတတ်ပြောတတ်ကြတယ်။ မာယာစကား၊ အခါးကို သကြားဖုံးသလိုပြောကြတယ်။ အဲဒါ သစ္စာမဟုတ်ဘူး။

''ပြီးတော့ လူဆိုတာ ကိုယ့်ကိုယ်ကိုလိမ်တယ်။ အတ္တကြောင့် ကိုယ့်ကိုယ်ကို လိမ်ဖန်များလာတော့ ကိုယ့်ဟာကိုယ် အမှားကို အမှန်ထင်လာတတ်တယ်။ အဲဒါ သစ္စာမဟုတ်ဘူး။

''သစ္စာကိုအရင်းတည် အခြေပြုရတဲ့ မဂ်ဖိုလ် နိဗ္ဗာန်တရားအလုပ်မှာတောင် ဘုရားရှင်က မိမိကိုယ်ကို မလှည့်စားပါနှင့်၊ အမှန်အတိုင်းသာ မြင်ပါ၊ ကျင့်ပါ၊ ပြောပါ။ မဂ်ဖိုလ်ကို မုချရပါစေ့မယ်လို့ ဘုရားရှင်က ပဓာနိယင်္ဂတရားမှာ အထင်အရှား ဟောထားတယ်။ အဲဒီသစ္စာရဲ့ အရေးကြီးပုံပဲ။

''ဘုရားအလောင်းတော် ငုံးကလေးဟာ တောမီးဘေးကြီး ဝိုင်းလာတော့ သစ္စာဆိုလို့ မီးဘေးကလွတ်ရတယ်။ ဘုရားအလောင်းဆိုတဲ့ သစ္စာဟာ မဂ္ဂကထာ၊ သဂ္ဂကထာ ကြီးမားလှတဲ့ စကားမဟုတ်ဘူး။ ငါ့မှာ အတောင်မစုံသေးဘူး၊ မိဘနှစ်ပါးလဲ စွန့်ပစ်သွားကြပြီလို့ဆိုလိုက်တဲ့ သာမန်စကားပဲ။ နို့ပေမယ့် မှန်သောသစ္စာကြောင့် တောမီးကြီးကွင်းသွားတယ်။ သစ္စာရဲ့တန်ခိုးပဲ၊ ငါတို့လဲ မှန်သောသစ္စာဆိုယင် မောင်ဗလ ကလေး ဒီအန္တရာယ်က ကင်းဝေးရမယ် မုချ။

"နိပါတ်တော်မှာ ပြည့်တန်ဆာမတစ်ယောက်ဟာ 'ငါသည် မျက်နှာကြီးသူကို ဖြစ်စေ၊ မျက်နှာငယ်သူကိုဖြစ်စေ၊ ငါနှင့်ဆက်ဆံလာသူမှန်သမျှအား သဘောထား အတူထား၍ အညီအမျှဆက်ဆံခဲ့ပါသည်။ ဤမှန်သောသစ္စာကြောင့် ဤမြစ်ရေ တန့်ပါစေသတည်း''လို့ သစ္စာဆိုလိုက်တဲ့အခါ ရေဘေးအန္တရာယ် ကင်းဝေးသွားတယ်။ ပြည့်တန်ဆာမတောင် သစ္စာစကားကြောင့် မြစ်ရေကိုတန့်သွားစေနိုင်ယင် ငါတို့ သစ္စာစကားကြောင့် မောင်ဗလကလေး အန္တရာယ်ကင်းဝေးသွားရမယ် မုချ။

"ငါတို့ဟာ ဘုရားရှင်ကိုယုံကြည်တယ်၊ ကြည်ညိုတယ်၊ ရှိခိုးတယ်။ အဲဒါ ဗုဒ္ဓါနုဿတိ ဘာဝနာပဲ။ တရားတော်ကို ယုံကြည်လို့ တရားအတိုင်း ကျင့်ခဲ့တာတွေ ရှိတယ်။ အဲဒါ ဓမ္မာနုဿတိ ဘာဝနာပဲ။ အလားတူပဲ သီလာနုဿတိ၊ စာဂါနုဿတိ ဘာဝနာတွေ ရှိနေကြပြီးဖြစ်တယ်။ အဲဒီ မိမိရဲ့ကုသိုလ်ကောင်းမှု ဘာဝနာအမျိုးမျိုးကို အာရုံပြုထားပါ။ ကဲ ငါကစပြီး သစ္စာဆိုမယ် နားထောင်ကြ။

"ကျွန်ုပ်သည် ရဟန်းဖြစ်လာသည့်အချိန်မှစ၍ အချိန်အနည်းငယ်မျှမှတစ်ပါး ယခု ဝါသုံးဆယ်ကျော်လာသည့်အထိ မလွှဲသာ၍ နေခဲ့ရသော်လည်း သာသနာတော်၌ မပျော်ပိုက်ခဲ့ပါ။ ဤမှန်သော သစ္စာစကားကြောင့် မောင်ဗလကလေး၏ကိုယ်၌ ဆိုက်ရောက်လျက်ရှိသော မြွေဆိပ်များ ကင်းပျောက်ပါစေသတည်း"

ဘုန်းတော်ကြီးက သစ္စာစကားတွင် သတိဖြင့် အသံကိုမြှင့်၍ ထက်ထက် သန်သန်ကြီး ဆိုလိုက်ပြီးနောက် မောင်ဗလကလေးသို့ စူးစူးစိုက်စိုက် ကြည့်လိုက်သော အခါ ညိုမည်းလျက်ရှိသော မောင်ဗလကလေး၏ ဦးခေါင်းမှ မြွေဆိပ်တို့သည် မျက်လုံး ပမာပင် တဖြည်းဖြည်းလျှောကျ၍ အသားအရေ ကြည်လင်လာသည်ကို တွေ့ကြရသော ကြောင့် အထူးဝမ်းမြောက် အားတက်သွားကြသည်။

ထို့နောက် "ကဲ . . . ဒကာကြီးအလှည့် သစ္စာဆိုကြပေတော့"ဟု မိန့်လိုက်သော အခါ ဦးအာယုက ဟန်ပြင်အားယူ၍

"ကျွန်ုပ်သည် မယ်ဝဏ္ဏတို့ အလိုသို့လိုက်၍လည်းကောင်း၊ အရပ်ကို မဆန့်ကျင် လိုသောကြောင့်လည်းကောင်း ဤဘုန်းတော်ကြီးအား အထိုက်အလျောက် ကိုးကွယ်ရသော်လည်း ကျွန်ုပ်၏စိတ်ရင်းအမှန်မှာမူ ဤဘုန်းတော်ကြီးအားမကြည်ညိုခဲ့ပါ။ မကိုးကွယ်လိုပါ။ ဤမှန်သောသစ္စာစကားကြောင့် မောင်ဗလကလေးကိုယ်မှ အဆိပ် တို့သည် လျှောကျပါစေသတည်း"ဟု သစ္စာဆိုလိုက်သောအခါ မောင်ဗကလေး၏ ကိုယ်ပိုင်းမှ အဆိပ်တို့သည် ဝမ်းဗိုက်အောက်ရောက်သည့်အထိ လျှောကျသွားသည်။

"မယ်ဝဏ္ဏ၊ နင့်အလှည့်"ဟု ဘုန်းတော်ကြီးက ပြောလိုက်သောအခါ ဒေါ်ဝဏ္ဏသည် ကိုယ်ရှိန်ကို သတိဖြင့်မတ်၍ မျက်လုံးများကိုမှေးကာ ဘုန်းတော်ကြီး ဘက်သို့ ဦးသုံးကြိမ်ချပြီးနောက် သစ္စာဆိုလိုက်သည်။

''တပည့်တော်မ မယ်ဝဏ္ဏသည် လင်ဖြစ်သူ ကိုအာယုနှင့်ရခဲ့သည့် အချိန်မှ စ၍ ယခု ကလေးငါးယောက် ထွန်းပေါက်လာသည့်အချိန်အထိ သူ့အပေါ်မှာ အနည်းငယ်မျှ မေတ္တာမရှိခဲ့ပါ။ မေတ္တာမရှိရုံမျှမဟုတ်၊ ဤမြွေကိုမုန်းသကဲ့သို့ပင် သူ့ကိုမုန်းပါသည်။ ဤမှန်သောသစ္စာစကားကြောင့် သားကလေးကိုယ်တွင် စွဲထင်လျက်ရှိသော မြွေဆိပ်များသည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင် ပပျောက်ပါစေသတည်း''

ခြေဖျားအထိ အဆိပ်များ ကင်းစင်သွားသည်။ အိပ်ရာမှ နိုးသကဲ့သို့ မောင်ဗလကလေးထ၍ ထိုင်သည်။ ရေတောင်းသည်။

သစ္စာ၏တန်ခိုးတည်း။

# မာနတံခွန်

န ပရောပရံ နိကုဗ္ဗေထ
နာတိမညေထ ကတ္ထစိ န ကိဉ္စိ။

တစ်ယောက်သောသူသည် တစ်ယောက်သောသူအား မချုပ်ချယ် မစဉ်းလဲ မလှည့်ပတ်ပါနှင့်။ မာန်ထောင်သမှု မထီမဲ့မြင် မပြုပါနှင့်။

*မေတ္တသုတ်*

## သူငယ်ချင်း သုံးယောက်

ကျောင်းနေဘက်ဆိုသည်မှာ တစ်ကျောင်းတည်းနေ တစ်ဆရာတည်း တပည့်မို့ သူငယ်ချင်းဟုဆိုနိုင်သော်လည်း ကျောင်းသားဘဝတွင် နီးစပ်ရာ ဝါသနာတူ အတန်းတူရာ ကိုယ်အတွဲနှင့်ကိုယ် ချစ်ခင်ပေါင်းသင်းတတ်ကြမြဲဖြစ်သည်။ သူတို့သုံးယောက်မှာ တက္ကသိုလ်လာစဉ် လမ်းမှာပင် အတူတူဆုံခဲ့ကြပြီးနောက် ကျောင်းသို့ တစ်ချိန်တည်း ရောက်ရှိကြကာ တက္ကသိုလ်တွင်လည်း တတွဲတည်းဖြစ်လာကြသည်။ မလ္လာမင်းသား ဗန္ဓုလ၊ လိစ္ဆဝီမင်းသား မဟာလိနှင့် သာဝတ္ထိပြည်ကြီးရှင် အလောင်းအလျာ ကောသလ မင်းသားတို့ပင် ဖြစ်ပေသည်။

ဗန္ဓုလနှင့် မဟာလိတို့မှာ ကျောင်းတော်သို့ ရောက်မလာမီကပင် သတ္တိနှင့် ခွန်အားတွင် ကျော်ကြားသူများ ဖြစ်ခဲ့ကြရုံမျှမက မလ္လာနှင့် လိစ္ဆဝီတို့မှာ အုပ်ချုပ်မှု သဘောချင်းတူသော မဟာမိတ်နိုင်ငံများဖြစ်ကြသည့်အတိုင်း မဟာလိနှင့် ဗန္ဓုလတို့အဖို့ ကျောင်းတော်တွင် တွေ့ဆုံကြသောအခါ အရည်အချင်းတူ စရိုက်တူအဖြစ် အလွယ်

တကူပင် ရင်းနှီးသွားသည်။ ကောသလမင်းသားအဖို့ကား သတ္တိနှင့် ခွန်အားတွင် သူတို့လောက် မကြီးစေကာမူ အင်ကြီးအားကြီးနိုင်ငံတော် သာဝတ္ထိ၏ အနာဂတ် မင်းသားအဖြစ် ထင်ရှားလှသူဖြစ်၏။

မင်းသားဖြစ်ပါလျက် တက္ကသိုလ်သို့ မရောက်ဖူးလျှင် မျက်နှာငယ်ရ၏။ သို့ရာတွင် မင်းသားအများစုမှာ တက္ကသိုလ်ပညာကို အကယ်လိုလား၍ ရောက်လာကြခြင်း ဖြစ်သော်လည်း မိမိမပြည့်စုံစေကာမူ ပညာရှင် သတ္တိရှင်တို့ဖြင့် အဘက်ဘက်တွင် အခြံအရံနှင့် ပြည့်စုံပြီးဖြစ်သော ကောသလတို့လို မျက်နှာကြီးမင်းသားများအဖို့မူ တက္ကသိုလ်သို့ အမည်ခံမျှသာ ရောက်လာခြင်းဖြစ်ဟန်တူသည်။

မင်းသားအများ တက္ကသိုလ်သို့ ရောက်လာကြပုံမှာ မြင်းကိုယ်စီ၊ အခြံအရံ အနည်းငယ်မျှနှင့်သာဖြစ်၏။ အချို့ဆင်းရဲသောနိုင်ငံ မင်းသားများမှာ အခြံအရံပင် မပါ။ ကောသလတို့ ရောက်လာပုံမှာကား ဝင်းဝင်းတောက်သော ရထားများစွာ၊ အခြံအရံတပြုံကြီးနှင့် ခမ်းနားလှ၏။ ကောသလ၏ဖခင် မဟာကောသလဘုရင်က မိမိသားအား တက္ကသိုလ်သို့ စေလွှတ်မည့်အကြောင်းကို တက္ကသိုလ်ဆရာကြီး ဒေါနဗြာဟ္မဏကြီးနှင့် ကြိုတင်စီစဉ်ခဲ့ပြီး ဖြစ်သည်။

လမ်းတွင် မြင်းကိုယ်စီနှင့် ဗန္ဓုလ၊ မဟာလိတို့ကို တွေ့ကြုံရသောအခါ အမြော်အမြင်ရှိသော ကောသလမင်းသားက ချစ်ကြည်စွာ ပူးပေါင်းခေါ်ဆောင် သွားသည်။ အကြောင်းမှာ သတ္တိနှင့် လက်ရုံးရည်တွင် တက္ကသိုလ်သို့ မရောက်မီကပင် ကျော်ကြားပြီးဖြစ်သော မဟာလိတို့သည် တစ်နေ့တစ်ချိန်၌ အလျဉ်းသင့်ခဲ့ပါသော် မိမိ၏ နိုင်ငံတော်အင်အားအဖြစ် အသုံးဝင်လာနိုင်သူများ မဟုတ်ပါလော။

မဟာလိက တည်ငြိမ်သည်။ ကျစ်လျစ်သည်။ စဉ်းစားနှိုင်းချိန်တတ်သော အသွင်ရှိ၍ လ္လာမြွေရသည်။ ဗန္ဓုလက သွက်လက်သည်။ နောင်အခါ၌ ဖွံ့ဖြိုးကြီးထွား လာဦးမည့် ခန့်ညားသောရုပ်သွင်မှာ ကျောင်းသားဘဝကပင် ထင်ရှားလျက်ရှိ၏။ နဂိုကပင် ကျော်ကြားခဲ့သော သူတို့နှစ်ယောက်၏သတ္တိနှင့် စွမ်းရည်မှာ တက္ကသိုလ်တွင် တစ်နေ့တခြား ပို၍ထင်ရှားလာ၏။ အထူးသဖြင့် ဗန္ဓုလ၏အရည်အချင်းများမှာ တက္ကသိုလ်တစ်ခုလုံးကို လွှမ်း၍နေ၏။

ရေသာခိုမှုများကြောင့် အရည်အချင်းအားဖြင့် တန်းစေ့ရုံမျှသာရှိသော ကောသလမင်းသားက သူတို့ကို ချော့၍ပေါင်းသည်။ ကျောင်းသားစကားနှင့်ဆိုသော် မုန့်ပေး၍ ပေါင်းသည်ဟု ဆိုရမည်ဖြစ်၏။

"နောင်ကြီးတို့အဖို့ ကိုယ့်နိုင်ငံမှာ အဆင်မပြေရင်၊ ဒါမှမဟုတ် အလိုအလျောက် ဆန္ဒရှိကြရင် သာဝတ္ထိကို အချိန်မရွေးကြွခဲ့ကြပါ။ သာဝတ္ထိမှာ နောင်ကြီးတို့အတွက်

ထိုက်တန်တဲ့ တစ်နေရာ အဆင်သင့်ရှိနေတယ်ဆိုတာ စွဲမြဲထားကြပါ''ဟု ကောသလ စကားခေါ်သည်။

''ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် ပညာသင်ကြတာပဲ။ သာဝတ္ထိကို လာစရာ မလိုပါဘူး''ဟု မဟာလိကဆိုသည်။

''ဒါတော့မှန်ပါတယ်။ နို့ပေမယ့် နောင်ကြီးတို့နိုင်ငံတွေက စုပေါင်းအုပ်ချုပ်တာ ဆိုတော့ တန်းတူရည်တူ မင်းသားတွေက တယ်ပြီးများတာပဲ။ တန်းတူရည်တူ များတဲ့နေရာဆိုတာ ပြဿနာများတတ်လို့ ချစ်မိတ်ဆွေချင်းသဘောနဲ့ မလိုလဲ လိုလဲ ဖိတ်ခေါ်တဲ့သဘောပါ''

မဟာလိက ''ကျွန်တော်တို့ လိစ္ဆဝီနိုင်ငံဟာ တစ်သွေးတည်း တစ်သားတည်း တစ်စိတ်တည်း တစ်ဝမ်းတည်းပဲ။ ဘယ်တော့မှပြဿနာမရှိဘူး။ သာမန်ရှိလာတဲ့ပြဿနာ ဆိုရင်လဲ အကြီးအကဲတို့ရဲ့ ဩဝါဒအောက်မှာ အလွယ်နဲ့ ဖြေရှင်းလိုက်နိုင်တာ ချည်းပါပဲ''

''ညီမောင် ကောသလရဲ့စကားကို ကျွန်တော်တော့ လက်ခံပါတယ်။ ဘာဖြစ် လို့လဲဆိုတော့ အသက်သွေးခဲ မမြဲဆိုသလို နိုင်ငံတစ်ခုမပြောနဲ့ လောကကြီး တစ်ခုလုံးပါ အပြောင်းအလဲဆိုတာ ရှိနိုင်ပေတာကိုး''ဟု ဗန္ဓုလက စဉ်းစဉ်းစားစား ဆွေးနွေးသည်။

''သဘောကိုသာပြောရတာပါ။ ညီမောင်ကောသလရဲ့မေတ္တာစကားကို ငြင်းတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ကတော့ ညီမောင်ကောသလကို အလားတူ ဖိတ်ခေါ်နိုင်ခွင့် မရှိပေဘူး။ ဘာဖြစ်လို့လဲဆိုတော့ ညီမောင်ရဲ့အနာဂတ်က ပန်းခင်းသော လမ်းပေကိုး''

အေးပေါ့ဗျာ၊ ကျွန်တော်မေတ္တာကို သိကြရင်ပြီးတာပဲ။ ကျွန်တော့်အဖို့တော့ နောင်ကြီးမဟာလိ ပြောတဲ့အတိုင်းပါပဲ။ ကျောင်းတော်ကပြန်ရင် ခမည်းတော်ဘုရင်က နိုင်ငံတော်ကို လွှဲအပ်တော့မှာ သေချာပါတယ်။ ခမည်းတော် အေးအေးပဲနေချင်နေပြီ။ လွှဲအပ်တော့မယ်တကဲကဲ လုပ်နေတာ။ ပညာမစုံသေးဘူးဆိုလို့ ကျောင်းတော်ကို ထွက်လာခဲ့ရတာ''

''ပညာရှာချိန် ကြိုးစားရှာပေါ့။ မင်းမှုစိုးခွင် ဝင်ပြီးတော့မှ ပညာသင်ချင်လို့ မဖြစ်နိုင်တော့ဘူး''

တတ်နိုင်သလောက်ကြိုးစားပါတယ်။ နို့ပေမယ့် နောင်ကြီးတို့ကိုတော့ မမီနိုင် ပါဘူး''

''ပညာစုံထားရင် ကောင်းတာပေါ့။ ဒါပေမယ့် ညီမောင်အဖို့တော့ မစုံလဲ အရေးမကြီးပါဘူး။ ရွှေဇွန်းကိုက် မွေးလာသူဖြစ်လေတော့ ပညာရည် လက်ရုံးရည် ပြည့်သူတွေ ဝိုင်းဝိုင်းလည်နေတာပဲဟာ''

''ဝမ်းမြောက်လှပါတယ် နောင်ကြီးတို့''

## သာဝတ္ထိသို့

မှန်၏။ သာဝတ္ထိသို့ပြန်ရောက်၍ မကြာမတင်အတွင်းမှာပင် တရားနှင့်လည်း ပြည့်စုံ၍ အမြော်အမြင်ကြီးသော ခမည်းတော် မဟာကောသလဘုရင်က ထီးနန်းကိုလွှဲအပ်၍ ကောသလမင်းသားအဖို့ သာဝတ္ထိပြည့်ရှင်ကောသလ ဘုရင်အဖြစ်သို့ ရောက်လာခဲ့သည်။

မဟာကောသလဘုရင် တရားနှင့်ပြည့်စုံပုံမှာ သက်ရွယ်ကြီးရင့်လာသည့် အလျောက် ရှုပ်ထွေးများပြားလှသော မင်းရေစိုးခွင်ကို ငြီးငွေ့လာသည်။ တစ်ဖက်တွင် နိုင်ငံတော်အရှည်ခိုင်မြဲရေးကိုလည်း ကြည့်ရသည်။ မိမိမရှိလျှင် မုချဆက်ခံရမည့် သားတော်မောင်အဖို့ မိမိရှိနေစဉ်အတွင်း မိမိပါထိန်းနိုင် ကူညီသောကြောင့် အုပ်ချုပ်ရေး အသားကျသွားဖို့ရှိသည်။ တန်ခိုးအာဏာဆိုသည်မှာ ယေဘုယျ မင်းတို့အဖို့ သေမှသာ လက်လွှတ်တတ်ကြသော်လည်း မိမိအဖို့မူ ရိုး၍အီ၍နေပေပြီ။ သားတော်မောင်ကို လွှဲအပ်လိုက်သောကြောင့် အနာဂတ်အတွက် အလားအလာကောင်းရုံမက မိမိအဖို့ အေးချမ်းစွာ စည်းစိမ်ခံစားနိုင်၍ တရားဘက်သို့လည်း မျက်နှာမူနိုင်ခွင့်ရသည်။

အမြော်အမြင်ကြီးပုံမှာ သာဝတ္ထိနှင့်တန်းတူစင်ပြိုင်နိုင်ငံသည် ရာဇဂြိုဟ်ဖြစ်၏။ ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရသည် ဓားထက်၍ ပရိယာယ်ကြွယ်သူဖြစ်၏။ တိုင်းပြည်က လည်း ညီညွတ်၍ ပြည်သူချစ်သော ဘုရင်ဖြစ်သည်။ သာမန်အားဖြင့် ရာဇဂြိုဟ်ကို စိုးရိမ်ဖွယ်ရာမလိုသော်လည်း မိမိတို့ကို ယှဉ်ပြိုင်နိုင်မည့်နိုင်ငံမှာ ဤနိုင်ငံသာဖြစ်သည်။ သို့ဖြစ်၍ မိမိလက်ထက်တွင်ပင် ရာဇဂြိုဟ်နှင့် ချစ်ကြည်ရေးလမ်းဖွင့်ကာ ပသေနဒီ၏ နှမဖြစ်သူ ဝေဒေဟီမင်းသမီးနှင့် ဗိမ္ဗိသာရကို ထိမ်းမြားလက်ဆက်ပေးလိုက်သည်။ ဤမျှမက သမီးတော်၏ မုန့်ဖိုးအဖြစ် အမည်တပ်ကာ သာဝတ္ထိအစွန်ရှိ မြို့တစ်မြို့ကိုပင် ပေးအပ်လိုက်သေး၏။ ယင်းသို့လျှင် သားတော်၏ အနာဂတ်အရေးအတွက် အဘက်ဘက်တွင် စိတ်ချရပေပြီ။

ဤမျှမက သားတော်အဖို့ စိတ်အေးရပုံမှာ ကောသလမင်းသား ဘုရင်ဖြစ်၍ မကြာမတင်မှာပင် မလ္လနိုင်ငံမှ သားတော်၏ ကျောင်းနေဖက်သူငယ်ချင်း ဗန္ဓုလသည် သာဝတ္ထိသို့ ရောက်ရှိလာခြင်းပင် ဖြစ်ပေသည်။ ရောက်သည်နှင့် တစ်ပြိုင်နက်ပင် ဝမ်းမြောက်ဝမ်းသာနှင့် ဗန္ဓုလကို 'မဟာဗန္ဓုလ'ဟု အမည်တပ်ကာ သာဝတ္ထိ၏ စစ်သူကြီး အဖြစ် ခန့်အပ်လိုက်သည်။ ဗန္ဓုလဟူသော အမည်မျှဖြင့်ပင် သာမန်ခိုးသား သူပုန်သူကန် တို့ကို အပထားဦး၍ ဝန်းကျင်နိုင်ငံတို့ ခန်းညားလာရသည်။ ဖြစ်ပုံကား ဤသို့တည်း။

သူငယ်ချင်းမဟာလိသည် ဗန္ဓုလနှင့် ရည်တူကျော်ကြားခွင့်မကြုံသော်လည်း သူ့နည်းသူ့ဟန်နှင့် လက်ရုံးရည်ရော နှလုံးရည်ပါ အစွမ်းထက်သူဖြစ်၏။ သို့ရာတွင် စစ်ရေးလေ့ကျင့်ရာ၌ အားထုတ်မှုလွန်ကဲသောကြောင့် မျက်စိနှစ်ဖက်စလုံး ကွယ်သွားရှာ

သည်ဟု ကြားရသည်။ လိစ္ဆဝီတို့က ပစ်ပယ်၍မထား။ နိုင်ငံတော်၏ အတိုင်ပင်ခံအဖြစ် ကိုးကွယ်၍ထားသည်ဟု သိရ၍ ဝမ်းမြောက်ရ၏။

မလ္လာနိုင်ငံသို့ ဗန္ဓုလပြန်ရောက်သွားသောအခါ မလ္လာမင်းတို့ စစ်ရေးစွမ်းရည်ပြိုင်ပွဲကြီး ကျင်းပကြသည်။ မလ္လာမင်းအများစုသည် တက္ကသိုလ်ပြန်များဖြစ်ကြ၍ သူလည်းအတူတူ၊ ငါလည်းအတူတူ၊ စွမ်းရည်ပြည့်ဝသူများဟု ယူဆကြသည်။ သို့ရာတွင် ဗန္ဓုလ၏အမည်သာ တစ်နိုင်ငံလုံးတွင် လွှမ်းခြုံလျက်ရှိသည်။ ဤသည်ကို တန်းတူရည်တူသည်ထင်သူတို့ မခံနိုင်ကြ။

''တန်းတူ ငြူစူ''ဟူသော စကားအရ မလိုတမာစိတ်၊ မရှုဆိတ်စိတ်ဟူသည် တန်းတူရည်တူများတွင်သာ ရှိစမြဲဖြစ်၏။ ဤစိတ်ကပင် မိမိဝန်းကျင်ကိုဖျက်၍ ဤစိတ်ကြောင့်ပင် လောကသည် အမြဲပျက်စီးဆင်းရဲနေရ၏။

စစ်ရေးစွမ်းရည်ပြိုင်ပွဲတွင် ဓားရေး၊ လှံရေး၊ ရထားရေး၊ ဆင်ရေး၊ မြင်းရေးမျိုးစုံပြိုင်ကြ၏။ အရေးတကာတွင်ပင် ဗန္ဓုလကို မမီနိုင်ကြ။ ဗန္ဓုလ၏နောက်ဆုံးဖြစ်သော စွမ်းရည်ပြပွဲမှာ ဝါးအလုံးခြောက်ဆယ်ကို ဓားတစ်ချက်တည်းဖြင့် ပြတ်အောင်ခုတ်ပြရန်ဖြစ်၏။

အလွယ်နှင့်ပင် ခုတ်ပြလိုက်ပါ၏။ သို့ရာတွင် မလိုတမာကိစ္စတစ်ရပ်ကို ဗန္ဓုလတွေ့ကြုံလာရသည်။ ယင်းသည်ကား မလိုသူတို့က ဝါးတစ်လုံးထဲတွင် ခုတ်၍မပြတ်နိုင်အောင် သံချောင်းတစ်ချောင်းကို အမှတ်မဲ့ လျှို့သွင်းထားခဲ့ပေရာ ခုတ်၍ ဝါးအားလုံးပြတ်သွားသော်လည်း ခုတ်လိုက်သည်နှင့် တစ်ပြိုင်နက် သံချောင်း၏ အထိအတွေ့ကြောင့် ဗန္ဓုလ ချက်ချင်းသိလိုက်၏။

မိမိကို မလိုသူတို့ရှိနေသည်ကို သိပြီးဖြစ်သော်လည်း ယခုသော် လက်တွေ့သိလာရသောကြောင့် စိတ်ထက်သောဗန္ဓုလအဖို့ မလ္လာမင်းတို့အပေါ်တွင် စိတ်ကုန်သွား၏။ ထို့ကြောင့် ပြိုင်ပွဲကိုကျောခိုင်းကာ အိမ်တစ်နေရာတွင် ဓားကိုပစ်ချလိုက်ပြီးနောက် မျက်နှာညှိုးငယ်လျက်ရှိသော ဗန္ဓုလကို မိဘနှစ်ပါးကဆီးကြို၏။

''ဘယ်လိုဖြစ်လာတာလဲ လူကလေး''ဟု မိခင်က ဖျောင်းဖျသောအသံဖြင့် မေးသည်။

''ကျွန်တော်တော့ မလ္လာကို စိတ်ကုန်သွားပြီ မယ်မယ်''

''ပြောပါဦး လူကလေးရဲ့၊ ဘယ်လိုဖြစ်လာလို့လဲ''ဟု ဖခင်ကမေးသည်။

''ဝါးလုံးခြောက်ဆယ်ကို ခုတ်ပြတာမှာ ဝါးထဲကို သံချောင်းထည့်ထားကြတယ်လေ''

''ခုတ်လို့ မပြတ်ဘူးလားသားရဲ့''

''ပြတ်တယ်၊ ခြောက်ဆယ်မက တစ်ရာဆိုလဲ ပြတ်မှာပဲ၊ နို့ပေမယ့် မပြတ်အောင်လို့ သံဆိုရင် မပြတ်နိုင်ဘူးထင်ပြီး သူတို့က ကျွန်တော့်ကို အရှက်ခွဲကြမလို့လေ''

''ပြတ်လို့ရှိရင် သည်းခံလိုက်ပေါ့သားရယ်။ ဝါးမက သံကိုပါပြတ်အောင်ခုတ်နိုင်တယ်ဆိုတာ ငါ့သား ဂုဏ်ပိုတက်သွားတာပေါ့''

''သားဂုဏ်တက်လေ၊ သူတို့မနာလိုလေပေါ့ မယ်မယ်။ တော်ပြီ၊ မလ္လာတွေကို စိတ်ကုန်ပြီ။ ကိုယ့်ကို မလိုသူတွေအကြားမှာနေလို့ ဘာအကြောင်းထူးမှာလဲ။ ရန်များဖို့ပဲရှိတယ်။ ဒီမှာ၊ မယ်မယ်ကိုရော ဘဘကိုပါ ကျွန်တော်တောင်းပန်ချင်တယ်။ ဒီမလ္လာတွေကို အကုန်သတ်ပြီး ဘဘတို့ မယ်မယ်တို့ကို မင်းအဖြစ်ရောက်အောင် တင်ပေးချင်တယ်''

''ဟဲ့-ဟဲ့ လူကလေး၊ ဘယ်လိုပြောလိုက်တာလဲ။ ငါ့သားစွမ်းရည်ကို ဘဘတို့အသိဆုံးပေါ့။ နို့ပေမယ့် ဒီလိုမလုပ်ကောင်းဘူး။ ဒေါသကို သိမ်းဆည်းပါ သားရယ်။ ဒေါသဆိုတာ ဘယ်တော့မှ အမှန်မရှိဘူး။ အမှားချည်းပဲ လူကလေး''

''ဒီလိုဆိုရင်လဲ ကျွန်တော်တော့ မလ္လာမှာ မနေချင်တော့ဘူး။ တခြားကို သွားတော့မယ်''

''ဘယ်ကိုသွားမှာလဲ လူကလေးရဲ့''

''သာဝတ္ထိကို သွားမယ်၊ သာဝတ္ထိမှာ ကျွန်တော့်သူငယ်ချင်း ကောသလမင်းသားက ဘုရင်ဖြစ်နေပြီမဟုတ်လား၊ ကျောင်းကတည်းက ကျွန်တော့်ကို ခေါ်ထားတာ၊ သာဝတ္ထိကိုသွားရင် သူငယ်ချင်းက ဖူးဖူးမှုတ်ထားမှာ''

''ဒီလို ဘယ်ဟုတ်ဦးမလဲ လူကလေးရဲ့။ ကိုယ့်အမျိုး ကိုယ့်နိုင်ငံဆိုတာရှိသေးတယ်။ သူစိမ်းကောင်းတယ်ဆိုတာ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံကို ဘယ်မှာ မီပါ့မလဲ။ မနာလိုတာတို့၊ မရှုဆိတ်တာတို့ဆိုတာ ယာယီကိစ္စပါ။ ဒီမှနေရင် တစ်နေ့မှာ ငါ့သားဟာ သူတကာကို လွှမ်းတက်လာမှာ သေချာပါတယ်။ သူတို့လိုက်မမီတဲ့ အခါကျတော့ ငါ့သားကို အဲဒီလူတွေကပဲ ဝိုင်းဝိုင်းလည်း ခစားလာကြရမှာပါ။ သူတစ်ပါးကို အားထားဖို့တော့ စိတ်မကူးကောင်းဘူး လူကလေးရဲ့။

''ကျွန်တော်တော့ မကျေနပ်ဘူးဗျာ၊ သွားမှာပဲ။ ဒီမှာဆက်နေရင်လဲ အကုန်လုံးကို သတ်ပစ်မိလိမ့်မယ်''

''ဒီလိုဆိုရင်လဲ စိတ်ပြေလက်ပျောက်ဆိုသလို မင်းသူငယ်ချင်းဆီ သွားလည်ပေါ့။ စိတ်ပြေတော့ပြန်လာခဲ့ပေါ့။ ကိုယ့်အမျိုးဆိုတာ ကိုယ့်အမျိုးပဲ။ ကိုယ့်နိုင်ငံဆိုတာ ကိုယ့်နိုင်ငံ ကိုယ့်ဇာတိပဲ။ ကိုယ့်အမျိုး ကိုယ့်နိုင်ငံကိုတော့ ဘယ်တော့မှ မပစ်ပယ်ကောင်းဘူးကွဲ့''

''ကျွန်တော် မနက်ဖြန်ပဲ သွားမယ်။ မလ္လိကာကိုလဲ ခေါ်သွားမယ်။ နောင်ကိစ္စကတော့ နောင်ခါမှ ရောက်ရားပဲ''

''ငါ့သား သဘောအတိုင်းပဲ။ ဘဘတို့ မယ်မယ်တို့ ပြောတာကိုသာ စိတ်ထဲ နှလုံးထဲ စွဲထားပေတော့''

''ကောင်းပါပြီ ဘဘ''

သို့နှင့် ဗန္ဓုလမင်းသားသည် မယားမလ္လိကနှင့်အတူ သာဝတ္ထိသို့ ရောက်လာခဲ့၏။ တန်းတူပြိုင်ဘက်မရှိ စိတ်ထားများကြောင့် မလ္လာသည် ဗန္ဓုလကို လက်လွှတ်ရ၏။ ပြိုင်ဘက်ကို ပြိုင်ဖက်သော ဒေါသကြောင့် ဗန္ဓုလမှား၏။ မှားပုံမှာ နောက်ပိုင်းတွင် ပေါ်လာပါလိမ့်မည်။

## ပြဿနာများ

မိဘတို့ ဆုံးမစကားကို သတိရသော်လည်း သာဝတ္ထိသို့ရောက်၍ စစ်ဦးစီးချုပ် စစ်သူကြီး ရာထူးဖြင့် လိုလေသေးမရှိ ချီးမြှောက်ခြင်းခံရသောအခါ သာဝတ္ထိတွင် အနေသာ၍ အထာကျသွားသည်။ မလ္လာသို့ပြန်ဖို့ စိတ်မကူးတော့။ သို့သော် သာဝတ္ထိတွင်လည်း သူ့တွင် ရန်သူများ ဝိုင်းဝိုင်းလည်နေသည်ကိုတော့ သတိမထားမိ။ ထားမိသမျှကိုလည်း ဘုရင်ကိုယ်တိုင် အချီးမြှောက်ခံနေရသူဖြစ်၍ အမှတ်မဲ့သာ နေခဲ့သည်။

သာဝတ္ထိလိုနိုင်ငံကြီးတွင် စစ်ဘက်ဆိုင်ရာ အရာရှိကြီးငယ်တို့သည် အစဉ် အဆက်ကပင် အသိုက်နှင့် အအုံနှင့်ဆိုသလို နေသားတကျရှိနေခဲ့ပြီး ဖြစ်သည်။ ဤလိုနေရာတွင် မဆီဆိုင်လှသော နိုင်ငံခြားသားတစ်ဦးက ဘုရင့်ချီးမြှောက်မှုကြောင့် အပေါ်စီးနေရာသို့ ရောက်လာသောအခါ ဘုရင့်အမိန့်ကြောင့် အလိုက်သင့်နေကြ သော်လည်း အဘယ်ပုံ အဆင်ပြေနိုင်ပါအံ့နည်း။ အများရှေ့တွင် အထိုက်အလျောက် အဆင်ပြေသော်လည်း ကွယ်ရာထောင့်ရာတွင်ကား တီးတိုး တီးတိုး သဖန်းပိုးဖြစ် နေကြ၏။ ဤအတွင်း စစ်သူကြီးရာထူးမျှမက တရားရေးတွင် တရားသူကြီးရာထူးကိုပါ ခန့်အပ်ခြင်းခံရပြန်သောအခါ မဟာဗန္ဓုလအပေါ်တွင် နေသေးသပ ချိုထဲက ဖြစ်လာကြသည်။

ကောသလဘုရင်၏ တရားရုံးသည် လာဘ်မိုးရွာသောရုံးဖြစ်ခဲ့၏။ လာဘ်ပေး လာဘ်ယူ ကိစ္စသည် တရားရုံးတွင်သာမက ဘုရင့်ဝန်းကျင်တစ်ခုလုံးတွင်ပင် အကျင့်ပါ နေသော ကိစ္စတစ်ရပ်ဖြစ်သည်။ ဘုရင်ကိုယ်တိုင်က မစောင့်မစည်းခဲ့သော် အခြားသူများ အဖို့ အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ အခြားကိစ္စများကို ထားဦး၍ တိတ္ထိသူဌေးထံမှ လာဘ်ငွေတစ်သိန်းကိုယူ၍ ဇေတဝန်အနီးတွင် ကျောင်းပြိုင်ဆောက်စေခွင့်ပြုခဲ့သော ကိစ္စသည် သာဝတ္ထိတရိုးတွင် ဟိုးဟိုးကျော်ခဲ့သောကိစ္စဖြစ်သည်။ ဤကိစ္စကို သူ့ဆိုင်ရာ အခန်းတွင် အကျယ်တွေ့ရှိရပါမည်။

မင်းကျင့်တရားတို့တွင် လာဘ်ယူခြင်း (ဆန္ဒာဂတိ)သည် အကျင့်ပျက်မှုတစ်ရပ်ဖြစ်သော်လည်း ဗြာဟ္မဏတို့၏ နီတိတစ်ခု၌ ပြဿနာတစ်ရပ် ကြုံတွေ့လာလျှင် လာဘ်ပေးခြင်းဖြင့် အောင်မြင်ရာ၏ဟူသော အဆိုအမိန့်တစ်ရပ် ရှိနေပေရာ သာမန်အားဖြင့်ဆိုလျှင် လာဘ်ပေးလာဘ်ယူခြင်းသည် ပြုသင့်ပြုထိုက်သော ကိစ္စတစ်ရပ်အဖြစ် ဗြာဟ္မဏတို့သတ်မှတ်ကြ၏။ သို့ရာတွင် သာမန်အပြုအမူမှ အလွန်အကျွံပြုလာသောအခါ ပြဿနာဖြစ်လာကြရသည်။

တရားသူကြီး လာဘ်စား၍ တရားကို မတရားဟု ဆုံးဖြတ်ကြသောအခါ မခံမရပ်နိုင်သော ပြဿနာတွေ ပေါ်လာ၏။ ဤသည်ကို ဘုရင်သိလာသောအခါ ရှိရင်း တရားသူကြီးနေရာတွင် ရိုးသားမှု၊ သစ္စာရှိမှု၌ နာမည်ကျော်သော မဟာဗန္ဓုလကို ခန့်ထားလိုက်သည်။ ဤတွင်လည်း မဟာဗန္ဓုလအဖို့ မလိုသူတို့ တိုးပွားလာရပြန်သည်။

မဟာဗန္ဓုလအဖို့ အခြားလိုအပ်သမျှ ပြည့်စုံသော်လည်း မပြည့်စုံသော အကြောင်းတစ်ရပ်မှာ အရပ်တစ်ပါးမှ ရောက်ရှိလာသူဖြစ်သည့်အတိုင်း ဆွေရင်းမျိုးချာ အခြံအရံ နည်းပါးနေခြင်းပင် ဖြစ်ပေသည်။ ရာထူးတာဝန်များ ကြီးမားလာသလောက် အိမ်တွင် အဝင်အထွက်တို့ များပြားသော်လည်း အိမ်သားအဖြစ် ရင်းရင်းနှီးနှီးဟူ၍မူ မယားဖြစ်သူ မလ္လိကာတစ်ယောက်သာရှိ၏။

မိဘများ၏ ဆုံးမစကားကြောင့် မူလက သာဝတ္ထိသို့ စိတ်ပြေလက်ပျောက် ယာယီမျှသာ သဘောထားခဲ့သော်လည်း သူငယ်ချင်းဘုရင်၏ ချီးမြှောက်မှုကြောင့် သာဝတ္ထိတွင် အထာကျလာသောအခါ မလ္လာမှ မိဘနှစ်ပါးကိုလည်း တောင်းပန်ခေါ်ယူ၍ ထားလိုက်၏။

မလ္လိကာက လိမ္မာပါ၏။ ရင့်ကျက်ပါ၏။ အားထားလောက်အောင်ပင် တိုးတိုးဖော်ရပါ၏။ သို့ရာတွင် သွေးမခိုသည့် အဖိုမ၊ သွေးမစုံသည့် အမြုံမများ ဖြစ်လေရော့သလား မသိ။ အကြင်လင်မယားအရာတွင် နှစ်အတန်ပင်ကြာခဲ့ပြီ ဖြစ်သော်လည်း သားသမီးဟူ၍ တစ်စုံတစ်ယောက်မှ ထွန်းပေါက်၍ မလာခဲ့သည်မှာ ပြဿနာတစ်ရပ် ဖြစ်နေခဲ့သည်။

ဗြာဟ္မဏတို့ အစဉ်အလာ ယဉ်ကျေးမှုအရ လင်နေ၍မှ သားမမွေးလျှင် ကဲ့ရဲ့စရာ ရှက်စရာဖြစ်၏။ ဗြာဟ္မဏယောကျ်ားတို့အဖို့ မယားလေးယောက်အထိ ယူခွင့်ရှိစေကာမူ မလ္လိကာတည်းဟူသော မယားတစ်ယောက်ဖြင့်သာ ရောင့်ရဲ၍ မိန်းမကိစ္စတွင် သိက္ခာရှိသူအဖြစ် တစ်ဖက်တွင် နာမည်ရသော်လည်း တစ်ဖက်တွင်မူ မလ္လိကာက သားသမီးမထွန်းကားသောအခါ တီးတိုးကဲ့ရဲ့သံများကို ကြားလာရသည်။ ဤတွင် မလ္လိကာရှိနေစဉ်၌ အခြားမယားပြဿနာမဖြစ်စေလိုသောသဘောဖြင့် မလ္လိကာကို မလ္လာတိုင်း မိဘရပ်ထံသို့ ပြန်လွှတ်သည်။

မလ္လိကာအဖို့လည်း သားသမီးမရသည့်ပြဿနာကြောင့် တစိုးစိုး တထိတ်ထိတ်နှင့် လိပ်ပြာမလုံခဲ့သည်မှာ ကြာမြင့်ခဲ့ပေပြီ။ ကုသိုလ်ကောင်းမှုပြုတိုင်း သားသမီးရပါစေကြောင်း ကျိတ်၍ဆုတောင်းသည်။ အခြားနည်းလမ်းအဖုံဖုံလည်း စုံခဲ့ပေပြီ။ သားသမီးမရသောကြောင့် အဘယ်မျှ ချစ်သည်ဆိုစေကာမူ တစ်နေ့တွင်တော့ ငါ့ကို စွန့်ပစ်တော့မှာပဲဟု မစောင့်လိုသော်လည်း စောင့်မျှော်နေခဲ့ရ၏။ ယခု ဖွင့်၍ပြောလာသောအခါ မိဘရပ်ဌာန်ပြန်သွားရန်မှတစ်ပါး အခြားမရှိတော့။ အကြောင်းမူကား ပြာဟ္မဏယောကျ်ားအဖို့ သားသမီးမရလျှင် သားသမီးပင်ရဦးတော့ မိန်းမချည်းမွေးလျှင်ပင် မယားကိုစွန့်နိုင်ခွင့်ရှိ၏။ ကြည်ကြည်သာသာနှင့် စွန့်လွှတ်သည်ကပင် တော်ပေသေးသည်။

လူသတ္တဝါတို့၏ ဘဝရည်မှန်းချက်တစ်ရပ်မှာ မျိုးဆက်ပြန့်ပွားရေးပင် ဖြစ်၏။ လင်ရယ် မယားရယ် ဖြစ်လာသောအခါ သားသမီးလိုချင်လာ၏။ ထိုမှတစ်ဆင့် မြေး၊ မြစ် လိုချင်လာပြန်၏။ ယင်းရည်မှန်းချက်မှာ ပြာဟ္မဏတို့တွင် ပို၍ကြီးမားသည်။ သားသမီးမျိုးဆက် ရရှိရေးအတွက် ရဟန်းဖြစ်သွားသောလင်ကိုပင် တောင်းပန်ဖျက်ဆီးကြသည်ကို ရှင်သုဒိန်၊ ရှင်ရဋ္ဌပါလ စသော ဖြစ်ရပ်ဇာတ်တော်များတွင် တွေ့ရှိကြရမည်ဖြစ်၏။ ပြာဟ္မဏနွယ်တို့အဖို့ လင်နေပါလျက် သားမမွေးလျှင် လင်ဖြစ်သူက ကွာရှင်းနှင်ထုတ်နိုင်ခွင့် ရှိသည်။ တစ်ဖန် သားမမွေးဘဲ သမီးချည်း မွေးပြန်လျှင်လည်း ကွာရှင်းနှင်ထုတ်ခွင့်ရှိသည်။

ထို့ကြောင့် မလ္လာပြည်သို့ မပြန်မီတွင် လင်ယောကျ်ားကလွဲလျှင် မိမိအားအထားဆုံးဖြစ်သော ဇေတဝန်ကျောင်းတော် ဘုရားရှင်အထံတော်သို့ အခိုက်မသင့်၍ ဘုရားရှင်မရှိလျှင်လည်း မောင်ကြီးတစ်ယောက်အလား မိမိအားအထားဆုံးဖြစ်သော ရှင်သာရိပုတ္တရာအား နှုတ်ဆက်ဖူးမြော်ရန် သွား၏။ ဘုရားရှင်နှင့် ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီရှေ့တွင် အဆင်သင့်ပင်တွေ့၍ ဖူးမြော်ရသည်။

ဦးသုံးကြိမ်ချပြီးနောက် "တပည့်တော်မ မိဘရပ်ဌာန် မလ္လာပြည်သို့ ပြန်ရပါတော့မည်ဘုရား"ဟု လျှောက်ထားလိုက်သောအခါ ဘုရားရှင်က "ဒါယိကာမကြီး လျှောက်ပုံက မပြန်လိုဘဲနှင့် ပြန်ရမည့်သဘောလား"ဟု မေးတော်မူသည်။

"မှန်လှပါသည်။ မပြန်လိုဘဲနှင့် ပြန်ရမှာပါ။ သားသမီးမထွန်းပေါက်၍ ခင်ပွန်းဖြစ်သူက ပြန်လွှတ်နေပါပြီဘုရား"

"သားရဖို့ ကိစ္စအတွက်သာဆိုရင်တော့ မပြန်ပါနှင့် ဒါယိကာမကြီး၊ ခင်ပွန်းသည်ထံမှာ စိတ်အေးလက်အေး နေပါတော့"

ဘုရားရှင်၏ ယင်းမိန့်ခွန်းတော်ကြောင့် မိလ္လိကာအဖို့ မိုးတိမ်ယံအထက်သို့ ပျံတက်သွားသည် ထင်ရလောက်အောင်ပင် ဝမ်းမြောက်မှုပီတိ ဝေလျှံသွားသည်။ သိတော်မူမြင်တော်မူသော ဘုရားရှင်၏ ဗျာဒိတ်စကားတော်ဆိုသည်မှာ ကြားရခဲဘိခြင်း ဖြစ်သည်။ စိတ်အေးလက်အေးသာ နေပါတော့ဟူသောစကားမှာ သားသမီး ပေါက်ဖွားတော့မည်ကို သိတော်မူ၍ မိန့်လိုက်ခြင်းသာဖြစ်၏။ ထိုမျှမက မိမိက သားရယ်သမီးရယ်ဟု ယေဘုယျ မရေမရာသဘောဖြင့် ရောနှောလျှောက်တင်လိုက်သည်ကို ဘုရားရှင်က သမီးမပါဘဲ သားဟုသာ ကေဝုစ်စကားဖြင့် မိန့်တော်မူလိုက်သည်ကို သတိပြုမိလိုက်သောကြောင့်လည်း ဝမ်းသားမဆုံး ဖြစ်ရ၏။

ထို့ကြောင့် ပီတိတရှိန်ရှိန်ဖြင့် အကြိမ်ကြိမ် ဦးနှိမ်ဆဲမှာပင် ဘုရားရှင်ထွက်ကြွ တော်မူသွားသောကြောင့် လှမ်းသည်ဟုမထင်ရသော ခြေလှမ်းများဖြင့်လည်းကောင်း၊ ကျောင်းတော်အပြင်သို့ရောက်လျှင် စီးလာသောရထားကို အသော့မောင်းနှင်စေခြင်းဖြင့် လည်းကောင်း အိမ်သို့ပြန်လာခဲ့ရာ ညနေခင်းအချိန်ဖြစ်သောကြောင့် အိမ်တွင် ခင်ပွန်းသည်ကို အသင့်တွေ့ရ၏။

''အစ်ကိုရေ၊ အစ်ကိုရေ''ဟု ကြည်နူးစွာအော်ရင်း ခင်ပွန်းသည်အနီးသို့ ရောက်သွားသောအခါ အမူအရာထူး၍ အံ့အားသင့်ဟန်ဖြင့်ကြည့်နေသော မဟာဗန္ဓုလက ''ဘယ်လိုဖြစ်လာတာလဲ မလ္လိကာ''ဟူသော အမေးတွင် ''အစ်ကိုရေ၊ ဝမ်းသာဖို့ ကောင်းလိုက်တာ၊ အရှင်ဘုရားထံသွားရောက်ပြီး နှုတ်ဆက်ဖူးမြော်တော့ ဘုရားရှင်က သားရဖို့ကိစ္စအတွက်သာဆိုရင် မလ္လာကို မပြန်ပါနဲ့တော့လို့ မိန့်တော်မူလိုက်တယ် အစ်ကိုရဲ့''ဟု ပြောလိုက်သည်။

''ဟုတ်လား၊ ဘုရားရှင်က ဒီအတိုင်းပဲ မိန့်တော်မူလိုက်သလား။ ဒီအတိုင်းသာ ဆိုရင်တော့ အစ်ကိုတို့ သားရဖို့ သေချာပြီ။ အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါးကို သိတော်မူတဲ့ ဘုရားရှင်ဟာ ဘယ်တော့မှ အချည်းနှီးမိန့်တော်မူရိုး မရှိဘူး။ စိတ်အေး လက်အေးသာ စိတ်ချပြီး ဒီမှာပဲနေတော့ မလ္လိကာ''

မှန်၏။ မလ္လိကာအဖို့ နှုတ်ငုံသန္ဓေ ရှိလေပြီတည်း။

## ကျောင်းတော်သို့

သိဒ္ဓတ္ထမင်းသားအဖြစ်သို့မရောက်မီ တုသိတာနတ်ပြည်တွင် သေတကေတုနတ်သား ဘဝက လောကသုံးပါးတွင် ဘုရားအဖြစ်ပွင့်တော်မူရန် နတ်ဗြဟ္မာအပေါင်းတို့ တောင်းပန် ကြရာ၌ ဘုရားဖြစ်ရန် အချိန်အခါသင့်မသင့် ကြည့်ခြင်းကြီးငါးပါး သို့မဟုတ်

ကြည့်ခြင်းကြီးရှစ်ပါးဖြင့် ကြည့်တော်မူရာတွင် သင့်တော်သောအချိန်အခါကို မြင်တော်မူခဲ့၏။ ပြောလိုသည်ကား ဘုရားဖြစ်လာပြီးနောက် သာသနာတော်၏ အခြေခံဌာနဟုပင် ခေါ်ဆိုနိုင်လိုက်သော သာဝတ္ထိသို့ကြွတော်မူသောအချိန်မှာ အဘက်ဘက်တွင် အဆင်ပြေလှသောအချိန်ဖြစ်၏။

တိုင်းရေးပြည်ရေး ငြိမ်းအေးသည်။ သာသနာတော်ကို စည်းစိမ်နှင့်အသက်ကိုပင် ရက်ရက်ရဲရဲပေးလှူ၍ ကိုးကွယ်သောကြောင့် ရဟန်းတော်တို့၏ ဖခင်ကြီးဟုပင် အမည်ရသော အနာထပိဏ်သူဌေးနှင့် အလိုက်သင့်တွေ့ဆုံရသည့်အလားတူ တစ်ဖက်တွင်လည်း ရဟန်းတော်တို့၏ မိခင်ကြီးဟုပင်အမည်ရသော ဝိသာခါ ဒါယိကာမကြီးနှင့် အလိုက်သင့်တွေ့ကြုံရသည်။ အယူအဆအားဖြင့် အစဉ်အလာတည်ရှိနေခဲ့သော ဗြာဟ္မဏဝါဒ သို့မဟုတ် တိတ္ထိဆရာကြီးတို့၏ ဝါဒမျိုးစုံတို့ဖြင့် လွှမ်းခြုံထားသည်ဖြစ်သော်လည်း ဝါဒမှန် ဝါဒကောင်းဘက်သို့ တွေးခေါ်မြော်မြင်သူတို့ ပေါ်များသောကြောင့် ဘုရားရှင်၏ အနတ္တဝါဒဘက်သို့ ဒီရေအလား တစ်နေ့တခြား တစ်ဟုန်တည်း တိုးပွားလာသည်။ နိုင်ငံကိုခြုံ၍ အုပ်ချုပ်ရသူဖြစ်သည့်အတိုင်း အစပိုင်းတွင် ပူးတုံခွာတုံနှင့် မရေမရာ ရှိခဲ့သော်လည်း နောက်ပိုင်းတွင်မူ ဘုရားရှင်ကိုသော်လည်းကောင်း၊ သာသနာတော်ကိုလည်းကောင်း မေတ္တာစေတနာအပြည့်နှင့် ကိုးကွယ်လာသော ကောသလဘုရင် အုပ်ချုပ်ချိန်နှင့်လည်း လိုက်ဖက်စည်ပင်လှသည်။

အစပိုင်းတွင် ကောသလမင်းသား ဘုရင်ဖြစ်လာသည်နှင့် မရှေးမနှောင်းမှာပင် ရာဇဂြိုဟ်နှင့် မင်းရေးစိုးရာ ကူးလူးဆက်ဆံကြရာမှ ဤလောက၌ ဘုရားတစ်ဆူ ပွင့်တော်မူလာပြီဖြစ်ကြောင်း ဂေါတမဗုဒ္ဓ၏ သတင်းကောင်းများကို အဝေးသတင်းအနေဖြင့် ရာဇဂြိုဟ်မှတစ်ဆင့် ကောသလဘုရင် ကြားလာခဲ့ရသည်။ ဂေါတမဗုဒ္ဓဟူသည် ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန၏သား သိဒ္ဓတ္ထမင်းသားဖြစ်ကြောင်း၊ ဉရုဝေလတွင် ခြောက်နှစ်တိုင်တိုင် တရားကျင့်သုံးကြောင်း၊ အရဟံအစ ဘဂဝါအဆုံးရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံကြောင်း၊ ဗိမ္ဗိသာရဘုရင်က တိုင်းပြည်ကို ထက်ဝက်ခွဲ၍ ပေးသည်ကိုပင် လက်မခံကြောင်း၊ အယူအစွဲ ကြီးမားသည်းထန်ရာ၌ နာမည်ကျော်လှသော တိတ္ထိဆရာကြီးတို့၏နေရာ ရာဇဂြိုဟ်မှ ဗိမ္ဗိသာရဘုရင်စသော ထိပ်တန်းပုဂ္ဂိုလ်အများပင် ဂေါတမဗုဒ္ဓကို ကိုးကွယ်နေကြပြီဖြစ်ကြောင်း စသောသတင်းစကားများပင်ဖြစ်၏။

အမှန်အားဖြင့် သာဝတ္ထိနှင့် ရာဇဂြိုဟ်သည် နိုင်ငံကြီးအချင်းချင်းအနေဖြင့် တန်းတူရည်တူဖြစ်စေကာမူ ဘာသာရေးအားဖြင့်မူကား သာဝတ္ထိသည် ရာဇဂြိုဟ်၏ လက်အောက်ခံဟု ဆိုရမည်ဖြစ်၏။ အကြောင်းမှာ ဘုရားရှင်ပွင့်တော်မမူမီ မဇ္ဈိမတိုက်ရှိ ထိုထိုနိုင်ငံများသို့ ပျံ့နှံ့လျက်ရှိသော အတ္တဝါဒီအယူအဆ အားလုံးလိုလိုမှာ တိတ္ထိဆရာကြီး

တို့၏ အယူဝါဒများဖြစ်ပေရာ၊ ထိုအယူဝါဒများပိုင်ရှင် တိတ္ထိဆရာကြီးတို့မှ ရာဇဂြိုဟ်တွင် အခြေခံတည်ကြသောကြောင့် ဖြစ်၏။

ဤလောက၌ သူမတူသော ဘုရားတစ်ဆူ ပွင့်တော်မူလိမ့်မည်ဟူသော ဗုဒ္ဓကောလာဟလအရ မဇ္ဈိမတစ်တိုက်လုံးကို လွှမ်းခြုံနေခဲ့သည်မှာ နှစ်ပေါင်းများစွာကပင်ဖြစ်၏။ ယင်းကောလာဟလအရ သူကလည်းဘုရား၊ ငါကလည်းဘုရားဟု ဂိုဏ်းဆရာကြီးတို့ အသီးသီး ပေါ်ပေါက်လာခဲ့ကြသည်။ သို့ရာတွင် တစ်ဆူသာ ပွင့်ရမည်ကို အဆူဆူပွင့်လာကြရာက ဝါဒပြိုင်၊ ဘုရားပြိုင်များဖြစ်လာခဲ့ကြသည်။ သို့ဖြစ်၍ ရာဇဂြိုဟ်တွင်လည်းကောင်း၊ သာဝတ္ထိတွင်လည်းကောင်း၊ ထိုထိုနိုင်ငံများတွင်လည်းကောင်း ဘုရင်မှစ၍ တစ်တိုင်းတစ်နိုင်ငံလုံးသည် မိမိတို့ နှစ်သက်ရာ၊ နီးစပ်ရာ အယူဝါဒများကို ကိုးကွယ်နေခဲ့ကြသည်။

အယူဝါဒရေးရာတွင် အလေးအနက်မရှိလှသော ကောသလဘုရင်အဖို့ကား အစဉ်အလာမျှဖြင့်သာ အလိုက်သင့်နေထိုင်ခဲ့သည်။ ထို့ကြောင့်လည်း နိုင်ငံတော်ကို အုပ်ချုပ်မှုကိစ္စ၌ တိတ္ထိတက္ကတွန်းရဟန်းတို့ ပေါများလှသောကြောင့် နိုင်ငံတော်တွင် လူထက်ဝက် ရဟန်းထက်ဝက်ဆိုရလောက်အောင်ပင် ရဟန်းတို့ပေါများနေခဲ့သည်ကို ရဟန်းတို့အပေါ်၌ အုပ်ချုပ်ရေးလွယ်ကူစေရန်အတွက် မိမိ၏ မင်းချင်းသူလျှိုများစွာကို ရဟန်းအသွင်ဆောင်စေကာ ထားရှိခဲ့ခြင်းဖြစ်ပေသည်။

ဤအတွင်း ဂေါတမဗုဒ္ဓ၏အကြောင်းများကို အဝေးသတင်းမျှပင် ကြားသိနေခဲ့ရရာက မိမိ၏အနီးကပ်ပုဂ္ဂိုလ်များဖြစ်သော ဇေတမင်းသား၊ အနာထပိဏ်သူဌေးတို့မှ တစ်ဆင့် ဂေါတမဗုဒ္ဓသည် သာဝတ္ထိသို့ ရောက်ရှိလာပြီဟူသောသတင်းကို ကြားသိလာရသည်။ သာမန်သတင်းမျှမဟုတ်။ သာဝတ္ထိထိပ်တန်းလောကနှင့်တကွ တစ်ပြည်လုံး လှိုက်ဆူကာ ကြိုဆိုခြင်းဖြင့် ရောက်ရှိလာသောသတင်းဖြစ်သည်။

ထိုအချိန်မှစ၍ ကောသလဘုရင်သည် ဂေါတမဗုဒ္ဓအပေါ် စိတ်ဝင်စားခဲ့ပြီ ဖြစ်၏။ သို့ရာတွင် ဘုရင်ဆိုသည်မှာ သူတကာလှုပ်တိုင်း လှုပ်ရသူမဟုတ်၊ ဟန်လုပ်ရသေးသည်။ အုပ်ချုပ်ရေး အဆင်ပြေမှုအတွက် အဘက်ဘက်ကိုကြည့်ရသေးသည်။ ယင်းသို့ဖြင့် ဘုရားရှင်၏ ရဟန်းတော်များသည် နန်းတော်အတွင်းတွင် ဗန္ဓုလစစ်သူကြီးတို့အိမ်မှအစ ထိုထိုမင်းအိမ်စိုးအိမ်များသို့ ဆွမ်းခံခြင်း စသည်ဖြင့် ကူးလူးကြွရောက်တော်မူကြသည်ကို ကောသလဘုရင် မြင်ရသောအခါ ယခင်အစဉ်အဆက်ကပင် မြင်လာခဲ့ရသော တိတ္ထိတက္ကတွန်းရဟန်းတို့နှင့်မတူ၊ ထူးခြားသေသပ်သောအဝတ်အရုံ၊ ရင့်ကျက်တည်ငြိမ်သောဣန္ဒြေတို့ကို တွေ့ရသောကြောင့် ကောသလ ဘဝင်ငြိလာခဲ့ပြီဖြစ်၏။

အထူးသဖြင့် ဘုရားရှင်၏ ရဟန်းတော်များအပေါ်တွင် ကောသလဘုရင် ဘဝင်ငြိသော အတွေ့အမြင်တစ်ရပ်မှာ ထိုရဟန်းတော်တို့၏ဦးခေါင်း ဆံပင်တို့ကို

ရိုက်ပယ်ထားကြခြင်းကိုပင်ဖြစ်၏။ အများအားဖြင့် တိတ္ထိရဟန်းဆိုသူတို့မှာ ဆံကေသာ လက်လေးသစ်၊ မုတ်ဆိတ်မုတ်နား ဗရပျစ်နှင့်ဖြစ်ကြ၏။ အချို့မှာ လက်လေးသစ်မျှမက ရှုပ်ပွေ ထူကြမ်းလျက်ရှိသော ဆံထွေးထုံးကြီးများကိုပင် တွေ့ရှိရသည်။

ဦးခေါင်း၌ ဆံပင်ထားရှိရခြင်းမှာ ဗြာဟ္မဏတို့၏အစဉ်အလာ အယူအစွဲနှင့် ဆက်စပ်သည်မှန်၏။ သို့ရာတွင် ဆံပင်၊ မုတ်ဆိတ် မုတ်နားဆိုသည်မှာ အမြဲတမ်းလိုလို ပြုပြင်ဆင်သနိုင်မှ တန်ကာကျ၏။ မပြုပြင် မဆင်သဘဲ ထားရှိခဲ့သော် ဦးခေါင်းတစ်ခုလုံး ရှုပ်ထွေး၍ မြင်သူတိုင်း စိတ်မချမ်းသာဖွယ်ရာ ဖြစ်သည်။

တစ်နေ့ ညီလာခံတွင်မူ ဘုရားရှင်၏ရဟန်းတော်များအကြောင်းကို မိမိကပင် စတင်၍ အမိန့်ရှိလိုက်သည်။

''ငါတို့ နန်းတော်ထဲမှာ ခုတလော ရဟန်းအသစ်တွေကြွလာတာ တွေ့တွေ့ နေရပါကလား''ဟု အမိန့်ရှိလိုက်သောအခါ နှုတ်သွက်လျှာသွက်ရှိလှသော ဇေတမင်းသားက ''ဂေါတမဗုဒ္ဓရဲ့ ရဟန်းတော်တွေပါ အရှင်မင်းကြီး''ဟု လျှောက်တင်လိုက်သည်။

ဇေတမင်းသားမှာ ကိုးကွယ်မှုရေးရာတွင် အမှတ်မထင်သာ နေခဲ့သူဖြစ်၏။ သို့ရာတွင် သာဝတ္ထိသို့ ဘုရားရှင်ကြွရောက်လာသော အချိန်၌မူ ဇေတဝန် ကျောင်းတော်ကြီးတွင် တစ်စိတ်တစ်ဒေသအလှူရှင်အဖြစ် ပါဝင်ကာ ''ဇေတဝန် ကျောင်းတော်''ဟူ၍ပင် အနာထပိဏ်၏ လိုက်လျောမှုအရ မိမိအမည်ကို ကမ္ပည်း အတပ်ခံရသူဖြစ်သောကြောင့် ဘုရားရှင်၏ကျောင်းဒကာဟူ၍ပင် ဆိုနိုင်ပြီဖြစ်၏။

''အဲဒီ ရဟန်းတော်တွေ မြင်တွေ့ရတာက အရင်ရဟန်းတွေနဲ့မတူဘူးကွယ့်။ အသွင်ကလွှေ ထူးခြားလှတယ်''

''မှန်လှပါ၊ မတူရိုးအမှန်ပါ။ ထူးခြားရိုးအမှန်ပါ။ ဂေါတမ ရဟန်းတော်များဟာ ကျောင်းမှာသာမဟုတ်၊ မြို့ထဲရွာထဲသို့ ဆွမ်းခံစသည်ထွက်လျှင် မိမိရှေ့လေးတောင်ခန့် သာကြည့်ပြီး တရားရှုမှတ် ကြွသွားကြရပါတယ်ဘုရား''

''နိုင်ငံတော်မှာ ဂေါတမဘုရားရှင်ရဲ့ ရဟန်းတွေ အတော်များနေပြီ ထင်ပါရဲ့''

''မှန်လှပါ အရှင်မင်းကြီး၊ နန်းတော်အတွင်းမှာတွေ့ရတာဟာ အနည်း အကျဉ်းပါ။ နိုင်ငံတော်အတွင်းမှာဆိုရင် အနာထပိဏ်သူဌေးရဲ့အိမ်မှာ နေ့စဉ်သံဃာတော် နှစ်ထောင်ကို မပြတ်ဆွမ်းလုပ်ကျွေးပါတယ်။ အလားတူပဲ ဝိသာခါရဲ့အိမ်မှာလဲ နေ့စဉ် သံဃာတော်နှစ်ထောင်ကို ဆွမ်းလုပ်ကျွေးပါတယ်။ စူဠအနာထပိဏ်အိမ်က သံဃာငါးရာ၊

သုပ္ပိယာ ဒါယိကာမအိမ်က သံဃာငါးရာ နေ့စဉ်ဆွမ်းလုပ်ကျွေးကြပါတယ်။ အခြားသော ဒါယကာအများလဲ ရှိကြပါသေးတယ်ဘုရား"

"ဒီလိုဆိုရင် ဝိသာခါ အနာထပိဏ်တို့တောင် နေ့စဉ်ဆွမ်းလုပ်ကျွေးကြတယ်ဆိုတော့ ငါတို့လဲ လုပ်ကျွေးပေးလှူသင့်တာပေါ့"

"အလွန်သင့်မြတ်ကြောင်းပါဘုရား"

သို့နှင့် ဇေတဝန်ကျောင်းတော်သို့ ထိုနေ့ညနေပိုင်းတွင်ပင် ဘုရားပင့်ရန် ထွက်တော်မူသည်။ ထွက်ကြွသည့်အချိန်မှာ ဇေတမင်းသား၏ အကြံပေးရွေးချယ်ချက်အရ ဖြစ်သည်။ အကြောင်းမှာ ညနေပိုင်းအချိန်သည် ဇေတဝန်၌ ရဟန်းတော်တို့ စည်းဝေးချိန်ဖြစ်ပေရာ၊ ရဟန်းတို့အလယ်၌ တင့်တယ်လှစွာသော ဘုရားရှင်အား ကြယ်တာရာတို့အလယ်မှ လမင်းကြီးအလား ဘုရားရှင်၏ အသရေတော်ကိုဖူးတွေ့စေလိုသောကြောင့် ဖြစ်သည်။

ဘုရင်ကြွလာသောအချိန်တွင် သိတော်မူ၊ မြင်တော်မူသော ဘုရားရှင်က ရဟန်းတို့အလယ်မှ ရောင်ခြည်တော်ခြောက်ဆိုင်ကို တစ်ပြိုင်နက်ဖွင့်၍ ဖူးမြော်ခံတော်မူသည်။ အကြောင်းမှာ ဘုရားရှင်သက်တော်တစ်လျှောက်၌ မိမိသည် သာဝတ္ထိတွင် နှစ်ပေါင်းများစွာ ဝါတော်အများဆုံး သီတင်းသုံးကာ သာသနာတော်ပြုရမည်ဖြစ်ပေရာ ဘဝများစွာကပင် ပါရမီရေစက် မကင်းခဲ့သော ဤဘုရင်သည် သာဝတ္ထိ၏ အကြီးအကဲဖြစ်သည့်အတိုင်း အနာဂတ် သာသနာတော်အရေးတွင် အဘက်ဘက်မှ အေးချမ်းပြည့်စုံစေမည်ဖြစ်သောကြောင့် ဖြစ်သည်။

ရဟန်းတော်များ၏ ဣန္ဒြေမှုကိုပင် မြင်ရ၍ ကြည်ညိုသော ကောသလဘုရင်အဖို့ ဘုရားရှင်ကိုဖူးတွေ့ရသောအခါ အကြည်ညိုကြီး ကြည်ညိုသွားသည်။ ဘုရားရှင်၏ ဝဲယာတွင်ခြံရံလျက်ရှိသော ရဟန္တာကြီးတို့အား ငြိမ်ဝပ်လှသောအသွင်ဖြင့် ကျောက်တိုင်ကျောက်စေတီများအလား ဖူးတွေ့ရသောအခါတွင်လည်း အံ့သြဘနန်း ကြည်ညိုသွားသည်။ အကြောင်းမှာ နိုင်းယှဉ်စရာ မရှိသောအချိန်က အစဉ်အလာအားဖြင့်ပင် အမှတ်မဲ့ကိုးကွယ်တွေ့ရှိလာခဲ့သော တက္ကတွန်းရဟန်းတို့နှင့် အကွာခြားကြီး ကွာခြားနေသောကြောင့် ဖြစ်သည်။

ဘုရားရှင်ကို ကြည်ညိုကြသည်ဆိုရာ၌ သုံးမျိုးသုံးစား ခွဲခြားထားသည်။ ပထမမှာ အဆင်းတော်ကို ကြည်ညိုခြင်းဖြစ်၏။ မတွေ့မမြင်ကာမှသာ ရှိစေ၊ တွေ့မြင်ဖူးမြော်ခဲ့ရပါသော် တွေ့သည်နှင့် တစ်ပြိုင်နက် ဘုရားရှင်၏ အဆင်းတော်အား မကြည်ညိုနိုင်သူဟူ၍ ရှာမှရှား၏။ တကယ်ရှား၏။ သာမန်ပုဂ္ဂိုလ်များကိုထားဦး၍

က္လာသာမျက်လုံးဖြင့် ဖုံးလွှမ်း၍ကြည့်သော ဘာသာခြား ဆရာကြီးတို့ပင်လျှင် ဝန်မခံသော်မှရှိစေ၊ စိတ်ထဲကမူကား ချီးကျူး နှစ်ခြိုက်လိုက်ရသည်သာဖြစ်၏။

ဤသို့ မကြည်ညို မနှစ်ခြိုက်ဘဲ မနေနိုင်ကြသောအကြောင်းမှာ သာမန် အကြောင်းမျှမက ထူးခြားသော အကြောင်းကြီးရှိသည်။ ယင်းသည်ကား ဗြာဟ္မဏတို့အဖို့ အလှဆုံး၊ အခန့်ဆုံး၊ အထူးခြားဆုံး၊ ကြည်ညိုဖွယ်အကောင်းဆုံးဟု ပဝေဏီကျမ်းဂန်ဖြင့် သတ်မှတ်ထားသော သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်တို့နှင့် ပြည့်စုံနေသော အကြောင်းပင်ဖြစ်ပေသည်။ ဗြာဟ္မဏတို့ လေးစားအပ်သော ပဝေဏီကျမ်းက အကြင်ယောက်ျားတစ်ယောက်သည် သုံးဆယ့်နှစ်ပါးသော လက္ခဏာကြီးငယ်များနှင့် ပြည့်စုံခဲ့ပါသော် ထိုယောက်ျားသည် စကြဝတေးမင်းသော်လည်းဖြစ်ရာ၏။ လောက သုံးပါးတွင် ဘုရားသော်လည်းဖြစ်ရာ၏ဟုပင် အဆုံးအဖြတ်ပေးထားသည် မဟုတ်ပါလော။

ထို့ကြောင့် ဘုရားရှင်ကို ဖူးတွေ့ရသည်ဆိုလျှင်ပင် လူသာမန်တို့က ကြည်ညိုဖွယ်ရာ ရုပ်အသွင်ဖြင့် ရိုးရိုးပင်ကြည်ညိုလိုက်ကြသော်လည်း အဆင့်မြင့် ဂိုဏ်းဆရာ၊ ပညာရှိ ဗြာဟ္မဏကြီးတို့ကမူ ဘုရားဟု ဝန်ခံထားသော ဂေါတမဗုဒ္ဓအား တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် မိမိတို့စိတ်ကူးဉာဏ်တွင် သုံးဆယ့်နှစ်ပါးသော ပေတံဖြင့် တိုင်းထွာကြည့်လိုက်ကြမြဲ ဖြစ်သည်။ ထိုအခါ သာမန်အားဖြင့် မမြင်နိုင်သော ခန္ဓာကိုယ် နေရာနှစ်ခုမှ လျှို့ဝှက်အပ်သော လက္ခဏာနှစ်ပါးကို ကတ်သီးကတ်သတ်ပင် စစ်ဆေးလိုကြသော ဇာနုသောဏိ၊ ဗြဟ္မာယုစသော ထိပ်တန်းဗြာဟ္မဏဆရာကြီးတို့၏ အလို ပြည့်ဝစေခြင်းငှာ ယင်းလျှို့ဝှက်အင်္ဂါနှစ်ပါးကို တန်ခိုးတော်ဖြင့် ထုတ်ဖော်ပြသ ရသည်များပင် ရှိ၏။ ယင်းအင်္ဂါနှစ်ပါးဟူသည်ကား သက်နှင်းအတွင်းမှ လျှို့ဝှက်လက္ခဏာ အင်္ဂါတစ်ပါးနှင့် ရှည်လျားသောလျှာတော်ပင်ဖြစ်၏။ ယင်းသုံးဆယ့်နှစ်ပါးသော လက္ခဏာတော်အပေါ်တွင် သဗ္ဗညုတဉ္ဉာဏ်တော်လျှင် အရင်းခံအပ်သော ရောင်ခြည် တော်ခြောက်သွယ်တို့ဖြင့် အလေးကဲလိုက်သောအခါ ထိုအဆင်းတော်ကို ဖူးတွေ့ရသူ မှန်သမျှ အဘယ်သူ မကြည်ညို မနှစ်ခြိုက်နိုင်ဘဲ ရှိပါချေတော့အံ့နည်း။ အသိရှိသော လူသတ္တဝါတို့ကိုထားဦး၍ တိရစ္ဆာန်များပင်လျှင် ကျိုးနှိမ်ဦးညွတ်လာကြရသည်။

ဒုတိယ အကြည်ညိုခံကား အသံတော်ပင်ဖြစ်၏။ ဘုရားရှင်၏အသံတော်ကို ကောင်းသည်၊ သာယာသည်၊ အောင်မြင်သည်၊ ပြတ်သားသည် ဆိုစကောင်းမျှဖြင့် ထူးခြားသည်ဟု မဆိုလိုလျှင် မဆိုနိုင်သေး။ အကြောင်းမူကား အသံကောင်းသူ၊ သာယာအောင်မြင်သူတို့ကို ဤလောကတွင် တွေ့နိုင်သောကြောင့် ဖြစ်သည်။ အထူးခြား ဆုံးမှာကား ကြားနာရသူ အကြင်သူတစ်ယောက်အဖို့ မိမိတစ်ဦးတည်းသို့ အရေးတယူ ဂရုတစိုက် ဦးတည်မိန့်ဆို ဟောကြားနေသည်ဟု အထင်ရောက်စေခြင်းပင် ဖြစ်သည်။

တတိယအကြည်ညိုခံကား ဟောကြားအပ်သော တရားတော်ပင် ဖြစ်ပေ၏။ ဘုရားရှင်၏ တရားတော်များဟူသည် အချို့ ကြားနာရသူများအဖို့ မလိုအပ်သော အခုအခံကြောင့် အံချော်နေသည်ပင်ဖြစ်စေ၊ သဘောပေါက်လာသည့်အခါတွင်ကား အားရနှစ်ခြိုက် သိမ်းပိုက်လက်ခံနိုင်ကြသည်သာ ဖြစ်၏။ ကြားနာရစဉ်ကပင် သဘောပေါက်သူတို့အဖို့ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ ဓမ္မစကြာတို့လို၊ အနတ္တလက္ခဏာသုတ်တို့လို တရားတော်ပွဲကြီးများတွင် မရေမတွက်နိုင်အောင်ပင် ကျွတ်တမ်းဝင်ကုန်ကြသည်။

သို့ရာတွင် တရားဟူသည် စဉ်းစားနိုင်းချိန်မှုနှင့် သက်ဆိုင်သောကြောင့် စဉ်းစားနိုင်ချိန်မှုနည်းပါးသော ဤလောကဌ် ကြည်ညိုမှုပေတံဖြင့် တိုင်းထွာလိုက်သော အခါ ဘုရားရှင်အား ကြည်ညိုမှုဟူသည် တရားတော်ကြောင့် ကြည်ညိုခြင်းမှာ တတိယဖြစ်၏။ ပထမ၊ ဒုတိယ၊ တတိယ ဆိုသည့်အတိုင်းပင် အဆင်းတော်ကြောင့် ကြည်ညိုမှုများခြင်းမှာ ပထမအများဆုံး၊ အသံတော်ကြောင့် ဒုတိယအများဆုံး၊ တရားတော်ကြောင့် တတိယအများဆုံးဖြစ်သည်။

ပြောလိုသည်မှာကား တစ်ဖက်တွင် သဒ္ဓါစရိုက်ရှိ၍ တစ်ဖက်တွင် ရာဂစရိုက် အတန်များဟန်တူသော ကောသလဘုရင်သည် ဘုရားရှင်ကို ဖူးမြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် အကြည်ညိုကြီး ကြည်ညိုလိုက်မိပြီဖြစ်၏။ သဒ္ဓါစရိုက်နှင့် ရာဂစရိုက်သမားများသည် အပြင်ပန်းလက္ခဏာတွင် သာမန်အားဖြင့် တူညီလေ့ရှိကြသည်။ အလှအပကြိုက်သည်။ အသာအယာကို နှစ်သက်သည်။ ကြည်ညိုဖွယ်တွေ့လျှင် စူးစူးစိုက်စိုက် ကြည်ညို၍ နက်နက်နဲနဲဆင်ခြင်စဉ်းစားမှု အားနည်းသည်။ ကောသလဘုရင်သည် နောင်အခါ၌ ဘုရားရှင်နှင့် ဆရာဒကာမက ကြည်ညို၍ ရင်းနှီးလာသောအခါ လျော်၏ မလျော်၏ မစဉ်းစား။ သူ့ချစ်ရေးချစ်ရာ အတွင်းရေးကိစ္စအထိ ဘုရားရှင်အား လျှောက်ထားသည်။ တရားနာလိုလျှင် နာနိုင်ဖို့ရန်အတွက် ဘုရားရှင်မှစ၍ ထိပ်သီး ရဟန္တာကြီးတွေ မြောက်မြားစွာရှိပါလျက် အသံကောင်း၍ ရုပ်ချောသည်ဟု ကျော်ကြားသော လျှပ်လျှပ်ပေါ်ပေါ် ဘိက္ခုနီမလေး ထုလ္လနန္ဒာ၏ တရားကိုပင် သွား၍ နာသည်။ အချိန်သင့် အခါသင့်ဟူ၍ပင် မရွေးတော့ဘဲ ဘုရားရှင်အား ခင်မင်ကြည်ညိုလှသောကြောင့် အခွင့်သာတိုင်း ဘုရားရှင်အနီးသို့ လာရောက်ချဉ်းကပ်လေ့ရှိခဲ့ရာက တစ်ချိတွင် ဘုရားရှင်အနီးတွင် ဘုရင့်သိက္ခာကိုပင် သတိမရတော့ဘဲ ထိုင်၍ ငိုက်သည်အထိ ဘုရားရှင်နှင့် ရင်းနှီးလာသည်။

ကောသလဘုရင်က ဘုရားရှင်ကို အကြိမ်ကြိမ်ဦးနိမ်၍ အာလာပ သလ္လာပ စကား လျှောက်ထားပြီးနောက် နက်ဖြန် နံနက်မှစ၍ ခုနစ်ရက်တိုင်တိုင် သံဃာတော်

တစ်ထောင်နှင့်တကွ နန်းတော်သို့ ဆွမ်းစားကြွပါရန် ပင့်ဖိတ်သည်။ ဘုရားရှင်က သည်းခံတော်မူ၏။ ယင်းဆွမ်းကျွေးရက် ခုနစ်ရက်အတွင်း၌ ကောသလဘုရင်၏ သဒ္ဓါတရားသည် တိုးပွားဖွယ်ရာ အကြောင်းရပ်တို့ကို တွေ့ကြုံရသောကြောင့် တစ်နေ့တစ်ခြား တိုးပွားလာခဲ့၏။ ပထမအတွေ့အကြုံမှာ ဘုရားရှင်၏ ရဟန်းတော်များသည် အခြားဂိုဏ်းအသီးသီးရှိ ရဟန်းများနှင့်မတူဘဲ ဆံပင်ကို ရိတ်ပယ်ထားခြင်းပင်ဖြစ်၏။

## ဦးပြည်းခေါင်းတုံး

ပထမသော် ကောသလဘုရင်အဖို့ ယင်းအတွေ့အကြုံအတွက် စိတ်ထားမကြည်မလင် ဖြစ်မိသေးသည်။ အကြောင်းမှာ ဦးခေါင်းတွင် ဆံပင်ကို မရိတ်မဖြတ်ဘဲ ထားရှိရခြင်းသည် ဗြာဟ္မဏတို့၏ အစဉ်အလာ မင်္ဂလာရှိသည်ဟု ယူဆအပ်သော အစွဲကြီး တစ်ရပ်ဖြစ်သည်။ ဗြာဟ္မဏမှန်လျှင် ဆံပင်ရှိရသည်။ ဆံပင်ရှည်သလောက် မင်္ဂလာ ရှိသည်ဟု ယူဆ၍ အနည်းဆုံးအားဖြင့် အစဉ်အလာ အယူအစွဲ မပျောက်စေရန်အတွက် ဆံနှစ်ပင် သုံးပင်မျှကိုပင်ဖြစ်စေ တရိုတသေ ထားရှိရသည်။

ယင်းအစဉ်အလာနှင့် ဆန့်ကျင်၍ ကောသလဘုရင်သည် ဘုရားရှင် ရဟန်းတော်များတွင် ဦးပြည်းခေါင်းတုံးများကိုချည်း တွေ့ရသောအခါ ဇဝေဇဝါနှင့် မင်္ဂလာကင်းမဲ့သယောင် အထင်ရောက်ခဲ့ရသေးသည်။ နန်းတော်ရှိ အမတ်အချို့ထံမှ ယင်းကိစ္စအတွက် ဂေါတမဗုဒ္ဓ ရဟန်းတော်များသည် ဦးပြည်းခေါင်းတုံးများဖြစ်သော ကြောင့် မင်္ဂလာမရှိ၊ ကျက်သရေကင်းမဲ့လေသယောင် တီးတိုး တီးတိုး သဖန်းပိုး ပြောဆိုချက်များကိုလည်း ကြားသိနေရသောကြောင့်ဖြစ်၏။

ဤတွင် ဖြတ်၍ပြောရန်ရှိသည်မှာ ကောသလဘုရင် နန်းတော်နှင့် ဘုရားရှင် သာသနာတော်တို့၏ နန်းတွင်းပြဿနာရပ်များအကြောင်းကိုပင် ဖြစ်၏။ စစ်စစ်ဆိုသော် နန်းတွင်းပြဿနာမျှမက ဘုရားရှင်သာသနာတော်နှင့် သာဝတ္ထိတစ်ပြည်လုံး၏ ပြဿနာ ဟုလည်း ဆိုနိုင်၏။ ဤမျှမက ရာဇဂြိုဟ်၊ ကပိလ၊ ကောသလတိုင်းတို့မှစ၍ ဘုရားရှင် ရောက်တော်မူလေရာ ပြဿနာဟူ၍လည်း ဆိုနိုင်၏။

ဘုရားရှင်သာသနာတော် ရောက်လေရာ နေရာတိုင်းတွင် ရှိရင်းစွဲဖြစ်သော ဗြာဟ္မဏဘာသာမှစ၍ အခြားဂိုဏ်း အသီးသီးနှင့် ဆန့်ကျင်ရသော ပြဿနာကြီးပင် ဖြစ်ပေ၏။

ရာဇဂြိုဟ်တွင် အရင်းလဲ၍ အဖျားထင်းဖြစ်ကုန်သည်ဆို၏။ ယင်းသို့ ဗိမ္ဗိသာရ ဘုရင်တည်းဟူသော ပင်ရင်းကို လှဲနိုင်သောကြောင့် အဖျားဖြစ်သော မျှူးကြီးမတ်ရာ

စသူတို့ ထင်းဖြစ်ကုန်ခဲ့သည်မှန်သော်လည်း ဆန့်ကျင်လာသော ဘာသာတစ်ပါးအတွက် အတိုက်အခံမျိုးစုံတို့ ရှိနေဆဲမှာကား အမှန်ပင်ဖြစ်ပေသည်။

အခြားနေရာများကိုထားဦး၍ ပင်ရင်းဖြစ်သော မိမိနိုင်ငံ ကပိလတွင်ပင် ဆန့်ကျင်ဘက်တို့ ရှိနေခဲ့ဖူး၏။ အကြောင်းမှာ သားတည်းဟူသော သံယောဇဉ်အရ ခမည်းတော်ဘုရင်ကြီး ပင့်ဖိတ်ချက်ကြောင့် ကပိလသို့ ကြွသွားတော်မူကြသောအခါ ဘုရားဖြစ်လာပြီးဆိုဦးတော့၊ မိမိတို့အောက်ငယ်သော သားတော်၊ တူတော် ညီတော်ဖြစ်သော သိဒ္ဓတ္ထရဟန်းကို ရှိခိုးရမည်ကြောင့် ဘုရားရှင်ထက် သက်ရွယ်ကြီး သောသူတို့သည် ပထမတွင်ရှောင်ဖယ်၍ နေကြသည်။ ဖအေဖြစ်နေ၍ မရှောင်ဖယ်နိုင် သော ခမည်းတော် သုဒ္ဓေါဒနပင်လျှင် ပထမသော် ငါ့သားသော်ကောဟု ရှိမခိုး၊ တင်း၍ခံနေသည်။ အကြောင်းမှုကား ဗြာဟ္မဏတို့၏ အစဉ်အလာအားဖြင့် ရှိခိုးမှု၊ အရိုအသေပြုမှု ဆိုသည်မှာ အသက်ငယ်သူက အသက်ကြီးသူကိုသာ ပြုလုပ်ရရိုးဖြစ်၍ မိမိအောက်အသက်ငယ်သူအား ရှိခိုးခြင်း၊ ရိုသေခြင်းပြုလုပ်ရရိုးမရှိသောကြောင့် ဖြစ်သည်။ နောင်အခါတွင်မှ ဘုရားရှင်၏တရားတော်ကို နာရခြင်း၊ သူတို့ အလွန်အထင်ကြီးသော ရေမီးအစုံတည်းဟူသော တန်ခိုးတော်ကို ဖူးတွေ့ရခြင်း တို့ကြောင့်သာ ပြုဆင်းလာခြင်း ဖြစ်သည်။ သို့နှင့်ပင် ခမည်းတော်ကြီးသည် သားတော်အား လယ်ထွန်မင်္ဂလာပြုရာ သပြေပင်ရိပ်၌ သမထစျာန် ဝင်စားနေသည်ကို မြင်ရစဉ်တုန်းက တစ်ကြိမ်၊ ဒေဝီလ ရသေ့ကြီး၏ ဦးထိပ်သို့ တက်ရောက်ခဲ့သော အံ့ဘနန်းတန်ခိုးကို ပြခဲ့စဉ်ကတစ်ကြိမ် ယခု သုံးကြိမ်မြောက်ရှိခိုးခြင်းပါဘုရားဟု တစ်ကြိမ်မျှ ရှိခိုးရခြင်းကို အမှတ်ထင်ထင် တန်ဖိုးကြီးစွာထား၍ ရှိခိုးခြင်းဖြစ်သည်။

ရာဇဂြိုဟ်တွင်လည်း အလားတူပင်ဖြစ်၏။ ယခု သာဝတ္ထိသို့ သာသနာတော် ရောက်လာရာ၌ ရောက်လာသည်ဆိုကတည်းက ဘာသာတစ်ပါးတို့ တုန်လှုပ်ဆန့်ကျင် ခဲ့ရာက ကောသလဘုရင်ကိုယ်တိုင် ကျောင်းတော်သို့သွား၍ ရှိခိုးဖူးမြော်ခြင်း၊ နန်းတော်သို့ ပင့်၍ ဆွမ်းကျွေးခြင်း စသည်ဖြင့် ဦးကျိုးပြီဆိုသောအခါ အရင်းလဲသောကြောင့် အဖျားအနား နန်းတွင်းသား မှူးကြီးမတ်ရာတို့ ပြောင်ပြောင်တင်းတင်း မဆန့်ကျင် ဝံ့သော်လည်း အခွင့်သာသလောက် တိတ်တခိုးဆန့်ကျင်မှုမှာကား ကြီးမား၍လာသည်။

ထို့ကြောင့် ဗြာဟ္မဏတို့၏ အစဉ်အလာ အယူအစွဲနှင့် ဆန့်ကျင်သော ရဟန်းတော်တို့၏ ဦးပြည်းခေါင်းတုံးကို အကြောင်းပြု၍ ရှုတ်ချကြသည်။ မိမိတို့အောက် ငယ်သောရဟန်းတို့အား ရှိခိုးရိုသေမှုကို အစဉ်အလာဖြင့်ပြု၍ ဆန့်ကျင်ကြသည်။

ဤသည်ကို တစ်ဖက်တွင်ကြည်ညိုစိတ်နှင့် တစ်ဖက်တွင်လည်း အစဉ်အလာစွဲ နှင့် မရှင်းမလင်းရှိနေသော ကောသလဘုရင်က "အရှင်မြတ်ဘုရား၊ အဦးအထိပ်

ဖြစ်သော ဆံပင်ဟူသည် မင်္ဂလာယူအပ်သောအရာဖြစ်၍ အစဉ်အလာအားဖြင့်ပင် ရှိသေစွာထားရှိခဲ့ကြပါသည်။ အခြား အခြားသော ရသေ့၊ ရဟန်းတို့သည်လည်း ဆံပင်ထားရှိကြပါသည်။ အရှင်ဘုရားတို့သည်ကား ဆံပင်ကိုရိတ်ပယ်၍ ထားကြသည်မှာ အဘယ်ကြောင့်ပါနည်း ဘုရား''ဟု လျှောက်ထားသောအခါ ဘုရားရှင်က ''မင်းကြီး၊ အစဉ်အလာစွဲ၊ ဆရာစွဲ၊ စာစွဲဟူသည် ကောင်းသည်လည်းရှိ၏။ မကောင်းသည်လည်း ရှိ၏။ ပညာရှိသည် အစဉ်အလာစွဲ၊ ဆရာစွဲ၊ စာစွဲဟူသည်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဝေဖန်၍ လက်ခံသင့်သည်ကို လက်ခံ၊ ပယ်သင့်သည်ကို ပယ်ရသည်။ သံသရာမှ လွတ်မြောက်မှုတရားကိုသာ အစဉ်ရှေးရှု၍ အားထုတ်ကျင့်သုံးလျက်ရှိသော ငါ့တို့ ရဟန်းများအတွက် ကောဋ္ဌာသ အစုအဝေးမျှသာဖြစ်၍ သက်ဆိုင်ရာ ဆင်းရဲမှုမျိုးရုံကို ပေးသော ဆံပင်၌ အဘယ်ကြောင့် တွယ်တာနေရအံ့နည်း''ဟု ဟောတော်မူလိုက်သော အခါ ကောသလဘုရင် ဘဝင်ကျသွားသည်။

## အဝတ်အစုံ

ဒုတိယကြည့်ညိုမှုမှာ ဘုရားရှင်နှင့် ရဟန်းတော်တို့၏ သင်္ကန်းအဝတ်အရုံကိုပင် ဖြစ်၏။

ရသေ့၊ ရဟန်း မျိုးစုံတို့သည် အဝါရောင်၊ အညိုရောင် သင်္ကန်းဟုဆိုအပ်သော အဝတ်အရှည်ကြီးများကို ဝတ်ရုံကြပါ၏။ သို့ရာတွင် ရဟန်းသာမဏေပြုစဉ်ကပင် မည်ကဲ့သို့ ဝတ်ရုံရမည်ဟု သေသေသပ်သပ် ကွပ်ညှပ်လမ်းညွှန်၍ ပေးထားအပ်သော ဗုဒ္ဓရဟန်းတော်၏ အဝတ်အရုံမှာ သပ်ရပ်သည်။ ညီညာကွပ်ရှပ်၍ ဣန္ဒြေကိုဆောင်သည်။ တွဲလျားကျခြင်း၊ လူတို့အဝတ်အဆင်ကဲ့သို့ အစွန်းအစ ထွက်ခြင်းမရှိ၊ ပိရိသည်။ ဦးခေါင်းနှင့် ခြေဖျားလက်ဖျားတို့မှအပ လုံခြုံသည်။ ထို့ကြောင့်လည်း နန်းတော်ဝင်းတွင် ဗုဒ္ဓရဟန်းတော်များကို မြင်လိုက်ရစဉ်ကတည်းက မိမိမြင်နေကျ အခြားရသေ့၊ ရဟန်း ဆိုသူနှင့် မတူပါတကားဟု သဒ္ဓါတရား ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။

## လှုပ်ရှားမှု

တတိယကြည့်ညိုမှုမှာ တည်ငြိမ်လှစွာသော လှုပ်ရှားမှုပင်ဖြစ်၏။ ခြေကားရား၊ လက်ကားရား ဦးခေါင်းလှုပ်ရှားမှုမရှိ၊ သေသေသပ်သပ် လှမ်းကြသည်။ ထိုထက် ထူးခြားမှုမှာကား ဗုဒ္ဓရဟန်းတော်များသည် ရှုမြင်ဖွယ်မျိုးစုံသော ပတ်ဝန်းကျင်တို့သို့ မကြည့်ဘဲ မျက်စိရှေ့တွင် လေးတောင်ခန့် သို့မဟုတ် ထမ်းပိုးတစ်ပြန်ခန့်ကိုသာ ကြည့်ရှုသော စက္ခုန္ဒြေ ထိန်းသိမ်းမှုပင်ဖြစ်၏။

## ဆွမ်းခံဆွမ်းစားခြင်း

နန်းတော်တွင် ဆွမ်းကပ် ဆွမ်းကျွေးမိသောအခါ ထူးထူးခြားခြားတွေ့ရသည်မှာကား လောင်းလှူသောဆွမ်းကို သပိတ်ဖြင့်ခံယူခြင်း၊ ဆွမ်းဘုဉ်းပေးခြင်းတို့၌ အစာအာဟာရ လောလုပ္ပအစွန်းထွက်မှုကြောင့် တစ်စုံတစ်ရာလှုပ်ရှားမှုကို မတွေ့ရဘဲ သေဝပ်ငြိမ်ဆိတ်လှ သည်ကို တွေ့ရသောအခါ ကောသလဘုရင်အဖို့ ကြည်ညိုရုံမက အံ့အားပင်သင့်မိသည်။

အကြောင်းမှာ ကောသလဘုရင် စသော အထက်တန်းစားတို့အဖို့ ထမင်းဝိုင်း ဟူသည် ကိုယ်လက်ကြည်သာခြင်း၊ စကားပြောခြင်း စသည်ဖြင့် ပျော်ရွှင်စွာ လှုပ်ရှား အပ်သော ကိစ္စတစ်ရပ်အဖြစ် ပြုလုပ်ကြမြဲဖြစ်၏။ ထမင်းဝိုင်း၊ အစားအသောက်ဝိုင်း ဟူသည် မိသားစု၊ သို့မဟုတ် ချစ်ကြည်သူတို့ မျက်နှာချင်းဆိုင် တွေ့ဆုံရာဖြစ်၍ ဝမ်းမြောက်ဝမ်းသာနှင့် စကားပြောဆိုရာနေရာဖြစ်သည်ဟု နားလည်ထား၏။

ဤနန်းတော်တွင် ဘုရားရှင်မတိုင်မီက အခြား ရသေ့၊ ရဟန်းများစွာကို ဆွမ်းကျွေးခဲ့ဖူးသည်။ ထိုရဟန်းတို့သည် ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုကာ အာဟာရကိုလည်း အလုတ်အလွေးပြု၍ အားရပါးရ စားသုံးကြသည်ကို မြင်ခဲ့ရသည်။

ဗုဒ္ဓရဟန်းတော်တို့မှာကား ဤသို့မဟုတ်။ စကားပြောမှုဝေး၍ ဆွမ်းကိုယူခြင်း၊ စားသုံးခြင်းတို့မှစ၍ အသံစိုးစဉ်းမျှ မကြားရ။ ငြိမ်ဝပ်သေသပ်လှသည်။ သို့သော် တည်ငြိမ်ကျွန်ရှရမှု အတွေ့အမြင်တွင် ကြည်ညိုနိုင်ရုံ သက်သက်သာဖြစ်၍ ဆွမ်းစားမှုနှင့် စပ်၍ ဆုံးမထားအပ်သော တရားတော်တွင် မိမိသား၏အသားကို မလွှဲသာ၍စားရသော မိခင်၏ အာဟာရဒုက္ခအမြင်မျိုးဖြင့် အာဟာရ ပဋိကူလသညာ စက်ဆုပ်စွာတရားတင်၍ ဆင်ခြင်စားသုံးတော်မူကြသည်အထိကိုကား မင်းကြီးမသိ။

ယင်းသို့လျှင် ကြည်ညိုစရာတွေချည်း တွေ့လာရသောအခါ သဒ္ဓါတရား တိုးပွားပြီးရင်း တိုးပွားရင်း ဖြစ်လာသောကြောင့် ဘုရားရှင်အား ယနေ့မှစ၍ သာဝတ္ထိတွင် သီတင်းသုံးသမျှ ကာလပတ်လုံး မိမိနန်းတော်တွင်ပင် နေ့စဉ်မပြတ် ဆွမ်းအလှူခံ ကြွရောက်တော်မူပါရန်၊ ဆွမ်းဘုဉ်းပေးပါရန် ပင့်လျှောက်လေတော့သည်။ ဘုရားရှင်က မိမိနှင့် ရဟန်းသံဃာတို့မည်သည် တစ်နေရာတည်း၌သာ ကြွရောက်အလှူခံရိုးမရှိဟု ငြင်းပယ်တော်မူသောအခါ ဇေတမင်းသား လျှောက်ထားဖူးချက်အရ ဆင်ခြေဝင်လာသည်။

"အရှင်မြတ်ဘုရား၊ အရှင်မြတ်နှင့် သံဃာတော်တို့သည် အနာထပိဏ်၊ စူဠအနာထပိဏ်၊ ဝိသာခါ စသူတို့ အိမ်တို့သို့ နေ့စဉ်နေ့တိုင်း သံဃာနှစ်ထောင်မျှပင် ဆွမ်းအလှူခံ ကြွရောက်သည်ဟု ကြားသိရပါသည်။ သို့ဆိုလျှင် တပည့်တော်၏ နန်းတော်သို့လည်း ကြွရောက်နိုင်ကြဖို့ ရှိပါသည်ဘုရား"

"မှန်သည် ဒကာမင်းကြီး၊ အနာထပိဏ်စသော ထိုထိုအိမ်တို့တွင် သံဃာ့မဏ္ဍပ်ကို ဆောက်လုပ်ထားပြီး စတုဒိသာ သံဃာတို့ကို ဆွမ်းလှူကြသောကြောင့် သံဃာတို့ ဆွမ်းအလှူခံကြသည်မှန်၏။ သို့ရာတွင် ဤသံဃာ ဤရဟန်းဟူ၍ ပုံမှန်ကြွရောက် ကြခြင်းမဟုတ်။ သံဃိကအလှူဖြစ်၍ ငါဘုရားနှင့်တကွ အလျဉ်းသင့်ရာ စာရေးတံမဲကျရာ သံဃာတော်တို့ အလျဉ်းသင့်သလို ကြွရောက်ကြခြင်းသာ ဖြစ်ပေသည်။ ယခု ခုနစ်ရက်ခုနစ်လီတိုင်တိုင်ပင်လျှင် ငါဘုရားသည် သင်မင်းကြီး၏ ဆွမ်းကို အလှူခံလှည့်ပေး၍ သင်မင်းကြီး၏ဆွမ်းကို အလှူခံပြီးမဟုတ်ပါလော"

"တပည့်တော် သဘောပေါက်ပါပြီ ဘုရား"

ဤတွင် အနာထပိဏ်၊ ဝိသာခါတို့ကဲ့သို့ပင် သံဃာမဏ္ဍပ်ဆောက်လုပ်၍ လှူဒါန်းမည်ဟု စိတ်ထဲတွင် တေးမှတ်ထားလိုက်ပြီးနောက် မကြာမတင်ဆိုသလိုပင် ဘုရင့်မဏ္ဍပ် သို့မဟုတ် ဘုရင့်ကျောင်းတော် ဆောက်လုပ်ဖို့ရန် အကြောင်းပေါ်လာသည်။

## မထီမဲ့

ဘုရားရှင်ကို ဘုရင်ကိုယ်တိုင် ကိုးကွယ်ပြီ၊ နန်းတော်သို့ပင် ပင့်၍ ဘုရားရှင်နှင့် သံဃာတစ်ထောင်ကို ဆွမ်းကျွေးသည်ဟူသောသတင်းမှာ သာဝတ္ထိတစ်မြို့လုံးကို လှိုက်တက်သွားသော သတင်းဖြစ်သည်။ သာဝတ္ထိတစ်မြို့လုံးဆိုသည်ထက် တိတ္ထိဆရာကြီးတို့ လောကသို့ ပို၍လှိုက်တက်သွား၏။ သို့ရာတွင် ဘုရားရှင်ဒါယကာတို့ ဝမ်းမြောက်ဖွယ်ရာဖြစ်သလောက် တိတ္ထိဆရာကြီးတို့လောကတွင်မူ မခံမရပ်နိုင်အောင်ပင် ကလသာပွားနေကြသည်။ ထို့ကြောင့် ဘုရားရှင်အား ဖြစ်သည့်နည်းဖြင့် ဆန့်ကျင်ရန် တိတ္ထိဆရာကြီးတို့နှင့် ဒါယကာတို့အဖို့ တိတ်တခိုး အကြံအဖန် ကျိတ်ပိုင်းဖြစ်လာသည်။

ယင်းသည်ကား ဘုရားရှင်၏ ဇေတဝန်ကျောင်းတော်နံဘေးတွင် ဇေတဝန်ထက်သာသောကျောင်းကြီးတစ်ဆောင် ဆောက်လုပ်၍ ဘုရားရှင်နှင့် ပြောင်ပြောင် တင်းတင်းပင် ယှဉ်ပြိုင်ရန်စရန်ဖြစ်၏။ အကြောင်းပြချက်မှာ ဇေတဝန်ဝန်းကျင် နေရာသည် တိတ္ထိဆရာကြီးတို့၏ ပောက္ခိန်းအရ ဘူမိနက်သန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော နေရာဖြစ်၍ မိမိတို့ သာသနာတိုးတက်လိုသော မိမိတို့သည်လည်း ကျောင်းဆောက်လိုလှပါသည်ဟုပင်ဖြစ်၏။

ဗုဒ္ဓသာသနာဘက်တွင် အနာထပိဏ်၊ ဝိသာခါ စသူတို့ ချမ်းသာကြွယ်ဝကြသည်မှန်၏။ သို့ရာတွင် တိတ္ထိဆရာတို့ဘက်တွင်လည်း အနာထပိဏ် ဝိသာခါတို့ အလားတူ သို့မဟုတ် သူတို့ထက်ပင်သာသော ကြွယ်ဝချမ်းသာရုံမက တန်ခိုးအာဏာရှိသူတွေ အမြောက်အမြား ရှိနေသည်။

ဤကိစ္စတွင် ဘုရင်သည် ဂေါတမဘုရားရှင်ကို ကိုးကွယ်သူဖြစ်သောကြောင့် သာမန်အားဖြင့်ဆိုလျှင် ဆောက်ခွင့်ရဖို့မရှိ။ ထို့ကြောင့် ဆောက်ခွင့်ရရန် သို့မဟုတ် ဘုရင့်ကန့်ကွက်မှု မရှိစေရန်အတွက် ကောသလဘုရင်သို့ ဘုရင်နှင့် နီးစပ်သူများမှ တစ်ဆင့် အသပြာ တစ်သိန်းတိတိ လာဘ်ထိုးသည်။ တန်ခိုးအာဏာရှိသော်လည်း အသပြာရှိဟန်မတူသော ကောသလဘုရင်က ထိုလာဘ်ကို လက်ခံ၏။ သို့မဟုတ် ဘုရားရှင်ကို ကြည်ညိုသည်ဆိုသော်လည်း ရင့်ကျက်ဟန်မတူသေးသောဘုရင်က လက်ခံ၍ ဆောက်ခွင့်ပြုလိုက်၏။

ဤတွင် ဇေတဝန်ကျောင်းတော်အနီးရှိ မြေနေရာကို ရှင်းလင်း၍ သစ်၊ သံ၊ အုတ် အစရှိသော ကျောင်းဆောက်ပစ္စည်းများသည် အစုလိုက် အပုံလိုက် ရုတ်ခြည်းရောက်လာကာ အောင်ပွဲကြီးခံတော့မည့်အလား ကျောင်းဆောက်မည့် ဒါယကာများ တဆူဆူ တညံညံနှင့် ဖြစ်လာလေတော့သည်။

မလျော်မကန်ရုံမျှမဟုတ်။ သာသနာ့ဘေးရန်အဖြစ်ကြီး ဖြစ်လာတော့မည့် ဤအရေးအခင်းကို ဘုရားရှင် ချက်ချင်းသိတော်မူသည်။ မိမိသည် အတိုက်အခံ မုန်းသမျှကို မေတ္တာဖြင့် ရှောင်ကြဉ်ခဲ့သည်။ အချို့အတိုက်အခံ ဗြာဟ္မဏကျောင်းများ ဆိုလျှင် ထွက်ဝင်သွားလာ၍ မေတ္တာဖြင့် ကူးလူးဆက်ဆံခဲ့သည်။ အတိုက်အခံတို့၏ ဣဿာနှင့်ဒေါသကို မေတ္တာဖြင့်သာသုံးသပ်ကာ ကိုယ့်တရား ကိုယ်ဟော၍ ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်ခဲ့သည်။ ယခုသော် ပြောင်ပြောင်တင်းတင်း ရန်သတ္တရုပြုလာကြပြီဖြစ်၏။ မလျော်သောအမှုကို ပြုလာကြပြီဖြစ်၏။ ကိစ္စမှာ ကြီးကျယ်၍ မိမိကိုယ်တိုင် ကိုင်တွယ်မှဖြစ်မည်ဟု သုံးသပ်တော်မူ၏။

သို့ဖြစ်ရာ မေတ္တာရှင်ပီပီ ဤမျှ မလျော်သောအမှုကို မပြုသင့်ကြကြောင်း၊ တားမြစ်ပေးရန်သင့်ကြောင့် ကောသလဘုရင်ထံ မေတ္တာရပ်ခံစကားပြောကြားရန် အရှင်အာနန္ဒာကို နန်းတော်သို့စေလွှတ်တော်မူသည်။ ဤကိစ္စတွင် ဤသို့ ဖြစ်လာလိမ့်မည်ကို သိပြီးသော ကောသလဘုရင်က အရှင်အာနန္ဒာကို အတွေ့ပင်မခံ၍ ပြန်လာခဲ့ရသည်။ ဒုတိယအကြိမ်အဖြစ် ဘုရားရှင်က အရှင်သာရိပုတ္တရာကို စေလွှတ်တော်မူ၏။ အလားတူ အတွေ့ပင်မခံ။

လူသတ္တဝါဟူသည် မိမိအပြစ်ကို မိမိသိမြဲဖြစ်၏။ မိမိအပြစ်ကို မိမိသိ၍ လိပ်ပြာမလုံ။ နဂိုကပင် လာဘ်ငွေတစ်သိန်းကို မက်မော၍ မဟုတ်သည်ကို လုပ်ထားမိရာ၌ အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာတို့လို တရားရှင်ကြီးများနှင့် ရင်ဆိုင်ဖို့ရန်မှာ အဘယ်ပုံ ဝံ့ရဲအံ့နည်း။

သို့ရာတွင် ဘုရားရှင်ကိုယ်တော်တိုင် ကြွလာသောအခါတွင်မူ ဘုရားရှင်၏ ဘုန်းတော်အရှိန်တော်ကြောင့် အတွေ့မခံဘဲ မနေဝံ့တော့၍ မျက်နှာမလုံမလဲနှင့်ပင် တွေ့ဆုံဖူးမြော်ကာ မိမိ မသိလေသယောင်ဖြင့် တိတ္ထိဆရာကြီး ကျောင်းဆောက်ကိစ္စကို

ဖျက်သိမ်းမိန့်ပေးလိုက်သည်။ ဖျက်သိမ်းမိန့်ပေးရုံမက ဆောက်လုပ်မည့် ကျောင်းပစ္စည်းများကို ဘုရင့်ဘဏ္ဍာတော်အဖြစ် သိမ်းယူစေလိုက်သည်။ သိမ်းယူစေလိုက်ရုံမက တစ်နေ့သောအခါတွင် သံဃာတော်များအတွက် သံဃာ့မဏ္ဍပ် သို့မဟုတ် ဘုရင့်ကျောင်းတော် ဆောက်လုပ်မည်ဟူသော ဖော်ပြပါ စိတ်ကူးအစီအစဉ်အရ အတိုက်အခံတို့ ဆောက်လုပ်မည့် ကျောင်းပစ္စည်းများမှာ ဘုရားနှင့် သံဃာတော်များအတွက် ရာဇကာရုမ် မည်သော ဘုရင့်ကျောင်းတော်အဖြစ်သို့ပင် ရောက်လာသတည်း။

ဤတွင် ရာဇကာရုမ် ကျောင်းတော်မျှမက အခြား ထူးခြားချက် အကြောင်း တစ်ရပ်လည်း ထွက်ပေါ်လာသည်။ ယင်းသည်ကား ဤဘုရင်သည် ထိပ်သီးရဟန်းတော်နှစ်ပါးကို မထီမဲ့ပြုမှုသော အပြစ်ကြောင့် သေသောအခါ၌ မိမိနိုင်ငံတွင် ကောင်းကောင်းမွန်မွန် ကွယ်လွန်ရမည်မဟုတ်ဟူသော ဘုရားရှင်၏ ဗျာဒိတ်စကားတော် ဖြစ်သတည်း။

[နိုင်ငံတော် ဩဝါဒစရိယ ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီးများ၏ "ဩဝါဒကထာများ" ကျမ်းမှ တိပိဋက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ မိန့်ခွန်းတော် ကောက်နုတ်ချက်]

## တူ သုံးတူ

သာဝတ္ထိမှာ မြတ်စွာဘုရားနှင့် တိုင်းတူ၊ အမျိုးတူ၊ အသက်အရွယ်တူတဲ့ ချစ်ခင်မှုပိုပြီးပါသော သာသနာမှာ ကြည်ညိုခြင်း သဒ္ဓါတရားအပေါ် ပသေနဒီ ကောသလမင်းနှင့် မြတ်စွာဘုရားဟာ သက္ကတိုင်း(ကပိလဝတ်) ဆိုသည်ကား ကောသလတိုင်းရဲ့ အစိတ်အပိုင်းဖြစ်ပါတယ်၊ ကောသလတိုင်းအကျယ်ကြီးထဲက တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်တဲ့ သက္ကတိုင်း။ သက္ကတိုင်းသည် တိုင်းကြီးအနေနှင့်ပြောရင် ကောသလတိုင်းသာဖြစ်ပါတယ်။

မြတ်စွာဘုရားနှင့် ပသေနဒီ ကောသလမင်းတရားတို့သည် သက္ကတိုင်းသားချင်း တူညီကြတယ်။ မြတ်စွာဘုရားလည်း အသမ္ဘိန္နခတ္တိယမျိုး၊ ပသေနဒီ ကောသလလည်းပဲ အသမ္ဘိန္နခတ္တိယမျိုးသာ ဖြစ်ကြတယ်။ အမျိုးတူကြတယ်။

မြတ်စွာဘုရားလည်းပဲ မဟာသက္ကရာဇ် ၆၈ ခုနှစ် ဖွားပဲ။ ပသေနဒီ ကောသလမင်းလည်းပဲ မဟာသက္ကရာဇ် ၆၈ ခုနှစ် ဖွားပဲ။ အသက် ရှစ်ဆယ်မှာ ဘဝသိမ်းခဲ့ကြတယ်။

အဲဒီလို အသက်အရွယ်၊ ခင်မင်မှုအားဖြင့်လည်းပဲ တူပါတယ်။ ဤကဲ့သို့ တိုင်းတူ၊ အမျိုးတူ၊ အသက်အရွယ်တူတဲ့အတွက် ပသေနဒီ ကောသလမင်းဟာ မြတ်စွာဘုရားအား ကြည်ညိုတဲ့ သဒ္ဓါတရားအပြင် တူသုံးပါးကြောင့် ချစ်ခင်တဲ့ မေတ္တာပေမလည်းပဲပိုပါတယ်။

* * * * *

မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှာ အနေကြာသော်လည်းပဲ ပသေနဒီ ကောသလ မင်းတရားသည် ဝိသာခါတို့၊ အနာထပိဏ်တို့လို သာသနာ့သမိုင်း တင်လောက်သော ကျောင်းကြီး မဆောက်ခဲ့ရပါဘူး။ မဆောက်ခဲ့တာ ကောသလမင်းကို အပြစ်တင်၍ မဖြစ်ပါ။ ကောသလမင်းဟာ ပုဂ္ဂိုလ်ရေးအရ မြတ်စွာဘုရားကို ကြည်ညိုတယ်။ စောစောကပြောသလို တူသုံးပါကြောင့် ချစ်လဲ ချစ်တယ်။ မေတ္တာချစ်ပိုပါသေးတယ်။

ဒါပေမယ်လို့ သူအုပ်ချုပ်နေရတဲ့ ပုဂ္ဂိုလ်တွေဟာ ပူရာဏကဿပရဲ့ တပည့်တွေ၊ မက္ခလိဂေါသာလရဲ့ တပည့်တွေ၊ အဇိတ ကေသကမ္ဗလရဲ့ တပည့်တွေ၊ နိဂဏ္ဍနာဋပုတ္တရဲ့ တပည့်တွေ၊ ပကုဓကစ္စာယနရဲ့ တပည့်တွေ၊ သဉ္စယဗေလဋ္ဌပုတ္တရဲ့ တပည့်တွေ၊ လူခြောက်မျိုးနှင့်တကွ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဆိုပြီး သူ့မှာ လူခုနစ်မျိုး အုပ်ချုပ်ပေးရတယ်။ ဒါကြောင့် သာသနာအတွက် သူ့ကို ပစ္စယာနုဂ္ဂဟ အချီးအမြှောက်ဖြင့် လျှုဒါန်းချီးမြှောက်လိုသော်လည်းပဲ မချီးမြှောက်နိုင်ခဲ့ပါဘူး။

## အကြံပိုင်

သို့သော် အာဃာတစက်ဖြင့် ချီးမြှောက်တဲ့နေရာကျတော့ ပီပီသသ၊ ပြတ်ပြတ်သားသား သာသနာဘက်က ရာဇကာရာမကျောင်း ဆောက်တဲ့ကိစ္စ အလွန်ထင်ရှားပါတယ်။

တစ်ချိန်က တိတ္ထိဆရာများ စည်းဝေးတယ်။ ဤ ဂေါတမဗုဒ္ဓဟာ အင်မတန် ဘုန်းကြီးတယ်။ ဘာပြုလို့လဲ၊ သူက မြေကြန်အတတ်ကိုတတ်လို့၊ ဇေတဝန် ကျောင်းတိုက် နားကမြေဟာ အင်မတန်ဘုန်းကြီးတဲ့မြေ။ သူတို့ ဒီလိုအယူရှိတော့ ဒါဖြင့် ထိုဇေတဝန် ကျောင်းတိုက်အနီးမှာ မြေကွက်တစ်ခုဝယ်ရအောင်။ အဲဒီမြေကွက် ဝယ်ပြီးတော့ တိတ္ထိကျောင်းဆောက်ဖို့ စီမံပါတယ်။ အတော် အကြံပိုင်တာပါ။

တစ်ချိန်မှာ ဒီကျောင်းအတွက် အရှင်ဂေါတမကို ကောသလက သိပ်ကြည်ညို တယ်။ အရှင်ဂေါတမက သဘောမတူဘူးဆိုတဲ့အကြောင်းဖြစ်လာရင် ကောသလမင်းက ဒီဥစ္စာဆောက်ခွင့်ပြုမယ် မဟုတ်ဘူး။ အကြာကြီးကတည်းကနေပြီး သူတို့တပည့် ကောသလမှာခစားတဲ့ အမှုထမ်းကလည်းပဲ ဆသတ္ထာရဆရာကြီးတွေရဲ့တပည့် ခြောက်မျိုးလည်းပါတယ်။ ဗုဒ္ဓရဲ့တပည့် ဗုဒ္ဓဘာသာဝင်တွေလည်းပါတယ်။

## ငွေတစ်သိန်း

အဲဒီတော့ ကောသလမင်းအား တံစိုးလက်ဆောင် ငွေတစ်သိန်းပေးထားတယ်။ ပေးပြီးတော့ သာဝတ္ထိ ဇေတဝန်ကျောင်းတိုက်ရဲ့အနီးမှာ ကျောင်းတိုက်ရဲ့ တစ်ခြမ်းထဲမှာ

မြေတစ်ကွက်ဝယ်၊ ဝယ်ပြီးတော့ ကျောင်းဆောက်ဖို့ဆိုပြီး ဆူညံဆူညံနှင့် ပန္နက်ရိုက်ဖို့ စသည်။ အဲဒီတိတ္ထိတွေ စီမံကြတယ်။ အသားတွေ၊ တိုင်တွေ၊ သစ်တွေ၊ ဝါးတွေ ချကြတယ်။

မြတ်စွာဘုရားက သိလျက်နဲ့ အရှင်အာနန္ဒာကိုမေးတယ်။ ဘာဆူညံနေကြတာလဲ။ ကျောင်းဆောက်မလို့ပါဘုရား။ ကဲ ဒါဖြင့် ချစ်သားအာနန္ဒာ၊ ကောသလမင်းကို၊ ကောသလ မဟာရာဇာကိုပြော။ ဒီအနား ကျောင်းမဆောက်ဖို့ အာဏာစက်။ ပထမ ရှင်အာနန္ဒာကိုလွှတ်ပြီး အကူအညီတောင်းတယ်။ ကောသလလည်းပဲ ပထမ အရှင်အာနန္ဒာလာတာ ဒီကိစ္စပဲလို့ သိပြီးတော့ မရေမရာနှင့် ဘာလိုလို အရှင်အာနန္ဒာနှင့် အတွေ့မခံဘူး။ ဒီအတိုင်း ပြန်လာရတယ်။

## ဗျာဒိတ်တော်

နောက် မြတ်စွာဘုရားက အရှင်သာရိပုတ္တရာနှင့် ရဟန်းတော်တွေကို တစ်ဖန် လွှတ်လိုက်ပြန်တယ်။ ထို့အတူပဲ ကောသလမင်းက အတွေ့မခံလိုက်ဘူး။ ဘာပြုလို့လဲ ဆိုတော့ လက်ဆောင်တံစိုးတစ်သိန်းစားထားတယ်။ အတွေ့မခံလို့ အရှင်သာရိပုတ္တရာနှင့် ရဟန်းတော်များ ပြန်လာတဲ့အခါကျတော့ မြတ်စွာဘုရားက ဤမဟာရာဇာသည် သံဃာအား ဆင်းရဲအောင်ပြုလုပ်တယ်။ သူ့တိုင်းပြည်မှာ သူနတ်ရွာစံရမှာမဟုတ်ဘူးဆိုတဲ့ ဗျာဒိတ်စကား အဲဒီအချိန်မှာပြောတယ်။

## ကိုယ်တော်တိုင်

နောက်တစ်နေ့ နံနက်ကျတော့ ဘုရားကိုယ်တိုင် ကြွသွားတယ်။ ဘုရားကိုယ်တိုင် ကြွသွားတဲ့အခါကျတော့ ပသေနဒီ ကောသလမင်း မရှောင်နိုင်တော့ဘူး။ ဘုရားရှင်ရဲ့ ဘုန်းတန်ခိုးအရ အတွေ့ခံရတယ်။ မြတ်စွာဘုရားက ကောသလမင်းတရားအား ဤအမှုသည် မတော်ဘူးဆိုတဲ့ တိုက်ရိုက်အမိန့်မရှိပါဘူး။ ဇာတ်တော်တစ်ခု ဟောကြားတော်မူတယ်။

ရှေးတုန်းက မင်းတစ်ပါး ရသေ့တွေနှစ်ဖက်မှာ တစ်ဖက်နှင့်တစ်ဖက် တံစိုးလက်ဆောင်စားပြီး ပြုလုပ်တဲ့အတွက်ကြောင့် ရသေ့တွေကို တစ်ဖက်နှင့် တစ်ဖက် ဝိဝါဒပင်လျှင် ရောက်တဲ့အကြောင်း အရိပ်အမြွက်ပဲ တရားဟောပြီး ပြန်လာတယ်။ ယနေ့ အခုဆိုလိုတာကတော့ အခုလို နီးနီးကပ်ကပ်ဆိုလျှင် နောက်မှာ ဆက်ပြီး ဆန့်ကျင်ဘက်လေးတွေ ပေါ်လာလိမ့်မယ်လို့ ဘုရားဆိုလိုတာပေါ့။

## အာဏာစက်

ဒါပေမယ့် ကောသလမင်းက လူပါးပဲ။ ဤမျှလောက် အတိတ်ဇာတ်တစ်ခု ဟောပြီးတော့ ဘုရားပြန်ကြွတော့ ကောသလမင်းသည် ဤနေရာကျမှ အာဏာစက်ကို သုံးပါတယ်။ ဟိုတိတ္ထိတွေ ချထားသော တိုင်တွေ၊ သစ်တွေ၊ ဝါးတွေကို အကုန်လုံး မင်းဘဏ္ဍာအဖြစ် သိမ်းသွင်းတယ်။ အဲဒီအနား မဆောက်ရဘူးလို့ အာဏာစက်သုံးပါတယ်။

အဲဒီလို သိမ်းထားတဲ့ သစ်ဝါးတွေကို မ,တည်ပြီးတော့ လိုတာကို ပသေနဒီ ကောသလမင်း ဆက်ပြီးဆောက်လို့ ထိုကျောင်းကို ရာဇကာရာမကျောင်းလို့ အမည်ကို တွင်တဲ့အကြောင်း သံယုတ်အဋ္ဌကထာမှာ အတိအလင်း ရှိပါတယ်။

## ရာဇကာရုမ်

"ရှားစေးဖို့မှာလည်း ကျောင်းနှင့်ကန်နှင့်" ဆိုသကဲ့သို့ အနာထပိဏ်၏ ဇေတဝန်၊ ဝိသာခါ၏ ပုဗ္ဗာရုံတို့လို ကောသလဘုရင်မှာလည်း ကျောင်းနှင့်ကန်နှင့် ကျောင်းဒကာ၊ ဘုရားဒကာ ဖြစ်လာပါ၏။ သို့သော် သူ့ကျောင်းမှာ နဂိုကပင် မရှင်းမရှင်းမို့ ဘုရားရှင်နှင့် ရဟန္တာအရှင်တို့အတွက် အရေးမကြီးလှသော်လည်း ပုထုဇဉ်ရဟန်းတို့အဖို့မူ ဖြစ်နိုင်သမျှ လက်ရှောင်တော်မူကြသည်။

သူ့ကျောင်းကို ဇေတဝန်၊ ပုဗ္ဗာရုံတို့လို ရဟန်းတော်တို့နှင့် ဖုံးလွှမ်း၍ ဝါဝါဝင်းနေစေသချင်သည်။ ရာဇကာရုမ်တွင် နေ့စဉ်မပြတ် ဆွမ်းလုပ်ကျွေးစေသည်။ ရံဖန် ကောသလဘုရင်ကိုယ်တိုင် လုပ်ကျွေး၍ ဘုရားရှင်ကိုယ်တော်တိုင် အလျဉ်း သင့်သလို ကြွရောက်သီတင်းသုံးပါ၏။ အရှင်သာရိပုတ္တရာ စသော ရဟန်းမထေရ်ကြီး များလည်း အလှည့်ပေး၍ ရံဖန်ကြွရောက် သီတင်းသုံးတော် မူကြပါ၏။ သို့ရာတွင် သူ့ကျောင်းမှာ ဇေတဝန်တို့ကိုထားဦး၍ အနာထပိဏ်၊ ဝိသာခါတို့ ဆွမ်းမဏ္ဍပ်မျှလောက်ပင် စည်ကားမှုမရှိ။ ရဟန်းတော်တို့ မပျော်ပိုက်။

ရဟန်းတော်တို့ မပျော်ပိုက်ဖွယ်ရာ အခြားအကြောင်းများလည်းရှိသည်။ ယင်းသည်ကား ဘုရင်ကိုယ်တိုင် မကြီးကြပ်နိုင်သော ဆွမ်းမှုကွမ်းမှုကိစ္စများတွင် အမိန့်တော်အရ မင်းမှုထမ်းတို့ကသာ ကြီးကြပ်စီစဉ်ရပေရာ မင်းမှုထမ်းတို့မည်သည် ဝတ်ကျေတန်းကျေမျှသာ ပြုစုလုပ်ကျွေးတတ်ကြခြင်းကြောင့်ဖြစ်၏။ ထို့ကြောင့် ရာဇကာရုမ်သည် မိမိတို့၏ ကျောင်းတစ်ကျောင်းပင်ဖြစ်လာစေကာမူ မျက်နှာစိမ်းအိမ် တစ်အိမ်သို့ ဆွမ်းစားကြွရသကဲ့သို့ စိတ်ရောကိုယ်ပါ မလွတ်လပ်။ စိတ်ရောကိုယ်ပါ လွတ်လပ်၍ သံဃာ အကျွမ်းဝင်ကာ သံဃာ့အလိုကိုသိသော ဝိသာခါ၊ အနာထပိဏ် စသည်တို့သို့သာ အရောက်များကြသည်။ ရာဇကာရုမ်သို့မူ ပင့်ဖိတ်မှုတာဝန်အရ

မလွှဲသာမှသာ ကြွရောက်ကြသည်။

ဘုရားရှင်ကလည်း "ချစ်သားရဟန်းတို့၊ အာဟာရဒုက္ခအတွက် တစ်ဝမ်းတစ်ခါးမျှတဖို့ရန်မှာ ရှေးဘုရားရှင်တို့နှင့် ရဟန္တာတို့၏အစဉ်အလာ ဆွမ်းခံ၍စားခြင်းသည် ကောင်းမြတ်၏။ ဆွမ်းခံစားသုံးရာ၌လည်း အိမ်စဉ်ကိုမကျော်စေဘဲ ဆွမ်းခံခြင်း၊ ရလာသမျှသောဆွမ်းကို အကောင်းအဆိုး မခွဲခြမ်းဘဲ ရောနှော၍ စားသုံးခြင်းသည် သာလွန်ကောင်းမြတ်၏။ အကြောင်းမူကား မည်သည့်ဒါယကာ၊ ဒါယိကာမကိုမျှ မငဲ့ကွက်တွယ်တာမှုမရှိခြင်း၊ ရသတဏှာနောက်သို့ မလိုက်ပါရခြင်းအကျိုးရှိ၏" ဟု ဟောတော်မူပြီးနောက် ဆက်လက်၍ "ချစ်သားရဟန်းတို့၊ အကယ်၍ မလွှဲမရှောင်သာသောကြောင့် ဒါယကာ၊ ဒါယိကာမတို့၏ အိမ်တို့သို့ ချဉ်းကပ်အလှူခံ ရမည်ဆိုလျှင် အကြင်ဒါယကာသည် (၁) နှစ်သက်မြတ်နိုးစွာ ခရီးဦးမကြိုဆို။ (၂) နှစ်သက်မြတ်နိုးစွာ မရှိခိုး။ (၃) နှစ်သက်မြတ်နိုးစွာ နေရာမပေး။ (၄) ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို လျှို့ဝှက်၍ထား၏။ (၅) များများရှိသော်လည်း အနည်းငယ်သာ ပေးလှူ၏။ (၆) အမွန်အမြတ်ရှိသော်လည်း အယုတ်အည့်ကိုသာ လှူဒါန်း၏။ (၇) မရိုမသေ ချဉ်းကပ်လှူဒါန်း၏။ (၈) ရိုရိုသေသေမဆည်းကပ်။ (၉) တရား နာစိမ့်သောငှာ ဟောကြားအပ်သည်ကို မမြတ်နိုး။ ထိုဒါယကာ၊ ဒါယိကာမတို့အိမ်သို့ ချဉ်းကပ်နေထိုင်ခြင်းငှာ မသင့်" ဟု ဟောကြားတော်မူအပ်သည် မဟုတ်ပါလော။ ဤမျှသာမက အချို့ပုထုဇဉ် ရဟန်းငယ်၊ သာမဏေတို့က ရာဇကာရုမ်မှဆွမ်းကို အလှူခံရုံသာခံ၍ ထိုဆွမ်းကိုယူကာ ဝိသာခါ၊ အနာထပိဏ်အိမ်တို့သို့ သွားရောက် ဘုဉ်းပေးကြသည်ကိုပင် မြင်တွေ့နေရသည်။

သို့နှင့် ကျောင်းပြိုင်ကိစ္စမှ စတင်ခဲ့သော ရာဇကာရုမ်ကို ကောသလဘုရင်သည် မင်းကျောင်းတော်အဖြစ် ဆောက်လုပ်ခြင်း၊ လှူဒါန်းခြင်း၊ ဆွမ်းကျွေးခြင်း စသည်ဖြင့် အာရုံစိုက်ခဲ့ရာမှ အလုပ်တာဝန်များပြားသော ဘုရင်အဖို့ အတန်ကြာပင် မေ့မေ့ လျော့လျော့ ရှိနေခဲ့ရာက တစ်နေ့တွင်မူ သတိရလာသဖြင့် ညီလာခံအပြီး၌ ကျောင်း၏ အခြေအနေ၊ သံဃာတော်များ စည်စည်ကားကားရှိမရှိ စသည်တို့ကို ကျောင်းဒကာ တစ်ပိုင်း၊ ဘုရားဒကာတစ်ပိုင်းဖြစ်နေသော ဇေတမင်းသားသို့ မေးမြန်းလိုက်သည်။

"သက်ဆိုင်ရာ သံဃာကြီးတွေက စာရေးတံမဲချပြီး စေလွှတ်မှသာ တာဝန်ကျ သံဃာအချို့ ကြွရောက်ကြပါတယ်၊ အလိုအလျောက် လာရောက်ကြတယ်လို့ မရှိလှပါဘူး။ သံဃာတွေ စည်စည်ကားကားရှိအောင်ဆိုပြီး တစ်ချို့ရက်များမှာ ဝိသာခါ၊ အနာထပိဏ်တို့ကိုတောင် ဆွမ်းလုပ်ကျွေးဖို့ ပင့်ဖိတ်ထားပါတယ်။ ဒါနဲ့တောင် ကြွရောက်မှုအင်မတန် နည်းပါးပါတယ်" ဟု ဇေတမင်းသားက လျှောက်ထားသည်။

''တကယ်ဆိုတော့ ရာဇိကာရုမ်ဟာ ဇေတဝန်နဲ့ကပ်နေတာပဲ။ ဝိသာခါတို့ အိမ်ဆိုရင် မြို့ပြင်လောက်မှာ သီးခြားရှိနေတာ။ ဒါနဲ့တောင်မှ အနီးကကျောင်းကို မကြွကြဘူးဆိုတော့ အကြောင်းရှိပေလိမ့်မယ်''

''အကြောင်းကတော့ မင်းစိုးရာဇာဆိုတာ ကြောက်ရွံ့တတ်ကြမြဲမို့ အများအားဖြင့် မဆက်ဆံလိုကြပါဘူး။ ဒီအထဲမှာ မင်းစိုးရာဇာနဲ့ ရာဇဝလ္လဘ အကျွမ်းတဝင်ဖြစ်အောင် မနေရဘူးဆိုတဲ့ ဆုံးမချက်ကလဲ ရှိနေလေတော့ သတိပြု ရှောင်ကြဉ်ကြတာလဲ ဖြစ်မှာပါ။ အချို့သံဃာများဆိုရင် ရာဇိကာရုမ်ကဆွမ်းကို အလှူခံရုံသာခံပြီး ဝိသာခါ၊ အနာထပိဏ်တို့အိမ်ယူပြီး ဘုဉ်းပေးကြတာကိုတောင် တွေ့ရပါတယ်ဘုရား''

''ဒါကတော့ဘယ်ကောင်းမလဲ။ ဘုရားရှင်ကိုလျှောက်ထားဦးမှ သင့်ပေလိမ့်မယ်''

''သင့်လျော်ကြောင်းပါ''

ထိုနေ့ညနေပင်လျှင် ဘုရားရှင်အထံတော်သို့ရောက်၍ ထိုအကြောင်းကို လျှောက်ထားရာတွင် ဘုရားရှင်က အာဟာရမည်သည် အကျွမ်းတဝင်စားသုံးရလျှင် မွန်မြတ်သည့်အကြောင်း ''မင်းကြီး၊ အာဟာရဟူသည် ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ များသည်ဖြစ်စေ၊ သမန်းမြက်ဆန်၊ ကျိတ်ဆန်၊ ပအုန်းရည်မျှလည်းဖြစ်စေ အကြင်အာဟာရကို ရွံ့ရှားမထင် အကျွမ်းတဝင်စားသုံးရ၏။ ထိုအာဟာရသည် ကောင်းမြတ်သည်သာတည်း'' စသည်ဖြင့် အာဟာရတရား ဟောကြားတော်မူလိုက်သောအခါ ''အကျွမ်းတဝင်'' ဟူသောစကားမှာ ကောသလဘုရင်အဖို့ နှလုံးထဲတွင် စွဲထင်၍လာခဲ့သည်။ သို့ရာတွင် ဒါယကာတို့ ပင့်ဖိတ်ဆွမ်းကပ်သောအိမ်၌ပင် ထိုဆွမ်းကို စားသုံးရမည်ဟူသော လူမှုရေးသိက္ခာပုဒ်တော် တစ်ရပ်ကိုလည်း ပညတ်တော်မူသည်ဟု ကြားသိရ၏။

သံဃာတော်တို့နှင့် အကျွမ်းဝင်ဖို့ဟူသော နည်းလမ်းကို ရှာဖွေလိုက်သောအခါ ဘုရားရှင်နှင့် ဆွေမျိုးတော်ဖို့ကို စဉ်းစားမိလာသည်။

ဘုရားရှင်၏ စွန့်ခြင်းကြီးငါးဖြာ၊ စရိယာသုံးပါး၊ မိမိကဲ့သို့ပင် ရွှေနန်းစည်းစိမ်ကို ဆက်ခံနိုင်သော မင်းသွေး မင်းမျိုးဖြစ်ပါလျက် ခြောက်နှစ်တိုင်တိုင် ကျင့်သုံးအပ်သော ဝီရိယ၊ ဂုဏ်တော်ကိုးပါး စသော အံ့မခန်းသတင်းများကို ကြားသိရစဉ်ကပင် ဘုရားရှင်ကို ချစ်ခင် မြတ်နိုးခဲ့သည်။ ကိုယ်တိုင်တွေ့၍ သက်တော် ရွယ်တော်ကို မေးလျှောက်လိုက်သောအခါ သက်တူရွယ်တူဖြစ်နေ၍လည်း ခင်တွယ်မှုတိုးပွားခဲ့ရသည်။ မိမိနှင့် မြေတူ ရေတူ တစ်တိုင်း တစ်နယ်သားချင်းလည်း တူသည်။ ထို့ထက်မက ဆွေမျိုးတော်စပ်ခြင်းဖြင့် တပ်တပ်အပ်အပ် ရင်းနှီးရပါမူ ဘုရားရှင်နှင့် ရင်းနှီးသော မိမိအပေါ်သို့ သူ့တပည့် သံဃာတော်တို့ မေတ္တာပိုရင်းနှီးလာမည်။ ဤကား ကောသလဘုရင်၏ အတွေးဖြစ်၏။

ယင်းတွေးမြင်ချက်အရ ဘုရားရှင်နှင့် ဆွေမျိုးတော်လာဖို့ရန်မှာ ဘုရားရှင်၏ အမျိုးထဲမှ သာကီဝင်မင်းသမီးတစ်ပါးကို တောင်းယူ၍ မိဖုရားမြှောက်လိုက်ရန်ပင်ဖြစ်၏။ သာကီဝင်မင်းသမီးတစ်ပါးကို တောင်းယူဖို့ရန်မှာ ကောသလဘုရင်၏ အတွေးအထင်အားဖြင့် အလွန်လွယ်ကူလှသည်။ သာကီဝင်မင်းသမီးတစ်ပါးကို ပေးဆက်စေဟု ဆိုလိုက်ရုံမျှဖြစ်၏။ အကြောင်းမူကား တိုင်းကြီးပြည်ကြီးရှင်ဖြစ်ပေရာ ကောသလဘုရင်၏ မိဖုရားဖြစ်ဖို့ရန်မှာ ကပိလဝတ်တို့လို တိုင်းငယ်ပြည်ငယ်တစ်ခုအတွက် အခွင့်ထူးကြီးဖြစ်၏။ ကောသလနှင့် နှိုင်းစာလျှင် တိုင်းငယ်ပြည်ငယ်ပင်ဖြစ်စေ၊ အမျိုးအနွယ် အယူအစွဲအားဖြင့်မူ အဘယ်မျှကြီးမားသည်ကို ကောသလဘုရင် မခန့်မှန်းမိ။ ကပိလဝတ်ပြည့်ရှင် သာကီဝင်တို့သည် အမျိုးမာန်ကြီးသည်ဟု သာမန်အားဖြင့်သာ သိသည်။

ထို့ကြောင့် စိတ်ကူးကို အကောင်အထည်ဖော်ရန် သမီးတောင်း တမန်အမတ်အဖွဲ့ကို ကပိလဝတ်သို့ ချက်ချင်း စေလွှတ်လိုက်သည်။ သာကီဝင်မင်းသား ဘုရားရှင်နှင့် ဆွေမျိုးတော်စပ်နိုင်ရန်အတွက် သာကီဝင်မင်းသမီးစစ်စစ်ကို ရဖို့လိုသည်။ သာကီဝင်တို့ အမျိုးမာန်ကြီးမှုကို သတိရ၍ တောင်းယူလာရမည့် မင်းသမီးမှာ အဆင်းကြန်အင်ပြည့်စုံမှု မပြည့်စုံမှုထက် သာကီဝင်စစ်စစ် ဟုတ်,မဟုတ်၊ မည်သည့် သာကီဝင်မင်း၏ သမီး စသည်ဖြင့် အသေအချာ စိစစ်လက်ခံခေါ်ယူခဲ့ဖို့ရန် တမန်အဖွဲ့ကို အထူးပြုမှာကြားလိုက်သည်။

## ဝါသဘခတ္တိယာ

တမန်အဖွဲ့ကို သာကီဝင်တို့က အရေးတယူ အနူးအညွတ် ဝမ်းမြောက်ဝမ်းသာ လက်ခံကြိုဆိုသည်မှန်၏။ သို့ရာတွင် ကိစ္စမေးလိုက်သောအခါ သာကီဝင်တို့အဖို့ ပြဿနာအကြီးအကျယ် တက်ရလေတော့သည်။ ကောသလလို တိုင်းကြီး ပြည်ရှင်မျှမက စကြာဝတေးမင်းပင်ဖြစ်ပါစေ၊ မိမိတို့အမျိုးကို အမျိုးမတူသော သူတစ်ပါးလက်သို့ လက်ဆက် ထိမ်းမြားသောထုံးစံမရှိ။ သာကီဝင်တို့အဖို့ သာမန်အမျိုးမာန်ကြီးရုံမျှမဟုတ်၊ အမျိုးကိုစောင့်စည်းသောကိစ္စမှာ သရဖူဆောင်းသော စည်းကမ်းရှင်များ ဖြစ်သည်။ သို့ဖြစ်ရာ မိမိတို့အမျိုးမဟုတ်သော ကောသလဘုရင်အား မိမိတို့အမျိုး မင်းသမီးတစ်ပါးကို အဘယ်ပုံ ပေးဆက်နိုင်ပါအံ့နည်း။

သို့ရာတွင် ကောသလဘုရင်၏ အာဏာကို ဖီဆန်ရမည်ဆိုလျှင် ဘေးအန္တရာယ်ကြီး ရတ်ခြည်းမလွဲ ကျရောက်လာမည်ကိုလည်း စိုးရိမ်ရသည်။ သို့နှင့် သာကီဝင်တို့ တိတ်တဆိတ် ခေါင်းချင်းဆိုင်ကာ အကြံထုတ်ကြရ၏။ ဤတွင် ကယ်တင်ရှင် မဟာနာမ် မင်းသားကြီး ပေါ်ပေါက်လာသည်။

''အချင်းတို့၊ ဤကိစ္စအတွက် မပူပန်ကြနှင့်တော့။ ဤကိစ္စကို ဖြေရှင်းနိုင်မည့် သမီးတစ်ယောက် ကျွန်ုပ်မှာရှိနေသည်။ ကျွန်ုပ်နှင့် အစေခံမ နာဂမုတဏ္ဍာတို့တွင် ရရှိခဲ့သော ဝါသဘခတ္တိယာပင်ဖြစ်၏။ အဆင်းလှသည်။ အရွယ်ကောင်းသည်။ ချက်ချာလိမ္မာသည်။ ဝါသဘခတ္တိယာကို ပေးဆက်လိုက်လျှင် ဤကိစ္စပြီးပြတ်နိုင်ပါသည်။ ဝါသဘခတ္တိယာသည် သာကီဝင်မဟုတ်သော်လည်း ကျွန်ုပ်နှင့်ရသော သမီးဖြစ်သောကြောင့် သာကီဝင်သွေးပါသူ ဖြစ်ပါသည်။ ဝါသဘခတ္တိယာကို ပေးဆက်လိုက်ကြပါစို့''

သို့နှင့် ခေါင်းချင်းဆိုင် သာကီဝင်တို့အဖို့ ပြဿနာကြီး ပြီးပြေတော့မည်ကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရ၏။ သို့သော် အလွယ်တကူနှင့်တော့ ပြီးပြေသည်မဟုတ်။ အမိန့်တော်အရ စေ့စပ်လုသော တမန်အမတ်တို့က သာကီဝင်ဟု ဆိုရုံနှင့် လက်မခံနိုင်သေး။ သာကီဝင်စစ်မစစ်ကို စစ်ဆေးဖို့ လိုပေသေး၏။

တမန်တော်တို့ရှေ့သို့ ဝါသဘခတ္တိယာကိုခေါ်၍ပြလိုက်သောအခါ ထူးထူးခြားခြား လှပသောအဆင်း၊ အသက်နှစ်ဆယ်ပင် ပြည့်သေးဟန်မတူသော အရွယ်ကောင်း၊ သွက်လက်ချက်ချာဟန်ရှိသော အမူအရာတို့ကြောင့် တမန်တော်တို့ နှစ်ခြိုက်ကြပါ၏။ သို့ရာတွင် မျိုးရိုးကို အသေအချာ စစ်ဆေးခဲ့ရမည်ဟူသော အမိန့်တော်ကြောင့် သာကီဝင်မင်းသမီး ဟုတ်, မဟုတ်ကို သိနိုင်ရန် မိမိတို့ရှေ့တွင် ဖခင်ဖြစ်သူ မဟာနာမ် သာကီဝင်နှင့်အတူ ထမင်းလက်ဆုံ စား၍ပြပါဟု တောင်းဆိုလိုက်ကြသည်။

အကြောင်းမှာ သာကီဝင်တို့သည် အမျိုးချင်းတူမှ ထမင်းလက်ဆုံစားသည် ဟူသောအချက်ကို တမန်တော်တို့ နားလည်သိရှိထားကြသောကြောင့်ဖြစ်၏။ ဤကိစ္စအတွက်လည်း မဟာနာမ်အဖို့ အပန်းမကြီးလှပါ။ ဝါသဘခတ္တိယာနှင့်အတူ ထမင်းတစ်ပွဲတည်းတွင် ထိုင်၍ပြလိုက်၏။ သို့ရာတွင် ထမင်းပွဲမှ ထမင်းကိုယူ၍ စားဖို့ကိုတော့ ပရိယာယ်ဆင်လိုက်သည်။

ဆင်ပုံမှာ ကြိုတင်စီစဉ်ထားချက်အရ ဝါသဘခတ္တိယာနှင့်အတူ ထမင်းပွဲသို့ လက်နှိုက်နေစဉ်တွင် မင်းရေးစိုးခွင်အတွက် အရေးကြီးသောစာတစ်စောင် ရောက်ရှိလာ၍ ထမင်းပွဲကို လက်တစ်ဖက်ဖြင့်နှိုက်ကာ အခြားလက်တစ်ဖက်ဖြင့် စာကိုယူ၍ ဖတ်ရှုသည်။ ဤနည်းဖြင့် အရေးကြီးသောကြောင့် ထမင်းပင် မစားနိုင်တော့သယောင် ပြုကာ ထမင်းဝိုင်းကိစ္စပြီးစီးသွား၏။ တမန်တော်တို့ကလည်း ထမင်းအုပ် တစ်ခုတည်းတွင် အတူနှိုက်ခွင့်ပြုသည်ကိုပင် သာကီဝင်မင်းသမီး စစ်မှန်ပေပြီဟု အသိအမှတ်ပြုလိုက်ကြသည်။

လူ့မှုရေးကိစ္စများ၌ ကိုယ့်နိုင်ငံကိုယ့်လူမျိုးဟူ၍ ဇာတိသွေးဇာတိမာန် ရှိအပ်သည် မှန်ပါ၏။ သို့ရာတွင် ငါ့အမျိုးမှအမျိုးဟူ၍ မာန်ဟုန်ကြီးကြီး အယူသည်းလွန်းမှုမှာကား

အစုအဝေးနှင့်နေသော ပတ်ဝန်းကျင်ကို ဖျက်ဆီးရုံမျှမက လောကကိုပါ ပျက်စီးစေနိုင်သည်။

ဤအချက်ကို ဘုရားမဖြစ်မီကပင် သိရှိထားခဲ့သော သိဒ္ဓတ္ထရဟန်းသည် အမျိုးမာန်သည်းသော သာကီဝင်စစ်စစ်ကြီးဖြစ်ပါလျက် ဆင်းရဲသားလူမျိုးစုံတို့၏ အာဟာရကြွမ်းမျိုးစုံကို သည်းခံကာ စား၍ပြခဲ့သည်။ မဟာဇနက္ကဇာတ်တော်အားဖြင့်ဆိုလျှင် ခွေး၏ပါးစပ်မှ စွန့်ပစ်အပ်သော အမဲကင် အာဟာရကိုပင် စား၍ပြခဲ့သေး၏။ အပန်းတော်ဖြေ သတ္တသတ္တာဟ စံနေရာတွင် ရောက်လာသည့် အမျိုးမာန် တဟုန်းဟုန်းထလျက်ရှိသော ဗြာဟ္မဏကြီးကို အမျိုးမာန်ကြီးမှု၏ လွဲမှားပုံကို ဟောတော်မူခဲ့သည်။

ဘုရားဖြစ်တော်မူ၍ သာသနာတော်ကို တည်ထောင်သောအခါတွင်မူ အမျိုးမာန်ကိစ္စကို ယတိပြတ်ဖြတ်တောက်ဖျက်ဆီး၍ အကြင်သူတစ်ယောက်၏ သီလသိက္ခာကိုသာ ရှေ့တန်းတင်ကာ သံဃာ့အဖွဲ့အစည်းကြီးကို ဖွဲ့စည်းပေးခဲ့သည်။ သာကီဝင်တို့မှလွဲလျှင် အမျိုးမာန်ကြီးလှစွာသော ဗြာဟ္မဏတို့အား ဗြာဟ္မဏဟူသော မြင့်မြတ်သောအမည်သည် သီလသိက္ခာရှိသောသူကိုခေါ်သော အမည်သာဖြစ်ကြောင်းဖြင့် အထပ်ထပ်ဟောတော်မူ၏။ အမျိုးမာန်ကိစ္စကြောင့်ပင် သာကီဝင်တို့ပျက်စီးရသည့် အကြောင်းမှာ နောက်ပိုင်းတွင် တွေ့ရကြမည်ဖြစ်၏။

မိမိသမီးဖြစ်ပါလျက် မိခင်က သာကီဝင်မဟုတ်သောကြောင့် ဖခင်နှင့် ထမင်းအတူစားခွင့်ပင် မရရှာခဲ့သော ဝါသဘခတ္တိယာမှာ သနားဖွယ်ရာပင်ဖြစ်၏။ သို့ရာတွင် ဘဝကံအားဖြင့်ထူးခြား၍ ထက်မြက်သောသူဖြစ်လေရာ ထိုးမည့်ဆင် နောက်ဆုတ်ဟူသကဲ့သို့ ကပိလဝတ်တွင် မျက်နှာငယ်သော်လည်း သာဝတ္ထိရောက်သောအခါ အဂ္ဂမဟေသီ တောင်ညာစံမိဖုရားကြီးဖြစ်လာသည်။ အကြောင်းမူကား အရွယ်အဆင်းကောင်း၍ လိမ္မာချက်ချာသော ဝါသဘခတ္တိယာကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက်ကောသလဘုရင်က အလွန်ပင် နှစ်သက်မြတ်နိုးကာ တောင်ညာစံအဖြစ် ထိပ်တန်းသို့ တင်ပေးလိုက်သောကြောင့်ဖြစ်သည်။ ဘုရားရှင်၏ ဘထွေးတော် မဟာနာမ် သာကီဝင်မင်း၏သမီးဟု သိရသောကြောင့်လည်း အလွန်ကျေနပ်တော်မူ၏။

## ဝဋ္ဋဘမှ ဝိဋ္ဋူဘသို့

ဘုရင်ကြီး မြတ်နိုးလိုက်ပုံမှာ ဝါသဘခတ္တိယာမှ သားတော်ကလေးတစ်ယောက် ထွန်းပေါက်လာသည်ဆိုလျှင်ပင် ဘဝပါရမီအရ ရွှေအဆင်းနှင့်တူသောသား၊ သန့်ရှင်းစင်ကြယ်လှသောသား၊ ငယ်စဉ်ကပင် မင်းမာန်စိုးကိုက်နှင့် ထိုက်ထိုက်တန်တန်

ပေါ်ပေါက်လာသော သားတော်လေး ဖြစ်နေသောကြောင့် ရင်ခွင်ပိုက် စစ်သူကြီး အဖြစ်နှင့်ပင် ကြိုတင်၍ခန့်ထားလိုက်သည်။ အဓိပ္ပာယ်မှာ မိမိမရှိခဲ့သော် ကောသလ ရွှေနန်းကို သိမ်းမြန်းစိုးအုပ်စေမည့်သူမှာ ဤသားတော်ပင် ဖြစ်သတည်း။

သားလေးကို အရေးပေးလိုက်ပုံမှာ အမည်ပေးဖို့ကိုပင် သာဝတ္ထိနန်းတော်တွင် ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့ အပြည့်ရှိပါလျက် သာကီနွယ်ဖွား သားကလေးဟုဆိုကာ သာကီဝင်ဘိုးဘွားတို့အကြိုက် ဖြစ်စေရမည်ဟု သားတော်လေးမွေးဖွားသည့် သတင်း ကိုလည်းပေးပို့ရင်း တမန်အဖွဲ့တစ်ဖွဲ့ကို ကပိလဝတ်သို့ အရေးတယူစေလွှတ်၍ အမည်တောင်းစေခဲ့သည်။

အမည်တောင်း တမန်တော်အဖွဲ့သည် ကပိလဝတ်သို့ မမျှော်လင့်ဘဲ ဆိုက်ရောက်လာသောအခါ ဘိုးတော် မဟာနာမ်မင်းက ဝမ်းပန်းတသာ ကြိုဆိုလက်ခံ၏။ ကောသလဘုရင်က သမီးတောင်း စေလွှတ်လိုက်စဉ်ကပင် သာကီဝင်စစ်စစ်ကို မပေးလိုက်နိုင်စေကာမူ ရာဇပရိယာယ်ကြွယ်ဝသော မဟာနာမ်မင်းက ဝါသဘခတ္တိယာ ကို တမင်ရွေးချယ်ပေးဆက်လိုက်ခြင်းဖြစ်၏။ အကြောင်းမှာ ဝါသဘခတ္တိယာသည် အရွယ်အဆင်း ကောင်းရုံမျှမက ရဲရင့်ချက်ချာ လိမ္မာသူဖြစ်ပေရာ ကောသလဘုရင်နှင့် နန်းတော်ဝန်းကျင်ကို စိုးမိုးချယ်လှယ်နိုင်မည့်သူဟု ယူဆ၍ ကောသလနှင့်ကပိလဝတ်ကို ရွှေလမ်းငွေလမ်းပေါက်စေမည့်သူဟူသော အမြင်ရှိခဲ့သည်။ မိမိမျှော်လင့်သည့်အတိုင်းပင် ကောသလဘုရင်က ဝါသဘခတ္တိယာကို အလွန်မြတ်နိုးလှ၍ သာမန်မိဖုရားမျှမက မိဖုရားကြီး အဖြစ်သို့ပင် တင်မြှောက်လိုက်သည့်သတင်းကို ဝမ်းမြောက်စွာ ကြားသိခဲ့ရ၏။

သားတော်ကလေးရလာ၍ သာမန်အားဖြင့် အမည်ပေးမင်္ဂလာ ပြုလုပ်ရမည့် ကိစ္စကိုပင် မိမိထံသို့ အရေးတယူ စေလွှတ်လိုက်သည်ကို တွေ့ရသောအခါ အထူး ဝမ်းမြောက်ရ၏။ ထို့ကြောင့် ဗြာဟ္မဏတို့သတ်မှတ်ထားသော မင်္ဂလာ ၁၂ ခန်းအနက် နာမကရဏမင်္ဂလာ အမည်ပေး အမည်ရွေးမင်္ဂလာပွဲကို တမန်တော်တို့ကိုပါ ပူးပေါင်း၍ အရေးတယူ စီစဉ်ပြုလုပ်သည်။

မဟာနာမ်မင်းအဖို့ မြေးတော်လေးကို အမည်ပေးရမည်ဆိုကတည်းက ပေးရမည့်အမည်ကို စိတ်ထဲက ရွေးချယ်လိုက်ပြီး ဖြစ်၏။ အကြောင်းမှာ အရည်အချင်း ရှိသော ဝါသဘခတ္တိယာသည် အပျိုဘဝကပင် သူ့ဝန်းကျင်ကို လွှမ်းမိုးနိုင်သူဖြစ်၏။ ကပိလဝတ်တွင် ကျွန်မသမီးဖြစ်ပါလျက်နှင့်ပင် သူ့အရည်အချင်းကြောင့် သူနှင့် စပ်ဆိုင်သမျှ၌ တွင်ကျယ်ခဲ့သူဖြစ်၏။ ကောသလနန်းတော်တွင်လည်း ဘုရင်ကိုပင် လွှမ်းနိုင်သူဟု သိရ၏။ ယခု သားတစ်ယောက် ထွန်းပေါက်လာပြီဆိုသောအခါတွင်မူ သူ့လွှမ်းမိုးမှုမှာ ကျယ်ပြန့်လာတော့မည်ဟူသောအမြင်ဖြင့် "ဝလ္လဘ"ဝင်ဆံ့ တွင်ကျယ်သူဟု

အမည်ပေးရန် စိတ်ကူးထားခဲ့သည်။ ထိုစိတ်ကူးအတိုင်းပင် ''ဝလ္လဘ''ဟု အမည်ပေးရန် မိမိကိုယ်တိုင်ပင် အဆိုပြု ရွေးချယ်လိုက်သည်။

သို့ရာတွင် လွှတ်လိုက်သော တမန်အမတ်မှာ အတန်နားလေးသူ ဖြစ်သောကြောင့် ''ဝိဋ္ဋူဘ''ဟု ကြားသိမှတ်သားလာမိရာက ဝိဋ္ဋူဘ ဖြစ်လာရသည်။ ကောသလဘုရင်အဖို့ သူ့အဘိုးကိုယ်တိုင် ပေးလိုက်သောအမည်ဟု ထိုအမည်ကိုပင် နှစ်နှစ်ခြိုက်ခြိုက် လက်ခံလိုက်၏။

အမေကိုမြတ်နိုးရုံမက ဝါသဘခတ္တိယာတို့ သားအမိကြောင့် တစ်ဖက်တွင် နှစ်ခြိုက် ဝမ်းမြောက်ရသည်မှန်ပါ၏။ သို့ရာတွင် တစ်ဖက်မှာကား မူလ ရည်ရွယ်ရင်းဖြစ်သော သံဃာတော်များနှင့် ရင်းနှီးဖို့ကိစ္စာမှာမူ အကြောင်းထူး၍မလာ။ ထို့ကြောင့် ဘုရားရှင်ကိုယ်တော်တိုင်ကို ပင့်၍မရသော်ရှိစေ သင့်လျော်သော သံဃာတော်တစ်ပါးကို နန်းတော်သို့ မပြတ်ကြွရောက်စေပါရန် ဘုရားရှင်သို့လျှောက်ထားသောအခါ အရှင်အာနန္ဒာကို စေလွှတ်တော်မူသဖြင့် ဝမ်းမြောက်ရ၏။ အကြောင်းမှာ သာကီဝင်တို့ကို လိုလားနေသော ကောသလဘုရင်အဖို့ အရှင်အာနန္ဒာသည်လည်း ထိပ်တန်းသာကီဝင်မင်းသားတစ်ပါးဖြစ်ရုံမက ဝါသဘခတ္တိယာနှင့် ဆွေမျိုးတော်စပ်နေသောကြောင့် ဖြစ်ပေသည်။

## ကပိလဝတ်သို့

ဝိဋ္ဋူဘမင်းသားအဖို့ အရွယ်ရောက်လာသောအခါ သာကီဝင် သာကီနွယ်ဟူ၍ အထပ်ထပ် ဆွေမျိုးစပ်သံကြားရသော သာကီဝင်ဘိုးတော်ဘွားတော်များကို တွေ့မြင်လိုလာသည်။ အမိဘက်မှ မိမိ၏အဆွေအမျိုးများကို တွေ့မြင်လိုလာသည်။

ဘိုးဘွားဟူသည် မြေးကို အလိုလိုက်မြဲ၊ အချစ်ပိုမြဲဖြစ်၏။ မြေးကို အလိုလိုက်ကာ အကြိုက်မျိုးစုံဖြင့် ယုယသော အခြားသူတို့၏ ဘိုးဘွားများကို မြင်တွေ့နေရသောအခါ ဘိုးဘွားကို မြင်တွေ့လိုစိတ် ပြင်းထန်လာ၏။ ထို့ကြောင့် ဘိုးဘွားများရှိရာ ကပိလဝတ်သို့ စစ်သူကြီးတည်းဟူသော မိမိ၏ တန်ခိုးအာဏာ စစ်တပ်အခြွေအရံတို့ဖြင့် သွားမည်ဟု မိခင်ထံ ခွင့်တောင်းသောအခါ မူလအခြေမခိုင်ခဲ့သဖြင့် ကိုယ့်ဝမ်းနာကိုယ်သာသိသော မိခင်ဝါသဘခတ္တိယာက ပရိယာယ်မျိုးစုံဆင်၍ အကြိမ်ကြိမ် တားမြစ်ခဲ့သော်လည်း အထပ်ထပ် တောင်းဆိုလာသောအခါ ခွင့်ပြုရသည်။

ကိုယ့်အမျိုးအကြောင်း ကိုယ်အသိဆုံးဖြစ်သော ဝါသဘခတ္တိယာအဖို့ အမျိုးမာန်ကြီးသော သာကီဝင်တို့က မတော်တဆ မထီမဲ့မြင်ပြုလုပ်လိုက်၍ သားကလေးသိခဲ့ပါသော် ရင်ကျိုးရချည့်ဟု ဝါသဘခတ္တိယာ စဉ်းစားသည်။ သို့ရာတွင် သားကိုတား၍ မရသောအခါ လူယုံတစ်ယောက်ကို သားနှင့်အတူ ထည့်လိုက်ပြီးနောက် သားကလေး

မနှစ်သက်ဖွယ် တစ်စုံတစ်ရာကို မပြုလုပ်ကြပါစေနှင့်ဟူသော တိတ်တဆိတ် အမှာ အကြားဖြင့် စကားထည့်လွှတ်လိုက်ရသည်။

ကောသလဘုရင် မိဖုရားကြီး ဝါသဘခတ္တိယာတို့၏ သားတော် ဝိဋူဍဘ စစ်သူကြီးသည် ကပိလဝတ်သို့ ဆွေပြမျိုးပြနှင့် ဆွေမျိုးဆက်ရန်အတွက် ချီတက်လာပြီ ဟူသော သတင်းမှာ သာမန်အားဖြင့်ဆိုလျှင် ဝမ်းမြောက်ဖွယ်သတင်းကြီး ဖြစ်သော်လည်း အမျိုးအတွက်နှင့် အမြဲလိုလို ရတက်ပွေလျက်ရှိသော သာကီဝင် ကပိလဝတ်သားတို့ အဖို့မူ အကြီးအကျယ် တုန်လှုပ်သွားစေသော သတင်းဖြစ်သည်။ သို့သော် ဝိဋူဍဘမှာ တိုင်းကြီးပြည်ကြီး၏ စစ်သူကြီးဖြစ်ရုံမက အမျိုးဇော်စပ်နေသူဖြစ်သောကြောင့် စိတ်မပါစေကာမူ အနူးအညွတ် ကြိုဆိုလက်ခံရမည်ပင်ဖြစ်၏။

ကြိုဆိုလက်ခံပါ၏။ ပရိယာယ်မျိုးစုံဖြင့် သာကီဝင်မစစ်သော ဝိဋူဍဘနှင့် လက်ပွန်းတတီး မဆက်ဆံမိစေရအောင် ဖန်တီးနိုင်သည်လည်း မှန်ပါ၏။ သို့ရာတွင် ကြီးသူကို ငယ်သူက အရိုအသေပေးရသော သာကီဝင်တို့၏ ထုံးတမ်းစဉ်လာအရ သာကီဝင်မဟုတ်သော ဝိဋူဍဘကို သူ့အောက်ငယ်သော လူငယ်သာကီဝင်မှန်သမျှကို တခြားတစ်ပါးသို့ ကွယ်ဝှက်စေလွှတ် ထားစေလိုက်သည်။

ထို့ကြောင့် ဝိဋူဍဘအဖို့ ကပိလဝတ်သို့ ရောက်သောအခါ သူက ရှိခိုး ရှိသေရမည့်သူများချည်း ရှိနေပြီး မိမိကို ရှိခိုးရှိသေမည့်သူကို မတွေ့ရ၍ မေးကြည့်သော အခါ ဤနေရာတွင်လည်း ကပိလဝတ် သာကီဝင်တို့ ပရိယာယ်အဖြာဖြာ မာယာ အမျိုးမျိုးဖြင့် ပြောဆိုဖြေသိမ့်ရပြန်၏။ သို့ရာတွင် သာကီဝင်တို့အဖို့ ဖြစ်ပေါ်လာအံ့သော အရေးတော်ပုံမှာ ဤနေရာမှ စတင်ပြီဖြစ်သတည်း။

ကျွန်မမှ မွေးသူဖြစ်သောကြောင့် အမျိုးညံ့သည်ဆိုစေကာမူ ဘဝပါရမီ ထူးခြား ထက်မြက်စွာဖြင့် ပေါ်ပေါက်လာသောမိခင်မှ ငယ်စဉ်ကပင် ထူးခြားထက်မြက်ခဲ့သော ဝိဋူဍဘအဖို့ စိတ်မရှင်းဖွယ်ရာများကို စတင်တွေ့ကြုံရပြီဖြစ်၏။

အဘယ်မှုဖြင့် ပရိယာယ်မျိုးစုံဖြင့် ဖုံးလွှမ်းထားစေကာမူ အခြေခံ စိတ်ထားမရှင်း မှုရှင်းမမှန်သော အပြုအမူမှန်သမျှသည် လူပါးလူထက်များအဖို့ သိရှိကြသည်သာ ဖြစ်၏။ စိတ်မပါသော ညှို့ခံမှု၊ အခြေခံမပါသော အပြုအမူမှန်သမျှသည် တစ်နည်းနည်း ဖြင့် ပေါ်လွင်နေသည်သာဖြစ်၏။ ထိုအပြုအမူများကို အဘယ်ကြောင့်ဟု ကွဲကွဲပြားပြား ရုတ်ခြည်းမသိနိုင်ဦးတော့၊ မှုမမှန်ကြသည်ကိုကား ဝိဋူဍဘ သိသည်။ ထို့ကြောင့် မူလရည်မှန်းထားသည့် အချိန်စေ့အောင်ပင် ကပိလဝတ်တွင်မနေတော့ဘဲ သာဝတ္ထိသို့ ပြန်ရန် စီစဉ်လိုက်သည်။

ဤတွင် သာကီဝင်တို့ ကံဆိုးချင်တော့ မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာသည်။

ဝိဋ္ဋူဘတို့ ပြန်ကြမည်ဆိုသောအခါ နွတ်ဖျားစကားဖြင့် တားမြစ်သယောင် ပြုသော်လည်း သာကီဝင်တို့အဖို့ လွတ်ပြီ ကျွတ်ပြီဟု အလွန်ဝမ်းမြောက်ကြသည်။ သီးသန့်ထားရှိအပ်သော မင်းတဲမှ ဝိဋ္ဋူဘတို့ ထွက်ကြသောအခါ သခင်တို့၏ အလိုကိုသိ၍ သခင်တို့ကို မျက်နှာလုပ်လိုသော အစေခံများက မကောင်းသောဘေး မကောင်းသောရန်များ သွားလေရော့ဟု ဆိုကာ ဝိဋ္ဋူဘတို့ နေထိုင်ခဲ့သော မင်းတဲ နေရာကို ဆေးကြောသည်။ ဆေးကြောရာ၌ သာမန်မဟုတ်၊ ကျွန်စော်၊ ကျွန်နံ့ ပျောက်စေရန်ဟု''ကျွန်မသား သွားလေရော့''ဟု ဆဲဆိုကာ နို့ရည်ဖြင့်ပင် ဆေးကြောသည်။

ကျွန်ဟူ၍ နှိမ့်ချခွဲခြားရန် မသင့်ဟု ဆိုစေကာမူ အချို့ကျွန်မှာ ကျွန်ပီသလှ၏။ ကျွန်ပီပီ အသိဉာဏ်မရှိ။ သခင်အတွက် မျက်နှာလိုမျက်နှာရလုပ်ဖို့သာသိ၏။ အကြောင်းမူကား ''ကျွန်မသား သွားလေရော့'' ဟု ဆဲဆို ဆေးကြောနေခိုက်မှာပင် ဝိဋ္ဋူဘ၏ မင်းချင်းတစ်ယောက်သည် လက်နက်မေ့ကျန်နေသောကြောင့် မင်းတဲသို့ ယူရန်ပြန်လာခိုက် ထိုဆဲသံနှင့် ထိုအပြုအမူကို ကြားသိ တွေ့မြင်ရသောအခါ ''သူငယ်မ၊ ဘာတွေလုပ်၊ ဘယ်သူ့ကို ဆဲနေတာလဲ'' ဟု မေးလိုက်မိသည်။

''ဘယ်သူ့ကို ဆဲရမှာလဲ၊ ကျွန်မသားကို ဆဲတာပေါ့။ ကျွန်မသားက ကြီးကျယ် လာလိုက်တာ။ သင်တို့သခင် ဝိဋ္ဋူဘဆိုတာ ကျွန်မသားပေါ့။ ကျွန်မနဲ့ရတဲ့သမီးက မွေးလို့ ကျွန်မသားပေါ့။ ကျွန်မသား ထိုင်သွားတဲ့နေရာမို့ ကျက်သရေရှိအောင် ဆေးကြောပစ်နေရတာ''

''ဩော်၊ ဖြစ်မှ ဖြစ်ရပလေ''

ထိုအပြုအမူ၊ ထိုစကားကို မင်းချင်းက ဝိဋ္ဋူဘသို့ ပြန်လည်လျှောက်တင်သော အခါ အံ့အားသင့်စွာဖြင့် နားထောင်နေသော ဝိဋ္ဋူဘက ခေါက်လိုက်သော တက်ခေါက် သံမှာ မိုးယံသို့ပင် ဟိန်းသွားသည်ဟု ဆိုရမည်ဖြစ်၏။ မိမိရောက်လာသည် ဆိုကတည်းက မရှင်းမရှင်းသော သာကီဝင် ဆိုသူတို့၏ အပြုအမူများကို ယခုတော့ အကွင်းအကွင်း မြင်လာပြီဖြစ်၏။ ''ဆေးနှင့်ကြဦးပေါ့ကွာ။ ငါထိုင်တဲ့နေရာကို မင်းတို့က နို့ရည်နဲ့ဆေးတယ်။ တစ်နေ့ကျရင် ငါ့ခြေထောက်ကို မင်းတို့လည်ချောင်းသွေးတွေနဲ့ ဆေးမယ်ဟေ့'' စိတ်ထဲက ကြိမ်းမောင်းလိုက်သည်။

အမြော်အမြင်မရှိသော ကျွန်မတစ်ယောက်၏ မထီမဲ့အပြုအမူပင်ဖြစ်သော်လည်း အရင်းအမြစ်မှာ သာကီဝင်တို့၏ အမျိုးစွဲမာနသည်ပင် မြစ်ဖျားခံ၏။ သို့ဖြစ်၍ ဝိဋ္ဋူဘ တို့လို ထက်မြက်၍ အမြော်အမြင်ရှိသောသူအဖို့ ခွေးတစ်ကောင်ကဲ့သို့ မှန်လာသော ခဲကို မကြည့်သော ခြသေ့ပမာ ပစ်သူကိုသာ မြင်မြဲဖြစ်လေရာ သာကီဝင်တို့အပေါ်၌ စွဲစွဲစူးစူးထားအပ်သော လက်စားချေလိုမှု ဒေါသသည် ထိပ်ဆုံးသို့ ရောက်တော့၏။

မထိမဲ့အပြုအမူတစ်ရပ်သည် ခံရသောသူအဖို့ ထက်မြက်၍ စွမ်းပကားရှိသူ ဖြစ်ခဲ့ပါသော် ကြိတ်မနိုင် ခဲမရနှင့် ကြီးစွာသောရန်ကို ဖြစ်စေနိုင်သည်။ နေသေးသပ ချုံထဲက၊ ချိုသွေးသပ တမြမြ ဖြစ်နေတတ်သည်။ ထို့ကြောင့်လည်း ဘုရားရှင်က ကြီးသူငယ်သူ၊ နိမ့်သူမြင့်သူ ဘယ်သူမဆို တစ်ယောက်သောသူသည် တစ်ယောက်သောသူအား မချုပ်ချယ်၊ မစဉ်းလဲ၊ မလှည့်ပတ်ပါနှင့်။ မာန်ထောင်သမှု မထီမဲ့မပြုပါနှင့်ဟု မေတ္တာသုတ်တော်တွင် ထင်ထင်ရှားရှား ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။

"ငါတို့စစ်သူကြီး ဝိဋူဋဘဟာ ကျွန်မသားတဲ့ဟေ့" ဟူသော သတင်းမှာ ပွင့်ပွင့်လင်းလင်း မပြောဝံ့သော်လည်း ကြားသိခဲ့ရသော မင်းချင်းမှုတစ်ဆင့် တီးတီးတိုးတိုး သဖန်းပိုးဖြင့် နောက်လိုက်နောက်ပါ တပ်တော်တစ်ခုလုံးသို့ ပျံ့နှံ့သွား၏။ ဤမျှသာမက ကောသလဘုရင် နားတော်သို့ပင် ပေါက်ကြားသွားသောအခါ ငါဘုရင်ရင့်မကြီး ဖြစ်ပါလျက် အလိမ်မိရက်လေခြင်းဟု ဒေါသအိုး ပေါက်ကွဲလေတော့သည်။

သို့သော် သူ့ဒေါသမှာ ဝိဋူဋဘလောက်တော့ မပြင်းထန်။ မူလလိမ်လည်ရှင်များဟု ဆိုနိုင်သော ကပိလဝတ်တိုင်အောင်လည်း အရေးမယူ။ လက်တစ်ကမ်းမျှသာ အရေးယူလိုက်၏။ ယင်းသည်ကား ဝါသဘခတ္တိယာနှင့် ဝိဋူဋဘတို့အား မိဖုရားအရာ၊ စစ်သူကြီးအရာတို့မှ ချထားစေလိုက်ခြင်းပင် ဖြစ်လေသည်။ သို့ရာတွင် အရှက်ပြေ အရေးယူခြင်းသာဖြစ်၍ ချစ်မိလေပြီးသော မယားနှင့် သားအပေါ်တွင် မေတ္တာအမျှင်တန်းလျက်မှုကား ရှိနေသည်ဟု ဆိုရမည်ဖြစ်၏။

## ကယ်တင်ရှင်

ဤကိစ္စ ဖြစ်ပွား၍ နှစ်ရက်သုံးရက်အကြာတွင် သိတော်မူ၊ မြင်တော်မူသော ဘုရားရှင်သည် နန်းတော်သို့ ကြွလာ၏။ အလိုအလျောက် သိတော်မူခြင်းလည်းဖြစ်၍ နန်းတော်နှင့် မပြတ်ဆက်ဆံလျက်ရှိနေရသော အရှင်အာနန္ဒာမှတစ်ဆင့်လည်း ဆွေကိစ္စ မျိုးကိစ္စဖြစ်နေ၍ သိတော်မူရသည်ဟု ဆိုနိုင်သည်။

ဤကိစ္စအားလုံးသည် အမျိုးတည်းဟူသော မနှစ်လိုဖွယ်ရာ အယူအစွဲကြောင့် အခြေအမြစ်ကစ၍ လွဲမှားနေ၏။ ပြေပြေပြစ်ပြစ် ဖြစ်နေပါလျက် ဘာမဟုတ်သော အမျိုးစွဲကြောင့် အလွဲမှားတွေ ဖြစ်နေရ၏။

ဘုရားရှင် ကြွရောက်လာသည်ဆိုလျှင်ပင် ကောသလဘုရင်က သာကီဝင်စွဲကြောင့် ဖြစ်ပွားခဲ့ရသော အကြောင်းရပ်များကို သာကီဝင်တို့၏ ထိပ်သီးဖြစ်သော ဘုရားရှင်အား တိုင်ကြား လျှောက်ထားလိုနေခိုက်တွင် အလိုက်သင့် ကြွရောက်လာသောကြောင့် ဘုရားရှင်၏ အမျိုးအနွယ်တို့သည် သာကီဝင်မဟုတ်ဘဲနှင့်

ဝါသဘခတ္တိယာ တည်းဟူသော ကျွန်မ၏သမီးကို တပည့်တော်အား လိမ်လည်၍ ပေးဆက်လိုက်သည့်အကြောင်း၊ သို့ဖြစ်၍ ဝါသဘခတ္တိယာကိုရော၊ သူ့သားကိုပါ ရာထူးမှ ချထားလိုက်သည့်အကြောင်းများကို မျက်နှာမသာမရာနှင့် ပွင့်ပွင့်လင်းလင်း လျှောက်ထားလိုက်သည်။

''မင်းကြီး၊ ပေးကမ်းမှုဟူသည် တူမျှသော၊ တူမျှသည်ထက် သာလွန်သော အရာကိုသာ ပေးကမ်းရာ၏'' ဟူ၍ ပေးကမ်းလှူဒါန်းမှုတရားကို ဟောကြားပြီးနောက် ''သာကီဝင်တို့သည် အမျိုးစွဲမာန် သည်းထန်မှုကြောင့် လျော်သောအမှုဖြစ်ပါလျက် မလျော်သယောင် ပြုမူလိုက်ကြ၏'' ဟု မိန့်တော်မူသောအခါ ''အဘယ်ပုံ လျော်သော အမှုဖြစ်ပါသနည်းဘုရား'' ဟု လျှောက်ထားပါသည်။

''မင်းကြီး၊ ဝါသဘခတ္တိယာ ဒါယိကာမသည် ကျွန်မ၏သမီး ဖြစ်စေဦးတော့။ သူ့ဖခင်သည်ကား ငါ၏ဘထွေးတော် သာကီဝင်စင်စစ် မဟာနမ်မင်းပေတည်း။ အမျိုးအနွယ်ကိုစွဲဆိုရာ၌ အမိမျိုးဟူသည် ပမာနမဟုတ်။ အဖမျိုးသည်သာ ပမာန ပေတည်း။ ဝိဋ္ဋူဘသည်လည်း အဖမျိုးဖြစ်သည့် သင်မင်းကြီးကိုစွဲ၍ဖြစ်သော မင်းမျိုး မင်းသွေးပင်ဖြစ်၏။ ရှေးမင်းတို့သည်လည်း မိခင်ဖြစ်သော ထင်းခွေသည်မကို ပမာန မထားဘဲ အဖမျိုးကို ပမာနထား၍ ထင်းခွေသည်မမှ ဖွားသောသားသည် တစ်ဆယ့် နှစ်ယူဇနာကျယ်ဝန်းသော ဗာရာဏသီပြည်တွင် မင်းအဖြစ်သို့ရောက်ခဲ့ဖူးပေပြီ''

''ရောက်ကြောင်းကို ဟောကြားတော်မူပါဘုရား''

ဤနေရာတွင် ဘုရားရှင်က ထင်းထမ်းမင်းရာဇာ၊ ကဋ္ဌဝါဟနဇာတ်တော်ကို ဟောကြားတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် ဥယျာဉ်မွေ့ထွက်ရင်းဖြင့် တောတွင်းသူ ထင်းခွေမတစ်ယောက်နှင့် တွေ့ကြုံရည်ငံမိကြကာ ထင်းခွေသည်မတွင် သန္ဓေ တည်သည်။ မင်းက မိမိ၏လက်စွပ်ကိုပေးကာ သမီးမွေးပါက ဤလက်စွပ်ဖြင့် ရင်းနှီး၍ စားလေလော့၊ သားမွေးပါက လက်စွပ်ကို ယူဆောင်ကာ ဗာရာဏသီသို့ လိုက်ခဲ့လော့ဟု မှာကြားကာ တိုင်းပြည်သို့ ပြန်သည်။ ဘုရားလောင်းသားကလေးမွေး၍ ဗာရာဏသီသို့ လိုက်သွားသောအခါ ဘုရင်ရှက်၍ မိမိမယားမဟုတ်၊ မိမိသားလည်းမဟုတ်ဟု ငြင်းပယ်၏။ ထိုအခါ မိခင်အဖို့ သစ္စာတရားမှတစ်ပါး အားထားစရာမရှိတော့၍ ဘုရင်၏ မယားနှင့် သားမှန်လျှင် ကောင်းကင်သို့ တည်ပါစေသောဝ်ဟု သစ္စာဓိဋ္ဌာန်ပြုကာ သားကလေးကို ကောင်းကင်သို့ မြှောက်လိုက်သောအခါ သားငယ်ဘုရားလောင်းသည် ညီလာခံကောင်းကင်ပြင်၌ တည်နေ၍ ''ဖခင်၊ အခြားသူများကိုပင် မွေးမြူနိုင်သော ဖခင်အဖို့ မိမိ၏သားကို အဘယ်ကြောင့် မမွေးမြူနိုင်သနည်း'' ဟု တရားဟောကာ ဘုရင်လက်ကမ်းစဉ် ဖခင်၏ရင်ခွင်သို့ ဆင်းသက်သည်။ ထင်းခွေသည်မကိုလည်း

မိဖုရားကြီးအရာ၌ထား၍ ဖခင်ကွယ်လွန်သောအခါ၌ သားတော်သည် ဗာရာဏသီဘုရင်အဖြစ်သို့ ရောက်လာ၏။

ဤဇာတ်တော်ကို ကြားနာရသော ကောသလဘုရင်အဖို့ အဖမျိုးသည်သာ အဓိကဟူသော အချက်ကို ဘဝင်ကျသွားသည့်အပြင် အခြားသူတစ်ပါးတို့ကိုပင် မွေးမြူနိုင်ပါသေးလျက် မိမိသွေးသားကို အဘယ့်ကြောင့် မမွေးမြူနိုင်ရမည်နည်းဟူသော အချက်ကိုလည်း နှိုင်းရှည့် သဘောပေါက်သွားသည်။

အခြားသဘောပေါက်ဖွယ်ရာ အချက်တစ်ချက်ကိုလည်း ထင်ထင်ရှားရှား မြင်တွေ့လာရပြန်၏။ ယင်းသည်ကား သာမန် ပန်းသည်မကလေးဘဝမှ မိမိကောက်ယူ၍ မိဖုရားကြီးအဖြစ် တင်မြှောက်ထားပြီးသော ဝါသဘခတ္တိယာတို့နှင့် မိဖုရားပြိုင် မလ္လိကာဒေဝီကို သတိရလိုက်ခြင်းပင် ဖြစ်ပေ၏။ ဘုရားရှင်ဟောကြားအပ်သော ထင်းခွေမ၊ ပန်းသည်မလေး မလ္လိကာ၊ နာဂမုဏ္ဍာ၏သမီး ဝါသဘခတ္တိယာတို့မှာ သဘောအားဖြင့် အတူတူပင်ဖြစ်သည်။ အကယ်ဆိုသော် သာကီဝင်၏သမီးဖြစ်သောကြောင့် ဝါသဘခတ္တိယာကပင် အမျိုးအားဖြင့် များစွာမြင့်မြတ်နေပေသေးသည်။ သို့ဆိုလျှင် လှသော၊ လိမ္မာချက်ချာသော၊ သားထူးသားလှကို မွေးပေးနိုင်သော ဝါသဘခတ္တိယာကို အဘယ့်ကြောင့် အရေးယူရမည်နည်းဟု ကောသလဘုရင် သဘောပေါက်လာသည်။

ထို့ကြောင့် မယားရောသားကိုပါ မူလရာထူးသို့ ပြန်၍ရောက်စေဟု အမိန့်ချမှတ်လိုက်ရ၏။ မူလရာထူးသို့ ပြန်လည်ရောက်ရှိသည်မှန်ပါ၏။ ဘုရင်စိတ်ဆိုး၍ နှစ်ရက်သုံးရက်မျှသာ အရေးယူခံရသည်လည်း မှန်ပါ၏။ သို့ရာတွင် ရုပ်အဆင်းလှသော်လည်း မျက်နှာတွင် မာန်စောင်တတင်းတင်းနှင့် စိတ်ဓာတ်ပြင်းသော ဝိဋူဍဘအဖို့မူ စဉ်းစားမိတိုင်း ခံရလေခြင်းဟု တက်တခေါက်ခေါက်နှင့် ရှိနေသောကြောင့် မိခင်ဝါသဘခတ္တိယာက ချော့မော့ဖြေသိမ့်၍ ထားခဲ့ရသည်။

ဤသူငယ်တွင် စိတ်ထားပြင်းပြတ်သော သာကီသွေး သာကီမာန်အပြည့် ပါလာဟန်ရှိ၏။ မွေးပြီးစ သာသာကပင် အရွယ်နှင့်မလိုက် မျက်နှာတွင် မာန်စောင်မာန်ရိပ်ကလေး တတင်းတင်းနှင့် မင်းသွေးမင်းဟန်အပြည့် ရှိနေခဲ့သည်။ မိခင်ချော့မော့ပြုပြင်၍ပင် မရခဲ့။ လုပ်မည်ဆိုလျှင် လုပ်ရမှ၊ လိုချင်လျှင်ရမှ၊ တစ်ခုခု စွဲလမ်းမိလျှင် အပြီးတိုင်မှ ကျေနပ်သူဖြစ်သည်။

သာကီသွေး သာကီနွယ်တို့သည် စိတ်ထားကြီးသူ ပြတ်သူများ ဖြစ်ကြ၏။ သူဦးရီးတော်ဟု ဆိုနိုင်သော သိဒ္ဓတ္ထမင်းသားသည် ဘုရားဖြစ်ရန် အာရုံကပ်ထားသော မိမိ၏ပင်ရင်းစိတ်ထားကို ဖခင်ကြီးသည် နည်းမျိုးစုံဖြင့် ပိတ်ဆို့တားဆီးသည့် အထဲကပင် အတင်း ရုန်းထွက်သွားခဲ့သူ ဖြစ်၏။ အလားတူပင် သူဦးရီးတော်များ ဖြစ်ကြသော

အာနန္ဒာ၊ အနုရုဒ္ဓါ၊ ဒေဝဒတ္တ စသူတို့သည်လည်း စည်းစိမ်ကိုပင် စွန့်၍ ရှန်းထွက်သွားကြသော စိတ်ထားကြီးသူများ ဖြစ်ကြ၏။

ဤသူငယ်ကား ရဟန်းဘက်သို့ အာရုံမကပ်သော်လည်း အလျှဉ်းမသင့်၍ ကြုံတွေ့လာသော သူ့အမျိုး သာကီဝင်တို့က မထီမဲ့မြင်ပြုလိုက်မှုအပေါ်တွင် မကျေနပ်မှု၊ ယခု ဖခင်ဘုရင်၏ နှစ်ရက်သုံးရက်မျှ အရေးယူခံရမှုကြောင့် တက်တခေါက်ခေါက် ရှိနေမှုအပေါ်တွင် သား၏ မပြေလည်သောစိတ်ထားကို မိခင်သိ၏။ ထို့ကြောင့် ဖခင်အပေါ်တွင် မတော်တရော်များ ကြံစည်လေမည်လားဟု ဝါသဘခတ္တိယာ စိုးရိမ်မိသောကြောင့် ဖျောင်းဖျချော့မော့ရသည်။

မိခင်မှ ဆိုဆုံးမသည်ကို နားထောင်နေသော်လည်း မူရင်းသာကီဝင်တို့အပေါ်၌ ထားအပ်သော ရန်ငြိုးမှာမူ လျော့၍မသွား။ ဘုရားရှင် အဆုံးအမကြောင့် မင်းသွေးမင်းသားအဖြစ် မူလစစ်သူကြီးရာထူးသို့ ပြန်လည်ရရှိသော်လည်း ကျွန်မသားရယ်ဟု အများသိသွားခဲ့သော ဖြစ်ရပ်မှာကား တွေးမိတိုင်း ရှက်ဖွယ်ဖြစ်ပေရာ နေသေးသပချုံထဲကဟူသော မူရင်း စိတ်ထားမှာ ယခုသော် သာကီဝင်တို့ အပေါ်တွင်သာမက ဖခင်ဘုရင်အပေါ်တွင်ပါ ပူးပေါင်းရောက်ရှိလာသည်။ အကြောင်းမှာ စစ်သူကြီးရာထူးမျှဖြင့်တော့ သာကီဝင်တို့ကို လက်စားချေနိုင်မည်မဟုတ်။ ဘုရင်ဖြစ်မှ လက်စားချေခွင့်ကြုံနိုင်မည်ဖြစ်သောကြောင့် ဖြစ်သည်။

## မဟာဗန္ဓုလ

ဤနေရာတွင် ဝိဋူဍူဘတို့ကိစ္စကို တစ်ခန်းရပ်၍ မလ္လိကာတို့အကြောင်းကို ဆက်ရန် ရှိပေသေးသည်။

ဘုရားရှင်၏ ဗျာဒိတ်တော်အရ မလ္လိကာတွင် သားသန္ဓေခလာပြီကို မရှေးမနှောင်းပင် တွေ့သိသိရှိလာရသောအခါ မိဘနှစ်ပါးတို့ ဝမ်းမြောက်လိုက်ပုံမှာ အတိုင်းမသိပင် ဖြစ်ရ၏။ မမွေးမီကပင် သားရှူး ရှူး၍ ပေါ်ပေါက်လာသော နှုတ်ပိုက်သန္ဓေကို အရိပ်တကြည့်ကြည့် ရှိနေကြရသည်။

အရိပ်တကြည့်ကြည့် ရှိနေသည့် အထဲကပင် နှုတ်ပိုက် သန္ဓေကလည်း အများသူငါ သန္ဓေနှင့်မတူ၊ တစ်နေ့တခြား အံ့ဖွယ်အမျှ ကြီးမားလာသောကြောင့် ဖအေလောင်းဖြစ်သူ မဟာဗန္ဓုလက "ညီမရေ၊ ငါတို့သားက ရမယ့်ရတော့လည်း တစ်ယောက်မျှမကပေဘူးထင်တယ်ကွ" ဟု ပြောကြားလိုက်သောအခါ မလ္လိကာက "အို . . . အစ်ကိုကလဲ၊ တစ်ယောက်မက နှစ်ယောက်မကလို့ တစ်ရာပဲမွေးမွေး၊ ဘာဖြစ်သေးလဲ၊ ဝမ်းသာစရာကြီး မဟုတ်လား" ဟု အားရပါးရ ပြန်ပြောလိုက်၏။

မဟာဗန္ဓုလအဖို့ ဖွင့်၍ပင် မပြောစေကာမူ တစ်ဖက်တွင် သားသန္ဓေရလာ၍ ဝမ်းသာရသော်လည်း တစ်ဖက်တွင် တွေးမိတိုင်း စိတ်မကောင်းဖြစ်ရသည့်အကြောင်းမှာ သားသန္ဓေရလာတော့မည့်ဆဲဆဲတွင်မှ မလ္လိကာကို နှင်ထုတ်ခဲ့မိသည့်အကြောင်းပင် ဖြစ်လေ၏။ ယင်းအဖြစ်ကို ဖြေသိမ့်သည့်သဘောဖြင့် သာဝတ္ထိ အမျိုးသမီးလောကတွင် နာမည်ကြီးလှစွာသော ကျောင်းအစ်မကြီး ဝိသာခါ၏ မဟာလ္လတာ တန်ဆာမျိုးကဲ့သို့ ကိုယ်လုံးပြည့် တန်ဆာကြီးတစ်ခုကို ပြုလုပ်ပေးလိုက်သည်။

ဤပုံစံ ဤအချိုးအတိုင်းလုပ်လျှင် မဟာလ္လတာတန်ဆာ အမည်ရသော်လည်း ဝိသာခါနှင့်ဆိုပါက သာဝတ္ထိတွင် ဤတန်ဆာပိုင်ရှင် နှစ်ဦးဖြစ်နေသောကြောင့် မလ္လိကာ တန်ဆာဟုလည်း မလ္လိကာကို ဂုဏ်ပြုကာ သီးခြားအမည်ရလာသည်။

ဤတန်ဆာကို မလ္လိကာရရှိခြင်းမှာ အကြောင်းဆိုက်လာ၍ လင်ဖြစ်သူက ချစ်စနိုးဖြင့် လုပ်ပေးခြင်း ဖြစ်သော်လည်း စင်စစ်သော်ကား မလ္လိကာအဖို့ ရှေးကောင်းမှု အတိတ်ကံနှင့် ပစ္စုပ္ပန်ကံတို့ တိုက်ဆိုင်၍ ရရှိလာခြင်းဖြစ်သည်။ အကြောင်းမှာ မဟာလ္လတာ တန်ဆာဆိုတိုင်း သူသူငါငါ အမျိုးသမီးတို့ ဝတ်ဆင်နိုင်ကြသည်မဟုတ်။ သူ့နည်းလမ်း စည်းကမ်းအရ မဟာလ္လတာ တန်ဆာကို လုပ်ကိုင်ရသည်မှာ ရွှေငွေ စိန်ကျောက်တို့ဖြင့် အလွန်လေးလံလှပေရာ သူ့ကိုဝတ်ဆင်နိုင်ရန် အင်အားရှိဖို့ လိုပေသေး၏။ တန်ဆာတစ်ခုလုံးမှာ ပေါ့ပါးသော အဝတ်အထည်ဟူ၍ ချည်တစ်မျှင်မျှမပါ။ ရွှေကို အရင်းတည်ကာ ငွေချည်တို့ဖြင့် နန်းခက်နှင့် စိန်နှင့် ပတ္တမြားတို့ကို အကွက်ဆိုက်အောင် သွန်ထည့် ပြုလုပ်ထားသော တန်ဆာဖြစ်သည်။

မဟာလ္လတာတန်ဆာတစ်ခုမျှမက ဆယ်ခုပင်ဖြစ်စေ ပြုလုပ်နိုင်အောင် ကြွယ်ဝကြသော သူဌေးများစွာရှိ၏။ ထိုသူဌေးများကလည်း သူတို့မယား သူတို့သမီးများကို အတုမရှိ ကြွားရွားလှသော ဤတန်ဆာကြီးမျိုး ပြုလုပ်ပေးလိုကြသည်သာဖြစ်သည်။ သို့သော် ဝတ်ဆင်နိုင်သည့် အင်အားမရှိကြသည်ကြောင့် ဝိသာခါနှင့် မလ္လိကာတို့ကိုသာ အားကျ၍ နေကြရသည်။

သက်ိန်းလှူခဲ့သော ဘဝပါရမီထူးကြောင့် ဘုရားရှင်လက်ထက်တော်၌ ဤတန်ဆာမျိုး ဝတ်ဆင်နိုင်သော အမျိုးသမီးဟူ၍ သုံးဦးသာ စာရင်းပေါက်ခဲ့၏။ ဝိသာခါ၊ မလ္လိကာနှင့် ဗာရာဏသီမှ သူဌေးသမီးတစ်ဦးတို့ ဖြစ်ကြသည်။

ကြို၍ပြောရသော် ဤသုံးဦးအနက် ဝိသာခါနှင့် မလ္လိကာတို့၏ မဟာလ္လတာကြီး များသည် ဘုရားရှင်၏ ဒါယကာများ ဖြစ်ကြသည့်အလျောက် နောင်ခါ၌ သာသနာ့ အသုံးအဆောင်များ ဖြစ်လာကြသည်။ ဝိသာခါ၏ မဟာလ္လတာသည် သိကြပြီးဖြစ်သည့် အတိုင်း ပုဗ္ဗာရုံကျောင်းတော် ဖြစ်လာ၍ (ဗုဒ္ဓစာပန်းချီ "စိန်ဒေါင်းပုံ" ဝတ္ထု)၊ မလ္လိကာ၏

မဟာလ္လတာသည် ဘုရားရှင်၏အလောင်းတော်ကို လွှမ်းသော (ဗုဒ္ဓစာပန်းချီ "စန္ဒာမရီ" ဝတ္ထု) သက်န်းတော် ဖြစ်လာကြသည်။

## ချင်ခြင်း

မလ္လိကာအဖို့ မဟာလ္လတာ တန်ဆာကြီး ရလာ၍ ဝမ်းမြောက်ရပါ၏။ သို့ရာတွင် နှုတ်ပိုက်သန္ဓေ ရရှိလာသည်နှင့် တစ်ပြိုင်နက် သန္ဓေရင့်ကျက်သလောက် ထူးထူးခြားခြား လိုအင်ဆန္ဒတစ်ရပ် ဖြစ်ပေါ်လာခဲ့သည်။ သန္ဓေရှင် အမျိုးသမီးတို့ ဓမ္မတာ ချင်ခြင်း တပ်လာခြင်းပင် ဖြစ်လေ၏။ ဖြစ်ပေါ်လာသော ချင်ခြင်းမှာ သူတကာနှင့်မတူ ထူးခြား ဆန်းကြယ်လှသည်။ မိမိချင်ခြင်း ဆန္ဒအတိုင်း ပြည့်စုံဖို့ရန်မှာ ထူးခြားသလောက် ခက်ခဲလည်း ခက်ခဲလှသည်။ လင်တော်မောင်မှာ သူမတူ စွမ်းပကားရှိသော ယောကျ်ား ဖြစ်သောကြောင့် ချင်ခြင်းဆန္ဒအတိုင်း ပြည့်စုံဖို့တော့ ရှိပါ၏။ သို့ရာတွင် ခက်ခဲသော ဆန္ဒ ဖြစ်နေသောကြောင့် လင်တော်မောင်ကို ဖွင့်မပြောနိုင်အောင် ဖြစ်နေရသည်။

ယင်းထူးခြားသော ချင်ခြင်းဆန္ဒဟူသည်ကား အင်အားကြီးသော လိစ္ဆဝီတို့ နိုင်ငံရှိ မင်္ဂလာရေကန်မှ ရေတို့ကို ချိုးသောက်လိုလှသောဆန္ဒပင် ဖြစ်ပေသည်။ အတော်ပင် ကြံကြံဖန်ဖန်နိုင်လှသော ချင်ခြင်းဖြစ်၏။ သို့သော် အမျိုးသမီးတို့၏ သန္ဓေချင်ခြင်းဟူသည်မှာ ဒီလိုပဲ ကြံကြံဖန်ဖန် ကတ်သီးကတ်သတ်တွေ ဖြစ်ပေါ်လာလေ့ ရှိတတ်သည်။ မလ္လိကာ၏ ချင်ခြင်းမှာမူ ထူးခြားရုံမဟုတ် အန္တရာယ်ကြီးမားလှသော ချင်ခြင်းဟုလည်း ဆိုနိုင်၏။

လိစ္ဆဝီနိုင်ငံမှာ ကောသလတိုင်း၏ မဟာမိတ်ဟုလည်း ဆိုနိုင်၏။ ရန်သူ နိုင်ငံဟုလည်း ဆိုနိုင်၏။ ဖော်ပြပါအတိုင်း လိစ္ဆဝီမင်း မဟာလိ၊ ကောသလဘုရင်နှင့် မိမိခင်ပွန်း မဟာဗန္ဓုလတို့မှာ ကျောင်းနေဖက်လည်းဖြစ်၊ သာမန်အားဖြင့် လိစ္ဆဝီနိုင်ငံနှင့် ကောသလနိုင်ငံတို့မှာ ကူးလူးဆက်ဆံမှုလည်း ရှိသောကြောင့် မဟာမိတ်ဟု ဆိုနိုင် ပါ၏။ သို့ရာတွင် လိစ္ဆဝီနိုင်ငံသည် ကောသလတို့လို တစ်သွေးတစ်သံ တစ်မိန့်စနစ်ဖြင့် အုပ်ချုပ်သော ပဒေသရာဇ် ဧကရာဇ်နိုင်ငံမဟုတ်။ အများသဘောဖြင့် အလှည့်ကျ စုပေါင်းအုပ်ချုပ်သော ဂဏနိုင်ငံ ဖြစ်ပေရာ ကောသလတို့လို ဧကရာဇ်နိုင်ငံများ၏ ဘုံရန်သူပမာ ဖြစ်နေရသည်။ လိစ္ဆဝီတို့အပေါ်၌ တစ်နည်းမဟုတ် တစ်နည်းဖြင့် မပြတ်အပြစ်ရှာ ရန်ပြုလျက်ရှိနေသော နိုင်ငံဖြစ်ပေသည်။

လိစ္ဆဝီတို့သည် စုပေါင်းအုပ်ချုပ်သော ဂဏနိုင်ငံဖြစ်စေကာမူ အင်အားမှာမူ မသေးငယ်။ ကောသလ ရာဇဂြိုဟ်တို့နှင့် တန်းတူရည်တူ ဆက်ဆံနိုင်သော အင်အားကြီး နိုင်ငံတစ်ခုဖြစ်သည်။ အင်အားကြီးနိုင်ငံဖြစ်ရုံမက စည်းရုံးညီညွတ်မှုတွင် မဖွဲ့မ၌ စံပြု

လောက်သောနိုင်ငံအဖြစ်ကျော်ကြားသည်။ ကြီးမားကြွားရွားမှုတွင် ကောသလ၊ ရာဇဂြိုဟ် တို့နှင့်နှိုင်းယှဉ်လိုက်သော် လိစ္ဆဝီတို့ကပင် သာလွန်သည်ဟုသိရ၏။ အကြောင်းမှာ မင်းထိုက်စိုးတန် နန်းတော်အဆောက်အအုံသည် ကောသလ၊ ရာဇဂြိုဟ် စသည်တို့တွင် ကေရာဇ်ဆိုသည့်အတိုင်း သက်ဆိုင်ရာမင်းတို့၏ နန်းတော် အဆောက်အအုံတစ်ခုစီမျှသာရှိ၍ လိစ္ဆဝီနိုင်ငံတွင်မူ အုပ်ချုပ်သူ မင်းမှန်သမျှတို့၏ အဆောက်အအုံတို့မှာ တာဝတိံသာတမျှ များပြားစည်ကားလှသည်။

ထို့ကြောင့် သာမန်အားဖြင့်ဆိုလျှင် မိမိ၏ချင်ခြင်းအတွက် လိစ္ဆဝီနိုင်ငံသို့ အကြောင်းကြား သွားရောက်၍ မဂ်လာရေကန်တွင် ချိုးခြင်း၊ သောက်ခြင်း ပြုလုပ်နိုင်ဖို့ ရှိပါ၏။ သို့ရာတွင် မိမိချင်ခြင်းဆန္ဒမှာ ဤမျှမကပေ။ မင်္ဂလာရေကန်အတွင်းသို့ မိမိကိုယ်တိုင်ဆင်းကာ အားရပါးရ ကူးလူး၍ချိုးလိုသည်။ သောက်လိုသည်။ ကြာရိုးကြာစွယ်တို့ကို စားသုံးလိုသည်။ သန္ဓေရှင် အမျိုးသမီးတစ်ယောက်အား ဤနည်း ဤပုံအတိုင်း ပြုလုပ်စေရန်အတွက်မှာမူ လိစ္ဆဝီတို့က မည်သည့်နည်းနှင့်မျှ ခွင့်ပြုနိုင်လိမ့်မည်မဟုတ်ပေ။ သို့ဖြစ်ရာ ဤမျှ ကြီးကြီးစည်ရာနိုင်လှသော မိမိ၏ချင်ခြင်းဆန္ဒကို လင်တော်မောင်သို့ ဖွင့်ပြောဖို့ရန်မှာ တွေးမိတိုင်း ခက်၍နေရ၏။ သို့ရာတွင် ကြီးမားသော ချင်ခြင်းဆန္ဒမှာ ဤသို့မှမလုပ်လျှင် သေရတော့မည်လောက် ပြင်းထန်၍လာသောကြောင့် နောက်ဆုံးတွင်မူ ဖွင့်၍ပြောလိုက်ရတော့သည်။

''အစ်ကိုရေ ညီမကို မဟာလ္လတာတန်ဆာကြီး လုပ်ပေးတဲ့အတွက် သိပ်ကျေးဇူးတင် သိပ်ဝမ်းမြောက်ပဲ။ နို့ပေမယ့် အစ်ကို့သန္ဓေက နှိုးဆော်လို့လားမသိဘူး။ ညီမမှာ အင်မတန်ထူးခြားတဲ့ ချင်ခြင်းဆန္ဒတစ်ရပ် ဖြစ်ပေါ်နေခဲ့တာ ကြာလှပြီ။ အစ်ကို့ကို အပြောရခက်နေလို့ အောင့်နေခဲ့ရတယ်။ ဒီနေ့တော့ မအောင့်နိုင်တော့ဘူး''

''ဘယ်လိုဆန္ဒမျိုးလဲ ညီမရယ်၊ စောစောက ပြောရောပေါ့၊ ဘယ်လိုချင်ခြင်းဆန္ဒဖြစ်ဖြစ်၊ ညီမအလိုပြည့်အောင် လုပ်ပေးမှာပေါ့''

''ချင်ခြင်းက အင်မတန် ထူးခြား၊ အင်မတန်လဲ ခက်မှာမို့ အစ်ကို့ကို ဖွင့်မပြောရက်ခဲ့ဘူး အစ်ကိုရဲ့''

''ဒီမှာညီမ၊ ခက်တာတွေ၊ ထူးခြားတာတွေ နိဒါန်းသွယ်မနေပါနဲ့ မိုးစွန်တမွတ်ကြယ်ကို ဆွတ်ပေးရမလား၊ အစ်ကို ဆွတ်ပေးမှာပေါ့ ညီမရဲ့''

''ဒီလိုဆိုရင် ဖွင့်ပြောတော့မယ်။ ညီမ ချင်ခြင်းက လိစ္ဆဝီတို့နိုင်ငံက မင်္ဂလာရေကန်မှာ အားရပါးရ ရေချိုး၊ ရေသောက်၊ ကြာရိုးကြာစွယ်ကိုစားလိုတဲ့ ချင်ခြင်းပါပဲ အစ်ကို''

"ဒါမျှား ခက်တာလိုက်လို့ ညီမရယ်၊ စောစောက ပြောလိုက်ရောပေါ့။ လိစ္ဆဝီမင်း မဟာလိဟာ အစ်ကို့ ကျောင်းနေဖက်သူငယ်ချင်းဟာပဲ။ သွားပြီး ချိုးလိုက် သောက်လိုက်ရုံပေါ့"

"ဒီလို မဟုတ်သေးဘူး အစ်ကိုရဲ့။ ညီမ ဆန္ဒက မင်္ဂလာရေကန်ထဲကို ကိုယ်တိုင်ဆင်းပြီး အားရပါးရ ချိုးချင်၊ သောက်ချင်၊ ရေကူးချင်တာ။ ရေကန်ထဲ ဆင်းဖို့ကိုတော့ လိစ္ဆဝီတွေက ဘယ်လိုနည်းနဲ့မှ ခွင့်ပြုမှာ မဟုတ်ဘူး အစ်ကိုရဲ့"

"ဩော် ဒီလိုလား၊ ဒီလိုဆိုလဲ မခက်ပါဘူး။ အစ်ကို့အစွမ်းအစ ပြခွင့်ရတာပေါ့။ လိစ္ဆဝီတွေနဲ့ ရန်ပြုရမှာကတော့ သေချာပါတယ်။ ကိစ္စမရှိဘူး ညီမ။ ညီမဆန္ဒပြည့်ဝဖို့ ချင်ခြင်းပျောက်ဖို့သာလိုတယ်။ နက်ဖြန်ပဲ သွားကြမယ်။ ရထားစီးဖို့ ကျစ်ကျစ်လျစ်လျစ် အဝတ်အစားသာ ဝတ်ဆင်ထားပေတော့"

"ဝမ်းသာလိုက်တာ အစ်ကိုရယ်"

## အစွမ်းပြခြင်း

မလ္လိကာ၏ သန္ဒေကိုင်၍ ကောသလမှ လိစ္ဆဝီနိုင်ငံအထိ လမ်းခရီးတွင် ရထားကို အရှိန်ညှိ့ညှိ့သာ မောင်းနှင်ခဲ့သော်လည်း မင်္ဂလာရေကန်ရှိရာ လိစ္ဆဝီ နန်းတော်ဝင်းသို့ ဝင်သောအခါတွင်မူ အချိန်လုဖို့ လိုသောကြောင့် တရကြမ်းမောင်းနှင်၍ ဝင်ခဲ့သည်။ ထိုအခါ ရထားအဟုန်ဖြင့် ကွေ့လိုက်ရမှုကြောင့် လိစ္ဆဝီတို့ နန်းဝတံခါး တိုင်ကို ရထားဝင်ရိုးဖြင့် ထိခိုက်မိသွားသည်။ ထိုအသံသည် မိုးချုန်းသကဲ့သို့ မြည်ဟည်း၏။

တံခါးဝအနီး နန်းအိမ်တွင် သူငယ်ချင်း မဟာလိမင်းနေသည်။ မဟာလိသည် အစွမ်းပြလွန်ကဲမှုကြောင့် မျက်စိကွယ်ခဲ့ရာတွင် လိစ္ဆဝီတို့၏ အကြံပေး ဆရာကြီးအဖြစ် တံခါးဝ နန်းအိမ်တွင်ထားခဲ့ကြသည်။ မဟာလိသည် ထူးခြားသော တံခါးတိုက်သံကို ကြားလိုက်သောအခါ သူငယ်ချင်း၏ အားအစွမ်းကိုအစင်းသိသူဖြစ်သည့်အတိုင်း ဤအသံကား ဗန္ဓုလ၏ရထားသံမှ ထွက်ပေါ်လာသော အသံမှတစ်ပါး အခြားမဖြစ်နိုင်။ အသံတွင် ဒေါသအဟုန် လွှမ်းမိုးလျက်ရှိ၏။ ယနေ့အဖို့ လိစ္ဆဝီတို့တွင် ကြီးမားသော အန္တရာယ် ကြုံလာပါလေပြီဟု ဆုံးဖြတ်လိုက်သည်။ ထိုအန္တရာယ်ကို ကာကွယ်ဖို့ရန်မှာ မိမိတာဝန်ဖြစ်သည့်အလျောက် လိစ္ဆဝီတို့ကို အရေးပေါ်ကိစ္စအနေဖြင့် မိမိထံသို့ လာကြရန် ချက်ချင်းဆင့်ခေါ် စုရုံးစေလိုက်သည်။

လိစ္ဆဝီတို့အဖို့လည်း မည်သည့်အကြောင်းကြောင့်ဟူ၍ မသိရသေးသော်လည်း မဟာဗန္ဓုလ ရောက်ရှိလာသည်ကိုမူ တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် ချက်ချင်းသိရှိ လိုက်ကြ၏။ မဟာဗန္ဓုလကရထားသည် မည်သူ့နန်းသို့မျှလည်းမသွား။ မည်သူ့ကို

မျှလည်း ရန်မမူဘဲ မင်္ဂလာရေကန်ဆီသို့သာ တရကြမ်းမောင်းနှင်သွားသည်ဟုသိရ၏။ သို့ရာတွင် လေးစားအပ်သော မဟာလိမင်း၏ အရေးတကြီး ဆင့်ခေါ်မှုကိုခံရသောကြောင့် အကျိုးအကြောင်းကို ကေန္တ မဟာလိ သိပေလိမ့်မည်ဟု မဟာလိထံသို့ စုရုံးရောက်ရှိလာကြသည်။

မင်္ဂလာရေကန်ဟူသည် လိစ္ဆဝီတို့အဖို့ ခေါင်းဆေးမင်္ဂလာ၊ ရေသွန်းမင်္ဂလာ စသည်တို့တွင် မွန်မြတ်သော ရေစင်အဖြစ် အထွတ်အမြတ်ထားအပ်သော ကန်ဖြစ်သည်။ ထို့ကြောင့် ကျေးငှက်တို့ပင် မသောက်သုံးစေရန်အတွက် သံကွန်ချာဖြင့် ဖုံးအုပ်၍ ထားသည်။ ထိုအချိန်တွင်မူ မဟာဗန္ဓုလသည်။ မင်္ဂလာရေကန်သို့ ရောက်ရှိ၍ ကန်စောင့်မင်းချင်းများကို ခြိမ်းခြောက်နှင်ထုတ်ပြီးနောက် ဖုံးအုပ်ထားသော သံကွန်ချာကို သန်လျက်ဖြင့် ခွဲဖောက်ချိုးဖျက်ကာ မိမိသည် ကန်ပေါင်မှ စောင့်ကြည့်၍ ချစ်သူမလ္လိကာအား အလိုရှိသည့်အတိုင်း ကန်တွင်းသို့ ဆင်းစေ၍ အားရပါးရ ချိုးသုံးနေစေပြီဖြစ်၏။ ထိုသတင်းသည်လည်း တွေ့မြင်ရသူ မင်းချင်းတို့မှတစ်ဆင့် မဟာလိတို့ထံသို့ ရောက်ရှိလာပြီဖြစ်၏။

''အချင်းတို့ မဟာဗန္ဓုလ ယခုလိုရောက်လာခြင်းဟာ လိစ္ဆဝီတို့အဖို့ ကောင်းသော ရောက်လာခြင်းမဟုတ်။ လိစ္ဆဝီတို့ အန္တရာယ်ကျရောက်မယ့်ကိစ္စပဲ''

''မဟာဗန္ဓုလဟာ ကျွန်တော်တို့ကို သက်သက် စော်ကားရန်စလာတဲ့ကိစ္စပဲ။ နိုင်ငံထဲကို ခွင့်မတောင်းဘဲ အတင်းဝင်လာပြီး မင်္ဂလာကန်တော်မှာ သူ့မယားကို ဆင်းပြီး ရေချိုးစေနေတယ်။ ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး''

''စော်ကားလာသည်ပင်ဖြစ်စေ၊ သူ့အကြောင်းရှိပေလိမ့်မယ်။ ဗန္ဓုလအကြောင်းကို ငါသိတယ်။ သူဟာ သတ္တိစွမ်းပကားကြီးပေမယ့် ပင်ရင်းသဘောကောင်းသူပါ။ ဒီတော့ ငါတို့ သည်းခံကြရပေလိမ့်မယ်''

''ဒါဟာ သည်းခံနိုင်လောက်တဲ့ ကိစ္စမဟုတ်ဘူးဆရာ။ ကောသလက လိစ္ဆဝီကို သက်သက်ကျူးကျော်စော်ကားလာတဲ့ ကိစ္စပဲ''

''သူ့မှာ ဒီလိုလုပ်ဖို့ လုံလောက်တဲ့အကြောင်း ရှိပေလိမ့်မယ်လို့ ငါ ပြောပြီးပြီ။ သူ့မယားပါ ပါလာပြီး သန္ဓေကြီးနဲ့ဆိုပါလား။ သူ့မယားချင်ခြင်းကြောင့် ရောက်လာတာ ဖြစ်နိုင်တယ်။ ငါတို့အဖို့ မသိကျိုးကျွန်ပြုပြီး သည်းခံနေလိုက်ကြဖို့သင့်တယ်''

''မခံနိုင်ဘူးဆရာ၊ ဘယ်နည်းနဲ့မှ မခံနိုင်ဘူးဆရာ'' ဟူသော အသံများမှာ လိစ္ဆဝီမင်းအားလုံးမှ တစ်သံတည်း ထွက်လာ၏။

ကဲ . . . တားလို့မရရင်လဲ ကြိုက်သလိုလုပ်ကြ။ သို့သော် ပြောလိုက်ပါပေရဲ့၊ ငါ့မျက်စိမမြင်ပေမယ့် သင်တို့အန္တရာယ်ကိုငါမြင်တယ်။ ဒီတော့ သင်တို့ကို ငါ နောက်ဆုံး ပြောလိုက်မယ်။ ဗန္ဓုလနောက် လိုက်ကြမယ်ဆိုရင် ဗန္ဓုလ ရထားဘီးချိုင့်ဝင်ရာကို

တွေ့တဲ့အခါမှာ ပြန်လာခဲ့ကြ။ ဒါနဲ့မှ မပြန်သေးဘူးဆိုရင် မိုးချုန်းသံကြားရတဲ့ အခါမှာ ပြန်လာကြ။ ဒါနဲ့မှ မပြန်သေးဘူးဆိုရင် သင်တို့ရထားဦးတွင် အပေါက်တွေတွေ့တဲ့အခါမှာ ပြန်လာခဲ့ကြ။ ဒါနဲ့မှ ရှေ့ကို တိုးဦးမယ်ဆိုရင်တော့ သင်တို့အကုန်လုံးကို ဗန္ဓုလက သတ်တော့မှာ ကေန်။ ဒါဟာ ငါရဲ့ နောက်ဆုံးစကားပဲ။ သွားကြပေတော့''

## လှုသေများ

ဒေါသထွက်လျက်ရှိသော လိစ္ဆဝီတို့သည် ဆရာ့စကားကို နားမထောင်နိုင်ဘဲ မဟာဗန္ဓုလ နောက်သို့လိုက်ရန် ရထားများကို ရုတ်ချည်းပြင်ဆင်၍ ထွက်ကြရာ လိစ္ဆဝီမင်း ငါးရာအထိ အတိုင်းအရှည်ရှိ၏။ ထိုအချိန်တွင်ကား မဟာဗန္ဓုလသည် မလ္လိကာ၏ ချင်ခြင်းကိစ္စပြီးစီး၍ လိစ္ဆဝီတို့ နန်းတွင်းမှ တစ်ဟုန်တည်း ပြန်လည်ထွက်ခွာသွားပြီဖြစ်၏။

ဆရာမဟာလိကတော့ မိမိတို့ကို ဗန္ဓုလက သတ်လိမ့်မည်ဟု ဟောကိန်း ထုတ်လိုက်သည်။ သို့သော် ငါးရာနှင့်တစ်ယောက်ဖြစ်ရာ ဗန္ဓုလအဘယ်မျှ စွမ်းပကား ကြီးပါစေ။ မိမိတို့ကို နိုင်နိုင်ကောင်းအံ့လောဟု မာန်တင်းကြသည်။ ဤမျှ ထင်ထင်ရှားရှား စော်ကားလာသည်ကို ငုံ့ခံရမည်ဆိုလျှင် ရာဇဝင်ရိုင်းတော့အံ့ဟုလည်း မြင်ကြသည်။ သို့ဖြစ်ရာ တရကြမ်းတန်းစီ၍ လိုက်ကြရင်းနှင့်ပင် မြို့ပြင်လမ်းမကြီးသို့ ရောက်သော အခါ မျက်စိတစ်မြင်အနေလောက်၌ မဟာဗန္ဓုလ၏ ရထားကို မြင်ရသောကြောင့် အားသွန်၍ လိုက်ကြသည်။

မြို့ပြင်လမ်းမကြီးမှာ ဖြောင့်ဖြူးလှ၏။ ယင်းလမ်းမကြီးပေါ်၌ လိစ္ဆဝီတို့၏ ရထားများမှာ နဂါးကြီးတစ်ကောင် တွန့်လိမ် ပြေးသွားနေသကဲ့သို့ ထင်ရသည်။

မဟာဗန္ဓုလအဖို့ မယားအလို ပြည့်စေမှုကြောင့်သာ ဤအမှုကိုပြုရသော်လည်း မိမိအမှု၏ မတော်မတရားလုပုံကိုတော့ စဉ်းစားမိသည်။ သို့ဖြစ်၍ လိစ္ဆဝီတို့ကို ရန်မပြုချင်။ အန္တရာယ်မပေးလို။ သို့သော် မိမိအဖို့ အန္တရာယ်နှင့်ကြုံလာလျှင်တော့ ခုခံကာကွယ်ရ ပေလိမ့်မည်။ အနီးတွင် အသက်ပေး၍ ကာကွယ်ရမည်ဖြစ်သော ချစ်သူမယားကလည်း ပါရှိနေပေသေး၏။ ထို့ကြောင့် အကယ်၍များ လိစ္ဆဝီတို့ လိုက်လာခဲ့ပါသော် ချက်ချင်း အန္တရာယ်မပြုသေးဘဲ ခြောက်လှန့်နှင်ထုတ်မည်။ မတတ်သာမှသာ သတ်ရတော့မည်ဟု စိတ်ကူးထား၏။

ထိုအခိုက် ရထားနောက်ပိုင်းမှ ပါလာသော မလ္လိကာက ''အစ်ကိုရေ လိစ္ဆဝီတွေတော့ လိုက်လာကြပြီ။ တစ်သီတစ်တန်းကြီးပဲ'' ဟု ပြောလိုက်၏။

''ဩော် ... ၊ သူတို့ လိုက်လာကြသကိုး။ သူတို့အပေါ်မှာ အစ်ကိုတို့က မတော်မတရားလုပ်ထားသလိုဖြစ်နေတော့ သူတို့ကို ရန်မပြုချင်ပါဘူး။ နို့ပေမယ့်

လိုက်လာကြတယ်ဆိုရင်တော့ ရင်ဆိုင်ရတော့မှာပေါ့၊ ကဲ ညီမရေ၊ ရထားကို လာပြီး မောင်းပေတော့။ အစ်ကို လေးပြင်လိုက်ဦးမယ်''

ရထားကို ဗန္ဓုလမောင်းလျှင် လိစ္ဆဝီတို့ လိုက်၍မီနိုင်ဖို့မရှိသော်လည်း မိန်းမသား ဖြစ်သော မလ္လိကာမောင်းသောအခါ ရထားအရှိန်ပျော့သွား၏။ ထို့ကြောင့် လိစ္ဆဝီတို့ ရထားများသည် မဟာဗန္ဓုလ၏ရထားသို့ မီလုမီခင်အထိရောက်ရှိလာကြသည်။

မဟာဗန္ဓုလ၏လေးမှာ ကြီးမားလှ၏။ သာမန်လူများ ဤလေးညှို့ လေးကြိုးကို မတင်နိုင်။ ဗိုလ်ခြေတစ်ထောင် အင်အားရှိသူများမှသာ တင်နိုင်သည်ဟုပင် အဆိုရှိသည်။ ဤသတင်းသည် နိုင်ငံများစွာသို့ ပျံ့နှံ့ပြီးဖြစ်၏။ လေးညှို့ကို ဆွဲခတ်လိုက်လျှင် မိုးကြိုးသံ ကဲ့သို့ ဟိန်းမြည်၍ ထွက်သည်။

မဟာဗန္ဓုလသည် လိုအပ်လျှင် အသင့်ဖြစ်ရန် လေးညှို့ကို ဆွဲတင်လိုက် သောအခါ လေး၏အင်အား၊ မဟာဗန္ဓုလ၏ အင်အားကြောင့် ပြေးနေသော ရထား၏ ဘီးများသည် မြေအတွင်းသို့ နိမ့်ဝင်၍သွား၏။ ရထားဘီးရာသည် မြေကြီးသို့ နိမ့်ချိုင့် ဝင်သွားသောမြေရာကို နောက်မှလိုက်လာကြသော လိစ္ဆဝီတို့တွေ့ရသောအခါ မာန်ကို မလျှော့စေကာမူ ဆရာပြောသော စကားအတိုင်း ဖြစ်လာသောကြောင့် အရှိန်အဟုန် တန့်သယောင် ဖြစ်သွားကြသော်လည်း ဆက်၍ပင်လိုက်သည်။ ဆရာမိဘတို့ ဆုံးမအပ်သောစကားဟူသည် မလိုက်နာသော်မှရှိစေ အရေးခံကြုံလာလျှင် သတိရမြဲ ဖြစ်၏။

ဤမှုဖြင့် နောက်ဆုတ်လိုသေးဟန်မတူသော လိစ္ဆဝီများကို မသတ်လိုသော မဟာဗန္ဓုလက သတိပေးသည့် သဘောဖြင့် လေးကြိုးများကို တီးခတ်၍ ပြလိုက်ရာ မိုးထစ်ချုန်းသံ ထွက်လာ၏။ ဤသည်တွင်လည်း ဆရာ့စကားကို လိစ္ဆဝီတို့ သတိရ လိုက်ပါ၏။ သို့ရာတွင် နောက်မဆုတ်ကြသေးပေ။

သို့ပါလျက်လည်း မသတ်လိုသေးသော မဟာဗန္ဓုလက မြားတံတစ်ချောင်းကို ပစ်လွှတ်လိုက်သည်။ သို့သော် လူကိုပစ်ခြင်းမဟုတ်။ နောက်ဆုံးသတိပေးသည့် သဘောဖြင့် ရထားကိုသာ ပစ်ခြင်းဖြစ်ရာ မဟာဗန္ဓုလ၏ မြားသည် တစ်စပ်တည်း ထင်လျက်ရှိသော ရှေ့ပိုင်းရှိ လိစ္ဆဝီတို့ ရထားဦးများသို့ ထိုးဖောက်သွားသည်။ ဤတွင်လည်း ဆရာ့စကားကို သတိရလိုက်ကြပါ၏။ သို့ရာတွင် ဗန္ဓုလ လက်မတည့် သောကြောင့် လွဲချော်သွားသော မြားချက်များဟု ယူဆလိုက်ကြသည်။

လိစ္ဆဝီများသည် သုံးကြိမ်သုံးခါတိုင်တိုင် သတိပေးပါလျက်နှင့် လက်လျှော့ ကြပုံမပေါ်။ သို့ဆိုလျှင် မိမိဘက်က ဝတ္တရားကုန်ပြီဟု မဟာဗန္ဓုလ ယူဆလိုက်၏။ သို့ဖြစ်၍ မလ္လိကာ၏လက်မှ ရထားကြိုးကို ပြောင်းယူလိုက်ပြီးလျှင် ရထားကို အားသွန်

မောင်းနှင်လိုက်သည်။ ရည်ရွယ်ချက်မှာ နောက်မှလိုက်သော လိစ္ဆဝီတို့ရထားများသည် အရှိန်အဟုန်ဖြင့် လိုက်သောအခါ တစ်တန်းတည်း တစ်ပြေးတည်း ဖြစ်သွားစေရန် ဖြစ်၏။ လမ်းမကြီးကလည်း ပို၍ ညီညာဖြောင့်ဖြူးသော နေရာသို့ ရောက်လာသည်။

"ကဲ . . . ညီမရေ၊ သူတို့ကို မသတ်ချင်လို့ မဖြစ်တော့ဘူး။ နောက်ဆုတ်ပြီး ရပ်တန်းက ရပ်ကြဖို့ သုံးကြိမ်သုံးခါ သတိပေးပြီးပြီ။ မရပ်ကြဘူး။ သူတို့ရည်ရွယ်ချက်က အစ်ကိုတို့ကို အမိဖမ်းပြီး နှိပ်စက်ဖို့ပဲ။ ဒီတော့ ညီမက သူတို့ရထားတွေကို ဂရုစိုက်ပြီး ကြည့်။ သူတို့ရထားတွေ တစ်ဖြောင့်တည်း တစ်ညီတည်းရှိတဲ့အခါမှာ အစ်ကို့ကို ပြောပေတော့" ဟု ဆိုကာ ရထားကို အားသွန်၍မောင်းလိုက်သည်။

အတန်ငယ် မောင်းမိလျှင်ပင် "လိစ္ဆဝီရထားတွေက ကြိုးတန်းကြီးလိုပဲ တစ်တန်းတည်း တစ်ညီတည်း ဖြစ်နေပြီအစ်ကိုရေ့" ဟု မလ္လိကာက ပြော၍ ရထားကြိုးများကို မလ္လိကာသို့ လွှဲပြောင်းပေးလိုက်ပြီးလျှင် မဟာဗန္ဓုလသည် လေးကြိုးကို မာန်သွင်း၍တင်ကာ သေချာစွာချိန်၍ တစ်ချက်တည်း ပစ်ချလိုက်တော့သည်။

သို့ရာတွင် မလ္လိကာအမြင်အားဖြင့် လိစ္ဆဝီတို့သည် တစ်ယောက်မှ လဲကျသွားသည်ကိုမတွေ့ရ။ လိုက်မြဲအတိုင်းသာ လိုက်လာကြသည်။ ထူးဆန်းသည်မှာ မဟာဗန္ဓုလက မိမိ၏ ရထားအရှိန်ကို လျှော့ပေးစေလိုက်ခြင်းပင်ဖြစ်၏။ ရထားအရှိန်ကို လျှော့လိုက်သောကြောင့် လိစ္ဆဝီတို့ မီလုမီခင်နေရာသို့ ရောက်လာကြသည်။ စကားလှမ်းပြော၍ပင် ကြားရပြီဖြစ်၏။

ထို့ကြောင့် ရှေ့ဆုံးမှ ဦးစီးခေါင်းဆောင်ဖြစ်ဟန်တူသော လိစ္ဆဝီမင်းက "ဟယ် ဗန္ဓုလ၊ ရပ်လော့။ သင်သည် ငါတို့လက်မှ မလွတ်နိုင်" ဟူသော ကြိမ်းဝါးသံကို ကြားရသောအခါ မဟာဗန္ဓုလက "ရပ်ဖို့မလိုပါ၊ ငါတို့သည် လူသေတို့နှင့် စကားပြောရိုးထုံးစံမရှိ" ဟု ပြန်၍ ပြောလိုက်သည်။

"အသင် လူသေလော၊ ငါတို့လူသေလော ယခုပင် သိရတော့မည်" လိစ္ဆဝီမင်းအသံ။

"သင်တို့အားလုံး သေကုန်ကြပြီ။ လိုက်၍လာနိုင်ခြင်းမှာ ဒေါသအရှိန်အဟုန်မျှသာ ဖြစ်သည်။ သင်တို့အားလုံးကို ငါ့မြားတစ်စင်းတည်းဖြင့် သတ်ပြီးပြီ။ သင်တို့ကိုယ်အားလုံးကို ထွင်းဖောက်ပြီးပြီ။ မယုံသော် သင်တို့ ကိုယ်ကျပ်အင်္ကျီများကို ချွတ်၍ ကြည့်ကြကုန်လော့"

မြားအရှိန်အဟုန် ပြင်းထန်လွန်းမှုကြောင့် မိမိတို့ရင်ဘတ်တွင် နာကျင်သလို ဖြစ်သွားမှုကို ယခုမှ သတိရ၍ ထိတ်လန့်သွားကြသည်။ မောင်းရင်းဖြင့် မိမိတို့အင်အား

ယုတ်လျော့မှန်းမသိ ယုတ်လျော့သွားပုံကိုလည်း ယခုမှ သတိပြုမိကြသည်။ မုန်၏။ လိစ္ဆဝီအားလုံးတို့သည် မဟာဗန္ဓုလ စကားမဆုံးမီမှာပင် ဗိုင်းဗိုင်းလဲကာ ကွယ်လွန်ကုန်ကြရာပြီတည်း။

## မဟာဗန္ဓုလ

ဤသတင်းသည် သာဝတ္ထိတွင်သာမက ဝေးနီးချုပ်စပ် နိုင်ငံများစွာသို့ပင် ဟိုးလေးတကျော် ဖြစ်သွားသောကြောင့် မဟာဗန္ဓုလ၏ သတင်းမှာ အခေါင်အထွတ်သို့ ရောက်သွား၏။ ယင်းသတင်းကြောင့် မြို့စွန်မြို့ဖျား ခိုးသားသူပုန်တို့မျှသာမက နိုင်ငံများစွာကပင် ကောသလကို ခန့်ညားလာရသည်။ သူရဲကောင်းကိုချစ်သောနိုင်ငံဖြစ်သည့်အလျောက် ကောသလဘုရင်က မဟာဗန္ဓုလကို ကြီးစွာချီးမြှောက်သည်။ သူဌေးသူကြွယ်များစွာတို့က နည်းမျိုးစုံ ရတနာမျိုးစုံတို့ဖြင့် ဗိုင်းဗိုင်းလည် ချီးမြှောက်ကြသည်။

ဤအတွင်း သန္ဓေရက်စေ့သောအခါ မလ္လိကာမှ သားအမြွှာပူးဖွားမြင်လာသည်။ ဤမျှမက တစ်နှစ်တစ်ကြိမ် သားအမြွှာပူးချည်းဖွားမြင်လိုက်ပုံမှာ ၁၆ ကြိမ်၊ ၃၂ ယောက် အထိရှိလာသည်။ အကြင်အမျိုးသမီးတို့အတွက် သားတစ်ယောက်ဖွားမြင်ခြင်းသည်ပင် မင်္ဂလာရှိသည်ဟု ယူဆကြပေရာ သားများစွာကို ဖွားမြင်သည်ဆိုသောအခါ မလ္လိကာအဖို့ ထူးသောမိခင်၊ အံ့ဖွယ်မိခင်၊ ကျက်သရေအဖြာဖြာ မင်္ဂလာအပြည့်ရှိသော အမျိုးသမီးအဖြစ်သို့ ရောက်လာပေတော့သည်။

သုံးကျိပ်နှစ်ယောက်ပင် ဖြစ်စေကာမူ သားအားလုံးပင် မိုးဦးကျ မျှစ်စို့ကြီးများ ရေဆေးငါးကဲ့သို့ ကျန်းမာစင်ကြယ်လိုက်သည့်ကလည်း ပြောစရာမရှိ။ သားများကို တစိမ့်စိမ့်ကြည့်၍ မိဘနှစ်ပါးတို့ ပီတိဖြစ်ကြရသည်။ အထိန်းတော် အချီတော် အလုပ်အကျွေးများကို တိုးချဲ့ရသည်။ ဤမျှမက အနာဂတ်အလားအလာကိုကြည့်၍ သားအများ ပြန့်ပြန့်ဖြူးဖြူး နေနိုင်ရန်အတွက် မူလအိမ်နှင့် အိမ်ဝင်းကိုလည်း ကြီးစွာတိုးချဲ့ရသည်။

ဖအေ့သွေး၊ ဖအေ့စွမ်းပကားကိုကြည့်၍ ဗန္ဓုလကလေးများ၊ အနာဂတ်ကောသလနိုင်ငံတော်အတွက် နိုင်ငံသားကောင်းသားမြတ် သားလူစွမ်းကောင်းကလေးများဟု အများကပင် ချီးကျူးသတ်မှတ်ကြသည်။ မိဘနှစ်ပါးအဖို့ဆိုသော် အထူးပြောဖွယ်မရှိ။ ဤမျှမက အတိတ်ဖြစ်စဉ်အရ ဘုရားရှင်ကိုယ်တော်တိုင် ဗျာဒိတ်ပေး၍ ရရှိအပ်သော ဗျာဒိတ်ရသားများဖြစ်ကြပေရာ သားသုံးကျိပ်တို့၏ ကောင်းသတင်းမှာ လက်ဆောင်အမျိုးမျိုးနှင့် ရောက်လာကြသောပရိသတ်ကို နေ့ဝိုင်းလိုလိုပင် ညှော်ခံ၍ မဆုံးအောင် ဖြစ်ကြရသည်။

ဗျာဒိတ်ရသား၊ တစ်နည်းဆိုလျှင် ဘုရားပေးသောသားများဖြစ်သည့်အလျောက် ဘုရားရှင်နှင့်သံဃာတော်များကို ကြီးစွာ ဆွမ်းလုပ်ကျွေးသည်။ ဝိသာခါ၊ အနာထပိဏ် တို့လို သံဃာ့မဏ္ဍပ်ကြီးဆောက်၍ မပြတ်လုပ်ကျွေးသမှု မပြုနိုင်စေကာမူ မကြာခဏ ဆွမ်းလုပ်ကျွေးသည်။

သို့နှင့် မဟာဗန္ဓုလ၏ စွမ်းပကားသတင်းသည် ဟိန်း၍နေသကဲ့သို့ သားသုံးကျိပ်နှစ်ယောက်တို့၏ သတင်းမှာလည်း ဟိန်း၍နေ၏။ သားများ အရွယ် ရောက်လာသောအခါ မဟာဗန္ဓုလသည် သားများနှင့်အတူ နန်းတော်သို့ အခစားဝင်၏။ အစီပွာယ်မှာ မိမိသာမက မိမိ၏သားအားလုံးသည်လည်း နိုင်ငံ့သားကောင်း ဘုရင့် သစ္စာတော်ခံအဖြစ်သို့ ပြုလိုခြင်းဖြစ်သည်။ သို့သော် ထူးခြားချက်တစ်ရပ်မှာ သားတစ်ယောက် တစ်ယောက်တွင် အခြွေအရံမြောက်မြားစွာ ရှိနေပေရာ သားသုံးကျိပ် နှစ်ယောက်နှင့်အတူ အခစားဝင်သောအခါ ညီမူရာနန်းတော်ရင်ပြင်တစ်ခုလုံးမှာ မဟာဗန္ဓုလနှင့် သူ့သား သူ့အခြွေအရံများဖြင့် လွှမ်းခြုံထားဘိသကဲ့သို့ ဖြစ်နေ ပေတော့သည်။

ဤအချက်သည် မဟာဗန္ဓုလကို မလိုသူတို့အတွက် ထိုးနှက်စရာ အကွက်ကောင်း တစ်ရပ်သဖွယ် ဖြစ်နေသည်ကို မဟာဗန္ဓုလ သတိမထား။ ရိုးရိုး ခစားမြဲသာ ခစားသည်။

အဘယ်မျှ သန့်ရှင်းကြီးမြင့်သူပင်ဖြစ်စေကာမူ လောကသဘာဝအရ မလိုသူတို့ ရှိမြဲအတိုင်း မဟာဗန္ဓုလအဖို့လည်း ကောသလသို့ ရောက်လာချိန်ကပင် ဘုရင်လိုလားသူ ဖြစ်သောကြောင့် မတတ်သာ၍ ကြည့်နေရသော်လည်း မလိုသူတို့ ရှိနေသည့်အကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်၏။ ယခုသော် မလိုသူတို့အတွက် ဖြစ်ချင်လာတော့ အကြောင်းတိုက်ဆိုင်မှုများကလည်း ပေါ်ပေါက်လာခဲ့သည်။

ယင်းသည်ကား မဟာဗန္ဓုလအဖို့ ရာထူးလွှဲပြောင်း ထမ်းဆောင်ရခြင်းနှင့် ကောသလဘုရင်တွင် ချစ်စွာသော ဝါသဘခတ္တိယမိဖုရားကြီးမှ ချစ်ခင်သော သားတော်ကလေး ဝိဋူဍဘ ထွန်းပေါက်လာခြင်းပင်ဖြစ်ပေသည်။

ဘုရင့်နန်းတော်၊ ဘုရင့်တရားရုံးတို့တွင် လာဘ်မိုးစွေ၍နေသည်မှာ ကြာခဲ့ပေပြီ။ လာဘ်ပေးလာဘ်ယူမှုဟူသည် တံစိုးလက်ဆောင်နှင့်နီးစပ်သော တရားရုံးများတွင်သာ မက ဘုရင့်နန်းတော် အုပ်ချုပ်မှုဆိုင်ရာတို့တွင် သာမန်အားဖြင့် ရှိနေခဲ့သည်သာဖြစ်၏။ သို့ရာတွင် လာဘ်ပေးလာဘ်ယူမှုလွန်ကဲ၍ တရားသောအမှုကို မတရားသောအမှု သို့မဟုတ် မတရားသောကိစ္စကို တရားသောကိစ္စအဖြစ် ဆုံးဖြတ်လာသောအခါ မခံမရပ်နိုင်မှုမျိုးစုံဖြင့် ပြဿနာတက်လာကြရ၏။ ယခုတလောတလတ်၌ ဘုရင့်တရားရုံး နှင့် နန်းတော်ဝန်းကျင်တွင် ဤလိုပြဿနာမျိုး မကြာခဏဖြစ်ပေါ်လျက်ရှိနေသည်။

အကြောင်းမူကား ကောသလဘုရင် ကိုယ်တိုင်က တိတ္ထိသူဌေးတို့ထံမှ အသပြာ တစ်သိန်းကို လာဘ်အဖြစ်လက်ခံသည်ဟူသောသတင်းမှာ ပွင့်ပွင့်လင်းလင်း မပြောဝံ့စေကာမူ လူတိုင်းသိ၊ လူမျှမက ရဟန်းသံဃာတော်များပင်သိသော ဟိုးလေးတကျော် သတင်းဖြစ်ပေရာ ခေါင်ကမိုးမလုံသော် အောက်ပိုင်းတွင် အဘယ်ပုံလုံနိုင်ပါတော့အံ့နည်း။

ထို့ကြောင့် တရားရုံး၏ မတရားဆုံးဖြတ်မှုကိုခံရသော မှူးခင်းရှင်တစ်ဦးက မခံမရပ်နိုင်လွန်း၍ ဘုရင့်ထံတော်အထိ ဦးတိုက်လျှောက်ထားလေသောအခါ တရားရေး အပြောင်းအလဲ ဖြစ်လာလေတော့သည်။ ဖြစ်ပုံမှာ ရှိနေပြီးတရားသူကြီးကို ရာထူးမှ ဖြုတ်၍ သိက္ခာအပြည့်ရှိသော မဟာဗန္ဓုလကို တရားသူကြီးအဖြစ်သို့ ပြောင်းလဲ ခန့်ထားပေးလိုက်ခြင်းပင် ဖြစ်ပေသည်။

စစ်သူကြီးနေရာတွင် လူမမယ်အရွယ်မျှသာရှိသေးသော သားတော် ဝိဋူဋဘ အား ရင်ခွင်ပိုက်စစ်သူကြီးအဖြစ် ခန့်ထားလိုက်၏။ မဟာဗန္ဓုလအဖို့ တရားသူကြီး ဖြစ်လာစေကာမူ တစ်ဖက် စစ်ရေးစစ်ရာတွင်လည်း အကြောင်းပေါ်ခဲ့သော် လက်မလွှတ်ရ၊ တွဲဖက်စစ်သူကြီးနေရာ၌ပင် ရှိနေပေသေးသည်။

သို့ဖြစ်၍ တရားသူကြီးဖြစ်လာသော မဟာဗန္ဓုလအဖို့ တစ်ဖက်တွင် မလိုသူတို့ လျော့ပါးသွားသည် ဆိုနိုင်ပါ၏။ သို့သော် တစ်ဖက်တွင်မူကား မလိုသူတို့ တိုးပွားလာရ ပြန်သည်။

စစ်ဗိုလ် စစ်သားဘဝတွင် မလိုသူတို့ ရှိသည်ဆိုဦးတော့၊ စစ်ဗိုလ် စစ်သားဘဝ ဟူသည် လူသတ္တဝါတို့၏ အခြေခံလောဘအစွန်းထွက်နှင့် မသက်ဆိုင်လှ။ သစ္စာရှိရှိနှင့် စွမ်းစွမ်းတမံ စစ်ကိုနိုင်အောင်တိုက်နိုင်လျှင် ကိစ္စပြီးသည်၊ ရှင်းသည်။ လူတို့ မလိုသူတို့က မနစ်သက်နှင့်ဦးတော့၊ သတ္တိစွမ်းပကားကို ရှိသေသည်။ လေးစားသည်။

တရားသူကြီးအလုပ်ဟူသည်ကား လောဘ၏နယ်ပယ်၊ ပြဿနာမျိုးစုံတို့၏ နယ်ပယ်၊ မာယာပရိယာယ်ကြွယ်သူတို့၏နယ်ပယ် ဖြစ်၍ မဟာဗန္ဓုလအဖို့ အန္တရာယ် ပို၍ ကြီးမားသည်။

ထို့ကြောင့် မလိုသူတို့၏ တိုက်ခိုက်မှု ပရိယာယ်နည်းမျိုးစုံကို မဟာဗန္ဓုလ မသိသော်လည်း ခံလာရ၏။ အကြီးဆုံးသော တိုက်ခိုက်မှုသည်ကား စွမ်းပကားကြီးသော မဟာဗန္ဓုလသည် ယခုသော် တစ်ယောက်တည်းမျှ မကတော့ဘဲ စွမ်းပကားရှိသော သားသုံးကျိပ်နှစ်ယောက်၊ အခြွေအရံများစွာနှင့် အင်ကြီးအားကြီး ရှိလာသူဖြစ်ပေရာ၊ တစ်နေ့တွင် ထီးနန်း၏အန္တရာယ် ဖြစ်လာပါလိမ့်မည်။ ယခုပင်လျှင် မည်သို့ မည်ပုံ လက်သိပ်ထိုး ကြံစည်ဆိုင်းပြင်၍နေလေပြီ စသည်ဖြင့် ကောသလဘုရင်သို့ ထိုးနှက် လျှောက်တင်ကြခြင်းပင် ဖြစ်ပေ၏။

မျက်မြင်အားဖြင့်လည်း မဟာဗန္ဓုလသည် နန်းတော်သို့ အခစားဝင်တိုင်း သားများ၏အခြံအရံ၊ အခြွေအရံများစွာတို့ တရုံးရုံးနှင့် နန်းတော်ရင်ပြင်ပြည့်မျှ ဖြစ်နေသည်ကိုလည်း ဘုရင်သိ၏။ အကယ်၍သာ မဟာဗန္ဓုလက လုပ်ကြံလိုလျှင် မိမိအဖို့ အခက်အခဲကြီးဖြစ်ကြောင်း မဟာဗန္ဓုလ၏စွမ်းရည်ကို ကျောင်းတော်သား ဘဝကပင် သိရှိခဲ့ပြီးဖြစ်၏။ ထိုမျှမက မဟာဗန္ဓုလသည် တရားသူကြီးဖြစ်လာသောအခါ ဖြောင့်မှန်သော တရားစီရင်မှုနှင့် ရိုးသားစင်ကြယ်မှုကြောင့် ပြည်သူအများက ရှေးကထက် ကြည်ညိုလိုလားကာ ပြည်သူ့အလယ်တွင် ထင်ရှားသည်ထက် ထင်ရှားလာသည့် အချက်ကိုလည်း ကောသလဘုရင် သတိပြုမိ၏။ စစ်မှုး စစ်သူကြီးနေရာတွင် သားတော်လေးကို ခန့်ထားလိုက်သောအခါ မဟာဗန္ဓုလသည် မခံမရပ်နိုင်ဖြစ်ကာ ထီးနန်းကို လုပ်ကြံရန် အကွက်ကောင်းကို ချောင်းမြောင်း၍နေပါသည်ဘုရား ဟူသော တိုးနှက်ချက်ကလည်း ရှိသေး၏။

ထို့ကြောင့် မလိုသူတို့၏ ထိုးနှက်ချက်များသည် အလွယ်နှင့် အောင်မြင် လေတော့၏။ အောင်မြင်ပုံမှာ ကြိုတင်စီစဉ်အပ်သော တိတ်တဆိတ် အစီအစဉ်အရ မြို့စွန် ပစ္စန္တရစ်တွင် ခိုးသား ဓားပြတို့ ထကြွလျက်ရှိနေသည်။ မဟာဗန္ဓုလသည် သားသုံးကျိပ်နှစ်ယောက်နှင့်အတူ ထွက်၍နှိမ်နင်းရမည်ဟူသောအမိန့်ကို ထုတ်ပြန် လိုက်ခြင်းပင်ဖြစ်၏။

ခိုးသားဓားပြတို့ ထကြွနေပါသည်ဟူသော သတင်းကလည်း အမှန်ပင် ရောက်လာ၏။ အကြောင်းမှာ ခိုးသား ဓားပြအဖြစ် ထကြွစေရန် ဘုရင်နှင့်အပေါင်းအပါ မလိုသူတို့က မင်းချင်းသူလျှိုများကို စေလွှတ်ထားခြင်းဖြစ်၏။

မဟာဗန္ဓုလနှင့် သူ့သားများသည် ဘုရင့်ရွှေနန်းတော်ကို လုပ်ကြံမည့်သူများ ဟူသော စွပ်စွဲချက်ဖြင့် ပြောင်ပြောင်တင်းတင်း ဖမ်းဆီးနှိပ်ကွပ်ပစ်၍ မလျော်ကြောင်းကို မလိုသူတို့က လျှောက်တင်ကြ၏။ အကြောင်းမှာ မဟာဗန္ဓုလနောက်တွင် ပြည်သူအများ ရှိနေသည်။ ထို့ကြောင့် အမြင်အကြားကောင်းကောင်းနှင့် နှိပ်ကွပ်ပစ်ရန် ပရိယာယ် ဆင်ရခြင်း ဖြစ်သည်။

ယင်းပရိယာယ်အရ ခိုးသားတို့ ထကြွသည့်ဆိုသော ပစ္စန္တရစ်တွင် မဟာဗန္ဓုလ ကို မလိုသော စစ်ဗိုလ်စစ်မှုးများကို ဦးဆောင်စေ၍ မဟာဗန္ဓုလနှင့် သားများကို နှိပ်ကွပ်သတ်ဖြတ်ပစ်ရန် ကြီးစွာသော အလုံးအရင်းကို တိတ်တဆိတ် ချထားလိုက်သည်။

မလိုသူတို့စီမံကိန်းအောင်မြင်၏။ ဘုရင့်အလိုဆန္ဒပြည့်ဝ၏။ အကြောင်းမှာ အစီအစဉ်အတိုင်းပင် မဟာဗန္ဓုလနှင့် သားသုံးကျိပ်နှစ်ယောက်တို့ စစ်ထွက်သောအခါ အားလုံးကိုပင် သတ်ဖြတ် ဖျောက်ဖျက်ပစ်လိုက်နိုင်ကြသောကြောင့် ဖြစ်သတည်း။

## သတ္တိရှင်

သတ္တဝါတို့အလယ်တွင် သည်းခံမှု ရှေ့တန်းတင်ကာ မေတ္တာကိုလမ်းခင်းအပ်သော ဘုရားရှင်၏သာသနာတော် ထွန်းပေါ်လာသည့်အချိန်မှစ၍ ပြည်ထောင်ချင်းချင်း မာန်စောင်တင်းသော စစ်မက်ရေးရာတို့ နည်းပါးလာခဲ့၏။ အခြားနိုင်ငံများကိုထားဦး၍ အင်အားရှိတိုင်း စစ်အားပြိုင်ကြသည်ဟုပင် ဆိုနိုင်သော အပြိုင်အဆိုင်နိုင်ငံကြီးနှစ်ခု ဖြစ်သည့် ကောသလနှင့် ရာဇဂြိုဟ်တို့ပင် ဘုရားရှင်၏ ဒါယကာများ ဖြစ်လာကြသည့် အလျောက် ရွှေလမ်းငွေလမ်း ပေါက်လာကြပြီဖြစ်၏။ ထို့ကြောင့်လည်း စစ်မှုရေးရာ တာဝန်နည်းလာသော မဟာဗန္ဓုလအား တရားသူကြီးရာထူးသို့ ရွှေ့ပြောင်းလိုက်ရာ၌ အကြောင်းအချက် တစ်ရပ်ဖြစ်ခဲ့၏။

မလ္လိကာအဖို့ အကြောင်းသင့် အခွင့်ကြုံတိုင်း ဘုရားရှင်နှင့် သံဃာတော်ကို ဆွမ်းလုပ်ကျွေးသည်မှန်ပါ၏။ မလွဲမသွေ ဆွမ်းလုပ်ကျွေးသော အကြောင်းရပ်သည်ကား လင်ယောကျ်ားစစ်ထွက်တိုင်း အိမ်တွင် စွမ်းနိုင်သလောက် အလှူဒါနပြုကာ ပန်းသူပြေနှင့် ညောင်ရေလောင်းကြရသည်မှာ စစ်သည်တော်ဇနီးတို့၏ ဝတ္တရားတစ်ရပ်ပင်ဖြစ်၏။

ထို့ကြောင့် စစ်မထွက်ရသည်မှာ ကြာလှပြီဖြစ်သော မောင်တော်စစ်သူကြီး စစ်ထွက်သောအခါ မလ္လိကာသည် သံဃာတော်များကိုပင့်၍ ဆွမ်းကျွေးသည်။ သို့ရာတွင် ဘုရားရှင် ဒေသစာရီကြွချိန်နှင့် ကြုံသောကြောင့် အရှင်သာရိပုတ္တရာကိုသာ အမှူးပြု၍ ပင့်ဖိတ်ရသည်။

ယနေ့ဆွမ်းကျွေးပွဲ၌ သံဃာတော်များအဖို့မှု ပင်ကိုကပင် ငြိမ်သက်ပြီးဖြစ်၍ ထားပါတော့။ မလ္လိကာအမှူးပြုသော ချွေးမများ၊ အခြွေအရံများသည် အခါတိုင်းနှင့်မတူ အထူးငြိမ်သက်လျက် ရှိနေကြသည်။

ဆွမ်းကျွေးအစီအစဉ်ကို မနေ့ညဉ့်ဦးပိုင်းကပင် စီစဉ်၏။ နံနက်မိုးလင်းစအချိန် မှာပင် မဟာဗန္ဓုလနှင့်သားများ မြင်းကိုယ်စီနှင့် စစ်ထွက်သွားကြ၏။ ထိုအချိန်မှစ၍ အိမ့်ရှင်မ မလ္လိကာသည် အခါတိုင်းနှင့်မတူသော ဣန္ဒြေ၊ တည်ငြိမ်သောမျက်နှာထား တစ်မျိုးနှင့် ရှိနေခဲ့ပေရာ သခင်ဖြစ်သူ၏ အလိုသို့လိုက်၍ တည်ငြိမ်ကြရ၏။ ဆွမ်းပြင် ဆွမ်းကပ်စသော လှုပ်ရှားမှုမှန်သမျှ အသံစိုးစဉ်းမျှပင်မထွက်ဘဲ သေသေဝပ်ဝပ်ရှိနေ ကြသည်။

အဘယ်မျှ လျှို့လျှို့ဝှက်ဝှက်ပြုလုပ်သည်ဆိုစေ၊ လျှို့ဝှက်မှုမှန်သမျှသည် သက်ဆိုင်သူတို့အဖို့ တစ်စွန်းတစ်ဖြစ်စေ သိရှိကြသည်သာဖြစ်၏။ ပစ္စန္တရစ်သို့ စစ်ထွက် ရမည်ဟူသော အမိန့်တော်နှင့်စပ်လျဉ်း၍ ယခုတလောမရှင်းမလင်းကြားသိနေရသော လျှို့ဝှက်သတင်းများကြောင့် မလ္လိကာသည် အခါတိုင်းမစွက်ဖက်ဖူးသော စစ်ရေးစစ်ရာ ကိစ္စ၊ လင်ဖြစ်သူ၏အလုပ်တာဝန်ကိစ္စကို ညကဖွင့်၍ဆွေးနွေးမေးမြန်းမိ၏။ အကြောင်းမှာ

ကြားသိရသောသတင်းများအပေါ်တွင် ထူးခြားသော အမိန့်တော်အရ မဟာဗန္ဓုလ ကိုယ်တိုင်ပင် အခါတိုင်းနှင့်မတူ၊ အိမ်သားများအပေါ်တွင် မျက်နှာတင်းတင်းမာမာနှင့် တစ်စုံတစ်ခုကို သိရှိထားလေသယောင် ရှိနေသောကြောင့်ဖြစ်၏။

စစ်သားပီပီ သစ္စာရှိရှိနှင့် စည်းကမ်းကြီးလှသော မဟာဗန္ဓုလက မလ္လိကာ၏ ဆွေးနွေးလာသော စကားကို အဆွေးနွေးမခံ။ အမိန့်သည်အမိန့်၊ စစ်ဗိုလ်စစ်သားဟူသည် အထက်အမိန့်ကို ဦးလည်မသုန်နာခံရမည်။ သတ္တိဆိုရာ၌ တိုက်ရဲခိုက်ရဲ တိုက်နိုင် ခိုက်နိုင်သည်ကိုသာဆိုသည်မဟုတ်၊ အထက်အမိန့်ကို ဦးလည်မသုန်နာခံနိုင်ခြင်း သည်လည်း စစ်သား၏သတ္တိဖြစ်သည်ဟုပြန်ပြောသည်။ (ဗုဒ္ဓစာပန်းချီ "သတ္တိ" ဝတ္ထု) သို့ဖြင့် မလ္လိကာအဖို့ မကျေမလည်နှင့်ပင် ရှိခဲ့ရရာက နံနက်ပိုင်းတွင် လင်နှင့်သားတို့ စစ်ထွက်သွားကြသည်။ မိမိအဖို့ လင်နှင့်သားတို့ ဘေးအန္တရာယ် အသွယ်သွယ်မှ ကင်းဝေးပါစေကြောင်း အလှူဒါနပြု၍ ပန်းသပြေနှင့် ညောင်ရေလောင်းဖို့သာရှိတော့၏။

ဆွမ်းကျွေးပွဲသို့ ဘုရင့်အသိုက်အဝန်းမှ မိမိတို့နှင့် ရင်းရင်းနှီးနှီးလည်းမဟုတ်၊ ယခင်ကလည်း မရောက်လာဖူးခဲ့သော နန်းတော်သားအချို့တို့ ဆွမ်းကျွေးကိစ္စတွင် ကြည်ညိုကူညီသယောင်နှင့် ရောက်လာကြသည်။ အမှန်အားဖြင့် ဘုရင့်အသိုက်အဝန်းမှ စေလွှတ်ထားအပ်သော သူလျှိုများပင်ဖြစ်လေသည်။ မဟာဗန္ဓုလ၏အသိုက်အဝန်း နယ်ပယ်သည်ကျယ်ဝန်း၏။ မိမိတို့စီမံကိန်းကို တစ်စုံတစ်ရာကြားသိပြီးနောက် တစ်နည်း တစ်ဖုံ အကြံစည်ရှိလေမည်လော၊ အမိန့်အတိုင်း စစ်ထွက်ကြ၏လောဟု သိရှိရန် စေလွှတ်ထားသောသူလျှိုများဖြစ်သည်။ သို့ရာတွင် မလ္လိကာတို့က တစ်စုံတစ်ရာ မတွေးကြ။ အလိုက်သင့်ပင်ညှို့ခံထားသည်။

ဆွမ်းကျွေးခိုက်တွင် မဟာဗန္ဓုလတပ်မှ အထောက်တော်တစ်ယောက်သည် အိမ်ဝင်းအတွင်းသို့ မြင်းနှင့်အမောတကောရောက်ရှိလာကာ မလ္လိကာကို တွေ့လိုသည်ဟု သတင်းပို့သည်။ အထောက်တော်၏အမူအရာကို ကြည့်လိုက်သောအခါ ခရီးဝေးမှ လာ၍ အရေးတကြီးကိစ္စဖြစ်ဟန်ရှိ၏။ မလ္လိကာထွက်တွေ့သောအခါ အထောက်တော်က စာလွှာတစ်စောင်ပေးအပ်၍ ထွက်သွားသည်။ ဖတ်ကြည့်လိုက်သောအခါ မလ္လိကာအဖို့ စာပါအကြောင်းအရာကြောင့် မျက်လုံးဝိုင်းကာ ပင့်သက်တစ်ချက်မျှရှိုက်လိုက်မိ၏။ ထိုထက်ကားမပိုပေ။ ထို့နောက်တွင်မူ စာလွှာကို ရင်ဘတ်ခြုံထည်အကြားသို့ထိုးထည့် ထားလိုက်ပြီး သံဃာတော်များအနီးတွင် ဆွမ်းကျွေးကိစ္စကိုသာကြည်ညို၍နေလိုက်သည်။

ထိုအခိုက် ဆွမ်းကျွေးကိစ္စတွင် နွားနို့အိုးသယ်ယူလာသော အစေခံမ တစ်ယောက်သည် မတော်တဆ နွားနို့အိုးလွတ်ကျပြီးကွဲသွားသောကြောင့် ငြိမ်သက်သော နေရာတွင် လှုပ်ရှားသယောင်ဖြစ်သွားသည်။

ဤဖြစ်ရပ်၊ ဤကိစ္စမျိုးကလေးများသည် အလှူဒါနပြုရာ၌ အရေးမကြီး သယောင်နှင့် အရေးကြီး၏။ အကြောင်းမှာ ငွေကြေးအမြောက်အမြားအကုန်ခံ၍ အလှူကြီးပင်ပြုလုပ်နေစေကာမူ အမှတ်မထင်ဖြစ်ပေါ်လာသော ပန်းကန်ကလေးတစ်ချပ် ကွဲမှု၊ ဖွန်းကလေးတစ်ချောင်းကျိုးမှု စသောဖြစ်ရပ်ကလေးများကြောင့် အလှူ့ရှင်အဖို့ စိတ်စနောင့်စနင်းဖြစ်သွားတတ်သည်။

ဤသို့မဖြစ်စေရန် အရှင်သာရိပုတ္တရာက ''ဒါယိကာမကြီး၊ ဘိန္ဒနဓမ္မောဘိန္ဒတိ၊ ကွဲတတ်သောအရာသည် ကွဲသည်သာတည်း။ စိတ်စနောင့်စနင်းမဖြစ်လေနှင့်'' ဟု သတိပေးတရားဟောကြားလိုက်သည်။

''သာဓုပါအရှင်ဘုရား၊ တပည့်တော်အဖို့အလှူကို ကြည်ညိုရိုက်၍ နွားနို့အိုးမှုကို ထားဦး၍ လင်ရော်သားများပါ အားလုံးသေကုန်သည့်သတင်းရောက်လာသည်ကြောင့်ပင် မတုန်လှုပ်စေခဲ့ပါ။ ဤသဝဏ်လွှာကိုသာ ဖတ်ရှုတော်မူပါဘုရား''ဟု လျှောက်ထားကာ ကိုယ်ရံအကြားမှ သဝဏ်လွှာကိုထုတ်၍ ဆက်ကပ်လိုက်သည်။

အရှင်သာရိပုတ္တရာက စာလွှာကိုကြည့်ပြီး မလ္လိကာကို စူးစူးစိုက်စိုက်ရှုကြည့် လိုက်သည်။ အမိပ္ပာယ်မှာ တကယ့်တရားရှင်၊ သတ္တိရှင် ဒါယိကာမကြီးပါတကားဟု ချီးကျူးလိုရင်းဖြစ်သည်။ မှန်လှပေ၏။ မဟာဗန္ဓုလက အမိန့်ကို သေသည်အထိ နာခံသော၊ သစ္စာရှိသော၊ စစ်သားပီသသောကြောင့် သတ္တိရှိသည်။ မလ္လိကာသည်ကား သူမတူသော တရားသမား၊ စိတ်ထားရင့်ကျက်သူ သတ္တိရှင် သတ္တိမယ်ဖြစ်သတည်း။

မလ္လိကာ သတ္တိရှိပါ၏။ တည်ငြိမ်လှပါ၏။ တရားရှင်ပီသလှပါပေ၏။ သို့ရာတွင် ချွေးမများ၊ အခြွေအရံများအဖို့ကား မိမိတို့အရှင် မဟာဗန္ဓုလနှင့်တကွ လင်သားများပါ ကွယ်လွန်ကြပြီဟု သိရှိကြသောအခါ မအောင့်နိုင် မဆည်းနိုင် အုတ်အုတ်ကျက်ကျက် ငိုယိုကုန်ကြသည်။

ထိုအခါ မလ္လိကာက ''သမီးတို့ မငိုကြကုန်လင့်။ သူသူငါငါ သတ္တဝါမှန်သမျှ သေချိန်တန်လျှင် သေကြရသည်။ ဝဋ်ရှိလျှင်ခံကြရသည်။ အပြစ်မရှိ၊ သစ္စာနှင့်သတ္တိ ရှိသော ငါတို့လင် ငါတို့သား၊ သမီးတို့လင်သားများသည် ဘဝဝဋ်ကြွေးရှိ၍သေကြ ရသည်။ တရားရှင်သူတော်ကောင်းများရှေ့၌ တရားဖြင့်သာဖြေသိမ့်ကြပါကုန်၊ သောကကို မေတ္တာဖြင့်အစားထိုး၍ ငါတို့အရှင် ကောသလဘုရင်နှင့်တကွ သတ္တဝါအများကို မေတ္တာ ပို့ကြပါကုန်'' ဟု တရားဟောလိုက်သည်။

မလ္လိကာ၏ မေတ္တာစကား၊ ဤတရားသည် ကောသလဘုရင်ကို ဘဝင်နိုက်စေ တော့သည်။ အကြောင်းမူကား သူလျှိုများမှတစ်ဆင့် မလ္လိကာအိမ်မှဖြစ်ရပ်သတင်း

အားလုံးကို ကြားသိရသောအခါ မှားလေစွတကားဟူသောနောင်တဖြင့် မလ္လိကာတို့ အိမ်သို့ ဘုရင်ကိုယ်တိုင်ပင် ဖြေသိမ့်ရန် ရောက်ရှိလာသည်။

မိမိအမှားကိုတော့ဝန်မခံပဲ့။ မဖွင့်ကြားဝံ့။ သို့သော် မလ္လိကာတို့ကို ဖြေသိမ့်စကားပြောကြားပြီးနောက် ကြီးမားသောဆုံးရှုံးရမှုကြီးကို အစားထိုးရန်အတွက် မလ္လိကာ အလိုရှိသောဆုကို တောင်းပါတော့ဟု မိန့်ကြားသည်။ သခင်ရသဘောအရ အခြေကြီး တစ်ခုလုံးပင် ပျက်သွားလေပြီဖြစ်သော တရားရှင်မလ္လိကာအဖို့ အဘယ်ဆုမျိုးကို လိုပါဦးမည်နည်း။ အသက်အရွယ်ကလည်း ကြီးရင့်ပါပြီ။ ငယ်စဉ်မှစ၍ လင့်မျက်နှာ တစ်ရှာလုပ်ကာ မိမိမြို့ရွာဇာတိကိုစွန့်ခွာ၍ သူစိမ်းတို့အကြားတွင် ကြွားကြွားဝင့်ဝင့် ဟုပင်ဆိုနိုင်သော်လည်း မပျော်လှသောနှလုံး၊ မပြုံးနိုင်သော သဘောဖြင့်နေခဲ့ရသည်။ ယခုသော် ဤအဖြစ် ဤအခြေအနေမှ လွတ်ပြီကျွတ်ပြီဖြစ်၏။ ကိုယ့်မြို့ ကိုယ့်ဇာတိ ကိုသာပြန်၍ မသေမီအတွင်း တရားနှလုံးနှင့်သာနေလိုတော့သည်။ သို့ဖြစ်၍ အခြားဆုကို ထူးထူးထွေထွေ အလိုမရှိပါ၊ မိမိမြို့ရွာ မလ္လာတိုင်းသို့သာ ပြန်ခွင့်ပြုပါတော့ဟု လျှောက်ထားလိုက်သောအခါ ကောသလဘုရင်က အနူးအညွတ်ခွင့်ပြုသည်။

မဟာဗန္ဓုလနှင့် မလ္လိကာတို့၏ဇာတ်လမ်းသည် ဤတွင်နိဂုံးကမ္ပတ် အဆုံးသတ်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် ပြုလုပ်ခဲ့သောအကြောင်းခံအရ ကောသလဘုရင် အဖို့ အကျိုးတရားများကတော့ ဆက်၍ လာပါလိမ့်ဦးမည်။

## ဒီဃကာရာယန

ဒီဃကာရာယနဟူသည် ဘုရင့်သားတော် ဝိဋူဍဘစစ်သူကြီးနှင့် မဟာဗန္ဓုလတို့၏သစ္စာ ရှိသော စစ်သည်တော်တစ်ယောက်ဖြစ်၍ မဟာဗန္ဓုလ၏တူတော်စပ်၏။ တစ်နည်း အားဖြင့် ဒီဃကာရာယနသည် မဟာဗန္ဓုလ၏ စစ်ချီစစ်ဆင်ရာတွင် အနီးကပ်စီမံ ခန့်ခွဲရသော မဟာဗန္ဓုလ၏ စစ်လက်ထောက်ဖြစ်သည်။ မဟာဗန္ဓုလ၏အစွမ်းသတ္တိ လွှမ်းမိုး၍နေသောကြောင့် ရှေ့တန်းတက်ခွင့်မရ။ နာမည်မကျော်သော်လည်း မဟာဗန္ဓုလမှလွဲလျှင် ကောသလနိုင်ငံအဖို့ အားထားရသောလက်ထောက်စစ်သူကြီးပင် ဖြစ်သည်။

မဟာဗန္ဓုလအပေါ်တွင် မတော်မတရားပြုလုပ်မိသည်ကို အာပတ်ဖြေသော သဘောဖြင့် မဟာဗန္ဓုလ၏တူလည်းတော်၍ စစ်ရေးစစ်ရာတွင် အားထားရသော ဒီဃကာရာယနကို ကောသလဘုရင်က မဟာဗန္ဓုလနေရာတွင် အစားထိုးခန့်ထား လိုက်သည်။

ကောသလဘုရင်အဖို့ကား မဟာဗန္ဓုလကို ပရိယာယ်ဆင်၍ သတ်ပစ်လိုက်မိသောအခါ မဟာဗန္ဓုလအပေါ်တွင် မလိုသူတို့အဖို့ ဝမ်းမြောက်ဖွယ်ပင်ဖြစ်သော်လည်း ဘုရင်၏မသမာသောအမှုအခင်းများကို သိရှိလာကြသောကြောင့်လည်းကောင်း၊ အရှိန်အဝါကြီးမားသူ မဟာဗန္ဓုလမရှိတော့သောကြောင့်သော်လည်းကောင်း ပြည်တွင်းကိစ္စရော၊ ပြည်ပရေးရာတွင်ပါ ပိပိပြားပြားမရှိတော့ဘဲ မလိုတမာခြင်းရာများဖြစ်ပေါ်လာသည်။ ထို့ကြောင့် ကောသလဘုရင်အဖို့ မှားမိလေခြင်းဟူသော နောင်တ တရရနှင့် အစားမမှန် အအိပ်မမှန်ပင်ဖြစ်နေရသည်။

ဤသည်တို့ကား သာမန်မျှသာသိမြင်အပ်သော အသိအမြင်များဖြစ်၍ တကယ့်အရင်းအမြစ်ဖြစ်သော သားဖြစ်သူ ဝိဋူဍဘ၏ သဘောထားနှင့် အပြင်တွင် အလိုက်သင့်ဟန်လုပ်၍နေစေကာ အတွင်းကမူ ဤဘုရင်သည် လူမှန်လူကောင်းသူရဲကောင်း ဖြစ်သော ငါ့ဦးရီးကိုပင် အမြင်တိုတိုနှင့်သတ်ပစ်သူဖြစ်၏ဟူ၍ အတွင်းကြုံ ကြုံနေသော ဒီဃကာရာယနတို့၏သဘောထားအခြေအနေကိုမူကား ရိပ်စားပင် မရိပ်စားမိခဲ့ချေ။

တစ်နည်းဆိုသော ဘုရင်ဖြစ်မှ သာကီဝင်ဆိုသူတို့အပေါ် လက်စားချေနိုင်မည်ဖြစ်သော ဝိဋူဍဘ၏ နေသေးသပ ချုံထဲက၊ ချိုသွေးသပ တစ်မြမြ စိတ်ထားနှင့် ဦးရီးတော်အသတ်ခံရ၍ အခွင့်အခါသင့်မှုကို ဆင်ကြံကြံကာ စောင့်မျှော်လျက်ရှိသော ဒီဃကာရာယနတို့၏ ချုံခိုချိုသွေးနေမှုကို ကောသလဘုရင် မရိပ်စားမိခဲ့ချေ။

သစ္စာရှိသော မဟာဗန္ဓုလကို သတ်မိပြီးနောက် ဒီဃကာရာယနကို စစ်သူကြီးခန့်လိုက်ခြင်းသည် ဝိဋူဍဘအဖို့ အကြံအစည်လမ်းပွင့်သွား၏။ ကောသလဘုရင်အဖို့မူ ကိုယ့်ကျင်းကိုယ်တူးမိခြင်းဖြစ်၏။

အကြောင်းမှာ ဝိဋူဍဘအဖို့ မင်းသားဖြစ်၍ ထီးနန်းကို အဘယ်မျှကြံစည်ချင်နေစေကာမူ မဟာဗန္ဓုလတည်းဟူသော သစ္စာခံတံတိုင်းကြီးအကာအကွယ်ကြောင့် အောင့်အည်းနေခဲ့ရာက ဒီဃကာရာယနတည်းဟူသော မိမိ၏အပေါင်းပါ သစ္စာခံကို စစ်သူကြီးခန့်လိုက်သောအခါ စစ်ရေးစစ်ရာမှန်သမျှ မိမိတို့ဘက်သို့ရောက်လာပြီဖြစ်သောကြောင့် ဝိဋူဍဘအဖို့ အကြံအစည်လမ်းပွင့်သွား၏။

ဒီဃကာရာယနအဖို့ ဝိဋူဍဘသည် မင်းသားမို့ အမျိုးအားဖြင့် မနှိုင်းယှဉ်အပ်သော်လည်း စစ်သူကြီးလည်းဖြစ်လာ၊ သစ္စာမဲ့ဖို့ကိစ္စဆိုလျှင် အကြောင်းမှန်သည်မမှန်သည်အပထား အစွန်းအစမျှပင် အပြောမခံခဲ့သော မဟာဗန္ဓုလလည်းမရှိတော့သောကြောင့် အရှင်သားဝိဋူဍဘနှင့် ခေါင်းချင်းရိုက်ကြရန် အခွင့်အရေးပေါ်လာသည်။

"ခမည်းတော်နဲ့ ဒီနိုင်ငံနဲ့တော့ မဟာန်တော့ဘူး ဒီဃကာရာယနရဲ့" ဟု ဝိဋူဍဘက လေသံပစ်လိုက်သောအခါ "မှန်လှပါ၊ ဘဝရှင်လုပ်ပုံတွေမဟာန်ပုံကတော့

ကျွန်တော်တို့လဲသိ၊ တစ်တိုင်းပြည်လုံးလဲအသိပါပဲ အရှင်မင်းသား''ဟု ဒီဃကာရာယနက အလိုက်သင့် လျှောက်ထားလိုက်သည်။

''ခမည်းတော်နေရာမှာ ပြောင်းလဲဖို့တော့သင့်ပြီ''

''ပြောင်းလဲမယ်ဆိုရင် အရှင်မင်းသားအပြင် ဘယ်သူရှိဦးမှာလဲ။ အချိန်မရွေး ပြောင်းလဲနိုင်တာပေါ့''

''အချိန်မရွေးဆိုပေမယ့် အချိန်အခါကို နည်းနည်းစောင့်ကြသေးတာပေါ့။ အခုပဲ ခမည်းတော်ဟာ သူ့မကောင်းမှုနဲ့သူ စိတ်မချမ်းမသာဖြစ်ပြီး ဘုရားရှင်ကျောင်းတော်ကိုချည်း အေးရိပ်ခိုနေတာတွေ့ရတယ်။ ဒီထက်ပိုပြီး သံဝေဂရလာလို့ အကြည်အသာ လွှဲပြောင်းပေးလိုက်မယ်ဆိုရင်တော့ အကောင်းဆုံးပဲ''

''မှန်ပါ၊ စောင့်ကြည့်ကြသေးတာပေါ့၊ အရှင်မင်းသားလက်တော်ရောက်ဖို့ အချိန်ဟာ မကြာမတင် ဆိုက်ရောက်လာလိမ့်မယ်လို့ ယုံကြည်နေပါတယ်''

မှန်၏။ မကြာမထင်ပင် အခွင့်အရေးကြုံကြိုက်လာတော့သည်။ ကြုံကြိုက်ပုံကား စိတ်ပြေလက်ပျောက်အဖြစ် ဘုရားရှင်ကျောင်းတော်သို့သာနေ့စဉ်လိုလို သွားရောက်နေလေ့ရှိသော ကောသလဘုရင်အဖို့ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်တွင်မရှိဘဲ ဓနပဒပရမည်သော နိဂုံးတွင် ဒေသစာရီကြွချီ သီတင်းသုံးတော်မူမည်ဟု ကြားသိရသောအခါ တိုင်းခန်းလှည့်လည်ခြင်းလည်းဖြစ်၊ ဘုရားလည်းဖူးရန်အတွက် ထိုနိဂုံးသို့ စစ်တပ်အခင်းအကျင်းဖြင့်ထွက်တော်မူသည်။ တပ်ကိုအုပ်ချုပ် လိုက်ပါရသော စစ်သူကြီးမှာ ဒီဃကာရာယနဖြစ်၏။

## ဗျာဒိတ်စကား

ရှေ့ပြေးအထောက်တော်က ဘုရားရှင်သည် ဓနပုဒ် တောကျောင်း၌ တစ်ပါးတည်း အေးချမ်းစွာ သီတင်းသုံးနေတော်မူသည်ဟု သတင်းပို့လာသည်။ တိုင်းခန်းလှည့်လည်ရာ အခြားနေရာများတွင်တော့ ဟုတ်ပါ၏။ သို့ရာတွင် တောရကျောင်း၌ တစ်ပါးတည်း သီတင်းသုံးတော်မူသော ဘုရားရှင်အထံတော်သို့ ဝင်ရာ၌မူ ကြွားကြွားရွားရွားဝင်၍ မဖြစ်။ ဘုရားရှင်သည် အေးငြိမ်းရိုးသားစွာ နေထိုင်မှုကို နှစ်သက်တော်မူကြောင်း ကိုလည်း ကောသလဘုရင်သိပြီးဖြစ်သည်။

သို့ဖြစ်ရာ တောကျောင်းနေ ဘုရားရှင်အထံတော်သို့ဝင်ရာ၌ မိမိလာရောက်ခြင်းကပင်လျှင် ဘုရားရှင်အဖို့ အနှောင့်အယှက်ဖြစ်ပေရော့မည်။ တည်ငြိမ်အေးချမ်းစွာ ဝင်ရောက်ဖူးမြော်မှ သင့်လျော်ပေလိမ့်မည်ဟုယူဆကာ ကောသလဘုရင်သည် ပါရှိလာသော တပ်မတော်ကို တောကျောင်းနှင့် အတန်လှမ်းသောနေရာ၌ ထားခဲ့

ပြီးနောက် ဝတ်ဆင်လာခဲ့သော မင်းဝတ်တန်ဆာများကိုလည်း အကုန်ချွတ်ကာ ဒီဃကာရာယနလက်သို့အပ်ခဲ့ပြီး ဘုရားကျောင်းသို့ ဝတ်ဖြူစင်ကြယ်နှင့်လာသော ဥပသကာတစ်ဦးကဲ့သို့ သာမန်ရိုးရိုး အဝတ်အဆင်ဖြင့်ပင် ဘုရားရှင်အထံတော်သို့ ဝင်ရောက်ဖူးမြော်သည်။

မင်းဝတ်တန်ဆာဟူသည် အလွန်အရေးကြီးလှစွာသော သီးသန့်အဝတ်အဆင် ဖြစ်၏။ ဘုရင်မှတစ်ပါး မင်းမြောက်တန်ဆာနှင့်တူညီသော အဝတ်အဆင်ဟူ၍ မည်သူမျှ ဝတ်ဆင်ခွင့်မရှိ။ ဘုရင်အဖို့ပင်လျှင် မင်းမြောက်တန်ဆာမရှိတော့လျှင် ဘုရင်အဖြစ်မှ လျှောကျနိုင်သည်။ ဤမျှအရေးကြီး၏။

မကောင်းကြံမှာသည် သူ့အလှည့်သို့ရောက်လာလေပြီဖြစ်သော ကောသလ ဘုရင်အဖို့ ဒီဃကာရာယနသို့ မိမိ၏ မင်းဝတ်တန်ဆာကို ဤသို့လွှဲအပ်ခဲ့မိခြင်းသည် သူခိုးလက် ဝကွက်၍အပ်မိခြင်း၊ သို့မဟုတ် သူခိုးကို ဓားရိုးကမ်းမိခြင်းပင်ဖြစ်၏။ အကြောင်းမူကား ကောသလဘုရင်ကို မိမိတို့ ဦးရီးတော်အတွက် လက်စားချေရန်၊ သို့မဟုတ် စွန့်ပယ်ရန်အတွက် ဆင်ကြံကြံလျက်ရှိသော ဒီဃကာရာယနအဖို့ ဤအချိန်ထက် ကောင်းသောအခွင့်အရေးမျိုး ပေါ်နိုင်ဖို့ မရှိတော့ပေရာ၊ ကောသလဘုရင် မျက်ကွယ်ပြုသည်နှင့်တစ်ပြိုင်နက် တပ်မတော်ကိုခေါက်ပြီးလျှင် မင်းဝတ်တန်ဆာကို ရင်ဝယ်ပိုက်၍ သာဝတ္ထိသို့အသော့ပြန်ခဲ့သည်။ မြို့တံခါးကို အလုံအခြုံပိတ်စေလိုက်သည်။ ဝိဋူဍဘထံသို့ အသော့သွားကာ မင်းဝတ်တန်ဆာများကို ပေးဆက်သည်။ လိုရင်းကို ပြောရသော် ဘုရင့်သားတော် ဝိဋူဍဘနှင့် စစ်သူကြီး ဒီဃကာရာယနတို့က ကောသလ ဘုရင်ကို တော်လှန်ခြားနားလိုက်ပြီဖြစ်သတည်း။

သို့သော် မဟာဗန္ဓုလကိုသတ်သကဲ့သို့ ကောသလဘုရင်အသေက်သေစေ သည်အထိမျှတော့ မရိုင်းစိုင်းပါ။ မရိုင်းစိုင်းရုံမျှမက ကောသလဘုရင် ဘုရားကျောင်း တော်မှပြန်လာလျှင် သတင်းပို့နိုင်ရန်နှင့် အလုပ်အကျွေးအကူအညီရစေနိုင်ရန်အတွက် အခြွေအရံအနည်းငယ်ကိုပင် အစောင့်အဖြစ်ထားခဲ့ပေသေး၏။

ကောသလဘုရင်အဖို့ ဘုရားကျောင်းတော်မှ ပြန်လာသောအခါ သားတော်နှင့် စစ်သူကြီးတို့က ပုန်ကန်ခြားနားလိုက်ပြီဖြစ်ကြောင်း၊ မိမိ၏ရိုက်ရာကို သားတော် ဝိဋူဍဘက ဆက်ခံလိုက်ပြီဖြစ်ကြောင်း ဘွားဘွားကြီးသိရ၏။ မိမိတွင် မည်သည့် အင်အားမျှမရှိတော့။ မည်သို့မျှမတတ်နိုင်တော့။

သို့သော် ဤသို့ဖြင့် နေသေးရိုးလားဟု အားထားစရာတစ်ကွက်ကိုမြင်လာ၏။ ယင်းသည်ကား တူတော်မောင်ဖြစ်သော ရာဇဂြိုဟ်ပြည့်အရှင် အဇာတသတ်ဘုရင် တစ်ယောက်လုံးရှိနေပေသေးရာ တူတော်ဘုရင်၏ အကူအညီဖြင့် ကောသလကို ပြန်၍ တိုက်မည်ဟူသော အထင်အမြင်ဖြင့် ရာဇဂြိုဟ်ဘက်သို့ အသော့နှင်ခဲ့သည်။ သို့သော်

ခရီးကလည်းအတန်ဝေး၊ အချိန်အခါကလည်း ညဉ့်နက်ပိုင်းသို့ ရောက်လာပြီဖြစ်ရာ ရာဇဂြိုဟ်မြို့တံခါး ပိတ်ထားပြီဖြစ်၍ ကောသလဘုရင်ပါဟု ဆိုကာမျှဖြင့် ဝင်ခွင့်မရတော့သောကြောင့် မြို့ပြင်ဇရပ်တစ်ခုတွင်ပင် ထိုညဉ့်အဖို့ ဖြစ်သလိုနေလိုက်ရတော့သည်။

ကံကြမ္မာမြင့်တက်သောအချိန်၌ ယောက်ျားတို့ဘုန်းဟူသည် ချိန်ဆုံးခါသင့် ပန်းနုယ်ပွင့်ဟု ဆိုရဘိသကဲ့သို့ ကံကြမ္မာနိမ့်ကျပြီဆိုသောအခါတွင်လည်း လုပ်တိုင်းမဟန်၊ ကြံတိုင်းမပြီး အချည်းနှီးသာဖြစ်တတ်သည့်သဘာဝအတိုင်း ကောသလဘုရင်ခမျာမှာ ခရီးကလည်းပန်း၊ ညဉ့်အချိန်ကလည်း အေးချမ်းလှ၍ လုံလုံခြုံခြုံ နွေးထွေးစရာမှမရှိ၊ သည့်ထက်ဆိုးသည်မှာကား မထင်မှတ်သူတို့၏ နန်းလုခံရမှုကြောင့် စိတ်သောကနှင့် ဒေါသတို့ကလည်း နှိပ်စက်လျက်ရှိပေရာ၊ ယင်းဖြစ်ရပ်နှင့် ခံရမှုဒဏ်မျိုးစုံတို့၏ ဖိနှိပ်မှုကြောင့် မိုးမလင်းမီ ထိုညဉ့်တွင်ပင် မြို့ပြင်ဇရပ်ပေါ်၌ မထင်မရှား ကွယ်လွန်ရှာသတည်း။ ထို့ကြောင့် ဤဘုရင်သည် ရဟန္တာကြီးများကိုပင် မထီမဲ့မြင်ပြုမှုကြောင့် ကွယ်လွန်သောအခါ၌ မိမိနိုင်ငံတွင် ချမ်းသာစွာ ကွယ်လွန်ရမည်မဟုတ် ဟူသော ဘုရားရှင်၏ ဗျာဒိတ်တော်အတိုင်းပင်ဖြစ်လာပေသည်။

ဇာတ်ပါသေး၏။ နောက်တစ်နေ့တွင်မူ ပါရှိလာသော အခြွေအရံအနည်းငယ်တို့မှတစ်ဆင့် ကောသလဘုရင်ကြီးသည် ရာဇဂြိုဟ်မြို့တံခါးဝ၌ မထင်မရှား လာရောက်ကွယ်လွန်သည်ဟူသော သတင်းကို အဇာတသတ်ဘုရင်ကြားသိရသောအခါ ဘုရင့်ဂုဏ်နှင့်လျော်ညီစွာ ထိုက်ထိုက်တန်တန် သင်္ဂြိုဟ်သမှု အပြုခံလိုက်ရပါ၏။

## လက်စားချေခြင်း

ယခုသော် ဘုရင်ဝိဋ္ဋူဗ္ဘာ စခန်းထပြီဖြစ်၏။ ကောသလနိုင်ငံဘုရင်ဖြစ်လာ၍ အုပ်ချုပ်မှုအသားကျလာသည်နှင့် တစ်ပြိုင်နက် ကျွန်မသားဟူ၍ မိမိနေရာကို မတူမတန်ဟုဆိုကာ နှိမ့်ချည်ဖြင့်ဆေးခဲ့သော သာကီဝင်များအပေါ်တွင် တနုံ့နုံ့ရှိနေခဲ့သော ဒေါသကို အကောင်အထည်ဖော်တော့မည်ဖြစ်၏။

ဒေါသသည် အနု၊ အလတ်၊ အရင့်ဟူ၍ သုံးမျိုးရှိကြောင်း ဥပမာပြ၍ ဘုရားရှင်ဟောတော်မူသည်။ သောတာပန်အစ၊ အရဟတ္တဖိုလ်အဆုံး၊ အရိယာ အဆင့်လေးဆင့်ရှိသည့်အနက် ဒေါသကို တတိယအဆင့် အနာဂါမ်ရောက်မှ ပယ်နိုင်သည်။ အနာဂါမ်အဆင့်သို့ မရောက်မီအတွင်း အဘယ်မျှ ကြီးမြင့်သောပုဂ္ဂိုလ်ဖြစ်စေ၊ ဒေါသဖြစ်ဖွယ်နှင့် ကြုံလာလျှင် ဖြစ်ကြသည်သာဖြစ်၏။ သို့သော် အနု၊ အလတ်၊ အရင့်ဟူ၍ သုံးမျိုး ကွဲပြားသည်။

ဒေါသထွက်ပါ၏။ သို့သော် သည်းခံမှုတွင် လေ့ကျင့်ထားအပ်သော တရားသတိ–ယောနိသောမနသိကာရ တည်းဟူသော ဆင်ခြင်မှုသတိဖြင့် ချက်ချင်း ပျောက်ငြိမ်း

စေသည်။ ယင်းကို ရေပေါ်တွင် တုတ်ဖြင့်ခြစ်သော ဥပမာဖြင့်နှိုင်းယှဉ်တော်မူသည်။ ရေပေါ်တွင် တုတ်ဖြင့်ခြစ်လိုက်သောအခါ အစင်းအကြောင်း ထင်သော်လည်း ရှေ့ကခြစ်၊ နောက်ကပျောက်၊ ရုတ်ခြည်းကင်းပျောက်သည်။ ရေဒေါသ။

အလတ်စားဒေါသကို မြေမှုန့်တွင် တုတ်ဖြင့်ခြစ်သော ဥပမာနှင့် နှိုင်းယှဉ်တော်မူသည်။ အစင်းအကြောင်းထင်ပါ၏။ သို့သော် လေတိုက်၍ တဖြည်းဖြည်း ကင်းပျောက်သွားသကဲ့သို့ သည်းခံမှု ဆင်ခြင်တုံတရားဖြင့် တဖြည်းဖြည်း ကင်းပျောက်သည်။ လေဒေါသ။

ရင့်သောထက်သောဒေါသကို ကျောက်တွင် အစင်းအကြောင်းထွင်းထုထားအပ်သကဲ့သို့ ဥပမာပြတော်မူသည်။ မပျောက်နိုင်သောဒေါသ၊ ကျောက်ဒေါသ။ ဝိဋူဍဘ၏ ဒေါသသည် ကျောက်ဒေါသဖြစ်၏။

တစ်နည်းအားဖြင့် အကြင်သူတစ်ဦးအဖို့ ဒေါသအဖြစ်ခံရသည်ထက်၊ မထီမဲ့မြင်အပြုခံရသည်က ဒေါသပို၍ ခိုင်မြဲနေတတ်သည်။ အကြောင်းမူကား ထိုသူ၏ မာနကို ထိခိုက်စေသောကြောင့်ဖြစ်သည်။ ဝိဋူဍဘ၏ ဒေါသသည် ကျွန်မသားဟူသောစကားဖြင့် မထီမဲ့ ပြုမူခံရခြင်းကြောင့်ဖြစ်သည်။

သာကီဝင်တို့အပေါ်တွင် သားဖြစ်သူ၏ ရန်ငြိုးကြီးပုံနှင့် မပြေနိုင်မပျောက်နိုင်ဖြစ်နေသည်ကိုသိသော မိခင် ဝါသဘခတ္တိယာက အကြိမ်ကြိမ်ဖျောင်းဖျ ဆုံးမပါ၏။ သို့သော်မရနိုင်ခဲ့။ တမှုန်မှုန် တဆန်ဆန်သာ ရှိနေခဲ့၏။

ဘုရားရှင်၏ တရားတော်များကို နာယူရလျှင် ဤသားကလေး လိမ္မာလာ ကောင်း၏ဟုအကြိမ်ကြိမ်လွှတ်သည်။ မည်သည့်အခါမျှမသွား။ မည်သည့်တရားမျှမနာ။ ကောသလဘုရင်နှင့် မလွဲသာ၍ ကျောင်းတော်သို့အတူလိုက်ပါရလျှင် သင့်တော်ရာက ရှောင်နေခဲ့၏။ ကြာသော်မိခင်ကိုယ်တိုင်ကပင် သာကီဝင်တို့အလယ်၌ အနှိမ်ခံဖြစ်ခဲ့ဖူးသော ဝါသဘခတ္တိယာအဖို့ လက်လျှော့ရတော့သည်။

စင်စစ်သော်ကား သာကီဝင်မှန်သမျှကို အမုန်းကြီးမုန်းလျက်ရှိသော ဝိဋူဍဘအဖို့ သာကီဝင်တို့၏ ထိပ်သီးဖြစ်သော ဘုရားရှင်အပေါ်၌ပင် စိတ်ထားမရှင်းမရှင်းရှိခဲ့သည်။ သို့သော် ဘုရားရှင်၏ဂုဏ်တော်၊ ကျေးဇူးတော်များကြောင့် တကယ့်သူတော်ကောင်းကြီးပါတကားဟူသောအသိဖြင့် လေးစားခဲ့သော်လည်း အနားသို့ကား မကပ်ခဲ့ပေ။

သာကီဝင်တို့၏မထီမဲ့ အပြုအမူကြောင့် သာကီဝင်တို့အပေါ်၌ ဝိဋူဍဘအလား ရန်ငြိုးကြီးစွာထားခဲ့သော အခြားတစ်ယောက်ရှိပေသေးသည်။ ဝါသေဋ္ဌလုလင်ပင်ဖြစ်၏။ သူကတော့ သာကီဝင်တို့နှင့် တွေ့ဆုံခွင့်မကြုံတော့သောကြောင့် တွေ့ကြုံရာ ဘုရားရှင်ကိုပင် အန်တုု၍ပြသည်။ မထီမဲ့ပြုလုပ်၍ပြသည်။ (ဗုဒ္ဓစာပန်းချီ 'လက်စားချေလိုသူ'

ဝတ္ထု) အကယ်၍များ ဝါသေဌသော လက်စားချေနိုင်ခွင့်ကြုံခဲ့ပါသော် သာကီဝင်တို့အဖို့ ဘေးရန်ကြီးတစ်ခု တိုးလာခဲ့ဦးမည်မှာ အမှန်ပင်ဖြစ်၏။

ဝိဋူဍဘသည် ယခုသော် စေတစ်လုံးပိုင်ဘုရင်ဖြစ်လာသောကြောင့် မိခင်အဖို့ မတားသာတော့ပေ။ သို့သော် ဘိုးတော်ဖြစ်သူ မဟာနာမ်မင်းကြီးကိုတော့ ချမ်းသာပေးပါဟု ဝါသဘခတ္တိယာက တောင်းပန်ရ၏။ အကြောင်းမှာ မိမိ၏ဖခင်၊ ဝိဋူဍဘ၏ ဘိုးတော်ဖြစ်သည့်အပြင် မိမိကို ကောသလနန်းတော် ထိပ်တန်းသို့ရောက်အောင် ပို့ဆောင်ခဲ့သော ကျေးဇူးရှင်ဖြစ်၏။

သို့နှင့်ကပိလဝတ်သို့ တပ်ဝင်းအခင်းအကျင်း အလုံးအရင်းနှင့် ဝိဋူဍဘ ချီတက်သည်။ "အချင်းတို့၊ ငါ့ဘိုးတော် မဟာနာမ်မင်းကို ချန်ထား၍ သာကီဝင်မှန်သမျှကို သတ်ကြရမည်။ နို့စို့အရွယ်မျှပင်မကျန်အောင် သတ်ကြရမည်။ ငါသည် သာကီဝင်တို့၏သွေးနှင့် ခြေဆေးလိုသည်" ဟု အမိန့်တော်ကြီးနှင့်ဖြစ်၏။

ဤအဖြစ်ကိုမြင်သော ဘုရားရှင်က ဆွေတော်မျိုးတော်တို့ကို ဖြစ်နိုင်သမျှ အကာအကွယ်ပေးရမည့် ဝတ္တရားအရ ဝိဋူဍဘ ချီတက်လာရာလမ်းမ၊ ကပိလဝတ်ပြည်ဘက်ရှိ အရိုးကျဲကျဲ သစ်ပင်ငယ်တစ်ပင်အောက်တွင် သီတင်းသုံးနေထိုင်ရင်း ဝိဋူဍဘကို စောင့်စားတော်မူ၏။ သာဝတ္ထိနှင့် ကပိလဝတ်တို့ နယ်ခြားသတ်မှတ်ရာ ကျောက်တိုင်အနီးဟိုဘက်သည်ဘက်၌ ကပိလဝတ်ဘက်တွင် အရိုးကျဲကျဲ သစ်ပင်ရှိ၍ သာဝတ္ထိဘက်တွင် အရိပ်ကောင်းသော ညောင်ပင်ကြီးရှိနေသည်။ ဘုရားရှင်သည် အရိပ်ကောင်းသော ယင်းညောင်ပင်ကြီးအောက်တွင် သီတင်းမသုံးဘဲ အရိုးကျဲကျဲ သစ်ပင်ငယ်အောက်တွင်သာ နေပူခံ၍ သီတင်းသုံးနေထိုင်တော်မူခြင်းဖြစ်သည်။

ရင်ဆိုင်တွေ့ကြုံရသော ဝိဋူဍဘအဖို့ ဘုရားရှင်ကို မရှောင်သာတော့၊ ထို့ကြောင့် တပ်ကိုရပ်နားစေကာ ဘုရားရှင်ရှေ့တော်မှောက်တွင် ဒူးထောက်အရှိအသေ ပြု၍ ဝင်ရောက်ဖူးတွေ့ရ၏။

"အရှင်မြတ်ဘုရား၊ လွင်တီးခေါင်တွင် ပူလောင်လှပါချည့်။ အနီးတွင်ပင် အရိပ်ကောင်းသောညောင်ပင်ကြီးရှိနေပါလျက် အဘယ့်ကြောင့် နေရောင်မလုံသော ဤအပင်အောက်တွင် သီတင်းသုံးတော်မူရပါနည်း" ဟု ပဋိသန္ဓာရစကား လျှောက်ထားလိုက်သည်။

"မင်းကြီး၊ ဗဟိဒ္ဓအားဖြင့် ပူလောင်သည်ကားမှန်၏။ သို့ရာတွင် ဤနေရာသည် ကပိလဝတ်၏ နယ်ပယ်ဖြစ်၍ ဆွေမျိုးတို့၏ အရိပ်ဟူသည် အေးမြလှပါသည်" ဟု ပရိယာယ်တရား မိန့်ကြားတော်မူသည်။

ဘုရားရှင်သည် မိမိချီတက်သည့် သဘောထားကိုသိ၍ သူ့ဆွေ သူ့မျိုးတို့၏ အကျိုးကိုကာကွယ်လိုဟန်ရှိသည်ဟု ဝိဋူဍဘ နားလည်လိုက်၏။ သို့ပါလျက် အတင်း

ချီတက်သော် မလျော်လှ။ ဒေါသကို ဤမျှလောက်တော့ သိမ်းဆည်းရပေဦးမည်။ သာကီဝင်တို့သည် ဘယ်ကိုမျှထွက်၍မပြေး၊ အချိန်မရွေး သွားရောက်ဖျက်ဆီးနိုင်သည်။ ထို့ကြောင့် တရားရှင်လည်းဖြစ်၊ အနိုင်နိုင်ငံ မင်းအပေါင်းတို့ခညောင်းသော ပုဂ္ဂိုလ်ကြီးလည်းဖြစ်သော ဘုရားရှင်ကိုတော့ ရိုသေဦးမှဖြစ်မည်။ ဘုရားရှင်သည် ဤနေရာတွင် စွဲစွဲမြဲမြဲ သီတင်းသုံးမည်ကားမဟုတ်။ ပြန်ချိန်တန်လျှင် ကျောင်းတော်သို့ ပြန်ကြွလိမ့်မည်။ ထိုအခါကျမှ ငါချီတက်မည်ဟု "အချင်းတို့၊ တပ်တော်ကို နောက်ဆုတ်ရပ်နားကြဦး။ ငါတို့ ဤနေရာတွင် ခရီးတစ်ထောက်နားမယ်" ဟု အမိန့်ပေးလိုက်သည်။

ဘုရားရှင်ပြန်ကြွသွားပြီးနောက် အတန်ကြာ၍ မေ့လောက်သောအခါ ဒုတိယ အကြိမ်ချီတက်မြဲချီတက်ကြသည်။ သို့ရာတွင် ချီတက်ရာလမ်းတစ်နေရာ၌ မနေ့က အတိုင်းပင် ဘုရားရှင်ကို ဖူးတွေ့ရပြန်သောကြောင့် ဝင်ရောက်ဦးညွှတ်ရပြန်သည်။ ထိုနေ့တွင်မူ ဝိဋူဋဘအဖို့ ဘုရားသည် သူ့အမျိုးသူ့အဆွေများကို မတိုက်ခိုက်စေ လိုကြောင်း အသေအချာသိရှိလာရပြီဖြစ်၏။ သို့သော် ဘုရားရှင် အဘယ်မျှ တားမြစ်စေကာမူ ငါမလျှော့ဟု မာန်တင်းလိုက်၏။

တတိယအကြိမ် ချီတက်ပြန်ပြီး ဘုရားရှင်သို့ မလွှဲသာ၍ ပဋိသန္ထာရစကား လျှောက်ထားရသည့်အခါတွင်လည်း ဘုရားရှင်က တစ်နေ့ကအတိုင်းပင် "မင်းကြီး၊ ဆွေမျိုးမိဘတို့၏အရိပ်သည် အေးမြ၏။ ထိုထက်ကား တရားတော်၏ အရိပ်ကား အအေးဆုံးအချမ်းသာဆုံးဖြစ်၏" ဟူ၍မိမိ၏ ဆန္ဒတော်ကိုလည်းပြကာ တရားတော် ကိုလည်း ဟောကြားပါ၏။

သို့ရာတွင် ထိုတရားသည် ဒေါသမာန်ခက်ထန်လျက်ရှိသော ဝိဋူဋဘ၏ နားသို့မဝင်နိုင်ပေ။ အကယ်၍သာ ဝိဋူဋဘသည်ကြုံတောင့်ကြုံခဲဖြစ်သော ဘုရားရှင်၏ တရားတော်ကိုနာခံနိုင်သူဖြစ်ပါမူ ကျွတ်တမ်းဝင်နိုင်ဖို့ပင်ရှိ၏။ သူတစ်ယောက်သာမက သတ္တဝါတို့၏ ငြိမ်းအေးမှုကိုလည်း ရစေနိုင်မည်ဖြစ်၏။ သို့ရာတွင် တရားတော်တည်း ဟူသောဆေးအစွမ်းသည် အဘယ်မျှထက်မြက်စေကာမူ ဒေါသမာန ခက်ထန်လျက် ရှိသူတို့ကိုတော့ တိုးဝင်နိုင်စွမ်းမရှိပါပေ။ အကြောင်းမှာ ဝိဋူဋဘတို့လို နှစ်ပေါင်း များစွာကတည်းက သံကြီးမဲကြီး မာန်သည်းနေသူမျိုးကိုထားပါဦးတော့၊ ဒေါသ မာန်မာန အခုအခံ ရှိလေသောအခါ တရားရှင်ဟု အမည်ခံသော မိမိ၏တပည့်တပန်း ကောသမ္ဗီ ရဟန်းတို့ကိုပင် မတိုးဝင်နိုင်သောကြောင့် ပုလဲမြိုင်တောသို့ပင် တစ်ချီတစ်ခါကစာ ဆုတ်ခွာလက်လျှော့ခဲ့ရပြီမဟုတ်ပါလော။

စတုတ္ထအကြိမ်တွင်မူကား ဘုရားရှင်ကြွမလာတော့ပေ။ အကြောင်းမှာ ဝိဋူဋဘကို တား၍မရနိုင်တော့ပြီကို သိရှိတော်မူရုံမက သာကီဝင်တို့၏ ရှေးကြမ္မာ

ကလည်း ဆိုက်ရောက်လာပြီကို သိတော်မူသောကြောင့်ဖြစ်၏။ ထို့ကြောင့် လက်လျှော့တော် မူရတော့သည်။

ကောသလတိုင်းဘုရင်တည်းဟူသော ဝိဋူဍဘ၏ အင်အားသည် ကပိလဝတ်နှင့် နှိုင်းစာသော် မနှိုင်းယှဉ်လောက်အောင်ပင် ကွာခြားလှသော အင်ကြီးအားကြီး ဖြစ်၏။ ထို့အပြင် ဘုရားရှင်၏အမျိုးတော်များဖြစ်သော သာကီဝင်တို့သည် ကပိလဝတ်ဟူ၍ တစ်တိုင်းတစ်နိုင်ငံအနေဖြင့် တည်ရှိ၍ မိမိတို့အစဉ်အလာစွဲအရ မိမိတို့ဘာသာ အမျိုးမာန်ကြီးကြသော်လည်း စစ်ရေးစစ်ရာနှင့် စပ်လျဉ်း၍မူ မည်သည့်နိုင်ငံကိုမျှ မည်သူ့ကိုမျှ ရန်လုပ်သူများမဟုတ်။ အေးချမ်းစွာ နေထိုင်ကြသူများဖြစ်၏။ ဤမျှမက ပါဏာတိပါတ သူတစ်ပါးအသက်သတ်မှုဟူသော စောင့်စည်းမှုမှာ သာကီဝင်မှန်သမျှတို့၏ ကြီးစွာသော စောင့်စည်းမှုအမျိုးစည်းကမ်း သတ်မှတ်ချက်တစ်ရပ်ဖြစ်နေပြန်သည်။

သို့ရာတွင် သာကီဝင်တို့သည် လေးမြားအတတ်တွင် တစ်ဖက်ကမ်းခတ်ကြသူများဟုကျော်ကြားသည်။ အမှန်အတိုင်း ကျော်ကြားခြင်းပင်ဖြစ်၏။ အကြောင်းမှာ ဘုရားရှင် သိဒ္ဓတ္ထမင်းသားဘဝတွင် အမင်းမင်းတို့၏အလယ်၌ ကြီးစွာသော လေးမြားအတတ်ပညာပြပွဲကြီး ခင်းကျင်းခဲ့ရာ၌ သိဒ္ဓတ္ထမင်းသား၏ သူမတူသော လေးမြားအတတ်ကို ထားပါဦးတော့၊ အခြားသော သာကီဝင်တို့၏ လေးမြားအစွမ်းကို သိကြပြီးဖြစ်သည်။ ထို့ကြောင့် ဝိဋူဍဘတို့ အဘယ်မျှ အင်အားကြီးမားစေကာမူ အင်အားချင်းပြိုင်ရင်ဆိုင်တိုက်ခိုက်ရမည့်ကိစ္စ၌ သာကီဝင်တို့၏ လေးမြားကိုတော့သတိထားကြ၏။ သို့ရာတွင် သာကီဝင်တို့သည် ရောက်လာသော ကျူးကျော်စစ်ကြီးတွင် မိမိတို့ပညာကို ပြသည်ဆိုရုံမျှ စွယ်ရောင်ပြကာ လည်စင်း၍ခံကြရရှာသည်။

ထို့ကြောင့်ဝိဋူဍဘစစ်သည်တော်များက သာကီဝင်တို့အား သိုးငယ်များသတ်သကဲ့သို့ သာကီဝင်မှန်သမျှတို့အား ကျူပင်ခုတ် ကျူငုတ်မကျန်အောင် သတ်ကြတော့သည်။ နို့စို့ကလေးသူငယ်မျှပင် မကျန်အောင်သတ်ကြသည်။ ဝေသာလီပြည်သို့ ဘီလူးသဘက်တို့ ဝင်သည်ထက်ပင်ဆိုးရွား၏။

ကပိလဝတ်ဆို၍ သာကီဝင်တို့အုပ်ချုပ်သော်လည်း သာကီဝင် သာကီမျိုးနွယ်တို့ချည်းနေထိုင်ကြသည်မဟုတ်ပေ။ အအုပ်ချုပ်ခံ အခြားမျိုးနွယ်များလည်း ရှိကြသေး၏။ အမိန့်တော်ကြီးက သာကီဝင်တို့ကိုသာ သတ်ရမည်ဆိုသောကြောင့် အချို့ ကောသလစစ်သည်တော်များက မသတ်မီ သာကီဝင်ဟုတ်မဟုတ် မေးစစ်ကြပေသေးသည်။ ထိုအခါ သာကီဝင်မဟုတ်သူတို့အဖို့ အသတ်ခံဘေးမှလွတ်၏။

သေဘေးကို ကြောက်ရှာကြသော အချို့သာကီဝင်တို့ကမူ မုသားပြောဆိုမှုကို ရှောင်ကြဉ်သောအားဖြင့် မုသားလည်းမဖြစ်ရလေအောင် အနီးရှိ ရမ်ရရာတို့ကိုစွဲကိုင်ကာ

အချို့က မြက်ပါ၊ အချို့က ကျူပင်ပါ၊ အချို့က ဝါးပါဟု ရှောင်တိမ်းပြောဆိုကြရှာသေးသည်။ အကြောင်းမှာ သာကီဝင်တို့သည် သူ့တစ်ပါးအသက်သတ်မှုကို ရှောင်ကြဉ်သကဲ့သို့ပင် မုသာဝါဒသိက္ခာပုဒ်ကိုလည်း အသက်နှင့်လဲ၍ပင် ရှောင်ကျဉ်ကြသူများ ဖြစ်ကြ၏။

မည်သို့ဆိုစေ အမိန့်တော်အရ ခြွင်းချန်ထားသော ဘိုးတော် မဟာနာမ်မင်းနှင့် ပြေးနိုင်သွားနိုင် တိမ်းရှောင်နိုင်သောအချို့သာကီဝင်တို့မှအပ သာကီဝင်မျိုးပြုတ်သတည်း။ ဘိုးတော်မဟာနာမ်မူကား နောက်အခါ၌ ဘုရားရှင်သာသနာတော်သို့ ရောက်လာ၍ တရားထူးရ၏။

ရဟန်းဖြစ်လာ၍ ''ချမ်းသာစွ၊ ချမ်းသာစွ'' ဟူသော နာမည်ကျော် ဥဒါန်းကျူးမှုသည် မဟာနာမ်မထေရ်မှ ဆင်းသက်၏။ ရဟန်းအဖြစ်တွင် ချမ်းသာစွ၊ ချမ်းသာစွဟု ဆိုလေ့ရှိသော မဟာနာမ်မထေရ်အား ဘုရားရှင်က ''သင်အဘယ့်ကြောင့် ဤသို့ မြည်တမ်းရွတ်ဆိုနေသနည်း''ဟု မေးတော်မူသောအခါ ''တပည့်တော်သည် သာကီဝင်တစ်ယောက်ဖြစ်သော်လည်း အသိနောက်ကျ၍ အာနန္ဒာ၊ အနုရုဒ္ဓါစသော သူတကာ သာကီဝင်တို့နောက်မှ ရဟန်းပြုလာရသူဖြစ်ဖြစ်ပါသည်။ မင်းဘဝတွင် မင်းစည်းစိမ်ဟု ဆိုအပ်သော အခြွေအရံမျိုးစုံ ပစ္စည်းမျိုးစုံတို့အလယ်၌ နေရသော်လည်း ကြောင့်ကြမှုမျိုးစုံတို့ကြောင့် မချမ်းသာခဲ့ပါ။ ရဟန်းဘဝတွင်မူ လွင်တီးခေါင်ခင်တွင်ပင် နေသော်လည်း မည်သည့်အန္တရာယ်မျှမရှိ။ အရှင်မြတ်တရားတော်ဖြင့် အလွန်ချမ်းလှသောကြောင့် တရားတော်၏ အရသာကို တစိမ့်စိမ့်တွေးကာ 'ချမ်းသာစွ၊ ချမ်းသာစွ' ဟု ဆိုမြည်မိပါသည်ဘုရား'' ဟု လျှောက်ထားသည်။

## ဝိဋူဍဘ ဇာတ်သိမ်း

ဝိဋူဍဘတို့အောင်ပွဲကြီးယဉ်သည်။ မိမိတို့နေရာကို နို့ရည်ဖြင့် ဆေးခဲ့သည်ကို သွေးအလိမ်းလိမ်းဖြင့်ဆေးခဲ့ပြီးပြီ။ သာကီဝင်တို့ တစ်မျိုးလုံး ပြုတ်ပြီ။ ကပိလဝတ် အောင်ပွဲကြီးကို အားရအောင် ခံပြီးနောက် တပ်ခေါက်၍ ပြန်ကြဖို့သာရှိတော့သည်။

သို့သော် တပ်တော်ကိုစုရုံး၍ အောင်ပွဲခံဖို့ နားနေဖို့နေရာမှာ သွေးရောင်ခြင်းခြင်း လွှမ်းလျက်ရှိသော ကပိလဝတ်နန်းတွင် ပြုလုပ်၍ မလျော်ပေ။ အကောင်းဆုံးနေရာကို ရွေးချယ်လိုက်သောအခါ ကပိလဝတ်အနီးရှိ အစီရဝတီဖြစ်၏ သဲသောင်ပြင်နေရာပင် ဖြစ်၏။

အစီရဝတီမြစ်သည် သာယာ၏။ ပြန့်ပြူးကျယ်ဝန်းသော သဲသောင်ပြင်ကြီး ရှိသည်။ တည်းခိုနားနေဖို့ရန်အတွက် နန်းတော်ပမာ သာယာကျယ်ပြန့်သော နတ်ကွန်း

နတ်နန်းတို့လည်း ရှိသည်။ ထို့ကြောင့်တပ်တော်အားလုံးကို အစီရဝတီ သဲသောင်ပြင်တွင် စုရုံးစေလိုက်ပြီးနောက် ကြိုက်သလိုပျော်မြူးစေ၍ အောင်ပွဲကြီးကိုယဉ်ကြသည်။ အစီရဝတီမြစ်တွင် ရေကစားလိုက်၊ ကုန်းပေါ်တက်လိုက် ပျော်မြူးလိုက်နှင့် အပျော်ကြီးပျော် အရွှင်ကြီးရွှင်နေကြသည်။

မပြည့်စုံသောအချက်တစ်ရပ်မှာ လရောင်ကင်းဆိတ်နေခြင်းပင်ဖြစ်၏။ နွေရာသီ မကုန့်တကုန်၊ မိုးရာသီသို့ မကူးတကူး၊ မိုးဦးစရာသီဖြစ်ရာ လဆုတ်ပက္ခလည်းဖြစ်သောကြောင့် လရောင်မရှိ၊ မိုးရိပ်မိုးဆင်ကိုပင် တွေ့နေရ၏။ သို့သော် ကိစ္စမရှိ။ ဆီမီးတိုင်တို့အပြည့်ရှိသည်။

ဝိဋူဍဘကိုယ်တိုင်သည်လည်း သဲသောင်တစ်နေရာတွင် မိမိဆိုင်ရာတပ်မှူး တပ်ထောက်တို့ဖြင့် သီးခြားပျော်မြူးလျက်ရှိနေ၏။ အားရအောင်ပျော်မြူးပြီးသောအခါ ညဥ့်နက်လွန်းလာသောအချိန်၌ မူးမူးရူးရူးနှင့် အားရပါးရ အတုံးအရုံးအိပ်စက်လိုက်ကြသည်။

ထိုအခိုက်တွင် အစီရဝတီမြစ်မှ ကြီးစွာသော လှိုင်းလုံးကြီးများသည် လေရိပ်မိုးဆင်နှင့်အတူ ရုတ်ချည်းတက်လာပြီးနောက် ဝိဋူဍဘနှင့်တကွ ကောသလတပ်တော်အားလုံးကို လွှမ်းဖုံးဆွဲယူသွားကြသည်။ ရုတ်ခြည်းဖြစ်၍ မည်သို့မျှမတတ်နိုင်ကြ။ အားကောင်းမောင်းသန်များဖြစ်သည့်အတိုင်း ကူးခတ်ရန်အားထုတ်ကြပါ၏။ သို့ရာတွင် ရှေ့လှိုင်းလုံးကြီးအရှိန်မသေမီတွင်ပင် နောက်လှိုင်းလုံးကြီးများက တက်လာကာ ဆွဲယူ၍ သွားကြသောကြောင့် မြစ်ထဲသို့သာ ရောက်ကုန်ကြသည်။ စာရင်းချုပ်လိုက်သော် ရေးကပြုခဲ့သော အကုသိုလ်၊ လောလောလတ်လတ် ပြုအပ်သော အကုသိုလ်တို့ စုပြုံဆိုက်ရောက်လာ၍ မပြောပလောက်သော သူတို့မှအပ ဝိဋူဍဘနှင့်အပေါင်းပါ အားလုံးတို့မှာ အစီရဝတီမြစ်လယ်တွင် ငါးလိပ်တို့၏အစာဖြစ်ကုန်ကြရသတည်း။

## ပန်းမြိုင်လယ်တရားတော်

ဝိဋူဍဘဘေးရန်ကြောင့် သာကီဝင်တို့ ပျက်စီးရသည့်အကြောင်း၊ အလားတူပင် ဖျက်ဆီးသူ ဝိဋူဍဘမင်းနှင့် အပေါင်းပါတို့လည်း အစီရဝတီတွင် ငါး၊ လိပ်တို့၏ အစာဖြစ်၍ ချက်ချင်းပင် ပျက်စီးသေကုန်ကြရသည့် အကြောင်းရပ်များမှာ သမိုင်းထိုးလောက်အောင်ပင် ကျော်ကြားအပ်သော ဖြစ်ရပ်ကြီးများဖြစ်၏။ နိုင်ငံတကာသို့ပင် ကျော်ကြား၍ ကြားရသူတိုင်းအဖို့ အံ့ဖွယ်သတင်းကြီးအဖြစ် ပြော၍မဆုံး၊ ဆွေးနွေး၍ မဆုံးသော သတင်းကြီးဖြစ်၏။

ဇေတဝန်ကျောင်းတော်ရှိ ရဟန်းပရိသတ် ဓမ္မသဘင်တွင်လည်း ဘုရားရှင်ကြွလာတော်မမူမီအတွင်း ဤအကြောင်းရပ်ကိုပင်ဆွေးနွေးကြသည်။ ဘုရားရှင်ကြွလာတော်မူ၍ ရဟန်းတို့က ဤသတင်း ဤဖြစ်ရပ်များကို လျှောက်ထားသောအခါ ဘုရားရှင်က သာကီဝင်တို့သည် ရှေးအတိတ်ဘဝက တစ်ခုသောရေကန်တွင် ငါးတို့ကို အဆိပ်ခတ်ခဲ့ဖူးသော မကောင်းမှုကံကြောင့် ဤသို့စုပြုံသေဆုံးရကြောင်း မိန့်တော်မူပြီးနောက် ပန်းမြိုင်လယ်တရားတော်ကို ဆက်လက်၍ဟောကြားတော်မူသည်။

ပန်းဥယျာဉ်အလယ်၌ ပန်းခူးသူ အမျိုးသမီးတစ်ယောက်သည် ပန်းမျိုးစုံကို တွေ့ရသောအခါ ပန်းတစ်ရုံ ပန်းတစ်ခက်မျှဖြင့်မတင်းတိမ်နိုင်ဘဲ ဤပန်းမှ ထိုပန်းသို့၊ ဤပန်းရုံမှ ထိုပန်းရုံသို့ အာသာငန်းငန်း ကူးလူးဆွတ်ခူးရင်းဖြင့်သာ အချိန်ကုန်မေ့လျော့ရသကဲ့သို့၊

သတ္တဝါတို့သည်လည်း ပန်းဥယျာဉ်နှင့်တူသော လူ့ဘုံဘဝ လူ့လောကတွင် ကောင်းနိုးရာရာ မှန်သမျှကို ဤအာရုံမှ ထိုအာရုံ၊ ဤဝတ္ထုမှ ထိုဝတ္ထု၊ ဤအရာမှ ထိုအရာသို့ အာသာတလန်းလန်း လိုက်ပါရင်းဖြင့်သာ မရဏတည်းဟူသော သေမင်းဒီလှိုင်း၏ဒဏ်ကိုခံကာ အပါယ်ငရဲသို့ ကျရောက်ကြရကုန်သည်။

ဤသည်ကား ပန်းဥယျာဉ် ပန်းမြိုင်လယ်ကို ဥပမာတင်ထား ဟောကြားအပ်သော တရားတော်ဖြစ်၍ ဤတရားတော်ကို ကြားနာရသော များစွာသော ရဟန်းတို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြသတည်း။ ။

# အလုပ်အကျွေးအတွင်းရေးမှူး

[ ၁ ]

ဘုရင်အစရှိသော ကြီးမြင့်သော ပုဂ္ဂိုလ်များ၌ ကြီးမားများပြားသောကိစ္စများကို ကိုယ်စားဆောင်ရွက်ရန် အတွင်းဝန်၊ အတွင်ရေးမှူးဟူသည် ရှိရမြဲဖြစ်၏။ ဘုရင်ကဲ့သို့ ကြီးမြင့်သော ပုဂ္ဂိုလ်များကိုထား၍ သာမန်ဆရာသမားအကြီးအကဲများ၌ပင် ဓမ္မန္တေဝါသိက၊ အန္တေဝါသိက တည်းဟူသော အတွင်းရေးမှူးများ ရှိရမြဲဖြစ်သည်။ ဘုရားရှင် ကဲ့သို့သော လူ နတ် ဗြဟ္မာသတ္တဝါသုံးဝ၊ လောကသုံးပါးလုံးနှင့် ဆက်ဆံရသောသူအဖို့ဆိုသော် အဘယ်သို့ဆိုဖွယ်ရာရှိချေတော့အံ့နည်း။

ဘုရားဖြစ်တော်မူစ အချိန်မှစ၍ အတွင်းရေးမှူးဆိုသူများ ရှိခဲ့သည်။ မှန်ပါ၏။ သို့ရာတွင် ပထမ ဗောဓိဟုဆိုအပ်သော ဝါတော်နှစ်ဆယ်၊ သက်တော်ငါးဆယ့်ငါး အတွင်း၌ တစ်ပါးဝင် တစ်ပါးထွက်ဖြင့် မရေမရာနိုင်လှသည်။ သက်တော်ခြောက်ဆယ် နီးပါးရောက်၍ ကိုယ်တော်တိုင်ပင် တောင်းဆိုခန့်ထားကာ အရှင်အာနန္ဒာ အတွင်းရေးမှူး အဖြစ် ပေါ်ပေါက်လာသည့်အခါတွင်မှ တည်တည်တံ့တံ့ ခိုင်ခိုင်ခိုင်ခိုင်နှင့် စိတ်အေး လက်အေး ရှိတော်မူခဲ့ရသည်။

ကြီးမြင့်သော ပုဂ္ဂိုလ်များအတွက် အတွင်းရေးမှူးဆိုရာ၌ အဓိကအားဖြင့် နှစ်ဆင့်ရှိ၏။ တစ်ဆင့်မှာ တိုင်းပြည်ကိစ္စ၊ အများကိစ္စများတွင် အကြောင်းအရာနှင့် ဌာနအားလျော်စွာ ကိုယ်စားဆောင်ရွက်ကြသော ဗဟိဒ္ဓအတွင်းရေးမှူးများဖြစ်၍ ဘုရားရှင်အတွက်ဆိုသော် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့မှအစ လက်ယာ

တော်ရုံ၊ လက်ဝဲတော်ရုံ၊ ရှစ်ဆယ်သော အသီတိ သာဝကကြီးများသည် ဗဟိဒ္ဓ အတွင်းရေးမှူးများဖြစ်ကြသည်။

နောက်တစ်မျိုးမှာ ကြီးမြင့်သူတို့၏ ကိုယ်ရေးကိုယ်တာများကို ဆောင်ရွက်ရသောသူ၊ တစ်နည်းအားဖြင့် သူတစ်ပါးအလိုနှင့် မိမိကိုယ်ကိုဆောင်ရွက်ရသောသူ၊ သို့မဟုတ် နှစ်ကိုယ့်တစ်ကိုယ်လုပ်၍ ဆောင်ရွက်ပေးရသော ကိုယ်ရေးအတွင်းရေးမှူး ဖြစ်၏။

သူတို့အဖို့ အတွင်းရေးမှူးဟူသော ဝေါဟာရမျှဖြင့် မပြည့်စုံသောကြောင့် ပါဠိလို အန္တေဝါသိက အတွင်းတပည့်၊ ခေတ်အလိုအားဖြင့် ကိုယ်ရေးအတွင်းရေးမှူး၊ ကိုယ်ရေးအရာရှိ၊ ကိုယ်ရေးအတွင်းဝန်၊ အတွင်းရေး အတွင်းဝန် ဟုခေါ်သည်။ သို့ရာတွင် သာသနာ့ သမိုင်းစဉ်၌မူကား ဘုရားရှင်၏ ကိုယ်ရေးအတွင်းရေးမှူးများကို "ဥပဋ္ဌာက– အလုပ်အကျွေး" ဟုသာ သာမန်အားဖြင့် မှည့်ခေါ်ခဲ့သည်။

ဝါတော်နှစ်ဆယ်အတွင်း၌ ဘုရားရှင်၏အလုပ်အကျွေး၊ ကိုယ်ရေးအတွင်းရေးမှူး အဖြစ် ဆောင်ရွက်ခဲ့သူတို့မှာ များလှစွာ၏။ ထိပ်သီးဖြစ်သော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့အပါအဝင် အရှင်မေဃိယ၊ အရှင်စုန္ဒ၊ အရှင်ရာဓ၊ အရှင်ဥပဝါန၊ အရှင်နာဂိတ၊ အရှင်သာဂတ၊ အရှင်နာဂသမာလ၊ အရှင် သုနက္ခတ္တ စသူတို့ဖြစ်၏။ တစ်ပါးမှ စွဲစွဲမြဲမြဲမရှိ။ တစ်ပါးဝင် တစ်ပါးထွက်နှင့် ကပျက်ယပျက်နိုင်လှသည်။

"ကပျက်ယပျက်"ဟူသောစကားမှာ အကြောင်းမဲ့စကား မဟုတ်ပါ။ အတွင်းရေးမှူး တာဝန်ကိုယူသူများသည် မစွဲမြဲရုံမျှမဟုတ်၊ အချို့က ဘုရားရှင်ကိုပင် တော်လှန်၍ထွက်သည်။ အချို့ ဆိုနိုင်ခက်သည်။ အချို့အကျင့်ပျက်သည်။ အချို့မှာ တာဝန်ယူစဉ်က ယူသော်လည်း ကြာသော် သည်းမခံနိုင်၍ လျစ်လျူရှုသည်။ အချို့မှာ ဘုရားရှင်၏ သပိတ်တော်ကိုပင် လမ်းမတွင်ချ၍ ကြွချင်ရာကြွပေရော့၊ တပည့်တော်တော့ သွားတော့မည်ဟု မရိုမသေ မချေမငံလုပ်သူများပင်ရှိသည်။ ထို့ကြောင့် ကပျက် ယပျက်ဟု ဆိုရသည်။

အဘယ့်ကြောင့်မစွဲမြဲကြသနည်းဟု သူ့ဘက်ကိုယ့်ဘက် စဉ်းစားနိုင်သော အချက်များကားရှိပါ၏။

ဥရုဝေလတွင် တောထွက်တော်မူစဉ်ကပင် သေမကွဲ ရှင်အတူ ရေပူရေချမ်း ကမ်းလှမ်း၍ လိုက်လိုလှပါချည့်ဟု မျက်ရည်စက်လက်နှင့် တောင်းပန်ရှာသော အချစ်တော် ဖွားဖက်တော်မောင်ဆန်ကိုပင် ပစ်ပယ်တော်မူခဲ့သော ဘုရားရှင်၊ ခြောက်နှစ် တိုင်တိုင် အတူနေခဲ့သော တပည့်ကြီး ပဥ္စဝဂ္ဂီတို့၏ လျစ်လျူရှုမှုကို အသာတကြည် ခံယူခဲ့သော ဗုဒ္ဓ၊ ဖြစ်နိုင်သမျှ သူတစ်ပါး၏ အကြောင့်ကြကို မခံယူလိုသောပင်ကိုစိတ်ထား၊ အခွင့်သာသမျှ ကေစာပျော်တော်မူချင်လွန်းသော ဘုရားရှင်အဖို့ အလုပ်အကျွေး

အတွင်းရေးမှူးဟူသည် သက်တော်ရွယ်တော်ငယ်လည်းငယ်သေးသောကြောင့် သူတို့က ဆောင်ရွက်လိုလှပါချည့်ဆို၍သာ လက်ခံရသော်လည်း ကိုယ်တော်၏ ပင်ကိုသဘော အားဖြင့်မူကား တစ်ပါးတည်းသာ သီတင်းသုံးတော်မူလို၏။

ထို့ကြောင့်လည်း တရားရေးတာဝန်နှင့် တပည့်တပန်း သာသနာ့တာဝန် ဗုဒ္ဓကိစ္စတော်များ အားလပ်ခွင့်ရသည့်အခါတိုင်း ဂိဇ္ဈကုဋ်စသော တောတောင်တို့သို့ တစ်ပါးတည်းကြွ၍ သီတင်းသုံးသည်။ တစ်ပါးတည်းဖြင့်သာ ဆောင်ရွက်သော ဗုဒ္ဓကိစ္စတော်တို့ အမြောက်အမြားရှိခဲ့သည်။ အခြားအချိန်များကို ထားဦး၍ ဇေတဝန်လို၊ ဝေဠုဝန်တို့လို တပည့်တပန်းမြောက်မြားစွာတို့၏အကြား၌ပင် မိမိအထံသို့အဝင်အထွက် အဖူးအမြော်မရှိစေရဟု ကန့်သတ်၍ တစ်ပါးတည်းသီတင်းသုံးတော်မူသည်များပင် ရှိခဲ့သည်။

ယင်းကဲ့သို့ ဧကစာရီဝေကကို အလိုရှိတော်မူလွန်းသော ဘုရားရှင်အတွက် အလုပ်အကျွေး အတွင်းရေးမှူးဟူသည် အဘယ်မူစကောင်းအံ့နည်း။

အလုပ်အကျွေး၊ အတွင်းရေးမှူး တပည့်များဘက်မှကြည့်သော် ကိုယ်ရေး အတွင်းရေးမှူးအလုပ်ဟူသည် ခက်ခဲလှစွာ၏။ သူတစ်ပါး အလိုနှင့်မိမိကိုယ်ကို ပြုပြင် ပေးရသောအလုပ်ဟူသည် အဘယ်ပုံမခက်ခဲဘဲရှိပါချေအံ့နည်း။ ပထမသော် စေတနာ အလျောက် ဆောင်ရွက်မိခဲ့သည်မှန်ပါ၏။ ကြာသော် သူတစ်ပါးအလိုကိုချည်း ကြည့်နေရ၊ ဆောင်ရွက်ပေးရသည့် ကြီးမားခက်ခဲသောတာဝန်ကို ငြီးငွေ့လာသည်မှာ သဘာဝ ပင်ဖြစ်၏။ ဘုရားရှင်ကိုယ်တော်တိုင်ကပင် ''သဗ္ဗံပရဝသံဒုက္ခံ၊ သူတစ်ပါး၏ အလိုသို့ အခါခပ်သိမ်းလိုက်နာရခြင်းသည် ဆင်းရဲ၏'' ဟု ဟောတော်မူသည် မဟုတ်ပါလော။ ထို့ကြောင့်ပင် တစ်ပါးဝင် တစ်ပါးထွက်နှင့် အခက်အခဲဖြစ်ခဲ့ရသည်။

သို့ရာတွင် ဘုရားရှင်ကို ချစ်တော်မူလွန်းမှုသက်သက်ကြောင့် ယင်းအလုပ် အကျွေး၊ ကိုယ်ရေးအတွင်းရေးမှူးတာဝန်ကို အဘယ်သို့သောအခက်အခဲများရှိ၍ အဘယ်မျှဆင်းရဲပါစေ၊ စွဲစွဲမြဲမြဲ၊ သဲသဲမဲမဲ စေတနာဖြင့်လုပ်ကိုင်လိုလှသော အရှင် တစ်ပါးကားရှိနေပေ၏။ အရှင်အာနန္ဒာပင်ဖြစ်ပေသည်။

သို့သော် ဘုရားရှင်ကိုချစ်သော်လည်း သူ့မှာအခုအခံ မာန်ကလေးတစ်ရပ် ရှိနေပေသည်။ ယင်းမာန်ကလေးဟူသည်ကား ကြီးမြင့်သူတို့၏အလုပ်တာဝန်ဟူသည် ကြီးမြင့်သူက အလိုက်သိစွာတာဝန်ပေးမှ လုပ်ဆောင်ကောင်းသည်ဟူသော မာန်ကလေး ပင်ဖြစ်၏။ သူချစ်သလို သူ့ကို ဘုရားရှင်ကမချစ်ဟူသော နွဲ့ဆိုးမာန်ကလေးဖြစ်ဟန် ရှိ၏။ ထို့ကြောင့် တစ်ပါးထွက် တစ်ပါးဝင်နှင့် အဆင်မပြေဖြစ်နေသော ဘုရားရှင်၏ အလုပ်အကျွေးတာဝန်ကို အများနှင့်အတူလိုက်ပါရင်း တစ်ထောင့်တစ်နားမှ မကျေမနပ် နှင့်ပင် ကြည့်နေခဲ့ရသည်။

မေတ္တာရှေးရှု စေတနာရှိသူတို့အဖို့ ကျေနပ်နိုင်စရာလည်းမရှိပေ။ ကြည့်ပါ ထွက်သွားကြသော အလုပ်အကျွေး အတွင်းရေးမှူးများအနက် ရိုးရိုးထွက်ခွာ စွန့်လွှတ်ရုံမျှမဟုတ်၊ ဘုရားရှင်ကိုပင် တော်လှန်သူ၊ သစ္စာဖောက်သူ၊ အကျင့်ပျက်သူများပါဝင်ခဲ့ကြောင်း အထက်တွင်ပြဆိုခဲ့သည်။ ယင်းတို့အနက် အချို့ကို ထုတ်ဖော်ပြရဖို့ရှိ၏။

[ ၂ ]

အရှင်မေဃိယသည် ဘုရားရှင်က တားမြစ်နေသည့်အကြားမှပင် ဘုရားရှင်ကို စွန့်ခွာသွားသူဖြစ်သည်။

အရှင်မေဃိယသည် ဘုရားရှင် ဒေသစာရီကြွချီ၍ အလုပ်အကျွေးအဖြစ် နောက်တော်ကလိုက်ပါနိုက်တွင် လမ်းခရီး၌ စိမ်းစိမ်းညို့ညို့ အုပ်အုပ်ဆိုင်းဆိုင်းနှင့် သာယာလှသော သရက်ပင်အုပ်ကြီးကို တွေ့သောအခါ ဤနေရာတွင် တရားအားထုတ်လိုလှပါချည့်ဟု လျှောက်ထားသည်။ ဘုရားရှင်က ဤနေရာသည် သင့်အတွက် သင့်လျော်သောနေရာမဟုတ်ဟု တားမြစ်နေသည့်အကြားမှပင် ဘုရားရှင်၏သပိတ်နှင့် သင်္ကန်းတို့ကို အပ်နှံကာ စွန့်ခွာထွက်သွားသည်။ နောင်အခါတွင် ဤအကြောင်းနှင့်စပ်၍ တရားဟောသောအခါ မေဃိယသုတ္တန်ဖြစ်လာ၍ ပိဋကတ်တော်တွင် အရှင်မေဃိယ ထင်ရှားလာသည်။

ထင်ရှားသည်ဆို၍ အလုပ်အကျွေး အတွင်းရေးမှူးအဖြစ် ဘုရားရှင်၏ ဝါတော်နှစ်ဆယ်အတွင်း အချိန်ရှည်လျားစွာ တာဝန်ယူခဲ့သူဖြစ်ပါလျက် ထင်ရှားခွင့်မရရှာသော အရှင်တစ်ပါးကိုလည်း တစ်ပါတည်း ထုတ်ပြရဖို့ရှိသည်။ အရှင်ဥပဝါနပင်ဖြစ်၏။

အရှင်ဥပဝါနသည် တန်ခိုးကြီးရဟန္တာအရှင်မြတ်တစ်ပါးဖြစ်၏။ တန်ခိုးကြီးသလောက် ခန္ဓာကိုယ်ကလည်း ကြီးမားသည်။ ယင်းသို့ခန္ဓာကိုယ်ကြီးမားသောကြောင့်ပင် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးအချိန်ရောက်မှ သူ့ကိုသိလာကြရ၏။

ဝါတော် နှစ်ဆယ်အတွင်း၌ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ပင် ဘုရားရှင်၏အလုပ်အကျွေးအဖြစ် ရံဖန် ပါဝင်ခဲ့ကြသည်ဟု အထက်တွင်ဖော်ပြခဲ့၏။ အမှန်အားဖြင့် သူတို့လုပ်ချင်ကြသောကြောင့်သာ သူတို့စေတနာကိုငဲ့၍ အလုပ်အကျွေးအဖြစ်လက်ခံတော်မူခဲ့ရသော်လည်း အလုပ်အကျွေးဟူသည် ရဟန္တာများနှင့် မသင့်လျော်မလိုက်ဖက်လှ။ အကြောင်းမူကား ရဟန္တာတို့ဟူသည် ဗဟိဒ္ဓပြင်ပအာရုံကို အရှုနည်း၍ ကိုယ်တွင်း အဇ္ဈတ္တတရားအရေးကိုသာ ရှုတွေးဆင်ခြင်နေသူများဖြစ်ကြသည်။

အရှင်ဥပဝါနသည်ကား ရဟန္တာစင်စစ် ဖြစ်ပါလျက် ဘုရားရှင်အပေါ် ချစ်ခင်လေးစားသောသတိဖြင့် အလုပ်အကျွေး အတွင်းရေးတာဝန်များကို နှစ်လရှည်လျားစွာ

ဆောင်ရွက်နိုင်ခဲ့သူဖြစ်၏။ ဤကိစ္စ ဤအချက်ကို သတိပြုမိသူမှာ အလုပ်အကျွေး တာဝန်တွင် အစဉ်သတိရှိနေခဲ့သော အရှင်အာနန္ဒာပင်ဖြစ်၏။

ကုသိနာရုံတွင် ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော့အံ့ဆဲဆဲအချိန်၌ အရှင်ဥပဝါန သည် ဘုရားရှင်ရှေ့တော်အနီး၌ ယပ်ခတ်ပူဇော်နေစဉ် ဘုရားရှင်က အရှင်ဥပဝါနအား အပါးတော်မှ နှင်ထုတ်တော်မူ၏။ ဤသည်ကို အရှင်အာနန္ဒာကြားသောအခါ အံ့အားသင့် ရ၏။ သံဃာအများ ခစားဝန်းရံနေသည့်အကြားတွင် အရှင်ဥပဝါနကိုမှ အဘယ့်ကြောင့် နှင်ထုတ်ရပါသနည်း။ အရှင်ဥပဝါနတွင် အပြစ်တစ်စုံတစ်ရာ ရှိလေသလော၊ မိမိမှလွဲလျှင် အလုပ်အကျွေးအဖြစ် အရှည်ကြာဆုံး ဆောင်ရွက်ခဲ့သူဖြစ်၍ ဘုရားရှင်အတွက် ကျေးဇူး များလှသောအရှင်အား အဘယ့်ကြောင့် နှင်ထုတ်ရပါသနည်းဟု အရှင်ဥပဝါနဘက်မှ ရပ်တည်လိုက်သည်။

"ကိုယ်တော်မြတ်ဘုရား၊ အရှင်ဥပါဝါနသည် ကိုယ်တော်မြတ်၏ အလုပ်အကျွေး အဖြစ် နှစ်လများစွာ ဆောင်ရွက်ခဲ့သူဖြစ်၍ ကျေးဇူးများသူဖြစ်ပါသည်။ သို့ပါလျက် အများနည်းတူ အရှင့်အားပူဇော်လျက်ရှိနေသည်ကို အဘယ့်ကြောင့် နှင်ထုတ်ရပါသနည်း။ အရှင်ဥပဝါနတွင် အပြစ်တစ်စုံတစ်ရာရှိပါသလားဘုရား"

"အာနန္ဒာ၊ ဥပဝါနတွင် အပြစ်တစ်စုံတစ်ရာမရှိပါ။ သို့ရာတွင် ဥပဝါနသည် ရဟန္တာဖြစ်၏။ တန်ခိုးကြီး၏။ တန်ခိုးကြီးသလောက် ခန္ဓာကိုယ်ကလည်း ကြီးမားသည်။ ဥပဝါနသည် ငါ့မျက်နှာတော်အနီးတွင် ခစားပူဇော်လျက်ရှိနေပေ၏။ ဤသည်ကို ဘုရားရှင်အား ပူဇော်ရန်ရောက်လာကြသော နတ်ဗြဟ္မာတို့ငြိုငြင်လျက်ရှိကြသည်။ အကြောင်းမူကား နတ်ဗြဟ္မာတို့သည် သာမန်လူတို့ကိုယ်ကို နတ်မျက်စိဖြင့် ထွင်းဖောက်၍ မြင်နိုင်သော်လည်း ရဟန္တာ၏ကိုယ်ကိုကား ထွင်းဖောက်၍မမြင်နိုင်။ တန်ခိုးကြီးသော ဥပဝါနကို ထွင်းဖောက်၍မမြင်နိုင်။ ငါဘုရားမျက်နှာတော်ကို ဖူးမြော်ခွင့်မရကြ။ ထို့ကြောင့် နတ်ဗြဟ္မာတို့ ငြိုငြင်မှုကင်းစေရန် ဥပါဝါနအား ဖယ်ရှားရခြင်းဖြစ်သည် အာနန္ဒာ"

ဤနည်းအားဖြင့် အရှင်ဥပဝါနအား ရှည်လျားသောအလုပ်အကျွေး ဖြစ်ခဲ့သူအဖြစ် လည်းကောင်း၊ တန်ခိုးတော်သခင် အရှင်မြတ်အဖြစ်လည်းကောင်း သိလာကြရသည်။

[ ၃ ]

အရှင်သာဂတသည် ဗုဒ္ဓဘာသာဝင် အရက်သမားတို့ လောကတွင် ထင်ရှားလှသော အရှင်ဖြစ်၏။ အကြောင်းမူကား ရဟန်းဖြစ်ပါလျက် အရက်သောက်မှုတွင် စံတင်လောက်အောင် ပြုမူခဲ့သူဖြစ်ရုံမက သူ့ကြောင့်ပင် ရဟန်းများ အရက်မသောက်ရ ဟူသော သိက္ခာပုဒ်တော်ကို ပညတ်ခဲ့ရသောအရှင်ဖြစ်သည်။

ဆင်ခြေဝင်ရန်တော့ရှိပါ၏။ ဘုရားရှင်သည် အကျင့်သီလကဏ္ဍ၌ အရက် သောက်မှု၏အပြစ်ကို ကြိမ်ဖန်များစွာ ဟောကြားတားမြစ်ခဲ့သည်မှန်သော်လည်း ရဟန်းများ အရက်မသောက်ရဟု တိတိပပ ဖွင့်ဟတားမြစ်တော်မူချက် ဝိနည်းဥပဒေ မထုတ်ရသေး၍ ဥပဒေမရှိလျှင် လုပ်နိုင်သည်ဟူသော သဘောဖြင့် လုပ်နိုင်သည်ဟု ဆင်ခြေဝင်နိုင်ပါ၏။ သို့သော် အရှင်သာဂတဟူသည်ကား နုယ်နုယ်ရရ သာမန်ပုဂ္ဂိုလ် မဟုတ်၊ တန်ခိုးကြီးအရှင်တစ်ပါးပေတည်း။

ပုထုဇဉ်ဆိုသည်မှာခက်၏။ 'ပုထုဇ္ဇနော ဥမ္မတ္တကော'အရ ရဟန်းပင်ဖြစ်စေ အဘယ်မျှ ကြီးမြင့်သောသူပင်ဖြစ်စေ အပြင်တွင် ဟန်ဖြင့်ဖုံးအုပ် ဟန်ဓာတ်ခုတ်နေ သော်လည်း ကိုယ်တွင်း၌မူ ရူးချင်တိုင်း ရူးနေတတ်၏။ ရူးစိတ်ကို မထိန်းနိုင်သောအခါ ဖြစ်ချင်ရာဖြစ်လာတတ်သည်။ ထို့ကြောင့်လည်း'ဗြဟ္မာပြည် တဝင်းဝင်း၊ ဝက်စားကျင်း တရှုပ်ရှုပ်' ဟု ဆိုသည်မဟုတ်လော။

အရှင်သာဂတသည် ဘုန်းတန်ခိုးကြီးအရှင်တစ်ပါးဖြစ်သည်မှန်ပါ၏။ သို့သော် သူ့တန်ခိုးမှာ သာမန်တန်ခိုးမျှသာဖြစ်၏။ ရှင်ဒေဝဒတ်တို့လို မခိုင်မြဲသော လောကီ တန်ခိုးမျှသာတည်း။

မြွေတို့နိုင်ငံဟုခေါ်ဆိုနိုင်လောက်အောင် မဇ္ဈိမတိုက်၌ မြွေအန္တရာယ်သည် ကြီးမားလှ၏။ ယနေ့ခေတ်တိုင်အောင် ကြီးမားလှ၍ အဆိပ်ပြင်းသော မြွေအမျိုးပေါင်း ၅၂ မျိုးရှိနေသေးသည်ဟု စာရင်းဇယားများကဆိုသည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကဆိုသော် မြွေအန္တရာယ်မှာ အံ့ဖွယ်ပင်ဖြစ်၏။ မြွေတို့အဆိပ် ပြင်းပုံမှာ သူ့ကိုတွေ့မြင်ရုံမျှဖြင့် လူကိုသေစေနိုင်သည်အထိ အဆိပ်ပြင်းသော မြွေများပင် ရှိသည်ဟု ဟောတော်မူသည်။

မြွေသည် အကောင်အထည်ကြီးမားခြင်းနှင့်အတူ အဆိပ်တန်ခိုးပါ ကြီးမား သောအခါ နဂါးဖြစ်လာသည်။

ဘုရားရှင်လက်ထက်တော်၌ ဆိတ်ငြိမ်မှုကို လိုလား၍ တောနင့်စပ်သော ရဟန်းတော်တို့အတွက် မြွေအန္တရာယ်ကို ကြိမ်ဖန်များစွာ တွေ့ရသောကြောင့် မြွေနိုင် ခန္ဓသုတ် ပရိတ်တော်ကိုပင် ဟောကြားတော်မူထားရသည်။ ယင်းမြွေအန္တရာယ်များ အနက် တန်ခိုးကြီးမားသောနဂါးကြီးများနှင့် သုံးကြိမ်မျှတွေ့ဆုံရသည်ကို သတိပြုမိသည်။

တစ်ကြိမ်မှာ သာသနာ့သမိုင်းဝင် အောင်ခြင်းရှစ်ပါးတွင်ပင် သတ်မှတ်ခံရသော နန္ဒောပနန္ဒနဂါးဖြစ်၏။ တစ်ကြိမ်မှာ ရှင်တစ်ထောင်ချွတ်ခန်းတွင် စည်းရုံးရေးမှူးကြီး ဘုရားရှင်ကိုယ်တော်တိုင် ရင်ဆိုင်ခဲ့ရသော ဂင်္ဂါဆိပ်ကမ်းမှ နဂါးဖြစ်၍ တစ်ကြိမ်မှာ ယခု ဖော်ပြလတ္တံ့သော နဂါးပင်ဖြစ်၏။

ဘုရားရှင်သည် ကောသမ္ဗီပြည်တွင် သီတင်းသုံးခိုက် ကောသမ္ဗီအနီး မြစ်ကမ်းနဖူးမှ သရက်ပင်ဆိပ်ရွာကြီးသို့ နောက်ပါ ရဟန်းအများနှင့် ဒေသစာရီကြွချီတော်မူသောအခါ ရွာသူရွာသားများက သူတို့ရွာအနီး တောအုပ်ရှိ သူတို့ကိုးကွယ်သော ရသေ့ကြီး၏ ကျောင်းသခ်မ်းတွင် ရသေ့ကြီးကိုအန္တရာယ်ပြု၍ အတင်းဝင်ရောက်နေထိုင်လျက်ရှိသော နဂါးကြီးကိုကြောက်ရွံ့လှပါသဖြင့် နှိမ်နင်းပေးတော်မူပါမည့်အကြောင်း လျှောက်ထားတောင်းပန်ကြသည်။ အကြောင်းမူကား ဘုရားရှင်နှင့် တပည့်သားတို့သည် မြွေအန္တရာယ်ကို အလွယ်နှင့်နှိမ်နင်းနိုင်ကြောင်း သူတို့သိရှိထားကြသောကြောင့်ဖြစ်သည်။

ထိုအခါ ဘုရားရှင်က နောက်တော်ပါ သာဂတမထေရ်ကို ကြည့်တော်မူ၏။ ကြည့်တော်မူရုံမျှနှင့်ပင် ယင်းမြွေအန္တရာယ်ကို မိမိအားနှိမ်နင်းစေလိုကြောင်း သာဂတမထေရ်သိလိုက်ပြီဖြစ်၏။ ထိုအချိန်က သာဂတမထေရ်သည် ဘုရားရှင်၏ အလုပ်အကျွေးအတွင်းရေးမှူးဖြစ်၍ တက်တက်ကြွကြွရှိလှသည်။ အသက် ငယ်ရွယ်သလောက်တန်ခိုးကြီးသည်။ လောကီဈာန်အပိုင်းအခြားတွင် ဆုံးခန်းတိုင်သို့ ရောက်ပြီးသော တန်ခိုးရှင်တည်း။

ဘုရားရှင်က ကြည့်တော်မူလိုက်သည်နှင့် တစ်ပြိုင်နက်ပင် အလိုတော်ကို သိကာနေရာမှ တစ်ပါးတည်းကြွသွား၍ နဂါးရန်ကို တန်ခိုးဖြင့်နှိမ်နင်း နှင်ထုတ်သည်။ နှိမ်နင်းရာ၌ နဂါးနှင့်အတိုက်အခံပြုရသည်မှာ နန္ဒောပနန္ဒကို အရှင်မောဂ္ဂလာန်နှိမ်နင်းတော်မူပုံအတိုင်းဖြစ်၏။

ယင်းသတင်းသည် ကောသမ္ဗီနေပြည်တော်အထိ ကျော်ကြားသွား၏။ ဘုရားရှင်ကိုထားဦး၍ အရှင်သာဂတနှင့် ရဟန်းများသည်ပင် ချီးကျူးခယမ်း လှူဒါန်းပင့်မြှောက်လိုသူတို့နှင့် ဝိုင်းဝိုင်းလည်သွားသည်။ ဤတွင် စေတနာလွန်သူ ဒကာများနှင့် ဆဗ္ဗဂ္ဂီခေါ် ရဟန်းရှုပ်တို့၏ မဟုတ်တယုတ်ကိစ္စ ပေါ်ပေါက်လာသည်။

'ဆဗ္ဗဂ္ဂီရဟန်းရှုပ်' ဟူသည် တမင်ရှုတ်ချသော စကားလွန်မဟုတ်ပါ။ သူတို့သည် ရဟန်းများပင် ဖြစ်မချည်း၊ သာသနာတော်တည်းဟူသော လူပျက် ရဟန်းပျက်များ ဖြစ်ကြကြောင်းကို သာသနာ့စာပေကို သာမန်လေ့လာရုံမျှနှင့် သိရှိနိုင်ကြပေသည်။

စေတနာလွန် ဒကာတို့က ဆွမ်းကွမ်းအလှူမျှဖြင့် အားမရနိုင်ဘဲ "တပည့်တော်တို့သည် သူတကာနှင့်မတူသော စားဖွယ်သောက်ဖွယ်တို့ကို လှူဒါန်းလိုပါသည်။ အဘယ်အရာကို အလိုရှိကြပါသနည်း။ အဘယ်သို့ ထူးခြားသော အလှူကို အလိုရှိကြပါသနည်း" ဟု အကြံတောင်း ဖိတ်ကြားကြသောအခါ ဆဗ္ဗဂ္ဂီတို့က "ဒကာတို့နေ့စဉ်စားသုံးနေရသော ဆွမ်းကွမ်းတို့မှာ ရိုးလှသည်။ အရက်လှူသော် ကောင်းလေစွ၊

အရက်တွင်လည်း ခိုချေအဆင်းနှင့်တူသော စိမ်းစိမ်းကြည်ကြည် အရက်ကလေးများကို ရနိုင်သော် သာ၍ကောင်းလေစွ'' ဟု အကြံပေးကြသည် ဟူ၏။

အရက်ဟူသည် မကောင်းမှုဒုစရိုက်၏ အသုံးခံပစ္စည်းဖြစ်ကြောင်း အထပ်ထပ် ဟောတော်မူပြီးဖြစ်သည်ကို ဆရာရော ဒကာပါ သိကြပြီးဖြစ်သည်မှန်ပါ၏။ သို့ရာတွင် ဆဗ္ဗဂ္ဂီတို့ ဆင်ခြေဝင်နိုင်သော အခွင့်ကြုံသည်မှာကား ထိုအချိန်က ရဟန်းတို့ အရက် မသောက်ရဟု တိုက်ရိုက် ပညတ်တော်မူချက် ဝိနည်းမရှိသေးခြင်းပင်ဖြစ်၏။

အပြစ်ရှာလိုသောသူ၌ ဆင်ခြေသည် အမြဲရှိသကဲ့သို့ အပြစ်လုပ်လိုသူတွင်လည်း ဆင်ခြေဟူသည် ရှိစမြဲဖြစ်၏။ ကောသလဘုရင်၏ သူမတူအောင်လှူသော အသဒိသ အလှူ၌ ''လိုလေသေး'' ဟူသောစကားမရှိရအောင် အရက်ကိုပင် ထည့်၍လှူသည် ဟူသော စကားကလည်း သူတို့ဆင်ခြေကိုအားပေး၏။

ထို့ကြောင့် စေတနာလွန်ဒကာများက ''ကောင်းပါပြီ၊ အရှင်မြတ်တို့အလိုရှိသော စိမ်းစိမ်းကြည်ကြည် ခိုချေရည်ကလေးများကို စီစဉ်ထားပါမည်။ နက်ဖြန်ဆွမ်းခံကြွရင်းဖြင့် သုံးဆောင်တော်မူကြပါဘိ'' ဟု လျှောက်ထားကြသည်။ အရက်သမား လောကတွင် ယင်းစိမ်းစိမ်းကြည်ကြည် ခိုချေရည်ကလေးများကို 'ရဟန်းကြီးကြိုက်' ဟူသော ဝေါဟာရသည် ထိုစဉ်မှ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။

နောက်တစ်နေ့ ဆွမ်းခံထွက်ကြသောအခါ အရှင်သာဂတသည် အလုပ်အကျွေး ပင်ဖြစ်သော်လည်း ဘုရားနောက်တော်မှမလိုက်။ အကြိုက်နှင့်တွေ့ရမည်ကြောင့် မယောင်မလည်နှင့်ဘုရားရှင်ကို သွေဖည်ကာ ဆဗ္ဗဂ္ဂီတို့နှင့်အတူလိုက်၍ ဖိတ်ကြား ထားသော ထိုထိုအိမ်များသို့ တစ်အိမ်ပြီးတစ်အိမ် ဝင်ရောက်ကြ၍ ဆက်ရက်မင်း စည်းစိမ်ခံစားကြသတည်း။

ဤအဖြစ်ကြောင့် ဆဗ္ဗဂ္ဂီတို့အဖို့တော့ တိတ်တခိုးအရက်ကိုယ်တော်များဖြစ်ကြ ဟန်တူသည်။ မမူး။ မူးလျှင်လည်း ဣန္ဒြေမပျက်လှ။ အရက်သမား အစိမ်းကလေး အရှင်သာဂတအဖို့မူ ကျောင်းသို့ပင် ပြန်ရောက်အောင်မလျှောက်နိုင်တော့။ မြို့တံခါးဝ တွင်ပင် ဗိုင်းဗိုင်းလဲရှာသတည်း။

ဘုရားရှင်နှင့် ရဟန်းတော်တို့ မြို့တွင်းမှ ဆွမ်းခံပြန်ကာ မြို့တံခါးသို့ရောက်၍ အရှင်သာဂတအဖြစ်ကို တွေ့ကြရသောအခါ ရဟန်းတို့အံ့အားသင့်ခြင်းနှင့်အတူ ဓမ္မသံဝေဂ ရကြ၏။ လူအမြင်များသော မြို့တွင်းလမ်းမမှာမလဲ၍ တော်ပါသေး၏။ ဘုရားရှင်က ''သာဂတကိုခေါ်ခဲ့ကြ''ဟု အမိန့်ပေးသောကြောင့် တွဲ၍ခေါ်ခဲ့ကြရသည်။ ဃောသိတာရုံ ကျောင်းတော်ရောက်သည်အထိ အရှင်သာဂတသည် အရက်မူးသမားတို့၏ ပုံစံအတိုင်း ငြိမ်ငြိမ်မလိုက်။ ရုန်းကန်ယိမ်းယိုင်၍ လိုက်ပါလာသောကြောင့် ရဟန်းတို့ မနည်း ထိန်းကြရသည်။

ဘုရားရှင်၏အမိန့်ဖြင့် ဃောသိတာရုံကျောင်းရင်ပြင်တွင် အရှင်သာဂတကို ဘုရားရှင် ရှေ့တော်မှောက်၌ ချထားလိုက်သောအခါ အရှိအသေပြုနိုင်ဖို့ဝေး၍ သက်န်း ဖရိုဖရဲနှင့် မှောက်လျက်ကြီးဖြစ်နေ၏။ ဤမျှသာလော။ ရဟန်းတို့က ဘုရားရှင်ဘက်သို့ အရှင်သာဂတ၏ ဦးခေါင်းကို လှည့်၍ချထားသည်ကို ချက်ချင်းပင် ဦးစောက်မှောက်ခုံပြု၍ ဘုရားရှင်ဘက်သို့ ခြေပေးလိုက်သောကြောင့် ရဟန်းတို့ ရင်သပ်ရှုမော အံ့သြကြရသည်။ ဘုရားရှင်က ချက်ချင်းပင် ဃောသိတာရုံသံဃာအားလုံးကို စုရုံးလာရောက်စေလိုက်၏။

''ရဟန်းတို့၊ သာဂတဖြစ်နေပုံကို ရှုကြကုန်လော့။ မနေ့ကပင် နဂါးကို နှိမ်နင်းနိုင်ခဲ့သော သာဂတအဖို့ ယခုအခြေအနေအားဖြင့် နှိမ်နင်းနိုင်ပါဦးမည်လော''

''နဂါးဝေး၍ မြက်လျှောကိုပင် နိုင်နိုင်ဖို့မရှိတော့ပါဘုရား''

''သာဂတသည် ငါဘုရားကို ရိုသေကျိုးနွံသူဖြစ်ခဲ့၏။ ယခု ရိုသေပါသေး ၏လော''

''မရှိသေတော့ပါဘုရား''

''သို့ဆိုလျှင် သိက္ခာပုဒ်ပညတ်တော်မူမည်။ အကြင်ရဟန်းသည် အရက် သောက်၏။ ထိုရဟန်း အာပတ်သို့ ရောက်စေ''

အရှင်သာဂတအဖို့ လောလောဆယ်အကျိုးကား ဘုရားရှင်၏ အလုပ်အကျွေး အဖြစ်မှပြုတ်သွားခြင်းပင်ဖြစ်၏။ ထို့ထက်ဝမ်းနည်းဖွယ်သောအကျိုးမှာကား အနှစ်နှစ် အလလကပင် ထူထောင်ကြိုးပမ်းခဲ့ရသော လောကီဈာန်နှင့် အဘိညာဉ်တန်ခိုးများမှာ ရဟန်းကြီးကြိုက်ကလေး တစ်ချိုသောက်မိရုံဖြင့် ပြုတ်ပြုတ်ပြုန်းသွားခြင်းပင်ဖြစ်သတည်း။

ဤနည်းဖြင့် ဘုရားရှင်အတွက် အလုပ်အကျွေး အတွင်းရေးမှူးအလုပ်သည် မရေမရာဖြစ်နေရပြန်၏။

[ ၄ ]

အလုပ်အကျွေးတစ်ဦးဖြစ်ခဲ့ဖူးသော သုနက္ခတ်ရဟန်း၏ အကြောင်းရပ်မှာ ဘုရားရှင်၏ ထူးခြားသော ဗျာဒိတ်စကားများ၊ အယူအဆဆိုင်ရာ ထူးခြားသောသဘောတရား ရေးများ ပြည့်သိပ်လျက်ရှိသောကြောင့် တသီးတခြားဖော်ပြမှ ပြည့်စုံဖို့ရှိသည်။ သို့သော် အကြောင်းဆိုက်လာသဖြင့် အမြွက်မျှတော့ ဖော်ပြဖို့လိုသည်။

ဗုဒ္ဓစာပန်းချီ ''ရွှေတံခါးကြီးပွင့်လေပြီ''တွင် ဓမ္မစကြာတရားတော်မှ အယုတ် တရားတစ်ပါးဟု ဟောတော်မူအပ်သော ''အတ္တကိလမထာနုယောဂ''ကို ''ရေချိုး၊ မီးလှုံ၊ တုံးခုန်၊ ဖယ်ခုတ်၊ မဟုတ်မတရား နွားအကျင့်ခွေးအကျင့် စသည် မိမိကိုယ်ကို ညှဉ်းဆဲ၍ကျင့်သော အကျင့်တစ်ပါးဟု ဖွင့်ဆိုလိုက်သောအခါ ယောနိသော

မနသိကာရဖြင့် စဉ်းစားသော အချို့သောသူတို့က 'ခွေးအကျင့်'ဟု ထည့်၍ဖော်ပြလိုက်သည်ကို တစ်ဖက်သားအပေါ်၌ ဤမျှနှိမ်ချပုတ်ခတ်၍ မပြောသင့်ပါဟု ကန့်ကွက်လိုကြသည်။

နှိမ်ချပုတ်ခတ်လိုက်သော သဘောထားမဟုတ်၊ ဤသုနက္ခတ်ရဟန်းကိုရည်၍ ဆိုခြင်းဖြစ်သည်။ အကြောင်းမူကား သုနက္ခတ်ရဟန်းသည် ခွေးအကျင့်ကိုကျင့်သူ ခွေးလိုကျင့်သူတည်း။

သုနက္ခတ်ရဟန်းသည် ဘုရားရှင်၏အလုပ်အကျွေးအဖြစ်ဖြင့် ဘုရားရှင်နှင့်အတူ ဒေသစာရီကြွတော်မူရာသို့ နောက်တော်ကလိုက်ပါ၍ တစ်နေရာအရောက်တွင် ခွေးလို ခွေခွေကလေးနေ၊ ခွေးလိုစား၊ ခွေးလိုကျင့်သော ပရိဗိုဇ်တစ်ယောက်ကို တွေ့သောအခါ ဘုရားရှင်တားမြစ်သည်ကိုမှု နားမထောင်၊ သူ့လိုကျင့်လိုနေလိုလှပါချည့်ဟု ဘုရားရှင်၏ သပိတ်တော်ကို လမ်းဘေးတွင်ပင်ချထား၍ ဘုရားရှင်ကိုရော သာသနာကိုပါ တော်လှန်ထွက်သွားသူဖြစ်ပေသည်။

အလုပ်အကျွေးတစ်ပါးဖြစ်ခဲ့သော အရှင်နာဂသမာလထေရ်သည်လည်း အလားတူပင် ဘုရားရှင်ကိုတော်လှန်ထွက်ခွာသွားသူပင်ဖြစ်ပေ၏။

ဘုရားရှင်သည် နာဂသမာလထေရ်နှင့် ဒေသစာရီကြွချီတော်မူ၍ ခရီးလမ်းနှစ်ခွသို့ရောက်သောအခါ ဘုရားရှင်က လက်ယာလမ်းဖြင့်ကြွချီတော်မူမည်ကို နာဂသမာလက လက်ဝဲလမ်းဖြင့် သွားလိုလှပါချည့်ဟုလုပ်လာ၏။ အလုပ်အကျွေးရဟန်းများသည် ပထမသော် စေတနာဖြင့်လုပ်ခဲ့ကြသော်လည်း နှစ်ကိုယ့်တစ်စိတ်၊ သို့မဟုတ် သူတစ်ပါးနှင့် မိမိစိတ်လုပ်ရသောအလုပ်အကျွေး ကိုယ်ရေးမှုး၏ ခက်ခဲသော တာဝန်များကို နဖူးတွေ့ဒူးတွေ့ တွေ့လာရသောအခါ သည်းမခံနိုင်တော့၍ အကြောင်းရှာ ဆန့်ကျင်လာကြတော့သည်ဟု ဆိုရန်ရှိ၏။

ဘုရားရှင်က ဟန့်တားသည်ကိုပင် နားမထောင်၊ လွယ်ခဲ့သောသပိတ် ပရိက္ခရာကိုပင် လမ်းဘေးတွင်ချ၍ ဆန့်ကျင်ထွက်ခွာတော့မည်ပြုသောအခါ ဘုရားရှင်က သပိတ်ပရိက္ခရာကို တောင်းယူကာ ကိုယ်တော်တိုင်လွယ်၍ထွက်ခဲ့ရသည်။

ဆက်၍ပြောရန်ရှိသည်ကား ဆရာ့စကားနှင့်တားမြစ်သည်ကို နားမထောင်သော ဤကိုယ်တော်သည် လက်ဝဲလမ်းဖြင့်ထွက်ခွာသွားသောအခါ မကြာမတင်ပင် ခိုးသားဓားပြတို့နှင့်တွေ့၍ သပိတ်ပရိက္ခရာတို့ အလုခံရသည်။ ဤမျှမက သွေးယိုပေါက်ပြဲသည်အထိ အရိုက်အနှက်ခံရသည်။ ထိုအခါမှ ဘုရားရှင်အထံတော်သို့ ရောက်လာပြန် သောအခါ ''နာဂသမာလ၊ ဝဋ်ရှိ၍ခံရသည်ဟုသာ သဘောထားပေတော့။ ခိုးသား တို့အပေါ်၌ မေတ္တာမပျက်စေလင့်''ဟုသာ တရားဟောရသည်။ အလုပ်အကျွေးအဖြစ်မှ ပြုတ်ပြန်ပြီတည်း။

[ ၅ ]

ဤမျှအထိ အလုပ်အကျွေးများမှာ စေတနာအလျောက် လုပ်လိုလုပ်ပါချည့်ဟု မိမိတို့ အလိုအလျောက်လုပ်ကိုင်လာကြခြင်းဖြစ်သည်။ ဘုရားရှင်က အသိအမှတ်ပြု ခန့်ထားသော အလုပ်အကျွေးများမဟုတ်ခဲ့ပေ။

ယခုသော် ဒုတိယဗောဓိဟု ဆိုအပ်သော ဝါတော်နှစ်ဆယ်ကျော်၊ သက်တော် ခြောက်ဆယ်အတွင်းသို့ရောက်၍ သက်တော်ဝါတော်ကြီးရင့်လာခဲ့ပြီဖြစ်၏။ သက်တော် ဝါတော်ကြီးရင့်လာမှုကိုထားဦး၍ သောင်းသိန်းမကသော တပည့်များအလယ်၌ ဤကဲ့သို့ မရေမရာနှင့် သဝေချာလျက်ရှိသော အလုပ်အကျွေးတို့သတင်းများမှာ ကြား၍မျှမလျော်ခဲ့။

တပည့်တပန်းတို့ ဝိုင်းဝိုင်းလည်နေသည်မှန်ပါ၏။ သို့ရာတွင် အဝေးမှ ဝိုင်းဝိုင်းလည်နေခြင်းမျှသာဖြစ်၍ ဤမျှအလုပ်တာဝန်များပြား၍ ဤမျှကြီးမြတ်သော ဆရာ့အထံ၌ ယနေ့တိုင်ပင် အလုပ်အကျွေး ကိုယ်ရေးအတွင်းရေးမှူးအဖြစ် ကျိုးကျိုး နွံနွံ တပည့်တစ်ဦးမျှ သတ်သတ်မှတ်မှတ်မရှိသေးသည်မှာ သာသနာတော်အတွက် လစ်ဟာချွတ်ယွင်းချက်ကြီးတစ်ရပ် ဖြစ်နေရပေသည်။

ထို့ကြောင့် ဤကိစ္စအတွက် တပည့်တို့ဘက်မှတော့ အလိုက်သိစွာ စီစဉ် ပေါ်ပေါက်လာဖို့မမြင်၊ ကိုယ်တော်တိုင်ပင် စီစဉ်ခန့်ထားမှ ဖြစ်ပေရော့မည်ဟု တပည့် ရဟန်းတို့ စုံညီသောတစ်ချိန်၌ ဇေတဝန်တွင် အစည်းအဝေးကြီးခေါ်စေလိုက်သည်။

''ရဟန်းတို့၊ ငါဘုရားသည် သက်ရွယ်ကြီးရင့်ခဲ့ပြီ။ တပည့်တို့လည်း သောင်းသိန်းမက တိုးပွားခဲ့ပေပြီ။ သို့ပါလျက် ယနေ့တိုင်အောင်ပင် အလုပ်အကျွေး ကိုယ်ရေးတပည့်အဖြစ် သတ်သတ်မှတ်မှတ်မရှိသေး။ တစ်ပါးဝင် တစ်ပါးထွက် မရေ မရာဖြင့်သာ ရှိနေရသည်မှာ ငါဘုရားအဖို့လည်းမကောင်း၊ သင်တို့အဖို့လည်းမကောင်း၊ ကြား၍မျှလည်းမလျော်။ သို့ဖြစ်၍ ယခုအချိန်မှစပြီး အလုပ်အကျွေး ကိုယ်ရေး အတွင်းရေးမှူး ရဟန်းတစ်ပါး သတ်သတ်မှတ်မှတ်ခန့်ထားလိုသည်''ဟု ဖွင့်၍ မိန့်ကြားလိုက်သောအခါ အစည်းအဝေးမှန်သမျှ ဆိတ်ငြိမ်မှုဖြင့် နာမည်ကျော်လှသော ရဟန်းပရိသတ်ကြီးအဖို့ မိမိတို့ချွတ်ယွင်းခဲ့လေခြင်းဟု ဓမ္မသံဝေဂ ရကြသဖြင့် မကြားရစဖူး ညည်းညူလှုပ်ရှားသံများဖြင့် လွှမ်းဖုံးသွားလေတော့သည်။

ဘုရားရှင်မိန့်ခွန်းဆုံးသည်နှင့်တစ်ပြိုင်နက် အပြစ်ရှိသောတပည့်တစ်ယောက် ကဲ့သို့ ကြီးစွာသောဓမ္မသံဝေဂဖြင့် ရှေးဦးစွာထလာလျှောက်ထားသူကား အရှင် သာရိပုတ္တရာပင်ဖြစ်ပေ၏။

''ဘုန်းတော်ကြီးသော ဆရာအရှင်ဘုရား၊ ယခုအချိန်မှစ၍ တပည့်တော်သည် အရှင်မြတ်၏အလုပ်အကျွေးတာဝန်ကို အစဉ်မပြတ် သတ်သတ်မှတ်မှတ်ယူပါတော့မည် ဘုရား''

ယူပါတော့မည်ဟု လျှောက်ထားခြင်းမှာ တစ်ချိန်သောအခါက အလုပ်အကျွေး တာဝန်ကို ယူခဲ့ဖူးပြီး ကိုယ်တိုင်ပင်ပျက်ကွက်ခဲ့ဖူးသောကြောင့်ဖြစ်၏။

"သာဓု သာဓု သာရိပုတ္တရာ၊ ဤကိစ္စ ဤတာဝန်မျှသည် သင့်တာဝန်မဖြစ်စေ သင့်ပါ။ အကြောင်းသော်ကား သင့်အဖို့ ငါဘုရားကိုယ်စား နေရာများစွာတွင် အားထား ရသူဖြစ်၍ သာသနာ့တာဝန် များပြားလှသူဖြစ်ပေသည်။ သည်းခံလော့"

အရှင်သာရိပုတ္တရာကို မြစ်ပယ်လိုက်သည်နှင့် တစ်ပြိုင်နက် တစ်ပါးပြီးတစ်ပါး သူ့ထက်ငါသာလျှောက်ထားတာဝန်ယူကြသည်။ အချို့က ထိုင်၍လျှောက်ရသည်ကိုပင် အားမရ၍ မတ်ရပ်ရှိခိုးကာ လိုက်လှဲသော ဓမ္မသံဝေဂအပြည့်အသံဖြင့် အားရပါးရ လျှောက်ထားတောင်းဆိုကြသည်။

တစ်ချိန်သောအခါက ဘုရားရှင်အပြင်းအထန်(အတိပီဠိတ) မကျန်းမာတော် မူရာတွင် အလုပ်အကျွေးပြုရင်း ဗောဇ္ဈင်သုတ် ပရိတ်တော်ဖြင့်ကျန်းမာတော်မူစေ ခဲ့သော အရှင်စုန္ဒ၊ ကြုံတွေ့သမျှ ရဟန်းလောကတွင် သူနာပြုအလုပ်ဖြင့် နာမည် မွှေးလှသော အရှင်စုန္ဒကမူ ကြီးစွာသော မျှော်လင့်မှုတွင် အကြောင်းပြချက်များကိုပင် ထုတ်ဖော်၍ အလုပ်အကျွေးလုပ်ရပါမည့်အကြောင်း လျှောက်ထားသည်။

အားလုံးကိုပင် မြစ်ပယ်တော်မူ၏။ အကြောင်းမူကား အလုပ်အကျွေး အတွင်းရေးမှူး ခန့်ထားရန် ရည်မှန်းတော်မူချက်ရှိနေသောကြောင့်ပေတည်း။

ဤအစည်းအဝေးကြီး ခေါ်တော်မူလိုက်ခြင်းမှာ အလုပ်အကျွေး ကိုယ်ရေးမှူး လိုအပ်သောကြောင့်လည်းဖြစ်၏။ ယင်းရည်မှန်းချက်ကြီးကို ဖြည့်ဆည်းရန်အတွက်လည်း ဖြစ်ပေ၏။ အကြောင်းမူကား အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်စသော ထိပ်သီး အခြွေအရံများသည် သူတို့နေရာ သူတို့ရာထူးများကို ရနိုင်ရန်အတွက် ကမ္ဘာအဆက်ဆက် ကပင် ပါရမီဖြည့်လာကြသကဲ့သို့ ကမ္ဘာတစ်သိန်းအထက်ကပင် ဘုရားရှင်၏ အလုပ်အကျွေးရာထူးကိုရရန် ပါရမီဖြည့်လာခဲ့သူ ရှိနေသောကြောင့်ပေတည်း။

အရှင်အာနန္ဒာပင်ဖြစ်၏။ သို့ရာတွင် အလုပ်အကျွေးရာထူးအတွက် လမ်းဖွင့် ပေးလာသော ယနေ့အစည်းအဝေး၌ သူတကာတွေ ဤမျှလှုပ်လှုပ်ရွရွ လျှောက်ထား တောင်းဆိုကြသော်လည်း သူကတော့မူ တုပ်တုပ်မျှမလှုပ်။ ထူးခြားလှပါချည့်။

အလုပ်အကျွေး လုပ်လိုသူတို့ တစ်ပါးပြီးတစ်ပါး အကြားအကြား လစ်လပ် ချိန်များ၌ သတ်သတ်မှတ်မှတ်ပင်မဟုတ်စေကာမူ ရံဖန်အလုပ်အကျွေးလုပ်ခဲ့ဖူးသည် မှန်ပါ၏။ သို့ရာတွင် နောက်တစ်ပါးပေါ်လာလျှင် သူကရှောင်ဖယ်ပေးခဲ့သည်။ သူလုပ်ချိန် များ၌ ကျိုးနွံလှသည်။ ဖျက်လတ်သွက်လက်၍ စိတ်ပါလက်ပါရှိလှသည်။ တာဝန် ကျေပွန်လှသည်။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း သူနှင့်သာဆိုလျှင် ပို၍

နှစ်သက်တော်မူပုံရသည်။ ညီနောင်သားချင်းလည်းဖြစ်သည်။ သူနှင့်သာဆိုလျှင် အလွန်လိုက်ဖက်မည့်တာဝန်ဖြစ်၏။ သို့ပါလျက် အဘယ့်ကြောင့်ဤမျှ ငြိမ်သက်နေရပါသနည်း။

သို့နှင့် မနေနိုင်သော ရဟန်းတော်တစ်ပါးက "ရှင်အာနန္ဒာ၊ သူတကာတွေ အသီးသီးလျှောက်ထားတောင်းဆိုနေကြသည်။ အရှင်အဘယ့်ကြောင့် မလျှောက်ထားပါသနည်း" ဟု မေးလိုက်သောအခါ။

"အရှင်ဘုရားတို့၊ အလုပ်တာဝန်ဟူသည် ခန့်ထားမည့်သူက လုပ်မည့်သူ၏ အကြောင်းကို မသိမှသာ စစ်ဆေးမေးမြန်း ခန့်ထားကြရသည်။ ယခုသော် ဘုရားရှင်သည် မိမိတပည့်များ၏ အရည်အသွေးကို အဘယ်သူသည် အဘယ်သို့ဟု သိတော်မူပြီးဖြစ်သည်။ သို့ဖြစ်၍ ဤကိစ္စ ဤတာဝန်မှာ တပည့်တော်တို့က လျှောက်ထားတောင်းဆိုနေဖို့ရန်အလုပ်မဟုတ်၊ သင့်လျော်သူကိုသာ ရွေးထုတ်ခန့်ထားရမည့် တာဝန်ဖြစ်သည်ဟု တပည့်တော်မြင်ပါသည်။

"တစ်ကြောင်းမှာလည်း ဤတာဝန်ဟူသည် တရားရေးဆိုင်ရာအရာများ၏ တာဝန်မဟုတ်။ ဘုရားရှင်ကိုယ်တော်တိုင်၏ ကိုယ်ရေးတာဝန်ဖြစ်သည်။ မိမိကိုယ်ရေးအတွက် အဘယ်သူအသင့်တော်ဆုံးဖြစ်သည်ကို ဘုရားရှင်သိတော်မူပြီးဖြစ်ပါသည်။

"တစ်ကြောင်းမှာလည်း အလုပ်တာဝန်ဟူသည် တောင်းယူမှ ရသော အလုပ်မှာ မကောင်းပါ။ သင့်လျော်သူအား သင့်လျော်သော တာဝန်ကိုပေးအပ်လျှင် ပို၍ကောင်းသည်ဟု တပည့်တော်မြင်ပါသည်။ ဘုရားရှင်သိတော်မူပြီးဖြစ်ပါသည်"

ပုထုဇဉ်သာသာ သောတာပန်မျှ ရှိသေးသော အရှင်အာနန္ဒာက ချစ်စဖွယ်မာန်ကလေးဖြင့် နွဲ့ဆိုးကလေး ဆိုးလိုက်ခြင်းဟု ဆိုရဖို့ရှိ၏။

အရှင်အာနန္ဒာနှင့် မေးမြန်းသူရဟန်းတို့ဆွေးနွေးကြသည်ကို ဘုရားရှင်နှင့်တကွ ရဟန်းပရိသတ်အားလုံးကြားကြရသည်။ အရှင်အာနန္ဒာကလည်း ဘုရားရှင်ကြားတော်မူအောင် အသံကိုမြှင့်၍ ဆွေးနွေးလျှောက်ထားခြင်းဖြစ်၏။

အရှင်အာနန္ဒာစကားဆုံးသည်နှင့်တစ်ပြိုင်နက် ဘုရားရှင်က "တပည့်တို့" ဟု အာလုပ်ပြုတော်မူလိုက်ကာ "ငါဘုရား အလုပ်အကျွေးတာဝန်အတွက် အသင့်လျော်ဆုံးတပည့်သည်ကား အာနန္ဒာပေတည်း။ အကြောင်းမူကား အာနန္ဒာသည် ဤတာဝန်ဤရာထူးကိုရနိုင်ရန်အတွက် လွန်ခဲ့သော ကမ္ဘာတစ်သိန်း ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ကပင်စတင်၍ ပါရမီဖြည့်ခဲ့သူဖြစ်ပေသည်။ သို့ဖြစ်၍ ယခုအချိန်ကာစပြီး အာနန္ဒာသည် ငါ၏အလုပ်အကျွေးတာဝန်ကို ယူပါလိမ့်မည်" ဟု မိန့်တော်မူလိုက်သောအခါ အစည်းအဝေးက သာဓုသုံးကြိမ် အားရပါးရခေါ်၍ အတည်ပြုလိုက်ကြသည်။

သို့ရာတွင် အရှင်အာနန္ဒာက "အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ သာဓုခေါ်သည်မှာကောင်းပါ၏။ သို့ရာတွင် တပည့်တော် လက်မခံသေးပါ။ တပည့်တော်ရယူ

လိုသော 'ပယ်ဆုလေးပါး၊ ယူဆုလေးပါး' ကိုခွင့်ပြုတော်မူမှ ဤတာဝန်ကို ထမ်းဆောင်နိုင်ပါမည်ဘုရား'' ဟု တောင်းဆိုလိုက်သည်။

''အဘယ်ဆုများနည်း အာနန္ဒာ''

''အရှင်မြတ်ဘုရား၊ အရှင်မြတ်တို့ရအပ်သော ဆွမ်းကွမ်းပစ္စည်းဖြင့် မချီးမြှောက်စေလိုပါ။ သင်္ကန်းပစ္စည်းဖြင့်လည်း မချီးမြှောက်စေလိုပါ။ ဤကား နှစ်ပါးပါဘုရား။ နောက်နှစ်ပါးမှာ အရှင်မြတ်ကျိန်းဝပ်သော ဂန္ဓကုဋီအတွင်းသို့ မအိပ်စေရခြင်းနှင့် အကြောင်းကြီးငယ်ရှိသည့်အခါမှ တစ်ပါးဆွမ်းဖိတ်သော ဒါယကာတို့အိမ်သို့ အမြဲခေါ်၍ ကြွတော်မမူစေလိုခြင်းပါ။ ဤသည်ကား ပယ်အပ်သော ဆုလေးပါးဖြစ်ပါသည်ဘုရား''

ဤပယ်ဆုလေးပါးကို တောင်းဆိုဖို့ရန် အရှင်အာနန္ဒာအဖို့လုံလောက်သော အကြောင်းများရှိနေခဲ့ပေသည်။

ရဟန်းတို့ပစ္စည်းဟူသည် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ဤလေးမျိုးမျှသာ ဖြစ်၏။ ကျောင်းသည် ဘုရားရှင်သီတင်းသုံးလေသမျှ ဖဝါးခြေထပ် လိုက်ပါရတော့မည်ဖြစ်၍ သီးခြားချီးမြှောက်နေဖို့ရန် အကြောင်းမရှိတော့။ ဆေးဝါးဟူသည် ရောဂါရှိမှသာ ပေါ်လာသောကိစ္စဖြစ်သောကြောင့် ချီးမြှောက်သည်မမည်လှ။ အချိန်များစွာ၊ အကြိမ်များစွာ တွေ့ကြုံနိုင်သော ချီးမြှောက်မှုမှာကား ဆွမ်းနှင့်သင်္ကန်းသာ ဖြစ်ပေသည်။

အကြီးအကဲတို့၏ ချီးမြှောက်မှုဟူသည် တပည့်တပန်းတို့အဖို့ ရနိုင်ခဲမျှဖြစ်၏။ ရနိုင်ခဲ၍လည်း ရယူလိုကြသည်ချည်းဖြစ်၏။ ပစ္စည်းပင် မဟုတ်စေဦးတော့ မျက်နှာသာပေးမှုကလေးပင်ဖြစ်စေ၊ ရယူလိုကြသည်သာဖြစ်၏။ အလုပ်အကျွေးဖြစ်သူအဖို့ အကြီးအကဲ၏ ချီးမြှောက်မှုများကို အခွင့်သာတိုင်း ကြုံကြိုက်လာဖို့ရှိသည်။ ထိုအခါ အလုပ်အကျွေးမို့ ရနိုင်ပေသကိုးဟု ကဲ့ရဲ့သကြိုဟ် တိတ်တခိုးသတင်း ဆိုကြပေလိမ့်မည်။ ဤအဖြစ်ကို အရှင်အာနန္ဒာမခံယူလို။ သန့်သန့်ကလေးလုပ်၍ သူတစ်ပါးရော မိမိပါ အပြစ်ကင်းစင်စေလိုသည်။ ဆွမ်းစားကြွတိုင်း အတူမလိုက်ပါလိုသည်မှာလည်း ဤသဘောအတိုင်းပင်ဖြစ်၏။

ဂန္ဓကုဋီတွင် အတူအိပ်ခွင့်မပြုဖို့ကိစ္စအတွက်မူ သီးခြားပြောရန်ရှိ၏။

ဂန္ဓကုဋီတွင် ဘုရားရှင်နှင့်အတူ အိပ်ခွင့်ရခြင်းမှာ တပည့်တို့အဖို့ ကြီးစွာသော ချီးမြှောက်ခံရခြင်းဖြစ်သည်ဟုမြင်သည်။ မြင်သင့်ပါပေသည်။ အကြီးအကဲတစ်ဦး၏ အနီးကပ် ချီးမြှောက်မှုကို အဘယ်တပည့် မလိုချင်ဘဲရှိပါအံ့နည်း။

ရှေးက အလုပ်အကျွေးတို့မှအစ အကြောင်းရှိသောအခါ အချို့သောတပည့်များကို ဂန္ဓကုဋီတွင် အတူအိပ်စေဖူးသည်။ အရှင်သောဏမထေရ်ကို တရားရေးအကြောင်းကြောင့် ဂန္ဓကုဋီတွင်အိပ်ခွင့်ပြုရုံမက တရားဟောစေ၍ ဘုရားရှင်

ကိုယ်တော်တိုင်နာယူဖူးသည်။ ဂန္ဓကုဋီတွင် အတူအိပ်ခွင့်အများဆုံးရသူကား သားတော် ရာဟုလာကလေးပင်ဖြစ်ပေ၏။

သားတော်ဖြစ်သောကြောင့်မဟုတ်။ ပုလုကွေးလေးအရွယ်မျှဖြစ် သာသနာအတွင်းသို့ သိမ်းသွင်းဆွဲဆောင်ခဲ့ရာတွင် တရားသားမတက်မီအတွင်း၌ သာနာတော်တွင် ပျော်စေရန် အချောသတ်ပေးဖို့ လိုအပ်သောကြောင့်ဖြစ်သည်။ နောင်အခါတွင် ရဟန်းများသည် လူသာမဏေတို့နှင့် တစ်မိုးတစ်ရံတည်းမအိပ်ရဟူသော သိက္ခာပုဒ်ဖြင့် ရာဟုလာကို ခွဲထုတ်လိုက်သောအခါ သူ့ခမျာ ရေစရုံးအိမ် ကုဋီအတွင်းသို့ပင် သွား၍အိပ်ရရှာသည်။

သို့ရာတွင် ဘုရားရှင်နှင့်အတူ အိပ်ရပေမပေါ့၊ သားတော်လေးပေကိုးဟူသော မေးငေ့ါသံများ အရှင်အာနန္ဒာကြားခဲ့ရသည်။ ဤအဖြစ်မျိုး အရှင်အာနန္ဒာ မခံယူလို။ ရှင်းရှင်းသန့်သန့်ကလေးသာ ဆောင်ရွက်လိုသည်။

''အရှင်မြတ်ဘုရား၊ တပည့်တော်ရယူလိုဆု လေးမျိုးမှာ တပည့်တော် တာဝန်ယူ၍ ဖိတ်ကြားအပ်သောဆွမ်းကို ခံယူစေလိုပါသည်။ အကြောင်းသော်ကား သင့်လျော်သည်ထင်၍ တပည့်တော်တာဝန်ခံခဲ့သောဆွမ်းကို ပယ်ခဲ့ပါသော် အလုပ်အကျွေး ဖြစ်ပါလျက် ဤမျှပင် အားမကိုးရဟု ကဲ့ရဲ့ခံရဖို့ရှိ၍ပါဘုရား။

''အဝေးအနီးမှ ရောက်လာသောပရိသတ်သည် အရှင်မြတ်ကိုဖူးမြင်လို၍ တပည့်တော်က သင့်လျော်သလို တာဝန်ခံလိုက်သည်ကို ခွင့်ပြုတော်မူပါရန်။ အကြောင်းမူကား အလုပ်အကျွေးဖြစ်ပါလျက် ဤမျှပင် အခွင့်အရေးမရှိဟု ကဲ့ရဲ့ကြဖွယ် အကြောင်းရှိပါသည်ဘုရား။

''တပည့်တော်ကိုယ်တိုင် အကြင်အခါ၌ တစ်စုံတစ်ခုသော တရားတွင် ယုံမှား၍ သိဖွယ်ရှိငြားအံ့။ ထိုအခါ ဟောပြခွင့်ပြုတော်မူပါရန်။ ဤသည်ကား တပည့်တော်၏ လိုအပ်သော အခွင့်အရေးကို တောင်းဆိုခြင်းသာဖြစ်ပါသည်ဘုရား။

''နိယံမပြတ် ဆည်းကပ်သော အလုပ်အကျွေးပင်ဖြစ်စေကာမူ၊ ရံဖန်ရံခါ၌ တပည့်တော်မပါဘဲ အရှင်မြတ်ဟောတော်မူသော တရားတော်များ ရှိပါလိမ့်ဦးမည်။ ယင်းတရားတော်များကို တပည့်တော်အား ပြန်၍ဟောကြားတော်မူပါရန်ပါဘုရား''

တောင်းဆိုသင့်သော အချက်များပင်ဖြစ်ပါပေ၏။ အားလုံးကိုပင် ခွင့်ပြုတော်မူလိုက်သောအခါ ဤတစ်ကြိမ်တွင်မှ သာဓုသုံးကြိမ် ကျယ်ကျယ်ပိုင်ပိုင်ခေါ်၍ ထပ်မံ အတည်ပြုလိုက်ကြရသည်။

ထိုဆုလေးပါးအနက် နောက်ဆုံးတောင်းဆိုချက်ကား အရှင်အာနန္ဒာ၏ ကြီးစွာသောအမြော်အမြင်ဖြစ်ပါပေ၏။ အကြောင်းမူကား ယနေ့တိုင်အောင် ကိုယ်စားတော် ပိဋကတ်ဖြင့် သာသနာတော်မြင့်မြင့်မြတ်မြတ် ရပ်တည်နေနိုင်ခဲ့ခြင်းမှာ သင်္ဂါယနာ အထပ်ထပ်ဖြင့် လွှမ်းပတ်လာအပ်သော အရှင်အာနန္ဒာ၏ ကျေးဇူးများပင် ဖြစ်ပေသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်အထိ သေမကွဲ ရှင်မကွာဟု ဆိုရလောက် အောင်ပင် ပြုစုလုပ်ကျွေးတော်မူခဲ့သော အရှင်အာနန္ဒာ၏ အရည်အသွေးများကို သိကြပြီး ဖြစ်၏။ ထို့ကြောင့်လည်း ဘုရားရှင်၏ အလုပ်အကျွေးများစွာ ရှိခဲ့သည့်အနက် အရှင်အာနန္ဒာသည်သာလျှင် ဘုရားရှင်၏အလုပ်အကျွေး ကိုယ်ရေးအတွင်းရေးမှူး ဟူသောအသံမှာ ယနေ့တိုင်ဟိန်း၍ အသိအမှတ်ပြုခဲ့ကြသတည်း။ ။

# မိကြာအေး စန်းထချိန်

[ ၁ ]

ရဟန္တာဖြစ်၍ သံယောဇဉ်ဟုမဆိုနိုင်စေကာမူ ကိုယ့်ရွာကိုယ့်ဒကာဖြစ်လာတော့ မေတ္တာတမျှင်မျှင်နှင့် ခင်တွယ်မှုကလေး ရှိလာသည်ကတော့ အမှန်ပင်ဖြစ်၏။ နာမည်ကျော် ပိလိန္ဒဝစ္ဆမထေရ်ကြီးပေတည်း။

လူ့ဘဝတွင် ဂန္ဓာရီဝိဇ္ဇာဆရာကြီးဖြစ်ခဲ့၍ ကျော်ကြားသည်။ ဂန္ဓာရီပညာ တတ်လိုက်ပုံမှာ မြေလျှိုးမိုးပျံနိုင်သည်ဟုပင် ကျော်ကြားသည်။ ရဟန်းဖြစ်လာတော့ ဝေဠုဝန်တွင် ဒကာ၊ အထူးသဖြင့် ဒကာမတွေတရုံးရုံးနှင့် ကျော်ကြားသည်။ ပြီးတော့ အရပ်မြင့်မြင့် အသားညိုညိုတွင် မျက်နှာပေါက်ဆိုးဆိုးနှင့် ချဉ်းကပ်လာသမျှတို့အား ပိဿာလေးနှင့်ဘေးပစ်ဆိုသလို ပြောပေါက်ဆိုပေါက် ဆက်ဆံပေါက်ဆိုးလှသောကြောင့်လည်း ကျော်ကြားသည်။

လာဘ်လာဘ မျှော်လင့်ချက်ကြောင့်သာ သည်းခံဆက်ဆံကြရာ၌ လူမချစ်လှသော်လည်း နတ်ချစ်သူအဖြစ် အမြင့်ဆုံးသော ဧတဒဂ်ဘွဲ့ထူးကို ဘုရားရှင်ထံမှ ရလိုက်သောအခါတွင်မူ ပို၍ပို၍ကျော်ကြားလာသည်။ ယင်းကျော်ကြားမှုကြောင့်ပင် အရှင်ပိလိန္ဒဝစ္ဆသည် ဝေဠုဝန်မှ ရှောင်ထွက်ခဲ့ရသည်။

ရာဇဂြိုဟ်သည် သာဝတ္ထိထက် အရာရာတွင်မသာလွန်လှသော်လည်း ဘာသာရေးအားဖြင့်မူ ဂိုဏ်းခေါင်းဆောင် တိတ္ထိဆရာကြီးတို့၏ အခြေစိုက်ရာဖြစ်၏။ အကြောင်းမူကား တောင်ငါးလုံးကာခိုထားသော ရာဇဂြိုဟ်သည် ပတ်ဝန်းကျင်အားဖြင့်

စိတ်ကူးယဉ်သမားတို့ ကျက်စားရာဖြစ်၏။ တောင်ကြီး တောကြီးတွေပတ်လည်ဝိုင်းထားသည်။ ရာသီဥတု ဝေမှိုင်းအုံ့ဆိုင်းသည်။ ရှေးဟောင်းကျောင်းကြီးကန်ကြီး ရုပ်တုကြီးတို့ ပေါများသည်။ နတ်ကွန်းနတ်နန်းကြီးငယ်တို့ပြိုင်ဆိုင်သည်။

ဤလိုနေရာသည် ပေါက်တတ်ကရ အတွေးအခေါ်ဘာသာရေးဆရာ၊ ဗေဒင်ဆရာ၊ လက္ခဏာဆရာ၊ အထက်လမ်းအောက်လမ်း ဂန္ဓာရီဆရာတို့ ကျက်စားရာဖြစ်သည်မှာ သဘာဝကျ၏။ ပြီးတော့ ထိုသူတို့အာရုံစိုက်ရာ သူဌေးသူကြွယ်တို့ကလည်း ပေါများလှ၏။ နာမည်ကျော် ဇောတိက၊ ဇဋိလ စသော သူဌေးကြီးများသည် ရာဇဂြိုဟ်မှ မဟုတ်ပါလော။

လူလိမ်လူညာ ဆရာတုဆရာယောင်တို့ ပေါများစေကာမူ လောကီအတတ်မျိုးစုံတွင် ဆရာစစ် ဆရာမှန်များလည်းရှိ၏။ ပိလိန္ဒဝစ္ဆဆရာကြီးကား သေသူ၏ဦးခေါင်းခွံကိုကြည့်ကာမျှဖြင့် အဖြစ်မျိုးစုံကို အတတ်ဟောနိုင်သော ဝင်္ဂီသဆရာကြီးကဲ့သို့ပင် ကျော်ကြားလှသော ဂန္ဓာရီဝိဇ္ဇာဆရာကြီးဖြစ်၏။

သို့ရာတွင် ပိလိန္ဒဝစ္ဆ ဆရာကြီးသည် အတိတ်ဘဝ အထုံဝါသနာအရသာ ဤပညာတွင် စိတ်အားသည်းသော်လည်း လာဘ်ပေါက်ထွင်သူကားမဟုတ်။ အလိုနည်းသည်။ ပရိသတ်ကိုရှောင်သည်။ အေးအေးနေသည်။ သူ့ဆေးဝါးမန္တရားအစီအစဉ်လိုအပ်ချက်အရ တောတွင်သာနေ၍ ရာဇဂြိုဟ်သို့ အကြောင်းရှိမှ ရောက်လာတတ်သည်။ စင်စစ်သော်ကား နောက်ဆုံးဘဝရှင် ရဟန္တာလောင်းလျာပေတည်း။

ရာဇဂြိုဟ်တွင် ဘုရားရှင်သာသနာ အခြေစိုက်မိသောအခါ ဘုရားရှင်အထံတော်သို့ သူရောက်လာ၏။ ရောက်လာပုံကတော့ ခပ်ဆန်းဆန်းဖြစ်သည်။ ရာဇဂြိုဟ်မှ တိတ္ထိဆရာတို့၏တရားဖြင့် ခံတွင်းမတွေ့လှသောသူ့အဖို့ ဘုရားရှင်၏ဂုဏ်သတင်းနှင့် တရားတော်ကို တစ်ဆင့်စကား ကြားသိရသောအခါ ဘုရားရှင်သို့အာရုံညွတ်လာ၏။

ရောက်လာသောအခါ သူ့ပညာသူ့အတတ်များသည် ဘုရားရှင်၏စက်ရိပ်အောက်တွင် ပျောက်ကုန်၏။ စင်စစ်သော်ကား ကျွတ်တမ်းဝင်လတ္တံ့သော သူ့အတွက် ဘုရားရှင်၏ တန်ခိုးတော်အစီအစဉ်ဖြစ်ပေ၏။ သို့နှင့် ဘုရားရှင်အထံတော်တွင် သူ့ပညာထက်မြင့်သော လောကုတ္တရာတန်ခိုးအတတ်ပညာများကို သင်ကြားလို၍တစ်ကြောင်း၊ တရားတော်တွင် နစ်ဝင်အာရုံစိုက်စိုက်လာသောကြောင့်လည်းကောင်း ရဟန်းဝတ်ခဲ့ရာမှ ဘက်စုံပြည့်တန်ခိုးရှင် ရဟန္တာဖြစ်လာသည်။

ပင်ကိုယ်စရိုက်အားဖြင့် ခက်ခက်ထန်ထန် ဆက်ဆံတတ်သောကြောင့်လည်းကောင်း၊ ပြောပေါက်ဆိုပေါက် ဆိုးလှသောကြောင့်လည်းကောင်း ရာဇဂြိုဟ်သို့ သူရောက်လာသည်ဆိုလျှင် ဝင်ထွက်ဆက်ဆံလိုကြသော်လည်း သူ့ကိုကြောက်၍ ခပ်ရှောင်ရှောင် ခပ်ရွံ့ရွံ့ရှိခဲ့ကြရာမှ ဘုရားရှင်အထံတော်တွင် ရဟန်းဖြစ်ပြီဟု သိကြရ

သောအခါ သူ့ထံသို့ ရာဇဂြိုဟ်သားများ အထူးသဖြင့် ရာဇဂြိုဟ်သူများ တစ်စုစု တစ်ရုံးရုံးနှင့် ဝိုင်းအုံးချဉ်းကပ်လာကြသည်။

သူကမူ လူ့ဘဝမှ ဂန္ဓာရီအတတ်ပညာမျှကို အပထား၍ ဘက်စုံပြည့်အရှင်တို့၏ တန်ခိုးကိုပင် ဝိနည်းတော်အရလည်းကောင်း၊ အခြားရဟန္တာများအလားတူ လျှို့ဝှက်သိပ်သည်းမှုဂုဏ်ကို ဆောင်အပ်သောအားဖြင့်လည်းကောင်း တန်ခိုးမှန်သမျှကို ရှောင်ကြဉ်လိုက်ပြီဖြစ်၏။ သို့ရာတွင် တန်ခိုးကိုရှောင်သော်လည်း လူကိုရှောင်၍မရနိုင်သောအခါ ဘုရားရှင်ထံခွင့်ပန်၍ တောဘက်သို့တစ်ပါးတည်းထွက်ခဲ့သည်။

ဤတွင် တောတွင်းတောင်စွယ်တစ်နေရာ၌ သီတင်းသုံးရန် တောသားဦးကြီးတို့၏အကူအညီဖြင့် ကျောက်လိုဏ်ဂူတစ်ခုကို ပြုပြင်နေခိုက် တောကစားထွက်လာသော ဗိမ္ဗိသာရဘုရင်နှင့် တွေ့ကြသည်။

တန်ခိုးအားဖြင့်ဆိုသော် ရွှေကျောင်းကြီးကိုပင် ဖန်ဆင်း၍ နေနိုင်ပါ၏။ သို့ရာတွင် ပင်ကိုအားဖြင့်ပင် အေးအေးချမ်းချမ်းနေလေ့ရှိခဲ့သည့်အပေါ်၌ သာမန်ရဟန်းမက ရဟန္တာပင်ဖြစ်လာသောအခါ ကျယ်ပြန့်ခမ်းနားမှုအားလုံးကိုရုပ်သိမ်း၍ အလိုနည်းသော အခြားရဟန်းတော်များနည်းတူပင် သဘာဝအတိုင်း ရိုးရိုးကလေးပင် နေလိုသည်။

ကျောင်းကလည်းရှားပါးလှ၏။ မြို့တွင်းဖြစ်စေ၊ တောတွင်းဖြစ်စေ မိုင်းမှုန်ပြာရီခေတ်ကပင်ရှိခဲ့ပြီးသော ဗြာဟ္မာဏ ဘာသာဝင်တို့၏ ကျောင်းကန်ဘုရားများမှာ နေရာတကာတွင် ပြည့်နှက်လျက်ရှိ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာထွန်းပေါ်လာသောအခါ တောတွင်နေလိုသော ရဟန်းများအတွက် တောရကျောင်းကလေးတစ်ဆောင်ဖြစ်လာဖို့ အားထုတ်ကြရ၏။ သဘာဝလိုဏ်ဂူများသည်လည်း ကျောင်းအဖြစ်သို့ ရောက်လာကြသည်။

ဤနည်းဖြင့် ပိလိန္ဒဝစ္ဆမထေရ်ကြီးသည် ကျောက်လိုဏ်ဂူတစ်ခုကို နေ၍ဖြစ်လောက်အောင် ပြုပြင်နေခိုက် ဗိမ္ဗိသာရဘုရင်နှင့်တွေ့ကြခြင်းဖြစ်သည်။

သာမန်အားဖြင့်ဆိုလျှင် ဘုရင်သည် နေရာများစွာတွင် တွေ့ရတတ်သော ရဟန်းတစ်ပါးအနီးသို့ အလေးဂရုပြု၍ ချဉ်းကပ်လာဖို့မရှိ။ ကျော်ကြားသော ပိလိန္ဒဝစ္ဆမထေရ်မှန်းသိ၍ ချဉ်းကပ်လာခြင်းဖြစ်သည်။

နောက်အကြောင်းတစ်ရပ်လည်းရှိနေပေသေးသည်။ ယင်းသည်ကား ဘုရင့်သစ်တော်တို့ကို မလိမ့်တပတ်ယူ၍ တောတွင်းတစ်နေရာတွင် အလားတူ ကျောင်းကလေးဆောက်ခဲ့မိသောကိစ္စ *ကျောင်းဆောက်သူ အရှင်ဓနိယအပေါ်သို့ မိမိပြစ်တင်ရှုတ်ချ*
ည်ကို တစိမ့်စိမ့် သတိရနေခြင်းပင်ဖြစ်ပေသည်။ ထိုအပြစ်ကို ဆေးလျှော်ပစ်
ည်။

"ဘာလုပ်နေပါသလဲ အရှင်ဘုရား"

''နေထိုင်ရန်အတွက် ကျောက်ဂူကို ပြင်ဆင်နေပါသည်''

''တပည့်တော် ကျောင်းဆောက်၍ လှူပါမည်''

''သာဓု - သာဓု - သာဓု''

သို့သော် နန်းတော်သို့ ရောက်သောအခါ ဘုရင်မေ့သွားသည်။ မေ့လိုက်သည်မှာ တစ်နှစ်ကျော်သည်အထိဖြစ်၏။

သတိရလာသောအခါတွင်မှ တောလိုက်ရာတွင် ပါခဲ့သောအမတ်အား ''ငါသည် ပိလိန္ဒဝစ္ဆမထေရ်အား ကျောင်းဆောက်၍လှူရန် ကတိပြုခဲ့ပေသည်။ ကျောင်း ဆောက်ပြီးကြပြီလား''ဟု မေးရ၏။

''ဘုရင်မင်းမြတ် အမိန့်မချမှတ်၍ မဆောက်ရသေးပါဘုရား''

''ဖြစ်မှဖြစ်ရလေ၊ သို့ဆိုလျှင် အရှင်ပိလိန္ဒဝစ္ဆနှင့် ငါတို့တွေ့ခဲ့သည်မှာ ဘယ်လောက်ကြာပြီလဲ''

''မှန်လှပါ၊ ရက်ပေါင်းငါးရာခန့် ရှိပါပြီဘုရား''

''ဒီလိုဆိုရင် ကျောင်းသာမက အရှင်မြတ်ဆွမ်းဝတ်အတွက် အိမ်ခြေငါးရာ ရှိတဲ့ ရွာကြီးတစ်ရွာကိုပါ ပေးလှူစေဗျား''

သို့နှင့် တောင်ခြေတောစပ်မှ အိမ်ခြေငါးရာခန့်ရှိသော ရွာကြီးသည် အရှင်၏ ဆွမ်းဝတ်ရွာ၊ ကိုယ်ပိုင်ရွာအဖြစ်သို့ ရောက်ရှိခဲ့ပေရာ ပိလိန္ဒဝစ္ဆရွာဟုပင် အမည်တွင် လာ၏။

[ ၂ ]

ပထမသော် ရွာသူရွာသားတို့က မိမိတို့ဆရာကို ရုပ်ရည်က ဆိုးဆိုးရင့်ရင့် အပေါ်တွင် နူတ်ကြမ်းအာကြမ်းနှင့် အလွန်ကြမ်းသောဆရာဟု သိမှတ်ကြောက်ရွံ့ကြ၏။ ရဟန္တာဟု မသိရသော်လည်း လူ့ဘဝက ကျော်ကြားသော ဂန္ဓာရီဆရာကြီးမှန်း သိလာကြ၍လည်း အလွန်ကြောက်ရွံ့ကြ၏။

ကြောက်ရွံ့လောက်ပါပေသည်။ မိမိထက် အရွယ်ကြီးသော သက်ကြီးရွယ်အိုမှ တစ်ပါး ရွာသူရွာသားများနှင့်ဆုံလျှင် ရဟန်းတို့အသုံး ထုံးစံ ဒကာ - ဒကာမ ဟု မခေါ်။ ဟဲ့ - သူယုတ်မာ၊ ဟဲ့အကောင်ကြီး၊ ဟိုအကောင်ကြီး စသည်ဖြင့် ကြမ်းကြမ်း တမ်းတမ်းခေါ်တတ်၊ သုံးတတ်၊ ပြောဆိုတတ်သည်။ လိုက်လိုက်လျောလျောဟူ၍မရှိ။ က္လန္ဓြေကြီးတစ်ခွဲသားနှင့်သာ သီတင်းသုံးနေထိုင်တတ်သည်။ မျက်နှာသိမ်သိမ်မွေ့မွေ့နှင့်

ကြည်ညိုဖွယ်ကိုဆောင်သင့်ပါလျက် မျက်နှာအိုကြီးနှင့်သာ ဆွမ်းခံထွက်တတ်သည်။ ကြာကြာကိုးကွယ်မိသည့်အခါကျမှ မျက်နှာအို နှုတ်ကြမ်းသော်လည်း အကျင့်ကောင်း စေတနာမအိုသူပါတကားဟု သိရှိလာကြသည်။

တစ်ခုတော့ရှိ၏။ ကလေးများကိုတော့ ချစ်ဟန်တူသည်။ ရွာလမ်းမတွင် ကလေးများနှင့်ဆုံလျှင် ကိုယ်တော်ကြီးမျက်နှာမှ အပြုံးပန်းပွင့်လာတတ်သည်ကို တွေ့ကြရ၏။ ဆွမ်းခံရာမှ ရလာသော မုန့်ပဲသွားရည်စာများကိုလည်း ကြုံရာ ကလေး များသို့ ပေးဝေသွားတတ်သည်။ တစ်နေ့တွင် အထူးအဆန်းတစ်ခုကို ကြုံကြရ၏။

ထိုနေ့က ရွာမှကျောင်းသို့ပြန်လာသော အရှင်ပိလိန္ဒဝစ္ဆနှင့် တောမှပြန်လာသော လှည်းသမားတစ်ဦးတို့သည် ရွာဝင်တောစပ်တွင် ဆုံမိကြ၏။ တောမှပိတ်ချင်းသီးများကို တိုက်လာသော လှည်းပေါ်က ဒကာသည် ဤရွာမှဟုတ်ဟန်မတူ။ ထို့ကြောင့် အရှင် ပိလိန္ဒဝစ္ဆ၏ နှုတ်အာအကြောင်းကိုသိဟန်မတူ။

လှည်းသမားက ရဟန်းကိုမြင်သောအခါ ရှိသေသမှုဖြင့် လှည်းလမ်းမပေါ်မှ လှည်းကြီးကိုပင် ရဟန်းတော်အတွက် လမ်းရှောင်ပေးရန် ဟန်ပြင်သဖြင့် အရှင် ပိလိန္ဒဝစ္ဆက လက်ဖြင့်တားကာ မိမိကကွေ့ရှောင်သည်။ ထို့နောက် ရဟန်းသံဃာကို လေးစားလွန်းသောဒကာကို အသိအမှတ်ပြုသည့်သဘောဖြင့် အရှင်ပိလိန္ဒကလှမ်း၍ နှုတ်ဆက်လိုက်၏။

နှုတ်ဆက်လိုက်ပုံမှာ "ဟေ့ -သူယုတ်မာ၊ ဘာတွေတိုက်လာသတုံးကွယ့်"ဟူ၏။

သူတစ်ပါးကို အထက်စီးဖြင့်ပြောလိုသော ဝါသနာမှာ ဘဝပေါင်းငါးရာကပင် ဆက်တိုက်ပါလာခဲ့သောအထုံဖြစ်နေသည်။ ယခုဘဝတွင်လည်း လူလားမြောက်သည့် အရွယ်မှစ၍ ဆရာဖြစ်ခဲ့၏။ ပညာမာန်ကြီးခဲ့၏။ ဤအလေ့အထုံသည် ရဟန္တာ ဖြစ်သည့်တိုင် မပျောက်နိုင်သေးပေ။

ဤအလေ့အထုံကြောင့်ပင် ဝေဠုဝန်တွင် ပြဿနာတက်ခဲ့ရသေး၏။ ဒါယကာတို့ကိုအပထား၍ ရှင်ငယ်ရဟန်းငယ်များကိုပင် သူယုတ်မာဟု ခေါ်ဖန်များ သောအခါ ရဟန်းတို့က ဘုရားရှင်အားတိုင်ကြားလျှောက်ထား၏။ ဘုရားရှင်က အရှင် ပိလိန္ဒဝစ္ဆကို တစ်စုံတစ်ရာမမိန့်။ ဝါသနာကြောင့်နှုတ်ကြမ်းသော်လည်း ရဟန္တာတွင် မောက်မာစီးနင်းလိုသော စေတနာမရှိဟုသာ အဆုံးအဖြတ်ပေးတော်မူသည်။

မထေရ်ကြီးများအကြားတွင် ယင်းသို့လျှင် မကြာခဏမှားယွင်းတတ်သော မိမိအကျင့်ကို သိ၍လည်း တောသို့တစ်ကိုယ်တည်းထွက်ခွာလာခဲ့ခြင်းဖြစ်၏။

"သဝါသနံ-ဝါသနာနှင့်တကွ၊ ပဟန္တံ-စွန့်ပယ်တော်မူပြီးထသော" ဟူ၍ ကိလေသာစွန့်ပယ်ပုံကို ဝါသနာနှင့်တကွ စွန့်ပယ်သူအဖြစ် ဘုရားရှင်အား ဂုဏ်ပြု

ချီးကျူးကြရသည်။ အကြောင်းမူကား ရဟန္တာကြီးများသည် ကိလေသာစွန့်ပယ်သူချင်း တူပါလျက် ဘဝအထုံအဆက် ဝါသနာကိုတော့ မစွန့်ပယ်နိုင်ကြသောကြောင့်ဖြစ်၏။

ဝါသနာမစွန့်ပယ်နိုင်ကြသော ရဟန္တာတို့သာဓကများစွာရှိသည်။ အခြားသူများကို ထားပါဦးတော့၊ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ မထေရ်ကြီးသည်ပင်လျှင် သက်န်းတော် ပိုသီပတ်သီ၊ အနေအထိုင် ကပျစ်ကညစ်နှင့် ဝါသနာအရ နေထိုင်တတ်သူဖြစ်သောကြောင့် ဘုရားရှင်ကလွဲလျှင် ထင်ရှားလှသော စံပြပုဂ္ဂိုလ်ကြီးဖြစ်နေ၍ သတိထား၍ နေထိုင်ရန် ဘုရားရှင်၏အဆုံးအမပင် ခံရရှာသည်။

ဓာတ်မသိရှာသောလှည်းဒကာသည် ရဟန်းဖြစ်ပါလျက် မောက်မာရာသလော၊ နှုတ်ကြမ်းရာသလောဟု မိမိအား သူယုတ်မာဟုအခေါ်ခံရသည်ကို ဒေါသထွက်၍ ''ကြွက်ချေးတွေပါဘုရား'' ဟု ငေါ့၍ လျှောက်ထားလိုက်သည်။

''အေး၊ ကြွက်ချေးဆိုရင်လဲ ကြွက်ချေးတွေပေါ့ သူယုတ်မာ'' ဟုပြန်လည်မိန့်ပြီးနောက်ထွက်ခွာသွားသည်။ မိန့်သံကြားရပြီးနောက် လှည်းပေါ်ပါ ပိတ်ချင်းသီးအားလုံးမှာ တကယ်ပင် ကြွက်ချေးတွေဖြစ်ကုန်တော့သည်။

ဤလိုနှုတ်ကြမ်းသောရဟန်းတွင် တန်ခိုးမရှိဟုထင်သော လှည်းသမားအဖို့ ပိတ်ချင်းသီးများ ကြွက်ချေးဖြစ်သွားသည်ကို အံ့ဩသော်လည်း သူ့ကံဟုသာထင်သည်။ ရွာသားတစ်ဦးနှင့်တွေ့၍ အံ့ဩဘနန်းအဖြစ်ကို ပြောပြသောအခါမှ ''ကေန္တ ကျုပ်တို့ဆရာဘုန်းကြီးနဲ့ တွေ့လာပြီထင်တယ်။ ဘုန်းကြီးက လူ့ဘဝတုန်းက ဂန္ဓာရီဆရာကြီး၊ မျက်လှည့်ဆရာကြီးဗျ။ တန်ခိုးရှိတယ်။ ခင်ဗျားကကန့်လန့်ပြောလို့ ကန့်လန့်လုပ် လိုက်တာ၊ သွားတောင်းပန်ချေ'' ဟုဆို၍ လှည်းမှဆင်းကာ ဘုန်းတော်ကြီးထံ အမီပြန်လိုက်ပြီး ''တပည့်တော် ပြောမှားဆိုမှားမိုက်မှားမိသည်ကို သည်းခံပါဘုရား'' ဟု တောင်းပန်ရသည်။

''ဘာဖြစ်လို့လဲ သူယုတ်မာ''

''တပည့်တော် လှည်းပေါ်မှာ ပိတ်ချင်းတွေဟာ အရှင်ဘုရားမိန့်တဲ့အတိုင်း ကြွက်ချေးတွေဖြစ်ကုန်လို့ပါဘုရား''

''ပိတ်ချင်းဆိုလဲ ပိတ်ချင်းဖြစ်မှာပေါ့၊ သွားကြည့်ပါအုံး''

လှည်းသို့ရောက်သောအခါ ပိတ်ချင်းများပင်ပြန်ဖြစ်နေသည်။

ဤနေရာတွင် လှည်းသမားသည် ရိုးလှည့်လှ၏ဟု ဆိုရဖို့ရှိသည်။ နှုတ်မှပြောသမျှဖြစ်နေသောတန်ခိုးရှင်မှန်းသိပါလျက် အကယ်၍သာ တပည့်တော်ရွှေတုံးတွေပါဘုရားဟု လျှောက်ထားပါလျှင် ရွှေတုံးတွေသာဖြစ်နိုင်၏။ ယခုသော် အရင်းတိုင်းပင် ပိတ်ချင်းဖြင့်ပင် တင်းတိမ်ရသည်။

[ ၃ ]

နတ်ကပြောသမျှ ဖြစ်နေခြင်းမှာ ယခုလည်း ကိုယ်တွေ့ဖြစ်၏။ မကြာမီတွင်လည်း အံ့ဘနန်းအကြောင်းရပ်များပေါ်လာပြန်သည်။

ကလေးများကို ဘုန်းတော်ကြီးက ချစ်သည်ဆို၍ မိကြာအေးကလေးကို ပို၍အာရုံစိုက်ဟန်တူသည်။ ဤကလေးမလေးကလည်း အာရုံစိုက်စရာပင်ဖြစ်၏။

ဆယ်နှစ်အရွယ် မိကြာအေးကလေးက အစဉ်ပြုံးနေသော မျက်နှာဝိုင်းကလေး၊ ဆံပင်ချာရစ်ကလေးနှင့် သွက်သွက်လက်လက် ချက်ချက်ချာချာ ချစ်စရာကလေးပင် ဖြစ်၏။ ဆွမ်းခံချိန်ရောက်ပြီဆိုလျှင် မိကြာအေးက ဘုန်းတော်ကြီးကို မျှော်၍နေတတ်သည်။ ဘုန်းတော်ကြီးကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ''အမေရေ၊ ဘုန်းဘုန်း ကြွလာပြီ'' ဟုဆိုကာ ဆွမ်းလောင်းဖို့နှိုးဆော်သည်။ ဘုန်းတော်ကြီးရှေ့တွင် တုပ်ဝပ်စွာ ဝပ်ချသည်။ မျက်နှာပြုံးပြုံးလေးနှင့် မော်၍ဖူးတတ်သည်။ ထိုအခါ ဘုန်းတော်ကြီးက အတန်ငယ် ရပ်၍ မိကြာအေးကို အရေးပေးတတ်သည်။ ရံဖန် စကားအနည်းငယ်ပြော သည်ကိုလည်း တွေ့ရသည်။ မုန့်ပဲသွားရည်စာကလေးများ ရလာလျှင်လည်း တစ်စုံတစ်ခု စွန့်ကြဲတတ်သည်။

သို့ရာတွင် ထိုနေ့က ဆွမ်းခံကြွသောအခါတွင်မူ မိကြာအေးထွက်မလာ။ ထွက်မလာရုံမျှမဟုတ်၊ အိမ်ရှေ့သို့ ရောက်သောအခါ မိကြာအေးကလေး တရှုပ်ရှုပ် ငိုနေသည်ကို ကြားရတွေ့ရ၏။

ထို့ကြောင့် ဒကာမကြီး ဆွမ်းလောင်းထွက်လာသောအခါ ဘုန်းတော်ကြီးက ''မိကြာအေးဘာဖြစ်သလဲ'' ဟုမေးလိုက်သည်။

''တောင်ထိပ်ပွဲသွားဖို့ အဝတ်အစားမရှိလို့တဲ့ဘုရား။ ပြီးတော့ ကြီးကြီး ကျယ်ကျယ် ဝတ်ပန်းကုံးလိုချင်လို့တဲ့၊ ပူဆာနေပါတယ်။ တပည့်တော်တို့မှာ ဆင်းရဲသားမို့ သူပူဆာတာတွေ ဘယ်မှာရှိနိုင်ပါ့မလဲ။ ဒါနဲ့တပည့်တော် တစ်ချက်လောက် ရိုက်လိုက်မိ ပါတယ်ဘုရား''

ထိုစကားအရ သတိပြုလိုက်သည့်အခါတွင်မှ ယနေ့သည် တောင်ထိပ်ပွဲတော် အချိန်ပါတကားဟု ဘုန်းတော်ကြီး သတိရသည်။

တောင်ထိပ်ပွဲတော်ခေါ်၊ နက္ခတ်ပွဲတော်ခေါ် တန်ဆောင်တိုင်ပွဲတော်သည် ရာဇဂြိုဟ်သားတို့ အကြီးဆုံး လူပ်ရှားမြူးကြွကြသော ပွဲတော်ဖြစ်ပေ၏။ ရာဇဂြိုဟ်၏ သတ်မှတ်အပ်သော တောင်ထိပ်နေရာသည် ဘုရင်နှင့်နန်းတော်သူ နန်းတော်သား အားလုံးလိုလို ဦးဆောင်ထွက်ကြွကြသောပွဲတော်နေရာဖြစ်၍ ဝေးလံသော ကျေးရွာတို့က မိမိတို့နေရာတွင်ပင် တသီးတခြားတောင်ထိပ်ပွဲတော်လေးများ ကျင်းပကြသည်။

ယင်းပွဲတော်များသို့ ဆင်းရဲချမ်းသာမရွေး အစွမ်းကုန်ဝတ်ဆင်၍ ထွက်ကြသောကြောင့် အဝတ်အဆင်ပြိုင်ပွဲကြီးပမာလည်းဖြစ်သည်။ အိမ်တိုင်းတွင် အလှအပမီးမျိုးစုံထွန်းသည်။ လမ်းများ သစ်ပင်များတွင်ထွန်းသည်။ သတ်မှတ်သော တောင်ထိပ်တွင် မီးပုံပွဲပြုလုပ်သည်။ သဘင်မျိုးစုံ၊ အကအခုန်မျိုးစုံ ပါဝင်သော ပွဲတော်တစ်ဝိုက် လှည့်လည်ကြသည်။ လူငယ်ကာလသားများအဖို့မူ ညဉ့်လုံးပေါက်ပင် ပျော်မြူးကြသည်။

ဤပွဲတော်သို့ အပျိုသွေးမဝင့်တဝင်နှင့် လှချင်ပချင်လှပြီဖြစ်သော မြီးကောင်ပေါက်မကလေး မိကြာအေး ထွက်ချင် ပျော်ချင်ပေမည်ဟု ဘုန်းတော်ကြီးစဉ်းစားမိသည်။

ဤပွဲတော်ကို အကြောင်းပြု၍ပင် တရားစစ်သူကြီးနှင့် တန်ခိုးတော်သခင်တို့ လောင်းလျာဖြစ်သော ကာလသားကြီး ဥပတိဿနှင့် ကောလိတတို့သည် ပွဲတော်တွင် ပျော်မြူးနေကြသူများကိုကြည့်၍တရားရကာ ရဟန်းဖြစ်လာကြသည်ကိုလည်း ဘုန်းတော်ကြီးသတိရ၏။

ဝတ်ပန်းဆိုသည်က ရှိချေသေး၏။ သူ့အမေက မိကြာအေးသည် မတန်မရာ ဝတ်ပန်းကိုပါပူဆာသည်ဟု ကြား၍ ဘုန်းတော်ကြီးပြုံးမိ၏။

ရာဇဂြိုဟ်တွင် ဤဝတ်ပန်းသည် အလွန်ခေတ်စားသည်။ တစ်ကိုယ်လုံးကို သူ့ထက်ငါသာ ပန်းကုံးကြီးငယ်များဖြင့် ဆင်မြန်းကြသည်။ အဝတ်အဆင်ထက်ပင် ဝတ်ပန်းတွင် ဂုဏ်ပြိုင်ကြ၏။ ထို့ကြောင့် ဝတ်ပန်းကုံး ဝတ်ဆင်နိုင်ဖို့မှာ တန်ကြေးကြီးလှ၏။

မိကြာအေးကဲ့သို့ပင် ဤလိုပွဲတော်ချိန်၌ ဝတ်ပန်းဝတ်လိုလှသော ဆင်းရဲသားအမျိုးသမီးကလေးက သူ့ယောက်ျားကိုပူဆာသည်။ မယားအလိုကိုဖြည့်လိုသော သူ့ယောက်ျားက ဘုရင့်ပန်းဥယျာဉ်မှ ပန်းများကိုဝင်၍ခိုးသည်။ ဥယျာဉ်စောင့်တို့မိ၍ သုသာန်တွင် ကားစင်တင်ပြီး တံကျင်အလျှိုခံရသည်။ သကောင့်သားက တံကျင်အလျှိုခံရသည်ကိုမနာ။ ဝတ်ပန်းကိုစောင့်မျှော်လျက်ရှိသော သူ့မယားမျက်နှာကိုသာ မြင်ယောင်လျက်ရှိပါသည်ဟု ဆိုလိုက်ချေသေး၏။ ဘုရားရှင်က ကာမတဏှာ၏ ဆိုးရွားလှပုံကို အကြောင်းပြု၍ ဟောကြားအပ်သော ယင်းဝတ်ပန်းသူခိုးဖြစ်ရပ်ကိုလည်း ဘုန်းတော်ကြီးသတိရ၏။

ထို့နောက် ဘုန်းတော်ကြီးက ''ဟောဟိုရေအိုးစင်နားမှာ ပစ်ထားတဲ့ ကရွတ်ခွေကို ယူခဲ့စမ်း၊ ကောက်ရိုးမျှင်တချို့လဲဆွဲခဲ့။ မိကြာအေးကိုလဲ ငါ့ရှေ့ကိုခေါ်ခဲ့'' ဟု ခိုင်းသောအခါ ဒါယိကာမကြီးက ဘုန်းတော်ကြီး အမိန့်ကြောင့် အူကြောင်ကြောင်နှင့်ပင် သွား၍ယူရသည်။ မိကြာအေးလည်း ငိုမဲ့မဲ့မျက်နှာကလေးနှင့် ဘုန်းတော်ကြီးရှေ့သို့ ရောက်လာ၏။

''မိကြာအေး၊ ဝတ်ပန်းဝတ်ချင်တယ်ဆို''

''တင်ပါ့'' ဟု မပွင့်တပွင့်လျှောက်သည်။

''ဝတ်ချင်ရင် ဝတ်ရပေမှာပေါ့။ ဟောဒီကရွတ်ခွေက နင့်ခေါင်းမှာစွပ်ဖို့ ဝတ်ပန်းခွေကြီး၊ ဟောဒါတွေက ဝတ်ပန်းဆိုင်းတွေ၊ နင့်အဝတ်အစားတွေပေါ့''

ဘုန်းတော်ကြီးပြောပြီးသည်နှင့်တစ်ပြိုင်နက်ပင် ကရွတ်ခွေသည် ရွှေပန်းခွေ ဖြစ်၍ ကောက်ရိုးမျှင်များက ပန်းဆိုင်းပန်းခွေများ၊ လှပသော အဝတ်အစားများအဖြစ်သို့ မျက်လှည့်ပြလိုက်သလို ဖြစ်သွားပေရာ မိခင်နှင့် မိကြာအေးတို့ မျက်လုံးအဝိုင်းသားနှင့် အံ့သြနေကြခိုက် ဘုန်းတော်ကြီးထွက်ကြွသွားသည်။

မိကြာအေးတို့ ရတနာပုံဆိုက်ပြီတည်း။

[ ၄ ]

ဝတ်ပန်းဆိုင်းတွေ၊ အဝတ်အဆင်တွေမျှမက ရွှေကရွတ်ခွေ၊ ရွှေမကိုဋ်ကြီးကိုပါရ၍ မိကြာအေးတို့ ရတနာပုံဆိုက်သည်မှာ မှန်ပါ၏။ သို့ရာတွင် ထိုညတွင်ပင်မိကြာအေးတို့ သားအဖတစ်တွေ ဒုက္ခတွေ့ရသည်။ အကြောင်းမူကား ဆင်းရဲသားတို့နှင့်မတန်မရာ ပစ္စည်းတွေဖြစ်ပေရာ ဘုရင့်အမှုထမ်းတို့နှင့်တွေ့သောအခါ မသင်္ကာမှုဖြင့် အဖမ်းခံကြ ရသတည်း။

နန်းတော်၊ သို့မဟုတ် တစ်နေရာရာမှ ခိုး၍တိုက်၍ရလာသော ပစ္စည်းဟု မသင်္ကာခြင်းဖြစ်၏။ ထိုစဉ်ဥပဒေအရ ခိုးမှုတိုက်မှုဟူသည် အပြစ်ထင်ရှားလျှင် အသတ်ခံရသောအမှုဖြစ်သောကြောင့် ဘုရင်ကိုယ်တိုင်ကိုင်တွယ်သဖြင့် မိကြာအေးတို့ မိသားစုကို ဘုရင့်နန်းတော် အချုပ်ထောင်သို့ ချက်ချင်းပို့သည်။

ရွာသားတို့မှတစ်ဆင့်ကြား၍ နောက်တစ်နေ့ နံနက်တွင်ပင် ဘုရင့်ရှေ့မှောက်သို့ ရောက်လာသူကား ဘုန်းတော်ကြီးပင်ဖြစ်၏။

မရောက်စဖူးရောက်လာသော ဘုန်းတော်ကြီးကို ဘုရင်က ပျာပျာသလဲ နေရာပေးသည်။ ''ဘာကိစ္စကြွလာပါသလဲဘုရား'' ဟု မေးလျှောက်သည်။

''ငါ့ရွာက ဒကာမိသားစုကို ဖမ်းထားသည်ဟုကြား၍ လာခဲ့သည်''

''မှန်ပါသည်ဘုရား''

''ဘာအတွက်ဖမ်းသနည်း''

''ဆင်းရဲသားနှင့်မတန်မရာပစ္စည်းတွေ၌ မသင်္ကာမှုပါဘုရား''

''ဘာပစ္စည်းများလဲ ဒကာ''

''ရွှေမကိုဋ် ရွှေပန်းကုံးတွေပါဘုရား''

''ပညတ်တရားမျှဖြစ်သော ရွှေဟူသည်အဆန်းလော။ ကြည့်လိုက်စမ်းမင်းကြီး သင့်နန်းတော်သည် ရွှေတွေပင်မဟုတ်လော''

ဘုန်းတော်ကြီးက လက်ညှိုးညွှန်လိုက်ကာမျှပင် နန်းတော်ဝန်းကျင်နှင့် ပစ္စည်းမှန်သမျှသည် တဝိုးဝိုးတဝင်းဝင်းနှင့် ရွှေတွေဖြစ်ကုန်ကြသည်ကို မြင်ကြရသောကြောင့် ဘုရင်နှင့်တကွ အနီးရှိမှူးကြီးမတ်ကြီးများပါ ဟင်ကနဲ ဟာကနဲ အံ့အားသင့်ကုန်ကြရသည်။

''တပည့်တော်နားလည်ပါပြီအရှင်ဘုရား။ တပည့်တော်ကို သည်းခံခွင့်လွှတ်ပါဘုရား။ အရှင်မြတ် ဒကာမိသားစုကို ယခုပင်လွှတ်စေပါမည်ဘုရား''

ဘုန်းတော်ကြီးပြန်ကြွလာသောအခါတွင်မူ နန်းတော်သည် ပကတိအတိုင်းသာရှိရစ်သည်။

ဘုရားရှင်နှင့်တကွ ပဋိသမ္ဘိဒါပတ္တ ဘက်စုံပြည့်ရဟန္တာအရှင်မြတ်များသည် အတုမရှိ တန်ခိုးရှင်များဖြစ်ကြကြောင်း ကျွန်ုပ်တို့သိကြပြီးဖြစ်၏။ သို့ရာတွင် ဘုရားရှင်သည် ကပိလဝတ်၌လည်းကောင်း၊ တိတ္ထိတို့နှင့်တန်ခိုးပြိုင်သောနေရာများ၌ လည်းကောင်း၊ ပေါက္ခရဏီမိုးကိုရွာစေခြင်း၊ ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူခြင်း၊ အရှင်ပိဏ္ဍောလမထေရ်သည် ရာဇဂြိုဟ်တစ်မြို့လုံး အုတ်အုတ်ကျက်ကျက် ဖြစ်စေသည်အထိ တန်းခိုးပြခြင်းစသော အကြောင်းအချက်အနည်းငယ်မျှကိုသာ ပြည်သူလူထု ရှေ့မှောက်တွင်တွေ့မြင်ကြရခြင်းဖြစ်၍ တန်ခိုးအရာကို တွေ့ရခဲလှစွာသည်။ အကြောင်းမူကား ဘုရားရှင်အလိုတော်အရ မိမိတို့တန်ခိုးကို လျှို့ဝှက်စွာ သိုသိပ် သိမ်းဆည်းကြသောကြောင့်ဖြစ်၏။

ဆိုလိုသည်မှာ အကြောင်းဆိုက်လာလျှင် ကိုယ်တော်တိုင်သာ ထုတ်ဖော်လေ့ရှိသော ဘုရားရှင်၏ တန်ခိုးတော်မှတစ်ပါး ရဟန္တာကြီးများ၏ တန်းခိုးဟူသည်ကို တွေ့ရခဲသည်။ အထူးသဖြင့် တန်ခိုးအရာတွင် ထိပ်သီးဖြစ်သော အရှင်မောဂ္ဂလာန်၏ တန်ခိုးအရာကို သာ၍တွေ့ရခဲသည်။ အမိန့်တော်ကြောင့် နန္ဒောပနန္ဒနဂါးနှင့် တန်ခိုးပြိုင်ရာတွင်ပင် လူသူမမြင်နိုင်သော တောတောင်တစ်နေရာတွင်သာဖြစ်၏။

ထို့ကြောင့် လူတို့နှင့်စပ်၍ ရှားရှားပါးပါးတွေ့ရှိရသော အရှင်ပိလိန္ဒဝစ္ဆမထေရ်ကြီး၏ တန်ခိုးအကြောင်းရပ်များကို ထုတ်ဖော်လိုက်ရခြင်းဖြစ်ပေသည်။ ။

# သုဘဒ္ဒါ

[ ၁ ]

သာသနာ့အခြေခံမြို့တော် သာဝတ္ထိတွင် သာသနာနှင့်စပ်၍ ဝိသာခါကဲ့သို့ပင် ကျော်ကြား ထင်ရှားသင့်သူဖြစ်ပါလျက် ထင်ရှားခွင့်မကြုံရသော အမျိုးသမီးတစ်ဦးရှိ၏။ သုဘဒ္ဒါ တည်း။

သိမ်သိမ်ငယ်ငယ် နုယ်နုယ်ရရ အမျိုးလည်းမဟုတ်၊ အနာထပိဏ်၏ သမီးငယ် ဖြစ်၏။ သံဃာတော်တို့၏ဂုဏ်ကို ချီးကျူးရာ၌ စံတင်လောက်သူလည်းဖြစ်၏။ တစ်မြို့ လုံးကို ဘုရားသာသနာတော်ဘက် ရောက်လာအောင် စွမ်းဆောင်နိုင်သူလည်းဖြစ်၏။ ဘုရားရှင်နှင့် ထိပ်သီးသံဃာတော်တို့အား ထွက်တော်မူကြီး ထွက်တော်မူအောင် စွမ်း ဆောင်နိုင်သူလည်းဖြစ်သည်။

သံဃာတော်ငါးရာ၊ တစ်ထောင်ခန့်ကို ဝိသာခါအိမ်ကဲ့သို့ပင် မိမိတို့အိမ်၌လည်း နေ့စဉ် ဆွမ်းလုပ်ကျွေးသောအလှူမှာ အကယ်ဆိုသော် မိသားစု၏ အလှူပင်ဖြစ်ပါပေ ၏။ သို့ရာတွင်ဖခင်ကြီး အနာထပိဏ်အမည်ကသာ လွှမ်းခြုံထားသည်။ အလားတူပင် အတုမရှိကျောင်းတော် ဇေတဝန်ကိုအလှူမှာလည်း အကယ်ဆိုသော် မိသားစု၏

အလှပြုပင်ဖြစ်၏။ သို့ရာတွင်ဖခင်ကြီး အမည်ကသာ လွှမ်းမိုးထားသည်။ သုဘဒ္ဒါ အပထား၍ ကျောင်းအမမိခင်ကြီး အမည်ပင်လျှင် မထင်ရှားလှပေ။

ဝိသာခါ အဘယ်ကြောင့် နာမည်ကြီးသနည်း။

သူ့ဖခင် ဓနဉ္စယသည် သမီးကိုဗန်းတင်ရာ၌ ထွင်တတ်သူဖြစ်၏။

ရာဇဂြိုဟ်သား ဓဥ္စယသည် သာဝတ္ထိသို့ သူဌေးအဖြစ် ပြောင်းရွှေ့လာရာ၌ ရိုးရိုးမလာ၊ သာဝတ္ထိသူဌေးများနှင့် အုတ်အရောရော ကျောက်အရောရော မဖြစ်စေရန် သာဝတ္ထိအနီးတွင် မြို့သစ်တည်၍ ထင်ထင်ရှားရှား ကြွားကြွားထည်ထည်နေသည်။

သမီးဝိသာခါကို သာဝတ္ထိသူဌေးသားနှင့် ထိမ်းမြားရာ၌လည်း သမီးရှင်ဖြစ်သော် ကောဟု အနိမ့်ဘက်မှမနေ။ သာဝတ္ထိသူတိုင်းကို သွားရည်ယိုစေသော မဟာလ္လတာ တန်ဆာကြီးကို တဖွဲ့တန္ဒဲ့တခမ်းတနား ပြုလုပ်ပေးသည်။ သမီးရှင်ပင်ဖြစ်သော်လည်း မင်္ဂလာဆောင် အခမ်းအနားကို မိမိကပင် အကုန်ခံ၍ စံမတူအောင် ပြုလုပ်ပေး၏။ ဤနည်းဖြင့် လင့်အမည်ကိုပင် မှေးမှိန်သွားစေသည်။

သမီးကလည်း ထင်ရှားအောင်လုပ်ဆောင်ရာ၌ ဖအေ့ခြေရာနင်းသူ ဖြစ်၏။ လုပ်ဆောင်ဟန်ကား သာသနာတွင် ထိပ်သီးဒါယကာဖြစ်သော အနာထပိဏ်နှင့်အပြိုင် နေ့စဉ် ဆွမ်းလုပ်ကျွေးသည်။ ဇေတဝန်နှင့်ပြိုင်၍ ပုဗ္ဗာရုံကိုဆောက်သည်။ သို့နှင့်ဝိသာခါ အမည်သည် ဟိန်း၍နေ၏။

သုဘဒ္ဒါကတော့ ရိုးရိုးကလေးပင်ဖြစ်၏။ ရိုးလှသောကြောင့် သာသနာတော်နှင့် စပ်သော သူ၏လုပ်ဆောင်ချက်များသည် ကြီးမားလှသော်လည်း မထင်မရှားသာ ဖြစ်ခဲ့ရသည်။

[ ၂ ]

အနာထပိဏ်ခေါ် သုဒတ္တသည် သာဝတ္ထိတွင် မျိုးရိုးအားဖြင့်ပင် ကြွယ်ဝသော သူဌေးသားဖြစ်၍၊ ဥဂ္ဂမြို့မှ သုမာနသည်လည်း သူမြို့သူ့နေရာတွင် ကြွယ်ဝသော သူဌေးသားဖြစ်သည်။ သာဝတ္ထိနှင့် ဥဂ္ဂမြို့မှာ ယူဇနာတစ်ရာ့နှစ်ဆယ်ကျော်ဝေးကွာ၏။

သို့ရာတွင် သူတို့နှစ်ဦးသည် ထင်ရှားသော ဆရာတစ်ဦးထံတွင် ငယ်စဉ်က ကျောင်းနေဖက်များ ဖြစ်ခဲ့ကြ၏။ သူဌေးသားချင်းဖြစ်၍ သွားအတူ လာအတူ အတူ တတွဲတွဲဖြစ်ခဲ့ကြ၏။ တတွဲတွဲဖြစ်ရာမှ ရှေးလူကြီးများ၏ ထုံးစံအတိုင်း ကြီးလာသောအခါ တစ်ဦးတွင်သားရှိ၍ တစ်ဦးက သမီးထွန်းကားလျှင် သားပေးသမီးယူ ပြုကြစတမ်းဟု နှုတ်ကတိ ထားခဲ့ကြသည်။

ဘုရားရှင် သာသနာတော် မထွန်းကားမီကမူ ရှေးရိုးစဉ်လာ ဗြာဟ္မဏ အယူ ပေါင်းများစွာ ရှိသည့်အနက်မှ မိမိတို့နှစ်သက်သလို ယူခဲ့ကြသည်။ သို့ရာတွင် ဥဂ္ဂမြို့သည် ဗြာဟ္မဏအယူအစွဲနှင့်ပတ်သက်၍ ထူးခြားသောမြို့ဖြစ်၏။ အကြောင်းမူကား အစေလကဟုခေါ်သည့် အဝတ်မဝတ်သော ဗြာဟ္မဏရဟန်းဆိုသူများသည် အခြားမြို့ အခြားဒေသများတွင် ကြိုးကြားမျှသာရှိသော်လည်း ဥဂ္ဂမြို့သည်ကား အစေလကတို့ ထွန်းကား အခြေစိုက်ရာမြို့ပေတည်း။

တစ်မြို့လုံး အဝတ်ကင်းပ အစေလကတို့ဖြင့်သာလွှမ်း၏။ ထို့ကြောင့် သုမာန တို့သည်လည်း မိဘရိုးရာ အစေလကတို့အား ကိုးကွယ်သူများသာ ဖြစ်ခဲ့ကြသည်ကို အနာထပိဏ်သိပြီးဖြစ်၏။

ယနေ့သော် ငယ်စဉ်ကတိအရ သားရှိသော သုမာနက သမီးရှိသော သူငယ်ချင်း အနာထပိဏ်ထံ သားပေးသမီးယူတောင်းဆိုလာသောအခါ အနာထပိဏ်အဖို့ ခပ်ခက်ခက် ဖြစ်နေရ၏။ အကြောင်းသော်ကားမိမိမှာ သာသနာတော်၏ ဘုရားဒကာ ကျောင်းဒကာကြီး ဖြစ်နေ၍ ဘာသာခြားလေပြီဖြစ်သော သုမာနတို့နှင့် အတွင်းလူအဖြစ် ရင်းရင်းနှီးနှီး ဆက်ဆံဖို့ရန် ခက်လျက်ရှိခြင်းပင်ဖြစ်၏။

မျိုးရိုးချင်း ပစ္စည်းချင်းသာကြည့်လျှင် တန်းတူရည်တူမှန်ပါ၏။ ဘာသာချင်း ကတော့ သာမန်မက အလွန်အမင်းကွားခြားလျက် ရှိနေပေသည်။ ဟိရိဩတ္တပ္ပ ကြီးမား၍ သိမ်မွေ့လှသော သမီးကလေးသည် အဝတ်မဝတ်သော အစေလကတို့ အလယ်တွင် အရှက်ကြီး ရှက်ရှာပေတော့မည်။

သာဝတ္ထိတွင် အစေလကတို့ရှိသည်မှန်ပါ၏။ သို့ရာတွင် ကြိုးကြားမျှသာဖြစ်၍ ရှောင်၍လွှတ်နိုင်ပေသေးသည်။ အစေလကတို့လွှမ်းမိုး၍ အစေလကတို့ကိုသာ ကိုးကွယ်ဆည်းကပ်သော သုမာနတို့ အထံတွင်မူ ရှောင်၍မရ၊ တိုက်ရိုက်ဆက်ဆံရ တော့မည်ဖြစ်၍ သမီးကလေးအဖို့ ရှက်ရှာပေလိမ့်မည်။ သားပေးသမီးယူ ဆိုသော်လည်း လက်ထပ်ပြီးသောအခါ အစဉ်အလာအရ သမီးကလေးကို သူတို့ထံသို့ ထည့်လိုက်ရမည် ဖြစ်၏။

ငယ်စဉ်ကတိအရ ငြင်းပယ်၍လည်း မဖြစ်နိုင်။ ယောက္ခမလောင်းကြီးများ ကိုယ်တိုင်၊ သတို့သားလောင်းကိုယ်တိုင်နှင့် အသိုက်အဝန်းများသည် သာဝတ္ထိသို့ သမီးတောင်းအဖြစ် အကဲခတ်ရောက်လာကြရာတွင် သုဘဒ္ဒါကလေးကို မြင်ရသောအခါ တမ်းတမ်းစွဲဖြစ်နေကြ၏။

အနာထပိဏ်အဖို့ ယင်းသို့ ဘာသာရေးအခက်ကြုံသောအခါ သူ၏အားထားရာ၊ တိုင်ပင်လျှောက်ထားစရာကား ဘုရားရှင်သာလျှင် ရှိလေတော့၏။ ထို့ကြောင့် ကျောင်းတော်သို့ရောက်သောအခါ ''တပည့်တော်မှာ ဤသို့အခက်ကြုံနေရပါသည်။ သူတို့သည် အယူကတ္တားသာမန်ခြားရုံမျှမဟုတ်၊ အစေလကများကို ကိုးကွယ်သူများ ဖြစ်ကြပါသည်။ ငယ်စဉ် ကတိအရ မပေးစား၍လည်းမဖြစ်၊ ပေးလည်း မပေးစားလို။ မည်သို့စီရင်ရမည်ကို မသိနိုင်အောင်ပင် ဖြစ်နေရပါတော့သည်ဘုရား''ဟု လျှောက်ထား လိုက်သောအခါ ဘုရားရှင်ပြုံးတော်မူ၏။ အကြောင်းမူကား သာသနာတော်အတွက် တံခါးတစ်ချပ် ပွင့်လာပြန်သည်ကို မြင်တော်မူသောကြောင့်ပေတည်း။

ထို့ကြောင့် ''ဒါယကာကြီး၊ ကတိအတိုင်းသာ ပြုလိုက်ပေတော့၊ အနာဂတ်တွင် အဆင်ပြေလာလိမ့်မည်'' ဟူ၍ မိန့်တော်မူလိုက်သောအခါ အနာထပိဏ်ဝမ်းသာရ၏။ အကြောင်းသော်ကား ပစ္စုပ္ပန်တွင် အဆင်မပြေသေးသော်လည်း အနာဂတ်ကိုသိတော်မူ မြင်တော်မူသော ဘုရားရှင်အား ယုံကြည်သောကြောင့်ဖြစ်၏။

[ ၃ ]

လင်နောက်သို့ ထည့်လိုက်ရသော ဖခင်က သမီးကိုဆုံးမသောစကားသည် ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းပါစေဟူသော အစဉ်အလာ ဆုပေးစကား ကဲ့သို့ အစဉ်အလာဆုံးမစကား ဖြစ်ဟန်ရှိ၏။ အကြောင်းသော်ကား အနာထပိဏ်က သမီးသုဘဒ္ဒါအား ဆုံးမစကားပြောကြားသည်မှာလည်း မေနဍ္ဍကသူဌေးက သမီး ဝိသာခါအား ယောက္ခမထံထည့်သောအခါ ''ချစ်သမီး၊ (၁) အတွင်းမီးကိုအပသို့ မထုတ်အပ်၊ (၂) အပမီးကို အတွင်းသို့မသွင်းအပ်။ (၃) ပေးသောသူအားသာ ပေးအပ်၏။ (၄) မပေးသောသူအားမပေးအပ်၊ (၅) ပေးသောသူအားလည်းကောင်း၊ မပေးသောသူ အားလည်းကောင်းပေးအပ်၏။ (၆) ချမ်းသာစွာ နေထိုင်အပ်၏။ (၇) ချမ်းသာစွာ စားအပ်၏။ (၈) ချမ်းသာစွာ အိပ်စက်အပ်၏။ (၉) မီးကိုလုပ်ကျွေးအပ်၏။ (၁၀)အိမ်တွင်း နတ်ကို ရှိခိုးအပ်၏။''ဟု အကြောင်းကြားချက် ဆယ်မျိုးဖြင့် ဆုံးမသကဲ့သို့ အနာထပိဏ်ကလည်း သုဘဒ္ဒါအား ဤအတိုင်းပင် ဆုံးမသည်ကို တွေ့ရသောကြောင့် ဖြစ်ပေသည်။

သုဘဒ္ဒါအဖို့ ယောက္ခမကြီးများနှင့် အယူကတ္တားခြားသည်ကို သိပါ၏။ သို့ရာတွင် သာဝတ္ထိတွင်လည်း အယူခြားတို့နှင့် ဆက်ဆံဖူးသောကြောင့် သာမန်အားဖြင့်သာ အထင်ရှိခဲ့၏။ သို့ရာတွင် ယခုဥဂ္ဂမြို့သို့ရောက်၍ ယောက္ခမကြီးများက သူတို့ အစေလက

များကို မိမိတို့ဘုရားရှင်နှင့် သံဃာတော်များအား ဆည်းကပ်သလိုပင် ဆည်းကပ် လုပ်ကျွေးကြသည်ကို တွေ့ရသောအခါ ရှက်လှသောကြောင့် အပြင်သို့ပင်မထွက်ဝံ့၊ မကြည့်ဝံ့။ အစေလကတို့ အိမ်သို့ရောက်လာလျှင် အိမ်တွင်း၌သာကုပ်၍၊ ပုန်း၍ နေရတော့သည်။

လူဆိုသည်မှာ ကိုယ့်အမြင် ကိုယ်အယူနှင့်ကိုယ်တော့ ဟုတ်သည် မှန်သည် ထင်၍သာ လုပ်ကြခြင်းဖြစ်၏။ သာမန်ပုဂ္ဂိုလ်မဟုတ်၊ ဘုရားရှင်၏ လက်ကသုံး တောင်းဝေး အလုပ်အကျွေးပင် ဖြစ်ဖူးသော သုနက္ခတ်ရဟန်းသည် တစ်ချိန်တွင် အမြင်ဖောက်ပြန်ကာ ခွေးလိုကျင့်၏။ ခွေးလိုစား၍ ခွေးလိုအိပ်၏။ ဇမ္ဗူတစ်လူဟု ဆိုစလောက်သော ဇမ္ဗူက အစေလကရဟန်းသည် အဝတ်မဝတ်ရုံမျှမက မစင်ကိုပင် နှတ်သုမာလိုစားသူဖြစ်၏။

သို့ဆိုလျှင် ယေဘုယျ ဗြာဟ္မဏတို့၏ ရေချိုး၊ မီးလှုံ၊ တုံးခုန်၊ ဖယ်ခုပ်တည်းဟူ သောအကျင့်၊ အဝတ်မဝတ်ရုံမျှသော အကျင့်ဟူသည် အဘယ်မူစကောင်းတော့အံ့နည်း။ သူတို့ကို ကိုးကွယ်ဆည်းကပ်သူတို့ဘက်မှ ကြည့်လျှင်လည်း ဟုတ်လှပြီထင်၍သာ ကိုးကွယ် ဆည်းကပ်ကြခြင်းဖြစ်သည်။ သုမာနတို့သည်လည်း ဤအတိုင်းပင်ဖြစ်ပေသည်။

သုဘဒ္ဒါကလေးအဖို့ကား တစ်အိမ်လုံးနှင့် ဆန့်ကျင်နေရသောကြောင့် ကိုယ့်အခန်းတွင်းမှာသာ ဘုရားရှိခိုးရသည်။ သံဃာတော်များဂုဏ်ကို အာရုံပြုရသည်။

သို့ရာတွင် ပထမသော် ချွေးမချစ်ကလေးမို့ မသိမသာ လိုက်လျောခဲ့သော်လည်း မိမိတို့ဆရာများကိုတော့မှ မကိုးကွယ်ရုံမျှမက ဆရာများ အိမ်သို့ရောက်လာသည်ဆိုလျှင် ပုန်း၍ ကွယ်၍သာ နေဖန်များလာသောအခါ မသိမသာ မျက်စောင်းထိုးလာကြသည်။ ထိုမျှမက ''အဖေတို့ ကိုးကွယ်သလို မကိုးကွယ်နိုင်ရအောင် သာဝတ္ထိက သမီးတို့ဆရာ သံဃာတွေဆိုသဟာက ဘယ်လိုဟာတွေမို့လဲ''ဟုပင် မေးမြန်းလာသောကြောင့် သုဘဒ္ဒါအဖို့ ဝမ်းအသာကြီးသာရ၏။ အကြောင်းမူကား အစေလကတို့နှင့် ဆန့်ကျင် လှသော မိမိဆရာ သံဃာတော်တို့၏ဂုဏ်ကို ပြခွင့်ရလာသောကြောင့်ဖြစ်၏။

ထို့ကြောင့် ''အဖေရို့ အမေရို့ ကိုးကွယ်မှုဆိုသည်မှာ ကိုးကွယ်ထိုက်သောဂုဏ် ရှိမှကိုးကွယ်သင့်ပါသည်။ ကိုးကွယ်ရပါမည်။ ကျွန်မတို့ဆရာ သံဃာတော်များ၏ ဂုဏ်ကိုပြောပြပါမည်။ ကိုးကွယ်ထိုက်သော ဂုဏ်ရှိမရှိကို စဉ်းစား၍သာ နားထောင်ကြ တော့'' ဟု အစချီကာ –

''ကျွန်မတို့ ရဟန်းတော်များသည် ငြိမ်သက်သောမျက်စိ ရှိကြပါကုန်၏။ ငြိမ်သက်သောကိုယ်ရှိ၍ လူသာမန်တို့တွင်ပင် ရှက်စဖွယ်ဖြစ်သော ကိုယ်ကာယတို့ကို

သက်န်းဖြင့် ဖုံးလွှမ်းကြပါကုန်၏။ ငြိမ်သက်သောသဘောထား ရှိကြပါကုန်၏။ သွားခြင်း၊ ရပ်ခြင်း၊ နေခြင်းတို့၌ ငြိမ်သက်၍ ချအပ်သော မျက်လွှာရှိကြပါကုန်၏။

''ကျွန်မတို့၏ ရဟန်းတော်များသည် ပြုမူ လှုပ်ရှားအပ်သော အပြုအမူမှန်သမျှ စင်ကြယ် တည်ငြိမ်လှပါ၏။ နှုတ်အားဖြင့်လည်း နိုင်းနိုင်းချိန်ချိန် ပြောဆို၍ နောက်ကျူ ရှုပ်ထွေးခြင်း မရှိပါ။ ကောင်းမြတ်သော တရားနှင့်သာ မွေ့လျော်၍ စိတ်ထားလည်း အလွန်စင်ကြယ်ကြပါကုန်၏။

''ကျွန်မတို့ရဟန်းတော်များသည် တရားထူးအရှင်များဖြစ်၍ မြင်ရသမျှ ကြားရသမျှ အညစ်အကြေး ကင်းစင်ကြပါကုန်၏။ ပမာဆိုသော် ပွတ်သစ်စ ခရုသင်းနှင့် တူကြပါကုန်သည်။

''အဖေရို့၊ အမေရို့၊ လူတို့ ဓမ္မတာမှာ လာဘ်ရသောအခါ၊ ရာထူး ဂုဏ်ထူး ရှိသောအခါ ထောင်လွှားတက်ကြွတတ်ကြပါကုန်၏။ လာဘ်မရသဖြင့်သော်လည်း ကောင်း၊ ရာထူး ဂုဏ်ထူး ကင်းပျောက်သော အခါတွင်သော်လည်းကောင်း အောက်သို့ ညွှတ်ကျတတ်ပါကုန်၏။ ကျွန်မတို့ ဆရာများသည်ကား လာဘ်ရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ကဲ့သို့သော ပညာရှင်၊ တန်ခိုးရှင်၊ ဂုဏ်ထူးရှင်များပင်ဖြစ်စေ ငြိမ်သက်တူမျှသော သဘောရှိကြပါကုန်၏။ တည်တံ့ ကြပါကုန်၏။

''လူတို့တံထွာ ဓမ္မတာမှာ အခြံအရံ များသောအခါ ထောင်လွှားတက်ကြွ၍ အခြံအရံ ကင်းဆိတ်သောအခါ ခေါင်းစိုက်ညွှတ်ကျပါကုန်၏။ ကျွန်မတို့ ဆရာများသည် ကား အဘယ်ကဲ့သို့သော အခြံအရံရှိနေသည်ဖြစ်စေ၊ တစ်ပါးတည်း သီတင်းသုံးရသည် ဖြစ်စေ ထူးခြားမှုမရှိပါ။ တည်တံ့ကြပါကုန်၏။

''လူတို့တံထွာ ဓမ္မတာအားဖြင့် ချီးမွမ်းပင့်မြှောက်ခြင်း ခံရသောအခါ ထောင်လွှား တက်ကြွတတ်၍ ကဲ့ရဲ့ခံရသောအခါ၌မူကား ဦးခေါင်းညွှတ်ကျတတ်ပါကုန်၏။ ကျွန်မတို့ ဆရာ သံဃာအများသည်ကား ချီးမွမ်းခံရသောကြောင့်ဖြစ်စေ၊ ကဲ့ရဲ့ခံရသောကြောင့် ဖြစ်စေ အကြောင်းမထူးပါ။ တည်ငြိမ် တည်တံ့ကြပါကုန်၏။

''အဖေရို့၊ အမေရို့၊ ယင်းသို့ဆိုလျှင် မည်သည့်လောကဓံကြောင့်ပင် ဖြစ်စေ တုန်လှုပ် ယိမ်းယိုင်ခြင်း မရှိကြသူတို့ကား ကျွန်မတို့ ဆရာသံဃာတော်များပါတည်း''

သုဘဒ္ဒါ၏ စကားကို ယောက္ခမကြီးများနှင့် လင်သားဖြစ်သူရော၊ အခြွေအရံ များပါ စဉ်းစဉ်းစားစားနှင့် နားထောင်နေသည်ကိုတွေ့ရ၍ ဝမ်းသာရပြန်၏။ ဤ အိမ်သားများသည် တရားနှင့်ဝေးသောကြောင့်သာ အစဉ်အလာအတိုင်း လုပ်ဆောင် နေကြသော်လည်း စင်စစ်သော်မူ စဉ်းစားနိုင်းချိန်တတ်သူများဟု အကဲဖြတ်ရသည်။

အတန်ကြာမှ ယောက္ခမဖခင်ကြီးက ''သမီးစကား ကြားရတဲ့အတိုင်းတော့ ဝမ်းသာစရာပဲ။ နို့ပေမယ့် အကြားနဲ့တော့ မပြီးသေးဘူး၊ ကိုယ်တိုင်ကိုယ်ကြပ် တွေ့ကြရရင်တော့ အလွန်ကောင်းမှာပဲ''ဟု ပြောကြားလိုက်သောအခါ သုဘဒ္ဒါက ''ကိုယ်တိုင်ဖူးတွေ့ချင်တယ်ဆိုရင် ဘုရားရှင်နှင့် သံဃာတော်များကြွလာအောင် ကျွန်မပင့်ပေးပါ့မယ်၊ ပင့်ဖို့အခွင့်အရေးသာ ပေးကြပါတော့''ဟု တောင်းပန်သဖြင့် ''သမီးသဘောအတိုင်းသာ ဆောင်ရွက်ပါတော့''ဟု ခွင့်ပြုချက်ရသည်။

[ ၄ ]

ယူဇနာတရာ့နှစ်ဆယ်ကျော်ဝေးသော ခရီးဖြစ်၍တစ်ကြောင်း၊ ကိုယ့်ကိစ္စ ကိုယ့်စေတနာသာဖြစ်၍လည်းကောင်း သာဝတ္ထိသို့ မိမိအား တခမ်းတနား ဘုရားအပင့်လွှတ်မည်တော့ မဟုတ်ပေ။ သို့ဖြစ်ရာ သုဘဒ္ဒါသည် ခွင့်ပြုချက်ရသည်နှင့် တစ်ပြိုင်နက် ဘုရားရှင်နှင့် သံဃာတော်များအပေါ် ထားအပ်သော ယုံကြည်ချက်အရှိန်အဟုန်ဖြင့် သံဃာ့မဏ္ဍပ်ကြီးကိုဆောက်လုပ်စေသည်။ မဏ္ဍပ်ကို ပန်းခွေ ပန်းဆိုင်ကြီးများဖြင့် အလှအပပူဇော်သည်။ ဤမျှသာမက မဏ္ဍပ်ကြီး ပြီးစီးသောအခါ နက်ဖြန် နံနက်တွင် ဆွမ်းကျွေးရန်ဟု ဆွမ်းကောင်း ဟင်းမွန်များကိုပင် ချက်ပြုတ်စီစဉ်စေသည်။

သုမနသူဌေးနှင့် အသိုက်အဝန်းများမှာ ခွင့်ပြုချက်ပေးပြီးဖြစ်၍သာ မယောင်မလည်နှင့် သုဘဒ္ဒါစီစဉ်သည့်အတိုင်း လုပ်ကိုင်ပေးနေရသော်လည်း ဤမျှဝေးသော ခရီးကို သူ့ဆရာများ အဘယ်ပုံကြွလာမည်ကိုတော့ မစဉ်းစားတတ်။ ကြွမလာလျှင်လည်း သူတို့ဆရာ အစေလကများအတွက်သာ ဖြစ်ပေတော့မည်ဟု စဉ်းစားထား၏။

ယုံကြည်ချက်အခိုင်အမာနှင့် သုဘဒ္ဒါအဖို့ကား ထိုနေ့ညတွင် မဏ္ဍပ်မှာပင် ဘုရားရှင်နှင့် သံဃာတော်များဂုဏ်ကို အာရုံစိုက်၍ ဘုရားပင့်သည်။ ပင့်ဟန်ကား ဇေတဝန်သို့ ရည်ညွှတ်၍ ''ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်မြတ်ဘုရား၊ ဥဂ္ဂမြို့တွင် သာသနာပြုရန်အတွက် လည်းကောင်း၊ တပည့်တော်မ၏ စေတနာကို ငဲ့ညှာသောအားဖြင့်လည်းကောင်း နက်ဖြန်နံနက်အရုဏ်တက်တွင် ဘုရားရှင်နှင့် သံဃာတော်ငါးရာတို့သည် တပည့်တော်မ၏ မဏ္ဍပ်သို့ ဆွမ်းအလှူခံ ကြွရောက် သီတင်းသုံးတော်မူကြပါကုန်ဘုရား''ဟု နှုတ်ဖြင့် အထပ်ထပ်ရွတ်ဆို၍ပင့်သည်။ ဘုရားရှင်ကို ပူဇော်သည့်အဟန်ဖြင့် ပန်းဆိုင်းပန်းခွေကြီးများကို ကိုင်မြှောက်၍ပူဇော်သည်။

ဘုရားရှင်နှင့် သံဃာတော်များသည် မိမိရှေ့တွင်ပင် မျက်မြင် ဒိဋ္ဌရောက်ရှိနေတော့ပြီအလား အာရုံထား၍ ပင့်လျှောက်၏။ ပူဇော်၏။ ထိုနေ့ညအဖို့ သုဘဒ္ဒါမအိပ်။ မဏ္ဍပ်တွင်ပင် ဘုရားအာရုံဖြင့် ထုံ၍နေသည်။

ထို့နေ့ညဥ့်ဦးပိုင်းတွင် ဇေတဝန်သို့ ထုံးစံအတိုင်း အနာထပိဏ် ဘုရားဖူး ရောက်လာသောအခါ နေ့တိုင်းထက် ဟင်းကောင်းကျွေးရန် စီစဥ်ပြီးရှိနေသောကြောင့် ''မနက်ဖြန်နံနက်တွင် တပည့်တော်မဏ္ဍပ်သို့ ကိုယ်တော်တိုင် ဆွမ်းဘုဥ်းပေး ကြွတော်မူပါ ဘုရား''ဟု ပင့်လျှောက်သည်။

သိကြပြီးသည့်အတိုင်း အနာထပိဏ်၊ ဝိသာခါတို့၏ မဏ္ဍပ်ဟူသည် နေ့စဥ်နှင့် အမျှ သံဃာတော်ငါးရာတစ်ထောင်ကို မပြတ်ပင့်ဖိတ်ထားအပ်ပြီးသော ဆွမ်းကျွေးမြဲ ဖြစ်၏။ ထို့ကြောင့် ဘုရားရှင်နှင့် သံဃာတော်များအား အထူးတလည် ပင့်ဖိတ်နေဖို့မလို။ အချိန်တန်လျှင် ဆွမ်းအသင့် ကွမ်းအသင့် ရှိနေမြဲသာဖြစ်၏။

သို့ရာတွင် ဘုရားရှင်နှင့် သံဃာကြီးအချို့မှုကား အခြားပင့်ဖိတ်သူရှိသောအခါ အလှည့်ပေးတော်မူကြရသည်။ ယနေ့ည အနာထပိဏ် ပင့်ဖိတ်ခြင်းမှာ ဘုရားရှင်ကေန် မုချကြွလာစေရန် ဖြစ်၏။ သို့ရာတွင် ဘုရားရှင်က ''ဒါယကာ အနာထပိဏ်၊ ဆွမ်းကျွေး အတွက် ကြိုတင်ပင့်ဖိတ်ထားပြီးသူ ရှိနေပြီဖြစ်၍ သင့်အလှူသို့ မကြွရောက်နိုင်တော့''ဟု မိန့်ကြားလိုက်သောအခါ –

''ဩော်၊ တပည့်တော်ထက်ဦးသူ ရှိနေပြီကိုး၊ သို့ဆိုလျှင် တပည့်တော်လည်း လာနိုင်အောင် ဘယ်ဒါယကာအိမ်က ပင့်ဖိတ်ထားပါသလဲဘုရား''ဟု လျှောက်ထားသည်။

သာဝတ္ထိတွင် ဆွမ်းကျွေးမှန်သမျှ အနာထပိဏ်၊ ဝိသာခါတို့ မျက်နှာကြီးများ လာလျှင် ဝမ်းသာကြစမြဲဖြစ်၏။

''အခြားသူမဟုတ်ပါ၊ ဥဂ္ဂမြို့က သင့်သမီးသုဘဒ္ဒါက ပင့်ဖိတ်ထားပါတယ်''

''အလို၊ သမီးသုဘဒ္ဒါက ယူဇနာတစ်ရာ့နှစ်ဆယ်ကျော်တောင်ဝေးတဲ့ ဥဂ္ဂမြို့မှာ ပါကလား၊ သည့်ကလောက်အဝေးကြီးကို ကြွမှာလားဘုရား''

''အနီးအဝေးဟူသည် ပညတ်မျှသာပါ။ ဘုရားရှင်တို့အဖို့ အကြောင်းမဟုတ်ပါ။ ကြွရပါမည်''

ဘုရားရှင်တို့ တန်ခိုးတော်အရာကို အနာထပိဏ်သိ၏။ ကြားရဖူးသည်မှာလည်း အထပ်ထပ်ဖြစ်၏။ သို့ရာတွင် သိုသိပ်သော တန်ခိုးတော်အရာကို တွေ့ရခဲသည်။ ထို့ကြောင့် ဥဂ္ဂမြို့သို့ ဆွမ်းစားကြွမည်ဆိုသည်မှာ အနာထပိဏ်တို့အဖို့ အခွင့်ကောင်းကြီး တစ်ခုဖြစ်၍ နက်ဖြန်နံနက် အရုဏ်တက်တွင် အနာထပိဏ်နှင့် အသိုက်အဝန်းများသည် ဥဂ္ဂမြို့သို့ ကြွရန်ဖြစ်သော ဘုရားရှင်၏ တန်ခိုးအရာကို လာရောက်ဖူးမြော်ကြ၏။ တွေ့ရသည်ကား အံ့ဘနန်းပင် ထူးဆန်းလှပေစွ။

ထူးဆန်းပုံကား အရဏ်တက်လုလုအချိန်တွင် တစ်ပါးစီမျှသာ သီတင်းသုံးနိုင်သော မဏ္ဍပ်ယာဉ်ငယ် ငါးရာတို့သည် ဇေတဝန်ကျောင်းဝင်းတွင်း အသင့်ရောက်နေကြ၏။ မဏ္ဍပ်တို့မှာ မိမိတို့တွေ့ဖူးသည်များနှင့်မတူ၊ အထူးပင် လှပသေသပ်ကြ၏။ မဏ္ဍပ်တိုင်းတွင် အလှအပ ဆင်ယင်ထားပုံတို့မှာ ဝင်းဝင်းအိနေ၏။ ကေန္တာဘုရားရှင်တို့၏ တန်ခိုးတော်အရာ၊ သို့မဟုတ် နတ်ဒေဝတာတို့၏ စွမ်းဆောင်ချက်ဟု အနာထပိဏ် သိမှတ်လိုက်သည်။ ဘုရားရှင်အတွက် မဏ္ဍပ်တော်ကား အခြားမဏ္ဍပ်များထက် အတန်ကြီး၍မြင့်၍ အထူးခြားဆုံးဖြစ်၏။

သက်န်းတော် ကိုယ်စီရုံထားပြီးသော ဘုရားရှင်နှင့် သံဃာတော် ငါးရာတို့သည် မဏ္ဍပ်များအထက်သို့ ကိုယ်စီရောက်သည်နှင့် တစ်ပြိုင်နက် မဏ္ဍပ်များသည် မြေပြင်မှ ကြွတက်သွား၏။ အနာထပိဏ်တို့ အထပ်ထပ် ဦးနှိမ်သည်။ ပီတိဖြာဖြာဝေ၍မဆုံးဖြစ်သည်။ အကြောင်းမူကား တာဝတိံသာ နတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ဘုရားရှင်ကြွဆင်းလာပုံကို တစ်ဆင့်စကားကြားရုံသာ ကြားရဖူးသည်။ ရာဇဂြိုဟ်တွင် တိတ္ထိတို့နှင့် တန်ခိုးပြိုင်သော အခမ်းအနားကြီးကို ကြားရုံသာ ကြားဖူးသည်။

ယခုသော် ယင်းအခမ်းအနားအောက် မနိမ့်သော ဘုရားရှင်၏ တန်ခိုးတော်အရာကို ကိုယ်တိုင်ကိုယ်ကြပ်တွေ့ရသောကြောင့် ပီတိဖြာဝေ၍ မဆုံးဖြစ်သည်။ မဏ္ဍပ်များသည် ပျို့လုလုနံနက်ခင်း အရဏ်ရောင်နုနုအတွင်းသို့ တဝိုးဝိုးတဝင်းဝင်းနှင့် ဝင်ရောက်ယင်း တဖြည်းဖြည်း ပျောက်ကွယ်သွားကြသည်။

[ ၅ ]

ပထမသော် ဥဂ္ဂမြို့ မဏ္ဍပ်မှ ဆွမ်းကျွေးလုပ်သားများသည် သုဘဒ္ဒါမှအပ အိပ်ချင်မူးတူးဖြစ်နေကြ၏။ သို့ရာတွင် တဝိုးဝိုးတဝင်းဝင်းနှင့် ထူးခြားသော မဏ္ဍပ်ငယ်များသည် မဏ္ဍပ်နံဘေးရှိ ကွင်းပြင်သို့ သက်ဆင်းဆိုက်ရောက်လာကြသောအခါတွင်မူ ထူးခြားလှသောကြောင့် တစ်ဦးမှတစ်ဦးသို့ အော်ကာဟစ်ကာနှင့် အုတ်အော်သောင်းတင်း လှုပ်ရှားကြကုန်သည်မှာ တစ်မြို့လုံးသို့ပင် ကူးစက်သွား၏။

သုမာနတို့အဖို့ကား တရားတော်ကို မနာရမီ ဘုရားနှင့် သံဃာတော်များကို ထူးခြားစွာ ဖူးတွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် စေတနာ ဦးကျိုးသွားကြပြီဖြစ်၏။ ဆွမ်းကပ်ပြီး၍ တရားတော်ကို နာရသောအခါတွင်မူ သုမာနတို့သာမက ဥဂ္ဂတစ်မြို့လုံး လိုလိုပင် တရားထူးရ၍ သာသနာဘက်သို့ အပြောင်းလဲကြီး ပြောင်းလဲကုန်ကြသည်။

ဆက်လက်အံ့သော သာသနာ့ကိစ္စများအတွက် ဘုရားရှင်က အရှင်အနုရုဒ္ဓါအား ဥဂ္ဂမြို့တွင် လွှဲအပ်ခဲ့သည်။ ယခုသော် သုဘဒ္ဒါကောင်းမှုကြောင့် အစေလကတို့ဖြင့်သာ နစ်မွန်းနေခဲ့သော ဥဂ္ဂမြို့သည် သာသနာတော်စည်းဝိုင်းအတွင်းသို့ ရောက်လာခဲ့ပြီ ဖြစ်၏။ ။

# နတ်ဒေဝီတို့ ဝိုင်းဝိုင်းလည်

[ ၁ ]

ဘုရားအလောင်းတော်သည် မယ်တော်မာယာ၏ ဝမ်းကြာတိုက်ဝယ် နှုတ်ပိုက်ပဋိသန္ဓေ နေသည်နှင့် တစ်ပြိုင်နက် ဘုရားအလောင်းတော်ကို လည်းကောင်း၊ ဝမ်းကြာတိုက်ရှင် မိခင်လောင်း မယ်တော်မာယာကိုလည်းကောင်း နတ်ဗြဟ္မာတို့ စောင့်ရှောက်ကြသည်။ အကြောင်းမှာ နတ်ဗြဟ္မာတို့က ဘုရားဖြစ်ရန် တောင်းပန်မှုကြောင့် တုသိတာနတ်ပြည်ဝယ် သေတကေတု နတ်သားအဖြစ်မှ ဘုရားဖြစ်ရန် လူ့ဘဝသို့ ကူးပြောင်းလာသူ ဖြစ်သည်။ လုမ္ဗိနီ အင်ကြင်းတောဝယ် ရှင်စောကို ဖွားမြင်တော်မူသောအခါ နတ်မိမယ်ကြီးတို့က သန္ဓေဖွားမှုတွင် လိုအပ်သမျှ အကူအညီကို ပေးသည်။ ဗြဟ္မာကြီးလေးယောက်တို့က ရွှေကွန်ရက်ဖြင့် ခံယူသည်။ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့က သစ်နက်ရေဖြင့် ခံယူသည်။ ထို့နောက် အလောင်းတော် မင်းသားကို လိုအပ်သမျှ တစ်လျှောက်လုံး စောင့်ရှောက်၍ တောထွက်တော်မူသောအခါ မြို့တံခါးကို ဖွင့်ပေးခြင်း၊ ကဏ္ဍကမြင်း ဟီသံ ခွာသံတို့ကို လုံခြုံအောင် စောင့်ရှောက်ပေးခြင်းအထိ ကူညီသည်။

ဤအကြောင်းရပ်များမှာ အကြီးမြတ်ဆုံးသော ဘုရားရှင်၏ ကိစ္စတော်များဖြစ်၍ ဗုဒ္ဓဝင်တွင် စာပေအထပ်ထပ် တင်ထားပြီးဖြစ်သောကြောင့် အများသိကြပြီးဖြစ်၏။ ဘုရားရှင်၏ သာဝကအလောင်းအလျာများကိုလည်း သာသနာတော်စောင့် နတ်ပြဟ္မာတို့သည် ဘုရားအလောင်းတော်ကဲ့သို့ပင် သန္ဓေဘဝကပင် ရဟန္တာဖြစ်လာသည်အထိ လိုအပ်သလို စောင့်ရှောက်သည်ကိုမူ အကြောင်းဆိုက်လာမှသာ စာတင်ပေတောင် အတင်ခံကြရသောကြောင့် နတ်ပြဟ္မာတို့ စောင့်ရှောက်လျက်ရှိကြောင်း အချို့ကိုသာ သိခွင့်ရကြ၏။

ယင်းရဟန္တာကြီးများအနက် သူသည် လူ့ဘဝငယ်စဉ်ကပင် နတ်တို့ အစောင့်အရှောက်ကို ခံလာခဲ့ရသူအဖြစ် နာမည်ကြီးခဲ့သူဖြစ်၏။ ဘုရားအလောင်းတော်၏ ညီဝမ်းကွဲတော်သူ အနုရုဒ္ဓါကလေးပေတည်း။

ဘုရားအလောင်း၏ ငယ်စဉ် ချမ်းသာပုံမှာ တစ်မျိုးဖြစ်၍ သူချမ်းသာပုံမှာ တစ်ဖုံဖြစ်သည်။ ချမ်းသာပုံ ချမ်းသာနည်းအားဖြင့် ဘုရားရှင် အလောင်းတော်က အဘယ်အရာတွင် အဘယ်မျှသာသည်ကို ဆိုစေကာမူ ဆုတောင်းပုံချင်း ကွာခြားခဲ့သော အတိတ်ဘဝပါရမီအရ သိဒ္ဓတ္ထက အနုရုဒ္ဓါကလေးကို လိုက်၍မမီသော အချက်ထူး တစ်ချက်ရှိ၏။ ယင်းသည်ကား ရှိမှုအတွက် ကြိုးစားကြရသော လူ့ဘဝ၌ အနုရုဒ္ဓါကလေးအဖို့မူ မရှိဟူသောစကား၊ မရှိဟူသောအဖြစ်ကို သူ့ဘဝ သူ့အဘိဓာန်တွင် လုံးဝမသိမရှိခဲ့ခြင်းပင် ဖြစ်လေ၏။

မရှိမပြည့်လျှင် ဆင်းရဲလှသော လူ့ဘဝကို ရေရေလည်လည် သိခဲ့သော အနုရုဒ္ဓါ အလောင်းသည် ဆင်းရဲသား မြက်ရိတ်သမား အန္နဘာရဘဝတွင် ပစ္စေကဗုဒ္ဓါအရှင်မြတ် တစ်ပါးကို ဆွမ်းလောင်းလှူ၍ ဖြစ်လေရာဘဝတွင် မရှိဟူသော စကားကိုမျှ မကြားရပါလို၏ဟု တောင်းဆုဆိုခဲ့သောကောင်းမှုမှာ ဘဝအဆက်ဆက်နှင့် နောက်ဆုံးဖြစ်သော အနုရုဒ္ဓါဘဝအထိ ဆုတောင်းပြည့်လာသူဖြစ်သည်။ သူ့ဆုတောင်းပြည့်ရန် အစဉ်စောင့်ရှောက်လျက်ရှိသော နတ်ဒေဝတာတို့က ဖြည့်ပေးရသည်။

သူ့အစ်ကိုရင်း မဟာနာမ်၊ အစ်ကို ဝမ်းကွဲများဖြစ်သော အာနန္ဒာ၊ နန္ဒ၊ ဘဒ္ဒိယ၊ ဒေဝဒတ္တစသော သူငယ်ဖော်များနှင့် မုန့်ပေးကြေး ကစားကြသောအခါ အနုရုဒ္ဓါကလေးရှုံး၍ ရှုံးတိုင်း မိခင်ထံမုန့်တောင်းလွှတ်သည်။ ရှုံးဖန်များ၍ ပေးရန် မရှိသောအခါ သူ့မိခင်ကမရှိတော့ဟု အပြောခိုင်းလိုက်သည်။

'မရှိ'ဟူသော စကားကို မကြားဖူး မသိဖူးသော အနုရုဒ္ဓါကလေးက မရှိမုန့်ကိုပင် ပေးလိုက်ပါဟု အတောင်းခိုင်းပြန်သည်။ မိခင်က ငါတို့သားသည်ငယ်သေး၍ မရှိ

ဟူသည်ကို သိဟန်မတူ။ သိရန်ဆို၍ မုန့်ခွက်နှစ်ခုကို အုပ်၍ပေးလိုက်သည်။ ဤတွင် အနုရုဒ္ဓါကလေးကို အစဉ်စောင့်လျက်ရှိသော နတ်ဒေဝတာများက အနုရုဒ္ဓါကလေး၏ အလိုပြည့်ရန် နတ်သုဓာမုန့်များကို ထည့်ပေးသည်။ ယခင်က မတွေ့ဖူး မစားဖူးသော မုန့်ဖြစ်နေသောကြောင့် အမေသည် ယခင်က ငါ့ကိုမချစ်၊ ယခုမှ ငါ့ကိုချစ်သည်ဟုပင် မှတ်ချက်ချလိုက်သေးသည်။

ဤကား ရဟန္တာလောင်း အနုရုဒ္ဓါကလေးကို နတ်ဒေဝတာတို့ စောင့်ရှောက်ပုံ ဖြစ်၏။ လူ့ဘဝတွင်သာမက ရဟန်းဘဝ၊ ရဟန္တာဘဝအထိ နတ်တို့စောင့်ရှောက်သည်။ နတ်ချစ်သည်။

သူတော်ကောင်းဟူသည် နတ်ချစ်မြဲ၊ နတ်တို့စောင့်ရှောက်မြဲဖြစ်၏။ သို့ရာတွင် အရှင်အနုရုဒ္ဓါအဖို့ သူတစ်ပါးထက် ထူးခြားချက်မှာကား နတ်စောင့်သူဖြစ်သည့် အလျောက် နတ်တို့နှင့်နီးနွယ်၍ နတ်တို့အပေါ်တွင် အာရုံစိုက်သော အရှင်အနုရုဒ္ဓါသည် သမထ ကမ္မဋ္ဌာန်း လေးဆယ်အနက် နတ်တို့နှင့်စပ်သော ဒေဝတာနုဿတိ ကမ္မဋ္ဌာန်းကို အခြေခံအဖြစ် ကြိုးပမ်းခဲ့ရာမှ နတ်တို့အမြင်ကဲ့သို့ အမြင်တန်ခိုးထူးခြားသော ဒိဗ္ဗစက္ခု အဘိညာဉ် တေဒဂ်ကို ရဟန္တာမဖြစ်မီကပင် ရရှိလာခဲ့သည်။

သို့သော် နတ်ချစ်သည်ဆိုရာ၌ နတ်သားတို့ ချစ်ရုံကြည်ညိုရုံမျှလောက်တော့ အရေးမကြီး၊ နတ်သမီးတို့ပါ ချစ်ကြည်ညိုလာသောအခါ အမမှန်လျှင် ဒေဝစ္ဆရာ နတ်ကညာ နတ်မိမယ်တို့ကို အပထားဦး၍ မွေးကင်းစ အမသတ္တဝါကိုပင် သတိဖြင့် ဆက်ဆံစေအပ်သော ဘုရားရှင်သားတော် ရဟန်းများအဖို့ တစ်နည်းမဟုတ် တစ်နည်းဖြင့် အနှောင့်အယှက် ဖြစ်လာတတ်သည်။

ယခုတရားအလုပ်ကို ကျားကုတ်ကျားခဲဖြင့် ကျင့်နေဆဲဖြစ်သည့် နတ်ချစ်သော အရှင်အနုရုဒ္ဓါအထံတွင် ဒေဝစ္ဆရာ နတ်ကညာတစ်စုတို့ ဝိုင်းဝိုင်းလည်ရောက်ရှိနေကြ၏။ အရှင်မြတ်ကို ကြည်ညို၍ ဖူးမြော်ရန် ရောက်ရှိလာကြခြင်းမျှ ဖြစ်သော်လည်း သူတို့က လှရက်လွန်းသူတွေဖြစ်သောကြောင့် သတိစောင်းရမ်း ချမထားလျှင် ပုထုဇဉ်အငွေ့ မကင်းသေးသူအဖို့ အခက်တွေ့တတ်သည်။

ရဟန္တာမဖြစ်မီကပင် ဒိဗ္ဗစက္ခုအဘိညာဉ် တေဒဂ်ရခဲ့သူ အရှင်အနုရုဒ္ဓါအဖို့ မိမိတရားထိုင်ရာ ဝန်းကျင်သို့ ယခု ဆိုက်ရောက်လာသော ဒေဝစ္ဆရာများမှာ အခါတိုင်း မြင်နေကျ ယေဘုယျ ဒေဝစ္ဆရာများနှင့်မတူ၊ အသွင်အမူ အရောင်အလှ ထူးခြားနေသူများ ဖြစ်သောကြောင့် အရှင့်အဖို့ အထူးသတိထားလိုက်သည်။

အရှင်သည် မိမိ၏ ဒိဗ္ဗစက္ခုအဘိညာဉ်တွင် မမြင်ချင့်အဆုံး တွေ့ရှိနိုင်သော နတ်မိမယ်များအပေါ်၌ သတိဖြင့် ဆင်ခြင်သုံးသပ်မြဲဖြစ်သည်။ မမြင်မတွေ့နိုင်အောင်

ရှောင်သည်။ မရှောင်နိုင်လျှင် တရားသတိရှိစမြဲဖြစ်သည်။ အကြောင်းမှာ မိမိနောင်တော် ဘုရားရှင်၏ ညီတော် အရှင်နန္ဒအဖြစ်ကို သိရှိထားပြီးသောကြောင့် ဖြစ်သည်။

လက်ထပ်တော့အံ့ဆဲဆဲတွင် ကာမနှောင်ထဲမှ ဆွဲအခေါ်ခံခဲ့ရ၍ ဇနပဒကလျာဏီ အလွမ်းကြောင့် တရားမကြိုးပမ်းနိုင်တော့သော အရှင်နန္ဒအား ဘုရားရှင်က ငါးကြင်းသား ကို ငါးကြင်းဆီဖြင့်ကြော်၏သို့ သို့မဟုတ် ထိုးမည့်ဆင် နောက်ဆုတ်ဆို၏သို့ နတ်ပြည်သို့ တန်ခိုးဖြင့်ခေါ်၍ ဒေဝစ္ဆရာများကို ပြလိုက်သောအခါ ကာမဂုဏ်မျက်စိလည်ကာ ဇနပဒကလျာဏီကိုပင် ကြောက်စရာ့ သဏ္ဌာန်မျောက်မအဟန်ထင်၍ ဒေဝစ္ဆရာများ အပေါ်တွင် အရှုံးကြီးရှုံး၊ အမူးကြီးမူးကာ နတ်ကညာ ရလာစေနိုင်ကြောင်း တရားထူး ပေးလိုက်တော့မှ အရှင်နန္ဒမျက်စိအလည် ပျောက်သည့်ထုံးကို အရှင်အနုရုဒ္ဓါသိပြီး ဖြစ်သည်။

နတ်ကညာတို့ကြောင့် အရှင်နန္ဒတရားထူးရသလို ရလျှင်တော်ပါ၏။ မရလျှင် ခက်ရဖို့ရှိသည်။

ယခုမိမိအထံသို့ သူတစ်ပါးနှင့်မတူ၊ အမူထွေပြား ထူးထူးခြားခြားလှသော နတ်ဒေဝီကလေး တစ်စုတို့သည် ဝိုင်းဝိုင်းလည် ရောက်ရှိနေကြသည်။ သာမန်ရောက်ရှိရုံမျှ မဟုတ်၊ အသွင်အမူအမျိုးမျိုးဖြင့် လှည့်စားလာသယောင်ရှိသည်။ အရှင်အနုရုဒ္ဓါက သူတို့ကို အဘယ်ပုံဆက်ဆံလိုက်ပါသနည်း။

အရှင်အနုရုဒ္ဓါ အဘယ်ပုံဆက်ဆံသည်ကို မပြောမီ သာသနာတော်နှင့် သူရို့ နတ်ဒေဝီကလေးတွေအကြောင်း ပြောပြဖို့ရှိသေးသည်။

[ ၂ ]

စဉ်းစားကြည့်လျှင် သူရို့ကလေးတွေမှာ သနားစရာကောင်းသည်။ ကောင်းပုံမှာ သူတို့ မှာလည်း သဒ္ဓါတရားရှိကြပါ၏။ ရှိသောကြောင့် သာသနာတော်အရေးကိစ္စများတွင် နတ်ဒေဝတာနှင့် ဗြဟ္မာကြီးများနည်းတူ ရှေ့တန်းမှနေရာယူကြပါပေ၏။ သို့ရာတွင် နတ်မျိုးနတ်နွယ်ပင်ဖြစ်မချည်း၊ လိင်ကွဲပြားမှုကြောင့် အလှနှင့် အမသတ္တဝါတည်းဟူသော သူတို့၏ ဆန့်ကျင်ဘက် ရဟန်းသံဃာတော်တို့နှင့် ပတ်သက်လာလျှင် နောက်ပိုင်းကသာ အနေရများသည်။ အကြောင်းမူကား ဘုရားရှင်သာသနာတော်က အမမှန်လျှင် နတ်မ၊ လူမကို အပထားဦးတော့၊ တိရစ္ဆာန်မနှင့်ပင် ကတ္တားခြားထားသည်။ ဝိနည်းသိက္ခာ ပုဒ်တော်ဖြင့်ပင် ပိုင်းခြားပေးထားသည်။ သည်တော့ လူမ၊ နတ်မ၊ အမ သတ္တဝါတို့အဖို့ သဒ္ဓါရှိ၍ ရဟန်းသံဃာတော်များနှင့် ဆက်ဆံရလျှင် မရဲတရဲနှင့် ခပ်ရှိရှိသာ ဆက်ဆံကြရ ရှာသည်။

သာသနာတော်အစ ဘုရားရှင် သတ္တသတ္တာဟ အပန်းတော်ဖြေ စံနေတော်မူရာ၌ ပဥ္စမသတ္တာဟ အဇပါလညောင်ပင်ရင်းဝယ် မာရ်နတ်၏သမီးချော နတ်မိမယ်သုံးဦးတို့ လာရောက်ဆက်ဆံ လှည့်ဖြားကြသည့်အကြောင်းကိုတော့ သိကြပြီးဖြစ်ပါ၏။ သူတို့သည် ဖခင်၏အမိန့်ကြောင့်လည်းကောင်း၊ သူရို့ကိုယ်၌ကပင် နတ်ယုတ်မာ၏ သမီးများ ဖြစ်ကြသောကြောင့်လည်းကောင်း ကာမဂုဏ်အရေးဖြင့် ထွေးပတ်လာကြခြင်းဖြစ်၏။ အခြားသော ဒေဝစ္ဆရာများကတော့ ရဟန္တာနှင့် သံဃာတော်များ၏ သီလအစွမ်းကြောင့် တဏှာမဖက် သဒ္ဓါသက်သက်ဖြင့် ချဉ်းကပ်ပူဇော်လာကြခြင်း ဖြစ်သည်။

တောကျောင်း၌ တစ်ပါးတည်း ဇေကစာသီတင်းသုံးနေတော်မူသော အရှင်မဟာကဿပ ကိုယ်တော်ကြီးအထံသို့ နတ်သမီး တစ်ယောက် ချဉ်းကပ်လာ၏။ ဤနေရာတွင် အရှင်မဟာကဿပ လာရောက် သီတင်းသုံးသည်ဆိုကတည်းက အခွင့်တော်လေစွဟု သူ့ခမျာ အရှင်မြတ်အနီးသို့ ချဉ်းကပ်ပူဇော်လို၏။ သို့ရာတွင် အရှင်မြတ်၏ သီလအရှိန်ကြောင့်လည်းကောင်း၊ သိက္ခာတော် တောင်ထုကြောင့်လည်းကောင်း တေ့တေ့ထင်ထင် ဝပ်တွားချဉ်းကပ်လိုသော်လည်း မဝံ့ရှာ။ အဝေးကသာစောင့်၍ ချောင်း၍ နည်းလမ်းရှာနေရ၏။ ကြာတော့ မအောင့်နိုင်တော့၍ အရှင်မြတ်ကို ပူဇော်ရန် နည်းလမ်းရှာ၍ ပူဇော်ချဉ်းကပ်သည်။ အရှင်မင်းမြတ်၏ တောကျောင်းကလေးဝန်းကျင်တွင် အရှင်မြတ်မြင်စေရန် နံနက်မလင်းမီ တံမြက်လှည်း၍ သောက်ရေ သုံးရေများ တည်ထားပေးခြင်းပင်ဖြစ်၏။

ပထမသော် အဇ္ဈတ္တကိုသာ တရားသတိအပြည့်ရှိနေသော အရှင်မြတ်သတိမပြုမိ။ တစ်ရက်နှစ်ရက်ဝတ်ဖြည့်၍ အရှင်မြတ်သတိပြုမိလာသောအခါ ညဥ့်အချိန်ဘယ်သူများ လာရောက်လှည်းကျင်းပါလိမ့်ဟု ကျောင်းတံခါး ကဲလားကလေးကိုဖွင့်၍ စောင့်ကြည့်သောအခါ သူ့ရှိသမျှ ကိုယ်ရောင်ကလေးတဝင်းဝင်းနှင့် တံမြက်လှည်းကျင်းနေသော နတ်သမီးကို ပက်ပင်းတွေ့ရတော့သည်။

''ဟဲ့ ဘယ်သူတုံး''

''တပည့်တော်မ သည်တောစောင့် နတ်သမီးပါ၊ လာဇာလို့ ခေါ်ပါတယ် ဘုရား''

''နင့် ဘယ်သူ အလှည်းခိုင်းသတုံး''

''ဘယ်သူမှမခိုင်းပါ၊ အရှင်မြတ်ကို ကြည်ညိုလို့ ကုသိုလ်လို၍ ဝတ်ဖြည့်ပါသည် ဘုရား''

''ဒါနင့်နေရာမဟုတ်ဘူး၊ ထွက်သွား နတ်သမီး''

အရှင်မြတ်ဟိန်းသံမှာ အမှတ်မဲ့ကြားရသူတို့အဖို့ နတ်မိမယ်၏ သဒ္ဒါကိုမှုမင့်၊ ရက်စက်ရာ ကျသယောင်ရှိ၏။ မဟုတ်ပေ။

ဤတော ဤတောင်၌ နတ်ဒေဝတာအများရှိ၏။ မိစ္ဆာနတ်များ၊ အယူအဆ တိမ်းသော နတ်များက သဒ္ဒါ၊ စေတနာကို နားမလည်လျှင် အရှင်မြတ်နှင့် နတ်သမီးတို့ ရင်းနှီးနေသည်ဟု ကဲ့ရဲ့ကြဖို့ရှိသည်။ လှောင်ပြောင်စကား လင်းပါးကြဖို့ရှိသည်။ ထိုအခါ ဘာမဟုတ်သောကိစ္စလေးကြောင့် သာသနာတော်ကို ထိခိုက်လာဖို့ရှိသည်။ ဂိုဏ်းရိုက် လာဖို့ရှိသည်။ ထို့ကြောင့် နတ်သမီး၏ သဒ္ဒါကို အရေးထားလိုက်သော်လည်း လက်မခံနိုင်။ နှင်ထုတ်ရသည်။

''တပည့်တော်မ သဒ္ဒါကို မဖျက်ပါနှင့် အရှင်မြတ်ဘုရား''

''ဟဲ့ - ငါပြောနေတယ်၊ ထွက်သွားလို့။ နောက်လဲ လာမလုပ်နဲ့''

လာဇာသည် အရှင်မြတ် မိန့်သံကိုကြောက်သော်လည်း စေတနာက ဆို့ပိတ် ထားသောကြောင့် ငူငူကြီး ပေ၍ နေသေး၏။ ထိုအခါ တတိယ အကြိမ်တွင်မူ အရှင်မြတ်က လက်ဖျစ်တီးလိုက်ပြီဖြစ်၏။ လက်ဖျစ်တီး၍ နှင်ထုတ်မှု၊ တားမြစ်မှုဟူသည် ဘုရားရဟန္တာ၊ ကြီးမြတ်သောပုဂ္ဂိုလ်တို့၏ ဝစီကံတားမြစ်မှုမှ ကာယကံမြောက် တားမြစ်မှုသို့ ကူးပြောင်းလာသော နောက်ဆုံးတားမြစ်မှုဖြစ်၍ လူ နတ် ဗြဟ္မာ ဘယ်သတ္တဝါမျှ မခံနိုင်သော အပြုအမူဖြစ်၏။

ဇာလာခမျာ ငို၍ ထွက်သွားရရှာတော့သည်။

[ ၃ ]

သာသနာတော်နောက်ပိုင်းတွင် အရှင်မဟာကဿပ အလားတူ တောရဆောက်တည် လျက်ရှိသော ရဟန်းတော်ကြီးတစ်ပါးထံသို့ နတ်သမီးတစ်ယောက် လာရောက်ပူဇော် ဖူးသည်လည်းရှိ၏။

ထိုရဟန်းတော်၏ အလေ့အထုံတစ်ရပ်မှာ တရားရှုမှတ်မှုမှ ရပ်နားသည်နှင့် တစ်ပြိုင်နက် ဓမ္မစကြာဒေသနာတော်ကို မပြတ်ရွတ်ဖတ်သရဇ္ဈာယ်နေခြင်းပင် ဖြစ်သည်။ ဓမ္မစကြာဒေသနာမှာ တရားရှုမှတ်မှု အလုပ်မှန်သမျှတို့၏ အခြေခံဖြစ်လေရာ အင်ဂျင်စက် မခုတ်မောင်းမီတွင် စက်ကိုနှိုး၍ ထားသကဲ့သို့ မိမိရှုမှတ်အပ်သော တရားကို မပြတ် သတိရစေရန်လည်း ဖြစ်၏။ သာသနာ့အောင်လံတော် လွှင့်ထူရာတွင် ပထမဆုံး ဟောကြား အပ်သော ဒေသနာဖြစ်ပေရာ ကြည်ညိုလှသောကြောင့်လည်း ဖြစ်၏။

သို့ရာတွင် ဓမ္မစကြာသည် နတ်ချစ်သော ဒေသနာတော်ဖြစ်နေသည်ကိုကား ရဟန်းတော် သတိမပြုမိ။ မိဂဒါဝုန်တွင် ဓမ္မစကြာတရားဟောကြားရာ၌ လူသားပုဂ္ဂိုလ် အဖြစ် ပဉ္စဝဂ္ဂီငါးဦးတို့သာ ရှိသော်လည်း တရားနာနတ်ဗြဟ္မာတို့မှုကား ကမ္ဘာမဆံ့ဆိုရအံ့ပင် များပြားခဲ့သည်။

ထို့ကြောင့် မိမိတို့လေးစားသော ဓမ္မစကြာကို ရွတ်ဖတ်လေ့ထုံအား နတ်ဗြဟ္မာတို့ လေးစားကြည်ညိုသည်။ ချစ်သည်။ ဤနည်းဖြင့် တောရကျောင်းအနီးမှ နတ်မိမယ်သည် ရဟန်းတော်ကို လုပ်ကျွေးဝတ်ပြုရန်အတွက် တောရကျောင်းကလေးသို့ ညစဉ် ရဟန်းတော် ကျိန်းစက်ချိန်တွင် ရောက်ရောက်လာ၏။ အမျိုးသမီး တစ်ဦးချင်း ချဉ်းကပ်လာသည်ကို ရဟန်းတော်တို့ မနှစ်သက်၊ ဝိနည်းအားဖြင့်လည်း ခွင့်မပြုသည်ကို သိထားသော နတ်မိမယ်အဖို့ နေ့ပိုင်းတွင် အမြင်အထင် မချဉ်းကပ်ဝံ့၍ ညဉ့်ပိုင်း ကျိန်းစက်ချိန်မှ လာရောက်တံမြက်လှည်းသည်။

သို့သော် ရဟန်းတော်သည် အိပ်ရာတွင် ကျောခင်း၍ စိတ်ဝမ်းချချ အိပ်စက်မှုကို ပယ်၍ထားသော နေသဇ္ဇိကဓုတင်အရှင်ဖြစ်ကြောင်းကိုတော့ နတ်မိမယ်မသိ။ ညဉ့်အချိန် မတော်တွင် တံမြက်လှည်းသံကို ကြားနေရသည်မှာ တစ်ညဉ့်နှစ်ညဉ့်မျှရှိပြီဖြစ်သော ရဟန်းတော်က စူးစမ်းလိုသဖြင့် တောကျောင်းကဲလားကလေးကို ဖွင့်၍ ကြည့်လိုက်သော အခါ ကိုယ်ရောင်ဝိုးဝင်းဖြင့် သိမ်မွေ့စွာ တံမြက်လှည်းနေသော နတ်မိမယ်ကို မြင်ရသည်။

''ဟဲ့ - နင် ဘယ်သူတုံး''

''တပည့်တော် စတုမဟာရာဇ်က နတ်သမီးပါ ဘုရား''

နတ်သမီးဆိုသောကြောင့် ပထမသော် အရှင် မဟာကဿပ ကဲ့သို့ပင် နှင်ထုတ်မည်ဟု စိတ်ကူးလိုက်မိသော်လည်း စတုမဟာရာဇ်ကဟု သိလိုက်ရသောကြောင့် ရဟန်းတော် ဝမ်းမြောက်သွားသည်။ အကြောင်းမှာ စတုမဟာရာဇ်နတ်တို့၏ နတ်သက်ကို အရှင်မြတ်သိရှိထားသောကြောင့် ဖြစ်၏။ နတ်ပြည် ခြောက်ထပ်တွင် စတုမဟာရာဇ် ဘုံသည် အနိမ့်ဆုံးဖြစ်သော်လည်း လူတို့သက်တမ်းနှင့် ဆိုသော် နှစ်ပေါင်း ကိုးသန်း ရှိသည်။ သို့ဆိုလျှင် ဤနတ်သမီးသည် ဘုရားရှင်ကို ကောင်းကောင်း မီလိုက်နိုင်စရာ ရှိသည်ဟု တွေးမိသောကြောင့် ရဟန်းတော် ဝမ်းမြောက်သွားခြင်းဖြစ်သည်။

''နင့်အသက် အဘယ့်လောက်ရှိပြီလဲ''

''နှစ်ပေါင်းသုံးရာ ပြည့်ပါတော့မည် ဘုရား''

''ဒီလိုဆိုတော့ ဘုရားရှင်ကို ကောင်းကောင်းမီလိုက်မှာပေါ့''

''မီပါတယ် ဘုရား''

"ဓမ္မစကြာတရားနာ ကြားခဲ့ရရဲ့လား"

"နာခဲ့ရပါတယ် ဘုရား"

"ဘယ်နေရာကနေပြီး နာရသလဲ"

မိမိကြားသိထားချက်တွင် စိတ်ကူးဖြင့် မေးလိုက်ခြင်းဖြစ်၏။ ဓမ္မစကြာ တရားဦး ဟောရာတွင် နတ်ပြည်ခြောက်ထပ် ဗြဟ္မာ့နိုင်ငံတို့မကျန် နတ်ဗြဟ္မာတို့ ဆင်းသက်နာယူကြသောကြောင့် ကမ္ဘာမဆံ့မျှပင် ရှိနေရာ နတ်သိမ်နတ်ငယ်တို့မှာ တန်ခိုးကြီးနတ်များကို နေရာပေးရသောကြောင့် တရားနာဖို့ နေရာအခက်အခဲ ရှိကြရသည်ဟု ကြားသိထားခြင်းပင်ဖြစ်၏။

"တပည့်တော်မမှာ နတ်ငယ်မျှဖြစ်သောကြောင့် သမုဒ္ဒရာ အစပ်က မြက်တစ်ပင်ကို အမှီပြုပြီး နာခဲ့ရပါတယ်ဘုရား"

"ငါ နေ့စဉ်ရွတ်ဖတ်နေတဲ့ ဓမ္မစကြာ ဒေသနာကိုရော နင်ကြားနေရရဲ့လား"

"မပြတ်ကြားနာပြီးရင် နေ့စဉ်ကြည်ညိုနေရပါတယ် ဘုရား"

"ကောင်းပြီ၊ ငါတစ်ခုမေးစမ်းမယ်၊ နင်ကြားနာခဲ့ရတဲ့ ဘုရားရှင်အသံတော်နဲ့ ငါရွတ်ဖတ်နေတဲ့ ဒေသနာတော်ဟာ ကိုက်ညီရဲ့လား"

"အတန်ပင် တိမ်းယိမ်းလွဲမှားနေပါတယ်ဘုရား"

နတ်သမီးစကား မှားသွားခြင်းဖြစ်၏။ ထိုစကားကြောင့် ရဟန်းတော် မျက်မှောင်အတန်ကြုတ်သွားသည်။ နတ်သမီးစကားအရဆိုသော် သာသနာတော်တစ်ခုလုံး ခက်ရချေတော့မည်။ ဘုရားရှင် တရားတော်၊ အထူးသဖြင့် သာသနာတော်၏ အခြေအမြစ်ဖြစ်သော ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ် စသောတရားများကို သာသနာ့အရှင်ကောင်းများသည် ဂရုတစိုက်ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြရာတွင် သာသနာတော်နှစ်တစ်ထောင်ကျော်မျှဖြင့် တိမ်းယိမ်းလွဲမှားနိုင်မည်လော။ မှားသည် ဆိုစေဦးတော့၊ သဒ္ဒါအနေအထား အဖျားအနားကလေးများမျှသာ အတန်တိမ်းယိမ်းရာသည်။ အနှစ်သာရများမူကား အဘယ်နည်းနှင့်မျှ မှားယွင်း တိမ်းယိမ်းဖွယ်ရာမရှိ။ ထို့ကြောင့် ဤနတ်သမီးသည် သာသနာတော်ကို ရှုတ်ချလိုသော မိစ္ဆာဒိဋ္ဌိနတ်သမီး ဖြစ်ဟန်ရှိသည်ဟု ရဟန်းတော်တွေးလိုက်သည်။

"နတ်သမီး ထွက်သွားတော့။ နောက်ကိုလည်း ဒီနေရာကိုမလာခဲ့နဲ့"

"တပည့်တော် စကားမှားသွားမိပါသည်။ အရှင်မြတ်ဝီရိယလျော့မည်စိုး၍ ဝီရိယမဲ့တင်းစကား ဖြစ်မည်လားဟု အမှားကို လျှောက်ထားလိုက်ပါသည်။ အမှန်ကတော့

ဘုရားရှင်ဒေသနာတော်နှင့် အရှင်မြတ် ရွှတ်ဖတ်မှုဟာ တစ်လုံးတစ်ပါဒမျှ အမှားအယွင်း မရှိပါ။ သည်းခံတော်မူပါဘုရား''

ဤနတ်သမီး မာယာပရိယာယ်များသည်။ အရှည်ဆက်ဆံ၍မသင့်၊ နတ်သမီးနှင့် ဆက်ဆံသည်ကို အခြားသူများသိလျှင်လည်းမလျော်။ ထို့ကြောင့် မျက်နှာလွှဲ၍ ''သွားတော့၊ သွားတော့''ဟု လက်ပြလိုက်သောအခါ နတ်မိမယ်ခမျာ ကြောက်ကြောက် လန့်လန့်နှင့် ထွက်ခွာသွားရရှာသည်။

[ ၄ ]

ဘုရားရှင်လက်ထက်တော်တွင် ရုက္ခစိုးမယ် နတ်ဒေဝီတစ်ဦးနှင့် ရဟန်းတစ်ပါးတို့ အဆင်မပြေ တွေ့ကြုံဆက်ဆံကြရဖူးသည်လည်း ရှိသေး၏။

သာဝတ္ထိအနီးတွင် တောရနေလိုသော ရဟန်းတစ်ပါးက တောကျောင်းကလေး ဆောက်ရန်အတွက် သစ်ပင်တစ်ပင်ကို ခုတ်လှဲသည်။ ထိုအချိန်က ရဟန်းများသည် သစ်ပင်နှယ်ပင်တို့ကို မခုတ်ကြရဟူသော သိက္ခာပုဒ်တော်မပေါ်ပေါက်သေး။ အာဠဝီ ပြည်သား ရဟန်းတော်ဖြစ်၍ သူ့ကို အာဠဝီကိုယ်တော်ဟု ခေါ်ကြသည်။

သူသစ်ပင်ကို ခုတ်သောအခါ သစ်ပင်စောင့်နတ်မိမယ်က ''အရှင်ဘုရား၊ အရှင့်ဗိမာန်အတွက် တပည့်တော် ဗိမာန်ကို မဖျက်ဆီးသင့်ပါ''ဟု ကိုယ်ထင်ပြ၍ တားမြစ်သည်။ ရဟန်းက မလျှော့၊ ခုတ်မြဲခုတ်သည်။ ကလေးကိုပြ၍ တားမြစ်လျှင် ဤရဟန်း အလျှော့ပေးကောင်းပါရဲ့ဟုတွေးကာ ''အရှင်ဘုရား၊ တပည့်တော်မမှာ ဤကလေးငယ်နှင့်နေရပါသည်။ အခြားနေစရာမရှိပါ''ဟု ကလေးကို မြှောက်၍ ပြနိုက်တွင်ပင် ရဟန်းခုတ်လိုက်သော ဓားချက်အရှိန်ကြောင့် ကလေးငယ်၏ လက်ကလေး တစ်ချောင်း ပြတ်သွားရရှာသည်။

နတ်သမီး ဒေါသအလွန်ထွက်၏။ ဤနေရာတွင်ပင် သူ့တန်ခိုးဖြင့် ရဟန်းကို သတ်လိုက သတ်ပစ်နိုင်သည်။ သို့ရာတွင် သာသနာတော်ကို ကိုးကွယ်၍ စိတ်ကောင်း ရှိသော ရုက္ခစိုးမယ်ခမျာက သူ့ဆရာဖခင်ဘုရားရှင်၏ မျက်နှာတော်ကို ထောက်ကာ ဒေါသကို ချုပ်တည်း၍ ဘုရားရှင်အထံတော်သို့ ငိုယိုပြီး သွားရောက်လျှောက်ထားသည်။

ထိုစဉ်က သာသနာတော်တွင် တောရနေလိုသော ရဟန်းတို့အတွက် ကျောင်းနေရာ တစ်ခုကိုရဖို့ အခက်အခဲကိုလည်း သိ၊ စေတနာမပါသော မှားယွင်းမှုလည်း ဖြစ်သောကြောင့် ဘုရားရှင်က ရဟန်းကို တစ်စုံတစ်ရာ အပြစ်မတင်၊ မရှုတ်ချ။ နတ်သမီးကိုသာ တရားဟော၍ ဇေတဝန်ကျောင်းတော်အတွင်း၌ပင် လစ်လပ်သော သစ်ပင်တစ်ပင်ကို အစားပေးလိုက်သည်။ နတ်သမီးသောကငြိမ်းရုံမက ဘုရားရှင်အနီး ဇေတဝန်တွင် နေရာစားရသောကြောင့် ဝမ်းမြောက်သည်။

သို့ရာတွင် ဤဖြစ်ရပ်ကြောင့် ရဟန်းသည် သစ်ပင်နွယ်ပင်ကို အပထား၍ အညွန့်အညှောက် မျိုးစေ့မျှ မဖျက်ဆီးရဟူသော ဘူတဂါမ်သိက္ခာပုဒ်တော်ခေါ် ဝိနည်းသိက္ခာပုဒ်တစ်ပါး ထွန်းကားပေါ်ပေါက်လာရသည်။

[ ၅ ]

ယခုသော် တရားထိုင်လျက်ရှိသော အရှင်အနုရုဒ္ဓါ ဝန်းကျင်သို့ ဒေဝစ္ဆရာနတ်ကညာတစ်စုတို့ ဝိုင်းဝိုင်းလည် လာရောက်ဖူးမြော်ကြပုံကို ဖော်ပြရန်ဖြစ်၏။

ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူခိုက်ဖြစ်၏။ ကောသမ္ဗီပြည်တွင် သူဌေးကြီးသုံးဦးတို့က ဃောသိတာရုံ၊ ပါဝါရိကာရုံ၊ ကုက္ကုဋ္ဌာရုံဟူသော ကျောင်းကြီးသုံးကျောင်း ဆောက်လုပ်လှူဒါန်းထားကြရာ ဘုရားရှင်၏ နောက်တော်ပါ သံဃာတော်များသည် ယင်းကျောင်းကြီးသုံးကျောင်းတွင် မှ၍ သီတင်းသုံးနေကြ၏။

ရဟန်းတော်တို့တွင် နေ့သန့်ခြင်း၊ ညဥ့်သန့်ခြင်း ဟူသော ကိစ္စနှစ်ရပ်ရှိရာ နံနက်ပိုင်းတွင် ဆွမ်းခံ ဆွမ်းစား၊ ကျောင်းသန့်ရှင်း၊ သင်္ကန်းပရိက္ခရာ ချုပ်ဆိုးပြင်ဆင်၊ ရေမိုးချိုးစသော ဘဝနှင့်မကင်းနိုင်ရာကိစ္စတို့နှင့် အများအားဖြင့်ပြီးစီး၍ နေ့လယ်ပိုင်းတွင် စာပေပို့ချခြင်း၊ သင်ယူခြင်း၊ တရားအားထုတ်ခြင်းကိစ္စများပြုလုပ်သည်ကို 'နေ့သန့်ခြင်း' ဟုခေါ်၍ ညနေ ညဦးပိုင်း၌ ဘုရားရှင်ထံတော်ဝယ် တရားနာခြင်း၊ တရားဆွေးနွေးခြင်းတို့ဖြင့် အချိန်ယူကာ ညပိုင်းတွင် မကျိန်းစက်မီ အချိန်ပေးနိုင်သလောက် ဘုရားရှိခိုးခြင်း၊ ပရိတ်မေတ္တာ ရွတ်ဖတ်ပို့သခြင်း၊ တရားအားထုတ်ခြင်းတို့မှာ 'ညဥ့်သန့်ခြင်း'ဖြစ်၏။

ဒိဗ္ဗစက္ခု အဘိညာဉ် တေဒဂ်အရှင်ဖြစ်စေကာမူ ဝိမုတ္တိပန်းတုံးတိုင်သို့ မရောက်သေး၍ တရားအလုပ်ကို ကျားကုတ်ကျားခဲ ရှာဖွေကြိုးပမ်းလျက်ရှိသော အရှင်အနုရုဒ္ဓါသည် ရောက်လေရာ ဒေသတွင် ဆွမ်းကိစ္စပြီးစီးသည်နှင့် တစ်ပြိုင်နက် သင့်လျော်သော ဆိတ်ငြိမ်ရာကို ရှာဖွေ၍ တရားရှုမှတ်နေမြဲဖြစ်သည်။ ယခုလည်း ဃောသိတာရုံ ကျောင်းဝင်းကြီးထောင့် တစ်နေရာရှိ စောစောကပင် သတိပြုမှတ်သားထားခဲ့သော ညောင်ရိပ်ထီးဝန်းကြီးအောက်၌ တစ်ပါးတည်း နေ့သန့်တော်မူခိုက်တွင် ယင်းဒေဝစ္ဆရာတို့ တစ်စုတစ်ရုံး သိုင်းဝိုင်းရောက်ရှိလာကြခြင်းဖြစ်၏။

ရောက်ရှိ၍ ဝပ်တွားဦးချကြပြီးနောက် "အရှင်မြတ်ဘုရား၊ တပည့်တော်တို့သည် မနာပကာယိကာ နတ်သမီးများပါ။ ကိုယ်ခန္ဓာ အလှမယ်နတ်သမီးများဟု ခေါ်ကြပါသည်။ အရှင်မြတ်ကို တပည့်တော်တို့၏အဆင်းဖြင့်လည်းကောင်း၊ အဆိုအကဖြင့်လည်းကောင်း ပူဇော်လို၍ လာရောက်ကြပါသည်ဘုရား" ဟု လျှောက်ထားသည်။

တရားရှုမှတ်နေခိုက်တွင် သူရို့ဟာသူရို့ ကြည်ညို၍ အမှတ်မဲ့လာရောက် ပူဇော်ဦးခိုက်ပြီး အမှတ်မဲ့ပြန်သွားကြလျှင် တော်သေး၏။ ယခုသော် ခပ်ဆန်းဆန်း စကားဖြင့် ဖွင့်ထုတ်လျှောက်ကြားလာသောအခါ ပုထုဇဉ်အငွေ့မကင်းနိုင်သေးသော အရှင်မြတ်က တရားရှုမှတ်ရာမှ မှေးမှိန်ထားသောမျက်လုံးများကိုဖွင့်၍ ကြည့်လိုက်မိသည်။

ထိုအခါ တကယ့်ကို ထူးခြားလှပလျက် ယခင်က အရှင်မြတ် မတွေ့ဖူးသော ဒေဝစ္ဆရာ နတ်ကလျာများကို တွေ့လိုက်ရတော့သည်။ သူတို့ကိုယ်ရောင်နှင့်အတူ ရောင်စုံ ပြိုးပြက်လျက်ရှိသော နတ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ထားသည်။

အမျိုးသမီးတို့၏ ခန္ဓာကိုယ်အလှကို ခါးသေးရင်ချီ ပဒုမ္မနီ ဟူ၍လည်းကောင်း၊ ဆင်နှာမောင်းကဲ့သို့ သွယ်ပျောင်းပြေပြစ်သော ခြေတံလက်တံ၊ ပိတုန်းရောင်ကေသာ သုံးရက်လ ခုံးမျက်စ၊ သမင်ပျို့မ မျက်လုံး၊ သွားကလေးတွေက ပုလဲသွယ်၊ နီမြန်းသော နှုတ်ခမ်းအစုံ၊ ရွှေလည်တိုင်ဖော့ရီး စသည်ဖြင့်လည်းကောင်း ချီးပဖွဲ့ဆိုကြသည်။ ယခုအရှင်မြတ် တွေ့ရသော နတ်မိမယ်ကလေးများကိုမူကား အဘယ်သို့ ဖွဲ့ဆိုရမည် မသိ။ ပညာရှိတို့အဖွဲ့အဆိုထက် သာလွန်နေသည်ကတော့ အမှန်ဖြစ်သည်။ ထို့ကြောင့် လည်း နတ်မိမယ်တို့က တပည့်တော်တို့သည် ခန္ဓာကိုယ် အလှမယ်ကလေးများပါ ဘုရားဟု ဝင့်ဝင့်ကြွားကြွား လျှောက်ဆိုရဲကြခြင်း ဖြစ်ဟန်တူသည်။ ဤမျှမကသေး။

“တပည့်တော်မတို့သည် အဆင်း၊ အသံနှင့် မိမိတို့ အလိုရှိရာ မှန်သမျှ အရာဝတ္ထုများကို တောင့်တလိုက်သည်နှင့် တစ်ပြိုင်နက် ပြည့်စုံစေနိုင်သူများလည်း ဖြစ်ကြပါသည်။ သူတစ်ပါးတို့၏ စိတ်အကြံကိုလည်းသိ၍ သူတစ်ပါးတို့ ဆန္ဒကို တပည့်တော်တို့အလိုရှိလျှင် ဖြည့်ဆည်းပေးနိုင်သူများလည်း ဖြစ်ကြပါသည် ဘုရား”ဟု ခပ်ကြွားကြွား စကားထပ်ဆင့် လျှောက်ထားလိုက်ပေသေး၏။

အရှင်မြတ်ကို ရှိသေသမှု ပြုသော်လည်း သူရို့မျက်နှာများသည်ကား ပြုံးတုံ့ မပြုံးတုံ့ ရှိနေကြချေ၏။ နတ်မိမယ်တို့သည် အရှင်မြတ်ကို ကြည်ညိုရှိသေပါသည် ဆိုသမင့်လည်း အရှင်မြတ်၏ သီလကိုစမ်းလိုသော အမျိုးသမီးတို့၏ ဝါသနာ၊ မလိုတမာ စိတ်ကလေးများလည်း သရိုးသရီရှိနေကြဟန်တူသည်။

ထို့နောက်တွင်ကား ထိုင်နေရာမှထကြ၍ သာယာသော အသံများဖြင့် သီချင်း သံပြိုင်သီဆိုကြသည်။ သီချင်းသံနှင့်အတူ အရှင်မြတ်ကို ဝိုင်းဝိုင်းလည် လှည့်ပတ် က, ရွှင်ကြသည်။ သီချင်းအဓိပ္ပာယ်မှာ ကာမဂုဏ်ကို ဖွဲ့ဆိုခြင်းမဟုတ်၊ သံဝေဂဓမ္မနှင့် ရတနာသုံးပါး ပူဇော်သော အဓိပ္ပာယ်များဖြစ်နေ၍ တော်ပါသေး၏။

သူရှိ့ဟာ သူရှိ့ လုချင်သလောက် လု၊ က, ချင်သလောက်က သီချင်သလို သီကြသည်မှာ ရှိပါစေတော့။ အလိုရှိသမျှ တန်ခိုးဣဒ္ဓိရှိသည်ဆိုရာမှာလည်း ဟုတ်တန်ရာပါ၏။ သို့ရာတွင် သူတစ်ပါး စိတ်အကြံကိုလည်းသိ၍ သူတစ်ပါးစိတ်အကြံအတိုင်း ပြုလုပ်ပေးနိုင်သည်ဟူသော လျှောက်တင်ချက်မှာမူကား ကြွားလုံးများပင် ဖြစ်လေသလောဟု အရှင်မြတ် စမ်းဝါးကြည့်ချင်စိတ် ပေါ်လာသည်။

ထို့ကြောင့် နတ်ဒေဝီတို့ဝိုင်းလည် က, မြူးနေကြခိုက်တွင် ဤနတ်သမီးများသည် လူတို့၏ ရောင်စုံနတ်ဝတ်တန်ဆာမှ ကိုယ်လုံးပြည့် အဖြူရောင်သို့ ပြောင်းသွားခဲ့သော် သင့်လေရာ၏ဟု အရှင်မြတ် စိတ်ကူးကြည့်လိုက်သောအခါ စိတ်ကူးသည့်အတိုင်းပင် အဖြူရောင် အဝတ်အဆင်တို့သို့ တပြေးညီပြောင်းလဲကုန်ကြသဖြင့် အရှင်မြတ် အံ့ဩရသည်။ ထို့နောက် အနီရောင်၊ အညိုရောင် စသည်ဖြင့် အရှင်မြတ် စိတ်ကူးလိုက်တိုင်း ဒေဝစ္ဆရာတို့ အဝတ်အဆင်များမှာ မျက်လှည့်ပြသလို ရုတ်ခြည်းရုတ်ခြည်း ပြောင်းလဲသွားသည်။

ရှိစေ။ တန်ပြီ။ အရှင်မြတ်သည် တရားသတိ ပြန်လည်ဝင်ရောက်လာပြီဖြစ်၏။ ဤဒေဝစ္ဆရာများသည် ငါ့ကို အနှောင့်အယှက်ပြုလာကြဟန်တူသည်။ ငါ့သီလ ငါ့တရားကို စမ်းလာကြဟန်တူသည်။ ဤမျှအထိ အမှတ်မဲ့လိုက်လျောလိုက်မိမှုသည်ပင် လွန်လှပြီဖြစ်၏ ဟူသော တရားအသိဖြင့် စိတ်တံခါးကိုပိတ်လိုက်၏။

စိတ်တံခါးကို ပိတ်လိုက်၏ဆိုသည်မှာ သတိမရှိလျှင် အမြဲပင် ဖွင့်ထားလျက် ရှိနေကြသော ခန္ဓာကိုယ်ပဋ္ဌကမှ အရေးအကြီးဆုံးသော မျက်စိနှစ်လုံးကို မေးမှိတ်ပိတ်ဆို့လိုက်ခြင်းပင်ဖြစ်၏။ တစ်နည်းဆိုသော် ပြင်ပမှ အတိုက်ခံတတ် အာရုံခြောက်ပါးကို အခံခံတတ်ဖြစ်သော ခန္ဓာကိုယ် အာရုံခြောက်ပါးအနက် အရေးအကြီးဆုံးသော မျက်လွှာတံခါးကို ပိတ်၍ ရှုမှတ်အပ်သော အဇ္ဈတ္တဂေါစရမ္မောသို့ လှည့်ယူ ရှုစိုက်လိုက်ခြင်းပင် ဖြစ်ပေ၏။

ထိုအခါ ဒေဝစ္ဆရာများအဖို့ အရှင်မြတ်သည် မျက်လုံးတော်နှစ်စုံကို ပိတ်လိုက်ပြီ၊ ငါတို့ကို အလိုမရှိ၊ ငါတို့အာရုံမှ ဖယ်ရှောင်လိုက်ပြီဟု သိရှိကာ ရှောင်ခွာ၍ ထွက်သွားကြတော့သည်။

[ ၆ ]

ဒေဝစ္ဆရာတို့ ထွက်ခွာသွားကြသောအခါ ယင်းသို့ ဒေဝစ္ဆရာများမခေါ်ပင့်ချေ ရောက်လာလေမှုကြောင့် အရှင်မြတ်အဖို့ ဝမ်းမြောက်စိတ် ဖြစ်ပေါ်လာရ၏။ အကြောင်းကား

ယနေ့ညဦးပိုင်း တရားမဏ္ဍပ်တွင် ဘုရားရှင်အား လျှောက်တင်ဖို့ရန် စကားအကြောင်းရပ် ရရှိလာသောကြောင့်ဖြစ်သည်။

ရဟန္တာအရှင်မြတ်ကြီးတို့မှာ နတ်ပြည်အထပ်ထပ် ဗြဟ္မာ့ဘုံအထွေထွေတို့သို့ ရောက်ဖူးကြလှပြီဖြစ်၍ နတ်မိမယ်ဆိုသည်မှာ အဘယ်မျှ ထူးခြားသည်ဆိုစေ ရိုး၍ နေပြီဖြစ်၏။ အရှင်အနုရုဒ္ဓါအဖို့မူကား အောက်ခြေနတ်ကလေးများကိုသာ တွေ့ရဖူးသောကြောင့် မနာပကာယိကာဆိုသော ကိုယ်အလှနတ်မိမယ်ကလေးများကို တွေ့ရသောအခါ ထူးခြား၍နေ၏။ သို့သော် ယင်းနတ်မိမယ်ကလေးများသည် အများနှင့်ယှဉ်သော် အမှန်ပင် အကျိုးပေး ထူးခြားသူများ ဖြစ်ကြပါ၏။ အကြောင်းသော်ကား ယင်းနတ်မိမယ်များကို ဖန်းတင်၍ ဘုရားရှင်ကိုယ်တော်တိုင် အိမ်ထောင်ရေးတရား ဟောကြားတော်မူသည်မှာ အကြိမ်ကြိမ်ပင်ဖြစ်၏။ ဝိသာခါကို ဟောသည်။ နကုလမာတာကို ဟောသည်။

ယနေ့ ညဦးပိုင်း တရားမဏ္ဍပ်၌ အရှင်အနုရုဒ္ဓါက ဘုရားရှင်အား "အရှင်မြတ်ဘုရား၊ တပည့်တော် ယနေ့တိုင် တရားထိုင်သည့်နေရာသို့ မနာပကာယိကာနတ်သမီးများ ဝိုင်းရံရောက်ရှိလာကြပါသည်။ သူတို့သည် အများနှင့်နှိုင်းစာသော် အဆင်း၊ အသံ၊ တန်ခိုးအားဖြင့် ထူးခြားသူများဖြစ်ကြပါသည်။ သူတို့သည် အဘယ်ကောင်းမှုကြောင့် ဤဘဝကို ရရှိကြပါသနည်း အရှင်ဘုရား"ဟု လျှောက်ထားလာသောအခါ ဝိသာခါတို့အား ဟောကြားအပ်သော အိမ်ထောင်ရေးတရားကို ဘုရားရှင်က ထပ်မံဟောကြားရပြန်သည်။

"အနုရုဒ္ဓါ၊ မနာပကာယိကာနတ်သမီးတို့သည် အများနှင့်နှိုင်းစာသော် ထူးခြားသူများ ဖြစ်ကြသည်မှန်ပါ၏။ သူတို့သည် ဤဘဝ၌ ရရှိကြသည့် ကောင်းကျိုးသည်ကား အခြားမဟုတ်၊ အိမ်ဦးနတ်ဖြစ်သော ခင်ပွန်းလင်နှင့် မိမိအိမ်ထောင်ကို သာယာအောင် စောင့်ရှောက်ထိန်းသိမ်းသော ကောင်းမှုပေတည်း"

"အနုရုဒ္ဓါ၊ အကြင်အမျိုးသမီးသည် မိမိလင်ယောကျ်ားကို ကောင်းစွာ လုပ်ကျွေး၏။ စိတ်ချမ်းသာအောင် ပြုမူ၏။ ထိုအမျိုးသမီးသည် ကွယ်လွန်သောအခါ ကိုယ်ခန္ဓာ အလှမယ်မနာပကာယိကာ နတ်သမီးဘဝသို့ ရောက်စေသည်"

"အနုရုဒ္ဓါ၊ အကြင် အမျိုးသမီးသည် ရှိသေထိုက်သော သူ့ဘက် ကိုယ့်ဘက် လူကြီးမိဘ ဆရာသမားတို့ကို ရိုသေသည်။ အိမ်မှုကိစ္စမှန်သမျှတွင် မပျင်းမရိဘဲ သာယာအောင် ထိန်းသိမ်းဆောင်ရွက်သည်။ ထိုအမျိုးသမီးအနား မနာပကာယိကာ နတ်မိမယ်တို့ ဘဝသို့ ရောက်စေသည်။"

"အနုရုဒ္ဓါ၊ အကြင် အမျိုးသမီးသည် လင်ယောကျ်ား လုပ်ဆောင်ရှာဖွေသော ပစ္စည်းဥစ္စာကို လုံခြုံအောင် စောင့်ရှောက်သည်။ ထိုပစ္စည်းဥစ္စာတို့အပေါ်၌ အပျော်မကြူး

တတ်သူ၊ မခိုးမဝှက် မကဲ့မလိမ်တတ်သူ၊ အရက်သေစာ မသောက်စားတတ်သူဖြစ်၏။ ထိုအမျိုးသမီးအဖို့ ခန္ဓာကိုယ်အလှ နတ်မိမယ်ဘဝသို့ ရောက်စေသည်''

''အနုရုဒ္ဓါ၊ အကြင် အမျိုးသမီးသည် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ မိမိလင်ယောကျ်ားမှ အခြားတစ်ပါးအပေါ်၌ ကာမဂုဏ်အားဖြင့် မှားယွင်းသော အကျင့်ကို မပြုလုပ်ခြင်း၊ သေအရက် စသော မူးယစ်စေမှုမှန်သမျှကို ရှောင်ကြဉ်ခြင်းတည်းဟူသော ပဥ္စသီလ်ငါးပါးနှင့် ပြည့်စုံ၏။ ထိုအမျိုးသမီးအတွက် လားရာဂတိကား တန်ခိုးရှင်နတ်မိမယ်တို့ဘဝပင် ဖြစ်ပေ၏။''

''အနုရုဒ္ဓါ၊ အကြင် အမျိုးသမီးသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို မပြတ်ကိုင်းရှိုင်းသော ဥပါသိကာမ ဖြစ်၏။ လင်ယောကျ်ားနှင့် အခြားမည်သူ့ကိုမျှ မထီမဲ့မြင်မပြု၊ အိမ်မှုလုပ်တို့ကို မျှတသော အစားအဝတ်ပေး၍ ပြေပြစ်စွာ ဆက်ဆံတတ်၏။ မစ္ဆရိယကင်းသောစိတ်ဖြင့် အိမ်ကို စိုးအုပ်နေထိုင်တတ်၏။ ထိုအမျိုးသမီးသည် အလိုဆန္ဒရှိသမျှ ပြည့်ဝသော နတ်မိမယ်ဖြစ်ရ၏။ အချုပ်အားဖြင့်ဆိုသော် အကြင် အမျိုးသမီးသည် သီလနှင့် ပြည့်စုံ၍ ရတနာသုံးပါးကို ကိုင်းရှိုင်းကာ အိမ်ဦးနတ်ဖြစ်သော လင်ယောကျ်ားကို လေးစားပြီးလျှင်၊ မထီမဲ့ကင်း၊ ဆောင်နှင်းဥစ္စာ၊ မိစ္ဆာကြဉ်ရှောင်၍ လျော်အောင်နေသူဖြစ်လျှင် မနာပကာယိကာ မည်သော နတ်သမီးတို့ဘဝသို့ ချဉ်းကပ်ရောက်ရှိနိုင်သည်''ဟု အိမ်ထောင်ရေး တရားတော်အဆုံး နိဂုံးကမ္ပတ်အပြီးသတ်တော်မူလိုက်သောအခါ လောကမှ လွတ်မြောက်ရာ ဝိမုတ္တိတရားတော် မဟုတ်သော်လည်း လောက၏ ငြိမ်းချမ်းစည်ပင်ရေး တရားတော်ဖြစ်သောကြောင့် ရဟန်းအများက သာဓုသုံးကြိမ်ခေါ်လိုက်ကြသည်။ ။

# လေးပွင့်တစ်ခိုင်

[ ၁ ]

ဘုန်းကြီးအမူရှာကပ်ဟူသော စကားရှိသည်။ ယခုသော် ရှာအမူသည် ဘုန်းကြီးကပ်ရုံမျှမက ပုဏ္ဏားအမူ ဘုရားသို့ ကပ်လာ၏။

သတ္တဝါအမျိုးမျိုး၊ လူတန်းစားအဖုံဖုံ စရိုက်မျိုးစုံ၊ ဝေနေယျမျိုးစုံတို့နှင့် ဆက်ဆံရသော ဘုရားရှင်အဖို့ ဤလိုအတွေ့အကြုံမျိုး မကြာခဏတွေ့ကြုံရ၏။ မင်းမှုစိုးရာ နိုင်ငံရေးတွင် ပါဝင်၍ အဆင်ပြေအောင် ဆောင်ရွက်ရသည့်လည်းရှိ၏။

သတ္တဝါတို့စရိုက်တွင် အလိုက်သင့်စွာ မလွှဲသာမရှောင်သာ ဟောပြောဆောင်ရွက်ခြင်းဟု ဆိုနိုင်သော်လည်း ကြီးမြတ်သော ဘုရားရှင်၏နေရာနှင့်နှိုင်းယှဉ် တွေးဆသော် စိတ်မောစရာ ဖြစ်ရတော့သည်။ ယခုလည်း ဥပါသကာပုဏ္ဏားက သူ့သမီးများကို အိမ်ထောင်ချမည့်ကိစ္စတွင် ဘုရားရှင်သို့ လျှောက်ထားလာပြန်၏။ အတိုင်ပင်ခံ လာပြန်၏။

[ ၂ ]

သမီးတစ်ယောက်အရွယ်ရောက်လာသော် မိခင် ဖခင်တို့အဖို့ သမီး အိမ်ထောင်ရေးကို တွေးပူရသည်မှာ ဓမ္မတာဖြစ်၏။ သမီးချောလေးယောက်ပင်ရှိနေသော ဖခင်အဖို့သော် အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ သမီးကလေးတွေက ချောရုံ လှရုံမဟုတ်၊ လိမ္မာသည်။ မိဘစကား နားထောင်သည်။ အနေအထိုင် ပိရိသည်။ မြတ်စွာဘုရားသခင်ကိုလည်း ကြည်ညိုကြသည်။

ကြုံလှာပုံမှာ အကြင်သတို့သားတစ်စုံတစ်ယောက်က သမီးတစ်ယောက်ယောက်ကို တောင်းလာခဲ့ပါသော် အဆင်ပြေဖွယ် ရှိပေသေး၏။ ယခုသော် သတို့သားလေးယောက်က သမီးလေးယောက်ကို မိမိတို့ တစ်ယောက်တည်း၊ တစ်ပြိုင်တည်း ရလိုလှပါချည့်ဟု မရှေးမနှောင်းတောင်းဆိုလာကြခြင်းနှင့် ကြုံကြိုက်နေရခြင်းပင် ဖြစ်ပေသည်။

သိကြားမင်းကြီး ဦးမာဃစတင်ခဲ့ဟန်တူသော မယားပြိုင်ဟုဆိုဆို၊ မယားတူဟုဆိုဆို၊ မယားကြီးငယ်ဟုဆိုချင်ဆို အကြင်ယောကျ်ားတစ်ယောက်အဖို့ မယားလေးယောက်ကို တစ်ပြိုင်တည်း တောင်းဆိုနိုင်ခွင့် ယူနိုင်ခွင့်ရှိသည်မှာ ဗြာဟ္မဏတို့အစဉ်အလာပင် ဖြစ်၏။

တောင်းဆိုလာသော ဆိုင်ရာတို့က လှသော၊ ချောသော၊ အလိမ္မာတူသော၊ သီလရှိသော ညီအစ်မလေးဖော်ကို တစ်ပြိုင်တည်း ရယူလိုကြပါသည်။ အကြောင်းမှာ ညီအစ်မရင်းချာချည်းဖြစ်၍ သင့်တင့်ညီညွတ်ကြပါလိမ့်မည်။ ရာသက်ပန် ရိုးမြေကျ သစ္စာရှိရှိ ပေါင်းပါမည်ဟု ဆိုလာကြ၏။

ဟုတ်တော့လည်း ဟုတ်သည်။ ညီအစ်မလေးဖော် တစ်အိမ်တည်း တစ်နေရာတည်းရှိနေလျှင် မိဘတို့ စိတ်အေးရသည်။ တစ်နေ့နေ့တွင် တစ်စုံတစ်ယောက်ထံတွင် မယားများအဖြစ် ညီအစ်မလေးဖော် တစ်ကွဲတပြားရောက်ရှိသွားသော် မယားချင်း မသင့်မြတ်မှုကြောင့် မိဘဆွေမျိုးတို့ ပူပန်ကြရမည်။ တောင်းလာသူများမှာလည်း မိဘတို့ အမြင်ဖြင့်ကြည့်သော် သင့်လျော်သူများချည်းဖြစ်သည်။ ခက်သည်မှာကား ကြုံတောင့်ကြုံခဲ သတို့သားလေးယောက်စလုံးက မရွေးမနှောင်းဆိုသလို တစ်ပြိုင်နက် တောင်းဆိုကြခြင်းပင်ဖြစ်ပေ၏။

သတို့သားတစ်ယောက်မှာ အရွယ်ငယ်ငယ်၊ ရွယ်တူ တန်းတူနှင့်အဆင်းလှ၏။ သို့သော် မိဘအလိုလိုက်မှုကြောင့် လူငယ်ဘာဝ အကျင့်ပျက်ကလေးများ ရှိနေသည်ဟု ကြားရ၏။ သူ့မိဘများကလည်း ပစ္စည်းဂုဏ်မောက်လွန်းသည်ကြားရ၏။ ဤအချက်ကလေးများကို သည်းခံနိုင်လျှင် သမီးတို့နှင့် ရွယ်တူတန်းတူဖြစ်၍ တင့်တယ်ဖို့ရှိသည်။

တစ်ယောက်ကတော့ အရွယ်အတန်ပင်ကြီးသည်။ ပစ္စည်းကားရှိ၏။ ကြီးလျှင်မှီဟူသော စကားအရ သမီးတို့အဖို့ လူကြီးမိဘသဖွယ်လည်း မှီခိုရဖို့ရှိ၏။ သို့သော် ကြီးလာသောအခါမှ ငြိမ်နေခြင်းဖြစ်၍ ငယ်စဉ်ကမူ အကျင့်ပျက်မျိုးစုံနှင့် ကြီးလာခဲ့ရသော လူပျိုကြီးဖြစ်သည်ဟု ကြားရသည်။

တစ်ယောက်က မိမိတို့ထက် အမျိုးမြတ်၏။ ဗြာဟ္မဏတို့အဖို့ မျိုးရိုးကိုကြည့်ရခြင်းမှာ အရေးတကြီးကိစ္စဖြစ်သည်။ ပစ္စည်းလည်းရှိပါ၏။ သို့သော် အမျိုးမြတ်သည်ဟူသောဂုဏ်ဖြင့်ပင် အမျိုးနိမ့်သူများအပေါ်၌ မောက်မာဝင့်ဝါလေ့ရှိသူ ဖြစ်ကြောင်း သိရသည်။

ကျန်တစ်ယောက်မှာ အသက်ချင်းနှိုင်းစာသော် သမီးတို့ထက် အတန်ကြီးရင့်သူ ဖြစ်သော်လည်း သဘောကောင်းသည်။ သိမ်မွေ့ ငြိမ်ဆိမ်သည်။ အကျင့်သီလကောင်းသောသူဖြစ်၍ မိမိတို့နှင့်ပင် ဘုရားရှင်ကျောင်းတော်သို့ နှစ်ကြိမ်သုံးကြိမ်မျှ အတူသွား၍

သီလဆောက်တည်ကြဖူးသည်။ ပစ္စည်းအနေနှင့်လည်း သူများနည်းတူ တင့်တောင့်တင့်တယ်ရှိသူဖြစ်၏။

သမီးများကိစ္စကို အိမ်သူပုဏ္ဏေးမကြီးနှင့် တိုင်ပင်လိုက်သည့်အခါတိုင်း သူ့သဘော၊ ကိုယ့်သဘောနှင့် မဝေနိုင်မခွဲနိုင်ရှိကြရ၏။ သမီးများကိစ္စဆိုတော့ သက်ဆိုင်ရာတို့က အိမ်သူမကြီးသို့ သူတစ်မျိုးငါတစ်ဖုံ ပင့်မြှောက်ပြောဆိုကာ ချဉ်းကပ်ကြ၏။ ထိုစကားများအရ အိမ်သူမကြီး မဝေခွဲနိုင်သလို မိမိအဖို့လည်း သောင်မတင်ရေမကျ ရှိနေရ၏။ သို့ဖြစ်၍ သိတော်မြင်တော်မူသော ဘုရားရှင်သို့ လျှောက်ထားကာ ဘုရားရှင်၏ အဆုံးအဖြတ်ကို ခံယူခြင်းသည်သာ အကောင်းဆုံးဟု ဖခင်ကြီး စိတ်ကူးရသည်။

အိမ်ထောင်ရေးကိစ္စဖြစ်၍ ဘုရားရှင်အား လျှောက်ထားရန်တော့ မလျော်လှ၊ သို့သော်တစ်သက်လုံး စိတ်အေးရမည့်ကိစ္စတွင် မိမိတို့အားထားရာ ဖြစ်သည့်အတိုင်း တစ်ကြိမ်တစ်ခါတော့ လျှောက်ထားသင့်ကောင်းပါ၏ဟု ယူဆသည်။ ထိုအတွေးအရ လူပရိသတ်၊ ရဟန်းပရိသတ် ကင်းရှင်းသည့် သင့်လျော်သော တစ်ချိန်တွင် ဘုရားရှင်အထံတော်သို့ ဝင်ရောက်ကာ အကျိုးအကြောင်းအဖြစ်သနစ်ကို အပြည့်အစုံဖွင့်၍ အဆုံးအဖြတ် ပေးတော်မူပါမည့်အကြောင်း လျှောက်ထားလိုက်လေသည်။

[ ၃ ]

အတော်ခက်၏။ ဘုရားရှင်၏ နှုတ်တော်မှ တိုက်ရိုက်ဖွင့်၍ မပြောဟောသင့်သော အလားတူ ကိစ္စများအကြိမ်များစွာ ကြုံခဲ့ရသည်။ အချို့ကို ရဟန်းတော်တို့မှ တစ်ဆင့်သိစေရ၏။ အချို့ကို ဥပမာမျှဖြင့်ဟောသည်။ အချို့ကိုသွယ်ဝိုက်၍ မိန့်၏။ သူ့မိဖုရားက သူ့ကိုချစ်ပါသည် မပြောကောင်းသလားဟု မကျေမနပ်ဖြစ်နေသော ကောသလဘုရင်က လာ၍တိုင်သော ကိစ္စမျိုးကိုမူ အတ္တသမာပေမာနတ္ထိစသည်ဖြင့် တရားဟော၍ လွှတ်ရ၏။

ဤလို အသေးအမွှားကိစ္စကလေးမျိုးကို ထားပါတော့၊ ဝေသာလီကို တိုက်သင့် မတိုက်သင့်ဆိုသော တိုင်းရေးပြည်ရေး ကိစ္စကြီးမျိုးအထိ လျှောက်ထားတိုင်ပင်လာသော အခါ ပြော၍လည်းမကောင်း၊ မပြောဘဲနေပြန်လည်း ကိစ္စမပြီးနှင့် အရှင်အာနန္ဒာကို အနီးသို့ခေါ်ကာ လျှောက်လာသော ဝဿကာရကိုမပြော၊ အရှင်အာနန္ဒကိုသာ အမေးအဖြေလုပ်ခြင်းဖြင့် သွယ်ဝိုက်၍ သိစေလိုက်ရသည်။

ယခု ပုဏ္ဏားကြီး လျှောက်လာသော သူ့သမီးများအိမ်ထောင်ချထားရေးကိစ္စကို အဘယ်ပုံဟောပြော၍ အဘယ်ပုံ အဆုံးအဖြတ် ပေးရပါမည်နည်း။ အားကိုးတကြီးနှင့်

လာသည်ကို မဟောမပြော၍တော့မပြီး၊ ကိစ္စမရှိ၊ ဘုရားရှင်တွင် ဤလိုကိစ္စကြုံလာလျှင် တိုက်ရိုက်မဟောသော်လည်း သိစေနိုင်သောနည်းလမ်း ရှိပြီးမဟုတ်လော။ ထိုနည်းလမ်းသည်ကား အတိတ်ကိုဆောင်၍ ဇာတ်တော်ဖြင့် ဟောပြောသော နည်းပင်ဖြစ်ပေသည်။ ထို့ကြောင့် ''ပုဏ္ဏားကြီး၊ ဧစ္ဆေနားထောင် နာယူလော့''ဟူသော မိန့်ခွန်းတော်ဖြင့် စတင်လိုက်သည်။

''ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်၌ ငါဘုရားအလောင်းသည် တက္ကသိုလ်ပြည်ဝယ် ဒိသာပါမောက္ခဆရာဖြစ်၏။ ထိုအခါ ပုဏ္ဏားတစ်ယောက်တွင် သင့်အလားတူပင် သမီးလေးယောက်ရှိ၍ သတို့သားလေးယောက်တို့က တစ်ပြိုင်နက် တောင်းလာကြသောအခါ မဝေခွဲနိုင်ရှိ၍ ဒိသာပါမောက္ခဆရာထံ သွားရောက်ကာ အကျိုးအကြောင်းကို ပြောပြပြီးလျှင် မည်သူနှင့် ထိမ်းမြားရမည်နည်းဟု အဆုံးအဖြတ်တောင်းသည်။

''ထိုသတို့သား လေးယောက်တို့သည်လည်း ယခုသင်တွေ့ကြုံသော သတို့သားများကဲ့သို့ပင် တစ်ယောက် အဆင်းလှ အရွယ်ငယ်၏။ တစ်ယောက်က အသက်ကြီး၏။ တစ်ယောက်က အမျိုးမြတ်၍ တစ်ယောက်ကမူ အကျင့်သီလနှင့် ပြည့်စုံသူဖြစ်သည်။

''ဆရာက အဆုံးအဖြတ်ပေးလိုက်သည်မှာကား အရွယ်ငယ် အဆင်းလှသူသည် သင့်လျော်ပါ၏။ အကျိုးစီးပွားရှိနိုင်ပါ၏။ အရွယ်ကြီးသူမှာ သမီးတို့က အရိုအသေပြုရမည့်လူဖြစ်၍ အကျိုးရှိပါ၏။ သည်းခံပေါင်းသည်းနိုင်ပါရာ၏။ အမျိုးမြတ်သောသူသည်လည်း အမျိုးတို့ အလယ်တွင် တင့်တယ်သူဖြစ်၍ အကျိုးရှိရာပါသည်။ သို့ရာတွင် ငါတို့သည်ကား အကျင့်သီလနှင့် ပြည့်စုံသူကိုသာ နှစ်သက်၏။ အကြောင်းမူကား လောက၌ ကိစ္စမှန်သမျှသည် အကျင့်သီလသာလျှင် ပြဋ္ဌာန်း၍ အကျင့်သီလသာလျှင် အခြေခံဖြစ်ပေသောကြောင့်တည်း''ဟု အဆုံးအဖြတ်ပေးလိုက်သည်။

''အရှင်မြတ်ဘုရား၊ တပည့်တော်နားလည်ပါပြီ။ တပည့်တော်သည်လည်း ဤအတိုင်းပင် စဉ်းစားမိခဲ့ပါ၏။ သို့ရာတွင် အိမ်သူမကြီးကို တောင်ပြော မြောက်ပြောနှင့် သဘောချင်းမတိုက်ဆိုင်ကြ၍သာ လာရောက် လျှောက်ထားရခြင်းဖြစ်ပါသည်။ ဒိသာပါမောက္ခဆရာကြီး အဆုံးအဖြတ်အတိုင်းပင် တပည့်တော် လိုက်နာပါတော့မည်ဘုရား''

အထူးမှာကား ဇာတ်တော်များကို ဟောတော်မူပြီးတိုင်း၌ သစ္စာဓမ္မကို ပြတော်မူမြဲအတိုင်း ပုဏ္ဏားကြီးအားလည်း မဂ္ဂသမုဒယာ၊ လေးသစ္စာတို့ဖြင့် နှိုင်းရှည့်၍ အချောသတ်လိုက်သောအခါ ပုဏ္ဏားကြီး သောတာပန် တည်သွားခြင်းပင် ဖြစ်ပေသတည်း။

# ဆရာကို ကျေးဇူးဆပ်ခြင်း

[ ၁ ]

'အောင်ခြင်းရှစ်ပါး' ဟု အသိများနေကြသော်လည်း အမှန်သော် အောင်ခြင်း တစ်ဆယ့်ခြောက်ပါးဖြစ်သည်။ မာရ်နတ်၊ အာဠဝက၊ နာဠာဂီရိ၊ အင်္ဂုလိမာလ စသူတို့ကို အောင်တော်မူခြင်း ရှစ်ပါးနှင့်မောဟ၊ တဏှာ၊ အဝိဇ္ဇာစသည့် အမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းအပ်သော ကိလေသာတို့ကို အောင်တော်မူခြင်း ရှစ်ပါးဖြစ်၏။ မာရ်နတ်၊ အာဠာဝက စသော အပြင်အပ အောင်ခြင်းရှစ်ပါးနှင့် ကိလေသာအတွင်းသား အောင်ခြင်း ရှစ်ပါးဟု ခေါ်သည်။

အမှန်အားဖြင့်သော် ဘုရားရှင်၏ အောင်တော်မူခြင်းတို့သည် များလှစွာကုန်၏။ သို့ရာတွင် အပြင်အောင်ခြင်းရှစ်ပါးဟူသည့် ပညာနုနယ် ကလေးသူငယ်တို့အား အခြေခံအဖြစ် သင်ပေးရန်အတွက် ကလေးသူငယ်တို့နှင့် သင့်လျော်ရုံမျှသာ ရှေးဆရာကြီးများက စီကုံးရွေးချယ်ထားခဲ့ရာမှ အောင်ခြင်းရှစ်ပါးဟု ကျော်ကြား၍ လာခြင်းဖြစ်သည်။

အောင်တော်မူခြင်း ရှစ်ရပ်ရှစ်ပါးကို စဉ်းစားသောအခါ မာရ်နတ်ကို အောင်တော်မူခြင်းသည် သိဒ္ဓတ်မင်းသား၏ ဘုရားအဖြစ်ကို အန်တုရန်အတွက် ဗောဓိပင်နှင့်

ရွှေပလ္လင်ကို တိုက်ခိုက်ရန် ရောက်လာသော မာရ်နတ်အား ပါရမီတော် တည်းဟူသော အစီအရင်ဖြင့် အောင်မြင်တော်မူရာ၌ တစ်ကိုယ်တော် ဗုဒ္ဓရေးရာ ပုဂ္ဂလိက ရေးရာဟု ဆိုနိုင်ရာ၏။

အလားတူပင် ကိုယ်ဝန်ဖြင့်စွပ်စွဲလာသော စိဉ္စမာဏအား ငြိမ်သက်မှုသမာဓိ တည်းဟူသော အစီအရင်ဖြင့် အောင်မြင်တော်မူရာ၌လည်း ပုဂ္ဂလရေးရာဟု ဆိုနိုင်ရာ သေး၏။

ဘီလူးကြမ်း၊ ဆင်ကြမ်းကြီး အာဠဝကနှင့် နာဠာဂီရိ၊ လူကြမ်းကြီး အင်္ဂုလိမာလ တို့ကိုမူကား ကျွတ်ထိုက်သူဟု ဟူသော အမြင်တွင် မဟာကရုဏာတော်တည်းဟူသော အစီအရင်ဖြင့် အောင်တော်မူခြင်းဖြစ်သည်။

အယူ အစွဲ ခိုင်မြဲ ထန်သည်းလှသော သစ္စက ပရိဗိုဇ်ကြီးကို အောင်မြင်သည် ဆိုရာ၌ကား အတ္တ၊ အနတ္တ၊ ဝါဒရေးရာတွင် ပရိသတ်ဗိုလ်ပုံအလယ်၌ ပြိုင်ဘက်ဖြစ်သော နပန်းသမားကျောပြင်ကို မြေနှင့် ထိသည်အထိ မလှုပ်နိုင်အောင် အောင်နိုင်လိုက်သည် မှန်သော်လည်း စိတ်ဝမ်းချချ အကျွတ်တရားရသည်အထိ အောင်တော်မူခြင်းမဟုတ်ပေ။ အကြောင်းမူကားသစ္စကကြီးသည် တရားအခြေခံ ရရှံမှုဖြစ်၍ နောင်အခါ သီဟိုဠ် သာသနာရောက်လာမှသာ ဗုဒ္ဓရက္ခိတရဟန်းတော်အဖြစ် ကျွတ်တမ်း ဝင်သောကြောင့် ဖြစ်သည်။

နန္ဒောပနန္ဒနဂါးကို ချွတ်ရာ၌ကား အခြားအောင်တော်မူခြင်းကြီးများနှင့် နှိုင်းဆသော် သာမန်မျှဟုသာဆိုနိုင်ရာသည်။ အကြောင်းမူကား နန္ဒောပနန္ဒနှင့် တန်ခိုးပြိုင်ရာ၌ ဘုရားရှင်၏ အစီအစဉ်တွင် အရှင်မောဂ္ဂလာန်တည်းဟူသော တပည့် မျှဖြင့်သာ လွယ်အပ်အောင်မြင်တော်မူသောကြောင့်ဖြစ်သည်။

ဗကဗြဟ္မာကို အောင်မြင်တော်မူရာ၌ကား ရည်မှန်းတော် မူချက်သည်လည်း ထူးခြား၏။ ဖြစ်ရပ်သည်လည်း ထူးခြား၏။ ဘုရားရှင်တွင်ရှိမြဲ မဟာကရုဏာတော်၊ မေတ္တာတော်မျှမက အခြားရည်ရွယ်ချက်ရှိသောကြောင့် ရည်မှန်းတော်မူချက် ထူးခြားသည်ဟု ဆိုရခြင်းဖြစ်၏။

'ဗြဟ္မာ'ဟူသော ဝေါဟာရသည် ဘုရားရှင်ပွင့်တော်မမူမီ မှိုင်းမှုန်ပြာရီ ပဝေဏီ ခေတ်မှစ၍ ယနေ့တိုင်အောင် တဟိန်းဟိန်းမြည်ဟည်းလျက်ရှိသော်လည်း ကျမ်းဂန် လေ့လာသူမှအပ လူသာမန်တို့အဖို့ သူ့ကိုသိသူ အလွန်ရှားသည်။ နတ်ကို အသိများ သလောက် သူ့ကိုအသိနည်းသည်။ ထို့ကြောင့် ဖြစ်ရပ်ထူးခြားသည်ဟု ဆိုရခြင်းဖြစ်၏။

[ ၂ ]

ကျေးဇူးခံပုဂ္ဂိုလ်တစ်ပါးဖြစ်သော ဘုရားရှင်သည် ဘုရားဖြစ်တော်မူလာသောအခါ ကျေးဇူးရှင်အသီးသီးတို့အား ကျေးဇူးဆပ်တော်မူ၏။ မယ်တော် သန္တုသိတ နတ်သားအား ထူးခြားသော အဘိဓမ္မာတရားကို ဟောကြားတော်မူခြင်းဖြင့် ကျေးဇူးဆပ်သည်။ ခမည်းတော်ကြီးအား အမျိုးမာန်ကျိုးနိမ်အောင် ချိုးနှိမ်စေအပ်သော ဆွမ်းခံတရားဖြင့် ကျေးဇူးဆပ်သည်။ ပါရမီတော်ဖက် ယသော်ဒေဝီအား သည်းခံလိုက်လျောမှု အပူဇော်ခံခြင်းဖြင့် သောကငြိမ်းအေး ကျေးဇူးဆပ်သည်။ ဖွားဖက်တော် ငယ်ဖော် လူသွမ်းကြီး မောင်ဆန်အား သည်းခံလိုက်လျောတော်မူခြင်းဖြင့် ကျေးဇူးဆပ်သည်။ ယင်းသို့ဖြင့် ဘုရားရှင်၏ ကျေးဇူးဆပ် စာရင်းသည်များလှစွာ၏။

သို့ရာတွင် ကျေးဇူးဆပ်ချင်ပါလျက် ဆပ်ခွင့်မကြုံသောကြောင့် ရွှေရင်တော်ကို မ,၍ ဓမ္မသံဝေဂပင် ဖြစ်တော်မူခဲ့ရသော ဆရာဟောင်း ကျေးဇူးရှင်နှစ်ပါးမှာ ဥရုဝေလတွင် ကမ္မဋ္ဌာန ဓမ္မအခြေခံကို စတင်ရရှိစေခဲ့သူ အာဠာရနှင့် ဥဒကရသေ့ကြီး နှစ်ပါးပင်ဖြစ်ပေ၏။

အကယ်၍သာ ဤရသေ့ကြီးနှစ်ပါး အသက်ထင်ရှားရှိပါသေးချေသော် ပဥ္စဝဂ္ဂီတို့ အရင်ပင် တရားထူး တရားဦးနာ၍ သံသရာမှလွတ်မြောက်ကုန်ရာ၏။ ယခုသော် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မမူမီ အချိန်ကလေးတဲတဲမှာပင် အလွဲကြီးလွဲ၍ ကွယ်လွန်ကုန်ကြပေပြီ။ တရားကျေးဇူးဆပ်ချင်ပါလျက် မဆပ်လိုက်ရ။

မဂ္ဂရှစ်ဖြာ၊ သစ္စာလေးဝ၊ မြတ်ဓမ္မကို၊ ဆရာမကူ၊ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် ထိုးထွင်းသိမြင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့သည်မှန်ပါ၏။ သို့ရာတွင် နက်ရှိုင်းသော ယင်းသဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိတော်မူရန် အခြေခံ အကြောင်းရပ်မှာမူကား ယင်းဆရာနှစ်ပါးထံမှ ရရှိအပ်သော အမြင့်ဆုံးသော သမာဓိ လုပ်ငန်းရပ်များပင် ဖြစ်ပေသည်။

အာဠာရ ရသေ့ကြီးထံမှ သမာဓိလုပ်ငန်း၏ ဒုတိယလမ်းဆုံးအဆင့်ဖြစ်သော အာကိဉ္စညာယတန ဈာန်အဆင့်ထိ သင်ကြားတတ်သိရပြီး၊ ဥဒကရသေ့ကြီးထံမှ သမာဓိ စခန်း၏ လမ်းဆုံးအဆင့်ဖြစ်သော နေဝသညာနာသညာယတန ဈာန်အဆင့်ထိ သင်ကြား တတ်သိခဲ့ရသည်။

ဤအကြောင်းကို အကျယ်တဝင့်ဖော်ပြနေရခြင်းမှာ ယခုဖော်ပြမည့် ဇက ဗြဟ္မာကိုချုတ်တော်မူခန်းနှင့် သက်ဆိုင်နေသောကြောင့်ဖြစ်၏။ ဗြဟ္မာ့ပြည်၊ ဗြဟ္မာ့ဘုံ၊ ဗြဟ္မာတို့အကြောင်းနှင့် ယင်းဗြဟ္မာမျိုးစုံတို့၏ ဘဝသို့ရောက်စေဖြစ်စေသော သမထ အကြောင်း၊ ဈာန်အဆင့်ဆင့်အကြောင်းကို အခြေခံအားဖြင့် သိရှိထားဖို့ လိုသောကြောင့် ဖြစ်သည်။

ဘဝသံသရာ၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ ထက်အောက် စုန်ဆန်ဖြစ်ဖြစ်သမျှသော ၃၁ ဘုံ ဟုဆိုရာ၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တည်းဟူသော အောက်ခြေ ဒုဂ္ဂတိအပါယ်လေးဘုံ၊ လူ့ဘုံ၊ တာဝတိံသာ၊ ယာမာ စသော နတ်ပြည်ခြောက်ထပ်နှင့် ဗြဟ္မာဘုံ ၂၀ တို့ဖြစ်၏။

လူ့ဘုံနှင့် နတ်ပြည်ခြောက်ထပ်သည် ကောင်းသောသုဂတိဘဝများဟု ဆိုသော်လည်း ကာမဂုဏ်မျိုးစုံတို့ဖြင့် ရစ်ပတ်ရှုပ်လိမ် စည်းစိမ်ခံရာလည်း ဖြစ်သော ကြောင့် ကာမသုဂတိခုနစ်ဘုံဟုခေါ်သည်။ ပန်းတစ်ပွင့်၊ ဆွမ်းတစ်ခွက်မျှသော ကုသိုလ်ဖြင့် ယင်းခုနစ်ဘုံ၏ စည်းစိမ်ချမ်းသာမျိုးစုံကို ခံစားနိုင်ခွင့်ရှိ၍ ခြေလှမ်း တစ်ချက်မှား၊ စိတ်ထားတစ်ချက် မမှန်ရုံဖြင့်လည်း ငရဲသို့ ကျွမ်းပစ်၍ကျနိုင်သည်။ စေတနာအလျောက် လူဆိုးနတ်ဆိုးကြီးများဖြစ်နိုင်၍ ရဟန္တာလည်းဖြစ်နိုင်သည်။ ရှုပ်ထွေး ပွေလိမ်လှသော ဘုံဘဝများဖြစ်၏။

ကာမဂုဏ်ကင်းကွာ ဗြဟ္မာတို့၏ ဘုံကား သီးသန့်ဖြစ်၏။ သမထဘာဝနာသခင် ဈာန်အရှင်တို့၏ နေရာဖြစ်၏။ အကြင်မျှလောက် သမထ ဘာဝနာစခန်းကို နည်းလမ်း ရှိသမျှ ကျားကုတ်ကျားခဲကြိုးပမ်း၏။ ထိုမျှလောက် ကာမဂုဏ်ကင်းကွာသည်။

ဤနေရာ၌ 'ကင်းကွာ'ဟူသော ဝေါဟာရကို သတိပြုဖို့လို၏။ ကင်းကွာ ဟူသည် ကင်းဆိတ်ပြတ်သုဉ်းခြင်းမဟုတ်၊ ငုပ်တိမ်လျှို့ဝှက်နေခြင်းမျှသာဖြစ်၏။ သမထ ကြောင့် ကာမဂုဏ်သည် ကင်းရုံမျှကင်း ကွာရုံသာကွာ၍ သမထမရှိသောအခါ ကာမဂုဏ် ပြန်၍ကပ်လာ၏။ သမထမျှဖြင့် ကာမဂုဏ်မကင်းပြတ်၊ ဘုရားရှင် သာသနာတော်၏ အနှစ်သာရဖြစ်သော ဝိပဿနာ ဘာဝနာဖြင့်သာ ကင်းပြတ်ဆိတ်သုဉ်း နိုင်ခွင့်ရှိသည်။

လူသက်ထက် နတ်သက်ရှည်၏။ နတ်သက်ထက်ဗြဟ္မာသက်က ကမ္ဘာ အထပ်ထပ်ချဉ်းအောင် ရှည်၏။ လူသက်၊ နတ်သက်၊ ဗြဟ္မာသက်ဟု အစဉ်အတိုင်းသာ ပြောရသော်လည်း နတ်သက်၊ ဗြဟ္မာသက်တို့၏ သက်တမ်းမှာ လူသက်ထက် မနှိုင်းယှဉ် လောက်အောင်ကွာခြား၏။

တစ်ဖန် နတ်သက်ကို သိန်းသန်းကုဋေ ဂဏန်းထိုး၍ရနိုင်သေးသည်။ ဗြဟ္မာသက်မှုကား ယနေ့သိပ္ပံရေးရာတွင် 'အလင်းနှစ်'ဖြင့် တွက်သကဲ့သို့ ဗြဟ္မာသက် ကိုလည်း'မဟာကပ်'ဖြင့်တွက်ရသည်။ တွက်ပုံအကျယ်မှာ ရှုပ်ထွေးများပြား ကျယ်ဝန်း လှ၏။ သို့ဖြစ်၍ ဗြဟ္မာသက်ကို အကြမ်းအားဖြင့် ခန့်မှန်းဖို့ရန်မှာ ၁၂–မိုင်ပတ်လည်ရှိသော ဂိုထောင်ကြီးထဲသို့ မုန်ညင်းစေ့များ အပြည့်ထည့်ပြီးနောက် အနှစ်တစ်ရာရာလျှင် တစ်စေ့ တစ်စေ့ ထုတ်ယူရေတွက်သည်ဆိုပါစို့၊ မုန်ညင်းစေ့များကုန်သည်တိုင် မဟာကပ်တစ်ကပ် မပြည့်သေးပေ။

ဤအကြောင်းကို ဖော်ပြရသည်မှာ ဗုဒ္ဓပြဟ္မာ၏ သက်တမ်းနှင့် ယင်းသက်တမ်းမှ ထွက်ပေါ်လာသော သူ့အတွေ့အခေါ်ကို ရိပ်စားနားလည်စေနိုင်ရန် ဖြစ်၏။

အနိမ့်ဆုံးသော 'ပြဟ္မပါရိသဇ္ဇာ'ဘုံအစ အမြင့်ဆုံးသော 'နေဝသညာနာသညာ ယတန'ဘုံအထိ ပြဟ္မာဘုံပြဟ္မာ့နိုင်ငံနှစ်ဆယ်ရှိရာ၌ တစ်ဘုံထက်တစ်ဘုံသက်တမ်း ရာထောင် ပိုသွားသည်။ အနိမ့်ဆုံးဘုံမှစ၍ ဖော်ပြပါ မဟာကပ်ဖြင့် တွက်ရ၏။

ဗကပြဟ္မာကြီးသည် ဆယ်ဆင့်မြောက်ဖြစ်သော ဝေဟပ္ဖိုလ်ဘုံ၌ မဟာကပ် ငါးရာ အသက်ရှည်ခဲ့သည်။ ဝေဟပ္ဖိုလ်ဘုံမှ ကိုးဆင့်မြောက် သုဘကိဏှဘုံသို့ လျှောပြောင်း၍ မဟာကပ် ၆၄ ကပ်အသက်ရှည်သည်။ တစ်ဖန် ခြောက်ဆင့်မြောက် အာဘဿရာဘုံသို့ လျှောပြောင်း၍ မဟာကပ်ရှစ်ကပ်သာ အသက်ရှည်သည်။

ယင်းအာဘဿရာဘုံတွင် ဗကအအပါအဝင် ပြဟ္မာပေါင်း ၇၂ ပါးရှိနေရာ အတိတ်ပါရမီရင့်ကျက်၍ ပြဟ္မာ့ပြည်အထပ်ထပ်တွင် တမေ့တမောကြီး အနေကြာခဲ့သော ဗကပြဟ္မာက ဆရာကြီးဖြစ်၏။ မဟာပြဟ္မာကြီးဖြစ်၏။

သူတို့သည် အိုခြင်းကို မသိ။ ပြဟ္မာ့ရွာတွင် သူတကာထက် အနေကြာခဲ့သော ဗကပြဟ္မာက သာ၍မသိ။ အကြောင်းမူကား ပြဟ္မာဖြစ်လာ၍ ဖြစ်စတိုင်းသော ပျိုပျိုရွယ်ရွယ် ရုပ်အသွင်မှ မည်သည့်အခါတွင်မျှ အိုပုံအိုရိပ်မထင်။ အစဉ်နုပျို၍ အပြောင်းအလဲ မရှိခဲ့သောကြောင့်ဖြစ်သည်။ သန့်စင်လှသော ဈာန်လုပ်ငန်း၏ အရှိန်ကြောင့် အမြဲတမ်း ကိုယ်ရောင်ကိုယ်ဝါ တစ်လျှပ်လျှပ် တစ်ဝင်းဝင်းထွက်သည်။ တန်ခိုးအမျိုးမျိုးနှင့် ပြည့်စုံသည်။

သူတို့သည် နာခြင်းကိုမသိ။ အကြောင်းမူကား မည်သည့်အခါတွင်မျှ မနာဖူး သောကြောင့်ဖြစ်သည်။ သေခြင်းကိုမသိ။ အကြောင်းမူကား သူတို့၏ သေခြင်းဆိုသည်မှာ တစ်နေရာတွင် သက်တမ်းကုန်ဆုံးပြီးနောက် အိပ်သောယောကျ်ားနိုးသောလားသို့ တစ်နေရာသို့ ဘွားကနဲ ပေါ်ပေါက်လာသောကြောင့်ဖြစ်သည်။ ယင်းသို့ မသိခြင်းမှာ ဗကပြဟ္မာနှင့် ပို၍သက်ဆိုင်၏။ အကြောင်းကား ဖော်ပြပါ ပြဟ္မာ့ဘုံ အဆင့်ဆင့်တွင် တစ်ဘုံမှ တစ်ဘုံသို့ ကူးပြောင်းမှန်းမသိ ကူးပြောင်းလာသောကြောင့် ဖြစ်သည်။

သည်တော့ အတွေးအခေါ်ကြီး၍ ဆရာကြီးလည်း ဖြစ်လာသော ဗကပြဟ္မာအဖို့ အတွေးအမြင်သစ်တစ်ရပ် ဝင်လာသည်။ သူ့ဘဝသည် မအို၊ မသေ၊ မနာ၊ သတ္တဝါတို့ အသက်မည်သည့်အိုခြင်း၊ သေခြင်း၊ နာခြင်း၊ ပဋိသန္ဓေနေခြင်းတို့ဖြင့် လှည့်ပတ်လျက် ရှိသည်။ ငါတမူကား ယင်းဖြစ်ရပ်တို့မှ လွန်မြောက်လေပြီတည်း။ ငါ၏ ဘဝသည် အန္တိမ အဆုံးစွန်သော ဘဝပေတည်းဟူသော အတွေးအမြင်ပင် ဖြစ်ပေ၏။

ဖြစ်လောက်ပါပေသည်။ အကြောင်းမူကား ကမ္ဘာ့ဒ္ဓါန်းအလုပ်ကို မတောက် တစ်ခေါက် လုပ်၍ ဈာန်၏အောက်ခြေပရိယာယ်မျှဖြစ်သော အာလောကခေါ် အရောင် အလင်းကလေး ဖြစ်ပေါ်လာသည်ဆိုလျှင်ပင် ဆရာမကူလျှင် ရဟန္တာလေလား၊ အာသဝတို့ ကုန်ခန်းပြီလားဟု ဘဝင်ခတ်ထင်မှတ်တတ်ကြသောကြောင့်ဖြစ်၏။

ယင်းအခြေတွင်ပင် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်မှ သူတို့ဘုံသို့ ကွေးသောလက်ရုံးကို ဆန့်လိုက်သကဲ့သို့ တန်ခိုးတော်ဖြင့် ကြွချီဆိုက်ရောက်တော် မူလာ၏။

[ ၃ ]

ဘုရားရှင်ကို ထူးခြားလှစွာသော သူတော်ကောင်းယောဂီကြီးတစ်ပါးဟု သူတို့သိ၏။ နတ်ပြည်ခြောက်ထပ် ဗြဟ္မာ့ပြည်နှစ်ဆယ်တိုင်အောင် ဝှန်းဆူသောင်းလုံးကျော်လျက် ရှိသော ဘုရားရှင်အား မသိ၍လည်း မဖြစ်ပေ။ ဤပုဂ္ဂိုလ်ကြီး ပဋိသန္ဓေနေချိန်၊ ဖွားတော် မူချိန်မှစ၍ ယနေ့တိုင်အောင် နတ်ပြည်ခြောက်ထပ် ဗြဟ္မာ့ပြည်နှစ်ဆယ်လုံး တလှုပ်လှုပ် တရွရွဖြစ်လျက်ရှိကြသော နတ်ဗြဟ္မာများကို တွေ့ရ၏။ သူတောထွက်ချိန်တွင် သူ့ဆံပင်ကို တာဝတိံသာတွင် စူဠာမဏိပုထိုးတော်တည်၍ သူ့ပုဆိုးကို အကနိဋ္ဌ ဗြဟ္မာ့ဘုံတွင် ဒုဿစေတီတည်ထားကိုးကွယ်ကြသည်ကိုလည်းတွေ့ရ၏။ သူ တောထွက် ချိန်၌ လေးစားအပ်သော ဃဋိကာရဗြဟ္မာကြီးကပင်လျှင် သက်န်းပရိက္ခရာဖြင့် သွားရောက် ပူဇော်သည်ကိုလည်းတွေ့ရ၏။

နတ်ဗြဟ္မာတို့ အလှုပ်ရှားဆုံးအချိန်တစ်ချိန်မှာ မိဂဒါဝုန်တွင် ဓမ္မစကြာ တရားဦး ဟောချိန်ဖြစ်၏။ အနတ္တလက္ခဏသုတ် ဟောတော်မူသည့်အချိန်တွင်ကား နတ်ဗြဟ္မာ ရှိရှိသမျှတို့ ကုန်လုမတတ်သွားရောက်ကြသောကြောင့် ဒေဝတာသန္နိပါတ နတ်သဘင် အစည်းအဝေးကြီးဟုပင် အမည်ထွက်ခဲ့ကြသည်။

သို့ရာတွင် ဗကကြီးတို့ အဖို့မူကား ကိုယ့်ဈာန်နှင့်ပင် ကိုယ်ပျော်၍ အမှတ်မဲ့ပင် နေခဲ့ကြသည်။ ယခု မိမိတို့က မသွားရဘဲ မိမိတို့ထံသို့ ဘုရားရှင်ကြွရောက်လာသော ကြောင့် အတိုင်းမသိ ဝမ်းမြောက်ကြရ၏။ သို့ရာတွင် ရှေးဦးစွာ ထူးခြားလှသည်မှာကား ဤသူတော်ကောင်းကြီး မိမိတို့ဗိမာန်သို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် မိမိတို့တွင် အစဉ်မပြတ်ရှိနေခဲ့သော မိမိတို့၏ တလျှပ်လျှပ် တဝင်းဝင်း တထင်းထင်း တပြောင်ပြောင် ကိုယ်ရောင်ကိုယ်ဝါများ ပျောက်ကွယ်၍ သူတော်ကောင်းကြီး၏ကိုယ်မှ ရောင်ခြည်တော် တို့ကသာ လွှမ်းမိုးတည်ရှိလျက်နေသည်ကို တွေ့ရခြင်းပင်ဖြစ်ပေသည်။ ထို့ထက်

ထူးခြားသည်မှာကား သူဆိုက်ရောက်လာသည်နှင့် တစ်ပြိုင်နက် အခြားပြဟ္မာ့ဘုံတို့မှ ထိုထိုမှ ပြဟ္မာများစွာတို့သည်လည်း သူတော်ကောင်းကြီး၏ ရှေ့မှောက်သို့ ဆိုက်ရောက် ဦးနှိမ်လာကြခြင်းပင် ဖြစ်ပေသည်။

ဤသူတော်ကောင်းကြီးသည် လောကသုံးပါးတွင် ဘုရားအဖြစ် ဝန်ခံနေသူ ဖြစ်၏။ လူနတ်ပြဟ္မာသတ္တဝါတို့ ခယမ်းဆည်းကပ်ကြသည်ကို သိရသည်။ ယခုပင်လျှင် မိမိရှေ့မှောက်၌ ပြဟ္မာကြီးများ ရှိနိုးရှိသေနေကြသည်ကို တွေ့ရသည်။ တရားသခင် ဘုရားရှင်ဖြစ်နိုင်ကောင်းပါ၏။ သို့ရာတွင် သူသည် ပဋိသန္ဓေနေ၏။ မိခင်ဝမ်းမှ ဖွားအပ်သူ ဖြစ်၏။ တစ်နေ့တခြားအိုမင်းရင့်ရော်လာ၏။ နာမကျန်းဖြစ်၏။ သူ့သက်တမ်းမှာ တစ်ရာမျှသာရှိသည်။

ငါတို့သည်ကား မအို၊ မသေ၊ မနာ။သူ့ကို ကိုးကွယ်ဆည်းကပ်သကဲ့သို့ပင် ဇမ္ဗူဒိပ်ကျွန်းလုံးမျှသော သူတို့သည်လည်း ငါတို့ကို ကိုးကွယ်ကြ၏။ တောင့်တဆည်းကပ်ကြ၏။ ငါတို့သည် မည်သည့်အခါမျှ မအို၊ မနာ၊ မသေနိုင်သော အန္တိမ ဘဝပိုင်ရှင်များ ဖြစ်ကြသည်။

ဤသို့သောခံယူချက်တွင် ဘုရားရှင်နှင့် နှိုင်းယှဉ်တွေးခေါ်ကာ ဘုရားရှင် ကြုံဆိုသည်။ ခက်သည်မှာကား သာမန်လူသားမျှဖြစ်သော ဤရဟန်းကြီး၏ ကိုယ်ရောင်ကြောင့် တစ်လျှောက်လုံး အထင်ကြီးဂုဏ်ယူ၍လာခဲ့သော မိမိတို့၏ တဝင်းဝင်း တလျှပ်လျှပ် ကိုယ်ရောင်များ ပျောက်ကွယ်ကုန်ခြင်းပင် ဖြစ်ပေသည်။ ထို့ထက်ပို၍ ခက်သည်မှာကား မိမိတို့သည် ဘက်စုံပြည့် တန်ခိုးရှင်များဖြစ်ပါလျက် ဤရဟန်းကြီး ကြွရောက်လာသည်နှင့် တစ်ပြိုင်နက် ကျောင်းသားများအလယ်သို့ ဆရာကြီး ကြွရောက် လာသကဲ့သို့ စိုးရွံ့သိမ်ငယ်သွားရခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် ''အို–သူတော်ကောင်းကြီး ဗုဒ္ဓ၊ ကျွန်ုပ်တို့အထံသို့ ကိုယ်တော်တိုင် ကြွရောက်လာ၍ ဝမ်းမြောက်ကြရပါသည်။ ကျွန်ုပ်တို့ နေရာ၌ ချမ်းချမ်းသာသာ သီတင်းသုံးတော်မူပါ။ သူတော်ကောင်းကြီးသည် ကျွန်ုပ်တို့နေရာသို့ ကြွလာဖို့ရန် ယခုမှပဲ အချိန်ပေးပေတော့သကိုး''ဟု ဝမ်းမြောက်ဝမ်းသာ ပဋိသန္ဓာရ ကထာကို ပြောဆိုရင်း မြင့်မြတ်သော မိမိနေရာကိုပေး၍ ကြိုဆိုသည်။

ဘုရားရှင်က သင့်တင့်သော နှုတ်ခွန်းဆက်စကားဖြင့် ပြန်လည်မိန့်ကြား ပြီးနောက် ဗကပြဟ္မာ၏ မဟ္မာသနပလ္လင်တွင် နေသားတကျ ထိုင်နေတော်မူသောအခါ ပြဟ္မာ့ဘုံ ထိုထိုမှ ဆိုက်ရောက်လာကြသော ပြဟ္မာများသည် ဘုရားရှင်ဝန်းကျင်တွင် မိမိတို့ဆိုင်ရာ နေရာများ၌ ဝန်းရံရှိခိုးလာကြ၏။

အနာဂါမ်ဗြဟ္မာကြီးများ၊ မဟာဗြဟ္မာကြီးများက ရှေ့ပိုင်းမှ နေရာယူသည်။ မဟာဗြဟ္မာကြီးတို့၏ အလုပ်အကျွေးများဖြစ်ကြသော ဗြဟ္မပုရောဟိတာ၊ ဗြဟ္မ ပါရိသဇ္ဇာ ဗြဟ္မာငယ်များ၊ ဗြဟ္မာ မိန်းမများက နောက်ပိုင်းမှ နေရာယူသည်။

ဗြဟ္မာမိန်းမဟူသည်မှာ ဘုရားရှင်၏ မိခင်သန္တုသိတ နတ်သားကို 'မယ်တော်မိ နတ်သား'ဟု ဆိုသကဲ့သို့ သူတို့ရောက်လာခဲ့သောဘဝကိုထောက်၍ ဝေါဟာရ အဖြစ်မျှသာ ဆိုရသော်လည်း ဗြဟ္မာလောကတွင် ဗြဟ္မာဟူသည် လိင်သဘောအားဖြင့် ယောကျ်ားမိန်းမဟူ၍မရှိ။

ယောကျ်ားယောဂီများသည် မိမိတို့ တရားအဆင့်အလျောက် အနိမ့်ဆုံးဗြဟ္မ ပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာဟု အမည်ရသော ဗြဟ္မာကြီးတို့၏ အခြံအရံ အလုပ်အကျွေး ဗြဟ္မာများအဖြစ်မှ အမြင့်ဆုံး မဟာဗြဟ္မာကြီးများအထိ ဖြစ်လာကြသော်လည်း အမျိုးသမီး ယောဂီများသည်ကား မဟာဗြဟ္မာကြီး၏ အလုပ်အကျွေး ဗြဟ္မာငယ်ဘဝအဆင့်တွင်သာ ဖြစ်နိုင်ခွင့်ရှိကြသည်။

ဗြဟ္မာဘဝ၌ နတ်သား နတ်သမီးတို့ကဲ့သို့ ဗြဟ္မာသား ဗြဟ္မာသမီးဟူ၍ မရှိ။ ဘုံအနိမ့်အမြင့်၊ တန်ခိုးအကြီးအငယ်သာ ကွာခြား၍ လိင်အားဖြင့် ခွဲခြားမှုမရှိ။ သို့ရာတွင် မြင့်မြတ်သော ယောကျ်ားနိမိတ်၊ ယောကျ်ားအသွင်တော့ သူအတူတူ ကိုယ်အတူတူ ရှိကြသည်ဟု ကျမ်းဂန်များက ဆိုသည်။ အတွေးခေါင်သူ ဆရာအချို့ကမူ လိင်မရှိဟုဆိုလျှင် ပုရိသနိမိတ်၊ ဣတ္ထိယနိမိတ်အားလုံး ကင်းပျောက်ရမည်ဖြစ်၍ ဗြဟ္မာတို့၏ ကိုယ်လုံးမှာ ဂျပ်ပိန်းကြီးဟုပင် အဆိုရှိသည်။

ဘုရားရှင်အထံတော်ပါးတွင် ဗြဟ္မာအသီးသီးတို့ ဝိုင်းရံခစားနေကြရာ၌ ဗကဗြဟ္မာနှင့် အပေါင်းပါတို့က အိမ်ရှင်ဖြစ်၍ သီးသန့်နေရာယူသည်။ သို့ရာတွင် ဘုရားရှင်အား အခြားဗြဟ္မာများ ရှိခိုးကြသော်လည်း သူတို့ရှိမခိုး၊ ရှိသေလေးစားသည့် အမူအရာမျှသာပြသည်။ အကြောင်းမူကား တန်ခိုးကြီးသော သူတော်ကောင်းကြီး ဂေါတမသည် ဘုရားဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ သို့ရာတွင် မိမိတို့သည်လည်း အပ္ပဖော်ခံများဖြစ်၍ ဘဝသံသရာတွင် အန္တိမဘဝသို့ ရောက်နေပြီးသော အမြင့်ဆုံး ဘဝရှင်များဟူသော မာန်ဝင်နေသောကြောင့်ဖြစ်သည်။

ထို့ကြောင့် မရဲသော်လည်း ပြေးခဲ့စေသဘောဖြင့် ''အို သူတော်ကောင်း ရဟန်းကြီး၊ သင်ရဟန်းကြီးကို နတ်ဗြဟ္မာအများကပင် လောကသုံးပါးတွင် ဘုရားဟု ပြောကြပါသည်။ ကျွန်ုပ်တို့သည် အိုခြင်းကိုလွန်မြောက်၏။ နာခြင်းကိုလွန်မြောက်၏။ သေခြင်း၊ ပဋိသန္ဓေနေခြင်းကိုပင် လွန်မြောက်ပြီဖြစ်၏။ ဇမ္ဗူဒိပ်ကျွန်းမှ လူပေါင်းများစွာ

ကလည်း ကျွန်ုပ်တို့ကို ဘုရားအဖြစ် ပူဇော်မြတ်နိုးကြပါကုန်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း ဘဝစက်ရဟတ်ကို ရပ်တန့်ပြီးသော အန္တိမဘဝရှင်များ ဖြစ်ကြပါကုန်သည်'' ဟု စတင်ဆွေးနွေးလိုက်သည်။

''ဤမျှအထိ တရားမျက်စိလည်နေပြီလား ကေသဝရသေ့''ဟု ဘုရားရှင်က မိန့်ကြားလိုက်သောအခါ ဗကဗြဟ္မာကြီးအဖို့ ကိုယ်ဟန်လှုပ်ရှားသည်အထိ တုန်လှုပ်သွားရသည်။

တုန်လှုပ်သွားရသည်မှာ မိမိအဖို့ မှိုင်းမှုန်ပြာရီ ပဝေဏီက ဘဝများကို ထားဦး၍ ဖြဟ္မာဘဝ သုံးဘဝမျှ ကူးပြောင်းခဲ့သော အတိတ်မျှကိုပင် သညာမပြည့်၊ သတိမရှိ၊ မသိ။ ယခု ဘုရားရှင်က ပုဗ္ဗေနိဝါသဉာဏ်တော်ဖြင့် ဖြဟ္မာသုံးဘဝ၏ ဟိုမှာဘက် ဘဝထိုထိုက မိမိ၏အတိတ်ကို ထုတ်ဖော်၍ အမည်ကိုခေါ်လိုက်သောအခါတွင်မှ ဉာဏ်တော်အကူအညီဖြင့် သတိရလာသောကြောင့် ဘုရားရှင်အား ပခုံးချင်းယှဉ်မိသော်လည်း ငါတို့ထက်အဆ ရာထောင်သာလွန်သော ဉာဏ်တော်ရှင်ပါတကားဟု စိတ်ထဲက ဝန်ခံလိုက်ရသောကြောင့်ဖြစ်သည်။

သို့ရာတွင် ''အိုသူတော်ကောင်းကြီး။ ကျွန်ုပ်တို့သည် အန္တိမဘဝရှင်များ ဖြစ်ကြသည်ဟူသော အယူကို ကျွန်ုပ်တစ်ယောက်တည်းသာ အယူရှိသည်မဟုတ်ပါ။ ကျွန်ုပ်ထံတွင် ဝိုင်းရံလျက်ရှိကြသော ဖြဟ္မာအားလုံးလည်း အယူရှိကြပါသည်''ဟု အထောက်အထားပြလိုက်သည်။

ပညာရှိ ပညာမာန်၊ အယူအစွဲဟူသည်များမှန်းပင် သိလာစေဦးတော့၊ သာမန်အားဖြင့် အလျှော့ပေးရိုး မရှိ၊ ပညာရှိပီပီ ရနိုင်သမျှသော အထောက်အထား အကူအညီကို ထုတ်ပြမြဲဖြစ်၏။ သူနိုးသေဖော်ညှိမြဲဖြစ်၏။ ထို့ကြောင့် မိမိအယူအစွဲခိုင်မြဲအောင် သူ့အဖော် သူ့တပည့်ဗြဟ္မာများကိုပါ ဆွဲယူထုတ်ပြလိုက်ခြင်းဖြစ်သည်။

''ဗကဗြဟ္မာ။ ငါတို့သည် တရားရှာသူများဖြစ်၍ တစ်ချိန်သောအခါက ငါသည် သင်နှင့်အတူတွဲ၍ သံသရာတိုက်ပွဲကို ဆင်နွှဲခဲ့ကြသူများဖြစ်ခဲ့ကြပါသည်။ သင်သည် ရသေ့ဆရာကြီး ကေသဝဖြစ်၍ ငါသည် သင်တပည့် ကပ္ပရသေ့ဖြစ်ခဲ့ဖူးသည်။ ယနေ့တိုင်အောင်ပင် အသင်သည် ပညတ်သဘောမျှသာဖြစ်သော အချိန်ကာလကြာမြင့်မှုကို အထင်ကြီး၍ နေရသေးသလော''

ဤတစ်ချီတွင်လည်း ဗကဗြဟ္မာကြီး တုန်လှုပ်သွားပြန်သည်။ အကြောင်းကား တပည့်ပင်ဖြစ်စေကာမူ တပည့်ရသေ့ ငါးရာတို့အနက် တပည့်ဝတ္တရား ပြည့်စုံစွာနှင့် တက်တက်ကြွကြွရှိခဲ့သော တပည့်ရင်း အန္တေဝါသိက ကပ္ပရသေ့၊ တပည့်ပင်ဖြစ်စေကာမူ

ထိုစဉ်ကပင် တရားအရေးတွင် ဆရာထက် ထက်ထက်သန်သန်ရှိခဲ့သော ကပ္ပရသေ့နှင့် မိမိတို့ ရသေ့ငါးရာ၏ တရားရှာတော်ပုံဘဝကို မုန့်တီဟင်းကဲ့သို့ ကွင်းကွင်းကွက်ကွက် မြင်လာသောကြောင့် ဖြစ်သည်။

''ဗကဗြဟ္မာ။ ကမ္ဘာကမ္ဘေမရေတွက်နိုင်အောင် ရှည်ကြာခြင်းသည် လည်းကောင်း၊ တစ်နေ့တစ်ရက် တစ်နံနက်မျှသည်လည်းကောင်း သတ္တဝါတို့၏ အထင် ပညတ်မျှသာဖြစ်၍ အကြောင်းမဟုတ်။ အကြောင်းမှန်ကား တရားအမြိုက်အနှစ် ဆိုက်ခြင်းသာ ဖြစ်ပေသည်။ အကြင်သူအဖို့ အသက်ကမ္ဘာကမ္ဘာ အဘယ်မျှ ရှည်ကြာ စေကာမူ တရားအမြိုက် အနှစ်မဆိုက်သေးလျှင် ထိုအသူအဖို့ အချည်းအနှီးသာတည်း။ သင်သည်တရားရှာ တရားမွေ့သူဖြစ်ပါ၏။ သို့ရာတွင် ဗြဟ္မာတည်းဟူသော သမထ စျာန်သမားဘဝသည် တရားအမြိုက်အနှစ်ဆိုက်သော ဘဝမဟုတ်သေး''

ဗကဗြဟ္မာ မျက်လွှာချက်လာပြီဖြစ်၏။ ဦးညွတ်လာပြီဖြစ်၏။

''ဗကဗြဟ္မာ။ တရားရှာရင်းဖြင့် ဗြဟ္မာဘဝနှင့် အချိန်ကာလကို အထင်ကြီး မျက်စိလည်လာသောကြောင့် တရားအရှိန် ငုပ်တိမ်၍လာကာ သင်၏ ဗြဟ္မာဘဝသည်ပင် တစ်ဆင့်ပြီးတစ်ဆင့် နိမ့်ကျလာပြီမဟုတ်လော၊ ရှေးဦးစွာ အသင်သည် ဗြဟ္မာသက် မဟာကပ်ငါးရာရှည်ကြာသော ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်ခဲ့သည်။ ထိုမှနိမ့်လျော၍ မဟာကပ် ၆၄ သာရှိသော သုဘကိဏှာဘုံသို့ ရောက်လာခဲ့သည်။ ထိုမှတစ်ဖန် နိမ့်လျောပြန်၍ မဟာကပ် ရှစ်ကပ်မျှသာရှိတော့သော အာဘဿရာဘုံသို့ ရောက်လာပြန်သည်။ သင့်အယူကို မလွတ်ခဲ့သော် မကြာမီ ဗြဟ္မာ့ပြည်တဝင်းဝင်း ဝက်စာကျင်း တရှုပ်ရှုပ် ဘဝသို့ပင် ရောက်သွားနိုင်သည်။

ဝေဟပ္ဖိုလ်အထက်ဘုံအဆင့်မှ အာဘဿရာဘုံသိုတစ်ဆင့်ပြီး တစ်ဆင့် နိမ့်ကျကူးပြောင်းလာသည်ကို သူမသိ။ သူ၏ မရဏ၊ သူ၏ဘဝ အကူးအပြောင်းမှာ အိပ်သောယောကျ်ားနိုးသောလားသို့သာ ဖြစ်ခဲ့သောကြောင့် အသက်ရှည်လွန်း၍ မသေတော့ဘူးဟုပင် ထင်ရသော အသက်ရှည် ဗြဟ္မာ့ဘဝကိုသာ သူသိသည်။ ယခု ဘုရားရှင်ကတစ်ဆင့်ပြီးတစ်ဆင့် ဖွင့်ထုတ်လိုက်သောအခါတွင်မှ သံဝေဂအပြည့်ဖြင့် သိလာသည်။ ငါ့ဘဝသည် အန္တိမဘဝမဟုတ်။ အိုမှန်းမသိအိုသူ၊ သေမှန်းမသိသေသူ၊ ဘဝထိုထိုကူးပြောင်းနေသူပါတကားဟု သံဝေဂသတိဖြင့် သိလာခြင်းဖြစ်၏။

ဗကဗြဟ္မာ လက်အုပ်ချီလာပြီဖြစ်၏။

သို့သော် ဘုရားရှင်က သစ္စာလေးပါး တရားအနှစ်ဖြင့် ပစ်ခတ်ဖို့ အစီအစဉ်၌ ဗကဗြဟ္မာ စိတ်ဓာတ်တက်ကြွလာဖို့ လိုပေသေးသည်။

[ ၄ ]

'ပုဂ္ဂိုလ်ခင်မှ တရားမင်သည်' ဟူသော စကားရှိသည်။ ယင်းစကားမှာ တရားတော်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ဘုရားရှင်သည် ကယ်ချွတ်ရမည့် သူ့ကိုတွေ့လျှင် တပည့်ရဟန်းတို့မှတစ်ပါး ငယ်မည်ကို ခေါ်ဝေါ်သုံးစွဲမြဲဖြစ်၏။ ရင်းနှီးစေရန်လည်း ဖြစ်၍ အခြေခံဘဝကို သတိရစေရန်လည်းဖြစ်သည်။ ဘုရားရှင်ကဲ့သို့ ကြီးမြင့်သူက ငယ်မည် ငယ်ဘဝကို ထုတ်ဖော် ခေါ်ဆိုခြင်းသည် ရင်းနှီးလာရုံမက အခေါ်အပြောခံရသူအဖို့ တက်ကြွ ကြည်နူးစိတ်ကိုလည်း ဖြစ်ပေါ်စေသည်။

ဗကပြဟ္မာကိုမူကား ပစ္စုပ္ပန်ဘဝမျှသာမက ဗကပြဟ္မာ၏ သံသရာ ကမ္ဘာအထပ်ထပ်တွင် ငုပ်တိမ်လျက်ရှိခဲ့သော ဆရာရသေ့ဘဝက ကေသဝဟူသော အမည်ကို ထုတ်ဖော်ပေးလိုက်သောအခါ ရင်းနှီးရုံမက သံသရာ၏ သံဝေဂဓမ္မကိုလည်း ရစေသည်။

ထိုမျှမက ''ဗကပြဟ္မာ၊ သင်သည် တစ်ခုသော ကမ္ဘာတွင် ဗာရာဏသီမင်းအဖြစ်ကို စွန့်၍ တပည့်ငါးရာနှင့်အတူ ရသေ့ဘဝဖြင့် တောထွက်သောအခါ တန်ခိုးရှင်ဈာန်ရှင်ဖြစ်လာသည်။ နာရဒအမတ်က နှစ်ကြိမ်တိုင်သင့်ကို ဗာရာဏသီသို့ ပြန်၍ပင့်သည်။ ပင့်ရာ၌ လိုအပ်သမျှပြည့်စုံသော ဗာရာဏသီကိုစွန့်၍ အဘယ်ကြောင့်တော၌နေရပါသနည်းဟု မေးလျှောက်သည်။ သင်က ငါ့ကျောင်းသည် ဗာရာဏသီထီးနန်းထက် မွေ့လျော်ဖွယ်ကောင်းသည်၊ တောသည် ဗာရာဏသီထက် ငါ့အဖို့ သာယာသည်၊ ထိုမျှမက ငါ့တပည့် ကပ္ပရသေ့၏ ကောင်းစွာဆိုအပ်သော တရားစကားတို့သည် ငါ့ကို အစဉ်မွေ့လျော် နှစ်ခြိုက်စေကုန်သည်ဟု သင့်တပည့်ဖြစ်ခဲ့ဖူးသော ငါ့ကို ချီးမြှောက်၍ ပြောဆိုခဲ့ဖူးသည်''ဟု မိန့်တော်မူလိုက်သောအခါ ဗကပြဟ္မာအဖို့ နှလုံးတက်ကြွ ကြည်နူးခြင်းနှင့်အတူ အတိတ်ဖြစ်ရပ်များမှာ အကွင်းသား အစင်းသား ပေါ်လာ၍ ဘုရားရှင်၏ မျက်နှာတော်ကို စူးစူးစိုက်စိုက် ရှုကြည့်ဖူးမြော်သည်။

မျက်စိအလုပ်၌ မြင်ခြင်း၊ ကြည့်ခြင်း၊ ရှုခြင်းဟုသုံးမျိုးရှိသည်။ မြင်ခြင်းမှာ မျက်စိဖွင့်ထားသောအခါ မြင်မြင်ကရာကို အမှတ်မထင် မြင်ခြင်းမျိုးဖြစ်၏။ ကြည့်ခြင်းမှာ တစ်စုံတစ်ရာကို သတိဖြင့် သိရန်ကြည့်ခြင်းဖြစ်၏။ ရှုခြင်းကား ရင်းနှီးချစ်ကြည်မှုအခြေခံတွင် စိတ်အာရုံရှိသမျှ စူးစိုက်အာရုံရှိသမျှ စူးစိုက်၍ ရှုလိုက်ခြင်းဖြစ်၏။ မိခင်က သားကို ရှုနည်းမျိုးဖြစ်၏။ ဤနည်းဖြင့် ဘုရားရှင်၏ အတိတ်လှန်ရင်းနှီးစကားကြောင့် ဗကပြဟ္မာက ဘုရားရှင်၏ မျက်နှာတော်ကို စူးစူးစိုက်စိုက် ရှုလိုက်ခြင်းဖြစ်သည်။

''ဗကပြဟ္မာ၊ ထိုရသေ့ဘဝတွင် တစ်နေ့သောအခါ ဝါဇူကန္တရာ၌ အစာပြတ်ရေငတ်ဖြင့် လမ်းမှားကာ သေကြရတော့အံ့ဖြစ်နေသော လှည်းကုန်သည် ငါးရာတို့အား

အစာရေစာ သစ်ပင်သစ်အုပ်ကို တန်ခိုးဖြင့်ဖန်တီး၍ ကယ်ခဲ့ဖူးသည်။ တစ်ချိန်တွင်လည်း ဂင်္ဂါမြစ်၌ နဂါးဘေးကြောင့် သေရတော့အံ့ ဖြစ်နေသော လူများစွာအား တန်ခိုးဖြင့် ကယ်တင်ခဲ့ဖူးသည်။ ဤကောင်းမှုများ၏ အကျိုးဆက်ကြောင့်လည်းကောင်း၊ ကျင့်အပ်သော ဈာန်တရားကြောင့်လည်းကောင်း၊ ဖြဟ္မာဘဝတွင် ဘုံအဆင့်ဆင့်ကား ပြောင်း၍ အသက်ရှည်ခဲ့ခြင်းဖြစ်ပေသည်''

ဤအချိန်၌မူ ဗကဗြဟ္မာ၏ နှလုံးအိမ်သည် သစ္စာလေးချက် ဓမ္မစက်ကို လက်ခံရန်အသင့်ဖြစ်ပြီဖြစ်၏။ သို့ဖြစ်၍ သစ္စာလေးဝ ဓမ္မစကြာဒေသနာကို ဟောကြားတော်မူလိုက်သောအခါ ဗကဗြဟ္မာမျှသာမက ရောက်လာသမျှသော ဗြဟ္မာအားလုံးတို့လည်း ကျွတ်တမ်းဝင်ကုန်ကြသည်။

ဗကဗြဟ္မာကို ချွတ်တော်မူခြင်းဟုလည်း ဆိုနိုင်၏။ တစ်ချိန်က တရားကျေးဇူးရှိခဲ့ဖူးသော ဆရာကို ကျေးဇူးဆပ်ခြင်းဟုလည်း ဆိုနိုင်ရာ၏။ ။

# တရားစစ်ပွဲကြီး

[ ၁ ]

ဘုရားရှင်လက်ထက်တော်တွင် တိတ္ထိတို့နှင့် တရားစစ်ပွဲ၊ ဝါဒစစ်ပွဲ၊ တန်ခိုးစစ်ပွဲ နွှဲခဲ့ရသော အကြိမ်ပေါင်းများစွာရှိ၏။ သစ္စက ပရိဗိုဇ်ကြီးနှင့် ရင်ဆိုင်ရသော တရားစစ်ပွဲကြီးကား အကြီးဆုံးပေတည်း။ ထို့ကြောင့်လည်း ဘုရားရှင်၏ အောင်တော်မူခြင်းများစွာ ရှိသည့်အနက် ထူးခြားသော 'အောင်ခြင်းရှစ်ပါး'တွင် သစ္စကကြီးအား အောင်တော်မူခြင်းကို တသီးတခြား အသိအမှတ်ပြုထည့်သွင်းထားခဲ့ရခြင်း ဖြစ်ပေသည်။

ဘုရားရှင်တို့အရာသာဖြစ်သော ရေမီးအစုံအစုံပြခြင်းဖြင့် တိတ္ထိတို့အား အောင်တော်မူပွဲကြီးကို အောင်ခြင်းရှစ်ပါးတွင် အဘယ့်ကြောင့် မပါဝင်ရပါသနည်းဟု စောကြောဖွယ်ရှိ၏။ တန်ခိုးဟူသည် အဘယ်မျှ ကြီးမားသည်ဆိုစေ ပုထုဇဉ်တို့အဖို့သာ အံ့ဘနန်းဖြစ်စေ၍ ဘုရားရဟန္တာတန်ခိုးရှင်တို့အဖို့ကား သာမန်မျှသာတည်း။ ထို့ကြောင့် တန်ခိုးတော် သက်သက်မျှသောကိစ္စများကို "အောင်တော်မူခြင်း"ဟူ၍ မသတ်မှတ်ဘဲ ခန္တီ မေတ္တာ၊ ပညာစသော တရားတော်အရာ တန်ခိုးကိစ္စများကိုသာ 'အောင်ခြင်းရှစ်ပါး'ဟု ခွဲခြားဂုဏ်ပြုရသည်။ သို့သော် နန္ဒောပနန္ဒနဂါးဆိုးအတွက်ကား သီးခြားခြွင်းချက်ဖြစ်၏။

မာရ်နတ်ကိုပါရမီ၊ ပညာ၊ မေတ္တာတို့ဖြင့် အောင်တော်မူသည်။ အာဠဝကအား သည်းခံလိုက်လျောမှုကို အထူးပြု၍ အောင်တော်မူသည်။ နာဠာဂီရိကို မေတ္တာမီးမောင်းဖြင့် အောင်တော်မူသည်။ အင်္ဂုလိမာလကို တရားပရိယာယ်ဖြင့် အောင်တော်မူသည်။ စိဉ္စမာနအားလည်း မိမိ၏ ကောင်းမှု မကောင်းမှုကို မိမိသိ၏ဟူသော တရားပရိယာယ်ဖြင့်ပင် အောင်တော်မူသည်။ သမထ၏ နက်ရှိုင်းသောသဘောတွင် နစ်ဝင်လျက်ရှိသော ဗကဗြဟ္မာအား ဝိပဿနာဉာဏ်ရောင်ကို ထွန်းပြောင်စေခြင်းဖြင့် အောင်တော်မူသည်။

အာဠဝက၊ အင်္ဂုလိမာလတို့လို သဘောတရားမပါ၊ မေတ္တာမျှဖြင့်လည်း မပြီးစီးနိုင်၊ တန်ခိုးမာန်ကြီး ထန်သည်းလှစွာသော နန္ဒောပနန္ဒနဂါးရိုင်းကြီးကိုကား သဘောတရားမျှဖြင့်မပြီးစီးနိုင်၍ ငါးကြင်းသားကို ငါးကြင်းဆီဖြင့်ကြော်၏သို့ တန်ခိုးချင်းပြိုင်မှသာ အနိုင်ရဖို့ရှိတော့သောကြောင့် ကြမ်းကြမ်းတမ်းတမ်း ဖမ်းကိုင်ရမည့်ကိစ္စတွင် ကိုယ်တော်တိုင်မပါဝင်လို၊ ထို့ကြောင့် တန်ခိုးထိပ်တင် အရှင်မောဂ္ဂလာန်အား လိုအပ်သော လမ်းညွှန်မှုကိုပေးခြင်းဖြင့် အောင်တော်မူသည်။

သစ္စကပရိဗိုဇ်ကြီးအား အောင်တော်မူခြင်းသည်ကား ကြီးမားသော အောင်ခြင်းပင်ဖြစ်၏။ အကြောင်းမူကား မဇ္ဈိမ၏ အတ္တထုထည်ကြီးကို ထွင်းဖောက်၍ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူလာရာ၌ သစ္စကသည် အတ္တထုထည်ကြီး၏ ကြီးမားသော အတ္တထိပ်သီး ဆရာကြီးတစ်ဦးဖြစ်ရာတွင် အနတ္တဒေသနာနှင့် ကြေညာတိုက်နိုက်ရသော အောင်တော်မူခြင်း ဖြစ်သောကြောင့်ပေတည်း။

[ ၂ ]

သူ့အကြောင်းကို အရင်းအမြစ်က စ၍ ပြောပြမှ ရှင်းလင်းမည်ဖြစ်၏။

သစ္စကသည် ရာဇဂြိုဟ်မှ ပူရာဏကဿပ၊ မက္ခလိဂေါသာလ၊ ကေသကမ္ဗလ စသော တိတ္ထိဆရာကြီးတို့ကဲ့သို့ သူသည်လည်း ဝေသာလီ၏ အတ္တဂိုဏ်းခေါင်းဆောင်ကြီးပင်ဖြစ်ပေသည်။ သာမန်ဆရာမဟုတ်၊ ဝေသာလီ ထိပ်သီးမင်းအများကိုပင် နေ့စဉ်အတ္တသင်တန်းပို့ချပေးရသော ထိပ်သီးဆရာကြီးဖြစ်ပေသည်။

သူသည် သာမန်အတ္တစွဲမျှမဟုတ်၊ အစဉ်အလာစွဲလည်း ကြီးမားလှသူဖြစ်၏။ ကြီးမားလည်း ကြီးမားသင့်ပါပေသည်။ အကြောင်းမူကား အတ္တကို သူလိုကိုယ်လို သာမန်စွဲရုံမျှမဟုတ်၊ မျိုးနှင့်ရိုးနှင့်ချီ၍ ရိုးတွင်းခြင်ဆီခိုက်အောင် စွဲခဲ့သူဖြစ်သည်။ အကြောင်းမူကား သူ့မိသူ့ဖများသည်လည်း အတ္တထိပ်သီး ဆရာကြီးများပေတည်း။

အဖသည် အတ္တဆရာကြီးဖြစ်၍ အမိသည်လည်း အတ္တဆရာကြီးပင် ဖြစ်ပေသည်။ သူတို့ဆိုင်ရာပညာကို တကယ်တတ်၍ ပညာမာန်လည်း ကြီးမားလှသူများဖြစ်ကြသည်။

လူသတ္တဝါတို့၏ မာနအမျိုးမျိုး ရှိသည့်အနက် ပညာတည်းဟူသော သန့်စင်မှု ဝေါဟာရတွင် မာနတည်းဟူသော အမှောင်အမည်း ဝေါဟာရနှင့်တွဲလျက် ပညာမာန်ဟူ၍ လည်း ရှိသေးပေရာ၊ ပညာမာန်သမားသည် ကိုယ့်ဟာကိုယ် မာန်ရှိနေလျှင် တော်ပေ သေး၏။ သစ္စက၏ မိဘများသည်မူကား မိမိတို့ပညာကို တံခွန်လွှင့်၍ အခြားသူများ အပေါ်တွင်ရန်ထောင်သူ၊ မာန်ဝင့်သူများဖြစ်ကြပေသည်။ ထိုအကျင့်ဆိုးသည် ငှက်ပျော ပင်စိုက် မိလိုက်ဖပါဆိုသကဲ့သို့ သူတို့သား သစ္စကတိုင်အောင် စွဲကပ်ပါရှိလာခဲ့သည်။

ပညာအရာတွင် ဝါဒငါးရာ၊ တစ်နည်းဆိုသော် သူတို့ပညာပိုင်းမှ အခြားပညာရှင် ဆိုသူများကို နှိပ်စက်ရန်အတွက် ကတ်သီး ကတ်သတ်မေးခွန်းပေါင်းငါးရာကို စွဲကိုင် ထားသော သူ့ဖခင်လောင်းသည် ပညာအရာတွင် ဗိုလ်ရှိသူ ထွက်ခဲ့ကြလေ့ဟူသော ကြွေးကြော်သံဖြင့် ဝေသာလီသို့ဝင်လာ၏။ ဝါဒငါးရာစွဲကိုင်သော သူ့မိခင်လောင်းကလည်း အလားတူပင် ဝေသာလီသို့ ဝင်လာ၏။

ဤလိုပုဂ္ဂိုလ်မျိုးကိုရှာနေသော ဝေသာလီမင်းများက သူတို့ကိုဆည်းကပ် ကိုးကွယ်ကြရာမှ သူတို့နှစ်ဦးကို ထိမ်းမြားလိုက်လျှင် ပညာရှိကလေးတွေ ထွန်းကား လာရာ၏ဟူသော အတွေးဖြင့် သူတို့နှစ်ဦးကို မင်းတို့၏ အစီအစဉ်ဖြင့် ထိမ်းမြားပေး လိုက်သည်။

စာရေးဆရာ၏ သားသမီးသည် စာရေးဆရာဖြစ်ခဲ့သကဲ့သို့ ပညာရှိ၏ သားသမီး သည် ပညာရှိဖြစ်ခဲ့သော်လည်း သူတို့ သားသမီးများမူကား ဝေသာလီမင်းများ ရည်မှန်း သည့်အတိုင်းပင် ပညာရှိကလေးများ၊ တိတိကျကျဆိုသော် ပညာရှိမျှမက သူတို့ မိဘများကဲ့သို့ပင် ပညာမာန်ကြီးသူများ၊ မာနတံခွန်လွှင့်သူများ၊ ပညာဖြင့် အခြားသူတို့ကို ရန်ရှာသူများ ဖြစ်လာကြသည်။

သူတို့မှ သားသမီးငါးယောက် ထွန်းကားလာသည်။ သစ္စာ၊ လောလာ၊ အဝဓာရိကာ၊ ပဋိစ္ဆာဒါဟူသော သမီးလေးယောက်နှင့် အငယ်ဆုံးသားဖြစ်သူ ယခု ဖော်ပြမည့် သစ္စကတို့ ဟူ၏။

သူတို့လူလားမြောက်ချိန်တွင် သူတို့မိဘများ ကွယ်လွန်သွားသောအချိန်၌ သူတို့က သူတို့မိဘများထက်ပင် ပညာမာန်တံခွန်လွှင့်ကြရာ၌ ကဲတက်လိုက်ပေသေး သည်။ ကဲသင့်သည်ဟု ဆိုရမည်ပင်ဖြစ်၏။ အကြောင်းကားသူတို့ မိဘများသည် ပညာဝါဒ ငါးရာစီသာ တတ်ကျွမ်းသူများဖြစ်၍ သူတို့အဖို့မူကား အဖဘက်က ငါးရာ၊

အမိထံမှ ငါးရာနှင့် ဝါဒတစ်ထောင်၊ ကတ်သီးကတ်သတ် မေးခွန်းပေါင်း တစ်ထောင်ကို တတ်ကျွမ်းသူများ ဖြစ်ကြသည်။

ကဲပုံကိုလည်း ကြည့်ပါဦး။ သူတို့မိဘများက အလျဉ်းသင့်သည့်အခါမှသာ ဝါဒပြိုင်ပွဲ၊ တရားစစ်ပွဲများ ပြုလုပ်ခဲ့ကြသော်လည်း သူတို့ကမူ ဝါဒပြိုင်ပွဲ၊ တရားစစ်ပွဲ ခင်းကျင်းရန်အတွက် ပြိုင်ဘက်ကို တမင်ရှာသည်။ သာမန်ရှာရုံမျှမဟုတ်၊ တရားအရာတွင် ဗိုလ်ရှိလျှင် ထွက်ခဲ့ကြဟု သပြေခက်ကို ကိုင်ငင်လှည့်လည်၍ ကြွေးကြော်သည်။ သပြေသည် တရား၏ အဆောင်အယောင်ဖြစ်၍ သပြေခက်ကို ကိုင်ခြင်းသည် တရားရှင်၏ အထိမ်းအမှတ်ဖြစ်သည်။

တစ်ခုတော့ ပြောစရာရှိ၏။ သစ္စကမှတစ်ပါး သူတို့လေးဦးသည် အရွယ်ရောက်သော အပျိုကြီး အပျိုငယ်များ ဖြစ်လာကြပြီဖြစ်ရာ၊ သူတို့မိဘများ မကွယ်လွန်မီက ဝေသာလီသို့လည်း ကြေညာ၍ သူတို့ကိုလည်း အမှာအကြားတစ်ရပ်ရှိခဲ့၏။ ယင်းသည်ကား သူတို့ဝါဒကို ချေဖျက်မည့်သူများ၊ သူတို့ပညာကိုနိုင်သူ ယောကျ်ားများ ပေါ်ပေါက်လာခဲ့သော် ထိုသူ၏ အလုပ်အကျွေးဇနီးအဖြစ် ခံယူ၍၊ နိုင်သူမှာ ရဟန်း ဖြစ်ခဲ့ပါသော် ထိုရဟန်း၏ နောက်သို့ တပည့်အဖြစ်လိုက်ပါကြရန်ဖြစ်၏။

သူတို့သည် အိမ်ရာထောင်နိုင်ခွင့်ရှိသော ပရိဗိုဇ်မျိုးရိုးများ ဖြစ်ကြပေရာ ရဟန်း အဖြစ်သို့ ကူးပြောင်းဖို့လည်း လွယ်ကူ၍ အိမ်ရာထောင်ဖို့လည်း အလွယ်ပင်ဖြစ်သည်။ သို့ဖြစ်ရာ သူတို့အဖို့ ဤလမ်းနှစ်သွယ်လုံးသို့ ကူးပြောင်းနိုင်ရန် မာနတံခွန်ကို ထင်ထင် ရှားရှား လွှင့်သူများ၊ ရဟန်းဘဝရှာသူများ၊ သို့မဟုတ် သူတို့မိဘများကဲ့သို့ပင် ပညာရှိချင်း ပေါင်းဖော်နိုင်ရန် ကြင်လျာရှာသူများဟု ဆိုနိုင်ပေသည်။

ရှာသည့်အတိုင်းလည်း တစ်နေ့တွင်တော့ ပြိုင်ဘက်တွေ့လာ၏။ တွေ့မည့် တွေ့တော့ သူတို့က မသိသေးသော်လည်း သာမန်ပုဂ္ဂိုလ်မဟုတ်၊ အရှင်သာရိပုတ္တရာ အရှင်မြတ်ပေတည်း။

[ ၃ ]

ပညာမာန်တံခွန်ကို လွှင့်၍ သူတို့လှည့်လည်ပြိုင်ဘက်ရှာခြင်းမှာ ဝေသာလီမျှသာမက သာဝတ္ထိ၊ ရာဇဂြိုဟ်စသော ထိုထိုနိုင်ငံများသို့လည်း ကျူးကျော်ရောက်ရှိသည်။ ထိုအချိန်မှာ သာဝတ္ထိတွင် ဘုရားရှင်၏ သာသနာတော် အခြေစိုက်မိနေပြီ ဖြစ်သော်လည်း ရာဇဂြိုဟ်၊ သာဝတ္ထိစသော ပဒေသရာဇ်နိုင်ငံများနှင့် စိမ်းကားသော သူတို့ ဝေသာလီပြည်သူများအဖို့ သာဝတ္ထိ၏ သတင်းများကို စုံစုံလင်လင် မသိနိုင်သေး။

မင်းတစ်ပါးတည်း ကောရာဇ်ပုံစံမဟုတ်၊ လိစ္ဆဝီမင်းတို့ စုပေါင်းအုပ်ချုပ်သော ဝေသာလီသည် ရာဇဂြိုဟ်၊ သာဝတ္ထိစသော ပဒေသရာဇ်၊ ကောရာဇ်နိုင်ငံတို့၏ ဘုံရန်သူ ဖြစ်၏။ ဝေသာလီသည် ပဒေသရာဇ်နိုင်ငံတို့က ဖြိုဖျက်ပစ်ရန် အတွင်းကြံ အကြံခံ နေရသော နိုင်ငံဖြစ်သည်။

အထူးသဖြင့် ဂင်္ဂါမြစ်တစ်ခုမျှသာခြားသော ရာဇဂြိုဟ်နိုင်ငံသည် ဝေသာလီ၏ အကြီးဆုံးရန်သူဖြစ်၏။ ဘုရားရှင် သာသနာပေါ်ထွန်းလာ၍ ငြိမ်းအေးမှု မေတ္တာရေစင် အောက်သို့ ရောက်လာသောကြောင့်လည်းကောင်း၊ ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရနှင့် အပေါင်းပါ ဝေသာလီမင်းတစ်ပါးသည် သောတာပန် တရားရှင်ကြီးအဖြစ်သို့ရောက် လာကာ အားနာရသောကြောင့်လည်းကောင်း ပြည်တွင်းရေး ငြိမ်သက်နေခြင်းမျှဖြစ်၏။ ဘုရားရှင် မျက်နှာလွှဲတော်မူသောအခါတွင်မူ ဝေသာလီသည် ရာဇဂြိုဟ်ဘုရင် အဇာတသတ်၏ လက်နက်နှင့် ပရိယာယ်အောက်တွင် ပြားပြားဝပ်ခဲ့ရသည်။

ယင်းသို့လျှင် ရာဇဂြိုဟ်၊ သာဝတ္ထိတို့၏ ဘုရားရှင်သာသနာတော်အခြေကို မသိသော၊ သိလျှင်လည်း သူတို့ပညာကို အထင်ကြီးလှစွာသော သစ္စာ၊ လောလာတို့ အမျိုးသမီးလေးယောက်သည် သာဝတ္ထိသို့ တက်၍စွာ၏။

စွာဟန်ကား ဝေသာလီတုန်းက အတိုင်းပင် သပြေခက်များကိုကိုင်၍ ပြိုင်ဘက် ရှိလျှင် ထွက်ခဲ့ကြလော့ဟု လှည့်လည်၍ ကြေညာခြင်းပင်ဖြစ်ပေသည်။ မည်သူမျှ ထွက်မလာသောအခါ စားချိန် သောက်ချိန်သို့လည်း ရောက်လာပြီဖြစ်၍ သာဝတ္ထိမြို့တံခါး ထိပ်ရှိ သဲပုံတွင် သူတို့သပြေခက်များကို စိုက်ထူပြီးလျှင် ပြိုင်မည့်သူရှိလျှင် သူတို့ သပြေခက်များကို ချေဖျက်ပစ်ကြကုန်လော့ဟု အနီးဝန်းကျင်သို့ ကြေညာ စားအိမ် သောက်အိမ်သို့ ထွက်ခွာသွားကြသည်။

အနီးဝန်းကျင်တွင်ရှိသော လူကြီးများသည် သူတို့ကို ခတ်မဆိတ်ကြည့်၍ သဲပုံတွင် ဆော့ကစားသော ကလေးသူများက သူတို့အပြုအမူကို ဝိုင်းအုံကြည့်ရှုနေကြ သည်။ ထိုအချိန်တွင်ပင် အရှင်သာရိပုတ္တရာသည် ဆွမ်းခံရင်းဖြင့် သဲပုံအနီးသို့ ရောက်လာ၏။

အရှင်သာရိပုတ္တရာသည် ယနေ့ဆွမ်းခံ အတန်နောက်၏။ အမှန်အားဖြင့်သော် အရှင်သာရိပုတ္တရာ ဆွမ်းခံနောက်ကျခြင်းမှာ ယနေ့သာ မဟုတ်၊ နေ့စဉ်လိုလိုပင်ဖြစ်သည်။ အကြောင်းသော်ကား သံဃာတော်တို့၏ ဝေယျာဝစ္စ၊ ကျောင်းကိစ္စများတွင် အစဉ်ဂရု ပြုသော အရှင်သာရိပုတ္တရာအဖို့ တံမြက်လှည်းခြင်း၊ သောက်ရေသုံးရေ တည်ထားခြင်း၊ မကျန်းမမာ ရဟန်းများရှိခဲ့သော် မေးမြန်းပြုစုခြင်း စသောကိစ္စများကို ဆောင်ရွက်ပြီးမှသာ ဆွမ်းခံထွက်သောကြောင့် ဖြစ်ပေသည်။

အထူးအဆန်းသဖွယ် လူငယ်တို့ ဝိုင်းအုံနေရာ သပြေစိုက်သဲပုံအနီးသို့ ရောက်သောအခါ အရှင်သာရိပုတ္တရာက ''သူငယ်တို့၊ အဘယ်အရာကို ကြည့်ရှု၍ နေကြသနည်း''ဟု မေးတော်မူလိုက်သည်။ သိလျက်နှင့် မေးတော်မူခြင်းပင်ဖြစ်၏။ အကြောင်းမူကား ကျွတ်တမ်းဝင်လတ္တံ့သော အမျိုးသမီးလေးဦးတို့၏ အာရုံအသွင်သည် အရှင်မြတ်သို့ ထင်လျက်ရှိခဲ့ပြီတည်း။

''အမျိုးသမီးလေးဦး စိုက်ထူခဲ့တဲ့ သပြေခက် သဲပုံကို ကြည့်နေကြတာပါ။ သူတို့က သူတို့နဲ့ ဝါဒပြိုင်ဝံ့တဲ့သူရှိလျှင် ဤသပြေခက်များကို ချေဖျက်ပစ်ကြလော့ ဆိုပြီး စိုက်ထူခဲ့ကြပါတယ်ဘုရား''ဟု အတန်ကြီးသော သူငယ်တစ်ယောက်က လျှောက်ထားသည်။

''သို့ဆိုလျှင် ငါ့အစားသင်တို့ ချေဖျက်ပစ်လိုက်ကြပါ။ သူတို့လာလျှင် ဝါဒပြိုင်ဖို့ ဇေတဝန်ကျောင်းတော်အဝသို့ လာခဲ့ကြပါလို့ ပြောလိုက်ကြပါဘိ''

လူ့သဘာဝမှာ ပြိုင်ပွဲဆိုလျှင် ဝါသနာပါသည်။ မိမိမပြိုင်နိုင်ဦးတော့ ပြိုင်ပွဲကို ကြည့်ရလျှင် နှစ်ခြိုက်သည်။ ထို့ထက်မူ ဗိုလ်ကျသောသူကို ချိုးနှိမ်ပစ်မည့်သူပေါ်လာလျှင် ပို၍နှစ်ခြိုက်သည်။ ထို့ကြောင့် အရှင်မြတ်က ပြောလိုက်သည်နှင့် တစ်ပြိုင်နက်ပင် သပြေခက်များကို ချိုးဖျက်နင်းချေပစ်လိုက်ကြသည်မှာ သောသော ညံသွား၏။

[ ၄ ]

ချိန်းဆိုထားသည့်အတိုင်း အရှင်သာရိပုတ္တရာသည် ဆွမ်းစားချိန်ပြီး၍ ကျောင်းတော်အဝသို့ ထွက်လာသောအခါ ဇေတဝန်အဝတွင် ပရိသတ်ကြီး ပြည့်နှက်လျက်ရှိနေသည်ကို တွေ့ရ၏။ အကြောင်းသော်ကား သူတို့နိုင်ရမည်ဟု ကိန်းသေတွက်ထားသော အမျိုးသမီးလေးဦးသည် သာမန်လာရောက်ရုံမျှမဟုတ်၊ အနီးဝန်းကျင်သို့ ဝါဒပြိုင်ပွဲအကြောင်းကို ကြေညာလိုက်သောအခါ နီးစပ်ရာ သတင်းကြားသမျှတို့ စုပြုံရောက်ရှိနေကြသောကြောင့် ဖြစ်သည်။

ပရိသတ်အတွင်းသို့ အရှင်မြတ်ဝင်လိုက်သောအခါ တသီးတခြားနေရာယူထားသော အမျိုးသမီးလေးဦးနှင့် ရင်ဆိုင်ရသည်။ ပရိသတ်က ဝါဒပြိုင်ပွဲအတွက် သင့်တင့်သော နေရာများပြင်ဆင်ပေးထား၏။

''ဝါဒပြိုင်မည့်သူတို့သည် အသင်တို့လော''

''မှန်ပါသည် ရှင်ရဟန်း''

''သို့ဆိုလျှင် စတင်ကြစို့၊ သင်တို့မေးလိုရာ မေးကြကုန်''

ထိုအခါ အစ်မကြီးဖြစ်သူက သစ္စာက ဟန်ပန်ကိုလည်းကောင်း၊ အသံကိုလည်းကောင်း ပညာရှိတို့ပုံစံမျိုးပြင်ဆင်၍ သူတို့ပုစ္ဆာခဲခဲကတ်ကတ်များကို စတင်မေးလိုက်သည်။ မေး၍ ဆုံးတိုင်းဆုံးတိုင်း အရှင်မြတ်က ကရားရေလွှတ်သကဲ့သို့ တတွတ်တွတ် တသွင်သွင် ဖြေဆိုသည်မှာ အမေးပုစ္ဆာငါးရာအထိပင် ဖြစ်သည်။

ပရိသတ်အတွင်းသို့ အရှင်မြတ်ကြွလာ၍ အရှင်မြတ်၏ ကြီးမားသော ဣန္ဒြေနှင့် ခန့်ညားသော အသွင်ကို မြင်လိုက်သည်ဆိုကတည်းကပင် အမျိုးသမီးတို့ စိုးရွံ့မိပြီအမှန်ပင် ဖြစ်၏။ သို့ရာတွင် မိမိတို့သည်လည်း ပညာရှိများဖြစ်ကြသည့်အတိုင်း ဟန်ကိုယ့်ဖို့ဖြင့် ထိန်းထားသည်။ မေးသမျှ သူတို့ပုစ္ဆာများကို တစ်ပုဒ်ပြီးတစ်ပုဒ် အထစ်အငေါ့ အဆုတ်အဆိုင်းမရှိ ဖြေဆိုသည်ကို ကြားရသောအခါတွင်မူကား မေးသူ အမျိုးသမီး၏အသံသည် တစ်ပုဒ်ပြီးတစ်ပုဒ်ပင် ပျော့ညံ့သိမ်ငယ်၍ သွားသည်။ ရှေးက သူတို့မတွေ့ဖူးသေးသော အဓိပတိပညာရှင်ပါတကားဟူသောအသိက တစ်ပုဒ်ပြီးတစ်ပုဒ် လွှမ်းမိုးခံလာရသောကြောင့် ဖြစ်သည်။

သို့ရာတွင် သူတို့တွင် အခြားဝါဒစက်မောင်း ငါးရာကျန်ပေသေး၏။ ဒုတိယငါးရာကိုလည်း ဒုတိယအကြီးဆုံးဖြစ်သူ လောလာသို့ အလှည့်ပေး၍ မေးလိုက်သောအခါ အလီပေါင်းကို အမေးခံရသော ဂဏပါရဂူကဲ့သို့ အရှင်မြတ်က ပေါ့ပေါ့ပါးပါးနှင့်ပင် ဖြေဆိုတော်မူသည်။

သူတို့၏ ပညာဟူသည် ဗြာဟ္မဏတို့အစဉ်အလာ ဝေဒသုံးပုံ၊ သို့မဟုတ် လေးပုံမှဖြစ်၍ အမြင့်ဆုံးအတွေးအခေါ်မှာ သမထနယ်ပယ်ရှိ သာမန်အသိမျှသာ ဖြစ်သည်။ ပညာပါရမီအခြေခံရင့်သော အရှင်မြတ်သည် ဥပတိဿဘဝကပင် ယင်းပညာရပ်အလုံးစုံကို အကုန်အစင် အလွယ်နှင့်ပင် တတ်မြောက်ခဲ့ပြီးဖြစ်သည်။ ယင်းပညာတွင် အနှစ်သာရကို မမြင်သောကြောင့်လည်း ပညာလည်းရှာ၊ တရားလည်းရှာရင်းဖြင့် ရဟန်းဘဝသို့ ကူးရောက်ခဲ့ခြင်းဖြစ်၏။ ဘုရားရှင်အထံတော်သို့ ရောက်၍ အမြင့်ဆုံးသော လောကုတ္တရာပညာရှင်ဖြစ်လာသောအခါ သူရို့ပညာဝါဒ တစ်ထောင်မက ဝါဒမရေမတွက်ပင်ရှိပါစေ အရှင်မြတ်အဖို့ အဘယ်မူ စကောင်းအံ့နည်း။

ဝါဒတစ်ထောင်အဆုံးသို့ရောက်၍ အရှင်မြတ်က ''သင်တို့ အမေးပုစ္ဆာကျန်သေးသလော''ဟု မေးလိုက်သောအခါ ''ကုန်ပါပြီအရှင်''ဟု ဖြေဆိုသည်။

''ရှင်ရဟန်း''ထက်လေးမြတ်ရင်းနှီးသော ''အရှင်''သို့ လေသံပြောင်းလာပြီ ဖြစ်၏။ ပထမတွင် မာန်စောင်ဝင့်ဝင့် မြင့်တက်သော အမူအရာမှ ဦးခေါင်းငုံ့လျှိုးညှိုးငယ်သောအသွင်သို့လည်း ပြောင်းလဲလာကြပေပြီ။

''သင်တို့ မေးလှည့် ကုန်လျှင် ယခုသော် ငါ့မေးလှည့် ရောက်ပေပြီ''

''မေးတော်မူပါအရှင်''

ထိုစကားကြောင့် ဤမျှပညာကြီးသောအရှင်သည် အဘယ်မျှ ခဲကတ်သော ပုစ္ဆာမျိုးကို မေးတော့မည်နည်းဟု တွေးကြံပြင်ဆင်ရသည်။ သို့ရာတွင် အရှင်မြတ်က ''ငါမေးပြီ၊ တစ်ခုသော တရားဟူသည် အဘယ်နည်း'' မေးတော်မူလိုက်သောအခါ လွယ်လွန်းသယောင်ရှိသောကြောင့် အရှင်မြတ် မျက်နှာတော်ကိုပင် မော်၍ကြည့်လိုက်ကြသည်။

သို့သော် အကယ်ပင် လွယ်ပါ၏လော။ ဖြေဖို့ရန် စဉ်းစားလိုက်သောအခါ လွယ်သယောင်နှင့် ခက်နေသည်ကို တွေ့ရတော့သည်။ တစ်ခုဟူသည်ကို ဘုရားဟုဖြေရမည်လော၊ တရားဟုဖြေရမည်လော၊ အမိ အဖ ဆရာဟုပင် ဖြေရမည်လော။ မဝေခွဲနိုင်အောင် ရှိနေရသည်။

ဖြေဖို့ရန် ထစ်ငေါ့နေ၍ ''ဖြေကြလေ''ဟု ထပ်မံ နှိုးဆော်လိုက်သောအခါတွင်မူ ''မဖြေနိုင်ကြပါအရှင်၊ မသိကြပါဘုရား''ဟု သာ ပြောလိုက်ကြတော့သည်။

''သို့ဆိုလျှင် နှစ်ခုသော တရားဟူသည် အဘယ်နည်း''ထပ်မံမေးလိုက်သောအခါ ''တစ်ခုကိုမျှ မဖြေနိုင်လျှင် နှစ်ခုကို အဘယ်ပုံဖြေနိုင်ပါတော့အံ့နည်း''ဟု လူရော အသံပါ ညွတ်ပျောင်း၍ လျှောက်တင်လိုက်ကြရတော့သည်။

''သို့ဆိုလျှင် ငါ့ဟာငါ မေး၍ ငါ့ပုစ္ဆာကို ငါပင်ဖြေဆိုတော့မည်။ တစ်မှ တစ်ဆယ် အထိ မေး၍ ဖြေဆိုမည်။ ကောင်းစွာနာယူကြလော့''ဟု မိန့်ကြားလိုက်သည်။

စင်စစ်သော် ဤအမျိုးသမီးများ၏ ပညာနှင့် စရိုက်ကိုသိ၍ ယနေ့သွားရောက်တွေ့ဆုံခဲ့ခြင်းဖြစ်လေသည်။ အများကိုလို၍ အနည်းမှစတင်မေးခဲ့ခြင်း ဖြစ်သည်။ တစ်ဆယ်ကိုလို၍ တစ်မှစတင်ခဲ့ခြင်းဖြစ်သည်။ ရေကူးညာတင်မေးနည်းဟု ဆိုရမည်ဖြစ်၏။

''နမတို့၊ တစ်ခုသော အရာဟူသည် အာဟာရပင်ဖြစ်၏''ဟု စတင်ဖြေဆိုတော်မူလိုက်သောအခါ ပညာရည်ဝပြီးသော အမျိုးသမီးတို့အဖို့ ဟုတ်မှန်လှပါသည်ဟု အံ့အားပင် သင့်သွားကြရသည်။

မှန်လှပေ၏။ သူသူငါငါ သတ္တဝါပုဂ္ဂိုလ်မှန်သမျှသည် အာဟာရဖြင့်သာ ရပ်တည်နေကြရပါတကား။ အာဟာရသည်သာ အကြောင်းရှိပါတကားဟု သဘောကျကျေနပ်သွားကြသည်။

သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ၊ သတ္တဝါမှန်သမျှသည် အာဟာရ၌သာ ရပ်တည်ကြရကုန်၏ဟူသော ဘုရားရှင်၏ ဒေသနာတော်နှင့် တစ်ထပ်တည်းဖြစ်၏။

ထို့ကြောင့် မေးလတ္တံ့ဖြေလတ္တံ့သော တရားများကိုလည်း စဉ်းစဉ်းစားစားနှင့် ဆက်၍ ကြားနာကြသည်။

"နှစ်ခုသော တရားဟူသည် နာမ်နှင့်ရုပ်တရားတည်း။

သုံးခုသော တရားဟူသည် ဝေဒနာသုံးပါးတည်း။

လေးခုသော တရားဟူသည် သစ္စာလေးပါးတည်း။

ငါးခုသော တရားဟူသည် ဥပါဒါနက္ခန္ဓာ ငါးပါးတည်း။

ခြောက်ခုသော တရားဟူသည် အဇ္ဈတ္တိက အာယတနခြောက်ပါးတည်း။

ခုနစ်ခုသော တရားဟူသည် ဗောဇ္ဈင်ခုနစ်ပါးတည်း။

ရှစ်ခုသော တရားဟူသည် မဂ္ဂင်ရှစ်ပါးတည်း။

ကိုးခုသော တရားဟူသည် သတ္တာဝါသ ဘုံကိုးဝတည်း။

ဆယ်ခုသော တရားဟူသည် အင်္ဂါဆယ်ပါးနှင့် ပြည့်စုံသော ရဟန္တာပေတည်း"

အဖြေတွင် အချို့သော တရားအချက်များမှာ သာသနာမှ အပဖြစ်သော သူတို့အတွက် မကြားဖူး၊ မနာဖူးသောကြောင့် လျှောက်ထားသော အခါထပ်မံဖွင့်ဆို ဟောပြောရသည်။ သစ္စာလေးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ ယင်းမဂ္ဂင်ရှစ်ပါး အပါအဝင် သမ္မာဉာဏ၊ သမ္မာဝိမုတ္တိတို့ကို ပူးပေါင်း၍ ရဟန္တာ၏ အင်္ဂါဆယ်ပါးတို့ပင် ဖြစ်၏။

သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးတို့ကို ကြားနာရလျှင်ပင် ပညာရင့်ပြီးသူတို့ဖြစ်၍ ကျွတ်တမ်းဝင် ကြကုန်သည်။ တရားအစုံကို နာယူရသော် အဘယ်ဆိုဖွယ်ရာ ရှိတော့ အံ့နည်း။ အဖြေကား အမျိုးသမီးလေးယောက်လုံးပင် ရဟန်းဘဝကူးပြောင်း၍ မကြာမီပင် ရဟန္တာဖြစ်ကုန်ကြသည်။

ယခုသော် သူတို့မောင်ငယ် သစ္စကကြီးအပိုင်းသို့ ဆိုက်ရောက်လာပြီဖြစ်၏။

[ ၅ ]

ဝေသာလီတွင် ပညာရှိတွေ ထွန်းကားလေရော့ဟု ပညာရှိနှစ်ဦးဖြစ်သော သူတို့အမိ၊ သူတို့အဖ နှစ်ယောက်ကို လိစ္ဆဝီမင်းများက စီစဉ်ပေးစားခဲ့သည့်အကြောင်း အထက်တွင် ဖော်ပြခဲ့၏။ ထိမ်းမြားပြီးနောက် သူတို့နှစ်ယောက်ကို ချီးချီးမြှောက်မြှောက် ထားခဲ့သည် မှန်ပါ၏။ ငှက်ပျောပင်စိုက် မိလိုက်ဖပါ ဆိုသကဲ့သို့ပင် လိစ္ဆဝီတို့ မျှော်လင့်သည့်အတိုင်း

ပညာရှိကလေးများ ထွန်းပေါက်လာသည်လည်း မှန်ပါ၏။ သို့ရာတွင် ခက်သည်မှာကား မွေးလာသမျှ အထက်လေးယောက်မှာ မိန်းကလေးတွေချည်း ဖြစ်နေခြင်းပင်ဖြစ်၏။

မည်သည့်နိုင်ငံတော်မဆို သမိုင်းအရ အမျိုးသမီးဟူသည် ယောကျ်ားတို့၏ အနိမ့်ခံများပင်ဖြစ်ကြ၏။ ယင်းအစဉ်အလာ အယူအစွဲသည် ယနေ့ကမ္ဘာတိုင်အောင် မပြေပျောက်နိုင်သေးသည်ကို သိကြပြီးဖြစ်၏။ အမျိုးသမီးအနိမ့်ခံ နိုင်ငံများအနက် ထိုခေတ် ထိုအခါအရ မဇ္ဈိမကပို၍ကဲလွန်သည်။ လင်သေသော် မယားပါလိုက်၍ သေရသည်ပင်ရှိခဲ့၏။

အမျိုးသမီးများချည်း ထွန်းကားလာသောအခါ ပညာရှင်ပင်ဖြစ်သော်လည်း စိမ်ကိန်းချခဲ့သော လိစ္ဆဝီတို့အဖို့ ဆရာမတင်နိုင်သောကြောင့် တစ်ယောက်ပြီး တစ်ယောက် ထွန်းပေါက်လာတိုင်း လိစ္ဆဝီတို့အဖို့ တက်တစ်ခေါက်ခေါက်နှင့် ခတ်မဆိတ်နေခဲ့ကြရသည်။

သစ္စက ကလေးမွေးဖွားလာသောအခါတွင်မှ ဝမ်းမြောက်ကြရသည်။ သူသည်လည်း အစ်မများနည်းတူပင် ပညာရှိကလေး ဖြစ်လာသည်ကို သိကြရသောကြောင့် ပို၍ ဝမ်းမြောက်ကြရသည်။ သို့ဖြစ်၍ အရွယ်ရောက်လာသောအခါ လိစ္ဆဝီတို့၏ ဆရာကလေးဖြစ်လာ၍ အရွယ်ကြီးလာသောအခါ လိစ္ဆဝီမင်းသား ငါးရာကိုပင် ပညာသင်ပေးရသော ဆရာကြီးဖြစ်လာသည်။

ပညာရှိဆရာကြီးနှင့် ဆီလျော်အောင်ပင် ရုပ်ရည်ရော အသံသြဇာပါ ပြည့်စုံသူဖြစ်သည်။ အရပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်ဟန်ကြီးကြီး ထွားထွားဖြစ်၏။ တစ်ကိုယ်လုံးတွင် အထူးခြားဆုံးမှာကား အသက်ကြီးသလောက် စူကား၍ ထွက်လာသော သူ၏ ဝမ်းဗိုက်ကြီးပင်ဖြစ်ပေသည်။

မင်းဆရာဆိုတော့ အနေကောင်း အစားကောင်းများ နေရစားရသည်။ ဇိမ်ခံသည်။ ထို့ကြောင့် ကိုယ်ခန္ဓာထွားထွားတွင် ဝမ်းဗိုက်သားကြီးတွေ တစ်နေ့တခြား စူကားထွက်လာသည်။ ဤသည်ကို သူက သူ့ဝမ်းဗိုက်သည် တစ်နေ့တခြား ပညာတွေ ပြည့်ဝင်တိုးပွားလာသောကြောင့် စူကားလာပါသည်ဟု အကြောင်းပြ၏။ ပညာရှိစကားဆိုတော့ ပြောတိုင်းတင့်တယ်သည်။ သူ့ဝမ်းဗိုက်ကိုမူ ပညာတွေ ပေါက်မထွက်အောင် ခါးပတ်ကြီးကြီးဖြင့် ပတ်ထားရသည်ဟူ၏။

သို့နှင့် သူ့အစ်မလေးယောက်စလုံးပင် ရှင်သာရိပုတ္တရာဆိုသူ ရဟန်းနှင့်တွေ့၍ သူ့ဘက်ကိုပါသွားပြီး၊ သူ့တပည့်ခံကြပြီဟူသော သတင်းကို ကြားရသောအခါ သစ္စက ဆရာကြီးတစ်ယောက် တက်တခေါက်ခေါက်နှင့် ရှိနေရတော့သည်။ နေသေးသပ ချုံထဲက ချိုသွေးသပ တမြမြ။

ပညာ့ရှင်ဗိုလ်မှန်သမျှကို သတိပြု၍ ဖြစ်သည့်အတိုင်း ဘုရားရှင်သတင်းကို သူကြားသည်။ ခုမှပေါ်လာတဲ့ရွှေကြာပင်ဗုဒ္ဓက သာဝတ္ထိမှာတယ်ပြီး ရေပန်းစားနေပါကလား။ ဗုဒ္ဓ၏တပည့်များကို သူမသိ။ ရှင်သာရိပုတ္တရာဆိုသည်ကို သူမသိ။ အရှင်သာရိပုတ္တရာ၏ပညာကိုသာ၍မသိ။ သူ့လို နိုင်ငံတစ်ခု၏ ထိပ်တန်းပညာရှင်က တပည့်များကို သိနေရန်လည်းမလို။ ထိပ်သီးဘုရားရှင်ကိုသာ ဗုဒ္ဓဆိုပါကလား၊ တထာဂတတဲ့လားဟု ဝိုးတဝါး မသိချင်သိချင် သိသည်။ ဘုရားရှင်မှလွဲလျှင် ဗုဒ္ဓဝင်အရထင်ရှားလှသော ရှင်ကောဏ္ဍညအစ ရှင်အဿဇိအဆုံး၊ ပဉ္စဝဂ္ဂီအရှင်တို့လောက်ကိုသာ သိသည်။

ယောက်ျားလည်းဖြစ်၊ ထိပ်သီးရာထူးရှင် ပညာရှိကြီးလည်းဆိုတော့ သူ့အစ်မများလို ထိုထိုနေရာများသို့ လှည့်လည်ပြီး ယံဝါတံဝါ ပညာပြိုင်ဘက်ကို ရှာနေဖို့မလို။ ထိပ်သီးကိုသာ ဖြိုရပေမည်။ အရပ်ရပ်နေပြည်တော်ကြားလို့မှ မလျော့အောင် သူ့အစ်မများ သူတစ်ပါးတပည့်ခံသွားရပြီဆိုတော့ ယခု ဖြိုခွင့်ကြုံလာပေပြီ။

စားလိုသည့် ပျားသကာ မုတ်ဆိတ်မှာ လာ၍စွဲသည်ဆိုသကဲ့သို့ အကယ်ပင် ဖြိုခွင့်ကြုံလာပြီဖြစ်၏။ အကြောင်းမူကား သူဖြိုလိုသော တထာဂတထံ သွားနေဖွယ်မလို။ ဗုဒ္ဓဆိုသူသည် သူတို့နေထိုင်ရာ ဝေသာလီအနီးမဟာဝုန်တောကြီးသို့ သူ့တပည့်များနှင့်အတူ လာရောက်သီတင်းသုံးနေပြီဟု ကြားသိရသောကြောင့်ပေတည်း။

သို့ဆိုလျှင် သူ့အဖို့ ပရိဗိုဇ်ရဟန်းဟုပင် အမည်ခံစေကာမူ မင်းဆရာဖြစ်၍ ဆွမ်းခံဖို့မလိုသော်လည်း ဗုဒ္ဓနှင့် သူ့တပည့်များသည်မူ ဆွမ်းခံအလွန်ဝါသနာ ပါကြသည်ဟု ကြားရသည်၊ ဆွမ်းခံကြွလာသော ဗုဒ္ဓကိုယ်တိုင်နှင့်ဖြစ်စေ၊ ရဟန်းတစ်ပါးပါးနှင့်ဖြစ်စေ ရင်ဆိုင်ဆွေးနွေး၍ တရားစစ်ပွဲအရေးကို ပြင်ဆင်ရပေမည်ဟူသော အတွေးဖြင့် အချိန်ကိုစောင့်ကာ ဆွမ်းခံကြွလာသော ဗုဒ္ဓ၏ တပည့်တစ်ပါးနှင့် ခရီးကြုံ၍ ဆုံမိသယောင်ဖြင့် ရင်ဆိုင်လိုက်လေသည်။

"ရှင်ရဟန်း။ ကျွန်ုပ်သည်ကား ဤဝေသာလီမှ မင်းဆရာကြီး သစ္စကပါ၊ ရှင်ရဟန်းက ဗုဒ္ဓ၏ တပည့်ပါလား"

"မှန်ပါသည်"

"ဘွဲ့မည်သို့ ခေါ်ပါသနည်း"

"အဿဇိဟု ခေါ်ကြပါသည်"

'ယော် ဗုဒ္ဓရဲ့အကြီးဆုံး တပည့်ကြီးတစ်ပါးနဲ့ တွေ့ရတာ အဆင်သင့်လိုက်လေဗျာ"ဟု ဆိုလိုက်သည်။

သူက ထိပ်သီးများနှင့်သာ ရင်ဆိုင်လိုသူဖြစ်သည်။ ရှင်အဿဇိဆိုတော့ သူကြားဖူးသော သတင်းဝိုးတဝါးကို သတိရလာပြန်၏။ ရှင်အဿဇိဟူသည်မှာ ရာဇဂြိုဟ်မှ နာမည်ကျော် ပရိဗိုဇ်နှစ်ဦးဖြစ်သော ဥပတိဿနှင့် ကောလိတ်တို့ကို တရားဟော၍ သူတို့ဘက်ပါအောင် ဆွဲဆောင်ခဲ့သူဟု ကြားရဖူး၏။ ထို့ကြောင့် အဿဇိဟူသည် ဥပတိဿ၏ဆရာဖြစ်၏။ ဥပတိဿဟူသည် သာရိပုတ္တရာ၏အမည်ဖြစ်၏။ သူ့အစ်မများသည် တပည့်၏တပည့်မျှဖြစ်သော သာရိပုတ္တရာအထံတွင် အရှုံးပေးရသည်မှာ ဂုဏ်သရေမဲ့လေစွဟု သူစဉ်းစားသည်။

အကယ်၍များ တထာဂတဆိုသူသာ ဝေသာလီမှာမရှိလျှင် သာရိပုတ္တရာ၏ ဆရာ အဿဇိနှင့် တပွဲတစ်လမ်းရင်ဆိုင်လိုက်မိမည်ဖြစ်၏။ ယခုသော် တထာဂတ ကိုယ်တိုင် မဟာဝုန်တွင် ရောက်နေပြီဆိုတော့ ဆရာ့ထက်ဆရာ တထာဂတနှင့်သာ ရင်ဆိုင်စစ်ပွဲ နွှဲရပေမည်။

ယခုကြုံတောင့်ကြုံခိုက် ကြုံရခိုက်တွင် သူ့ကိစ္စကို စတင်ရမည်ဖြစ်၏။ တပည့်ကြီးမှတစ်ဆင့် တထာဂတသိအောင် သတင်းပို့ရမည်ဖြစ်၏။ အရပ်စကားဖြင့် ဆိုသော် တထာဂတကို ရန်စလိုက်ရမည်ဖြစ်၏။ သူတို့အမျိုးသည် မိဘများမှစတင်၍ သူ့အစ်မများအပါအဝင် ရောက်ရာနေရာတွင် ဗိုလ်ရှိသူ ထွက်လော့ဟု ရန်စ,ရှာသူများပင် မဟုတ်ပါလော။ ထို့ကြောင့် ဆွမ်းခံကြွဆဲ အရှင်အဿဇိကို ရှေ့သို့မတိုးနိုင်အောင် သူ၏ ဗိုလ်စကားကြီးဖြင့် ဆီးတား၍ ရပ်လိုက်၏။

''ရှင်ရဟန်း၊ ကြုံတုန်းကြုံခိုက်မို့ မေးရဦးမယ်။ သင်တို့ဆရာ တထာဂတက သူ့တပည့်များကို မည်သည့်စကား၊ မည်သည့်တရားဖြင့် ဆုံးမပါသနည်း''

ထိုအမေးစကားကြောင့် အရှင်အဿဇိအဖို့ လာပြန်ချေပြီတစ်ဦးဟု သတိရှေးရှု လိုက်ရသည်။ ရာဇဂြိုဟ်တွင် ဥပတိဿပရိဗိုဇ်နှင့် တွေ့စဉ်ကလည်း မိမိ၏ အလားတူပင် သတိရှေးရှုခဲ့ရသည်။ ဤအရှင်သည် မိမိ၏တရားအလုပ်ကိုသာ အချိန်ရနိုင်သမျှ ကျားကုတ်ကျားခဲ ပြုလုပ်သူဖြစ်၍ စကားပြောလိုသူ၊ တရားဟောလိုသူ၊ ဆရာလုပ်လိုသူ မဟုတ်ပေ။ သာသနာအတွင်းသားများနှင့်တွေ့လျှင်ပင် စကားပြောမှုကို တတ်နိုင်သမျှ ရှောင်သူဖြစ်၏။ တိတ္ထိများနှင့် တွေ့ရသည်ဆိုတော့ ပို၍သတိထားရသည်။ အကြောင်း တစ်မှုကား သာသနာပ တိတ္ထိတို့သည် တရားရလိုသူထက် အပြစ်ရှာလိုသူများသာဖြစ်ကြ၏။

ဥပတိဿနှင့်တွေ့ခဲ့ရစဉ်က ဥပတိဿသည် ပရိဗိုဇ်ပင်ဖြစ်စေကာမူ ကျိုးနွံ၏။ ရိုသေ၏။ ကိုင်းရှိုင်း၏။ သို့နှင့် ''ယေဓမ္မာ ဟေတုပ္ပ ဘာဝါ''ချီသော တရားတစ်ပုဒ်မျှကို တောင်းပန်၍ ဟောခဲ့ရသည်။ ယခု သစ္စကဆိုသူမှာ မကျိုးနွံ၊ မရိုသေ၊ မကိုင်းရှိုင်း။

မထိမဲ့သယောင် အမူအရာဖြင့် ဆက်ဆံကာ တရားအရေး ဆွေးနွေးလာသောအခါ ပို၍ သတိထားရပေမည်။

''သစ္စက။ ငါတို့ ဗုဒ္ဓက သူ့တပည့်များအားဟောကြားသည်မှာ 'ချစ်သား ရဟန်းတို့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ ဟူသမျှသည် အနိစ္စအမြဲမရှိ။ အနတ္တအလိုမလိုက်။ ငါမဟုတ်။ အလုံးစုံဖြစ်ဖြစ်သမျှသော တရားတို့သည် အနိစ္စ အမြဲမရှိ။ အနတ္တ အလိုမလိုက်၊ ငါမဟုတ်ဘူး'လို့ ကြိမ်ဖန်များစွာ ဆုံးမလေ့ရှိပါသည်''

အမှန်ပင် သတိဖြင့် ဖြေကြားသော တရားတော်ဖြစ်၏။ ဘုရားရှင်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဟောတော်မူသော တရားအစဉ်တွင် ယခု သစ္စကသို့ ဟောသော တရားတွင်မူ ဒုက္ခကို သတိဖြင့် ချန်ထားခဲ့ပေသည်။ အကြောင်းမူကား ဒုက္ခကိုထည့်၍ ဟောလျှင် တရားအချက်များ၌ ကတ်သီးကတ်သတ် ကော်ချင်ကတ်ချင်သော သစ္စကအဖို့ လက်ကြားလျှိုပေါက် ဝင်လာဖို့ရှိသောကြောင့် ချန်ခဲ့ရခြင်းဖြစ်သည်။

အနိစ္စနှင့် ဒုက္ခဟူသော တရားအချက်တို့သည် သူတို့တရားတွင်လည်း ရှိခဲ့သည်သာ ဖြစ်၏။ မြင်မြင်သမျှ သင်္ခါရတရားတို့သည် အမြဲမရှိဟုဟောလိုက်လျှင် လူပြိန်းတို့ပင် သဘောပေါက်၍ အလွယ်လက်ခံနိုင်၏။ ဆင်းရဲ၏ဟု ဟောလိုက်လျှင်လည်း အလွယ် သဘောပေါက်လက်ခံနိုင်၏။ အနတ္တသည်သာ ခက်၍ ဘုရားရှင်ပွင့်တော်မူမှ ပေါ်ပေါက်လာသော တရားနက်ဝေါဟာရထူး၊ သဘောထူး ဖြစ်သည်။

တစ်နည်းထပ်၍ဆိုရသော် အနတ္တဟူသည် သဘောပင် မပေါက်လွယ်သော်လည်း ဘုရားရှင်သာသနာတော် ပေါ်ထွန်းလာသောအခါ၌ ယနေ့တိုင်အောင် အထပ်ထပ် နားလျှံလုမျှ ကြားနာနေကြရ၏။ ထိုအချိန်အခါကမူ အတ္တဝါဒ မှောင်ပိတ်ပိန်းထူနေသော အချိန်အခါဖြစ်သည့်အတိုင်း သစ္စကကြီးတို့အဖို့ နားမျှလေသံ တစ်ရံတစ်ဆစ်မျှမကြားဖူးသော ဝေါဟာရ သဘောတရားဖြစ်၏။

ထိုမျှမက အနတ္တဟူသည် သူတို့၏ သရဖူဝေါဟာရအယူအစွဲ အတ္တကို ဆန့်ကျင်တိုက်ခိုက်လာသော တရားဆန်းဖြစ်ကြောင်း သစ္စကကြီး အလန့်တကြား ကြားသိ သိရှိလာရသည်။

ထို့ကြောင့် ''အလိုလေးဗျာ၊ အနတ္တတဲ့လားဗျာရို့၊ အတ္တမဟုတ်ဖူးတဲ့လားဗျာရို့။ တထာဂတက ဒီအတိုင်းပဲ ဟောသတဲ့လားဗျာရို့''ဟုပင် အသံထွက်သွားရသည်။

''မှန်သည် သစ္စက၊ ဤအတိုင်းပင် ငါတို့ဆရာက ဟောပြောဆုံးမပေသည်''

ထိုစကားကြောင့် သစ္စက ''ဟား-ဟား-ဟား'' ဟု ပထမ လှောင်ရယ် ရယ်သည်။ ဒုတိယ ''ကြားရချက်ကဖြင့် ဆိုးရွားပါ့ဗျာ၊ တကယ့်ကို အနှစ်သာရမရှိတဲ့

ဆုံးမမှုပဲ''ဟု ရှုတ်ချသည်။ တတိယတွင်မူကား ''ရှင်ရဟန်းတို့ဆရာ တထာဂတက ကျုပ်လာလျှင် လက်ခံစကားပြောပါမည်လား'''ဟု သူ့အကြံနှင့်သူ ဟန်ရောလေသံပါ ပြောင်း၍ ရှင်အဿဇိသို့မေးလိုက်သောအခါ ''ငါတို့ဆရာသည် သင့်လျော်သောအချိန် ဖြစ်လျှင် မည်သူ့ကိုမဆို လက်ခံတွေ့ဆုံမြဲဖြစ်ပါသည်''ဟု ရှင်အဿဇိက ဖြေကြားသည်။

''သို့ဆိုလျှင် ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြရန် ကျွန်ုပ်လာခဲ့ပါမည်။ လာဆို ယနေ့ညနေပဲ လာခဲ့ပါမည်။ သင်တို့ဆရာကို လျှောက်ကြားထားပါဘိ''ဟု ပြော၍ ရှင်အဿဇိကို လမ်းဖယ်ပေးလိုက်သည်။

သစ္စကကြီးအဖို့ သူ့အတွေးသူ့တရားနှင့် သူတော့ နိုင်ဖို့ရန် သေချာနေသော ကြောင့် တက်ကြွလျက်ရှိ၏။ တက်ကြွပုံမှာ ဤမျှမကသေးပေ။

[ ၆ ]

ဤနေရာမှ ဆက်၍ လိစ္ဆဝီမင်းတို့ စည်းဝေးရာ မင်းကွန်းသို့ ပညာသင်ချိန်မဟုတ်ဘဲနှင့် သစ္စကကြီးရောက်သွားသောအခါ လိစ္ဆဝီများက နေရာပေးကြ၏။ အဘယ်ကိစ္စနှင့် ကြွလာပါသနည်းဟု မေးကြ၏။ ယနေ့ဆရာကြီးကို တွေ့ရသည်မှာ အလွန်တက်ကြွ ရွှင်လန်းလျက်ရှိသောကြောင့် ကိစ္စထူးတစ်ရပ် ရှိနေပုံရသည်။

''မင်းသားတို့၊ ငါသည် ယနေ့ညနေ မဟာဝုန်တောတွင် ရောက်လျက်ရှိသော တထာဂတ ဆိုသူအထံသို့သွား၍ ဝါဒပြိုင်မည်။ တရားစစ်ပွဲဆင်နွှဲမည်။ ဤပွဲတွင် ငါ၏ အနိုင်ကို သင်တို့ ကြည့်ရှုနားထောင်ကြရန်အတွက် လာရောက် အသိပေးခြင်း ဖြစ်ပေသည်'' ဟု ပြောကြားလိုက်သောအခါ အချို့က အံ့အားသင့်ကြ၏။ အချို့က ဝမ်းမြောက်၍ ''လာဖြစ်အောင် လာကြပါမည်။ ဆရာကြီးကိုခြံရံ၍ လိုက်ပါလာ ကြမည်''ဟုပင် ပြောလိုက်သည်။

မဇ္ဈိမ၏ အစဉ်အလာတရားတွင် လိစ္ဆဝီအများစုမှာ အတ္တ၏ သားကောင်များ ဖြစ်ကြသော်လည်း ပညာရင့်သော လိစ္ဆဝီအချို့ကမူ ဘုရားရှင်၏ပညာနှင့် တရားတော် အခြေခံကို ရိပ်စားမိပြီးဖြစ်၍ အံ့အားသင့်ကြသည်။ မဟာလိဟူသော လိစ္ဆဝီမင်းတစ်ပါး မှာမူ သောတာပတ္တိဖိုလ် အဆင့်သို့ပင် ရောက်၍ သူတို့နှင့် အစပ်ကျွာလွန်းသောကြောင့် တရားရှင်ဖြစ်သော ဗိမ္ဗိသာရဘုရင် အထံသို့ပင် ခိုဝင်လျက်ရှိနေပေပြီ။

သို့ရာတွင် လိစ္ဆဝီမင်းအများစုမှာမူ သစ္စက၏ တပည့်များသာဖြစ်၍ ထိုသူတို့က သစ္စက၏ စကားကြောင့် ဝမ်းမြောက်ကြသည်။ ပွဲကြီးပွဲကောင်းကြည့်ရတော့အံ့ဟု တက်ကြွလျက်ရှိကြသည်။ သစ္စကကြီး၏ ဝင့်ကြွားမှုမှာ ဤမျှဖြင့် မပြီးသေးပေ။

''တပည့်တို့၊ ယနေ့ညနေ တရားစစ်ပွဲ၌ ငါသည် တထာဂတဆိုသူအား အင်အားရှိသော ယောကျ်ားတစ်ယောက်သည် အမွေးရှိသော သိုးကြီး၏ အမွေးများကို ဆုပ်ကိုင်ကာ ပတ်ချာလည်အောင် ဝှေ့ယမ်းသကဲ့သို့ ရဟန်းဂေါတမဆိုသူကို ဝှေ့ယမ်း၍ ပစ်မည်။ သေသောက်ကြူးယောကျ်ားသည် အရက်ဆိုင်မှ ဖျာကြီးများကို ပတ်ပတ်လည် အောင် ဝှေ့ယမ်းသလို တထာဂတဆိုသူကို ငါတို့၏ အတ္တဝါဒဖြင့် ဝှေ့ယမ်းပြမည်။ သေသောက်ကြူးသည် အရက်ခွက်ကိုကိုင်ကာ ဝှေ့ယမ်းသလို ရှင်ဂေါတမကို ဝှေ့ယမ်း မည်။ ဆင်ပြောင်ကြီးသည် ရေမှာ စိမ်၍ထားသော ပိုက်ဆံလျှော်ထုံးများကို ဝှေ့ယမ်းကစား သလို ဗုဒ္ဓဆိုသူအား ဝှေ့ယမ်းကစားပြမည်''

သစ္စကကြီး၏ ကြွားလုံးဥပမာများမှာ သေချာလှ၍ စဉ်းစားစရာများလည်း ပါသည်။

မဇ္ဈိမသည် ဆင်သတ္တဝါ၊ ဆိတ်သတ္တဝါတို့ ပေါများသော နိုင်ငံဖြစ်၍ အမြင် အတွေ့များသော လိစ္ဆဝီတို့အား ထင်ရှားအောင် ဥပမာပြသည်မှာ ထားပါတော့။ အရက်ဆိုင်နှင့် အရက်သမားဥပမာကို နှစ်ကြိမ် နှစ်ထပ်ပြသည်မှာကား စဉ်းစားစရာ ဖြစ်ပေသည်။ ဖိမ်သမား သစ္စကကြီးသည် အရက်သမားမဟုတ်နှင့်ဦးတော့၊ အရက်ဆိုင်၏ အမြင်အတွေ့ကို ဥပမာ ပြလိုက်ပုံမှာကား သေချာလှပေသည်။ အရက်ဆိုင်နှင့် နီးစပ်သော တိတ်တခိုး အရက်သမားကြီးပင်ဖြစ်လေရော့သလားဟု စဉ်းစားစရာရှိသည်။ ဤလောက၌ ပညာရှိအရှိအသေခံ ပုဂ္ဂိုလ်များသည် တစ်ဖက်တွင် လူမြင်သူမြင် ပုတီးကိုကိုင်လျက် တစ်ဖက်တွင်မူ တိတ်တခိုးအရက်သမားကြီးများ ဖြစ်နေတတ်ကြသည်မှာ ယနေ့ခေတ် တိုင်အောင်ပင် မဟုတ်ပါလော။

[ ၇ ]

သိတော်မူမြင်တော်မူပြီးသော ဘုရားရှင်အဖို့ ယနေ့ဆင်နွှဲရမည့် တရားစစ်ပွဲ၏ အတိုင်း အတာကိုလည်းကောင်း၊ လိစ္ဆဝီမင်းတို့နှင့်အတူ ဆိုက်ရောက်လာကြမည့် ပရိသတ်၏ အတိုင်းအတာကိုလည်းကောင်း ချိန်ဆ၍ ပရိသတ်အတွက် လုံလောက်သော တောရိပ် ဝန်းကျင်နှင့် ကြီးမားသော ပညောင်ပင်ကြီးအောက်တွင် အဆင်သင့် သီတင်းသုံး နေတော်မူ၏။ တပည့်ရဟန်းများစွာတို့သည် ဘုရားရှင်၏ ဝဲယာတစ်ဖက်တစ်ချက်တွင်၊ နောက်တော်ပါးတွင် ခြံရံလျက်ရှိကြ၏။

မှန်လှပေသည်။ သစ္စကကြီးနှင့် လိစ္ဆဝီတို့၏ နှိုးဆော်မှုကြောင့်လည်းကောင်း၊ တစ်ဆင့်စကား တစ်ဆင့်နားဖြင့်လည်းကောင်း ပြိုင်ပွဲဆိုလျှင် အရင်ရောက်လိုကြသော ပရိသတ်မှာ လိစ္ဆဝီ ငါးရာကျော်တို့နှင့်အတူ များပြားလှပေသည်။

သစ္စကကြီးသည် ယင်းပရိသတ်ကြီး၏ရှေ့မှ ပညာရှိတို့၏ အဆောင်အယောင်ဖြစ်သော တောင်ဝှေးကြီးကို ထောက်ကာထောက်ကာ ပညာရှိတို့ ပုံဟန်ဖြင့် ကြွားကြွားရွားရွားကြီး ချီတက်လာ၏။ မျက်လုံးများကို ဝင့်၊ မျက်နှာကို မော့၍ ကြော့ကြော့ကြီးချီတက်၏။ ခါးပတ်ကြီးကြီးတို့ဖြင့် အထပ်ထပ် ပတ်၍ထားအပ်သော သူ့ဗိုက်ပူနံကားစုလျားလျားကြီးကို တမင်ရှေ့သို့ပစ်၍ပစ်၍ လျှောက်၏။ အကြောင်းမူကား ပညာတို့ဖြင့်ပြည့်သိပ်လျက်ရှိသောကြောင့် ပညာတွေ နံဘေးသို့ပေါက်မထွက်ရန် ချည်ပတ်ထားရပါသည်ဆိုသော သူ့ဗိုက်ပူနံကားကြီးကို ပရိသတ်မြင်အောင် တမင်ဗန်းပြရခြင်းဖြစ်၏။

သို့ရာတွင် ဘုရားရှင် အထံတော်အနီးသို့ရောက်၍ တစ်လံမျှလောက်သော ရောင်ခြည်တော်များကို မမြင်စဖူးမြင်တွေ့လိုက်ရသောအခါတွင်မူကား ထူးခြားလှပါကလားကရို့ဟူသော အတွင်းသိကြောင့် စိုးရွံ့၍သွားသော်လည်း ပရိသတ်မသိအောင် မိမိကိုယ်ဟန်ကို ထိန်းလိုက်သည်။

တစ်လံမျှလောက်သော ဘုရားရှင်၏ ဦးခေါင်းတော် ရောင်ခြည်တော်ဟူသည် ပြကတိသော ရောင်ခြည်တော်များပင်ဖြစ်၏။ ဘုရားရှင်၊ တရားရှင်၊ ပညာရှင်များ၌ ရောင်ခြည်ထွက်သည်၊ အလင်းထွက်သည် ဟူသော အသိသည် ပညာရှာခဲ့သော သစ္စကအဖို့ ကိုယ်တိုင်မမြင်ဖူး မတွေ့ဖူးသေးသော်လည်း ရှေးဟောင်းရသေ့တို့ ကျမ်းဂန်များတွင် တွေ့ရှိခဲ့ရပြီးဖြစ်၏။ တထာဂတ၊ ရှင်ဂေါတမ ဆိုသည်ကို သတင်းသာကြား၍ ရှေးက မမြင်မတွေ့ဖူးခဲ့။ ယခုမြင်တွေ့ရသောအခါ အံ့အားသင့်သော်လည်း ပရိသတ်မသိအောင် ထိန်းလိုက်နိုင်သည်။

စင်စစ်တစ်မူကား ရောင်ခြည်တည်းဟူသော အလင်းရောင်သည် ဘုရားရှင်ကို ထားဦး၍ သာမန် သမာဓိခန်း တရားသမားတို့၌ပင် အဆန်းမဟုတ်၊ တရားအလုပ်တွင် သဘာဝအားဖြင့် သက်ဝင်လျက်ရှိသော ကိစ္စမျှသာဖြစ်ပေသည်။ သို့ရာတွင် ကြီးချင်သည့် ပညာသာကြီး၍ တရားအလုပ်စခန်းသို့ မတက်လှမ်းဖူးသေးသော သစ္စကကြီးအဖို့မူ အဆန်းဖြစ်လျက် ရှိရတော့သည်။

ဘုရားရှင်သည် ရွှေတောင်ရွှေတုံးပမာ ကြီးစွာသော ဣန္ဒြေတော်ဖြင့် ညောင်ပင်ရင်းတွင် ထိုင်နေတော်မူ၏။ ဝန်းရံလျက်ရှိသော ရဟန်းပရိသတ်မှာလည်း ငြိမ်သက်တည်ကြည်လှသဖြင့် သစ္စကကြီးအဖို့ ရှေးကမမြင်ဖူးသော ပရိသတ်ပင်ဖြစ်နေပြန်ပေသည်။

သို့ရာတွင် ဟန်ကိုယ့်ဖို့ဟူသော အသိဖြင့် ဘုရားရှင်ရှေ့တော်သို့ ခန့်ညားစွာဝင်သည်။ မားမားကြီးရပ်သည်။ အပြိုင်အဆိုင် ရောက်လာသူမို့ အရိုအသေပေး၍တော့မဖြစ်၊ ထိုင်၍လည်း မဖြစ်။ ထိုင်လိုက်လျှင် ဘုရားရှင်က ညောင်ပင်ရင်းရှိ မြင့်သော

နေရာတွင် ထိုင်နေသူဖြစ်၍ အလိုလိုနိမ့်ကျသွားဖို့ရှိသည်။ သို့ရာတွင် ပညာရှိဆိုတော့ ပညာရှိအမျက် ပြင်မထွက်ဟူသော သဘောဖြင့် မာနနှင့် ဒေါသအစွယ်တို့ကို ဖုံးကာ ဟန်လုပ်ရဦးမည်ဖြစ်၏။ ပညာရှိတို့ ထုံးစံနှုတ်ဆက်စကား ပြောကြားရဦးမည်ဖြစ်၏။ မိမိသည် ဝေသာလီ၏ အိမ်သားဖြစ်၍ ရှင်ဂေါတမသည်ကား ဝေသာလီသို့ ယာယီမျှ ရောက်လာသော ဧည့်သည်ဟုလည်း သစ္စကကြီး သဘောထားသည်။

ထို့ကြောင့် သစ္စကကြီးက "အို ရှင်ဂေါတမ၊ ကျန်းခံ့သာ၍ မာပါ၏လော၊ နှလုံးစိတ်ဝမ်း အေးချမ်းပါ၏လော၊ ဆွမ်းကိစ္စတွင် မပင်မပန်းရှိပါ၏လော" ဟု ရှေးရိုးတံထွာ ဓမ္မတာ နှုတ်ဆက်စကားဖြင့် မေးမြန်းလိုက်သောအခါ ဘုရားရှင်က အလိုက်သင့်ပင် ပြန်၍ဖြေသည်။

ဤတွင် ဘုရားရှင်၏ အသံတော်ကို ကြားရသောအခါ သစ္စကကြီး အံ့အားသင့်ရပြန်၏။ မိမိအသံသည် ခန့်ထည်အောင်မြင်သည် မှန်ပါ၏။ ဘုရားရှင်၏ အသံတော်ကို ကြားလိုက်ရသောအခါတွင်မူကား အကွာခြားကြီး ကွာခြားလျက်ရှိနေပေသည်။ ဘုရားရှင်၏အသံတော်ဟူသည် စင်ကြယ်ခြင်း၊ သာယာခြင်း၊ သိလွယ်ခြင်း၊ နာချင်ဖွယ်ရှိခြင်း၊ ပြန့်နှံ့ခြင်း၊ တစ်လုံးတစ်စည်းတည်းရှိခြင်း၊ နက်နဲခြင်း၊ ပဲ့တင်ထပ်ခြင်း တည်းဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့်အကြောင်းကို သစ္စကကြီး မသိရှာပေ။

ယင်းသို့လျှင် အမြင်အတွေ့နှင့် အသံတော်ကြောင့် စိုးရွံ့သယောင်ရှိသော်လည်း အားတင်းကာ "အို–ရှင်ဂေါတမ၊ အခွင့်ပေးပါမူကား စကားတစ်ခွန်းလောက် မေးပါရစေ" ဟု ပညာစစ်ပွဲကို စချီလိုက်သည်။

"သစ္စက၊ သင့်ကို အခွင့်ပေး၏။ မေးလိုသမျှ မေးပါလေ"

"ရှင်ဂေါတမ၊ အရှင်၏ တပည့်များကို ဘယ်လို ဟောကြားဆုံးမတော်မူလေ့ ရှိပါသနည်း။ အဘယ်သို့သော ဆုံးမချက်မျိုးကို လက်ကိုင်ပြုကာ များစွာဆုံးမလေ့ရှိပါသနည်း"

ဝှေ့ယမ်းပစ်ရန်မာန၊ ဒေါသမောင်းတင်၍ လာခဲ့သော်လည်း မာန၊ ဒေါသ မြူငွေ့မျှမတွေ့ရသော ဘုရားရှင်၏ အသရေတော်ကို တွေ့ရသောအခါ အတွင်းစိတ်အားဖြင့် စိုးရွံ့သည်တစ်ကြောင်း၊ ဣန္ဒြေကြီးမား ငြိမ်သက်လှစွာသော ရဟန်းပရိသတ်၏ အရှိန်ကလည်း ဟပ်လျက်ရှိသောကြောင့် ဘုရားရှင်အား မရိုမသေ မပြောဝံ့ပေ။

သစ္စက၏ အမေးတွင် ဘုရားရှင်က အရှင်အဿဇိဖြေဆိုခဲ့သည့်အတိုင်းပင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့၏ အနိစ္စသဘော၊ အနတ္တသဘောကို ဖြေဆိုတော်မူလိုက်သဖြင့် သစ္စကကြီးအဖို့ ရှင်ဂေါတမသည် အခြားနည်းအားဖြင့်

အဘာယ်မျှ ထူးခြားသည်ဆိုစေ၊ တရားသဘောအားဖြင့်မူ မိမိလိုချင်သော အချက်သို့ ဝင်လာ၍ ပိုင်လှပြီ ဟုတ်လှပြီဟု ဝမ်းမြောက်လိုက်၏။

သူကြားချင်သည်မှာ မိမိတို့ ပိုင်ပိုင်နိုင်နိုင် စွဲကိုင်၍ထားအပ်သော အတ္တကို ဆန့်ကျင်လာသည့် အနတ္တအချက်ပင်ဖြစ်ပေ၏။ ထို့ကြောင့် အနတ္တဟူသည်ကို အတ္တဖြင့် ပိုင်ပိုင်ကြီး ချေဖျက်ပစ်နိုင်ရန် တစ်ကြိမ်မျှသာမက ''အို ရှင်ဂေါတမ။ ဤအတိုင်းပင် ဆိုးမပါသလော၊ ဤအတိုင်းပင် စွဲကိုင်ယူဆပါသလော''ဟု သုံးကြိမ်တိုင်တိုင် ထပ်၍ မေးသည်ကို သုံးကြိမ်တိုင်တိုင်ပင် ထပ်၍ ဖြေဆိုတော်မူ၏။ ယခုသော် မိမိအလှည့် ရောက်ပေပြီ။ ရှင်ဂေါတမကို ငွေ့ယမ်းရတော့မည်။

''အို - ရှင်ဂေါတမ၊ ကျွန်ုပ် ဥပမာပြု၍ ပြောဆိုပါမည်။ မြေကြီးပေါ်၌ တည်ရှိကြသော သစ်ပင်ချုံနွယ်အပေါင်းတို့သည် မြေကြီးကိုသာ အမှီပြုကြရသည် မဟုတ်ပါလော။ မြေကြီးကို အမှီပြုကြရသဖြင့်သာလျှင် စည်ပင်ကြီးပွားခြင်းသို့ ရောက်နိုင်ကြသည် မဟုတ်ပါလော။ အလားတူပင် ဤကမ္ဘာတွင် တည်ရှိကြသော သတ္တဝါအပေါင်းတို့သည် မြေကြီးကိုသာ အမှီပြု၍ ပြုဖွယ်ကိစ္စ အစုစု အမှုမျိုးစုံကို လုပ်ဆောင်နိုင်ကြသည် မဟုတ်ပါလော။

''ဤဥပမာအတိုင်းပင်လျှင် ရှိရှိသမျှ သတ္တဝါအများသည်လည်း ရုပ်တည်းဟူသော အတ္တရှိကြသောကြောင့်ပင်လျှင် ရုပ်ပေါ်မှာ တည်၍ကောင်းမှု မကောင်းမှုများကို ပြုနိုင်ကြသည် မဟုတ်ပါလော။ အလားတူပင် ဒေဝနာအတ္တ၊ သညာအတ္တ၊ သင်္ခါရအတ္တ၊ ဝိညာဏအတ္တရှိကြသောကြောင့်သာ ကောင်းမှု မကောင်းမှုများကို ပြုလုပ်နိုင်ကြသည် မဟုတ်ပါလော''

''အို - သစ္စက၊ ဥပမာ ဥပမေယျတွေဖြင့် သွယ်သွယ်ဝိုက်ဝိုက် လျှောက်ထား မနေပါနှင့်တော့။ တည့်တည့်ပဲ ဆွေးနွေးကြပါစို့။ သင့်ကိုတည့်တည့် မေးမည်။ တည့်တည့် ဖြေပါလေ။ ရုပ်သည် အတ္တလော၊ ဝေဒနာသည် အတ္တလော၊ သညာသည် အတ္တလော၊ သင်္ခါရသည် အတ္တလော၊ ဝိညာဏ်သည် အတ္တလော''

ခပ်တင်းတင်းမေးတော်မူလိုက်သော မေးခွန်းတော်ကြောင့် လူကြမ်း နတ်ကြမ်းတို့ သာမက ပြဟ္မာကြီးများပင် စိုးရွံ့ရသော ဘုရားရှင်၏ စကားတော်၊ မေးခွန်းတော် ဟူသည်ကို သစ္စကကြီး အဘယ်ပုံ မစိုးရွံ့နိုင်ဘဲရှိချေပါအံ့နည်း။ တွေ့စကပင် အခြေ မခိုင်ခဲ့သော သစ္စကအဖို့ ယိမ်းယိုင်လာပြီဖြစ်၏။ ထို့ကြောင့် မိမိဘက်မှအဖော်ရှာသော သဘောဖြင့် သူ့တပည့်လိစ္ဆဝီများနှင့်ပရိသတ်များဘက်သို့ လှည့်လိုက်ကာ ''အရှင်ဂေါတမ။ ကျွန်ုပ်သည် ရုပ်ကို အတ္တမှန်ကြောင်းယုံကြည်ပြောဆိုပါ၏။ ဟောသည် ပရိသတ်တွေ

ကလည်း သည့်အတိုင်းပင် ယုံကြည်ပြောဆိုကြပါ၏။ အလားတူပင် ဝေဒနာသည်၊ သညာသည်၊ သင်္ခါရသည်၊ ဝိညာဏ်သည် အတ္တမှန်ကြောင်း ကျွန်ုပ်ရော ပရိသတ်ပါ ယုံကြည်ပြောဆိုပါ၏''ဟု အဖော်ညှိ၍ လျှောက်ထားလိုက်သည်။

''အို–သစ္စက၊ ပရိသတ်ကို အဘယ့်ကြောင့် ဆွဲ၍ထည့်ရပါသနည်း။ ဤကိစ္စမှာ သင်နှင့် ငါတို့နှစ်ဦးချင်း ဆွေးနွေးကြသောကိစ္စဖြစ်သည်။ တည့်တည့်ဖြေပါ။ ရုပ်သည် အတ္တမှန်သလော''

ယင်းသို့ ဘုရားရှင်က တည့်တည့်ကြီး ချည်တုပ်လိုက်သောအခါ ဤနေရာတွင် ပရိသတ်ဝင်လာ၏။ ပရိသတ်မှာ သစ္စက၏ ပရိသတ်ချည်းမဟုတ်၊ ဘုရားရှင်၏ ပရိသတ်လည်း ပါဝင်၏။ သစ္စက၏ ပရိသတ်ပင်ဖြစ်စေဦးတော့၊ စဉ်းစားတတ်သော လူဟူသည် စဉ်းစားနိုင်ယှဉ်စရာ အချက်အလက်များကို မတွေ့မီ မသိသေးသော်လည်း နှိုင်းယှဉ်စရာတွေ့သောအခါတွင်မူ သိသည်သာဖြစ်၏။ သစ္စကသည် ပရိဗိုဇ်ရဟန်းဟု ဆိုသော်လည်း ဘုရားရှင်၊ သံဃာတော်များနှင့် နှိုင်းယှဉ်လိုက်သောအခါ အသရေချင်း ကွာခြားလှပုံကို သိကြရ၏။ သစ္စကကြီး ရုပ်ပျက်မာန်ဝင့်သလောက် မာန၊ ဒေါသတို့ ကင်းသော ဘုရားရှင်၏ အသရေတော်ကို ဖူးတွေ့ကြရပြီဖြစ်၏။ ထို့ပြင် ဝင်လာခါစကပင် ဟန်ပျက်လျက်ရှိသော သစ္စကကြီး၏ ပုံစံကိုလည်း သစ္စကကြီး အဘယ်မျှ ဟန်လုပ် ဖုံးကွယ်ထားစေကာမူ သိကြသည်သာဖြစ်၏။

ထို့ကြောင့် ဘုရားရှင်က ပရိသတ်ကို အဖော်မညှိရန် မိန့်ကြားလိုက်သောအခါ ပရိသတ်အချို့ ''အို–ဆရာကြီး သစ္စက။ ကျွန်တော်တို့ကို သေဖော်မညှိပါနှင့်၊ ဆရာကြီးနှင့်သာ ဆိုင်တဲ့ကိစ္စပါ၊ ဆရာကြီးသာ တည့်တည့်ဖြေဆိုပါ''ဟု ဟစ်အော်လိုက်ကြသော ကြောင့် သစ္စကကြီး ကိုယ်ဟန်ပျက်သွားရပြန်သည်။

ရှောင်၍ မလွတ်နိုင်တော့ပေ။ ထို့ကြောင့် ''အရှင်ဂေါတမ၊ ကျွန်ုပ်သည် ရုပ်အစ ဝိညာဏ်အဆုံးရှိသော ခန္ဓာငါးပါးကိုအတ္တဟု ယူဆယုံကြည်ပါ၏''ဟု လျှောက်ထားလိုက်ရ တော့သည်။

''သစ္စက၊ ကောသလတိုင်းကို အစိုးရသော ပသေနဒီကောသလမင်း၊ မာဂဓတိုင်းကို အစိုးရသော အဇာတသတ်မင်းတို့သည် မိမိတို့နိုင်ငံသားများအား ချီးမြှင့်သင့်သူကို ချီးမြှင့်နိုင်ခွင့်၊ သတ်သင့်သူကို သတ်ပိုင်ခွင့်ရှိကြမဟုတ်ပါလော''

''အရှင်ဂေါတမ၊ မုဒ္ဓါဘိသိက်ခံသော ကောသလ၊ အဇာတသတ်မင်းတို့ကို အပထား၍ မုဒ္ဓါဘိသိက်မခံသော မင်းငယ်တို့သော်ပင် သည်လို အခွင့်အရေးမျိုးကို စိုးပိုင်ကြပါသည်''

''နိုင်ငံတစ်ဝန်းလုံးသည် စိုးပိုင်သော မင်း၏ အလိုသို့ လိုက်ပါကြရသည် မဟုတ်ပါလော''

''လိုက်ပါကြရပါသည်''

''ကောင်းပြီ သစ္စက။ သင်သည် ရုပ်ကိုအတ္တ၊ စိုးပိုင်သူဟုဆို၏။ သင့်ခန္ဓာကိုယ်ကို ခန္ဓာပူရနိုင်ငံတော်ဟုဆိုကြပါစို့။ ထိုရုပ်ခန္ဓာကို ကောရာဗ်မင်းတို့အုပ်စိုးသလို သင်အုပ်စိုးနိုင်ပါ၏လော။ အစိုးရပါ၏လော။ မင်း၏အလိုသို့ နိုင်ငံသားတို့ကလိုက်ပါသလို အတ္တဟုစွဲလမ်းသော သင့်ရုပ်က သင့်အလိုသို့ လိုက်ပါ၏လော။ ငါ၏ ရုပ်သည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေနှင့်ဟု အမိန့်ပေး၍ နာခံပါ၏လော''

သစ္စကကြီး အကျပ်ရိုက်သွားပြီဖြစ်၏။ မျက်မြင်ဒိဋ္ဌအပေါ် အခြေတည်ထားသော မေးခွန်းတော်မှာ ရှင်းရှင်းကလေးဖြစ်၏။ ရိုးရိုးသားသားသာ ဖြေရလျှင် ဖြေဖို့ရန်မှာလည်း လူသာမန်တို့အဖို့ပင် ရှင်းရှင်းကလေးဖြစ်၏။ သို့သော် အတ္တဝါဒီကြီး သစ္စကအဖို့ ရုပ်သည် မိမိအလိုသို့ မလိုက်ပါ၊ မိမိအမိန့်ကို မနာခံပါဟု အဘယ်ပုံ ဖြေဆိုနိုင်ပါအံ့နည်း။

လိုက်ပါသည်၊ နာခံပါသည်ဟု ဖွတ်ဖြေဆိုလိုက်ဖို့ရန်မှာလည်း လူပြိန်းတို့ပင် နားလည်နိုင်သော သဘောဖြစ်၍ ယုတ္တိကင်းမဲ့လှပေမည်။ မလိုက်ပါဟု ဖြေလျှင် ရှုံးရလေတော့မည်။ လိုက်ပါသည်ဟုဖြေလျှင် ပရိသတ်အလယ်တွင် ရယ်စရာပင်ဖြစ်ပေတော့မည်။

မိမိသည် လှချင်ပါလျက်မလှ။ ပုံပျက်ပန်းပျက် ဖြစ်နေလျက်ရှိသော မိမိ၏ ဗိုက်ပူနံကားကြီးကို ဟန်ဓာတ်ဖုံး၍ ထားရသော်လည်း နည်းနည်းကလေးမျှ မကျေနပ်။ လှသော လိစ္ဆဝီမင်းသားကလေးများကို မြင်တိုင်းသူတို့လို လှလိုသည်။

ပျိုချင်ပါလျက်မပျို။ တစ်နေ့တစ်ခြား အိုမင်း၍သာ လာခဲ့ရ၏။ ငယ်စဉ်ကလို စိတ်သွားတိုင်း ကိုယ်မပါတော့သော အရွယ်သို့ပင် နောက်ခဲ့ပေပြီ။ ရှင်ဂေါတမ၏ အမေးသည် လွယ်လွယ်နှင့် သိနိုင်ပါလျက် မသိခဲ့သော မိမိအတွေးကို ဘေးကျပ်နံကျပ် ရှေ့တိုး ထမ်းပိုး၊ နောက်ဆုတ် လှည်းထုပ်အဖြစ်သို့ ရောက်စေခဲ့ပြီဖြစ်၏။

သို့ဖြစ်ရာ မနိုင်နှင့်ဦးတော့၊ မရှုံးရလေအောင် မဖြေဘဲ နေလိုက်ခြင်းသည်သာ အကောင်းဆုံးဖြစ်၏ဟု သစ္စကကြီးတွေးသည်။ ဆုံးဖြတ်သည်။ ငုတ်တုတ်ထိုင်၍မှိုင်သည်။ ဟန်ဓာတ်ခုတ်၍ မတ်တတ်ပင် ရင်ဆိုင်ခဲ့သော သစ္စကကြီးအဖို့ တစ်ချိန်ပြီးတစ်ချိန် ဟန်ပျက်ခဲ့ရာမှ ဘုရားရှင်၏ နောက်ဆုံးမေးခွန်းတော်တွင်မူ ယိုယွင်းလာသော ဣန္ဒြေကို သိမ်းဆည်းလျှို့ဝှက်နိုင်ရန်အတွက် ထိုင်လိုက်ရပြီဖြစ်၏။ သို့သော် ဤမျှဖြင့် ပြီးစကောင်းအံ့လော။

သူဖြေလှည့်တွင် မဖြေ၊ ပေတေတေနှင့် ပုံပျက်ဟန်ပျက် ဖြစ်လာသည်ကို မြင်ကြရသောအခါ ပရိသတ်လှုပ်လှုပ်ရွရွဖြစ်လာ၏။ မေးခွန်းတွင် အဖြေပါပြီး ဖြစ်သောကြောင့် စဉ်းစားဉာဏ်ရှိသော ပရိသတ်က သစ္စကကြီးမဖြေဝံ့တော့ပြီ၊ ရှုံးပြီဟု ယူဆကြ၏။ လူပြိန်းအချို့ကမူ သစ္စကကြီးအဖြေပေးရန် ဉာဏ်ထုတ်လျက်ရှိသည်ဟု ယူဆကြ၏။

ထိုအခိုက် ဘုရားရှင်အထံတော်မှ "သစ္စက ငါဘုရားမေးသည်ကို ဖြေလော့။ သင့်ရုပ်ကို သင်အစိုးရပါ၏လော၊ သင့်ရုပ်သည် သင့်အလိုသို့ လိုက်ပါ၏လော"ဟု ဒုတိယအကြိမ် မေးခွန်းတော် ထပ်ဆင့်ထွက်ပေါ်လာပြန်သည်။

မဖြေ။

တတိယအကြိမ် မေးပြန်တော့လည်း မဖြေ။ ပေ၍သာ နေတော့သည်။

လိုအပ်၍ မေးသော ဘုရားရှင်၏ မေးခွန်းတော်ဟူသည် အဘယ် လူ နတ် သတ္တဝါ မဆို မဖြေဘဲ နေနိုင်စကောင်းအံ့လော။ မဖြေသော်၊ ဖြေစေကာမူ သဘောရင်း အကြောင်းမှန်မဟုတ်ဘဲ လိမ်ညာ၍ဖြေခဲ့သော် ဦးခေါင်းရှစ်စိတ်ကွဲရမည် မုချတည်း။

ဤနေရာတွင် သစ္စကကြီး သက်သာသွားသည်ဟု ဆိုရမည်ဖြစ်၏။ ဦးခေါင်း ရှစ်စိတ်ကွဲရမည့် အခြေတွင် အာဏာစက်ဝင်လာသောကြောင့် ဖြစ်သည်။ သိကြားမင်း ပေတည်း။

[ ၈ ]

သူတော်ကောင်းတရား ထွန်းကားရေးနှင့် ပတ်သက်၍ "ဓမ္မစက်"နှင့် "အာဏာစက်"ဟူ၍ စက်နှစ်ပါးရှိ၏။ ဓမ္မစက်ဟူသည် လောကငြိမ်းချမ်းရေးအတွက် သူကောင်းပညာရှိတို့က သူတော်ကောင်းတရားနှင့် ငြိမ်းအေးမှု လမ်းစဉ်အမျိုးမျိုးကို ထွန်းပြခြင်းဖြစ်၍ ယင်းတရားလမ်းစဉ် ရှင်သန်ရေးအတွက် မင်း အစရှိသော အာဏာပိုင်တို့က အာဏာစက် ဖြင့် ကူညီဖေးမရသည်။ အကြောင်းမူကား သူတော်ကောင်းတရားပင် ဖြစ်စေကာမူ မလိုက်နာလိုသူ လူမိုက် လူညံ့တို့ဟူသည် ခေတ်အဆက်ဆက်တွင်ပင် ပေါများလှ သောကြောင့်ဖြစ်၏။

သာသနာတော်ရေးကိစ္စတွင် ဓမ္မစက်မျှဖြင့် မပြီးစီးနိုင်သောအခါ သာသနာတော်ကို လေးစားစောင့်ထိန်းသော မင်းတို့က အာဏာစက်ဖြင့်ကူညီရ၏။ သာသနာတော်စောင့် နတ်တို့က ကူညီ၏။ သောတာပန်သိကြားမင်းကကူညီ၏။

ဘုရားရှင်ကို ထားဦး၍ တပည့်သာဝကဖြစ်ကြသော သူတော်ကောင်း ရဟန္တာနှင့် ရဟန်းတော်များစွာကို အာဏာစက်ဖြင့် နတ်တို့က ကူညီခဲ့သော အကြောင်းရပ်များစွာ ရှိခဲ့သည်။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာကဿပစသော ထိပ်သီးရဟန္တာကြီးများ၏ လိုအပ်သော ကိစ္စများတွင်သာမက ပဏ္ဍိတသာမဏေငယ်လေး၏ တရားရေးကိစ္စတွင်ပင် သိကြားမင်းသည် တံခါးစောင့်အဖြစ်ဖြင့်ကူညီခဲ့သည်။ ထို့ကြောင့်လည်း ဘုရားရှင်သည် မိမိ၏ နေ့စဉ် ဗုဒ္ဓကိစ္စတော်များတွင် သိကြား၊ နတ်စသော အာဏာရှင်၊ တန်ခိုးရှင်တို့အား တရားဟောကြားရန်အတွက် ညဉ့်နက်သန်းခေါင်ဘက်တွင် အချိန်တစ်ချိန်ပေး၍ ချီးမြှောက်တော်မူခဲ့သည်။ ကမ္ဘာကျော်သော မင်္ဂလသုတ်တော်သည် နတ်သားတစ်ပါးဟု စာဆိုရှိသော်လည်း အဟောခံပုဂ္ဂိုလ်မှာ သိကြားမင်းပင်ဖြစ်ပေ၏။

အောင်တော်မူခြင်းရှစ်ပါး ကိစ္စများတွင် သိကြားမင်းသည် နှစ်နေရာနှစ်ကိစ္စ၌ မိမိတန်ခိုးရှိန်ဝါ အာဏာစက်ဖြင့် ကူညီခဲ့သည်။ တစ်ကိစ္စမှာ မကြားဝံ့မနာသာ စွပ်စွဲလာသော စိဉ္စမာနခေါ် အမိုက်ထိပ်ခေါင် မမိုးမှောင်ကိစ္စတွင် စောစောပိုင်းက တစ်ချီကူညီခဲ့ခြင်းဖြစ်၍ ယခု သစ္စကကြီးကိစ္စတွင်လည်း ကူညီလာသည်။ သစ္စကကြီးကိစ္စမှာ ဘုရားရှင်နှင့် အသက်ချင်း မတိမ်းမယိမ်းရှိသော ခမည်းတော် ဗိမ္ဗိသာရဘုရင် ကွယ်လွန်ပြီးနောက် သားတော်အဇာတသတ်မင်း လက်ထက်တွင် ကူညီခြင်းဖြစ်ကြောင်း အထက်ပါ အဇာတသတ်မင်းဥပမာဖြင့် ထင်ရှားသည်။

သိကြားမင်း ကူညီဟန်ကား ဘုရားရှင်အမေးကို သစ္စကကြီး မဖြေဘဲ ပေတေတေကြီး လုပ်နေသောအခါ ပရိသတ်အလယ်တွင်ပင်ဖြစ်စေကာမူ ဘုရားရှင်နှင့် သစ္စကကြီးတို့သာ မြင်စေသော ကြောက်မယ်ဖွယ်ဘီလူးသဏ္ဌာန်ဖြင့် မဖြေလျှင် သစ္စကကြီး၏ ဦးခေါင်းကို ခွဲပစ်တော့မယောင် ခြိမ်းခြောက်လာခြင်းပင်ဖြစ်ပေသည်။

သာမန်အားဖြင့်ဆိုသော် ဘုရားရှင်၏ လျှောက်ပတ်သော အမေးတော်ကို မဖြေသောကြောင့် သူ့အလိုအလျောက် ဦးခေါင်းဆယ့်နှစ်စိတ်ကွဲသည်ဆိုစေ သိကြားမင်း အနေသာကြီးဖြစ်၏။ သို့သော် ကိစ္စမှာ သာသနာတော်အတွက် အရေးကြီးလှစွာသော အနတ္တဒေသနာတော်ကို ဟောကြားထွန်းပြရမည်ဖြစ်သော ကိစ္စကြီးဖြစ်ပေရာ ဦးခေါင်း မကွဲမီ အနတ္တတရားဟောကြားခွင့် ရနိုင်ရန်အတွက် ကူညီခြိမ်းခြောက်ခြင်းဖြစ်ပေ၏။

ထိုအခါ သစ္စကကြီး ဟန်ပျက်လာသည်။ အကြောက်ကြီး ကြောက်လာသည်။ အရှုံးပေးရမည့်အရှက်နှင့် သေရတော့မည့် အသက်ကို ရွေးချယ်ရတော့မည်ဖြစ်သည်။ သေရမည်ကို သတ္တဝါတိုင်းကြောက်၏ဟုသာ ဟောတော်မူ၍ ရှက်ရမည်ကို သတ္တဝါတိုင်း ကြောက်၏ဟု ဟောတော်မမူ။ အရှက်မဲ့စွာဖြင့် ဟန်ဓာတ်၊ မာန်ဓာတ် ဝင့်နေသော သစ္စကကြီးသည် သတ္တဝါတိုင်းထဲကသာ ဖြစ်၏။

ထို့ကြောင့် ''မြတ်စွာဘုရား၊ ရုပ်သည် မိမိ၏အလိုသို့မလိုက်ပါ။ ရုပ်ကို အစိုးမရပါဘုရား''ဟု အရှုံးပေး ဖြေဆိုလိုက်ရတော့သည်။ အလားတူပင် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကိုလည်း ဆင့်၍ဆင့်၍ မေးတော်မူသည်ကို ဆင့်၍ဆင့်၍ အရှုံးပေးဖြေဆိုရလေတော့သည်။

''သစ္စကကြီး ရှုံးပြီ''ဟူသော ပရိသတ်၏ ကြွေးကြော်သံမှာ ပွဲတင်ထပ်သွား၏။ ဘီလူးကြီးပျောက်သွား၏။ ထိုအခါမှ သစ္စကကြီးသက်ပြင်းချ၍ ရှက်လှသောကြောင့် ဦးခေါင်းကို ငုံ့ဝှက်ထားသည်။

ပရိသတ်၏ ရှုတ်ချသံများအနက် ဒုမ္မုခဟု ခေါ်သော လိစ္ဆဝီမင်းတစ်ပါး၏ ရှုတ်ချသံမှာ ပြတ်သားလှသည်။ သူ့တပည့်ပင်ဖြစ်၏။ တပည့်ပင်ဖြစ်သော်လည်း စဉ်းစားဉာဏ်ရှိသူအများပင်ပါရှိရာ ထောင်လွှားလွန်းသော ဆရာအပေါ်တွင် အတန်ပင် မကျေမနပ်ဖြစ်ခဲ့ဟန်တူသည်။

ဒုမ္မုခက ''အရှင်ဘုရား၊ ရေကန်ထဲတွင် ထောင်လွှားလွန်းသော ပုစွန်လုံးကြီးသည် သူ့နေရာတွင် သူမနေဘဲ ကုန်းပေါ်သို့တက်၍ လက်မထောင်သောအခါ လူသတ္တဝါတို့၏ ရိုက်ဖွဲ့ချိုးပစ်ခြင်းကိုခံရ၍ ရေကန်သို့ပင် ပြန်မဆင်းနိုင်တော့သကဲ့သို့ ကျွန်ုပ်တို့ဆရာ သစ္စကကြီးသည်လည်း ပုစွန်လုံးကြီးနှင့် တူလှပါတော့သည်ဘုရား''ဟု လျှောက်ထားရှုတ်ချသည်။

ရှုံးသော်လည်း သစ္စကကြီး၏ မာနမူကားမကျနိုင်သေးပေ။ လူသတ္တဝါ၏ သဘာဝမှ မိမိရှုံးသောအခါ ရှုံးသင့်၍ ရှုံးရပါသည်ဟု ဖြေသာအောင် နိုင်သူ၏ ဂုဏ်ကို စိတ်ရင်းကပင် မပါသော်လည်း မြှင့်တင်ပြောဆိုလေ့ရှိသည်။

ထို့ကြောင့် ''မြတ်စွာဘုရား၊ မုန်ယစ်သော ဆင်ပြောင်ကြီးအနီးသို့ ချဉ်းကပ်သူသည် သက်သာခွင့်ရသော် ရကောင်းပါသေး၏။ အဆိပ်ထန်သောမြွေပွေး မြွေဟောက်ကြီးများအနားသို့ ချဉ်းကပ်သူသည် သက်သာခွင့်ရသော် ရကောင်းပါသေး၏။ အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော မီးပုံကြီးအနီးသို့ ချဉ်းကပ်သူသည် သက်သာခွင့်ရသော် ရကောင်းပါသေး၏။ အရှင်ဘုရားထံသို့ ဝါဒတင်ရန် ချဉ်းကပ်သူအဖို့ သက်သာရာ မရနိုင်ကြောင်း ကောင်းကောင်းကြီး သိပါပြီဘုရား''ဟု လျှောက်ထားသည်။

ထို့မျှမက သဒ္ဓါမပါလှသော စိတ်ဖြင့် ဘုရားရှင်နှင့် သံဃာတော်အားလုံးအား နောက်နေ့နံနက်တွင် သူ့အိမ်သို့ ဆွမ်းစားပင့်သည်။ သိတော်မူ၊ မြင်တော်မူသော ဘုရားရှင်က သစ္စက၏ ပါရမီကို ကူညီထောက်ပံ့လိုသော သဘောဖြင့် လက်ခံတော်မူ

သည်။ အကြောင်းမူကား ပညာဉာဏ်အခြေခံရှိပြီးသောသစ္စကသည် ပညာမာန်၊ အစဉ်အလာစွဲမာန်တို့ ခုခံ၍ နေသောကြောင့် မျက်မှောက်ဘဝတွင် တရားမရနိုင်သေးသော်လည်း အနာဂတ်သာသနာတွင် ကျွတ်တမ်းဝင်လာမည့်သူ ဖြစ်သတည်း။

# ဖြေလျှော့ခွေ

[ ၁ ]

ဘုရားရှင်နှင့် အကျွမ်းဝင်ကာ ဤမျှလောက်သော တရားတော်မျိုးစုံကို နာကြားနေရပါလျက် ဟင်းမွှေယောက်မကဲ့သို့ တရားထူးရမလာသောကြောင့်လည်းကောင်း၊ ဘုရင်ဖြစ်ပါလျက် မလ္လိကာမိဖုရား၏ လက်တစ်လုံးခြားမျှသော အလိုမ့်အလိမ်ကို ခံရသောကြောင့်လည်းကောင်း၊ မိမိ၏ အချစ်ရေး၊ ခန်းတွင်းရိပ်သာ အရေးကိုပင် လျှော်၏ မလျှော်၏မစဉ်းစား၊ ဘုရားရှင်နားတော်သို့ရောက်အောင် လျှောက်ထား ဆွေးနွေးဝံ့သောကြောင့်လည်းကောင်း သူ့ကို ဘုတ်ထိုင်းထိုင်းဘုရင်၊ ပေါတောတော ဘုရင်ဟု ရေးသားခဲ့ဖူးပါ၏။ ကောသလဘုရင်ကြီးပါတည်း။

အဘယ့်ကြောင့် တရားထူးမရပုံကို သူသည် ဘုရားဆုပန်သူဖြစ်၍ နောင်အခါ တစ်ကမ္ဘာတစ်ခေတ်တွင် ဘုရားဖြစ်မည့်သူဖြစ်သောကြောင့်ဟု အနာဂတဝင်ကျမ်းက သက်သက်ညှာညှာ ဖော်ပြထားသည်။ သူ့အချစ်တော်လေး မလ္လိကာက မိမိကိုယ်ထက် သူတစ်ပါးကိုပိုပြီး မချစ်နိုင်ပါဘူးဟု ချစ်တင်းစကား ပြောလာသည်ကို မခံမရပ်နိုင်စွာဖြင့် ဘုရားရှင်သို့ သွားရောက် လျှောက်ထားသည့်အကြောင်းကို သိကြပြီးဖြစ်သည်။

ဤမိဖုရား၏ လက်တစ်လုံးခြား အလိုမ့်ခံရပုံ အကြောင်းကိုတော့ စာပန်းချီတွင် ဖော်ပြဖို့ရန်မှာ မလ္လိကာဒေဝီကို အားနာဖို့ကောင်းလှသည်။ သိလိုသူတို့သည် ဓမ္မပဒ ဝတ္ထုတော် ဖရာဝဂ်မလ္လိကာမိဖုရားဝတ္ထုတွင် ဖတ်ရှုကြပါကုန်။

စင်စစ်အားဖြင့် ဘုရားရှင်နှင့် အတိတ်တွင် ပါရမီရေစက်နီးခဲ့၍ ပစ္စုပ္ပန်၌လည်း ပိဋကတ်တော်တွင် 'ကောသလသံယုတ်' ဟုပင် တသီးတခြားဖွဲ့ဆိုရလောက်အောင် အရေးပါလှသော ကောသလဘုရင်သည် သာဝတ္ထိတွင် ဇေတဝန်ကိုအလှူခံရန် ဘုရားရှင် ကြွရောက်တော်မူ၍ ဖူးတွေ့ရစ အချိန်ကပင် ဘုရားရှင်ကို ကြည်ညိုၓ၏။ ချစ်၏။ လေးစား၏။ သို့ရာတွင် မဇ္ဈိမဒေသ၌ အကြီးဆုံးသော ကောသလတိုင်းကြီးအရှင် ဘုရင်ဖြစ်၍ မိရိုးဖလာရှိရင်းစွဲ အယူဝါဒအပေါ်တွင် အုပ်ချုပ်မှု အဆင်ပြေရေးအတွက် တိတ္ထိ ဆရာ့ဆရာကြီးများကို ကိုးကွယ်သော အသိုက်အဝန်း အခြံအရံများကို ငဲ့ရသေး၏။ မင်းသားဘုရားဟုဆိုသော်လည်း ကပိလဝတ်လို နိုင်ငံငယ်မှ မင်းသားဖြစ်၍ ကြီးမြင့်သူတို့၏မာန သဘာဝအရ အပေါ်စီးစိတ်ကလေးမျိုးလည်း ရှိကောင်းရှိခဲ့ပေမည်။

ဘုရင်ဟူသည် အုပ်ချုပ်ရေး မျှတစေမှု တာဝန်ရှိသူ ဖြစ်သောကြောင့် တစ်ခုခု လုပ်လိုလျှင် စိတ်ထဲဝမ်းထဲရှိနေသည့်အတိုင်း လွတ်လွတ်ကျွတ်ကျွတ် လုပ်ပိုင်ခွင့် မရှိ။ အနာထပိဏ်၊ ဝိသာခါတို့လို မလွတ်လပ်။ သို့ဖြစ်၍ နဂိုက ကိုးကွယ်လာခဲ့သော တိတ္ထိဆရာကြီးများကို ပစ်ပယ်ကာ ယခုမှ ပေါ်လာသော ဘုရားရှင်သို့ မြတ်နိုးစိတ် ရှိသော်လည်း လိုက်လိုက်လျောလျောကြီး ပြုလုပ်၍ မသင့်လျော်သေး။ သို့ရာတွင် ဂေါတမဘုရားရှင်နောက်၌ သာဝတ္ထိ၏ ကြီးမားသော ပရိသတ်ကြီးရှိနေပေရာ လိုက်လျော သင့်သလောက် လိုက်လျောရသည်။

ယင်းသို့ဖြင့် ကောသလဘုရင်သည် ဘုရားရှင်အပေါ်၌ အစပထမပိုင်းတွင် ပူးတုံ့ ခွာတုံ့ရှိနေခဲ့ရသည်။ ဤတွင် တိတ္ထိဆရာကြီးတို့၏ ကျောင်းဆောက်မည့်ကိစ္စ ပေါ်လာရ၏။

[ ၂ ]

အတွေးအခေါ် တော်လှန်ရေးတစ်ရပ်ဟူသည် ရှိရင်းစွဲအခြေအနေနှင့် ပဋိပက္ခဖြစ်ရတော့ မည်မှာ ဤလောက၏ သဘာဝဖြစ်သည့်အတိုင်း အနတ္တအောင်လံထူ၍ ပေါ်ပေါက် လာသော ဘုရားရှင်နှင့် သာသနာတော်အား ရာဇဂြိုဟ်တွင်လည်းကောင်း၊ သာဝတ္ထိတွင် လည်းကောင်း တန်ခိုးချင်းဖက်ပြိုင်သည်အထိ နည်းမျိုးစုံဖြင့် တိုက်လာခိုက်လာကြသည်မှာ သိကြပြီးဖြစ်၏။ ယင်းတို့အနက် ဇေတဝန်အနီးတွင် တိတ္ထိဆရာ ဒကာတို့က စင်ပြိုင် ကျောင်းကြီးဆောက်မည်ဟူသောကိစ္စမှာ ရည်မှန်းချက်ကြီးလှစွာသော ထာဝရ တိုက်ကွက်ကြီးဖြစ်ပေ၏။

သူတို့တွင်လည်း အနာထပိဏ်၊ ဝိသာခါတို့လို သူဌေးဒကာများရှိသောကြောင့် ဇေတဝန်ထက်ကြီးသော ကျောင်းကြီးဆောက်၍ စင်ပြိုင်ကိုးကွယ်မည်။ အနီးကပ်ဖြစ်သောကြောင့် နည်းမျိုးစုံနှင့် အနှောင့်အယှက်ပေးနိုင်မည်။

အကြောင်းပြချက်အဖြစ် ဇေတဝန်နေရာတစ်ဝိုက်သည် သူတို့သာသနာကြီးပွားရေးအတွက် ဘူမိနက်သန်မှန်သည်ဟု သူတို့ဆရာကြီးများက ဟောချက်ထုတ်ပေးသည်။ အနာထပိဏ်ထက်ပို၍ ငွေကိုရေလိုသုံး၍ဆောက်မည်။ ဤကိစ္စအောင်မြင်ရေးအတွက် ကောသလဘုရင်သို့ ငွေတစ်သိန်း လာဘ်ထိုးသည်။ ကောသလဘုရင်လက်ခံ၍ အုပ်ချုပ်သူဟူသည် ကျောသားရင်သားမခွဲခြားရ၊ မျှမျှတတရှိစေရမည်ဟူသော ဆင်ခြေဖြင့် ဆောက်ခွင့်ပြုလိုက်သည်။

ဤကိစ္စတွင် ဘုရားရှင်ကိုယ်တော်တိုင် မဝင်လျှင်မဖြစ်တော့။ ဒေါသနှင့်ကြဿကို အခြေခံလာသော ကိစ္စကြီးဖြစ်၏။ သူရောကိုယ်ပါ မချမ်းသာကြရမည့်ကိစ္စကြီးဖြစ်၏။ သို့ဖြစ်၍ မသင့်လျော်ကြောင်း မေတ္တာရပ်ခံတားမြစ်ရန် မိမိ၏အကြီးဆုံးသော ကိုယ်ခွဲဖြစ်သည့် သာဝကကြီးတစ်ပါးအား ကောသလ ဘုရင်ထံသို့စေလွှတ်သည်။

ထိုအခါ ဘုရင်ကိုယ်တိုင် မိမိဘက်သို့ ပါနေပြီကိုသိပြီးသော တိတ္ထိဆရာတို့၏အသိုက်အဝန်း၊ နန်းတော် အခြွေအရံများက အရှင်သာဝကကြီးသည် မည်သည့်အတွက်ကြွလာကြောင်းသိပြီးဖြစ်သည့်အတိုင်း ဝိုင်း၍မထီမဲ့မြင်ပြုကြသည်။ လှောင်ကြ ထေ့ကြသည်။ ထို့ထက်ဆိုးသည်မှာကား လိပ်ပြာမလုံသောဘုရင်က သာဝကကြီးအား အတွေ့မခံခြင်းပင်ဖြစ်ပေ၏။ လောကခံ၏ အတိုက်အခိုက်ဟူ၍ ရဟန္တာကြီးတစ်ပါးအတွက် တုန်လှုပ်ဖွယ်မဟုတ်သော်လည်း အတွေ့မျှပင် မခံသောကြောင့် သာဝကကြီး ပြန်ကြွလာခဲ့ရသည်။

ဘုရားရှင်က နောက်ထပ် သာဝကကြီးတစ်ပါးအား လွှတ်ပြန်၏။ အလားတူပင်အတွေ့မခံ၊ မထီမဲ့အပြုခံရ၍ ပြန်လာခဲ့သည်။ ဤနေရာတွင် သိကြားမင်း၏ ဝေဇယန္တာနတ်နန်းကိုပင် ခြေမတော်ဖြင့် ညှပ်၍ ခပ်ကြမ်းကြမ်းဆုံးမလေ့ရှိသော အရှင်မောဂ္ဂလာန်အဖို့ကောသလနန်းတော်တစ်ခုလုံးကို ဆုံးမဖို့ရန်မှာ အလွယ်မျှဖြစ်၏။ သို့ရာတွင် ဘုရားရှင်၏ကိစ္စတော်ဖြစ်၍ ရွာလွန်၍ရှက်တိုက်ရန် မသင့်သောကြောင့် အလိုက်သင့်ပင် ပြန်လာခဲ့သည်။

ဘုရားရှင်ကိုယ်တော်တိုင် ကြွသွားသောအခါမှ ကောသလဘုရင် မနေဝံ့တော့ဘဲ မလုံမလဲသောမျက်နှာနှင့် အတွေ့ခံကာကိစ္စပြီးပြေခဲ့ရသည်။ တိတ္ထိဆရာကြီးတို့၏စင်ပြိုင်ကျောင်းဆောက်စီမံကိန်းကြီး ပျက်ပြီးသွားရသည်။

[ ၃ ]

ယင်းသို့ဖြင့် ကောသလဘုရင်အဖို့ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်များကို သာဝတ္ထိတွင် အရှည်ကိုးကွယ်မိလာလေ သိလာလေဖြစ်ပြီး ဂုဏ်တော် ကျေးဇူးတော်များကို သိလာတိုင်း တစ်ဖက်တွင် တစ်ချိန်သောအခါက ဘုရားရှင်အား မထီမဲ့မြင်ပြုခဲ့မိသည်များကို စဉ်းစားတိုင်း တုန်လှုပ်နေရသည်။

ယနေ့သော် ပို၍ စဉ်းစားမိကာ ပို၍ တုန်လှုပ်သည်။

အောင်နိုင်သော စစ်ပွဲတစ်ခုမှအပြန်တွင် ကြည်သာ ရွှင်လန်းစွာရှိနေရမည် ဖြစ်လျက် ဘုရားရှင်အားသတိရ၍ မိမိအပြစ်ကို စဉ်းစားမိလာသောအခါ ယနေ့ အထူး တုန်လှုပ်သည်။ ထို့ကြောင့် ဘုရားရှင်အား တောင်းပန် ကန်တော့လိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လာသည်။ အခါတိုင်း ကန်တော့နေကျဖြစ်သော်လည်း ယနေ့ အထူးကန်တော့ လိုလာသည်။ ထို့ကြောင့် စစ်ပွဲမှအပြန် စစ်ဝတ်တန်ဆာတန်းလန်းနှင့်ပင် ဇေတဝန်သို့ ဝင်ရောက်ခဲ့သည်။ ထိုအချိန်မှာ ညဦးခင်းအချိန်ဖြစ်၏။

စကြံလျှောက်လျက်ရှိသော ရဟန်းတော်တစ်ပါးအား ဘုရားရှင်ရှိပါသလားဟု မေးလျှောက်၍ ရှိကြောင်းသိသောအခါ ဘုရားရှင်သီတင်းသုံးတော်မူရာ ဂန္ဓကုဋီသို့ ခပ်သွက်သွက် လျှောက်သွားပြီး ဂန္ဓကုဋီတခါးကိုခေါက်၍ တွန်းဖွင့်လိုက်သောအခါ ဘုရားရှင် ရပ်တော်မူနေသည်ကို အဆင်သင့်တွေ့ရသည်။

ကောသလဘုရင်အဖို့ ဘုရားရှင်သို့ ချဉ်းကပ်ကြိမ်မှာ များလှပြီဖြစ်၍ ရင်းနေပြီ ဖြစ်၏။ တစ်ခါတစ်ရံ ဘုရားရှင်အထံတော်အနီး၌ ထိုင်၍ ငိုက်မျဉ်းနေသည်များပင် ရှိခဲ့သည်။

ယခုတစ်ကြိမ်သော် စိတ်အား ဆွဲဆောင်မှုကြောင့် ယခုမှ ဖူးတွေ့ရဖူးသည့် အလား အသစ်အဆန်းဖြစ်နေသည်။ ဖြစ်ပုံမှာ ဘုရားရှင်ကို ဖူးတွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် မိမိကိုယ်ကို ဝပ်စင်းကာ ဘုရားရှင်၏ ခြေတော်အစုံကို အသော့ကလေး ပြေး၍ဖက်သည်။ ဖက်ရုံမျှမဟုတ်၊ ဦးခေါင်းဖြင့် အကြိမ်ကြိမ်တိုက်သည်။ တိုက်ရုံမျှ မဟုတ်၊ ဘုရားရှင်၏ ခြေဖမိုးတော်အစုံကို ပါးစပ်ဖြင့် အကြိမ်ကြိမ် နမ်းစုပ်သည်။ နမ်းစုပ်ရင်းဖြင့်''တပည့်တော် ကောသလဘုရင်ပါဘုရား''ဟု ဘုရားရှင်ကပင် မသိလေတော့ သယောင်ဖြင့် သုံးကြိမ်သုံးခါ မိမိအမည်ကို အမောတကော ဖွင့်ထုတ်လျှောက်ထားသည်။ ဤနေရာတွင် သဘာဝတစ်ရပ် ပေါ်လာ၏။

ကြီးမြင့်သူတို့၏ မာန အရင်းခံသော သဘောထားတစ်ရပ်မှာ မိမိတို့၏ အပြစ်ကို ထုတ်ဖော်ဝန်ခံလိုသော်လည်း ပါးစပ်ဖြင့် မထုတ်ဖော်ဘဲ အမူအရာဖြင့်

ထုတ်ဖော်ဝန်ခံခြင်းပင်ဖြစ်၏။ သိတော်မူ မြင်တော်မူသော ဘုရားရှင်ကမူ ကောသလဘုရင် ဖြစ်လာပုံကို ပြုံးတော်မူရင်းဖြင့် သည်းခံတော်မူသည်။

ထို့နောက် "မဟာရာဇ၊ ခတ်ကြီးလေးပါးအစုမျှသာဖြစ်သော ငါ၏ ခန္ဓာကိုယ်ကို အဘယ်ကြောင့် ဤမျှလောက် အရိုအသေပြုရပါသနည်း" ဟု မေးတော်မူသည်။

လမ်းခင်း၍ ပေးတော်မူခြင်းဖြစ်သည်။ လျှောက်ထားရမည်မှာ "တပည့်တော် သည် မိုက်မှားသောကြောင့် အရှင်မြတ်ကို မထီမဲ့မြင်ပြုခဲ့ဖူးပါသည်။ ဤအပြစ်များကို သည်းခံတော်မူပါဘုရား" ဟု ဖြစ်၏။ သို့ရာတွင် ဂုဏ်တော်များကို ထုတ်ဖော်ရင်းဖြင့် ကွေ့ပိုက်၍ လျှောက်သည်။

"ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရား၊ အရှင်မြတ်သည် သတ္တဝါတို့၏ ကောင်းကျိုးကိုသာ ဆောင်ရွက်တော်မူသော အနုတ္တရောပုရိသဒမ္မသာရထိ၊ ပရဟိတ ပုဂ္ဂိုလ်ကြီးစင်စစ်ဖြစ်ပါလေသည်။ ဤအကြောင်းကို တစိမ့်စိမ့် စဉ်းစားမိလာ၍ အလွန် ပျပ်ဝပ်နှိမ်ချစွာ ကန်တော့ပါ၏ဘုရား။

"အရှင်မြတ်ဘုရား၊ အရှင်မြတ်သည် ကြီးမားထူးခြားသော အကျင့်သိက္ခာမြတ် တို့၏ အရှင်ဖြစ်တော်မူပါပေသည်။ ဤအကြောင်းကို တစိမ့်စိမ့် စဉ်းစားမိလာ၍ ကျိုးနွံစွာ ကန်တော့ပါသည်ဘုရား။

"အရှင်မြတ်ဘုရား၊ အရှင်မြတ်သည် ရတတ်သမျှသော သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးတို့မျှဖြင့် ရောင့်ရဲတော်မူနိုင်သော သန္တုဋ္ဌိသလ္လေခ အရှင်မြတ်ကြီးဖြစ်တော် မူပါပေသည်။ ဤအကြောင်းရပ်ကို တစိမ့်စိမ့် စဉ်းစားမိလာ၍ ပျပ်ဝပ်ညွှတ်ကိုင်းစွာ ကန်တော့ပါ၏ ဘုရား"

ဤနည်းဖြင့် ဘုရားရှင်၏ ဆယ်မျိုးသော ဂုဏ်တော် ကျေးဇူးတော်များကို ထုတ်ဖော်၍ ဆယ်ကြိမ် ကန်တော့သည်။ ကန်တော့လေတိုင်း ဘုရားရှင်၏ ခြေဖမိုးတော် များကို ဦးတိုက် စုပ်နမ်းသည်။ ဘုရားရှင်က သာဓုသုံးကြိမ်ခေါ်၍ သည်းခံခွင့်လွှတ်တော် မူသည်။ ဤနည်းဖြင့် မိမိအပေါ်တွင် တင်ရှိနေသော အပြစ်များ ကျေပျောက်ပြီဟု ဆိုရမည်ဖြစ်၏။ သို့ရာတွင် အလားတူ မကန်တော့၍ မကျေပျောက်သော အခြားအပြစ်များ ကောသလဘုရင်တွင် တင်ရှိနေပေသေးသည်။ ယင်းသည်ကား ဘုရားရှင်မှလွဲလျှင် သိက္ခာတောင်ထု ကြီးမားတော်မူလှသော အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် ရဟန္တာကြီးနှစ်ပါးကို အတွေ့မခံဘဲ မထီမဲ့ ပြုလုပ်ခဲ့မိသော အပြစ်ပင်ဖြစ်ပေ၏။

ဘုရား၊ ရဟန္တာ၊ သိက္ခာတော်အရှင် သံဃာတော်များကို ထားဦး၍ ကျေးဇူးရှင် ဖြစ်သော မိဘဆရာကိုပင်ဖြစ်စေ ပုထုဇဉ်တို့ကာတီအရ ကိုယ်နှုတ်ဖြင့် ပြစ်မှားမိခဲ့ပါသော်

ယင်းအပြစ်တို့ ကျေပျောက်စေနိုင်ရန် တောင်းပန်ကန်တော့ရမည်ဖြစ်၏။ အခွင့်မသင့်၍ မျက်မြင်ဒိဋ္ဌ ကန်တော့ခွင် မရခဲ့ပါသော် ကျေးဇူးရှင်တို့ သုသာန်သို့ သွားရောက်ကန်တော့ ရမည်ဖြစ်၏။ ဤနည်းဖြင့် တင်ရှိနေသာ အပြစ်များ ကျေပျောက်နိုင်သည်။

ပြစ်မှား ပြစ်တန်းလန်းနှင့် ရှိနေခဲ့ပါသော် ဘေးဆယ်တန် ရန်ဆယ်မျိုး၊ အန္တရာယ်တစ်ခုခုနှင့် တစ်နေ့နေ့တစ်ချိန်ချိန်တွင် တိုးရတော့မည်မှာသေချာ၏။ ။

# မြင်းဆရာနှင့် ရထားထိန်း

[ ၁ ]

“ခင်ဗျားဆရာ တထာဂတက ရထားထိန်း ‘သာရထိ’ဆိုတဲ့ အမည်ကို ဂုဏ်တော်ဘွဲ့တော် တစ်ခုအဖြစ်နဲ့ ခံယူတယ်လို့ ကြားရပါကလားဗျ”ဟု မြင်းဆရာ ကေသီက မေးလိုက်သောအခါ ရထားထိန်းဝိသုကက “မှန်ပါတယ်၊ ကျွန်တော်လဲ မကြာမီကဘဲ ကြားလို့ ဝမ်းမြောက်နေပါတယ်” ဟု ပြန်ပြောသည်။

“တထာဂတဟာ ကိလေသာ ကင်းစင်တော်မူတဲ့ အရဟာ၊ တရားအားလုံးကို သိတော်မူတဲ့ သမ္မာသမ္ဗုဒ္ဓ၊ လူနတ်တို့၏ဆရာ သတ္ထာဒေဝမနုဿစတဲ့ ဂုဏ်တော်များ ခံယူတာကို နားလည်နိုင်ပါတယ်။ သာရထိဆိုတဲ့ ရထားထိန်းဘွဲ့ကို ခံယူတာကတော့ ဂုဏ်နဲ့ဒြပ် မဟပ်မိဘူးလို့ထင်မိပါတယ်။ ကျုပ်တို့လို ဆင်ထိန်း၊ မြင်းထိန်း၊ ရထားထိန်း ဆိုတာဟာ ဘယ်လောက်ကြီးကျယ်တဲ့ ဂုဏ်ထူးဝိသေသရှိလို့ပါလဲဗျာ”

“သာရထိတွင် မဟုတ်ပါဘူး၊ ဂုဏ်တော်အပြည့်အစုံက အနုတ္တရော ပုရိသဒမ္မသာရထိပါ။ ရထားထိန်းသည် ရထားကို ကောင်းစွာ ထိန်းကျောင်း မောင်းနှင်သကဲ့သို့ ဘုရားရှင်ကလဲ ဆုံးမထိုက်သော သတ္တဝါတို့ကို ကောင်းစွာထိန်းကျောင်း မောင်းနှင် ဆုံးမတတ်သူအဖြစ် ဂုဏ်ယူတယ်လို့ နားလည်ရပါတယ်”

မြင်းဆရာကေသိက ရထားထိန်း ဝိသုကအား နှိမ့်ချသယောင် ပြောဆိုရသော စကားဖြစ်သောကြောင့် ဂုဏ်ရည်တူဖြစ်သော မိမိအလုပ်ကိုပါ တွဲဖက်၍ ''ဆင်ထိန်း၊ ရထားထိန်း''ဟု ရောနှောပြောဆိုသည်။

''ပြီးတော့ ဂုဏ်ရှိ မရှိဆိုတာ လူတွေ့ရဲ့ သတ်မှတ်ချက်ပါပဲ။ စည်းစိမ်ကြီး မျက်နှာကြီးတဲ့ လူတွေရဲ့အလုပ်က မရိုးသားမမှန်ကန်ပေမယ့် ဂုဏ်ရှိတယ်လို့ သတ်မှတ်ပြီး မျက်နှာမရှိတဲ့သူတွေရဲ့အလုပ်ကိုတော့ ရိုးသားမှန်ကန်ပေမယ့် ဂုဏ်မရှိဘူးလို့ ယူဆကြ ပါတယ်။ စင်စစ်မတော့ အလုပ်ဆိုတာ ရိုးရိုးသားသား မှန်မှန်ကန်ကန်လုပ်ရင် ဘယ်အလုပ်မဆို ဂုဏ်ရှိကြတာချည်းပါပဲ''

''ကျွန်တော်ကတော့ တထာဂတကို တစ်နေ့တခြားကြည်ညိုလာတယ်ဗျာ။ တထာဂတဆီ ကျွန်တော်သွားလို့ ဖြစ်ပါ့မလား''

''ဘာဖြစ်လို့ မဖြစ်ရမှာလဲ ကေသိ၊ သင့်လျော်တဲ့ အချိန်ဆိုရင် အချိန်မရွေး သွားနိုင်ပါတယ်''

''ဘုရင်တို့ သူဌေးကြီးတို့ မပြတ်ချဉ်းကပ်နေကြတော့ ကျွန်တော်တို့ ချဉ်းကပ်ရင် လက်ခံပြီးတော့ စကားပြောမှ ပြောပါ့မလားလို့ ထင်မိပါတယ်''

''တထာဂတဟာ မျက်နှာကြီးငယ် မလိုက်ပါဘူး။ လယ်သမား အလုပ်သမားကို လဲ စကားပြော တရားဟောပါတယ်။ လယ်ခွင် အလုပ်ခွင်ကိုတောင် အခွင့်သာရင် ကိုယ်တော်တိုင်သွားပြီး တရားဟောလေ့ရှိပါတယ်။ လူကြီးတွေ မပြောနဲ့ ကလေးသူငယ် ကိုတောင် အရေးတယူ ဆက်ဆံတတ်ပါတယ်''

''ဝမ်းသာလိုက်တာဗျာ၊ တစ်နေ့တော့ တထာဂတထံ သွားဦးမှပဲ''

''သွားသာသွားပါ၊ မမှားပါဘူး''

''သာရထိ'' ဟူသော ဂုဏ်တော်ကြောင့် ရထားထိန်း ဝိသုကကလည်း ဝမ်းမြောက်ပြီး ဖြစ်သည်။ စင်စစ် ရထားထိန်းဟူသော အလုပ်မှာ ဂုဏ်ငယ်သောအလုပ် မဟုတ်ပေ။ မဇ္ဈိမ၏ လေးစားအပ်သော မဟာဘာရတဇာတ်တော်တွင် ရထားထိန်းသည် အရေးပါလှသူ ဖြစ်၏။ မဟာဘာရတ မင်းကြီးကိုယ်တိုင်က အရေးပါသော စကားများဖြင့် ဆွေးနွေးခံရသူ ဖြစ်သည်။ တထာဂတမဖြစ်မီက သိဒ္ဓတ္ထမင်းသား၏ ရထားထိန်းသည် အရေးပါလှသူ မဟုတ်ပါလော။ သိဒ္ဓတ္ထမင်းသားအား တောထွက်စေသော တရားအချက် များကို ဆွေးနွေးခံရသူဖြစ်၏။

ကောသလဘုရင်၏ ရထားထိန်းဖြစ်သော မိမိသည်လည်း အရေးပါသူပင်ဖြစ်၏။ အကြောင်းမှာ ရထားစီးသောအခါများတွင် ဘုရင်နှင့် အနီးကပ် ဆက်ဆံရသူဖြစ်ရုံသာမက

ရုံဖန်အရေးပါသော စကားများဖြင့် ဆွေးနွေးခံရသူ မဟုတ်ပါလော။ ဝိသုကက ဤသို့ ခံယူ၏။

သို့ရာတွင် ဆင်ထိန်း၊ မြင်းထိန်း၊ ရထားထိန်းတို့မည်သည် များသောအားဖြင့် စရိုက်ကြမ်းကြမ်းနှင့် ပရမ်းပတာ နေထိုင်တတ်သူများဖြစ်သောကြောင့် လောကအလို အားဖြင့် အနိမ့်တန်းစားဘ၀အဖြစ် အမြင်ရှိတတ်ကြလေရာ၊ မြင်းဆရာ ကေသိအဖို့ ဘုရင့်မြင်းဆရာပင် ဖြစ်သော်လည်း အားငယ်နေပုံရသည်။ ယခုသော်မူ အလွန်တရာ ကြီးမြတ်တော်မူသော ဘုရားရှင်ကိုယ်တိုင်ကပင် "ရထားထိန်း"ဟူသော အမည်ကို ဂုဏ်ပုဒ်တစ်ရပ်အဖြစ် ခံယူလာသောအခါ ရထားထိန်းနှင့် မြင်းဆရာဟူသည် အလုပ်တူ သဘောတူဖြစ်သောကြောင့် အားတက်လာသည်။

မြင်းဆရာကေသိသည် ဘုရင့်တပ်မတော်မှ မြင်းများနှင့် ဘုရင်စသော အရေး ပါသူတို့၏ အလုစီး ရထားဆွဲမြင်းများ၊ အလွတ်မြင်းများကိုပါ လိမ္မာအောင် သင်ကြား ထိန်းကျောင်းပေးရသူဖြစ်သည်။ စဉ်းစားဆင်ခြင် အမြော်အမြင်ရှိသူဖြစ်သည်။ အလုပ်သဘောအားဖြင့် မြင်းများကို ကိုင်တွယ်ရသူဖြစ်သောကြောင့် ကြမ်းတမ်း သော်လည်း ပင်ကိုသဘောအားဖြင့်မူ သိမ်မွေ့ရင့်ကျက်သူဖြစ်သည်။ သို့သော် ဝိသုကတို့ ကဲ့သို့ ဘုရားရှင်ကျောင်းတော်နှင့် မနီးစပ်ခဲ့။

ဝိသုကသည်လည်း ယခင်ကမူ သူကဲ့သို့ပင် ဘာသာတစ်ပါးကိုးကွယ်သူ ဖြစ်ခဲ့သည်။ သို့ရာတွင် သာ၀တ္ထိ၌ တထာဂတထွန်းပေါ်သောအခါ ဘုရင်နှင့်တကွ ဇေတ၀န်သို့ မကြာခဏသွားရောက်ရသူဖြစ်ရာက တထာဂတကိုးကွယ်သူ ဖြစ်လာသည်။ ကေသိကလည်း ဘုရင်နှင့်အရေးပါသူ အများပင် ကိုးကွယ်လာသော တထာဂတအထံ ချဉ်းကပ်လိုသည်။ သို့ရာတွင် မိမိကဲ့သို့သော မြင်းဆရာတစ်ယောက်အား တထာဂတက အရေးတယူ လက်ခံတွေ့ဆုံပါမည်လားဟူသော အတွေးဖြင့်သာ ရှိခဲ့ရာ တထာဂတသည် မိမိတို့နှင့် နီးစပ်သော သာရထိဘွဲ့ကို ခံယူသည်ဟု ကြားရသောအခါ ယခုဝိသုကနှင့် ဆွေးနွေး၍ တထာဂတ၏ သဘောကို သိရှိလာသောကြောင့် အခွင့်သာသော တစ်နေ့တွင် ဇေတ၀န်သို့ သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

[ ၂ ]

အခွင့်သာသောတစ်ညနေတွင် ဇေတ၀န်သို့သွားသောအခါ ဘုရားရှင်သည် ဂန္ဓကုဋီတွင် တစ်ပါးတည်း သီတင်းသုံးနေသည်ကိုတွေ့ရသောကြောင့် ဝမ်းမြောက်သည်။ ဘုရားရှင်သို့ ချဉ်းကပ်ရှိခိုး၍ ဘုရားရှင်က "ဒကာကေသိ၊ ယခုမှပဲ ငါဘုရားထံ လာဖြစ်တော့သကိုး" ဟူသော ပဋိသန္ထာရ စကားကို ကြားလိုက်ရသောအခါတွင်မူ ဘုရားရှင်သည် ငါ့အမည်ကို သိတော်မူရုံသာမက ငါ့ဆန္ဒကိုလည်း သိနေပါတကားဟု အံ့ဩရ၏။

''မြင်းဆရာကေသိ၊ အသင်သည် မြင်းများကိုဆုံးမရာ၌ ကျွမ်းကျင်လိမ္မာသည်ဟု ငါဘုရားကြားသိရသည်။ မြင်းများကို အဘယ်ပုံဆုံးမပါသနည်း''ဟု အရေးတယူ မေးတော်မူလိုက်သောအခါ၌မူ ပို၍အားတက်လာသည်။ အကြောင်းကား လူဟူသည် ကြီးမြင့်သောသူတို့က မိမိကျွမ်းကျင်နိုင်နင်းရာ အလုပ်ကို ဆွေးနွေးမေးမြန်းသောအခါ ဝမ်းမြောက် အားတက်ကြရစမြဲ ဓမ္မတာဖြစ်သည်။

ထို့ကြောင့် ''မှန်လှပါ၊ တပည့်တော်သည် မြင်းများကို ဆုံးမရာ၌ လေးမျိုး လေးရပ်သောနည်းဖြင့် ဆုံးမပါသည်ဘုရား''ဟု ဝမ်းသာအားရ နိဒါန်းချီလျှောက်ထား လိုက်သည်။

''ဆုံးမပုံ လေးမျိုးလေးစားကို ခွဲခွဲခြားခြား လျှောက်ထားပါဦး''

''မှန်လှပါ၊ အချို့သောမြင်းများသည် တံပြာပြခြင်း၊ အသံပေးခြင်း၊ အမူအရာ ပြခြင်းမျှဖြင့် လိမ္မာကြပါသည်။ ထိုသို့သော မြင်းများကို တံပြာပြရုံ၊ အသံပေးရုံ၊ အမူအရာပြရုံမျှဖြင့် ဆုံးမပါသည်ဘုရား။

''အချို့သော မြင်းများသည် အမူအရာပြရုံမျှဖြင့်မရ၊ အရေအသားကို ရိုက်နှက် ဆုံးမမှ လိမ္မာပါသည်။ ထိုသို့သော မြင်းများကို ရိုက်နှက်ဆုံးမရပါသည်ဘုရား။

''အချို့သောမြင်းများကို အရေအသား စုတ်ပြတ်စေရုံမျှဖြင့် မလိမ္မာကြ သောကြောင့် အရိုးခိုက်အောင် ရိုက်နှက်ဆုံးမနိုင်မှ လိမ္မာကြပါသည်။ သို့ဖြစ်၍ အရိုး ခိုက်အောင် ရိုက်နှက်ဆုံးမရပါသည်ဘုရား။

''အချို့သောမြင်းများကမူ အရိုးခိုက်အောင် ရိုက်နှက်ဆုံးမ၍ပင် မရနိုင်တော့ လောက်အောင် ညံ့ဖျင်းကြပါသည်။ ထိုသို့သော မြင်းများကိုမူ စည်းကမ်းအရ သတ်ပစ် လိုက်ရပါတော့သည် ဘုရား''

မိမိအလုပ်ကို အရေးတယူ မေးတော်မူသောကြောင့် ဝမ်းသာပါ၏။ သို့ရာတွင် မေးတော်မူသောကြောင့်သာ မိမိအလုပ် မိမိတာဝန်များကို စည်းကမ်းရှိသည့်အတိုင်း လျှောက်ထားရသည်။ သူတော်ကောင်းကြီး ရှေ့၌ သတ်စကား ဖြတ်စကားကိုမူ မလျှောက် ထားချင်လှ။

သို့ဖြစ်၍ မိမိမေးလျှောက်လိုသည်ကိုလည်း မေးလျှောက်ရစေ၊ စကား အဖာအထေးလည်းဖြစ်စေ သဘောဖြင့် လျှောက်ထားလိုက်သည်ကား ''အရှင်မြတ်ဘုရား။ အရှင်မြတ်သည် အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္တဝါတို့ကို ထိန်းကျောင်းဆုံးမသူ ရထားထိန်းဟူသောဂုဏ်ကို ခံယူတော်မူသည်ဟု သိရပါသည်။ သို့ဆိုလျှင် အရှင်မြတ်လည်း သတ္တဝါတို့ကို အဘယ်နည်းအဘယ်ပုံ ဆုံးမတော်မူပါသနည်းဘုရား''

"ဒကာကေသိ၊ ငါဘုရားသည်လည်း အသင်ကဲ့သို့ပင် လေးမျိုး လေးနည်းဖြင့် ဆုံးမပေသည်။ တချို့သော သတ္တဝါတို့ကို တရားတည်းဟူသော အသံပေးရုံ၊ တံပြာ ပြရုံမျှဖြင့် ဆုံးမလိမ္မာစေသည်"

မှန်လှပေ၏။ တရားတော်တစ်ချက်၊ တရားတည်းဟူသော တံပြာကို ပြရုံမျှဖြင့် ကျွတ်တမ်းဝင်ကြသော သတ္တဝါတို့ မြောက်မြားစွာ ရှိခဲ့လေပြီ။

"တရားတည်းဟူသော ပရိယာယ်ဓမ္မစက်ဖြင့် ရိုက်နှက်ဆုံးမမှ လိမ္မာသူတို့ကို ကား ရိုက်နှက်ဆုံးမရပေသည်"

မှန်လှပေ၏။ အင်္ဂုလိမာလ၊ အာဠဝက၊ ဘီလူးစသော သတ္တဝါ အကြမ်းစားကြီး များကိုဆုံးမရာ၌ အင်္ဂုလိမာလအား ငါကားသံသရာမှ ရပ်သူဖြစ်၏။ သင်ကား သံသရာတွင် ပြေးသူဖြစ်၏ဟူသော စကားပရိယာယ်ဓမ္မစက်၊ အာဠဝကအား သည်းခံလိုက်လျှောမှု တည်းဟူသော ပရိယာယ်ဓမ္မစက်တို့မှာ ထိုသူတို့၏ အသည်းနှလုံးကို ရိုက်နှက်ဆုံးမသည် မည်ပေ၏။

"တရားပရိယာယ် ဓမ္မစက်မျှဖြင့် ရိုက်နှက်ဆုံးမ၍မရသူတို့ကို အရိုးအသားခိုက် အောင်ပင် ရိုက်နှက်ဆုံးမရပေသည်"

မှန်လှပေ၏။ နန္ဒောပနန္ဒတို့လို နဂါးကြမ်းကြီးတို့ကို မူကား တန်ခိုးတော်သခင် တပည့်ကြီး အရှင်မောဂ္ဂလာန်ကို လွှဲအပ်တော်မူ၍ အရိုးအသားကို ထိခိုက်စေသည်အထိ ဆုံးမခဲ့ရပေသည်။

"ဒကာကေသိ၊ မည်သည့်နည်းနှင့်မျှ ဆုံးမ၍ မရနိုင်တော့သော သတ္တဝါတို့ကို မူကား အသင်ကဲ့သို့ပင် သတ်ပစ်လိုက်ရပေတော့သည်"

ထိုစကားတွင်မူကား မြင်းဆရာ ကေသိ အံ့ဩသွားသည်။ အံ့ဩသောကြောင့် ဘုရားရှင်မျက်နှာတော်ကိုပင် မော်၍ ဖူးလိုက်မိသည်။

မိမိသည် မြင်းဆရာတို့၏ စည်းကမ်းအရ သတ်ရခြင်းမျှဖြစ်သည်။ သတ္တဝါကို သတ်ရခြင်းသည် မကောင်းဟု မိမိနားလည်ထားသည်။ သူတော်ကောင်းကြီး၏ ရှေ့၌ မိမိ၏ သတ်စကား ဖြတ်စကားကို ဌာန်ကုန်အောင် လျှောက်လိုက်ရခြင်းသည်ပင် စိတ်မကောင်း။ ယခုသော် ဘုရားရှင်ကိုယ်တော်တိုင်ကပင် ဆုံးမ၍မရသော သတ္တဝါကို သတ်ပစ်သည်ဟု ကြားလိုက်ရသောအခါ အံ့ဩရ၏။

ထို့ကြောင့် "အရှင်မြတ်ဘုရား၊ တပည့်တော်တို့သည် စည်းကမ်းအရ ဆုံးမ၍ မရသောမြင်းတို့ကို သတ်ရသော်လည်း စိတ်မကောင်းပါ။ သတ္တဝါကို သတ်ခြင်းသည် မကောင်း။ အရှင်မြတ်တို့၏ အကျင့်သီလတွင် ပါဏာတိပါတ၊ သတ္တဝါကိုမသတ်ရ ဟူသော သိက္ခာပုဒ်တော်ရှိသည်ဟု တပည့်တော်နားလည်ထားပါသည်။ သို့ပါလျက်

အရှင်မြတ်က ဆုံးမ၍ မရသော သတ္တဝါကို သတ်ပစ်သည်ဟု မိန့်တော်မူသောကြောင့် တပည့်တော် အံ့ဩရပါတော့သည်ဘုရား'' ဟု လျှောက်ထားလိုက်သည်။

''ဒကာကေသိ၊ သူတော်ကောင်းတို့၏ သတ်ခြင်းဟူသည်ကား လျစ်လျူရှုခြင်း ပေတည်း။ အကြင်သတ္တဝါသည် သူတော်ကောင်းတို့၏ လျစ်လျူရှုခြင်းကို ခံရအံ့။ ထိုသူတ္တဝါသည် အသတ်ခံရခြင်း မည်ပေသည်''

အတွေးအမြင် ရင့်ကျက်ပြီးသော မြင်းဆရာအဖို့ ထိုစကား ထိုတရား တစ်ခွန်းကြောင့် ပို၍အံ့ဩသွားသည်။ ဉာဏ်တံခါးပွင့်သွားသောကြောင့်ဖြစ်၏။ ထို့ကြောင့် ''မှန်လှပါချည့်ဘုရား။ မှန်လှပါချည့်ဘုရား''ဟု အထပ်ထပ် လျှောက်ထားရင်း အကြိမ်ကြိမ် ဦးနှိမ်သည်။ ''တပည့်တော်အား ယနေ့မှစ၍ အရှင်ဘုရား၏ တပည့်ဒကာအဖြစ် သိမှတ်တော်မူပါဘုရား''ဟု လျှောက်ထားသည်။

# အကျိုးဆောင်ကျမ်းနှစ်ဆူ

## အလောင်းရှာပုံတော်

"ဆရာတော် အလိုရှိနေတာကို မောင်လှိုင်ကပဲ လိုအပ်သလို ဆောင်ရွက်ပေးလိုက်ပါ့ဘိ" ဟု ဘဝရှင်မင်းတရားကြီးက အမိန့်ချမှတ်လိုက်ပြီးသည့် အချိန်မှစ၍ ကျွန်ုပ်သည် ဆရာတော်၏ဆန္ဒ ပြည့်ဝစေရန် ကြိုးစားရှာဖွေခဲ့၏။ ဆရာတော် အလိုရှိသကဲ့သို့ပင် ကျွန်ုပ်သည်လည်း အလိုရှိ၏။ ဆရာတော်က ကမ္မဋ္ဌာန်းနိမိတ်အတွက် အလိုရှိသည်။ ကျွန်ုပ်က ရေးနေဆဲကျမ်းအတွက် အထောက်အကူရရန် အလိုရှိသည်။ ကျွန်ုပ်သည် ကာယာ နုပဿနာကျမ်းကို သီးဆောင်းတို့၏ အနာတမီကျမ်းမှ အချက်အလက်များနှင့် တွဲဖက်ရေးသားနေဆဲဖြစ်သည်။ ရေးသားရာ၌ စာတွေ့မဟုတ်ဘဲ ကိုယ်တွေ့မျက်မြင် ရေးသားရသော် အထောက်အကူပို၍ ခိုင်လုံဖို့ရှိသည်။

ဆရာတော်နှင့် ကျွန်ုပ်တို့ အလိုရှိနေသည်မှာကား သင့်လျော်သော အလောင်း တစ်လောင်း ရရှိရေးပင်ဖြစ်သည်။

ဆရာတော်သည် ဘုရားရှင်၏ ကမ္မဋ္ဌာန်းနည်း လေးဆယ်အနက်မှ ကာယဂတာ သတိ ကမ္မဋ္ဌာန်းအရှင်ဖြစ်၏။ ကမ္မဋ္ဌာန်း နည်းလေးဆယ်တွင် အရေအတွက်အားဖြင့် ကာယဂတာသတိ ကမ္မဋ္ဌာန်းဟု တစ်ခုမျှသာဖော်ပြသော်လည်း ယင်းကာယဂတာသတိကို ခွဲစိတ်လိုက်သောအခါ သုံးဆယ့်နှစ်ကောဋ္ဌာသ ရှိ၏။ ပါဠိလို ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းဟု

ခေါ်သည်။ ယင်းသုံးဆယ့်နှစ်ကောဋ္ဌာသကို ခွဲစိတ်လိုက်ပြန်သောအခါ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေပြားဟူသော တစပဉ္စက ကမ္မဋ္ဌာန်းမှစ၍ အစုအပုံကမ္မဋ္ဌာန်းမျိုးစုံ ထွက်လာသည်။

ယင်းခန္ဓာကိုယ် အစုအပုံ ကမ္မဋ္ဌာန်းမျိုးစုံအနက်မှ ဆရာတော်သည် အဋ္ဌိက ကမ္မဋ္ဌာန်းခေါ် အရိုးစုကမ္မဋ္ဌာန်းကို စီးဖြန်းသူဖြစ်ပေသည်။

ဤအကြောင်းကို တစ်ညနေခင်းအချိန်တွင် ဆရာတော်သည် ဘဝရှင်မင်းတရားကြီးနှင့် ကျွန်ုပ်တို့သုံးဦးသား စကားစပ်မိကြရာမှ အခွင့်သာ၍ ရနိုင်ခဲ့ပါသော် စာတွေ့ထက် ကိုယ်တွေ့ ရှုပွားအားထုတ်နိုင်ရန်အတွက် လူ့ခန္ဓာအရိုးစုတစ်ခု အလိုရှိကြောင်း မိန့်ကြားသည်။ ဘဝရှင်မင်းတရားကြီးက ကျွန်ုပ်ကို ဆရာတော် လိုအပ်သလို ဆောင်ရွက်ပေးပါဘိဟု အမိန့်ချမှတ်သည်။

ဆရာတော်က ဆက်လက်၍ ရနိုင်ခဲ့ပါလျှင် ထင်ထင်ရှားရှား ရှုပွားနိုင်ရန် အတွက် အရိုးစု ထွားထွားသန့်သန့်ဆိုလျှင် ပို၍သင့်လျော်မည်ဖြစ်ကြောင်း မိန့်ကြားသည်။ ကျွန်ုပ်က အဖြစ်နိုင်ဆုံး ကြိုးစားပါမည်ဟု လျှောက်ထားသည်။

လူသတ္တဝါတို့သည် မပြတ်သေလျက် ရှိနေကြသောကြောင့် သာမန်အားဖြင့် စဉ်းစားလျှင် အလောင်းတစ်လောင်း ရဖို့ဆိုသည်မှာ လွယ်မယောင်ရှိ၏။ လက်တွေ့တွင် မူကား ခက်လှသည်။ သာမန်အခက်မဟုတ်။ အခက်ကြီးဖြစ်နေကြောင်း ကိုယ်တွေ့ သိရှိလာရသည်။

တစ်ဖန် ကမ္မဋ္ဌာန်းကိစ္စ ကျမ်းကိစ္စဖြစ်၍ တစ်ဖက်တွင် မွန်ရည်ကြီးမြတ်သော ကိစ္စအဖြစ် သတ်မှတ်နိုင်သော်လည်း တစ်ဖက်တွင်မူ လူသာမန်တို့အဖို့ သေခြင်း၊ သုသာန်အလောင်းတွင် တွယ်တာမှုစသော အကြောင်းရပ်များရှိနေသောကြောင့် အလောင်း တစ်လောင်းရဖို့ရန် ဆောင်ရွက်မှုဆိုသည်မှာ လျှို့ဝှက်ကိစ္စကြီးဖြစ်နေပြန်၏။

ဘုရားရှင်လက်ထက်တော်အခါ၊ ရှေးအခါကမူ ဤကိစ္စသည် လွယ်သယောင် ရှိ၏။ အကြောင်းမှာ ကြီးမားမြင့်မြတ်သူတို့က မိမိတို့ဆိုင်ရာ အလောင်းကို ဂူသွင်းခြင်း၊ မြေမြှုပ်ခြင်း၊ မီးသဂြိုဟ်ခြင်း ပြုကြသော်လည်း လူသာမန်ဆင်းရဲသားတို့အဖို့မူ လူသေကောင်ကို အဝတ်ဖြင့်ထွေးပတ်၍ သုသာန်တစပြင်တွင် စွန့်ပစ်ထားကြလေ့ ရှိကြသည်။ ထို့ကြောင့်လည်း ဘုရားရှင်သည် သေနနိဂုံးမှ သုသာန်တွင် စွန့်ပစ်ထားသော ကျွန်မတစ်ယောက်၏ အလောင်းမှ လူကောင်ပတ်အဝတ်ကို ပံ့သကူသင်္ကန်းအဖြစ် ကောက်ယူတော် မူနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ဘုရားရှင်လက်ထက်တော်က မြောက်မြားစွာသော ရဟန်းတို့သည် သုသာန်မှ လူသေထုပ်သော အဝတ်တို့ကို ပံ့သကူ သင်္ကန်းအဖြစ် ကောက်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ခေတ်တွင်မူ သုသာန်တွင်

စွန့်ပစ်ထားသော အလောင်းဟူ၍မရှိ။ အားလုံးကိုပင် ဂူသွင်း၊ မီးသင်္ဂြိုဟ်၊ မြေမြှုပ် ပစ်ကြ၏။ တောင်မင်း မြောက်မင်း မကယ်နိုင်ဟု ဆိုရမည့် ရောဂါဆိုးရောက်၍ ဆိုက်ရောက်၍ အလောင်းချင်းဆက်လျက် ထပ်လျက်ရှိသော အခါဆိုးမျိုး၌ပင်လျှင် လူသေအလောင်းကို မြှုပ်ဖြစ်အောင် မြှုပ်ပစ်ကြသည်။ အလိုရှိသော အလောင်းတစ်လောင်းကို သုသာန်မှ တူးဖော်ယူမည်မည်ဆိုလျှင်လည်း မဖြစ်နိုင်ပေ။

ဤအတွင်း ဆရာတာ်က ရနိုင်ခဲ့ပါသော် ထွားထွားသန့်သန့် အလောင်းကို အလိုရှိသည်ဟု မိန့်ထားသည်။ ကျွန်ုပ်သည်လည်း ဤအတိုင်းပင် ရည်မှန်း၏။ အကြောင်းမှာ အလောင်းကို စစ်ဆေးကြည့်ရှုရာ၌ ထွားထွားသန့်သန့် အလောင်းဆိုလျှင် ပို၍ သင့်လျော်သောကြောင့်ဖြစ်သည်။

သို့နှင့် လွယ်မယောင်နှင့်ခက်နေသော အလောင်းရရှိမှုကိစ္စတွင် အခွင့်အခါကို စောင့်ဆိုင်းရင်းဖြင့် ဤကိစ္စတွင် နီးစပ်၍ ယုံကြည်ရသော ဘုရင့်အချုပ်ထောင်မှ တပည့် တစ်ယောက်နှစ်ယောက်ကို တိုးတိုးတိတ်တိတ်မှာကြား စကားထည့်ထားရသည်။

ထိုအခိုက်တွင် အိမ်သားတစ်ယောက်က နောက်ဖေးတွင် အချုပ်ထောင်မှ ရာဇဝတ်ခေါင်း ဂါမဏိရောက်ရှိနေကြောင်း၊ ကျွန်ုပ်နှင့်တွေ့လိုကြောင်း လာရောက် ပြောကြား၍ ချက်ချင်းပင် နောက်ဖေးဘက်သို့ ထွက်လာခဲ့သည်။ ထိုအချိန်မှာ မှောင်ရီပျိုးစအချိန်ဖြစ်၏။

ရာဇဝတ်ခေါင်း ဂါမဏိသည် ကျွန်ုပ်၏ စိတ်ချရသော တပည့်တစ်ယောက် ဖြစ်၏။ သူ့အမည်ရင်းမှာ ဂါမဏိမဟုတ်သော်လည်း သူ၏ ထွားကျိုင်းကြမ်းတမ်း၊ သတ္တိရှိမှုကို အကြောင်းပြုကာ မွန်သူရဲကောင်းကြီး ဂါမဏိကို ထင်ဟပ်၍ခေါ်ဝေါ်ကြရာမှ ဤအမည် တွင်နေသည်။

နောက်ဖေးဆောင်သို့ ကျွန်ုပ်ရောက်ရှိသွားသောအခါ ဒူးတုပ်အရိုအသေ ပြုလျက်ရှိသော ဂါမဏိကို တွေ့ရသည်။ အဘယ်ကိစ္စနှင့် ဂါမဏိရောက်လာသည်ကို ကျွန်ုပ်သိ၏။ ထို့ကြောင့် မလိုအပ်သောစကားများ အခြားသူများမကြားစိမ့်သောငှာ အနီးတွင်ရှိနေသော အိမ်သားများကို အခြားသို့နှင်ထုတ်လိုက်ပြီးနောက်–

''ဆိုစမ်း ဂါမဏိ၊ ဘာအကြောင်းထူးလာသလဲ''ဟုမေးလိုက်သည်။

''ဒီနေ့မနက် စကြာယာဉ်ပျံ သင်္ဘောတော်မှာ သင်္ဘောသားကုလားတွေနဲ့ ကုန်သည် တရုတ်ကြီး တစ်ယောက်တို့ ခိုက်ရန်ဖြစ်ကြပါတယ် ဝန်မင်း''

''ငါသိတယ်၊ ဆက်ပြော''

''ဦးခေါင်းကို အရိုက်ခံရတဲ့ ဒဏ်ရာနဲ့ တရုတ်ကြီးသေသွားပါတယ် ဝန်မင်း''

''ငါသိပြီးပြီ၊ လိုရင်းကို လျှောက်စမ်း''

''တရုတ်ကြီး အလောင်းဟာ ဝန်မင်းသခင်ဘုရားအလိုရှိတဲ့ အလောင်းမျိုးများ ဖြစ်ပါနေမလားလို့ပါ''

''အလောင်းဘယ်မှာ ထားသလဲ''

''သုသာန်မှာ အစောင့်နှစ်ယောက် ချထားပါတယ်ဘုရား''

''အရိုက်ခံရတယ်ဆိုတော့ ဒဏ်ရာကြောင့် အရိုးတွေဘာတွေ ကျိုးပဲ့မကုန်ဘူးလား''

''ဦးခေါင်းမှာ အနည်းငယ်ပိန်ချိုင့်သွားတဲ့ ဒဏ်ရာမှတစ်ပါး အခြားဘာဒဏ်ရာမှ မရှိပါဘုရား''

''တရုတ်ကြီး အသက်ဘယ်လောက်က ဘယ်လောက်တဲ့လဲ''

''၄၁–နှစ်ပါတဲ့ ဘုရား''

''အရပ်အမောင်း ကောင်းရဲ့လား''

''လေးတောင်နဲ့ လေးလက်မရှိပါတယ်၊ ပြီးတော့ သန့်သန့်ဖွေးဖွေးကြီးပါဘုရား''

''တယ်သေချာပါလား ဂါမဏိ၊ အခု ငါလိုက်ကြည့်လို့ သင့်လျော်ပါ့မလား''

''ဒီအချိန်မှာ ဝန်မင်းကိုယ်တိုင် သုသာန်သွားဖို့ သင့်လျော်မည်မထင်ပါ၊ မနက်ကျမှ ရာဇဝတ်မှုကို စစ်ဆေးတဲ့အနေနဲ့ သွားသင့်တယ်ထင်ပါတယ်၊ ပြီးတော့ တရုတ်ကြီးမိသားစုက အလောင်းကို တောင်းဆိုနေကြပါတယ်ဘုရား''

''မပေးနဲ့၊ စစ်ဆေးစရာရှိတယ်လို့ ပြောထား၊ မောင်မင်းလျှောက်တင်တဲ့အတိုင်း မနက်ကျမှပဲ ငါထွက်ကြည့်ဦးမယ်''

## စမ္ပိကာရာမသို့

စကြာယာဉ်ပျံသင်္ဘောတော်သို့ ကုလားများနှင့် ကုန်သည်တရုတ်တို့ ခိုက်ရန်ဖြစ်၍ တရုတ်ကွယ်လွန်သွားသည့်ကိစ္စမှာ လွှတ်တော်သို့ရောက်လာ၍ နေ့လယ်ကပင် ကျွန်ုပ်သိရှိခဲ့ပြီးဖြစ်၏။ သင်္ဘောသားကုလားနှစ်ယောက်ကို အရေးယူထားသည်။ ဂါမဏိ စကားအရ တရုတ်မှာ အရွယ်ကလည်း ကောင်း၊ အရပ်အမောင်းမှာလည်း လေးတောင်နှင့် လေးလက်မပင် ရှိသည်ဆို၍ နှစ်သိမ့်ရသည်။ အကြောင်းမှာ သာမန် မြန်မာ၊ ကုလား၊ တရုတ်တို့၏ အရပ်မှာ မြင့်မားသည်ကို ဆိုသည့်တိုင်အောင် လေးတောင်ပြည့်သူ ရှားပါးသည်။

တစ်ချိန်က သိုးဆောင်း ကုန်သည်တစ်ယောက်သည် နေပြည်တော်တွင် ကွယ်လွန်ခဲ့ရာ သူ့အရပ်အမောင်းကို မက်မော၍ သူ့အလောင်းကို ရနိုင်ဖို့ရန် ကြိုးစားခဲ့ဖူးသည်။ လူမျိုးအရ ကြီးမားခမ်းနားသူလည်းဖြစ်၊ အတင်းယူ၍လည်း မလျော်သဖြင့် မအောင်မြင်ခဲ့ပေ။

ကျွန်ုပ်သည် နံနက်ဆွမ်းခံချိန်ခန့်တွင် လှည်းယာဉ်ဖြင့် သုသာန်သို့ထွက်ခဲ့၏။ သုသာန်မှ ဆရာတော်သီတင်းသုံးရာ ဓမ္မိကာရာမကျောင်းတော်သို့သွားမည်၊ နံနက်ပိုင်းတွင် ဆရာတော်သည် စာတစ်ဝါချ၏။ ထို့နောက် ဦးပဉ္စင်းများ ဆွမ်းခံထွက်ချိန်နှင့် ဆွမ်းစားချိန် အတွင်းမှာ ဆရာတော်အားလပ်သည်။ ထိုအချိန်ကိုရည်မှန်း၍ ကျွန်ုပ်ထွက်ခဲ့၏။

သုသာန်တွင် အသင့်ပြင်ထားသော တရုတ်ကြီးအလောင်းကိုတွေ့ရ၏။ အစောင့်အချို့ကို သုသာန်ဝန်းကျင်တွင်ချထားသည်။ မှန်လှပေ၏။ ကျွန်ုပ်တို့လိုအပ်သော ခန္ဓာကိုယ်မျိုးပင် ဖြစ်ပေသည်။ ကျွန်ုပ်သည် အလောင်းကိုကြည့်ရှုရင်းနှင့် မှုခင်းနှင့်စပ်သော စကားများကို အသင့်အတင့် မေးမြန်းပြောဆိုပြီးနောက် ကျောင်းတော်ဘက်သို့ ထွက်ခဲ့သည်။ ဆရာတော်ကို အသင့်ပင်ဖူးတွေ့ရ၏။

ဆရာတော်အထံသို့ ကျွန်ုပ်လာရောက်ခြင်း၊ ဆရာတော်နှင့် ဆွေးနွေးခြင်းတို့မှာ ကျွန်ုပ်အဖို့ အဆန်းမဟုတ်တော့ပေ။ အခွင့်သာတိုင်း ရောက်လာမြဲဖြစ်၏။ ရဟန်းဆရာတော်ဖြစ်ခြင်း၊ အကျင့်သိက္ခာ စင်ကြယ်ခြင်း၊ ပညာကြီးရင့်ခြင်းတို့ကို ထားပါဦးတော့၊ စာသမား တစ်ဦးနှင့်တစ်ဦး တွေ့ဆုံဆွေးနွေးကြမှုဆိုသည်မှာ စာသမားတို့ တောင့်တနှစ်လိုအပ်သော စာသမားတို့၏ နှစ်သိမ့်မှုဖြစ်၏။

ဆရာတော်၏ ဥပဓိရုပ်မှာ သန့်စင်ကြည်လင်၏။ အကျင့်သိက္ခာကြီးမားသလောက် ညွှတ်ကိုင်းသိမ်မွေ့၏။ ကျွန်ုပ်အနှစ်သက်ဆုံးသော ဆရာတော်၏ အရည်အချင်းသည်ကား စာအရေးအသား ကောင်းမွန်လှခြင်းပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့ခေတ်၌ သိက္ခာကြီးမား၍ ထက်ထက်မြက်မြက် ကျမ်းပြုဆရာ မြောက်မြားစွာရှိပါ၏။ သို့ရာတွင် သဝိတ်သံ၊ အိတ်သံများ၍ အထက်တန်းကျလှမှုကြောင့် ထိုဆရာတို့၏ အများစုကျမ်းတို့မှာ ပညာရှိတို့ လက်သုံးသာအဖြစ်များပြီး လူသာမန်တို့ အဖို့မူ အလှမ်းမမီနိုင်အောင် ရှိကြရသည်။

ဤဆရာတော်၏ ကျမ်းများသည်မူကား အကြောင်းအရာ အထက်တန်းကျသလောက် အရေးအသားရှင်းလင်း၏။ ပြေပြစ်ကျစ်လျစ်၏။ ဆွဲဆောင်မှုကြီး၏။ ထို့ကြောင့် ပညာရှိရော သာမန်ပုဂ္ဂိုလ်တို့ပါ ဖတ်ရှုနိုင်သော ကျမ်းများဖြစ်ကြသည်။ ကျမ်းဂန်သဘောသမျှသာမက ပင်ကိုအတွေးအမြင်ကလည်း ကြီးမားလိုက်သေး၏။ ဥပမာအားဖြင့် နိဗ္ဗာန်၏ ခဲရာခဲဆစ်တို့ကိုဖော်ပြသော ဤဆရာတော်၏ ဂမ္ဘီရာ ဂမ္ဘီရ

မဟာနိဗ္ဗုတဒီပနီ၊ သို့မဟုတ် ရုပ်ထူး နာမ်ထူး နိဗ္ဗာန်ထူးကျမ်းဆိုလျှင် သူ့အတွေး သူ့အယူကို ကျွန်ုပ်ဘဝင်မကျလှသော်လည်း အရေးအသားအဆွဲအယူ ကောင်းမွန်လှသောကြောင့် ဖတ်ဆဲခဏတွင် သူ့ဘက်သို့ပါ၍ပါ၍ သွားခဲ့သည်သာဖြစ်၏။

ကျွန်ုပ် ဦးချမိသောအခါ ဆရာတော်က ''ဒီနေ့လာပုံစောလှချည့်လား။ အကြောင်းထူး ရှိပြီထင်ပါရဲ့''ဟု ပဋိသန္ထာရ ပြုသည်။ အခါတိုင်းဆိုလျှင် ကျွန်ုပ်သည် ညနေပိုင်း၊ ညဦးပိုင်းများတွင်သာ ဆရာတော့်ထံ အရောက်များ၏။

''စောဆို ဆရာတော်အလိုရှိနေတာ ရရှိတော့မှာမို့ လာရောက်လျှောက်တာပါ ဘုရား''

ကျွန်ုပ်က တွေ့ရှိထားပုံ အကျိုးအကြောင်းကို လျှောက်ထားသောအခါ ဆရာတော်သည် တပြုံးပြုံးနှင့် နားထောင်လျက်ရှိ၏။

''ဒီလိုဆိုရင် အရိုးစုမဖြစ်ခင် ဘုန်းကြီးတို့ အသုဘ သွားရှုရယင် မကောင်းဘူးလား''

ရိုးသားလှသော ဆရာတော်ဖြစ်၍ ကြုံတောင့်ကြုံခိုက် မိမိတရားလုပ်ငန်းအတွက်သာ စဉ်းစားဟန်တူသည်။

''မသင့်လျော်ပါဘူး ဘုရား၊ ဆရာတော်ရဲ့ ရည်မှန်းချက် မွန်ရည်မြင့်မြတ်ပေမယ့် ကိစ္စက မှုခင်းတန်းလန်းကြီးနဲ့ အများသိတဲ့ ကိစ္စဖြစ်နေပါတယ်၊ အခုနေက မြင်မြင်ထင်ထင် လုပ်ကိုင်လိုက်ရင် လူသာမန်တို့အမြင်နဲ့ ရှုပ်ယှက်ခတ်သွားဖို့ရှိပါတယ်၊ အရိုးစုကျမှပဲ ရှုမှတ်တော်မူပါဘုရား''

''သာဓုပါ ဒကာကြီး၊ သာဓုပါ''

''ဘဝရှင် မင်းတရားအမိန့်ချမှတ်လိုက်ကတည်းက ကြိုးပမ်းခဲ့ရာ အခုမှပဲ အောင်မြင်ရပါတော့မယ်။ ဒီအကြောင်း ဘဝရှင်ထံ အခုညနေခင်းလောက်မှာပဲ လျှောက်ထားရပါဦးမယ်''

''အနို့ အရိုးစုဖြစ်လာအောင် ဘယ်လိုစီစဉ်မှာလဲ''

''ဒါက တပည့်တော်တာဝန်ပါ၊ အရိုးစုဖြစ်လာတဲ့အခါ ဆရာတော်ကို လာရောက် လျှောက်ပါ့မယ်။ တစ်လကိုးသီတင်းလောက်တော့ စောင့်ရဦးမှာပေါ့''

''ဒါထက် ဒကာကြီးလဲ ကာယာနုပဿနာကျမ်းပြုစုနေတယ်လို့ ကြားမိပါကလား''

''မှန်ပါတယ်၊ စလင်းစုဘုရားတောင်းပန်လို့ ပြုစုဆဲပါဘုရား၊ ပိဋကတ်ကျမ်းဂန်နဲ့ သိုးဆောင်းတို့ရဲ့ အနာတမိကျမ်းပါ အချက်အလက်တွေကို တွဲပြီး ပြုစုနေပါတယ်၊

အဲဒီ ကျမ်းအတွက်ပဲ အခုကိစ္စမှာ တပည့်တော်လဲ စိတ်အားထက်သန်နေရပါတယ်၊ စာတွေ့နဲ့ကိုယ်တွေ့ ပေါင်းလိုက်တော့ ပိုပြီးသေချာဖို့ရှိတာပေါ့ဘုရား''

''သာဓုဗျာ သာဓု၊ အဲဒီ သိုးဆောင် အနာတမီကျမ်းဆိုတာက ခန္ဓာကိုယ် အကြောင်းရပ်မှာ ပိုပြီးစုံတယ်လို့ ကြားဖူးပါကလား''

''မှန်ပါတယ်ဘုရား၊ သူတို့က လက်တွေ့သမား၊ အနုစိတ်သမားတွေဆိုတော့ ပိုပြီးစေ့စပ်စုံလင်ပါတယ်၊ နို့ပေမယ့် အခြေခံမှာတော့ အတူတူပါပဲဘုရား''

''ဒါထက် ဒကာကြီးလဲ ဒါလောက် ကျမ်းတွေပြု၊ အသိပညာတွေ ကြွယ်တဲ့ သူဆိုတော့ အလုပ်စခန်းလေး ဘာလေးလဲ ဝင်မိရောပေါ့နော်''

''စွမ်းနိုင်သလောက်တော့ လုပ်ပါတယ်ဘုရား၊ နို့ပေမယ့် တပည့်တော် လက်ရင်း ထားတဲ့ အလုပ်ကတော့ အာနာပါနပါပဲဘုရား''

''အာနာပါနလဲ ဘုရားရှင် ချီးမွမ်းတော်မူထားတာပါပဲ၊ သူက ကသိုဏ်း ပရိကမ်မလို၊ ကိုယ်ထဲမှာ အသင့်ရှိနေတဲ့ ကမ္မဋ္ဌာန်းပေကိုး၊ လုပ်လိုတဲ့အခါ နေရာမရွေး လုပ်နိုင်တာပေါ့။ ဘုန်းကြီးတို့အဖို့တော့ ဆရာသခင် ဖြစ်တဲ့ သီးလုံးဆရာတော်ကြီးရဲ့ အဆုံးအမ အလေ့အထကလဲ ပါလာ၊ ကိုယ်တိုင်ကလဲ ကာယဂတာသတိမှာ စိတ်ထက်သန်လေတော့ အဋ္ဌိကမ္မဋ္ဌာန်းကိုပဲ အာရုံစိုက်ရပါတယ်''

''ဆရာတော်တို့အဖို့ နေရာအသင့်၊ ပတ်ဝန်းကျင်အသင့်နဲ့ဆိုတော့ အင်မတန် သင့်လျော်တဲ့ ကမ္မဋ္ဌာန်းပါ။ ဘုရားရှင်လက်ထက်တော်က သာမဏေ၊ ရဟန်းဖြစ်လာတယ် ဆိုရင် ကေသာ၊ လောမာစတဲ့ တစပဉ္စက ကမ္မဋ္ဌာန်း၊ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းပဲ ပေးလိုက်ကြတာပါပဲ။ အများအားဖြင့်လည်းပဲ ကာယဂတာသတိနဲ့ အကျွမ်းဝင်တတ်ကြ တာပဲ။ တပည့်တော်တို့ လူဒါယကာများအဖို့တော့ နေရာရှာရ၊ ကသိုဏ်း ပရိကမ်ရှာရနဲ့ အသင့်ရှိနေတဲ့ အာနာပါနနဲ့သာ အသင့်တော်ဆုံးဖြစ်လိမ့်မယ် ထင်ပါတယ်ဘုရား''

''သာဓုဗျာ – သာဓု – သာဓု''

''ဒါထက် အလျှဉ်းသင့်တုန်းမို့ လျှောက်ထားခွင့်ပြုတော်မူပါ၊ တပည့်တော် ကာယာနုပဿနာ ကျမ်းပြုတာကလဲ ပြုတာပေါ့၊ ဆရာတော်အနေနဲ့ လက်တွေ့ ပုဂ္ဂိုလ်လဲဖြစ်၊ အရေးအသားကလဲ ပိုင်နိုင်ပြောင်မြောက်ပြီးမို့ ဒွတ္တိံသာကာရဆိုင်ရာ ကျမ်းတစ်ကျမ်းပြုစုရန် လျှောက်ထားလိုပါသည်ဘုရား''

''အင်း၊ ဒကာကြီးက လျှောက်ထားလာတော့ ဖွင့်ပြောရမှာပေါ့လေ၊ ဒကာကြီး လျှောက်ထားတဲ့အတိုင်း ယောဂီရဟန်းအချို့ တောင်းပန်ချက်အရ 'အမတပါန ရှုဖွယ်' ဆိုတဲ့ အမည်နဲ့ ကျမ်းတစ်ကျမ်းပြုစုနေပါတယ်၊ အဲဒီကျမ်းရဲ့ တစ်ခန်းတစ်ကဏ္ဍအဖြစ် အဋ္ဌိကမ္မဋ္ဌာန်းဆိုင်ရာ စာတွေ့ကိုယ်တွေ့များကိုရေးဖို့ ရည်မှန်းထားပါတယ်၊ အဲဒီ

ရည်မှန်းချက်အတိုင်း ဒေသနာတော်က လူ့ကိုယ်ခန္ဓာမှာ အရိုးပေါင်းသုံးရာရှိတယ်လို့ ဆိုထားရာမှာ တရားရှုမှတ်ရင်းနဲ့ ကိုယ်တွေ့လဲ လေ့လာချင်လို့ အခွင့်သာ အဆင်သင့်တုန်း ဒကာမင်းတရားကို အပူကပ်လိုက်မိတာပါပဲ''

''ကောင်းပါလေ့ဘုရား၊ ဒီလိုဆိုတော့ ဆရာတော်နဲ့ တပည့်တော်ဟာ တစ်လှေတည်းစီး တစ်ခရီးတည်းသွား ဖြစ်နေကြပြီပေါ့၊ အတူတူ လေ့လာကြမှာပေါ့၊ တပည့်တော်တော့ လျှောက်ထားရင်းနဲ့ ပိုပြီးတော့တောင် စိတ်ထက်သန်လာပါပြီဘုရား''

## အလောင်းကောင်မှ အရိုးစုသို့

သို့နှင့် မှုခင်းအကြောင်းပြချက်ဖြင့် အလောင်းကောင်ကို ပြန်မပေးတော့ဘဲ ဆွဲထားစေလိုက်သည်။ အစီအစဉ်အားလုံးကို ကျွန်ုပ်၏ ညွှန်ကြားချက်များအရ ရာဇဝတ်ခေါင်း ဂါမဏိက ကြီးကြပ်၏။ အစီအစဉ်မှာ အလောင်းကောင်ထည့်သွင်းရန်ခေါင်းကို ကျွန်းသား ဖြင့် အောက်ပိုင်းမှ အလုံပိတ်စေ၍ အထက်သုံးဘက်တွင် ငါး၊ လိပ်တို့ဝင်ရန် ကွက်ကျား ရိုက်၍ ပိတ်သည်။ ထို့နောက်တွင်မူ ရောဝတီ၏ သင့်လျော်သော ကမ်းကွေ့တစ်နေရာ ရေထဲတွင် မြှုပ်နှံထားစေလိုက်သည်။ ရည်မှန်းချက်မှာ အလောင်းကောင်၏ အရိုးမှ တစ်ပါးသော အသား၊ အသွေး၊ အကြောစသည်တို့ကို ငါး၊ လိပ်တို့ စားစေ၍ အရိုးချည်းကျန်စေရန် ဖြစ်၏။ ထို့နောက် အလောင်းကို မသိမသာ အစောင့်အရှောက် ချထားလိုက်သည်။

အရိုးချည်း ကျန်စေရန် သီတင်းခြောက်ပတ် သတ်မှတ်သည်။ အရိုးချည်း ကျန်သောအခါတွင် ဆရာတော်၏ ကမ္မဋ္ဌာန်း ဂူကျောင်းသို့ ရွှေ့ပြောင်းရမည်ဖြစ်၏။ ဂါမဏိ၏ အစီအစဉ်မှာ သေသပ်ပိရိလှ၏။ ဤကိစ္စနှင့် ပတ်သက်၍ မည်သည့်သတင်း အနံ့မျှ တစိုးတစိ ထွက်မလာ။

မဟာဓမ္မိကာရာမ၏ ကျောင်းဝင်းတစ်နေရာတွင် ဆရာတော် တရားအလုပ်လုပ် သော ဂူကျောင်းကလေး အသင့်ရှိနေပြီးဖြစ်၏။ သံဃာတော်မြောက်မြားစွာတို့ဖြင့် ပရိယတ္တိစာသင်တိုက်ကြီး ဖြစ်သော်လည်း ယင်းဂူကျောင်းကလေးသို့မူ ဆရာတော်၏ တရားအားထုတ်ရာ နေရာအဖြစ် တပည့်ရဟန်းတို့ လေးစားရှိသေကြသည်။ သွားစရာ ရှိလျှင်လည်း သတိဖြင့်သာ သွားလာဆက်ဆံကြသည်။ ဆရာတော်သည် ယင်းကမ္မဋ္ဌာန်း ဂူကျောင်းကလေးသို့ ညဦးအချိန် စာဝါကိစ္စ၊ တပည့်တပန်းကိစ္စများ ကင်းပြတ်သည်နှင့် တစ်ပြိုင်နက် တစ်ပါးတည်း ရောက်ရှိသွားမြဲဖြစ်၏။ တရားအားထုတ်ရင်းဖြင့် ယင်းဂူကျောင်းကလေးအတွင်း၌ပင် ဆရာတော် မိုးလင်းသည်ကို တပည့်တို့ ကြိမ်ဖန် များစွာတွေ့ကြရ၏။

ကျွန်ုပ်သည် အချိန်ကျသောအခါ ယင်းဂူကျောင်းကလေးတွင် အရိုးစုကမ္မဋ္ဌာန်း ကောင်ကို ပို့ဆောင်ထားရှိရန်အတွက် တစ်ညနေတွင် ဆရာတော်နှင့်အတူ ယင်းဂူကျောင်း ကလေးအတွင်းသို့ လိုက်ပါခဲ့သည်။

ဂူကျောင်းကလေးသည် ဝင်ပေါက်တစ်ပေါက်မှတစ်ပါး နံရံသုံးဘက်တွင် တံခါးပေါက်ဟူ၍မရှိ၊ လုံခြုံလှ၏။ လုံခြုံသလောက် သန့်ရှင်း၍ ဆိတ်ငြိမ်သော ကျောင်းတိုက်တွင် ပို၍ဆိတ်ငြိမ်၏။ ဤကျောင်းတိုက်၏ ကြီးမားသော ဂုဏ်တစ်ရပ်မှာ စာသင်သား ရဟန်းသံဃာ မြောက်မြားစွာရှိသော်လည်း မရှိတော့သယောင် ဆိတ်ငြိမ် လှခြင်းဖြစ်၏။ ကျောင်းတိုက်အတွင်းသို့ ဝင်ရောက်သွားလျှင် အေးငြိမ်းမှု၊ ဆိတ်ငြိမ်မှုက ဝင်ရောက်လာသူအား ဝိဝေကနိမိတ်ဖြင့် ဆီးပွေ့သည်။ သံဃာတော်တို့၏ လှုပ်ရှားမှုကို မြင်ရတွေ့ရခဲသည်။ စာသင်ချိန်၊ စာချချိန်များတွင်သာ စာပြန်စာအံသော တိုးတိုးသက်သာ အသံများကိုကြားရသည်။ ဆရာတော်၏ ယင်းဂူကျောင်းကလေးသည် ယင်းဆိတ်ငြိမ်မှုတို့ အလယ်မှ ဆိတ်ငြိမ်အေးချမ်းမှု၏ တံခွန်မဏ္ဍိုင်သဖွယ်ဖြစ်၏။

ဂူကျောင်း၏ အတွင်းဘက်နံရံအနီးတွင် ဆရာတော်ကမ္မဋ္ဌာန်းထိုင်ဟန်တူသော ဖျာယပ်ကလေးတစ်ချပ်သာတွေ့ရ၍ အခြားမည်သည့် ပစ္စည်းမျှမရှိ။ ကျွန်ုပ်သည် အရိုးစု ကမ္မဋ္ဌာန်း ခေါင်းယူလာသောအခါ၌ အသင့်ဖြစ်စေရန် အတန်အသင့်ပြင်ဆင်၍ ထွက်လာ ခဲ့သည်။ ကမ္မဋ္ဌာန်းခေါင်းကို ကျောင်းနောက်ဖေး တံခါးပေါက်မှ ညဉ့်အချိန်တွင် တိတ်တဆိတ် သွင်းစေရမည်ဖြစ်သည်။

ကမ္မဋ္ဌာန်းကောင်သည် အရိုးချည်းရှိနေပြီဖြစ်ကြောင်း တစ်လကျော်ကျော် အကြာ၌ပင် ဂါမဏိက အစီရင်ခံ၏။ သို့ရာတွင် အရိုးပေါ်တွင် ကပ်တွယ်၍ ကျန်ရှိနေနိုင် သေးသော အဆီအရွဲ့ အညစ်အကြေးအချို့ကို လုံးဝကင်းစင်စေရန်အတွက် အိမ်ရှေ့ ကိုယ်တော်ကြီး၏ ဒဂါးစက်ရုံတော်တိုက်တွင် အသုံးပြုသော သိုးဆောင်း ဓာတ်ဆေးရည် အချို့ကို တောင်းယူကာ ရေနှင့်ဖျော်၍ ဆေးကြောစေလိုက်သည်။ ထို့နောက် ခေါင်းအဟောင်းမှ ခေါင်းသစ်အတွင်းသို့ ပြောင်းလဲထည့်သွင်း စေလိုက်သည်။ ထို့နောက် တွင်မူ ထင်းလှည်းသဏ္ဌာန်ဖြစ်အောင် ထင်းစည်းများဖြင့် ရောထပ်၍ လှည်းကြီးကြီး တစ်စီးပေါ်သို့ တင်ပြီးလျှင် နွေဦးရာသီ၏ လဆုတ်ပက္ခ၊ အဖိတ်နေ့ ညဉ့်ဦးပိုင်း၌ ကျောင်းတော်နောက်ဖေးပေါက်မှ လှည့်ဝင်၍ ဂူကျောင်းကလေးအရောက် ပို့စေလိုက် သည်။ ဆရာတော်ကိုယ်တိုင် စောင့်ကြိုလက်ခံ၏။

ထိုညက ကျွန်ုပ်သည် ဆရာတော့်ထံပါးတွင် အမှတ်မဲ့ယောင်ယောင်ဖြင့် ရောက်ရှိနေသည်။ ဂါမဏိတို့လှည်း ရောက်လာသည့်အခါတွင် ကျွန်ုပ်ကိုယ်တိုင်ထွက်၍ မကြို။ ကုဋီသွားသယောင်၊ ကမ္မဋ္ဌာန်းကျောင်းသို့ သွားသယောင်ဖြင့် လက်ဆွဲမီးအိမ် တစ်လုံးကို ဆွဲကိုင်ကာ ဆရာတော်ကိုယ်တိုင် အမှတ်မဲ့သွား၍ နေရာချသည်။ နောင်ခါတွင်

တဖြည်းဖြည်းနှင့် သိရှိလာကြမည်ဖြစ်သော်လည်း ရုတ်ခြည်းအားဖြင့်မူ ညှဉ့်အချိန်လည်း ဖြစ်၊ ပဉ္စင်းငယ်၊ ကိုရင်ငယ်များအဖို့ အထိတ်တလန့်လည်း ဖြစ်ဖွယ်ရှိသောကြောင့် သိုသိုသိပ်သိပ် စီစဉ်ရခြင်းဖြစ်၏။

အဖိတ်နေ့တွင် အပို့ခိုင်းခြင်း၏ ရည်ရွယ်ချက်မှာ နောက်နေ့ဥပုသ်နေ့သည် စာဝါစာချ အားလုံးတို့မှ ဆရာတော်အားလပ်ရက်ဖြစ်သကဲ့သို့ ကျွန်ုပ်အားလပ်ရက်လည်း ဖြစ်၏။ ထိုနေ့တွင် ကျွန်ုပ်သည် ဥပုသ်သည်အဖြစ် ကျောင်းတော်သို့ စောစောကပင် လာရောက်ပြီး ဂူကျောင်းကလေးတွင် ဆရာတော်နှင့်အတူ ကမ္မဋ္ဌာန်းကောင် အရိုးစုများကို စစ်ဆေးကြမည်ဖြစ်၏။

နောက်နေ့ ဥပုသ်တွင် ကျောင်းတော်သို့ ဥပုသ်သည် ဒါယကာ ဒါယိကာမများ လာရောက်ကြမည်ဖြစ်သော်လည်း ဆရာတော်သည် ထိုနေ့တစ်နေ့လုံး ကမ္မဋ္ဌာန်းဝင်မည် ဖြစ်ကြောင်း ဦးပဉ္စင်းများသို့ ပြောထားသည်။ ကမ္မဋ္ဌာန်းကောင်ကို စစ်ဆေးရှုမှတ်ခြင်းသည် ကမ္မဋ္ဌာန်းထိုင်ခြင်းပင် မဟုတ်ပါလော။

နံနက်စောစောပင် ကျွန်ုပ်ရောက်ရှိသွားသောအခါ ဆရာတော်သည် အသင့် ဖြစ်နေ၏။ ကျွန်ုပ်နှင့်တွေ့သောအခါ တင်ပျဉ်ခွေပင်မထိုင်၊ ဆောင့်ကြောင့်ထိုင်ကာ အလွယ်တ‌, လိုက်လာနိုင်ရန် အသင့်အနေအထားတွင် ရှိနေသည်။ ဆရာတော်သည် ရရှိရောက်ရှိနေပြီးသော အခွင့်အရေးကြောင့် ဝမ်းမြောက်တက်ကြွလျက် ရှိနေသည်ကို အထင်အရှားတွေ့ရသည်။

ဆရာတော်က ကျွန်ုပ်နှင့်အတူပါရှိလာသော ယွန်းထည်ဆွမ်းအုပ်ကြီးကို ကြည့်ကာ ''ဆွမ်းအုပ်ကြီးတွေ ဘာတွေနဲ့ပါလား''ဟု မိန့်လိုက်သောအခါ ကျွန်ုပ်က ''မှန်ပါတယ်ဘုရား၊ ဆွမ်းအုပ်ကြီးရော ဘာတွေရောပဲ၊ တစ်နေ့လုံးနေကြမှာဆိုတော့ ဆရာတော်ရော တပည့်တော်ပါ အာဟာရ ဒုက္ခအရေးက ရှိပေသေးသကိုး ဘုရား၊ ဂူထဲရောက်ရင် ဒီဆွမ်းအုပ်နဲ့ပဲ ဆရာတော်ထံမှာ သီလခံမယ်၊ အချိန်ကျရင် ဆွမ်းကပ်မယ်၊ တစ်နေ့လုံးပြင်ပနဲ့ ဆက်ဆံဖို့ မလိုတော့ဘူးပေါ့ဘုရား''ဟု လျှောက်ထားလိုက်၏။

ဥပုသ်စောင့်လျှင် ဆွမ်းအုပ်ပါရှိလာခြင်းမှာ အဆန်းမဟုတ်သော်လည်း မိမိတို့၏ သီးခြားကိစ္စကြောင့် ဆရာတော်က မိန့်လိုက်ခြင်းဖြစ်၏။ ဆွမ်းအုပ်ကြီးရော၊ ဘာတွေရော ဟု ဟူသော စကားအရ ဆရာတော်က အတန်ပင် မဝေခွဲနိုင်သယောင်နှင့် ကျွန်ုပ်ကို ကြည့်သည်။ မှန်၏။ ဘာတွေရောပါ လျှောက်ထားလိုက်ရခြင်းမှာ ဆွမ်းအုပ်ကြီး အထက်ဆုံး အထပ်ငယ်တွင် ကမ္မဋ္ဌာန်းရုပ်မှ ကင်းပြုတ်လျက် ရှိနေပြီဖြစ်သော အရိုးစု ကြီးငယ်များကို လိုအပ်သလို ဆက်စပ်ချည်နှောင်ရန်အတွက် သံနန်းချည်ကြိုးများ ယူဆောင် ထည့်သွင်းလာသည်ကို ရည်၍ လျှောက်ထားလိုက်ခြင်းဖြစ်သည်။

## စစ်ဆေးရှုမှတ်ခြင်း

ဆွမ်းစားချိန်တွင် ယနေ့ဆွမ်းစားကျောင်းသို့ လာ၍မစား၊ လာ၍လည်း မခေါ်ကြနှင့်ဟု ဦးပဥ္စင်းတစ်ပါးကို မိန့်ကြားပြီးနောက် ဆရာတော်နှင့် ကျွန်ုပ်တို့သည် ဂူကျောင်းကလေးဆီသို့ ဆင်း၍လာခဲ့ကြ၏။ ဆွမ်းအုပ်ကြီးကို ကျွန်ုပ်ကိုယ်တိုင် ဆွဲကိုင်လာသည်။

ဂူကျောင်းကလေး အဝင်တံခါးကိုဖွင့်လိုက်သောအခါ နေရောင်ထိုးဝင်လာ၍ ဂူအလယ်မှ ကမ္ဗဋ္ဌာန်းခေါင်းကြီးကို ထင်းထင်းကြီး တွေ့မြင်နေကြရ၏။ ညက အနေအထားကျရုံသာ ချထားလက်ခံပြီး ခေါင်းကိုမူ ဖွင့်၍မကြည့်ရသေးဟု ဆရာတော်က မိန့်သည်။ ဆရာတော်က တစ်နေရာတွင် အသင့်ရှိနေသော ပုရပိုက်တစ်ခုနှင့် ကံ့ကူဆံကိုယူ၍ ခေါင်းအနီး အတွင်းဘက်အပိုင်းတွင် ရပ်သည်။ ကျွန်ုပ်ကလည်း အိတ်ထောင့်အတွင်း အသင့်ပါရှိလာသော သဘော်စက္ကူအချို့နှင့် ခဲတံကို ထုတ်လိုက်သည်။ ဤကိစ္စတွင် အချိန်းအချက် မရှိဘဲနှင့် တွေ့ရှိသမျှ အချက်အလက်များကို မှတ်သားရန်ဟူသော သဘောထားချင်း တူညီလျက်ရှိကြသည်ကို တွေ့ရှိကြ၍ တစ်ဦးနှင့်တစ်ဦး ကြည့်ပြီး မသိမသာ ပြုံးမိကြသည်။

ထိုအပြုအမူအရ ခေါင်းကိုဖွင့်၍ မကြည့်ကြမီတွင်ပင် "တပည့်တော်တို့ စာရေးစာပြု ကျမ်းပြု ပုဂ္ဂိုလ်တွေဟာ တစ်နည်းစဉ်းစားကြည့်ရင် ဒုက္ခကောင် တစ်မျိုးတွေပဲဘုရား့"ဟု လျှောက်ထားလိုက်မိ၏။

"ဘယ်လိုတစ်မျိုးလဲ ဒကာကြီး"

"ဘယ့်နှယ်ဘုရား၊ သူများတကာတွေမှာ လောကသဘာဝအရ အထိအတွေ့တစ်ခုခုရှိလာရင် တွေ့တဲ့ရှိတဲ့အလိုက် ပျော်စရာရှိပျော်၊ ပူစရာရှိပူ၊ အလိုက်သင့်အားရပါးရ ခံစားလိုက်ကြတာပဲ။ တပည့်တော်တို့ အဖို့တော့ မဟုတ်ပေါင်။ တစ်ခုခုတွေ့ထိလာရင် ကိုယ်ခံစားဖို့ထက် သူတစ်ပါးသိအောင် ပြောဖို့ရေးဖို့သာ စိတ်ကူးတော့တာကိုး။ ဒီတော့ ငိုတာတောင် အရသာရှိရှိ မငိုရဘူးပေါ့။ အခုလဲကြည့်ပါလား၊ ဆရာတော်ရော တပည့်တော်ရော ကိုယ်သိဖို့ကို အရင်စိတ်မကူးဘူး၊ သူတစ်ပါးသိဖို့အတွက် ပြင်ဆင်ကြိုးစားနေကြတာကို တွေ့ရတော့ စိတ်ကူးမိလာလို့ပါဘုရား"

"မှန်တယ် ဒကာကြီး၊ နို့ပေမယ့် ဒီသဘောထား အတ္တဟိတထက် ပရဟိတကို ဦးစားပေးတဲ့ ဘုရားရဟန္တာကြီးများရဲ့ သဘောထားမဟုတ်ဘူးလား"

"ဒီကောက်ချက်အတိုင်း မှန်ပေတာပေါ့ဘုရား၊ စဉ်းစားမိလို့သာ လျှောက်ထားရတာပါ"

ထို့နောက် အလိုက်သင့် တင်ထားသော ခေါင်းအဖုံးကို ကျွန်ုပ်က စတင်ဖွင့်လိုက်သောအခါ အရိုးချည်းသာ ကျန်တော့သော ကမ္ဗဋ္ဌာန်းကောင်ကြီးသည် ထင်းထင်းကြီး

ပေါ်လာပေရာ ဆရာတော်က အံ့အားသင့်ဟန် အာမေဍိတ်သံဖြင့် "ဟာ၊ တကယ့်ကို ဖွေးဖွေးကြီးပါလား ဒကာကြီး" ဟု အမိန့်ရှိလိုက်၏။

"ဘာဖြစ်လို့ပါလဲ ဆရာတော်"

"စာက ခန္ဓာကိုယ်အရိုးစုကို 'ဖွေးဖွေးဖြူသော'လို့ ကြိယာဝိသေသနသုံးတယ်။ လက်တွေ့မှာလဲ ဖွေးဖွေးကြီးတွေ့ရတော့ မှန်လှချည့်လားလို့ အံ့သြဝမ်းမြောက်သွားလို့ပါ။ ပြီးတော့ စာက ဖွေးဖွေးဖြူဆိုပေမယ့် အရေ၊ အသား၊ အဆီ၊ သွေးခဲစတဲ့ မသတီစရာ ညစ်ညစ်ပတ်ပတ်တွေနဲ့ ထွေးရစ်ထားတာ ဖြစ်လေတော့ အရိုးတွေဟာ တစ်ချို့ဖြူပေမယ့် တစ်ချို့တော့ ညိုညိုမြည်းမည်း ရှိလိမ့်ဦးမယ်လို့ တွေးထင်နေပေတယ်။ အခုတော့ စာအတိုင်း တကယ့်ဖွေးဖွေးဖြူဖြူကြီး တွေ့နေပါလား"

"ဆရာတော့ အတွေးဟာ မှန်သင့်သလောက် မှန်ဖို့ရှိပါတယ်။ အခုကမ္ဘာ့ဌာန်းကောင်ကြီး ဖွေးဖွေးဖြူနေရတာကတော့ သန့်စင်နိုင်သမျှ သန့်စင်အောင် သိုးဆောင်းဓာတ်ဆေးများနဲ့ ဆေးကြောထားလို့ပါဘုရား"

"အင်း၊ ခန္ဓာကိုယ်ပဋ္ဌကဆိုတာ တကယ့်ကို အနိစ္စကောင်၊ ဒုက္ခကောင်၊ အနတ္တကောင် အစစ်ကြီးပဲ"

ထို့နောက် ကျွန်ုပ်က ယူဆောင်လာခဲ့သော သံကြိုးခွေကိုထုတ်၍ ပြလိုက်သော အခါ ရည်ရွယ်ချက်သိပြီးသော ဆရာတော်က ပြုံးရွှင်စွာဖြင့် "အရိုးဆက်တွေကို အကောင်အထည်အတိုင်း ပေါ်လာအောင် ဆက်စပ်ပေးဖို့ကတော့ တဖြည်းဖြည်းမှ လုပ်ကြတာပေါ့။ အခုချက်ချင်းလုပ်ဖို့ကတော့ သူ့ဆိုင်ရာ တစ်ရိုးချင်းရဲ့ ပုံသဏ္ဌာန်နဲ့ အခြေအနေကို တစ်ခုစီ တစ်စစီ စစ်ဆေးကြည့်ရှုကြရင် မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား၊ လိုတဲ့အခါ အသင့်ဖြစ်အောင် ယူလာတာပါ။ ပြုတ်နေတဲ့ အရိုးတွေ သူ့နေရာနဲ့သူ ဆက်ဖို့အလုပ်က သေးသေးမွှားမွှား ကလေးတွေလဲ ပါနေတော့ တစ်နေ့နဲ့ ပြီးမယ့်ကိစ္စမဟုတ်ပါဘုရား"

ထို့နောက် ကျွန်ုပ်တို့သည် ကမ္ဘာ့ဌာန်းကောင် အရိုးစုကို ခြုံငုံ၍ ရှုကြည့်နေရာမှ တစ်ခုချင်းကို စနစ်တကျ စစ်ဆေးသုံးသပ်ရန် ပြင်ဆင်ကြသည်။ ရှေးဦးစွာ ဦးခေါင်းခွံ၊ ဦးခေါင်းရိုးကြီးမှ စတင်၏။

ဆရာတော်က ဦးခေါင်းခွံကြီးကို စတင်ကိုင်မလိုက်ပြီးလျှင် "အသက်နဲ့ တွဲနေတဲ့ အချိန်မှာ ကိုယ့်ခေါင်းကိုယ်စမ်းကြည့်လိုက်တော့ အဆက်အစပ်မရှိတဲ့ အလုံးကြီး အခုံးကြီးလို့ ထင်မှတ်ရတယ်။ လက်တွေ့မှာတော့ အဆက်အစပ်တွေနဲ့ အရိုးခွံချင်း ဆက်စပ်ထားတယ်။ ကွဲနေတဲ့ ဘူးသီးခြောက်အခွံတို့၊ အုန်းသီးခြောက်အခွံတို့ကို ဆက်စပ်ထားတာနဲ့ မတူဘူးလား"

"တူပါ့ဘုရား"

ဆရာတော်သည် ဦးခေါင်းခွံကို ချထားလိုက်ပြီးလျှင် နံဘေးရှိပုရပိုက်ကို လှန်၍ "ဘူးသီးခြောက်၊ အုန်းသီးခြောက်၊ ဦးခေါင်းခွံ"ဟု ကံ့ကူဆံဖြင့် တေးမှလိုက်၏။ အကြွေးမထား၊ လက်ငင်းတေးမှတ်သော တကယ့်သုတေသီ ပညာရှင်ပေတကားဟု ကျွန်ုပ်စိတ်ထဲက ချီးကျူးလိုက်မိသည်။

သုတေသီတို့အလုပ်မှာ ဆိုင်ရာအချက်အလက်များကို ကိုယ်တွေ့မျက်မြင် တွေ့ကြုံလျှင်သော်လည်းကောင်း၊ စိတ်ကူးတွင် ပေါ်လာလျှင်သော်လည်းကောင်း ချက်ချင်းလက်ငင်း တေးမှတ်ရသည်။ စိတ်ဖြင့်သာမှတ်ပြီး ချက်ချင်းလက်ငင်း မတေးမှတ်မိခဲ့သော် ပျောက်ပျက်ကုန်တတ်၏။ အကြွေးမထားတေးမှတ်သော ဆရာတော်၏ ဝီရိယကို မြင်၍ ချီးကျူးရခြင်းဖြစ်သည်။

ထို့နောက် ဦးခေါင်းခွံကိုကိုင်ပြန်၍ နားထင်ရိုး နှစ်ဖက်ကို ကြည့်ပြီးလျှင် "နားထင်ရိုးတွေက အုန်းသီးမျက်နှာဝကို ဖြတ်ထားတာနဲ့ မတူဘူးလား ဒကာကြီး"ဟု မေးလိုက်ပြန်သည်။

"တူပါ့ဘုရား"

ဆရာတော်သည် ချက်ချင်းတေးမှတ်လိုက်ရင်းဖြင့် "သူတစ်ပါးကို ပြောတော့ ထင်လွယ်မြင်လွယ်တဲ့ ဥပမာနဲ့ ဟပ်ပြီး ပြောမှသဘောပေါက်ကြမှာ ကိုယ်ခေါင်းကိုယ် စမ်းကြည့်ရုံနဲ့တော့ သဘောပေါက်မှာမဟုတ်ဘူး။ ဒါကြောင့်မို့ တစ်ကိုယ်လုံးရှိသမျှ အရိုးတွေကို ဥပမာနဲ့နှိုင်းပြီးပြောဖို့ စိတ်ကူးထားပါတယ်"ဟု မိန့်သည်။

"အင်မတန်လျော်ကန်လှတဲ့ စိတ်ကူးပါဘုရား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ဥပမာပေါင်း မြောက်မြားစွာ ဟောကြားတော်မူပါတယ်။ ထင်လွယ်မြင်လွယ်တဲ့ ဥပမာတွေကြောင့်ပဲ အလွန်ခက်ခဲတဲ့ တရားအချက်အနက် အဓိပ္ပာယ်တွေကို သိလာကြရပါတယ်"

"သာဓုပျာ၊ သာဓု သာဓု။ ဒီတော့ အရိုးတွေကို တစ်စမကျန်အောင် အကုန်စစ်ဆေးပြီး ဘုန်းကြီးစွမ်းနိုင်သမျှ ဥပမာတွေနဲ့ တွဲတွဲပြီးပြပါမယ်။ ဒကာကြီးက လျော်ရင် လျော်သလို၊ မလျော်ရင် မလျော်သလို ဆွေးနွေးပါ။ ဘုန်းကြီးပေးတဲ့ ဥပမာထက် ကောင်းတဲ့ ဥပမာမျိုး ဒကာကြီးဉာဏ်မှာ ထင်လာရင်လဲ ပြောပါ။ အားလုံးစစ်ဆေးသုံးသပ်ပြီးတဲ့အခါ ပါဠိတော်မှာ ခန္ဓာကိုယ် အရိုးသုံးရာရှိတယ်လို့ အဆိုအမိန့်ရှိပါတယ်။ အဲဒီစာကိုလဲ စာတွေ့နဲ့ ကိုယ်တွေ့ နှိုင်းယှဉ်ကြည့်ချင်ပါသေးတယ်"

"ဆရာတော် ဆန္ဒရှိသမျှ စစ်ဆေးမိန့်ကြားပါဘုရား။ စစ်ဆေးလိုက် ရေးလိုက်ဆိုတော့ အလုပ်နှစ်ခုဖြစ်နေပါတယ်။ ဒီတော့ ဆရာတော်က စစ်ဆေးမိန့်ကြားပါ၊ တပည့်တော်က တေးမှတ်ပါမယ်ဘုရား"

"သာဓု ဒကာကြီး၊ သာဓု သာဓု"

ထို့နောက် ဆရာတော်သည် ဦးခေါင်းရိုးတစ်ခုကိုပင် အနုစိတ် စစ်ဆေးရင်း နဖူးရိုးသည် အောက်သို့ မှောက်ထားအပ်သော ခရုသင်းခွက်သဏ္ဍာန်ကဲ့သို့လည်းကောင်း၊ မျက်ကွင်းရိုးတို့သည် ထန်းသီးကြီးမှ အတွင်းအဆံကို ယူ၍ ထားအပ်သော ထန်းသီးဆံ အိမ်ပမာ၊ နှာခေါင်းရိုးသည် ထန်းသီးငယ်၌ အတွင်းအဆံကိုယူ၍ ထားအပ်သော ထန်းသီးဆံကဲ့သို့၊ အထက်မေးရိုးသည် လက်သည်းလှီး ဓားငယ်ကဲ့သို့ ကုန်းညွှတ်သော သဏ္ဍာန်၊ အောက်မေးရိုးသည် ပန်းပဲသူကြီးတို့၏ တူ၌ဖွဲ့အပ်သော လွန်ကြိုးနှယ် စသည်ဖြင့် ဥပမာ အသီးသီးပေး၍ ခြေဖျားရိုးကလေးများအထိ စစ်ဆေးမိန့်ကြားသည်ကို ကျွန်ုပ်က လိုက်၍ တေးမှတ်ထားရသည်။

ဆရာတော်သည်လည်းကောင်း၊ ကျွန်ုပ်သည်လည်းကောင်း အရိုးစု အပေါ်တွင် စိတ်အားထက်သန်လွန်းကြ၍ သီလခံယူဖို့ပင် နောက်ကျနေခဲ့ရာ အတန်နေမြင့်မှ ဆရာတော်အား တောင်းပန်၍ ပါလာသော ဆွမ်းအုပ်ကိုပင် အလှူပစ္စည်းအဖြစ် ပေးလှူကာ အဋ္ဌင်္ဂသီလ ခံယူလိုက်၏။

တစ်ဖန်ဆွမ်းစားကျောင်းမှ တုံးခေါက်သော ဆွမ်းကိစ္စကို သတိရလာကာ စစ်ဆေးမှုကိုရပ်ပြီး ဆရာတော်ကို ဆွမ်းကပ်သည်။ သို့ရာတွင် ဆရာတော်သည် အရိုးစုတွင် စိတ်ထက်သန်နေသောကြောင့် အနည်းငယ်မျှသာ ဘုဉ်းပေးသည်။ ဆွမ်းကျန်ကို ကျွန်ုပ်ဆက်၍ စား၏။

ကျွန်ုပ်သည် ဆွမ်းကျန်စားရင်းဖြင့် –

"ဆရာတော်တော့ ဝမ်းမြောက် စိတ်အားထက်သန်နေလို့ ဆွမ်းတောင် ကောင်းကောင်း ဘုဉ်းပေးနိုင်ပုံမရဘူး။ တပည့်တော်တော့ ငယ်ငယ်တုန်းကသာ ဆွမ်းကျန် ဟင်းကျန်စားခဲ့ရပြီး ပြတ်နေခဲ့တာ။ အခုစားရတော့ ရှေးဖြစ်ဟောင်း အောက်မေ့ပြီး စားရလို့ထင်ပါရဲ့၊ အခါတိုင်းထက် အရသာတွေ့မိပါတယ်ဘုရား"ဟု လေးလေး နက်နက်များကိုသာ ဆက်တိုက်စိတ်ကူးနေရ၍ ပင်ပန်းသယောင်ရှိမည်ကို အနားပေးလို သည့်စေတနာ၊ ပေါ့ပေါ့ပါးပါးစကားဖြင့် လျှောက်ထားလိုက်မိသည်။

"ဟုတ်ပေမှာပေါ့။ နို့ပေမယ့် ဝိဿာသံ ပရမံရသာ – အကျွမ်းတဝင်စားရရင် မြိန်တယ် မြတ်တယ်ဆိုတဲ့ စကားတော်ကလဲ ရှိသေးသလေ။ ပြီးတော့ ဥပုသ်လဲ ဥပုသ်ကြီးနဲ့၊ အနားမှာလဲ ကမ္မဋ္ဌာန်းရုပ်ကြီးနဲ့ဆိုတော့ ကုသိုလ်ရနိုင်သလောက် ရအောင် အာဟာရေ ပဋိကူလသညာကိုလဲ လက်မလွှတ်စေနဲ့ပေါ့ ဒကာကြီးရဲ့"

"သာဓုပါ အရှင်ဘုရား၊ သာဓုပါ"

ဆရာတော်ကချည်း သာဓုခေါ်နေခဲ့ရာက ကျွန်ုပ်က တစ်လှည့် တစ်ဖန်ပြန်၍ ခေါ်လိုက်သောကြောင့် ဆရာတော်ပြုံး၏။

## ကျမ်းနှစ်ဆူ

အာဟာရကိစ္စပြီးသော် ကျွန်ုပ်တို့သည် ဆက်လက်၍ စစ်ဆေးတေးမှတ်ကြရာ ညနေစောင်းအချိန်မှ ပြီးစီး၏။ ကမ္ဗဋ္ဌာန်းကောင်သည် စင်စင်ကြယ်ကြယ် ဆေးကြော ထားစေကာမူ လတ်လတ်ဆတ်ဆတ်ပင် ရှိသေးသောကြောင့် ညှီစို့စို့ အနံ့အသက်ကလေး များသည် မသိမသာနှင့် တရိပ်ရိပ် ထွက်ပေါ်လျက်ရှိနေသည်ကို ကျွန်ုပ်သတိပြုမိ သော်လည်း ဆရာတော်မှုကား အရေးထားဟန်မတူ။ သုသာန်တွင် အလောင်းကောင် အပုပ်ကောင်တို့၏အနီး၌ ဒွတ္တိံသ ကမ္ဗဋ္ဌာန်းကို စီးဖြန်းသော ဘုရားရှင်လက်ထက်တော် မှစ၍ အစဉ်အလာ ရဟန်းတော်တို့အဖို့ ဤမျှအနံ့အသက်ကို အဘယ်ပုံဂရုစိုက်ပါအံ့နည်း။

ကျွန်ုပ်အဖို့မူကား ကျောင်းတော် တစ်နေရာတွင် ကျွန်ုပ်မပြန်မချင်း စောင့်ဆိုင်း နေကြမည်ဖြစ်သော အစေခံများကိုလည်း ငဲ့ရသေး၏။ ထို့ကြောင့် မှောင်လုလုအချိန်တွင် ကျွန်ုပ်အား ပြန်ခွင့်ပြုရန် ခွင့်တောင်းသောအခါ ဆရာတော်က တေးမှတ်ရမည့်ကိစ္စလည်း ပြီးစီးပြီဖြစ်၍ အကြည်အသာခွင့်ပြုသည်။ အရိုးများကို နန်းချည်ခက်ရန်ကိစ္စကိုမူ ဆရာတော်က သင့်လျော်သလို ဆောင်ရွက်သွားမည်ဟု အမိန့်ရှိသည်။ ကျွန်ုပ်သည် ဆရာတော်အား သုံးကြိမ်မျှမက ဦးနိုမ်၍မဝနိုင်သော အထပ်ထပ်ဖြင့် ဦးနိုမ်၍ ထွက်လာ ခဲ့သည်။

ဆရာတော်သည် ထိုညက မီးလင်းသည် အထိပင် ကမ္ဗဋ္ဌာန်းကောင်အနီးမှ မခွာတော့ဘဲ ဂူကျောင်းအတွင်းမှာပင် သီတင်းသုံးသည်ဟု ကြားသိရသည်။ နောက်တစ်ခေါက် ရောက်သောအခါ ကမ္ဗဋ္ဌာန်းကောင်ကို အစီအစဉ်ကျကျ နန်းခက်၍ ဂူကျောင်းအတွင်း ချိတ်ဆွဲထားသည်ကို တွေ့ရ၏။ ဤကမ္ဗဋ္ဌာန်းကောင်ကို ရရှိပြီးသည့် အချိန်မှစ၍ ဆရာတော်သည် ဂူကျောင်းကလေးမှ မခွာတော့ဟု သိရှိရ၏။

ကျွန်ုပ်၏ ကာယာနုပဿနာကျမ်းသည် ဆရာတော်နှင့်အတူ လေ့လာခဲ့သော ကျေးဇူးကြောင့် အချက်အလက် ဝေဝေဆာဆာဖြစ်လာခဲ့ရသည်။ သို့ရာတွင် ဆရာတော် ၏ အမတပါန ရှုဖွယ်ကျမ်းမှ အဋ္ဌိက ကမ္ဗဋ္ဌာန်း သို့မဟုတ် အရိုးစု ကမ္ဗဋ္ဌာန်းကဏ္ဍမှာ လက်တွေ့လုပ်ငန်းသဘောတွေ ပါဝင်သောကြောင့် ယောဂီတို့အဖို့ ကျွန်ုပ်ကျမ်းထက် ပို၍ လေးနက်သဘောပေါက်လွယ်၏။

အချက်အလက်အားဖြင့် ကျွန်ုပ်၏ကျမ်းက စုံလင်သည်ဟုဆိုနိုင်ပါ၏။ သဘောအနက်အားဖြင့်မူ ဆရာတော်၏လက်ရာကို မမီနိုင်ပါပေ။ ဥပမာအားဖြင့် ဆရာတော်၏ကျမ်းမှ အောက်ပါအချက်တစ်ရပ်ကိုပင် ဖတ်ကြည့်ပါ။

''လူသေကောင်တို့၏ အရိုးကို မိမိကိုယ်ထဲ၌ သွင်း၍ထားရသကဲ့သို့လည်းကောင်း၊ လူသေတို့၏ ဦးခေါင်းအရိုးကို မိမိ ဦးခေါင်းရေအတွင်း၌ သွင်း၍ ထားရသကဲ့သို့လည်းကောင်း၊ ဗဟိဒ္ဓသဏ္ဍာန်၌ သူတစ်ပါးတို့ကို အောက်မေ့ဆင်ခြင်မိလျှင် သုသာန်ပြင်တို့၌ပစ်ထားအပ်သော လူသေကောင်ရိုးကဲ့သို့လည်းကောင်း ကွင်းကွင်းကွက်ကွက် ရွံရှာဖွယ်၊ စက်ဆုပ်ဖွယ်၊ ကြောက်လန့်ဖွယ်၊ ငြီးငွေ့ဖွယ်နှင့်တကွ ထင်လာ၏။ ခရီး၌သွားသော သူတို့ကို မြင်သောအခါ၌လည်း ထိုသွားသောသူ၏ ကိုယ်ကောင်ကို လူသေကောင်ရိုးကဲ့သို့ထင်၍၊ သွားစေတတ်သော စိတ်ဝိညာဉ်ကို လူသေကောင်ရိုး၏ အတွင်း၌ဝင်၍ အောင်းသော ဖုတ်ပြိတ္တာစသည်ကဲ့သို့ထင်၏။ ဦးခေါင်းရိုးမှစ၍ ခြေရိုးတိုင်အောင်၊ ခြေရိုးမှစ၍ ဦးခေါင်းရိုးတိုင်အောင် အရိုးစဉ်အတိုင်းနှလုံးသွင်းသဖြင့် မိမိကိုယ်၊ သူတစ်ပါးတို့၏ ကိုယ်အလုံး၌ အရိုးစုသာလျှင်ထင်၏''

ဆရာတော်သည် အနီးမှဖြတ်၍သွားသော မိန်းမတစ်ယောက်ကို အရိုးစုဟုသာ ထင်မြင်လိုက်သော သီဟိုဠ်ရဟန်းတော်ကဲ့သို့ အရိုးစုကမ္မဋ္ဌာန်း ပေါက်နေပါပြီကောဟု ထင်မြင်လာသောကြောင့် စိတ်ဖြင့် ဦးညွှတ်လိုက်ရသည်။

တော်ကြီးဘုရားသည် ဆရာတော်၏ အမတပါန ရှုဖွယ်ကျမ်းကိုလည်းကောင်း၊ ကျွန်ုပ်၏ ကာယာနုပဿနာကျမ်းကိုလည်းကောင်း ဖတ်ရှု၍ ချီးကျူးတော်မူ၏။ ရှင်လန်းနှစ်သိမ့်တော်မူ၏။

ကျွန်ုပ်၏ကျမ်းမှာ ကာယာနုပဿနာတစ်ခုတည်းကိုသာ ဦးတည်၍ ရေးသောကြောင့်လည်းကောင်း၊ သိုးဆောင်းတို့၏ အနာဂတမီကျမ်းမှ ဖြည့်ဆည်းထား၍လည်းကောင်း အချက်အလက်အားဖြင့် ပို၍ပြည့်စုံသည်။ ဆရာတော်၏ ကျမ်းမှာ ကျမ်းကြီးအတွင်းမှ ကဏ္ဍတစ်ရပ်အနေဖြင့်သာ ဖော်ပြ၍ အချက်အလက် နည်းပါးသော်လည်း လက်တွေ့သဘောနှင့် အရေးအသားပို၍ ဆွဲဆောင်သောကြောင့် ယောဂီတို့အားတက်ဖွယ်ဖြစ်သည်ဟု တော်ကြီးဘုရားက မှတ်ချက်ချသည်။ အနာဂတ်သာသနာတော်အတွက် အကျိုးဆောင်ကျမ်းနှစ်ဆူဖြစ်ပါစေသော်ဟု ဆုတောင်းဆုယူပြုရပါသည်။ ။

# အဟံပထမံ

[ ၁ ]

ယနေ့အစည်းအဝေးသည် အဇာတသတ်ဘုရင်၏ စစ်သည်တော်များ ကျူးကျော်စော်ကား လာပြန်သော နယ်စပ်အရေးအခင်း၊ နိုင်ငံတော်အတွက် အရေးအကြီးဆုံးသော စစ်ရေးစစ်ရာကိစ္စကို ဆုံးဖြတ်ရမည့် အစည်းအဝေးဖြစ်ပါလျက် အစည်းအဝေးသို့ သတ်မှတ်ဖိတ်ခေါ်ချိန်တွင်မရောက်၊ ထုံးစံအတိုင်းပင် နောက်ကျလျက်ရှိနေပြန်သော ဦးဆောင်အဖွဲ့ဝင် လူကြီးနှစ်ယောက်ကြောင့် ရောက်ရှိနေကြပြီးသောအဖွဲ့ဝင်များသည် တံခါးပေါက်ဆီသို့ တကြည့်ကြည့် တမျှော်မျှော်ဖြင့် မျက်နှာမသာရှိနေကြ၏။ အထူးသဖြင့် မျက်နှာတင်းမာလျက်ရှိနေသူမှာ စစ်ရေးစစ်ရာဖြစ်သောကြောင့် ဤအစည်းအဝေးတွင် အရေးအပါဆုံးသော သေနာပတိကြီးသီဟဖြစ်သည်။

ဝေသာလီနိုင်ငံတွင် လိစ္ဆဝီမင်းတို့၏ ဦးဆောင် အထူးအစည်းအဝေးဖြစ်၍ အစည်းအဝေးသို့ အရောက်နောက်ကျနေသူနှစ်ဦးမှာ ဦးဆောင်အဖွဲ့ဝင် ပုက္ကုသနှင့် ရောဇ လိစ္ဆဝီမင်းနှစ်ပါးဖြစ်သည်။

ဝေသာလီနိုင်ငံသည် မဂဓတိုင်း၏ အဇာတသတ်ဘုရင်၊ ကောသလတိုင်း၏ ကောသလဘုရင်စသည်တို့ကဲ့သို့ တစ်ဩဇာ တစ်အာဏာစနစ်ဖြင့် အုပ်ချုပ်သော နိုင်ငံမဟုတ်၊ လိစ္ဆဝီမင်းတို့ ညီညွတ်စွာအုပ်ချုပ်သော ဂဏနိုင်ငံဖြစ်သည်။ ဦးဆောင်အဖွဲ့ဝင် များကို အလှည့်ကျခန့်ထား၍ သာမန်အားဖြင့် ဦးဆောင်အစည်းအဝေးကို နေ့စဉ်

ပြုလုပ်ကာ နိုင်ငံတော်၏ အထွေထွေကိစ္စရပ်များကိုဆုံးဖြတ်ဆောင်ရွက်သည်။ အရေးတကြီး ပေါ်ပေါက်လာသောအခါများ၌ အချိန်မရွေး အထူးအစည်းအဝေးများ ဖိတ်ခေါ်ကျင်းပသည်။ ယခနေ့ အစည်းအဝေးသည် စစ်ရေးစစ်ရာ ဆုံးဖြတ်ရန်ရှိနေသော အရေးတကြီး အထူးအစည်းအဝေးဖြစ်၏။

ဦးဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သော သေနာပတိသီဟအဖို့ မိမိအလှည့် ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ စစ်ရေးကိစ္စနှင့် ကြုံလာလျှင်မူ မလွဲမသွေ တက်ရောက်ရသူ ဖြစ်၏။

ပဒေသရာဇ်ခေတ်၊ ပဒေသရာဇ်ဘုရင်တို့ ပိုင်းရုံးလျက်ရှိသော ဝေသာလီ နိုင်ငံသည် ပဒေသရာဇ်နိုင်ငံတို့၏ ဘုံရန်သူဖြစ်သော်လည်း အနီးကပ် ရန်သူမှာ အင်ကြီး အားကြီး နိုင်ငံတစ်ခုဖြစ်သော ရာဇဂြိုဟ်ဖြစ်၏။ ပဒေသရာဇ်အာဏာကို စုပေါင်းအုပ်ချုပ်မှု အာဏာစနစ်ဖြင့် မထီမဲ့မြင်ပြုသယောင်ရှိနေသော ဝေသာလီမှာ ရာဇဂြိုဟ်၏ ထိကပါးရိကပါး ပြုမှုများကို မကြာခဏခံရ၏။ သို့ရာတွင် ဝေသာလီနှင့် ရာဇဂြိုဟ်ကို ဂင်္ဂါမြစ်ကြီးက ကတ္တားခြားပေးထား၏။ ဘုရားရှင်၏ သာသနာတော်ပေါ်ထွန်းပေါ်လာသောအချိန်တွင် ပြဟ္မစိုရ်ရှေးရှုသော ဘုရားရှင်၏ အဆုံးအမများကလည်း အင်အားသေးနိုင်ငံဖြစ်သော ဝေသာလီအား သိမ်းယူလိုမှုလောဘကို ထိန်းသိမ်းတန့်ရပ်ပေးခဲ့သည်။

ယခုသော် ဘုရားရှင် မျက်နှာလွှဲတော်မူသည့်အချိန်သို့လည်း ရောက်၊ လောဘ၊ မာန အစွန်းထွက်လွန်းသော အဇာတသတ်ဘုရင် လက်ထက်သို့လည်း ရောက်လာပြီ ဖြစ်ရာ ဂင်္ဂါမြစ်ကိုပင်ကျော်၍ သိသိသာသာ တစ်မျိုး၊ မသိမသာတစ်မျိုး ထိပါးစော်ကား လာသော နယ်စပ်အရေးအခင်းများမှာ ပို၍များပြားလာခဲ့၏။

ဂင်္ဂါမြစ်ကိုကျော်၍ တစ်နိုင်ငံနှင့် တစ်နိုင်ငံမှ ကုန်သည်တို့ ကူးလူးသွားကြရာ၌ မဂဓဘက်မှ အနိုင်အထက်ပြုလုပ်လေ့ရှိသော အကောက်ခွန်ကိစ္စများမှာ ရိုး၍ပင်နေပြီ ဖြစ်၏။ ယခုသော် မဂဓ၏စစ်သည်တော်တစ်စုသည် ဝေသာလီဘက်သို့ ကျူးကျော်လာရုံ မက ဝေသာလီစစ်သည်တော်နှစ်ဦး အသတ်ခံရပြီး တပ်ဖွဲ့ထားလာ၏။ ဤအရေးအခင်းကို ယနေ့အစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်စီစဉ်ကြရမည်ဖြစ်သည်။ ဤမျှကြီးမားသော နိုင်ငံတော်အရေးအခင်းဖြစ်ပါလျက် ပုက္ကုသနှင့် ရောဇတို့ အစည်းအဝေးသို့ ရောက်ရန် နောက်ကျနေကြပေသေးသည်။

ပုက္ကုသနှင့်ရောဇ လိစ္ဆဝီမင်းနှစ်ဦးတို့သည် သူတို့၏ ထူးခြားသော အမူအကျင့် နှင့် ပတ်သက်၍ လိစ္ဆဝီတို့ လောကတွင် ထင်ရှားသူများဖြစ်ကြသည်။ သူတို့သည် ပညာတတ်၊ အကျင့်ကောင်းသူများဖြစ်သည် မှန်ပါ၏။ သို့ရာတွင် ပုက္ကုသက မဟုတ် အေးအေး၊ ဟုတ်အေးအေးသမားဖြစ်သည်။ အစည်းအဝေးတွင်ဖြစ်စေ၊ အခြားစကား ဝိုင်းတွင်ဖြစ်စေ သူကျင့်ခဲ့သော တရားအလုပ်ကိုသာ ဖန်းတင်လာတတ်သူဖြစ်၏။

သူသည် ဘုရားရှင်၏ သမထဆရာဖြစ်ခဲ့ဖူးသော ဒေဝီဥရသေ့ကြီးထံတွင် တရားကျင့်သုံးခဲ့ဖူးသူဖြစ်၍ ယခုလည်း လူတစ်ပိုင်း၊ ရဟန်းတစ်ပိုင်းပုံစံ ဖြစ်နေသည်။

ရောဇမူကားမည်သည့်ဆရာ၊ မည်သည့်တရားကိုမျှ အလေးမထား၊ သူ့တရား သူ့အယူနှင့်သူ နေသူဖြစ်သည်။ အစည်းအဝေးတွင်ဖြစ်စေ၊ အခြားစကားဝိုင်းတွင်ဖြစ်စေ ဆန့်ကျင်ဘက်ပြောတတ်၊ တွေးတတ်၊ ဆွေးနွေးတတ်သူဖြစ်သည်။

[ ၂ ]

ပုက္ကုသနှင့် ရောဇတို့သည် အစည်းအဝေးကျင်းပရာ မင်းရင်ပြင် အပြင်ခန်းတွင် စည်းကမ်းသေဝပ်စွာရပ်လျက်ရှိကြသော စစ်ဗိုလ်စစ်သားများကို ဖြတ်ကျော်၍ အစည်းအဝေးခန်းမသို့ ဖြည်းညင်းအေးဆေးစွာဝင်လာကြ၏။ ဖြတ်ကျော်လာသောအခါ စစ်ဗိုလ်စစ်သားများက သူတို့ကို ဦးဆောင်အဖွဲ့ဝင်များဖြစ်သည့်အတိုင်း အရိုအသေပြုလိုက်ကြ၏။ သို့ရာတွင် အစည်းအဝေးသို့ နောက်ကျမှ ရောက်လာသော စည်းကမ်းပျက်သူများဖြစ်၍ ဝတ်ကျေဝတ်ကုန်မျှသာ ပြုလိုက်ကြသည်။

သာမန်အစည်းအဝေးချိန်များတွင် ပြင်ပမင်းရင်ပြင်၌ ကိစ္စမှုခင်းနှင့်ဆိုင်ရာ အရာရှိအရာခံ ပြည်သူပြည်သားများ ရောက်ရှိနေတတ်သော်လည်း ယနေ့အစည်းအဝေးမှာမူ စစ်ရေးစစ်ရာကိစ္စဖြစ်သောကြောင့် သက်ဆိုင်ရာစစ်ဗိုလ်စစ်သားတို့သာ ရောက်ရှိနေကြသည်။

အစည်းအဝေးထိပ်မှ သဘာပတိကြီးက ပုက္ကုသနှင့် ရောဇတို့ကို မကျေနပ်သည့်အသွင်ဖြင့် မျက်လွှာတစ်ချက်မျှလှန်၍ ကြည့်လိုက်သော်လည်း သူတို့ဝင်လာသည်ကို တင်းတင်းမာမာနှင့် စူးစိုက်ကြည့်နေသူမှာ သေနာပတိကြီး သီဟဖြစ်၏။ သေနာပတိကပင် စတင်ပြောဆိုလိုက်သည်။

"နိုင်ငံတော်အတွက် ဒါလောက်အရေးတကြီး အစည်းအဝေးဖြစ်ပါလျက် ဘာဖြစ်လို့ နောက်ကျနေကြရတာလဲ"

ပုက္ကုသက "တရားပွဲတွင် ဆရာသစ္စကကြီးရဲ့ စကားမဆုံးလို့ပါ"ဟု အကြောင်းပြသည်။

ရောဇက "အရေးကြီးတဲ့ဧည့်သည်တစ်ယောက် ရောက်လာတာနဲ့"ဟု စကားမဆုံးမီပင် သေနာပတိက "နောက်ကျတဲ့လူတိုင်းဟာ အကြောင်းပြချက်တစ်ခုခု ရှိကြတာချည်းပဲ။ ခင်ဗျားတို့ဟာ အခြားအစည်းအဝေးတွေမှာလဲ နောက်ကျလေ့ရှိတယ်လို့ သိရတယ်။ ခင်ဗျားတို့ဟာ ဦးဆောင်အဖွဲ့ဝင်တွေဖြစ်ပါလျက် လိစ္ဆဝီတို့ရဲ့ စည်းကမ်းကို ချိုးဖောက်သူများဖြစ်ကြတယ်"

စည်းကမ်းချိုးဖောက်သူဟု ခပ်ဆတ်ဆတ်ကလေးပြောလိုက်သောအခါ ရောဇကေသူသည်လည်း တန်းတူရည်တူ အဖွဲ့ဝင်တစ်ဦးဖြစ်သည့်အတိုင်း မခံချင်သည့် သဘောဖြင့် ''သေနာပတိကြီးစကားက ပြင်းထန်လွန်းပါတယ်။ လိစ္ဆဝီတို့ရဲ့စည်းကမ်းကို ကျွန်တော်တို့ ဘယ်လိုချိုးဖောက်လို့ပါလဲ''ဟု ပြန်၍ မေးလိုက်သည်။

''မကြားဖူးဘူးလား၊ 'အဟံပဌမံ'ဆိုတာ လိစ္ဆဝီတို့ရဲ့ အကြီးဆုံး စည်းကမ်းတစ်ရပ်ခင်ဗျ။ နိုင်ငံတော်အရေးအခင်း ကိစ္စကြီးငယ်ပေါ်ပေါက်လာရင် အဲဒီကိစ္စကို ဆောင်ရွက်ဖို့ 'အဟံပဌမံ'ဆိုပြီး သူ့ထက်ငါသာ ရှေ့ဆုံးက ထွက်လာလေ့ရှိတာဟာ လိစ္ဆဝီတို့ရဲ့ စည်းကမ်းဗျ။ ခင်ဗျားတို့ မြို့ရွာကိစ္စတွေမှာ ဒီစည်းကမ်း တစ်နေ့တစ်ခြား လျော့ပါးလာရင်တော့ မပြောတတ်ဘူး၊ ကျွန်တော်တို့ တပ်မတော်မှာတော့ ဒီစည်းကမ်းဟာ ခိုင်ခိုင်စွဲစွဲ အမြဲရှိနေတယ်။ အရေးပေါ်လာရင်၊ တိုက်စရာရှိရင် အဟံပဌမံချည်းပဲ။ တပ်မတော်အဖို့တော့ ဒီစည်းကမ်းဟာ ပထမ၊ ဒီစည်းကမ်းဟာ ဒုတိယ၊ တတိယလည်း ဒီစည်းကမ်းပဲ''

သေနာပတိ၏ အသံမှာ တစ်လုံးထက်တစ်လုံး ဟိန်း၍ထွက်လာသည်။

''အစည်းအဝေးရှိတဲ့အကြောင်း ညကမှသိရပါတယ်''ဟု ပုက္ကုသက ဆင်ခြေဝင်လိုက်သေး၏။ အဖိတ်နောက်ကျ၍ အရောက်နောက်ကျရကြောင်း ပြောလိုဟန်ရှိသည်။

''အရေးပေါ် အစည်းအဝေးပါလို့ ဆိုမှပဲ။ သာမန်အရေးမဟုတ်ဘူး၊ စစ်ရေးခင်ဗျ။ နယ်စပ်က မနေ့ညက သတင်းရောက်လာတယ်။ ညကတောင် လူကြီးတွေကို အိပ်ရာထဲက နှိုးပြီး စည်းဝေးသင့်တယ်။ လူစုံအောင်လို့ ခုမနက်မှ စည်းဝေးရတယ်၊ တကယ်ဆိုရင် ဒီလူကြီးတွေ အကုန်လုံးတောင် စစ်မြေပြင် ရောက်နေသင့်ပြီ။ တိုင်းပြည်တာဝန်ဆိုတာ နေ့ည အချိန်ရွေးဆင်ခြေပေးနေလို့ ဘယ်ဖြစ်မလဲ''

ရောဇရော ပုက္ကုသပါ ကုပ်ကုပ်ကလေးဖြစ်သွားကြ၏။ သဘာပတိက လက်ကို မြှောက်၍ ''တော်လောက်ပါပြီ သေနာပတိ၊ ကဲအစည်းအဝေးကို စတင်ကြရအောင်။ ကိစ္စက စစ်ရေးဖြစ်လို့ သေနာပတိကပဲ စတင်ပါ''ဟု ပြောလိုက်သည်။

''ဆွေးနွေးစရာကိစ္စက တစ်ခုတည်းပါ။ နိုင်ငံ့ဦးသျှောင်အဖွဲ့ကို အသိပေးပြီး ကိုယ့်နိုင်ငံကို ကျူးကျော်လာတဲ့ ရန်သူကို တိုက်ထုတ်ဖို့ကိစ္စပါပဲ''

''ရန်သူလို့ မသုံးသင့်သေးဘူး ထင်ပါတယ်'' တရားသမား ပုက္ကုသကဝင်၍ ထောက်သည်။

''ကိုယ့်နိုင်ငံ ကိုယ့်မြေကို ကျူးကျော်လာသူကိုမှ ရန်သူလို့ မခေါ်ရင် ဘယ်သူ့ကို ခေါ်ရမှာလဲ။ မနေ့ညဦးပိုင်းက မဂဓစစ်သည်တွေဟာ ဂင်္ဂါမြစ်ကိုတောင်ကူးပြီး ကျွန်တော်တို့

မြေပေါ်ကို ကျူးကျော်လာတယ်။ ကိုယ်ရောင်ဖျောက်လာကြတယ်။ ကျွန်တော်တို့ရဲဘော်တွေနဲ့ ရင်ဆိုင်မိတော့မှ မဂဓတပ်သားတွေမှန်းသိရတယ်''

''အကျအဆုံး ရှိသေးလား'' လူကြီးတစ်ဦး၏ အသံ။

''ကျွန်တော်တို့ဘက်က နှစ်ယောက်၊ သူတို့ဘက်က တစ်ယောက်ကျဆုံးပါတယ်''

''ကိုယ့်မြေပေါ်မှာ ကိုယ့်ဘက်က ပိုပြီးကျဆုံးရသလား''ရောဇ၏ အသံ။

''ရုပ်ဖျောက်လာလို့ အငိုက်မိသွားပါတယ်။ ရန်သူတွေဟာ ဂင်္ဂါဟိုဘက်ကို မပြန်သေးဘူး။ အဲဒါ ကျွန်တော်တို့က ရှာဖွေတိုက်ထုတ်ပစ်ရပါမယ်။ မဂဓတွေဟာ စော်ကား ရန်စခဲ့ပေါင်းများပြီ။ ကျွန်တော်တို့က ငြိမ်းချမ်းရေးကို ရှေးရှုပြီး သည်းခံခဲ့ရပေါင်းလည်းများပြီ။ အခုဟာကတော့ နယ်မြေကို ကျူးကျော်လာတဲ့အထိ သွေးတိုးစမ်းလာတယ်။ မဂဓဟာ အင်အားကြီးသည်ပင်ဖြစ်စေ ကျူးကျော်လာမှုကိုတော့ အသက်နဲ့လဲပြီး ကာကွယ်ရပါမယ်။ သဘာက သဘောတူပါသလား''

အားလုံး ငြိမ်နေကြသည်။

''ကျွန်တော့်ကိစ္စ ပြီးပါပြီ။ အပြင်မှာ ချက်ချင်းစီစဉ်ရမယ့် ကိစ္စမို့ ကျွန်တော့်ကို ခွင့်ပြုပါ''

သီဟသေနာပတိက သဘာပတိသို့ ခွင့်တောင်းလိုက်သောအခါ သဘာပတိက ခေါင်းညိတ်ခွင့်ပြုသည်။ သဘာပတိကို အရိုအသေပြုပြီးနောက် အပြင်ခန်းသို့ သေနာပတိ ထွက်လာခဲ့၏။

[ ၃ ]

သေနာပတိထွက်လာသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် မင်းရင်ပြင်မှ စစ်ဗိုလ်စစ်သားများသည် အဆင့်အနေအထားဖြင့် အရိုအသေ ပြုလိုက်ကြ၏။ ရှေ့တန်းတွင် ဗိုလ်မှူး သုံးယောက်ရှိရာ သူရဗလ၊ ဇေယျဗလနှင့် နန္ဒဗလတို့ဖြစ်ကြ၏။ သူရဗလမှာ ရန်သူနှင့် ရင်ဆိုင်ခဲ့ရသော နယ်စပ်တပ်မှ တပ်မှူးဖြစ်၍ အစီရင်ခံရန် ညက ရောက်လာသည်။ သဘာက အလိုရှိလျှင် အကျိုးအကြောင်း အစစ်ခံရန် အသင့်ရောက်ရှိနေခြင်းဖြစ်သည်။ ဇေယျဗလနှင့် နန္ဒဗလမှာ သေနာပတိက ခေါ်ထားခြင်းဖြစ်၏။

သေနာပတိက ''သူရဗလ၊ မင်းတပ်ကို အနားပေး။ တပ်ချုပ်ကို ပြန်လာခဲ့။ နန္ဒဗလတပ်က အချိန်မရွေး အသင့်အနေအထားမှာရှိရမယ်။ ဇေယျဗလတပ်က ရှေ့တန်းထွက်ရမယ်''

သူရဗလ ရှေ့တစ်လှမ်းတိုးလိုက်ပြီး ''ကျွန်တော့်ကို အစီရင်ခံခွင့်ပြုပါ သေနာပတိ''ဟု ခွင့်တောင်းလိုက်သည်။ သေနာပတိက ခွင့်ပြုသည့်အနေဖြင့် သူ့ကို ကြည့်နေလိုက်၏။

''ကျွန်တော်တို့ဟာ ရန်သူနဲ့ ပထမဆုံးရင်ဆိုင်ရတဲ့ တပ်ဖြစ်ပါတယ်။ ရန်သူကို တိုက်ဖို့ ကျွန်တော်တို့ကို ဦးစားပေးသင့်ပါတယ်။ အဟံပဌမံ''

''သူရဗလ၊ မင်းတောင်းဆိုချက်ကို ငါအသိအမှတ်ပြုတယ်။ သို့ပေမယ့် မင်းတပ်က ပင်ပန်းနေပြီ။ ပြီးတော့ အမှတ်မဲ့မို့ အလစ်မှာ တို့ရဲဘော်နှစ်ယောက် ကျဆုံးရတယ်ဆိုတာ ငါအပြစ်တင်တယ်။ တို့တပ်မတော်သားမှာ အမှတ်မဲ့ဆိုတာ မရှိဘူး။ အလစ်ဆိုတာ မရှိဘူး''

နန္ဒဗလရှေ့တစ်လှမ်းတက် ခွင့်တောင်းပြီးနောက် ''ကျွန်တော့်တပ်ဟာ ညက သူရဗလဆီက သတင်းကြားရကတည်းက တက်တက်ကြွကြွ ဖြစ်နေပါတယ်။ တချို့ အိပ်တောင် မပျော်ကြပါဘူး။ ကျွန်တော့်တပ်ကို ဦးစားပေးပါ။ အဟံပဌမံပါ သေနာပတိ''

''နန္ဒဗလ၊ မင်း တောင်းဆိုချက်ကို ငါအသိအမှတ်ပြုတယ်။ သို့ပေမယ့် မင်းစကားတစ်လုံး မှားနေတယ်။ ရဲဘော်ဆိုတာ တိုက်စရာရှိရင်တိုက်၊ စားချိန်စား၊ အိပ်ချိန်အိပ်ရမယ်။ ဘာဖြစ်လို့ အိပ်မပျော်ရမှာလဲ။ အရန်အဖြစ် အသင့်နေ'' တစ်ဆက်တည်းပင် ''ဇေယျဗလ၊ အခုချက်ချင်း မင်းတပ်ထွက်ရမယ်။ အခြေအနေကို နေ့တိုင်း အစီရင်ခံ။ ငါတို့ အသင့်ရှိနေမယ်''ဟု အမိန့်ပေးလိုက်သည်။

ဇေယျဗလသည် အရိုအသေပြုပြီး ချက်ချင်းထွက်သွား၏။ ဇေယျဗလ၏ ရထားထွက်သွားပြီးနောက် သေနာပတိနှင့် အခြားဗိုလ်မှူးတို့၏ ရထားများလည်း စစ်တပ်ဌာနချုပ်ဆီသို့ ထွက်ခွာသွားကြသည်။ နံနက်စောစောပိုင်းတွင် စစ်ဗိုလ်စစ်သားများ၏ လှုပ်ရှားသံများ၊ စစ်ရထားသံများကို ကြားသိတွေ့မြင်ရသောကြောင့် ဝေသာလီ ပြည်သူပြည်သားတို့ ငေးမျှော်၍ ကြည့်နေကြသည်။ ။

# ယမမင်းရှေ့မှောက်ဝယ်

ပေးတည့်လက်စမ်း၊ ကမ်း၍လည်းကောင်း၊ လှူပြီးနှောင်းလည်း၊
ထပ်လောင်းလေလေ၊ လက်ယက်ရေသို့၊ ဝေကအလှူ၊ ပွားသည်
မှုဖြင့်၊ လူ နတ် ဗြဟ္မာ၊ ပြိတ္တာ မကြွင်း၊ ယမမင်းကို၊ ရလျှင်းပါစေ၊
တိုင် သက်သေကား၊ ဤမြေ နတ်သား၊ တည်ဟုထား၏။

ရှင်မဟာသီလဝံသ

ပါရမီတော်ခန်းပျို့(၈၈)

[ ၁ ]

ကျွန်ုပ်သည် မဟာသက္ကရာဇ် ၁၆ရ ခု၊ အသက်ကိုးဆယ်ပြည့်လုလုအချိန်၌ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ကျွန်ုပ်၏ အလောင်းအနီး၌ ကျွန်ုပ်အောက် အသက်သုံးပုံတစ်ပုံခန့်ငယ်သော ဇနီးဖြစ်သူသည် ငိုချင်ဟန်ပြုနေသည်ကိုတွေ့ရ၏။ ကျွန်ုပ်၏အိမ်သားအခြားအခြွေအရံ သုံးလေးယောက်သည်လည်း မရွှင်သောရုပ်များဖြင့် ကျွန်ုပ်၏အလောင်းနံဘေးတွင် ညှိုးညှိုးငယ်ငယ် ဝိုင်းရံလျက်ရှိနေသည်ကို တွေ့ရ၏။

အမှန်အားဖြင့်သော ကျွန်ုပ်ဇနီးအပါအဝင် သူတို့သည် ကျွန်ုပ်ကွယ်လွန်သောကြောင့် မျက်နှာအမူအရာအားဖြင့် ညှိုးငယ်ယောင်ပြုကြသော်လည်း စိတ်ထဲတွင်မူ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိကြသည်ကို ကျွန်ုပ်၏ ကေန်သိ၏။ ဤစကားမှာ သူတို့ကို ရှုတ်ချခြင်းမဟုတ်ပါ။ လောကဓမ္မတာအားဖြင့် ဇရာ၏ နှိပ်စက်မှုကြောင့်

လူ့လောကတွင် ဘယ်လိုမျှ အသုံးမဝင်၊ ချေးကလူ သေးကလူ ပြုစုနေရပြီး ဘဝ အနှောင့်အယှက်မျှသာ ဖြစ်နေရသော သက်ကြီးရွယ်အိုတစ်ယောက်အား အဘယ်ပုံ လိုလားနိုင်ပါအံ့နည်း။ သုံးမကုန်အောင် ပစ္စည်းဓနနှင့် ပြည့်စုံသော သူဌေးကြီးပင်ဖြစ်စေ ဦးတော့၊ ရောဂါနှင့် ဇရာနှိပ်စက်လျက်ရှိသော သက်ကြီးရွယ်လွန်များအား လိုလား နိုင်ကြမည်မဟုတ်ပါ။

သာဝတ္ထိမှ ကျိုက်ျိုတက်ကြွယ်ဝသော သူဌေးကြီးတစ်ယောက်သည် သက်ကြီး ရောဂါနှင့် ဇရာနှိပ်စက်မှုကြောင့် သေမင်းခေါ်သံကိုစောင့်ကာ အိပ်ရာတွင်သာ လဲလျောင်း၍နေရ၏။ သူ့ပါးစပ်မှ အရိအရွဲတို့ မပြတ်ထွက်လျက်ရှိနေသည်။ အရိအရွဲတို့ ထွက်၍လာတိုင်း သူ့အိပ်ရာနံဘေးတွင် မပြတ်စောင့်ကြပ်လျက်ရှိနေသော သားမယား အခြွေအရံတို့က အဖိုးတန်ဆေးမျိုးနံ့သာတို့ဖြင့် ထုံအပ်သော ကြာရွက်နုနုတို့ဖြင့် သိမ်းဆည်း၍ ပေးနေကြရသည်။ ဤကြာရွက်တို့ကို စွန့်ပစ်သောအခါ ယင်းကြာရွက်တို့ကို ကောက်ယူရောင်းချသော သူဆင်းရဲတို့အဖို့ပင် အဖိုးတန်ပစ္စည်းဖြစ်၏။ သေချိန်တန်ပါလျက် မသေနိုင်သော ဤသူဌေးကို အဘယ်သားမယားအခြွေအရံတို့ နှစ်သက်နိုင်ပါအံ့နည်း။ ကျွန်ုပ်မူကား သာမန်ဆင်းရဲသားအဖြစ်ဖြင့်သာ ဇရာရောဂါထောင်း၍ ကွယ်လွန်ခဲ့ရသူ ဖြစ်၏။

ကျွန်ုပ်တို့၏ သက်တမ်းကို တစ်ရာတမ်းဟု ဆိုကြ၏။

သို့ရာတွင် အသက်ခုနစ်ဆယ်ကျော်လျှင်ပင် အများအားဖြင့် ဇရာပိုင်း၊ သက်ကြီးရောဂါ အန္တရာယ်ပိုင်းသို့ သိသိသာသာ ဝင်ရောက်ခဲ့ပေပြီ။ အသက်ရှစ်ဆယ်၊ ကိုးဆယ်ပိုင်း ရောက်ပါလျက် ကျန်းမာတောင့်တင်းစွာ နေနိုင်သူဟူ၍ အနည်းအကျဉ်း မျှသာရှိ၏။ ယင်းတို့အနက် အရှင်ဗာကုလ၊ အရှင်မဟာကဿပ စသူတို့သည် ထင်ရှားသူများဖြစ်ကြ၏။ ကျွန်ုပ်ထက် ဆယ်နှစ်ခန့်ကြီးသော ဗုဒ္ဓသည်ပင် သက်တော် ရှစ်ဆယ် အရွယ်မျှဖြင့် ပရိနိဗ္ဗာန်စံယူတော်မူသည်။

အသက်အနေအားဖြင့်သာ ပြောရခြင်းဖြစ်၍ ကျွန်ုပ်သည် ဤပုဂ္ဂိုလ်၊ ထိုအရှင်မြတ်များနှင့် မနှိုင်းယှဉ်သင့်ပါ။ ကျွန်ုပ်မှာ လူသာမန်တစ်ယောက်မျှသာ ဖြစ်ခဲ့ပါ၏။ ဤနေရာတွင် ကျွန်ုပ်၏ အတိတ်ဘဝ၊ လူ့ဘဝအကြောင်းကို အကြမ်းဖျင်းမျှ ပြောထားဖို့ လိုပါလိမ့်မည်။

ကျွန်ုပ်ကို သာဝတ္ထိနယ်ပယ် ကျေးရွာတစ်ရွာတွင် သာမန်ဆင်းရဲသား မိဘ နှစ်ပါးမှ မဟာသက္ကရာဇ် ၇၇ တွင် မွေးဖွားခဲ့၏။ ကျွန်ုပ် လူလားမမြောက်မီ အရွယ်မှာပင် မိဘနှစ်ပါး ကွယ်လွန်သွားကြရာ မိဘများ ကိုးကွယ်သော ဗြာဟ္မဏရဟန်းတစ်ပါးက ကောက်ယူမွေးစားခဲ့သည်။ သို့နှင့် ရဟန်းကျောင်းသားတစ်ယောက် ဖြစ်လာခဲ့သော ကျွန်ုပ်သည် ဗြာဟ္မဏရဟန်းကျောင်း၊ ရဟန်းတော်တို့ထံမှ ရနိုင်သမျှသော ပညာများကို

ကြိုးစားသင်ယူခဲ့သည်။ ထိုပညာများသည် ကျွန်ုပ်၏ ဘဝတစ်သက်တာအဖို့ အသက်မွေးဝမ်းကျောင်း ဖြစ်ခဲ့ပေသည်။

ကျွန်ုပ်သည် ဇီဇအားဖြင့် ဉာဏ်ကောင်း၏။ ရုပ်ရည်သန့်ပြန့်ခိုင်မာ၏။ ကျန်းမာတောင့်တင်း၏။ ဗြာဟ္မဏရဟန်းတော်တို့၏ အဆုံးအမအောက်တွင် တတ်သိလာအပ်သောပညာဖြင့် လူ့လောကအလယ်တွင် ဖွယ်ရာပြေပြစ်သော လူတစ်ယောက်ဖြစ်လာခဲ့၏။ သို့ရာတွင် ငယ်စဉ်ကပင် မိဘကွယ်လွန်ခဲ့ခြင်း၊ ပစ္စည်းဥစ္စာဓနမရှိခြင်း၊ အားထားလောက်သော ပတ်ဝန်းကျင်ကင်းဆိတ်ခြင်းတို့ကြောင့် ဘဝအခြေမခိုင်ခဲ့သူ ဖြစ်ပေရာ သံယောဇဉ်နည်းပါးသူဖြစ်သည့်အလျောက် ရောက်တတ်ရာရာ ဘဝမျိုးစုံ၊ ဒေသမျိုးစုံတို့တွင် ဘဝရေစုန် မျောလာခဲ့သူဖြစ်ပေ၏။

ပထမသော် ဗြာဟ္မဏတို့၏ ရဟန်းဘဝဖြင့်ပင် ရာသက်ပန်နေတော့မည်ဟု အားထုတ်ခဲ့၏။ သို့ရာတွင် စိတ်ကူးမျှသာရှိ၍ အကယ်သော် ထိုဘဝတွင် မမြဲနိုင်ခဲ့ပေ။ သာဝတ္ထိသို့ ဘုရားရှင်သာသနာ ရောက်လာသောအခါ ကျွန်ုပ်သည် ဘုရားရှင်သာသနာတော်သို့ ကူးပြောင်း၍ ရဟန်းဝတ်ခဲ့ပြန်၏။ သို့ရာတွင် မမြဲနိုင်ခဲ့ပြန်ပေ။ သို့နှင့် အရွယ်ရောက်လာသောအခါ အိမ်ထောင်အဆက်ဆက်ကျခဲ့၏။ ကိုယ်ပိုင်ပရိယေသနမျိုးစုံကိုလည်း လုပ်ကိုင်ခဲ့၍ မင်းခစားလည်း အကြိမ်ကြိမ် လုပ်ခဲ့ဖူးသည်။ ကျွန်ုပ်၏ ဘဝသည် ငှက်ခါးပျံသကဲ့သို့ နိမ့်တုံမြင့်တုံရှိ၍ ရောက်တတ်ရာရာ ဒေသ၊ ဖြစ်လေရာ ဘဝပင်လယ်တွင် ဖြစ်သလိုကြုံသလို ရေစုန်မျောခဲ့သူဖြစ်၏။ ကျွန်ုပ်၏ တစ်ခုတည်းသော အားထားရာ၊ လဲလျောင်း ပုန်းအောင်းရာ ဘဝအဖော်မှာကား ငယ်စဉ်က သင်ကြားခဲ့သော အသိပညာအခြေခံတွင် အခွင့်ရသမျှ မပြတ်ရှာမှီးအပ်သော ပညာဗဟုသုတသာ ဖြစ်ပေသည်။

ယင်းသို့ ဘဝရေစုန်မျောဖို့ရန် ဖန်လာသော အခြားအကြောင်းတစ်ရပ်သည်ကား ကျွန်ုပ်အဖို့ ရောက်လေရာဒေသတွင် တွေ့ကြုံဆုံဆည်းလာရသော ဇနီးမယားအပါအဝင် ပတ်ဝန်းကျင် မိတ်သင်္ဂဟတို့မှတစ်ပါး သားရင်း သမီးရင်းဟူ၍ သံယောဇဉ်တွယ်ဖို့ရန် တစ်ယောက်တလေမျှ မထွန်းကား မပေါ်ပေါက်ခဲ့ခြင်းပင် ဖြစ်ပေ၏။ မိဘက်ဖဘက် ဆွေမျိုးဆိုသည်မှာလည်း နဂိုကပင် အနေဝေးခဲ့ကြသည့်ပြင် အသက်ကြီးလာသလောက် ကင်းပျောက်သွားကြ၏။

သို့နှင့် ကျွန်ုပ်သည် နောက်ဆုံးဒေသအဖြစ် တောင်ငါးလုံးကာခိုသော ရာဇဂြိုဟ်၏ တောင်ပေါ်ကျေးရွာကြီးတစ်ခု၌ နောက်ဆုံးဖြစ်သော ဇနီး၏ ရင်ခွင်ဝယ် ဇရာဒုက္ခလအဖြစ်ဖြင့် လဲလျောင်းရာက အသက်ကိုးဆယ်ပြည့်လုလု အချိန်ဝယ် ကွယ်လွန်ခဲ့သည်။

ကျွန်ုပ်သည် အိုမင်းရင့်ရော်စွာဖြင့် လဲလျောင်းလျက်ရှိသော ကျွန်ုပ်၏ အလောင်းကောင်ကိုလည်းကောင်း၊ ညှိုးငယ်သယောင်ဖြင့် ငိုယိုလှုပ်ရှားလျက် ရှိနေကြသော ဇနီးသည်နှင့် အခြားအိမ်သား မိတ်ဆွေများကိုလည်းကောင်း တစ်ကြိမ်မျှ ပြန်လည် ကြည့်ရှုပြီး ထွက်ခွာလာခဲ့သည်။

[ ၂ ]

သေသည်၏ အခြားမဲ့၌ ကျွန်ုပ်အဘယ်သို့ ထွက်ခွာလာခဲ့သနည်း။ ကျွန်ုပ်၏ အလိုအားဖြင့် အဘယ်နေရာ၊ အဘယ်သို့ဟု ထွက်ခွာလာခဲ့ခြင်းမဟုတ်ပါ။ မိမိသည် ယခုသေခဲ့သော လူ့ဘဝသို့ အဘယ်ဘဝ၊ အဘယ်ဒေသက ရောက်လာခဲ့သည်ဟုမသိခဲ့ မစဉ်းစားမိခဲ့သော ကျွန်ုပ်အဖို့ သေသောအခါ အဘယ်နေရာ အဘယ်အရပ်သို့ သွားမည်ဟု မစဉ်းစားခဲ့ပါ။ သို့ရာတွင် ယခု ကိုယ်တွေ့မျက်မြင်အားဖြင့်မူ ကျွန်ုပ်သည် တောလိုလို၊ တောင်လိုလို ဒေသတစ်ခုသို့ ရောက်နေ၍ ပြန့်ပြူးသော မြက်ခင်းမြေပြင်ဝယ် ရည်မှန်းချက်မရှိဘဲ ရှေ့တူရူသို့သာ ဦးတည်လျှောက်သွားလျက် ရှိနေပါ၏။

မြင့်မားဖြောင့်ဖြူးသော သစ်ပင်ကြီးများကို ပတ်လည်ဝန်းကျင်တွင် မျက်စိတစ်ဆုံး တွေ့မြင်နေရသောကြောင့် တောဟုဆိုရမည်ဖြစ်၏။ တောင်ကုန်းအနိမ့်အမြင့်တို့ကို တွေ့ရသောကြောင့် တောင်ဟုလည်း ဆိုနိုင်မည်ထင်၏။ နေရောင်သည် လင်းထိန်ပူအိုက်၍လည်းမနေ၊ ညှိုးမှိန်မှောင်မိုက်၍လည်းမနေ။ နေရောင်ဟုပင် ဆိုရမည်လားမသိ၊ ဖျော့တော့သော အရောင်နုနုဖြင့် ဝိုင်းပတ်ထားသည်။

ကျွန်ုပ်သည် ချည့်နဲ့သော ဇရာဒုက္ခလူ အလောင်းကောင်ဘဝမှ ထ၍လာခဲ့သော်လည်း ယခုမူ ကျွန်ုပ်၏ခန္ဓာကိုယ်သည် ပြည့်ဖြိုးသန်မာစွာဖြင့် သွားလာလျက်ရှိနေ၏။ ပြည့်ဖြိုးသန်မာသော ခန္ဓာ၊ ခြေ၊ လက်တို့ကို ကျွန်ုပ်မြင်နေရ၏။ မမြင်ရခြင်းမှာကား ကျွန်ုပ်၏ မျက်နှာကိုပင်ဖြစ်ပေသည်။ မမြင်ရသော်လည်း လူ့ဘဝက မျက်နှာအတိုင်းပင် ရှိလိမ့်မည်ထင်၏။ ဤနေရာတွင် ကျွန်ုပ်၏ လူ့ဘဝကမျက်နှာနှင့် ကိုယ်ခန္ဓာအကြောင်းကို ဖော်ပြဖို့လိုပါမည်။

ကျွန်ုပ်သည် ပစ္စည်းဥစ္စာနှင့် ပညာအကျိုးပေး နည်းပါးခဲ့သော်လည်း ရုပ်ရည်အားဖြင့်မူ ပြည့်ဖြိုးကျန်းမာ ထည်ဝါပြည့်စုံခဲ့သူဖြစ်၏။ ကလေးအရွယ် ငယ်စဉ်ကပင် လူကြီးမိဘ ဆရာသမားများက ကျွန်ုပ်၏ရုပ်ရည်ကိုကြည့်၍ ကြီးလာလျှင် ကောင်းစားမည့်သူငယ်၊ ချမ်းသာမည့် ကလေးဟု အကဲဖြတ်ပြောဆိုသံများကြားခဲ့ရသည်။ အလုံးအရပ် ပြည့်ဖြိုးစင်ကြယ်သည်။ မျက်နှာကြည်လင် ပြည့်ဝ၍ နဖူးကျယ်သည်။ နှာရောင်ကောင်းသည်။ မျက်လုံးကြည်တောက်သည်။ နှုတ်ခမ်းပါးသည်။ သွားဖြူသည်။ ဤရုပ် ဤရည်ကိုထောက်၍ ကျွန်ုပ်၏မိဘများက ကျွန်ုပ်ကို ''မောင်ဝဏ္ဏ'' ဟုအမည်ပေးခဲ့သည်။

ဤရုပ်သည် ကြီးလာလေ ပို၍ပြည့်စုံလာလေဖြစ်ပြီး အသံပါ အောင်မြင်ကြည်လင်လာ၏။ ဤရုပ်ဤရည်တွင် ဆည်းပူးရင့်ကျက်လာသမျှသော အသိဉာဏ်နှင့် ယှဉ်လိုက်သောအခါ ဘဝတစ်သက်တာတွင် ဥစ္စာခနအားဖြင့် ထွန်းကားသည့် အလှည့်နည်းခဲ့သော်လည်း တွေ့ကြုံဆုံဆည်းလေသမျှ လောကအလယ်တွင် တင့်တယ်အောင်မြင်မှု များခဲ့သည်မှာကား အမှန်ပင်ဖြစ်လေသည်။ ယခု ကျွန်ုပ်၏ မျက်နှာသည် အဘယ်သို့ပါနည်း။

ကြေးမုံမရှိ၍ မကြည့်မမြင်နိုင်သော်လည်း လက်ဖြင့်စမ်းသပ်၍ သိသင့်သလောက် သိခွင့်ရှိသည်။ သို့ဖြစ်၍ မျက်နှာကို လက်ဖြင့်စမ်းသပ်ကြည့်လိုက်အခါ ကျွန်ုပ် အံ့သြထိတ်လန့်သွား၏။ အကြောင်းမှာ ကျွန်ုပ်၏မျက်နှာတွင် နှာခေါင်း နှာရောင် တို့ကို စမ်းသပ်၍မတွေ့ရ၊ မျက်လုံးမျက်အိမ် အချိုင့်အဝှမ်းတို့ကိုလည်းမတွေ့ရ၊ နားရွက်ကိုလည်း မစမ်းမိ။ ဦးခေါင်းတွင်လည်း ဆံပင်ဆံမွေးတို့မရှိ၊ ကျောက်သားပြင်ကို ကိုင်စမ်းရသကဲ့သို့ ပြောင်ချောကြီးဖြစ်လျက်ရှိ၏။ ဦးခေါင်းတစ်ခုလုံးကို လက်နှစ်ဖက်ဖြင့် ကိုင်စမ်း၍ ကြည့်လိုက်သောအခါ သံဦးခေါင်းစွပ်တစ်ခုကို စွပ်ထားဘိသကဲ့သို့သာ တွေ့ရသည်။ မျက်လုံးနှစ်ဖက်၊ နှာခေါင်း၊ ပါးစပ်၊ နားပေါက်တို့ နေရာတွင် ထွင်းထုထားသကဲ့သို့ အပေါက်ယောင်ယောင်များကိုသာ စမ်းသပ်တွေ့ရှိရသည်။

ကျွန်ုပ်သည် ထိတ်လန့်စွာဖြင့် ဘယ်သို့ ဖြစ်ပါလိမ့်မည်ဟု မှန်မှန်လျှောက်သွားလျက်ရှိသော ခြေလှမ်းများကို ရပ်၍ပင် စဉ်းစားလိုက်မိသည်။ ထိုအခါမှပင် ကျွန်ုပ်၏ တစ်ကိုယ်လုံးတွင် ခါးဆီ၌ အရှက်လုံရုံမျှသော နံငယ်ပိုင်းတစ်ခုမျှသာ အဝတ်အဆင် ရှိနေသည်ကို သတိပြုမိသည်။

ကျွန်ုပ်သည် အဘယ်ပုံဖြစ်လျက်ရှိနေသည်ဟု မသိရသော ကျွန်ုပ်၏ မျက်နှာ၊ ဦးခေါင်းကို မြင်လို၊ ကြည့်လို သိလိုလှ၏။ သတ္တဝါတို့သည် မိမိခန္ဓာကိုယ်ကို ခင်တွယ်စွဲလမ်းကြသည်ဆိုရာ၌ မျက်နှာ၊ ဦးခေါင်းကိုသာ အခင်တွယ်ဆုံး၊ အလေးထားဆုံး မဟုတ်ပါလော။

သို့နှင့် ကျွန်ုပ်သည် မည်သို့ ပြုလုပ်ရမည်ကို မသိဘဲ ခြေလှမ်းသွက်သွက်ဖြင့် ဦးတည့်ရာ ကုန်းမြင့်တစ်ခုပေါ်သို့ တက်ရောက်သွားသည်။ ကုန်းမြင့်ထိပ်သို့ ရောက်သောအခါ တစ်ဖက်တွင် သစ်ပင်ကြီးငယ်တို့၏ အလယ်၌ မြစ်လိုလို ချောင်းလိုလို ရေအလျဉ်တစ်ခုသည် သာယာစွာ စီးဆင်းလျက်ရှိသည်ကို တွေ့လိုက်ရ၍ ဝမ်းမြောက်သွားသည်။ ရေလျဉ်တွင် ကျွန်ုပ်၏ မျက်နှာကို ကြည့်မြင်နိုင်တော့မည် ဖြစ်၏။ အစာမဆာသော်လည်း အတန်မောပန်းသောကြောင့် ရေသောက်ဖို့အခွင့်ကြုံလာသောကြောင့်လည်း ဖြစ်ပေသည်။

ကျွန်ုပ်သည် မြစ်ဆီသို့ တစ်ဟုန်တည်း ပြေးဆင်းလာခဲ့၏။ မြစ်ရေသည် အလွန် ကြည်လင်၍ မွေ့မွေ့သိမ်သိမ် စီးဆင်းလျက်ရှိသည်။ မြစ်ကမ်းစပ်သို့ ရောက်၍

မိမိမျက်နှာကို ကြည့်ရန်နှင့် ရေသောက်ရန်နေရာကို ရှာလိုက်သောအခါ တစ်နေရာတွင် ကျောက်တုံးကြီးတစ်ခုကို အလိုက်သင့် အနေအထားဖြင့် တွေ့ရသောကြောင့် ထို ကျောက်တုံးမှ ကုန်းငုံ့၍ ကျွန်ုပ်၏ ဦးခေါင်း၊ မျက်နှာအနေအထားတို့ကို ရေပြင်တွင် ကြည့်ရှုသည်။

မှန်၏။ ကျွန်ုပ်၏ ဦးခေါင်းသည် ဘူးသီးခြောက်တစ်ခုကို လည်တွင် စွပ်ထားဘိ သို့သာ ရှိနေသည်။ ပြုံး၍မရ၊ မဲ့၍မရ၊ အရုပ်သဏ္ဌာန်ပုံစံဖြင့် ပြောင်ချောကြီးသာ ရှိနေသည်။ မတတ်နိုင်။ ဤမျက်နှာကြီးကိုပင် အောက်သို့စိုက်၍ မြစ်ရေကို စုပ်သောက်လိုက်သည်။

ထိုအခိုက် ဦးခေါင်းကို ထောင်လိုက်သောအခါ နံဘေးတစ်ဖက်တစ်ချက်မှ သန်မာသော လက်ကြီးများသည် ကျွန်ုပ်၏လက်မောင်းများကို တင်းတင်းရင်းရင်း ကိုင်လာသည်ကိုတွေ့ရ၏။ အဘယ်သူများပါနည်း။ ထိတ်လန့်စွာဖြင့် လှည့်လိုက်သောအခါ ကျွန်ုပ်၏အရပ်ထက် အတန်ပင်မြင့်မား၍ ထွားကျိုင်းကြမ်းတမ်းလှသော လူလိုလို ဘီလူးလိုလို သတ္တဝါကြီးနှစ်ယောက်ကို တွေ့ရသည်။ သူတို့သည် ကျွန်ုပ်၏ လက်မောင်း များကို တင်းရင်းစွာ တစ်ဖက်တစ်ချက် ကိုင်ထားပြီးနောက် အခြားတစ်ဖက်တွင် ခက်ရင်းခွပုံစံ သုံးမြှောင့်သွားရှိသော လှံတံကြီးများကို ကိုင်ထားကြသည်။

မျက်နှာကြီးများကလည်း ကြောက်ဖက်ဖွယ် တင်းမာကြလှ၏။ ထူထဲကြမ်းတမ်း သော မျက်ခုံးမွေးများအောက်တွင် မျက်တောင် မျက်ခွံကြီးများက ရဲရဲတောက်နေ၏။ သူတို့ ဦးခေါင်းမှ ဆံပင်လုံးကြီးများသည် မြွေငယ်နွယ်ပင်များကို ရစ်ထွေးထားသည့်ပမာ ကြမ်းတမ်းလှ၏။ နှာခေါင်း မြင့်မြင့်ထူထူကြီးအောက်မှ ပါးစပ်ကြီးများသည် ကျယ်ဝန်း၍ အစွယ်ကြီးနှစ်ချောင်းမှာ သိသိသာသာ ထွက်ပြူလျက်ရှိသည်။ ဝမ်းဗိုက်ကြီးများမှာ စူကား၍ ပေါင်လုံးခြေသလုံးကြီးများ ကြီးထွားလှသည်။ ဇာတ်တော်နိပါတ်တော်များတွင် ဖတ်ခဲ့ဖူးသော လူသားစား ဘီလူးကြီးများပေလော။ ကျွန်ုပ်သည် သူတို့၏ အစားခံရတော့ မည်လော။ ထိုအခိုက် တစ်ယောက်၏ထံမှ အောင်မြင်ကြီးမားသော်လည်း ကွဲအက်သော အသံထွက်လာ၏။

''လာ၊ ငါတို့နှင့်အတူ လိုက်ခဲ့ရမည်''

''အဘယ်သို့ လိုက်ရမည်နည်း အရှင်တို့''

''ယမရာဇာထံ လိုက်ရမည်''

ကျွန်ုပ်သည် အလွန်ပင် ထိတ်လန့်သွား၏။ ယမရာဇာဟူသည် ငရဲမင်းမဟုတ် ပါလော။ ကျွန်ုပ်ရောက်နေသော နေရာသည် ငရဲပြည် ငရဲဘုံလော။ ငရဲဟူသည်

အလွန် ကြောက်မက်ဖွယ်ကောင်းသည် မဟုတ်ပါလော။

ပြောရင်းဆိုရင်းဖြင့်အတွင်း၌ပင် ကျွန်ုပ်ကို သူတို့နှစ်ဦးညှပ်၍ ခရီးသွားရန် လမ်းညွှန်သောကြောင့် သူတို့ညွှန်ရာဘက်သို့ထွက်ခဲ့ရသည်။ သူတို့စကားကို လိုက်နာခဲ့ ပါလျှင် သူတို့နှစ်ဦးကတော့ ကျွန်ုပ်ကို တစ်စုံတရာ နှိပ်စက်လိမ့်မည်ဟုမထင်ရ။

''ကျွန်ုပ်ကို ငရဲသို့ ပို့ကြတော့မည်လော အရှင်တို့''

''ယမရာဇာထံ ပို့မည်ဟုပြောပြီး မဟုတ်လော။ ယမရာဇာထံ သင်အစစ်ခံရ လိမ့်မည်''

''စစ်ပြီးလျှင် ငရဲသို့ ပို့မည်လော''

''ယမရာဇာ၏ သဘောအတိုင်း သင်ဖြစ်ရလိမ့်မည်''

''ဤနေရာသည် ငရဲပြည်ပါလော''

''ငရဲပြည်၏ နယ်နိမိတ် ယမရာဇာ၏ နယ်ပယ်ဖြစ်သည်''

''အသင်တို့က ဘယ်သူတွေပါလိမ့်။ လူပါလော နတ်ပါလော''

ဤနေရာတွင် ကျွန်ုပ်သည် သူတို့၏ ရုပ်ရည်သွင်ပြင်များကို ထောက်၍ 'ငရဲသားလော၊ ဘီလူးလော'ဟု မေးလိုက်လို၏။ သို့ရာတွင် သတ္တဝါဟူသည် မှန်ပင် မှန်စေဦးတော့၊ နိမ့်ကျသောစကား၊ နိမ့်ချသော ဝေါဟာရကိုမကြိုက်။ ထို့ကြောင့်ပင် မြှောက်ပင့်၍ မေးလိုက်ခြင်းဖြစ်လေသည်။ စကားပရိယာယ် မာယာကွယ်သော အတတ်အသိများကို လူ့ဘဝကပင် တတ်သိခဲ့ခြင်းဖြစ်သည်။

''ငါတို့သည် ငရဲထိန်းများဖြစ်ကြ၏။ ယမရာဇာ၏ နယ်ပယ်သို့ ရောက်လာသူ များသည် ယမရာဇာ၏ အစစ်အဆေးကို ခံရမည့်သူများဖြစ်သည်။ ထိုသူတို့ကို ရှာဖွေ၍ ယမရာဇာထံသို့ ပို့ရသူများဖြစ်၏''

ကျွန်ုပ်၏ ပင့်မြှောက်သောအမေးသည် အောင်မြင်ဟန်ရှိ၏။ အကြောင်းမှာ သူတို့နှင့်တွေ့သည့်အချိန်မှစ၍ တင်းမာ ခက်ထန်သော အသွင်အပြင်များဖြင့် စကား တိုတိုသာ ပြောခဲ့ရာက ယခုသော် လိုက်လိုက်လျောလျောနှင့် အတန်များများ ပြောသည်ကို တွေ့ရသောကြောင့် ဖြစ်၏။ ထို့ကြောင့် ကြောက်ရွံ့သောကျွန်ုပ်၏ နှလုံးသည် အတန်ပင် သက်သာရာ ရလာသည်။ နှလုံးသက်သာရာမှ ဝမ်းမြောက်ဖွယ်ရာ အတွေးအသိတစ်ရပ် ပေါ်ပေါက်လာသည်။ ယမရာဇာ၏ အကြောင်းရပ်ပင်ဖြစ်ပေသည်။

ကျွန်ုပ်သည် ဗြာဟ္မဏ ကျမ်းဂန်၊ ဗုဒ္ဓကျမ်းဂန်တို့တွင် ယမရာဇာအကြောင်းရပ်ကို အတန်များများဖတ်သိခဲ့ရဖူးသည်။ ယမရာဇာဆိုသူများသည် ငရဲပြည့်ရှစ်ထပ်၊

ငရဲဘုံတိုင်းတွင်ရှိရာ ငရဲပြည်သား၊ ငရဲသားဟုပင် ဆိုရမည်ဖြစ်သော်လည်း အခြား ငရဲထိန်း၊ ငရဲသားတို့ကဲ့သို့ ရောက်လာသမျှသောသတ္တဝါတို့အား နှိပ်စက်ညှဉ်းပန်းသူများ မဟုတ်ကြပေ။ သူသည် တရားမျှတသော တရားရှင်၊ တရားသူကြီးဖြစ်၍ မေတ္တာရှင်၊ ကရုဏာရှင်ဟု အဆိုရှိ၏။ မကယ်တင်နိုင်သော အကြွင်ငရဲရောက်သူအား ဆိုင်ရာငရဲသို့ ပို့လိုက်ရသော်လည်း ကယ်တင်နိုင်ခဲ့သော် စွမ်းနိုင်သမျှသောနည်းဖြင့် ငရဲရောက် သတ္တဝါအား ကယ်တင်စောင်မလေ့ရှိသူဟုပင် အဆိုရှိ၏။ ထို့ကြောင့် ကျွန်ုပ် ဝမ်းမြောက် ရသည်။

ထို့ပြင် ငရဲရောက်သတ္တဝါ၊ အထက်သုဂတိဘုံရောက် သတ္တဝါများအကြောင်း ကိုလည်း စဉ်းစားမိသည်။ အကြွင်သူတစ်ယောက် ကွယ်လွန်သောအခါ ထိုသူသည် ကုသိုလ်ကံကြီးမားသူဖြစ်ခဲ့သော် စတုမဟာရာဇ်စသော အထက် ၂၆ ဘုံတွင် ထိုက်သင့်ရာဘုံသို့ရောက်ရှိ၍ အကုသိုလ်ကံကြီးမားသူဖြစ်ခဲ့သော် ငရဲကြီးရှစ်ထပ်တွင် ထိုက်သင့်ရာ ငရဲသို့ တိုက်ရိုက်ရောက်ရှိသွား၏။ သို့သော် ကုသိုလ်ကံ မများတများ၊ အကုသိုလ်ကံလည်း မကြီးတကြီးနှင့် စကောစကနှစ်ဖက်ရ ကုသိုလ် အကုသိုလ် ရောနှော၍နေသောသူများလည်းရှိပေသေးသည်။ ထိုသူများသည် ငရဲဘုံသို့ ရောက်ရှိသောအခါ ငရဲသို့တိုက်ရိုက်မကျရောက်သေးဘဲ သက်ဆိုင်ရာ ငရဲဘုံများရှိ ယမရာဇာများထံသို့ အစစ်ဆေးခံအဖြစ် ရှေးဦးစွာရောက်ရှိကြရ၏။ ထိုသူများကို ယမရာဇာက ထောက်ထောက်ညှာညှာစစ်ဆေး၍ ငရဲသို့ပို့ဖို့ လိုအပ်လျှင်ပို့၏။ မလိုအပ် သူကို ငရဲဘုံမှလွှတ်သည်။ ဤသည်တို့ကား ဗြာဟ္မဏစာပေ၊ ဗုဒ္ဓစာပေတို့မှ ကျွန်ုပ် သိရှိခဲ့ရသော အချက်အလက်များ ဖြစ်ပေ၏။

တစ်ဖန်ငရဲ၌ သိဉ္ဇိုဝ်၊ ကာဠသုတ်၊ သံဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိဟူ၍ ငရဲဘုံရှစ်ထပ် ရှိသည်။ ယင်းရှစ်ထပ်ဝန်းကျင်တွင် ငရဲငယ် ငရဲဘုံကလေးများ ပိုင်းရံလျက်ရှိလေသေးသောကြောင့် ယင်းရှစ်ထပ်ကို 'ငရဲကြီး'ဟု ခေါ်သည်။ ကျွန်ုပ်ရောက်ရှိသော နေရာမှာ ဝန်းကျင်အသွင်အပြင်ကို ကြည့်၍လည်းကောင်း၊ ယမရာဇာထံတွင် အစစ်အဆေးခံရဦးမည် ဆိုသောကြောင့် လည်းကောင်း၊ ငရဲငယ်၊ သို့မဟုတ် ငရဲကြီးပင်ဖြစ်စေဦးတော့၊ အငယ်ဆုံး အနိမ့်ဆုံး ဖြစ်သော သိဉ္ဇိုဝ်ငရဲဘုံ ဖြစ်မည်ဟု စဉ်းစားရသည်။ ထို့ကြောင့် အဆိုးထံမှအကောင်းကို ကောက်ယူစဉ်းစားလေ့ရှိသော သတ္တဝါတို့ဓမ္မတာအတိုင်း တော်ပါသေး၏ဟု ကျွန်ုပ် နှလုံးသက်သာမှုရသည်။

တစ်ကြောင်းမှာလည်း ကူးပြောင်းလာခဲ့သော မိမိ၏ လူ့ဘဝကို ပြန်လည် စဉ်းစားလိုက်သောအခါ ကျွန်ုပ်သည် လူကောင်းသူကောင်း၊ လူတော်သူကောင်း

တစ်ယောက်ဟု မဆိုနိုင်စေနိုင်ဦးတော့၊ လူဆိုးတစ်ယောက်ဟုလည်း မဆိုနိုင်ပါပေ။ အကြောင်းမူ ကျွန်ုပ်သည် စွမ်းနိုင်သမျှဒါန ကုသိုလ်ပြု၍ စွမ်းနိုင်သမျှပစ္စည်းအင်အား လူအင်အားဖြင့် သူတစ်ပါးအပေါ်တွင် ကူညီထောက်ပံ့သူဖြစ်သည်။ ဘုရားရှင်၏ ဗုဒ္ဓသာသနာတွင် ရဟန်းဝတ်ခဲ့သည်။ တရားအားထုတ်ခဲ့သည်။ ကျွန်ုပ်ကိုယ် ကျွန်ုပ် စဉ်းစား၍ ကုသိုလ်နှင့် အကုသိုလ်ကို နှိုင်းရှည့်ချိန်စက်ကြည့်လိုက်သောအခါ ကုသိုလ် ဘက်တွင် အလေးသာခဲ့ဟု ယူဆ၏။ ထို့ကြောင့် ယမရာဇာထံတွင် ရဲရဲတင်းတင်း အစစ်ဆေးခံနိုင်မည်ဟုယူဆ၍ ဝမ်းမြောက်သည်။

[ ၃ ]

ကျွန်ုပ်တို့သည် ဝေးဝေးရှည်ရှည် မသွားရ၊ တောင်ကုန်းတစ်ခုကို ကျော်လိုက်မိသောအခါ ညိုမှိုင်းမြင့်မားသော တံတိုင်းကြီးများကာရံထား၍ ထိုတံတိုင်းအလယ်တွင် ထူးခြားသည့် ပုံစံမျိုးဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံများကို မြင်ရသည်။ ထိုနေရာသည် ယမရာဇာ ရုံးစိုက်ထားသောနေရာဟု ငရဲထိန်းများ ပြောပြချက်အရ သိရှိရသည်။

ကျွန်ုပ်တို့သည် ထိုတံတိုင်းကြီးအနီးသို့ ရောက်သောအခါ တံတိုင်းနံရံကြီးမား သလောက် ကျဉ်းမြောင်းလှသော တံခါးပေါက်တစ်ခုမှ အတွင်းသို့ ဝင်ရောက်သွားကြ၏။ တံတိုင်းအနီးသို့ ရောက်သည့်အချိန်တွင် ဆင်းရဲဒုက္ခမျိုးစုံတို့မှ ထွက်ပေါ်လာဟန်တူသော အသံမျိုးစုံကို မပီမသ ဝိုးတဝါးကြားခဲ့ရာမှ တံတိုင်းအတွင်းသို့ ရောက်သောအခါ ထိုအသံများသည် ကျယ်လောင်ပီသ၍လာ၏။ မည်သည့်အသံမျိုးဟု ခွဲခြားရန်ပင် ခက်လှသော ယောကျ်ားသံ၊ မိန်းမသံ၊ သတ္တဝါတို့၏ အသံများဖြစ်၏။ အတိဒုက္ခ ခံစားနေရသူများ၏ အဆုံးစွန်သော အော်ဟစ်ညည်းညူသံများဟုသာ ဆိုရပေမည်။

သို့ရာတွင် ထိုအသံရှင် သတ္တဝါများကိုမူကား ကျွန်ုပ်မမြင်ရ။ အကြောင်းမှာ တံတိုင်းအတွင်းသို့ ရောက်သောအခါ ကျွန်ုပ်တို့သည် ဖြောင့်တန်းသော လမ်းမကြီး အတိုင်းသာ လျှောက်၍လာကြပေရာ ယင်းလမ်းမကြီးတစ်ဖက်တစ်ချက်တွင် အရံအတား တို့ဖြင့် ဆို့ပိတ်ကာရံ ထားသောကြောင့်ဖြစ်၏။

လမ်းမကြီးဆုံးသောအခါ လေးဘက်လေးတန် ကာရံထားပြီး ထွက်ပေါက် ဝင်ပေါက်နှစ်ခုသာရှိသော လေးထောင့်အဆောက်အအုံအတွင်းသို့ ရောက်ရှိ၍ ထိုအဆောက်အအုံ၏ နံရံဘေးတစ်နေရာတွင် ကျွန်ုပ်ကိုရပ်စေ၏။ ကျွန်ုပ်ကို ခေါ်ဆောင် လာခဲ့သော ငရဲထိန်းနှစ်ယောက်သည် ကျွန်ုပ်ကို ထားခဲ့ပြီးပြန်လည်ထွက်ခွာ သွားကြ သည်။ သို့ရာတွင် အခန်းတွင်း၌ သွားလာလှုပ်ရှားလျက်လည်းကောင်း၊ ရပ်လျက် လည်းကောင်း အခြားငရဲထိန်းများ ရှိနေသည်။

ကျွန်ုပ်သည် နေသားတကျရှိလာ၍ အခန်းတွင်းသို့ ဂရုတစိုက် လှည့်ပတ်ကြည့်ရှု လိုက်သောအခါ လူသတ္တဝါဟု ခေါ်ရမည်လား၊ ငရဲသတ္တဝါဟုခေါ်ရမည်လား ကျွန်ုပ် ကဲ့သို့ပင် ဦးခေါင်းပုံစံ ကိုယ်ခန္ဓာပုံဟန်မျိုးစုံ၊ အဝတ်အဆင်မျိုးစုံနှင့် သတ္တဝါအတန် များများကို တွေ့ရှိရ၏။ ကျွန်ုပ်ကဲ့သို့ပင် ယမရာဇာထံ အစစ်ဆေးခံရမည့်သူများဖြစ်၍ စစ်ဆေးခံရန်အလှည့်ကို စောင့်ကြိုနေသူများ ဖြစ်ဟန်ရှိသည်။

တွေ့ရမြင်ရသော သတ္တဝါအားလုံးတို့သည် ကျွန်ုပ်၏ ဦးခေါင်းကဲ့သို့ပင် ကိုယ်အင်္ဂါတစ်ခုခု၊ နှစ်ခုသုံးခု ချွတ်ယွင်း ပြောင်းလဲနေကြသည်ချည်းဖြစ်၏။ အချို့ဦးခေါင်း မှာ ရှည်ရှည်လျားလျား၊ အချို့ဦးခေါင်းမှာ လေးထောင့်၊ အချို့ဦးခေါင်းမှာ ကိုယ်အင်္ဂါနှင့် မလိုက်အောင်ကြီးမား၍ အချို့မှာသေးငယ်၊ အချို့မှာ မျက်လုံးကြီးများ စူထွက်ပြူးကျယ်၊ အချို့နားရွက်မှာ အဆမတန်ကားကျယ်၊ အချို့ကြွက်နားရွက်၊ အချို့ပါးစပ်ပေါက် ကျယ်၍ သွားရှည်တစ်များများနှင့် သွားကြီးများငေါ်ထွက်၊ အချို့ပါးစပ်မှာ ဦးခေါင်းနှင့် မလိုက်အောင်သေးငယ် အချို့မှာ လက်မောင်းများပင်မရှိ ငုံးတိတိ။ အချို့ဝမ်းဗိုက်ကြီး များမှာ ဖျင်းအိုးစည်ပိုင်းကြီးများပမာ စူကားပြည့်ဖောင်း စသည်ဖြင့် ပုံပျက်အမျိုးမျိုးကို တွေ့ရ၏။ ရတနာမျိုးစုံတို့ ဝတ်ဆင်ထား၍ တလက်လက်တောက်နေသော အမျိုးသမီး တစ်ယောက်သည် ကိုယ်ခန္ဓာကြီးသော်လည်း အရပ်အမောင်း ပုကွနိမ့်ပျပ်လွန်းသဖြင့် လိပ်ကဲ့သို့ တရွေ့ရွေ့သာ သွားလာနေသည်ကိုလည်း တွေ့ရ၏။

အဝတ်အဆင်တို့မှာလည်း မျိုးစုံလှ၏။ အချို့မှာ စုတ်ပြတ်နွမ်းရိသော အဝတ်ညစ်များဖြင့် တစ်ကိုယ်လုံးလွှမ်းခြုံထားသည်။ အချို့မှာ ကျွန်ုပ်ကဲ့သို့ ကိုယ်တစ်ပိုင်း တွင်သာ နံငယ်ကလေးများပတ်၍ အရှက်လုံရုံမျှရှိသည်။ အချို့မှာ မင်းဝတ်တန်ဆာ တစ်ဝက်တစ်ပျက်နှင့် သူရူးပမာ ဝတ်ဆင်ထားသည်။ ရသေ့ယောင်ယောင်၊ ရဟန်း ယောင်ယောင် အဝတ်ဆင်များကိုလည်း တွေ့ရသည်။ ထိုအခါမှ ဤသတ္တဝါတို့သည် ဤနေရာသို့ ရောက်လာကြရာ၌ လာခဲ့သောဘဝက ပြုခဲ့သောအကုသိုလ်၏ အကြို အကျိုးပေးအဖြစ် ပုံစံမျိုးစုံ၊ အဝတ်အဆင်မျိုးစုံဖြင့် ရောက်ရှိလာကြခြင်းဖြစ်မည်ဟု ကျွန်ုပ်စဉ်းစားမိ၏။ ထိုအခါမှ ကျွန်ုပ်သည်လည်း လူ့ဘဝတွင် မလိုတစ်မျိုးလိုတစ်မျိုး၊ ရှေ့တစ်မျိုး နောက်တစ်မျိုး မျက်နှာပုံစံ၊ ဟန်ဆောင်ခုတ်မှုများခဲ့သော အကျိုးကြောင့် ကျွန်ုပ်၏မျက်နှာ၊ ဦးခေါင်းသည်လည်း ဤနှယ်ပုံစံဖြစ်နေသလောဟု စဉ်းစားမိရသည်။

သို့နှင့် ရသေ့ဝတ်ယောင်ယောင်နှင့် သတ္တဝါတစ်ယောက်ကို ငရဲထိန်းနှစ်ယောက် က ခေါ်ထုတ်သွားပြီးသည်၏ နောက်တစ်လှည့်တွင် ကျွန်ုပ်၏ အလှည့်သို့ရောက်လာပြီး ကျွန်ုပ်၏ လက်မောင်းတစ်ဖက်တစ်ချက်တွင် ငရဲထိန်းနှစ်ယောက်ကကိုင်၍ ကျွန်ုပ်တို့ ဝင်လာခဲ့သော အပေါက်၏ တူရူအပေါက်မှအပြင်သို့ ထုတ်ခဲ့သည်။ အဆောက်အအုံ အပြင်သို့ ရောက်သောအခါ ချောမွေ့ညီညာသော ရင်ပြင်တစ်ခုကို တွေ့ရ၍ ထိုရင်ပြင်၏

အဆုံးနားတွင် ကြီးမားသော ကုလားထိုင်တစ်ခု၌ ခန့်ညားစွာ ထိုင်လျက်ရှိသော ပုဂ္ဂိုလ်ကြီးကို တွေ့ရ၏။ ကျွန်ုပ်သည် ယမရာဇာခေါ် ကျော်ကြားလှသော ယမမင်းကြီးနှင့် ရင်ဆိုင်ရပြီတည်း။

[ ၄ ]

ယမမင်းရှေ့မှောက်သို့ ကျွန်ုပ်ရောက်ရှိလာသောအချိန်၌ တရားစစ်ဆေး၍ အမိန့်ချမှတ်ပြီးဟန်တူသော ရုပ်ပျက်ဆင်းပျက် အမျိုးသမီးကြီးတစ်ယောက်ကို ငရဲထိန်း နှစ်ယောက်က ယမမင်း၏ လက်ဝဲဘက်သို့ ကြမ်းကြမ်းတမ်းတမ်း ဆွဲထုတ်သွားကြသည်ကို တွေ့ရ၏။ ယင်းအမျိုးသမီး၏ စူးရှစွာ အော်ဟစ်ငိုကြွေးသော အသံသည် ဝေ့လည်၍ ကျန်ရစ်ဆဲဖြစ်သည်။

ယမမင်း၏ ထိုင်ခုံကြီးတစ်ဖက်တစ်ချက်တွင် ကျွန်ုပ်ကို ဖမ်းဆီးခဲ့သော ငရဲထိန်းများထက် အလုံးအရပ်ပို၍ကြီးမားသော ငရဲထိန်းကြီးလေးယောက်စီ တန်းစီ ရပ်လျက်ရှိပြီး ပြောင်လက်ချွန်ထက်သော ခက်ရင်းကြီးများကို ကိုင်ထားကြသည်။ ယမမင်းက သူတို့ထက်ပို၍ အလုံးအထည်ကြီးမားသည်။ သူ့လက်ယာဘက်တွင် ခုံခြေတံရှည် တစ်ခုရှိ၍ ထိုခုံပေါ်တွင် ထူထဲကြီးမားသော စာအုပ်ကြီးတစ်အုပ် တင်ထားသည်။

ကျွန်ုပ်တို့သည် ယမမင်းရှေ့ ဆယ်တောင်ခန့်ကွာသော နေရာသို့ ရောက်သော အခါ ငရဲထိန်းနှစ်ယောက်က ကျွန်ုပ်အနီးမှ ခွာပြီးလျှင် တစ်ဖက်တစ်ချက်တွင် ရပ်လျက် ရှိကြ၏။ ကျွန်ုပ်သည် ယမမင်းကြီးအနီးသို့ ရောက်လာပြီဖြစ်၍ ကျော်ကြားလှသောသူ့ကို အနီးကပ် ကြည့်ရှုခွင့်ရလာသည်။

ငရဲထိန်းတို့ဦးခေါင်းများတွင် နွယ်ပင်ခြောက်များကဲ့သို့ ဝါကြန့်ကြန့် ဆံပင်များ ရှိသော်လည်း ယမမင်း ဦးခေါင်းကိုမူ ထူထဲမည်းမှောင်သော အဝတ်ဦးရစ်ပေါင်းထုပ်ကြီးဖြင့် ရစ်ပတ်ဆောင်းတင်ထား၏။ နဖူးပြင်ကြီးမှာ ကျယ်ဝန်းလှသည်။ နက်မှောင် သိပ်သည်းသော မျက်ခုံးမွေးကြီး နှစ်ခုသည် နားထင်တစ်ဖက်တစ်ချက်သို့ ကားထောင်၍ တက်နေကြ၏။ ယင်းမျက်ခုံးမွေးများအောက်မှ မျက်လုံးကြီးများသည် ပြူးကျယ်စူးရှ၍ မျက်လုံးနှစ်လုံးမှာ ပတ္တမြားလုံးကြီးများကို စိုက်တပ်ထားသည့်ပမာ ရဲရဲတောက်နေသည်။ နှာရောင်ကောက်ကြီးအောက်မှ နှုတ်ခမ်းမွေး ကြမ်းကြမ်းကြီးများသည် မျက်ခုံးမွေးကဲ့သို့ အပေါ်သို့ ကားထောင်၍ မနေ။ နံဘေးတစ်ဖက်တစ်ချက်သို့ ကုပ်ဆိုင်း၍ ကျနေသည်။ ယင်းနှုတ်ခမ်းမွေးများဆီ၌ ပါးစပ်တွင်းမှ ထွက်ပေါ်လျက်ရှိသော အစွယ်ချွန်ချွန်ကြီး နှစ်ချောင်းသည် သိသိသာသာကြီး ထောင်တက်နေ၏။ သူ့အောက်တွင်ကား ကြီးမား

ကျယ်ပြန့်သော နွတ်ခမ်းထူထူ ပါးစပ်ပြဲပြဲကြီးကိုပက်ဝိုက်၍ ဖြူဖွေးရှည်လျားသော မုတ်ဆိတ်မွေး ပါးသိုင်းမွေးများကို မြင်ရသည်။

ကျွန်ုပ်ရပ်မိသောအချိန်၌ ယမမင်းကြီးက ကျွန်ုပ်၏ မျက်နှာသို့ သူ့မျက်လုံးများဖြင့် ပင့်လှန်၍ ကြည့်လိုက်သောအခါ မျက်လုံးနီများအောက်မှ မျက်သားဖြူကြီးနှစ်ခုသည် ထင်းထင်းကြီးပေါ်လာသည်။ သူ့အကြည့်သည် ကျွန်ုပ်၏အသည်းနှလုံးကိုပင် ထွင်းဖောက်သွားသည်ထင်လိုက်ရ၏။ ရက်စက်တင်းမာဟန် အပြည့်ရှိသော သူ့မျက်နှာ တစ်ခုလုံးကို ထိန်းထားသည့်တစ်ခုတည်းသော အရာမှာ သူ့မျက်နှာ ပြည့်ပြည့်ဖြိုးဖြိုးပင်ဖြစ်ပေသည်။ ဤမျက်နှာပိုင်ရှင်သည် ရက်စက်စရာရှိလျှင် အစွမ်းကုန်ရက်စက်၍ မေတ္တာရှင်၊ ကရုဏာရှင်ဖြစ်နိုင်ဖွယ် ရှိသည်ဟုလည်း ကျွန်ုပ်အကဲခတ်မိသည်။

ထို့နောက် ''မောင်မင်းအမည် ဘယ်သူလဲ'' ဟူသော အမေး စတင်ပေါ်ထွက်လာသည်။ အသံမှာ လေးလေးပင်ပင်နှင့် အောင်မြင်ဟိန်းထွက်သည်။

''ဝဏ္ဏပါ၊ ရာဇဗြိုဟ်ပြည်တောင်ပေါ်ရွာက မောင်ဝဏ္ဏပါ''

''မေးသလောက်ကို ဖြေပါ၊ အပိုမပြောပါနှင့်၊ အမှန်အတိုင်းဖြေပါ။ မမှန်မကန်ဖြေလျှင် အပြစ်တိုးလိမ့်မည်''

''ဟုတ်ကဲ့ပါ အရှင်မင်းကြီး''

''အကျွန်ုပ်ကို အရှင်မင်းကြီး မခေါ်ပါနှင့်။ မင်းကြီးမဟုတ်၊ တရားသူကြီးဖြစ်သည်''

''ဟုတ်ကဲ့ပါ တရားသူကြီး''

''သင်သည် သတ္တဝါတို့၏ အသက်ကို သတ်ခဲ့သလော''

''မသတ်ခဲ့ဖူးပါ အရှင်''

ယမရာဇာသည် နံဘေးတွင် အသင့်လှန်ထားပြီးသော စာအုပ်ကို အတန်ငယ်လှမ်း၍ ကြည့်လိုက်သည်။

''အသင်လိမ်သည်။ ကြီးလာသောအခါ မသတ်သော်လည်း ငယ်စဉ်က တစ်ကြိမ် နှစ်ကြိမ် သတ်ခဲ့ဖူးသည်မဟုတ်လား''

''ကလေးအရွယ် ငယ်စဉ်က သတ်ခဲ့ဖူးကောင်း သတ်ခဲ့ဖူးပါလိမ့်မည်။ ကြီးလာသောအခါ သတိဖြင့် ရှောင်ကြဉ်ခဲ့ပါသည် အရှင်''

''ရှိစေ။ သူတစ်ပါးဥစ္စာကို ခိုးယူဖူးသလော''

''မခိုးယူခဲ့ဖူးပါ အရှင်''

စာအုပ်ကြီးကို လှမ်းကြည့်ပြီးနောက် "အသင်လိမ်သည်။ မင်းမှုထမ်းဘဝတွင် အသင်လာဘ်စားခဲ့သည် မဟုတ်သလော"

"သူတစ်ပါးပေးသည်ကို ယူခဲ့ဖူးခြင်းမျှဖြစ်၍ ခိုးခြင်းမဟုတ်ရပါအရှင်"

"သူတစ်ပါး ပေးခြင်းဆိုသော်လည်း တိတ်တဆိတ်ပေး၍ တိတ်တဆိတ် ယူခဲ့သည်မဟုတ်လော။ နောက်တစ်ကြိမ်တွင်လည်း လူသိရှင်ကြားပေး၍ လူသိရှင်ကြား ယူခဲ့သည်။ သို့ရာတွင် မဟုတ်သည်ကိုလုပ်ရန် စေတနာဆိုးဖြင့်ပေးသည်ကို စေတနာ ဆိုးဖြင့် ယူခဲ့ခြင်းမဟုတ်သလော။ ဤသည်တို့မှာ ခိုးသောပေးခြင်း၊ ခိုးသောယူခြင်း မဟုတ်သလော"

ကျွန်ုပ်ငြိမ်၍ နေလိုက်ရ၏။ ယမရာဇာသည် စေတနာအထိပင် သိရှိမှန်ကန်နေပြီ ဖြစ်၍ ဆင်ခြေတက်၍ရလိမ့်မည်မဟုတ်ပေ။

"သူတစ်ပါး သားမယားကို ပြစ်မှားစော်ကားခဲ့သလော"

"မပြစ်မှား မစော်ကားဖူးပါအရှင်"

"မှန်သည်။ သင် ကောင်းစွာဖြေသည်။ ဤအချက်နှင့်ပတ်သက်၍ အမှတ် အသား တစ်စုံတစ်ရာမရှိ" ဟု စာအုပ်ကြီးကို လှမ်းကြည့်ယင်းပြောလိုက်သည်။ ကျွန်ုပ် ဝမ်းမြောက်သွားသည်။

"မဟုတ်မတရား မုသားပြောခဲ့သလော"

"မပြောခဲ့ဖူးပါ အရှင်"

"သင်လိမ်သည်။ ငါ့မျက်မြင်ကိုပင် အသင်ပြောင်လိမ်သည်။ သင်သည် မျက်နှာ မျိုးစုံဖြင့် အသင့်အကျိုးအတွက် အပြောတစ်မျိုး အလုပ်တစ်မျိုးလုပ်ခဲ့သူဖြစ်၏။ မာယာ များ၍ စကားကြွယ်ခဲ့သူဖြစ်၏။ တစ်ယောက်ကိုသာမက အများကိုပါ လိမ်လည်ခဲ့သူ ဖြစ်၏။ ထိုအကျိုးဆက်သည် ယခုသင့်မျက်နှာတွင် ပါရှိနေပြီမဟုတ်သလော"

ကျွန်ုပ်သည် ရှက်လှ၍လည်းကောင်း၊ ကြောက်သောကြောင့်လည်းကောင်း ဦးခေါင်းငုပ်လျှိုးသွားရ၏။ မှန်လှပါပေသည်။ ကျွန်ုပ်သည် လူ့ဘဝရော၊ ရဟန်းဘဝတွင်ပါ ဟိုတက်တစ်ဘဝမှ ရလာသောဉပမိရုပ်ရည်ဖြင့်လည်းကောင်း၊ စကားအရာ လိမ္မာကြွယ်ဝ ခြင်းဖြင့်လည်းကောင်း ဟန်ရော အသံဖြင့်ပါ လူအများကိုပင် လှည့်စားနိုင်ခဲ့သည်။ ထိုအပြုအမူသည် မကောင်းမှု မုသာဝါဒ၊ မာယာသာဌေယျပင်ဖြစ်သော်လည်း ကျွန်ုပ်၏ ပါရမီ ကျွန်ုပ်၏အကျိုးပေးအတတ်ဟုပင်ထင်မှတ်ခဲ့မိပေသည်။ ယင်းမုသာဝါဒ သာဌေယျ မာယာအပြစ်ကြောင့် ကျွန်ုပ်၏ မျက်နှာတစ်ခုလုံးပင် ကွယ်ပျောက်ခဲ့ရသည့် အဖြစ်ကို ယခုမှ သိရှိလာရပါ၏။

"အသင်သည် သေရည် သေရက် သောက်ခဲ့သလော"

''သောက်ခဲ့ဖူးပါသည် အရှင်၊ သို့သော်''

''မေးသလောက်ကိုသာ ဖြေပါ။ သောက်သည်ဆိုလျှင် သင့်အပြစ်အတွက် လုံလောက်ပြီ။ အရက်သမားများသည် သောက်တော့သောက်ပါ၏။ သို့သော် သူတစ်ပါးကို အနှောင့်အယှက်မပေးပါဟု ဆင်ခြေဝင်ကြမြဲဖြစ်၏။ အရက်ကို မသောက်ပါနှင့်ဟု လူ့ကျင့်ဝတ် သုရာမေရယသိက္ခာပုဒ်ဖြင့် ဘုရားအစရှိသော သူတော်ကောင်း မှန်သမျှက တားမြစ်ထားသည်။ မည်သို့သောက်စေ၊ အရက်သောက်ခြင်းသည် သူကောင်းတို့ ကျင့်ဝတ်ကို ဖောက်ဖျက်ခြင်းသာ ဖြစ်၏''

ကျွန်ုပ်၏ ဤတရားကို သိခဲ့သူဖြစ်သည့်အတိုင်း ရှက်သောကြောင့် ဦးခေါင်း ငုံ့ထားရပြန်၏။ သို့ရာတွင် ဤအပြစ်မှ သက်သာနိုင်သမျှ သက်သာရာ ရပါစိမ့်သောငှာ ''ရံဖန်ရံခါမျှသာ သောက်ခဲ့မိပါသည် အရှင်''ဟု မရဲတရဲဖြင့်ပင် လျှောက်ထားလိုက်၏။

''ငါသိပါ၏။ အခြားကိစ္စကို ဆက်၍ မေးမည်။ အသင်သည် လူ့ဘဝတွင် ကောင်းမှုကုသိုလ် တစ်စုံတစ်ခုကို ပြုလုပ်ခဲ့ဖူးပါသလော''

ယခုသော် ယမရာဇာ၏မေးခွန်းမှာ ကျွန်ုပ်ဘက်သို့ ရောက်လာပြီဖြစ်၍ ဝမ်းမြောက်ရ၏။ အကြောင်းမှာ ကျွန်ုပ်သည် ကောင်းမှုကုသိုလ်များစွာကို ပြုလုပ်ခဲ့သူဖြစ်၍ ရဲရဲကြီးဖြေနိုင်မည်။ အကြင်သူတစ်ယောက်၏ ဘဝတစ်ခုလုံးကို ငါးပါးပဋိသီဖြင့် ဆန်တုတ်တိုက်စံထိုး၍မေးလျှင် ပြည့်ပြည့်တင်းတင်း အပြစ်ကင်းမှုကို ဖြေနိုင်ဖို့ ခက်သော်လည်း ကောင်းမှုကုသိုလ်ကိုကွက်၍မေးလျှင်မူ ကျွန်ုပ်မှာ ဖြေစရာတွေ များစွာ ရှိနေပါ၏။

''ပြုခဲ့ပါသည် အရှင်။ အကြိမ်များစွာ ဒါနကို ပြုခဲ့ပါသည်။ သီလဆောက်တည် ခဲ့ပါသည်။ ဘာဝနာအမှု ပြုခဲ့ပါသည်။ ဤမျှမက ရဟန်းဝတ်၍ တောရပင် ဆောက်တည် ခဲ့ပါသည်။ လူအများအား တရားဟောခဲ့ပါသည်အရှင်''

ကျွန်ုပ်ဖြေကြားခိုက်၌ ယမရာဇာသည် စာအုပ်နောက်တစ်မျက်နှာကို လှန်၍ ကြည့်နေသည်။ ထို့နောက် ''မှန်သည်၊ ဒါန သီလ ဘာဝနာ အမှုများပြုခဲ့သည်မှန်ပါ၏။ သို့သော် ရဟန်းဝတ်၍ တောရဆောက်တည်ရာ၌ ဟင်းရွက်ခူးသော ဝတ္ထုသည်မနှင့် ငြိစွန်းခဲ့သည်။ ငြိစွန်းပြီးဖြစ်ပါလျက် ရဟန်းဝတ်ဖြင့်ပင် ဟန်ဆောင်ကာ ဆက်၍နေခဲ့သည်။ တရားဟောသည်လည်းမှန်၏။ သို့သော် တရားကိုဗန်းပြ၍ သင့်ကိုယ်ကျိုးရှာခဲ့သည်။ သို့ဖြစ်၍ သင့်ကောင်းမှု မကောင်းမှုများသည် ရောနှော၍နေသည်''

ကျွန်ုပ်မငြင်းနိုင်ပါ။ ယမရာဇာ၏ သိမှတ်ထားချက်များသည် အလွန်တိကျ လှပါပေ၏။ လူ့ဘဝတွင် အခြား အကုသိုလ်အသေးအမွှားများကို ကျွန်ုပ်မေ့ပျောက် ပစ်နိုင်ခဲ့သည်။ မမေ့မပျောက်နိုင်ဘဲ တသက်သက် သတိရလျက်ရှိခဲ့သော မကောင်းမှု

သည်ကား ရဟန်းဘဝတွင် နိဗ္ဗာန်မဂ်ဖိုလ်ကို ပဋိညာဉ် ပေးထားလျက်နှင့် ဖြောင့်တန်းစွာ မနေနိုင်ခဲ့သည်ကိုပင်ဖြစ်သည်။ ထိုစိတ်ကြောင့် ငရဲဘုံ၏ တံခါးဝသို့ ယခုရောက်လာရသည်ထင်၏။

ယမာရာဇာ ဆက်မေး၏။ ဤနောက်ဆုံးမေးခွန်းများကို မမေးမြန်းမပြောကြားမီ ယမရာဇာ၏ မျက်နှာသည် အတန်ပင် ကြည်သာပျော့ပျောင်း၍လာ၏ဟု ကျွန်ုပ်ထင်သည်။ အသံမှာလည်း အတန်ပင် ပျော့ပျောင်းနူးညံ့၍ လာသည်။

"အခြား ကုသိုလ်ကောင်းမှု ရှိသေးသလော"

ကျွန်ုပ်သည် အတန်တန်ကြိုးစား၍ စဉ်းစားသော်လည်း မှတ်သားလောက်သော ကောင်းမှုကုသိုလ်များ မပေါ်လာပါ။ ထို့ကြောင့် "ရတနာသုံးပါးကို ဆည်းကပ်ခဲ့ပါသည်။ မိမိထက် အသက်အား ဂုဏ်အားဖြင့် ကြီးသူများကို ရိုသေခဲ့ပါသည်။ ရွယ်တူကိုလေးစား၍ ငယ်သူကို သနားခဲ့ပါသည်။ သတ္တဝါများကို မေတ္တာထားခဲ့ပါသည်"ဟူ၍သာ ယေဘုယျ ကောင်းမှုများကို လျှောက်ထားလိုက်ရသည်။

စာအုပ်ကို လှမ်းကြည့်ပြီးနောက် "ကောင်းပြီ၊ အသင် သတိမရလျှင် ငါထုတ်ဖော်၍မေးမည်။ အသင်သည် ဗုဒ္ဓါနုဿတိ ဘာဝနာကို အခါမပြတ် ပွားထုံခဲ့သည် မဟုတ်လော၊ ထို့ပြင်"

ဟုတ်မှန်လှပေစွ။ တစ်စုံတစ်ရာသောအဆီးအတားကြောင့် ကျွန်ုပ် တစ်သက်တာတွင် အရေးတကြီး အကြီးမားဆုံးသော ကောင်းမှုကုသိုလ်ကြီးကို မေ့လျော့၍ နေခဲ့ပါပြီကော။

ကျွန်ုပ်တို့သည် ကောင်းမှုကုသိုလ်ကို စဉ်းစားသောအခါ ဘုရားတည်၊ ကျောင်းဆောက်၊ ရှင်ပြု၊ ပဌင်းခံစသော ဘုရားပွဲ၊ ကျောင်းပွဲ၊ ရုတ်ရုတ်သဲသဲ ပွဲလမ်းသဘင်တို့ ပါဝင်သည့် အလှူပွဲများကို ကောင်းမှုကုသိုလ်အဖြစ် စဉ်းစားလိုက်မိတတ်ကြသည်။ လူမသိ သူမသိပြုလုပ်သော သမထ၊ ဝိပဿနာ တရားအားထုတ်မှု၊ ဘုရားရှိခိုး သီလဆောက်တည်မှု စသော ကောင်းမှုများကိုတော့ အသိအမှတ်မထားချင်ကြ။ ဘုရားဒကာ၊ ကျောင်းဒကာ၊ ရှင်ဒကာ၊ ရဟန်းဒကာ၊ ယုတ်စွအဆုံး ရေချမ်းစင်ဒကာဟုသာ ဂုဏ်အဖြစ်ရှိ၍ 'တရားဒကာ'ကိုတော့ အသိအမှတ်ပြုခဲသည်။ ထို့ကြောင့် ယမရာဇာက မေးလိုက်သောအခါ ယင်းရုတ်ရုတ်သဲသဲ ဂုဏ်လုပ် ကုသိုလ်များကိုသာ အကျင့်ပါလာ၍ စဉ်းစားလိုက်မိသည်။ မိမိ၏ ဗုဒ္ဓါနုဿတိမဟာဂုတ် ကုသိုလ်ကြီးများကိုတော့ မစဉ်းစားမိ။

ကျွန်ုပ်သည် ခုနှစ်ပေါက်မိမတက် ဝမ်းမြောက်၍ သွား၏။ မရှိမသေဖြစ်မည်ကြောင့် မခုနှစ်ပေါက်မိသော်လည်း ကျွန်ုပ်တစ်ကိုယ်လုံး လှုပ်ရှားသွားသည်။ ယမရာဇာသည် ကရုဏာအရှင်၊ မေတ္တာရှင်ဟူသောစကားမှာ မှန်လှပေစွ။ ထို့ကြောင့် ဝမ်းမြောက်လွန်း၍ ယမရာဇာ၏ စကားမဆုံးမီမှာပင် "မှန်လှပါသည်အရှင်" ဟု အဖြေပေးလိုက်မိလျက်သား ဖြစ်သွားသည်။

"ထို့ပြင် အသင်သည် ကောင်းမှု ကုသိုလ်တစ်ခုကို ပြု၍ပြီးတိုင်း ငါ့အမည်ကို ထုတ်ဖော်ကာ ငါ့အား ပတ္တိဒါန အမျှပေးဝေခဲ့သည် မဟုတ်သလော"

ထိုအချက်သည်လည်း မှန်လှပါပေ၏။ ထို့ကြောင့် ဝမ်းမြောက်ပြီးရင်း ဝမ်းမြောက်ရင်းဖြင့် "မှန်ပါသည်အရှင်၊ မှန်လှပါသည်အရှင်"ဟု အားရပါးရ ဖြေကြားလိုက်သည်။

"ကောင်းပြီ၊ စီရင်ချက် ချမှတ်မည်။ စေ့စေ့နားထောင်။ အသင်သည် မကောင်းမှု အကုသိုလ်တို့ရှိခဲ့သော်လည်း ကောင်းမှုကုသိုလ်တို့လည်း များပြားသူဖြစ်သည်။ ဝိပဿနာတရား အားထုတ်ခြင်းဖြင့် မဟဂ္ဂုတ်ကုသိုလ်ကြီးကို ထူထောင်ခဲ့သူဖြစ်၏။ အထူးသဖြင့် ဗုဒ္ဓါနုဿတိအာရုံ၌ အထုံအလေ့များခဲ့သူဖြစ်သည်။ ထို့ပြင် ကုသိုလ် ပြုပြီးတိုင်း ငါ့အား အမျှပေးဝေခဲ့သူဖြစ်၍ ငါမှတ်သားထားနိုင်ခဲ့သည်။ ထို့ကြောင့် ငရဲနယ်ပယ်၊ ငါ့နယ်ပယ်မှ လွတ်စေ"

ယမရာဇာသည် စာအုပ်ကြီးကိုပိတ်၍ မျက်နှာလွှဲလိုက်၏။ ငရဲထိန်း နှစ်ယောက်သည် ကျွန်ုပ်အနီးသို့ ညင်သာစွာ ချဉ်းကပ်၍ ကျွန်ုပ်၏ လက်ရုံးနှစ်ဖက်ကို ဖြည်းညင်းစွာ ကိုင်ပြီးလျှင် ကျွန်ုပ်အရင်က အမျိုးသမီးကို ခေါ်ထုတ်သွားခဲ့သော လက်ဝဲဘက် အပေါက်ဘက်သို့မဟုတ်ဘဲ ယမရာဇာ၏ လက်ယာဘက်အပေါက်ဆီသို့ ခေါ်သွားသည်။

ကျွန်ုပ်သည် ဝမ်းမြောက်လှသောကြောင့် လှမ်းမှန်းပင်မသိသော ခြေလှမ်း များဖြင့် လိုက်ပါလာခဲ့သည်။ တံခါးငယ်မှလွန်၍ တံတိုင်းကြီးဆီသို့ရောက်သော် ကျယ်ပြန့်သော တံခါးကြီးကို ငရဲထိန်းနှစ်ယောက်က ဖွင့်၍ပေးသည်။ ကျွန်ုပ်ထွက်လာ ခဲ့၏။ တံခါးကြီးပိတ်၍သွားပြီးနောက် ငရဲထိန်းနှစ်ယောက်တို့ မျက်ကွယ်ပြုသွားသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ခန္ဓာကိုယ်သည်လည်း ရုတ်ခြည်းပျောက်ကွယ်သွားသည်။

# ဖြူဖြူလွှင်လွှင်ဗြဟ္မာ့ယာဉ်

[ ၁ ]

ဘုရားရှင်လက်ထက်တော်၌ အပြိုင်အဆိုင် နိုင်ငံကြီးနှစ်ခုဖြစ်သော ရာဇဂြိုဟ်နှင့် သာဝတ္ထိတို့အနက် ရာဇဂြိုဟ်တွင် ဇောတိက၊ ဇဋိလ၊ ကာကဝဏ္ဏစသော သူဌေးကြီးတို့ ကျော်ကြားသကဲ့သို့ သာဝတ္ထိတွင် ပေါက္ခရသာတိ၊ ဇာဏုသောဏိ၊ စင်္ကီတောဒေယျ စသော ပညာရှိကြီးများကျော်ကြားသည်။ သူတို့သည် ဇောတိက၊ ဇဋိလတို့လောက် မကြွယ်ဝသောကြောင့် သူဌေးကြီးဟူသောဘွဲ့ထူး မချီနိုင်စေကာမူ သာဝတ္ထိ အသိုက်အဝန်းတွင် သူဌေး၊ သူကြွယ်၊ မြို့စားကြီးများပင်ဖြစ်ကြသည်။

တစ်နည်းအားဖြင့် ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရတွင် သူဌေးကြီးအခြံအရံတို့ ပေါများသကဲ့သို့ သာဝတ္ထိပြည်ကောသလဘုရင်တွင် ပညာရှိအခြံအရံတို့ ပေါများသည်။ ဘုရားရှင်သာသနာတော်ထွန်းပေါ်လာ၍ သာဝတ္ထိမှ အနာထပိဏ်သည် သူမတူသော ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းလိုက်သောအခါ သူ့နည်းသူ့ဟန်ဖြင့် ကျော်ကြားလာသည်။

သူတို့သည် ကြွယ်ဝမှုအားဖြင့် ရာဇဂြိုဟ်ကို မပြိုင်နိုင်စေကာမူ မိမိတို့နိုင်ငံ၊ မိမိတို့ ဘောင်အတွင်း၌မူ အပြိုင်အဆိုင်များဖြစ်ကြ၏။ ပညာချင်းပြိုင်သည်။ ပစ္စည်းချင်းပြိုင်သည်။ အခြံအရံချင်းပြိုင်သည်။ အဝတ်အဆင်ခြင်းပြိုင်သည်။ အထူးသဖြင့် သူတို့ချင်းပြိုင်ဆိုင်ကြသော အခြင်းအရာတစ်ခုမှာ သူတို့စီးသောယာဉ်များ၊ မြင်းများနှင့် အခြံအရံများဖြစ်၏။

ယင်းသို့ဖြင့် သာဝတ္ထိ၏လမ်းများသည် သူတို့အချင်းချင်း အလှအပ အခန့်အညား ပြိုင်ဆိုင်ကြသောယာဉ်များ၊ မြင်းများ၊ အဝတ်အဆင်များ၊ အခြွေအရံများဖြင့် လှပစည်ပင်၏။ အထူးသဖြင့် လှပစည်ပင်သောအချိန်များမှာ ဘုရင့်နန်းတော်သို့ နံနက်ခင်း ညီလာခံဝင်သောအချိန်များနှင့် ညီလာခံမှပြန်သောအချိန်များတွင်ဖြစ်သည်။ ထိုအချိန်မှာ အစွမ်းကုန်ပြင်ဆင်၍သွားရသောအချိန်ဖြစ်၏။ သာဝတ္ထိ၏ လမ်းများတွင် သူတို့ရထားများ၊ မြင်းများ၊ အခြံအရံများဖြင့် ပွဲတော်တမျှစည်ပင်၍ သာဝတ္ထိသူ၊ သာဝတ္ထိသားတို့အဖို့ အဘယ်သူက အခြံရံများသည်၊ ဘယ်သူ့ရထားကလှသည်၊ ဘယ်သူ့မြင်းက သာသည်ဟု အပြိုင်အဆိုင်ပြောဆိုကာ ငေးမျှော်ကြည့်ကြရသော အချိန်များဖြစ်၏။

မြို့စားရွာစား၊ ပညာရှိသူကြွယ်များက ယင်းသို့ အပြိုင်အဆိုင်ပြုကြသော် သူတို့ကတော်များဖြစ်သော မိန်းမသားများအဖို့ အထူးဆိုဖွယ်မရှိတော့။ သူတို့ယောက်ျားများ နံဘေးတွင် ပိုးဖဲကတ္တီပါ၊ စိန်ရွှေရတနာတို့ဖြင့် ဝေဝေဆာဆာ ထိန်ထိန်တောက်လျက် ရှိကြသည်။ သို့ရာတွင် သူတို့အားလုံးကို ရာဇဂြိုဟ်မှ ရောက်လာသော ဓနဥ္စယသူဌေးသမီး ဝိသာခါက လွှမ်းပစ်လိုက်၏။ အကြောင်းမှာ အမျိုးသမီးတို့၏ အဝတ်အဆင်များအနက် ယနေ့ထက်တိုင် ထိပ်တန်းဝတ်စုံဖြစ်သော ကိုးကုဋေကျော်တန် မဟာလတ္တာ စိန်ဒေါင်းပျံ ဝတ်စုံဖြင့် သာဝတ္ထိအလယ်တွင် ကြွားဝင့်၍ ပြခဲ့သောကြောင့် ဖြစ်သည်။

ယင်းသို့ အပြိုင်အဆိုင် သူတို့အားလုံးအပေါ်တွင် သူတို့ကို အရှုံ့တိုက်သော သူဌေးတစ်ယောက်လည်း ထူးထူးခြားခြားရှိပေသေး၏။ ထိုသူဌေးကွယ်လွန်၍ အမွေခံ မရှိသောကြောင့် ဥပဒေအရ ကောသလဘုရင်က ထိုသူဌေး၏ ပစ္စည်းများကို သိမ်းယူရသောအခါ ရွှေချည်းပင် ရှစ်သန်းတန်ဖိုးရှိသည်။ ငွေအသပြာအရေအတွက်မှုကား အထူးပြောဖွယ်မရှိ။

ထို့ကြောင့် ထိုသူဌေးသည်လည်း အပြိုင်အဆိုင်သူဌေးတို့အလယ်တွင် အကယ်၍ ပြိုင်လိုခဲ့ပါသော် သူများနည်းတူ ပြိုင်နိုင်ဆိုင်နိုင်သူသာဖြစ်၏။ သို့ရာတွင် သူများတကာ ယာဉ်အပြိုင်၊ မြင်းအပြိုင်စီးနေကြသည့်အကြားတွင် သူကမူ လှည်းအိုကြီး

ဖြင့် နွားကိုသာတပ်၍စီး၏။ နေပူတွင် သူများတကာ ထီးအပြိုင်ဆောင်းကြသည်ကို သူကမူ သစ်ရွက်ထီးဖြင့်သာ စပ်ဟပ်၍ဆောင်း၏ သူများတကာ ပိုးဖဲကတ္တီပါ ဝတ်ဆင်ကြသည့်အကြားတွင် သူကမူ သုံးနံစပ် ပိုက်ဆံလျှော်အဝတ်ကိုသာ အရှက်လုံသည် ဆိုရုံမျှဝတ်ဆင်၏။ အခြွေအရံဟူ၍လည်း တစ်ယောက်မျှမရှိ။ တစ်ယောက်တည်းသာ မျက်နှာပြောင်ပြောင်နှင့် လှည်းကိုကိုယ်တိုင်မောင်း၍သွားလေ၏။ သို့ဖြစ်၍ သူထွက်လာသောအခါ သာဝတ္ထိသားတို့အဖို့ သူ့ကိုကြည့်၍ တဟားဟားပွဲကျကြရသည်။

ယင်းသို့ဖြင့် သာဝတ္ထိသည် တစ်ဖက်တွင် ဘုရားရှင်၏ တရားတော်များဖြင့် ကုသိုလ်ကောင်းမှုအရာတွင် အပြိုင်အဆိုင် ဖြစ်ကြသည့်အလားတူ တစ်ဖက်တွင်လည်း ပစ္စည်းပြိုင်၊ အလှပြိုင် ဂုဏ်ပြိုင်နိုင်ငံတော်ဖြစ်လာ၏။

ယင်းတို့အနက် ဘုရင်မှတစ်ပါး သူတကာမယှဉ်သာအောင် ပြိုင်လိုက်မည်ဟု ကျိတ်၍ကြံနေသော ဘုရင့်အတိုင်ပင်ခံ ပညာရှိသူကြွယ်တစ်ဦးသည်ကား ဇာနုဿောနိ ဗြာဟ္မဏကြီးပင်ဖြစ်ပေသည်။

စိန်ရွှေရတနာ၊ တပည့်တပန်း၊ နေအိမ်အဆောက်အအုံတို့တွင် သူ့ထက်သာ သူများရှိနေသည်။

သာဝတ္ထိ၏ နွေရာသီကွန်းခိုရာဖြစ်သော ဆိပ်ကမ်းသာ ကျေးရွာတွင် ကွန်းခိုရိပ်သာဆောက်ရာ၌ပင် သူ့ထက်သာသူများရှိနေသည်။ အကြောင်းမှာ ပေါက္ခရသာတိတို့လို ထိပ်တန်းဗြာဟ္မဏကြီးများသည် ပညာရော ပစ္စည်းအခြွေအရံပါ သူ့ထက်သာလွန်သူများ ဖြစ်နေကြ၏။ ထို့ကြောင့် သူတို့ထက်သာလွန်အောင် ငေးမောပြောဆိုကြည့်ရှုရအောင် မည်သို့ပြုလုပ်ရအံ့ဟု ကျိတ်၍ကြံနေသည်။

ဤတွင် ဥတ္တရာပထ မြင်းကုန်သည်တို့ထံမှ ထူးခြားသော မြင်းဖြူတစ်ကောင်ကို တွေ့ရသောအခါ သူ့အကြံပေါ်လာသည်။ အဖြူဟူသည် ဗြာဟ္မဏတို့ အထွတ်အမြတ်ထားသော အရောင်ဖြစ်၍ မြင်းဖြူဟူသည် ရှားပါး၏။ သီးခြားသားစပ်ယူမှ ရနိုင်သော အမျိုးဖြစ်သည်။ အခြားမြင်းများထက် ဈေးကြီး၏။ ဤတွင် အကြံရှိသော ဇာနုဿောနိက မြင်းဖြူများကိုရနိုင်ပါမည်လောဟု မြင်းကုန်သည်တို့အားမေးမြန်းသောအခါ ထိုက်တန်သော ဈေးနှုန်းကိုပေးလျှင် ရနိုင်ပါသည်ဆို၏။ သို့နှင့် ဖွေးဖွေးဖြူသော မြင်းဖြူကြီးရှစ်ကောင် ရလာသည်။ အဖိုးတစ်သိန်းစီပေးရ၏။

ယင်းမြင်းဖြူကြီးများကို လုံခြုံအောင် ဝတ်ဆင်၍ သာဝတ္ထိမြို့တွင်းရှိ သူ့အိမ်သို့ လျှို့ဝှက်စွာ သွင်းယူလာသည်။ သူ့စိတ်ကူးအရ အခြားပြင်ဆင်စရာများရှိပေသေး၏။

သူ့ရထားပေါင်းချုပ်ကို အဖြူရောင်သက်သက်ဖြင့် ပြောင်လက်စွာ ဆေးသုတ်လိုက်၏။ ရထားကိုသာမက ရထားတွင် တပ်ဆင်သမျှ ကကြိုးတန်ဆာများကိုလည်း အဖြူရောင်ချည်းဖြစ်အောင် တစ်ပြိုင်တည်း လဲလိုက်သည်။ ရထားနှင့်အတူ လိုက်ပါကြရမည့် မြင်းထိန်းများနှင့် အခြွေအရံအားလုံးကိုလည်း အခြားအရောင်မနှော၊ အဖြူရောင်သက်သက်ကိုသာ ဝတ်ဆင်စေ၏။

ပြာဟ္မဏတို့သည် အခြေခံအားဖြင့် အဖြူရောင်ကို ဝတ်ဆင်ကြသော်လည်း အလှအပအဖြစ် အဖြူပေါ်တွင် အခြားအရောင်များ စွက်ဖက်ဝတ်ဆင်ကြမြဲဖြစ်၏။ သူကမူ အခြားအရောင်မစွက် အဖြူသက်သက်ဖြင့် မြင်းရော ပစ္စည်းတန်ဆာ အခြွေအရံအားလုံးပါ ဖွေးဖွေးဖြူစေသည်။

ယင်းသို့ဖြင့် သူ့စိတ်တိုင်းကျ အားလုံးပြင်ဆင်ပြီး၍ နောက်နေ့နံနက်တွင် မိမိကိုယ်ပေါ်တွင် အဖြူရောင်ပိုးသားအဝတ်တို့၏ အပေါ်မှ အဖြူစိန်သီး စိန်ပွင့်တို့ကို ဝတ်ဆင်ကာ ရွှေနန်းတော်သို့ အခစားဝင်ရန် သာဝတ္ထိမြို့အလယ်၌ အဖြူရောင်တန်းကြီးအဖြစ် ကြွကြွရွရွ ထွက်လာသောအခါ သာဝတ္ထိသူ သာဝတ္ထိသားတို့အဖို့ ပြဟ္မာမင်းတစ်ယောက် ထွက်ကြွလာသည့် ရှုမဝ အံ့ဩမဆုံး တရုံးရုံး လိုက်လံ၍ပင် ကြည့်ရှုကြကာ "ပြဟ္မာ့ယာဉ်၊ တကယ့်ကို ပြဟ္မာ့ယာဉ်ပါပဲ"ဟူ၍ ချီးကျူးသံ၊ ဩဘာသံများဖြင့် ဝေလျှံ၍ သွားတော့၏။

ဤတွင် နံနက်ခင်း ဆွမ်းခံကြွလာသော အရှင်အာနန္ဒာနှင့် ပြဟ္မာ့ယာဉ်တို့ ပက်ပင်းတိုး၏။

[ ၂ ]

အရှင်အာနန္ဒာက ဇာနုဿောနိ ပြာဟ္မဏကြီး၏ ကျက်သရေရှိလှစွာသောယာဉ်ကို သာဝတ္ထိမြို့သူမြို့သားများကဲ့သို့ပင် စေ့စေ့ကြည့်မိ၏။ သာဝတ္ထိသားတို့က 'ပြဟ္မာ့ယာဉ်' ဟူ၍ လိုက်ဖက်စွာ ကင်ပွန်းတပ်အမည်ပေးလိုက်သည့်အသံကိုလည်း ကြားလိုက်ရ၏။ မြင်းဖြူကြီးရှစ်ကောင်တို့ဖြင့် ကြွရွငြိမ့်ညောင်းစွာ မောင်းနှင်သွားသောယာဉ်ကို ဂရုတစိုက် ကြည့်လိုက်မိ၏။

ထိုနေ့က အခြားကိစ္စတော်များ ရှိနေသောကြောင့် ဘုရားရှင် ဆွမ်းခံမထွက်နိုင်။ ရှင်အာနန္ဒာတစ်ပါးတည်းသာ ဆွမ်းခံထွက်ကြွခဲ့ရ၏။ ညနေပိုင်း သံဃာ့မဏ္ဍပ် ဓမ္မသဘင်

သို့ ဘုရားရှင်ထွက်ကြွတော်မူလာသောအခါ အရှင်အာနန္ဒာက ဘုရားရှင်အား ယနေ့ မိမိဆွမ်းခံထွက်ရာတွင် ဇာဏုသောနိ ဗြာဟ္မဏကြီး၏ ထူးခြားသော ဗြဟ္မာ့ယာဉ်ကို တွေ့ရှိခဲ့ရပါကြောင်းဖြင့် ဘုရားရှင်အား လျှောက်ထားသည်။

"အရှင်မြတ်ဘုရား၊ တပည့်တော်သည် ယနေ့ ဆွမ်းခံထွက်ရာ၌ ဇာဏုသောနိ ဗြာဟ္မဏကြီး၏ ထူးခြားသောယာဉ်ကိုတွေ့ခဲ့ရပါ၏။ မြင်းတို့သည် ဖြူပါကုန်၏။ မြင်းတို့ပါမက ဆင်ယင်အပ်သော ကကြိုးတန်ဆာအားလုံးသည်လည်း အဖြူရောင်သာ ဖြစ်ပါကုန်၏။ အခြွေအရံအားလုံးတို့သည်လည်း အဖြူရောင်ချည်းသာ ဖြစ်ပါကုန်၏။ ဗြာဟ္မဏကြီးသည်လည်း အဖြူရောင် အဝတ်အဆင်တို့ကိုသာမက ဖိနပ်သည်ပင် အဖြူရောင်ဖြစ်ပါ၏။ ယင်းအဖြူရောင်တို့ကိုတွေ့မြင်ရသောအခါ ဖြူစင်သော တရားတော်နှင့် ယှဉ်တွဲတွေးမြင်မိပါ၏။ လူအများက 'ဗြဟ္မာ့ယာဉ်'ဟု ခေါ်ဝေါ် သမုတ် ကြသည်ကိုလည်း ကြားသိခဲ့ရပါ၏ဘုရား"

"မှန်လှပေ၏ အာနန္ဒာ၊ 'ဗြဟ္မာ့ယာဉ်'ဟူသည် ဖြူစင်သော 'ဓမ္မယာဉ်'၏ အမည်ဖြစ်၍ သံသရာမှ ကူးမြောက်ရာ မဂ္ဂရှစ်ပါး၏ အမည်ဖြစ်ပေသည်။ အကြောင်းမူကား အကြင်မဂ္ဂင်ရှစ်ပါးတည်းဟူသော ရထားယာဉ်၌ သဒ္ဓါနှင့် ပညာတရားနှစ်ပါးကို အခါခပ်သိမ်း ဥပေက္ခာတည်းဟူသော ထမ်းပိုး၌ က, အပ်ကုန်၏။ ရှက်ကြောက်မှု ဟီရိတရားသည် ရထားသန်မည်၏။ ဝိပဿနာမင်စိတ်သည် ဇက်ကြိုးမည်၏။ အစဉ် အောက်မေ့မှု သတိတရားသည် ရထားထိန်းမည်ပေ၏။

"မဂ္ဂင်ရထား၌ အကျင့်သီလသည် အဆင်တန်ဆာမည်၏။ အားထုတ်မှု ဝီရိယသည် ဘီးဖြစ်၍ တစ်ဖက်ဖက်သို့ မတိမ်းစောင်းစေဘဲ လျစ်လျူရှုချိန်ဆမှု ဥပေက္ခာဖြင့် ရထားဦးကို တည်ငြိမ်စေ၏။ လောဘမရှိသည်ကား ရထား၏အကာအရံဖြစ်ပေ၏။

"သူတစ်ပါးကို မပျက်စီးစေလိုမှု = အဗျာပါဒ၊ မညှဉ်းဆဲစေလိုမှု = အဝိဟိံသာ၊ ဆိတ်ငြိမ်မှု = ဝိဝေကတို့သည် မဂ္ဂင်ရထား၌ တည်သူ၏ လက်နက်တို့မည်ကုန်၏။ သည်းခံခြင်းသည် ထိုသူ၏ ချပ်ဝတ်တန်ဆာပေတည်း။ ယင်းသို့ဖြင့် မဂ္ဂင်ရထား၌ တည်သူသည် ယောဂတို့၏ ကုန်ဆုံးရာ နိဗ္ဗာန်သို့ ရှေးရှုမောင်းနှင်၏။ ယင်းသို့ဖြင့် ထိုဗြဟ္မာ့ယာဉ်၊ ဓမ္မယာဉ်၊ မဂ္ဂင်ရထားကို စီးသူသည် အောင်ပွဲမှန်သမျှကို အောင်မြင်၍ လောက၏ ဆင်းရဲဒုက္ခအပေါင်းမှ ထွက်မြောက်နိုင်ကုန်သည်"

ရဟန်းတော်တို့အဖို့ အရှင်အာနန္ဒာ၏ လျှောက်ထားချက်အရ ဗြဟ္မာ့ယာဉ်ကို မြင်ယောင်ကြရရာမှ ဘုရားရှင်၏ ဥပမာ နှိုင်းယှဉ်ချက်အရ မဂ္ဂင်တည်းဟူသော ဓမ္မယာဉ်

ကို ထင်ထင်ကြီးမြင်၍ လာကြကာ တရားတော်အဆုံး၌ သာဓုသံများသည် ဟိန်းထွက်၍ သွားလေတော့သည်။ ။

# သူဌေးကြီးဦးကပ်စေး

[ ၁ ]

ဘုရားရှင်လက်ထက်တော်၌ စာဝင်ပေဝင် နာမည်ကျော် သူဌေးကြီး ဦးကပ်စေး သုံးယောက်ရှိသည်။ တစ်ယောက်မှာ မုန့်အိုးကင်းကလေး စားချင်သည်ကိုပင် သူတကာ မြင်လျှင် ပေးရကမ်းရမည်ကြောင့် ဘုံခုနစ်ဆင့်တက်၍ကြော်သော ဦးကပ်စေး (မစ္ဆရိယ ကောသိယ) ဖြစ်၏။

သူ့ဖြစ်ရပ်မှာ ဇာတ်တော်ပေါင်း များစွာအနက် ရှားရှားပါးပါးဟာသ ဇာတ်တော် တစ်ပုဒ်ဖြစ်၏။ အရှင်မောဂ္ဂလာန်၏ တန်ခိုးတော် ကျေးဇူးကြောင့် ဦးကပ်စေးဘဝကို စွန့်လွှတ်ကာ နောင်ခါ၌ ဘုရားရှင်၏ ဒါယကာတစ်ဦး ဖြစ်လာသည်။

သူ့အကြောင်းကို ဟာသအဖြစ် ပြောကြရာ၌ မုန့်အိုးကင်းကို မုန့်ဆီကြော်နှင့် လွဲမှား၍ပြောတတ်ကြသည်။ မုန့်အိုးကင်းဟူသည် မုန့်ရည်ကို အိုးကင်းသို့ ထည့်လိုက်ပြီးလျှင် ကျက်သောအခါ ပဲလွှန်းစေ့ကလေး သုံးလေးစေ့ကို အပေါ်မှဖြူး၍ စားရသော ဆင်းရဲသားအစာတစ်ခုဖြစ်၏။ မုန့်အိုးကင်းဟုလည်းခေါ်သည်။ ယင်းကိုပို၍ စားကောင်းရန် ဆီဆွတ်ထားသော အဝတ်ဆီဖတ်ကလေးဖြင့် ရိုက်လိုက်သောအခါ မုန့်ပြားသလက် ဖြစ်လာသည်။ မုန့်ဆီကြော်ဟူသည်ကား မုန့်ရည်ကို ဆီအိုးဖြင့် ကြော်ရသောမုန့်ဖြစ်၏။

မုန့်အိုးကင်းကလေးစားဖို့ကိုပင် မိမိပါးစပ်အတွက် မသထာသော ဦးကပ်စေးအဖို့ ဆီကို အဘယ်ပုံ အကုန်ခံနိုင်ပါအံ့နည်း။

နောက် ဦးကပ်စေးတစ်ယောက်မှာ ကောသလဘုရင်က ဘုရားရှင်ကို လျှောက်ထား၍ သိရသူဖြစ်၏။ သုံးမကုန် ဖြုန်းမကုန်အောင် ကြွယ်ဝသူဖြစ်ပါလျက် ထန်းပြားဖိနပ်ကိုသာစီး၊ သစ်ရွက်ထီးမျှကိုသာဆောင်းကာ သေသောအခါ အမွေ ဆက်ခံမည့်သူမျှမရှိ၍ ကောသလဘုရင်က ပစ္စည်းအားလုံး သိမ်းယူလိုက်ရသည့် အကြောင်း ဘုရားရှင်သို့ လျှောက်ထား၍ သိရရုံမျှဖြစ်သည်။ ကယ်ချွတ်ခွင့် မကြုံလိုက်ရ။ (ဗုဒ္ဓစာပန်းချီ 'နေညိုညို' နှင့် 'ဖြာဟ္မာ့ယာဉ်'ဝတ္ထုများကို ဖတ်ပါ)

ယင်းသူဌေး ဦးကပ်စေးအကြောင်းကို ပိဋကတ်တော်က စေးနှဲသူအဖြစ်မျှ ဖော်ပြထားစေကာမူ ယင်းသူဌေးသည်လည်း ဟာသသမားလူ့ကတ်ဖဲ့ကြီးတစ်ယောက် ဖြစ်ဟန်ရှိ၏။ အကြောင်းမှာ သာဝတ္ထိရွှေမြို့တော်၏ မင်းစိုးရာဇာ သူဌေးသူကြွယ်တို့သည် သူ့ထက်ငါသာ ယာဉ်အဖိုးတန် ယာဉ်အလှမျိုးစုံတို့ဖြင့် အပြိုင်အဆိုင် စီးနင်းကြွားဝါ နေကြသည့် အလယ်တွင် သူကမူ သူတကာလို အပြိုင်စီးနိုင်သော သူဌေးကြီးဖြစ်ပါလျက် သူ့ဝန်းကျင်ကို အရွဲ့တိုက်ကာ လှည်းအိုကြီးကိုစီး၊ သစ်ရွက်ထီးကိုဆောင်း၊ ဂုန်လျှော် နံ့စပ်ပုဆိုးကိုဝတ်၊ ထန်းဖိနပ်ကိုစီးကာ အရွဲ့တိုက်၍ပြသောကြောင့် ဖြစ်လေသည်။

ယခုဖော်ပြမည့် ဦးကပ်စေး (အဒိန္နပုဗ္ဗက)သည်လည်း စံတင်လောက်သူပင် ဖြစ်၏။ သားကလေးတစ်ယောက် ထွန်းပေါက်ထားရာ သားကိုလည်းချစ်၏။ ပစ္စည်းကို လည်းချစ်၏။ သို့သော် သားထက်ပစ္စည်းကိုပို၍ချစ်သည်။

သူဌေးသားဖြစ်ပါလျက် မလျော်လှသောကြောင့် မိခင်သူဌေးကတော်ကြီး၏ ချော့မော့တိုက်တွန်းချက်အရ သားကလေးကို ရွှေနားတောင်းတစ်ရန်လုပ်၍ ဆင်ပေးထား ရသည်။ သို့ရာတွင် နားတောင်းကို ပန်းထိမ်သို့အပ်၍ လုလုပပလုပ်ပေးရလျှင် ပိုက်ဆံကုန်မည်ကြောင့် ရွှေချောချောတစ်ချောင်းကို ကိုယ်တိုင်နားကွင်းတပ်၍ ဆင်ပေးထား သည်။ သို့နှင့် ကပ်စေးနှဲလှသော သူဌေးဦးကပ်စေးကို ပြောင်လှောင်ရာ ကျလေအောင် သူ့သားကို 'နားတောင်းမောင်'ဟုသာ အများက ပြောင်၍ခေါ်ကြသည်။

နားတောင်းမောင်အဖို့ သူဌေးသားဖြစ်ပါလျက် ဖခင်ကပ်စေးနှဲလှသောကြောင့် သူများနည်းတူ မသုံးနိုင်မစွဲနိုင်၍ မျက်နှာငယ်ရသော်လည်း အမြော်အမြင်ရှိသူဖြစ်သည်။ အပေါင်းအသင်းဆံ့သည်။ အပေါင်းအသင်းများနှင့်အတူ ဇေတဝန် ကျောင်းတော်သို့ သွားသည်။ ကျောင်းတော်တွင် လှူစရာမရှိ၍ မလှူနိုင်သော်လည်း တရားနာရင်းဖြင့် ဘုရားရှင်၏ အဆင်းတော်ကိုမူကား ကြည်ညိုလှသူဖြစ်သည်။

ဖခင်ကြီးမှုကား နောက်မှပေါ်လာသော ဘုရားရှင်ကို ထား၍ အစဉ်အလာအားဖြင့် ကိုးကွယ်လာခဲ့ကြသော ဗြာဟ္မဏတိတ္ထိ ရဟန်းများကိုပင် ကိုးကွယ်သူမဟုတ်၊ အကြောင်းမှာ ရဟန်းသံဃာကို ကိုးကွယ်မှုဟူသည်မှာ လှူရတန်းရမှုနှင့် တွဲဖက်လျက်ရှိပေရာ ဆွမ်းတစ်ယောက်မျှကိုပင်မပေးလှူလိုသော ဦးကပ်စေးအဖို့ ပေးရကမ်းရမည်ကြောင့် ဖြစ်သည်။ သားမယားအပေါ်သို့ပင် စေတနာမရှိသော ဦးကပ်စေးအဖို့ ရဟန်းသံဃာကို အဘယ်ပုံ စေတနာထားနိုင်ပါအံ့နည်း။

အမြော်အမြင်ရှိသော သားကလေးက "အဖေ၊ သူများတကာတွေ ဇေတဝန်ကျောင်းတော်ကို တရုံးရုံးနဲ့ သွားနေလိုက်ကြတာ၊ အဖေလဲ တစ်ခါလောက်သွားပါလားဗျ၊ ဂေါတမဘုရားရှင်က သိပ်ကြည်ညိုဖို့ကောင်းတာ"ဟု စည်းရုံးကြည့်မိသည်။

"မင့်ဟာ မင်းသာ သွားပါကွာ၊ ဘုန်းကြီး ရဟန်းဆိုတာ သိပ်အလှူခံရဲတာ၊ ငါ့ပစ္စည်း အကုန်မခံနိုင်ဘူး"

"အဖေ့မှာ ဒါလောက် ချမ်းသာနေတာပဲ၊ နည်းနည်းပါးပါးတော့ ပေးလှူသင့်တာပေါ့"

"ဟေ့–လူကလေး၊ ပစ္စည်းဆိုတာ ကပ်စေးနဲ့နိုင်မှ ချမ်းသာတာကွ၊ ချမ်းသာချင်ရင် ကပ်စေးနဲ့ရတယ်"

"ဘုရားရှင်ကို ဘုရင်တောင် ကိုးကွယ်နေပြီဗျ"

"သူများ ကိုးကွယ်တိုင်း ငါက မကိုးကွယ်နိုင်ဘူး"

"အနာထပိဏ်သူဌေးတို့ ဝိသာခါတို့ဆိုရင် ဘုရားရှင်ကို သွန်ပြီးလှူနေကြတာဗျ"

"သွန်ပြီးလှူလို့ မင့်အနာထပိဏ်သူဌေး မွဲသွားသေးတယ်မဟုတ်လား၊ ငါ့လာဆရာမလုပ်နဲ့"

နားတောင်းမောင် လက်လျှော့ရတော့သည်။ ဖခင်ကြီးက ပစ္စည်းသုံးဖြုန်းရန်မှ လွဲ၍ သားကလေးကို အစစအရာရာ အလိုလိုက်သည်။ ဇေတဝန်သို့ နားတောင်းမောင် မကြာခဏရောက်သည်။ တရားတော်ကို စွဲမက်သည်ထက် ဘုရားရှင်၏ အဆင်းတော်ကို ကြည်ညိုသောကြောင့် ဖြစ်၏။

အတွေးအခေါ်ရှိသော နားတောင်းမောင်က ဤလောက၌ အပြစ်ကင်းသော အဆင်းဟူသည် အလွန်ရှားပါးသည်။ အလွန်တွေ့ကြုံရခဲသည်ဟု စဉ်းစားသည်။ လှသော ပန်းကလေးများသော်မှ ဆူးကလေးများနှင့် တွဲဖက်နေတတ်သည်။ ဘုရားရှင်၏ အဆင်းတော်ကား အလွန်သန့်ရှင်းလှ၏ဟု အဆင်းတော်ကို ကြည်ညိုသည်။

ထိုအခိုက် နားတောင်းမောင်တွင် မမျှော်လင့်သော အဖျားရောဂါဝင်လာ၍ မိဘနှစ်ပါး ပျာယာခတ်သွားကြသည်။ သို့ရာတွင် မိခင်ကြီးက အဖျားရောဂါကိုကုဖို့ ဆေးဆရာကို ပင့်ခေါ်ရန် တိုက်တွန်းသောအခါတွင်မူ ဦးကပ်စေးက "ဆရာပင့်ခေါ်ရင် ပိုက်ဆံကုန်မှာပေါ့"ဟု ကန့်ကွက်သည်။

"ဒါလောက်တော့ အကုန်ခံရမှာပေါ့၊ ကုန်သင့်တာကို အကုန်ခံရမှာပေါ့ရှင်"

"အဲဒီကုန်သင့်တာဆိုတာတွေနဲ့ပဲ မွဲကြတာပဲ၊ 'ပျားနှယ်မယွင်း၊ ခြနှယ်သွင်း၊ မျက်စဉ်းလို မဖြုန်းနှင့်'ဆိုတဲ့ ပူရာဏ်စကား မင်းမကြားဖူးဘူးလား၊ ပစ္စည်းဆိုတာ ပျားလိုအုံဖြစ်အောင် စုရတယ်၊ ခြလိုတောင်ပို့ ဖြစ်အောင် ကြိုးစားရတယ်၊ ကုန်သင့်တယ် ဆိုပြီး မျက်စဉ်းလို တတိတတိ မသုံးရဘူး"

"ဒီလိုဆိုရင် သားကလေးကို ဒီအတိုင်း ကြည့်နေတော့မှာလား၊ အဖျားက ကြီးတယ်၊ သေသွားနိုင်တယ်ရှင့်"

"ရှင်မ ဘာမှမပူနဲ့၊ ငါ့မှာ အဖျားပျောက်ဖို့နည်းရှိတယ်၊ အဲဒီနည်းအတိုင်းပဲ လုပ်မယ်"

"ပျားကိုပုံတု၊ ခြနှယ်စု"ဟူသော စကားမှာ ဗြာဟ္မဏာတို့၏ ပူရာဏ်နီတိဖြစ်သည်။ မျက်စဉ်းလိုပင် မဖြုန်းနှင့်ဟူသော စကားမှာလည်း ပူရာဏ်စကားပင်ဖြစ်သည်။ မျက်စဉ်း ပုလင်းမှ တစ်စက်စီယူ၍ ခပ်ရင်းနှင့် ကုန်သွားရသည်ဟူ၏။ ကြွယ်ဝလိုလျှင် ပျားကိုပုံတု၊ ခြနှယ်စုရမည်မှန်ပါ၏။ သို့ရာတွင် ဦးကပ်စေးအဖို့တော့ လွန်လွန်းသည်။

သားကလေးကို ကုဖို့ သူ့မှာနည်းရှိသည်ဟူသောအတွေးမှာ ကောက်တကျစ် နည်းပင်ဖြစ်၏။ အကြောင်းမှာ သည်လိုရောဂါမျိုးဖြစ်လျှင် ဘယ်လိုဆေးမျိုးကို တိုက်ကျွေးရပါသနည်းဟု ဆေးဆရာထံသွား၍ လှည့်ပတ်ဖျောင်းဖျမေးမည့်နည်းဖြစ်သည်။

စိတ်ကူးအတိုင်းပင် ဆေးဆရာထံသွား၍ မေးသည်။ ဦးကပ်စေးအကြောင်းကို သိ၍ အမြင်ကတ်နေသော ဆေးဆရာက တော်ရုံလျော်ရုံ တလွဲတချော်ပြောလွှတ်သည်။ ထိုနည်းအတိုင်း စီစဉ်၍ ကိုယ့်ဟာကိုယ်ကုသသောအခါ နားတောင်းမောင် ရောဂါမှာ ပို၍ ပြင်းထန်လာ၏။

ပြင်းထန်ရုံမျှမက မျက်ဖြူဆိုက်၍လာသည်ကို တွေ့ကြရသောအခါ မိခင်ကြီး ပျာယာခတ်သလောက် ဦးကပ်စေးအဖို့ အတွေးတစ်မျိုး ဝင်လာပြန်၏။ သားကလေး ကွယ်လွန်တော့မည်ကို နှစ်ဦးစလုံးသိလာကြသည်။ "ရှင့်ကြောင့် ဒီလိုဖြစ်ရတာ"ဟု မိခင်ကြီးက ပြောသောအခါ "သတ္တဝါဆိုတာ သေနေ့စေ့ရင် သေရမှာပဲကွ"ဟု ဆင်ခြေ ပေးသည်။

ဦးကပ်စေး၏ အတွေးမှာ သားကလေးသေလျှင် ဟိုက ဒီက အမေးအမြန်း ရောက်လာကြမည်။ ထိုအခါ အိမ်တွင်းပစ္စည်းများကို သူတစ်ပါးတို့ မြင်ကုန်လိမ့်မည် ဆိုကာ သားလူနာကို အတွင်းခန်းမှ အပြင်ခန်းသို့ ထုတ်လိုက်သည်။ ဤအိမ်တွင် သူသာဘုရင် သူသာအဓိကဖြစ်သောကြောင့် မိခင်ကြီးအဖို့ ကြည့်၍သာ နေရတော့သည်။

သေရတော့အံ့မူးမူး နားတောင်းမောင်အဖို့ အိမ်ကပြင်တွင် သတိမရတစ်ချက် ရတစ်ချက်နှင့် ပက်လက်ကလေးနှင့်ဖြစ်နေ၏။ ထိုအချိန်တွင် နားတောင်းမောင်ကို ကယ်တယ်ရန်အတွက် ဘုရားရှင် ကြွရောက်တော်မူလာသည်။

ဤသူငယ်သည် ဗုဒ္ဓါနုဿတိသမားဖြစ်၏။ ကယ်ချွတ်ထိုက်သော သတ္တဝါတို့ကို ကယ်ချွတ်ရန် ဗုဒ္ဓကိစ္စတော်တစ်ရပ်အဖြစ် မပြတ်ရှုကြည့်တော်မူသော ဘုရားရှင်သည် နားတောင်းမောင်ကွယ်လွန်အံ့ဆဲဆဲ၌ ဘဝကူးကံကောင်းစေရေးအတွက် သူကြည်ညိုသော အဆင်းတော်ကိုပြသရန် ကြွရောက်တော်မူလာခြင်းဖြစ်၏။ ရည်မှန်းချက်မှာ နားတောင်း မောင်ကို အကြောင်းပြု၍ နောက်ပိုင်းတွင် အရိယာစခန်းသို့ တက်လှမ်းကြမည့်သူများ အထိပင်ဖြစ်၏။

ဘုရားရှင်သည် ဆွမ်းခံရင်းဖြင့် နားတောင်းမောင်၏အိမ်ရှေ့သို့ ကြွရောက်တော် မူပြီး မိန်းမောလျက်ရှိသော နားတောင်းမောင်အား ဗုဒ္ဓါနုဿတိအာရုံ ထင်ထင်မြင်နိုင်ရန် အတွက် အိမ်ရှေ့တွင်ရပ်ကာ နားတောင်းမောင်သို့ ရောင်ခြည်တော်ကိုလွှတ်၍ ပြတော်မူ၏။

အိမ်ရှေ့တွင် ရပ်တော်မူလာသည်ကို လူူရမည်စိုးသောကြောင့် ဦးကပ်စေးက မမြင်ချင်ပြု၍နေ၏။ ဘာသာတစ်ပါးဖြစ်သော မိခင်က ခပ်မဆိတ်နှင့် မသိချင်ပြု၍နေ၏။ မရဏာဒုက္ခဖြင့် သေအံ့ဆဲဆဲ တွေဝေမိန်းမောလျက်ရှိသော နားတောင်းမောင်အဖို့ကား မိမိမျက်နှာဆီသို့ ယှက်ဖြာကျရောက်၍လာသော ရောင်ခြည်တော်များမှတစ်ဆင့် လျှောင်းလျက်နှင့်ပင် ဘုရားရှင်ကိုဖူးမြင်လိုက်ရသောအခါ နတ်ဆေးကို သောက်လိုက် ရဘိသကဲ့သို့ နုလုံးသား လန်းဆတ်ကြည်လင်၍သွားသည်။ 'ဩော်၊ ငါတို့အိမ်သို့ ဘုရားရှင်ကိုယ်တော်တိုင် ကြွလာတော်မူပါတကား'ဟု ခန္ဓာကိုယ် မလှုပ်နိုင်သော်လည်း စိတ်ဖြင့်ရှိခိုးလိုက်သည်။

ထိုအခိုက်တွင်ပင် ကွယ်လွန်ရှာ၏။ ထိုအခိုက်တွင်ပင် ကြီးစွာသော ဘုံဗိမာန် အခြွေအရံတို့နှင့်တကွ နားတောင်းနတ်သားဖြစ်သတည်း။

[ ၂ ]

ချစ်စွာသော သားကလေးကွယ်လွန်ပြီဆိုတော့ သူဌေးဦးကပ်စေးအဖို့ သားကလေးကို နောက်ဆုံးပြုစုသည့်အနေဖြင့် သုသာန်တွင် အုတ်ဂူလှလှကလေးဖြင့် ထည့်သွင်း

သဂြိုဟ်သည်။ မျက်ရည်စက်လက်ဖြင့် သားကလေးကို တမ်းတရင်းဖြင့် မပြတ်ငိုသည်။ သာမန်ငိုရုံမျှမဟုတ်၊ သုသာန်သို့ နေ့စဉ်လိုပင် သွားရောက်၍ အုတ်ဂူလေးကိုပွတ်ကာ သပ်ကာနှင့် "ငါ့သားလေး၊ အဖေတို့ဆီပြန်လာပါ"ဟု တမ်းတငိုယိုသည်။ အကြောင်းမှာ သားသမီးပစ္စည်းဥစ္စာဟူသည် မိမိ၏ပစ္စည်းပင်ဖြစ်ရာ မိမိပစ္စည်းကိုချစ်သော ဦးကပ်စေးအဖို့ သားတည်းဟူသော ချစ်ခြင်းအပေါ်တွင် မိမိပစ္စည်းဆုံးရှုံးရမှုကို အပူကြီးပူ၍ ငိုယို တမ်းတခြင်းဖြစ်သည်။

ဤအဖြစ်ကို နားတောင်းနတ်သားက မြင်သောအခါ အသက်ရှိစဉ်တွင်မူ ဂရုမစိုက်ဘဲနှင့် ကွယ်လွန်မှ အဖြစ်သည်းလျက်ရှိသော ဖခင်ကြီးကို သရော်လိုသည်။ ဆုံးမလိုသည်။ သရော်ဖို့ဆုံးမဖို့ နည်းလမ်းကိုလည်း ချက်ချင်းပင် စဉ်းစားမိလာ၏။

ထို့ကြောင့် ဖခင်ကြီးကို သရော်ရန်၊ ဆုံးမရန်အတွက် ဖခင်ကြီးငိုယိုလျက်ရှိသော အုတ်ဂူနံဘေးရှိ အခြားအုတ်ဂူတစ်ခုတွင် လုလင်ပျိုယောင်ဖန်ဆင်းရပ်တည်ကာ ဖခင်ကြီးက "ငါ့သားလေး၊ ငါတို့ဆီ ပြန်လာခဲ့ပါ လူကလေးရဲ့"ဟု တမ်းတငိုယိုသည်နှင့် တစ်ပြိုင်နက်ပင် "အဖေ၊ ငါ့ကို ဘီးကြီးနှစ်ဘီး လုပ်ပေးလှည့်ပါ အဖေရဲ့"ဟု အော်ဟစ်ကာ ငိုချင်ယောင်ပြသည်။

ဦးကပ်စေးအသံရပ်သွား၏။ အသံရှင်ဆီသို့ လှမ်း၍ကြည့်လိုက်သောအခါ မိမိအလားတူ ငိုယိုလျက်ရှိသော လုလင်ပျိုချောချောလေးကို တွေ့ရသည်။ အံ့ဖွယ် ကောင်းသည်မှာ ထိုလုလင်ပျိုသည် ကွယ်လွန်သူ မိမိသားအရွယ်ပင်ဖြစ်၍ မိမိသားနှင့် အင်္ဂါရုပ်ချင်း ချွတ်စွပ်မျှတူနေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် သားမှဆက်နွှယ်၍ လုလင်ပျိုအပေါ်တွင် အချစ်မေတ္တာဝင်၍လာကာ စိန်းစိန်းကြည့်လျက် "လူကလေးက ဘယ်သူသေလို့ ငိုတာလဲကွယ့်"ဟုမေးလိုက်သည်။

"ဦးလေးက သားသေလို့ငိုတယ်၊ ကျွန်တော်က အဖေသေလို့ ငိုတယ်လေ"

"လူကလေး ငိုတဲ့အထဲမှာ ဘီးကြီးနှစ်ခုလို့ ကြားလိုက်မိပါတယ်"

"ဟုတ်တယ် ဦးလေး၊ အဖေမသေမီက ဘီးကြီးနှစ်ခုကို ယူပေးမယ်လို့ ပြောခဲ့တယ်။ ယူမပေးမီ အဖေသေသွားလို့"

သားနှင့်တူသော လုလင်ပျိုအပေါ်တွင် သံယောဇဉ်ကပ်လာသော ဦးကပ်စေးက လုလင်ပျိုအလိုပြည့်စေရန် မိမိလုပ်ပေးမည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုမှဆက်၍ လုလင်ကို သားကိုယ်စားမွေးစားမည်အထိ အာရုံကပ်လိုက်သည်။

"မင်းအဖေကိုယ်စား ဦးလေးလုပ်ပေးပါမယ် လူကလေးရဲ့၊ မငိုပါနဲ့တော့။ ဘယ်လိုဘီးလဲ၊ ရွှေဘီးလား ငွေဘီးလား"

"ကျွန်တော်လိုချင်တဲ့ဘီးက ရွှေဘီးလဲ မဟုတ်ပါဘူး၊ ငွေဘီးလဲမဟုတ်ပါဘူး။ ဟောဟို ကောင်းကင်က နေမင်းတည်းဟူသောဘီးကြီးနဲ့ ညအခါမှာထွက်တဲ့ လမင်းတည်းဟူသော ဘီးကြီးနှစ်ဘီးပါ။ ဦးလေးရအောင်ယူပေးပါ"

"ဒါတော့ ဘယ်မှာဖြစ်နိုင်ပါ့မလဲ လူကလေးရဲ့"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ။ အဖေကတောင် ယူပေးမယ်လို့ ပြောခဲ့သေးတာ"

"လူကလေးက မိုက်မဲတဲ့အရွယ်မို့ မင်းအဖေက ချော့မော့ပြီး လိမ်ပြောခဲ့တဲ့ စကားပါ။ တကယ်ဆိုတော့ နေနဲ့လကို ယူပေးဖို့ဆိုတာ ဘယ်မှာဖြစ်နိုင်ပါ့မလဲ"

"နေနဲ့လဆိုတာ ထင်ရှားမြင်နေရတယ်။ ဝိုင်းဝိုင်းကြီးကိုရော သူ့အရောင်အဆင်းကိုပါ ထင်ထင်ရှားရှားတွေ့နေရတာပဲ။ ထင်ရှားရှိတဲ့အရာကို ဘာဖြစ်လို့ ယူမပေးနိုင်ရမှာလဲ၊ ဘာဖြစ်လို့မတောင့်တရမှာလဲ။ ဦးလေးတောင် ထင်ရှားမရှိတော့တဲ့ ကိုယ့်သားကို တောင့်တပြီးနေ့တိုင်း ငိုနေတာမဟုတ်လား။ ဦးလေးက ထင်ရှားမရှိတာတောင့်တတယ်၊ ကျွန်တော်က မျက်မြင်ထင်ရှားရှိတာကို တောင့်တတယ်။ ဦးလေးနဲ့ ကျွန်တော်ဘယ်သူက ပိုမိုက်သလဲ"

ထိုစကားကြောင့် ဦးကပ်စေးအဖို့ ပါးစပ်မှ ဟယ်ကနဲဖြစ်ကာ ကိုယ်ကိုမတ်မတ်ထောင်၍ အံ့အားသင့်သွားသည်။ ကောင်းလိုက်သည့်စကား၊ ကောင်းလိုက်သည့် ဥပမာဟု သက်ဝင်ဝမ်းမြောက်သွားသည်။ ဤသူငယ်ကို ရှေးကမမြင်စဖူး။ ရုပ်ရည်ကလည်း ထူးခြားလှပါချည့်။ မိမိအပူငြိမ်းအောင် ဤမျှကောင်းမွန်မြင့်မြတ်သော စကားဥပမာကို ပြောလာနိုင်သည်မှာ လူမှဟုတ်ပါလေစဟု "လူကလေးဥပမာကြောင့် ဦးလေး အပူငြိမ်းသွားရပါပြီ။ လူကလေးစကားက ကောင်းလှချည့်လား။ လူကလေးဟာ လူသားမှ ဟုတ်ပါလေစ"ဟု မေးလိုက်သည်။

"ကျွန်တော်ဟာ လူမဟုတ်ပါဘူး၊ လူ့ဘဝက အဖေ့သား နားတောင်းမောင်ပါ။ ဂေါတမဘုရားရှင်ကို ကြည်ညိုခဲ့တဲ့ကောင်းမှုကြောင့် ကွယ်လွန်ပြီးတဲ့နောက် အခု တာဝတိံသာ ရောက်နေပါတယ်။ တာဝတိံသာ နတ်သားပါ"

ထိုစကားကြောင့် "ဟယ်၊ အံ့ဩစရာကြီးပါလား" ဟုဆိုကာ စိုးရွံ့စိတ်ကြောင့် နောက်သို့ တစ်လှမ်းဆုတ်သွားမိသည်။

လူသတ္တဝါသည် ပရလောကနှင့် ပရလောကသားဆိုသည်ကို ယုံသူလည်းရှိ၏။ မယုံသူလည်းရှိ၏။ ဗြာဟ္မဏနှင့် ဗုဒ္ဓတပည့်သားတို့ကမူ အခိုင်အမာယုံကြည်သည်။ ဖြစ်နိုင်လျှင် ပရလောကသားနှင့် တွေ့ကြုံလို၏။ သို့ရာတွင် အခွင့်သင့်၍ ယခုလို တွေ့ကြုံရသည့်အခါမျိုးတွင်လည်း စိုးရွံ့စိတ်ဝင်လာတတ်မြဲဖြစ်သည်။ ထို့ကြောင့် 'တာဝတိံသာနတ်' ဟု သိရသောအခါ ချောချောလှလှကလေးပင် ဖြစ်သော်လည်း

စိုးရွံ့စိတ်ကြောင့် နောက်သို့ဆုတ်လိုက်မိခြင်းဖြစ်သည်။ သို့ရာတွင် မိမိသားဟု သိလာသောအခါ သားတည်းဟူသော သံယောဇဉ်ဖြင့် အနီးသို့ချဉ်းကပ်လိုက်သည်။

''အံ့သြစရာကြီးပါလား လူကလေး၊ ငါ့သားရဲ့ ဆုံးမစကားကြောင့် အဖေဟာ အပူငြိမ်းပါပြီ။ ဒါကြောင့်မို့ လူကလေးက သားပေမယ့် အခုတော့ အဖေ့ဆရာပါ။ နို့ပေမယ့် လူ့ဘဝမှာ လူကလေးဟာ ဘာတစ်ခုမှ လှူတာတန်းတာမတွေ့ခဲ့ရဖူးဘဲနဲ့ တာဝတိံသာနတ် ဖြစ်တယ်ဆိုတော့ အဖေမယုံချင်လှသေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ လှူမှတန်းမှ အထက်နတ်ဘုံမှာဖြစ်တယ်လို့ ဆိုတာကိုး။

''ဂေါတမဘုရားရှင်ရဲ့တပည့် ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးဟာ နတ်ပြည်ကို သွားသွားပြီးပြန်လာတော့ ဘယ်သူဟာဖြင့် ဘယ်အလှူကိုလှူလို့ ဘယ်လိုနတ် ဖြစ်နေတယ်လို့ သာဝတ္ထိမှာ ကြုံတိုင်းဟောလေ့ရှိတယ်။ လူကလေးဟာ ဘာတစ်ခုမှ မလှူခဲ့ဘဲနဲ့ နတ်ဖြစ်တယ်ဆိုတော့''

''မှန်တယ် ဖခင်၊ ဖခင်ရဲ့ ကပ်စေးနဲ့မှုကြောင့် ဘာတစ်ခုမှလှူခွင့်မရခဲ့ပေမယ့် ဘုရားရှင်ကိုဖူးမြင်ရတဲ့ ကောင်းမှုကုသိုလ်တစ်ခုတည်းနဲ့ပဲ ကျွန်တော်ဟာ နတ်ဘဝ ရခဲ့ရိုးအမှန်ပါ။ အလှူဒါနသာပြုခွင့်ရရင် အတိုင်းထက်အလွန်ပေါ့။ လှူလို့တန်းလို့လဲ နတ်ဖြစ်နိုင်တယ်၊ ဘုရားရှင်နဲ့ ရတနာသုံးပါးကို ကြည်ညိုရုံနဲ့လည်း နတ်ဖြစ်နိုင်ပါတယ်။ နောက်ဆုံး မလှူမတန်း မကြည်ညိုနှင့်ဦးတော့ ငါးပါးသီလလုံရုံနဲ့လည်း ကောင်းရာ သုဂတိကို ရောက်နိုင်ပါတယ်''

''ကောင်းပြီ လူကလေး၊ ဒီနေ့ဒီအချိန်ကစပြီး အဖေဟာငါးပါးသီလ လုံခြုံအောင် ထိန်းသိမ်းပါတော့မယ်။ ဂေါတမဘုရားရှင်နဲ့ သံဃာတော်များကိုလဲ မနက်ဖြန်မနက်ကစပြီး လှူဒါန်းပါ့မယ်။ အထူးသဖြင့် ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးကိုတော့ ရအောင်ပင့်ရမယ်။ မလှူမတန်းဘဲ ဘုရားရှင်ကို ကြည်ညိုရုံနဲ့ နတ်ရွာရောက်ရတယ်ဆိုတာကိုတော့ အဖေ သံသယရှိနေသေးလို့ ဘုရားရှင်ကိုရော အရှင်မောဂ္ဂလာန်ကိုရော မေးမြန်းလျှောက်ထား ကြည့်ရဦးမယ်''

''ကောင်းပါပြီဖခင်၊ မေးဖြစ်အောင်မေးပါ၊ လှူဖြစ်အောင်လှူပါ။ ပြက်ပြက် ထင်ထင် မြင်လာသိလာပါလိမ့်မယ်''

နတ်လုလင်ကွယ်၏။ ဦးကပ်စေး ငေးမောကျန်ရစ်ခဲ့၏။

[ ၃ ]

အရှင်သာရိပုတ္တရာကို ဘုရားရှင်၏လက်ယာတော်ရံ အရှင်မောဂ္ဂလာန်ကို လက်ဝဲတော်ရံဟု သတ်မှတ်၏။ ပညာကို ဦးစားပေးရသည့် သဘောဖြစ်၏။ သို့ရာတွင် အရှင်မောဂ္ဂလာန်ကို

ဘုရားရှင်၏ လက်ယာတော်ရံ အရှင်သာရိပုတ္တရာကို လက်ဝဲတော်ရံဟုဆိုသော်ဆိုနိုင်ရာ၏။ အကြောင်းမှာ ယာလက်ရုံးသည် ဝဲလက်ရုံးထက် လှုပ်ရှားဆောင်ရွက်မှု များပြားလေရာ အရှင်မောဂ္ဂလာန်သည် အရှင်သာရိပုတ္တရာထက် လှုပ်ရှားမှုများသောကြောင့်ဖြစ်သည်။

ဗြာဟ္မဏတိတ္ထိတို့၏ ရန်သူများအနက် ဘုရားရှင်မှလွဲလျှင် လှုပ်ရှားမှုများသော အရှင်မောဂ္ဂလာန်သည် အကြီးဆုံးဖြစ်၏။ အခြားဆောင်ရွက်လှုပ်ရှားမှုများကို ထားပါဦး တော့၊ အရှင်မောဂ္ဂလာန်သည် နတ်ပြည်ခြောက်ရပ်၊ ဗြာဟ္မာ့ပြည်နှစ်ဆယ်တို့သို့ ရံဖန် ဆွမ်းခံကြွရောက်ပြီးနောက် လူ့ပြည်သို့ပြန်ရောက်သောအခါ အဘယ်သူသည် ဂေါတမ ဘုရားရှင်ကို အဘယ်ပုံကိုးကွယ်ဆည်းကပ်လှူဒါန်းသောကြောင့် အဘယ်နတ်ဘုံ ဗြဟ္မာ့ဘုံတွင် ရောက်လျက်ရှိနေသည်ကို တွေ့ခဲ့ရသည်စသည်ဖြင့် ဟောပြောလေ့ရှိခြင်းမှာ တိတ္ထိတို့၏ အသည်းကို ကျွဲခတ်စေသကဲ့သို့ ဖြစ်သည်။ အကြောင်းမူကား ယင်းသို့ ဟောပြောချက်များကြောင့် တိတ္ထိဒါယကာများစွာတို့သည် ဘုရားရှင်သာသနာတော်ဘက်သို့ ပြောင်း၍ ရောက်၍သွားကြသောကြောင့်ဖြစ်သည်။

တိတ္ထိတို့ အငြိုးကြီးလိုက်ပုံမှာ အရှင်မောဂ္ဂလာန်ကို သတ်၍ပစ်စေသည်အထိ ဖြစ်သည်။ ငြိုးသူရန်ဖက်၏ နောက်ဆုံးလက်နက်သည် သတ်ခြင်းပင်ဖြစ်၏။ အကြီးဆုံး ရန်သူဖြစ်သော ဘုရားရှင်ကို နည်းမျိုးစုံဖြင့် သတ်ရန်ကြိုးစားကြသည်။ အရှက်ခွဲရန် ကြိုးစားကြသည်။ သို့ရာတွင် အနန္တတန်ခိုးတော်သခင် ဘုရားရှင်ကို ရန်မမူနိုင်သော်လည်း အရှင်မောဂ္ဂလာန်မူကား နောင်အခါ၌ တိတ္ထိတို့ လက်ချက်ဖြင့်ပင် ပရိနိဗ္ဗာန်စံလွန်တော် မူရရှာသည်။

ဤသည်ကို ဦးကပ်စေးက သားနတ်သားနှင့် ဆွေးနွေးရာ၌ ရှင်မောဂ္ဂလာန် အကြောင်းကိုထည့်၍ ပြောခြင်းဖြစ်သည်။ ပေးလှူမှုကြောင့် နတ်ပြည် နတ်ရွာ ကောင်းရာ သုဂတိသို့ ရောက်နိုင်သည်ဆိုသည်ကို ယုံကြည်ပါ၏။ သို့ရာတွင် သူတို့ဘက်မှကြည့်လျှင် ဘာသာတစ်ပါးဖြစ်သော ဘုရားရှင်နှင့် သံဃာတော်များကို ပေးလှူခြင်းကြောင့် ကောင်းရာ သုဂတိသို့ ရောက်မည်ဟု မယုံကြည်၊ ယခုသော် သားနတ်သားကိုလည်း ထင်ရှားတွေ့ခဲ့ ရသည်။ ပေးလှူမှုပင်မပါ။ ဘုရားရှင်ကို ကြည်ညိုဖူးမြော်ရုံ သက်သက်မျှသာဖြင့် နတ်ရွာသုဂတိသို့ရောက်နေသည်ကို တွေ့ရသောအခါ ဦးကပ်စေးအဖို့ မယုံလျှင်မဖြစ်တော့၊ ထို့ကြောင့် ဘုရားရှင်နှင့် အရှင်မောဂ္ဂလာန်အပါအဝင် သံဃာတော်များကို ဆွမ်းလုပ် ကျွေးရန် ပင့်ဖိတ်လိုက်သည်။

ရည်ရွယ်ချက်မှာ သားဆိုသူက ပြောလိုက်သော စကားမှန်မမှန် ရှင်ဂေါတမကို မေးလျှောက်ကြည့်ရန်ဖြစ်၏။ နတ်လုလင်ကလေး ရုပ်အဆင်းက သားနှင့်တော့တူသည်။ သို့သော် မိမိသား ဟုတ်ကောင်းမဟုတ်မည်။ ရှင်ဂေါတမ၏အပေါင်းပါ တန်ခိုးရှင်

များသည် ပရိယာယ်များနိုင်သည်။ ဟုတ်သော် ရှင်ဂေါတမသာသနာသို့ ကူးပြောင်း ကိုးကွယ်မည်၊ မဟုတ်ခဲ့သော် ရှင်ဂေါတမနှင့် ရှင်မောဂ္ဂလာန်စသော အပေါင်းပါတို့အား ပရိသတ်အလယ်တွင် မုသာဝါဒဖြင့် ကဲ့ရဲ့ရှုတ်ချရန်ဖြစ်၏။

သူဌေးကြီး ဦးကပ်စေး၏သားသည် ရှင်ဂေါတမ၏ အဆင်းတော်ကို ကြည်ညိုရုံမျှနှင့် သေသောအခါ တာဝတိံသာနတ်ဖြစ်နေသည်၊ ယင်းနတ်သားကို သုသာန်တွင် သူဌေးကြီးကိုယ်တိုင်တွေ့ခဲ့ရသည်ဟူသောသတင်းမှာ သာဝတ္ထိတွင် ဟိုးလေးတကျော်ဖြစ်သွားသည်။ အကြောင်းမှာ ဘုရားရှင်၏ဒါယကာများရော ဗြာဟ္မဏ တိတ္ထိများပါ နတ်ပြဟ္မာတို့ကို ကိုးကွယ်ဆည်းကပ်ကြသော်လည်း ကိုယ်တိုင် ကိုယ်ကြပ် မူကား နတ်ပြဟ္မာတို့ကို မြင်ရခဲ တွေ့ရခဲမှုဖြစ်သည်။

ယင်းကိစ္စကို ဂေါတမဘုရားရှင်သို့ တပ်တပ်ထင်ထင် ပြဿနာတင် မေးလျှောက် ရန်အတွက် ဘုရားရှင်နှင့် သံဃာတော်များကို ဆွမ်းအလှူပြုလုပ်သည်ဆိုသောအခါ မယုံကြည်သော ဗြာဟ္မဏတိတ္ထိများစွာတို့သည်လည်း ပြဿနာစကားကို ကြားနာရန်၊ ရှုတ်ချစရာရှိလျှင် ဝိုင်းဝန်းရှုတ်ချကြရန်ရောက်လာကြသည်။ ယုံကြည်သော ဘုရားရှင် ဒါယကာများစွာတို့လည်း ဘုရားရှင်ကို ကြည်ညိုရန်နှင့် တရားတစ်စုံတစ်ရာကို ကြားနာရန် ရောက်လာကြ၏။

ဆွမ်းကပ်ပြီးသော် ဦးကပ်စေးက ဘုရားရှင်အား –

''ရှင်ဂေါတမ၊ အရှင်တို့အား တစ်စုံတစ်ရာ မပေးမလှူဘဲနှင့် စိတ်ဖြင့် ကြည်ညိုရုံမျှဖြင့် နတ်ရွာသုဂတိသို့ ရောက်သည်ဆိုသည်မှာ ဟုတ်မှန်ပါသလော''ဟု မေးလျှောက်လိုက်သည်။

''ဒါယကာ၊ အဘယ်ကြောင့် ဤစကားကို မေးလျှောက်ပါသနည်း''

''ရှင်ဂေါတမ၊ မနေ့က သုသာန်သို့ ကျွန်ုပ်သွားရောက်သောအခါတွင် ကျွန်ုပ်၏ သားဆိုသူ နတ်သားတစ်ပါးကို တွေ့ခဲ့ရပါသည်။ သူသည် လူ့ဘဝတွင် ရှင်ဂေါတမအား တစ်စုံတစ်ရာပေးလှူသည်ကို မတွေ့ခဲ့ရဖူးပါ၊ သို့ရာတွင် ရှင်ဂေါတမကို စိတ်သက်သက်နှင့် ကြည်ညိုရုံမျှဖြင့် တာဝတိံသာတွင် နတ်လုလင်ဖြစ်လျက်ရှိကြောင်းပြောပါသည်။ သို့ဖြစ်၍ မှန်မမှန်ကိုသိလို၍ မေးလျှောက်ပါသည်။

''ဒါယကာ ကိုယ်တိုင်တွေ့ ကိုယ်တိုင်ကြားဖြစ်ပါလျက် ငါဘုရားကို မေးလျှောက် နေဖွယ် လိုပါသေးသလော''

''နတ်သားဆိုသူသည် ကျွန်ုပ်၏ သားနှင့်တူသယောင်ကား ရှိပါ၏။ သံသယရှိ၍ မေးလျှောက်ရခြင်းဖြစ်ပါသည်''

"သို့ဆိုလျှင် ငါဘုရား သက်သေပြမည်၊ မဋ္ဌကုဏ္ဍလီ နတ်သားရောက်လာစေ"

ဘုရားရှင်အမိန့်တော်ကြောင့် နားတောင်းမောင်နတ်သားသည် ဘွားခနဲ ပေါ်ပေါက်လာပြီး ဘုရားရှင်နှင့်သံဃာတော်များသို့ ရှိခိုးလျက်ရှိနေသာအခါ ပရိသတ်အများ လှုပ်လှုပ်ရှားရှားနှင့် အံ့အားသင့်၍မဆုံး၊ ရှုကြည့်၍မဆုံးဖြစ်နေကြတော့သည်။ မနေ့က ကိုယ်တိုင်တွေ့ခဲ့ရသော ဦးကပ်စေးအဖို့ ပို၍အံ့ဩရ၏။ အကြောင်းမှာ မနေ့က သုသာန်တွင်တွေ့ခဲ့ရသူမှာ နတ်လုလင်ဆိုသော်လည်း လူ့အသွင်ဖြင့် သာမန်မျှသာ တွေ့ခဲ့ရခြင်းဖြစ်၍ ယနေ့သော် နတ်ဝတ်တန်ဆာ အရောင်အဝါအပြည့်အစုံနှင့် ရှုကြည့်၍ မငြီးနိုင်အောင် တွေ့နေရသောကြောင့် ဖြစ်သည်။

ဘုရားရှင်က "နတ်သား၊ အသင်သည် လူ့ဘဝက ဤပြာဟ္မဏ ဒါယကာ၏ သားဟုတ်မှန်ပါသလော"ဟု မေးတော်မူလိုက်သည်။

"မှန်ပါသည် ဘုရား"

"သို့ဆိုလျှင် အဘယ်ကောင်းမှုကြောင့် ဤနတ်စည်းစိမ်ကို ရသနည်း"

"အရှင်မြတ်ဘုရား၊ တပည့်တော်သည် ငယ်ရွယ်သူဘဝတွင် ဖခင်၏ တွန့်တိုမှုကြောင့် ကောင်းမှုဒါနဟူ၍ တစ်စုံတစ်ခုမျှ မပြုလုပ်ခဲ့ဖူးပါ။ သို့ရာတွင် တပည့်တော် သေတော့အံ့ဆဲဆဲ၌ အရှင်မြတ် ကြွလာတော်မူ၍ အရှင်မြတ်၏ အဆင်းတော်ကို စိတ်ဖြင့် ဖူးမြော်လိုက်ရရုံ သက်သက်ဖြင့်သာ ဤနတ်စည်းစိမ်ကို ရရှိခဲ့ပါသည်ဘုရား"

နားတောင်းနတ်သား လျှောက်ထားပြီးသည်နှင့်တစ်ပြိုင်နက် သူဋ္ဌေးကြီး ဦးကပ်စေးက "အရှင်မြတ်ဘုရား၊ တပည့်တော်ယုံပါပြီ။ ယနေ့မှစ၍ အရှင်မြတ်၏ သာသနာ ရတနာသုံးပါးသို့ မပြတ်ဆည်းကပ် လှူဒါန်းပါတော့မည်။ တပည့်တော်အား အရှင်မြတ်တို့၏ ဒါယကာတစ်ဦးအဖြစ် သိမှတ်တော်မူပါဘုရား"ဟု လျှောက်ထားလိုက် သည်။

သံသယဖြင့် ရောက်လာကြသော အခြားတိတ္ထိဒါယကာများစွာတို့အဖို့လည်း မျက်မြင်ဒိဋ္ဌကြောင့် သံသယပျောက်ကာ ဘုရားရှင်၏ ဒါယကာအဖြစ်သို့ ကူးပြောင်းလာကြ သည်။

ကုသိုလ်ရှင်နတ်သားကိုယ်တိုင် ရောက်လာခြင်း၊ ထူးခြားသော ဖြစ်ရပ်ကို ကြားသိရခြင်းတို့ကြောင့် ရောက်လာသော ပရိသတ်အဖို့ ဘုရားရှင်သို့ ပီတိအဟုန်ဖြင့် တရှိန်ရှိန်ဖြင့် ငြိမ်ဝပ်စွာ ရှိနေကြခိုက် ဘုရားရှင်က "ဒါယကာတို့၊ ကောင်းမှု မကောင်းမှု မှန်သမျှတွင် စိတ်သည်သာရှေ့ကသွားဖြစ်၍ စိတ်ထားကောင်းမှု မကောင်းမှုသာ ပဓာနဖြစ်သည်။ စိတ်သည် အရိပ်ကဲ့သို့အစဉ်လိုက်၍ ကောင်းရာမကောင်းရာသို့ ထိုသူ၏

စိတ်ကသာပို့ဆောင်သည်''ဟု ဟောတော်မူလိုက်သောအခါ အခြေခံရှိပြီးသော နားတောင်း နတ်သား အနာဂါမ်တည်၍ ဗုဒ္ဓါနုဿတိဖြင့် ပင့်မြှောက်အပ်သော သူဌေးကြီးဦးကပ်စေး သောတာပန်တည်သည်။

မှန်၏။ ထိုအချိန်မှစ၍ ရှိသမျှစည်းစိမ်ကို သာသနာတော်သို့သွန်၍ လှူသောကြောင့် သူဌေးကြီး ဦးကပ်စေးဟူသောအမည်ပင်ပျောက်သွားသည်။ ။

# လုပ်သားကြီး ဃောသက

[ ၁ ]

"သုံးလူ့ထွတ်တင်၊ ဘုရားရှင်သည်" အစချီကာ "ဘုရားရှင်နှင့် သံဃာတော်အများတို့သည် မကြာမီဆွမ်းခံ ကြွချီတော်မူလာကြတော့မည်ဖြစ်ပါ၍ ဆွမ်းချက်ရန် ထတော်မူကြပါ့၊ ဘောဇ္ဇော သပ္ပူရိသအပေါင်း သူတော်ကောင်းတို့"ဟူ၍ လက်ာပါဌ်တန်း စည်စည် ပင်ပင်နှင့် အောင်အောင်မြင်မြင် ဟစ်ဆိုလိုက်သော အသံဝါကြီးသည် အရုဏ်တက်လုလု ဖြစ်သော နံနက်ခင်း၏ နှင်းမှုန်များကိုဖြတ်၍ ရွှေနန်းတော်ဆီသို့ ဝေ့တက်လာလေ၏။ ထိုအသံကြောင့် မိဖုရားငယ်သုဘဒ္ဒါ၏ နန်းဆောင်တွင် အလှည့်ပေးလျက်ရှိသော ဗိမ္ဗိသာရဘုရင်သည် အိပ်စက်ရာမှ နိုးတော်မူကာ ဖဲသဋ္ဌာတစ်ဖက်တွင် နိုးလျက်ရှိနေပြီ ဖြစ်သော သုဘဒ္ဒါသို့ "ဘုရားရှင် ကြွရောက်လာကတည်းက ငါတို့ ရာဇဂြိုဟ်ဟာလဲ အတော်ကြီးကို သာသာယာယာ ရှိနေပါပေါ့ကလား"ဟု မိန့်တော်မူလိုက်၏။

"တော်ကြီးဘုရား၊ နိုးတော်မူနေပြီလား။ ဘုရားကျွန်မတော့ ဒီအချိန်ရောက်ရင် ဒီအသံကို ကြားကြားနေရတာ ရက်သတ္တပတ်လောက်ရှိသွားပါပြီ၊ ရာဇဂြိုဟ်ကို ဘုရားရှင် ပထမဆုံး ဆွမ်းခံဝင်တော်မူတုန်းက ဘုရားရှင်ရဲ့ရှေ့တော်ကနေပြီး လုလင်ပျို

တစ်ယောက်ဟာ အခုလိုပဲရွတ်ဆိုပြီး နိဗ္ဗာန်ဆော်လုပ်လာတယ်လို့ ကြားရပါတယ်။ တချို့က အဲဒီလုလင်ကို သိကြားမင်းကိုယ်တိုင်လူယောင်ဆောင်ပြီး နိဗ္ဗာန်ဆော် လုပ်တယ်လို့တောင် ပြောကြပါတယ်။ အဲဒီလုလင်ရဲ့ နိဗ္ဗာန်ဆော်အလုပ်ကို ရာဇဂြိုဟ်သားတွေက အတုယူလာကြတာ ဖြစ်မှာပေါ့''

''သာဓုဗျာ၊ သာဓု – သာဓု။ ကောင်းသော အတုယူခြင်းပါပဲ''

မိဖုရား၏အတွေးမှာ မှန်ပါပေ၏။ ရာဇဂြိုဟ်သို့ သာသနာတော် ရောက်လာသည့်အချိန်မှစ၍ ရာဇဂြိုဟ်၏ လမ်းမကြီးများတွင် နံနက်စောစောအချိန်၌ သံဃာတန်းကြီးများ ဆွမ်းခံကြွချီတော်မူကြပေရာ သက်နှင်းတော်ရောင်တို့ကြောင့်လည်းကောင်း၊ သံဃာတော်တို့၏ ညီညာတည်ငြိမ်သော ကာယိန္ဒြေတို့ကြောင့်လည်းကောင်း ရာဇဂြိုဟ်၏ နံနက်ခင်းမှာ ကျက်သရေအတိဖြစ်၍ လာခဲ့ပေသည်။

ဆွမ်းလောင်းသူများ တစ်နေ့တခြားတိုးတက်လာ၏။ အချို့နေရာများတွင် စုပေါင်း၍လောင်းလှူကြသော ဆွမ်းချက် ဆွမ်းလောင်းရုံများပေါ်ပေါက်၍လာ၏။ သို့ရာတွင် အချို့မှာ ဘာသာတခြားဖြစ်၍လည်းကောင်း၊ အချို့မှာ သမ္မာဒိဋ္ဌိ(ဗုဒ္ဓဘာသာ)ပင်ဖြစ်စေကာမူ နံနက်စောစောအိပ်ရာမှထဖို့ရန် ရာဇဂြိုဟ်၏ အေးမြသောအချမ်းဒဏ်ကို မတော်လှန်နိုင်သောကြောင့်လည်းကောင်း၊ မလောင်းလှူသူများလည်း ရှိနေပေသေး၏။ ရှေးက ဗုဒ္ဓဘာသာကို 'သမ္မာဒိဋ္ဌိဘာသာ'ဟု ခေါ်သည်။ နောက်မှ 'ဗုဒ္ဓဘာသာ'ဟု ကူးပြောင်းခေါ်ဝေါ်လာခြင်း ဖြစ်သည်။

တောင်ငါးလုံး ကာရံသည့် ရာဇဂြိုဟ်သည် တောင်ဋ္ဌေ့တောင်နံ့၊ တောရိပ်တောင်စွယ်တို့ကြောင့် တပေါင်းတန်ခူးလို နွေရာသီအချိန် အနည်းငယ်မှအပ အအေးဓာတ်လွှမ်းပတ်ထားသော မြို့ဖြစ်သည်။ အအေးဓာတ် လွှမ်းပတ်ခံထားရသော မြို့သူမြို့သားတို့အဖို့ အိပ်ရာထနောက်ကျတတ်သည်မှာ သဘာဝပင်ဖြစ်သော်လည်း ကုသိုလ်ရေးသတိရသော ဆွမ်းလောင်းအဖွဲ့တစ်ခုက ယခုကဲ့သို့ နိဗ္ဗာန်ဆော်လုပ်ငန်းကို စတင်ပေးလိုက်သောအခါ ထထကြွကြွ ဖြစ်လာကြသည်။ ကုသိုလ်ရေးသာမက လုပ်ငန်းခွင်သို့ဝင်ရန်အတွက်လည်း နှိုးဆော်ရာရောက်သောကြောင့် ဝမ်းမြောက်ကျေးဇူးတင်ကြသည်။

''နိဗ္ဗာန်ဆော်ရဲ့အသံက အသံဝါကြီးနဲ့ အင်မတန်အောင်မြင်သာယာလွန်းလို့ ဘုရားကျွန်မဖြင့် ဒီအချိန်ကျရင် အိပ်ရာကနိုးပြီး နားထောင်ရင်း ဘုရားရှင်နဲ့ သံဃာတော်များရဲ့ ဂုဏ်ကို အာရုံပြုနေတာ ရက်သတ္တပတ်လောက်ပဲ ရှိသွားပါပြီ''

''အောင်မြင် သာယာပေမှာပေါ့ဗျာ၊ အင်မတန် ဩဇာရှိတဲ့ သူဌေးတစ်ယောက်ရဲ့ အသံပဲဟာကိုး''

တဝေ့ဝေ့ ဝေး၍ဝေး၍သွားသော်လည်း နိဗ္ဗာန်ဆော်၏ သာယာသောအသံတွင် ကြည်နူးနေဆဲဖြစ်၍ ဘုရင်ဗိမ္ဗိသာရထံမှ လွတ်ကနဲထွက်သွားမိသော စကားပင်ဖြစ်၏။ ထိုစကားကြောင့် သုဘဒ္ဒါအံ့အားသင့်သွားသည်။ အားလည်းတက်သွားရ၏။

အကြောင်းမူကား တော်ကြီးဘုရားသည် တက္ကသိုလ်တွင် ပညာသင်စဉ်က အကြင်သူတစ်ဦး၏ သဒ္ဒနိကာယ်၊ အသံကိုနားလည်သောအတတ်ကို တတ်ကျွမ်းလာခဲ့သည်ဟူသော သတင်းမှာ ဧွနန်းတော်နှင့် မျက်နှာကြီးအပိုင်းတွင် တိတ်တခိုး ကျော်ကြားသော သတင်းတစ်ရပ်ဖြစ်ပေ၏။ တိတ်တခိုးဟုဆိုရသည်မှာ ဘုရင်သည် သဒ္ဒနိကာယ်အတတ်ကို တတ်ကျွမ်းသည်ဆိုသော်လည်း တစ်စုံတစ်ရာအသုံးမပြုဘဲ လျှို့ဝှက်ထားသယောင်ရှိကြောင့်ပင်ဖြစ်ပေ၏။ ယခုသော် ယင်းသဒ္ဒနိကာယ်အတတ်၏ တစ်စွန်းတစ်စကို ဖွင့်ထုတ်မိန့်ကြားလိုက်သောကြောင့် ဝမ်းမြောက်ရခြင်းဖြစ်၏။

လူသည် ရုပ်တရား နာမ်တရားနှစ်ပါးတို့၏ ပေါင်းစပ်မှုမျှဖြစ်သော်လည်း ဘဝအတိတ်၏ ပစ္စုပ္ပန်အရိပ်လက္ခဏာဖြစ်သော ရူပနိကာယ်–ရုပ်အဆင်း၏ အချင်းအင်္ဂါ လက္ခဏာ၊ သဒ္ဒနိကာယ်–အသံ၏အချင်းအင်္ဂါဟူလက္ခဏာဟူ၍ ရှိ၏။ ရုပ်ဆင်းအင်္ဂါ၊ အသံလက္ခဏာချင်း မတူကြပေ။ ဤသည်ကို ဝေဒပညာဖြင့် ကွဲကွဲပြားပြား ပိုင်းခြားထားရာ ဤအတတ်ကို တတ်သိခဲ့သော ဗိမ္ဗိသာရဘုရင်က မိဖုရားနှင့်ကြည်နူးခိုက် အမှတ်မဲ့ ထုတ်ဖော်လိုက်မိခြင်းဖြစ်သည်။

ဘုရင့်မိဖုရားများအနက် သုဘဒ္ဒါသည် တောင်ညာစံဒေဝီ မဟေသီပင် မဟုတ် စေကာမူ ရုပ်ရည်ပြည့်စုံမှုသာမက အရာရာတွင် အကင်းပါး အလိုက်သိတတ်လှသူလည်း ဖြစ်၏။ အနုပညာ ဝါသနာရှင်ဖြစ်၍ အနုပညာဝါသနာထုံသော ဗိမ္ဗိသာရဘုရင် မင်းသား ဘဝကပင် အရေးပေးခံခဲ့ရသူဖြစ်သည်။ ထို့ကြောင့်လည်း သမီးပျိုတစ်ယောက် ထွန်းပေါက်၍ ယခုအသက်လေးဆယ်ကျော်လာသည့်တိုင်အောင် ဘုရင်ဗိမ္ဗိသာရ၏ အလေးဂရုပြုမှုကို ခံနေရသူဖြစ်သည်။

''မောင်တော်ဘုရား၊ မောင်တော့်မိန့်ခွန်းတော်ကို ဆန့်ကျင်လိုလို့ မဟုတ် ပါဘူးနော်၊ ဘုရားကျွန်မတော့ နိဗ္ဗာန်ဆော် ရှာဆော်တစ်ယောက်ဆိုတာဟာ သူဌေးတော့ မဖြစ်နိုင်ဘူး၊ အခစားတစ်ယောက်၊ ဒါမှမဟုတ် သာမန်လူတစ်ယောက်လို့သာ ထင်မိပါတယ် မောင်တော်''

''အင်း . . . မောင်တော်က ပြောလိုက်မိပြီပေကိုးဗျ၊ ပြောလက်စနဲ့တော့ မထူးတော့ပါဘူး၊ အဲဒီနိဗ္ဗာန်ဆော်ဟာ သူဌေးမှ သူဌေးပါပဲဗျာ''

''ဘုရင့်စကား မိုးကြိုးသွားဆိုတော့ ချွတ်ယွင်းမည်မဟုတ်ပါ၊ သို့သော် ဘုရား ကျွန်မတို့လို လူသာမန်အဖို့တော့ အံ့စရာကြီးဖြစ်နေလို့ ကေန်ကေဟုတ်မဟုတ် စုံစမ်းကြည့်လိုလှပါတယ် မောင်တော်''

''သဘောဗျား၊ သဘောဗျား''

[ ၂ ]

သူဌေးဟုတ်မဟုတ် စုံစမ်းဖို့ရန်မှာ သုဘဒ္ဒါအဖို့ ခက်ခဲလှသော အလုပ်မဟုတ်ပါချေ။ နန်းတွင်းသား တစ်ယောက်ကို နိဗ္ဗာန်ဆော်ထံသို့ စူးစမ်းမေးမြန်းခိုင်းလိုက်ရုံမျှဖြစ်၏။ ထို့ကြောင့် နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက်ပင် နိဗ္ဗာန်ဆော်ရှိရာသို့ လိမ္မာသော မင်းချင်း တစ်ယောက်ကိုစေလွှတ်၍ စုံစမ်းခိုင်းလိုက်သောအခါ နိဗ္ဗာန်ဆော်မှာ သူဌေး အဆောင်အယောင်၊ သူဌေးဘဝဝေး၍ မိမရှိ၊ ဖမရှိ သားမယားဟူသည်ဝေး၍ အဖော် အလျော် တစ်ယောက်တလေမျှပင်မရှိ။ ဆွမ်းချက်ရုံတစ်ခု၏နံဘေးရှိ အိမ်လွတ်ခန်းငယ် တစ်ခုတွင်နေသော တစ်ကိုယ်ရေတစ်ကာယ အထီးကျန်တစ်ယောက်မျှသာ ဖြစ်နေ သည်ကိုတွေ့ရသည်။ သုဘဒ္ဒါ၏ အတွေးမှန်နေသည်မှာလည်း နိဗ္ဗာန်ဆော်သည် ဆွမ်းလောင်းအဖွဲ့တစ်ဖွဲ့၏ အခကြေးငွေကိုယူ၍ နိဗ္ဗာန်ဆော် လုပ်နေသူဖြစ်ကြောင်း သိရခြင်းပင် ဖြစ်ပေသည်။

ပြောရန်တစ်ခုသာရှိ၏။ ယင်းသည်ကား နိဗ္ဗာန်ဆော်သည် လုလင်ပျို တစ်ယောက်မျှဖြစ်သော်လည်း ခန့်ညားသော ကာယိန္ဒြေနှင့် တည်ငြိမ်ချောမောလှခြင်းပင် ဖြစ်၏။ ''အမည်ကတော့ 'ကုဏ္ဍယောသက'ပါတဲ့ဘုရား''ဟု မင်းချင်းထံမှ ကြားရသောအခါ 'အင်း၊ အမည်ကတော့ ကောသမ္ဗီပြည်က ဃောသကသူဌေးအမည်ယူထားလို့ အမည်တစ်ခုပဲ သူဌေးနဲ့တူတာရှိတယ်၊ သည်တစ်ခါ မောင်တော်ကြွလာရင်တော့ မောင်တော့်စကားလွဲနေလို့ ချစ်တင်းနှောဖို့ ပြောစရာ ကျီစယ်စရာတစ်ခုရပေတာပဲ'ဟု သုဘဒ္ဒါတွေးလိုက်သည်။

နိဗ္ဗာန်ဆော်စုံစမ်းရေးဖြင့် မေးစရာအကြောင်းရှိနေသောကြောင့် ထိုနေ့ညတွင်ပင် သုဘဒ္ဒါထံသို့ ဘုရင်ဗိမ္ဗိသာရ အဆောင်တော်ကူးလာပြန်သောအခါ ''မောင်တော့်ကိုတော့ သည်နေ့ည ကျီစယ်စရာ အကြောင်းတစ်ခု ပေါ်လာပါပြီကောဘုရား''ဟူသော စကားဖြင့် စတင်လိုက်သည်။

''ဘယ်လိုများပါလိမ့်ဗျာ''

“နိဗ္ဗာန်ဆော်ဟာ သူဌေးဝေးလို့ နေစရာတောင်မရှိလို့ ဆွမ်းလောင်းအဖွဲ့က ပေးထားတဲ့ တဲအိမ်ကလေးတစ်ခုမှာ နေရတဲ့သူပါ။ သူဌေးအဆောင်အယောင်ဝေးလို့ သားမယား ကျေးကျွန်မရှိ၊ တစ်ကိုရေ တစ်ကာယ အထီးကျန်လုလင်တစ်ယောက်ပါ။ ပြီးတော့ နှမတော်တွေးတဲ့အတိုင်းပဲ ဆွမ်းလောင်းအဖွဲ့ရဲ့ အခကြေးငွေကိုယူပြီး လုပ်နေတဲ့ အခစားတစ်ယောက်မျှသာပါတဲ့။ အမည်ကတော့ ကောသမ္ဗိကသူဌေးအမည်ပဲ၊ ဃောသကပါတဲ့ဘုရား”

“အင်းလေ၊ မျက်မြင်အတိုင်းတော့ ဟုတ်ပေမှာပဲ။ သို့သော် မောင်တော့်ပညာနဲ့ မောင်တော့်စကားကိုတော့ မပြင်နိုင်ပေဘူးဗျာ။ သည်အသံရှင်ဟာ ဘယ်လိုပဲနေနေ သူဌေးမှ သူဌေးအစစ်ပါပဲ”

ထိုစကားကြောင့် သုဘဒ္ဒါ အံ့အားသင့်သွားရပြန်သည်။ မောင်တော်ဘုရားသည် ကျားကျားမီးယပ်ဆိုသကဲ့သို့ ပြောမည်တော့မဟုတ်။ သူ့ပညာ သူယုံကြည်လွန်းသောကြောင့်သာ ပြောခြင်းဖြစ်ရပေမည်ဟု တွေးလိုက်မိသောအခါ ပျော်စရာကောင်းလာ၏။ အကြောင်းမူကား မောင်တော့်စကား မှန် မမှန်ကို ဆက်၍စုံစမ်းဖို့ရန် တွေးကွက်ဝင်လာသောကြောင့် ဖြစ်ပေသည်။

“သည်အတိုင်းဆိုလျှင်တော့ ကိုယ်တွေ့မျက်မြင်နဲ့ မောင်ဘုရား မိန့်ခွန်းဟာ ကွာခြားလွန်းနေပါတယ်။ ဖြစ်ရပ်မှန်ပေါ်ပေါက်လာဖို့ကတော့ ဆက်လက် စုံစမ်းဦးမှ ဖြစ်ပါ့မယ်။ မောင်ဘုရား ခွင့်ပြုမယ်ဆိုရင် နှမတော် ဆက်လက် စုံစမ်းလိုလှပါတယ် မောင်တော်”

“နှမတော် သဘောအတိုင်း စုံစမ်းနိုင်ပါတယ်”

“နှမတော်ကိုယ်တိုင်စုံစမ်းမှုဖြစ်မယ့်အလုပ်မို့ ခွင့်တောင်းရတာပါ။ ပြီးတော့ သမီးတော်ကိုလည်း အကူအညီအဖြစ်လိုက်ပါဖို့ ခွင့်တောင်းလိုပါတယ်”

“ကြိုက်သလိုသာစီစဉ်ပါ နှမတော်”

မိမိ၏ စိတ်ကူးပုံစံတွင် မိမိကဲ့သို့ပင် ပါးနပ်လိမ္မာသော သမီးတော်လေး အသုံးဝင်လာမည်ကြောင့် ခွင့်တောင်းရခြင်းဖြစ်၏။ သို့ဖြစ်၍ နောက်တစ်နေ့တွင် သုဘဒ္ဒါသည် မိဖုရားအဖြစ်မှ သာမန်အရပ်သူတစ်ဦးအဖြစ်သို့ ကူးပြောင်းလိုက်သည်။ မိဖုရားအဖြစ်မှ စုံစမ်းထောက်လှမ်းရေးမယ်၊ စုံထောက်မယ်အဖြစ်သို့ ရောက်ရှိလာသည်။ သုဘဒ္ဒါ၏ စိတ်ကူးပုံစံအတိုင်း နောက်တစ်နေ့နံနက်စောစောတွင်ပင် သာမန်အရပ်သူများ ကဲ့သို့ ပြောင်းလဲဝတ်ဆင်ကာ နန်းတော်သူ နန်းတော်သားတို့ မမြင်မီ နန်းတော်မှလျှို၍ သားအမိနှစ်ယောက် ထွက်လာခဲ့ကြသည်။

[ ၃ ]

ဘုရင်ကြီးဟာ ဟောကိန်းအတိုင်းပင် ယောသကလုလင်သည် သာမန်သူဌေးမျှမဟုတ်၊ ကုဋေလေးဆယ်ခန့်အထိ အမွေရထားခဲ့သော သူဌေးကလေးဖြစ်သည်မှန်၏။ သို့သော် သူ့အခြေခံဘဝမှာ ပျက်ယွင်း၍ သူ့အတွေးများမှာလည်း လျှို့ဝှက်သိုသိပ်လာခဲ့ရသည်။

သူ့မိဘများသည် ရာဇဂြိုဟ်၏ သူဌေးတစ်ဦးအဖြစ် အမည်ခံနိုင်သည်အထိ ကြွယ်ဝသူများဖြစ်ပါလျက် မင်းဒဏ် ပတ်ဝန်းကျင်ဒဏ်ကို ကြောက်သောကြောင့် သာမန်အရပ်သား တစ်ယောက်ကဲ့သို့ သိုသိပ်လျှို့ဝှက်စွာ နေထိုင်ခဲ့ကြသူများဖြစ်သည်။ ချမ်းသာသမျှသော အသပြာငွေများကို လုံခြုံသောဘဏ္ဍာတိုက်တစ်ခုတွင် လျှို့ဝှက်သိမ်းဆည်း၍ထားခဲ့သည်။ တစ်ချိန်သောအခါတွင်မူ ရာဇဂြိုဟ်၌ ရံဖန်ရံခါ ဖြစ်ပေါ်လာတတ်သော ရောဂါဆိုးဖြင့် မိဘနှစ်ဦးလုံး ရုတ်ခြည်းကွယ်လွန်သွား၏။

တောင်ငါးလုံးကာခိုသော ရာဇဂြိုဟ်တွင် အအေးလွန်သော နှစ်များ၌ ရံဖန် ဤရောဂါကြီးမျိုး ဖြစ်ပွားတတ်သည်။ ယဥ်နာဟု ခေါ်၏။ အိမ်တစ်အိမ်တွင် ဤရောဂါမျိုး ဖြစ်ပြီဆိုလျှင် ဖြစ်သည်နှင့်တပြိုင်နက် ရောဂါမကပ်ရောက်သေးသော သူအဖို့ အိမ်ရှေ့လှေကားမှပင် ထွက်နိုင်ခွင့်မရှိ။ နီးရာပြတင်းပေါက်နံရံမှ ရုတ်ခြည်းထွက်ခွာပြေးနိုင်မှ ရောဂါဒဏ် ကင်းလွတ်နိုင်သော ရောဂါမျိုးဖြစ်သည်။

ယောသကတို့အိမ်တွင် ဤရောဂါဆိုးကြီး ကျရောက်လာသောအခါ တစ်ဦးတည်းသောသားဖြစ်သူ ယောသကအား နီးရာပြတင်းပေါက်မှ ထွက်ပြေးရန် အတင်းစေလွှတ်ခဲ့သည်။ ဘဏ္ဍာတိုက်နေရာကိုလည်းပြောပြခဲ့၏။ ဤနည်းဖြင့် ယောသကသည် လူမမယ်အရွယ်ကလေးကပင် ခြေမဦးနှင့် ဒူးတည့်ရာဆိုသကဲ့သို့ တောလက်ကျေးရွာများဘက်သို့ ထွက်ပြေးလာခဲ့ပေရာ နှစ်ဆယ်ကျော်မှ ရာဇဂြိုဟ်သို့ ပြန်ဝင်လာခဲ့၏။ မိဘများကွယ်လွန်ရုံမက လူမြင်သူမြင် အိုးအိမ်အခြေခံတို့မှာလည်း ပျက်သုဉ်းခဲ့လေပြီ။ ကျားကျား လျားလျား မှတ်ဆိတ်မုတ်နားတို့ဖြင့် အရွယ်ပြောင်းလဲလာပြီဖြစ်သော ယောသကအား မည်သူမျှမမှတ်မိကြတော့။

မိဘများညွှန်ပြခဲ့သော ရတနာသိုက်နေရာသို့ လျှို့ဝှက်စွာ သွားရောက်ကြည့်ရှုသောအခါ ခြေရာလက်ရာမပျက်ပင်တွေ့ရ၏။ ဤနည်းဖြင့် လျှို့ဝှက်သော သူဌေးကလေးဘဝသို့ ရောက်လာခဲ့သော်လည်း ရုတ်ခြည်းရောက်လာသော သူဌေးအဖြစ် ထင်ထင်ပေါ်ပေါ်နေ၍ မဖြစ်နိုင်သေး။ ပတ်ဝန်းကျင်၏ မသင်္ကာမှုမျိုးစုံဒဏ်ကို ခံရဖို့ရှိသည်။ သို့ဖြစ်၍ အခွင့်ကို ချောင်းကာ ရာဇဂြိုဟ်သားများသို့ လိမ်လိမ်မာမာချဉ်းကပ်ခဲ့ရသည်။

သာသနာတော်ပွင့်လင်းလာပြီဖြစ်သော ရာဇဂြိုဟ်၌ ဆွမ်းချက်ရုံတစ်ခုတွင်

ကုသိုလ်ရေး ဆွေးနွေးကြသောအခါ မည်သူမျှ မလုပ်ချင်သော နိဗ္ဗာန်ဆော် ရွာဆော် အလုပ်ကို နေသာစားသာရုံ အခကံကြေးအနည်းငယ်ဖြင့်ရရှိသည်။ နေစရာအိမ်မရှိ ဟုဆိုသဖြင့် ဆွမ်းချက်ရုံအနီးရှိ အိမ်ငယ်လွတ်တစ်လုံးတွင် ချထားသည်။ ဤနည်းဖြင့် ရာဇဂြိုဟ်တွင် နေနိုင်ခွင့် အခြေကလေးရရှိလာပြီဖြစ်၏။

နန်းတော်မှ သုဘဒ္ဒါတို့သားအမိ ထွက်လာသော ညနေတွင်ပင် ယောသက တစ်ယောက်တည်းနေ၍ ကျယ်ကျယ်ဝန်းဝန်းရှိသော သူ့အိမ်ခန်းသို့ ပတ်ဝန်းကျင်၏ အကူအညီဖြင့် ခရီးသွားသားအမိတို့ တစ်ညနှစ်ည တည်းခိုခွင့်ပြုပါရန် ရောက်ရှိ၍လာ၏။ လှို့လှို့ဝှက်ဝှက် နေလိုသူဖြစ်သောကြောင့် သူစိမ်းတစ်ရုံဆံကို လက်မခံလိုလှသော်လည်း ခေါင်းဆောင်လာသော လူကြီးများ၏တောင်းပန်မှုကြောင့် လက်ခံလိုက်ရသည်။ ဧည့်သည် သားအမိကို အကဲခတ်လိုက်သောအခါ မွန်မွန်ရည်ရည် အမျိုးသမီးကြီးနှင့် လှလှပပ အမျိုးသမီးလေး ဖြစ်နေသောကြောင့်လည်း ငဲ့ညှာလိုက်ရ၏။

''လက်ခံရတာက အရေးမကြီးဘူး၊ ကျွန်တော်က တစ်ယောက်တည်းနေသူ ဆိုတော့ မြင်တဲ့အတိုင်းပဲ၊ ဧည့်ဝတ်ကျေအောင် နေရာတော့မပေးနိုင်ဘူးဗျ၊ ဟိုဘက် နားက ခုတင်တစ်လုံးပဲ အပိုရှိတယ်''

''ကိစ္စမရှိပါဘူးသားရယ်၊ အမေက ဖြစ်သလိုနေတတ်ပါတယ်။ မောင့်နှမလေး အတွက်သာ ခုတင်တစ်လုံးရရင် တော်ပါပြီ။ ပြီးတော့ စားရေးသောက်ရေးလည်း မပူပါနဲ့၊ အမေတို့ဘာသာ ချက်ပြုတ်စားပါ့မယ်။ တည်းခိုဖို့နေရာ ရတာပဲ ကျေးဇူးတင်လှ ပါပြီ''

''ကျွန်တော်က မနက်ကို နိဗ္ဗာန်ဆော်ကိစ္စပြီးရင် သည့်ပြင်ကိစ္စလေးတွေအတွက် အပြင်ထွက်ရတယ်ခင်ဗျ။ ပြန်လာမှ ကိုယ့်ဟာကိုယ် ချက်ပြုတ်စားတယ်။ ဒီတော့ အမေတို့ သားအမိ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်''

''စားရေးသောက်ရေးအတွက် ဘာမှမပူပါနဲ့သားရယ်။ မိန်းမသားတွေရှိနေမှဟာ အမေတို့ ချက်မှာပြုတ်မှာပေါ့။ သားကိုယ်တိုင် ချက်နေဖို့မလိုပါဘူး။ ပြီးတော့ အိမ်အတွက် လည်း စိတ်ချသာသွားပါ။ ဘာတစ်ခုမှ မပျောက်မရှစေရပါဘူး။ မောင့်နှမလေး အမည်က မာလာတဲ့။ အမေ့ကိုတော့ အမေလို့ခေါ်ရင် လုံလောက်ပါပြီ။ အမေတို့မှာ အနိုက်အလှည့် မသင့်တဲ့အချိန် ငါ့သားနဲ့တွေ့ရလို့ ဝမ်းမြောက်လှပါတယ်၊ အမေတို့အတွက် ဘာမှမပူပါနဲ့''

မိခင်ကိုယ်တိုင်က မိတ်ဆက်ပေးသောကြောင့် သမီးကလေးဆီသို့ ကြည့်လိုက် မိသောအခါ မိမိဆီသို့ ပြုံးပြုံးကလေးကြည့်လျက်ရှိသော မာလာ၏မျက်နှာ ပြည့်ဝန်းဝန်း ကလေးကို တွေ့လိုက်ရသောကြောင့် ကျောစိမ့်သွားကာ ချက်ချင်း မျက်နှာလွှဲလိုက်ရ၏။

မိခင်၏လေသံကို ကြားရသည်မှာ မိမိအိမ်တွင် တစ်ရက်နှစ်ရက်တော့ ကမည်မထင်ဟု တွေးလိုက်မိ၏။ သို့ရာတွင် မွန်ရည်သော သားအမိကြောင့် စိုစိုပြည်ပြည်ကလေးဖြစ်လာခဲ့ပြီဖြစ်ရာ သူတို့နေချင်သလောက် နေကြပါစေတော့ဟု တထစ်လျှော့လိုက်သည်။ ထို့ကြောင့် ''အမေတို့နေစဉ်အတွင်း လွတ်လွတ်လပ်လပ်သာ နေကြပါ။ ကျွန်တော်ကတော့ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေးသာ နေတတ်သဗျ။ သိပ် ဖော်ဖော်ရွေရွေမလုပ်တတ်ဘူး''ဟု လမ်းခင်းစကား ပြောလိုက်မိလျက်သား ဖြစ်သွားသည်။

''ငါ့သားကို မြင်လိုက် တွေ့လိုက်ကတည်းက အားကိုးလောက်တဲ့ ယောကျ်ားဆိုတာ အမေအကဲဖြတ်မိပြီးသားပါ။ အမေတို့က သာဝတ္ထိဘက်ကပါ။ ကိုယ့်ကိစ္စကလေးများ မပြီးစီးမီအတွင်းသာ တည်းခိုမှာပါ။ သမီးလေးက မောင့်နှမပေါ့''

''ကျွန်တော်သဘောပေါက်ပါပြီ။ အမေတို့ ကြိုက်သလောက်သာ နေကြပါဗျာ''

[ ၄ ]

ယောကျ်ားတစ်ယောက်အတွက် အရေးကြီးသော အရာနှစ်ခုမှာ မယားနှင့် အစားဖြစ်ကြောင်း သုဘဒ္ဒါ ကောင်းကောင်းနားလည်ပြီးသူ ဖြစ်သည်။ အတွင်းရေးပေါ်ပေါက်လာရန်အတွက် အတွင်းသားမယားအဆင့်သို့ ရောက်ဖို့ရန်မှာမူ ပရိယာယ်အရှိန်ယူကာ အချိန်စောင့်ရဦးမည်ဖြစ်၏။ အစားအတွက်တော့ ချက်ချင်းစီစဉ်လို့ရသည်။

ထို့ကြောင့် နောက်တစ်နေ့နံနက် ယောသကအိမ်မှထွက်သွားသောအချိန်တွင်ပင် အိုးရောခွက်ပါ ချက်စရာပြုတ်စရာတို့ကိုဝယ်၍ အထက်တန်းလွှာတို့၏ အစားအစာ၊ နန်းတွင်းပုံစံဖြင့် ချက်ပြုတ်စီစဉ်ထားလိုက်သည်။ စားသောက်ချိန်ရောက်၍ ယောသကပြန်လာသောအခါ မကြုံစဖူး ဟင်းနံ့ကျွေးနံ့ထူးများက ယောသကအား တသင်းသင်းဆီးကြိုလျက်ရှိသည်ကို တွေ့ရ၏။

သို့ရာတွင် မိမိထုံးစံအတိုင်း မိမိအတွက်ချက်ပြုတ်ရန် မိမိ၏အိုးခွက်ကလေးများကို ကိုင်လိုက်သောအခါ မာလာကလေးသည် အနီးသို့ရောက်လာပြီး ''အစ်ကိုဘာလုပ်မလို့လဲ ဟင်''ဟုမေးသောကြောင့် ''ထမင်းချက်မလို့ပေါ့ဗျ''ဟု ပြန်ပြောလိုက်ရသည်။

''အို–အစ်ကိုကလည်း မဟုတ်တာကြီး၊ ညီမတို့ရှိရဲ့သားနဲ့ အစ်ကိုကိုယ်တိုင်ချက်ရ ပြုရမယ်လို့၊ ညီမတို့မပြန်မချင်း ညီမတို့ ချက်တာကို စားရမှာသိလား''

''အားနာစရာကြီးဗျာ''

"ဘာအားနာရမှာလဲ၊ ညီမတို့ကို တင်ထားတာကတော့ ညီမတို့က အားမနာရ တော့ဘူးလား။ ပြီးတော့ ကြည့်ပါဦး(အမေဆီသို့လှမ်း၍) အမေရေ ဟောဒီမှာကြည့်ပါဦး။ အစ်ကိုက သမီးကို စကားပြောတာ ဗျာတွေဗျို့တွေနဲ့ သိပ်စိမ်းတာပဲ"

"ဟုတ်ပါရဲ့ကွယ်၊ လူကလေးကလဲ။ တစ်အိမ်တည်း နေကြပေါ့ဥစ္စာ၊ ကိုယ့် ညီမလေးဖြစ်နေပြီပဲ။ ညီမလို့ခေါ်၊ အစ်ကိုလို့ပြောရောပေါ့"

ယောသက အိမ်တွင်းသို့ ပြုံးပြုံးကြီးဝင်သွား၏။

တစ်ယောက်တည်း ဖြစ်သလိုနေခဲ့သော အိမ်ခန်းအတွင်း ရှင်းလင်းလှည်းကျင်း ထားသည်ကိုတွေ့ရ၍ဝမ်းမြောက်သည်။ မိမိ၏ အဝတ်ဟောင်းကလေးများကို လျှော်ဖွပ်၍ လှန်းထားသည်ကိုတွေ့ရ၏။ မိမိခုတင် အိပ်ရာကလေးကိုလည်း သပ်သပ်ရပ်ရပ် ပြင်ဆင်ထားသည်။

ဤနည်းဖြင့် ကြည့်ရှုမှုကလေးများက ယောသကအား ချည်မိတုပ်မိသွားပြီ ဖြစ်၏။ ထမင်းဝိုင်းတွင် လက်ဆုံစားမိပြီးသောအခါတွင်မူ ဟင်းကျွေးလက်ရာကောင်း တို့ကြောင့် ဤသားအမိ မပြန်ကြပါနှင့်ဦးဟုပင် ကျိတ်၍ ဆုတောင်းလိုက်မိသွားသည်။

သို့ရာတွင် နောက်တစ်နေ့ညနေပိုင်းတွင် ယောသက အိမ်သို့ပြန်ရောက်လာသော အခါ ဖွယ်ဖွယ်ရာရာတို့ဖြင့် စားသောက်ရသော်လည်း စိတ်မချမ်းသာဖွယ်ရာ ဖြစ်ရပ်တစ်ခု တွေ့ကြုံရသည်မှာကား မိမိအိပ်ရာခုတင်မှ အခင်းကြိုးများပြတ်နေခြင်းပင်ဖြစ်သည်။

ဗြာဟ္မဏတို့အဖို့ အိပ်ရာသည်အရေးကြီး၏။ ဗြာဟ္မဏယောကျ်ားများအဖို့ အိပ်ရာကို တလေးတစား ထားကြသည်မှာ ရှေးဟောင်းအစဉ်အလာပင်ဖြစ်၏။ ယခု အိပ်ရာခင်း ကြိုးများ အိပ်လို့မဖြစ်လောက်အောင်ပြတ်နေသည်ကို တွေ့ရသောကြောင့် "ဘယ်လို ဖြစ်တာပါလိမ့်ဗျာ" ညည်းညူမိသောအခါ တစ်နေရာမှထလာသော မိခင်ဖြစ်သူက "ဘယ်လိုဖြစ်နေလို့လဲကွယ့်၊ အလို–ခင်းကြိုးတွေ ပြတ်နေပါကလား၊ အမေတို့လည်း နေ့လယ်က ကိစ္စရှိလို့ အပြင်ခဏသွားကြတယ်။ အိမ်နားက ကလေးတွေနဲ့ မင့်နှမကလည်း အရောတဝင် ဖြစ်နေတော့ ကလေးတွေလာလာပြီး ဆော့လိုက်ကြတာ မီးပွင့်နေတာပဲ၊ ကလေးတွေဖြတ်သွားတာ ဖြစ်မှာပေါ့၊ ဒီနေ့တစ်ညတော့ မင့်နှမခုတင်ပေါ်မှာပဲ ဖြစ်သလို အိပ်ပေါ့ကွယ်၊ မနက်ကျမှ အမေပြန်တပ်ပေးပါ့မယ်"ဟု ပြောသည်။

မာလာက "ဟုတ်တယ်အစ်ကို၊ ဟိုဘက်အိမ်က အကောင်ကြီးနှစ်ကောင်က သိပ်ဆော့တာပဲ။ သူတို့လက်ထဲမှာလည်း ဓားကလေးတွေ တွေ့လိုက်မိတယ်။ သူတို့ဖြတ်သွားတာ ဖြစ်မှာပဲ။ မနက်ကျမှ ညီမပြန်တပ်ပေးပါ့မယ်။ ခုတစ်ညတော့ ညီမခုတင်နဲ့ပဲ အိပ်ပေါ့"ဟု ဝင်ပြောသည်။

စင်စစ်သော်ကား ပရိယာယ် စက်မောင်းတစ်ဆင့် တင်လိုက်သော သုဘဒ္ဒါ၏ အစီအစဉ် လက်ရာပင်ဖြစ်၏။ ထို့ကြောင့် မြင့်မြတ်သော ယောကျ်ားဖြစ်ပြီး ခုတင် တစ်လုံးရှိနေပါလျက် မြေအခင်းတွင်တော့ မအိပ်နိုင်။ မိခင်ကြီး၏ စီစဉ်ပေးချက်အရ ထိုညအဖို့ သားအမိနှစ်ယောက်အိပ်သော ခုတင်ပေါ်သို့ ပြောင်းရွှေ့အိပ်ရသည်။ သူတို့သားအမိဖို့မူ မလှမ်းမကမ်း တစ်နေရာရှိ မြေအခင်းပေါ်တွင်ပင် အဝတ်ခင်း၍ အိပ်ကြ၏။

သို့နှင့် အိပ်နေကျအိပ်ရာ မဟုတ်သည့်အပြင် အိပ်ရာတွင်ရှိနေသော မာလာ၏ နံ့သာနံ့ ကိုယ်နံ့ကလေးများကလည်း တသင်းသင်းရှိနေသာကြောင့် ပျော်တစ်ဝက် နိုးတစ်ဝက်ဖြင့် တွေးကွက်အမျိုးမျိုး ဝင်နေမိရာက သန်းခေါင်းကျော်ကျော်အချိန်ခန့်တွင် အမွှေးနံ့မျှသာမက မိမိအိပ်ရာဘေးသို့ တိုးဝေ့လာသော နွေးနွေးထွေးထွေး အထိအတွေ့ တစ်ခု ထိတွေ့လာသည်ကို သိလိုက်ရသဖြင့် အလန့်တကြား အံ့အားသင့်စွာဖြင့်ပင် ''ဟဲ့.. ဘယ်သူတုံး''ဟု တိုးတိုးကလေး မေးလိုက်မိသည်။

''ညီမပါအစ်ကို၊ အိပ်နေမကျလို့ အောက်မှာ အိပ်လို့မရဘူး၊ အစ်ကို့ဘေးမှာပဲ အိပ်တော့မယ်''ဟု လေသံဖြင့် ပြန်ပြောသည်။

''ဟဲ့– ဘယ်ဖြစ်မတုံး၊ တော်ကြာ အမေသိသွားလို့''

ပါးစပ်က ဘယ်ဖြစ်မတုံးဟု ပြောသော်လည်း ကိုယ်ကတော့ တွန့်ဆုတ်မသွား၊ နေရာပေးသည့်အနေဖြင့် အနည်းငယ်ဘေးသို့ ရွှေ့ပေးသည်။

''ကိစ္စမရှိပါဘူး၊ အမေ့ဆီ အစောကြီးထသွားမှာပေါ့။ အစ်ကို့ဘာသာ ဟိုဘက်ကအိပ်၊ ညီမဘာသာ ဒီဘက်ကအိပ်မယ်''

''အတော်ကြာ''

''အတော်ကြာတွေ ဘာတွေ လုပ်မနေနဲ့ အိပ်မှာသာ အိပ်''ဟုဆိုကာ မာလာက ယောသကပါးစပ်သို့ လက်ချောင်းမွှေးမွှေးကလေးဖြင့် လှမ်း၍ပိတ်သည်။ ယောသက,က မာလာ၏ လက်ကို ဆွဲယူပွေ့ပိုက်ထားလိုက်၏။

[ ၅ ]

မာလာ၏ တရှုပ်ရှုပ်ငိုသံကို ကြားရသောကြောင့် မအေကြီး အိပ်ရာမှထ၍ မီးခွက်ကို ထွန်းလိုက်သောအခါ မာလာသည် ယောသက၏ ခုတင်ခြေရင်းတွင် ဒူးတုပ်ထိုင်ကာ ငိုနေသည်ကိုတွေ့ရ၏။

"ဟဲ့သမီး၊ ညကြီးမင်းကြီး တိုးတိုးတိတ်တိတ်ပေါ့။ အင်း၊ ညည်းတို့နှစ်ယောက် တွေ့စကတည်းက ရေစက်ဆုံမိကြပြီလို့ ငါအထင်သားပဲ၊ ကဲ–ဖြစ်မိပေါ့ဟာ ငိုမနေနဲ့ လာကြစမ်း၊ နှစ်ယောက်စလုံး အမေ့ဆီကို"

မာလာနေရာမှထသည်။ ရှက်ရှက်နှင့် ခေါင်းမြီးခြုံကာကွေးနေသော ယောသကကို မာလာက ဆွဲထူပြီးခေါ်သည်။ ယောသက မအူမလည်နှင့် လိုက်ပါလာရ၏။

"အမေပြောမယ်၊ သေသေချာချာနားထောင်ကြ။ လောကမှာ သူ့သားကိုယ်သမီး အရွယ်ရောက်လာရင် တစ်အိုးတစ်အိမ်တော့ ပြုကြတာပဲ၊ အဆန်းမဟုတ်ပါဘူး၊ အခုဖြစ်မိကြပြီမဟုတ်လား၊ နောက်ဆုတ်လို့မရတော့ဘူး၊ ငါ့သားကို တွေ့စကတည်းက နဖူးရေ ဒူးရေကြည့်ပြီး အားကိုးလောက်တဲ့ ယောကျာ်းပဲလို့ အမေသဘောပိုက်ခဲ့ပါတယ်။ ကဲ–ခုအချိန်ကစပြီး ငါ့သားကလဲ သားမှတ်မှတ် မယားမှတ်မှတ်ပေါင်း၊ သမီးကလဲ လင်မှတ်မှတ် အရှင်မှတ်မှတ်ပေါင်း၊ မနက်မှ ရပ်ရွာလူကြီးတွေနဲ့ ကြည့်စီစဉ်ရတော့မှပေါ့၊ သွားအိပ်ချေကြတော့"

ဇာတ်ပေါင်းလိုက်သောအခါတွင်ကား ရာဇဂြိုဟ်တွင် မောင်ယောသက မယ်မာလာတို့ တစ်အိုးတစ်အိမ်တိုးလာသတည်း။

သကောင့်သား မောင်ယောသက မသိသော်လည်း သုဘဒ္ဒါတို့မူကား ထွက်လာသည်ဆိုကတည်းက ရွှေနန်းတော်နှင့် အဆက်မပြတ်ရှိနေသည်။ သတင်းမပြတ်ပို့သည်။ ယောသကကို ပထမအကြိမ် စုံစမ်းစေလွှတ်ခံရသော သုဘဒ္ဒါ၏ လူယုံမင်းချင်းသည် ပင်လျှင် နန်းတော်နှင့် ဆက်သွယ်ရသူဖြစ်၏။

အလိုက်သင့်စွာပင် အချိန်အခါမှာလည်း ရာဇဂြိုဟ်သားတို့ တာဝတိံသာ ဒုဿစေတီ ပူဇော်ပွဲဖြစ်သော သီတင်းကျွတ်လပြည့် ပွဲတော်ချိန်သို့ ရောက်လာပေရာ သုဘဒ္ဒါ၏ လျှောက်ထားမှု အစီအစဉ်ဖြင့် ပွဲသဘင်တွင် စိတ်ဝင်စားသော ဘုရင်မင်းမြတ်က ယခုနှစ် သီတင်းကျွတ်ပွဲတော်တွင် အခစားလုပ်သားကြီးတို့၏ သဘင်ကို ကြည့်ရှုလိုသည်။ ဤကိစ္စအတွက် အခစားလုပ်သားကြီးတို့သည် တစ်အိမ်ထောင်လျှင် အသပြာငါးကျပ်ကျစီ ထည့်ဝင်ကြရမည်ဟူသော အမိန့်တော် ကျရောက်လာ၏။

ထိုအချိန်က ငါးကျပ်ဟူသော အသပြာမှာ သာမန်အခစား လုပ်သားတို့ ကိုင်တွယ်နိုင်သော အရေအတွက်မဟုတ်၊ အသပြာတန်ဖိုးကြီးလှသဖြင့် ငါးကျပ်အပထား၍ ကျပ်လုံးပြည့်အောင်ပင် ကိုင်တွယ်သုံးစွဲနိုင်သူရှားသည်။ သို့ရာတွင် အမိန့်တော်မှာ ရည်ရွယ်ချက် တစ်မျိုးရှိနေပေရာ သုဘဒ္ဒါ၏ လူယုံတော်မင်းချင်းဦးစီးသော အမှုထမ်းတို့က

အခြားလုပ်သားများထံတွင်ကောက်ခံချင်ယောင်ပြ၍ ယောသက အထံတွင်မှ ခပ်တင်းတင်း ကောက်ခံသည်။

''မောင်တို့၊ တစ်ရက်လောက်ဆိုင်းငံ့ကြပါဦး၊ အသပြာ ငါးကျပ်လုံးကြီး ဘယ်မှာအလွယ်တကူရှိနိုင်ပါ့မလဲ၊ ရှာပါရဖွေပါရစေဦး''ဟု မိခင်ဖြစ်သူ၏ တောင်းပန်ချက်ဖြင့် တစ်ရက်ဆိုင်းငံ့သွားသည်။

''ခက်တာပဲ အမေ၊ တစ်နေ့လုပ်မှ တစ်မူးတစ်မက်ရတဲ့ဥစ္စာ အသပြာ ငါးကျပ် ဘယ်မှာ ရှိနိုင်ပါ့မလဲ''

''မင်းမှုကိစ္စဆိုတာ စားစရာမရှိပေမယ့် ပေးစရာတော့မရှိရတယ် လူကလေးရဲ့ အမေတို့မှာ ရှိတာလေး စားတာသုံးတာနဲ့ကုန်ပြီ။ ကြံဦးဖန်ဦးမှပေါ့၊ မသကာ ချေးတန်ရင်လည်း ချေးငှားယူရမှာပေါ့''

''ချေးရင်တော့ ရမှာပဲ၊ နိုပေမယ့် ပြန်ဆပ်ရမယ့် ဥစ္စာ၊ ဘာထူးသေးလို့လည်း''

''ထူးပါပြီလားလူလေးရယ်၊ ချေးငွေဆိုတာက ဆိုင်းငံ့လို့ရသေးတယ်၊ မင်းမိန့် မနာခံရင်တော့ ချက်ချင်းဒဏ်သင့်မှာ။ ပြီးတော့ တစ်ဆက်တည်းပြောရဦးမယ်၊ ပွဲကြီး လမ်းကြီးမှာ မင့်ညီမကလဲ ငယ်ငယ်ရွယ်ရွယ်နဲ့ ဝတ်ချင်စားချင် ပေလိမ့်ဦးမယ်''

''ကောင်းပါပြီ အမေ၊ ကျွန်တော်ရှာပါ့မယ်''

သို့နှင့်အလုပ်သွား အရှာသွားသည်ဆိုကာ လျှို့ဝှက်သော ဘဏ္ဍာတိုက်မှ ငွေအချို့သည် ညနေဘက်တွင် ပါရှိ၍လာသည်။ အသပြာ ဒင်္ဂါးများကို မြင်ရသောအခါ သုဘဒ္ဒါအံ့အားသင့်သွား၏။ သင့်ရပုံမှာ ဒင်္ဂါးများသည် နှစ်ပေါင်းများစွာမြှုပ်နှံထားသောကြောင့် အညှိများတက်နေသည့်အပြင် ပုံစံအားဖြင့်လည်း ဗိမ္ဗိသာရဘုရင်ခမည်းတော်တို့လက်ထက်က သုံးစွဲခဲ့သော ယနေ့ခေတ် ရှားရှားပါးပါးပုံစံများ ဖြစ်နေသောကြောင့်ဖြစ်၏။

နောက်နေ့တွင် ကောက်ခံလာသော လူယုံမင်းချင်းလက်သို့ အချက်ပြ အထိမ်း အမှတ်ဖြင့် ဒင်္ဂါးများကို ထည့်၍ပေးဆောင်လိုက်သည်။ အသပြာဟောင်းများသည် ထိုနေ့တွင်ပင် နန်းတော်သို့ ရောက်သွားကြပြီဖြစ်၏။

ထို့နောက် တစ်လမျှမခြားသော တန်ဆောင်တိုင်ပွဲတော်ချိန်တွင်လည်း အလားတူ မင်းမိန့်ရောက်လာပြန်လေရာ အလားတူပင် အသပြာဟောင်းများ ထွက်လာပြန်ပြီး နန်းတော်သို့ ရောက်သွားပြန်၏။

ယခုသော် ဘုရင်၏ သဒ္ဒနိကာယ်စကားကို အကောင်အထည်ဖော်နိုင်ရန် အချိန်သင့်ပြီဟု သုဘဒ္ဒါယူဆ၏။ ထို့ကြောင့် ကုမ္ဘဃောသကကို မင်းမိန့်ဖြင့် နန်းတော်သို့

ဆင့်ခေါ်စစ်ဆေးပါတော့ဟု လျှောက်ထားလိုက်သောအခါ နောက်တစ်နေ့တွင်ပင် ယောသကအိမ်သို့ မင်းချင်းတို့ ရောက်ရှိလာကြသည်။ ထိုအချိန်တွင်ကား သုဘဒ္ဒါတို့ သားအမိ မရှိကြတော့ပေ။ အပြင်ထွက်သယောင်နှင့် နန်းတော်သို့ ပြန်လည်ရောက်ရှိ သွားကြပြီဖြစ်၏။

"ကုမ္ဘယောသကဆိုတာ မောင်ရင်လား"

"မှန်ပါတယ်ခင်ဗျာ"

"မောင်ရင့်ကို ဘုရင်မင်းမြတ်က ခေါ်တော်မူတယ်၊ အခုလိုက်ခဲ့ရလိမ့်မယ်"

မင်းချင်းတို့ ရောက်လာသည်ဆိုကတည်းက ယောသက ထိတ်လန့်နေရသည်။ အကြောင်းရှိလျှင် မင်းချင်းတို့နှင့် ကူညီပြောဆိုဖော်ရသော ယောက္ခမ မိခင်အိုကြီးလည်း ဤအခိုက်တွင် မရှိတော့။ ဤသားအမိ ရောက်လာသည်ဆိုကတည်းက ထူးခြားသော အပြောင်းအလဲများကို သတိပြုမိသော်လည်း မာလာတည်းဟူသော သံယောဇဉ် ထမ်းပိုးတုံးအောက်တွင် မရုန်းနိုင်မကန်နိုင်ရှိခဲ့ရ၏။ ယခုသော် မင်းဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်လေပြီလောဟု ယောသကထိတ်လန့်သည်။

"ကျွန်တော့်မှာ ဘုရင်မင်းမြတ်ထားလို့ နန်းတော်က တစ်စုံတစ်ယောက်နဲ့တောင် အသိမရှိပါဘူးခင်ဗျာ၊ မင်းမှုကိစ္စရှိသမျှကိုလည်း အပြေအလည် ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် လိုက်ဖို့မလိုပါဘူးခင်ဗျာ"

"ဒါဟာ ဘုရင့်အမိန့်တော်ပဲ၊ အနုနဲ့မရရင် အကြမ်းနဲ့ခေါ်ရလိမ့်မယ်"ဟု ပြောရာက မင်းချင်းတို့ လှုပ်ရှားလာသောကြောင့် ငြင်းဆန်မနေတော့ဘဲ အလိုက်သင့် ထ၍ လိုက်ပါခဲ့ရသည်။

နန်းတော်သို့ ရောက်သောအခါ ဘုရင်တစ်ပါးတည်းမျှမဟုတ်၊ ညီလာခံ အခင်းအကျင်းကြီးသို့ ဝင်ရောက်ရသောကြောင့် ပို၍စိုးရွံ့မိသည်။

"ကုမ္ဘယောသကဆိုတာ မောင်မင်းလား"

"မှန်ပါသည်ဘုရား"

"မောင်မင်းသည် စည်းစိမ်ဥစ္စာချမ်းသာပြည့်စုံသူဖြစ်ပါလျက် အဘယ့်ကြောင့် သူဆင်းရဲ အယောင်ဆောင်၍ နေရပါသလဲ"

"ကျွန်တော်မျိုးသည် စည်းစိမ်ဥစ္စာရှိသူမဟုတ်ပါ။ နံနက်ပိုင်းတွင် နိဗ္ဗာန်ဆော် ရှာဆော်အလုပ်နှင့် နေ့လယ်ပိုင်းတွင် သူတစ်ပါး၏ အခစားအလုပ်မျှကိုသာ လုပ်ကိုင်နေရသူ ဆင်းရဲသားတစ်ယောက်မျှဖြစ်ကြောင်း ရာဇဂြိုဟ်မြို့သူမြို့သားအားလုံးအသိပါ ဘုရား"

''မြို့သူ မြို့သားတို့ မသိသော်လည်း ငါသိသည် ဃောသက။ မောင်မင်းသည် ငါဘုရင်နှင့် မှူးမတ်ဗိုလ်ပုံတို့အလယ်တွင် အဘယ့်ကြောင့် မုသားပြောရသနည်း''

''မုသားမဟုတ်ရပါဘုရား''ဟူသောအသံသည် တိုးဝင်၍သွား၏။ မိမိ၏ လျှို့ဝှက်ချက်ကို အဘယ်ပုံသိနိုင်မည်နည်းဟု အားတင်း၍ထားဆဲဖြစ်၏။

''ဒီမှာ မော်ဖူးစမ်း ဃောသက။ ဒါဟာဘာလဲ'' ဟူသော ဘုရင့်မိန့်သံကြောင့် အကြောက်မျှသာမက မုသားပြောမိသောကြောင့် ငုံ့လျှိုးခွေလိမ်၍ထားသော ဦးခေါင်းကို မရဲတရဲဖြင့်မော်၍ ကြည့်လိုက်သောအခါ ထောင်၍ပြထားသော ဘုရင်မင်းမြတ်၏ လက်တွင် မိမိ၏ ရှေးဟောင်းဒင်္ဂါနှစ်ပြားကို တွေ့လိုက်ရသောကြောင့် အံ့အားသင့်သွားသည်။

ထိုအခါတွင်ကား ဖြစ်ရပ်အစုံကို တွေးနိုင်ခဲ့ပြီးဖြစ်၏။ သို့ဖြစ်၍ ကျီးကြည့် ကြောင်ကြည့်နှင့် ညီလာခံဝန်းကျင်သို့ ကြည့်လိုက်သောအခါ ရာဇဂြိုဟ်ပလ္လင်၏ ဝဲဘက်စွန် အနားမှ မိမိအား ပြုံးပြုံးကြီးကြည့်နေသော အမျိုးသမီးကြီးနှင့် ပြုံးပြုံးကလေးစိုက်၍ ကြည့်နေသော မာလာကိုတွေ့ရသောကြောင့် ချက်ချင်းပင် ဦးခေါင်းငိုက်စိုက်ကျသွားရ ပြန်သည်။

''ကုမ္ဘဃောသက၊ သင်သည် စည်းစိမ်ဥစ္စာရှိသူဖြစ်ပါလျက် အဘယ့်ကြောင့် ဤမျှ လျှို့ဝှက်ချင်ရပါသနည်း'' ဟု ဘုရင်က လိုက်လိုက်လျောလျော မေးတော်မူလိုက် သော အခါတွင်မူ ဃောသကက မိမိဖြစ်ရပ်များကိုလျှောက်ထားပြီးနောက် ''မှန်လှပါ၊ အားကိုးစရာမရှိ၊ အထီးကျန်မှုဖြစ်သောကြောင့် လျှို့ဝှက်ရပါတော့သည်ဘုရား''ဟု လျှောက်ထားသည်။

''ငါကဲ့သို့သော တရားမင်းဘုရင်သည် အသင်၏ အားထားရာ မဟုတ်သလော''

''မှန်လှပါ၊ ဘုရင်မင်းမြတ်ကို အားထားပါသည်။ ဘုရင်မင်းမြတ်တည်းဟူသော အားထားရာရပြီဖြစ်သဖြင့် ကျွန်တော်၏ ပစ္စည်းများကို ထုတ်ဖော်ပါတော့မည်ဘုရား''

ယင်းသို့ဖြင့် ကုမ္ဘဃောသက၏ ပစ္စည်းများကိုထုတ်ဖော်ရာတွင် လှည်းပေါင်း များစွာကို အသုံးပြုရ၏။ အခြားတွင်ထားစရာမရှိသောကြောင့် နန်းရင်ပြင်တွင် စုပုံလိုက်သောအခါ ကုဋေလေးဆယ်ခန့်ပင်ရှိ၏။ ထို့နောက်တွင်ကား ဘုရင်၏ အစီအစဉ်ဖြင့် သမီးတော်မာလာနှင့်ပင် လက်ထပ်ပွဲကြီးပြုလုပ်ပေးသည်။ ဤနည်းဖြင့် ရာဇဂြိုဟ်တွင် သူဌေးတစ်ယောက် ထွန်းပေါက်တိုးပွားလာပြန်သည်။

[ ၆ ]

ရာဇဂြိုဟ်၏ သူဌေးကြီးဘွဲ့ခံ ဇောတိက၊ ကာကောဏ္ဍတို့လောက် မချမ်းသာ သော်လည်း ဘုရင့်သမက်ဖြစ်လာသောကြောင့် နေ့ချင်းညချင်း ကျော်ကြားလာသည်။ မျက်နှာကြီးလာသည်။ သို့ရာတွင် ကုမ္ဘဃောသကသည်ကား အယောင်အဆောင်မျှသာ ပြောင်းလဲ၍ သူဌေးဖြစ်သော်ကောဟု အမူအရာပြောင်းလဲ၍မလာ။ မာန်မာနမရှိ။ ဟိတ်ဟန်လည်းမထုတ်။ ရှေးကကဲ့သို့ပင် သင့်လျော်သောပြုဖွယ်ကိစ္စမှန်သမျှ ကိုယ်တိုင်ပြုလုပ်သည်။ ရတနာသုံးပါးကိုင်းရှိုင်းသည်။ အလှူဒါနပြုသည်။ ဘုရားရှင်ကျောင်းတော်သို့ ဘုရင်နှင့်အတူ လိုက်ပါမြဲဖြစ်သည်။ ဤနည်းဖြင့် ကုမ္ဘဃောသကသည် ဘုရင်ချစ်သော သမက်သူဌေးအဖြစ်သို့ ရောက်လာ၏။

ဝေဠုဝန်ကျောင်းတော်တို့ ဘုရင်နှင့်အတူရောက်ကြ၍ အခွင့်သာသော တစ်နေ့တွင် ဘုရင်ဗိမ္ဗိသာရက ဘုရားရှင်အား "များစွာသောသူဌေးတို့သည်လည်းကောင်း၊ ရာထူးဂုဏ်ထူးရှင်များသည်လည်းကောင်း၊ ပညာရှင်များပင်သော်လည်းကောင်း၊ မာန်မာန ခက်ထန်ကြပါကုန်သည်။ ဝင့်ဝါ ပလွှားကြပါကုန်သည်။ ဤကုမ္ဘဃောသကမူကား ရှေးကလည်း သူဌေး၊ ယခုလည်း သူဌေးဖြစ်ရုံမက တပည့်တော်က မြှောက်စားထားသူဖြစ်သော်လည်း မာန်မာနရှိသူ မဟုတ်ပါ။ လူမျိုးစုံကို အဆင့်အတန်းအလိုက် ညီညွတ်အောင် ပေါင်းသင်းတတ်သူလည်း ဖြစ်ပါသည်။ ရတနာသုံးပါးကို မပြတ်ဆည်းကပ်၍ အလှူဒါနဒ္ဓ မွေ့လျော်သူလည်း ဖြစ်ပါသည်။ သူဌေးပင်ဖြစ်သော်လည်း မိမိနှင့်လျော်သော အမှုကိစ္စများကို တက်တက်ကြွကြွ ဆောင်ရွက်တတ်သူလည်း ဖြစ်ပါသည်ဘုရား"ဟု ကုမ္ဘဃောသကအား ဗန်းတင်လျှောက်ထားသောအခါ ဖြစ်ပေါ်လာသော အကြောင်းရပ်ဖြင့် အလိုက်သင့် ဟောကြားတော်မူလေ့ရှိသော ဘုရားရှင်က –

"မင်းကြီး၊ မာန်မာနဟူသည် ပစ္စည်းဂုဏ်၊ ရာထူးဂုဏ်၊ ပညာဂုဏ်တို့က ပင့်မြှောက်၍ ထားသော်လည်း စင်စစ်သော်ကား မာနရှင်အား ဆင်းရဲကိုဖြစ်စေသော တရားဆိုးမျှသာတည်း။ အကြင်သူတို့အဖို့ မပျင်းမရိထထကြွကြွ ရှိခြင်းသည် ထိုသူအဖို့ ချမ်းသာကိုဆောင်၏။ ထို့ကြောင့် မာနကိုကင်းစင်စေ၍ မပျင်းမရိသောဝီရိယ၊ သတ္တဝါတို့အပေါ်၌ ထားအပ်သော မေတ္တာ၊ အလှူဒါနဒ္ဓ မွေ့လျော်ခြင်း၊ ရတနာသုံးပါး၌ ကိုင်းရှိုင်းမှု သတိတရားဖြင့် ပြည့်စုံကြကုန်လော့"ဟု မိန့်ကြားတော်မူ၍ သစ္စာလေးပါး တရားလမ်းညွှန်လိုက်သောအခါ ကုမ္ဘဃောသကသည် တစ်ထိုင်တည်းဖြင့် တရားရှင် အဖြစ်သို့ ဆိုက်ရောက်သွား၏။

ထို့ကြောင့် ဇောတိကစသော သူဌေးကြီးတို့သည် နောင်အခါ၌ အဇာတသတ်၏ ညှဉ်းပန်းမှုကိုခံရသည့်အခါတွင်မှ တရားရှင်အဖြစ်သို့ ရောက်ခဲ့ကြသော်လည်း ကုမ္ဘဃောသကမူကား စောစီးစွာပင် တရားရှင်အဖြစ်သို့ ရောက်လာခဲ့သတည်း။ ။

# ဦးဆိတ်သိုး၏ သွားရာလမ်း

[ ၁ ]

"အသင်ရဟန်း၊ အသင့်ကို ဂေါတမ ဘုရားရှင်၏ တပည့်ရဟန်းဟု ထင်မိပါသည်။ မှန်ပါသလား"

ရဟန်းတော်သည် မျက်လုံးများကို မှေးမှိန်၍ တရားရှုမှတ်နေရာမှ အသံကြားသောကြောင့် ဖွင့်ကြည့်လိုက်သောအခါ တောလိုက်မင်းဝတ်တန်ဆာတို့ကို ဝတ်ဆင်၍ မိမိရှေ့တွင် ခန့်ညားစွာရပ်၍နေသူကို မြင်ရသဖြင့် "မှန်ပါသည်ဒကာ" ဟု အဖြေပေးလိုက်သည်။

ထိုအခါ ဘုရင်သည် လွယ်ထားသောလေးမြားတို့ကိုချ၍ ရိုသေစွာ ရှိခိုးခိုက် နောက်ပါမင်းချင်းတို့လည်း ရောက်လာသော ရဟန်းတော်ကို ရှိခိုးဝပ်တွားကြသည်။

''အသွင်အပြင်ကိုကြည့်၍ ဘုရင်ဖြစ်လိမ့်မည်ဟုထင်ပါသည်ဒကာ''ဟု ရဟန်းတော်က မိန့်ကြားသည်။

''မှန်ပါသည် အရှင်ရဟန်း၊ တပည့်တော်သည် ကောရဗျ ဘုရင်ဖြစ်၍ ဤဥယျာဉ်သည် တပည့်တော်၏ ဥယျာဉ်ဖြစ်ပါသည်''

''ဘုရင့်ဥယျာဉ်မှန်း မသိခဲ့ပါ။ ဆိတ်ငြိမ်အေးချမ်းသည်ကိုတွေ့၍ ဝင်ရောက်နားခိုခဲ့မိပါသည် ဒကာတော်''

''အရှင်ဘုရား အလိုရှိသလောက် ဤဥယျာဉ်တွင် သီတင်းသုံးနိုင်ပါသည်။ အရှင်ဘုရား သီတင်းသုံးသလောက် တပည့်တော်က ဆွမ်း ကွမ်းကပ်လှူပါမည်''

''သာဓု – သာဓု – သာဓု၊ သို့သော် ငါတို့သည် တစ်ရွာ တစ်ကျောင်း တစ်နေရာတွင်မနေ၊ ဘုရားရှင်၏ အမိန့်တော်အရ ရွာစဉ်လှည့်၍ သာသနာပြုရင်း တရားအားထုတ်သူ ဖြစ်ပါသည်''

''သာဓုပါ အရှင်ဘုရား၊ တပည့်တော်သည် ယခင်က အခြားသော တိတ္ထိဆရာများကို ကိုးကွယ်ခဲ့သူဖြစ်ပါသည်။ ဤဥယျာဉ်တွင်ပင် ဒေသစာရီ ကြွချီလာသော ဂေါတမဘုရားရှင်ကို ဖူးတွေ့ရစဉ်အချိန်မှစ၍ ဘုရားရှင်နှင့် အရှင်ဘုရားတို့ကို ပြောင်းလဲကိုးကွယ်ခဲ့ပါသည်။ သို့ရာတွင် ဤဥယျာဉ်သည် ဆိတ်ငြိမ်သာယာလှသောကြောင့် ဘာသာမရွေး ရသေ့ရဟန်းတို့ ဝင်ရောက်သီတင်းသုံးတတ်ကြပါသဖြင့် အရှင်ဘုရားကို ရှင်ဂေါတမ၏ တပည့်ရဟန်း ဟုတ်ပါ၏လောဟု မေးခဲ့မိပါသည်ဘုရား''

''သိတော်မူ မြင်တော်မူသော ဘုရားရှင်သည် ဘုရင့်ဥယျာဉ်တော်တို့တွင် လိုအပ်သလို သီတင်းသုံးတော်မူသော်လည်း ငါတို့သည်ကား ဘုရင့်ဥယျာဉ်တော်တို့ကို သိလျှင် ရှောင်ကြဉ်ခဲ့ပါသည်''

မှန်လည်းမှန်၏။ အခွင့်ကြုံခိုက်တွင် သာသနာတော်ရေးဆိုင်ရာ တရားဟော သာသနာပြုရန်အတွက် လမ်းခင်းပေးလိုက်သော စကားလည်းဖြစ်၏။

''အဘယ့်ကြောင့် ရှောင်ကြဉ်ပါသနည်း အရှင်ဘုရား''

''ဘုရင့်ဥယျာဉ်တော်တို့မည်သည် အလျဉ်းမသင့်ခဲ့ပါသော် အသက်အထိပင် အန္တရာယ်နှင့်တွေ့နိုင်သောကြောင့် ဖြစ်ပါသည်ဒကာတော်''

''အရှင်မြတ် တွေ့ဖူးပါသလားဘုရား''

''ငါတို့တော့ မတွေ့ဖူးသေးပါ။ သို့သော် ငါတို့ဘုရားအလောင်း ခန္တီဝါဒီရှင်ရသေ့ဖြစ်စဉ်အတိတ်က ဘုရင့်ဥယျာဉ်တော်တွင် အမှတ်မဲ့သီတင်းသုံးမိသောကြောင့် အသက်အထိပင်အန္တရာယ်နှင့် တွေ့ကြုံခဲ့ရသည့်ထုံးရှိပါသည် ဒကာတော်''

"ဖြစ်စဉ်ကို လင်းတော်မူပါဘုရား"

"ဘုရင်ဆိုး၏ ဥယျာဉ်တွင် သီတင်းသုံးမိသော သည်းခံမှု ဝါဒအရှင် ခန္တိဝါဒီ အလောင်းတော်ရသေ့အား အကယ်သည်းခံနိုင်ရဲ့လားဟုမေး၍ လက်၊ ခြေတို့ကို ဖြတ်ပစ်သည်။ နှာခေါင်းကို ဖြတ်ပစ်သည်။ အရေအသားတို့ကို ဓားဖြင့်လှီးဖြတ်သည်။ အသက်သေသည်အထိ နှိပ်စက်ခဲ့ပေသည် ဒကာတော်"

"ထိုမင်း အပြစ်မခံရပြီလော"

"မခံရဘဲ ရှိချေအံ့လော။ ဤမဇ္ဈိမတိုက်ဝယ်က ဒဏ္ဍကီနိုင်ငံ၊ ကာလိင်္ဂနိုင်ငံ၊ မာတင်္ဂနိုင်ငံတို့သည် အညတိတ္ထိယဖြစ်သော ရသေ့သူတော်စင်တို့ကိုပင် နှိပ်စက်သောကြောင့် တောအတိဖြစ်သွားကြရသည်ဟူသော ထုံးရှိသည်မဟုတ်ပါလော။ ခန္တိဝါဒီ ရှင်ရသေ့ကို နှိပ်စက်သောကြောင့် ထိုမင်း၏ နိုင်ငံတစ်ခုလုံးပင်ပျက်သုဉ်းခဲ့ပေသည် ဒကာတော်"

"အရှင်မြတ်တို့သည်လည်း သည်းခံမှုတရားရှိကြသည်မဟုတ်ပါလားဘုရား"

"ရှိကြပါ၏။ စင်စစ်ဆိုသော် ဂေါတမဘုရားရှင်၏ တပည့်သား သံဃာတော် မှန်လျှင် သည်းခံမှုဝါဒသမား၊ ခန္တိဝါဒီများသာတည်း။ သို့သော် မလိုလားအပ်သော ကိစ္စတစ်ရပ်ဖြစ်ကို မဖြစ်ပေါ်အောင် ရှောင်ကြဉ်ခြင်းသည် ကောင်းသောအမှု မဟုတ်ပါလား ဒကာတော်"

"အံ့ဖွယ်ရှိပါပေ၏ဘုရား"

"မှန်သည် မင်းမြတ်၊ သည်းခံမှုဟူသည် အပြောလွယ်သလောက် အကျင့် ခက်သော အံ့ဖွယ်တရားတော်ဖြစ်ပေသည်။ ထို့ကြောင့် ငါတို့ဘုရားရှင်က 'ခန္တီပရမံ တပေါ တိတိက္ခာ–သည်းခံနိုင်မှုသည် မြတ်သောအကျင့်၊ မြတ်သောတရားဟု သာမန်မျှ မဟောဘဲ အလွန်ခက်ခဲသောအကျင့်၊ အလွန်မြတ်သောတရား' ဟု ဟောတော်မူခြင်း ဖြစ်ပေသည်"

"အရှင်မြတ်၏ တရားသည် လေးနက်လှပါပေ၏။ ဤတရားကို ကြားနာ ရသောကြောင့် ဝမ်းမြောက်လှပါသည်။ ထို့ကြောင့် အရှင်မြတ်အား တပည့်တော်ပိုင်စားရာ ဖြစ်သော သူရသာတီမြစ်ကမ်းထိပ်မှ အဖိုးတစ်သိန်းထိုက်သော မဟာတိတ္ထရွာကြီးကို အရှင်မြတ်၏ ဆွမ်းဝတ်ရွာအဖြစ် ပေးလှူပါ၏အရှင်ဘုရား"

"သာဓု – သာဓု – သာဓု"

[ ၂ ]

သို့ဖြစ်၍ မဟာတိတ္ထိရွာကြီးကို ရဟန်းတော်အား ဘုရင်မင်းမြတ်က ဆွမ်းဝတ်အဖြစ် ပေးလှူလိုက်သည်ဟူသောသတင်းသည် မဟာတိတ္ထရွာတွင် ရွာသူကြီးက မောင်းကြေးနင်း ခတ်၍ ကြေညာသောကြောင့် ကျော်ကြား၍သွား၏။ သို့ရာတွင် အလှူခံရဟန်းတော်ကိုကား မဖူးတွေ့ကြရဖူးသေး။ အကြောင်းမူကား ရဟန်းတော်အဖို့ ဘုရင်ကလှူ၍သာ အလှူခံ လိုက်ရသော်လည်း ကိုယ်ပိုင်ဆွမ်းဝတ်ရွာရှိခြင်း, မရှိခြင်းသည်အကြောင်းမဟုတ်။ ရွာမျိုးစုံ၊ ကျောင်းဇရပ် သုသာန်မျိုးစုံတို့တွင်သာ အလျဉ်းသင့်သလို လှည့်လည်သီတင်းသုံးကာ သာသနာပြုနေသောကြောင့်ပေတည်း။

ဤတွင် သူရဿတီမြစ်ကမ်းထိပ်မှ ကူးတို့သမားကြီး ဦးဆိတ်သိုးအကြောင်းကို ဖော်ပြရန်လိုလာသည်။

သူ့ငယ်မည်မှာ မောင်စိတ္တဖြစ်၏။ အမှတ်မဲ့ပေးသော အမည်မဟုတ်။ လူမမယ် ငယ်ရွယ်စဉ်ကပင် စိတ်တိုတို ဆတ်ဆတ်နှင့် စရိုက်ကြမ်းလေ့ရှိသောကြောင့် စိတ်ကောင်း စိတ်မွန်ကလေး ရှိပါစေတော့ ဟူသောသဘောဖြင့် သူ့မိဘများက တမင်သတိပြုရွေးချယ် ပေးခဲ့သော အမည်ဖြစ်သည်။

သို့ရာတွင် သူ့ငယ်စရိုက်မှာ ပျောက်ဖို့ဝေး၍ လျော့ပါး၍ပင်မသွား။ ထစ်ခနဲရှိတိုင်း စိတ်တိုတို ဆတ်ဆတ်နှင့် ကြမ်းတမ်းလှသောကြောင့် မိတ်ဆွေများက မောင်စိတ္တအမည်မှ မောင်စိတ်တို၊ မောင်စိတ်ဆို၊ မောင်စိတ်ဆိုးမှ ''မောင်ဆိတ်သိုး''ဟု ပြောင်လှောင် မှည့်ခေါ်လာကြသည်။

စိတ်သည် ရုပ်ကိုပြုပြင်ရာ၌ ဒုတိယ အရေးကြီးဆုံးသောအရာ ဖြစ်သည်။ အကြောင်းမူကား ရုပ်ကိုပြုပြင်သည့် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား လေးပါးအနက် စိတ်၊ သို့မဟုတ် စိတ္တဇရုပ်သည် ဒုတိယနေရာတွင် ရှိသောကြောင့်ဖြစ်သည်။

စိတ်တို စိတ်အို စိတ်ကြမ်းသော မောင်စိတ်ဆိုး၏ရုပ်သည် အသက်ကြီးလာ သလောက် ကြမ်းတမ်းရင့်ရော်၍လာသည်။ ရုပ်ကြမ်းသလောက် အရုပ်အမောင်းကလည်း ကြီးထွားလှ၏။ နားထင်တစ်ဖက်တစ်ချက်တွင် နက်မှောင်သော ပါးသိုင်းမွေးတို့ ကောက်လိမ် တွယ်ကပ်လျက်ရှိ၏။ ရှည်သွယ်သော မျက်နှာကြီးအောက်မှ ချွန်းထွက်လျက် ရှိသောမေးစေ့တွင်ကား ရှည်လျားသော မုတ်ဆိတ်မွေးကြီးများရှိသည်။

သို့ဖြစ်၍ မောင်ဆိတ်သိုးအဖြစ်မှ ဆိုးရွားသည့် ရုပ်ရည်နှင့် ကိုယ်ညီလိုက်ဖက်လှ သော ''ဦးဆိတ်သိုး''အမည်သို့ ခိုင်မြဲစွာ ရောက်ရှိခဲ့ရသည်မှာ ကြာပြီ။

ဤတွင် သူရဿတီမြစ်အကြောင်း ပြောရန်ရှိ၏။ မဇ္ဈိမတွင်ရှိသော မြစ်ကြီး ငါးသွယ်၊ မြစ်ငယ်ငါးရာတို့အနက် မဇ္ဈိမမြောက်ပိုင်းမှ ယခုဖော်ပြမည့် မြစ်ကလေးသည် အလွန်လှ၏။ သာယာ၏။ သူတို့မြစ်ကလေးကို သူတို့နယ်သားတို့က အလွန်ဂုဏ်ယူ ဗန်းတင်၏။ သူတို့ ကိုးကွယ်သော မဟာဗြဟ္မာကြီး၏ ကြင်လျာဇနီးသည်အမည်ကိုယူ၍ 'သူရဿတီမြစ်'ဟု အမည်ပေးသည်။

ယခု ထိုမြစ်၏တစ်ဖက်ကမ်းသို့ ရဟန်းတော် ရောက်ရှိလာသည်။ တစ်ဖက်ကမ်းတွင် ဘုရင်ပေးလှူထားသောရွာကြီးရှိရာ မိမိကိုလှူထားသောရွာဟူသော သံယောဇဉ်ဖြင့် တစ်ခေါက်တကျင်းတော့ သွားရောက်သီတင်းသုံးဖို့ ရည်ရွယ်ထားသည်။ တစ်ဖက်ကမ်းသို့ ဦးဆိတ်သိုး၏ကူးတို့ဖြင့် ကူးရမည်ဖြစ်၏။

ထို့ကြောင့် ဦးဆိတ်သိုးနှင့် ကူးတို့လှေရောက်ရှိလာသောအခါ "တစ်ဖက်ကမ်းသို့ ငါလိုက်ပါရစေ ဒကာ"ဟု ရဟန်းတော်က တောင်းပန်၏။

"လူတိုင်းစီးနေတဲ့ ကူးတို့ပဲ"ဟု ဦးဆိတ်သိုးက ခပ်ထန်ထန်ပြောသည်။ မြင်လိုက်သည် ဆိုကတည်းက ဂေါတမရဟန်းမှန်းသိ၍ ဦးဆိတ်သိုးမနှစ်လို။ ရဟန်းတော်ကမူ မိမိရွာ မိမိဒကာများဟုခံယူသည်။ လှေပေါ်တွင် အခြားဒကာများလည်း ပါရှိသည်။

တစ်ဖက်ကမ်းသို့ ရောက်၍ ရဟန်းတော်က ကြွသွားရန် ဟန်ပြင်သောအခါ ဦးဆိတ်သိုးက "ရဟန်း၊ ကူးတို့ခပေးလေ"ဟု လက်ကိုဆွဲ၍ တောင်းသည်။

"ငါတို့ရဟန်းဟူသည် အသပြာမကိုင်ရပါ။ ပေးရန် အသပြာမရှိပါ"

"မပေးလို့ ဘယ်ရမလဲ၊ အခမဲ့ပို့နေတာမဟုတ်ဘူး"ဟုဆိုကာ ရဟန်းတော်ကို ဆွဲလှဲလိုက်သည်။

"ငါတို့မှာ အသပြာမရှိပါ။ တရားသာရှိပါသည်။ ဒကာ ချမ်းသာပါစေသတည်း"

"ဘာတရားလဲ၊ တရားဆိုတာ ထမင်းစားရသလား"ဟု ဆိုကာ လဲနေသော ရဟန်းတော်ကို ခြေဖြင့်ကန်သည်။ ဖနောင့်ဖြင့်ပေါက်သည်။

"ဩော်-ဒကာတစ်ယောက်တွေ့တော့ ရွာကြီးကိုတောင်လှူသည်။ ဒကာ တစ်ယောက်ကျတော့ ကူးတို့ခလေးမျှဖြင့် အနှိပ်စက်ခံရသည်။ လူချင်းတူပေသည့် စရိုက်ချင်းမတူပါတကား"ဟု ရဟန်းတော်က ညည်းတွားသည်။

ထိုအခါ ကရုဏာဖြင့် ဝိုင်းကြည့်နေကြသော ဒကာများက "အရှင်ဘုရား ဒီရွာကို ဆွမ်းဝတ်ရွာအဖြစ် ဘုရင်မင်းမြတ်ပေးလှူတဲ့ ရဟန်းတော်ပါလား"ဟု လျှောက်ထား မေးမြန်းကြသည်။

"မှန်ပါသည် ဒကာတို့"

ရှာသားများက ဦးဆိတ်သိုးကို ဖမ်းချုပ်ကြသည်။ ထိုဒကာများမှာ ရှာသူကြီး၏ အမှုလုပ် ရှာစောင့်၊ ရှာကြပ်များဖြစ်နေ၏။ ရဟန်းတော်က တောင်းပန်၍ပင်မရ။ ရှာသူကြီးမှ တစ်ဆင့် ဘုရင်ထံပို့သည်။ ကူးတို့သမားကြီး ဦးဆိတ်သိုး၏ သွားရာလမ်းကား အဝီစိပေတည်း။

# မဟာစောရ

[ ၁ ]

နွေရာသီ၏ တစ်ခုသောလပြည့်နေ့၌ သံဃာတော်များ 'ဥပုသ်ပြု'ကြမည့်ကိစ္စတွင် ဘုရားရှင်ကိုယ်တော်တိုင် ပါတိမောက် ပြတော်မူမည်ဟု အရှင်အာနန္ဒာမှတစ်ဆင့် သိကြရသောကြောင့် သံဃာတော်အားလုံးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိကြ၏။ သက်ရွယ်ကြီးရင့်၍ ပင်ပန်းတော်မူမည်ကြောင့် အခါတိုင်းဆိုလျှင် မထေရ်ကြီးတစ်ပါးပါးက ပါတိမောက်ပြသည်။ ယခုသော် ဘုရားရှင်ကိုယ်တော်တိုင်ရွတ်ဆိုမည် ဆိုသောကြောင့် ဝမ်းမြောက်ကြရသည်။

ညနေစောင်းတွင် သံဃာ့အစည်းအဝေးချိန်နီးသောအခါ ဒါယကာတို့မပြတ် မွမ်းမံ၍ လှည်းကျင်း၍ ထားသောကြောင့် သန့်ရှင်းလျက်ရှိသော သံဃာ့မဏ္ဍပ်ကို အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ ကိုယ်တိုင်တံမြက်ကိုင်၍ ထပ်မံလှည်းကျင်း

သည်။ အရှင်အာနန္ဒာက မဏ္ဍပ်နံဘေးရှိ ရေအိုးစင်များကို စစ်ဆေး၍ ရေနည်းနေသော အိုးများသို့ ရေထမ်း၍ဖြည့်၏။

အကြောင်းမူကား ဥပုသ်ပြုခြင်းခေါ် သံဃာ့အစည်းအဝေးလုပ်မည့် မဏ္ဍပ်နေရာ၊ သိမ်နေရာကို တံမြက်လှည်းရမည်၊ သောက်ရေ သုံးရေထားရမည်၊ လကွယ်ပက္ခဖြစ်၍ မှောင်နေလျှင် ဆီမီးညှိထွန်းရမည်၊ နေရာခင်းရမည်ဟူသော အမိန့်တော်မှာ ဝိနည်းစည်းကမ်းအရ သတ်မှတ်ထားချက်များဖြစ်လေရာ ဝိနည်းတော်ကို ရိုသေသောကြောင့် ဖြစ်ပေ၏။

အနောက်တွင် နေလုံးကြီးဝင်၍ အရှေ့တွင် လလုံးကြီးထွက်ပေါ်လာချိန်တွင် သံဃာ့မဏ္ဍပ်သို့ ရဟန်းတော်များ တစ်ပါးပြီးတစ်ပါး ကြွရောက်လာကြသည်။ မဏ္ဍပ်သို့ ရောက်သည်နှင့် ရဟန်းကြီးနှင့် ရဟန်းငယ်နှစ်ပါးတွဲ၍ 'ဒေသနာကြား'ကြသည်။ ထို့နောက် ပခုံးတွင်တင်လာကြသော 'နိသီဒိုင်' ကလေးများကိုခင်း၍ စနစ်တကျနေရာယူကြသည်။

စောစောက ဤမဏ္ဍပ်တွင်ပင် ဘုရားရှင်၏တရားပွဲမှ ဒါယကာအချို့သည်လည်း ရဟန်းတော်များဥပုသ်ပြုမည်ကို ကြည်ညိုကြရန် မဏ္ဍပ်ဝန်းကျင်တွင် နေရာယူ၍ ထိုင်နေကြသည်။

သံဃာတစ်သောင်းကျော်ဆံ့သော မဏ္ဍပ်ကြီးသည် မကြာမီပင် သံဃာတော်များဖြင့် ပြည့်သိပ်၍ သွားသည်။ လလုံးကြီးအရောင်ကြောင့် ကျောင်းတော်တစ်ခုလုံး ဝင်းထိန်လျက် ရှိသော်လည်း မဏ္ဍပ်အတွင်းပိုင်းအချို့နေရာများတွင် မှောင်ရိပ်ကလေးများ ခိုလျက်ရှိသောကြောင့် အရှင်အနုရုဒ္ဓါမထေရ်က မဏ္ဍပ်အတွင်း နေရာများတွင် စိုက်ထားလျက်ရှိပြီးသော ဆီမီးတိုင်များကို လိုက်လံညှိထွန်းလျက်ရှိသည်။

မဏ္ဍပ်နေရာ အပြင်အဆင် ကိစ္စအားလုံးပြီးချိန်လောက်တွင်ပင် ဘုရားရှင် ကြွလာတော်မူ၍ နေရာတော်တွင် ထိုင်မိသောအခါ သံဃာတော်အားလုံးနှင့် လူဒါယကာများပါ ပျပ်ဝပ်ဦးနှိမ်ကြသည်။ နဂိုကပင် ငြိမ်ဝပ်လျက်ရှိသော ပရိသတ်သည် ဘုရားရှင် သီတင်းသုံးမိသည်နှင့်တစ်ပြိုင်နက် တုတ်တုတ်မျှမလှုပ်၊ ကျောက်ရုပ် ကျောက်တိုင်များကဲ့သို့ ပို၍ငြိမ်ဝပ်သွားသည်။

''ယနေ့သည် ပန္နရသီ လပြည့်နေ့ဖြစ်၍ သံဃာတော်များ ဥပုသ်ပြုကြမည့် အချိန်ဖြစ်ပါသည်။ ဥပုသ်ပြုရာ၌ ဝိနည်းတော်အရ ရဟန်းတော်တို့ ရှေးဦးစွာ ပြုလုပ်ရမည့် ကိစ္စများရှိပါသည်။ တံမြက်လှည်းပြီးပါပြီလား'' ဟူသော အရှင်မောဂ္ဂလာန်၏ အမေးစကားဖြင့် စတင်သည်။

"လှည်းကျင်းပြီးပါပြီ"ဟု အရှင်သာရိပုတ္တရာက ဖြေကြားသည်။

"ဆီမီးညှိထွန်းပြီးပါပြီလား"

"ပြီးပါပြီဘုရား"ဟု အရှင်အနုရုဒ္ဓါက လျှောက်ထားသည်။

"သောက်ရေသုံးရေ တည်ထားပြီးပါပြီလား"

"တည်ထားပြီးပါပြီဘုရား"ဟု အရှင်အာနန္ဒာက လျှောက်ထားသည်။

"ပြီးလျှင် ဘုရားရှင်ကိုယ်တော်တိုင် ပါတိမောက်ပြတော်မူလိမ့်မည်။ ကောင်းစွာနာယူကြပါစို့"

သို့ရာတွင် ဘုရားရှင်အသံတော်သည် အတန်ကြာသည့်တိုင် ထွက်ပေါ်မလာသဖြင့် သံဃာတော်များ စောင့်မျှော်လျက်ရှိနေကြရသည်။

[ ၂ ]

'ဥပုသ်ပြုခြင်း'ဟူသည်မှာ သံဃာတော်များသည် မည်သည့်ဒေသ၊ မည်သည့် နေရာ၌ နေသည်ဖြစ်စေ၊ တစ်လနှစ်ကြိမ်၊ လပြည့်လကွယ်နေ့များကို မပျက်မကွက်၊ သိမ်အပြင်တို့၌ နှစ်ပါးတည်းပင်ဖြစ်စေ ရှိသမျှသော သံဃာဖြင့် မလုပ်မနေရ စည်းဝေး၍ ပါတိမောက်ပြရခြင်းဖြစ်၏။ သံဃာ၏ ညီညွတ်မှုချမ်းသာမှုကို ဖြစ်စေသည်။

'ပါတိမောက်ပြခြင်း'ဟူသည်မှာ သတ်မှတ်တော်မူအပ်သော ဘိက္ခုဝိနည်းဖြင့်၊ ဘိက္ခုနီဝိနည်းပါဠိတော်များကို တစ်နည်းအားဖြင့် သာသနာတည်းဟူသော အဖွဲ့အစည်း၏ စည်းမျဉ်းဥပဒေများကို ရွတ်ဆိုခြင်းပင်ဖြစ်ပေသည်။ သာသနာတော်၏ အသက်ဖြစ်သော သိက္ခာပုဒ်တော်များကို မပြတ်သတိရ လေးစားခြင်းကို ဖြစ်စေသည်။

"နိသီဒိုင်"ဆိုသည်မှာ လူနတ်ပြဟ္မာတို့ အလွန်အလေးအမြတ်ပြုအပ်၍ မိမိတို့ ဝတ်ဆင်ထားသော သာသနာ့တံခွန် အောင်လံသင်္ကန်းကို မပေမကျံရန်အတွက် ရဟန်းတော်များ ထိုင်သောအခါတွင် အသုံးပြုသော ခင်းနှီးအဝတ်ကလေးဖြစ်၏။

ပါတိမောက်ပြရန် ဘုရားရှင်အထံတော်မှ အသံတော်ထွက်မလာသဖြင့် အရှင်အာနန္ဒာက "အရှင်မြတ်ဘုရား။ ပါတိမောက်ပြရန် အချိန်တန်ပါပြီ"ဟု လျှောက်ထားသည်။ သို့ရာတွင် အသံတော် ထွက်ပေါ်မလာပေ။

''ပါတိမောက်ပြရန် အချိန်တန်ပါပြီဘုရား''ဟု ထပ်မံလျှောက်ထားသောအခါ တွင်လည်း အသံတော်ထွက်မလာသေးပေ။

အတန်ငယ်ဆိုင်းပြီးနောက် ''ပါတိမောက်ပြရန် အချိန်တန်ပါပြီဘုရား''ဟု တတိယအကြိမ်မြောက် လျှောက်ထားလိုက်၏။

ထွက်လာမည့်လာတော့ တစ်မျိုးဖြစ်နေ၏။ ''အာနန္ဒာ၊ ပရိသတ်သည် မသန့်။ မသန့်သောပရိသတ်တွင် ပါတိမောက်ပြရန်မသင့်''ဟူ၍ ဖြစ်သတည်း။

ယင်းမိန့်ခွန်းတော်ကြောင့် ရဟန်းပရိသတ်ကြီးတစ်ခုလုံး အံ့အားသင့်သွားကြ သည်။ မမှုသံဝေဂဖြင့် ညည်းညူလိုက်သောအသံများ တီးတိုးထွက်လာသည်။ မည်သူ မသန့်ပါလိမ့်၊ အဘယ်ပုံ မသန့်ပါလိမ့်ဟု တစ်ပါးသည် တစ်ပါးသို့ လှည့်၍ ကြည့်ရှု လိုက်မိကြ၏။

ဤနေရာတွင် ရဟန်းပရိသတ် သန့်မသန့် ပြဿနာကို သိရန်လို၏။

ရဟန်းတို့အတွက် ဝိနည်းဥပဒေမှာ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်၊ အကျဉ်းအားဖြင့် နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်ဖြစ်၍ အနုအရင့်အဆင့် ခုနစ်ဆင့်ရှိ၏။ အာပတ်ခုနစ်ပုံဟုခေါ်သည်။

ယင်းတို့အနက် 'ဝတ္ထုသည်မနှင့် သံဝါသပြုခြင်း၊ လူနှင့် လူဇာတ်ဖြစ်သူတို့၏ အသက်ကိုသတ်ခြင်း၊ ခိုးခြင်း၊ ရဟန္တာမဟုတ်ဘဲ ရဟန္တာဟုဝန်ခံသည်မှအစ အသက်သိက္ခာ ကြီးလေဟန်ဖြင့် ထေရ်ခိုးဝါခိုးခြင်းဟူသော ပါရာဇိက၊ သာသနာတော်နှင့် ကင်းပြတ်ဆုံးရှုံးမှု လေးမျိုးမှလွဲလျှင် ကျန်အဆင့်ခြောက်မျိုးအတွက် မိမိအပြစ်ကို ဖွင့်ဟဝန်ခံခြင်းဟူသော 'ဒေသနာကြား'ထားလျှင် အချို့အပြစ်များကင်းပျောက်၏။ အချို့ဆိုင်းငံ့ပြစ်ဖြစ်၍ သံဃာ့အပေါင်းအဖော် သံဃာ့ဘောင်သို့ဝင်နိုင်သေးသည်။ သံဃာပင်ဖြစ်၏။

ပါရာဇိက လေးပါးတွင် တစ်ပါးပါးသို့ သက်ရောက်လျှင်မူကား သင်္ကန်းဝတ်ထား သော်လည်း ရဟန်းမဟုတ်တော့။ သာကီဝင်မင်းသား ဘုရားသားတော်မဟုတ်တော့။ ထန်းပင်ပြတ်သည် ပြန်၍မဆက်နိုင်တော့သကဲ့သို့ သာသနာတော်နှင့် မဆက်စပ်တော့။ သို့ပါလျက် သင်္ကန်းဝတ်နေသေးလျှင် သူ့ကို မဟာစောရ 'သူခိုးကြီး'ဟုခေါ်သည်။

''ဘုရားနှင့် ပစ္စေကဗုဒ္ဓါမှတစ်ပါး အာပတ်မသင့်သူမရှိ''ဟူသော စကားတော်အရ

ကျန်အာပတ်ခြောက်ပုံကိုမူကား ပုထုဇဉ်ဂတိအရ သင့်ရောက်နိုင်ကြသည်ချည်းဖြစ်၏။ သို့သော် ရဟန်းပင်ဖြစ်သည်။ အပြစ်အလျောက် ဖြေဖျောက်ယူလျှင် ပြီးစီးသည်။

ဘုရားရှင်က ''ပရိသတ်သည် မသန့်''ဟု မိန့်တော်မူခြင်းမှာ သက်န်းဝတ်ထားသော ရဟန်းယုတ်၊ ရဟန်းတု၊ ရဟန်းယောင် တစ်ယောက်သည် ဤပရိသတ်တွင် ပါရှိနေသည်ကို မြင်၍ မိန့်တော်မူခြင်း ဖြစ်သည်။

ဝေနေယျသတ္တဝါတို့အပေါ်၌ ကရုဏာလျှင် ပြဋ္ဌာန်းခြင်းရှိသော ဤသာသနာတော်၏ ဝိနည်းစည်းကမ်းများမှာ ဟိရိဩတ္တပ္ပရှိသူတို့၏ အမြင်ဖြင့် လေးနက်ခန့်ညားလှသော်လည်း အရှက်အကြောက်မရှိသူတို့အဖို့မူ တိတ်တိတ်ပုန်း ဘဝကွန်းခိုရာ၊ အချောင်နိူက်ရာဖြစ်လျက်ရှိ၏။ ဤနည်းဖြင့် ဝိနည်းမလိုက်နာသော ဒုဿီလရဟန်းဟူသည် ဘုရားရှင်လက်ထက်တော်တွင် ဘုရားရှင်ရှေ့တော်မှောက်၌ပင် လိမ်လည်၍ နေထိုင်သည်မှာ အံ့စရာကောင်းသည်။

ဘုရားရှင် မိန့်ခွန်းတော်ကြောင့် အရှင်မောဂ္ဂလာန်က တန်ခိုးဖြင့် ကြည့်လိုက်သောအခါ ရဟန်းကောင်းတို့အလယ်တွင် ပြောင်ပြောင်တင်းတင်း ထိုင်လျက်ရှိသော မဟာစောရ၊ ရဟန်းတု၊ ရဟန်းယုတ်ကို ထင်းထင်းကြီးမြင်ရတော့သည်။

ထို့ကြောင့် ''သင်ရဟန်း၊ ပရိသတ်မှ ထွက်သွားပါဘိ''ဟု မိန့်လိုက်သည်။

ထိုရဟန်းသည် ယောင်ယောင်ပေါင်ပေါင်နှင့် ပေ၍နေ၏။ တန်ခိုးရှင်ရဟန်းများက ဘယ်ရဟန်းကို ပြောကြောင်းသိကြပြီ။ ပုထုဇဉ်ရဟန်းတို့ကမသိသေး။

နောက်ဆုံးတွင်မူ အရှင်မောဂ္ဂလာန် ကိုယ်တော်တိုင် ထိုရဟန်းထံသို့ သွား၍ လက်ကိုဆွဲလိုက်သောအခါ ထ၍လာရတော့သည်။ ပရိသတ်အပြင်သို့ရောက်အောင် ပို့လိုက်၏။ အပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် တစ်ကြိုးတည်းထွက်ပြေး၏။ သူအဘယ်သို့ ပြေးမည်နည်း။ အဝီစိသို့သာတည်း။

[ ၃ ]

ထိုအခါမှ ဘုရားရှင်ကိုယ်တော်တိုင် ပါတိမောက်ပြတော်မူသည်။ သာသာယာယာနှင့် ပြီးဆုံးရမည့်ကိစ္စ၌ ရဟန်းယုတ်ကြောင့် ဓမ္မသံဝေဂ အရကြီးရစ္စာဖြင့် နာယူကြသည်။

သူယုတ်၊ သူခိုးဟူသည် မီးနှင့်တူသည်။ မီးသည် ထိသူမှန်သမျှကို ပူလောင်စေသကဲ့သို့ သူနှင့် စပ်သမျှ ပူလောင်စေသည်။ ဘုရားရှင်၏ ဒေသနာတော်အဆုံး၌မှုကား ကြီးစွာသော ဓမ္မသံဝေဂဖြင့် သုံးကြိမ်ခေါ်လိုက်သော သာဓုသံမှာ ဘဝဂ်လျှံသွားသည်။

# အလောင်းတော် စုံထောက်

[ ၁ ]

မိဖုရားကြီး၏ မဟာသာရ လည်ရွဲတန်ဆာ ပျောက်ဆုံးမှုကြောင့် ဘုရင့်အချုပ်ခန်းသို့ လူတန်းစားအမျိုးမျိုးမှ လူငါးဦးတို့ ဖမ်းဆီးရောက်ရှိနေသည်မှာ ထူးခြားလှ၏။ ယာသမားကြီးတစ်ဦး၊ သူဌေးကြီးတစ်ဦး၊ ပုရောဟိတ် ဗြာဟ္မဏတစ်ဦး၊ ဂီတလုလင် စောင်းဆရာတစ်ဦးနှင့် ပြည့်တန်ဆာမ တစ်ယောက်တို့ဖြစ်သည်။

သူဌေး၊ ပုရောဟိတ်နှင့် စောင်းဆရာတို့ကို ကျွန်ုပ်သိသည်။ သူဌေးသည် ကောင်းရောင်းကောင်းဝယ်နှင့် သီလရှိသူဖြစ်၏။ ပုရောဟိတ်သည် ကျွန်ုပ်ကဲ့သို့ နန်းတွင်း ပုရောဟိတ်မဟုတ်သော်လည်း ပညာ၊ သီလတို့ကြောင့် နိုင်ငံတော်တွင် ကျော်ကြားသော ပညာရှိဖြစ်သည်။ ဂီတလုလင်သည် ထိုထိုမင်းပွဲ၊ မျက်နှာကြီးပွဲတို့၌ ကျော်ကြားသော စောင်းသမားဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင် သူ့လက်သံကို ကြိမ်ဖန်များစွာ နားထောင်ဖူး၍ သူ့ဂီတပညာကိုသိသည်။

မိဖုရားကြီး၏ လည်ရှဲတန်ဆာ ပျောက်ဆုံးမှုတွင် ဘုရင့်အမှုထမ်းတို့က သူတို့ကို မီးခိုးကြွက်လျှောက် ဖမ်းဆီးချုပ်နှောင်ထားသည်။ ခိုးမှုဟူသည် ပြစ်မှုမထင်ရှားမီ အနှိပ်စက်ခံ၍ အမှုထင်ရှားသော် အသတ်ခံရမည်။ မှုခင်းဖြစ်ပွားပုံမှာ အဆီအငေါ် မတည့်လှသောကြောင့် အမှုထမ်းတို့ကို မေးမြန်းကြည့်သည်။ ဖြစ်ပုံမှာ ဤသို့တည်း။

ဘုရင်မင်းမြတ်သည် ဥယျာဉ်မွေ့ထွက်သောအခါ မိဖုရားကြီးကပါ လိုက်ပါ လိုသည်ဆို၍ မင်္ဂလာဥယျာဉ်တော်သို့ ခေါ်ဆောင်သွားသည်။ မိဖုရားကြီးထွက်တော်မူမည် ဆိုတော့ မောင်းမမိဿံအခြွေအရံတွေ တစ်ပြုံတစ်ထွေးပါရှိလာ၏။ အစီအစဉ်မှာ စားရင်း သောက်ရင်း မင်္ဂလာရေကန်တော်တွင် ရေချိုးကြရင်းနှင့် အချိန်ကုန်သည်အထိ နေကြ မည်ဖြစ်၏။ အစောင့်အကြပ်အသိုက်အဝန်းမှာ အခါတိုင်း ဘုရင်မင်းမြတ် ထွက်သည်ထက် ပို၍များပြားသည်။ ဘုရင်မင်းမြတ်ပါရှိသော်လည်း အခြားကိစ္စ ရှိနေသောကြောင့် ကျွန်ုပ်လိုက်ပါ၍ မသွားခဲ့ပေ။

အမျိုးသမီးများ လှလိုပလို တန်ဆာဆင်လိုကြသည်မှာ တဆိတ် လွန်လွန်းသည်။ နေရာဒေသ အချိန်ကာလမရွေး လှလို ပလိုကြသည်။ အကြောင်းမှာ မင်းပွဲစိုးပွဲ မြို့ထဲ ခရီးဆိုလျှင်ရှိပါစေဦးတော့၊ ဥယျာဉ်သို့ ထွက်သည်ကိုပင် ဝတ်ဆင်တန်ဆာများ အပြည့်အစုံဆင်ယင်၍သွားကြသည်။ မိဖုရားကြီးသည် သာမန်အဝတ်အဆင်မျှသာမက မင်္ဂလာအခမ်းအနားကြီးများ၌သာ ဆင်ယင်အပ်သော မဟာသာရ လည်ရှဲတန်ဆာကြီး ကိုပင် ဆင်ယင်၍သွားသည်။

မင်္ဂလာ ရေကန်တော်တွင် မိဖုရားကြီးတို့ ရေချိုးကြ၏။ မိဖုရားကြီး ဥယျာဉ်မွေ့ ထွက်လိုသည်မှာ ဤကိစ္စသည်အဓိကဖြစ်၍ ရေတွင်ပျော်မြူးလိုသည်ကြသည်မှာ မိန်းမတို့၏ ဓမ္မတာတစ်ရပ်ဖြစ်သည်။ စစ်သည်တော်နှင့် အစောင့်အကြပ်များက အဝေးမှ အထပ်ထပ်စောင့်ကြပ်၍ ဘုရင်နှင့်ယောကျ်ားတို့က သင့်လျော်ရာတွင်ရှိနေသည်။

ရေတွင် ပျော်မြူးလိုပါလျက် မပျော်မြူးရသူမှာ မိဖုရားကြီး၏ လက်ရင်းအပျိုတော် တစ်ယောက်ဖြစ်၏။ အကြောင်းမှာ အဖိုးတန်၍ စိုးရိမ်မှုပိုရသော မဟာသာရ လည်ရှဲ တန်ဆာကို အစောင့်အဖြစ် ချထားခံခဲ့ရသောကြောင့်ဖြစ်သည်။ ဤတွင် လည်ရှဲ တန်ဆာကြီး သူခိုးနောက်ပါသွားရလေတော့သည်။ အစောင့်အပျိုတော်သည် ပျင်းပျင်းနှင့် အိပ်ပျော်သွားခိုက်တွင် ပျောက်သွားခြင်းဖြစ်သည်။

ငိုက်မျဉ်းအိပ်ပျော်နေရာမှ နိုး၍ လည်ရှဲတန်ဆာကြီး မရှိတော့သည်ကို တွေ့ရ

သော် အပျိုတော်က အလန့်တကြား အော်ပါလေ၏။ အော်ပုံမှာ 'သူခိုးတစ်ယောက် ယူပြေးပါသည်' ဟူ၏။

ရုတ်ရုတ်သဲသဲဖြစ်ပြီးနောက် အစောင့်အကြပ်တို့ ရောက်လာကြသည်။ အစောင့်အကြပ် ခေါင်းဆောင်သည် ယခုကျွန်ုပ် စစ်ဆေးမေးမြန်းနေသူပင်ဖြစ်သည်။ အစောင့်က ဘုရင်မင်းမြတ်သို့ သွားရောက်လျှောက်ထားသည်။

"မောင်မင်းတို့က သူခိုးနောက် ချက်ချင်းလိုက်ရမှာကို မလိုက်ဘူးလား"

"ဘုရင်မင်းမြတ်ကို အရင်လျှောက်ရဦးမည်ထင်လို့ပါ အရှင်"

ဤတွင် ဤမင်းချင်းကို ကျွန်ုပ်အကဲဖြတ်လိုက်မိပြီဖြစ်၏။ စဉ်းစားဉာဏ်မရှိ။ ရုပ်ရည်အသွင် ကြမ်းတမ်းသည်။ ကိစ္စတစ်ခုဖြစ်ပေါ်လျှင် စဉ်းစားဉာဏ်မသုံး၊ ဦးတည်ရာ ပြုလုပ်မည့်သူဖြစ်၏။ မင်းချင်းကို ပြန်၍လွှတ်လိုက်သည်။

[ ၂ ]

ဘုရင်မင်းမြတ်သည် ဤကိစ္စအတွက် ကျွန်ုပ်ကို တိုင်ပင်ဆွေးနွေးတော့မည်မှာ မုချဖြစ်၏။ ဘုရင်မင်းမြတ် ဥယျာဉ်မွေ့ထွက်တော်မူမည်ဆိုလျှင် မင်္ဂလာဥယျာဉ်ကို ဆိုင်ရာတို့မှတစ်ပါး မည်သူမျှ အကူးအသန်းအသွားအလာမရှိစေရအောင် သန့်ရှင်းထားမြဲဖြစ်၏။ မိဖုရားကြီး တို့ ကိုယ်တိုင် ဥယျာဉ်မွေ့မည်ဆိုသော် အထူးသတိဖြင့်ပို၍ သန့်ရှင်းကာ အစောင့်အကြပ် များပို၍ ချထားရမည်ဖြစ်၏။ မည်သည့် လူစွမ်းကောင်း သူခိုးမျှ ဥယျာဉ်သို့ ဝင်ပိုင်ခွင့်မရှိ။ သို့ဖြစ်၍ မည်သို့ဖြစ်နိုင်သည်ကို ကျွန်ုပ်စဉ်းစားချိန်ဆပြီး ဖြစ်သည်။

ယနေ့မူ အချိန်မရှိတော့။ မနက်ဖြန်တွင်မူ ဘုရင်မင်းမြတ်သည် ကျွန်ုပ်ကို ဆွေးနွေးမေးမြန်းတော့မည်ဖြစ်၏။ ကျွန်ုပ်ချိန်ဆထားသည့်အတိုင်း လျှောက်ထား စီစဉ်မည်။ သို့ရာတွင် ပို၍သေချာစေရန် ကျွန်ုပ်သည် အစီအစဉ်တစ်ရပ်ကို ပြုလုပ်လိုက်၏။ ယင်းသည်ကား လိမ္မာသောကျွန်ုပ်၏ တပည့်ကိုခေါ်၍ အစီအစဉ်ကို နားအပ်လိုက်ခြင်းပင် ဖြစ်ပေသည်။

တပည့်သည် အချုပ်အနှောင်ခံရသူတို့၏ နှောင်အိမ်ဘေးတွင် သူတို့မသိအောင် နေ၍ သူတို့ဆွေးနွေးပြောကြားသမျှကို တစ်လုံးမကျန် မှတ်သားလာစေရန်ပင်ဖြစ်သည်။ ဤတွင် ဖမ်းဆီးခံရသူများသည် သူခိုးမဟုတ်ရုံမက ထူးခြားသော မိးခိုးကြွက်လျှောက် အကြောင်းရပ်များကိုပင် သိရှိလာရတော့သည်။

ဘုရင်ထံမှ ဖမ်းစေဟူသော အမိန့်ရမှ သူခိုးဖမ်းထွက်ကြသည်။ စိတ်ကူးတည့်ရာ ဥယျာဉ်တော်အနီးမှ တောင်ယာဦးကြီးတို့ရွာကိုဝိုင်းသောအခါ အကြောက်လွန်သော ဦးကြီးတစ်ယောက်ကထွက်၍ပြေးသည်။ သူ့ကို သူခိုးဟုဆိုကာ ဖမ်းဆီးနှိပ်စက် စစ်ဆေးသောအခါ အနှိပ်စက်မခံနိုင်တော့သော ဦးကြီးက နှိပ်စက်မှုမှ ချက်ချင်းလွတ်စိမ့်သောငှာ "မဟာသာရဉ်ဘောင်စောင်းကို ယူတော့ယူမိပါ၏။ သို့သော် သူဌေးသို့ ရောင်းလိုက်ပါပြီ" ဟု ထွက်ဆိုသည်။ သူ့ခမျာ 'မဟာသာရ'ဟူသည်ကို လည်ရွဲတန်ဆာဟုပင် မသိရှာ။ ညောင်စောင်းဟု ထင်သည်။ မြို့တွင်းမှ သူဌေးကိုဖမ်းသည်။ သူဌေးက ပုရောဟိတ်သို့ ရောင်းလိုက်ပြီဆိုသောအခါ ပုရောဟိတ်ကို ဖမ်းသည်။ ပုရောဟိတ်က စောင်းဆရာသို့ လက်ပြောင်းလိုက်ပြီဟုဆိုသောအခါ စောင်းဆရာကိုဖမ်းသည်။ စောင်းဆရာက ပြည့်တန်ဆာမသို့ပေးလိုက်ပြီဟုဆို၍ ပြည့်တန်ဆာမကိုဖမ်းသည်။

အချုပ်ခန်းကို ကြည့်ရှုနားထောင်သော ကျွန်ုပ်၏တပည့်က အခြားသူများ လက်မှိုင်ချ၍နေသော်လည်း စောင်းဆရာကမူ စောင်းကိုတီး၍ ပြည့်တန်ဆာမက သူ့ကိုမှီလျက် သီချင်းဆိုနေသည်ဟု ပြောသည်။

သူတို့ချင်း ပြောဆိုနေကြရာ၌ သူဌေးက ယာသမား ဦးကြီးအား "ခင်ဗျား ကျုပ်ကို ဘာဖြစ်လို့လွှဲချရတာလဲ" ဟု မေးသောအခါ ညောင်စောင်းခိုးသည်ကို ဝန်မခံလျှင် မင်းချင်းတို့နှိပ်စက်၍ သေရုံပဲရှိတော့သည်။ သို့ဖြစ်၍ အမှုဖြစ်လာလျှင် ငွေရှိသူနှင့် ပူးပေါင်းက လွတ်ဖို့ရှိသည်ဟုတွေးပြီး သူဌေးကို လွှဲချလိုက်မိပါသည်" ဟု ပြောသည် ပုရောဟိတ်က သူဌေးကိုမေးသောအခါ "မှုခင်းဖြစ်လာလျှင် ပညာရှိနှင့်တွဲက လွတ်မြောက်ဖို့ရှိသည်ဟုတွေးပြီး ပြောလိုက်မိပါသည်" ဟုဆိုသည်။.

စောင်းဆရာက ပုရောဟိတ်ကို မေးသောအခါ "ဖမ်းဆီးသော မင်းချင်းတို့မှာ ကြမ်းတမ်း၍ရှောင်လွှဲဖို့မမြင်။ သို့သော်နန်းတော်တွင် အဝိုင်ပင်ခံပညာရှိ ရှိနေ၍ ကျွန်ုပ်တို့ လွတ်မြောက်ဖို့ သေချာသည်။ အချုပ်ခန်းထဲနေရစဉ်အတွင်း မောင်ရင့်လက်သံကို ကြားနေရလျှင် သက်သာဖို့ရှိသည်ဟု တွေးပြီး ဆွဲထည့်လိုက်မိပါသည်" ဟု ပြောသည်။

"ကျွန်မကိုရော မဆီမဆိုင် ဘာဖြစ်လို့ ဆွဲထည့်ရပါသလဲရှင်" အမျိုးသမီးက မေးသောအခါ စောင်းဆရာက "အမှုက ပျော်စရာကြီး။ ပုရောဟိတ်ကြီးတို့ သူဌေးကြီးတို့တောင်ပါနေတဲ့ဥစ္စာ လွတ်မှာသေချာပါတယ်။ မင်းက ငါနဲ့တွဲဖူးတော့ အဆို တတ်ကြောင်းသိရတယ်။ အချုပ်ထဲနေတဲ့အတွင်း ပျော်ပျော်ကလေးနေရအောင်လို့

ဆွဲထည့်လိုက်တာပဲ''ဟု ပြောသည်။

ကျွန်ုပ်တပည့် ပြောဆိုချက်ကို ကြားရသောအခါ ပြုံးမိ၏။

[ ၃ ]

နောက်နေ့ညီလာခံတွင် ဘုရင်မင်းမြတ်က ဤကိစ္စ ကျွန်ုပ်ကို တိုင်ပင်၍ ''ဖမ်းဆီးထားသူတို့သည် ခိုးသူတို့ မဟုတ်ကြပါကုန်''ဟု လျှောက်ထားလိုက်လေသည်။

''သူတို့ မဟုတ်လျှင် အဘယ်သူ ခိုးသနည်း''

''ခိုးသူကို ကျွန်တော်ဖော်ထုတ်ပေးပါမည်''ဟု ရဲရဲရင့်ရင့် လျှောက်ထားကာ မင်းချင်းတို့အား ကျွန်ုပ်၏ အစီအစဉ်အတိုင်း ပြုလုပ်စေသည်။

ဤမျှအစောင့်အကြပ်များ ချထားသောနေရာ၌ အဘယ်သူမျှ ဝင်၍ ခိုးနိုင်ဖို့မရှိ။ ခိုးသူမှာ မင်္ဂလာကန်တော်အနီးမှ မျောက်မတစ်ကောင်သာ ဖြစ်ရမည်ဟု ကျွန်ုပ်တွက်ကိန်းချသည်။ မျောက်တို့သည် အလွန်အတုခိုးလွယ်၍ ပုတီးနားတောင်းတို့ကို ဝတ်ဆင်၍ လာသော မိဖုရားနှင့် မောင်းမမိဿံကိုမြင်ကာ ဝတ်လို၍ခိုးယူခြင်း ဖြစ်ရပေမည်။

ထို့ကြောင့် အဝတ်ပုတီးကုံးတို့ကို ပြုလုပ်စေပြီးလျှင် မင်္ဂလာကန် အနီးမှ မျောက်မလေးငါးကောင်ကို ဖမ်း၍ ဝတ်ဆင်စေပြီးလွှတ်လိုက်သည်။ အခြားမျောက်တို့ ပုတီးကုံးကိုယ်စီဝတ်ဆင်သည်ကို တွေ့ရသောအခါ ခိုးယူသော မျောက်မသည် မိဖုရား၏ လည်ရွဲတန်ဆာကို ဝှက်ထားရာမှထုတ်ယူကာ အပြိုင်ဝတ်ဆင်၍ ထွက်လာသည်။ မင်းချင်းတို့က ယင်းမျောက်မကို ဖမ်းယူ၍ မဟာသာရလည်ရွဲကြီး ပြန်လည်ရရှိသည်။

ဘုရင်က ဝမ်းမြောက်ဝမ်းသာနှင့် ''ဤကိစ္စကို အဘယ်ပုံသိသနည်း'' ဟု မေးသောအခါ ကျွန်ုပ်၏အတွေး၊ အချုပ်ခန်းတွင် ကျွန်ုပ်၏တပည့်ကိုနားအပ်၍ စုံစမ်းစေခဲ့သော အစီအစဉ်နှင့် ကြားသိရသမျှကို လျှောက်ထားသည်။ ဖမ်းဆီးထားသူတို့ကို ချက်ချင်းလွှတ်စေသည်။ ဘုရင်နှင့် မိဖုရားကြီးစသူတို့မှ ကျွန်ုပ်သို့ ကျရောက်လာသော ဆုတော်လာဘ်တော်တို့မှ အလျှံပယ်ဖြစ်သွား၏။

ဤမျှမက ဘုရင်မင်းမြတ်က ''စစ်ပွဲတွင် သူရသတ္တိရှိသော စစ်သည်တော်ကို အလိုရှိအပ်၏။ တိုင်ပင်စရာရှိသော် နှုတ်စောင့်သူကိုအလိုရှိအပ်၏။ စားကောင်းသောက်ဖွယ်ရှိသော် ချစ်သူကို အလိုရှိအပ်၏။ နက်နဲသော ပြဿနာဖြစ်ပေါ်လတ်သော်

ကျွန်ုပ် ကဲ့သို့သော ပညာရှိကို အလိုရှိအပ်၏''ဟူ၍ ဝမ်းမြောက်ဝမ်းသာနှင့် နီတိတစ်ပုဒ် ထုတ်လိုက်သည်ကိုလည်း နားပန်ဆင်ကြရ၏။

# သူငယ်ချင်း

[ ၁ ]

သူငယ်ချင်းနှင့် ကွဲကွာနေခဲ့ကြသည်မှာ ကြာပြီဖြစ်၏။ ကလေးအရွယ်ကျောင်းသားငယ်ဘဝကပင်ဖြစ်သည်။ ယခုတလော သူ့ကို မကြာခဏသတိရသည်။ စိတ်ကူးမျက်စိထဲတွင် မကြာခဏ မြင်ယောင်လျက်ရှိသည်။ သူ့အကြောင်း ရှေးဟောင်း နှောင်းဖြစ်များကို သတိရလျက်ရှိသည်။ သူငယ်ချင်းသည် ဘယ်လိုနေ၍ ဘယ်ဘဝ ရောက်နေသည်ကို သတင်းမျှ မကြားခဲ့ရပေ။

ယင်းသို့ သတိရနေခိုက် မမျှော်လင့်ဘဲ သူရောက်၍ လာသောကြောင့် အထူးဝမ်းသာရသည်။ ကျွန်ုပ်ကဲ့သို့ပင် သူသည်လည်း ကျွန်ုပ်ကိုတွေ့ရသောကြောင့် ဝမ်းမြောက်ပုံရသည်။ သို့သော် သူငယ်ချင်းသည် ညှိုးငယ်နေသည်။ ကျွန်ုပ်ကိုတွေ့၍ ဝမ်းမြောက်သော်လည်း ညှိုးငယ်သည့်အသွင်ကိုကား ဖုံးကွယ်၍မရ။ လူသာမက အဝတ်အဆင်တို့မှာလည်း ညှိုးငယ်နွမ်းပါးလျက်ရှိသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် သူ့ကို တွေ့သည်နှင့် တစ်ပြိုင်နက် ဖက်လဲတကင်း ကြိုဆိုလိုက်၏။

''ဟာ သူငယ်ချင်း၊ တွေ့ရတာ ဝမ်းသာလိုက်တာကွာ၊ ဘယ်ဘဝရောက်ပြီး ခုလောက်တောင် ဘယ်လိုက ဘယ်လိုပျောက်နေရတာလဲ''

''ပျောက်ဆို သူဌေးမင်းတို့နဲ့က အကျိုးပေးချင်းက မတူကြဘဲကိုး သူဌေးမင်း''

''သူဌေးမင်းတွေ ဘာတွေ လုပ်မနေပါနဲ့ကွာ၊ မင်းစကားကြီးက စိမ်းကား လိုက်တာ၊ တို့ငယ်ငယ်တုန်းကလို မင်းနဲ့ငါနဲ့ပဲ ခေါ်ကြပြောကြတာပေါ့၊ အသက်တွေက ကြီးလာတော့ အဲဒီလို အားရပါးရပြောစရာ ခေါ်စရာလူကလဲ ရှားသွားပြီကွ၊ နင်ကောင်း တော့ ဗျာမတန်တဲ့''

''အဲဒီသဘောမျိုး ခုထိရှိနေသေးတာတွေ့ရတော့ အတိုင်းမသိဝမ်းသာလှ ပါတယ်သူငယ်ချင်း သုဒတ္တ၊ ငါအဖို့တော့ မင်းနဲ့ကျောင်းမှာ ကွဲသွားကြပြီးကတည်းက ငါ့မိဘရောငါရောဟာ တစ်နေ့တခြား လုံးပါးပါးခဲ့ကြရတယ်။ နောက်ဆုံး သာဝတ္ထိ မှာတောင်မနေနိုင်တဲ့ အခြေရောက်ခဲ့ရပါတယ်''

''သံသရာလောကကြီးမှာ အဆန်းမဟုတ်ပါဘူးကွာ၊ လူမသေသေးသမျှ အားလျှော့စရာမရှိပါဘူး၊ အခုသူငယ်ချင်းနဲ့ ငါနဲ့တွေ့ကြပြီပဲ၊ ဒီအချိန်ကစပြီး ဘာမှ အားမငယ်ပါနဲ့တော့ သူငယ်ချင်း''

''ဝမ်းသာလိုက်တာ သူငယ်ချင်း''

ကျွန်ုပ်၏ အားပေးစကားကြောင့် သူငယ်ချင်းသည် သိသိသာသာပင် ရွှင်လန်း တက်ကြွလာသည်ကိုတွေ့ရ၍ ကျွန်ုပ်ဝမ်းမြောက်လှ၏။ ကျွန်ုပ် ဝမ်းမြောက်ခြင်းမှာ ငယ်ချစ် သူငယ်ချင်းကို မမျှော်လင့်ဘဲတွေ့ရသောကြောင့်လည်းဖြစ်၏။ သူ့ကို အထူး သတိရ မျှော်လင့်နေချိန်တွင် အဆင်သင့် ဆိုက်ရောက်လာသောကြောင့်လည်းဖြစ်၏။

''မင်းရဲ့ သတင်းကောင်းတွေက မကြားချင့်အဆုံးပါပဲ သူငယ်ချင်း၊ ဇေတဝန် ကျောင်းလှူတတ်ပွဲကြီး ကျင်းပတုန်းကများဆိုရင် လာချင်လိုက်တာ၊ သူငယ်ချင်းမျက်နှာကို ကြည့်ချင်လိုက်တာ တစ်ပိုင်းကို သေနေတာပဲ၊ နို့ပေမယ့် ကိုယ့်အခြေ ကိုယ့်ဘဝက မဟန်တော့ အသာလျှိုပြီး နေခဲ့ရပါတယ်''

''လွဲလေခြင်း သူငယ်ချင်းရယ်၊ ကဲ–အခုတွေ့ကြပြီဟာပဲ၊ ဒီအချိန်ကစပြီး အားငယ်စိတ်တွေ ဖျောက်လိုက်တော့ပေါ့''

ကျောင်းနေစဉ်အချိန်ကမှု သူ၏မိဘများသည်လည်း ကျွန်ုပ်၏မိဘများကဲ့သို့ပင် လူလတ်တန်းစား တန်းတူရည်တူ ကုန်သည်ကြီးများပင်ဖြစ်ခဲ့ကြ၏။ ကျောင်းသား ဘဝတွင် သူနှင့်ကျွန်ုပ်သည် အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ဖြစ်ခဲ့ကြသည်။ ပညာသင်ရာ၊ ဆော့ကစားရာ၊ ကျောင်းသွားကျောင်းပြန်တို့တွင်သာမက မုန့်ပဲသွားရည်စာ စားရာ သောက်ရာ၌ပင် တတွဲတွဲရှိနေကြသောကြောင့် အချို့က ကျွန်ုပ်တို့နှစ်ယောက်ကို

ငါးထမ်းရှက် နှစ်ယောက်ဟုပင် ချစ်စနိုးခေါ်ခဲ့ကြရသည်။ သူနှင့် ကျွန်ုပ်တွဲနေသည်ကို အချို့သူငယ်ချင်းများက ကျီးကန်းဘဲဥချိုလာသည်ဟု ခနဲ့သံဖြင့် အခေါ်ခံရသည်လည်း ရှိသေး၏။

အမှန်အားဖြင့်သော် ကျွန်ုပ်ကသူ့ကိုချစ်သည်ထက် သူကကျွန်ုပ်ကိုချစ်သည်က ပိုသည်ဟု ကျွန်ုပ်မကြာခဏ စဉ်းစားမိခဲ့သည်။ အကြောင်းမှာ လူငယ်ဘဝ အခြားကျောင်းသားများနှင့် ကျွန်ုပ်ပြဿနာတစ်စုံတစ်ရာပေါ်လာလျှင် သူသည် ကျွန်ုပ်ရှေ့က နေခဲ့သည်ချည်းဖြစ်၏။ သူ့မှာ စားစရာရှိ၍ ကျွန်ုပ်ပါ မစားလျှင် မကျေနပ်။ ကျောင်းတတ်ချိန်တိုင်း သူကချည်း ကျွန်ုပ်ကိုလာခေါ်၍ ကျောင်းပြန်လျှင်လည်း ကျွန်ုပ်ကိုပို့ပြီးမှ သူပြန်သည်။

သူသည် ကျွန်ုပ်ထက်သတ္တိရှိ၏။ ရဲရင့်၏။ သတ္တိသာမက ဉာဏ်ပညာတွင်လည်း ကျွန်ုပ်ထက်သာလွန်၍၊ ပညာသင်ရာတွင် အကြိမ်များစွာ ကျွန်ုပ်ကို အကူအညီပေးခဲ့သည်။ သို့ဖြစ်၍ သူ့အား ကျွန်ုပ်သည် သက်တူရွယ်တူပင်ဖြစ်သော်လည်း အစ်ကိုဟူ၍လည်းကောင်း၊ ဆရာဟူ၍လည်းကောင်း မှတ်ယူခဲ့သည်။ သို့ရာတွင် သူ့မှာ ထူးခြားချက်ကလေးများတော့ရှိနေ၏။

သူ့အမည်သည် ကျွန်ုပ်တို့လို ပေးရိုးပေးစဉ် လုလုပပ သုဒတ္တ၊ သုဘောဂ၊ သုစိတ္တ စသည့် အမည်မျိုးမဟုတ်၊ 'ကာဠကဏ္ဏီ'ဟုတွင်နေခြင်းပင်ဖြစ်သည်။ ကာဠကဏ္ဏီ၏ အဓိပ္ပာယ်မှာ ညှာညှာတာတာစဉ်းစားလျှင် 'မောင်မည်း'ဟုဖြစ်၍၊ ဖိဖိနှိပ်နှိပ်ဆိုလျှင် 'မောင်ကျက်သရေတုံး'မှ 'မောင်လူယုတ်'အထိ စဉ်းစားနိုင်သည်။

ဤအမည်သည် ကျွန်ုပ်တို့ကဲ့သို့ လူလတ်တန်းစား ကုန်သည်မျိုးရိုးတွင် မှည့်ရိုးမှည့်စဉ် အမည်မျိုးမဟုတ်ပေ။ အောက်တန်းစား မျိုးရိုးတို့တွင်သော်မှ တမင်ဖိနှိပ်မှည့်ခေါ်သော အမည်မျိုးဖြစ်သည်။ သို့ရာတွင် သူ့ကို ထူးထူးကဲကဲ မည်းမည်းတူးတူးကလေးအဖြစ် မွေးဖွားလာသောအခါ ပထမသော် ဗျပ္ပတ်အလိုက် ချစ်စနိုးဖြင့် 'ကာဠကဏ္ဏီ'ဟုပင် မှည့်တွင်ခဲ့ရာမှ ကြီးလာသည်အထိ မပြောင်းလဲတော့ဘဲ ဤအတိုင်းပင် တွင်၍လာခဲ့ပေသည်။ ထို့ကြောင့်လည်း သူနှင့်ကျွန်ုပ်တို့ တတွဲတွဲရှိနေသည်ကို ကျီးကန်းဘဲဥချိုလာသည်ဟု အချို့က လှောင်ပြောင်ခဲ့ကြကြောင်း ဖော်ပြခဲ့ရခြင်းဖြစ်သည်။

တစ်နည်းအားဖြင့် ရှေးလူကြီးများသည် အမည်ပေးရာတွင် အထူးတလည် မစဉ်းစားတတ်ကြ။ ဗျပ္ပတ်အလိုက်သာ အလွယ်တကူမှည့်ခေါ်လိုက်တတ်ကြသည့် အလေ့ရှိသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့သည် ဦးမည်း၊ ဦးဖြူ၊ ဦးတုံးကြီး၊ ဦးကောက်ကြီး စသော ဗျပ္ပတ်ရှေးအမည်များကို ကြီးပြင်းလာသည်အထိ တွေ့ရှိကြရသည် မဟုတ်ပါလော။

သို့နှင့် သူနှင့်ကျွန်ုပ်သည် ကျောင်းထွက်သောအခါ ကွဲကွာသွားကြရာမှ တစ်ယောက်နှင့်တစ်ယောက် အလုမ်းဝေးသွားကြရသည်။ သူ့မိဘများသည် စီးပွား ဆုတ်ယုတ်ပြီးနောက် သာဝတ္ထိတွင်ပင် မနေနိုင်တော့ဘဲ ဇနပုဒ်ကျေးရွာတစ်ရွာသို့ ရွှေ့ပြောင်းသွားကြရသည်။ သူ့မိဘများ ကွယ်လွန်ပြီးနောက် သူ့လက်ထက်တွင်လည်း စီးပွားတိုးတက်မလာရုံမက သားမယားများပါသေဆုံး၍ ယခုအထီးကျန်အဖြစ်ဖြင့် ကျွန်ုပ်ထံ ရောက်လာသည်။ တစ်နည်းအားဖြင့် ကျွန်ုပ်ဝမ်းသာလှ၏။ အကြောင်းကား ငယ်ချစ် လည်းဖြစ်၊ ဆရာလည်းဖြစ်၊ အရည်အသွေးကိုလည်း သိပြီးဖြစ်သော သူငယ်ချင်းနှင့် တွဲဖက်နိုင်တော့မည်ကြောင့်ဖြစ်၏။

ကျွန်ုပ်၏ လုပ်ငန်းများသည် တစ်နေ့တခြား ကြီးမားကျယ်ပြန့်လာသည့် အလျောက် စီးပွားကလည်း တစ်နေ့တခြား တိုးတက်လျက်ရှိသည်။ သို့ရာတွင် ကျွန်ုပ်အဖို့ အားထားလောက်သော ကိုယ်စားကိုယ်ပွားဟူ၍ကား မည်မည်ရရ မရှိခဲ့ပေ။ ကာလ ဆိုသော သားအကြီးသည် ငယ်ငယ်ရွယ်ရွယ်နှင့်ပင် တရားဘက်သို့ ရောက်ခဲ့သူဖြစ်၍ လုပ်ခင်းဆောင်တာများအပေါ်တွင် တက်တက်ကြွကြွ ရှိလှသူမဟုတ်ပေ။ ကျွန်ုပ် ဝမ်းသာရ ပါ၏။ အကြောင်းမူကား ကျွန်ုပ်၏စီးပွားများသည် မိဘများလက်ထက်ကပင် သူ့အရှိန် နှင့်သူ ကြီးပွားတိုးတက်နေစေကာမူ ကျွန်ုပ်ကိုယ်တိုင်ကလည်း စီးပွားဟူသည်ကို ရလာသမျှ လှူရတန်းရရုံလောက်သော သဘောထားသူဖြစ်သည်။ ရလာသမျှ စီးပွား ဟူသည် ဘုရားရှင် အမှူးရှိသော သံဃာတော်များ၊ အလှူခံများ၊ မရှိဆင်းရဲသားများ အတွက်ဟူ၍သာ သဘောထားသည်။

သားကြီး ကာလမှ လွဲလျှင် မျက်နှာလွှဲဖို့ရန် ဓမက ဆိုသော တူအရင်း ကိုယ်စားတစ်ယောက်ရှိ၏။ သို့ရာတွင် ဤသူငယ်သည် တစ်ဖက်တွင် သူလုပ်နိုင် သလောက် လုပ်သည်မှန်သော်လည်း၊ တစ်ဖက်တွင်မူ အပျော်အပါး လိုက်စားလွန်းသူ ဖြစ်၏။ အထူးသဖြင့် အမျိုးသမီးများနှင့် ရှုပ်ပွေတတ်သူဖြစ်သည်။ ယင်းရှုပ်ပွေမှုများအတွက် ရုံးပြင်ကနားအထိ ရောက်ရသူဖြစ်သည်။ သို့ဖြစ်၍ စိတ်ချရသူမဟုတ်။

ကျွန်ုပ်သည် သုံးစွဲဖို့လိုအပ်သမျှထက်ပိုသော စီးပွားဟူသည်ကို အကြင် စီးပွားရှင်အား မျက်လှည့်ပြသော လောဘ၏ အဆွယ်အပွားများဟုသာသဘောထား၍ လှူဖို့တန်းဖို့သာ အာရုံကပ်သည်မှန်ပါ၏။ သို့ရာတွင် ရှိနေသော လုပ်ငန်းဆောင်တာ ကိစ္စများတွင်မူ စည်းကမ်းတကျရှိနေဖို့ကားလိုပေသေး၏။ ထို့ကြောင့် ကျွန်ုပ်၏ လုပ်ငန်း ဆောင်တာများတွင် သစ္စာရှိရှိ စည်းကမ်းတကျ အားကိုးလောက်သော ကိုယ်စားလိုသည်။ ယခုကျွန်ုပ်စိတ်ချသော သူငယ်ချင်း ရောက်ရှိ ရရှိလာပြီဖြစ်၏။

အထူးသဖြင့် ယခုတလော တလက်၌ သာဝတ္ထိတွင် အင်အားကောင်းသော လူဆိုးပရက္ခဂိုဏ်းကြီးများသည် အချို့စီးပွားရှင်များအား စီးပွားပျက်သည်အထိ တိုက်ခိုက်

လုယက်ကြသည့် သတင်းကို မကြာခဏကြားသိနေရ၏။ သာဝတ္ထိတွင်မက ရာဇဂြိုဟ်မှ ဦးကြောင်ဘီလူး (တမ္ဗဒါဌိက)တို့လို နာမည်ကျော် လူဆိုးဂိုဏ်းကြီးများသည်ပင်လျှင် သာဝတ္ထိသို့ ကျူးကျော်ကျက်စားလာသည့် သတင်းကိုလည်း ကြားနေရ၏။ ထို့ကြောင့် အားကိုးလောက်သော အတိုင်ပင်ခံ တိုးတိုးဖော် ကိုယ်စားလိုလျက်ရှိသည်။ ယခု သူငယ်ချင်း အလိုက်သင့် ရောက်လာ၍ ကျွန်ုပ်ဝမ်းသာရ၏။

''ဒီတော့ သူငယ်ချင်း၊ ဒီနေ့ကစပြီး ငါ့ကိုယ်စားလှယ် ငါ့ကိုယ်ခွဲအဖြစ်နဲ့ ငါ့ဆီကို ရွှေ့လာခဲ့ပေတော့၊ မင်းဖို့ငါ့ဝင်းထဲမှာ နေစရာသီးသန့်ပေးမယ်၊ လစာရိက္ခာ အလုံအလောက်ပေးမယ်၊ တစ်ယောက်တည်းသမားမို့ ထမင်းကိုတော့ ငါတို့နဲ့ အတူတူစား''

''ဒီပြင်ဟာတွေ အကုန်သဘောတူပါတယ်၊ လစာရိက္ခာတော့မပြောပါနဲ့ သူငယ်ချင်း''

''ဘယ်ဟုတ်မလဲကွာ၊ တို့ဟာ ကလေးတွေမှ မဟုတ်ကြတော့ဘဲ၊ ပြီးတော့ မင်းကိုပေးမယ့် လစာရိက္ခာဆိုတာ ငါ့ဆီမှာ ငါမသိဘဲ ဖြုန်းနေကြတာနဲ့စာရင် ဆယ်ပုံ တစ်ပုံတောင်မရှိပါဘူး''

''ကောင်းပါပြီ၊ စိတ်ချပါတော့။ တစ်ခုတော့ပြောစရာရှိတယ်။ လူရှေ့ သူရှေ့မှာတော့ မင်းကို ရိုရိုသေသေ ဆက်ဆံရလိမ့်မယ်။ ဒူးနေရာဒူး တော်နေရာ တော်တဲ့ကွ၊ မင်းက သာမန် သူဌေးမဟုတ်ဘူး၊ ဘုရင်ကိုယ်တိုင်တောင် လေးစားရတဲ့ သူဌေးဖြစ်နေပြီ''

''သဘောအတိုင်းပါပဲ၊ ဒီကနေ့ကစပြီး သူငယ်ချင်း လျော်မယ်ထင်သလိုသာ လုပ်ပါတော့''

သူငယ်ချင်းအတွက် လစာရိက္ခာ စို့စို့ပို့ပို့ သတ်မှတ်လိုက်သည်။ ဝင်းထဲတွင် နေစရာအိမ်နှင့် အဆောင်အယောင်ပေးသည်။ အဝတ်အစားများကို ချက်ချင်းပဲ ခွဲဝေ စီစဉ်၍ပေးသည်။ ကျွန်ုပ်စိတ်အေးရပြီဖြစ်၏။

[ ၂ ]

စည်းစိမ်ရှင်၊ ရာထူးရှင်တို့ဝန်းကျင်၌စိတ်ချရသော လူရိုးလူကောင်းဟူသည် ခေတ် အဆက်ဆက်၌ပင် ရှားပါးလှသည်မှာ ဤလောက၏သဘာဝဖြစ်၏။ သာပေါင်းညာစား တို့သာ ပေါများလှသည်။ အခွင့်သာလျှင်သာသလို လိမ်ချင် ကွဲချင် ဝှက်ချင်သူတို့သာ ပေါများ၏။ ထို့ထက်ဆိုးသည်ကား လူသတ္တဝါတို့တွင် မသိမသာသော်လည်းကောင်း၊

သိသိသာသာပင်သော်လည်းကောင်း ကိုယ့်ထက်သာမနာလိုဟူသော စကားအရ နိုကပ်လျက်သော ဣသာပင်ဖြစ်၏။ ကိုယ့်ထက်သာသူတို့ ပျက်စီးဖို့ဆိုလျှင်၊ အထူးသဖြင့် တန်းတူရည်တူတို့ ပျက်စီးဖို့ဆိုလျှင် အခွင့်သာတိုင်းဖျက်ဆီးလိုသော အတွင်းရန်သူ အပြင်ရန်သူတို့ရှိနေသည်မှာ စည်းစိမ်ရှင် ရာထူးရှင်တို့၏ ဓမ္မတာပင်ဖြစ်ပေ၏။

ဤစကားကို ပြောရသည်မှာ ကျွန်ုပ်တွင် ကြီးစွာသောအကြောင်းရှိ၏။ ရရှိလာသော စည်းစိမ်ကို စေ့စေ့ငငမအုပ်ချုပ်နိုင်သော ကျွန်ုပ်သည် တစ်ချိန်သော အခါက ပတ်ဝန်းကျင်၏။ သစ္စာမရှိမှုကြောင့် ရှိသမျှစည်းစိမ်တို့ ကုန်ခန်းလုမတတ်ပင် ပျက်စီးခဲ့ရဖူးသည်။ စည်းစိမ်ပျက်စီးမှုကြောင့် ဘုရားရှင်နှင့် သံဃာတော်များသို့ လှူနေကျ အကောင်းအမွန်တို့ပင် ပျက်ယွင်းကာ ရတတ်သမျှ ကလေးတို့ဖြင့်သာ ပေးလှူခဲ့ရသည်။ ကျွန်ုပ်၏ကြိုးပမ်းမှုတွင် ကုသိုလ်ကံ အဆက်မပြတ်၍သာ ပြန်လည် ထူထောင်လာနိုင်ခဲ့ ရသည်။ ယခုသော် ကိုယ်နှင့်ထပ်တူ အားထားနိုင်သော သူငယ်ချင်းသည် မခေါ်ပင့်ချေ ဆိုသလို အလိုက်သင့် ရောက်ရှိလာပြီဖြစ်၏။

အထူးသဖြင့် ယခုတလောတလတ်တွင် သာဝတ္ထိ၏ လူဆိုးဂိုဏ်းကြီးတစ်ခုသည် ကျွန်ုပ်၏ စည်းစိမ်ပြုတ်သည်အထိ တိုက်ခိုက်ဖျက်ဆီးရန် အတွင်းလူများနှင့် ပူးပေါင်းကာ ကြံစည်လျက်ရှိကြောင်း ကျွန်ုပ် သတင်းရထားသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ကျွန်ုပ်၏ လုပ်ငန်း၊ စည်းစိမ် စာရင်းဇယားများကိုသာမက ဤကိစ္စကြီးကိုပါ သူငယ်ချင်းသို့ ဖွင့်ဟတိုင်ပင်ထားသည်။ သူငယ်ချင်းက ''ဘုရားသွား ကျောင်းတက် မင်းလုပ်နေကျ ကုသိုလ်ကောင်းမှု မှန်သမျှကို စိတ်အေးလက်အေးသာလုပ်ပါ။ ကျန်တဲ့ ကိစ္စမှန်သမျှ ငါ့တာဝန်ရှိပါစေ'' အားပေးသဖြင့် ဝမ်းမြောက်ရသည်။

ယင်းသို့ သူငယ်ချင်းရောက်ရှိလာသည်ကို ရှေးဦးစွာ ဆန့်ကျင်ကန့်ကွက် လာသူမှာ တူတော်မောင် ခေမကပင်ဖြစ်ပေ၏။

ဤသူငယ်သည် ကျွန်ုပ်၏ စည်းစိမ်ဂုဏ်ရှိန်ဖြင့် သာဝတ္ထိတွင် ဝင့်ကြွားနေသူ ဖြစ်၏။ မိဘမရှိတော့သောကြောင့် သားရင်းပမာ မွေးစားထားခဲ့ရသူဖြစ်သည်။ ရုပ်ရည် ချောမောသည်။ စကားအရာလိမ္မာသည်။ ဤအရည်အချင်းနှစ်ခုသည် ကျွန်ုပ်၏ စည်းစိမ်နှင့် ပူးပေါင်းလိုက်သောအခါ မိန်းမလိုက်စားသူ၊ အကျင့်ပျက်သူဖြစ်လာသည်။ အပျိုမရှောင် အအိုမရှောင် ပရဒါရ ကံ-လိုက်စားသူအထိ ဖြစ်လာသည်။ တစ်ချိတွင်မူ ပရဒါရအမှုဖြင့် ဘုရင့်ရှေ့တော်မှောက်သို့ အသတ်ခံရတော့မည်အထိ ရောက်ရှိခဲ့ရာ ကျွန်ုပ်မျက်နှာဖြင့် ရွေးနုတ်ထားခဲ့ရသူ ဖြစ်သည်။

''ဦးလေးလူက အသားကလည်း မည်းသေး၊ အမည်ကလည်းဆိုးသေး။ ဒီလိုလူမျိုး စိတ်ချရပါ့မလား''ဟု အကျိုးလိုသယောင်နှင့် ကန့်ကွက်စကား ဆိုလာသည်။

သူငယ်ချင်း မရှိခိုက် ဤစကားမျိုး ပြောဖို့ချောင်းကာ မရဲတရဲနှင့် ပြောဆိုလာခြင်းဖြစ်၏။ သူနှင့်အတူ သဘောတူသော အခြားအမှုလုပ်များလည်း ရှိနေသည်။

"အသားမည်းတာနဲ့ စိတ်မချရဘူးလို့ ဆိုနိုင်ရော့လား၊ ငါ့ငယ်ပေါင်း ခတ်သိ သူငယ်ချင်းကွ"

"အမည်ကလဲ ကာဠကဏ္ဏီဆိုတော့ အတော် သတိထားရပေလိမ့်မယ်"

"ဘယ်လို သတိထားရမှာလဲ"

"ဘုရားရှင်ကိုယ်တော်တိုင်ကတောင် 'သိရီစ၊ ကာဠကဏ္ဏီစ၊ နသမေန္တိ ကုဒါစနံ' ကျက်သရေရှိသူနဲ့ ကျက်သရေမဲ့သူဆိုတာ ဘယ်တော့မှ ပေါင်းဖက်လို့မရဘူးလို့ မဟောသဇာတ်တော်မှာ ဟောတော်မူထားတယ် မဟုတ်လား ဦးလေးရဲ့"

"ကျက်သရေရှိသူဆိုတာ ကုသိုလ်တရား ပွားများသူကိုဆိုတာ၊ ကျက်သရေမဲ့သူ ဆိုတာ မကောင်းမှု ဒုစရိုက်ထူပြောသူကို ဆိုတာကွ၊ အမည်နဲ့မဆိုင်ပါဘူး။ အမည်က အရိယာ၊ လုပ်တော့ တံငါ။ ဦးဒွေးလို့ မှည့်ပြီးမွဲနေသူတွေ ပြည့်လို့၊ အမည်နဲ့မဆိုင်ပါဘူး။ အကျင့်သာပဓာနပါ"

"ဦးလေးတို့ ငယ်သူငယ်ချင်းတော့ မှန်ပါရဲ့၊ နို့ပေမယ့် ကြီးမှတွေ့ကြတာ မဟုတ်လား"

"လူတစ်ယောက်ကို ပေါင်းတော့မယ်ဆိုရင် ငယ်ကျင့်ငယ်စွဲကိုသတိထား ရတယ်ကွ။ လူဆိုတာ ကြီးလာလေဟန်နဲ့ဖုံးလေပဲ၊ ငယ်ငယ်ရွယ်ရွယ်ဆိုတာ သူ့ပင်္ကိသဘော သူ့ဇာတိအပေါ်ဆုံးအချိန်ပဲ။ ကံမကောင်း အကြောင်းမလှလို့ အသားမည်းပြီး အမည်ဆိုး နေပေမယ့် သူငယ်ချင်းဟာ သစ္စာရှိတယ်၊ သတ္တိရှိတယ်၊ စည်းကမ်းရှိတယ်၊ ချင့်ချိန် စူးစမ်းဉာဏ်ရှိတယ်။ ပြီးတော့ ငါ့ကိုလေးစားတယ်"

"ဦးလေး အကျိုးလိုလားလို့ ပြောမိတာပါ"

"လူဆိုတာ အမည်တို့ အပေါ်ယံ အဆင်အသွေးတို့ကို မကြည့်ရဘူး၊ အတွင်း သဘောကိုနိုက်ပြီး ကြည့်တတ်ရတယ်။ သူ့ဆီမှာ မင်းတို့နမူနာယူစရာတွေ အများကြီး ရှိတယ်။ ရာဇဂြိုဟ်ဘက်ကို သွားမလို့ကြံနေတာ ကြာလှပြီ၊ လုပ်စရာကိုင်စရာရှိတာတွေလဲ ရှိတယ်။ မင်းတို့အဒေါ်များနဲ့ မတွေ့ရတာလည်း ကြာလှပြီ။ တစ်လ ကိုးသီတင်းလောက် ကြာလိမ့်မယ်။ ငါမရှိခိုက်မှာ မင်းတို့ဟာ ကာဠကဏ္ဏီရဲ့စကားကို နားထောင်ကြရမယ်။ သူ့ကို အစစအကုန်လုံး လွှဲအပ်ခဲ့မှာပဲ"

"ကောင်းပါပြီ ဦးလေး"

သူငယ်ချင်းသည် ကျွန်ုပ်၏ ပစ္စည်းကိုသာမက အိမ်သားအားလုံးကိုလည်း စောင့်ရှောက်သည်။ အိမ်သူဇနီးနှင့် သားသမီးများကလည်း ပထမသော် သူငယ်ချင်းကို ဆန့်ကျင်လိုသယောင်ရှိသော်လည်း ရက်ပိုင်းလပိုင်းအတွင်းမှာပင် သူ့အနေအထိုင် အပြုအမူနှင့် ပေါင်းသင်းတတ်မှုများကြောင့် မောင်ကြီး၊ ဦးလေးကြီးစသည်ဖြင့် ခင်တွယ်လာကြသည်။ အိမ်တွင်းအမှုလုပ်အားလုံးသည်လည်း ရက်အနည်းငယ် အတွင်းမှာပင် သူ့လူများချည်း ဖြစ်လာသည်။

ဤမျှမက ဘုရားသွားကျောင်းတက် ဆွမ်းကျွေးအလှူစသော ကုသိုလ်ရေးများတွင်လည်း ကျွန်ုပ်နှင့် တတွဲတွဲရှိတတ်သည်။ ပြင်ပအပေါင်းအသင်းများလည်း တိုးပွားလာရုံမက ဘုရင့်အမှုထမ်းများသည်ပင်လျှင် သူ့အသိုက်အဝန်းများဖြစ်လာကြသည်။

သို့နှင့် ကျွန်ုပ်တို့မိသားစုသည် မရောက်နိုင်ခဲ့သည်မှာ ကြာပြီဖြစ်သော ရာဇဂြိုဟ်ဘက်သို့ စိတ်ချလက်ချ ခရီးထွက်နိုင်ခဲ့ကြ၏။ သို့ရာတွင် ကျွန်ုပ်တို့ ရာဇဂြိုဟ်တွင် ရှိနေစဉ်အတွင်းမှာပင် သာဝတ္ထိနေအိမ်၌ ကြီးစွာသောအမှုအခင်းဖြစ်ပွားသည်။ ယင်းအမှုအခင်းဖြစ်ပွားသည်ကို ကျွန်ုပ်တို့ စိတ်အေးလက်အေးနေနိုင်ရန်အတွက် သူငယ်ချင်းသည် ကျွန်ုပ်တို့ထံသို့ သတင်းပင်မပို့ခဲ့။ မှုခင်းကိစ္စကို သူ့အစွမ်းဖြင့်သာ ပြီးစီးငြိမ်ဝပ်အောင် ဆောင်ရွက်နိုင်သည်။ ကျွန်ုပ်တို့ပြန်လာမှသိရှိရခြင်းဖြစ်၏။

မကြာမီက ကျွန်ုပ်သတင်းရထားခဲ့သည့်အတိုင်းပင် သာဝတ္ထိမှ လူဆိုးဂိုဏ်းကြီး တစ်ဂိုဏ်းသည် ကျွန်ုပ်၏ ဘဏ္ဍာတိုက်ကို ဖောက်ထွင်းရန်အတွက် စီမံကိန်းချ၍ တစ်ညတွင် တိုက်ခိုက်လာ၏။ သို့ရာတွင် ယင်းအစီအစဉ်ကို သိရှိသော သူငယ်ချင်းသည် သက်ဆိုင်ရာ ဘုရင့်အမှုထမ်းများ၊ အရပ်သား အိမ်တွင်း ယောက်ျားအမှုလုပ်များနှင့်အတူ ကာကွယ်ရန် ကြိုတင်စီစဉ်ပြီး ဖြစ်နေခဲ့ပေပြီ။ လူဆိုးများ ရောက်လာ၍ အချက်ပေးပါက အသံမြည်စေသော အရာမှန်သမျှကို တစ်ပြိုင်နက် တီးခတ်လိုက်ကြသောအခါ လူဆိုးများသည် အမှုထမ်းများနှင့် အရပ်သားများ၏ ဝိုင်းဝန်းခံရပြီးသားဖြစ်နေ၏။ သို့နှင့် လူဆိုးဂိုဏ်း တစ်ဂိုဏ်းလုံးပင် ရာဇဝတ်ကောင်များ ဖြစ်သွားကြသည်။

[ ၃ ]

အစီအမံကောင်း၍ အပေါင်းအသင်းဆံ့သော သူငယ်ချင်း၏ အမည်သတင်းသည် ဘုရင့်နားတော် ရောက်သည်အထိ ချက်ချင်းကျော်ကြားသွားသည်။ သို့ရာတွင် သူငယ်ချင်း

ကို ချီးမြှောက်ရန်အတွက် ဤမျှဖြင့် ကျွန်ုပ်မကျေနပ်နိုင်သေး။ ကျွန်ုပ်အတွက် အကြီး အမြတ်ဆုံးဖြစ်သော ဘုရားရှင်ရှေ့တော်တွင် သူငယ်ချင်းကိုပြ၍ သူငယ်ချင်း အကြောင်းကို ပြော၍ မျက်နှာလုပ် ဂုဏ်ပြုချင်သေးသည်။ ထို့ကြောင့် ကျွန်ုပ်သည် သူငယ်ချင်းကိုခေါ်၍ ဘုရားရှင်၏ ရှေ့တော်မှောက်သို့ ရောက်ခဲ့ကြသည်။

တစ်ကြောင်းမှာလည်း ကျွန်ုပ်သည် ခရီးထွက်ချိန်နှင့် အလွန်မအားလပ်သော အချိန်များမှအပ ဇေတဝန်သို့ မရောက်သည့်နေ့ဟူ၍မရှိခဲ့။ တစ်ခါတစ်ရံ နံနက်ခင်းရော ညနေဘက်ပါ တစ်နေ့အတွင်း နှစ်ကြိမ်သွားရောက်သည်များပင်ရှိသည်။ ဘုရားရှင်နှင့် သံဃာတော် ကျောင်းတော်သည်သာ ကျွန်ုပ်၏ ပန်းအောင်းရာ လဲလျောင်းရာ အမှန် ဖြစ်ပါပေ၏။

သို့ရာတွင် သွားဖန်၊ ရောက်ဖန်၊ တွေ့ဖန်များသောအခါ ဘုရားရှင် သို့မဟုတ် အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာစသည့် မထေရ်ကြီးများနှင့်ပင်ဖြစ်စေဦးတော့၊ လျှောက်စရာ ဆွေးနွေးစရာစကား ရှားပါးလာသည်။ သို့ဖြစ်၍ လှူဖွယ်ဝတ္ထုတို့ကို လှူပြီးနောက် သူတစ်ပါးအား ဟောကြားဆွေးနွေးသည်မျှကိုသာ ကြားနာ၍ပြန်ခဲ့ရ သည်လည်းရှိသည်။

ယနေ့အဖို့သော် ကျွန်ုပ်အဖို့ ဘုရားရှင်သို့ အားရဝမ်းသာ လျှောက်ထားစရာ အကြောင်းရှိလာသောကြောင့် သာဝတ္ထိသို့ပြန်ရောက်ညနေခင်း၌ပင်လျှင် သူငယ်ချင်းကို ခေါ်၍ ဘုရားရှင်ရှေ့တော်မှောက်သို့ ရောက်ခဲ့ကြသည်။ သူငယ်ချင်းသည် ကျောင်းတော် ဘက်သို့ ကျွန်ုပ်နှင့်အတူ ရောက်ခဲ့လုပြီဖြစ်သော်လည်း အခါတိုင်းဆိုလျှင် ကျွန်ုပ်၏ နောက်ပါးမှ မထင်မရှားသာ ရှိနေခဲ့ပေသည်။ ယနေ့သော် ကျွန်ုပ်သည် သူငယ်ချင်းကို ရှေ့တန်းတင်ကာ ကျွန်ုပ်နှင့်အတူ ရှိခိုးမိကြသည်။

''အရှင်မြတ်ဘုရား၊ ဤသူကား တပည့်တော်၏ သူငယ်ချင်း ဒကာ ကာဠကဏ္ဏီပါ ဘုရား။ သူငယ်ချင်းသည် တပည့်တော်၏ စီးပွားကို ဆောင်သူဖြစ်ပါသည်။ တပည့်တော် ရာဇဂြိုဟ်ခရီးထွက်ခိုက် လူဆိုးပရက္ခများသည် တပည့်တော်၏ ဘဏ္ဍာတိုက်ကို တိုက်ခိုက် ဖောက်ထွင်းရန် ကြံစည်ကြသည်ကို ဤသူငယ်ချင်းက ကာကွယ်ပေး၍ စည်းစိမ်မပျက် ရှိရပါတော့သည်။ ဤလောက၌ မိတ်ဆွေကောင်း ရှားလှပါ၏။ တပည့်တော်မှာ မိတ်ဆွေ ကောင်းရ၍ ဝမ်းမြောက်နေရပါတော့သည်ဘုရား''

''ဒါယကာ အနာထပိဏ်၊ မိတ်ဆွေကောင်းရှားသည်မှန်၏။ သို့ရာတွင် ဘယ်သူ တရားပျက်ပျက် ကိုယ်တရားမပျက်စေရ၊ သတ္တဝါကို မေတ္တာထားရာ၏။ ခြေခုနစ်လှမ်း အတူသွားမိလျှင် မိတ်ဆွေဟုသဘောထားရမည်။ တစ်ဆယ့်နှစ်ရက် အတူသွားမိလျှင်

သူငယ်ချင်းဖြစ်သည်။ တစ်လအတူနေလျှင်ဆွေမျိုးဖြစ်တော့သည်။ ထို့ထက် အတူနေလျှင် ကား ကိုယ်တူ ကျင့်ရာ၏''ဟု 'မိတ်ဆွေ'တရား၊ 'သူငယ်ချင်း' တရား၊ 'ဆွေမျိုး'တရားကို ဟောကြားလိုက်သောအခါ မိမိအတွက် လူမှုရေး ဓမ္မနီတိ တရားတစ်ပုဒ် ဘုရားရှင်ထံမှ ရရှိလိုက်သဖြင့် ကျွန်ုပ်အဖို့ ဝမ်းအမြောက်ဆုံးသော နေ့တစ်နေ့ဖြစ်ပါသတည်း။

# ဖဲကြိုး

[ ၁ ]

သံယောဇနေန ထမ္ဘမှိ
သံယောဇနေန ရဇ္ဇုဟာ၊
ဂိဝါယ ဗဒ္ဓိတာ သတ္တာ
န သက္ကောန္တိ စရေတဝေ။

*ဗုဒ္ဓ*

သံယောဇနေ၊ လောကမဏ္ဍိုင်
ဘာဝနာမျိုး၊ အုပ်စိုးမပိုင်
ချည်နှောင်လေခြင်း၊ ထန်ပြင်းခိုင်ခိုင်
မှတ်ကရော့ ဓာတ်သော့ သံချည်တိုင်။

*လယ်တီပဏ္ဍိတ*

ဖဲကြိုးသည် သံကြိုးထက် ခိုင်၏။

*ဗိုမိုးနင်း*

ဒေသနာတော်တွင် အကျဉ်းအားဖြင့် ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက် ဟူ၍ စရိုက်ဆိုး သုံးမျိုးကိုသာ အလုံးအခဲအဖြစ်ဖြင့် ဖော်ပြသော်လည်း လူတို့မှာကား စရိုက်ဆိုး မဆိုးတစ်ဆိုး အမျိုးမျိုးရှိနေတတ်ကြသည်။

အချို့မှာ ဒေါသကြီး၏။ အချို့မှာ ဒေါသကြီးရုံမက စိတ်လည်းတို၏။ အချို့မှာ အစားကြီး၏။ အချို့မှာ အအိပ်ကြီး၏။ အချို့မှာ ဣဿာကြီး၏။ အချို့မှာ လောဘကြီး၏။ အချို့မှာ လေလုံးထွား၍ တဟားဟား တသောသော နေတတ်၏။ အချို့မှာ သေသောက်ကြူး၏။ အချို့မှာ လောင်းကစားကြူး၏။ အချို့မှာ နူတ်ကြမ်း၏။ အချို့မှာ အနေအထိုင်ကြမ်း၏။

မယ်ဝဏ္ဏကား ရုပ်ရည်ကလေးကလည်းလှ ငယ်ငယ်ရွယ်ရွယ်လည်း ဖြစ်ပါလျက် အအိပ်ကြီး၊ အအိပ်ကြမ်းသူတည်း။ အအိပ်ကြီး အအိပ်ကြမ်းရုံတွင်မက အနေအထိုင်မှာလည်း မိန်းကလေးပီပီ ပိပိရိရိ သေသေသပ်သပ် မရှိ၊ ပိုးစိုးပက်စက် နေတတ် ထိုင်တတ်သူ ဖြစ်သည်။

''သမီးရဲ့၊ ဒီအသက်အရွယ်ရောက်နေပြီဟာ အအိပ်အနေများလဲ ဆင်ခြင်ဦးမှပေါ့။ ညည်းအိပ်ပုံ နေပုံတွေက လွန့်ကို လွန်လွန်းတယ်''

''အမေကလဲ၊ သမီး ဒီလိုပဲ နေတတ် အိပ်တတ်တဲ့ဥစ္စာ၊ ဘယ်တတ်နိုင်ပါ့မလဲ''

''ဘာဖြစ်လို့ မတတ်နိုင်ရမှာလဲ၊ လူဆိုတာ သတိနဲ့ဆင်ခြင်ရင်ဖြစ်တာပဲ၊ အခုတော့ ညည်းကိုကြည့်ရတာ လင်ကသိမ်သိမ်မွေ့မွေ့၊ မယားက ကြမ်းကြမ်းတမ်းတမ်းနဲ့ ပြောင်းပြန်ဖြစ်နေတယ်။ ညည်း အိပ်ပုံနေပုံနဲ့ဆိုရင် တော်ကြာ လင်က ပစ်သွားလို့ လင်ပစ်မဖြစ်နေဦးမယ်''

''ကိုသုခအတွက်တော့ မစိုးရိမ်ပါနဲ့ အမေရယ်၊ သူ ဘာတွေဖြစ်နေနေ သမီး ခေါင်းတစ်ချက်ငဲ့မှ မရှိပါဘူး''

''အေး သတိသာ ထားနေပေတော့၊ ညည်းကို အလိုလိုက်ခဲ့မိတာကတော့ အမှားကြီး မှားတာပဲ''

လင်မရှိခိုက် မအေကြီးက သမီးကို တိုးတိုးတိတ်တိတ် ကျိတ်၍ ဆုံးမခြင်း ဖြစ်သည်။ မှန်၏။ မယ်ဝဏ္ဏအအိပ်အနေသာမက အစားအသောက်ပါကြမ်းသလောက် လင်ဖြစ်သူ ကိုသုခက သိမ်မွေ့နူးညံ့သူ ဖြစ်သည်။ အမူအရာ သိမ်မွေ့နူးညံ့သော်လည်း လယ်လုပ်ခွင် အိမ်ကိစ္စလုပ်စရာရှိသမျှကိုတော့မူ ကျားကျားလျားလျားနှင့် တက်တက်ကြွကြွ လုပ်တတ်သူဖြစ်သောကြောင့် ယောက္ခမကြီးက ချစ်သည်။

သို့ရာတွင် အားလပ်သောအချိန်များ၌မူ အိမ်သားများနှင့် ကြည်ကြည်ရွှင်ရွှင် ရောရောနှောနှောမနေ၊ တစ်နေရာရာတွင် ဆေးလိပ်တစ်တိုနှင့် တွေး၍ ငေး၍သာ အနေများသည်ကိုတော့ ယောက္ခမကြီးက မကြိုက်လှ။ အလုပ်ပင်ပန်း၍ ငြီးငွေ့နေပြီလား၊ သူ့သမီးစရိုက်များကိုပင် မကြိုက်လေရော့သလားဟု လူကြီးပီပီ တွေးတတ် ပူတတ်သည်။

ထိုအခါမျိုးတွင် မယ်ဝဏ္ဏက လူကြီးများရှိလျှင်သာ အထိုက်အလျောက် နေသော်လည်း လူကြီးများ လစ်သည်နှင့်တစ်ပြိုင်နက် သူ့လင်အနီးသို့ တိုးကပ်ကာ "ဘယ်လိုလဲ အိမ်ကလူကြီး၊ ငေးလှ ငိုင်လှချည့်လား။ ဟိုဘက်တဲကကောင်မအကြောင်း တွေးနေပြီထင်တယ်။ ဒီကောင်မကလဲ အပျိုသာဆိုတယ်၊ ပျံတံတံ နန့်တန့်တန့်နဲ့။ လူအိုသောလူပျိုသော ရှောင်မယ့်ကောင်မ မဟုတ်ဘူး။ ဒါပဲနော် ဆရာကြီး၊ ယီးတီး ယားတားတော့လုပ်မယ်မကြံနဲ့" စသည်ဖြင့် အညှအနွံ့ကလေးများဖြင့် တွတ်ထိုးလိုက်သောအခါတွင်မူ "မင်းကလဲကွာ၊ မဟုတ်တာတွေ လျှောက်ပြောမနေပါနဲ့။ ငါဒီလိုပဲ နေတတ်တဲ့ဉစ္စာ" စသည်ဖြင့် ကြည်ကြည်ရွှင်ရွှင် ဖြစ်လာတတ်လေ့ရှိသည်။

မှန်သည်။ ကိုသုခကား အတွေးစရိုက်၊ ဝိတက်စရိုက်ကြီးသူဖြစ်၏။ ယောက္ခမကြီး တွေးပူလျှင်လည်း ပူချင်စရာပင်ဖြစ်သည်။ မယ်ဝဏ္ဏ အအိပ်အနေ ပက်စက်ပုံ အထူးသဖြင့် ညတိုင်း အတူအိပ်ရသူဖြစ်သောကြောင့် အအိပ်ပက်စက်ပုံ တို့ကို မကြာခဏ တွေးနေမိတတ်သည်။

မယ်ဝဏ္ဏက အိပ်ပျော်ပြီဆိုသည်နှင့် တစ်ပြိုင်နက် တုံးတင်းသရော ဖြစ်သည်။ ခြေကားရား လက်ကားရား ဖြစ်သွားသည်။ ခြေကားရား လက်ကားရား ဖြစ်ရုံမက အနေအထား အကူးအပြောင်းတွင် ဘေးဘီကို သတိမထား၊ တဖုန်းဖုန်း ရိုက်လိုက် ပုတ်လိုက်တတ်သေးသည်။ ဟောက်လိုက်သေးသည်။ အိပ်နေသော်လည်း မျက်လုံး အကြောင်သားနှင့် ပွင့်နေတတ်သေးသည်။ ဤမျှမက တစ်ခါတစ်ရံ အဝတ်ကျွတ် အစားကျွတ်ပင် ဖြစ်နေတတ်သေးသည်။

ထို့ကြောင့် ကိုသုခက တစ်ခါတစ်ရံ "မရခင်က မသိလို့သာ၊ သိများသိရင် ယူမှ ယူဖြစ်ပါ့မလား မသိဘူး" ဟု တွေးမိတတ်သည်။ မှန်၏။ စရိုက်ဆိုး စရိုက်ကြမ်း အမျိုးမျိုးအနက် အခြားစရိုက်များကို အပြင်ပန်း သာမန် ပေါင်းကြည့်ရုံမျှဖြင့် သိနိုင်သော်လည်း အအိပ်ကြမ်းကိုမူ အတူအိပ်ဖူးမှသာ သိနိုင်သည်။

မယ်ဝဏ္ဏ အအိပ်ကြီးမှုနှင့် ပတ်သက်၍ ကိုသုခအဖို့ အခြားအတွေး တစ်ခုလည်း ရှိပေသေး၏။ ယင်းသည်ကား ဘုရားရှင်သည် သိဒ္ဓတ္ထမင်းသားဘဝ၌ တောထွက်တော်မူမည့်ညဥ့်တွင် သူ့မောင်းမများ ပိုးစိုးပက်စက် အိပ်နေကြသည်ကို တွေ့ရ၍ သံဝေဂရကာ တောထွက်တော်မူပုံကိုပင် ဖြစ်၏။ "သိဒ္ဓတ္ထရဲ့ မောင်းမ ဆိုသဟာတွေဟာ မယ်ဝဏ္ဏလို ရုပ်ကလေးတွေလှပေမယ့် အအိပ်ပက်စက်ကြသူတွေ ဖြစ်ပေမှာပဲ" ဟူသော အတွေးပင်ဖြစ်၏။

သူ့အမေကို မယ်ဝဏ္ဏပြောသည်မှာလည်း မှန်၏။ အကြောင်းမူကား သူ့လင်အကြောကို သူသာ ပို၍သိသည်မဟုတ်ပါလား။ ကိုသုခ ဘာတွေတွေးနေနေ၊ သူ ခေါင်းကလေးတစ်ချက် ဇော့လိုက်ရုံ၊ အညှအနွံ့ လေသံကလေးတစ်ချက် ပစ်လိုက်ရုံ

ကိုယ်ကလေးတစ်ချက် ယိမ်းလိုက်ရုံနှင့် ကိုသုခ ပြုံးပြုံး၍ ကျလာပုံများကို သူသာ သိသည်။

ကိုသုခတို့ မယ်ဝဏ္ဏတို့ရွာမှာ သာဝတ္ထိ၏မြောက်ဘက်အစွန်တွင် ရှိသည်။ မိရိုးဖလာ လယ်သမားများဖြစ်ကြ၏။ သို့ရာတွင် ဖွံ့ဖွံ့ဖြိုးဖြိုးကား မဟုတ်လှ။ လယ်ကလေးတစ်ကွက်၊ နွားကလေးတစ်ရှဉ်းဖြင့် နေ့မိုးမပြတ် လုပ်နိုင်ကိုင်နိုင်မှ ထမင်းတစ်လုတ်စားကြရသော ဆင်းရဲသားများဖြစ်ကြ၏။

မယ်ဝဏ္ဏ၏ မိဘများက မောင်သုခ၏ ရိုးသားသောဂုဏ်နှင့် လယ်လုပ်ခွင်တွင် တက်တက်ကြွကြွ ရှိလှသည်ကို သဘောကျ၍၊ မောင်သုခက လယ်သူလေးနှင့်ပင် မတူအောင်လှသော မယ်ဝဏ္ဏ၏အလှကို မက်သည်။ သို့နှင့် လူကြီးများ အစီအစဉ်အရ ရွာသူရွာသားချင်း အိမ်ထောင်ဖက်မိကြသည်။

ရိုးသားပါ၏။ အလုပ်နှင့်လက်နှင့် မပြတ်အောင်လည်း တက်တက်ကြွကြွ ရှိပါ၏။ သို့ရာတွင် ဆင်းရဲလှသည်။ အဘယ်မျှ အလုပ်နှင့်လက်နှင့် မပြတ်စေကာမူ ထမင်းတစ်လုတ်ကိုပင် ဝဝလင်လင် တင်းတင်းတိမ်တိမ် စားရသည်ဟူ၍ မရှိလှ။ ဆန်ကြမ်းထမင်းတွင် ဟင်းရည်ကျဲနှင့်သာ တင်းတိမ်ရသည့်အကြိမ်များသည်။

ကိုသုခက အတွေးသမားကလေးဖြစ်၏။ မယ်ဝဏ္ဏနှင့်ရတော့ ကိုယ်လိုချင်သော အလှကလေးများကိုရသည် မှန်ပါ၏။ သို့သော် တွေးစရာတွေက ပိုများလာသည်။ သို့နှင့် နွားတစ်ကောင်ပျောက်သွားသောနေ့။ ထူးခြားသော ထိုနေ့နှင့် ကြုံကြိုက်လာသည်။

[ ၂ ]

နွားတို့ အလုပ်နားချိန်ဖြစ်သောကြောင့် ထုံးစံအတိုင်း နွားတစ်ရှဉ်းကို စားကျက်မြက်ခင်းတွင် လှန်ထားရာမှ နွားတစ်ကောင် ကြိုးပြတ်၍ ပျောက်သွားသည်။ ထို့ကြောင့် ထမင်းစားချိန် နီးကပ်လျက်နှင့်ပင် မစောင့်နိုင်၊ နွားထွက်ရှာရသည်။ နွားရှိနိုင်မည် ထင်သော လယ်စပ်တောခွင်မှန်သမျှသို့ နံ့နံ့စပ်စပ် ရှာသော်လည်း မတွေ့။ စားချိန်လွန်၍ ထမင်းကလည်း ဆာလှပြီ။ ထမင်းရောရေပါ ဆာသည်။ သို့နှင့် ဥတ္တရာရုံကျောင်းစပ်သို့ ရောက်သွား၏။

သာဝတ္ထိဝန်းကျင်တွင် မူလဘူတ ဇေတဝန်ကျောင်းတော်ကြီးအပြင် သံဃာတော်များ တိုးတက်လာသလောက် တစ်ကျောင်းပြီးတစ်ကျောင်း တိုးတက်လာသည်မှာ ၁၈ ကျောင်းအထိပင် ရှိနေပြီဖြစ်၏။ ကျောင်းတိုင်းတွင် အမည် သီးခြားရှိသော်လည်း မူလဘူတ အရန်ကျောင်းများကိုမူ တောင်ဘက်တွင်ရှိသော ကျောင်းကို အရပ်ကိုလိုက်၍

ဒက္ခိဏာရုံဟု ရှီးရှီးပင် အမည်ပေးသည်။ မြို့အနောက်ဘက်တွင် ဆောက်သော မူလဘူတ ကျောင်းကို ပစ္ဆိမာရုံဟု ခေါ်သည်။ မြောက်ဘက်တွင်ရှိသော ကျောင်းကို ဥတ္တရာရုံဟု တွင်သည်။

ယင်းသို့ဖြင့် တောင်ဘက်၊ မြောက်ဘက်၊ အနောက်ဘက်တို့တွင် ကျောင်းများ စည်စည်ပင်ပင်ရှိသော်လည်း သာဝတ္ထိအရှေ့ဘက်မှာမူ ကျောင်းဆောက်ရန်အကွက်အကွင်း မကောင်းလှသောကြောင့် ကျောင်းဒါယကာ ဒါယိကာမတို့ လက်ရှောင်ခဲ့ကြသည်။

ဝိသာခါ ဒါယိကာမကြီးက ကျောင်းဆောက်မည် လျှောက်ထားရာ၌ ဘုရားရှင်က အရှေ့ဘက်တွင်ဆောက်ရန် ညွှန်ကြားတော်မူသောအခါကျမှ အရှေ့ကျောင်းတော် ပုဗ္ဗာရုံ၊ သို့မဟုတ် ပန်းဥယျာဉ်ကြီးကိုဝယ်ကာ ပန်းခင်း၍လှူအပ်သော ကျောင်းဖြစ်သောကြောင့် ပုဗ္ဗာရုံကျောင်းတော်ကြီး ပေါ်ပေါက်လာရသည်။

ဇနာ–လူတို့သည်၊ ဂုဏဝဏ္ဏေ–ဂုဏ်ရှိသောသူတို့ကို၊ ပသန္တိ–မြင်ကြကုန်၏ ဟူသော ဒေသနာ၊ မျက်နှာကြီးရာ ဟင်းဖတ်ပါ ဟူသော စကားအရ အကွက်အကွင်း မကောင်းဟုဆိုသော သာဝတ္ထိအရှေ့ဘက်တွင် မျက်နှာကြီးသူ ဝိသာခါက ပုဗ္ဗာရုံ ကျောင်းတော်ကြီးကို အင်နှင့်အားနှင့် ခင်း၍ကျင်း၍ ဆောက်လိုက်သောအခါတွင်မူ သာဝတ္ထိအရှေ့ဘက်သည် စည်ပင်၍လာကာ နာမည်ကျော် ဇေတဝန်နှင့်ပင် အပြိုင် ဖြစ်၍လာ၏။

ကျောင်းဝသို့ ကိုသုခ ရောက်လာသော ဥတ္တရာရုံကား ဇေတဝန်မှလွဲလျှင် ပုဗ္ဗာရုံတို့အလျင်ပင် နာမည်ကျော် မူလဘူတ ကျောင်းကြီးဖြစ်၏။ အကြောင်းမူကား သာဝတ္ထိမြောက်ဘက်မှာ တောရိပ်တောင်စွယ်တို့များပြားသောနေရာ ဖြစ်ပေရာ ဥတ္တရာရုံကျောင်းကို တောင်ရိပ်တောင်စွယ်များဘက် ခပ်ကျကျ တောရတစ်ဝက်၊ ဂါမဝါသီတစ်ဝက်ဖြစ်လောက်အောင် ဆောက်လုပ်ထား၍ သံဃာတော်များ ပျော်ပိုက်လှ သောကြောင့် ဖြစ်၏။ ဘုရားရှင်ကိုယ်တော်တိုင်ပင် ဇေတဝန်နှင့် ပုဗ္ဗာရုံမှလွဲလျှင် အခြားကျောင်းများထက် သီတင်းအသုံးများသော ကျောင်းဖြစ်သည်။ ကျောင်းဝသို့ ကိုသုခ ရောက်ရှိနေခိုက်မှာ ဥတ္တရာရုံတွင် ဘုရားရှင် ခေတ္တကြွရောက် သီတင်း သုံးတော်မူခိုက်ပင် ဖြစ်၏။

ကိုသုခသည် ရေသောက်ရန်အတွက် ကျောင်းဝမှ လှမ်း၍မြင်ရသော ရေအိုးစင် အနီးသို့ ချဉ်းကပ်လာခဲ့သည်။ ကျောင်းတွင်းသို့ ရောက်သောအခါ သံဃာတော်များသည် ဆွမ်းစား၍ပြီးချိန် ဖြစ်ဟန်ရှိ၏။ အချို့က သပိတ်ဆေးနေကြသည်။ အချို့က လက်ဆေး နေကြသည်။ ဟင်းနံ့ ကျွေးနံ့တသင်းသင်းကလည်း ထမင်းဆာလျက်ရှိသော ကိုသုခ၏ နှာဝသို့ လာ၍ချကြသည်။ တစ်နေရာတွင် ခွေးများ၊ ကျီးများအတွက် စုပုံထားဟန်

တူသော ထမင်းပုံနှင့် ဟင်းစကျွေးစများကို မြင်ရသောအခါ ကိုသုခအဖို့ ဆာမွတ်၍ လာသောကြောင့် သွားရည်ပင် ကျလာသည်ကို သတိဖြင့်သိမ်းဆည်းလိုက်ရသည်။

ရေအိုးစင်သို့ ရောက်သောအခါ ရေအိုးစင်အနီးတွင် ထီးတည်းကြီး ရပ်တော်မူလျက်ရှိသည်ကား ဘုရားရှင်ကိုယ်တော်တိုင်တည်း။

''ဒါယကာသုခ၊ ခရီးပန်း၍ ထမင်းဆာ ရေဆာလာဟန်ရှိသည်'' ဟု ဘုရားရှင်က ပဋိသန္ဓာရပြုလိုက်သောအခါတွင်မှ ဘုရားရှင်ကိုမြင်သဖြင့် ထိုင်၍ ရှိခိုးလိုက်ရသည်။ ကိုသုခအဖို့ ထမင်းဆာ ရေဆာလှသောကြောင့် သံဃာတော်များကို မြင်သော်လည်း ဝိုးတဝါးမျှသာ ဖြစ်ခဲ့သည်။ ဘုရားရှင်က ပဋိသန္ဓာရစကား ပြောတော်မူလိုက်မှ မိမိအနီးတွင် ဘုရားရှင်ကိုယ်တော်တိုင်ပင်ဖြစ်နေကြောင်း သိရသည်။ မိမိနှင့် တစ်ကြိမ်မျှ မတွေ့ဖူး မဖူးဖူးပါလျက်နှင့် မိမိအမည်ကို သိတော်မူကာ ထုတ်ဖော်၍ ခေါ်တော်မူလိုက်သောကြောင့်လည်း ကိုသုခ ဝမ်းမြောက်အံ့အားသင့်ရသည်။

''မှန်ပါသည်ဘုရား၊ နွားပျောက်လို့ရှာရမှ ခရီးလွန် အချိန်လွန်သွားသောကြောင့် ထမင်းဆာ ရေဆာလျက် ရှိရပါသည်ဘုရား''

''သံဃာများ ဆွမ်းစားပြီးချိန်ဖြစ်၍ ဆွမ်းကြွင်း ဆွမ်းကျန်တို့ရှိနေပါသည်။ စားရပေမှာပေါ့'' ဟု မိန့်တော်မူကာ အနီးရှိ သာမဏေတစ်ပါးအား ဆွမ်းကြွင်း ဟင်းကျန်များ အယူခိုင်း၍ သာမဏေက ဆွမ်းကြွင်း ဟင်းကျန်များကို ခွက်တစ်ခုတွင် ထည့်၍ ယူလာကာ ကိုသုခသို့ပေးသည်။

''သည်နေရာမှာပဲ စားပေတော့။ စားပြီးလျှင် သောက်ဖို့ ဆေးကြောဖို့ ရေအိုးစင် အသင့်ရှိနေတာပဲ'' ဟု မိန့်တော်မူသောကြောင့် ဘုရားရှင် ရှေ့တော်တွင်ပင် ထိုင်၍ အားရပါးရ စားလိုက်သည်။ ဤနည်းဖြင့် ကိုသုခအဖို့ ဘုရားရှင်နှင့် ရင်းနှီးသွားသည်။ ဘုရားရှင်က ကိုသုခအနီးတွင် ရပ်တော်မူလျက်ပင် ရှိနေသည်။ ဆွမ်းကြွင်းဟင်းကျန် ဆိုသော်လည်း ကိုသုခအဖို့ကား ရှေးက တစ်ကြိမ်မျှမစားဖူးခဲ့သော နတ်သုဓာတမျှ ပေတည်း။

ဆန်ကောင်းထမင်းတွင် ဆီဦးထောပတ်တို့ဖြင့် လူးနယ်ထားလိုက်သေးသည်။ ထမင်းပန်းကန်ပေါ်တွင် စုပုံလာသော ဟင်းကျွေးများမှာလည်း ဟင်းကောင်း ဟင်းမွန်များပင်ဖြစ်၏။

မစားဖူးသော အာဟာရများဖြစ်နေ၍လည်းကောင်း၊ ဆာသောကြောင့် လည်းကောင်း ဣန္ဒြေပင်ပျက်လုမတတ် မိမိ အားရပါးရ စားသုံးနေမိသည်ကို ဖာထေးသည့်သဘောဖြင့် ''ဒီကနေ့ သံဃာတော်များ ဆွမ်းလှူ ဆွမ်းကျွေး ရှိဟန် တူပါသည်။ ထမင်းတွေ ဟင်းတွေက ကောင်းလှပါချည့်ဘုရား'' ဟု စားရင်းတန်းလန်း

ကပင် လျှောက်ထားမိသောအခါ ဘုရားရှင်က ''ဆွမ်းကျွေး ဆွမ်းလှူ အထူးမရှိပါ။ သံဃာများ ဆွမ်းခံရာမှ ရလာသော ဆွမ်းမျှဖြစ်ပါသည်'' ဟု မိန့်ကြားလိုက်သည့်တွင် အတွေးသမား ကိုသုခအဖို့ အတွေးတစ်ရပ် ရုတ်ခြည်းဝင်ရောက်လာသောကြောင့် အငမ်းမရ စားသုံးနေမှုပင် နှေးကွေးသွားသည်။

ကိုသုခကား ဝိတက်စရိုက်ရှိသူသာမဟုတ်၊ အာဟာရစရိုက်လည်း အတန် ကြီးမားသူဖြစ်သည်။ မိမိသည် ဥတုသုံးလီ ပင်ပန်းကြီးစွာ လုပ်ရပါလျက် အာဟာရ ကိုတော့ လူစဉ်မမီရုံမက တစ်ခါတစ်ရံမျှတစွာပင် မစားသုံးရပါတကားဟု အာဟာရနှင့် ပတ်သက်၍ မကြာမကြာ စဉ်းစားခန်းဝင်ခဲ့မိသူဖြစ်သည်။ မိမိအမြင်အားဖြင့် ရဟန်းတော်တို့ ဘဝသည် အေးချမ်းလှပေ၏။ တစ်နေ့လျှင် တစ်ထပ်မျှသာ စားကြသော်လည်း စားသုံးသော အာဟာရမှာမူ ကောင်းမွန်လှပါတကား။

မယ်ဝဏ္ဏတည်းဟူသော အဆင်းကလေး၊ အသံကလေး၊ အမူအရာကလေး များကိုမက်၍ ဤမျှ ဒုက္ခရောက်နေရပေသည်။ မယ်ဝဏ္ဏသည်လည်း အအိပ်ဆိုး အနေဆိုးလှသောကြောင့် စွဲမက်စရာမဟုတ်။ မျက်လှည့်ပမာမျှသာဖြစ်ပေသည်။ မိမိအဖို့ သင်္ကန်းဝတ်၍ နေရသော် ဤကဲ့သို့သော အာဟာရများကို စားသုံး၍ အဘယ်မျှ အေးချမ်းပေမည်နည်းဟု တွေးတောလာသည်။ ထို့ကြောင့် –

''တပည့်တော် သင်္ကန်းဝတ်လို့ ဖြစ်နိုင်ပါမည်လားဘုရား'' ဟု လျှောက်ထား လိုက်သည်။

''အဘယ်ကြောင့် မဖြစ်နိုင်ရမည်နည်း ဒါယကာသုခ၊ သာသနာတော်သည်ကား သတ္တဝါများအတွက် အစဉ်ဖွင့်အပ်သော တံခါးရှိပေ၏''

''သို့ဆိုလျှင် တပည့်တော် အိမ်သို့ပြန်၍ ခွင့်ပန်ပါဦးမည်ဘုရား''

''အဘယ်သူအား ခွင့်ပန်ဖွယ်ရှိပါသေးသနည်း၊ သင်ကား အိမ်ထောင်ဦးစီး မဟုတ်သလော''

''အရှင်ဘုရားတို့က မိဘများခွင့်မပြုလျှင် သင်္ကန်းစည်း၍မပေး ဟု ကြားဖူး၍ ပါဘုရား''

''မိဘများခွင့်မပြုလျှင် သင်္ကန်းစည်းမပေးသည် မှန်ပါ၏။ သို့ရာတွင် သင်ကား မိဘလက်လွှတ်အပ်သော အိမ်ထောင်ရှင်ဖြစ်သည်။ မည်သူ့ထံမျှ ခွင့်ပန်ရန်မလိုပါ''

''သို့ဆိုလျှင် ယခုပင် စည်းလိုပါသည်။ သို့ရာတွင် တပည့်တော်မှာ သင်္ကန်း ပရိက္ခရာ အသင့်မရှိပါဘုရား''

''သင်္ကန်းပရိက္ခရာအတွက် ငါဘုရားတာဝန် ရှိပါစေ''

ဤနည်းဖြင့် ဤနေ့တွင်ပင် ဒါယကာ သုခသည် ရဟန်းတော်သုခအဖြစ်သို့ ရောက်လာ၏။ ညနေပိုင်းတွင် ဥတ္တရာရုံကျောင်းမှ ဇေတဝန်သို့ ဘုရားရှင် ပြန်လည် ကြွချီတော်မူသွားသည်။ အရှင်သုခ ဦးသုခသည် ဥတ္တရာရုံတွင်ပင်ကျန်ရစ်၏။

သိတော်မူ မြင်တော်မူသော ဘုရားရှင်က ကျွတ်တမ်းဝင်လတ္တံ့သော ဒါယကာ သုခအား သူရောက်လာလတ္တံ့သော ခရီးမှ စောင့်ကြိုတော်မူကာ စကားပရိယာယ် ဆွမ်းပရိယာယ်တို့ဖြင့် သာသနာကျုံးသွင်းတော်မူလိုက်ပြီဖြစ်၏။ သို့ရာတွင် ဇေတဝန်သို့ မကြွမီ ဥတ္တရာရုံ ဦးစီးမထေရ်အား မှာကြားတော်မူခဲ့သည်ကား ဤရဟန်း လူထွက် လိုသော် ဘယ်နှစ်ကြိမ်ပင်ဖြစ်စေ ထွက်ပါစေ၊ ပြန်၍ သင်္ကန်းစည်းလိုသော် ဘယ်နှစ်ကြိမ် ပင်ဖြစ်စေ စည်းပါစေ၊ သည်းခံ၍ ခွင့်ပြုလိုက်ပါဘိဟူ၏။

[ ၃ ]

အချိန်တန်သော်လည်း အိမ်ပြန်ရောက်မလာပြီးနောက် ဥတ္တရာရုံတွင် ကိုသုခ သင်္ကန်း စည်းသွားပြီဟုကြားရသောအခါ ပျာယာခတ်သွားသူကား မယ်ဝဏ္ဏမဟုတ်၊ မယ်ဝဏ္ဏ၏မိခင် ကိုသုခ ယောက္ခမကြီးပင်ဖြစ်ပေ၏။ လူကြီးဆိုတော့ ပူတတ်ပေမည်။ မိမိသမီး လင်ပစ်မ၊ မုဆိုးမ ဖြစ်ရပေတော့မည်။ ပြီးတော့ သည်လယ်လုပ်ငန်းကို သူပင် ဦးဆောင်နေသူဖြစ်သည်။ သူမရှိလျှင် ဘယ်သို့ စီစဉ်ရပါ့။ သို့ရာတွင် သမီးကို ကြည့်လိုက်သောအခါတွင်တော့မူ မယ်ဝဏ္ဏ အပြုံးပင်မပျက်။

"ဟဲ့ကောင်မ၊ ညည်းကို ငါမပြောဘူးလား၊ ကိုယ့်လင်ပေမယ့် အပျိုတုန်း ကလို လင်ကို အပျိုလုပ်ညှို့ရတယ်လို့။ အခုတော့ မဟုတ်ပေါင်တော်၊ အိပ်လိုက်တာကလဲ ပိုးစိုးပက်စက်၊ နေလိုက်တာကလဲ ဒေါင်းတိမောင်းတိ။ ကဲ အခုတော့ ဘယ့်နှယ်ရှိစ၊ ဘယ်လိုလုပ်ကြမှာလဲ"

"အမေကလဲ ပူတတ်လိုက်ရန်ကောတော်"

"မပူလို့ ဖြစ်မလားအေ့။ ညည်းက ရုပ်ကလေး အားကိုးပြီး လင်ဆိုတာကို ထဘီလဲသလို လဲလို့ ရလိမ့်မယ်ထင်လို့လား။ မလွယ်ဘူးနော်၊ မလွယ်ဘူး။ ခုခေတ်မှာ လင်ဈေးတွေက အမြဲတမ်းတက်နေတာ"

"အမေကလဲ၊ ဘာတွေ လျှောက်ပြောနေပါလိမ့်။ မပူပါနဲ့ အမေရယ်၊ ဥတ္တရာရုံကို နက်ဖြန် ကျွန်မသွားလိုက်ပါ့မယ်"

"ညည်းသွားတော့ကော ဘာဖြစ်လာဦးမှာမို့လဲ။ ဟိုက သင်္ကန်းတောင် စည်းပြီး နေပြီအေ့"

''ကိုသုခအကြောင်းကို ကျွန်မထက် ဘယ်သူသိဦးမှာလဲ။ ကျွန်မ သွားတွေ့လိုက်ရင် အလွန်ဆုံးသုံးရက်၊ ရေခဲပုံးမိုးဆုံး ခုနစ်ရက်ထက် သူပိုမနေနိုင်ပါဘူး အမေရဲ့ စိတ်ချနေပါ''

''ကြည့်လိုက်သေးတာပေါ့အေ''

ရဟန်းတော်တို့ကို မြင်ခဲ့ တွေ့ခဲ့ဖူးပါ၏။ သို့သော် ရဟန်းအကြောင်း၊ ရဟန်းကျင့်ဝတ်ကိုတော့ မသိ။ သာသနာတော်၏ အလေးအနက်ကိုလည်း မသိခဲ့။ ရဟန်းဟူသည် ငြိမ်းငြိမ်းကလေးနေပြီး အေးအေးကလေး စားနေရသူများဟု သာမန်အားဖြင့် နားလည်ခဲ့သည်။ နိဗ္ဗာန် မဂ်ဖိုလ်ကို သာ၍မသိ။ အစာအာဟာရကို မက်၍သာ ရဟန်းပြုလာသူ ဖြစ်သည်။ ထို့ကြောင့် ရဟန်းကလေး အရှင်သုခအား သဒ္ဓါပဗ္ဗဇိတ မဟုတ်၊ ဘယာရဟန်းဟုသာ ဆိုရချိမ့်မည်။

ရဟန်းဝတ်ရန် ဆံချစဉ်တွင် ဥပဇ္ဈာယ်ဆရာတော်က ကေသာ၊ လောမာ၊ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေပြားတည်းဟူသော ခန္ဓာကိုယ်ပေါ်တွင် တွေ့မြင်ရသည့်အရာများ၏ မမြဲပုံ၊ စက်ဆုပ်ဖွယ် ရှိပုံတို့ကို ယခုအချိန်မှစ၍ ဆင်ခြင်စဉ်းစား ပွားများ၍နေရမည်ဟု တစပဉ္စကကမ္မဋ္ဌာန်းကို သင်ပေးသည်။

ပွားများပါ၏။ သို့ရာတွင် ဆံပင်ကို သတိပေးလိုက်သောအခါ မိမိဆံပင်ထက် နုနုမွေးမွေး ထွေးထွေးအိအိ ရှိလှသော မယ်ဝဏ္ဏ၏ ဆံနွယ်ဆံထွေးကလေးများကို မြင်လာသည်။ သွားဟု ဆိုသောအခါ မယ်ဝဏ္ဏ၏ ဖွေးဖွေးညီညီ စီ၍ပေါ်လာတတ်သော သွားကလေးများကို မြင်လာသည်။

ဥတ္တရာရုံမှ အတူနေ ရဟန်းတော်အားလုံးသည် ငြိမ်သက်လှ၏။ စကြံလျှောက်ရုံ၊ ထိုင်ရုံ၊ ထရုံ စသည်ဖြင့် အနည်းငယ်မျှသာ လှုပ်ရှားကြသည်ကို တွေ့ရသည်။ တစ်ပါးနှင့်တစ်ပါး စကားပြောနေသည်ကိုမျှ မတွေ့ရ။ ပြောစရာ ရှိလျှင်လည်း တိုးညင်းစွာသာ ပြောကြသည်။ ရဟန်းဆိုတော့ ဤရဟန်းတော်များ ပုံစံအတိုင်းပင် နမူနာယူ၍ ငြိမ်ငြိမ်အေးအေး နေရသည်။ ထိုအခါ ငြိမ်ငြိမ်အေးအေး ကလေးနေရခြင်းသည်ပင် အခက်ကြီးပါတကားဟု တွေးတော သိရှိလာသည်။

ထို့ထက် အခက်ကြီး ခက်လာသည်ကား ညဉ့်အိပ်ရာဝင်သောအခါတွင်ပင် ဖြစ်၏။ အခန်းငယ်တစ်ခုတွင် အခြားရဟန်းတစ်ပါးနှင့် တစ်ခြမ်းစီ အိပ်ကြရသည်။ ခေါင်းအုံးကြမ်း တစ်လုံးမျှသာရှိ၍ အခင်းမရှိ။ ခြုံထည်မရှိ။ ဝတ်ရုံသော သင်္ကန်းကိုပင် အခင်းနှင့် ခြုံထည်လုပ်ရသည်။ အဖော်ရဟန်းကလည်း တရားအားထုတ်နေသောကြောင့် တိုးတိုးဖော်ပင်မရ။

ဥပဇ္ဈာယ်ဆရာက ရဟန်းဟူသည် ကမ္မဋ္ဌာန်းသတိဖြင့်သာ နေရစားရ အိပ်ရသည့်ဟူသော အဆိုအဆုံးအမကို သတိမရ။ အများနည်းတူ ငြိမ်ငြိမ်အေးအေး ကလေးနေရလွန်းသဖြင့် အပျင်းစိတ်သာ လွှမ်းမိုးနေသည်။ ဘုရားရှင်သည် ဥရုဝေလတွင် ခြောက်နှစ်တိုင်တိုင် မြေကြီးတည်းဟူသော အခင်းမျှဖြင့်သာ သီတင်းသုံးတော်မူခဲ့ပုံ စသည်များကိုလည်း သူမသိ၊ သတိမရ။ သတိရသည်ကား အခြားအချိန်များတွင် အမှတ်မဲ့နေတတ်သော်လည်း အိပ်ရာခန်းထဲ ရောက်သည်နှင့်တစ်ပြိုင်နက် ယုယပွေ့ကပ် လာလေ့ရှိသောမယ်ဝဏ္ဏာ၏ ငါးရံ့ကိုယ် လုံးလုံးကျစ်ကျစ်ကလေးကိုပင် ဖြစ်ပေသည်။

သို့ဖြင့် တလူးလူးတလွန့်လွန့်နှင့်ပင် ပျော်တစ်ချက် မပျော်တစ်ဝက် အိပ်ပျော်သွားခဲ့ရသည်။ သို့ရာတွင် အိပ်လို့ကောင်းမည့်ရှိတုန်းမှာပင် အရုဏ်လွန်အောင် မအိပ်ရသော ရဟန်းတို့၏ သဟသေယျ သိက္ခာပုဒ်တော်အရ အတူနေရဟန်းက နှိုးလာ၍ ထရပြန်သည်။ အများနည်းတူ ကျောင်းခန်းမတွင် ထိုင်၍ ကမ္မဋ္ဌာန်းရှုရပြန်သည်။

မိုးလင်းသာသာလောက် ဆွမ်းခံမထွက်မီအချိန်တွင် သူ့ရှေ့သို့ရောက်လာသူကား မယ်ဝဏ္ဏာပင်ဖြစ်၏။ မယ်ဝဏ္ဏာက ဦးချချင်ယောင်ပြုပြီး တည့်တည့်ပိပိမထိုင်၊ ပေါင်နှစ်လုံးကိုထပ်ကာ ခပ်စောင်းစောင်းကလေး ထိုင်သည်။ သို့ဖြစ်၍ ပေါင်တံနှင့် တင်ပါးတင်းတင်းကြီးမှာ ထင်းထင်းကြီးပေါ်လျက်ရှိသည်။ မျက်နှာကလည်း ပြုံးတုံ့ မပြုံးတုံ့။ ဦးသုခမျက်နှာကို တည့်တည့်မကြည့် မျက်စောင်းကလေးချိတ်၍သာ မကြည့်ချင်သယောင် ကြည့်ချင်သယောင်ကြည့်သည်။ သူတို့မှာ အသုံးမပြုကာမှနေရော့ ဒါမျိုးတွေ၊ ဒီလိုအညာမျိုးတွေကို အမေမွေးကတည်း ကပင် ဆယ့်နှစ်ကြိုးစုံခဲ့ပြီးသူများ ဖြစ်ပေသည်။

"ဦးဇင်း၊ တကယ်ဝတ်တော့မှာလား"

"ဝတ်ချင်လို့ စမ်းကြည့်လိုက်တာလေ"

"ဘယ်လောက်ကြာမှာလဲ"

"ပျော်သလောက်ပေါ့"

"ညကဘယ်သူနဲ့အိပ်သလဲ"

"တစ်ပါးတည်းပေါ့"

"မပျင်းဘူးလား"

"ရဟန်းဆိုတာ တရားနဲ့နေရတယ်"

"တပည့်တော်မတော့ တစ်ညလုံး အိပ်လို့မပျော်ဘူး"

"တရားနဲ့နေပေါ့"

"နေနိုင်ပါဘူး၊ ဦးဇင်းလို့ တရားရှင်ကြီး မဟုတ်သေးဘူး။ တကတဲ တရားပြည့် နေလိုက်တာ၊ သက်န်းဝတ်ချင်တယ်ဆို တိုးတိုးတိတ်တိတ်တောင် ပြောသွားဖော် မရဘူး။ ဟုတ်လား မဟုတ်လား လာကြည့်တာ၊ ပြန်တော့မယ်"

နောက်ဆုံး အသံများတွင် ငိုသံကလေးနှင့် ထစ်ထစ်ငေါ့ငေါ့ နှောပြောသည်။ နှာညှစ်သည်။ မျက်ရည်သုတ်ချင်ပြုသည်။ ဦးပင်မချ။ ထပြန်သွားသည်။ ဦးသုခ ငိုင်၍ ကျန်ရစ်သည်။ မော်၍ ကြည့်လိုက်သောအခါ တင်သား လုံးလုံးကစ်ကစ်ကလေး နှစ်ခုကို လှုပ်ကာ ယမ်းကာနှင့် ထွက်သွားသည်ကို တွေ့ရသည်။

ထို့နောက် အခြားရဟန်းများနှင့်အတူ သာဝတ္ထိသို့ ဆွမ်းခံထွက်ရသည်။ ဆွမ်းကောင်းဆွမ်းမွန်၊ ဟင်းကောင်းဟင်းမွန်တွေ ရလာပါ၏။ သို့ရာတွင် စားသော အခါတွင်မူ ညစာမစားရ၍ ဆာနေသင့်ပါလျက် မစားနိုင်။ မနေ့ကလို အရသာ မရှိတော့။ အဘယ်မျှ မွန်မြတ်သောဆွမ်းဖြစ်စေကာမူ ရောဂါသော်လည်းကောင်း၊ ရာဂေါသော်လည်းကောင်း ကပ်ငြိလျက်ရှိသူအား အဘယ်ပုံ အရသာရှိနိုင်ပါအံ့နည်း။

မယ်ဝဏ္ဏာ အိမ်ပြန်ရောက်သောအခါ မအေကြီးက "ညည်းလူကော" ဟု ဆီး၍ မေးသည်။ "အမေကလဲ အလွန်ဆုံး သုံးရက်ပါလို့ ပြောထားရက်သားနဲ့၊ အခုတော့ မပါသေးဘူး၊ စောင့်ကြည့်ပေါ့" ဟု မယ်ဝဏ္ဏာက ပြန်ပြောလိုက်သည်။

မှန်၏။ သုံးရက်ဝေး၍ နှစ်ရက်ပင်မပြည့်။ နောက်တစ်နေ့ ညနေတွင်ပင် ကိုသုခ လူဝတ်နှင့် ပြန်ရောက်လာသည်။ ခေါင်းတုံးသာ အဖတ်တင်၏။

[ ၄ ]

ယင်းသို့ဖြင့် ဝိတက်စရိုက်များသော ကိုသုခအဖို့ သာသနာတော်သို့ ဝင်လိုက် ထွက်လိုက်နှင့် ရဟန်းလုပ်တမ်း ကစားသည့်ပမာပင် ဖြစ်နေခဲ့သည်မှာ လေးကြိမ် မြောက်ပင် ရှိခဲ့ပြီဖြစ်၏။ မယ်ဝဏ္ဏာကလည်း ကြိုးရှည်ရှည်နှင့် လှန်ထားသည့်ပမာပင် ဖြစ်၏။ သံယောဇဉ်ကြိုးစကို လွှတ်ပေးလိုက်၊ ပြန်တို့ဆွဲလိုက်နှင့် လုပ်ချင်သလို လုပ်၍နေသည်။ ကိုသုခက သာသနာကိုကစား၍ မယ်ဝဏ္ဏာက ကိုသုခကို ကစားသည့် ပမာပင်ဖြစ်နေသည်။

သာမန်အားဖြင့်ဆိုလျှင် ဤမျှ မတည်ငြိမ်လွန်းသော ကိုသုခအား ဥတ္တရာရုံ ရဟန်းတော် အသိုက်အဝန်းက လက်ခံဖို့ပင်မရှိတော့။ သို့ရာတွင် သိတော်မူ မြင်တော်မူအပ်သော ဘုရားရှင်၏ အမိန့်တော်ကြောင့်သာ သူလုပ်သမျှကို သည်းခံ လိုက်လျောနေကြရခြင်းဖြစ်၏။

ဤမျှ မတည်ငြိမ်လွန်းသော ကိုသုခအဖို့ မတည်ငြိမ်သည့် အထဲကပင် အမြတ်ထွက်သင့်သလောက် ထွက်လာသည်ဟုတော့ ပြောစရာရှိပါ၏။ ယင်းအမြတ်ဟူသည်ကား "တံပူ တစ်ထောက်တစ်ထောက်နှင့် ဦးပါမောက်ပညာတတ်" ဟူသော စကားကဲ့သို့ ရဟန်းတော်များနှင့် နီးစပ်ရာမှာ တစ်ကြိမ်ထက်တစ်ကြိမ် တရားအမြင် တရားအသား တက်လာခြင်းပင် ဖြစ်ပေသည်။

သို့နှင့် "သည့်တစ်ကြိမ်တော့ မထွက်ပါဘူးဘုရား" ဟူသော စိတ်မောင်း တင်ခြင်းဖြင့် ပဉ္စမအကြိမ် ရဟန်းအဖြစ်သို့ ဝင်ရောက်လာပြန်သည်။ ထုံးစံအတိုင်းပင် နှစ်ရက် သုံးရက်မျှ မကြာမီပင် မယ်ဝဏ္ဏ ရောက်လာပြန်သည်။ ပြုံးပြုံးကလေးပင် ဖြစ်၏။

"ဦးဇင်း၊ တကယ်လဲ ဟုတ်ဘဲနဲ့ ဝင်လိုက်ထွက်လိုက်နဲ့ သာသနာတော်ကိုတောင် အားနာဖို့ ကောင်းနေပြီ" ဟု စတင်လျှောက်ထားသည်။

"ဒီတစ်ခါတော့ အဟုတ်မထွက်၊ တကယ် မထွက်တော့ဘူးဗျာ" ဟု ဦးသုခက ခန့်ခန့်ကြီး ပြန်ပြောလိုက်သည်။

"ဒီလိုမှပေါ့ ဦးဇင်းရဲ့၊ ယောက်ျားသားကပဲ၊ လုပ်ပြတ်ပြတ်၊ ကိုင်ပြတ်ပြတ်၊ ပြတ်အောင် ဖြတ်နိုင်ရမှာပေါ့။ တပည့်တော်လဲ ဒီတစ်ခါတော့ တကယ်ပြတ်ကြပြီလို့ ထင်လိုက်သားပဲ"

"တကယ်ပြတ်ပြီဗျ၊ ပြတ်ပြီ"

"တပည့်တော်လဲ လာတောင် မလာတော့ဘူးလို့၊ အဲဒါ သိချင်လို့၊ ကိုပုညနဲ့ လမ်းကြုံတာနဲ့ လိုက်လာခဲ့တာ"

ဤစကားကြား၍ ကျောင်းရှေ့သို့ ဖြတ်ကနဲ လှမ်းကြည့်လိုက်သောအခါ ရဟန်းတစ်ပါးနှင့် စကားပြောနေသော ကိုပုညကို တွေ့ရသည်။ ကိုပုညမှာ ကိုသုခနှင့် သက်တူရွယ်တူ အိမ်နီးချင်း မုဆိုးဖိုကလေး ဖြစ်သည်။ မိမိမရှိခိုက် ကိုပုညနဲ့ တွဲလာသည် ဆိုတော့ဟု တွေးလိုက်မိသောအခါ အနည်းငယ် ကိုင်းလျက်ရှိသော ဦးသုခ၏ကိုယ်မှာ မတ်ထောင်၍ သွားသည်။

မယ်ဝဏ္ဏက ကျိတ်၍ ပြုံးလိုက်၏။

"ခုလို ရှင်းရှင်းပြတ်ပြတ် သိရတော့ ကောင်းတာပေါ့ ဦးဇင်း၊ အလျင်တုန်းကတော့ လယ်အလုပ်ပါးချိန်မို့ ဦးဇင်းဘယ်နှစ်ခါဝတ်ဝတ်၊ ဘယ်နှစ်ခါထွက်ထွက် နေလို့ဖြစ်သေးတယ်။ အခုတော့ မိုးကလဲကျလာပြီ။ လယ်ထဲဆင်းရတော့မယ်။ တပည့်တော်တို့မှာ ဦးဇင်းလဲ သိတဲ့အတိုင်း လယ်မလုပ်လို့မဖြစ်ဘူး။ လုပ်မှ စားရမှာ။ ဒီတော့"

"ဒီတော့ ဘာဖြစ်သလဲ"

"ဘာဖြစ်သလဲ၊ ဟုတ်လား။ ဘာဖြစ်ရမှာလဲ၊ ဦးဇင်းကိုယ်စားလုပ်မယ့် လူစား သွင်းရမှာပေါ့" ဟု ဆိုကာ မယ်ဝဏ္ဏ ရုတ်ခြည်း ကျောခိုင်းထသွားသည်။ တင်ကလေး နှစ်လုံးကိုလည်း တစ်ခါခါနှင့် ပစ်သွားသေး၏။ ထိုညနေပင် ခေါင်းတုံးကလေး အပြောင်သားနှင့် ကိုသုခဖြစ်သွားပြန်လေသတည်း။

ဤတစ်ကြိမ်တွင်မူကား မိုးရာသီ လယ်လုပ်ငန်းဆက်လျက်ရှိသောကြောင့် သုံးလခန့် ကြာသွားသည်။ သို့ရာတွင် တစ်ညနေ၌ ကြုံလာပြန်သည်ကား နေမှ မဝင်သေး၊ ညနေခင်းအချိန် ဖြစ်ပါလျက် အလုပ်သိမ်း၍ ကိုသုခ အိမ်ပြန်ရောက်သောအခါ အိပ်ခန်းတွင် မယ်ဝဏ္ဏ ပိုးစိုးပက်စက် အိပ်ပျော်နေသည်ကို တွေ့ရခြင်းပင် ဖြစ်၏။

အအိပ်ကြမ်းလိုက်ပုံမှာ ပက်လက် ခြေကားရား လက်ကားရား ဖြစ်နေသည်။ ခါးဝတ်ပင် ကျွတ်နေလိုက်သေး၏။ မျက်လုံးများမှာပွင့်၍ ကျောက်သားကဲ့သို့ စင်းစင်း ဖွေးဖွေးဖြစ်နေသည်။ လျှာရည်တို့ ယိုစီးနေရုံမျှမက အသံကျယ်ကျယ်နှင့် တခေါခေါ ဟောက်လျက် ရှိပေသေး၏။ သုသာန်တွင် ပစ်ထားရာက ရက်အတန်ကြာသောကြောင့် ဖူးရောင်နေသော လူသေကောင်နှယ်တည်း။

မယ်ဝဏ္ဏ အအိပ်ကြမ်းသည်ကို ယခင်ကလည်း သိခဲ့ပါ၏။ သို့ရာတွင် အိပ်ရာမှောင်ခန်း၌ အတူအိပ်ကြစဉ်ဖြစ်၍ ယခုကဲ့သို့ စေ့စေ့စပ်စပ် မမြင်ခဲ့စဖူး။ မိမိက ပြုပြင်သည့်အခါတွင် ပြုပြင်ပေးခဲ့ရဖူးသည်။ အခုတော့မြင်ကွင်းမှာ တကယ် တရားရစရာ၊ စက်ဆုပ်စရာပင်ဖြစ်၏။ တရားအခြေခံကလည်း အတန်ပင်ပြည့်ဝခဲ့ပေပြီ။

အပြေကား ခေါင်းရင်းတွင် ချိတ်ထားသော သင်္ကန်းထုပ်ကလေးကိုဆွဲ၍ ဥတ္တရာရုံသို့ တစ်ကြိုးတည်း အသော့ဝင်လာခဲ့ခြင်းပင် ဖြစ်၏။ ဤတစ်ချီ ဥတ္တရာရုံသို့ ရောက်၍ ရှေးဦးစွာ ရင်ဆိုင်လိုက်ရသူကား ဘုရားရှင်ကိုယ်တော်တိုင် ဖြစ်နေပေသည်။

"တပည့်တော်ကို ဤတစ်ကြိမ် ရဟန်းပြုပေးတော်မူပါဦးဘုရား။ တပည့်တော် တရားရပါပြီ။ နောင်ကို ဘယ်တော့မှ မထွက်တော့ပါဘူးဘုရား" ဟု အမောတကော လျှောက်ထားသည်။

မှန်၏။ ကိုသုခကား ဤတစ်ချီ ကျောင်းသို့လာစဉ်ကပင် လမ်းတွင် သောတာပန် ဖြစ်ခဲ့ပေပြီ။ ဝေနေယျသတ္တဝါ ဒကာသုခ၏ ပါရမီအရင့်ကိုစောင့်၍ တရားကွန်ရက် ဖြန့်ကြက်ခဲ့ရာမှ ဤတစ်ကြိမ်တွင်မူ ဘုရားရှင်ကိုယ်တော်တိုင် စောင့်ကြိုတော်မူခြင်း ဖြစ်သည်။ ချက်ချင်း ရဟန်းပြုပေး၏။ ရဟန်းပြုရင်း ဘုရားရှင်၏ သံယောဇဉ်ကြိုးဖြတ် တရားတော်ကို နာရသောအခါ ချက်ချင်း ရဟန္တာဖြစ်သွားသည်။ ဘုရားရှင် ဇေတဝန်သို့ ကြွသောအခါ နောက်တော်ပါးမှ ပါသွား၏။

ရဟန်းသုခ၊ ကိုသုခ၏သတင်းမှာ ဇေတဝန်တွင်လည်း ပျံ့နှံ့လျက်ရှိပေ၏။ ပျံ့စရာလည်း ဖြစ်ပေသည်။ အကြောင်းကား ရဟန်းတစ်လှည့် လူတစ်လှည့်ဖြင့် ဤမျှ အကူးအပြောင်း အထွက်အဝင် များလှသူဟူ၍ ရှေးကမရှိခဲ့စဖူးပေ။

ထို့ကြောင့် ညဦးပိုင်း တရားနာရန် သံဃာ့ပရိသတ်သို့ အရှင်သုခ ရောက်လာသောအခါ "ဒီတစ်ချီ ဘယ်တော့ထွက်ဦးမှာလဲ" ဟု မေးကြမြန်းကြ လှောင်ကြ သရော်ကြသည်ကို ခံရသည့် အရှင်သုခက "တပည့်တော် ဘယ်တော့မှ မထွက်တော့ပါဘူးဘုရား၊ ဘုရားရှင် ကျေးဇူးတော်ကြောင့် တပည့်တော် သံယောဇဉ်နှောင်ကြိုး ကင်းပြတ်ခဲ့ပါပြီ။ ထွက်ဖို့ မရှိတော့ပါ" ဟု လျှောက်ထားသောအခါ ရဟန်းတော်များက မယုံ၍ ဘုရားရှင်အား လျှောက်ထားသောအခါ ဘုရားရှင်က "ရဟန်းသုခသည် သံယောဇဉ်နှောင်ကြိုး ပြတ်ပေပြီ၊ ကိလေသာ ကင်းစင်ပေပြီ" ဟု မိန့်တော်မူသဖြင့် သာဓု ခေါ်ကြရသည်။

ဘုရားရှင်က ဆက်လက်၍ "ရဟန်းတို့၊ သံယောဇဉ်ကြိုး အမျိုးမျိုးတို့သည် ခိုင်မာလှပေ၏။ မယားသံယောဇဉ်ကို ထားဦးတော့၊ ငါဘုရားသည်ပင် နုစဉ်အချိန်က ပေါက်တူး အတုံးကလေးတစ်ချောင်းနှင့် ပြောင်းဆန် တစ်ကွမ်းစားမျှကို သံယောဇဉ် တွယ်မိသောကြောင့် ဤရဟန်းကဲ့သို့ပင် ခြောက်ကြိမ်တိုင်တိုင် ရသေ့ဝတ်၍ ခြောက်ကြိမ်တိုင်တိုင် လူ့ဘဝသို့ ပြန်လည်ခဲ့ရဖူးပေသည်" ဟု အတိတ်ကို ဆောင်တော်မူလိုက်သောအခါ ထိုညအဖို့ ကုဒါလပဏ္ဍိတဇာတ်ကို ကြားနာကြရပေ၏။

ဖဲကြိုးသည် သံကြိုးထက်ခိုင်သည် မှန်၏။ သို့သော် တရားသန်လျက်ဖြင့် ဖြတ်သော် ပြတ်သတည်း။ ။

# မယားငိုကာ

[ ၁ ]

ဘုရားလူ့ဘ၊ မုနိန္ဒလျက်
မိန်းမ ယောကျ်ား၊ လူ့စကားဖြင့်
မကြားစတောင်း၊ မဆိုကောင်းကို
အကြောင်းဆောင်သွေး၊ ဆိုတုံသေးရှင့်
ဆိုရေးရှိက၊ ဆိုအပ်လှ၏
ဆိုစများလျား၊ ထားပချေမိ
ငါ့ဝန်ရှိခဲ့။

*အရှင်မဟာရဋ္ဌသာရ*

မှန်လှပေ၏။ ဘုရားရှင်သည် သစ္စာလေးဝ ဓမ္မဒေသနာတို့ကိုသာ ဟောတော်မူသည် မဟုတ်။ အကြောင်းဆိုက်လာလျှင် မိန်းမ ယောကျ်ား မကြားစတောင်း၊ မဆိုကောင်း တို့ကိုလည်း ဟောတော်မူရသည်။ ဝိနည်းဒေသနာတော်၌ အကြောင်းဆိုက်လာ၍ နှိုက်နှိုက်ချွတ်ချွတ်၊ တစ်တစ်ခွခွ၊ အစအနမျှ မကျန်ရအောင် ဟောတော်မူရသည်များပင် ရှိ၏။ ယင်းတို့အနက် ယခုအကြောင်းရပ်တွင် ဟောတော်မူအပ်သော မယားငိုကာ ဒေသနာကို ထုတ်ဖော်ရန် ဖြစ်ပေသည်။

ဝိသာခါသော မဃ်ခါသော၊ အနာထပိဏ်သော မောင်ပိဏ်သောဟု ပြောရ လောက်အောင်ပင် ဘုရားရှင် သာသနာတော်၌ စေတနာသူဌေး ဝိသာခါ၊ အနာထပိဏ် တို့အကြောင်းကို သိကြပြီးဖြစ်၏။ ဤဖြစ်ရပ်မှာ သူတို့နှစ်ဦးမှ ဖြစ်ပွားခဲ့သည်။

ရဟန်းတော်တို့အဖို့ နေ့စဉ် သံဃာငါးရာ တစ်ထောင်မျှကို ဆွမ်းကျွေးသော သူတို့အိမ် သူတို့မဏ္ဍပ်မှာ ကျောင်းပမာပင် ဖြစ်တော့သည်။ သံဃာတော်တို့အလိုကို သိ၏။ ရင်းနှီး၏။ ရင်းနှီးလွန်းသဖြင့် အခြားအိမ် အခြားဒါယကာတို့ လှူဒါန်းသော ဆွမ်းကိုပင် အချို့ရဟန်းတို့က သူတို့အိမ်သို့ယူ၍ စားကြသောအခါ လူမှုရေးအရ မလျော်လှသဖြင့် ဘုရားရှင်က ဝိနည်းဖြင့်ပင် ပိတ်ပင်တားမြစ်၍ ထားရသည်။

သို့ရာတွင် ယခု တလောတလတ်တွင်မူ အာနထပိဏ်၏ မဏ္ဍပ်မှာ မဆင် မပြေလှသဖြင့် အချို့ရဟန်းတော်တို့ ခပ်ရှောင်ရှောင် လုပ်လာကြသည်။ အဆင်မပြေပုံမှာ ဆွမ်းကျွေးရာတွင် ယခုတလောမှ ရောက်လာစီစဉ်သူ၏ မာနသံ၊ ဩဇာသံ ရဟန်းတော်တို့ နားတွင် မကြားဝံ့မနာသာအသံတို့ကို ကြားလာရသောကြောင့် ဖြစ်၏။ ဟဲ့ . . . ကျွန်ယုတ်မ၊ ဟဲ့ . . . ဟိုကောင်မ၊ ဘာလုပ်နေတာလဲ၊ ကိုယ်တော်တွေ ကြွလာတာ မတွေ့ဘူးလား၊ ဘာလား ညာလား စသော ခက်ခက်ထက်ထက် အသံများပင်ဖြစ်၏။ အသံရှင်ကား မာနရှင် သုဇာတာဖြစ်၏။ သုဇာတာဟူသည်ကား ဝိသာခါ၏ ညီမတည်း။ ဂုဏ်ချင်းဒြပ်ချင်းထပ်ထားခဲ့မိသော အနာထပိဏ်၏ချွေးမတည်း။ ဝိသာခါ ကျော်ကြား သလောက် သူ့ကိုလူသိနည်းသည်။

ကောသလဘုရင်က ရာဇဂြိုဟ်မှ သူဌေးတောင်းယူမှုကြောင့် ရာဇဂြိုဟ်၏ နာမည်ကျော် သူဌေးကြီးငါးဦး စာရင်းဝင် မေဏ္ဍကဏ်၏သား ဓနဥ္စယသူဌေး သာဝတ္ထိသို့ ရောက်လာသောအခါ ဓနဥ္စယသည် သာဝတ္ထိသို့မဝင်၊ မိမိ၏ အခြွေအရံ ဓနအင်အားနှင့် သာဝတ္ထိသည် မလုံလောက်ဟု ဆိုကာ သာဝတ္ထိအနီးတွင် "သာကေတ" ဟူသော အမည်ဖြင့် ကိုယ်ပိုင်မြို့သစ်တည်၍ နေသည်။ ပြောလိုသည်မှာကား သာဝတ္ထိသားတို့ အပေါ်တွင် မိမိ၏ ပစ္စည်းဂုဏ်၊ အခြွေအရံဂုဏ်တို့ဖြင့် ဘုံဆောက်ပလ္လွား၍ ပြလိုသော ဓနဥ္စယ၏ မာနကိုပင်ဖြစ်၏။ သမီး ဝိသာခါကို မင်္ဂလာဆောင်ရာ၌ အတုမဲ့ စိန်ဒေါင်းပျံ မဟာလ္လတာဝတ်ရုံဖြင့် စုပြုံ ဆင်ယင်ပေးသည်။ ကောသလဘုရင်ကိုပင် ဂုဏ်ထူးဆောင် ညှိသည်တော်အဖြစ်ဖြင့် သာကေတသို့ ပင့်ခေါ်စေခဲ့သည်။

ယင်းဖခင် ဓနဥ္စယ၏ ပစ္စည်းမာန၊ အခြွေအရံမာနသည် ခုနစ်နှစ်သမီးအရွယ် ကပင် သောတာပန်ဖြစ်ခဲ့သော သမီးကြီးဝိသာခါသို့ မရောက်သော်လည်း ဖအေတူသမီး ဖြစ်သော သမီးငယ် သုဇာတာသို့ အတုလိုက်ကာ ရောက်ရှိလာခဲ့သည်။ ပစ္စည်းမာန်၊ အဆင်းမာန်၊ အရွယ်မာန်၊ အခြွေအရံမာန်တို့အပြင် ငါတို့က ရာဇဂြိုဟ်သူဟူသော ဒေသစွဲ ဒေသမာန်ကလည်း ရှိနေကြသေး၏။ ရှိမည်ဆိုလျှင်လည်း ရှိလောက်စရာပါပေ။

သာဝတ္ထိနှင့် ရာဇဂြိုဟ်သည် သာမန်အားဖြင့်ကြည့်လျှင် နိုင်ငံအကျယ်အဝန်းရော၊ စစ်သည်ဗိုလ်ပါ အင်အားပါ တန်းတူရည်တူမျှ ဖြစ်သော်လည်း အရည်အသွေးအားဖြင့် ကြည့်သော် သာဝတ္ထိက ရာဇဂြိုဟ်ကိုမမီသော အချက်များစွာ ရှိနေခဲ့၏။ ဘုရင်ချင်းယှဉ်လျှင်ပင် အရည်အသွေးချင်း ကွာခြားလှသည်။

ကောသလဘုရင် အဆက်ဆက်သည် ဖိမ်ခံ ဘုတ်ထိုင်းဘုတ်ပွကြီးများအဖြစ် တိတ်တခိုး ထင်ရှားခဲ့သူများ ဖြစ်သည်။ တစ်ချိပ္ပဲတော်တည်လျှင် ဆန်တစ်တင်းနှင့် ဆိတ်တစ်ကောင် ကုန်သည်ဟုပင် သရော်အပြက် ပြောဆိုချက်များရှိ၏။ ''အိပ်လို့ရယ် မပျော်၊ ဆင်အော်လို့မနိုး၊ စားလို့ရယ်မဝင်၊ ဆန်တစ်တင်းချက်မှလဲ တင်းမတိမ်၊ အမယ်မင်း၊ ငါကိုယ်တော် ပိန်လှချည့် ရွှေဖရုံတုံး'' ဟူ၍ပင် သူ့တိုင်းသူပြည်သားများက တိတ်တခိုး စပ်ဆိုခံရသူဖြစ်သည်။

ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရကား ကောသလနှင့် ပြောင်းပြန်ဖြစ်သည်။ တက်ကြွသည်၊ ထက်မြက်သည်၊ တိုင်းသူပြည်သားများနှင့် လက်ရေတပြင်တည်း နေလေ့ရှိသည်။ အနုပညာရှင်အဖြစ်လည်း ကျော်ကြားသည်။ စစ်သွေးစစ်မာန် ပြည့်စုံသည်။ ထို့ကြောင့်လည်း အရှည်ကိုမြင်သော ယခု ကောသလဘုရင်၏ဖခင် မဟာကောသလမင်းက သမီးဝေဒေဟီကိုပေး၍ ရွှေလမ်း ငွေလမ်းဖောက်ကာ ရွှေကြိုး ငွေကြိုးသွယ်ထားခဲ့ခြင်းဖြစ်သည်။ ဝေဒေဟီကား သိကြပြီးအတိုင်း နောင်အခါ အဇာတသတ်၏မိခင်ပင်ဖြစ်၏။ ရည်ရွယ်ချက်မှာ ဘုရင်ဟူသည် မိမိနိုင်ငံမျှဖြင့် တင်းတိမ် မနေရ၊ အခွင့်သာသမျှ အခြားနိုင်ငံများကို တိုက်ခိုက်ရမည်ဟူသော ထိုခေတ် ရာဇနီတိအရ ထက်မြက်သော ရာဇဂြိုဟ်က သာဝတ္ထိသို့ နယ်ချဲ့မလာစေရန်ဖြစ်၏။

နိုင်ငံ့ဝမ်းဗိုက်ဟု ဆိုအပ်သော သူဌေးချင်း ယှဉ်လိုက်လျှင်လည်း ရာဇဂြိုဟ်မှ ဇောတိက၊ ဇဋိလစသော သူဌေးကြီးငါးဦးလို ကျော်ကြားသော သူဌေးမျိုး သာဝတ္ထိမှာ မရှိ။ ထို့ကြောင့်လည်း ဓနဥ္စယကို ယောက်ဖထံမှ တောင်းယူခဲ့ခြင်းဖြစ်သည်။ အယူဝါဒ ဂိုဏ်းဂဏချင်း ယှဉ်လိုက်ပြန်တော့လည်း မှန်သည်မမှန်သည်အပထား၊ ကျော်ကြားသော မက္ခလိဂေါသာလ၊ နိဂဏ္ဌ နာဋပုတ္တစသော ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်ကြီးများမှာ ရာဇဂြိုဟ်မှပင် ဖြစ်၏။

ဘုရားရှင်ပင်လျှင် ရာဇဂြိုဟ်မှတစ်ဆင့် ပင့်ဆောင်ထားရသည် မဟုတ်ပါလော။

ဤလို နိုင်ငံသူနိုင်ငံသား တစ်ဦးဖြစ်သော သုဇာတာသည် နိုင်ငံမာန၊ ဒေသစွဲ ရှိလာရတော့သည်မှာ သဘာဝပင်ဖြစ်၏။

သို့ရာတွင် အစ်မဖြစ်သူ ဝိသာခါ၏ ဂုဏ်ရှိန်အောက်သို့ သူမျှ ပျောက်နေခဲ့ရ၏။ ဂုဏ်နှင့်ဒြပ်ထပ်၍ အနာထပိဏ်၏ သားကြီးဖြစ်သူ မဟာကာလ သတို့သားနှင့် ပေးစားလိုက်သောအခါ သူ့နယ်ပယ် ကျယ်ပြန့်လာသည်။ သူ့လက်ထပ်ပွဲသည် ဝိသာခါ တုန်းကလောက် မကြီးကျယ်သော်လည်း သာဝတ္ထိ၏ စံပြလက်ထပ်ပွဲကြီး တစ်ခုကား ဖြစ်ခဲ့ပေသည်။

ယင်းသို့ဖြင့် သုဇာတာသည် သူဌေးချွေးမအဖြစ် အနာထပိဏ်၏ အိမ်သို့ ရောက်သောအခါ သူ့ပင်ကိုယ်မာန် ပင်ကိုဟန်ကို ထုတ်ပြဖို့ အခွင့်အရေးရလာ၏။ ယခင်က သူ့ပင်ရင်း၊ အခြွေအရံ ရာဇဂြိုဟ်မှ ပါလာသူများအပေါ်၌သာ မောက်မာခဲ့ရာမှ ယခုသော် သာဝတ္ထိ၏ ကြီးမားသော အနာထပိဏ် အသိုက်အအုံတွင် အမောက်ထောင်ပြနိုင်လာ၏။

ချွေးမ၏ မောက်မာမှုကြောင့် အနာထပိဏ်မှာလည်း စိတ်မချမ်းသာလှပေ။ အထူးသဖြင့် ကုသိုလ်ရေးဖြစ်သော သံဃာဆွမ်းကျွေးချိန်များ၌ လူတွင်ကျယ်လုပ်၍ နေသော မာနသံနှင့် ခက်ခက်ထန်ထန် အသွင်အမူများကို တွေ့နေရသောကြောင့် ပို၍ စိတ်မချမ်းသာရ၊၊ သို့ရာတွင် ဂုဏ်ကြီးရှင်ချွေးမဖြစ်နေသည့်အပေါ်တွင် မိမိကိုယ်တိုင်ကလည်း သောတာပန် တရားရှင်ဖြစ်နေသောကြောင့် ဖြစ်လာသမျှကို သည်းခံ၍ ခပ်မဆိတ်သာ နေခဲ့ရသည်။

[ ၂ ]

သို့နှင့် ဆွမ်းကျွေးချိန်များတွင် သံဃာငါးရာ တစ်ထောင်တို့ဖြင့် စည်စည်ကားကား ရှိခဲ့သော အနာထပိဏ်၏အိမ်မှာ ယခုတလောတလတ်တွင် သံဃာတော်များ တိမ်းရှောင်၍ ခပ်ခြောက်ခြောက် ဖြစ်လာခဲ့ရာမှ ထိုသတင်းသည် သံဃာတော်များမှတစ်ဆင့် ဘုရားရှင် ရွှေနားတော်သို့ ရောက်ရှိသွားသည်။

ဒါယကာကြီးရော တပည့် သံဃာများပါ စိတ်ချမ်းသာစေရန်နှင့် ကောင်းမှု ကုသိုလ်ကိစ္စတွင် ချောချောမောမောရှိစေဖို့ရန်မှာ မိမိတာဝန်ပါတကားဟု မြင်တော်မူလာသည်။ ထို့ကြောင့် ယနေ့ အနာထပိဏ်ဆွမ်းကျွေးမဏ္ဍပ်သို့ မိမိကြွရောက် လာမည်ဟု သတင်းပို့၍ ကြွတော်မူသည်။ ယင်းစိတ်မချမ်းသာရမှုများကြောင့် အနာထပိဏ်သည် မိမိ၏အိမ်ကို ရှောင်၍ရှောင်၍ နေခဲ့သည်ဟူသော သတင်းကိုလည်း ကြားတော်မူရလေရာ မိမိကြွလာခိုက် အနာထပိဏ် အသင့်ရှိနေစေရန်ဖြစ်၏။

မှန်လှပေ၏။ ဘုရားရှင်ရောက်တော်မူသည်ဆိုလျှင်ပင် ဘုရားရှင် ကိုယ်တော်တိုင် ကြွလာပါကလားဟု အကြီးအကဲ၏ရှေ့တွင် ဂုဏ်ထုတ်၍ ပြလိုသော သုဇာတာ၏ အသံမှာ အခါတိုင်းထက် ပို၍ကျယ်လောင်လာသည်။

"ဘုရားရှင် ကိုယ်တော်တိုင်ကြွလာတယ်။ ဟဲ့ . . . ဟိုကောင်မတွေ ဘာလုပ်နေကြတာလဲ၊ ထွက်ခဲ့ပါလား။ ဟဲ့ . . . ဟိုကျွန်ယုတ်မ,က ဘာဖြစ်လို့ မတ်တတ်ကြီးလုပ်နေရတာလဲ"

မဏ္ဍပ်တစ်ခုလုံးမှာ သူ့အသံချည်း ဖြစ်၏။ အခြားသူများမှာ ဆိုင်ရာအလုပ်များကိုလုပ်နေကြသော်လည်း ညှိုးငယ်သော မျက်နှာများဖြင့်ရှိနေကြသည်။ အနာထပိဏ်ကိုယ်တိုင်ပင်လျှင် ဘုရားရှင်ရှေ့တော်၌ မျက်နှာအောက်ချလျက်ရှိနေ၏။

"ဒါယကာကြီး၊ မဏ္ဍပ်တစ်ခုလုံးတွင် တစ်ဦးတည်းသော အသံကိုသာ ကြားနေရပေသည်။ အသံရှင်ကား မည်သူပေနည်း"

"မှန်လှပါ၊ တပည့်တော်ချွေးမ သုဇာတာပါဘုရား"

"ဒါယိကာမကြီး ဝိသာခါရဲ့ညီမ ဆိုသဟာလား"

"မှန်လှပါဘုရား"

"သုဇာတာကို ငါဘုရားရှေ့တော်သို့ ခေါ်လိုက်ပါဘိ"

ဘုရားရှင် ကိုယ်တော်တိုင်က ခေါ်တော်မူသည်ဆိုတော့ အရေးပါသူ ဖြစ်လာ၍ ဘုရားရှင် ရှေ့တော်မှောက်သို့ အသော့ရောက်လာ ဝပ်တွားသည်။

သတ္တဝါတို့ကို ဆုံးမလမ်းညွှန်ရာ၌ လိမ္မာ ကျွမ်းကျင်တော်မူလှသော ဘုရားရှင် အဖို့ သတ္တဝါတို့၏ စရိုက်ကိုကြည့်၍ အလိုက်သင့် ဆုံးမတော်မူမြဲဖြစ်သည်။ အချို့ကို မြှောက်၍၊ အချို့ကို ခြောက်၍၊ အချို့ကို သည်းခံ၍၊ အချို့ကို တည့်တည့်၊ အချို့ကို သွယ်ဝိုက် စသည်ဖြင့် အလိုက်သင့် ဆုံးမတော်မူသည်။

သုဇာတာသည် မာနပင့်မြှောက်၍ မြောက်နေသော်လည်း ဝိသာခါ၏ ညီမ ဖြစ်သည့်အလျောက် အသိဉာဏ် အခြေခံရှိသူဖြစ်၏။ မာနသမားကို တည့်တည့် ဆုံးမ၍မဖြစ်၊ ချော့၍မြှောက်၍ သွယ်ဝိုက်၍ ဆုံးမရမည်ဖြစ်၏။ ထို့ကြောင့် "သုဇာတာ၊ မယားအပြား ဘယ်နှစ်ပါးရှိသည်ကို သိပါ၏လော" ဟု အိမ်ထောင်ရေးနှင့် စပ်သော စကားဖြင့် ရင်းရင်းနှီးနှီး မေးတော်မူလိုက်သည်။

"မသိပါဘုရား"

"ဘုရားရှင်၏ အမေးကြောင့် ဘုရားရှင်က ငါ့ကို ရင်းရင်းနှီးနှီး စကားပြောတော်မူပါကလားဟု ဝမ်းမြောက်သွားသည်။ ထို့ကြောင့် ခက်ထန်တင်းမာလျက်ရှိသော သုဇာတာ၏ မျက်နှာသည် ကြည်ရွှင် ပြုံးချို၍ သွားသည်။

"မယားအပြား ခုနစ်ပါးရှိပေသည် သုဇာတာ။ မယားအပြား ခုနစ်ပါးကို ငါဘုရား ဟောတော်မူမည်။ မိမိသည် အဘယ်မယားမျိုးဖြစ်သည်ကို သတိထား၍ နားထောင်လေလော့"

"မှန်လှပါဘုရား"

## သူသတ် မယား

"သုဇာတာ၊ အကြင်မယားသည် မိမိလင်မျှဖြင့် တင်းမတိမ် မကျေနပ်၊ အခွင့်သာတိုင်း အခြားယောကျ်ားတစ်ပါးသို့ တပ်စွန်းသည်။ ဖောက်ပြန်လွန်ကျူးသည်။ မိမိလင်၏ စီးပွားမဲ့ကိုအလိုရှိသည်။ မိမိလင်ကို မထီမဲ့ပြုသည်။ ငွေဝယ်ကျွန်ကဲ့သို့ သဘောထားသည်။ အခွင့်သာလျှင် မိမိလင်ကို သေစေသည်အထိ လုံ့လပြုသည်။ ယောကျ်ားတစ်ပါးနှင့်ရှုပ်ထွေးသောကြောင့်လည်း မိမိလင်ကိုသေစေနိုင်သည်။ ဤသို့သောမယားကို သူသတ်နှင့်တူသောမယားဟုခေါ်သည်"

## ခိုးသူ မယား

"သုဇာတာ၊ စီးသောရေ ဆည်သောကန်သင်းဟု ပဝေစကား ရှိသော်ငြားလည်း ဤမယားမူကား လင်ရှာ၍ရသမျှသောဥစ္စာကို အကျိုးမဲ့တို့၌ သုံးဖြုန်းပစ်သည်။ သုံးဖြုန်းပစ်ရုံမက ကဲ့ဝှက်ခိုးယူလိုက်သေးသည်။ အသုံးနှင့်အဖြုန်းကိုမသိ၊ သိသော်လည်း လင့်စီးပွား မယားပိုင်သည်။ မိမိပိုင်သည်ဟုသာ သဘောထားသည်။ ဤသို့သော မယားကို ခိုးသူနှင့်တူသောမယားဟုခေါ်သည်"

## အရှင်သခင် မယား

"သုဇာတာ၊ အကြင်မယားသည် အိမ်ကိစ္စ လင်ကိစ္စတို့တွင် ထထကြွကြွမရှိ ပျင်းရိသည်။ အစားကြူးသည်။ အကျိုးမဲ့သော ကိစ္စတို့ဖြင့်သာ အချိန်ဖြုန်းလေ့ရှိသည်။ မျက်နှာမသာယာ ကြမ်းကြုတ်သည်။ ခက်ထန်သည်။ အမျက်ထွက်တတ်သည်။

အမျက်ရှိသော ဝါးပင် သစ်ပင်ကဲ့သို့ ခက်တရော်သောအမူအရာ အမြဲရှိသည်။ သူတစ်ပါး အပေါ် အထူးသဖြင့် မိမိနိုင်ရသော ကျေးကျွန်အမှုလုပ်တို့အပေါ်၌ မချိုသာသော မျက်နှာ၊ မချိုသာသောစကားတို့ဖြင့် နှိပ်စက်၍ဆိုတတ်သည်။ ထိုမယားမျိုးကို အရှင်သခင်နှင့်တူသော မယားဟုခေါ်သည်''

ဤစကားကို ကြားရသောအခါ ဘုရားရှင်က မိမိကို တိုက်ရိုက်ပြောကြားနေပါတကား၊ ငါသည် အရှင်သခင်နှင့်တူသော မယားမျိုး ဖြစ်နေပါတကားဟု သတိရ၍ သုဇာတာ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်နေရာမှ ကိုယ်ဟန်ပင် လှုပ်ရှားသွား၏။ သူသတ်နှင့်တူသောမယား၊ ခိုးသူနှင့်တူသောမယားမဖြစ်သေး၍ တော်ပါသေး၏ဟုလည်း စဉ်းစားလိုက်မိသည်။

## အမိ မယား

''သုဇာတာ၊ အကြင်မယားသည်ကား အမြဲတစေ အခါခပ်သိမ်း လင်၏ အကျိုးစီးပွားကို အလိုရှိသည်။ နှုတ်အားဖြင့်လည်းကောင်း၊ ကိုယ်အားဖြင့်လည်းကောင်း လင့်အပေါ်တွင် အမြဲတမ်း ကာကွယ်စောင့်ရှောက်သည်။ မိခင်သည် သားကို စောင့်ရှောက်သကဲ့သို့ လင်ကို စောင့်ရှောက်သည်။ လင် မှားယွင်းသည့်တိုင်အောင် သည်းခံသည်။ စီးသောရေဆည်သောကန်သင်းကဲ့သို့ လင်ရှာရသော ဥစ္စာကို ဆည်းပူးထိန်းသိမ်းသည်။ မိမိ အနစ်နာခံ၍ပင် လင်ကိုအကျိုးပြုသည်။ ထိုသို့သော မယားကို အမိနှင့်တူသော မယားဟုခေါ်သည်။

မိမိသည် အမိနှင့်တူသော မယား တစ်စိတ်တစ်ဒေသဖြစ်၍ တော်ပါသေး၏ဟု သုဇာတာ တွေးသည်။

ဤအိမ်၌ အမှုလုပ် ကျေးကျွန်များအပေါ်တွင် မောက်မာသကဲ့သို့ ယောက္ခမ အနာထပိဏ်နှင့် လင်ဖြစ်သူ သားကြီး မဟာကာလတို့ အပေါ်တွင်လည်း ဇာတိစွဲ အဆင်းစွဲတို့ကြောင့် မျက်နှာခပ်တင်းတင်းပင်ထားခဲ့မိသည်။ သို့ရာတွင် အနာထပိဏ်သည် သူ့ကို သည်းခံသကဲ့သို့ပင် လင်ဖြစ်သူကလည်း မသိကျိုးကျွန် မမြင်ချင်ပြု၍ သည်းခံသည်။ အနာထပိဏ်သည် တရားရှင် သောတာပန်ဖြစ်သကဲ့သို့ သူ့လင် မဟာကာလကလည်း သောတာပန် တရားရှင်ဖြစ်သည်ကို သူမသိရှာ။

စင်စစ်အားဖြင့်သော် သူ့လင် မဟာကာလသည်လည်း သူ့လိုပင် ပစ္စည်းဂုဏ်၊ သူဌေးသားဟူသော မိဘဂုဏ်တို့အပြင် အပေါင်းအသင်းကလည်း ခပ်ညံ့ညံ့မို့ ငယ်စဉ်ကမူ

ခပ်ပေပေပင်ဖြစ်၏။ အနာထပိဏ်၏တူ သူတို့နှင့်အတူနေသော သူ့အစ်ကို ဝမ်းကွဲ ခေမကသည် လူဆိုးတစ်ယောက် ဖြစ်ခဲ့၏။ ပစ္စည်းဂုဏ်၊ အမျိုးဂုဏ်တို့၏ ပင့်မြှောက်မှုဖြင့် အအိုမရှောင် အပျိုမရှောင် မိန်းမလိုက်စားသူဖြစ်သည်။ အရက်သေစာ သောက်စားသည်။ လောင်းကစားကြူးသည်။ ရုံးပြင်ကနားသို့ မကြာခဏ ရောက်သည်။

ဤသို့သောအဖော်ဖြင့် ကြီးပြင်းခဲ့ရသော သူ့လင် မဟာကာလသည် ငယ်စဉ်ကသော် ဆိုးချင်ချင်ဖြစ်ခဲ့၏။ နောက်မှ သားဆိုးကို ချွတ်ခဲ့သော အနာထပိဏ်၏ ပရိယာယ်၊ ဘုရားရှင်၏ တရားတော်ကြောင့် သောတာပန် တရားရှင်အဖြစ်သို့ ရောက်လာခဲ့သူ ဖြစ်သည်။ ဤသတင်းများကို သုဇာတာ ကြားသိခဲ့ပြီးဖြစ်၏။ မိမိကမူ ချစ်ပင်ချစ်သော်လည်း လင့်အပေါ်တွင် ဇာတိမာန်အခြေခံဖြင့် ဆိုးတုန်းခွဲ့တုန်းဖြစ်၏။ ယခုအချိန်မှစ၍ အမိနှင့်တူသော မယားဖြစ်လေအောင် လင့်အပေါ်သည်းခံတော့မည်ဟု သုဇာတာ ဆုံးဖြတ်လိုက်သည်။

## နှမ မယား

"သုဇာတာ၊ အကြင်မယားအဖို့ နှမကြီး နှမငယ်တို့သည် မိမိ မောင်ဖားအပေါ်၌ စောင့်ရှောက်ခြင်း၊ ရိုသေခြင်း၊ ကြင်နာခြင်း ရှိသကဲ့သို့ မိမိလင်အပေါ်၌ မောင်လေး တစ်ယောက်ကဲ့သို့ စောင့်ရှောက်၏။ မောင်ကြီးတစ်ယောက်ကဲ့သို့ ရိုသေ၏။ ကြင်နာ၏။ နှမတို့မည်သည် မိမိမောင်အပေါ်၌ မိခင်ကဲ့သို့ပင် စောင့်ရှောက် ကြင်နာမြဲ ဖြစ်သကဲ့သို့ လင်အပေါ်၌လည်း နှမကဲ့သို့ ကျင့်သုံးသည်။ ဤသို့သော မယားကို နှမနှင့်တူသော မယားဟု ခေါ်သည်"

မှန်လှချေ၏။ မိမိမောင်များသည် မိမိအကျိုးကို ဆောင်သည်ဖြစ်စေ၊ မဆောင်သည်ဖြစ်စေ မောင်များကို ချစ်သည်။ သည်းခံသည်။ မိမိအကျိုးကို ဆောင်သော လင့်အပေါ်၌ ပို၍ လေးစားကြင်နာသင့်သည်ဟု သုဇာတာ တွေးသည်။

## မိတ်ဆွေ မယား

"သုဇာတာ၊ အကြင်မယားသည် မိမိလင်ကို မြင်ရတိုင်း မြင်ရတိုင်း ကြာမြင့်စွာ ကွဲကွာ၍နေသော အဆွေခင်ပွန်းနှင့် တွေ့သောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်သကဲ့သို့ ဝမ်းမြောက်၏။ ချစ်မိတ်ဆွေအပေါ်၌ ကောင်းစွာကျင့်သကဲ့သို့ လင့်အပေါ်၌ကျင့်သော အမူကြီးငယ်တို့၌ တိုင်ပင်ဖော် တိုင်ပင်ဖက်ဖြစ်၏။ သစ္စာရှိ၏။ ထိုသို့သော မယားကို မိတ်ဆွေနှင့်တူသော မယားဟုခေါ်သည်"

ဤသည်လည်း မှန်လှပါချေ၏။ လင်မယားဟူသည် လူတစ်ယောက်အဖို့ ကြီးစွာသော ဘဝအဖော်ပါတကားဟု သုဇာတာ စဉ်းစားမိလာသည်။ လင်နှင့် မယား ဟူသည် အနီးကပ်ဆုံးသော ဘဝမိတ်ဆွေများ ဖြစ်ကြ၏။ မိခင် ဖခင်တို့ထက်ပင် ပို၍ နီးကပ်သည်။ လင်ကိုမှ ချစ်တတ်သော အတွင်းမိတ်ဆွေ၊ အတူနေ ဘဝကြင်ဖော်ဟု သဘောမထားနိုင်ခဲ့ပါသော် အဘယ်ပုံ သာယာနိုင်တော့ပါမည်နည်းဟု တွေးလာသည်။

## ကျွန် မယား

''သုဇာတာ၊ အကြင်မယားသည်ကား မိမိလင်ကို အသက်နှင့်ပင်လဲ၍ချစ်၏။ ချစ်သောကြောင့် လင်နှင့်မယား၊ လျှာနှင့်သွား ဟူ၏သို့ လင်ဖြစ်သူက ရံဖန် သတ်မည် ပုတ်မည်ဟု ဒေါသဖြင့် ခြိမ်းခြောက်သည့်တိုင်အောင် ကျိုးနွံပြီးသော ကျွန်ကဲ့သို့ သည်းခံ၏။ လင့်အပေါ်၌ ခြေသုတ်ပုဆိုး မြေခွယ်ကျိုးကဲ့သို့ကျင့်၏။ လင်ကို အခါခပ်သိမ်း သာယာစေ၏။ အိမ်ကို သာယာစေ၏။ ဤကဲ့သို့သောမယားကို ကျွန်နှင့်တူသော မယားဟုခေါ်သည်။ အမြတ်ဆုံးမယားတည်း။

''သုဇာတာ၊ ယင်းသို့လျှင် မယားအပြား ခုနစ်ပါးရှိပေသည်။ ယင်းတို့အနက် သူသတ်မယားနှင့်တူသော မယား၊ ခိုးသူနှင့်တူသော မယား၊ အရှင်သခင်နှင့်တူသော မယားတို့သည်ယုတ်၏။ သေလျှင် ငရဲသို့ ရောက်သည်။ မသေမီပင်လျှင် မိမိ၏ မကောင်းသော အကျင့်ကြောင့် မိမိဆင်းရဲရသည်။ မိခင်နှင့်တူသော မယား၊ နှမနှင့် တူသောမယား၊ အဆွေခင်ပွန်းနှင့်တူသော မယား၊ ကျွန်နှင့်တူသော မယားတို့သည် မြတ်၏။ သေသော် နတ်ရွာ သုဂတိသို့ သွားသည်။ မသေမီပင်လျှင် မိမိ၏ ကောင်းသော အကျင့်ကြောင့် ချမ်းသာသည်။ သာယာသည်။

''သုဇာတာ၊ ကောင်းသောလင် ကောင်းသောမယား၊ သာယာသော အိမ်ထောင်ရှင်တို့ကို သိကြားမင်းသည်ပင်လျှင် တစ်နေ့လျှင် သုံးကြိမ်ရှိခိုး၏ဟု ရှေးဟောင်းပုရာဏ် အဆိုရှိသည်။ အကြောင်းမူကား အိမ်ထောင်တို့ဖြင့်သာ တည်ထောင် အပ်သောလောကကို သာယာစေသောကြောင့်ဖြစ်သည်။

''အရှင်မြတ်ဘုရား၊ တပည့်တော်သည် အရှင်မြတ်၏ ဤတရားမျိုးကို မနာခဲ့ရ သောကြောင့် မယားဆိုးပင် မဟုတ်စေကာမူ တစ်ဝက်သာနပ်သော ထမင်းကဲ့သို့ မကြေမညက် ဖြစ်ခဲ့မိပါသည်။ ယခုသော် ဤနေ့ ဤအချိန်မှစ၍ အကောင်းဆုံးသော မယားဖြစ်ပါတော့မည်ဘုရား''ဟု လျှောက်ထားလိုက်သောအခါ ဘုရားရှင်ကိုယ်တော်တိုင် သာဓု ခေါ်တော်မူသည်။

အနာထပိဏ်စသော တစ်အိမ်သားလုံးအဖို့မူကား ရေကန်တွေ့သော ခရီးပန်းသူ၊ ရေတွေ့သောကြာပန်းကဲ့သို့ ရွှင်လန်း၍သွားကြသည်။ ဘုရားရှင် ကြွသွားတော်မူသည့်အထိ သာဓုသံ တညံညံဖြင့် ကျေးဇူးတော်သခင် ကယ်တင်ရှင်အဖြစ် ဝပ်တွားဦးနှိမ် အကြိမ်ကြိမ် အထပ်ထပ်ရှိခိုး၍ ကျန်ရစ်ခဲ့ကြသည်။ ။

# သမားတော်ကြီး

[ ၁ ]

ဘုရားရှင်သည် မဟာတိကိစ္ဆသမားတော်ကြီးဖြစ်၍ ဂိလာနုပဋ္ဌာက သူနာပြုကြီးလည်း ဖြစ်တော်မူ၏။

ဇေတဝန်တွင် ကျောင်းစဉ်လှည့်ရင်းဖြင့် ကျောင်းတစ်ကျောင်းတွင် အနာများ ပေါက်၍ သွေးပြည်တရွဲရွဲနှင့် နံစော်နေသော ဂိလာန ရဟန်းတစ်ပါးကို တွေ့ရသော အခါ ကိုယ်တော်တိုင် ပြုစုတော်မူသည်။ အာနန္ဒာကို ရေခပ်စေ၍ ကိုယ်တော်တိုင် ဆေးကြောသန့်စင်တော်မူသည်။

သူနာရဟန်းကို လျစ်လျူရှုနေကြသော အတူနေရဟန်းတို့ကိုလည်း "ချစ်သားတို့၊ သင်တို့မှာ မိမရှိ၊ ဖမရှိ၊ ဆွေမျိုးမရှိ။ သင်တို့ အချင်းချင်းမှ မပြုစုလျှင် အဘယ်သူလာ၍ ပြုစုမည်နည်း။ သင်တို့ အချင်းချင်းသာ အားထားရာရှိသည် မဟုတ် ပါလော" ဟု ဆုံးမ၍ သူနာပြုသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

ဘုရားရှင်၏ အပြုအမူကြောင့် သူနာရဟန်းသည် ရောဂါမှ ချက်ချင်းထ၏။ အကြောင်းမှာ အကြီးအကဲတို့၏ ပြုစုယုယမှုဟူသည် လူငယ်တို့အတွက် အင်အား ဆေးဖြစ်၏။

တရားသည် ဆေးဖြစ်၏။ မှန်လှပေ၏။ အကြင် သူနာတစ်ဦးအတွက် နွားကျင်ငယ်ရေစသော ဆေးဝါးသည်သာ ဆေးမဟုတ်။ တရားသည်လည်း ဆေးဖြစ်၏။ တရားသည် ကိလေသာရောဂါကိုသာ ပျောက်စေသော ဆေးမျှမဟုတ်။ ခန္ဓာကိုယ် ရောဂါကို ပျောက်စေသော မဟာသြသဓ ဆေးတော်ကြီးလည်း ဖြစ်သည်။

သတ္တဝါတစ်ဦး ရုပ်တည်နေသည်မှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်း ဟူသော အကြောင်းတရား လေးပါးတို့က ထောက်ကူ၍ ထားသောကြောင့် ဖြစ်သည်။ ကံရုပ်၊ စိတ်ရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့က ပြုပြင်ထောက်ကူ၍ ထားသည်။ ကံအရှိန်ကြီးသော ရုပ်ကို လက်နက်နှင့်ပင် ဖျက်ဆီး၍ မရ။ မာရ်နတ်၏လက်နက်၊ အာဠာဝက၏ လက်နက်တို့ဖြင့်ပင် ဖျက်ဆီး၍ မရသည်မှာ ဘုရားရှင်၏ သူမတူသော ဘုန်းကံတော်ကြောင့်ပင် ဖြစ်၏။

ဥတုဖြင့် ရုပ်ကို ညှိုးအောင်၊ ကြည်အောင်၊ အသက်ရှည်အောင်၊ တိုအောင် ပြုပြင်နိုင်သည်။ အာဟာရတည်းဟူသော ရသာယန ဆေးအစွမ်းဖြင့် ရုပ်နှင့်သက်တမ်းကို ကြည်အောင် ရှည်အောင် ပြုပြင်နိုင်သည်။ သို့ရာတွင် တရားတည်း ဟူသော စိတ်ကြည် စိတ်ကောင်းဖြင့် ရုပ်ကို ထောက်ကူနိုင်ကြောင်းကိုကား ဆင်ခြင် သတိပြုသူ နည်းပါး၏။

ရှင်မဟာကဿပ မကျန်းမာသောအခါ ဘုရားရှင်သည် ဗောဇ္ဈင်သုတ်ကို ကိုယ်တော်တိုင်ဟော၍ တရားနာစေ၏။ ရောဂါ ချက်ချင်းပျောက်သည်။ အလားတူပင် အရှင်မောဂ္ဂလာန် မကျန်းမာသောအခါတွင်လည်း ဘုရားရှင်ပင်လျှင် ဗောဇ္ဈင်သုတ်ကို ဟော၍ တရားနာစေသည်။ ရောဂါ ချက်ချင်းပျောက်၏။

ဘုရားရှင် ကိုယ်တော်တိုင် မကျန်းမာသောအခါ စုန္ဒ မထေရ်အား ဗောဇ္ဈင်သုတ်ကို ဟောစေ၍ နာယူတော်မူသည်။ ရောဂါချက်ချင်းထ၏။

တရားတော်တည်းဟူသော စိတ်ကြည် စိတ်မွန်သည် အာဂန္တုကဖြစ်သော သာမန် ရောဂါအနာတို့ကို ထားဦး၍ စွန့်လွှတ် ကင်းပြတ်လေပြီးသော အသက်ကိုပင် လိုအပ်သည်အထိ တည်တံ့စေနိုင်သည်မှာ ဘုရားရှင်၏ စွန့်လွှတ်အပ်ပြီးသော အာယု သင်္ခါရဖြင့် ထင်ရှား၏။ စွန့်လွှတ်အပ်ပြီးသော အသက်တော်ကို မလ္လာမင်းတို့၏ အင်ကြင်း တောသို့ရောက်၍ သုဘဒ်ရဟန်းအား ကယ်ချွတ်ပြီးသည်အထိ မဟာသမာပတ်တော် တည်းဟူသော အတုမရှိ စိတ်မွန်စိတ်ကြည်တို့ဖြင့် ထိန်းချုပ်၍ထားနိုင်ခဲ့သည်။ တရားဟူသည် အစွမ်းဆုံးသော မဟာဩသဓ ဆေးတော်ဖြစ်ကြောင်း အကြီးဆုံးသော သာဓကပင် ဖြစ်ပေသည်။

[ ၂ ]

ယခုလည်း သာဝတ္ထိ၏ အစွန် တောကျောင်းတွင် အရှင်ဂီရိမာနန္ဒထေရ် မကျန်းမာ တော်မူ၍ အရှင်အာနန္ဒာ သွားရောက် ပြုစုသောအခါ အရှင်ဂီရိမာနန္ဒက ဘုရားရှင်ကို ဖူးမြော်လိုပါကြောင်း အရှင်အာနန္ဒာအား လျှောက်ထားသည်။

လူငယ်ဟူသည် လူကြီးကို အားကိုးမြဲဖြစ်၏။ အထူးသဖြင့် မကျန်းမာ၍ အားအင်နည်းပါးသော အခါမျိုး၌ ပို၍ အားကိုးသည်။ ဘုရားရှင်သည် မကျန်းမာသော

ဂိလာန တပည့်ရဟန်းတို့အား လျစ်လျူမရှု။ လက်လှမ်းမီသမျှ ကိုယ်တော်တိုင် ပြုစုအားပေးလေ့ရှိကြောင်း ရဟန်းတော်အားလုံးပင် သိကြပြီးဖြစ်သည်။

အရှင်အာနန္ဒာက အရှင်ဂီရိမာနန္ဒ မကျန်းမာ၍ ဘုရားရှင်အား လျှောက်ထား သတင်းပို့သောအချိန်၌ကား ဘုရားရှင်မှာ အခြား ဗုဒ္ဓကိစ္စတော်များကြောင့် အားလပ်တော်မမူချေ။ သို့ရာတွင် လျစ်လျူမရှု။ သညာဆယ်ပါး တရားတည်းဟူသော ဆေးကို အရှင်အာနန္ဒာအား သင်ကြား၍ ပေးတော်မူလိုက်သည်။ ဤသညာဆယ်ပါး တရားဆေးတော်ကို ဂီရိမာနန္ဒ ကြားနာရလျှင် ရောဂါပျောက်ပါလိမ့်မည်ဟုလည်း အာမခံတော်မူလိုက်၏။

"အာနန္ဒာ၊ ရုပ်သည်မမြဲ၊ ဝေဒနာသည်မမြဲ၊ သညာသည်မမြဲ၊ သင်္ခါရတို့သည် မမြဲကုန်။ ဝိညာဉ်သည် မမြဲ။ ဤခန္ဓာငါးပါးတို့သည် မမြဲဟု ရှုပွားဆင်ခြင်ပါစေ။

"အာနန္ဒာ၊ မျက်စိသည် အတ္တမဟုတ်သကဲ့သို့ အဆင်းသည် အတ္တမဟုတ်၊ နားသည် အတ္တမဟုတ်သကဲ့သို့ အသံသည် အတ္တမဟုတ်၊ နှာခေါင်းသည် အတ္တ မဟုတ်သကဲ့သို့ အနံ့သည်အတ္တမဟုတ်၊ လျှာသည် အတ္တမဟုတ်သကဲ့သို့ အရသာသည် အတ္တမဟုတ်၊ ကိုယ်သည် အတ္တမဟုတ်သကဲ့သို့ အတွေ့သည် အတ္တမဟုတ်၊ စိတ်သည် အတ္တမဟုတ်သကဲ့သို့ သဘောတရားတို့သည်လည်း အတ္တမဟုတ်ကုန်။ ယင်းသို့လျှင် ကိုယ်တွင်း ကိုယ်ပတို့၌ တွေ့ဆုံစီးဝင်ရာဖြစ်သော ယင်းအာယတနခြောက်ပါးတို့သည် အစိုးမရ အနတ္တတို့ပါတကားဟု ဂီရိမာနန္ဒ ရှုပွားဆင်ခြင်ပါစေ။

"အာနန္ဒာ၊ ဤခန္ဓာကိုယ်သည် မစင်ကြယ်သော သုံးဆယ့်ရှစ်ကောဋ္ဌာသ အစုအဝေးတို့ဖြင့်သာ ဖွဲ့စည်းတည်ဆောက်၍ ထားအပ်သောကြောင့် မတင့်တယ်သော အသုဘ ခန္ဓာကိုယ်ကြီးပါတကားဟု ရှုပွားဆင်ခြင်ပါစေ။

"အာနန္ဒာ၊ ဤခန္ဓာကိုယ်သည် ကိုးဆယ့်ခြောက်ပါးသော ရောဂါဆိုးတို့ အချိန်မရွေး စုဝေးကပ်ရောက်ရာ ဌာနကြီးဖြစ်၏။ အေးခြင်း၊ ပူခြင်း၊ ဆာလောင် မွတ်သိပ်ခြင်း၊ ကျင်ကြီးကျင်ငယ်တို့ စွန့်လွှတ်ခြင်း စသည်ဖြင့် အဖြစ်မျိုးစုံ လိုအပ်ချက် မျိုးစုံတို့စုဝေးရာ စက်ဆုပ်ဖွယ် ခန္ဓာကိုယ်ကြီးပါတကားဟု ရှုပွားဆင်ခြင်ပါစေ။

"အာနန္ဒာ၊ ဤရုပ် ဤနာမ် ဤခန္ဓာကိုယ်တွင် ကာမဂုဏ် အလိုဆိုး အမျိုးမျိုးတို့ကို ကြံစည်လေ့ရှိသော ကာမဝိတက်၊ မငြိမ်မသက် လူပ်ယှက်ခတ်သော အတွေးအကြံတို့ကို တွေးကြံလေ့ရှိသော ဗျာပါဒဝိတက်၊ သူတစ်ပါးအပေါ်တွင် အပြစ် မြင်ခြင်းဖြင့် ညှဉ်းပန်း ချုပ်ချယ်လိုသော ဝိဟိံသာဝိတက်တရားတို့ကို ဆိုက်ရောက် လာလျှင် သတိတည်းဟူသော ကိုယ်စောင့်တရားဖြင့် ဖယ်ရှားနိုင်ပါစေ။

''အာနန္ဒာ၊ ကိလေသာ တဏှာ အားလုံးတို့ ကင်းဆိတ်ရာ၊ ပြုပြင်မှု သင်္ခါရတရား အားလုံးတို့၏ငြိမ်းရာ အကြင်နိဗ္ဗာန်သည် ရှိ၏။ ထိုနိဗ္ဗာန်သည် အမွန်ဆုံး အအေးဆုံးပါတကားဟု ဂီရိမာနန္ဒ ရှုပွားဆင်ခြင်ပါစေ။

''အာနန္ဒာ၊ ဆင်းရဲဒုက္ခမှန်သမျှတို့၏ ကင်းရာချုပ်ရာ စွန့်ပစ်ရာသည်ကား နိဗ္ဗာန်ရွှေပြည်မြတ်တကားဟု ရှုပွားပီတိ ဖြစ်ပါစေ။

''အာနန္ဒာ၊ စိတ်၏မတည်ငြိမ်ခြင်း အမှားကို နှလုံးသွင်းခြင်း၊ တစ်စုံတစ်ခု သောအရာ၌ စွဲလမ်းခြင်းတို့သည် ဆင်းရဲဒုက္ခမှန်သမျှတို့၏ အရင်းအမြစ်ဖြစ်၏။ သို့ဖြစ်၍ စွဲလမ်းမှုမှန်သမျှကို ကင်းဆိတ်အောင် ရှုပွားကျင့်သုံးနိုင်ပါစေ။

''အာနန္ဒာ၊ ဂီရိမာနန္ဒသည် ပြုပြင်မှုမှန်သမျှ သင်္ခါရတရားအားလုံးတို့အပေါ်၌ မပြတ်သော သတိဖြင့် ငြီးငွေ့ပါစေ၊ စက်ဆုပ်ပါစေ၊ ရွက်ကြောက်ပါစေ။

''အာနန္ဒာ၊ ဂီရိမာနန္ဒသည် အာနာပါနသတိတည်းဟူသော ထွက်လေဝင်လေ ထွက်သက်ဝင်သက် ကမ္မဋ္ဌာန်းတရား၌ မလစ်မပြတ်သော သတိဖြင့် ရှုမှတ်ပါစေ။ ရှုမှတ်ဟန်ကား သတိဖြင့် ဝင်သက်ကိုရှု၏။ သတိဖြင့် ထွက်သက်ကိုထုတ်၏။ ထွက်သက်ဝင်သက်၏ အရှည်အတိုကိုသိ၏။ ဤနည်းဖြင့် သတိထင်ထင်ဖြင့် အစဉ် မပြတ် ဆင်ခြင်ရှုပွားပါစေ။

''အာနန္ဒာ၊ ဤသည်ဆယ်ပါး တရားအချက်တို့ကို ဂီရိမာနန္ဒသို့ ဟောပါ။ ဂီရိမာနန္ဒသည် ဤတရားအချက်တို့ကို ကောင်းစွာ သိမ်းပိုက်မိသည်နှင့် တစ်ပြိုင်နက် သူ့ရောဂါသည် တစ်ခဏအတွင်း၌ပင် ယူပစ်သကဲ့သို့ ပျောက်ကင်းပါလိမ့်မည်။

[ ၃ ]

မှန်လှပေ၏။ အရှင် အာနန္ဒာက သညာဆယ်ပါး တရားအချက်များကို ဟောပြသော အခါ အရှင်ဂီရိမာနန္ဒသည် အိပ်ရာထက်၌ပင် နဖူးပေါ်လက်အုပ်တင်၍ ဆင်ခြင်နာယူ၏။ တစ်ချက်ပြီးတစ်ချက် ဟောဆဲမှာပင် ရုပ်လက္ခဏာတို့ ကြည်လင်၍လာသည်။ တရားဆုံးသော် ရောဂါပျောက်၏။

ခန္ဓာကိုယ်ရောဂါသာ ပျောက်သည်မဟုတ်။ အဝိဇ္ဇာရောဂါ၊ တဏှာရောဂါ မှန်သမျှ ကင်းဆိတ်၍ နိဗ္ဗာန်သို့တိုင်ရောက်သတည်း။ ။

# ပြန်လှည့်ခဲ့ရခြင်း

[ ၁ ]

မိန်းမတို့မည်သည် ဖောဋ္ဌဗ္ဗအာရုံ အထိအတွေ့ကို အပထားဦး၍ မြင်ရုံကလေးဖြင့် အဆိပ်တက်၍ သေစေနိုင်သော ဒိဋ္ဌိဝိသ "မြင်ဆိပ်မြွေ" ကဲ့သို့ သူတို့ရုပါရုံကို မြင်ရုံမျှဖြင့်ပင် ယောကျ်ားတို့အဖို့ ဒုက္ခတွေ့ရတတ်ပုံကို ဗုဒ္ဓစာပန်းချီ "မြွေမ" ဝတ္ထုတွင် မြွေလေးပါးနှင့် ဥပမာထား၍ ဟောကြားတော်မူခဲ့ကြောင်း ဖော်ပြခဲ့သည်။

"ယောကျ်ားတို့အဖို့ မိန်းမတည်းဟူသော ရူပါရုံထက် ကြီးမားသော အခြား ရူပါရုံမရှိ။ ထို့ကြောင့် ရဟန်းတို့၊ မာတုဂါမများကို ကြီးစွာသော သတိဖြင့် ရှောင်ရှားကြပါဘိ" ဟု ဆုံးမတော်မူချက်များလည်း အထပ်ထပ်ရှိ၏။

မာတုဂါမတို့၏ ရူပါရုံဆိုရာ၌ အကြင်မိန်းမများ၏ ကိုယ်လုံးကလေး၏ အလှ။

ယင်းတစ်ကိုယ်လုံးကို ခွဲခြမ်းစိတ်ဖြာလိုက်သော် ဆံပင်ကလေး၏အလှ၊ မျက်နှာကလေး၏ အလှ။

ယင်းမျက်နှာကို ခွဲခြမ်းစိတ်ဖြာလိုက်ပြန်လျှင်လည်း မျက်လုံးဝိုင်းဝိုင်းကြည်ကြည်ကလေး၏အလှ၊ ပါးပြင် မို့မို့ဖောင်းဖောင်းကလေး၏ အလှ၊ သွားကလေး၊ နှာရောင်ကလေး၊ မေးကလေးတို့၏ အလှ။

ယင်းမျက်နှာပြင်ကိုပင် လှည့်စား၊ ပြုပြင်လိုက်သောအခါ အပြုံးကလေး၏ အလှ၊ မျက်စောင်းကလေး၊ အမဲ့အငိုကလေးတို့၏အလှ၊ လည်တိုင်ကလေး၏အလှ၊ ဖြိုးဖြိုးရွှေရင်၏အလှ၊ ခါးကလေးကျင်ကျင် တင်ကလေးလုံးလုံး၏အလှ၊ ခြေခုံ ကလေး ကစ်ကစ်၏အလှ စသည်ဖြင့် ဆွဲအားကြီးလှ သည်းလှသော အလှမျိုးစုံ ရုပ်ရုံမျိုးစုံကို ခွဲခြားနိုင်ပြန်သေးသည်။

သို့သော် သူတို့၏ အလှဟူသည် ဤမျှသာလော၊ မကသေးပါ။ သာမန်အားဖြင့် မြင်ရ တွေ့ရဖို့ရန် ခဲကတ်လှစွာသော အတွင်းပိုင်း အလှကလေးများလည်း ရှိနေပါချေ သေး၏။

အလှဖွဲ့ ဤစကားသည် ရှန့်ရင်းသယောင် စကားလွန် ဖြစ်သွားဟန်ရှိ၏။ မလွန်ပါ။ အကြောင်းမူကား ယင်း အတွင်းပိုင်း အလှလွန်ကလေးများ အခါသင့် အခွင့်ကြုံ၍ အကြင်ယောကျ်ားတို့ မြင်ရ တွေ့ရသောကြောင့် ဘုရားအလောင်းတော် ကြီးများပင်လျှင် သီလပျက်၊ ဈာန်လျှော၊ ကသောင်းကနင်း အိုးနင်းခွက်နင်း ဖြစ်သည် အထိ ဒုက္ခတွေ့ကြုံရရှာသော ဖော်ပြပါ ''မြွေမ'' ဝတ္ထု၊ မုဒုလက္ခဏာဇာတ်တော် နိုလိနိကာဇာတ်တော်၊ ဣသိသိင်္ဂ ဇာတ်တော်တို့ အထင်အရှား ရှိနေသောကြောင့် ဖြစ်၏။

''ခြေသလုံးကလေးကို မြင်ကာမျှနှင့် ဈာန်လျှောကျလေပြီ''ဟု ဖော်ပြပါ ''မြွေမ''၊ မုဒုလက္ခဏာဇာတ်တော်ကို အကြောင်းပြုကာ ကဗျာဆရာတို့က ဖွဲ့ဆိုသည်။ အားနာပါးနာ ဖွဲ့ဆိုခြင်းမျှဖြစ်၍ စင်စစ်သော်ကား မုဒုလက္ခဏာ၏ ခြေသလုံးကလေးမျှ မကသော ကိုယ်တွင်းအလှကို ဖွဲ့ဆိုလိုခြင်းသာ ဖြစ်ပေသည်။

ဟရိတစ ရသေ့ကြီးမှာ မုဒုလက္ခဏာ၏ ကိုယ်တွင်းအလှကို မတော်တဆ မြင်တွေ့ရသောကြောင့် ဈာန်လျှောကျရရှာသည်။ ဣသိသိင်္ဂရသေ့ကလေးမှာမူ မတော်တဆ မြင်တွေ့ရခြင်းမဟုတ်။ ဘုရင့်သမီးက တမင်လာ၍ ပြသောကြောင့် ဈာန်လျှောရုံမျှမက နှစ်ပေါင်းများစွာပင် မေ့မြောရရှာသည်။

သူ့မှာတော့ ဈာန်မရှိသေး၍ လျှောစရာမရှိ။ သို့ရာတွင် ဖော်ပြပါ ရသေ့ကြီး ရသေ့လေးတို့ကဲ့သို့ပင် အခါမသင့် အခွင့်မလျော်၍ မြင်တွေ့လိုက်ရသောအခါ ကသောင်းကနင်း ဖြစ်ပေါ်လာသောစိတ်ကို ကြီးစွာသော သတိဖြင့် ထိန်းချုပ်၍ ပြန်ပြေးလာခဲ့ရသည်။

မြင်တွေ့ရသော အလှရှင်မှာ သာမန်အမျိုးသမီးမဟုတ်၊ ကောသလဘုရင်၏ အချစ်တော် အလှတုံးကလေး မလ္လိကာဒေဝီပင် ဖြစ်ပေ၏။

သူမို့သာ ခံနိုင်ရည်ရှိပေတော့သည်။ သူဟူသည်ကား အခြားမဟုတ်။ ဘုရားရှင်၏ညီတော် အရှင်အာနန္ဒာပေတည်း။

[ ၂ ]

အနာဂါမ် ဥပါသကာကြီး ဆတ္တပါဏိမှ စတင်ရမည်ဖြစ်၏။

ဥပါသကာကြီးသည် သာဝတ္ထိတွင် တရားဟောကောင်းသူ၊ ပိဋကတ်ကို တတ်ကျွမ်းသူ သူတော်စင်ကြီးအဖြစ် ကျော်ကြားလှသူဖြစ်၏။ သူလက်လှမ်းတမီတွင် ဘုရားရှင်ရှိနေသမျှ ဇေတဝန်စသော ကျောင်းတော်များသို့ဖြစ်စေ၊ အခြားနေရာများတွင်ဖြစ်စေ ဘုရားရှင်အား မပြတ်ဆည်းကပ်သူဖြစ်၏။ ကြုံလာသမျှသူကို အခွင့်သာသလောက် တရားဟော၏၊ သို့သော် အနာဂါမ်ဖြစ်ကြောင်းကိုတော့ လူတိုင်းမသိ။ သူတော်စင် ဓမ္မကထိကကြီးအဖြစ်သာ လူသိများသည်။

ထိုနေ့က ဘုရားရှင်သည် အကြောင်းတစ်ခုကို မြင်တော်မူသောကြောင့် ဘုရင့်ဥယျာဉ်တော်ရှိ သစ်တစ်ပင်ရင်းတွင် သီတင်းသုံး ထိုင်နေတော်မူသောအခါဖြစ်၏။ ဘုရင့်ဥယျာဉ်တော်ဟူသည် လူသာမန်တို့ အလွယ်တကူပင် ဝင်နိုင်ခွင့်မရှိသော်လည်း ဘုရားရှင်ကို မဖူးတွေ့ရလျှင် မနေနိုင်သော ဥပါသကာကြီးက ဥယျာဉ်မှူး၏ ခွင့်ပြုချက်ကိုယူ၍ ဘုရားရှင်အနီးတွင် ဆည်းကပ်ရှိခိုးလျက် ရှိနေပေသည်။

ထိုနေ့တွင် ကောသလဘုရင်သည် ဥယျာဉ်မွေ့ထွက်လာသောအခါ ဘုရားရှင်ကို မမျှော်လင့်ဘဲ လှမ်းတွေ့ရသောကြောင့် ကြုံတောင့်ကြုံခိုက် ဖူးတွေ့ရန် ဘုရားရှင်အနီးသို့ တစ်ပါးတည်း ချဉ်းကပ်သွားရာ ဘုရားရှင်အနီးတွင် လူစိမ်း ဥပါသကာကြီးကိုပါ တွေ့ရသောကြောင့် ကိုယ်ရှိန်တန့်သွားမိသေး၏။

ဘုရင်တို့မည်သည် ကိုယ်ရေးအန္တရာယ်ကို မပြတ်သတိပြုရသည့်အတိုင်း သာမန်လူစိမ်းတစ်ယောက်ထံ တစ်ကိုယ်တည်း ချဉ်းကပ်ဖို့ရန် သတိထားရမြဲဖြစ်၏။ သို့ရာတွင် ဘုရားရှင်အထံတော်တွင် တုပ်ဝပ်စွာ ချဉ်းကပ်နေသူဖြစ်၍ ရန်သူ လူဆိုးတစ်ယောက်တော့ မဖြစ်နိုင်ဟူသော ယုံကြည်ချက်ဖြင့် ချဉ်းကပ်သွားသည်။

ရန်သူပင် မဟုတ်သော်လည်း ဘုရားရှင်အနီးသို့ ရောက်သောအခါတွင်မူ အခက်တွေ့ရသည်။ အမျက်လည်း ထွက်ရ၏။ အကြောင်းမူကား မိမိကဲ့သို့သော ဘုရင်ရောက်လာလျှင် ရဟန်းမှတစ်ပါး ထိုနေရာတွင် ရှိနေသောသူ မှန်သမျှသည် ထ၍သွားကာ နေရာပေးမြဲ၊ အရိုအသေပြုမြဲ ဖြစ်သောကြောင့်တည်း။ ဤသူကား

နေရာမပေးရုံ အရိုအသေ မပြုရုံမဟုတ်၊ တုတ်တုတ်မျှမလှုပ်။ ထို့ကြောင့် ငါဘုရင် ဘာထင်သလဲဟူသော မာန်ဖြင့် ကောသလဘုရင် အမျက်ထွက်သည်။

သို့ရာတွင် ဘုရားရှင်ရှေ့တော်မှောက်ဖြစ်နေ၍ မိမိအမျက်ကိုမပြဘဲ၊ သင့်လျော်ရာမှ ဝင်ရောက်ရှိခိုးသောအခါ ဘုရင့်အမျက်ကိုသိသော ဘုရားရှင်က "ဒါဒယကာမင်းကြီး။ ဤဥပါသကာကြီးသည်ကား ပိဋကတ်ကိုဆောင်သော မဇ္ဈကထိက သူတော်စင် တရားရှင်ကြီးပါတည်း။ အကျိုးဟုတ်သည် မဟုတ်သည်၌ လိမ္မာလှသော ပညာရှိလည်း ဖြစ်ပေ၏"ဟု မိန့်တော်မူလိုက်သောအခါ အတန်ပင် အမျက်ပြေသွား သော်လည်း အခဲမကျေနိုင်လှသေး၍ ခပ်မဆိတ်သာ နေလိုက်ရသည်။

ထိုအမျက်ကို ဖြေဖို့ရန် နောက်တစ်နေ့တွင်ပင် ကြုံလာသည့် အကြောင်းကား ဘုရင်သည် ယင်း ဥပါသကာကြီးအား ရှေ့တော်သို့ သွင်းစေလိုက်သောကြောင့်ဖြစ်၏။ ထိုအခါတွင်တော့ ဥပါသကာကြီးသည် ဘုရင့်ရှေ့တော်သို့ ကျိုးနွံစွာရှိခိုး၍ ရောက်လာပြီ ဖြစ်၏။ ဘုရင်သည် မနေ့ကပြဿနာကို ခပ်ထန်ထန် မေးမြန်းစိစစ် လိုသော်လည်း ဘုရားရှင်ကိုယ်တော်တိုင်ကပင် တရားရှင် ပညာရှင်အဖြစ် ချီးကျူးထားသည့်အပြင် လေးစားအပ်သော ရုပ်ရည်သွင်ပြင်ရှိသည်လည်း ဖြစ်သောကြောင့် ရှိနေသေးသော အမျက်ကို သတိဖြင့်ချုပ်တည်း၍ သိမ်သိမ်မွေ့မွေ့ စိစစ်သည်။

"သင်သည် ငါဘုရင်ကို မသိသလော"

"အရှင်မင်းမြတ်၊ အဘယ့်ကြောင့် မသိဘဲ ရှိပါအံ့နည်း။ အရှင်မင်းကြီးသည် ကျွန်တော်တို့၏ ဘုရင်ဖြစ်ရုံမျှမက ဘုရားရှင်၏ဒါယကာ၊ ရာဇကာရုံကျောင်းတော်ကြီး ဒါယကာ၊ ဆွမ်းဒကာ ကွမ်းဒကာ ဖြစ်ကြောင်းလည်း သိ၍ မပြတ်သာဓုခေါ်ကာ လေးစားသူ ဖြစ်ပါသည်"

"သို့ဆိုလျှင် မနေ့က ဘုရားရှင်ရှေ့တော်၌ အဘယ့်ကြောင့် ငါ့ကို နေရာ မပေးသနည်း"

"အရှင်မင်းမြတ်၊ အတုမရှိ ကြီးမြတ်တော်မူသော ပုဂ္ဂိုလ်၏ရှေ့၌ အခြားသူအား အရိုအသေပြုခြင်းသည် အတုမရှိ ကြီးမြတ်သောသူအား မရိုသေရာရောက်၍ တရား တော်နှင့် ဆန့်ကျင်ပါသည်။ သို့ပါ၍ ကျွန်တော်သည် တရားတော်နှင့် မဆန့်ကျင်လို သောကြောင့် အရှင်မင်းမြတ်အား အရိုအသေမပြုနိုင်ခဲ့ခြင်းဖြစ်ပါသည်"

ဘုရင်သည် အလေးအနက်စဉ်းစား၍ ဘဝင်ကျသွားသည်။ အမျက်ပြေ သွားသည်။ မျက်နှာရွှင်သွားသည်။

ထိုအခိုက်တွင်ပင် ဘုရင်သည် ကြုံကြိုက်နေသော အကြောင်းတစ်ရပ်ကို စဉ်းစားမိလာ၏။ ယင်းအကြောင်းဟူသည်ကား မလ္လိကာဒေဝီ၊ ဝါသဘခတ္တိယာ စသော မိဖုရားတို့ ဦးစီးသည့် အမျိုးသမီးပိုင်းက ပိဋကတ်သင်လိုသောကြောင့် အမျိုးသမီး ဆောင်တွင် သင့်လျော်သောဆရာတစ်ဦးကို ခန့်ထားပေးပါမည့်အကြောင်း လျှောက်ထား သောကိစ္စပင် ဖြစ်ပေသည်။

ဤဥပါသကာကြီးသည် ပညာရှင် တရားရှင်အဖြစ် ဘုရားရှင်ကိုယ်တော်တိုင် ချီးကျူးအပ်သူလည်း ဖြစ်၏။ ရုပ်ရည်မှာလည်း သန့်စင် ရင့်ကျက်၏။ ဣန္ဒြေနှင့်လည်း ပြည့်၏။ မှာထား အလားသင့် ဟူ၏သို့ ဤဥပါသကာကြီးသည် အလိုက်သင့် ဆိုက်ရောက်လျက် ရှိနေလေပြီ။ အခွင့်တော်လေစွဟု ဘုရင်စဉ်းစားမိလာသည်။

"ဥပါသကာကြီး လေးနက်လှသော သင့်စကားသည် မွန်ရည်လှပေစွ။ ငါသည် ဤသို့မသိ၍ စနောင့်စနင်း ဖြစ်ခဲ့မိပါသည်။ ယခုသော် ရှင်းလင်း ပြေလည်ပါပြီ။ သင့်စိတ်ထဲတွင် မည်သို့မျှမရှိပါလေနှင့်တော့။ သို့ရာတွင် အခွင့်ကြုံလာ၍ သင့်ကို ချီးမြှောက်လိုသည်မှာကား ငါ့မိဖုရားများသည် ပိဋကတ်တော်ကို သင်ယူလိုနေကြသည်။ အသင့်အား မိဖုရားတို့ အဆောင်တွင် ယနေ့မှစ၍ ဆရာကြီးအဖြစ် ခန့်ထားလိုသည်"

"အရှင်မင်းမြတ်၊ ကျွန်တော့်အား ချီးမြှောက်တော်မူသည်ကို ဝမ်းမြောက်လှ ပါသည်။ ကျွန်တော်သည် ပိဋကတ် တတ်ကျွမ်းသည် မှန်ပါ၏။ သို့ရာတွင် တရား အလုပ်ကို နေ့စဉ်ပြုလုပ်သူလည်း ဖြစ်ပါသည်။ တရားအလုပ်သမားအတွက် အမျိုးသမီး တို့၏အဆောင်ဟူသည် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ခွင့်လွှတ်စေလိုပါသည်။ စင်စစ်အားဖြင့်ဆိုသော် မင်း မိဖုရားတို့အဆောင်ဟူသည် မည်သည့်ယောကျ်ားနှင့်မျှ သင့်လျော်သောနေရာ မဟုတ်ပါ။ သို့ပါ၍ ကျွန်တော်အကြံပေး လျှောက်ထားလိုသည်မှာ မိဖုရားများ ပိဋကတ်သင်ရန်အတွက် အသင့်လျော်ဆုံးပုဂ္ဂိုလ်များမှာ တရားရှင် ဣန္ဒြေရှင် ရဟန်းတော်များသာ ဖြစ်ကြောင်းပါဘုရား"

"ရွှေ့ ကောင်းလိုက်တဲ့ အကြံဗျား။ ရဟန်းတော်များနဲ့ ဒါလောက်နီးစပ် နေပါလျက်နဲ့ ဒီအကြံ ဒီစိတ်ကူး မပေါ်ခဲ့ပါဘူး။ ရဟန်းတော်များမှာလဲ ဘုရားရှင်ဆိုရင် အကောင်းဆုံးပေါ့။ ဘုရားရှင်ကို လျှောက်ထားရမှာပေါ့"

ကောသလဘုရင် အစားကြီး၊ အအိပ်ကြီးမှုနှင့် စပ်လျဉ်း၍ ရှေးရေးတေးတစ်ပုဒ် ရှိသည်မှာ "အိပ်လို့ရယ်မပျော် ဆင်အော်လို့မနိုး၊ စားလို့ရယ်မဝင် ဆန်တစ်တင်းချက်မှလဲ တင်းမတိမ်၊ အမယ်မင်း ငါကိုယ်တော် ပိန်လှချည့် ရွှေဖရုံတုံး" ဟူ၍ ဇာတ်သဘင် သမားများ၏ အလိုအရဆိုသော် ဤဘုရင်ကြီး အစားကြီးသည်မှာ "ဆန်တစ်စိတ်နှင့် ဆိတ်တစ်ကောင်ချက်"ဟူ၏။

ယင်းသို့လျှင် အစားကြီးခြင်း၊ ဘုရားရှင်၏တရားတော်နှင့် ဤမျှ ယဉ်ပါးပါလျက် သောတာပန်မျှပင် အလွယ်တကူ မဖြစ်နိုင်ခြင်း၊ ''အရှင်ဘုရား၊ တပည့်တော်ရဲ့ ဤရဟန္တာကြီးများကို ကြည့်ပါဦး''ဟူ၍ သူ့ သူလျှိုပရိဗိုဇ်ကြီးများကိုညွှန်၍ ဘုရားရှင်ကိုပင် ပြက်ရယ်ပြုခြင်း၊ ကိုယ်ရေးအချစ်ကိစ္စတွင် မိဖုရားကြီး မလ္လိကာ၏ အလိုမ့်ကိုပင် ခံရခြင်း၊ မိန်းမကိစ္စရှုပ်ထွေးခြင်း၊ တိတ္ထိဒကာတို့က ဇေတဝန်အနီးတွင် သူတို့ဆရာကြီးများအတွက် အပြိုင်ကျောင်းဆောက်လို၍ ဆောက်ခွင့်ရရန် ငွေတစ်သိန်းလာဘ်ထိုးသည်ကို လက်ခံခြင်း၊ လက်ယာတော်ရုံ၊လက်ဝဲတော်ရုံ မထေရ်ကြီးနှစ်ပါးကို မထီမဲ့မြင်ပြုခြင်းစသောအကြောင်းတို့ကြောင့် သူ့ကို ''ဘုတ်ထိုင်းထိုင်းဘုရင်''ဟု ဆိုမိသောအခါ အချို့က ပိဋကတ်တွင်''ကောသလသံယုတ်''ဟူ၍ပင် တစ်ခန်းတစ်ကဏ္ဍအဖြစ် ချီးမြှောက်ခံရသူဖြစ်သောကြောင့် ဤသို့မဆိုသင့်ပါဟု ကန့်ကွက်ချင်သယောင်ရှိကြ၏။

ယခုလည်းကြည့်ပါ။ ရှင်ဘုရင် လုည်းမောင်းခိုင်းသည့်ဆိုသောစကားကဲ့သို့ ဘုရားရှင်ကိုပင် သူ့မိဖုရားတွေ ပုံမှန်စာသင်ပေးဖို့ ဆရာအဖြစ်လျှောက်ထားဦးမတဲ့။

အားမနာ ပါးမနာလျှောက်လဲ လျှောက်ထား၏။ ''ဤကိစ္စသည် ငါဘုရားနှင့် မသင့်လျော်၊ ကိစ္စများသော ဘုရားရှင်တို့မည်သည် တစ်နေရာတည်းသို့သာ သွားရောက်ရိုးမရှိ''ဟု ခပ်ပြတ်ပြတ် မိန့်တော်မူလိုက်မှသာ နောက်ဆုတ်သွားသည်။ သို့ရာတွင် သာသနာရေးကိစ္စလည်းဖြစ်၍ ဘုရင်၏အလိုကိုလည်း ဖြည့်လိုသော ဘုရားရှင်က သင့်လျော်သောရဟန်းတစ်ပါးကို စေလွှတ်ပေးမည်ဟု မိန့်တော်မူလိုက်သောကြောင့် ဝမ်းသာရ၏။

ဤတွင် တရားရေးအလုပ်ပင်ဖြစ်စေကာမူ ဝိသာဂအာရုံတို့ စုပြုံရာဖြစ်သော မိဖုရားတို့အဆောင်နှင့် သင့်လျော်မည့် ရဟန်းတစ်ပါး ရွေးချယ်ပေးဖို့ကိစ္စ ပေါ်လာသည်။

မိန်းမအာရုံကြောင့် မဖြုံနိုင်သောတပည့်ရဟန္တာ မြောက်မြားစွာ ရှိပါ၏။ သို့ရာတွင် ဟောတတ်ပြောတတ် သင်ကြားတတ်ဖို့ အရည်အချင်း လိုပေသေးသည်။ အလိုဆုံးသော အရည်အချင်းကား ဇံဗာဘယာ အလွန်များ၍ စကားပေါသော မိဖုရားတို့နှင့် အလိုက်သင့် အဆင်ပြေအောင်နေထိုင်ဆက်ဆံမှု၊ မိဖုရားတို့နှင့် ပလဲနံပသင့်မှု အရည်အချင်းပင်ဖြစ်၏။

ဤတွင် အရှင်အာနန္ဒာကိုပင် ဘုရားရှင်ရွေးချယ်တော် မူလိုက်သည်။ သောတာပန်မျှပင် ဖြစ်စေကာမူ အရှင်အာနန္ဒာ၏သမာဓိကို ဘုရားရှင်စိတ်ချတော်မူပြီးဖြစ်သည်။ သည်းခံလိုက်လျောတတ်သည်။ အပြေအပြစ်ပြောတတ် ဟောတတ်သည်။ ပိဋကတ်အရည်ဝပြီးသူဖြစ်သည်။ ရုပ်ရည်ရော အနေအထိုင်ပါ ပြေပြစ်သည်။ နန်းတွင်းသား မင်းမျိုးစစ်စစ်မင်းသားဖြစ်၍ မိဖုရားတို့ ခန့်ညားမည်။

သို့နှင့် အရှင်အာနန္ဒာသည် မိဖုရားများအဆောင်သို့ တံခါးမရှိ ခါးမရှိ အခွင့်သင့်လျှင် နေ့တိုင်းကြွ၍ အခွင့်မသာလျှင် အလျင်းသင့်သလို ပုံမှန်ကြွရသော မိဖုရားတို့၏ ပါဠိသင်ဆရာ ပိဋကတ်ဆရာကြီး ဖြစ်လာသတည်း။

တံခါးမရှိ ခါးမရှိဟုပြောရသည်မှာ ရွှေနန်းတော်တို့၏ မိဖုရားအဆောင်ဟူသည် ဘုရင်နှင့် အထူးခွင့်ပြုချက်ရသူတို့မှတစ်ပါး ယောကျ်ားမှန်လျှင် ခြေမ,ကျူးက ဒူးအဖြတ်ခံရသော နေရာပင်ဖြစ်၏။ အရှင်အာနန္ဒာအဖို့ကား အချိန်အခါမရွေး အလျဦးသင့်သလို ကြွရောက်နိုင်သည်။

မိဖုရားတို့က အရှင်အာနန္ဒာအား နေ့စဉ်လုပ်ကျွေး ဆည်းကပ်လို၏။ သို့ရာတွင် ဘုရားရှင်ကိစ္စ၊ အခြားကိစ္စများနှင့် ခွင့်မပြုနိုင်သောကြောင့် ရံဖန်ရံခါသာ ဆည်းကပ်ကြရသည်။

ကောသလဘုရင်တွင် အရေအတွက်အားဖြင့်ဆိုလျှင် မိဖုရားငါးရာအထိ ရှိနေရာ၌ ဘုရင်ကြီးက အဓိကထား၍ ပါဠိသင်ကြားပေစေလိုသော မိဖုရားနှစ်ပါးမှာ မလ္လိကာနှင့် ဝါသဘခတ္တိယာတို့ကိုပင် ဖြစ်၏။ သို့ရာတွင် မလ္လိကာက ဝီရိယရှိသလောက် ဝါသဘခတ္တိယာက အပျင်းထူ၏။ အမိန့်တော်ကြောင့်သာ သင်ကြားနေသော်လည်း ဝါသဘခတ္တိယာက မသင်လို။ အရှင်အာနန္ဒာရောက်လာလျှင် ဝါစာကမာ တွေ့ကရာ စကားတို့ဖြင့် အချိန်ဖြုန်းလေ့ရှိသည်။ အချစ်တော်မိဖုရားကလေးဖြစ်၍လည်း ဘုရင်ကြီးကို မည်သို့ မည်ပုံနှင့် ပါဠိသင်အလုပ်ကို ရှောင်လွှဲ၍ နွဲ့ဆိုး ဆိုးချင်၏။ ကပိလဝတ်မှ ရောက်လာသော သာကီနွယ်ချင်းဖြစ်၍ အရှင်အာနန္ဒာနှင့်လည်း အကျွမ်းဝင်သည်။

ဤတွင် အရှင်အာနန္ဒာ ပညာသင်ကြားပေးချိန်အတွင်း၌ ပိဋကတ်ဝင် တရားတော်တစ်ပုဒ်နှင့် ပြဿနာသုံးရပ်ပေါ်ပေါက်လာရသည်။

ပညာသင်ချိန် အတန်ရလာအချိန်၌ ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ စကားစပ်မိကြသောအခါ ဘုရားရှင်က မိဖုရားတို့အဆောင်တွင် ပညာသင်ပေးရသောအခြေအနေကို မေးတော်မူသောကြောင့် အရှင်အာနန္ဒာက "အရှင်မြတ်ဘုရား၊ မလ္လိကာမိဖုရားသည် ကြိုးစားသင်ယူပါ၏။ သင်လွယ် တတ်လွယ်လည်း ရှိပါသည်။ သို့ရာတွင် အရှင်ဘုရားတို့ တပည့်တော်တို့အမျိုးဖြစ်သော ဝါသဘခတ္တိယာမူကား အပျင်းထူပါသည်။ ဉာဏ်ကလည်း ထိုင်းပါသည်။ လေးလေးစားစားလည်း မသင်ယူပါ။ သင်ယူပြီးသမျှမှာလည်း ယနေ့ သင်လျှင် နက်ဖြန်မေ့ပစ်တတ်သူ ဖြစ်ပါသည်။ တပည့်တော် ရောက်သွားပြီဆိုလျှင် စကားများပြီး အခြားကိစ္စများနှင့်သာ အချိန်ဖြုန်းတတ်သူ ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားသည်။

လျှောက်ထားရာ၌ ရိုးရိုးမဟုတ်၊ အရှင်ဘုရားတို့အမျိုး၊ တပည့်တော်တို့အမျိုးဟုပင် ထည့်လိုက်သေးသည်။ အမျိုးစပ်၍ အရှင်အာနန္ဒာကိုပင် ဆိုးချင် နွဲ့ချင်သော ဝိသာခတ္တိယာအပေါ်တွင် အရှင်အာနန္ဒာ အတန်ပင် စိတ်ချဉ်ပေါက်နေဟန်ရှိသည်။

ထိုအခါ အရှင်ဘုရားက ''အာနန္ဒာ၊ ငါဘုရားသာသနာကို လိုလားသူဖြစ်ပါလျက် ငါဘုရားတရားတော်နှင့် ပိဋကတ်ကိုမူ မသင်ကြားလိုသူ၊ သင်ကြားလိုသော်လည်း မရှိမသေ မလေးမစားသင်ကြားသူဟူသည့် အဆင်းရှိပါလျက် အနံ့မရှိသော ကသစ်၊ ခေါင်ရန်းပန်းတို့နှင့်တူ၏။ ရိုသေလေးစားစွာ သင်ကြားသူသည်ကား အဆင်းရော အနံ့ပါပြည့်စုံသော ကြာညို၊ ရင်ခတ်၊ ကတတ်(စကားစိမ်း)၊ နှင်းဆီ၊ သရဖီ၊ မြတ်လေးတို့နှင့်တူသည်။ တတ်အောင်သင်၍ သင်ပြီးသည့်အတိုင်း ကျင့်ကြံရာ၏''ဟူသော တရားတော်တစ်ပုဒ် ဖြစ်လာသည်။

ကောသလဘုရင်၏ ပတ္တမြားဦးသျှောင်ကျင် ပျောက်ဆုံးမှုကြောင့် တစ်နန်းတော်လုံး တရုံးရုံး တကျွတ်ကျွတ် ပြဿနာတက်လျက် ရှိရာတွင် အရှင်အာနန္ဒာဝင်၍ 'အဆုပ်ပေး' သောနည်းဖြင့် ဖြေရှင်းပေးခဲ့ရ၏။ (ဗုဒ္ဓစာပန်းချီ၊ 'ကယ်တင်ရှင်အာနန္ဒာ' ဝတ္ထု။)

ကုန်သည်ကြီး သုဘောဂက ကာသိတိုင်းဖြစ် အဝတ်အထည် လှလှကြွကြွကလေး ငါးရာကို ပေးဆက်သဖြင့် ဝိသာခတ္တိယာတို့ ဝတ်ဆင်ရန် ဘုရင်ကြီးက မိဖုရားတို့အဆောင်သို့ ပို့လိုက်ရာတွင် ဝိသာခတ္တိယာက အရှင်အာနန္ဒာသို့ အကုန်လုံး ပေးလှူပစ်လိုက်သောကြောင့် မိဖုရားကိုကား ပြဿနာမလုပ်၊ အရှင်အာနန္ဒာကို ပြဿနာသွား၍လုပ်သော အကြောင်းရပ်ကိုကား ဗုဒ္ဓစာပန်းချီတွင် 'ဝါဝါဝင်း' ဝတ္ထုဖြင့် ဖော်ပြခဲ့ပြီးပေပြီ။

ယခု ပြဿနာတစ်ရပ် ပေါ်လာပြန်၏။ သာမန်ပြဿနာမဟုတ်၊ ပြဿနာကြီးဖြစ်သည်။ အရှင်အာနန္ဒာမို့သာ တော်ရှေသည်။

[ ၃ ]

ထိုအချိန်က မင်းအိမ် စိုးအိမ်၊ မာတုဂါမတို့အိမ်သို့ ရဟန်းတို့ဝင်လျှင် မည်သို့ဝင်ရမည်။ မည်သို့ကျင့်ရမည်ဟူသော သိက္ခာပုဒ်တော် မပေါ်ထွက်သေး။ မပညတ်ရသေး။ အဆင်ပြေသလိုသာ ဝင်ကြထွက်ကြ ဆက်ဆံကြသည်။

မိဖုရားတို့နှင့် မိန်းမသားချည်းသာရှိသော မိမိတို့အဆောင်၌ လွတ်လွတ်လပ်လပ်နှင့် နေချင်သလို နေကြဟန်တူသည်။ နေချင်သလို နေလေ့ရှိသော အရိပ်နိမိတ်များကိုလည်း အရှင်အာနန္ဒာ အကဲခတ်မိ၏။ အရှင်အာနန္ဒာရောက်လာမှ အနေအထိုင်ကို ပြင်ဆင်၍ ဣန္ဒြေလုပ်နေကြသည်ကိုလည်း တွေ့ရဖန်များခဲ့ပေပြီ။ နမ်းဖန်များတော့ပြယ်၊ မြင်ဖန်များတော့ငယ် ဟူသော စကားကဲ့သို့ ရောက်ဖန်များသော အရှင်အာနန္ဒာနှင့်လည်း မောင်ရင်း ဖားရင်းတမျှ ရင်းနှီးနေကြပေပြီ။

မိဖုရားများအဆောင်သို့ ထိုနေ့က အရှင်အာနန္ဒာရောက်သွားသောအခါ မောင်းမအမျိုးသမီးအချို့သည် တစ်တောင့်တစ်နေရာတွင် တိုးတိုးကျိတ်ကျိတ် စုရုံးလျက်ရှိကြ၏။ အချို့ကအိပ်လျက်ရှိကြ၏။ သလွန်တစ်ခုတွင် ပိုးလိုးပက်လက်နှင့် ကပိုကရို အိပ်စက်လျက်ရှိနေသူကား မိဖုရားကြီး မလ္လိကာကိုယ်တိုင်ပင်ဖြစ်၏။

ထုံးစံအတိုင်း အရှင်အာနန္ဒာဝင်လာပြီး မလ္လိကာအနီးမှဖြတ်၍ နန်းဦးဆောင်သို့ သွားမည်ရှိသောအခါ သက်နီးသံကြားသောကြောင့် မလ္လိကာ ရုတ်ခြည်း အိပ်ရာမှ ထလိုက်သည်။ ထိုအခါ ကပိုကရို ဝတ်ဆင်ထားသော မလ္လိကာ၏ ကိုယ်ဝတ်အထည်တို့သည် ကွင်းလုံးကျွတ်၍ ကျသတည်း။

မလျော်သည်ကို မြင်လိုက်ရ တွေ့လိုက်ရသော အရှင်အာနန္ဒာ၊ သောတာပန်မျှသာ ရှိသေးသော အရှင်အာနန္ဒာအဖို့ မည်သို့ရှိသနည်း။ မည်သို့ ရှိလေမည်၊ မရှိလေမည်တော့ မသိ။ အရှင်အာနန္ဒာ ချက်ချင်းလှည့်၍ ပြန်လာခဲ့သည်။ ထိုနေ့အဖို့ မိဖုရားများအဆောင်တွင် နေ၍လည်း အဆင်ပြေနိုင်တော့မည်မဟုတ်။

ဤနေရာတွင် ဟရိတစ၊ ဣသိသိင်္ဂရသေ့တို့နှင့် အရှင်အာနန္ဒာ၊ သို့မဟုတ် သမာဓိနှင့် ဝိပဿနာ၊ သို့မဟုတ် စူးစိုက်သမားနှင့် ရှုပွားစဉ်းစားသမားတို့၏ အရည်အသွေးကို နှိုင်းယှဉ်စရာ လိုလာသည်။

ဖော်ပြပါ သီချင်းကဲ့သို့ ခြေသလုံးကလေးကိုပဲဖြစ်ဖြစ်၊ ဘာကိုပဲဖြစ်ဖြစ် မြင်ရုံမျှဖြင့် ဟရိတစ၊ ဣသိသိင်္ဂရသေ့ခမျာသည် ဈာန်လျှောကုန်ကြရ၏။ အရှင်အာနန္ဒာမူကား ဈာန်ရှိသူမဟုတ်သေး၍ မလျှောဟု ဆိုရစေကာမူ သို့မဟုတ် တုန်လှုပ်သည်ပင် ဆိုဦးတော့၊ ရှိနေမြဲအခြေမှ မယိမ်းမယိုင်အောင် ထိန်းနိုင်သိမ်းနိုင်ခဲ့ပေသည်။

သမာဓိဟူသည် ဈာန်မျှမက ပြဟ္မာကြီးအဖြစ်သို့ပင် ရောက်သည့်တိုင်အောင် မိမိတို့၏ စိတ်ကလေးကို တစ်စုံတစ်ခုသော ကမ္မဋ္ဌာန်းချည်တိုင်တွင် ထိန်းချည်စူးစိုက်ထားခြင်းမျှဖြစ်၍ ယင်းချည်တိုင်မှ လွတ်သည်နှင့် တစ်ပြိုင်နက် ပြဟ္မာ့ပြည်တဝင်းဝင်း၊ ဝက်စားကျင်းတရှုပ်ရှုပ် ဖြစ်ရလေတော့သည်။

စဉ်းစားရှုပွားသူ ပညာရှင် ဉာဏ်သမားတို့အဖို့ကား အာရုံခြောက်ပါးအပေါ်တွင် သဘာဝဆိုက်အောင် လေ့ကျက်ထားပြီးသူများဖြစ်သည်။ ထို့ကြောင့် အရှင် အာနန္ဒာသည် ဇေတဝန်သို့ ရုတ်ခြည်းပြန်လာခဲ့ပြီးနောက် ဆင်ခြင်မှုအရှိန်ရရန် အသင့် စည်းဝေးလျက် ရှိနေပြီဖြစ်သော ရဟန်းပရိသတ်သို့ဝင်၏။

''ဘယ့်နှယ် အရှင်အာနန္ဒာ၊ နန်းတော်သို့ သွားသည်ကို ယခုကလေးတွင်ပင် မြင်လိုက်ကြရပါသည်။ ယနေ့ ပါဠိသင်မသွားဖြစ်ဘူးလား''ဟု ရဟန်းတစ်ပါးကမေးသည်။

''သွားဖြစ်ပါသည်''

''ယနေ့ အပြန်မြန်လှချည့်လား''

''နန်းတော်တွင် ဤသို့ ဤပုံ ဝိသဘာဂအာရုံနှင့် ကြုံခဲ့ရ၍ အမြန် ပြန်လှည့်ခဲ့ရပါသည်''

''အရှင်ဘုရား သွားရသောနေရာသည် ဝိသဘာဂအာရုံတို့ စုပြုံပြည့်သိပ်ရာ ဖြစ်၍ တစ်နေ့မကြုံ တစ်နေ့ဆုံ ကြုံတွေ့တတ်သည့် နေရာပင်ဖြစ်ပါတော့သည်။ အဆောင်သို့ မဝင်မီ မိမိလာသည်ကို သိရှိရန် အထိမ်းအမှတ် မပြုဘူးလား''

''မပြုမိပါ ဘုရား''

''အရှင်မှသာ တော်ရော့သည်၊ ယနေ့ ဘုရားရှင်ကို လျှောက်တင်ရန် ရပေပေါ့''

မှန်၏။ ဇေတဝန်တွင်ဖြစ်စေ၊ အခြားနေရာတွင်ဖြစ်စေ ရဟန်းတို့အစည်းအဝေးသည် နေ့စဉ်ရှိ၍ ဘုရားရှင်ကြွလာပြီးနောက် တရားဟောမြဲ ပြဿနာတစ်စုံတစ်ရာ ရှိသလောဟု စိစစ်မြဲဖြစ်၏။

ထိုအခါ ရံဖန်မှသာ လျှောက်တင်ရန်ရှိတတ်၍ အများအားဖြင့်မူ လျှောက်တင်ရန် မရှိ၍ မလျှောက်ကြရ။ ယနေ့သော် လျှောက်တင်ရန်စကားတစ်ရပ် ရရှိလာသည့်အပြင် ပြဿနာအရှင်မှာလည်း ဂုဏ်ကြီးသော အရှင်အာနန္ဒာကိုယ်တိုင်ဖြစ်၏။

ထို့ကြောင့် ဘုရားရှင်ကြွလာ၍ လျှောက်တင်လိုက်သောအခါ ဘုရားရှင်က ''ရဟန်းတို့၊ သိက္ခာပုဒ်တစ်ရပ် ပညတ်ရန် အကြောင်းဆိုက်၍လာပေပြီ။ မင်းအိမ် စိုးအိမ်သို့ ဝင်သောရဟန်းသည် မဝင်မီ တံခါးခုံအပြင်မှ ချောင်းဟန့်ခြင်း၊ သက်နိုးကို ခါထွက်ခြင်းဖြင့် အချက်ပေးပြီးမှသာ ဝင်ရောက်ရမည်။ အချက်မပေးဘဲ ဝင်ရောက်ခဲ့သော် အာပတ်သို့ရောက်စေ''ဟု သိက္ခာပုဒ်တစ်ရပ် ပညတ်လိုက်သောအခါ သာမုသုံးကြိမ် ခေါ်၍ ပဋိညာဉ်ပေးလိုက်သည်။

ထိုမျှမက ဤအကြောင်းမှဆက်၍ ''ရဟန်းတို့ မင်းအိမ်စိုးအိမ် လူတို့အိမ်

ဟူသည် ရဟန်းတို့အတွက် အပြစ်များလှစွာ၏။

၁။ မင်းအိမ်စိုးအိမ် လူတို့အိမ်သို့ သွားသောရဟန်းသည် ဣန္ဒြေကို မဆင်မခြင်၊ တစိုးတစိ ပြောဆိုမိသောစကားကြောင့် မယားနှင့် အထင်လွဲတတ်သည်။

၂။ လူတို့အိမ်ဟူသည် အရေးအခင်း ရှုပ်ထွေးလှစွာ၏။ သမီးမောင်းမ စသူတို့တွင် အရှင်မရှိဘဲ ကိုယ်ဝန်ရှိလာခဲ့သော် ရဟန်းနှင့် အစွပ်စွဲ ခံရတတ်သည်။

၃။ ပစ္စည်းပျောက်လျှင် ရဟန်းသို့ အထင်လွဲတတ်သည်။

၄။ လျှို့ဝှက်စွာ တိုင်ပင်အပ်သောစကားသည် အပြင်သို့ပေါက်ကြားခဲ့သော် ရဟန်းသို့ အထင်လွဲတတ်သည်။

၅။ အတွင်းရေး ကွဲပြားလျက်ရှိသောအိမ်တွင် ရဟန်းအား တစ်ဖက်၏ ဘက်တော်သားအဖြစ် အထင်လွဲတတ်သည်။

၆။ နန်းတော်နှင့် ဂုဏ်ကြီးသူတို့ နေရာဟူသည် အထူးကိစ္စ ရှုပ်ထွေးလေ့ရှိ၏။ တစ်စုံတစ်ယောက်အား အကြီးအကဲဖြစ်သူက ရာထူးတိုးပေးခဲ့သော် မရသူတို့က ရဟန်းကပြောပေးလို့ဟု အထင်လွဲ ခံရတတ်သည်။

၇။ အလားတူပင် ရာထူးအလျှော့ခံရသူကလည်း ရဟန်းကုန်းတိုက်လို့ဟု အငြိုးထား ခံရတတ်သည်။

၈။ အလားတူပင် နန်းတော်နှင့် မင်းနေပြည်မှ နေရာအပြောင်း၊ ရာထူးအရွှေ့ ခံရသူတို့က ရဟန်းကြောင့်ဟု အထင်လွဲ ခံရတတ်သည်။

၉။ အလားတူပင် မိမိနှစ်သက်သည့်နေရာမှ အခေါ်ခံရပြန်လျှင်လည်း ရဟန်း၏ ပယောဂကြောင့်ဟု ယုံမှားတတ်ကြသည်။

၁၀။ မင်းအိမ် စိုးအိမ် လူတို့အိမ်ဟူသည် ဣန္ဒြေကို စောင့်စည်းအပ်သော ရဟန်းတို့ အဖို့ အာရုံထွေပြား အပြစ်များသော နေရာများချည်းဖြစ်၍ ရဟန်းနှင့် မလျော်သော နေရာများသာ ဖြစ်ပေသည်။ သို့ဖြစ်၍ ပင့်ဖိတ်မှု အကြောင်းထူး မရှိလျှင် မသွားခြင်းသည်သာ အကောင်းဆုံးဖြစ်ပေ၏''ဟု အိမ်တော်ဝင် တရားဆယ်ပါးကို ဆက်၍ ကြားနာရသောကြောင့် ဝမ်းမြောက်ကြရ၏။

အိမ်ဝင်တရားဆယ်ပါးဟူသည် ဆင်ခြင်မှုန်းဆ ဟောပြောချက်များမျှမဟုတ်။ ရဟန်းသည် ဤသို့ဖြစ်၏။ ဤရသေ့သည် ဤသို့ ကြုံခဲ့ဖူး၏ စသည်ဖြင့် ပစ္စုပ္ပန် အကြောင်း၊ အတိတ်အကြောင်းတို့ဖြင့် အကြောင်းပြ ဟောပြောချက်များ ဖြစ်ကြပေ၏။

ဥပမာအားဖြင့် အကြောင်းမဲ့ အမှတ်မဲ့ သွားရောက်ခြင်းပင်မဟုတ်၊ ဆွမ်းခံတိုင်း အိမ်တွင်းသို့ ဝင်ရောက်အလှူခံရန် ပင့်ဖိတ်ထားသောကြောင့် ဝင်ရောက်မိသော ကုလူပကတိဿ ရဟန်းတော်မှာ ပတ္တမြားပျောက်ရာတွင် အထင်လွဲ၍ ပုံလွန်တော်မူသည့် အထိပင် အနှိပ်စက်ခံရသောအကြောင်းရပ်မှာ သာဝတ္ထိနှင့် ဇေတဝန်မှ ပစ္စုပ္ပန် အကြောင်းရပ်ပင် ဖြစ်ပေ၏။

ဤတရားတော်ကြောင့် အရှင်အာနန္ဒာအဖို့ ဆင်ခြင်ရုံမျှမက ပါဠိသင် အလုပ်ကိုပင် ဖြတ်လိုက်သည်။ လင်မယားချင်းမို့ မလ္လိကာမှတစ်ဆင့် အတွင်းရေးကို သိပြီးဖြစ်သော ကောသလဘုရင်နှင့် မလ္လိကာတို့ကလည်း ပါဠိသင်ကိစ္စအတွက် ခပ်မဆိတ်သာ နေလိုက်တော့သည်။ သို့ရာတွင် အပျင်းထူမကလေး ဝါသဘခတ္တိယာ အဖို့ကား အလိုကျဖြစ်သွား၏။ ။

# ကယ်တင်ရှင် အာနန္ဒာ

ကောသလဘုရင်၏ နန်းတော်သို့ ယနေ့ ကျွန်ုပ်ရောက်သွားသောအခါ မြင်မြင်သမျှ မှူးမတ် အခြွေအရံအားလုံး ပျာယာခတ် ဖြစ်နေကြသည်ကို တွေ့ရ၏။ ဟန်ပျက် မျက်နှာပျက် ဖြစ်နေသည်ကို တွေ့ရ၏။ မိဖုရားတို့အဆောင်သို့ ရောက်သောအခါ တွင်လည်း မလ္လိကာဒေဝီ၊ ဝါသဘခတ္တိယာ စသော မိဖုရားကြီးများမှအစ မိဖုရားအားလုံး၊ အပျိုတော် မောင်းမမိဿံအားလုံး၏ ဟန်ပျက် မျက်နှာပျက်လျက်ရှိနေသည်ကို တွေ့ရ၏။ မိဖုရားကြီးများက မောင်းမမိဿံများကို စစ်ဆေးမေးမြန်းလျက် ရှိနေကြသည်။ ဤအဆောင်တွင် မြင်တွေ့နေကျမဟုတ်သော မှူးကြီး မတ်ကြီးအချို့ကိုလည်း တွေ့ရ၏။ မိဖုရားငယ်များ၊ အပျိုတော်များကို ညင်သာသောအသံများဖြင့် စစ်ဆေးလျက် ရှိနေကြသည်။

အခါတိုင်း ကျွန်ုပ်ရောက်လာသည်ဆိုလျှင် မိဖုရားအားလုံး ပျာပျာသလဲ ဆီးကြို ဝတ်ပြုမြဲဖြစ်သော်လည်း ယနေ့တွင်မူ မပြုနိုင်ကြ။ ကျွန်ုပ်သည် ကျွန်ုပ်အတွက် ပုံမှန်ခင်းထားအပ်သောနေရာ၌ ထိုင်လိုက်မိသောအခါတွင်မှ ကျွန်ုပ်၏နှမငယ်ဖြစ်သော ဝါသဘခတ္တိယာ တစ်ယောက်သာ ကျွန်ုပ်အနီးသို့ ချဉ်းကပ်ဝတ်ပြုလာ၏။

''ဘာဖြစ်နေကြပါသနည်း ဝါသဘခတ္တိယာ''

''ရွှေနန်းရှင်ဘုရား၏ ပတ္တမြားဦးသျှောင်ကျင် ညကပျောက်ဆုံးသွားပါသည် ဘုရား''

''ပြန်တွေ့ပြီးလား''

''ပြန်မရသေးပါ၊ တစ်နန်းတော်လုံးကို စစ်ဆေးလျက် ရှိနေပါသည်။ အတွင်းသားတို့၏ သစ္စာဖောက်မှုဖြစ်၍ ရွှေနန်းရှင်ဘုရား အလွန်ဒေါသထွက်နေပါသည် ဘုရား''

''ဖမ်းဆီးချုပ်နှောင်မှုများ ရှိနေပြီလား''

''စက်တော်ဆောင်မှ အမျိုးသားရှစ်ဦးနှင့် အမျိုးသမီး ငါးဦးတို့ကို မသင်္ကာ၍ အချုပ်ထဲသွင်းထားပါသည် ဘုရား''

''ယနေ့ ပါငို့သင်မှုရပ်နားမည်၊ သို့သော် ဘုရင်မင်းမြတ်နှင့် တွေ့လိုသည်၊ တွေ့ခွင့်သာပါမည်လား''

''လျောင်းတော်ဦးတွင် ရွှေနန်းရှင်ရှိနေပါသည်။ ပတ္တမြားဆံကျင်ကိစ္စကြောင့် ယနေ့နံနက် ညီလာခံပင်မရှိပါ၊ ယခုလိုအချိန်တွင် အရှင်မြတ်နှင့်တွေ့ရပါက ပို၍ သင့်လျော်ပါသည်ဘုရား''

ကျွန်ုပ်သည် ကောသလဘုရင်၏ ပတ္တမြားဦးသျှောင်ကျင် သို့မဟုတ် ပတ္တမြားဆံကျင်ကို ရုတ်ခြည်း စဉ်းစားလိုက်မိ၏။ မင်း မြတ်နိုးအပ်သော နန်းဆက်ပစ္စည်းဖြစ်၍ မင်းဝတ်တန်ဆာအဖြစ်ဖြင့် မကိုဋ်တော်ကိုဆောင်းသောအခါ ယင်းဆံကျင်ကို မကိုဋ်တော်တွင် တပ်ဆင်၍ သာမန်ဦးခေါင်းဖြင့်နေသောအခါ ဆံထိပ်တွင်တပ်ဆင်သည်ကို ကြိမ်ဖန်များစွာ မြင်ခဲ့ဖူးသည်။

ပြည်တန်ပတ္တမြားဟု အဆိုရှိသည်။ ကြီးမား၍ ရဲရဲတွတ်တွတ်နီ၏။ စိန်ကဲ့သို့ တောက်တောက်ပြောင်ပြောင် မထွန်းပ။ ငြိမ်ဝပ်၍ ရဲရဲနီသောအရောင်တို့သည် တွဲအိဖြာဆင်းလျက်ရှိသည်။ ဤသို့ ထင်ထင်မြင်မြင် စဉ်းစားလိုက်မိခြင်းမှာ ဤသို့ သီးခြားမြင့်မြတ်သောပစ္စည်းကို ဤနန်းတွင်းဝယ် အဘယ်သူသည် ခိုးယူသနည်းဟု တွေးလိုက်သောကြောင့် ဖြစ်သည်။

အကြောင်းမှာ ဤမျှကြီးမားသော ဘုရင့်ပစ္စည်းကိုအပထား၍ အရပ်ထဲမှ သာမန်သူခိုးမှုသည်ပင် ခိုးသူပေါ်ပေါက်ခဲ့ပါသော် မင်းပြစ်မင်းဒဏ်အဖြစ် ရိုးရိုးသတ်ခြင်း၊ တံကျင်လျှို၍သတ်ခြင်းဖြင့် သေစေနိုင်သောကိစ္စဖြစ်လေရာ ခိုးသူမပေါ်ပေါက်ခဲ့ပါသော် အတွေးအထင်ခံရသူမှန်သမျှတို့အဖို့ ဥစ္စာပျောက် ငရဲရောက်ဟူသော စကားကဲ့သို့ ဒုက္ခရောက်တော့မည့်အရေးကို မြင်မိသောကြောင့် ဖြစ်၏။ ယခုပင်လျှင် ဆယ့်သုံးယောက် ဖမ်းဆီးထားပေပြီဟု ဝါသဘခတ္တိယာ လျှောက်၏။

ဤမျှ ထင်ရှားသောပစ္စည်းဖြစ်၍ အထားတော့ မမှားနိုင်။ ခိုးယူသူ တစ်ယောက်ယောက်တော့ ရှိရပေမည်။ သို့ရာတွင် ခိုးသူသည် အခွင့်သာခိုက်တွင် လောဘအစွန်းထွက်၍ ခိုးယူမိသော်လည်း ဘုရင်မှတစ်ပါး အခြားသူများ မသုံးနိုင်သော

ဤပစ္စည်းကို အဘယ်ပုံအသုံးချမည်နည်း၊ အဘယ်ပုံ ထုခွဲမည်နည်း။ ယနေ့ ကျွန်ုပ် နန်းတော်သို့လာစဉ် နန်းတော်တံခါးဝ၌ အစောင့်အကြပ်များ တင်းကျပ်စွာ ချထား သည်ကို ယခုမှသိရသည်။ ကျွန်ုပ်ပင်လျှင် အထူးခွင့်ပြုအပ်သော ရဟန်းဖြစ်နေ၍သာ ဝင်ခွင့်ရခဲ့ခြင်း ဖြစ်သည်။

ကြောင်တစ်ကောင်ကြောင့် ကြွက်တစ်မြို့ဒုက္ခရောက်ရတော့မည့်အရေးဖြစ်၏။ ဤကိစ္စကို လိမ္မာစွာ ထုတ်ဖော်နိုင်လျှင် ပေါ်ထွက်လာလိမ့်မည်ဟု ကျွန်ုပ်မြင်သည်။ ထို့ကြောင့် ဤကိစ္စတွင် မဆိုင်သူတို့ ဒုက္ခရောက်ကြရမည့်အရေးကို တွေးကာ ဘုရင်နှင့် တွေ့ဆုံရန် ကျွန်ုပ်ဆုံးဖြတ်လိုက်၏။

ကျွန်ုပ် အဘယ်ပုံ ဤနန်းတော်သို့ ရောက်လာရသည်ကိုပြောရန် လိုပေသေး၏။

[ ၂ ]

ဥယျာဉ်တော်တွင် ကောသလဘုရင်သည် ဥယျာဉ်မွေ့ထွက်လာရင်း ဘုရားရှင်ကို အဝေးမှတွေ့ရသောအခါ ဖူးမြင်ရန် ဘုရင်တစ်ပါးတည်း ဘုရားရှင်အနီးသို့ ရောက်လာ၏။ ဘုရားရှင်အနီးတွင် ဥပါသကာကြီးတစ်ဦးဖြစ်သော အနာဂါမ် ဆတ္တပါဏိဒကာကြီး ရှိနေသည်။ ဘုရင်ရောက်လာသည်ကို ဒကာကြီးသည် အရိုအသေမပြု၊ မကြိုဆို ရုံမျှမက နေရာမှပင် ထ၍မပေးသောကြောင့် ဘုရင်စိတ်ဆိုးသည်။

ဤနေရာ၌ ဒါယကာကြီးမှန်သည်။ အကြောင်းမှာ လေးစားအပ်သူတို့ရှေ့၌ အခြားလေးစားအပ်သူတို့ ရောက်လာလျှင် အရိုအသေပြုရန် မလိုသောကြောင့်ဖြစ်၏။ ယင်းရိုသေမှုစည်းကမ်းကို ဘုရင်မသိ။ ဘုရားရှင်က ဤဒါယကာသည် ငါ၏ ဥပါသကာ အနာဂါမ် ဒါယကာကြီးဖြစ်၏။ ပညာရှိ၏ဟု ချီးကျူးလိုက်သောအခါတွင်မှ ဘုရင် စိတ်ဆိုးပြေကာ ဘုရားရှင် ချီးမွမ်းအပ်သောသူ ဖြစ်ပေ၏ဟု အလိုရှိသောပစ္စည်းကို တောင်းခံရန်အထိ ဖိတ်ကြားသည်။

နောက်ရက်တွင် ပညာရှိဟု ဘုရားသခင်က မိန့်ကြားအပ်သောစကားအရ ထိုဒါယကာကြီးကို ဘုရင်ကဖိတ်ကြား၍ နန်းတော်တွင် သူ့မိဖုရားများကို ပါဠိသင်ပေးရန်၊ တရားဟောရန်အလုပ်ကို ပုံမှန်လုပ်ပေးရန် ခိုင်းစေသည်။ အကြောင်းမှာ သာသနာတော် ပွင့်လင်းလာသော ယနေ့အချိန်၌ မလ္လိကာဒေဝီ၊ ဝါသဘခတ္တိယာဒေဝီ စသော မိဖုရား ကြီးများသည်သာ ဘုရင်နှင့်အတူ ဘုရားသွားကျောင်းတက် လိုက်ပါကြရ၍ အခြားမိဖုရား မောင်းမမိဿံတို့အဖို့ကား ကျောင်းကန်ဘုရား၊ တရား၊ သံဃာတော်တို့နှင့် ကင်းဝေးနေရ ပေရာ ယင်းမိဖုရားများက မိမိတို့၏အဆောင်တွင် တရားနာရန်၊ ပါဠိသင်နိုင်ရန်အတွက် ဓမ္မကထိက တစ်ပါးပါး ပင့်ထားပေးဖို့ တောင်းဆိုထားသည်မှာ ကြာပြီဖြစ်၏။

ဒါယကာကြီးက မိဖုရားတို့၏အဆောင်၌ လူပုဂ္ဂိုလ်တစ်ဦးကိုထားဖို့ ဆိုသည်မှာ မသင့်လျော်ပါ။ ကျောင်းတော်တွင် ဘုရားရှင်ကိုယ်တော်တိုင် မဟုတ်သည့်တိုင် လက်ယာတော်ရံ လက်ဝဲတော်ရံမထေရ်ကြီးတို့ ပေါ်များလှပါ၏။ တစ်ပါးပါးကို ပင့်ဆောင်ထားလျှင် အသင့်တော်ဆုံးဖြစ်ပါသည်ဟု အကြံပေးလျှောက်ထားသည်ကို ဘုရင်သဘောပေါက်၊ သဘောတူ၍ ဘုရားရှင်ကိုလျှောက်ထားသည်။ ဘုရားရှင်က ကျွန်ုပ်ကိုလွှဲအပ်၍ နေ့စဉ်မဟုတ်သည့်တိုင်အောင် အခွင့်သာသည့်ရက်များ၌ မိဖုရားများ အဆောင်သို့ ကျွန်ုပ်လာရောက်နေရသည်မှာ အတန်ကြာခဲ့ပြီဖြစ်၏။

ကျောင်းတော်ဦးသို့ ကျွန်ုပ်ရောက်သွားသည့်အခါ ဘုရင်သည် မျက်နှာမသာ သည့်တိုင်အောင် ကျွန်ုပ်ကို နှစ်လိုစွာဖြင့် နေရာပေး၏။ ဘုရင့်မျက်နှာ မသာသောကြောင့် အခြွေအရံမောင်းမမိဿံများသည် ကြောက်ရွံ့စွာဖြင့် ခပ်လှမ်းလှမ်းမှပင် ခစားလျက် ရှိနေကြ၏။

''ပတ္တမြားဆံကျင် ပျောက်ဆုံးသည့်ကိစ္စကို ဝါသဘခတ္တိယာထံမှ ကြားသိခဲ့ ရပါသည် ဘုရင်မင်းမြတ်''

''မှန်ပါသည်၊ စစ်ဆေး ရှာဖွေကြဆဲပါ''

''ပစ္စည်းဟူသည် ဆင်းရဲဒုက္ခ၏ အကြောင်းဖြစ်၏။ ဆင်းရဲ၏ အကြောင်းပင် ဖြစ်စေ၊ အကြောင်းပေါ်ပေါက်လာလျှင် လိုအပ်သည်ကိုသာ ပြုလုပ်၍ စိတ်မဆင်းရဲရန် သတိပြုသင့်ပါသည်''

''သာဓုပါ အရှင်မြတ်၊ သို့ရာတွင် တပည့်တော်အနီး နန်းတော်ပေါ်တွင်ပင် ဤကိစ္စမျိုးဖြစ်ပွား၍ အတွင်းသားတို့၏ သစ္စာမစောင့်မှုကို သိရသောအခါ စိတ်ဆင်းရဲ မိပါသည်''

''ဤကိစ္စအတွက် လူအတန်များများကို ဖမ်းဆီးချုပ်နှောင်ထားသည်ဟု ကြားသိရသည်။ ပစ္စည်းဟူသည် လောဘ၏ အကြောင်းရင်းဖြစ်ပေ၏။ တမင်မပြုလို သည့်တိုင်အောင် အခွင့်သာခိုက်တွင် လောဘထွက်၍ တစ်စုံတစ်ယောက်က ခိုးဝှက် ထားမိခြင်း ဖြစ်ပါလိမ့်မည်''

''တစ်စုံတစ်ယောက်ဖြစ်စေ၊ အမှုမပေါ်လျှင် နီးစပ်သမျှ အများကိုဖြစ်စေ ဖမ်းဆီးချုပ်နှောင်ရပါလိမ့်မည်''

''လောဘစွန်း ထွက်မိသည်ဆိုစေ၊ ဤပစ္စည်းသည် အသင်မင်းကြီးမှတစ်ပါး အများနှင့်ဆက်ဆံနိုင်သော ပစ္စည်းမဟုတ်၊ သူတို့အဖို့ အကျိုးမရှိမည်ကို ယခုလောက် ဆိုလျှင် သိနိုင်လောက်ပြီ။ သို့ရာတွင် တိတိလင်းလင်းစစ်ဆေး၍ဖြင့် ပေါ်ပေါက်ဖို့မမြင်၊ သင့်လျော်သော အစီအစဉ်ဖြင့် လျှို့ဝှက်စွာစစ်ဆေးလျှင် ပေါ်ပေါက်လာဖို့ရှိပါသည်''

''အရှင်ဘုရားမှာ သင့်လျော်သော အစီအစဉ်ရှိပါသလား''

"ရှိ၏။ အဆုပ်ပေးခြင်းပင်ဖြစ်သည်။ အဆုပ်ပေးသောနည်းနှင့်မှ မပေါ်ပေါက်သေးလျှင် အခြားနည်းရှိပေသေး၏"

ကျွန်ုပ်က ရှေးလူကြီးများ၏ အဆုပ်ပေးသောနည်းကို ဘုရင်နှင့် နှစ်ကိုယ်ကြားမျှ ပြောလိုက်သောအခါ ဘုရင်သည် မျက်နှာရွှင်လန်းလာပြီးနောက် "အရှင်မြတ် သင့်လျော်သလို စီစဉ်ပါတော့ဘုရား"ဟု လွှဲအပ်သည်။

ရဟန်းအမှု ရွာပတ်သည်ဟူသော စကားရှိ၏။ ကျွန်ုပ်မှုကား မဆိုင်သူ အများနှင့်ဆိုင်သူရောပါ ဆင်းရဲဒုက္ခ မရောက်စိမ့်သောငှာ ရွာအမှုကို မိမိသို့ပတ်စေ လိုက်ပြီဖြစ်၏။

ပစ္စည်းပျောက်သောအခါ ပေါ်စေရန် ရှေးပဝေသဏီလူကြီးများ၏ ကလေးများအတွက် တုတ်ချိုးနည်း၊ လူကြီးများအတွက် အဆုပ်ပေးနည်း၊ အခန်းဝင်နည်းဟူသော နည်းများရှိကြ၏။ ကလေးများအတွက် တုတ်ချိုးနည်းဆိုသည်မှာ အတိုအရှည် ညီညာသော တုတ်တံကလေးများကို ကလေးများသို့ပေးပြီးနောက် ပစ္စည်းယူသူ၏ တုတ်သည် ရှည်၍လာလိမ့်မည်ဆိုကာ တခြားသို့ ထွက်သွားစေပြီး ပုဏ္ဏားတိုင်လူကြီးသို့ တုတ်လေးများကို လာရောက်ပေးအပ်ကြရသည်။ ပစ္စည်းယူသောကလေးသည် သူ့တုတ်ကလေး ရှည်လာမည်ဆိုသောကြောင့် အနည်းငယ်ချိုးလိုက်သည်။ ဤနည်းဖြင့် ပစ္စည်းယူသူ ပေါ်ပေါက်လာစေ၏။

[ ၃ ]

အဆုပ်ပေးနည်းပြုလုပ်ရန်အတွက် ကျွန်ုပ်သည် အချုပ်အနှောင်ခံနေရသူများကို ထုတ်နုတ်စေ၍ နန်းတော်သားများကို စည်းဝေးစေကာ အဒိန္နာဒါန ပစ္စည်းခိုးမှု၏ မကောင်းကျိုးကို တရားဟောသည်။ ပတ္တမြားဦးသျှောင်ကျင်သည် အဖိုးတန်လှသည် မှန်လှသော်လည်း ဘုရင်မင်းမြတ်မှတစ်ပါး အခြားသူများ သုံးဆောင်နိုင်သော ပစ္စည်းမဟုတ်။ ယူသူလည်း မသုံးဆောင်၊ ထုခွဲ၍လည်း လက်ခံနိုင်မည့်သူမရှိသည့် အကြောင်းကိုလည်း ထည့်၍ဟောသည်။ ထို့နောက် ဘုရင်နှင့် အတွင်းဝန်အမတ်ကြီးတို့ အဆုပ်ပေးသောနည်းကို ပြောပြပြီးနောက် ကျောင်းသို့ ပြန်ခဲ့သည်။

အဆုပ်ပေးသောနည်းဟူသည်မှာ ဖမ်းဆီးခံရသူများနှင့် အခြားသူများကို ရောနှောစေကာ ထိုသူများကို သတ်မှတ်ထားသော နေရာသို့ မြေဆုပ် ဖွဲဆုပ်များ ကိုယ်စီယူ၍ ချထားစေခြင်းပင် ဖြစ်သည်။ ယူသူသည် ပစ္စည်းကို မြေဆုပ် ဖွဲဆုပ်တွင် ဖုံးလွှမ်း၍ ချထားစေခဲ့ရန်ပင် ဖြစ်ပေသည်။ သို့ရာတွင် နန်းတော်သို့ ကျွန်ုပ်ရောက်သောအခါ မည်သည့်အဆုပ်တွင်မျှ ပစ္စည်းကို ထည့်မထားကြောင်း၊ ဤနည်းဖြင့် မအောင်

မြင်ကြောင်း သိရှိရသည်။ ဒုတိယနေ့၊ တတိယနေ့တို့တွင် ဤနည်းအတိုင်းပင် ထပ်မံ လုပ်စေသော်လည်း ပေါ်ပေါက်၍ မလာပေ။

ပစ္စည်းယူသူက အဆုပ်များချထားသောနေရာနှင့် အဆုပ်များကို အခြား တစ်နေရာမှ ချောင်းကြည့်နေပြီး ပစ္စည်းယူသူကို ဖော်ထုတ်လိမ့်မည်ဟု စိုးရိမ်ဟန် ရှိသည်။ စိုးရိမ်ဖွယ်ရာလည်းရှိ၏။ သို့ဖြစ်၍ စတုတ္ထနေ့တွင် အခြားတစ်နည်းသို့ ပြောင်းလဲစေလိုက်ရသည်။ အခန်းဝင်နည်းပင် ဖြစ်၏။ အခန်းဝင်နည်းကို ပြုလုပ်စေ သောအခါ ကျွန်ုပ်ကိုယ်တိုင်ပင် နန်းတော်သို့ ရှိနေ၏။

အခန်းဝင်နည်းမှာ စဥ့်အိုးကြီးတစ်လုံးတွင် ရေအပြည့် ထည့်ပြီးနောက် ထိုစဥ့်အိုးကို လေးဘက်အလုံကာ၍ အခန်းပြုလုပ်စေသည်။ စစ်ဆေးခံရသူများသည် ယင်းအခန်းတွင်းသို့ စောင်ကိုခြုံ၍ တစ်ဖက်ပေါက်မှဝင်ပြီး တစ်ဖက်ပေါက်မှ ထွက်စေသည်။ ဤနည်းဖြင့် ဦးသျှောင်ကျင်ကို စဥ့်အိုးအတွင်း ထည့်ပစ်ခဲ့ရန် ဖြစ်၏။ တစ်ဖက်ပေါက်မှ ထွက်သောအခါ စောင်ကို ဖွင့်၍ ထွက်လာနိုင်သည်။ ဘယ်သူမှန်း မသိမမြင်စေနိုင်သောနည်းပင် ဖြစ်၏။

ဤနည်းဖြင့် လူကုန်ဝင်ပြီး၍ စဥ့်အိုးကို နှိုက်လိုက်သောအခါ ပတ္တမြားဆံကျင် ထွက်ပေါ်လာသည်။ ဘုရင် ဝမ်းမြောက်သည်။ အချုပ်အနှောင်ခံရသူများသာမက တစ်နန်းတော်လုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ ဤသတင်းသည် နန်းတော်တွင် သာမက တစ်မြို့လုံးသို့ ပျံ့နှံ့၍ ရောက်လေရာတွင် ကျွန်ုပ်ကို ဝမ်းမြောက်ဝမ်းသာ မေးကြ မြန်းကြ လျှောက်ထားကြသည်။

ဤမျှသာမက ရဟန်းတော်တို့၏ ဓမ္မသဘင်တွင်ပင် ကျွန်ုပ်ကို ချီးကျူးကြပေရာ ဘုရားရှင်က ဤဖြစ်ရပ်ကိုအကြောင်းပြု၍ မဟာသာရဇာတ်ကို ဟောတော်မူ၏။ ။

# ရာဟုလာ၏ ထိုတစ်ည

[ ၁ ]

အမွေတောင်းသော ရာဟုလာကလေးကို ကျောင်းတော်သို့ အပါခေါ်၍ သာမဏေ ဝတ်ပေးလိုက်သောအခါ ထီးနန်းအမွေပြတ်မည်ကြောင့်လည်းကောင်း၊ သားသမီးအချစ် မြေးအနှစ်ဟူသော စကားအရလည်းကောင်း သူ့အဖိုး သုဒ္ဓေါဒနဘုရင် ပျာယာခတ်သွားသော်လည်း သူ့မိခင်ယသော်ဓရာကဝမ်းသာ၏။ အကြောင်းမှာ သံယောဇဉ်ကင်း ပြတ်လွန်းသည်ဟု နားလည်ထားခဲ့သော သူ့ဖခင်က သူ့သားကို လက်ခံသိမ်းပိုက် လိုက်သည်ဟု မြင်သောကြောင့်ဖြစ်၏။ ခုနစ်နှစ်တိုင်တိုင် ဖခင်နှင့်ကွဲကွာနေခဲ့ရသော သားဖြစ်သူအဖို့ သူ့ဖခင်နှင့် နီးနီးကပ်ကပ်နေရတော့မည်ကြောင့်လည်းဖြစ်၏။

ခုနစ်နှစ်သားအရွယ်ဆိုတော့ သာသနာတော်တွင် ပျော်မှပျော်ပါမည်လားဟုသာ ယသော်ဓရာစိုးရိမ်သည်။ ပျော်လျှင် သူ့ဖခင်နှင့်နီးစပ်၍ မပျော်လျှင် မိမိတို့က ဆီးပွေ့ပိုက်ယူဖို့သာရှိ၏။ ပျော်၍ သားကိုတွေ့မြင်လိုသည့်အခါတွင် ကျောင်းတော်သို့ အချိန်မရွေးသွားရောက်တွေ့နိုင်သည်။

ဘိုးအေနှင့် မိခင်တို့ကသာ စိုးရိမ်သည်။ ရာဟုလာကလေးအဖို့မူ နန်းတော်သို့ ရောက်လာသောဘုရားရှင်နှင့် သံဃာတော်များ၏ သင်္ကန်းတော်အရောင်များကို တွေ့ရစဉ်ကပင် ဝမ်းမြောက်ကြည်နူးလှပြီဖြစ်၍ သင်္ကန်းစည်းပေးလိုက်သောအခါတွင်ကား စူဠလိပ်ရေထဲလွှတ်လိုက်သည့်ပမာတည်း။ အကြောင်းမှာကား ဘုရားရှင်ကဲ့သို့ပင် အတိတ်က ပါရမီရှင်ကလေးမဟုတ်ပါလား။

ဝေဠုဝန်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ရာဟုလာအဖို့ ယခုမှ မိမိအိမ်သို့ ပြန်ရောက်လာသည့်ပမာဖြစ်သည်။ သာသနာတော်နှင့် အချိုးကျနေလိုက်သည်မှာလည်း သိမ်မွေ့သည်။ နေပုံထိုင်ပုံ အဝတ်အဆင်သေသပ်သည်။ သွားပုံလာပုံ ဆိတ်ငြိမ်သည်။ စားပုံသောက်ပုံ ပိရိသည်။ ရာဟုလာကလေး၏ အကြီးဆုံးသော အရည်အချင်း သည်ကား သာသနာတော်အတွက် အထူးလိုအပ်လှစွာသော သည်းခံမှုပြည့်ဝခြင်းနှင့် မာန်မာန ကင်းမဲ့ခြင်းပင်ဖြစ်၏။

အကြောင်းမူကား သာသနာတော်အစပိုင်း၌ ရဟန်းတော်တို့အတွက် ဝိနည်း သိက္ခာပုဒ် ဟူ၍ ထူးထူးထွေထွေ မပညတ်သေးဘဲ ရဟန်းတို့ကျင့်သုံးရန် အဓိက ထား၍ ဆုံးမတော်မူသောတရားဟူသည် သည်းခံစေမှုတရားပင်ဖြစ်ပေရာ ယင်းတရားကို ရာဟုလာကလေး အပြည့်အဝလိုက်နာလျက်ရှိနေသည်ကို တွေ့ရခြင်းပင်ဖြစ်၏။

အကယ်ဆိုသော် ရာဟုလာသည် မင်းသွေးနန်းဖွား စစ်စစ်ဖြစ်သည့်အပေါ်တွင် သာသနာသို့ ရောက်လာသောအခါ၌ သာသနာ့ဦးကိုင် ဘုရားရှင်၏ ရင်သွေးစစ်စစ် ဖြစ်၏။ ဥပဇ္ဈာယ်ဆရာက အရှင်သာရိပုတ္တရာ၊ သရဏဂုံဆရာက အရှင်မဟာမောဂ္ဂလာန်။ ထိပ်သီးတွေချည်းမို့ ပုထုဇဉ်ဘာဝ မာနဝင်စရာကောင်းသည်။ မာနမဝင်ရုံမျှမက အရွယ် နှင့်မလိုက် သည်းခံလွန်းမှုကြောင့် ရဟန်းတို့အလယ်တွင် စံပြကလေးဖြစ်လာသည်။ မထေရ်ကြီးများ၏ အလေးဂရုပြုမှုကို ငယ်ငယ်ရွယ်ရွယ်နှင့် ခံလာရသည်။ အချို့ကမူ ရာဟုလာကလေး လာမည့်ခရီးတွင် ရဟန်းတစ်ပါးက အမှိုက်တောင်းကို အမှတ်မဲ့ သွန်ထားလိုက်ပြီး အရှင်ရာဟုလာ အနီးသို့ရောက်သောအခါ အချက်ပေးထားပြီးသော ရဟန်းတစ်ပါးအား –

''ကြည့်ပါဦးအရှင်ဘုရား၊ သာမဏေတွေဟာ ဘာမှဝေယျာဝစ္စ လုပ်ဖော် ကိုင်ဖက်မရဘူး။ တံမြက်ကလေးတောင် လှည်းဖော်မရဘူး။ အမှိုက်တွေ ရှုပ်နေတာပဲ'' ဟု ပြောလိုက်သောအခါ အခြားတစ်ပါးက ''ဒါတွေဟာ ရာဟုလာလုပ်သွားတာ ဖြစ်မှာပေါ့၊ အခုနပဲ ဒီနားမှာ ရာဟုလာကို မြင်လိုက်မိသလိုဘဲ'' ဟု ဆိုသည်။

ထိုအခါ အရှင်ရာဟုလာကလေးက ''တပည့်တော်မဟုတ်ရပါ'' ဟုပင် ဆင်ခြေ မတင်၊ ရုတ်ခြည်းပင် အမှိုက်သရိုက်တို့ကို သိမ်းဆည်းလှည်းကျင်းပစ်လိုက်သည်။ အရှင်ရာဟုလာထွက်သွားသောအခါ ရဟန်းနှစ်ပါးသည် နှစ်သိမ့်ကြည်ညိုလှသောကြောင့် ပြုံးပြုံးကြီးကြည့်၍ ကျန်ရစ်ခဲ့ကြ၏။

အရှင်ရာဟုလာကလေးသည် စားရာ၊ ဝတ်ရာ၊ နေထိုင်ရာတို့တွင်လည်း ရတတ် သမျှဖြင့်ရောင့်ရဲသည်။ သူ့အတွက်အိပ်ရာနေရာဟူ၍သီးသန့်မရှိ၊ အိပ်ရာဆိုလျှင် ရောက်ရာ နေရာ၌ပင် သင်္ကန်းကလေး ခေါင်းခု၍ အိပ်လိုက်တတ်သည်။ ရံဖန် အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာတို့၏ကျောင်းတွင်အိပ်ခွင့်သာ၍ ရံဖန် ဘုရားရှင်၏ ဂန္ဓကုဋီတွင်အိပ်ခွင့်ရသည်။

ယခုတလောတွင်မူ ကောသမ္ဗီပြည်ကျောင်းတော်တွင် ဘုရားရှင်မရှိခိုက်ဖြစ်နေ၍ ဘုရားရှင်၏ ဂန္ဓကုဋီတိုက်တော်တွင် အရှင်ရာဟုလာအိပ်ခွင့်ဆက်၍ရနေသည်။ ဂန္ဓကုဋီတော်ကို စောင့်ရှောက်ရာလည်းရောက်၏။ သို့ရာတွင် ဘုရားရှင်သည် ဒေသစာရီ ထွက်လာရာမှ ကောသမ္ဗီသို့ပြန်ရောက်လာသောအခါ အရှင်ရာဟုလာကလေးအဖို့ အိပ်စရာနေရာအတွက် အခက်တွေ့ရတော့သည်။ ရဟန်းတို့သည် လူသာမဏေတို့နှင့် တစ်မိုးတစ်ရံတည်းမအိပ်ရဟူသော သိက္ခာပုဒ်တော်ကို ပညတ်လိုက်သောကြောင့် ပေတည်း။

[ ၂ ]

ကောသမ္ဗီမှ အာဠဝီပြည်သို့ ကြွရောက်ကာ ဘုရားရှင်၏ တရားပွဲများ နေ့ပွဲညပွဲဆက်၍ ကျင်းပသည်။ ညတရားပွဲအပြီးတွင် ဒါယကာအချို့သည် အိမ်သို့မပြန်ကြတော့ဘဲ ကျောင်းတွင်ပင် ရဟန်းသာမဏေများနှင့်အတူ အိပ်ကြသည်။ ထိုအခါ အအိပ်ကြမ်းသော ရဟန်းငယ်အချို့သည် အိပ်ရာတွင်ဟောက်ခြင်း၊ လူးလိမ့်၍ အိပ်ခြင်းတို့ကို ဘုရားရှင် သိသောအခါ ရဟန်းတို့သည် လူသာမဏေတို့နှင့် တစ်မိုးတစ်ရံတည်းတွင် မအိပ်ရဟု သိက္ခာပုဒ် ပညတ်တော်မူလိုက်သည်။

ဒါယကာ ဒါယိကာမဟူသည် ရဟန်းကို လေးစားအထင်ကြီးမြဲဖြစ်၏။ အိပ်စက် ရာ၌ ဆင်ခြင်သတိရှိရမည့်ရဟန်းသည် မရှိသည်ကို ဒါယကာတို့တွေ့မြင်ခဲ့သော် သဒ္ဓါ တရား ဆုတ်ယုတ်နိုင်သည်။ ဤသိက္ခာပုဒ်ကို ပညတ်လိုက်ပြီဟူသော သတင်းသည် ကောသမ္ဗီသို့ ဘုရားရှင်ပြန်လည်ရောက်ရှိလာသောအခါ ရဟန်းတို့နှင့်အတူ ပါလာသိရှိ ကြရ၏။

သို့ဖြစ်၍ အိပ်ရာ နေရာပိုင်မရှိသော သာမဏေကလေး အရှင်ရာဟုလာအဖို့ ထိုညအိပ်စက်ရန်နေရာ အခက်တွေ့လာရတော့သည်။

ဘုရားရှင်၏ ဂန္ဓကုဋီတွင် အိပ်ခွင့်မရှိတော့။ အခါတိုင်းလို ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာ၊ ဘထွေးတော် အရှင်အာနန္ဒာ စသူတို့၏ ခြေရင်းတွင်လည်း အိပ်ခွင့်မရှိတော့။ ရဟန်းကျောင်းနှင့် လွတ်ရာဇရပ်တွင် စုပေါင်း၍အိပ်ကြသော အခြား သာမဏေများနှင့်အတူလည်း သူတစ်ပါးအတွက် အနှောင့်အယှက်ဖြစ်မည်ကြောင့် တိုးဝှေ့၍မအိပ်လို။

ခမည်းတော် ဘုရားရှင်မှစ၍ ဥပဇ္ဈာယ်ဆရာ၊ သရဏဂုံဆရာ စသော ဆရာများထံ အကူအညီတောင်းလျှင် ဖြစ်နိုင်ပါ၏။ သို့သော် စိတ်နှလုံးသိမ်မွေ့လွန်းသော အရှင်ရာဟုလာက မိမိအတွက် ဆရာတို့ကို ကြောင့်ကြမှုမဖြစ်စေလို။

သို့ဖြစ်၍ မည်သည့်နေရာတွင် အိပ်ရအံ့ဟု စဉ်းစားလိုက်သောအခါ နေရာတခုကို သတိရလာ၏။ ယင်းနေရာသည်ကား ဘုရားရှင်၏ ကျင်ကြီးအိမ် ဝစ္စကုဋီပင်ဖြစ်ပေသည်။ ဝစ္စကုဋီဆိုသော်လည်း ကျယ်ပြန့်သန့်ရှင်း၏။ ညဘက်တွင် ကုဋီတွင်း၌ ဆီမီးမပြတ်ထွန်းညှိထားမြဲဖြစ်သည်။

မိမိအတွက် အကောင်းဆုံး အိပ်ရာနေရာဟု အရှင်ရာဟုလာ မြင်လိုက်သည်။ ကောင်းပုံမှာ အများနှင့်မစပ်၍ အေးချမ်းဆိတ်ငြိမ်သည်။ မည်သူမျှ အနှောင့်အယှက် မပြုနိုင်။ မိမိကြောင့်လည်း သူတစ်ပါးတွင် အနှောင့်အယှက် ဖြစ်ဖို့မရှိတော့။ လွတ်လွတ်တရားအားထုတ်နိုင်သည်။ လိုအပ်သည့်အခါ ဘုရားရှင်အသုံးပြုတော်မူသည့်အချိန် အနည်းငယ်မှအပ အလွန်လွတ်လပ် အေးချမ်းသောနေရာဖြစ်သည်။

အရှင်ရာဟုလာ ယင်းသို့တွေး၍ ထိုညအဖို့ ဘုရားရှင်အသုံးပြုတော်မမူတော့ဟု သိရသည့်ညဥ့်နက်ပိုင်းအချိန်တွင် အရှင်ရာဟုလာကလေးသည် ဘုရားရှင်၏ ဝစ္စကုဋီအတွင်းသို့ဝင်၍ ကျိန်းစက်ရှာသည်။

နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်လောက်တွင် ဝစ္စကုဋီသို့ ဘုရားရှင်ကြွရောက်လာပြီးနောက် ကုဋီအပြင်မှ စည်းကမ်းအရ ချောင်းဟန့်လိုက်သောအခါ အရှင်ရာဟုလာက အတွင်းမှပြန် ချောင်းသံပေး၏။ ရဟန်းတော်များ ကုဋီဝင်မည်ဆိုလျှင် မဝင်မီ အဟမ်း အဟမ်းဟု ချောင်းသံပေးရခြင်းမှာ သတ်မှတ်ပြီးအပ်သော သိက္ခာပုဒ်တော်ပင်ဖြစ်၏။

''အတွင်းကအဘယ်သူနည်း''

''တပည့်တော် ရာဟုလာပါဘုရား''

''ရာဟုလာ၊ အသင်ဘာလုပ်နေသနည်း''

ဘုရားရှင်၏ ကုဋီတော်တွင် ရာဟုလာအသုံးမပြုဝံ့သည်ကို ဘုရားရှင်သိတော်မူပြီးဖြစ်၏။

''ရဟန်းတော်တို့သည် လူသာမဏေတို့နှင့် တစ်မိုးတစ်ရံတည်းတွင် မအိပ်ရဟူသော အရှင်မြတ်၏သိက္ခာပုဒ်တော်ကြောင့် တပည့်တော် အိပ်ရန်နေရာမရှိ၍ ဝင်အိပ်မိပါသည်ဘုရား''

ဘုရားရှင်က တစ်စုံတစ်ရာထပ်၍ မမိန့်။ အရှင်ရာဟုလာထွက်သွားသည်။ သို့ရာတွင် ထိုနေ့နံနက်ပိုင်းတွင်ပင် ကျောင်းတိုက်ရှိ သံဃာအားလုံးကို ခေါင်းလောင်းထိုး၍ စည်းဝေးစေလိုက်သည်။

ဓမ္မသာလာတွင် တရားနာရန်၊ တရားဆွေးနွေးရန်၊ အာပတ်ဖြေရန် နေ့စဉ်ညဦးပိုင်းတို့၌ သံဃာအားလုံးတို့ ကြွရောက်လာသော အစည်းအဝေးမှာ ပုံမှန် အစည်း

အဝေးဖြစ်၏။ ဘုရားရှင်သည် ခရီးဝေးဒေသစာရီတို့မှ ပြန်လည်ကြွရောက်လာသော အချိန်များတွင်လည်း ဖူးမြော်ကြားနာရန် ပုံမှန်စည်းဝေးသည်။ ယခုလို အရေးပေါ် အစည်းအဝေးကိုမူ အကြောင်းရှိသောအခါတွင် ပြုလုပ်မြဲဖြစ်၏။

သံဃာအားလုံးစုံသောအခါ ဆန်ရင်းနာနာဖွပ်ဟူသော စကားအရ ရာဟုလာ၏ ဥပဇ္ဈာယ်ဆရာလည်းဖြစ်သည့် အကြီးဆုံးသော အရှင်သာရိပုတ္တရာအား ဘုရားရှင်က ခေါ်ငင်းတည် မိန့်ကြားတော်မူသည်။

''သာရိပုတ္တရာ၊ ရာဟုလာ ညကအဘယ်မှာအိပ်သနည်း''

''မသိပါဘုရား''

''သိက္ခာပုဒ်ကြောင့် အိပ်စက်ရာ နေရာမရှိဆိုကာ ငါ၏ ဝစ္စကုဋီအတွင်းမှာ အိပ်သည်။

''သာရိပုတ္တရာ၊ သင်တို့သည် သာမဏေများအပေါ် ကြောင့်ကြမဲ့နေနိုင်လွန်းလှ၏။ ရာဟုလာကိုပင်လျှင် ဤသို့ကြောင့်ကြမဲ့နေနိုင်ခဲ့သော် အခြားသာမဏေများအပေါ်၌ သင်တို့အဘယ်သို့ ပြုမည်နည်း''

ယင်းမိန့်ခွန်းတော်ကြောင့် ရဟန်းတော်အားလုံး ဓမ္မသံဝေဂ အရကြီးရကြ၏။ သာသနာတော်အတွက် အမြော်အမြင်ကြီးမားလှသော မိန့်ခွန်းတော်ဖြစ်သည်။ အကြောင်းမူကား သာမဏေဟူသည် ပစ္စုပ္ပန်အားဖြင့် အလေးမပြုလောက်သော လူငယ်အဖြစ်မျှ မြင်တတ်ကြသော်လည်း အနာဂတ်သာသနာတော်အတွက် အရေးပါလှသော အခြေအမြစ်ဖြစ်သတည်း။

ဘုရားရှင်မျက်မှောက်တော်ခေတ်တွင် ကြီးသည့်အခါမှ ဓမ္မသံဝေဂဖြင့် ရဟန်းဖြစ်လာသူတွေ မြောက်မြားစွာရှိခဲ့သည် မှန်ပါ၏။ သို့ရာတွင် ဘုရားရှင်တည်းဟူသော အမိုကောင်းကို ရသောကြောင့် သောတာပန်အစ အရဟတ္တဖိုလ်အဆုံး တရားပန်းတိုင်ကို လှမ်းကိုင်နိုင်ခွင့်ရကြသည်။

အနာဂတ် သာသနာတော်တွင်ကား လူကြီးများသည် ပါရမီမျိုးစေ့၊ သို့မဟုတ် သောကဖြေဖျောက်မှု ယတြာအတွက်သာ ယာယီမျှ ဒုလ္လဘဟုဆိုကာ ရဟန်းဝတ်၍ လူပြန်ထွက်ကြမည်။ ထို့ကြောင့် အနာဂတ် သာသနာအတွက် အချိုးကျသော ပညာသင်ကြားမှု၊ အချိုးကျသောနေထိုင်ကျင့်သုံးမှု၊ အချိုးကျသောရဟန်းတော် ဆရာတော်များ ဖြစ်လာမှုမှာ သာမဏေများသည်သာ အခြေခံအုတ်မြစ်ဖြစ်၏။ ယင်းသို့လျှင် ကြီးစွာသော အမျှော်အမြင်ဖြင့် မိန့်ကြားတော်မူချက်ကို ရဟန်းတော်တို့ သိရှိကာ ဓမ္မသံဝေဂ အရကြီးရတော်မူကြသည်။

''ကောင်းပြီ သာရိပုတ္တရာ၊ ရဟန်းသည် လူသာမဏေတို့နှင့် တစ်မိုးတစ်ရံတည်း မအိပ်ရဟူသော သိက္ခာပုဒ်ကို အနုပညတ်ထပ်မံပညတ်မည်။ ရဟန်းသည် လူငယ်သာမဏေတို့အတွက် သင့်လျော်သော အိပ်ရာနေရာကို စီစဉ်၍ပေးရမည်။ ရတ်ခြည်းမစီစဉ်နိုင်ခဲ့သော် သာမဏေတို့နှင့် နှစ်ရက်သုံးရက်အထိ အတူအိပ်စေ''

ခံစားချက် ဓမ္မသံဝေဂရှိနေပြီးသောကြောင့် ဤအကြိမ် သိက္ခာပုဒ်တော်ပညတ်ရာ၌ အာမဘဏ္ဍေ သုဗ္ဗာဘဏ္ဍေ ဝန်ခံချက် အသံမျှသာမက သာဓုသုံးကြိမ်အသံမှာ ဘဝင်လှုံ၍သွားသတည်း။ ။

# သီဟသေနာပတိ

[ ၁ ]

ဘုရားရှင်၏ ပရိတ်တရားတော်ဂုဏ်ကျေးဇူးကြောင့် ဝေသာလီပြည်သည် ဘီလူးဘေး၊ သရဲဘေး၊ ရောဂန္တရကပ်ကြီးမှ ကင်းလွတ်ခဲ့သည်မှန်သည်။ ယင်းကိစ္စအတွက် ဘုရားရှင်အား ရာဇဂြိုဟ်မှ ပင့်ဆောင်လာသောအခါ ရှတ်ရှတ်သဲသဲ ဝှဲချီးပင့်ဆောင်ကြသည်လည်းမှန်ပါ၏။ ဘုရားရှင်အား ကြည်ညိုသူတို့က ဝေသာလီပြည် မဟာဝုန်တောကြီးတွင် ကျောင်းဆောက်ကိုးကွယ်ကြသည်လည်းမှန်ပါ၏။ သို့ရာတွင် လိုအပ်သောအခါ၌သာ ချဉ်းကပ်ပူးပေါင်းလာကြ၍ ရိုးရိုးအချိန်များတွင်မူ သာသနာတော်နှင့် ဆန့်ကျင်ဘက်တို့သည်လည်း ရှိနေကြသေးသည်သာဖြစ်သည်။ ရာဇဂြိုဟ်၊ သာဝတ္ထိတို့လို ဆန့်ကျင်ဘက်ထိပ်သီးတို့ မရှိစေဦးတော့၊ မိမိတို့ဘာသာအလျောက် တသီးတခြား နေကြသူများရှိ၏။

ယင်းသို့ သာသနာတော်နှင့် တသီးတခြား နေကြသူများအနက် ဝေသာလီ၏ ထိပ်သီးခေါင်းဆောင်တစ်ဦးမှာ သီဟစစ်သူကြီးဖြစ်၏။ သီဟသေနာပတိ ကိုးကွယ်သူမှာ ဘုရားရှင်နှင့်စင်ပြိုင် သာသနာပိုင်ရှင်ဘုရားဟုပင် အမည်ခံသူ ဇိန၊ သို့မဟုတ် နိဂဏ္ဌနာဋပုတ္တ ဖြစ်၏။

သစ္စကပရိပိုဇ်ကြီးတို့လို အခြားဆန့်ကျင်ဘက်များလည်း ရှိပေသေး၏။ သစ္စက ပရိဗိုဇ်၏ အင်အားမှာလည်း မသေးလှ။ လိစ္ဆဝီမင်းကြီးငယ်တို့၏ ကိုးကွယ်ရာဆရာဖြစ်၍ လိစ္ဆဝီမင်းသား တပည့်အခြံအရံတို့ဖြင့် ထင်ထင်ကြွားကြွား နေထိုင်သူဖြစ်သည်။ သစ္စကကိုယ်တိုင်က ဘုရားဟုဝန်မခံသေးစေကာမူ သူ့ဆိုင်ရာပညာတွင် တစ်ဖက်ကမ်းခပ် တတ်မြောက်သူဖြစ်ပေရာ ဂိုဏ်းဆရာတစ်ဦးအဖြစ် ဟန်ဆောင်နေသူဖြစ်သည်။

အမှန်ဆိုသော ဝေသာလီသည် အခြေခံအားဖြင့် နိဂဏ္ဌနာဋ္ဌပုတ္တ၏နယ်ပယ်၊ သစ္စက၏နယ်ပယ်ဖြစ်၏။ ဤလိုနေရာတွင် ဘုရားရှင်က သတ္တဝါတို့၏အကျိုးကို ရှုမျှော်၍ မဟာဝုန်တည်းဟူသော တောကျောင်းတော်ကြီးတွင် ခြေကုပ်ယူကာ သာသနာပြုနေခြင်း ဖြစ်၏။

ဘုရားရှင်လက်ထက်တော်၌ ဝေသာလီသည် ညီညွတ်မှု၊ တက်ကြွမှုတွင် စံပြုရသောနိုင်ငံဖြစ်၏။ ဝီရိယရှိမှု၊ ခြိုးခြံမှုတွင်လည်း စံပြုရသောနိုင်ငံဖြစ်သည်။ အုပ်ချုပ်မှု စနစ်အားဖြင့်လည်း ရာဇဂြိုဟ်၊ သာဝတ္ထိတို့လို ပဒေသရာဇ်၊ ဧကရာဇ်နိုင်ငံမဟုတ်၊ အများသဘောနှင့် စုပေါင်းအုပ်ချုပ်သော ဂဏနိုင်ငံဖြစ်သည်။ သို့ဖြစ်၍ ရာဇဂြိုဟ် စသော ဧကရာဇ်နိုင်ငံတို့၏ မျက်စောင်းခဲခြင်းကို ခံနေရသော ဘုံရန်သူနိုင်ငံဖြစ်သည်။

ဤအဖြစ်ကိုသိသော ဝေသာလီပြည် လိစ္ဆဝီတို့အဖို့ ညီညွတ်ရသည်။ စည်းလုံး ရသည်။ ခြိုးခြံအားထုတ်ရသည်။ စည်းလုံးအားထုတ်မှု၏ အကျိုးကြောင့် ပြည့်စုံသည်။ ပြည့်စုံမှု၏အသီးအပွင့်မှာ တက်ကြွသည်။ နိုင်ငံတော်အတွက် စည်းစည်းလုံးလုံးနှင့် အမြဲတမ်း တက်ကြွမှု ရှိနေစေရန်လည်း လူကြီးအစဉ်အဆက်ကပင် လူငယ်များကို သွေးထိုးပေးထား၏။

ထို့ကြောင့် ဘုရားရှင်က တပည့်ရဟန်းများအား ဝေသာလီမင်းတို့နှင့် ဆုံသောအခါ "ရဟန်းတို့၊ နတ်တို့ရွာသို့ မရောက်ဖူး၍ နတ်သားများကို တွေ့လိုသူများ ရှိလျှင် လိစ္ဆဝီမင်းသားတို့ကို ကြည့်ကြကုန်လော့" ဟုပင် ညွှန်ကြားနှိုင်းထားခံရသူများ ဖြစ်သည်။

ယင်းနှိုင်းယှဉ်ညွှန်ပြချက်ကို ကြားသိရသူတို့က လိစ္ဆဝီတို့သည် နတ်သားများ ကဲ့သို့ လှပကြသူများဟုသာ ထင်မှတ်တတ်ကြ၏။ ပြည့်စုံညီညာသော အဝတ်အဆင် တို့ကြောင့် လှပမှုဆိုသည်မှာ လိုက်လျောပါ၏။ သို့ရာတွင် နတ်သားများနှင့်တူသည် ဆိုရာ၌ နတ်သားများကဲ့သို့ တက်ကြွလန်းဆန်းမှုကို ညွှန်ပြခြင်းဖြစ်သည်ဟုလည်း ကောက်ယူနိုင်သည်။

ကုသိုလ်ရှင် နတ်တို့ဟူသည် အစစပြည့်စုံ၏။ ပြည့်စုံမှုသည် ညီညွတ်မှုကို ဖြစ်စေ၍ ပြည့်စုံညီညွတ်မှုသည် တက်ကြွလန်းဆန်းမှုကိုဖြစ်စေသည်။

ယင်းသို့သော လိစ္ဆဝီတို့အလယ်တွင် သီဟသေနာပတိသည် ထိပ်သီးဖြစ်၏။ စစ်ရေးခေါင်းဆောင်ဖြစ်၍ စစ်အတွက် မပြတ်သတိပြုနေရသော ဝေသာလီတွင် နေရာတကာအရေးပါသော ဩဇာကြီးသူဖြစ်သည်။ သူ၏ ကိုးကွယ်ရာသည်ကား နာဋ္ဌပုတ္တပင်ဖြစ်ပေသည်။

သို့ရာတွင် သီဟစစ်သူကြီးသည် အစဉ်အလာအားဖြင့်သာ နာဋ္ဌပုတ္တကို ဆည်းကပ်နေသူဖြစ်သော်လည်း စဉ်းစားတတ်သူဖြစ်၏။ လောကကို ကိုယ်ပိုင်အသိ အမြင်ဖြင့် ကြောင်းကျိုးဆင်ခြင်ကာ ရှုမြင်တတ်သူဖြစ်၏။

သူသည် စစ်ဗိုလ်စစ်သားတစ်ယောက်ဖြစ်ပေရာ တာဝန်နှင့် ဝတ္တရားအရ အများနှင့် ခပ်ကင်းကင်းနေရသူဖြစ်၏။ သို့ရာတွင် ယခုတစ်လော၌ စစ်မှုဆိုင်ရာ လိစ္ဆဝီတို့၏ နေ့စဉ်အစည်းအဝေးများသို့ တက်ရောက်ရသောအခါ အစည်းအဝေး မတိုင်မီတွင်လည်းကောင်း၊ အစည်းအဝေးပြီးချိန်များတွင်လည်းကောင်း လိစ္ဆဝီ အကြီးအကဲမိတ်ဆွေများနှင့် ထွေရာလေးပါး စကားပြောဆိုကြသောအခါ၌ ထူးခြားသော စကားတစ်ရပ်ကို ကြားကြားနေရသည်။ ယင်းသည်ကား ဝေသာလီပြည် မဟာဝုန် တောကျောင်းတွင် လာရောက်သီတင်းသုံးလျက်ရှိနေသော ဂေါတမဗုဒ္ဓ၏ သတင်းများ ပင်ဖြစ်၏။

အရဟံအစ ဘဂဝါအဆုံးရှိသော ဂေါတမဗုဒ္ဓ၏ ဂုဏ်တော်ထူးများကို လေးစားအပ်သော မိတ်ဆွေများထံမှကြား၏။ ဂေါတမဗုဒ္ဓ၏ ဂုဏ်တော် ကျေးဇူးတော် များသာမက ထူးခြားသော တရားသံများကိုလည်း ကြားရသည်။ ထိုဂုဏ်ထူး၊ ထို တရားသံများသည် သီဟသေနာပတိအဖို့ စိတ်ဝင်စားဖွယ်ရာများဖြစ်နေ၏။ ကြောင်းကျိုး မျှတ သဘာဝကို စဉ်းစားလေ့ရှိသောသူအဖို့ နှစ်လိုစရာများဖြစ်ကြ၏။

ကြားရသောဘုရားရှင်၏ဂုဏ်အတော်များအနက် သီဟသေနာပတိအဖို့ 'အနုတ္တရော ပုရိသ ဒမ္မ သရထိ' ဟူသော ဂုဏ်တော်ကို ပို၍နှစ်သက်၏။ အကြောင်းမှာ အခြားဂုဏ်တော်များသည် ကြည်ညိုဖွယ်ရာများပင်ဖြစ်သော်လည်း ကြည်ညိုခံ ပုဂ္ဂိုလ်၏ ပုဂ္ဂလရေးရာ ဂုဏ်တော်များသာဖြစ်၍ သတ္တဝါအများကို ဆုံးမစကား ဟောကြားတော် မူသည်၊ ရထားထိန်းဖြစ်တော်မူသည်ဟူသော ယင်းဂုဏ်တော်သည်ကား ပရဟိတ သူတစ်ပါးအကျိုးနှင့် သက်ဆိုင်နေသောကြောင့်ဖြစ်၏။ တိုင်းကျိုး ပြည်ကျိုး ပရဟိတ အကျိုးကိုဆောင်လျက်ရှိ၍ ကြောင်းကျိုးဆင်ခြင် တွေးမြင်လေ့ရှိသော သီဟသေနာပတိ အဖို့ ယင်းဂုဏ်တော်ကို အလေးအနက်နှစ်သက်မိ၏။

အကြင်သူတစ်ယောက်ကို နှစ်လိုကြည်ညိုသောအခါ ထိုပုဂ္ဂိုလ်အား တွေ့ကြုံဆုံဆည်းလိုလာခြင်းမှာ လူတို့၏သဘာဝဖြစ်၏။ သို့ဖြစ်ရာ ဂေါတမဗုဒ္ဓကို တွေ့ဆုံလိုလာ၍ မိတ်ဆွေတို့ထံ စုံစမ်းလိုက်သောအခါ မိတ်ဆွေတစ်ဦးက ''ကြွသာကြွပါ သေနာပတိ။ သေနာပတိအဖို့ ဘယ်တုန်းကမှ မတွေ့ကြုံဖူးတဲ့အတွေ့အကြုံ၊ ဘယ်တုန်းကမှ မကြားနာဖူးတဲ့တရားကို တွေ့ကြုံကြားနာရပါလိမ့်မယ်၊ မဟာဝုန်တောကျောင်းမှာ ဘုရားရှင်အဆင်သင့်ရှိပါတယ်၊ အားလပ်တော်မူတဲ့ နံနက်ခင်းညနေခင်းအချိန်သွားရင် သင့်လျော်ပါလိမ့်မယ်'' ဟု တိုက်တွန်းပြောကြားသည်။ ထိုစကားကြောင့် သီဟသေနာပတိအဖို့ သွားရောက်လိုစိတ်များ ပို၍တက်ကြွလာ၏။

သို့သော် သူ့မှာ ဆရာရှိသေးသည်။ ဆရာ နာဋ္ဌပုတ္တသည်လည်း ဝေသာလီတွင် သီတင်းသုံးခိုက်နှင့် ကြုံကြိုက်နေ၏။ ဂိုဏ်းဆရာကြီးတစ်ဦး၏ တပည့်ဒါယကာဖြစ်၍ ထင်ရှားသော မိမိအဖို့ အခြားဂိုဏ်းဆရာကြီးတစ်ဦးထံ သွားရောက်ချဉ်းကပ်ဖို့ဆိုသည်မှာ မိမိဆရာကို အသိမပေး၊ ခွင့်ပြုချက်မရဘဲနှင့် သွားရောက်၍ မလျော်ဟု သီဟသေနာပတိ စဉ်းစားသည်။

[ ၂ ]

ထို့ကြောင့် ဆရာ နာဋ္ဌပုတ္တကျောင်းသို့ ထုံးစံအတိုင်းသွားရောက်၍ ဂေါတမဗုဒ္ဓထံသို့ မိမိသွားလိုကြောင်း ခွင့်တောင်းလျှောက်ထားလိုက်သောအခါ ဆရာနာဋ္ဌပုတ္တအဖို့ အခါတိုင်းနှင့်မတူ အမူအရာပျက်၍ ထူးထူးခြားခြား ပျာယာခပ်သွားသည်ကို အကဲခပ်လိုက်မိသည်။

''ဟဲ့ ဟဲ့ ဒကာသီဟ၊ ဂေါတမဆိုတာ မိစ္ဆာဒိဋ္ဌိကြီးဟဲ့၊ စုန်းကြီးဟဲ့။ သူ့အကြောင်းကို နားမျှလေသံမကြားဖူးဘူးလား။ သူ့ဆီသွားရင် ဒကာ မိစ္ဆာဒိဋ္ဌိဖြစ်သွားမှာပေါ့။ သူ့တရားကို မကြိုက်နဲ့ဦးတော့၊ သူကစုန်းကြီးဆိုတော့ အင်မတန်ပြုစားဖမ်းစားတတ်တာ၊ သူ့ဆီသွားလို့တော့ ဒကာဒုက္ခတွေ့လာမှာ သေချာတယ်''ဟူသော ထူးထူးခြားခြား စကားကိုလည်း ကြားလာရ၏။

ဆရာ၏အမူအရာနှင့် စကားကိုမနှစ်သက်။ သို့သော် ဆရာစွဲ၊ စာစွဲ၊ အစဉ်အလာစွဲဆိုသည်မှာခက်သည်။ စွဲမိပြီဆိုလျှင် မနှစ်သက်သည်ကိုတွေ့ရစေဦးတော့ အစွဲမျှင်ကို ဖြတ်ဖို့ခက်သည်။ ထို့ကြောင့် ''ဒီလိုဆိုရင်လဲ မသွားတော့ပါဘူးဘုရား'' ဟု လျှောက်ထားကာ ပြန်လာခဲ့သည်။

သို့ရာတွင် တစ်ဆင့်ကြားသိရသည့် ဂေါတမဗုဒ္ဓ၏ ထူးခြားသော တရားအချက်များသည် စဉ်းစားတတ်သော သီဟသေနာပတိ၏ နှလုံးသည်းအိမ်တွင် ရစ်ဝဲ၍နေ၏။

မင်းတဲ့အစည်းအဝေးများသို့ ရောက်ပြန်တော့လည်း မိတ်ဆွေများက ''မသွားသေးဘူးလား၊ ဂေါတမဗုဒ္ဓက တစ်နေရာမှာ အမြဲသီတင်းသုံးနေနိုင်တာမဟုတ်ဘူး၊ ကိုးကွယ်တဲ့သူတွေများလို့ ဒေသစာရီအမြဲ လှည့်လည်နေတာ၊ ကြုံတုန်း ကြုံခိုက်သွားလိုက်ဖို့ကောင်းသပေါ့ဗျာ'' ဟု တိုက်တွန်းကြပြန်သည်။

အလိုအလျောက်သွားလျှင်လည်းဖြစ်ပါ၏။ သို့သော် သီဟသေနာပတိဆရာကိုလေးစားသူဖြစ်သည်။ ထို့ကြောင့် ဆရာနာဋ္ဌပုတ္တထံ ဒုတိယအကြိမ် သွားရောက်လျှောက်ထားသောအခါတွင်လည်း မိစ္ဆာဒိဋ္ဌိကြီး၊ ကဝေဆရာကြီး စသည်ဖြင့် ပထမအကြိမ်ထက် ပြင်းထန်သော စကားများဖြင့်ပင် ပြောဆိုတားမြစ်လိုက်ပြန်သောကြောင့်ဆရာကို ရိုသေသောအားဖြင့် ဆိုင်းငံ့၍နေရပြန်၏။ တတိယအကြိမ် ခွင့်တောင်းပြန်တော့လည်း အလားတူပင်ဖြစ်၏။

ဤတွင် သီဟသေနာပတိ စဉ်းစားလာသည်။ မိမိသည် ဆရာ့ကို သုံးကြိမ်တိုင်တိုင် ခွင့်တောင်းပြီးဖြစ်၍ မိမိတာဝန်ကျေပြီဟု၍ ဖြစ်၏။ အကြင်သူတစ်ဦးအားလောကထုံးစံတွေ့ဆုံလိုသည်ကို သွားရောက်တွေ့ဆုံရုံမျှဖြင့် ဆရာဖြစ်သူက ဤမျှအမနာပ စကားဖြင့် ပြောဆိုတားမြစ်နေသည်ကိုလည်း ဘဝင်မကျ။ ထို့ကြောင့် ဆရာမနှစ်သက်သည်ပင်ဖြစ်စေ မိမိအလိုအလျောက် သွားရောက်တော့မည်ဟု နောက်နေ့ညနေခင်းတွင်ပင် သီတင်းသုံးတော်မူရာ မဟာဝုန်တော၊ ကူဋာရာမ ကျောင်းတော်သို့ထွက်လာခဲ့သည်။

[ ၃ ]

သီဟစစ်သူကြီး ဘုရားရှင်ကျောင်းတော်မှ ရှေးဦးစွာဖမ်းစားလိုက်သောအရာကား ဆိတ်ငြိမ်မှုပင်ဖြစ်လေ၏။ ဆရာ နာဋ္ဌပုတ္တကျောင်းသို့ သွားသည်ဆိုလျှင် ရှေးဦးအတွေ့အကြုံမှာ တပည့်ပရိဗိုဇ်များက မျက်နှာချိုသာစွာဖြင့် ဆီးကြိုခြင်း၊ နှုတ်ဆက်ခြင်းစသည်ဖြင့် ပျာယာခတ်နေခြင်းပင်ဖြစ်သည်။ ဆရာနာဋ္ဌပုတ္တကိုယ်တိုင် တပြုံးပြုံးနှင့်ဆီးကြိုလေ့ရှိ၏။

ယခုသော် ကူဋာရာမ ကျောင်းအထွတ်များကိုတွေ့ရ၍ ကျောင်းဟုသိရသော်လည်း ဆိတ်ငြိမ်လွန်းသောကြောင့် ဂေါတမဗုဒ္ဓအဖို့ တပည့်ရဟန်းမှ ရှိပါလေစဟုထင်ရသည်။ ထို့ကြောင့် ဆိတ်ငြိမ်သောနေရာတွင် မိမိ၏ရထားများ၊ အခြံအရံများကိုလည်း ဆိတ်ငြိမ်စေလိုက်ရသည်။

ကျောင်းတွင်းသို့ ရောက်သောအခါမှ ရဟန်းတော်များစွာကို တွေ့ရသည်။ သို့ရာတွင် ဆိတ်ငြိမ်လှစွာဖြင့် အချို့မှာ သစ်ပင်ရင်းတို့တွင် တရားအားထုတ်နေကြ၏။ အချို့ စင်္ကြံလျှောက်နေ၏။ အချို့ တိုးညင်းစွာ ပါဠိရွတ်နေကြ၏။ ရဟန်းတစ်ပါးအနီးသို့ ချဉ်းကပ်၍ ဂေါတမဗုဒ္ဓကို မေးမြန်းလိုက်သောအခါ ထိုရဟန်းက ဘုရားရှင်သီတင်းသုံးတော်မူရာ ဂန္ဓကုဋ္ဌိဆီသို့ ညွှန်ပြသည်။

ဂန္ဓကုဋ္ဌိသို့ ရောက်သော် ဘုရားရှင်သည် ကျောင်းရှေ့သစ်ပင်ကြီးအရင်းတွင် အလိုက်သင့် ထိုင်တော်မူနေသည်ကို ဖူးတွေ့ရ၏။ ဖူးတွေ့ရသည်ဆိုလျှင်ပင် ဘုရားရှင်၏ ထူးခြားသော ရောင်ခြည်တော်၊ လက္ခဏာတော်များကြောင့် သီဟစစ်သူကြီးအဖို့ ဂေါတမဗုဒ္ဓမှန်း ချက်ချင်းသိလိုက်ရုံမက မိမိအတွေးနှင့် အမြင်တွင်ကွာခြားလွန်းသောကြောင့် အံ့အားပင်သင့်ရသည်။

သူတွေ့ဖူးသမျှသော နာဋ္ဌပုတ္တစသည့် ဂိုဏ်းဆရာကြီးများမှာ ဆံကေသာ လက်လေးသစ်၊ မုတ်ဆိတ်မွေးဗရပျစ်၊ ညစ်ညစ်ထေးထေး အဝတ်အဆင်၊ မောက်ကြွားသောအသွင်နှင့်ဖြစ်ကြ၏။ သစ္စကကြီးဆိုလျှင် ပညာတွေပေါက်ထွက်သွားမည်ကြောင့် စူကား မို့မောက်လျက်ရှိနေသော ဝမ်းဗိုက်ကြီးကို ခါးပတ်ကြိုးအထပ်ထပ်ဖြင့် လွှမ်းပတ်ထားသည်ကိုပင် အမြင်မလှ အဆင်မလှ တွေ့မြင်ရ၏။ ယခု ဂေါတမဗုဒ္ဓကမူ ဝင်းဝင်းစိုစို ကြည်ညိုဖွယ်အဆင်းမြတ်ဖြင့် သေသပ်လှသည်ကို တွေ့ရသောကြောင့် ဖြစ်၏။

ထို့ကြောင့် ဘုရားရှင်ရှေ့တော်သို့ ဝင်ရောက်၍ ကိုယ်ကိုကိုင်းညွှတ်ကာ ဒူးထောက်အရိုအသေပြုလိုက်သည်။ စစ်ဝတ်စစ်ဆင်ကို ဝတ်ဆင်ထားသောစစ်သား တစ်ယောက်အဖို့ ဒူးထောက်ကိုင်းညွှတ်ခြင်းမှာ အကြီးဆုံးသော အရိုအသေပြုခြင်းပင် ဖြစ်၏။

''တပည့်တော် သီဟစစ်သူကြီးပါဘုရား'' ဟု စတင်လျှောက်ထားလိုက်သည်။

''ငါသိပါ၏ သီဟသေနာပတိ၊ ကျန်းခံ့သာ၍ မာပါ၏လော'' ဟု ဘုရားရှင်က ပဋိသန္ထာရ ပြုသည်။

''အရှင်မြတ်၏ သတင်းကောင်းများကို ကြားသိရ၍ ဖူးတွေ့ရန် လာရောက်ခဲ့ပါသည်။ သို့ရာတွင် အရှင်မြတ်သည် အကိရိယဝါဒရှိသည်ဟု အချို့က ပြောဆိုကြပါသည်။ ထိုစကား မှန်ပါသလားဘုရား''

''ငါဘုရားသည် မပြုထိုက်သော အကိရိယဝါဒရှိသည်ဆိုသည်မှာ မှန်ပေသည် သီဟ၊ ငါဘုရား၏ မပြုထိုက်သော ဝါဒဟူသည်ကား သူတစ်ပါးအသက်မသတ်ခြင်း၊ သူတစ်ပါးပစ္စည်းကိုမခိုးခြင်း၊ ကာမဂုဏ်တို့၌ မှားသောအကျင့်ကို မကျင့်ခြင်း၊ မုသား

မပြောခြင်း အစရှိသည်တို့ပေတည်း'' စသည်ဖြင့် ဤနေရာမှစ၍ ပယ်သင့်သော အကုသိုလ်မှုများ၊ ပြုထိုက်သော ကုသိုလ်တရားများကို အစဉ်အတိုင်း ဟောတော်မူသည်။ အကိရိယဝါဒဟူသည် ဒိဋ္ဌိတရား ၆၂ ပါးမှ တစ်ပါး၏ အမည်ဖြစ်၏။ တိတ္ထိတို့၏ အကိရိယဝါဒကို မိမိ၏အကိရိယဝါဒအဖြစ် တင်စားဟောကြားတော်မူလိုက်ခြင်း ဖြစ်သည်။

စဉ်းစားဉာဏ်ရှိသော သီဟသေနာပတိအဖို့ နိဂဏ္ဌတို့၏တရားကို အစဉ်အလာ အားဖြင့်ကြားနာခဲ့ရသော်လည်း ထိုတရားများအပေါ်တွင် မကျေလည်မှု များစွာရှိခဲ့သည်။ ထိုမကျေလည်မှုများကို ဘုရားရှင်အား မေးလျှောက်၍ ဟောကြား တော်မူပြီးသည့်အဆုံးတွင် ''အရှင်မြတ်ဘုရား၊ တပည့်တော်သည်အရှင်မြတ်၏ ဥပါသကာဖြစ်ပါပြီ။ ယနေ့မှစ၍ အရှင်မြတ်နှင့်တကွ တရားတော်၊ သံဃာတော်မြတ်တို့ကို ကိုးကွယ်ဆည်းကပ်ပါတော့မည်ဘုရား'' ဟု ဖွင့်ဟလျှောက်ထားလိုက်သည်။

''သီဟ၊ စဉ်းစားချင့်ချိန်ပြီးမှ ဆုံးဖြတ်ပါဘိ။ အကြောင်းမူကား သင်ကဲ့သို့ ကြီးမြင့်ကျော်ကြားသောသူဟူသည် တစ်စုံတစ်ခုကို ဆုံးဖြတ်လျှင် စဉ်းစားချင့်ချိန် ပြီးမှသာ ဆုံးဖြတ်သင့်သည်''

''အရှင်ဘုရား၊ စဉ်းစားချင့်ချိန်ပြီးမှ အရှင်မြတ်၏ ရတနာသုံးပါးသို့ ကူးပြောင်း ကိုးကွယ်ရန် ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ တပည့်တော်သည် အရှင်မြတ်၏ ဂုဏ်တော် များနှင့် တရားတော်တစ်စွန်းတစ်စကို တစ်ဆင့်ကြားသိချိန်မှစ၍ အကြိမ်ကြိမ် စဉ်းစား ချင့်ချိန်ခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် အခြားဆရာများသည် တပည့်တော်ကဲ့သို့သော ဒကာတစ်ဦးကို ရရှိခဲ့ပါသော် ချက်ချင်းပင် ဝမ်းမြောက်ဝမ်းသာ လက်ခံကြမည် ဖြစ်ပါသည်။ အရှင်ဘုရားကမူ စဉ်းစားချင့်ချိန်၍ ပြုလုပ်ရန် သတိပေးသဖြင့် တိုး၍ ဝမ်းမြောက်ရပါသည်ဘုရား''

''ကောင်းပါပြီသီဟ၊ သို့သော် ရတနာသုံးပါးအား ကိုးကွယ်သည်ဆိုစေ သင့်အိမ်သည် နိဂဏ္ဌတို့ မပြတ်ဝင်ထွက်အပ်သော ရေတွင်းပမာ ဖြစ်ခဲ့သည်။ သို့ဖြစ်၍ နိဂဏ္ဌတို့ကို ပစ်ပယ်လိုက်ရန်တော့ မသင့်ပါ။ သူတို့ကိုလည်း ပေးလှူပါဘိ''

''အံ့ဖွယ်ပါပေဘုရား၊ အကြောင်းမှာ ဂေါတမဗုဒ္ဓသည် မိမိကိုသာ ပေးလှူစေ၍ အခြားသူများကို မပေးလှူရန် တားမြစ်သည်ဟု နိဂဏ္ဌတို့ထံမှ ကြားသိခဲ့ရပါသည်။ ယခုမူ နိဂဏ္ဌတို့ကိုလည်း ပေးလှူရန် အရှင်မြတ်မိန့်ကြားသည်ကို ကြားရ၍ အံ့သြ ဝမ်းမြောက်ရပါသည်ဘုရား''

ယင်းကဲ့သို့ ဒါနကထာ၊ သီလကထာမျှမက ဘုရားရှင်က သစ္စာလေးပါး တရားတော်ဖြင့် အချောသတ်လိုက်သောအခါ သီဟသေနာပတိသည် တစ်ထိုင်တည်း

ဖြင့်ပင် သောတာပန်အဖြစ်သို့ ကူးပြောက်သွား၏။ သို့ဖြစ်၍ ဘုရားရှင်နှင့် သံဃာတော် အားလုံးကို ပင့်ဖိတ်ကာ နောက်နေ့နံနက်တွင်ပင် ကိုးကွယ်မှု ကူးပြောင်းရေးပွဲကြီးအဖြစ် ဆွမ်းကျွေး ဆွမ်းလှူပွဲကြီးကို ပြုလုပ်လိုက်သည်။ ။

# မှော်ဆရာကြီး

[ ၁ ]

ဘုရားရှင်၏ တပည့်သား သံဃာတော်များအနက် မှော်ဆရာဘဝမှ ကူးရောက် ထွက်မြောက်လာကြသော သံဃာနှစ်ပါးမှာ အရှိပိလိန္ဒဝစ္ဆမထေရ်နှင့် အရှင်ဝင်္ဂီသမထေရ်တို့ဖြစ်ကြသည်။ သာမန်အဆင့်နိမ့် ပုထုဇဉ်သံဃာတော်မျှမဟုတ်။ ရဟန်းကိစ္စတည်းဟူသော တရားအလုပ်ပြီးစီး၍ အရဟတ္တဖိုလ်သို့ပင် ရောက်ကြပြီးသော ရဟန္တာအရှင်မြတ်ကြီးများဖြစ်ကြသည်။ ရဟန္တာပုဂ္ဂိုလ်တို့တွင်လည်း ထိပ်တန်းဘွဲ့တော်ရ ဧတဒဂ်အရှင်ကြီးများဖြစ်ကြသည်။

အရှိပိလိန္ဒဝစ္ဆက နတ်တို့ချစ်မြတ်နိုးသော အရာ၌ထိပ်တန်းအရှင် 'အဂ္ဂဒေဝါနံပိယမနာပ' ဧတဒဂ်ရ၍၊ အရှင်ဝင်္ဂီသ က ဂါထာကဗျာ သီကုံးဖွဲ့ဆိုရာ၌ လျင်မြန်မှုတွင် ထိပ်တန်းဖြစ်သော 'အဂ္ဂပဋိဘာနဝန္တ' ဘွဲ့တော်အရှင်ဖြစ်သည်။

အရှင်ပိလိန္ဒဝစ္ဆကို နတ်တို့ချစ်မြတ်နိုးသည်၊ နတ်တို့စောင့်ရှောက်သည်ဆိုရာ၌ သာမန်နတ်တို့ စောင့်ရှောက်ခြင်းမျိုးမဟုတ်၊ တန်ခိုးကြွဒ္ဓိပါဒ်ကြီးမားသော နတ်ကောင်းနတ်မြတ်တို့ စောင့်ရှောက်ခြင်းဖြစ်သည်။ အကြောင်းမှာ လူတို့၏ အစဉ်အထင်ကြီးခံရသော နတ်ဘဝပင်ဖြစ်သော်လည်း လူထက်ပင် ညံ့သောနတ်များလည်း ရှိကြပေသေးသည်။

အမှန်အားဖြင့် ဘုရားရှင်၏ သားတော် တရားရှင်သံဃာကောင်း သံဃာမြတ်ဖြစ်လာခဲ့ပါသော် ဗုဒ္ဓဘာသာဝင် သာသနာစောင့်နတ်ကောင်းနတ်မြတ်တို့ စောင့်ရှောက်လာတတ်ကြသည်သာဖြစ်၏။ အရှင်သီဝလိတို့လို ထူးထူးခြားခြား အစောင့်အရှောက်ခံရခြင်းနှင့် သာမန်စောင့်ရှောက်ခံရခြင်းတို့မျှသာကွာခြားသည်။

ထိပ်တန်းပြဟ္မာ၊ သိကြားတို့ စောင့်ရှောက်ရုံမျှမက ညစဉ်အခွင့်သာသလောက် မပြတ်တရားနာ၊ တရားဆွေးနွေးရန်ပင် လာရောက်ခံရသော ဘုရားရှင်အဖို့ကားအထူးဆိုဖွယ်မရှိ။ နတ် ပြဟ္မာတို့ကို တရားဟောရန် ဗုဒ္ဓကိစ္စတော်တစ်ရပ်အဖြစ်ဖြင့်ပင်

သတိမှတ်ပေးထားရသည်။ ရောက်လာသော နတ်ပြဟ္မာတို့ကို အကြောင်းအားလျော်စွာ တရားဟော ဆုံးမရသည်မှာ ဘုရားရှင်၏ သက်တော်တစ်လျှောက်တွင် ထပ်၍နေ၏။

ယင်းတို့အနက် လူအများအတွက် အထင်ရှားဆုံး သက်သေခံအချက် ဟော်တော်မူရချက်မှာ မင်္ဂလသုတ်တော်ပင်ဖြစ်ပေသည်။ မင်္ဂလာသုတ်ကို ဟောတော်မူသည်မှာ "အညတရ–အမျိုးအမည်အားဖြင့် မထင်ရှားသော၊ ဒေဝတာ–နတ်သားသည်" ဟု ဆိုသော်လည်း ထိုနတ်မှာ သိကြားမင်းပင်ဖြစ်သည်ဟု ပညာရှိ တို့ကဆုံးဖြတ်သည်။ ယင်းသို့ သိကြားမင်းမှ တစ်ဆင့် ဆက်နွယ်လာသည့် လူတို့တစ်သက်တာအတွက် အသုံးဝင် အကျိုးပြုလှသော မင်္ဂလာသုတ်တော်သည် ယနေ့တိုင် လူတို့လောကတွင် ဟိန်း၍နေ၏။

တောကျောင်းတွင် အရှင်သာရိပုတ္တရာ လေနာရောဂါအတွက် နွားနို့ဆွမ်း လိုသောအခါ တောနတ်ကလေးကပင် မိမိစွမ်းသမျှတန်ခိုးဖြင့် ဖန်တီး၍ ကပ်လှူစေ၏။ ဆွမ်းကောင်းဆွမ်းမွန်ကို လက်မခံ။ မျက်နှာကြီးတို့နှင့် ဆက်ဆံရမည်ကို ရှောင်ကြဉ်လေ့ ရှိသော အရှင်မဟာကဿပကို သိကြားလင်မယားကပင် ဆွမ်းခိုး၍လှူ၏။ ရဟန်း တို့သည် တောလမ်းခရီးတွင် ဆွမ်းအခက်အခဲကြုံသောအခါ ရဟန်းငါးရာအတွက်ပင် ဆွမ်းကပ်လှူ၏(ယောသကဇာတ်တော်)။ နာမည်ကျော် အရှင်သီဝလိအဖို့ကား ရိုး၍ပင် နေပေပြီ။ အရှင်သီဝလိ၏ အထင်ရှားဆုံးသော နတ်ချစ်ကိစ္စမှာ ခရောင်းတောအရှင် ရေဝတအထံသို့ ဘုရားရှင်နှင့်သံဃာတော်အများ ကြွတော်မူသည့်ကိစ္စတွင် ဆွမ်းလောင်း လှူမည့်ကျေးရွာတို့ ကင်းပြတ်သောခရီးဖြစ်သောကြောင့် နတ်တို့၏ အကူအညီကို ရယူနိုင်ရန် ဘုရားရှင်ကိုယ်တော်တိုင်ကပင် အရှင်သီဝလိကို နောက်တော်ပါအဖြစ် ခေါ်ဆောင်သွားရသောကိစ္စကြီးဖြစ်၏။

နတ်နှင့်စပ်၍ ထင်ရှားလှသော သံဃာတော်တစ်ပါးသည်ကား နာမည်ကျော် လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန် အရှင်မြတ်ကြီးပင်ဖြစ်၏။ တန်ခိုးတော်အရှင် ဖြစ်သည့်အတိုင်း သူသာသနာပြုပုံက တန်ခိုးနှင့်စပ်သည်။ အချိန်ရလျှင် နတ်ပြည်ထိုထိုသို့ ကြွ၍ အဘယ်နတ်သည် အဘယ်ကောင်းမှုကြောင့် နတ်ဖြစ်လာသည်တို့ကို စုံစမ်း မေးမြန်းသည်။ ထို့နောက် အဘယ်သူသည် ဘုရားရှင်သာသနာတော်တွင် အဘယ် ကောင်းမှုကြောင့် အဘယ်နတ်ဘုံတွင် အဘယ်နတ်သား နတ်သမီးဖြစ်နေကြသည် စသည်ဖြင့် လူဒါယကာတို့အား ပြန်လည်ဟောကြားသည်။ တစ်ချိတွင်မူ ဘုရားရှင်ထံ တရားနာလာရောက်ခဲ့သော သိကြားမင်းအထံသို့ အဘယ်တရားကို ကြားနာခဲ့ရ ပါသနည်းဟု သွားရောက်မေးမြန်းခဲ့ရာ နတ်သမီးတို့စည်းစိမ်ဖြင့် သိကြားမင်း မေ့လျော့ နေသောကြောင့် ကြောက်လန့်ခြင်းဖြင့် သတိတရားပြန်လည်ပေါ်လာစေရန် သိကြားမင်း၏ ဝေဇယန္တာ နတ်နန်းကိုပင် တန်ခိုးတော်ဖြင့် ကိုင်လှုပ်ခဲ့ရပေသေး၏။

နတ်ပြည်သို့သာမဟုတ်၊ ငရဲပြည်သို့လည်း အလားတူကြွရောက်၍ အဘယ်ငရဲသားသည် လူ့ဘဝတွင် အဘယ်မကောင်းမှုကြောင့် ငရဲသို့ကျရောက်နေရပုံများကို မေးမြန်းစိစစ်ကာ လူ့ဒါယကာတို့အား အလားတူပြန်လည်ဟောကြား၍မကောင်းမှုတို့မှ ရှောင်ကြဉ်စေသည်။ အရှင်မောဂ္ဂလာန်၏ ယင်းအပြုအမူကြောင့် မိစ္ဆာဒိဋ္ဌိတို့ဆတ်ဆတ်ခါ၏။ အကြောင်းမှာ ယင်းသို့ ကိုယ်တွေ့မျက်မြင် ဟောပြောမှုကြောင့် ဘုရားရှင်သာသနာတော်သို့ ကူးဝင်၍ လာကြပေရာ မိစ္ဆာဒိဋ္ဌိတို့သာသနာ လျော့ပါးရသောကြောင့် ဖြစ်သည်။

အရှင်မြတ်ခမျာ ယင်းသို့ သာသနာပြုပုံနည်းကိစ္စကြောင့်ပင် အသတ်ခံရကာ ခိုးသားတို့လက်ချက်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူရရှာသည်။ အကြောင်းမှာ ဤပုဂ္ဂိုလ်ရှိနေသမျှ ငါတို့အဖို့ ခက်ရချည့်ဟု တောကျောင်းတွင် အရှင်မြတ်သီတင်းသုံးခိုက် မိစ္ဆာဒိဋ္ဌိဆရာကြီးတို့က ခိုးသားတို့အား ဝိုင်းဝန်းအသတ်ခိုင်းသောကြောင့်ဖြစ်သည်။ သံသရာ ဘဝတစ်ကွေ့တွင် မယားကြောင့် မိခင်ကိုသတ်မိသည့် ဘဝဝဋ်ကြွေး မကင်းခဲ့သောအရှင်မြတ်အဖို့ တန်ခိုးတော်များပင် အရှိန်သေကာ နောက်ဆုံးဝဋ်ကြွေး အဖြစ် ပရိနိဗ္ဗာန်ပြုတော်မူခဲ့ရရှာသည်။

ယင်းသို့လျှင် ဘုရားရှင်သာသနာတော် ခေတ်တစ်လျှောက်၌ ဘုရားရှင်၊ သံဃာတော်များနှင့် နတ်ပြဟ္မာတို့၏ ဆက်စပ်မှုတို့မှာ များပြားလှစွာ၏။

နတ်ပြဟ္မာတို့အကြောင်းကို ဤမျှထုတ်ဖော်ရခြင်းမှာ ဤဝတ္ထုတွင် အထက်တန်းစား နတ်ပြဟ္မာတို့သည်လည်းကောင်း၊ ယင်းအထက်တန်းစားနတ်ပြဟ္မာတို့မှ အောက်ဘက်သို့ ဆက်နွှယ်၍လာသော ပရလောကသား၊ ပရလောကဝန်းကျင်ဟုဆိုအပ်သော ယောဂီခေါ် ဇော်ဂျီ၊ ယောဂိနီခေါ် ဇော်ဂနီ၊ မှော်၊ စုန်း၊ ကဝေတို့နှင့် ယင်းတို့၏အတတ်ပညာများသည်လည်းကောင်း ဆက်စပ်၍ နေသောကြောင့်ဖြစ်ပါ၏။

လူအများက လာဘ်လာဘအရာတွင် ထင်ရှားကျော်ကြားလှသော အရှင်သီဝလိကို နတ်ချစ်သောအရှင်ဟု သိမှတ်၍ သီးခြားကိုးကွယ်ကြ၏။ ဘုရားရှင်ကမူ နတ်ချစ်ခံရသူတို့အနက် အရှင်ပိလိန္ဒဝစ္ဆသည်သာ အထူးခြားအကြီးမြတ်ဆုံးဟု ဧတဒဂ်အရာဖြင့်ပင် သတ်မှတ်ချီးမြှောက်တော်မူသည်။

ရှင်သီဝလိကဲ့သို့ လူ့ဘဝယ်ရွယ်စဉ်ကပင် နတ်တို့အစဉ်ချစ်မြတ်နိုး၍ အစောင့်ရှောက်ခံရသည့် ထင်ရှားသော အရှင်တစ်ပါးရှိပေသေး၏။ အရှင်အနုရုဒ္ဓါပင်ဖြစ်သည်။ နတ်တို့ အစဉ်စောင့်ရှောက်သောကြောင့် မရှိဟူသောစကားကိုပင် မကြားစဖူးခဲ့သောအရှင်ဖြစ်၏။ ဤတွင် အရှင်သီဝလိ၊ အရှင်အနုရုဒ္ဓါနှင့် အရှင်ပိလိန္ဒဝစ္ဆတို့၏ ကွာခြားချက်မှာ အရှင်သီဝလိက အတိတ်ဘဝကဖြည့်ဆည်းခဲ့သော ကုသိုလ်ပါရမီအရ နတ်တို့ချစ်ခင်

စောင့်ရှောက်ခြင်းဖြစ်၍ အရှင်ပိလိန္ဒဝစ္ဆအဖို့မူ အတိတ်ပါရမီလည်း ပါရှိ၏။ ပစ္စုပ္ပန်တွင်လည်း ဘုရားရှင်နှင့်မတွေ့မီ လူ့ဘဝတွင် နတ်ကောင်းနတ်မြတ်တို့ ချစ်ခင်စောင့်ရှောက်စေအပ်သောနည်းနာနိဿယ အလေ့အထုံများကို လေ့ထုံကျင့်သုံးလာခဲ့သော အထက်တန်းယောဂီဆရာကြီးဖြစ်ခဲ့သည်။

ဘုရားရှင်နှင့်တွေ့ကာ တရားတော်ကိုနာရ၍ ရဟန္တာအရှင်မြတ်ကြီးဖြစ်လာသောအခါတွင်မူကား လူ့ဘဝက နတ်ချစ်အစွမ်းများသာမက တရားတော်၏အစွမ်းပါ ထပ်ဆောင်းလာသောကြောင့် အရှင်မြတ်၏ ပါးစပ်ဖျားမှ ထွက်လေသမျှ တစ်ခုမကျန် ပြီးစီးလေတော့၏။ သို့ရာတွင် တရားရှင်ကြီးဖြစ်လာလေသည့်အလျောက် အလွန်နှုတ်ဆိတ်သည်။ လူတို့နှင့် ဆက်ဆံရမည်ကို ရှုံမုန်း၍ တောကျောင်းတွင်သာ ကေစာသီတင်းသုံးသည်။ သို့ပါလျက် မလွှဲမရှောင်သာသောအကြောင်း ပေါ်လာ၍ ပြောဆိုရသောအခါ ပြောသမျှအတိုင်းဖြစ်လာ၏။

ပိတ်ချင်းသီးများကို တောတွင်းမှ လှည်းဖြင့်တိုက်လာသော ဒကာတစ်ယောက်အား "ဟိတ်–လူယုတ်မာဒကာ၊ ဘာတွေတိုက်လာသတုံး" ဟု မေးလိုက်မိသည်ကို လူယုတ်မာဟု အခေါ်ခံရ၍ စိတ်တိုသွားသော ဒကာက "ကြက်ချေးတွေပါဘုရား"ဟု ငေါ့၍လျှောက်ထားလိုက်သောအခါ ပိတ်ချင်းသီးများသည် ကြက်ချေးတုံးများဖြစ်သွားကုန်၏။ သူ့ဆွမ်းအိမ်က သူငယ်မလေးမိကြာအေးသည် ဝတ်ပန်းဝတ်လို၍ ငိုယိုနေသည်ကို မြင်ရသောကြောင့် ရေအိုးစင်မှ ကရွတ်ခွေကို ရွှေပန်းကုံးအဖြစ်ပစ်၍ပေးလိုက်သောအခါ ရွှေပန်းကုံးကြီးဖြစ်သွား၏။ ယင်းရွှေပန်းကုံးအမှုကြောင့်ပင် မိကြာအေးတို့ အဖမ်းခံရ၍ ဗိမ္ဗိသာရဘုရင် နန်းတော်သို့ရောက်သွားသည်ကို ဘုရင့်နန်းတော်တစ်ခုလုံးကိုပင် ရွှေအဖြစ် ဖန်ဆင်းပြလိုက်ခြင်းဖြင့် ကယ်တင်ခဲ့ရသည်။ နှုတ်ဖြင့်ပြောလိုက်သမျှ နတ်တို့၏ အစောင်အမကြောင့်ဖြစ်စေ၊ မိမိတန်ခိုးကြောင့်ဖြစ်စေ ပြီးစီးနေသော အရှင်မြတ်ကြီးဖြစ်သည်။

[ ၂ ]

ယင်းသို့လျှင် အရှင်ပိလိန္ဒဝစ္ဆကို ရဟန်းဘဝတွင် စေတစ်လုံးပိုင် တန်ခိုးရှင်ကြီး၊ လူ့ဘဝတွင် နတ်ကောင်းနတ်မြတ်တို့ချစ်ခင်စောင့်ရှောက်သော အထက်လမ်းဆရာကြီးဟု ဆိုနိုင်ခဲ့သော် ဆရာဝင်္ဂီသကို အောက်လမ်းဆရာကြီးဟု ခေါ်ရမည်ဖြစ်၏။

စုန်း၊ မှော်၊ နတ်၊ ကဝေ၊ ဗေဒင်၊ ဆေးဝါးနှင့်စပ်သော လူတို့အတတ်ပညာများ၌ အထက်လမ်း၊ အောက်လမ်းဟူ၍ရှိ၏။ ရတနာသုံးပါး၊ ဂုဏ်တော်ပွားတို့နှင့်စပ်၍ အကျင့်သီလစောင့်ထိန်းကာ ဆိုင်ရာအတတ်ပညာတို့တွင် အပြစ်ကင်းသော

နည်းဖြင့် ရှင်းရှင်းသန့်သန့် ပွားထုံအောင်မြင်၍ ထားအပ်သော ဆရာကို အထက်လမ်းဆရာဟုခေါ်၍ သချိုင်းပြိတ္တာ၊ မိစ္ဆာအောက်တန်း၊ မသန့်ရှင်းသော နည်းလမ်းစုံတို့ဖြင့် ပွားထုံ အောင်မြင်အပ်သောဆရာကို အောက်လမ်းဆရာဟုခေါ်၏။ ဆရာဝင်္ဂီသ၏ အတတ်ပညာမှာ သချိုင်းမြေ၊ လူသေဦးခေါင်းခွံတို့နှင့်စပ်၍နေသောကြောင့် အောက်လမ်းပညာ၊ အောက်လမ်းဆရာဟု ဆိုရမည်ဖြစ်၏။ အကြောင်းမူကား လူအများကိုမှီ၍ သူပရိယေသနပြုသောအတတ်မှာ လူသေဦးခေါင်းများကို တီးခေါက်ရင်း မန္တန်စိပ်၍ ထိုသူသည် အဘယ်ဘဝသို့ရောက်နေသည်ဟု ပြောသောနည်းဖြစ်သည်။

ဤတွင် ဗြာဟ္မဏတို့၏ ဗေဒင်သုံးပုံ၊ သို့မဟုတ် လေးပုံမှ ဆင်းသက်ဆက်နွှယ်အပ်သော မှော်ပညာအကြောင်းကို ဖော်ပြဖို့လို၏။

ဘုရားရှင်သာသနာတော်တွင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတည်းဟူသော ပိဋကတ်သုံးပုံရှိသကဲ့သို့၊ ဗြာဟ္မဏတို့တွင် မှိုင်းမှုန်ပြာရီ ပဝေဏီအစဉ်အဆက်ကပင် ဆင်းသက်လာခဲ့သည့် သာမ၊ ယဇု၊ ဣရုဟူသော ဗေဒင်သုံးပုံရှိသည်။ သာမန်မျှမဟုတ်၊ ဘာသာအယူဝါဒအဖြစ် ကျင့်သုံးတည်ရှိနေသော ဗေဒင်သုံးပုံဖြစ်သည်။

အမှန်အားဖြင့် အာထဗ္ဗဏဟူသော ဗေဒင် တစ်ပုံပါနှင့်ဆိုလျှင် လေးပုံဖြစ်သည်။ သို့သော်ယင်း အာထဗ္ဗဏဟူသည် လူသတ္တဝါတို့၏ အကျိုးထက် အပြစ်ကပို၍များသောကြောင့် လေးစားအပ်သော ဝေဒဆရာ၊ ဗြာဟ္မဏဆရာကြီးများက သူတို့ကျမ်းဂန်စာရင်းမှ ထုတ်နုတ်၍လည်းကောင်း၊ ရှုတ်ချပြောဆို၍လည်းကောင်း ပစ်ပယ်၍ ထားကြသည်။ သို့ရာတွင် ယင်းအာထဗ္ဗဏဆိုင်ရာ အင်းအိုင်ခလှဲ့၊ စုန်း၊ နတ်၊ မှော်၊ ကဝေ၊ တစ္ဆေ မှင်စာ အဖြာဖြာသော အောက်လမ်းပညာများသည် တစ်ထောင့်တစ်နား တိုးတိုးတိတ်တိတ် လောကတွင် အထင်အရှားရှိနေခဲ့သည်သာဖြစ်ပေသည်။ မဇ္ဈိမတွင် သာမဟုတ်၊ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးသို့ပင် ယနေ့တိုင်ပျံ့နှံ့လျက်ရှိသည်။

မှော်ဟူသည် ယင်းအာထဗ္ဗဏမှ ဆင်းသက်သောပညာထူးတစ်ရပ်ဖြစ်၏။ အဂ္ဂမဟာပဏ္ဍိတ ဖျာပုံဆရာတော် အရှင်ဩဘာသာ ဘိဝံသ၏ 'သုတေသန သရုပ်ပြ အဘိဓာန်' ကျမ်းတွင် မှော်ပညာဟူသည် ကဝေသောရကျမ်း၊ မဟောသရကျမ်း၊ သရဘူကျမ်းတို့တွင်လာရှိ၍ ဆေးမှော်၊ အင်းမှော်၊ ရက္ခမူမှော်၊ ပထမံမှော်၊ စမမှော်နှင့် သမာဓိမှော်ဟူ၍ ခြောက်မျိုးရှိသည်။ တစ်ဖန် ယင်းတို့မှ ဂိုဏ်းခွဲများအဖြစ် ရက္ခစိုးမှော်၊ အာဇ္ဈာရသမှော်၊ ပိဋကတ်မှော်၊ မဟိဒ္ဓိဝိပဿနာမှော်၊ ဒေဝရာသီမှော်နှင့် ဒေဝီသူရသတီမှော်ဟူ၍ ကွဲပြားသည်ဟု ဖော်ပြ၏။

ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့၏ 'မြန်မာစာအဘိဓာန်' ကျမ်းတွင် မှော်ဟူသည် စုန်း၊ ပယောဂ၊ အင်းအိုင် စသည်တို့နှင့် ပတ်သက်သော လောကီ

အတတ်ပညာတစ်ရပ်၊ မှော်သွင်းဟူသည် တစ်စုံတစ်ခုသော လောကီပညာစွမ်း ကိန်းဝင်အောင် အစီအရင်ပြုသည်။ မှော်အောင်ဟူသည် မှော်အတတ်၏ အစွမ်း ရရှိအောင် ကြိုးစားလုပ်ဆောင်ရာတွင် အောင်မြင်ထမြောက်သည်။ မှော်ရှုံးဟူသည် မှော်သွင်းရာတွင် မအောင်မြင်သဖြင့် စိတ်ကယောင်ချောက်ချားဖြစ်နေသူဟု ဖော်ပြထား သည်။ ဆရာဝဂီသ၏ အတတ်ပညာသည် ယင်းမှော်ပညာပင်ဖြစ်၏။

လူသတ္တဝါဟူသည် အတိတ်နှင့် အနာဂတ်တွင် မိမိဘာဖြစ်ခဲ့သည်၊ ဘာဖြစ်မည်ကို သိလိုသူဖြစ်၏။ အတိတ်နှင့် အနာဂတ်ကိုထားဦး၍ ပစ္စုပ္ပန်တွင် မိမိ ဘာဖြစ်နေသည်၊ ဘာလုပ်နေသည်ကို ကိုယ်တိုင်သိပါလျက်နှင့်ပင် သူတစ်ပါး ပြောဆို သည်ကို ကြားလိုသူဖြစ်၏။ မိမိအကြောင်းကိုသာမက သူတစ်ပါးအကြောင်းကိုလည်း သိလိုသည်။ ယင်းသိလိုမှုစိတ်ဓာတ်ကို အပျော့နှိုက်၍ ဗေဒင်ဆရာ၊ လက္ခဏာဆရာ၊ မှော်ဆရာတို့ စီးပွားရှာကြသည်။

ဆရာဝဂီသသည်လည်း မှော်ပညာ ဗေဒင်ပညာဖြင့် ပရိယေသန ပြုသူဖြစ်၏။ ဟောပြောချက်များ မှန်ကန်မှုကြောင့် ကျော်ကြားလှသော ဆရာကြီးဖြစ်ပေရာ သူတစ်ယောက်တည်းမဟုတ်၊ တပည့်တပန်း အသိုက်အဝန်းများစွာတို့ ဝိုင်းရံလျက် ရှိသည်။ တပည့်အသိုက်အဝန်းများက မိမိတို့ဆရာကြီးကို ချီးမြှောက်ပြောဆို၍ မေးမြန်းမည့်သူများကို လှော်ခတ်ဆွဲဆောင်ကြသည်။

ဆရာဝဂီသမှာ မှော်ဆရာကြီးဟူသော အဖြစ်မျှဖြင့်သာ ကျော်ကြားသူမဟုတ်၊ တစ်ဖက်တွင် ဗြာဟ္မဏတို့ တတ်သိဖွယ်ရာ မန္တသမျှကို အကုန်တတ်သိသူအဖြစ်လည်း ကျော်ကြားသူဖြစ်သည်။ ရုပ်ရည်ဥပဓိခန့်ညားး၍ အဟောအပြောတွင်လည်း ဝါစာသိလိမ္မာ ကြွယ်ဝသည်။ အကြောင်းမှာ သူ့ဖခင်နှင့် မိခင်တို့သည်လည်း ဝေဒပညာအရာတွင် ကျော်ကြားသော ပရိဗိုဇ်ရသေ့နှင့် ပရိဗိုဇ်မတို့ဖြစ်ကြ၍ မိဘက်ဖဘက်· နှစ်ဦးလုံးထံမှ ပညာကုန်ရရှိခဲ့သူဖြစ်သည်။

မိဘတို့က သူတို့သားကို သူတို့လိုပင်ပရိဗိုဇ်ကလေးဖြစ်လာစေချင်ကြ၍ ပညာကုန် သင်ပေးသည်။ သို့ဖြစ်၍ သူတို့သားသည် သစ္စကပရိဗိုဇ်ကြီးတို့လိုပင် မိဘက်ဖဘက် ဝါဒပေါင်းတစ်ထောင်ဖြင့် ပညာကုန်တတ်မြောက်လာသည်မှန်ပါ၏။ သို့ရာတွင် ဝင်္ဂီသ သည်ကား ပရိဗိုဇ်ဖြစ်လာဖို့မမြင်၊ ယော်စဉ်ကပင် နတ်ရေးကြွယ်၍ လူလောကအလယ်တွင် ထည်ဝါလိုသူဖြစ်ပေရာ သားကလေး၏ နောင် ပရိယေသနအတွက် သူ့ဖခင် ပရိဗိုဇ်ကြီးက အာထဗ္ဗဏအတတ်ပညာမှလာသည့် လျှို့ဝှက်သော ဆဝသီသမန္တန်နှင့် အစီအစဉ်ကို သင်ကြားပေးခဲ့သည်။ နောင်အခါတွင် ဆရာဝဂီသ ဖြစ်လာ၍ မှော်ဆရာကြီးဟုပင် အမည်ရလာသည်မှာ ဤမန္တန်ဤအတတ်၏ အစွမ်းပင် ဖြစ်ပေ၏။

ယင်းသို့ဖြင့် ပညာသင် တပည့်တပန်းအခြံအရံများစွာတို့နှင့် ဝေဒသုံးပုံ တစ်ဖက်ကမ်းခပ်ဆရာကြီး၊ မှော်ဆရာကြီးဟူသောအမည်မှာ ရာဇဂြိုဟ်တစ်ရိုးတွင် ဟိုးဟိုးကျော်ဖြစ်လာ၏။ သို့ရာတွင် ဝင်္ဂီသအဖို့ ပစ္စည်းမဲ့သောပရိဗိုဇ် မိဘနှစ်ပါးမှ ဆင်းသက်၍ ဗြဟ္မာယုဆရာကြီးစသည်တို့လို ဘုရင့်အသုံးတော်ခံ ပညာရှင်မဟုတ်ပေရာ၊ ပရိယေသနအတွက် မိမိပညာဖြင့် တစ်ဖက်တစ်လမ်းဟောပြောကာ စီးပွားရှာဖွေရသည်။

သူ့အလုပ်မှာ ထင်သလောက် လွယ်ကူလှသည်ကား မဟုတ်။ ဟောပြောလျှင် အသပြာငွေကြေး ရသည်မှန်ပါ၏။ မေးမြန်းဆွေးနွေးလိုသူတို့ကလည်း မအားလပ် ရအောင်ပင် ပေါများသည်မှန်ပါ၏။ သို့သော် သေသူများသည် လူ့ပြည်နတ်ရွာ စသော သုဂတိဘုံများသို့ ရောက်နေခဲ့လျှင် ဟောပြောရမှုမှာ ရှင်လန်းကြည်သာပါ၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာစသော အောက်ဘုံထိုထိုသို့ရောက်နေလျှင်မူကား မကောင်းသောဘဝကို မလိုလားသော လူတို့၏သဘာဝအရ ဟောရပြောရခက်ခဲသည်။ မျက်နှာပူရသည်။ စကားပရိယာယ်ကြွယ်ကြွယ်ဖြင့် သွယ်ဝိုက်ဖုံးလွှမ်း၍ ဖျောင်းဖျပြောဆိုရသည်။

ဥပမာအားဖြင့် ရာဇဂြိုဟ်မှ သူဌေးကတော်တစ်ယောက်သည် သူ့လင် သူဌေးကြီး ကွယ်လွန်သောအခါ အလောင်းကို သင်္ချိုင်းသို့မပို့မီ ဆရာဝင်္ဂီသကို ပင့်ဖိတ်၍ သူ့လင် ဘယ်ဘဝသို့ ရောက်နေကြောင်း ဟောပြောစေသည်။ သူဌေးကတော်၏ မျှော်လင့်ချက်မှာ သူ့လင်သည် ကေန်ကေကောင်းရာသုဂတိ ဘဝတစ်ခုခုသို့ ရောက်နေမည်ဟူ၍ဖြစ်၏။ အကြောင်းမှာ သူ့လင်သည် ဗြာဟ္မဏတို့ ဘာသာရေး လောကတွင် ကျော်ကြား၍ အလှူအတန်းရဲရင့်ကာ ပွဲလယ်တင့်ခဲ့သူဖြစ်၏။

ကွယ်လွန်သူတို့၏ အကျင့်သိက္ခာတွင် ယင်းသို့ယုံကြည်ချက်ရှိသူတို့ကသာ ပရိသတ်အလယ်တွင် ပြောင်ပြောင်တင်းတင်း မေးမြန်းဝံ့ကြခြင်းဖြစ်၍ ယုံကြည်ချက် မရှိသူတို့အဖို့ တိတ်တဆိတ်သာ မေးမြန်းလေ့ရှိကြသည်။ သူဌေးကတော်သည် သူ့လင် အပေါ်တွင် ယင်းသို့သောယုံကြည်ချက်ဖြင့် အသုဘအခမ်းအနား လူပုံအလယ်တွင် ကြွားကြွားရွားရွားဖိတ်ခေါ်မေးမြန်းသည်။

ဆရာဝင်္ဂီသသည် ထုံးစံအတိုင်း တပည့်အခြံအရံဖြင့် ကြွရောက်လာသောအခါ သူဌေးကတော်နှင့် ပရိသတ်က အရေးတယူဆီးကြိုနေရာပေးကြ၏။ ဆရာဝင်္ဂီသက လူသေ၏ ဦးခေါင်းပိုင်းတွင်ထိုင်၍ သူဌေး၏ဦးခေါင်းကို လက်ဖျားဖြင့် တီးခေါက်ကာ မန္တန်စိပ်သည်။ ထိုအခါ ရောက်လာသည့် အချိန်မှစ၍ မန္တန်စိပ်သည်အထိ ရွှင်ကြည် လန်းဆန်းလျက်ရှိသော ဆရာဝင်္ဂီသ၏မျက်နှာမှာ မန္တန်စိပ်ရင်းဖြင့် ညှိုးငယ်သော အသွင်သို့ ပြောင်းလဲသွားသည်ကို ပရိသတ်အားလုံးမြင်ကြရသည်။

မန္တန်စိပ်မှုပြီးဆုံးသောအခါ ဆရာဝင်္ဂီသက ရုတ်ခြည်းမဟောပြောသေးဘဲ ငေးငိုင်ဆိုင်းငံ့လျက်ရှိသောကြောင့် အနီးရှိ သူဌေးကတော်က "ဟောပါတော့ဆရာ၊

ကျွန်မယောကျ်ား ဘယ်ဘဝရောက်နေပါသလဲ၊ ကေန္တ ကောင်းရာသုဂတိရောက်မှာ သေချာပါတယ်'' ဟု မေးလိုက်ရုံမက ရှေ့ပြေးစကားပင် ပြောလိုက်သေးသည်။

''ဟောရမှာက ပရိသတ်အလယ်မှာ အားနာဖို့ကောင်းနေလို့ပါ''

''ဟောသာဟောပါဆရာ၊ အမှန်အတိုင်းသာ ဟောပါ''

''ဒီလိုဆိုလဲ ဟောရမှာပေါ့၊ သူဌေးကြီးဟာ ရာဇဂြိုဟ်နဲ့ မဝေးမနီး သစ်ပင်ကြီး တစ်ပင်မှာ တစ္ဆေကြီးဖြစ်နေရှာတယ်''

ထိုအခါ သူဌေးကတော်က ''အလိုလေးလေး'' ဟု အော်လိုက်၍ ပရိသတ်က 'ဟင်' ခနဲ 'ဟာ' ခနဲဖြစ်သွားကြသည်။ ထို့နောက်တွင်မူ သူဌေးကတော်၏အသံမှ ပေါက်ကွဲသံ ထွက်လာတော့သည်။

''ဆရာညာတယ်၊ သက်သက် ညာတာ လိမ်တာ၊ ကျွန်မယောကျ်ားလို သူတော်ကောင်းကြီးဟာ ဘယ်နည်းနဲ့မှ တစ္ဆေမဖြစ်နိုင်ဘူး''

မှော်ပညာတွင် မလိမ်ရ၊ မညာရဟူသည်မှာ စောင့်ထိန်းရသော သိက္ခာပုဒ် တစ်ရပ်ဖြစ်၏။ သို့ဖြစ်၍ အမှန်အတိုင်းသာ ဟောပြောရသည်။ သို့ရာတွင် လူပုံအလယ်၌ လူလိမ်လူညာဟု စွပ်စွဲခံလာရသောအခါ ဆရာဝင်္ဂီသ ဒေါသထွက်သွား၏။ ထို့ကြောင့် ''လူဆိုတာ လူမြင်သူမြင် သူတော်ကောင်းကြီးဖြစ်ပေမယ့် ကွယ်ရာကျတော့ သူမသိ လူမသိ ယုတ်မာနေတာတွေလဲရှိပေသေးသကိုးဗျ'' ဟု ပြောလိုက်သည်။

''ဘာပြောပြော ဆရာညာတာ၊ လိမ်တာ'' ဟု သူဌေးကတော်က ထပ်အော် လိုက်သည်။ ရှက်ရမ်းရမ်းပြီဖြစ်၏။

''လိမ်တယ်ထင်ရင် အသေအချာ ထုတ်ဖော်လိုက်ပါ့မယ်၊ သူဌေးကြီးဟာ အိမ်က လင်ရှိတဲ့အစေခံမလေးနဲ့ မိစ္ဆာဇီဝကျင့်ခဲ့တယ်၊ အဲဒီအစေခံမသေသွားတော့ စွဲလမ်းကျန်ခဲ့တယ်၊ အဲဒီအစွဲအလမ်းနဲ့သေလို့ တစ္ဆေဖြစ်နေတာ''

''မဟုတ်ဘူး၊ မယုံဘူး၊ ဒီဆရာ ညာတာ''

''ညာတယ်ဆိုရင်လဲ အသေအချာ ထပ်ပြီးထုတ်ဖော်ပြရပေမှာပေါ့။ ကဲ အဲဒီ သူဌေးတစ္ဆေကို ခေါ်ပေးမယ်၊ ပိုပြီးသေချာအောင် တစ္ဆေမကိုပါခေါ်ပေးမယ်၊ အစေခံမလဲ တစ္ဆေဖြစ်နေရတယ်။ သူဌေးကတော့ အဲဒီအပင်မှာပဲ အစေခံမတစ္ဆေနဲ့ အတူသွား နေတယ်။ သူတို့နှစ်ကောင်လုံးကိုခေါ်ပြမယ်၊ ခေါ်ပေးရမလား''

သူဌေးကတော်ရှက်လွန်းလို့ တရှုပ်ရှုပ်ငိုနေသည်။ အနီးရှိ ဆွေမျိုးကြီးများနှင့် ပရိသတ်က ''ခေါ်ပေးပါဆရာ၊ ခေါ်ပါဆရာ'' ဟု တောင်းဆိုကြသည်။

ခေါ်ရမယ်ဆိုရင် ကျုပ်တပည့်ကိုခိုင်းရင် လိမ်တယ်လို့ ထင်နေဦးမယ်။ ခင်ဗျားတို့ အထဲက ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ဒီရှေ့ကိုလာခဲ့ကြပါ''

ယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက် ဆရာရှေ့သို့ ပို့လိုက်ကြသည်။ ဆရာဝင်္ဂီသက သူတို့နှစ်ယောက်၏ ဦးခေါင်းကိုကိုင်၍ မန္တန်စိပ်လိုက်သောအခါ ယောက်ျားသည် ထိုင်ရာမှပင်ထခုန်၍ ကြမ်းကြမ်းတမ်းတမ်းနှင့် တစ္ဆေပူးဝင်လာသည်။ မိန်းမသည်လည်း တုန်တုန်ခိုက်ခိုက်နှင့် ပူးဝင်လာသည်။ သူတို့မျက်လုံးများသည် မှေးမှိတ်၍ ရုပ်အသွင်ပြောင်းလဲသွားသည်။ နှစ်ယောက်လုံးပင် ယိမ်းယိမ်းယိုင်ယိုင်နှင့် ဆရာဝင်္ဂီသကို ရှိခိုးနေကြသည်။

''ကဲ – မှန်မှန်ပြောစမ်း၊ မင်းက ဒီအိမ်က သူဌေးသေလို့ ဖြစ်နေတဲ့ တစ္ဆေလား''

''မှန်ပါတယ် ဆရာ''

''ဟိုဟာ အစေခံမက ဖြစ်နေတဲ့ မင့်မယား တစ္ဆေမလား''

''ဟုတ်ပါတယ်ဆရာ''

''ကဲ – တစ္ဆေမပြောစမ်း၊ သူဟာ နင့်လင်လား''

''ဟုတ်ပါတယ်ရှင့်''

''အခု ဘယ်မှာနေကြလဲ''

''ရာဇဂြိုဟ်နားက သစ်ပင်ကြီးမှာ နှစ်ယောက်အတူနေကြပါတယ်''

''ကောင်းပြီ သွားကြတော့၊ ထွက်သွားကြတော့။ ကဲ – အားလုံးမြင်ကြ ကြားကြတဲ့အတိုင်း ဒါပါပဲ၊ ကျုပ်တို့ပြန်မယ်''

ပရိသတ်တို့ အံ့အားသင့်နေကြဆဲတွင်ပင် ဆရာဝင်္ဂီသတို့သည် ပရိသတ်ကို ဖြတ်၍ ထွက်ပြန်လာကြသည်။ တဟီးဟီး တရှုပ်ရှုပ်ဖြင့် ''မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒီဆရာလိမ်တာ ညာတာ၊ ဒီအလောင်းကို ခုချက်ချင်းချကြ၊ အိမ်ပေါ်မှာမထားဘူး'' စသည်ဖြင့် သူဌေးကတော်၏ ရက်ရမ်းအော်ဟစ်သောအသံသည် ဝေ့လည်၍ ကျန်ရစ်သည်။

ယင်းသို့လျှင် ကာယကံရှင်၏ မှန်းချက်နှင့် ဆရာ့အဟောနှမ်းထွက်တို့ မကိုက်ညီသောအဖြစ်မျိုး၊ စိတ်မချမ်းသာဖွယ်ရာ ဖြစ်ရပ်မျိုးမှာလည်း မကြာခဏကြုံရတတ်၏။ အမှန်အားဖြင့်သော် လူသတ္တဝါတို့မည်သည် တိတ်တဆိတ်ဖြစ်စေ၊ ပြောင်ပြောင်တင်းတင်းဖြစ်စေ မကောင်းမှုဒုစရိုက်ဖြင့်သာ များပြားသူများ ဖြစ်ကြပေရာ လာရောက်မေးမြန်းလျှင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတည်းဟူသော အောက်ဘုံထိုထိုသို့သာ ညွှန်ပြမှုများသောကြောင့် တိတ်တဆိတ်သာ လာရောက်မေးမြန်းကြသည်များ၏။

ယင်းသို့လျှင် ဆရာဝင်္ဂီသ၏ အမည်သည် ရာဇဂြိုဟ်တွင်သာမကတော့ဘဲ သာဝတ္ထိ၊ စမ္ပာနဂိုရ် ထိုထိုတိုင်းနိုင်ငံများသို့လည်း ကျော်ကြားလျက်ရှိပေရာ ထိုထို

မြို့ရွာများက တကူးတက လာရောက်မေးမြန်းကြသည်။ သို့ရာတွင်သူ့ပညာမှာ လူသေ ဦးခေါင်းခွံကို မန္တန်စိပ်၍ ဟောပြောရသော ပညာဖြစ်ပေရာ ဦးခေါင်းခွံတစ်ခုယူလာဖို့ ဆိုသည်မှာ အခက်အခဲကြီးတစ်ရပ်ဖြစ်နေ၏။

အများအားဖြင့် ကွယ်လွန်သူနှင့်ဆိုင်ရာတို့အဖို့ သေလျှင်သေချင်း သိချင်ကြ၏။ ထိုအခါ အလောင်းကြီးကို ယူလာ၍လည်းမဖြစ်၊ ဦးခေါင်းကိုဖြတ်ယူလာဖို့လည်း သာ၍ မဖြစ်။ အသားအသွေးတို့ ကင်းပြတ်သော ဦးခေါင်းခွံတစ်ခုဖြစ်လာဖို့ဆိုသည်မှာ ရက်ရှည် လများ စောင့်ဆိုင်းရသည်။ ထို့ကြောင့် ဆရာဝဂီသအဖို့ ပင့်ဖိတ်သောအခါ ကွယ်လွန်သူ ရှိရာ ထိုထိုမြို့ရွာများသို့ သွားရောက်ဟောပြောရသည်။

[ ၃ ]

သို့နှင့် နယ်လှည့်ဆရာကြီးအဖြစ်သို့ပင်ရောက်လာကာ ယနေ့အဖို့တွင်မူ သာဝတ္ထိ မြို့တော်သို့ ရောက်နေကြ၏။ ရောက်လေရာ မြို့တိုင်းတွင် ဖိတ်ခေါ်၍ ဟောပြောရုံ သာမဟုတ်၊ ခရီးသွားဟန်လွှဲသဘောဖြင့် စီးပွားရှာနိုင်ရန် တပည့်များက မိမိတို့ဆရာကို ဂုဏ်တင်ကြွေးကြော်၍ ကြုံတုန်းကြုံခိုက်တွင် မေးမြန်းလိုသူရှိက မေးမြန်းကြရန် ဒလန် အဖြစ် ဆွဲဆောင်ကြမြဲဖြစ်သည်။

ဤနည်းဖြင့် ရောက်လေရာ မြို့ရွာများတွင် ဖွံ့ဖြိုးစည်ပင်သော်လည်း သာဝတ္ထိသို့ ရောက်လာသောအခါတွင်မူ သာဝတ္ထိသားတို့အဖို့ သူတို့အလုပ်အပေါ်တွင် စိတ်ဝင်စားမှု မရှိလှဘဲ ဖြစ်နေသည်ကို တွေ့ရှိကြရ၏။ တပည့်တို့ကကြွေးကြော် ခေါ်ငင်၍ပင် မလာချင်ကြ။ မိမိထံသို့မလာသော်လည်း အဘယ်သို့သွားကြသည်ကားမသိ။ တစ်နေရာ သို့မူ လျှုဖွယ်တန်းရာများကို ကိုင်ဆောင်ကာ ဆရာတစ်ဦးထံသို့ သွားမည့်ပုံစံတို့ဖြင့် မိမိတို့အိမ်ရှေ့မှ ဖြတ်၍ဖြတ်၍ သွားနေကြသည်ကို နေ့ညမရွေး မပြတ်လိုလို တွေ့နေရ၏။

ထိုသူတို့ကို မိမိတပည့်များက အိမ်ရှေ့သို့ထွက်၍ "လာကြပါ၊ ကြွကြပါ ရာဇဂြိုဟ်က ဆရာကြီး ဝဂီသ ရောက်နေပါတယ်။ ဟောပြောမှု အင်မတန်မှန်ကန် ပါတယ်။ ဝင်ရောက်မေးမြန်းကြပါ" ဟု သွေးဆောင် ခေါ်ငင်ကြသောအခါ မသိကျိုးကျွန် ပုံစံဖြင့် ပြုံးရုံသာ ပြုံး၍ထွက်သွားကြသည်ကို တွေ့နေရ၏။

ဤအကြောင်းကို မိမိတို့တည်းအိမ်မှ မိတ်ဆွေနှင့် ဆွေးနွေးကြည့်သောအခါ ဘာသာတစ်ပါးဖြစ်သော ထိုမိတ်ဆွေက "ခင်ဗျားပညာက တခြားနေရာမှာသာ ဆန်းပြား နေတာ၊ သာဝတ္ထိမှာတော့ မဆန်းတော့ဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ သာဝတ္ထိမှာ ခင်ဗျားထက်တော်တဲ့ မော်ဆရာကြီး၊ စုန်းကြီးရှိနေပေတာပဲကိုးဗျ။ သူ့အမည်က

ဝေါ်တမဗုဒ္ဓတဲ့။ တကယ်တော်တဲ့ မော်ဆရာကြီးပါပဲ။ သာဝတ္ထိသားတွေက အဲဒီကို သွားသွားနေကြတာဗျ။ ခင်ဗျားဆီ ဘယ်လာတော့မလဲ''

''ဟုတ်လား၊ အံ့ဩစရာကြီးပါလား၊ ကျွန်တော်ဖြင့် ကြားတောင်မကြားမိခဲ့ပါဘူး''

''အမှတ်မဲ့နေလို့ မကြားတာဖြစ်မှာပေါ့။ သူ့အမည် သူ့အကြောင်းက သာဝတ္ထိမှာရော၊ ရာဇဂြိုဟ်မှာရော ဟိုးလေးတကျော်ပါပဲ''

''သူက ကျွန်တော့်ထက် ဘယ်လိုတော်တာလဲဗျ''

''ခင်ဗျားက ဦးခေါင်းခွံကို ခေါက်ပြီး ဟောရုံဟောနိုင်တာ၊ သေသူကို ခေါ်တယ်ဆိုတာလဲ ပူးဝင်ရုံ ပူးခိုင်းတာ၊ သူကတော့ သေသူ့ဘဝကို ဟောရုံမကဘူး။ လိုအပ်ရင် အဲဒီဘဝကူးသမားကို သူ့ရှေ့ကို ကိုယ်တိုင်ကိုယ်ကြပ် ကိုယ်ထင်ပြပြီး ရောက်လာအောင် ခေါ်ပြနိုင်တာ''

''ဟုတ်လား၊ တယ်အံ့ဖို့ကောင်းတဲ့ ပညာပါလား''

''သာဝတ္ထိက သူဌေးတစ်ယောက်ဟာ သူ့သားနတ်သားဖြစ်နေတာကို တွေ့ချင်တယ်ဆိုလို့ သူခေါ်လိုက်တော့ နတ်သားကိုယ်တိုင် သူ့ရှေ့ရောက်လာရတယ်။ ဒါတွင်မကဘူး။ နတ်တွေ ဗြဟ္မာတွေဟာ သူ့ဆီကို ညတိုင်း လာရောက်, ခစားကြတယ်လို့တောင် သူ့လူတွေက ပြောကြတာပဲ''

''ဒီလိုဆိုရင် အဲဒီဆရာကို ရောက်တုန်းရောက်ခိုက် ကျွန်တော်တွေ့ချင်လိုက်တာဗျာ''

''လွယ်ပါတယ်ဗျာ၊ ဇေတဝန်ကျောင်းမှာ နေ့စဉ်တရားပွဲကြီးတွေ လုပ်နေတာပဲ၊ လူတွေသွားကြတာ အဲဒီကိုပေါ့၊ ပြီးတော့ ခင်ဗျားလို အသပြာပေးမှတွေ့နိုင်တာ မဟုတ်ဘူး၊ ဘယ်သူမဆို တစ်ပြားမှမပေးရဘဲနဲ့ တွေ့ရပါတယ်''

''ဒီလိုဆိုရင် ကျွန်တော်လဲ သွားစုံစမ်းဦးမှပဲ''

''ကြွ - ကြွ ၊ ကြိုက်တဲ့အချိန်သာ ကြွပေတော့''

ဘုရားရှင်ကို သူတို့အမြင်ဖြင့် စုန်းကြီး၊ မော်ဆရာကြီးဟု ဆိုကြသည်မှာ အဆန်းမဟုတ်တော့။ တရားတော်၏အစွမ်းကိုမသိ၍ သူတို့အမြင်တွင် ဘုရားရှင်၏ ဖြစ်ရပ်ဆောင်ရွက်ချက်များမှာ အဆန်းချည်းဖြစ်ကာ အံ့စရာတွေ တစ်ပုံတစ်ပင်ကြီး တွေ့နေကြရသည်။ ထိုအခါ သူတို့နားလည်သလို ဘုရားရှင်ကို စုန်းကြီး၊ မော်ဆရာကြီး၊ ကဝေဆရာကြီးဟု ကင်ပွန်းတပ်လိုက်ကြ၏။ သာမန် အရပ်သူ အရပ်သားမဆိုထားဘိ၊ တရားသမား၊ သမထသမားဟု ဆိုနိုင်သော အဆင့်မြင့်ပုဂ္ဂိုလ်များကပင် ဘုရားရှင်ကို ကဝေဆရာကြီးဟု သမုတ်ကြသည်။

ဘုရားနှင့်ခေတ်ပြိုင် စင်ပြိုင်ဘုရားဟုပင် အမည်ခံသော နိဂဏ္ဌနာဋ္ဋပုတ္တ၏ လက်ရုံးကြီးဖြစ်သူ ဒီဃတပဿီပရိဗိုဇ်က သူတို့၏ဒါယကာ နာဠန္ဒမြို့စား သူဌေး ဥပါလိသည် ဘုရားရှင်အထံတော်သို့ ဝါဒပြိုင်ရန် သွားမည်ပြုသောအခါ အမြော်အမြင်ရှိသော ဒီဃတပဿီက မသွားပါနှင့်၊ သွားလျှင် ကဝေဆရာကြီး ဂေါတမဗုဒ္ဓက ဥပါလိကိုဖမ်းစား၍ သူ့လူအဖြစ်သိမ်းသွင်းပါလိမ့်မည်ဟု တားမြစ်ခဲ့သည်။

ဘုရားရှင် တရားတော်မှ ဖြစ်ပေါ်လာသော ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခု၊ အနာဂတံသ စသော တန်ခိုးအဘိညာဉ်များကိုသူတို့မသိ၊ လောကီပညာအာထဗ္ဗဏမှ ဆင်းသက်သော မှော်အတတ်၊ ကဝေအတတ်ကိုသာသူတို့သိသည်။

ဆရာဝဂ်ီသက သူ့ထက်ပင် ပညာသာသည်ဆိုသော ဂေါတမဗုဒ္ဓ၏ ပညာကို စူးစမ်းလိုသည်။ နိုင်ပုံပေါ်လျှင် မိမိပညာစွမ်းကိုပြလို ပြိုင်လိုသည်။ မနိုင်၍ မိမိထက် ပညာသာရှိမှန်ပါက ထိုပညာကို သင်ကြားရယူလိုစိတ်လည်းရှိသည်။ အကြောင်းမှာ ပညာရှာခြင်းသည် ဗြာဟ္မဏတို့၏ အစဉ်အလာဖြစ်၍ ဆရာဝဂ်ီသက ပညာကို အထူးလိုလားသူဖြစ်သည်။ ထို့ကြောင့် ထိုနေ့ညတွင်ပင် ဇေတဝန်သို့ သွားရန်အားသစ်ပြင်ဆင်လိုက်၏။

[ ၄ ]

ဤတွင်ဘုရားရှင်အဖို့မူ နံနက်အရုဏ်တက်အချိန်ကပင် ကျွတ်ထိုက်သောသတ္တဝါအဖြစ် ရွှေညာဏ်တော်ကွန်ရက်သို့ မခေါ်ပင့်ချေ ဝင်ရောက်လာပြီဖြစ်သော ဝဂ်ီသအား ကယ်ချွတ်ရန်အတွက် လိုအပ်သောကိစ္စကို ထိုနေ့လယ်တွင်ပင် ပြင်ဆင်တော်မူရ၏။ ပြင်ဆင်ဟန်ကား ငါးကြင်းဆီဖြင့် ငါးကြင်းသားကြော်၏သို့၊ ဦးခေါင်းခွံပညာဖြင့် ရောက်လာမည်ဖြစ်သော ဝဂ်ီသအား ဦးခေါင်းခွံများဖြင့်ပင် တရားပေးရန်သုသာန်မှ ဦးခေါင်းခွံ ငါးလုံးကို အသင့်ဖြစ်အောင် စီစဉ်ထားခြင်းဖြစ်ပေ၏။

အရှင်အာနန္ဒာနှင့် နောက်တော်ပါသံဃာငယ်၊ သာမဏေတို့ကိုခေါ်၍ သာဝတ္ထိ သုသာန်သို့ ကြွရောက်တော်မူကာ ဦးခေါင်းခွံငါးမျိုးကို ရှာဖွေရွေးချယ်တော်မူသည်။ ငရဲရောက် ဦးခေါင်းခွံ၊ ပြိတ္တာဖြစ်၊ တိရစ္ဆာန်ဖြစ်၊ လူဖြစ် ဦးခေါင်းခွံနှင့် နတ်ဘုံရောက် ဦးခေါင်းခွံတို့ဖြစ်၏။ ဘဝဟူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူနှင့်နတ်ဟူ၍ အကျဉ်းအားဖြင့် ဘုံငါးမျိုးသာရှိရာ ဘဝစုံအောင် စီစဉ်ထားရခြင်းဖြစ်၏။ ကျန်ဦးခေါင်းခွံတစ်မျိုးကိုမူ ကိုယ်တော်တိုင်ပင် တောရကျောင်းတစ်ခုအနီးမှ တန်ခိုးတော်ဖြင့် ဆောင်ယူတော်မူခဲ့ရသည်။ ယင်းဦးခေါင်းခွံသည်ကား ရောက်လာမည်ဖြစ်သော ဝဂ်ီသအဖို့ လျှို့ဝှက်ချက်ပင် ဖြစ်ပေ၏။

ညနေပိုင်းရောက်သော် ဘုရားရှင်နှင့်တွေ့ဆုံဆွေးနွေးလိုသော ဝဂီသအဖို့ နောက်ကျနေလျှင် ပရိသတ်များပြား၍ တွေ့ဆုံဆွေးနွေးရ ခက်မည်ကြောင့် ခပ်စောစောကပင် ဇေတဝန် တရားမဏ္ဍပ်သို့ ကြိုတင်၍သွားသည်။ ဤသတင်းကို ကြားသိသော သူ့အသိုက်အဝန်း ဗြာဟ္မဏမိတ်ဆွေများကလည်း နာမည်ကျော် ဆရာနှစ်ဦးတို့ တွေ့ဆုံဆွေးနွေးပွဲ၊ ပညာပြိုင်ပွဲကို တွေ့ကြရတော့အံ့ဟု ဝိုင်းရံ၍ လိုက်ပါ၍လာကြသည်။ ဘုရားရှင်သည် တရားမဏ္ဍပ်ပလ္လင်မှ ဝဂီသကို အသင့်စောင့်ကြိုတော်မူသည့်အလား ရဟန်းပရိသတ်အခြံအရံဖြင့် သီတင်းသုံးတော်မူလျက်ရှိသည်ကို အလိုက်သင့်တွေ့ကြရ၏။

ပထမသော် ဝဂီသအဖို့ သူလည်းဆရာ၊ ငါလည်းဆရာဟူသော ဆရာမာန်နှင့် ဟန်မာတ်ကလေးတစ်ဝင့်ဝင့်ဖြင့် သွားရောက်ခြင်းဖြစ်၏။ သို့ရာတွင် ဘုရားရှင်ကို ဖူးတွေ့လိုက်ရသောအခါတွင်မူ သူမတူသော အဆင်းတော် အသရေတော်ကို မြင်တွေ့နေရသောကြောင့် အရှိအသေပြု၍ ချဉ်းကပ်မိလျက်သားဖြစ်သွားရသည်။

''တပည့်တော်သည် ရာဇဂြိုဟ်က ဝဂီသပါဘုရား'' ဟူသော ပဋိသန္ထာရစကားဖြင့် စတင်လျှောက်ထားလိုက်သည်။

''ငါသိပါ၏ ဝဂီသ၊ အသင်သည် ဦးခေါင်းခွံတို့ကို လက်ဖြင့်တီးခေါက်၍ ဤသူသည် အဘယ်ဘုံသို့သွားသည်၊ ဤသူသည် အဘယ်ဘုံသို့လာသည်ဟု ဟောပြောသူမဟုတ်သလော''

''မှန်လှပါသည်ဘုရား၊ ဤအတိုင်းပင် ဟောပြောပါသည်''

ဝဂီသ အံ့အားသင့်ရပြန်သည်။ အကြောင်းကား ဘုရားရှင်၏ အသံတော်မှာ သူမတူအောင် ထူးခြားသော အသံတော်ဖြစ်နေသောကြောင့်ဖြစ်ပေသည်။ ဤလောကတွင် အသံရောအဆင်းပါ သူမတူအောင်ထူးခြားသော ဆရာတစ်ဆူ ပေတကားဟု စိတ်ထဲမှ ချီးကျူးဆုံးဖြတ်လိုက်သည်။

''သို့ဆိုလျှင် ငါဘုရားသည်လည်း အချို့သော ဦးခေါင်းခွံများကိုပြ၍ သူတို့ဘဝရောက်ရာဘဝကို မေးမြန်းလိုပေသည်။ ဟောပြောနိုင်ပါအံ့လော''

''ပြောပါမည်ဘုရား''

ဘုရားရှင်က သာမဏေတစ်ပါးကို နေ့လယ်က ရှာဖွေထားသော ဦးခေါင်းခွံများကို ယူစေလိုက်သည်။ သာမဏေက ယူလာ၍ ဝဂီသရှေ့တွင် အလိုက်သင့်စီတန်းချထားလိုက်သည်။

''လက်ဝဲဘက် အစွန်ဆုံးက ဦးခေါင်းခွံကို ဟောပါ၊ သူဘယ်ဘဝသို့ ရောက်နေပါသနည်း''

ဝင်္ဂီသသည် ဦးခေါင်းခွံကို ကိုင်မ၍ လက်သည်းများဖြင့် တီးခေါက်ရင်း မန္တန်စိပ်လိုက်သည်။ မှော်ဝင်လိုက်သည်။ မန္တန်အဆုံးတွင် ''ဤသူသည် ငရဲသို့ ရောက်နေပါသည်ဘုရား'' ဟု လျှောက်ထားလိုက်သည်။

''မှန်ပေသည် ဝင်္ဂီသ၊ သို့သော် ငရဲဟူသည် ငရဲကြီးရှစ်ထပ်နှင့် ငရဲငယ်ပေါင်း များစွာရှိသည်။ အဘယ်ဘုံငရဲသို့ရောက်နေပါသနည်း''

ဝင်္ဂီသ မန္တန်စိပ်ပြန်သည်။ ထပ်တလဲလဲ တီးခေါက်စူးစမ်းပြန်သည်။ သို့ရာတွင် အဆုံးတွင် လက်လျှော့သည့်အနေဖြင့် ''ငရဲသို့ရောက်ကြောင်းသာသိပါသည်။ အဘယ် ငရဲဘုံသို့ရောက်ကြောင်းကိုမူ မတွေ့မမြင်ပါဘုရား'' ဟု လျှောက်ထားလိုက်ရသည်။ ဆရာဝင်္ဂီသ၏ ပညာအစွမ်းမှာ ဘုရားရှင်ရှေ့တော်တွင် ပျက်ပြယ် လျှော့ပါးခဲ့ရဟန် တူသည်။

ဘုရားရှင်က ''ဤဦးခေါင်းရှင် သတ္တဝါသည် ငရဲကြီးရှစ်ထပ်တွင် အောက်ဆုံး အထပ်ဖြစ်သော အဝီစိသို့ ကျရောက်၍နေရရှာ၏။ အကြောင်းမူကား သူသည် မိခင်ကိုပင် သတ်ခဲ့သော မာတုဃာတက ကံကြီးထိုက်ခဲ့သူဖြစ်သည်။ ဒုတိယဦးခေါင်းခွံကို ဟောပါဦး ဝင်္ဂီသ'' ဟု ဖြည်းစွက်မိန့်ကြား၍ မေးမြန်းတော်မူလိုက်သည်။

''ဒုတိယဦးခေါင်းရှင်မှာ ဟိမဝန္တာတစ်နေရာတွင် စပါးကြီးမြွေကြီးဖြစ်နေပါသည်။ အကြောင်းမှာ လူ့ဘဝတွင် ဒေါသတရား ကြီးမားခဲ့သူဖြစ်ပါသည်ဘုရား''

''မှန်ပေသည် ဝင်္ဂီသ၊ တတိယဦးခေါင်းရှင်ကိုဟောပါဦး''

''တတိယဦးခေါင်းရှင်သည် လူ့ဘဝတွင် စားမကုန်သုံးမကုန်အောင် ဥစ္စာခနေ ပြည့်ဝသူဖြစ်ပါလျက် မလှူရက် မတန်းရက်၊ လောဘအစွန်းထွက်လွန်းသောကြောင့် သာဝတ္ထိအနီး တောအုပ်တစ်ခုတွင် ပြိတ္တာကြီးဖြစ်နေပါသည်ဘုရား''

''မှန်ပေသည်ဝင်္ဂီသ၊ စတုတ္ထဦးခေါင်းရှင်ကရော''

''သတိတရား ရှိသူဖြစ်သောကြောင့် လူ့ဘဝကို ရင်းစားပြန်ရပြီး ယခုအခါ လူငယ်ဘဝသို့ပင်ရောက်နေပါပြီဘုရား''

''ပဉ္စမဦးခေါင်းကိုဟောပါဘိ''

ပဉ္စမဦးခေါင်းကိုလည်း ပထမဦးခေါင်းကဲ့သို့ပင် မန္တန်အထပ်ထပ်စိပ်၍ ဝီရိယ စိုက်ရသည်။ သို့ရာတွင် လိုအပ်သော အဖြေအထိ ထွက်မလာ။ သိသလောက်ကိုသာ ''ဤဦးခေါင်းရှင်သည် သူတော်ကောင်းဖြစ်၍ နတ်ရွာသုဂတိသို့ ရောက်နေပါသည် ဘုရား'' ဟု လျှောက်ထားလိုက်ရသည်။

''နတ်ရွာသုဂတိဟူသည် နတ်ပြည်ခြောက်ထပ်နှင့် ပြဟ္မာ့ဘုံနှစ်ဆယ်အထိ ရှိနေသည်။ အဘယ်ဘုံသို့ရောက်နေပါသနည်း''

''မေးတော်မူမည်ကိုသိ၍ ကြိုးစားပြီးခဲ့ပါပြီ၊ နတ်ရွာသုဂတိမျှသာသိ၍ အဘယ်ဘုံသို့ ရောက်ကြောင်းကိုတော့ ရှာဖွေ၍မရပါဘုရား''

''သို့ဆိုလျှင် ငါဘုရားပြောမည်။ ဤဦးခေါင်းရှင်သည် လူ့ဘဝတွင် ဗြာဟ္မဏတို့၏အဆင့်မြင့် ယောဂီသူတော်ကောင်းဖြစ်၍ ဗြဟ္မာ့ဘုံနှစ်ဆယ်တို့အနက် ဗြဟ္မပရောဟိတာ ဘုံသို့ရောက်နေပေသည် ဝင်္ဂီသ၊ ယခုအခါ လက်ယာအစွန်ဆုံးမှ နောက်ဆုံးဦးခေါင်းခွံကိုမေးတော့မည်။ သတိဖြင့်ဖြေကြားပေတော့။ သူသည် အဘယ်ဘုံသို့ ရောက်နေပါသနည်း''

''သတိဖြင့်ဖြေကြားပေတော့'' ဟု မိန့်တော်မူသဖြင့် ဤဦးခေါင်းရှင်သည် အခြားဦးခေါင်းများထက်ပို၍ ခက်ခဲဖို့ရှိသည်။ ထို့ကြောင့် သတိအထူးဖြင့် မန္တန်ကို အထပ်ထပ်စိပ်သည်။ ခေါင်းခွံကို နည်းမျိုးစုံတီးခေါက်သည်။ သို့ရာတွင် အဘယ်ဘုံတွင် ဖြစ်၏ဟု အစွန်းအစမျှ ထွက်ပေါ်မလာ။ သူတတ်သမျှပညာ ပိန်းပိတ်၍ ချွေးပြန်လုမတတ်ပင် ရှိနေရသည်။ နောက်ဆုံးတွင်မူ လက်လျှော့လိုက်ရကာ ''မှန်လှပါ။ သတ္တဝါတို့ ကူးရောက်ကြသော ဘုံဘဝဟူသည် အကျယ်အားဖြင့် သုံးဆယ့်တစ်ဘုံ၊ အကျဉ်းအားဖြင့် ဘဝငါးမျိုးရှိကြရာတွင် ဤဦးခေါင်းရှင်ကိုတော့ဖြင့် အဘယ်ဘုံဘဝတွင်မျှ ရှာဖွေ၍ မရတော့ပါဘုရား'' ဟု လျှောက်ထားလိုက်ရတော့သည်။

''မှန်ပေသည် ဝင်္ဂီသ၊ ဤဦးခေါင်းရှင်ကို သင်တို့သိသော သုံးဆယ့်တစ်ဘုံတွင် ရှာဖွေ၍ တွေ့မည်မဟုတ်။ အကြောင်းမူကား သူသည် သင်တို့မသိသော နိဗ္ဗာန်သို့ ကူးမြောက်၍ သွားပေပြီ''

''အံ့ဖွယ်ပါတကား၊ နိဗ္ဗာန်ဟူသည် ကြားပင် မကြားခဲ့ဖူးပါ''

''မကြားဖူးလျှင် မှန်၏။ နိဗ္ဗာန်ဟူသည် ငါဘုရား သာသနာတွင်မှတစ်ပါး အခြားနေရာတွင်မရှိ''

ထိုအခါ ဝင်္ဂီသသည် မိမိထက် ပညာအရာတွင် အဆပေါင်းများစွာ သာလွန်သူပါတကားဟု ဘုရားရှင်သို့ အကြိမ်ကြိမ်ဦးထပ်၍နိမ်လိုက်သည်။ ဘုရားရှင်ကို ဖူးတွေ့ရစဉ်ကပင် ဤပုဂ္ဂိုလ်ကြီးသည်ကား မိမိထက်သာလွန်သူပါတကားဟု အတွင်းစိတ်ဖြင့်ဝန်ခံခဲ့မိပြီးဖြစ်ခဲ့၏။ ယခုသော် အထင်အရှားသိရပေပြီ။ ထို့ကြောင့် ပညာလိုလားသော ဝင်္ဂီသအဖို့ ''ဤပညာကို တပည့်တော်အားသနားသဖြင့် သင်ကြားပေးတော်မူပါဘုရား။ တပည့်တော်သည် အရှင်မြတ်၏ တပည့်အဖြစ်ခံယူပါသည်ဘုရား'' ဟု လျှောက်ထားလိုက်သည်။

''သင်ကြားပေးရပေမည်ပေါ့ ဝင်္ဂီသ၊ သင်ကြားဖို့မခက်ပါ။ သို့သော် ငါတို့မှာလည်း ပညာသင်ရေး စည်းကမ်းရှိနေပေသည်။ ငါ့သာသနာတွင် သံဃာအဖြစ် ကူးပြောင်းပြီးမှ သင်ကြားပေးနိုင်ခွင့်ရှိသည်''

''အရှင်ဘုရား သာသနာတွင် ယခုပင် သက်န်းဝတ်ပါမည်ဘုရား''

ဤတွင် အရှင်မောဂ္ဂလာန်ကို ဥပဇ္ဈာယ်ဆရာအဖြစ်ထား၍ ဝင်္ဂီသကို သင်္ကန်းဝတ်ပေးရန် ပြင်ဆင်လိုက်သည်။ တပည့်အများနှင့် မိတ်ဆွေများက တားမြစ်၍ပင်မရ။ ''ပညာဆုံးခန်းတိုင်မှ ပြန်လာမည်၊ သွားကြပေတော့''ဟု ဝင်္ဂီသကနှင်လွှတ်သည်။ မိစ္ဆာဒိဋ္ဌိ မိတ်ဆွေများက ''ဒါကြောင့်မို့ အစက မပြောဘူးလား၊ ဂေါတမဗုဒ္ဓဆိုတာ မှော်ဆရာကြီးပါလို့'' ဟု တိုးတိုးတိတ်တိတ် ပြောဆိုကြသည်။

ဝင်္ဂီသ သင်္ကန်းဝတ်ရာတွင် ပညာ၏အကြိုသင်တန်းအဖြစ် ကေသာ, လောမာ စသော ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို ဆံချစဉ်ကပင် သင်ပေးသည့် အရှင်ဝင်္ဂီသဖြစ်လာပေပြီ။

ရဟန်းဖြစ်လာသောအခါ မပြတ်စီးဖြန်းနေရမည့် ကမ္မဋ္ဌာန်းအဖြစ် ဒွတ္တိံသာကာရကိုပင် ဘုရားရှင်က ပေးတော်မူသည်။ တန်ခိုးရှင်တပည့်ဖြစ်သည့်အတိုင်း တန်ခိုးတော်ရှင် ဥပဇ္ဈာယ်ဆရာ အရှင်မောဂ္ဂလာန်က ထိန်းသိမ်းတော်မူ၏။ အဖြေကား ကမ္မဋ္ဌာန်းစီးဖြန်းရင်းနှင့်ပင် တရားထူးသဘောသို့ သက်ရောက်ကာ အရှင်ဝင်္ဂီသသည် ရဟန္တာတစ်ဆူဖြစ်တော်မူလာခြင်းပင်ဖြစ်၏။ ပညာပြည့်စုံလောက်ပြီဟု တပည့်တို့ လာခေါ်ကြသော်လည်း မလိုက်တော့။ တပည့်သံယောဇဉ်၊ ပစ္စည်းသံယောဇဉ်မျှမက သံယောဇဉ်မှန်သမျှကို ကင်းပြတ်လိုက်ပေပြီ။

တရားထူး ရလာသည့်အခါတွင်မှ ဘုရားရှင်၏ ကျေးဇူးတော်ဂုဏ်တော်တို့ကို ဆပ်၍မကုန်နိုင်သော ကျေးဇူးရှင်ပါတကားဟု သတိအထူးရလေ၏။ ဝမ်းမြောက်လိုက်သည်မှာ ပြောစရာမရှိ။ ချမ်းသာလိုက်ပုံမှာ နှိုင်းယှဉ်စရာမရှိ။

ထိုအခါ လူ့ဘဝကပင် သူ့ဆိုင်ရာပညာတွင် ကျင်လည်ကြွယ်ဝခဲ့သော ပညာရှင်၊ စကားအရာ ဝါစဟာသီလိဋ္ဌအရာတွင်လည်း ကြွယ်ဝရုံမက ဂါထာကဗျာ သီကုံးရာ၌လည်း စိတ်ကူးဉာဏ် လျင်မြန်လှသော ပညာရှင်ဖြစ်သည့်အတိုင်း ကမ္မဋ္ဌာန်းအလုပ်မှ အားလပ်သည့်အခါတိုင်း၌ ကျေးဇူးတော်တတင်တင်ဖြင့် ဘုရားရှင်နှင့် တရားတော်၊ သံဃာတော်တို့၏ ဂုဏ်ထူးအကြောင်းရပ်များကို ဖွဲ့၍မကုန်၊ သီ၍မဆုံးအောင် ဖွဲ့ဆိုသီကုံးလျက် ရှိနေပေရာ ဂါထာကဗျာသီကုံး ဖွဲ့ဆိုမှုအရာတွင် ငါ့သားတော် ဝင်္ဂီသသည် အကြီးမြတ်ဆုံးတည်းဟူသော ဧတဒဂ်ဂုဏ်ထူးဖြင့် သာသနာတော်တစ်လျှောက်လုံး ချီးကျူးခံရသောအရှင် ဖြစ်လာခဲ့သတည်း။ ။

# ဦးအုံ့ဖွယ်

[ ၁ ]

ထုထည်ကြီးမားခန့်ညားထည်ဝါမှုအားဖြင့် ဇေတဝန်၊ ပုဗ္ဗာရုံ၊ ဝေဠုဝန်တို့ကို မသာလွန်နိုင်သော်လည်း ဝေသာလီပြည်တွင် လိစ္ဆဝီမင်းတို့က ဘုရားရှင်အတွက် မဟာဝုန်တောအတွင်း မိမိတို့ ဆောက်လုပ်အပ်သောကျောင်းကို စုလစ်မွန်းချွန် အလှအပ အမွှမ်းအပြောက်တို့ဖြင့် တာဝတိံသာနတ်တို့နေရာအလား ထင်မှားရအောင် အစွမ်းကုန်ခြယ်သဆောက်လုပ်လှူဒါန်းထားသည့် အရန်ကျောင်းပေါင်းများစွာကို သူ့ထက်ငါနိုင် အပြိုင်အဆိုင်လောက်လုပ် လှူဒါန်းထားကြသည်။ အလှဆုံးကျောင်းသည်ကား ညနေညဦးတိုင်း ဘုရားရှင်နှင့် သံဃာတော်တို့ စည်းဝေးရာ မဏ္ဍပ်ကျောင်းတော်ပင်ဖြစ်သည်။

မဟာဝုန်တောကို အဝေးမှကြည့်လိုက်လျှင် တောကြီးအလယ် သစ်ပင်ဝါးပင်များအကြားမှ နတ်ဘုံနတ်နန်းများအလား ထွက်ပေါ်လျက်ရှိသော ပြာသာဒ်အဆောင်ဆောင်တို့၏ စုလစ်မွန်းချွန်တို့ကိုမြင်ကြရသည်။ ယင်းကျောင်းတော်ကို ရဟန်းတော်တို့က ဂုဏ်ယူ၍ ပိဋကတ်တော်တွင် ယင်းကျောင်းနှင့် စပ်လျဉ်းတိုင်း "ပြာသာဒ်ဆောင် ပေါက်သော မဟာဝုန်ကျောင်းကြီး" ဟု ဂုဏ်ယူဖော်ပြကြသည်။

ယင်းကျောင်းတော်ကြီးသည် မဏ္ဍပ်ကျောင်းတွင် တစ်ခုသော နွေရာသီ၏ ညဦးယံ သံဃာတော်စည်းဝေးကြရာဝယ် ဘုရားရှင်တရားဟောတော်မူသည်။ တရားဟော၍ ပြီးခြင်းကြောင့် ယနေ့ညဦးအဖို့ သံဃာအစည်းအဝေးပြီးပြီဟု ထင်မှတ်ကြ၏။ သို့ရာတွင် ဘုရားရှင်သည် ထိုင်နေရာမှ ထတော်မမူသေးသောကြောင့် သံဃာတော်အားလုံး ငြိမ်သက်စွာနှင့် ရှိနေကြသည်။

ထိုအခိုက် ဘုရားရှင်က ''ချစ်သားရဟန်းတို့'' ဟူ၍ အာလုပ်ပြုလိုက်ပြန်သောကြောင့် ဘုရားရှင်၏ တရားတော်ကို နာယူရန် လျှော့လျည်းသော ကိုယ်ဟန်များကိုပြင်၍ အာရုံစိုက် အရိုအသေပြုလိုက်ကြသည်။

''ရဟန်းတို့၊ သိမှတ်ကြကုန်လော့။ ဤဝေသာလီပြည်၌ သူကြွယ်ဦးဥဂ္ဂါဟူ၍ ရှိသည်။ ယင်းသူကြွယ်သည်ကား အံ့ဖွယ်ရှစ်ပါး တရားအကြောင်းအချက်များနှင့် ပြည့်စုံသူဖြစ်ပေ၏''

ယင်းအံ့ဖွယ်ရှစ်ပါး ဟူသည်ကား ဤသို့တည်းဟု ဘုရားရှင်က ဟောကြားမည်ကိုကြားနာရန် အာရုံစိုက်ကြခိုက်မှာပင် ဘုရားရှင်သည် ထိုင်နေရာမှထ၍ ကြွသွားတော်မူသောကြောင့် ရဟန်းတို့ အံ့အားလည်းသင့်၏။ အံ့လည်းအံ့ဩ၏။ အံ့အားသင့်ခြင်းမှာ ကြားနာလို၍ နားဆင်ခိုက်ဘုရားရှင်ကြွသွားတော်မူသောကြောင့် ဖြစ်၍ အံ့ဩကြခြင်းမှာ ဘုရားရှင်ကိုယ်တော်တိုင်က အံ့ဖွယ်ဟူသောစကားဖြင့် ဤမျှ ချီးကျူးရသူမှာ အဘယ်မျှ ထူးခြားသူပါလိမ့်ဟု တွေးလိုက်မိကြသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ရဟန်းတော်များက အရှင်သာရိပုတ္တရာအား ''ကိုယ်တော်မြတ်သည် တရားတော်ကို အဘယ့်ကြောင့် ပြီးဆုံးအောင် မဟောပါလိမ့်ဘုရား'' ဟု လျှောက်ထားကြသောအခါ တရားစစ်သူကြီးက ''ဘုရားရှင်တို့မည်သည် အချို့သော တရားများကို တပည့်တို့ ဆက်၍တွေးယူစေရန် ပဟေဠိပြုလုပ်၍ ဟောကြားတော်မူခြင်းလည်းရှိ၍ အချို့သောတရားတော်တို့ကိုမူ တပည့်တို့ ဆက်လက်ဆောင်ရွက်ရန် ဟောတော်မူခြင်းများလည်းရှိသည်။

''ဥပမာအားဖြင့် 'မာတာရံ ပိတ' ဟူသော တရားတော်ကို တိုက်ရိုက်အဓိပ္ပာယ်ယူလျှင် 'အမိ အဖကို သတ်ရမည်' ဟူ၍ဖြစ်သည်။ သို့သော် အမိတည်းဟူသော တဏှာနှင့် အဖတည်းဟူသော အဝိဇ္ဇာကို သတ်ဖို့ တပည့်တို့တွေးယူစေရန် ပဟေဠိပြုလုပ်၍ ဟောတော်မူသည်။ ယခုတရားတော်မှာ တပည့်တို့ဆက်လက်ဆောင်ရွက်စေရန် ဟောဖော်လမ်းခင်းပေးသော တရားတော်ဖြစ်ပေသည်''ဟု မိန့်သည်။

''သူကြွယ် ဦးဥဂ္ဂါဟာဖြင့် တပည့်တော်တို့နှင့် ရင်းနှီးတဲ့ မဟာဝုန်ကျောင်းဒကာတစ်ဦးပါပဲ။ တပည့်တော်တို့အမြင်မှာဖြင့် ဥပါသကာတစ်ဦးဖြစ်သည်မှတစ်ပါး အခြားထူးခြားမှုကိုမတွေ့ရှိရပါ''

''တပည့်တော်တို့ မသိသော်လည်း သိတော်မူမြင်တော်မူသော ဘုရားရှင်သိ၍ လမ်းခင်းမိန့်ကြားခြင်းဖြစ်ပါလိမ့်မည်''

ထိုအခါ ရဟန်းတော် အရှင်ကေလာသက''သူကြွယ် ဦးဥဂ္ဂါသည် တပည့်တော်၏ နေ့စဉ်ဆွမ်းဒကာ ဆွမ်းခံအိမ်ဖြစ်ပါသည်။ တပည့်တော် စုံစမ်းလိုပါသည်။ စုံစမ်းခွင့်ပြုတော်မူပါဘုရား'' ဟု လျှောက်ထားလိုက်သောအခါ တရား

စစ်သူကြီးက "အရှင်ဘုရားက သာသနာတော်မှာ အမှတ်အသားများသော ဗဟုသုတ အရှင်ဖြစ်နေပေသည်။ အရှင်ဘုရားစုံစမ်းလျှင် သင့်မြတ်ပေတာပေါ့။ စုံစမ်းပြီး သိရသမျှကို နက်ဖြန် သံဃာ့အစည်းအဝေး ဘုရားရှင်ရှေ့တော်မှောက်မှာ ပြန်လည် လျှောက်ထား ပါဘိ" ဟု မိန့်တော်မူလိုက်သောအခါ အရှင်ကေလာသရော ရဟန်းများပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။

[ ၂ ]

ထို့ကြောင့် နောက်တစ်နေ့ နံနက်တွင် ရဟန်းတော်အရှင်ကေလာသ ဆွမ်းခံထွက်ကြွ သောအခါ အခါတိုင်းရက်များထက် တက်တက်ကြွကြွရှိလှသည်။ ဘုရားရှင် ကိုယ်တော်တိုင် မိမိဆွမ်းဒကာအား သံဃာ့အလယ်၌ ချီးမြှောက်မိန့်ကြားတော်မူသည်ကို ပြန်လည်ပြောကြားခွင့်ကြုံသောကြောင့်လည်းဖြစ်၍ မိမိဒကာ၏ အံ့သြဖွယ်ထူးခြားချက် များကိုသိရမည်ဖြစ်သောကြောင့်လည်းဖြစ်၏။

သူကြွယ်၏အိမ်သို့ ရောက်သောအခါ ဦးဥဂ္ဂါက "အရှင်ဘုရား ကြည့်ရတာ ဒီနေ့ ရွှင်ရွှင်လန်းလန်းရှိလှပါချည့်ဘုရား" ဟု လျှောက်ထားရင်း နေရာခင်းပေးသည်။

"ရွှင်လန်းရပါသော်ကော ဒကာကြီး၊ ဒကာကြီးနဲ့ စပ်လို့ ထူးထူးခြားခြားတွေ တွေ့လာခဲ့ရပေတာကိုး"

"ဘယ်လိုထူးခြားချက်များပါလဲဘုရား"

"မနေ့ညဦးက သံဃာ့အစည်းအဝေးမှာ ဘုရားရှင်ကိုယ်တော်တိုင်က ဒကာကြီးဟာ အံ့ဖွယ်ရှစ်ပါး ထူးခြားချက်တွေနဲ့ ပြည့်စုံသူဖြစ်ပေတယ်လို့ ဖော်ထုတ် ချီးကျူးလိုက်ပါတယ်"

ရဟန်းတော်၏ မိန့်ကြားချက်ကြောင့် သူကြွယ်သည်လည်း ဦးခေါင်းမော်ကာ မျက်နှာရွှင်လန်းစွာဖြင့် ကြွကြွရွရွဖြစ်သွားသည်။

"ဘယ်လိုထူးခြားချက်တွေများ မိန့်ကြားတော်မူပါသလဲဘုရား"

"အဲဒါ ပဟေဠိပဲ။ ဘုရားရှင်က ထူးခြားချက်လို့သာ မိန့်တော်မူပြီး ဘယ်လို ထူးခြားချက် ဆိုတာတော့ မိန့်တော်မမူဘဲ နေရာမှ ကြွသွားတော်မူတယ်။ ထူးခြားချက် ရိုးရိုးမဟုတ်ဘူး၊ အဋ္ဌရိယ–အံ့ဖွယ်ရှစ်ပါး ထူးခြားချက်တဲ့။ အဲဒါ သံဃာတော်များအဖို့ ပဟေဠိဖြစ်နေလို့ ကာယကံရှင် ဒကာကြီးကိုယ်တိုင်တော့ သိမှာပဲ။ ဒကာကြီး မေးပြီး သံဃာ့အလယ်မှာ လျှောက်ထားရမယ်လို့ တရားစစ်သူကြီးကိုယ်တိုင်တာဝန်ပေးလိုက်လို့ ဒီနေ့ ဦးပဥ္စင်း တက်တက်ကြွကြွရောက်လာရတာပဲ"

''အဘယ်ထူးခြားချက်ဆိုသည်ကို တပည့်တော်မသိပါ။ သို့သော် ဘုရားရှင်တို့ ချီးကျူးမှုဟူသည် ဘုရားရှင်၊ သို့မဟုတ် ရတနာသုံးပါးနှင့် စပ်လျဉ်း၍သာ ဖြစ်ရမည် ဖြစ်သောကြောင့် တပည့်တော်သိသမျှကိုဖြင့် စဉ်းစဉ်းစားလျှောက်ထားပါမည်။ အရှင်ဘုရား ဒီနေ့အဖို့ ဒီအိမ်မှာပဲ ဆွမ်းဘုဉ်းပေးပြီးမှ ကြွတော်မူပါတော့''

''သံဃာ့အလယ်မှာ ပြန်လည်လျှောက်ထားရမယ့်ကိစ္စဖြစ်လေတော့ ဒကာကြီး ဆီက အဖြေရမှသာ သွားလို့ဖြစ်မှာပဲ။ စဉ်းစဉ်းစားစားသာ လျှောက်ထားပါတော့''

[ ၃ ]

''အရှင်ဘုရား၊ ပထမထူးခြားချက်ကတော့ ဘုရားရှင်နှင့် တပည့်တော်တို့ စတင်တွေ့ရှိပုံ ပါပဲ။

''အရင်က ဘုရားရှင်၏ ဂုဏ်တော်သတင်းများကို ကြားသိခဲ့ရပေမယ့် ဘုရားရှင်ကို ကိုယ်တိုင်ကိုယ်ကြပ် မဖူးတွေ့ဖူးသေးပါ။ တွေ့မည့်တွေ့တော့ ဝေသာလီ အနီးက ကံ့ကော်ဥယျာဉ်မှာ တပည့်တော် ဥယျာဉ်ကစားထွက်ရင်း အရက်သေစာ သောက်၍ မြူးတူးပျော်ပါးနေခိုက်တွင် ဘုရားရှင်ကြွလာ၍ စတင်ဖူးတွေ့ရပါသည်။ အံ့ဖွယ်ကောင်းသည်မှာ ယင်းသို့ ဘုရားရှင်ကို ဖူးတွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက်ပင် မြူးတူးပျော်ပါးလိုမှုတို့ ပြေပျောက်ရုံမက အရက်မူးနေသည်တို့ပင် ပြေပျောက်၍ သွားခြင်း ပါပဲဘုရား။

''အံ့ဖွယ်ပါပဲ။ ရှားရှားပါးပါး သန္တတိ အမတ်ကြီးတစ်ယောက်တော့ အရက်မူး နေရာမှ တရားတော်ကိုနာယူရ၍ အကျွတ်တရားရသွားဖူးသွားပါ၏။ သို့သော် ဘုရားရှင်ကိုဖူးမြင်ရရုံမျှဖြင့် အရက်မူးပြေပျောက်ကြသည်မဟုတ်ပါ။ လူဒါယကာတို့ကို ထားဦး၍ နဂါးဆိုးကို တန်ခိုးဖြင့်နှိမ်နင်းနိုင်သော အရှင်သာဂတမထေရ်သည်ပင် အရက်ကိုသောက်မိ၍ ဘုရားရှင်ရှေ့တော်မှောက်၌ပင် ဘုရားရှင်ဘက်ကိုခြေပေး၍ အိပ်ခဲ့ဖူးပါသည်။ ဤသည်မှစ၍ ရဟန်းများ အရက်သေစာမသောက်ရ၊ အရက် အလျှုမခံရဟူသော သိက္ခာပုဒ်တော် ဖြစ်ပေါ်ခဲ့ပေသည်ဒကာကြီး။

''ဘုရားရှင်က တပည့်တော်ကို တရားဟောပါသည်။ ထူးခြားလှစွာသော ဘုရားရှင်၏ ရူပကာယတော်နှင့် အသံတော်သည် တပည့်တော်အဖို့ဖြင့် ယစ်မူးခြင်းကိုပင် ပြေပျောက်စေခဲ့ပါသည်။ ဤမျှမက တရားတော်ကို နာရသောအခါ တပည့်တော်တွင် ရှိပြီးအယူများကို စွန့်လွှတ်၍ ဘုရားရှင်နှင့် သာသနာတော်သို့ ခိုင်ခိုင်မြဲမြဲ သက်ဝင် လိုက်ပါတော့သည်။

''ဘုရားရှင်၏ ရူပကာယတော်ကို ဖူးတွေ့ရရုံမျှဖြင့် ယစ်မူးနေမှု ပြေပျောက်ခြင်း၊ တရားတော်ကို နာယူရသောအခါ သာသနာတော်သို့ ဝင်ရောက်ရုံမျှမက သောတာပတ္တိမဂ်သို့ တစ်ထိုင်တည်းဖြင့် ရောက်ရှိခြင်းတို့သည် ထူးခြားချက်ဟု ယူဆပါသည်။

''ထိုအချိန်မှစ၍ ဘုရားရှင်၏ အဆုံးအမ သီလကို စောင့်ထိန်းခဲ့ပါသည်။ ငါးပါးမျှမက ရှစ်ပါးသီလကို စောင့်ထိန်းခဲ့ပါသည်။ ရှစ်ပါးသီလတွင် အဗြဟ္မစရိယာ သိက္ခာပုဒ်ဖြင့် အထူးစောင့်ထိန်းခဲ့ပါသည်ဘုရား''

''သာဝတ္ထိမှာ နာမည်ကျော် အနာထပိဏ်၊ ဝိသာခါတို့သည် သောတာပန်များဖြစ်ကြပါသည်။ သာသနာတော်တွင် အခြားသောတာပန်တို့သည် အမြောက်အမြား ရှိပါ၏။ သို့ရာတွင် ရှစ်ပါးသီလကို စောင့်ထိန်းသည့်အချိန်မှတစ်ပါး အဗြဟ္မစရိယာ သိက္ခာပုဒ်တော်ကို ထိန်းသိမ်းသည်ဟု မကြားရပါ။ အကြောင်းသော်ကား သောတာပန်မျှသည် ကိလေသာကို မပယ်နိုင်သေး။ အနာဂါမ်ကျမှ ပယ်နိုင်သောကြောင့် ဖြစ်ပါသည်။ ဒကာကြီး အဗြဟ္မစရိယာ သိက္ခာပုဒ်တော်ကို အထူးပြုစောင့်ထိန်းသည်ဆိုတော့ တတိယ ထူးခြားမှုပေါ့။ အထူးပြုပုံကို ပြောပါဦး''

''တပည့်တော်မှာ မြတ်နိုးကြင်နာအပ်သော နုနုပျိုပျို မယားလေးယောက် ရှိပါသည်။ အများသူငါတို့သည် အဗြဟ္မစရိယာ သိက္ခာပုဒ်ကို စောင့်ထိန်းကြသည်ဆိုရာ၌ ကာယကံမြောက်တော့ စောင့်ထိန်းကြပါလိမ့်မည်။ ဥပမာအားဖြင့် မိမိမယားသည် အခြားယောကျ်ား သူတစ်ပါးနှင့် မတော်မလျော်ဆက်ဆံသည်ကို မျက်မှောက်တွေ့ခဲ့ရပါသော် စောင့်ထိန်းနိုင်မှုခက်ပါလိမ့်မည်။ တပည့်တော်ကတော့ ဘုရားရှင်တရားတော်ကို ကြားနာရပြီးသည့် အချိန်မှစ၍ မယားများကို စိတ်ရော ကိုယ်ပါစွန့်ခွာလိုက်ပါသည်''

''စွန့်ခွာမှု ထူးခြားပုံကို ပြောပါဦး''

''အိမ်ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် မယားများကိုခေါ်၍ ညီမတို့ကို ယနေ့ ယခုအချိန်မှစ၍ စွန့်ခွာလိုက်ပြီဖြစ်ကြောင်း၊ ညီမတို့သည် အခြားယောကျ်ားတစ်ပါးကို အလိုရှိက တပည့်တော်ကိုယ်တိုင် ထိမ်းမြားပေးလှူမည်ဖြစ်ကြောင်း၊ ဤအိမ်တွင် မောင်လို၊ နှမလို သဘောထား၍ နေလိုကလည်း နေနိုင်ကြကြောင်း ကြေညာလိုက်ပါသည်။ ထိုအခါ အကြီးဆုံးသော မယားထံမှ ထူးခြားမှုတစ်ရပ် ပေါ်ပေါက်လာပါသည်''

''အင်း၊ ပေါ်ပေါက်လာပုံက''

''သူ့ကို အလိုရှိသူ ယောကျ်ားရှိနေကြောင်း၊ အကယ်စွန့်လွှတ်ရိုးမှန်ပါက ထိုသူနှင့်ထိမ်းမြားပေးစေလိုပါကြောင်း တောင်းဆိုလာပါသည်ဘုရား''

''ဘုရားရှင်ကိုယ်တော်တိုင် အဘယ့်ကြောင့် မမိန့်ကြားကြောင်း အခုမှ သဘောပေါက်လာပါတော့တယ်။ ဒီစကားတွေကို ဘုရားရှင်က ကိုယ်တော်တိုင် ဟောဖို့ အခက်သားကလား၊ ကဲ ဆက်ပါဦး''

"တပည့်တော်သည် ထိုယောက်ျားကို ခေါ်စေ၍ တပည့်တော်ကိုယ်တိုင် လက်ဝဲလက်ဖြင့် မယားကိုကိုင်၍ လက်ယာလက်ဖြင့် ရေကရားကိုကိုင်ကာ ထိုက်သင့်သော ပစ္စည်းဥစ္စာတို့ကို ပေး၍ စွန့်လှူလိုက်ပါသည်။ ကျန်သော မယားများကတော့ မောင်လိုနှမလို နေကြဆဲပါ။ ဤအပြုအမူများကြောင့် တပည့်တော်သည် စိုးစဉ်းမျှ မတုန်လှုပ်ခဲ့ပါဘုရား"

"လူ့လောကမှာ အံ့ဖွယ်အပြုအမူပါပဲ"

"စတုတ္ထအချက်ကတော့ တပည့်တော်သည် ဘုရားရှင်၏ ဓမ္မသဝန ဓမ္မဒေသနာ တရားနာမှု၊ တရားဟောမှု မင်္ဂလာတရားတော်နှစ်ပါးကို ခိုင်ခိုင်မြဲမြဲ စွဲယူခဲ့ပါသည်။ ရဟန်းတော် တစ်ပါးပါးနှင့် ဖူးတွေ့ရသည်ဆိုလျှင် ရဟန်းတော်က တရားဟောပါက ရိုရိုသေသေ နာယူပါသည်။ ရဟန်းတော်က မဟောခဲ့ပါသော် တပည့်တော် တတ်သိနားလည်ထားသော တရားတစ်ပုဒ်ပုဒ်ကို ရဟန်းတော်အား ဟောကြားခြင်းပါပဲဘုရား"

"ဒီအချက်ကတော့ ဦးပဥ္စင်းအသိပဲ။ ဒကာကြီး ဟောကြားတဲ့ တရားတွေ နာခဲ့ရပေါင်းများပြီ။ ရဟန်းတော်တိုင်း အကျင့်တတ်ပေမည့် တရားမဟောတတ်ကြပေဘူး။ ဒါယကာက ရဟန်းတော်ကို တရားဟောဖို့ဆိုတာလဲ ခက်ခဲတဲ့ အလုပ်တစ်ခုပေပဲ၊ ကဲ ပဥ္စမထူးခြားချက်ကို ဆက်ပါဦး"

"အရှင်ဘုရား၊ တပည့်တော်သည် ကြီးမြတ်တော်မူသော ဘုရားရှင်ကိုထားဦး၊ ရဟန်းကြီး ရဟန်းငယ် အသွယ်သွယ်သော မည်သည့် ရဟန်းကိုမဆို နေရာဒေသမရွေး တွေ့သည်နှင့်တစ်ပြိုင်နက် ပေါ့ပေါ့တန်တန် သာမန်မျှ ဆက်ဆံခဲ့ဖူးသည်မရှိပါ။ ရိုသေလေးမြတ် ပျပ်ဝပ်ကျိုးနိမ့်စွာဖြင့် ဆက်ဆံဖူးတွေ့သည်ချည်းဖြစ်ပါသည်"

"ဤအချက်သည်လည်း ထူးခြားလှပေသည်။ အကြောင်းမှာ ရတနာသုံးပါးကို လေးစားသည်ဆိုစေကာမူ အချို့မှာ နေရာဒေသ အယုတ်အမြတ်ကိုထောက်၍ အလေးအပေါ့ ဆက်ဆံမှု ကွာခြားကြသည်။ အချို့မှာ ရဟန်းတော်၏ သီလသိက္ခာနှင့် အကြီးအငယ်ကိုခွဲခြား၍ ရိုသေမှု ကွာခြားတတ်ကြသည်။ ဆဋ္ဌမထူးခြားချက်က"

"တပည့်တော်သည် သာသနာတော်သို့ သက်ဝင်ပြီးသည့်အချိန်မှစ၍ တပည့်တော်ပိုင်သမျှအတွင်းပစ္စည်းအပြင်ပစ္စည်း၊ ပစ္စည်းဥစ္စာမှန်သမျှကို သာသနာတော်နှင့် သီလဝန္တပုဂ္ဂိုလ်တို့အတွက်ဟူ၍ မကွဲမပြား သဘောထားလိုက်ခြင်းပါပဲဘုရား။

"သာသနာတော်နှင့် သီလဝန္တပုဂ္ဂိုလ်တို့အတွက် စွန့်လွှတ်ထားလိုက်တယ် ဆိုပါတော့"

"မှန်ပါသည်။ ပစ္စည်းအားလုံးကိုပင်ဖြစ်စေ အကြင်မျှလောက် သာသနာတော် နှင့် သီလဝန္တပုဂ္ဂိုလ်တို့အတွက် လိုအပ်၏။ ထိုမျှလောက် မတွန့်မတို စွန့်လွှတ်ရန် အသင့်ပါဘုရား"

"ပစ္စည်းဟူသည် ကာမဘောင် လူ့လောကီအတွင်း၌ လွတ်လွတ်စွန့်လွှတ်နိုင်မှု ဆိုသည်မှာ အလွန်ခက်ခဲသည်။ ရှေးက အလောင်းတော် ဝေဿန္တရာမင်းကြီး၊ ဝေလာမ ဗြာဟ္မဏ စသူတို့ စွန့်လွှတ်လှူဒါန်းကြသည်။ ပစ္စုပ္ပန်၌ အရှင်မဟာကဿပအလောင်း ပိပ္ပလိလုလင်တို့၊ ရဋ္ဌပါလလုလင်တို့သည် ရှိသမျှပစ္စည်းကို ရက်ရက်ရဲရဲ စွန့်လွှတ် ခဲ့ကြသည်။ အလှူရဲရင့်သည်ဟု ကျော်ကြားသော အနာထပိဏ်၊ ဝိသာခါတို့ပင် ရှိသမျှပစ္စည်း လွတ်လွတ်စွန့်လွှတ်ဖို့ ခက်ခဲသည်။ ဘုရားရှင် ကိုယ်တော်တိုင်ကပင် 'ပစ္စည်းကို လေးပုံ ပုံ၍ တစ်ပုံကို လှူဒါန်းရာ၏'' ဟု စည်းကမ်း တရားတော်ချမှတ် ပေးထားသည်။ ယခု ဒကာကြီးစေတနာမှာ တကယ့်အံ့ဖွယ်ပါပေ။ ကဲ သတ္တမအံ့ဖွယ်ကို စဉ်းစားပါဦး"

"သတ္တမနှင့် အဋ္ဌမအံ့ဖွယ်က နတ်ဒေဝတာများနှင့် ပတ်သက်ပါသည်ဘုရား"

"နတ်ဒေဝတာများနှင့် ပတ်သက်သည်ဆိုကတည်းက အံ့ဖွယ်ဖြစ်တော့မပေါ့။ နတ်ဒေဝတာတို့သည် သာမန်ပုဂ္ဂိုလ်ကို ချဉ်းကပ်ခဲပါသည်။ ဖြစ်ပုံကိုပြောပါ"

"သာသနာတော်သို့ သက်ဝင်ပြီးသည့် မကြာမီပင် ညဉ့်အချိန် အိပ်ရာတိုက်ခန်း သို့ဖြစ်စေ၊ တစ်ကိုယ်တည်းနေသော နေရာများသို့ဖြစ်စေ နတ်ဒေဝတာများ ရောက်လာ တတ်ကြပါသည်။ သာသနာတော်စောင့် နတ်များဖြစ်ကြပါ၏။ သူတို့က မည်သည့် ရဟန်းတော်သည် အကျင့်သိက္ခာ ပညာအားဖြင့် မည်သည့်အဆင့်ရှိကြောင်း၊ မည်သည့် ရဟန်းသည် သင်္ကန်းကိုဝတ်ထားသော်လည်း ရဟန်းမဟုတ်ကြောင်း၊ မည်သည့် ရဟန်းသည် ရဟန်းဆိုသော်လည်း မည်သို့အကျင့်သိက္ခာပျက်နေကြောင်း ရဟန်းကောင်း ရဟန်းဆိုးများကို ခွဲခြား၍ပြောပြပါသည်။ အဓိပ္ပာယ်ကတော့ တပည့်တော်အဖို့ ရဟန်းကောင်းနှင့် ရဟန်းဆိုးကို ခွဲခြား၍ကိုးကွယ်နိုင်ရန်ဖြစ်ပါသည်''

"အကျင့်ပျက် ရဟန်းများအဖို့ လူမသိသော်လည်း နတ်သိသည်မှာ ရှက်ဖွယ် ကောင်းပါဘိ။ သို့သော် လူမသိ ဆိုသော်လည်း မိမိကောင်းမှု မကောင်းမှုကို မိမိ သိသည်သာ ဖြစ်၏။ မကောင်းမှု ဟူသည် ဆိတ်ကွယ်ရာမရှိဟု ဘုရားရှင်က ဟောတော် မူပါသည်။ အဓိပ္ပာယ်မှာ မိမိအလုပ်ကို မိမိသိသည်။ မကောင်းမှုလုပ်လျှင် သူတစ်ပါး မသိနိုင်ဦးတော့၊ နတ်သိသည်။ ထို့ကြောင့်လည်း ဘုရားရှင်အား ရှေ့တွင်ဖြစ်စေ၊ ကွယ်ရာတွင်ဖြစ်စေ မကောင်းမှုမှ ကင်းစင်သူအဖြစ် ချီးကျူးရပါသည်။

"ရဟန်းတော်က သာသာနာ့အတွင်းပိုင်း ရဟန်းဆိုးများနှင့် ပတ်သက်လာ သောကြောင့် ဒါယကာ သဒ္ဓါမပျက်စေရန် ယောနိသော မနသိကာရသဘောထား၊

ယထာဘူတ တရားဖြင့် အချောသတ်ပေးရသည်။ သို့ရာတွင် ဒါယကာ၏ ဆက်လက် လျှောက်ထားမှုကို ကြားရသောအခါ အံ့ဩစွာဖြင့် ဝမ်းမြောက်ရ၏။ အံ့ဖွယ်ဒကာပါပေ''

''သို့ရာတွင် အရှင်ဘုရား၊ ရဟန်းတော်တို့တွင် အကျင့်သီလရှိသောကြောင့် လည်းကောင်း၊ မရှိသောကြောင့်လည်းကောင်း တပည့်တော်၏ သဒ္ဓါ စေတနာမှာ တစ်စုံတစ်ရာ အပြောင်းအလဲမရှိခဲ့ပါ။ ဤသည်ကား တပည့်တော်၏ သတ္တမမြောက် အံ့ဖွယ်ဖြစ်ပါလိမ့်မည်။

ဤနေရာတွင် ရဟန်းတော်က သာဓုသုံးကြိမ်ခေါ်၍ ''တကယ့်အံ့ဖွယ် တစ်ချက်ပါပဲ'' ဟု မိန့်ကြားသည်။

''ဘုရားရှင်က သင်္ကန်းဟူသည် သာသနာတော်၏တံခွန်၊ နိဗ္ဗာန်၏အောင်လံ ဖြစ်သည်။ သို့ဖြစ်၍ လမ်းပေါ်တွင် မစင်အညစ်အကြေးတို့ဖြင့် လိမ်းကျံနေသော သင်္ကန်းကိုတွေ့ရသော်မှ သာသနာ့အောင်လံပါတကားဟူသောအသိဖြင့် ယူငင်၍ ကောင်းစွာဖွပ်လျှော် ကိုးကွယ်ရမည်ဟု ဟောတော်မူပါသည်။ သင်္ကန်းကို ဖူးတွေ့ရလျှင် တပည့်တော် သဒ္ဓါအဖို့ လုံလောက်ပါပြီ။ အကျင့်သီလရှိမှု မရှိမှုသည် သူ့ဘက်က တာဝန်ပါဘုရား''

''အဋ္ဌမ တစ်ချက်ပဲ ကျန်ပါတော့သည်''

''နတ်ဟူသည် ကိုးကွယ်ရာ ပြောဆိုရာ၌ ဘုရားရှင်နှင့်တကွ တန်ခိုးအရှင်၊ သီလအရှင် ရဟန်းတော်တို့အဖို့ နတ်ဒေဝတာများနှင့် တွေ့ကြုံဆုံဆည်းဖို့ မခဲယဉ်း သော်လည်း လူတို့အဖို့ နတ်ဒေဝတာများနှင့် အကယ်တွေ့ဆုံသူဟူ၍ မရှိသလောက် ဖြစ်ပါသည်''

''မှန်ပေသည် ဒကာကြီး၊ တွေ့ဖူးသည်ဆိုလျှင်လည်း စတုမဟာရာဇ်တုံ အပါအဝင် အောက်ခြေဘဝ ပရလောကသားများကိုသာတွေ့ကြရဖို့ရှိသည်။ နတ်ကောင်း နတ်မြတ်တို့သည်ကား သီလမေတ္တာ ပြည့်စုံလှစွာသော လူသူတော်ကောင်းများသို့သာ အကြောင်းရှိသည့်အခါ ချဉ်းကပ်တတ်ကြ၍ ပကတိအားဖြင့် လူသည် မစင်ကိုရှောင် သကဲ့သို့ မကောင်းမှုတို့ဖြင့် ပြိုးပြွမ်းသော လူ့လောကကို ရှောင်ရှားလေ့ရှိကြပါသည်။ ဒါယကာကြီး၏ နတ်တို့ချဉ်းကပ်သည်မှာ ချီးကျူးဖွယ် အံ့ဖွယ်ပါပေ''

''သို့ရာတွင် အရှင်ဘုရား၊ တပည့်တော်အား နတ်တို့မြတ်နိုးသည်၊ ချဉ်းကပ် လာသည်ကို တပည့်တော်အဖို့ဖြင့် မည်သို့မျှ အံ့ဩမှု ထူးခြားမှုမရှိခဲ့ပါ။ သူတို့ကို တွေ့လာသည့်အခါ လူအချင်းချင်း တွေ့ရသကဲ့သို့ပင် သဘောထားပါသည်။ ဤအချက်သည် အဋ္ဌမအံ့ဖွယ်ဖြစ်ပါလိမ့်မည်''

''အံ့ဖွယ်တစ်ရပ်ပါပဲ''

ထို့နောက် ရဟန်းတော်ကို ဆွမ်းကပ်လှူသည့် ရဟန်းတော်ဆွမ်းဘုဉ်းပေးခိုက် သူကြွယ် ဦးဥဂ္ဂါက ''ဘုရားရှင်သို့ အရှင်ဘုရားလျှောက်ထားသောအခါ ဘုရားရှင်က မည်သို့ ပြန်လည်မိန့်တော်မူမည်ကို ကြားနာပြီးလျှင် ကြည်ညိုလိုလှပါသည်။ သို့ဖြစ်၍ ယနေ့ည သံဃာ့အစည်းအဝေးသို့ တပည့်တော် လာရောက်ကြည်ညိုပါမည်ဘုရား'' ဟု လျှောက်ထားသည်။

''သာဓု – သာဓု – သာဓု ဒကာကြီး၊ ယနေ့သည် ပန္နရသီ လပြည့်နေ့ ဖြစ်၍ လမင်းကြီးဖြင့် ညဥ့်ဦးခင်း သာယာမည်။ မဟာဝုန်၌ လက်ယာတော်ရံ၊ လက်ဝဲတော်ရံ မထေရ်ကြီးတို့နှင့်အတူ ရဟန်းတော်ပေါင်း တစ်သောင်းကျော်တို့ စုရုံးရောက်ရှိနေကြသည်။ ရဟန်းတော်များ တစ်ပါးမကျန် တရားမဏ္ဍပ်သို့ ရောက်ရှိ၍ ဥပုသ်ပြုကြမည်။ ဘုရားရှင်ကိုယ်တော်တိုင် ဩဝါဒပါတိမောက် ပြတော်မူမည်ဟု အရှင်အာနန္ဒာထံမှ ကြားသိထားရသည်။ ထိုအချိန်သည် သာမဏနဋ္ဌ ဒဿနံ ဟူသော မင်္ဂလာ တရားတော်အရ ဘုရားရှင်နှင့် ရဟန်းတော်များကို ဖူးတွေ့ကြည်ညိုဖို့ရန် အကောင်းဆုံးအချိန် ဖြစ်ပေသည်'' ဟု မိန့်ကြားသောအခါ ဦးဥဂ္ဂါက ညဥ့်ဦးပိုင်း အတွေ့အကြုံကို ကြိုတင်ကြည်ညိုလှသောကြောင့် ရဟန်းတော်များသို့လည်းကောင်း၊ ဘုရားရှင်နှင့် သံဃာတော်များသို့ ရည်မှန်း၍လည်းကောင်း ကြိုတင်သဒ္ဓါစေတ်ဖြင့် အထပ်ထပ် ဦးနိုမ်သည်။

[ ၄ ]

မြူတိမ်ကင်းစင်သော လပြည့်ညဥ့်၏ လလုံးကြီးသည် ကောင်းကင်တွင် ထိန်လင်းစွာ ဆွဲချိတ်လျက်ရှိနေသည်။ ရဟန်းတော်များသည် တရားမဏ္ဍပ်သို့ တဖွဲဖွဲ ကြွရောက်လာကြ၏။ ဦးဥဂ္ဂါသည် ခပ်စောစောကပင် မဏ္ဍပ်အစွန် တစ်နေရာ၌ ရောက်နေသည်။ ကြည်ညိုလိုသော ဒါယကာအချို့လည်း ရောက်ရှိလာကြသည်။

လရောင်ဖြင့် လွှမ်းခြုံထားသော်လည်း မဏ္ဍပ်အတွင်းပိုင်းရှိအချို့သော နေရာများတွင် မဏ္ဍပ်အမိုးကြောင့် အမှောင်သန်းလျက်ရှိရာ မိမိ၏ရဟန်းတော် အရှင်ကေလာသသည် အသင့်ရှိပြီးသော ဆီမီးတိုင်များကို မီးညှိထွန်းလျက် ရှိနေသည်ကို ဖူးတွေ့ရ၏။ အချို့သော ရဟန်းတော်များက သံဃာတော်များ နေရာအတွက် တံမြက်လှည်းနေကြသည်။ မဏ္ဍပ်နံရံဝန်းကျင်ရှိ ရေအိုးစင်များသို့ အချို့သော ရဟန်းတော်များက ရေရှိမရှိ လိုက်လံစစ်ဆေးနေသည်ကိုလည်း တွေ့ရ၏။ အကြောင်းမှာ ဥပုသ်ပြုတော်မူကြမည့် ဥပုသ်မဏ္ဍပ်တွင် ဆီမီးညှိထွန်းခြင်း၊ သောက်ရေ သုံးရေ တည်ထားခြင်း၊ နေရာခင်းခြင်းဟူသော အလုပ်များမှာ ဥပုသ်ပြုရာတွင် ပြုလုပ်ရမည် ဖြစ်သော ဘုရားရှင် ပညတ်တော်မူထားသည့် ဝိနည်းပရိကမ်များဖြစ်ကြသည်။

ရဟန်းတော်များ စုံညီ၍ ဘုရားရှင်ကြွရောက်တော်မူလာသောအခါ ရဟန်းရော လူပါတုပ်ဝပ်ရှိခိုးကြသည်။ ငြိမ်ဝပ်သော ပရိသတ်သည် ပို၍ငြိမ်သက်သွား၏။

ခင်းထားအပ်သော နေရာတော်တွင် ဘုရားရှင်သီတင်းသုံးမိသောအခါ အရှင်သာရိပုတ္တရာ ကိုယ်တော်တိုင်က''ယနေ့သည် ပန္နရသီလပြည့်နေ့ဖြစ်၍ ရဟန်းတော်များ ဥပုသ်ပြုရမည့်အချိန်ဖြစ်ပါသည်။ ဘုရားရှင်ကိုယ်တော်တိုင် ပါတိမောက် ပြတော်မူပါလိမ့်မည်။ ရဟန်းတော်များ စုံညီကြပါပြီလား။ သောက်ရေသုံးရေ တည်ထားပြီး ပါပြီလား'' ဟု မေးတော်မူသောအခါ အရှင်ကေလာသက အားလုံးပြီးစီးစုံညီပါကြောင်း လျှောက်ထားသည်။ ဤသို့မေးမြန်းဖြေဆိုရမည်မှာလည်း ဝိနည်းပရိကမ်ဖြစ်ပေ၏။

ပါတိမောက်ပြခြင်းဟူသည် ဘုရားရှင် သတ်မှတ် ပညတ်အပ်ပြီးသော ဝိနည်း ဥပဒေများကိုအကြီးဆုံးသော ပါရာဇိက လေးပါးမှအစ ဒုက္ကဋ် ဒုဗ္ဘာသီဝိနည်းငယ် ပညတ်တော်များအထိ အစဉ်အတိုင်း ရွတ်ဆိုပြခြင်းပင်ဖြစ်ပေ၏။ အဓိပ္ပာယ်မှာ သာသနာတော်၏ အသက်ဖြစ်သော မိမိတို့ လိုက်နာကျင့်သုံးရမည့် ဝိနည်းဥပဒေများကို မပြတ်အလေးဂရုပြုကြရန်၊ မမေ့ကြရန်ဖြစ်ပေ၏။ ယင်းသို့ဖြင့် ဘုရားရှင်ကိုယ်တော်တိုင် ပါတိမောက်ပြတော်မူသောအခါ ပျပ်ဝပ်စွာ နာယူကြ၍ ဝိနည်းတစ်ခန်းပြီးတိုင်းပြီးတိုင်းတွင် သာဓုသုံးကြိမ် ခေါ်ကြရာမှ အဆုံးတွင် ကျယ်မြင့်စွာ သာဓုခေါ်လိုက်ကြသောအခါ ဥပုသ်ပြု အခမ်းအနား ပြီးဆုံးပြီဖြစ်၏။

အတန်ငယ် ငြိမ်ဝပ်စွာ ရှိနေကြပြီးနောက် အရှင်အာနန္ဒာက ''ဘုန်းတော် ကြီးသော မြတ်စွာဘုရား၊ ယမန်နေ့ညဉ့်က အရှင်မြတ် ဟောကြား၍မပြီးဆုံးသော ဥဂ္ဂါသူကြွယ်၏ အံ့ဖွယ်ရှစ်ရပ်အကြောင်းရပ်ကို ရဟန်းတော် အရှင်ကေလာသသည် ဦးဥဂ္ဂါသို့ မေးမြန်းသိရှိခဲ့ပြီးဖြစ်ပါသည်ဘုရား'' ဟု လျှောက်ထားလိုက်သောအခါ ''သိရှိခဲ့သမျှကို ကေလာသ လျှောက်ထားပါဘိ'' ဟု မိန့်တော်မူ၍ အရှင်ကေလာသက မိမိမေးမြန်းသိရှိခဲ့သည့်အစဉ်အတိုင်း ဦးဥဂ္ဂ၏ အံ့ဖွယ်ရှစ်ရပ်ကို လျှောက်ထားသည်။

''ရဟန်းတို့၊ ကေလာသလျှောက်ထားချက် အားလုံးသည် မှန်ကန်သည်။ ယမန်နေ့ညဉ့်က ငါ့ကို သင်တို့က လျှောက်ထား၍ ငါဘုရားဖြေကြားရမည်ဆိုလျှင်လည်း ဤအတိုင်းပင်ဖြေကြားမည်'' ဟု မိန့်တော်မူလိုက်သောအခါ ရဟန်းပရိသတ်က သာဓု သုံးကြိမ်ခေါ်၍ ကောင်းချီးပြုကြသည်။

ရဟန်းပရိသတ်အလယ်တွင် ဘုရားရှင်ကိုယ်တော်တိုင် ချီးကျူးခံရသော သူကြွယ်ကိုယ်တိုင်မူကား တစ်ကိုယ်လုံး ထုံမွှမ်းအပ်သော တရားတော် ပီတိအရှိန်ဖြင့် ဦးနှိမ်၍ မဝအောင်ဖြစ်ကာ သောတာပန်အဆင့်မှ အနာဂါမ်အဆင့်သို့ တစ်ထိုင်တည်း ကူးပြောင်းသွားသည်။ ။

# ငြိမ်းချမ်းသာယာသောနယ်မြေ

[ ၁ ]

တရားသမားတို့တွင် တရားသားတက်၍ တရားနှင့် 'တွေ့'လာသောအခါ ဝမ်းမြောက်လှသော ပီတိ၏အဟုန်၊ တရား၏အရှိန်ကြောင့် ဩဘာသခေါ် ကိုယ်ရောင်ကိုယ်ဝါ ထွက်လာတတ်၏။ ကိုယ်ရောင်ကိုယ်ဝါမျှသာမက ပြင်းထန်သော ပီတိ၏အဟုန်ဖြင့် ရဟန္တာများ ဈာန်ပျံသကဲ့သို့ လိုအပ်သောနေရာသို့ ကောင်းကင်ခရီးဖြင့် ပျံသွားနိုင်သည်။

သီဟိုဠ်ကျွန်းတွင် ဘုရားရှင်ကို ကြည်ညိုသော အမျိုးသမီးတစ်ဦးသည် ကိုယ်ဝန်အရင့်အမာကြောင့် သူ့မိဘများခွင့်မပြုသဖြင့် မဟာစေတီသို့ ဘုရားဖူး မလိုက်ပါရဘဲရှိရာ ဘုရားရှင်ကို ကြည်ညိုလွန်းသော ပီတိအရှိန်ဖြင့် မဟာစေတီသို့ သူက အရင်ရောက်နေသည်။

အနာထပိဏ်သူဌေးသည် ရာဇဂြိုဟ်သို့ရောက်၍ ဘုရားရှင်ပွင့်တော်မူပြီဟု ကြားရသောသတင်းကြောင့် တစ်ညလုံးအိပ်မပျော်ဘဲ ပီတိအရှိန်ဖြင့် နေခဲ့ရာက နံနက် မိုးလင်းသည်အထိပင်မစောင့်နိုင်ဘဲ ထိုညတွင်ပင် ပီတိတည်းဟူသော ကိုယ်ရောင်ဖြင့် ဘုရားရှင် သီတင်းသုံးတော်မူရာ သုသာန်ကျောင်းတော်သို့သွားသည်။ မြို့တံခါးများ ဟင်းလင်းပွင့်၏။ ထိုသည်မှစ၍ ဘုရားရှင်အား သာဝတ္ထိသို့ပင်ကာ ဇေတဝန်ကျောင်း ဒါယကာအဖြစ် သာသနာတော်တွင် ထင်ရှားလာသည်။

ဘုရားရှင်ကို ကြည်ညိုသော ပီတိအဟုန်ကြီးမားရာ၌ မဟာကပ္ပိနမင်းကြီးနှင့် အနော်ဇာမိဖုရားတို့မှာ သာသနာတော်တွင် အထင်ရှား အကြီးကျယ်ဆုံးဖြစ်၏။ မင်းနှင့် မိဖုရားတို့သာမက သူတို့အခြွေအရံများပါ ပါဝင်သည်။ ပီတိတည်းဟူသော အစွမ်း အဟုန်ဖြင့် မြစ်ကြီးသုံးတန်ကိုပင် မြင်းဖြင့်ဖြတ်၍ကူးနိုင်ကြသည်။ ရထားဖြင့်ဖြတ်၍ ကူးနိုင်ကြသည်။ သူတို့၏ပီတိအဟုန်သည် သူတို့ကိုသာမက မြင်းများကိုပင် သယ်ဆောင်၍ပို့သည်။

[ ၂ ]

ပဒုမုတ္တရဘုရားရှင် လက်ထက်တော်ကပင် ရတနာသုံးပါးတွင် ကြည်ညိုမှုစာတ်ခံ ရှိခဲ့သော မဟာကပ္ပိနအလောင်း သတို့သားနှင့် အနော်ဇာမိဖုရားအလောင်း သတို့ သမီးတို့သည် တစ်ခုသော ရက်ကန်းသည်ဘဝ၌ ပစ္စေကဗုဒ္ဓါတစ်ထောင်တို့အား ဝါတွင်း သုံးလပတ်လုံး ကျောင်းကိုယ်စီဆောက်၍ ဆွမ်းဝတ်အလှူပြုခဲ့ကြဖူးသည်။ ဝါဆိုသင်္ကန်း ကပ်လှူခဲ့ကြဖူးသည်။ ကဿပဘုရားရှင် လက်ထက်တော်တွင်လည်း ကျောင်းဆောက်၍ အလှူကြီးပေးခဲ့ကြဖူးသည်။

ယင်းအလှူတွင် အနော်ဇာမိဖုရားအလောင်းအမျိုးသမီးက အနော်ဇာပန်းများကို ကဿပဘုရားရှင်သို့ ကပ်လှူ၍ ဖြစ်လေရာဘဝတွင် အနော်ဇာပန်းကဲ့သို့ အဆင်းလှရ ပါလို၏။ အမည်အားဖြင့်လည်း အနော်ဇာဟူ၍ပင် တွင်ရပါလို၏ဟု ဆုတောင်းခဲ့သည်။

ဂေါတမဘုရားရှင်လက်ထက်တော်ရောက်သောအခါ အမျိုးသားက ကုက္ကုဋဝတီ ပြည်တွင် မဟာကပ္ပိနမင်းဖြစ်လာ၍ အမျိုးသမီးက အမျိုးသမီး အချောအလှတို့ကြောင့် နာမည်ကျော်သော ခေမာမိဖုရားတို့၏ သာဂလပြည်ဝယ် မင်းသမီးဖြစ်လာ၏။ အနော်ဇာ ပန်းလိုလှသောကြောင့် အနော်ဇာမင်းသမီးဟုပင် အမည်တွင်သည်။ နောင်ခါတွင် ရှေးရေစက်ပါရမီရှိခဲ့သည့်အတိုင်း ကုက္ကုဋဝတီပြည်တွင် ဘုရင် မဟာကပ္ပိနမင်းကြီး၏ မိဖုရားကြီးဖြစ်လာသည်။ သူတို့၏ ကောင်းမှုဖက် အခြွေအရံများသည်လည်း မင်းနှင့် မိဖုရားတို့၏ အခြံအရံများ ဖြစ်လာကြကုန်သည်။

ထိုအချိန်ကား မဇ္ဈိမတိုင်းတွင် ဘုရားရှင်ပွင့်ထွန်းတော် မူလိမ့်မည်ဟုသော ဗုဒ္ဓကောလာဟလကြီးပေါ်ထွက်နေချိန်ဖြစ်သည်။ ယင်းကောလာဟလကို အကြောင်းပြု၍ သူကလည်းဘုရား၊ ငါကလည်းဘုရားနှင့် ဘုရားမျိုးစုံ အယူဝါဒမျိုးစုံတို့ ပေါ်ထွက်နေသော အချိန်လည်းဖြစ်ပေသည်။ သို့ရာတွင် ပါရမီအခြေခံ ရင့်သန်ပြီးသော မဟာကပ္ပိနမင်းကြီးတို့ အဖို့လက်ရှိဘုရား၊ လက်ရှိဝါဒများအပေါ်တွင် မကျေနပ်နိုင်ကြ။ သို့ဖြစ်၍ သူတို့၏ လုပ်ငန်းတစ်ရပ်မှာ သူတို့ကျေနပ်နိုင်လောက်သော ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန်ကို တွေ့ရနိုးနိုးဖြင့် အရပ်လေးမျက်နှာတို့သို့ မြင်းသည်ကျော်များကို စေလွှတ်၍ ဘုရားသတင်း၊ တရားသတင်း၊ သံဃာသတင်းတို့ကို ကြားနာ စုံစမ်းစေခြင်းပင် ဖြစ်ပေသည်။

ဤတွင် မဟာကပ္ပိနမင်းကြီးနှင့် သာဝတ္ထိမှရောက်လာကြသော လှည်းကုန်သည် အုပ်စုတို့တွေ့ဆုံကြသည်။ တွေ့မည့်တွေ့တော့ သတင်းအရှာထွက်သူတို့ကမတွေ့၊ ဥယျာဉ်မွေ့ထွက်လာသော မဟာကပ္ပိနမင်းကြီးနှင့် ဥယျာဉ်တွင် စတည်းချလျက်ရှိသော သာဝတ္ထိလှည်းကုန်သည်တို့တွေ့ကြခြင်းဖြစ်သည်။

တစ်မြို့တစ်နယ်မှ ဧည့်သည်တွေဖြစ်မှန်းသိ၍ သတင်းထူး တစ်စုံတစ်ရာ၊ အထူးသဖြင့် ရတနာသုံးပါးနှင့်စပ်သော သတင်းများရှိလျှင် သိနိုင်ရန် လုည်းမှူးကြီးကို ရှေ့တော်သို့သွင်းစေလိုက်သည်။

''အသင်တို့ အဘယ်အရပ်က လာကြသနည်း''

''သာဝတ္ထိကပါ အရှင်မင်းမြတ်''

''ငါ့ဆွေတော် ကောသလဘုရင် ကျန်းမာပါ၏လော''

''အရှင့်မေတ္တာကြောင့် ကျန်းမာပါ၏''

''အသင်တို့ သာဝတ္ထိတွင် သတင်းထူး တစ်စုံတစ်ရာရှိသလော''

''နိုင်ငံရေးရာ သတင်းထူး တစ်စုံတစ်ရာတော့မရှိပါ။ သာသနာတော်ရေးရာ သတင်းထူးတော့ရှိပါ၏။ ယင်းသည်ကား ကပ္ပိလဝတ်ပြည့်ရှင်ဘုရင်သုဒ္ဓေါဒန၏သား သိဒ္ဓတ္ထမင်းသားသည် ဘုရားစင်စစ်ဖြစ်တော်မူ၍ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးလျက်ရှိနေပါသည်ဘုရား''

ဖြည့်ခဲ့ပြီးသော ပါရမီအခံတွင် မဟာကပ္ပိနဘုရင်အဖို့ ဤသတင်းကြောင့် ထူးခြားစွာ ဝမ်းမြောက်တုန်လှုပ်သွားရပြီဖြစ်၏။ သို့ရာတွင် ယနေ့အချိန်၌ သာဝတ္ထိ၊ ရာဇဂြိုဟ်တို့တွင် ငါငါ သူသူ ဘုရား အမည်ခံအဆူဆူတို့ ပွင့်ထွန်းလျက်ရှိနေပေသည်။ ထူးထူးခြားခြား ဘုရားကေန်ဟုတ်မှန်ပါ၏လောဟု မေးမြန်းရပေဦးမည်။ အဆင်သင့် ပုံမှာကာ ရောက်လာသောသာဝတ္ထိသားတို့သည် ဘုရားရှင်၏ တရားတော်တို့ကို နာဖူး၍ ရတနာသုံးပါး၏ ဂုဏ်တော်ကျေးဇူးတော်များကို သိနေသူများဖြစ်နေကြခြင်းပင်ဖြစ်သည်။

''သာဝတ္ထိသားတို့၊ သိဒ္ဓတ္ထမင်းသားဘုရားအဖြစ် ပွင့်တော်မူကြောင်း ကြားရ၍ ဝမ်းမြောက်လှပါသည်။ သို့ရာတွင် အသင်တို့ဘုရားသည် ဟုတ်ဟုတ်ညားညား ဘုရား ကေန်မှန်ပါ၏လော''

''အရှင်မင်းကြီး၊ ကျွန်တော်တို့ဘုရားရှင်သည် ဂုဏ်တော်ကိုးပါးနှင့် တရားထူး တရားမြတ်တို့ပိုင်ရှင် ဟုတ်ဟုတ်ညားညား ဘုရားစစ်စစ်ကေန်ဖြစ်တော်မူပါသည်။ ထိုဘုရားရှင်သည် ဝေနေယျများစွာ သတ္တဝါတို့အကျိုးငှာ လောကသုံးပါး၌ ထင်ရှား ပွင့်တော်မူလျက်ရှိပါပြီ။ ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ''

ဤနေရာ၌ သာဝတ္ထိဒါယကာတို့ဘုရားရှင်၏ ဂုဏ်တော်များကိုဖွင့်ဆို၍ ပြလိုက်သောအခါ ထူးခြားစွာဖြစ်လာသည်ကား မဟာကပ္ပိနဘုရင်ကြီးသည် ကြီးမားသော သဒ္ဓါအဟုန်၊ ပြင်းထန်သော ပီတိအဟုန်တို့ကြောင့် မေ့မြော၍ သွားခြင်းဖြစ်ပေသည်။ တစ်ကြိမ်မျှသာမက မေ့မြောရာမှသတိရလာ၍ သုံးကြိမ်တိုင်တိုင် ထပ်မံမေး၍ သုံးကြိမ်တိုင် ကြားရတိုင်း သုံးကြိမ်တိုင်တိုင် မေ့မြောသည်။

''အရှင်မင်းကြီး၊ ထိုဘုရား၏ တရားတော်သည်လည်း အမှန်ပင် ထူးခြားပါပေသည်။ ဘယ်တုန်းကမှ မကြားမနာခဲ့ရဖူးသော အနတ္တဒေသနာနှင့် သစ္စာလေးပါး တရားတော်တို့ကို ဟောကြားတော်မူပါသည်။ ထို့ကြောင့် ဓမ္မောလောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ၊ လူ နတ် ဗြဟ္မာသတ္တဝါတို့၏ ချမ်းသာစီးပွားအလို့ငှာ တရားတော်မြတ်သည်လည်း ထင်ရှားဖြစ်ပေါ်ခဲ့ပါပြီ။

''အရှင်မင်းကြီး၊ ထိုတရားတော်တို့ကို ကျင့်သုံးသော ဘုရားရှင်၏ တပည့်သား သံဃာတော်မြတ်တို့သည်လည်း ထင်ရှားဖြစ်ပေါ်လျက်ရှိနေပါပြီ။ သံဃောလောကေ သမုပ္ပန္နော ပုညခေတ္တံ အနုတ္တရံ၊ သံဃာတော်များသည် ဒါယကာတို့၏ ကောင်းမှုကုသိုလ်ပြုရာ၊ ကောင်းမှုတည်းဟူသောမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်း သဖွယ် ဖြစ်ကြပါသည်''

''လှည်းကုန်သည်တို့၊ အသင်တို့၏ ရတနာသုံးပါးသတင်းသည် ငါတို့အပန်းတကြီးရှာဖွေလျက်ရှိသော သတင်းကောင်း သတင်းမွန်များဖြစ်ကြပါသည်။ သို့ဖြစ်၍ ရတနာသုံးပါးအတွက် တစ်ပါးလျှင် အသပြာတစ်သိန်းစီ ဆုချတော်မူမည်။ ဘဏ္ဍာစိုးအမတ်က လှည်းကုန်သည်တို့ကို အသပြာသုံးသိန်းထုတ်ပေးစေ၊ ဤမျှသာမက သေးပါ။ သင်တို့၏ ရတနာသုံးပါးသတင်းကို မိဖုရားကြီးအထံသို့လည်း သွားရောက် ပေးပို့ကြပါလေ။ မိဖုရားကြီးဟာလည်း ငါ့အလားတူ သင်တို့ကို ဆုချပါလိမ့်မည်''

ရတနာသုံးပါးအာရုံဖြင့် ပီတိလှိုင်းတွေ တဖြိုးဖြိုး တဝေဝေ လွှမ်းထုံလျက်ရှိနေပြီဖြစ်သော မဟာကပ္ပိနမင်းကြီးအဖို့ တိုင်းပြည်အာရုံ၊ မိဖုရားအာရုံ၊ မောင်းမမိသံတို့အာရုံ စသည်ဖြင့် မည်သည့်အာရုံမျှမဝင်တော့ဘဲ ရတနာသုံးပါးအာရုံတွင်သာ တစ်ဆက်တည်း တစ်ဟုန်တည်းထုံ၍ အခြားအာရုံမှန်သမျှကို ဖြတ်တောက်လိုက်ပြီ ဖြစ်၏။ သိဒ္ဓတ္ထမင်းသား တောထွက်တော်မူသောအချိန်၌ ထီးနန်းစည်းစိမ်မှန်သမျှကို စွန့်ပယ်လိုက်သောအာရုံမျိုးပင်ဖြစ်၏။ သိဒ္ဓတ္ထမင်းသားက တရားရှာရန် တောထွက်သည်။ သူကတော့ ဘုရားဖူးရန် တိုင်းပြည်ကို စွန့်ခွာလိုက်ပေပြီ။

ထို့ကြောင့် အခြွေအရံ အမတ်ပေါင်း တစ်ထောင်တို့ကို နန်းတော်တွင် ချက်ချင်းပင် စုရုံးစေ၍ မိမိသည် ဘုရားဖူးရန် သာဝတ္ထိပြည်သို့ ယခုပင်လျှင် မြင်းနှင့် ထွက်ခွာမည်ဖြစ်ကြောင်း၊ မိမိနှင့် ဆန္ဒတူသူတို့သည် လိုက်ပါနိုင်ကြကြောင်း ကြေညာလိုက်သောအခါ ပဒုမုတ္တရဘုရားရှင်လက်ထက်ကပင် မကွဲမကွာ ပါရမီဖက်ဖြည့်ခဲ့ကြသော အမတ်တစ်ထောင်တို့သည်လည်း မဟာကပ္ပိနမင်းကြီးနှင့်အတူ လိုက်ပါကြသည်။ ဘုရားဖူးရန် သဒ္ဓါထက်သန်ကြပုံမှာ မိဖုရားနှင့်သားမယားများကိုပင် အသိပေး၍ မနေတော့ဘဲ ချက်ချင်းတိုင်ပင်ပြီးနောက် နေ့ညမဆိုင်းဘဲ တစ်ဟုန်တည်း ထွက်ခွာလာခဲ့ကြသည်။

ကုက္ကုဋဝတီနှင့် သာဝတ္ထိမှာ လွယ်သောခရီးမဟုတ်ပေ။ လမ်းတွင် မြစ်ကြီး သုံးတန်ကိုဖြတ်ကူးရမည်။ သို့ရာတွင် မည်သည့်အခက်အခဲကိုမျှ မစဉ်းစားကြ။ ဘုရားရှင်တည်းဟူသော ဗုဒ္ဓါရမ္မဏပီတိအာရုံဖြင့်သာ ရေပြင်ကိုမြေပြင်အဖြစ် ပီတိ တန်ခိုးဖြင့်ဖြတ်ကူး၍ သာဝတ္ထိနယ်ဘက်သို့ ရောက်လာကြသည်။

မဟာကပ္ပိနမင်းကြီးတို့၏ ကောင်းသောလာခြင်းကို သိတော်မူ မြင်တော်မူသော ဘုရားရှင်က ဗုဒ္ဓါရမ္မဏအာရုံဖြင့် ရောက်လာသော အနာထပိဏ်သူဌေးကို သုသာန် ကျောင်းတော်မှ စောင့်ကြိုသကဲ့သို့လည်းကောင်း၊ ဓမ္မာရမ္မဏအာရုံဖြင့် တောထွက် လာသော အရှင်မဟာကဿပ အလောင်းတော် ပိပ္ပလိ လုလင်ကို ထီးဝန်းညောင်ပင် ကြီးမှ ဆီးကြိုသကဲ့သို့လည်းကောင်း တတိယမြစ်၏ အလွန်ဖြစ်သော သာဝတ္ထိနယ်စပ်ရှိ ညောင်ပင်ကြီးမှ ရောင်ခြည်တော်ခြောက်ဆိုင်ကို တစ်ပြိုင်နက်လွှတ်၍ မဟာကပ္ပိနတို့ အဖွဲ့ကို ကြိုဆိုတော်မူ၏။

ထူးခြားသော ရောင်ခြည်တော်တို့ကို ခရီးတူရှုတွင် အဝေးမှပင်တွေ့မြင်ကြရ၏။ ဤအရောင်တို့သည် အခြားအရောင်မဖြစ်နိုင်၊ တုဖက်ကင်းသော ဘုရားရှင်၏ ရောင်ခြည်တော်တို့သာဖြစ်ရပေမည်ဟူ၍ အနာထပိဏ်သူဌေးသည် ဘုရားရှင်ကို မဖူးမြင် ရဖူးစဉ်ကပင် ရောင်ခြည်တော်တို့ကိုကြည့်၍ ဘုရားမှန်းသိသကဲ့သို့သောအသိဖြင့် ရောင်ခြည်တော် ထီးဝန်းအတွင်းသို့ ရှိခိုးဝင်ရောက်ကြကာ ဘုရားရှင်ကို ဖူးမြော်ကြသည်။

ဘုရားရှင်က မဟာကပ္ပိနမင်းကြီးတို့ကို ပဋိသန္ထာရစကား မိန့်ကြားတော် မူပြီးနောက် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ အစဉ်အတိုင်းသော တရားကို ဟောတော်မူ၍ သစ္စာလေးပါးတရားတော်ကို ဟောကြားလိုက်သောအခါ အားလုံးပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြ၍ ရှေးက သက်န်းဒါယကာ ပါရမီရှင်များ ဖြစ်ခဲ့ကြသည့်အတိုင်း ဧဟိဘိက္ခုခေါ်တော်မူလိုက်သောအခါ အားလုံးပင် သင်္ကန်း ပရိက္ခရာ အစုံအလင်ဖြင့် ရဟန်းတော်များ ဖြစ်သွားကြသည်။

[ ၃ ]

သာဝတ္ထိ လှည်းကုန်သည်တို့ ရတနာပုံဆိုက်သောနေ့ပင်ဖြစ်ပေသည်။ စကားတတ်သော သူများလည်းဖြစ်ကြ၏။ အကြောင်းမှာ အနော်ဇာမိဖုရားကြီး ရှေ့တော်မှောက်သို့ ရောက်သောအခါ ရတနာသုံးပါးသတင်းဖြင့် မစတင်ဘဲ မိမိတို့ကို မိဖုရားကြီးက အသပြာသုံးသိန်းဆုချရန် ဘုရင်မင်းမြတ်က စေလွှတ်လိုက်ပါကြောင်း ဟူသော ပြဿနာ စကားဖြင့် စတင်လျှောက်ထားလိုက်သောကြောင့်ဖြစ်သည်။

မိဖုရား၏ ရှေ့မှောက်သို့ လှည်းကုန်သည်တို့က အရင်ရောက်၍ ဘုရင်မင်းတရား ဘုရားဖူးထွက်သွားကြောင်း လျှောက်တင်မည့်သူတို့က နောက်မှရောက်သည်။

''လှည်းကုန်သည်တို့၊ အသပြာသုံးသိန်းဟူသော အတိုင်းအဆမှာ များလှပါဘိသည်။ အဘယ်အကြောင်း အဘယ်ခြင်းရာကြောင့် ဤမျှ ဆုချသင့်ပါသနည်း''

''အရှင်မိဖုရား၊ ကျွန်တော်တို့သည် သာဝတ္ထိတွင် ဘုရားရှင်နှင့်တကွ ရတနာသုံးပါး ပွင့်ထွန်းတော်မူကြောင်း သတင်းစကားကို လျှောက်ထားသောကြောင့် ရတနာတစ်ပါးလျှင် တစ်သိန်းစီဖြင့် ဘုရင်မင်းမြတ်က ဆုတော်ချပါသည်။ အရှင်မိဖုရားကြီးအား ဤရတနာသုံးပါးသတင်းကို လျှောက်ထားလျှင်လည်း အသပြာသုံးသိန်း ဆုချပါလိမ့်မည်ဟု အမိန့်ရှိလိုက်သောကြောင့် လျှောက်ထားရခြင်းဖြစ်ပါသည်''

ဤနေရာတွင် ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးနှင့်တကွ ရတနာသုံးပါးနှင့်စပ်သော တရားတော်သတင်းတို့ကို လျှောက်တင်လိုက်သောအခါ မိဖုရားကြီးအဖို့ အံ့အားသင့်ကာ ထူးခြားသောအသွင်သို့ ပြောင်းလာသည်။

''သာဝတ္ထိလှည်းကုန်သည်တို့၊ ကျွန်ုပ်နားလည် သဘောပေါက်ပါပြီ။ သို့ရာတွင် မောင်တော်ဘုရားသည် သတင်းတန်ဖိုးနှင့် မတန်သော အသပြာဖြင့် ဆုချပေသည်။ သင်တို့၏သတင်းသည် အတိုင်းအဆမရှိအောင် တန်ဖိုးရှိပါပေ၏။ သို့ရာတွင် ကျွန်ုပ်မှာ ဆင်းရဲသော တိုင်းပြည်၏ မိဖုရားဖြစ်၍ ရတနာတစ်ပါးလျှင် အသပြာသုံးသိန်းစီသာ ဆုချနိုင်ပါမည်။ ဤမျှဖြင့် ကျေနပ်ကြပါလော့''

အနော်ဇာမိဖုရားကြီးသည်လည်း ရတနာသုံးပါးသတင်းကို ကြားပြီးသည်နှင့် တစ်ပြိုင်နက် ဘုရင်ကြီးကဲ့သို့ပင် တစ်ချောင်းတည်းသော သဒ္ဓါ၊ တစ်ဟုန်တည်းသော ပီတိဖြစ်ပေါ်မှုဖြင့် ချက်ချင်းပင် ဘုရားဖူးထွက်ရန် ပြင်ဆင်လေတော့သည်။ ဘုရင်ကြီးကဲ့သို့ပင် လိုက်ပါလိုသော အခြွေအရံများကို ညှိနှိုင်းလိုက်သောအခါ အခြွေအရံတစ်ထောင်လုံးပင် လိုက်ပါကြမည်ဖြစ်၏။ မိဖုရားနှင့် အခြွေအရံဟူ၍ အကျိုးပေးခြင်းသာ ကွာခြားသော်လည်း ပါရမီအင်အား သဒ္ဓါတရားမှာကား အတူတူပင်ဖြစ်ကြ၏။

ဤနေရာ၌ မဟာကပ္ပိနဘုရင်နှင့် အနော်ဇာမိဖုရားတို့ မေတ္တာသက်ဝင်သံယောဇဉ်ချင်းကို နှိုင်းယှဉ်လိုက်သောအခါ အနော်ဇာမိဖုရား၏ မေတ္တာကသာသည်ဟု ဆိုရမည်ဖြစ်၏။ သာကြောင်းမှာ ဘုရင်ကြီးသည် ဘုရားဖူးထွက်ရာတွင် အနော်ဇာကို မတိုင်ပင်၊ အသိမျှမပေးသော်လည်း အနောဇာမိဖုရားကမူ ဘုရားဖူးအတူထွက်ရန် ဘုရင်ကြီး၏သတင်းကို မေးလိုက်သောအခါ အမတ်တစ်ထောင်နှင့်အတူ ဘုရားဖူးထွက်ကြွသွားကြပြီဖြစ်ကြောင်းသိရှိကြရသည်။ အနော်ဇာမိဖုရား၏ မေတ္တာကသာကြောင်းမှာ ဘုရားရှင်အထံသို့ ရောက်ကြသောနေရာတွင် သာ၍ထင်ရှား၏။

အနော်ဇာမိဖုရားတို့သည်လည်း ရထားများကိုစီးကာ ဘုရင်ကြီးတို့ကဲ့သို့ပင် ပီတိအဟုန်ဖြင့် မြစ်ကြီးသုံးသွယ် ရေပြင်ကိုခြေတင်၍ သာဝတ္ထိနယ်အတွင်း ဘုရားရှင်အထံတော်သို့ ရောက်ကြသောအခါ မဟာကပ္ပိနမင်းနှင့် အမတ်တစ်ထောင်တို့ ရဟန်းဘဝရောက်ပြီးစအချိန်ဖြစ်၏။

ရောက်၍ မိမိတို့လင်ယောက်ျားများကို ရဟန်းအသွင်ဖြင့် မြင်ရလျှင် ပီတိအဟုန်သမာဓိရှိန်ပျက်ပြားကာ တရားတော်ကို ကောင်းစွာမကြားနာနိုင်မည်စိုး၍ ဘုရားရှင်က အနော်ဇာတို့ တရားမရကြသေးမီအတွင်း တန်ခိုးတော်ဖြင့် မဟာကပ္ပိန ရဟန်းတော်တို့ကို ကွယ်ဝှက်ထားရသည်။ အနော်ဇာတို့သည်လည်း တရားတော်ကို နာရ၍ ရဟန္တာထေရီမယ်များဖြစ်လာကြသည့်အခါတွင်မှ တန်ခိုးတော်ကိုလွှတ်၍ ရဟန်းတော် မဟာကပ္ပိနတို့ကို မြင်ကြရသည်။

ရဟန္တာဘဝသို့ရောက်သောအခါ မဟာကပ္ပိန မထေရ်သည် ''အဟောသုခံ–အဟော ချမ်းသာစွ–ချမ်းသာစွ'' ဟု ဥဒါန်းကျူးရင့်လေ့ရှိသည်။ မဂ်ဖိုလ်ချမ်းသာကို တွေ့၍ ဝမ်းမြောက်ဝမ်းသာ ကျူးရင့်ခြင်းမှာ ဘုရားရှင်မှစ၍ ရဟန္တာအရှင်မြတ်တို့၏ အစဉ်အလာပင်ဖြစ်၏။

သို့ရာတွင် မဟာကပ္ပိန မထေရ်က ကျူးရင့်ဖန်များသောအခါ ပုထုဇဉ်ရဟန်းတို့က ဤမထေရ်သည် မင်းဖြစ်စဉ်ဘဝကို တောင့်တဟန်ရှိ၏ဟု သံသယရှိသောကြောင့် ဘုရားရှင်က မဟုတ်ကြောင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကိုတွေ့၍ ကျူးရင့်ခြင်းဖြစ်ကြောင်း တရားဟောရှင်းပြရသည်။

အခြားရဟန္တာများထက်ပို၍ မဟာကပ္ပိနထေရ်က ချမ်းသာကို ကျူးရင့်သည်မှာ အကြောင်းရှိသည်။ ယင်းအကြောင်းသည်ကား မဟာကပ္ပိနထေရ်သည် နှိုင်းရှည့်ဆင်ခြင်မှုများ၍ ခံစားချက်ကြီးမားသူဖြစ်၏။ ခံစားချက်ကြီးမားကြောင်းမှာ မြစ်ကြီးသုံးသွယ် ရေပြင်ကို ခြေတင်ဖြတ်ကျော်နိုင်သည့် သူတကာနှင့်မတူသော ဗုဒ္ဓပီတိခံစားချက်ဖြင့် သိနိုင်သည်။

ဤလောက၌ မင်း၏ချမ်းသာ မင်းစည်းစိမ်ကို အကြီးဆုံးဟု ဆိုကြသည်။ သို့ရာတွင် မိဖုရားပေါင်း သောင်းခြောက်ထောင်တို့ဖြင့် ခြံရံအပ်သောမင်း၊ စကြဝတေး၊ မန္ဓာတ်မင်းတို့၏ စည်းစိမ်ဟူသည်ပင် ချမ်းသာစင်စစ်ကေန်ဖြစ်ပါ၏လော။

ဘုရားရှင်က ဟတ္ထာဠဝကမင်းသားအား ''ဟတ္ထာဠဝက၊ ဒေါင်းလည်ဆံမွေးကဲ့သို့ ချောမွေ့သော ပိုးဖဲကတ္တီပါ အိပ်ရာပြင်ဝယ် မယားလေးယောက်တို့နှင့် အိပ်ရခြင်းသည် ချမ်းသာသုခရှိပါ၏လော'' ဟု မေးတော်မူသောအခါ စဉ်းစားတွေးခေါ်တတ်သော ဟတ္ထာဠဝက က ''မဟုတ်ပါအရှင်ဘုရား၊ သန်လျက်သွားတွင် တင်အပ်သော

ပျားရည်စက်ကဲ့သို့ ချမ်းသာဟုထင်ရသော်လည်း ဆင်းရဲနှင့် တွဲလျက် ရှိပါသည်ဘုရား"
ဟု လျှောက်ထားသည်။

မှန်လှပေ၏။ ဤလောက၌ ချမ်းသာဟု ထင်မှတ်သော အရာကိစ္စမှန်သမျှသည် ချမ်းသာတစ်ပဲ၊ ဆင်းရဲတစ်ပိဿာ မျက်လှည့်ပမာသို့သာ ဖြစ်ကြကုန်၏။ တကယ့်ချမ်းသာကား တရားတည်းဟူသော ချမ်းသာပေတည်း။ တရားသည် အဘယ်ပုံ ချမ်းသာဖြစ်ပါသနည်း။

အဆင့်မြင့်ဆုံးသော ဖိုလ်ချမ်းသာ၊ ဘုရားရဟန္တာအရှင်တို့၏ ချမ်းသာမှုကို ထားဦး၍၊ တရားအောက်ခြေမျှကိုပင် ကျင့်သုံးလိုက်ပြီဆိုလျှင် အောက်ခြေအဆင့် ဈာန်ငါးဆင့်ရှိသည့်အနက် တတိယအဆင့်ဖြစ်သော တရားပီတိ ခံစားမှုကို ရောက်ရုံမျှဖြင့် အဘယ်မျှ ကြီးမားသော ချမ်းသာဖြစ်သည်ကို တရားကို တကယ်ကျင့်သုံးသူတို့သာ သိရှိနိုင်သော ချမ်းသာစင်စစ်ကေန်ဖြစ်၏။ တကယ့်ချမ်းသာမှု အဆင့်ဆင့်ကို တရားရှင်တို့သာ တွေ့ရှိခံစားနိုင်ကြပေသည်။

ထို့ကြောင့် ယင်းစည်းစိမ်မျှကို ချမ်းသာထင်မိခဲ့သော မဟာကပ္ပိနထေရ်သည် အဆင့်အမြင့်ဆုံးဖြစ်သော အရဟတ္တဖိုလ်ချမ်းသာကြီးနှင့် တွေ့ရှိသောအခါ နှိုင်းရှည့် သိရှိလာသော မနောဓာတ်ဖြင့် ချမ်းသာစွ၊ ချမ်းသာစွဟု ကျူးရင့်တော်မူခြင်းဖြစ်ပေသည်။

[ ၄ ]

ကျွန်တော်တို့သည် အင်လေးကန်တော်တစ်ဖက်ရှိ ဖော်တော်ဦးဘုရားရှင်သို့ အဖူးအမြင် ရောက်ရှိခဲ့သည်မှာ ခြောက်ကြိမ်မျှ ရှိခဲ့ပါပြီ။ ညောင်ရွှေမြို့မှ မော်တော်ဖြင့် ရေပြင်ကြီးကို ဖြတ်သန်းသွားရသည့်အခါတိုင်း ရတနာသုံးပါးတည်းဟူသော ပီတိအဟုန်ဖြင့် ရေပြင်ကို ခြေတင်၍သွားခဲ့သော မဟာကပ္ပိနမင်းကြီးနှင့် အနော်ဇာမိဖုရားတို့ကို သတိရမြဲဖြစ်ပါသည်။ ကျွန်တော်တို့ အလားတူ ဖော်တော်ဦးဘုရားဖူးသူတို့သည်လည်း သတိရကြကာ ကုသိုလ်ပွားကြပါစေကြောင်း ဆန္ဒပြုပါသတည်း။ ။

ငွေဥဒေါင်း